# ဓမ္မချက်တံဆယ်ဆင်ခြင်ဘွယ်ကျမ်း

[illegible]
စာကြည့်တိုက်
ပိဋကတ ဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

ဒသနိပါတ် ပဗ္ဗဇိတ အဘိဏှသုတ် ပါဠိတော်၏

အနက်အဓိပ္ပါယ်ဖြစ်သော

# အချက်တဆယ်ဆင်ခြင်ဘွယ်
# ကျမ်း

ပိုးကုတ်မြို့
ဈေးကျောင်းဆရာတော်-ဦးသုဝဏ္ဏ
ရေးသား၊ဖွင့်ဆိုပါသည်။

သာသနာ(၂၅၁၂)ခု၊ ☼ သက္ကရာဇ်(၁၃၃၀)ပြည့်၊

ဝပ္ပာစရိယ-ဦးမြင့်စိုး
ကြည့်ကြပ်ရိုက်နှိပ်သည်။

ပညာဗလပိဋကတ်ပုံနှိပ်တိုက်၊ ဈေးချိုအနောက်ဘက်
ပွဲရုံ၊ [illegible]-မန္တလေး။

ကျမ်းပြုဆရာတော်— ဦးသုဝဏ္ဏ
ဈေးကျောင်း-မိုးကုတ်မြို့။

တာဝန်ခံစာတည်းဆရာတော်— အရှင်ဉာဏာဘိဝံသ(စာချ)
သ,စ,အ-ဓမ္မာစရိယ
ဝိသိဋ္ဌဒီဃဘာဏက,ဒီဃနိကာယကောဝိဒ။

စာတည်းဆရာတော်များ— ဦးအာဒိစ္စ

ဦးကောဝိဒ
(သာသနဓဇဓမ္မာစရိယ)

ဦးမကုဋဉာဏာဘိဝံသ
(သ,စ,အ-ဓမ္မာစရိယ-ပါဠိပါရဂူ)

ဦးဉာဏောဘာသ
(သာသနဓဇ သိရီပဝရဓမ္မာစရိယ)

ဦးသောဘိတ

ကြည့်ကြပ်ရိုက်နှိပ်သူ— ဦးမြင့်စိုး
[သာသနဓဇ သိရီပဝရဓမ္မာစရိယ]
ပညာဗလ-မန္တလေး။

ပုံနှိပ်ရာဌာန— ဦးနီ
ပညာဗလ,ပိဋကတ်ပုံနှိပ်တိုက်၊
ပွဲစားတန်း-မန္တလေး။

ဘာသာရေးဆိုင်ရာ ကင်းလွတ်ခွင့်အမှတ်(၀၆၃၃)

ထုတ်ဝေသည့်ဆရာတော်—

အရှင်ဉာဏာဘိဝံသ
ညောင်ရမ်းပါဠိတက္ကသိုလ်
ပိုးကောင်းတိုက်—မန္တလေးမြို့။

ပဉ္စမအကြိမ် ရိုက်နှိပ်သည်၊ စာအုပ်ရေ(၁၀၀၀)

ပုံနှိပ်ရာဌာန—

ဦးနီ ပညာဗလ,ပုံနှိပ်တိုက်၊ ဈေးချိုအနောက်ဘက်
ပွဲစားတန်း-မန္တလေး။ (၀၇၀၂)ယာယီ။

# ဆရာတော်များ ကန်တော့ပန်းနှင့်

## ကျေးဇူးတင် မှတ်တမ်း။

ဤ "အချက်တဆယ် ဆင်ခြင်ဘွယ်ကျမ်း" ကို စီစဉ်ရေးသားရာ၌ ဆုံးမ ညွှန်ကြားတော် မူကြသော မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းပါဠိတက္ကသိုလ်ကျောင်း "အဂ္ဂမဟာပဏ္ဍိတ" တိုက်အုပ်ဆရာတော်ဘုရားနှင့် မိုးကုတ်မြို့ ရေပူကျောင်း ဆရာတော်ဘုရား၊ စစ်ကိုင်းတောင် သုံးခွချောင် ပါဠိကာရီ ဆရာတော်ဘုရားတို့အား ဤစာအုပ်ကိုရေးသားပြီးမြောက်ခြင်းဖြင့် ရရှိအပ်သော ကုသိုလ်အဘို့ကို လှူဒါန်းဆက်ကပ်ခြင်း ပတ္တိဒါန ကန်တော့ပန်းဖြင့် ရိုသေစွာ ပူဇော်ကန်တော့ပါ၏။

ဤစာအုပ်ကို လက်နှိပ်စက်ဖြင့် အချောရေးကူးသည်မှစ၍ စာအုပ် ဖြစ်မြောက်သည်တိုင်အောင် ဝိသောဓနပြုခြင်း စသည်တို့ဖြင့် အစွမ်းကုန် ကူညီတော်မူကြကုန်သော မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်း ပါဠိတက္ကသိုလ်ကျောင်း "သ,စ,အဓမ္မာစရိယ၊ ဝိသိဋ္ဌဒီဃဘာဏက, ဒီဃနိကာယကောဝိဒ" စာချ ဆရာတော် ဦးဉာဏာဘိဝံသ။ ဦးအာဒိစ္စ။ "သာသနဓဇ ဓမ္မာစရိယ" ဦးကောဝိဒ။ "အစိုးရနှင့် စေတိယင်္ဂဏဓမ္မာစရိယ" ဦးမကုဋဉာဏာဘိဝံသ။ ဦးသောဘိတ။ မိုးကုတ်မြို့ ဈေးကျောင်း "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ" ဦးဉာဏောဘာသ တို့အား အထူးကျေးဇူးတင်ရှိကြောင်း ဤစာအုပ်၌ မှတ်တမ်းတင်ပါသည်။

ဆရာတော်-ဦးသုဝဏ္ဏ၊

ဈေးကျောင်း၊ မိုးကုတ်မြို့။

ပညာသိရိဘိဝံသ၊
ပရိယတ္တိသာသနဟိတဓမ္မာစရိယ
'သာသနဓဇသိရီပဝရဓမ္မာစရိယ
ဆိုင်းတန်းဘွဲ့ကျောင်း။
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
မန္တလေးမြို့။

သို့
ဆရာ့ ဆရာတော်များ၊ထ
ရွာ ကျောင်း
မြို့ ရွှေ့တော်မြို့
နေ့စွဲ ၁၃၃၁ ခု၊ ဝါဆိုလဆုတ် (၈) ရက်
၃၁ ၆ ၆၇

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရွှေကျင်သာသနာပိုင်၊ ဓာတ်ဝရမဟာရဋ္ဌဂုရု သက်တော်ရှည် ဝံကင်းဆရာတော်များကြီးအား အရှေ့ဝိသုဒ္ဓါရုံ ရပ်ရည်သင်း ဆရာတော် .. ထမှတ်တန်း လျှောက်ထားလိုက်သည့် "ဂျက်ဘာဘယ်ဆင်ခြင် ဘွယ်" ကျမ်းကြီး ကို ရရှိပါ ~~~~~~~~ သည့်အကြောင်းများ..

ဆရာတော်များကြီး ဖြင့်ခြင်း အပါးတွင် နေ့စဉ် ဓာတ်ပုံမှန်မှန် ဖတ်ပြ သဖြင့် ဆရာတော်များကြီးက ဂုဏ်ယူဝမ်းမြောက် နှစ်ထောင် သာဓုခေါ်တော်မူပါသည်။

လစဉ် လဖြည့်မဂ္ဂဇင်း ဓာတ်ပုံဓာတ်ဝိုင်း ဆရာတော်များကြီး ကိုယ်တော်တိုင်း ပြုံးကြည်သာစွာ လုံ တို့ ကို လုံးမပြတ်ဖတ်ပေးတော်မူပါတွင်လည်း၊ ကျွန်ုပ်သမ္မာဒိဋ္ဌိ လာ ဂုဏ်ကြောင်း၊ ဂရုများကို ဖြတ်ပေး၊ တော်မူလေ့ ရှိ ပါသည် အကြောင်းများ..။

( လစဉ် လဖြည့် ဓာတ်ပုံ ရေး၏ ... ဒီဘိ ဝဒ္ဓ ... ပဋ္ဌာန် ... ကျော် ပဌာန် ... ဓာတ်ပုံ ... ဓာတ်ဝိုင်း လဖြည့် ဓာတ်ပုံ ... "ကမ္ဘာ နှင့် ... ပညာရှိ ... ဆင်ခြင် ... တရား များ လို ဟော ကြ တော်မူပါသည်။ )

ကျမ်းပြုဆရာတော်များ ကိုယ်စိတ် နှစ်ပါး ကျန်းမာ ချမ်းသာခြင်း သာသနာပြု ... ကျော် နှင့် ကျမ်း ရေးသားသူ ဖြစ်သော "ကျမ်း စာ များ ... တို့ ... ဒုတိယ ... ဘက် ... ဂတိ ... ဟူ ဆုမွန်ကောင်း၊ တောင်း ကာ ... သည် ... ပါသည် အကြောင်းများ..

ပညာသိရိဘိဝံသ
ဘောင်ဆိုင်းဘွဲ့ကျောင်း
မန္တလေးမြို့

# နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

ဤ"အချက်တဆယ်ဆင်ခြင်ဘွယ်ကျမ်း"ကိုစီစဉ်ရေးသားသူ ဘုန်းကြီးသည် လွန်ခဲ့သော ၁၃၁၇-ခုနှစ်ကစ၍ ယနေ့ ၁၃၂၈-ခု နှောင်းတန်ခူးလဆန်း (၅)ရက်နေ့တိုင်အောင် "အဘိက္ခဏာတက်, စိရဂိလာန" ဘွဲ့ထူးကို ဆွတ်ခူး ခံယူရသော နာတာရှည် ရောဂါသည် တဦးဖြစ်ပါသည်။

ထိုသို့ နာတာရှည်ရောဂါသည် ဖြစ်နေရသည့်အလျောက် မည်သည့် နေရာသို့မှလည်း အလည်အပတ်မသွားနိုင်, မည်သူ တဦးတယောက်မျှလည်း ဘုန်းကြီး၏ထံမှောက်သို့ လာရောက်အချိန်ဖြုန်းကာ ဘုန်းကြီးအား မဖြေဖျော်နိုင် သဖြင့် ဘုန်းကြီးမှာ အပျင်းလည်းပြေ ကုသိုလ်လည်း ရစေတော့ဟု နှလုံးပိုက် ပြီးလျှင် ပိဋကတ်စာပေများကို လေ့လာဘတ်ရှုခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု ဖြင့်သာ ငြီးငွေ့ဘွယ်ရာသော အချိန်ကာလများစွာကို မေ့ပျောက်၍ ကုန်ဆုံး ကျော်လွန်စေခဲ့ရပါသည်။

ထိုသို့ ပိဋကတ်စာပေများကို ဘတ်ရှုလေ့လာခြင်းဖြင့်လည်း မြတ်စွာ ဘုရားနှင့် အဂ္ဂသာဝက,မဟာသာဝကများ, အဋ္ဌကထာဆရာ, ဋီကာဆရာများ၏ အဆုံးအမဩဝါဒ ဒေသနာတော်များကို ကြားနာနေရသည်ဟူ၍၎င်း, စကား မပြော အသံဆိတ်လျက်ရှိသော်လည်း ဘွင့်ဘတ်လိုက်သော အကြိမ်တိုင်း, အခါ တိုင်းတို့၌ မငြိုမငြင် အကူအညီများစွာကို ပေးလေ့ရှိသော ပိဋကတ်တော်စာအုပ် တည်းဟူသော ကလျာဏမိတ္တများမှ နှစ်သိမ့်မှုများ ကုသိုလ်တရားများကို ရယူလျက်ရှိသည်ဟူ၍၎င်း အောက်မေ့ယုံကြည်ခြင်းဖြင့် ဆိုခဲ့သော မြတ်စွာ ဘုရားနှင့် သာဝကများ, ဆရာသမားများ, ပိဋကတ်စာပေများကို အတိုင်းမသိ ကျေးဇူးတင်မိပါသည်။

စာပေဘာတ်ရှုလေ့လာရင်း သဒ္ဒါတရားပွားများဘွယ်, သံဝေဂဖြစ်ဘွယ်, နည်းယူလိုက်နာဘွယ်စသည့် ဒေသနာတော်များကို တွေ့ရှိလျှင်လည်း တပည့်ဦးပဉ္စင်းများကို ရေးကူးစေပြီးလျှင် ပို့ချပေးခြင်း, အနက်အဓိပ္ပါယ်ကို ပြောဟော ပေးခြင်းတို့ဖြင့် "ဒွေမာနိ ဘိက္ခဝေ ဒါနာနိ။ပ။ ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ ဒါနာနံ ယဒိဒံ ဓမ္မဒါနံ"စသည်ဖြင့် ဟောတော်မူသည်နှင့်အညီ အလွန်မြတ်လှစွာသော ဓမ္မဒါန,ဓမ္မသံဝိဘာဂ,ဓမ္မာနုဂ္ဂဟတို့ကို အကြိမ်များစွာ ပြုလုပ်နိုင်ခဲ့ပါသည်။

ထိုသို့ ဓမ္မဒါန, ဓမ္မသံဝိဘာဂများကို အစဉ်သဖြင့် ပြုလုပ်လာခဲ့ရာ ဤ"ပဗ္ဗဇိတအဘိဏှသုတ်"သို့ ရောက်သောအခါ ဤသုတ်ဒေသနာတော်သည် သဒ္ဒါ, သံဝေဂဖြစ်ဘွယ် အထူးပြည့်စုံသော အနက်အဓိပ္ပါယ်ကို ဆောင်သည် အားလျော်စွာ စာချ,စာနာ နှစ်ဦးလုံးပင် ဤသုတ်ကို ပို့ချကြားနာခြင်း "သမဏသညာ"နှင့် ထိုသမဏသညာ၏ အကျိုးဆက်များကို စွမ်းအားသမျှ ရယူကြရန် ရည်သန်သောအား သဘောထားဖြင့် ခပ်များများ အချိန်ယူ၍ ပို့ချပြောဟောခဲ့ပါသည်။

ခွဲ့ပါဦးမည်၊ ဤ"သမဏသညာ" ဟူသော စကားသည် ဘုန်းကြီးများ ငယ်စဉ်ကာလ စာသင်သားဘဝကပင် ကြားသိခဲ့ရဘူးသော စကားဖြစ်ပါသည်၊ ဆက်လက်သိသာစေပါမည်၊ ဘုန်းကြီးများ စာသင်သားဘဝဖြင့် မန္တလေးမြို့ မိုးကောင်းတိုက် ကျေးဇူးရှင် ညောင်ရမ်းဆရာတော်ကြီး၏ ထံတော်မှောက်၌ စာပေကျမ်းဂန် သင်အံလေ့ကျက်စဉ်မှာ ဆရာတော်ဘုရားကြီးသည် ရဟန်းတို့ မည်သည် ဟော်လန်ရောင်သက်န်းကို ဝတ်ရုံခြင်း, ကေစီမပါ ဗလာကိုယ်လုံး နေခြင်း, ပိုက်ဆံအိတ်ကိုင်ဆောင်ခြင်း, ရင်ကိုကော့ကော့ ခေါင်းမော့မော့ဖြင့် ပေါ်ကြော့လမ်းလျှောက်ခြင်း, အင်္ကျီပါးဆုတ်ဖြဲခြင်းစသည့် အပြုအမူများကို မပြုမလုပ်သင့်ကြောင်း ပြောဟော ဆုံးမသောအခါများ၌ "အဲဒီလိုလုပ်တဲ့ လူတွေမှာ သမဏသညာပျောက်နေပြီ ဆရာတို့ရဲ့"ဟု မိန့်ကြားပြောဆိုတော်မူလေ့ ရှိပါသည်၊ သို့ရာတွင် စာရေးသူဘုန်းကြီးအပါအဝင် အချို့သော စာသင်သား များသည်—

ဤ"သမဏသညာ"ဟူသည်ကို ပြည့်စုံစွာ နားမလည်ဘဲ ရှိနေခဲ့ဘူးပါသည်။ ထို့ကြောင့်လည်း အချင်းချင်းတွေ့ဆုံ၍ စကားစပ်ဆိုမိတိုင်း "သမဏသညာ"၏ အနက်အဓိပ္ပါယ်ကို ဆွေးနွေး လေ့လာခဲ့ကြလေသည်။ သို့နှင့် တခုသောဆွေးနွေးပွဲကလေးတွင် ဦးပဉ္စင်းတပါးက "သမဏသညာပျောက်တယ် ဆိုဒါ ရဟန်းစိတ်ပျောက်ပြီး လူစိတ်ပေါက်တာကို ခေါ်တယ်ဗျာ့"ဟု ပြောဆို

ပါသည်၊ ဤစကားသည် ဆရာတော်၏ မိန့်ကြားတော်မူချက်ကို ထင်ရှားသိသာစေနိုင်သော စကားပင် ဖြစ်သော်လည်း "ရဟန်းစိတ် သမဏသညာ"၏ အခြင်းအရာနှင့် သရုပ်ကို ဖေါ်ပြခြင်းမရှိသေးသောကြောင့် ဘုန်းကြီးအား ကျေနပ်ရောင့်ရဲမှုကို အပြည့်အဝ မပေးနိုင်ခဲ့ပါ။

သို့နှင့် "သမဏသညာ"သရုပ်သဘောကို သိလိုမှုသည် ဘုန်းကြီး၏ နှလုံးအိမ်မှနှစ်ကာလကြာမြင့်စွာပျောက်ကွယ်နေခဲ့ပြီးမှ ဤ"ပဗ္ဗဇိတအဘိဏှသုတ်သမဏသညာသုတ်"များကို ဘတ်ရှုလေ့လာရသော ယခုအခါတွင်မှ "သမဏသညာ"၏ သရုပ်သဘောကို မမျှော်လင့်ဘဲ တွေ့မြင်သိရှိရပါတော့သည်။

"သမဏသညာ"ဟူသည်မှာ အခြားမဟုတ် "သမဏာနံ ဥပ္ပဇ္ဇနကသညာ သမဏသညာ"ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ အမျိုးကောင်းသား ရဟန်းများအား မခြားမပြတ် ဖြစ်ပေါ်တတ်သော အမှတ်သညာ စိတ်မှာလေးနက်ခံယူချက်ပင် ဖြစ်ပါသည်။

သရုပ်သဏ္ဍာ အခြင်းအရာအားဖြင့်ကား—

ဤအချက်တဆယ် ဆင်ခြင်ဘွယ်ကျမ်း၏မှီရာ စာကိုယ်ဖြစ်သော ပဗ္ဗဇိတအဘိဏှသုတ်၌ ပါရှိသော—

၁။ "ငါသည် အဆင်းပရိက္ခရာ နှစ်ဖြာမလှ ပျက်စီးရသောဘဝသို့ မုချမသွေကပ်ရောက်ပေ၏။

၂။ ငါ၏ ဇီဝိတိန္ဒြေ တည်နေအာယု သက်မွေးမှုသည် လူထုအများသူတပါးနှင့် မခြားဂဟေ စပ်၍နေ၏။

၃။ ငါ၏ ကိုယ်မှု နှုတ်မှု အပြုလက္ခဏာ အမူအရာကို အိမ်ရာထောင်သူ မောင်မယ်လူနှင့် မတူလားလား တမူခြား၍တရားထိန်းကြပ် ပြုလုပ်အပ်၏"

ဟူသည့် ပစ္စဝေက္ခဏာသုံးပါးပင် ဖြစ်ပါသည်။

အကြိမ်များစွာ ပွားများ အောက်မေ့အပ်သော ဤသမဏသညာ သုံးပါးသည်—

၁။ သီလလေးပါးတို့၌ အမြဲဆောက်တည်မှုကို ပြုလေ့ရှိခြင်း။

၂။ လောဘနည်းပါး အဘိဇ္ဈာမများခြင်း။

၃။ ဗျာပါဒနည်းပါး စိတ်ချမ်းသာမှုများခြင်း။

၄။ ဘဝင်မမြင့် မာန်မလွင့်ခြင်း။

၅။ သိက္ခာသုံးပါးကို လိုလားမြတ်နိုးခြင်း။

၆။ ပစ္စည်းလေးပါးတို့၌ တဏှာခေါင်းပါး ပစ္စဝေက္ခဏာတရားဖြင့်သာ မှီဝဲသုံးဆောင်ခြင်း။

၇။ နေ့ညမအား ဈာန်စသည်တရား၌ ကြိုးစားမှုရှိခြင်း။

ဟူသော အကျိုးထူးတရား ခုနစ်ပါးကို ဖြစ်ပွားစေတတ်၏ ဟူ၍လည်း သမဏသညာသုတ်၌ ဟောတော်မူပါသည်။

ဤသို့ ဗျူပွတ် သရုပ် အခြင်းအရာ အကျိုးဆက်နှင့်တကွ "သမဏသညာ" ကို သိနားလည်ရသည်တွင်မှာ "ဤသမဏသညာ"ဟူသည် 'ငါတို့၏ သေရေး နေရေးအတွက် အလွန်အရေးကြီးသော တရားဖြစ်ပါသည်တကား'ဟု စဉ်းစား ဆင်ခြင်မိပါသဖြင့် အထက်၌ ဆိုခဲ့သည့်အတိုင်း စာချ,စာနာ နှစ်ဦးလုံးပင် ဤသုတ်ကို ပို့ချကြားနာခြင်းဖြင့် သမဏသညာနှင့် ထိုသမဏသညာ၏ အကျိုး အဆက်များကို စွမ်းအားရှိသမျှ ရယူကြရန် ရည်သန်သောအား သဘောထားဖြင့် ခပ်များများ အချိန်ယူ၍ ဤသုတ်ကို ပို့ချပြောဟောခဲ့ပါသည်။

ဤသုတ်ကို ပို့ချပြောဟော၍ ပြီးဆုံးသော နေ့တနေ့၏ စာဝါပြီးစတွင် ကား စာလိုက်ဦးပဉ္ဇင်းများက ကုန်လွန်ခဲ့သော ဤ"ပဗ္ဗဇိတအဘိဏှသုတ်"ကို စာအုပ်ငယ်တခုအဖြစ် ရိုက်နှိပ်၍ ဖြန့်ဝေလှူဒါန်းရန် အကြံပေး ပြောဆိုလျှောက် ထားကြလေသည်၊ ထိုအခါ ဘုန်းကြီးက "ကိုယ်မှမကျင့်နိုင်ဘဲနဲ့ စာအုပ် ရေးထုတ်ဖြန့်ဝေလို့ တော်ပါ့မလားဗျာ"ဟု မိမိစိတ်၌ ယုံကြည်သည့်အတိုင်း ရိုးသားစွာ ပြန်လည်ပြောကြားလိုက်ရာ ဦးပဉ္ဇင်းများ မိနစ်အတော်ကြာ ဆိတ်ငြိမ် နေကြပြီးမှ ၎င်းတို့၏ ရှေ့ဆောင်ဖြစ်သူ ဦးဉာဏောဘာသ (သာသနဓဇ သိရီ ပဝရ ဓမ္မာစရိယ)က "ကိုယ်မကျင့်နိုင်လို့ စာအုပ်ရေးတာ မတော်ယင် တရား ဟောတာ, စာချတာတွေရော မတော်ဘူးလို့ မှတ်ရမှာလားဘုရား...."ဟု ပြောဆို လျှောက်ထားလေတော့သည်။

ထိုအခါ ဘုန်းကြီးမှာ ၎င်း၏ ဤသို့ဆိုလာသောစကားကို ရုတ်တရက် ပြန်လည်ချေပ ပြောဆိုရန် မစွမ်းနိုင်သောကြောင့်၎င်း, ဟူးဟူးညားညား စကား မည်ရုံမျှဖြင့် ချေပပြောဆိုရန် မသင့်သောကြောင့်၎င်း, "ဒါဖြင့် စဉ်းစားကြသေး ဒါပါ့ဗျာ"ဟူ၍သာ ပြောကြားပြီး ထိုနေ့က စကားစဉ် ရပ်နား ပြီးဆုံးစေခဲ့ရ ပါသည်။

အထက်ပါအတိုင်း ပြောဆိုလိုက်သော ဦးဉာဏောဘာသ၏ စကားသည် "မိမိကိုယ်တိုင် ပြည့်စုံစွာ မကျင့်မကြံနိုင်ဘဲ စာအုပ်ရေးသင့်မရေးသင့်" ဟူ၍ ဆင်ခြင်စဉ်းစားထိုက်သော ပြဿနာ၌ မိမိကိုယ်တိုင် ပြည့်စုံစွာ မကျင့်ကြံနိုင် သော်လည်း စာအုပ်ကား ရေးသင့်သည်"ဟူသော အဖြေကို ထွက်ပေါ်စေသော စကားဖြစ်သည်ဟု ယုံကြည်ပါသည်၊ ဤဦးဉာဏောဘာသ၏ လျှောက်ထားချက် စကားအပြင် ဤစကားကို ထောက်ကူ အားပေးလျက်ရှိသော ဘုန်းကြီး၏ ဆက်လက်စဉ်းစားမှုမှ ပေါ်ထွက်လာသော အချို့များမှာ အကယ်၍ မိမိကိုယ်တိုင် ပြည့်စုံစွာ မကျင့်မကြံနိုင်ခြင်းဟူသော အကြောင်းတပါးထည်းကြောင့်သာလျှင် စာအုပ်ကို မရေးသင့်ဟု ယူဆပါလျှင် မိမိမကျင့်နိုင်သည်ကို သူတပါးသိမည်စိုး၍ မရေးဝံ့ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်၊ ထိုသို့ဖြစ်လျှင်လည်း ဓမ္မမစ္ဆရိ အဖြစ်သို့ ရောက်နိုင်သည့်ပြင် မကွယ်ဝှက် မဖုံးလွှမ်းသင့်သည်ကို ကွယ်ဝှက်ဖုံးလွှမ်းရာ ရောက်ရှိရချေမည်။

မှန်လှ၏—

**"ယော ပန သစာယံ ဍမံ ဓမ္မံ ဂဏှိဿတိ၊ အမှာကံ သမယံ ဘိန္ဒိတုံ သမတ္ထော ဘဝိဿတီတိ န ဒေတိ၊ အယံ ဓမ္မမစ္ဆရိ နာမ ဟောတိ"**

ဟူသော မဟာနိဒ္ဒေသ အဋ္ဌကထာ,သမ္မောအဋ္ဌကထာတို့နှင့်အညီ မိမိတို့၏ အယူဝါဒကို သိမည်,ဖျက်ဆီးမည်စိုး၍ တစုံတခုသော ပရိယတ်ကျမ်းဂန်ကို မပေးဝံ့သော မိစ္ဆာဝါဒီသည် ဓမ္မမစ္ဆရိမည်သကဲ့သို့ပင် မိမိမကျင့်နိုင်သည်ကို သူတပါးသိမည်စိုး၍ မရေးသားဝံ့သူလည်း "ဓမ္မမစ္ဆရိမည်၏"ဟု ဆိုနိုင်ပါ တော့သည်။

ရှင်းပြင် —

**“တထာဂတပ္ပဝေဒိတော ဓမ္မဝိနယော ဝိဝဋော ဘိက္ခဝေ ဝိရောစတိ နော ပဋိစ္ဆန္နော”**

ဟူသော တိကအင်္ဂုတ္တရပါဠိ ပဋိစ္ဆန္နသုတ်နှင့်အညီ သုတ်, အဘိဓမ္မာ, ဝိနည်းဟူသော ဓမ္မဝိနယသည် မကွယ်ဝှက်မဖုံးလွှမ်းဘဲ “ပွင့်လင်းမှ တောက်ပ ထွန်းလင်း၍ ကွယ်ဝှက်ဖုံးလွှမ်းက မတောက်ပ မထွန်းလင်းနိုင်” ဖြစ်သောကြောင့် မိမိမကျင့်နိုင်၍ မရေးဝံ့ခြင်းသည်လည်း “သဗ္ဗတ္ထကဝိဝဋ္ဋ”ဖြစ်၍ အဘက်ဘက်မှ ပွင့်လင်းစေအပ်သော ပိဋကတ်တရားတော်ကို မထွန်းလင်းနိုင်ဘဲ ညှိုးမှိန် ကွယ်ပျောက်အောင် ဖုံးလွှမ်းရာရောက်ရပေလိမ့်မည်။

ဤအကြောင်းမျိုးနှင့်စပ်လျဉ်း၍ အနည်းငယ် ဆက်လက်ဖော်ပြပါရစေ—— အချို့လူများသည် “ရဟန်းတော်များ၏ သီလအာစာရနှင့် ပတ်သက်သော၊ ဝါ၊ ဝိနည်းဒေသနာတော်နှင့် ပတ်သက်သော စာအုပ်စာတမ်းများကို လူသား ဒါယကာများ မဘတ်သင့်”ဟု ယူဆပြောဆိုလေ့ရှိကြလေသည်၊ ဘုန်းကြီးများ ငယ်စဉ်က “ဝိနည်းရွှာမွေ့ ဘုန်းကြီးကို ဒကာမရှိသေ”ဟူသော အဓိပ္ပါယ်ပါရှိသည့် ရှမ်းစကားပုံတခုကိုပင် လူကြီးမိဘများထံမှ ကြားသိ မှတ်သားရဘူးပါသည်၊ ထိုသို့ ယူဆပြောဆိုကြသောစကားသည် အယောနိသော မနသိကာရ နှလုံးသွင်း မလှသောသူများအတွက် မှန်ကောင်းမှန်မည် ဖြစ်သော်လည်း ယောနိသော မနသိကာရ နှလုံးသွင်းလှကြသော ပဏ္ဍိတ ဒကာ- ဒကာမများ အတွက်ကား မမှန်ကန်ရုံသာမက ကျမ်းဂန်နှင့်ပင် ဆန့်ကျင်၍ နေပါသည်။

ထိုစကားမှန်၏၊ သိက္ခာပုဒ် ပညတ်တော်ကိုရှင်း, ပညတ်တော်မူတိုင်း ကျင့်ကြံကြကုန်သော ရဟန်းတော်တို့ကိုရှင်း သိမြင်ကြရလျှင် နဂိုက မကြည်ညို သော်လည်း ကြည်ညိုလာနိုင်ကြကြောင်း, နဂိုရှင်းက သာသနာတော်ကို မကြည် ညိုသူ ကတဝေဒိ ပုဏ္ဏားကြီးသည် ဝိနည်းပိဋကတ်စာအုပ်ကို ဘတ်ရှုရသဖြင့် သာသနာတော်ကို ကြည်ညိုလာကြောင်း ပါရာဇိကဏ်အဋ္ဌကထာ ပထမသိက္ခာပုဒ် အဖွင့်, အင်္ဂုတ္တိုရ်အဋ္ဌကထာ ဥပါလိသုတ်အဖွင့်တို့၌ မိန့်ဆိုတော် မူကြသည် မဟုတ်ပါလော?

ဤဆိုခဲ့ပြီးသော အကြောင်းအရပ်ရပ်တို့ကြောင့်ပင် အထက်ပါအတိုင်း ဖြောဆိုလိုက်သော ဦးဉာဏောဘာသ၏စကားသည် “မိမိကိုယ်တိုင် ပြည့်စုံစွာ မကျင့်ကြံနိုင်သော်လည်း စာအုပ်ကား ရေးသင့်သည်”ဟူသော အဖြေကို ထွက်ပေါ်

စေသော စကားဖြစ်သည် ယုံကြည်ပါသည်ဟု ရေးသားဖော်ပြခဲ့သည့်အတိုင်း နောက်တနေ့တွင် ဦးပဥ္ဇင်းများကို ခေါ်ယူစုရုံး၍ ဤစာအုပ်ကို စီစဉ်ရေးသား တော့မည်ဖြစ်ကြောင်း ဝန်ခံဂတိပေးရင်း မိမိမှာ မကျန်းမာသူဖြစ်၍ ဝိုင်းဝန်း ကူညီကြပါရန် ပြောကြားပြီးလျှင် ဘုန်းကြီးကိုယ်တိုင် နှုတ်ဖြင့် ရွတ်ဆိုပြောပြ သည်ကို ဦးဉာဏောဘာသက အကြမ်း ရေးကူးခြင်း ဦးသုန္ဒရကြီး ဦးသုန္ဒရလေး တို့က အချောရေးကူးခြင်းတို့ဖြင့် ဤစာအုပ်ကို စတင်ရေးသားခဲ့ပါသည်။

**စာအုပ်၏ပုံစံ**—ဤစာအုပ်၏ ပုံစံဟုဆိုအပ်သော စီစဉ်ရေးသားပုံ အခြင်း အရာမှာ အင်္ဂုတ္တရနိကာယ် ဒသကနိပါတ် ပဗ္ဗဇိတအဘိဏှသုတ်၏အနက်အဓိပ္ပါယ်ကို စပ်နွှယ်၍ ပါဝင်သင့်သော ပါဠိ, အဋ္ဌကထာ, ဋီကာများဖြင့် တန်းဆာဆင်ကာ အကျယ်ချဲ့၍ စီစဉ်ရေးသားခြင်းပင် ဖြစ်ပါသည်။

ထိုသို့ အကျယ်ချဲ့၍ စီစဉ်ရေးသားရာ၌လည်း မိမိ၏ အတ္တနောမတိမျှဖြင့် စီစဉ်ရေးသားခြင်းမဟုတ်သည်ကို အခိုင်အမာပြလိုပါသဖြင့် ပါဠိတော်,အဋ္ဌကထာ, ဋီကာ သာဓကပါဌ်တို့ကို စာအုပ်ရေးစဉ်၌ အတော်များများ ထည့်သွင်းဖော်ပြခဲ့ ပါသည်၊ နောက်ပိုင်းတွင်ကား ပါဠိများလွန်းသည်ဟု သတင်းသုံးဖော်များက သတိပေးကြခြင်းကြောင့် ပါဠိကို နည်းနိုင်သမျှနည်းအောင် သတိပြု ရေးသားခဲ့ ပါသည်၊ အကြောင်းအမျိုးမျိုးကြောင့် ပါဠိကို မဘတ်လိုသူများသည် ပါဠိကို ချန်လှပ်၍ အနက်အဓိပ္ပါယ်ကိုသာ ဘတ်ရှုလေ့လာနိုင်ကြပါသည်၊ ဆိုခဲ့သော ပါဠိ,အဋ္ဌကထာ,ဋီကာတို့၏ အနက်အဓိပ္ပါယ်များကို ရေးသားဖော်ပြရာ၌လည်း သဒ္ဒ,အတ္ထစသည်တစုံတခု အမှားအချွတ်မရှိရအောင် မိမိ၌ရှိသမျှသော သတိ, ဝီရိယ,သုတစသည်ဘို့ကို အစွမ်းကုန်အသုံးပြု၍ အလွန်လေးစားရိုသေစွာ ရေးသား ဖော်ပြခဲ့ပါသည်။

သို့ရာတွင်

**"မဟာအဋ္ဌကထာယံ ပန သစ္စေပိ, အလိကေပိ, ဒုက္ကဋမေဝ ဝုတ္တံ၊ တံ ပမာဒလိခိတန္တိ ဝေဒိတဗ္ဗံ"**

ဟူသော ပါရာဇိကကဏ်အဋ္ဌကထာပါဌ်နှင့်အညီ မဟာအဋ္ဌကထာကြီး၌ပင် ပမာဒလေခမကင်းခဲ့လျှင်ဤ**"အချက်တဆယ်ဆင်ခြင်ဘွယ်ကျမ်း"**၌ကား အဘယ် ပြောရန် ရှိမည်နည်း၊ ပမာဒလေခတွင်မက သမ္မောဟလေခစသည်ပင် မပါရှိပါဟု ဝန်မခံဝံ့သည်သာဖြစ်ပါသည်၊ ၎င်းပြင် ဤစာအုပ်ကိုရေးရာ၌ "န ဥက္ခိပေ နောစ ပရိက္ခိပေ ပရေ"ဟူသော သြဝါဒ ဒေသနာတော်ကို ဦးထိပ်ပန်ဆင်ရင်း

နှလုံးသွင်းရှိပါသဖြင့် ဥပဝါဒအနေအားဖြင့် သူတပါးအား ထိပါးပုတ်ခတ်သကဲ့သို့သော ရေးသားချက်များ မပါရှိရန်လည်း အထူးသတိထား၍ ဖ်ဆောက်တည်ရေးသားခဲ့ပါသည်၊ သို့ရာတွင် အထက်၌ဆိုခဲ့သည့်အတိုင်းပင် ပမာဒ, အမ္မောဟစသည်တို့ကြောင့် ဥပဝါဒအနေအားဖြင့် သူတပါးအား ထိပါးပုတ်ခတ်သကဲ့သို့သော အနက်အဓိပ္ပါယ်များသို့ ရောက်ရှိသော ရေးသားချက်များ ပါရှိလျှင်လည်း စေတနာမပါသောကြောင့် ရည်ညွှန်းရင်းမဟုတ်သော အနက်အဓိပ္ပါယ်များသို့ ရောက်ရှိသော ရေးသားချက်များသာ ဖြစ်ပါလိမ့်မည်။

ဤဆိုခဲ့ပြီးသော အကြောင်းများကြောင့် အကယ်၍ ဤစာအုပ်၌ သဒ္ဒါ, အနက်အဓိပ္ပါယ်အားဖြင့် မှားယွင်းချက်များကိုရှင်း, ဥပဝါဒ အနေအားဖြင့် သူတပါးတို့အား ထိပါးပုတ်ခတ်ရာရောက်သော ရေးသားချက်များကိုရှင်း တွေ့ရှိဘတ်ရှုရပါလျှင် "နိဗ္ဗုတ္တိဗလာ ပဏ္ဍိတာ, ပဋိသင်္ခါနဗလာ ဗဟုဿုတာ, ခန္တိဗလာ သမဏဗြာဟ္မဏာ" ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်နှင့်အညီ ပညာရှိမြတ် ကျမ်းဂန်တတ်နှင့် သပ္ပုရိသအပေါင်းသူတော်ကောင်းတို့သည် အမုန်သုံးသပ် ဉာဏ်ဆုံးဖြတ်၍ မမြတ်ကိုပယ် အမြတ်ကိုတွယ်ခြင်း, မြင်ကြားလင်းထိန် ချင့်နိုင်းချိန်၍ သုခမိန်အမှုကိုပြုခြင်း, ကောဓမလျှံ သည်းညည်းခံခြင်းဟူသော မိမိတို့၏ အသီးသီးသော အားအစွမ်းတို့ဖြင့် စာရေးသူအား ခွင့်လွှတ်တော်မူကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ရည်ရွယ်ချက်**—ဤစာအုပ်ကို စီစဉ်ရေးသားရာ၌ စာရေးသူ၏ ရည်ရွယ်ချက်မှာလည်း အထူးအဆန်းမဟုတ် ဤစာအုပ်ကို ဘတ်ရှုလေ့လာခြင်းဖြင့် ဘုရားရှင်ကိုယ်တော်တိုင် ရည်ရွယ်တော်မူအပ်, ဟောတော်မူအပ်သော ပဗ္ဗဇိတအဘိဏှသုတ်လာ အကောပနိမာနမှုစ၍ အရဟတ္တဖိုလ်တိုင်အောင်သော အကျိုးဆက်များကိုရှင်း, သမဏသညာသုတ်လာ သီလလေးပါးတို့၌ ဆောက်တည်မှုကိုမြဲမြဲစွာ ပြုမလေ့ရှိခြင်းစသော အကျိုးထူးတရား ခုနစ်ပါးတို့ကိုရှင်း ရယူတော်မူကြရန်ပင် ဖြစ်ပါသည်။

ထိုသို့ ဘုရားရှင်ကိုယ်တော်တိုင် ရည်ရွယ်တော်မူအပ်,ဟောတော်မူအပ်သော အကျိုးထူးတရားအားလုံးတို့ကို အပြည့်အဝရယူတော်မူကြခြင်း, သို့မဟုတ် တပါး, နှစ်ပါးစသည်တို့ကို ရယူတော်မူကြခြင်း,ဟူသော အမြင့်ဆုံး ရည်ရွယ်ချက်ကို မဆိုထားဘိ မည်သူအားမဆို ဤစာအုပ်ကို ဘတ်ရှုလေ့လာစဉ်ကာလ ခဏအတွင်း၌ သဒ္ဓါ,သံဝေဂစသည် ကုသိုလ်တရားများ ဖြစ်ပွားတိုးတက်ခဲ့လျှင် ဘုန်းကြီး၏ ရည်မှန်းချက် အကျိုးဆက်သည် မပျက်ပကတိ လက်ဝယ်ရှိပြီမို့ ပီတိလျှမ်းလျှမ်း နှလုံးချမ်း၍ ဝမ်းမြောက်သောအား ကုသိုလ်ပွားမည်မှာ မမှားမုချဖြစ်ပါသည်။

လူဒါယကာများအဘို့လည်း ဤစာအုပ်ကို ဘတ်ရှုလေ့လာခြင်းဖြင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး, ဒေသနာတော်၏ သိမ်မွေ့နက်နဲ၍ သန့်ရှင်းဖြူစင်ပုံ, ရေးသူတော်ကောင်းများ တရားဖြည့်ကျင့်တော်မူကြပုံ, ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ရာ၌ သဒ္ဒါတရားနှင့် စိတ်ထားကို ဆောက်တည်ပုံ စသည်များစွာသော ဗဟုသုတတို့ ရရှိကြရန်အပြင် ဝိပဿနာပွားများရာ၌လည်း အနည်းဆုံး နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ အာရဒ္ဓဝိပဿကအဖြစ်ဟုဆိုအပ်သော ဥဒယဗ္ဗယဉာဏ်တိုင်အောင် အခြေခံပညာကို ရရှိနိုင်ကြရန် ရည်သန်သော သဘောထားဖြင့် ရေးသားစီရင်အပ်ပါသည်။

ထို့ကြောင့် ဝိပဿနာဆိုင်ရာ ဗဟုသုတများကို လိုလားကြသူ လူရှင်အပေါင်း သူတော်ကောင်းတို့သည် ဤကျမ်းစာအုပ်၏နောက်ပိုင်း "ဒသမမြောက် ပစ္စဝေက္ခဏာခဏ်း" မှစ၍ ကြည့်ရှုလေ့လာကြပါရန်လည်း သတိပေးစကား ဆက်လက်ကာ ရေးသား၍ ညွှန်ကြားတိုက်တွန်းအပ်ပါသတည်း။

ဦးသုဝဏ္ဏ၊

ဈေးကျောင်း၊ မိုးကုတ်မြို့။

# အချက်တဆယ် ဆင်ခြင်ဘွယ်ကျမ်း၏

# မာတိကာ


| မာတိကာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | ပဏာမဂါထာပါဠိအနက် | ၁ |
| ၃။ | အင်္ဂုတ္တရနိကာယ် ဒသကနိပါတ် ပဗ္ဗဇိတ အဘိဏှသုတ်ပါဠိအနက် | ၃ |
| | **၁။ ပဌမပစ္စဝေက္ခဏာအစိပ္ပါယ်အကျယ်** | ၇ |
| ၁။ | ဆံရှည်မထားရ | ၇ |
| ၂။ | ဆံဖြူမနှုတ်ရ | ၈ |
| ၃။ | ပရိက္ခာရဝေဝဏ္ဏိယ | ၉ |
| ၄။ | အနှစ်နှစ်ဆယ်တိုင် ပံသုကူဆောင်ချည်းသာ | ၁၁ |
| | **၂။ ဒုတိယပစ္စဝေက္ခဏာ အစိပ္ပါယ်အကျယ်** | ၁၃ |
| ၁။ | သူတပါး၏ပေးစာကမ်းစာကိုမှီရသူ | ၁၅ |
| ၂။ | ဘုရားရှင်နှင့်တူနိုင်သမျှ | ၁၇ |
| ၃။ | အရှင်မဟာကဿပတို့ကိုအတုယူ | ၂၁ |
| ၄။ | သုံးဆောင်ခြင်း၌ ဆွမ်းခံရာ၌ | ၂၂ |
| ၅။ | ဂျုံစိမ်းဖြင့်သာ မျှတရှာ | ၂၆ |
| ၆။ | ဣစ္ဆာစာရကို အောင်နိုင်ကြပုံမှာ | ၂၇ |
| ၇။ | သာသနာ့လောကရှုထောင့် | ၂၈ |
| ၈။ | မာတလိနှင့် သိကြား | ၂၉ |
| ၉။ | ဇန္တုနုတ်သား | ၃၂ |
| ၁၀။ | ခေါင်းတုံးသူကြွယ်များ | ၃၄ |

| မာတိကာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | **သတ္တမမြောက် ပစ္စဝေက္ခဏာအဓိပ္ပါယ်အကျယ်** | ၂၇၉ |
| ၁။ | ဒိဋ္ဌိငါးပါးနှင့် ဝါဒငါးပါး | ၂၈၃ |
| ၂။ | အဇိတဝါဒ | ၂၈၄ |
| ၃။ | ပူရဏကဿပဝါဒ | ၂၈၆ |
| ၄။ | မက္ခလိဂေါသာလဝါဒ | ၂၈၇ |
| ၅။ | သဉ္ဇယဗေလဋ္ဌဝါဒ | ၂၈၉ |
| ၆။ | ဒိဋ္ဌိငါးပါးကို လွန်မြောက်ရန်ဆင်ခြင်ပုံ | ၂၉၀ |
| ၇။ | သုဘလုလင် | ၂၉၄ |
| ၈။ | ဘုတ္တန်နည်း ကံကို ဝေဘန်ချက် | ၃၀၀ |
| ၉။ | ဒိဋ္ဌဓမ္မဝေဒနီယကံ | ၃၀၅ |
| ၁၀။ | ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးပုံ ဝတ္ထုများ | ၃၀၅ |
| ၁၁။ | ဥပပဇ္ဇဝေဒနီယကံ | ၃၀၇ |
| ၁၂။ | အပရာပရိယာယဝေဒနီယကံ | ၃၁၁ |
| ၁၃။ | အဟောသိကံ | ၃၁၁ |
| ၁၄။ | ယဂ္ဂရုကကံ | ၃၁၂ |
| ၁၅။ | မာတုဃာတကကံ ပိတုဃာတကကံ | ၃၁၃ |
| ၁၆။ | အရဟန္တဃာတကကံ | ၃၁၃ |
| ၁၇။ | လောဟိတုပ္ပါဒကကံ | ၃၁၄ |
| ၁၈။ | သံဃဘေဒကကံ | ၃၁၄ |
| ၁၉။ | ယဗ္ဗဟုလကံ | ၃၁၈ |
| ၂၀။ | ယဒါသန္နကံ | ၃၁၈ |
| ၂၁။ | ကဋတ္တာကံ | ၃၂၀ |
| ၂၂။ | ဇနကကံ | ၃၂၂ |
| ၂၃။ | ဥပတ္ထမ္ဘကကံ | ၃၂၃ |
| ၂၄။ | ဥပပီဠကကံ | ၃၂၆ |
| ၂၅။ | ဥပဃာတကကံ | ၃၂၈ |
| ၂၆။ | ဥပစ္ဆေဒကကံ | ၃၂၉ |
| ၂၇။ | အဘိဓမ္မာနည်း ကမ္မဝိဘတ္တိချက် | ၃၃၀ |

| မာတိကာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | **အဋ္ဌမမြောက် ပစ္စဝေက္ခဏာ အစိပ္ပါယ်အကျယ်** | ၃၇၇ |
| ၁။ | ဝတ်ကြီး,ဝတ်ငယ်,ဝတ်တက်,ဝတ်ကပ် | ၃၃၈ |
| ၂။ | ပရိယတ္တိ | ၃၄၂ |
| ၃။ | တောနေ | ၃၄၃ |
| ၄။ | ဓမ္မကထိက | ၃၄၄ |
| ၅။ | ကျောင်းထိုင် | ၃၄၅ |
| ၆။ | ဝိပဿနာ | ၃၄၇ |
| ၇။ | လူပျင်းများ | ၃၄၉ |
| ၈။ | အပျင်းဆယ့်နှစ်မျိုး | ၃၅၁ |
| ၉။ | အပျင်းရောဂါပျောက်ဆေးများ | ၃၅၄ |
| ၁၀။ | ကမ္မာရာမပုဂ္ဂိုလ် | ၃၅၉ |
| ၁၁။ | ဘဿာရာမပုဂ္ဂိုလ် | ၃၆၂ |
| ၁၂။ | နိဒ္ဒါရာမပုဂ္ဂိုလ် | ၃၆၅ |
| ၁၃။ | ပမာဒနှင့် အပ္ပမာဒ | ၃၇၁ |
| ၁၄။ | အပ္ပမာဒတရား အမြတ်ဆုံး | ၃၇၆ |
| ၉။ | **နဝမမြောက်ပစ္စဝေက္ခဏာအစိပ္ပါယ်အကျယ်** | ၃၈၀ |
| ၁။ | ဧကီဘာဝ ပျော်ခဲလှ၏ | ၃၈၂ |
| ၂။ | ဝိဝေကရအောင် ကြိုးစားပါ | ၃၈၆ |
| ၃။ | ပဋိသလ္လာနဂရုက | ၃၈၈ |
| ၄။ | သင်္ဂဏိကာရာမ,ဂဏာရာမ | ၃၉၀ |
| ၁၀။ | **ဒသမမြောက် ပစ္စဝေက္ခဏာအစိပ္ပါယ်အကျယ်** | ၃၉၆ |
| ၁။ | အဓိမာနနှင့် အဓိမာနိက | ၄၀၇ |
| ၂။ | အဓိမာနိက မဖြစ်နိုင်သူများ | ၄၀၉ |
| ၃။ | နိရာသပုဂ္ဂိုလ် | ၄၁၁ |
| ၄။ | အင်္ဂုတ္တိုရ်ဘာသာပြန် | ၄၁၁ |
| ၅။ | ပရိစ္စတ္တကမ္မဋ္ဌာန | ၄၁၃ |
| ၆။ | အဓိမာနဖြစ်တတ်သူ | ၄၁၄ |

| မာတိကာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | ရူပဝဝတ္ထာနဉာဏ် | ၄၁၅ |
| ၈။ | ဓာတ်ခြောက်ပါးသရုပ်နှင့် လက္ခဏာများ | ၄၁၇ |
| ၉။ | တေဇောဓာတ် | ၄၂၂ |
| ၁၀။ | ဓာတ်ကြီးလေးပါးကို ပေါင်း၍ပြခြင်း | ၄၂၇ |
| ၁၁။ | သဏ္ဍာနပညတ်ခွါပုံ | ၄၂၉ |
| ၁၂။ | ရူပဝဝတ္ထာန် | ၄၃၀ |
| ၁၃။ | နာမဝဝတ္ထာနဉာဏ် | ၄၃၆ |
| ၁၄။ | မနောဝိညာဏဓာတ်၏ သတ္တိထူး | ၄၃၉ |
| ၁၅။ | နာမဝဝတ္ထာန်ဉာဏ်ဖြစ်ပုံ | ၄၄၁ |
| ၁၆။ | နာမ်တရားထင်လာပုံ | ၄၄၄ |
| ၁၇။ | အတ္တဒိဋ္ဌိရှင်းလင်းခဏ်း | ၄၅၂ |
| ၁၈။ | ဇီဝအတ္တ | ၄၅၄ |
| ၁၉။ | ပရမအတ္တ | ၄၅၉ |
| ၂၀။ | ပစ္စယပရိဂ္ဂဟဉာဏ် | ၄၆၂ |
| ၂၁။ | စူးစမ်းဆင်ခြင် သိမြင်ပုံမှာ | ၄၆၈ |
| ၂၂။ | တဏှာနှင့် အဝိဇ္ဇာ ဘယ်ဟာကို သတ်မည်နည်း | ၄၇၀ |
| ၂၃။ | ယုံမှားခြင်း တဆယ့်ခြောက်ပါး | ၄၇၂ |
| ၂၄။ | အဝိဇ္ဇာစသည်ဖြစ်ပုံ အဓိပ္ပါယ်ရှင်းလင်းချက် | ၄၇၆ |
| ၂၅။ | ဝဋ္ဋနှင့် ဝိဝဋ္ဋ | ၄၇၇ |
| ၂၆။ | ယုံမှားခြင်းရှစ်ပါးနှင့် ၎င်းကိုပယ်ပုံ | ၄၈၄ |
| ၂၇။ | စူဠသောတာပန် | ၄၈၈ |
| ၂၈။ | သက်သာရာနှင့် ထောက်ရာတည်ရာ | ၄၈၉ |
| ၂၉။ | သက်သာရာတနည်း | ၄၈၉ |
| ၃၀။ | ထောက်တည်ရာတနည်း | ၄၈၉ |
| ၃၁။ | စူဠသောတာပန်တနည်း | ၄၉၀ |
| ၃၂။ | သမ္မသနဉာဏ် | ၄၉၀ |
| ၃၃။ | အနိစ္စသမ္မသန,အတိတ်,အနာဂတ်,ပစ္စုပ္ပန်ရုပ်များ | ၄၉၃ |
| ၃၄။ | ဒုက္ခသမ္မသန | ၅၀၀ |
| ၃၅။ | အနတ္တသမ္မသန | ၅၀၂ |
| ၃၆။ | အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်ပုံမှာ | ၅၀၂ |
| ၃၇။ | နာမသမ္မသနခဏ်း | ၅၀၅ |

| မာတိကာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇။ | သန္တတိစသည်ဖြင့် သမ္မသနရှုပုံ | ၅၁၂ |
| ၃၈။ | ရုပ်ပြောင်းရုပ်လဲကို သိနိုင်ပုံ | ၅၁၄ |
| ၄၀။ | ဆင်ခြင်သုံးသပ်ပုံမှာကား | ၅၁၅ |
| ၄၁။ | ဣန္ဒြေထက်ကြောင်းတရား(၉)ပါး | ၅၂၀ |
| ၄၂။ | ရူပသတ္တကရှုနည်းများ | ၅၂၃ |
| ၄၃။ | အာဒါနနိက္ခေပရှုနည်း | ၅၂၄ |
| ၄၄။ | ဝယောဝုဍ္ဎတ္ထင်္ဂမရှုနည်း | ၅၂၆ |
| ၄၅။ | ကမ္မဇရုပ်ရှုနည်း | ၅၃၄ |
| ၄၆။ | ဓမ္မတာရုပ်ရှုပွားနည်း | ၅၃၆ |
| ၄၇။ | အရူပသတ္တကရှုနည်းများ | ၅၃၇ |
| ၄၈။ | ဝိပဿနာ(၈)ပါးနှင့် ၎င်းတို့ပယ်အပ်သောတရားများ | ၅၄၅ |
| ၄၉။ | အဓိပညာဓမ္မဝိပဿနာဖြင့် သာရာဒါနာဘိနိဝေသကိုပယ်ပုံ | ၅၅၆ |
| ၅၀။ | ဥဒယဗ္ဗယဉာဏ် | ၅၆၀ |
| ၅၁။ | သန္တတိအားဖြင့် ပိုင်းခြားရှုပုံ | ၅၆၇ |
| ၅၂။ | ခဏအားဖြင့် ပိုင်းခြားသိမြင်ပုံ | ၅၇၂ |
| ၅၃။ | ဥဒယဗ္ဗယဉာဏ်အကျယ်ဖြစ်ပုံ | ၅၇၂ |
| ၅၄။ | နာမ်တရား၌ ခဏပစ္စုပ္ပန်အားဖြင့် ဥဒယဗ္ဗယဉာဏ်မဖြစ်ဟု မိန့်ဆိုပုံ | ၅၇၉ |
| ၅၅။ | အာရဒ္ဓဝိပဿကအား အဓိမာနဖြစ်ပုံ | ၅၈၄ |
| ၅၆။ | ဝိပဿနုပက္ကိလေသများ | ၅၈၆ |
| ၅၇။ | စာတတ်သူ အဓိမာနိက | ၆၀၁ |
| ၅၈။ | ယောဂီအဓိမာနိကနှင့် သမ္မုဋ္ဌ | ၆၀၅ |
| ၅၉။ | ဗာဟိယဝတ္ထုအကျဉ်း | ၆၀၆ |
| ၆၀။ | စိတ်ဝင်စားစရာ ပြဿနာ | ၆၀၈ |
| ၆၁။ | ဓမ္မဒါသ | ၆၀၉ |
| ၆၂။ | မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း စသည်တို့၏ အဓိပ္ပါယ်ရှင်းလင်းချက်များ | ၆၁၄ |
| ၆၃။ | ကျမ်းပြီးပတ္ထနာသိသနိဂုံးပါဌ်အနက် | ၆၁၉ |


မာတိကာပြီး၏။



# အချက်တဆယ် ဆင်ခြင်ဘွယ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမဂါထာပါဠိအနက်

သမ္ဗုဒ္ဓံ ဗုဒ္ဓသဒ္ဒါကာတံ၊ သဒ္ဓမ္မံ ဓမ္မဇံ ဂဏံ။
ဝန္ဒိတွာ ဘိက္ခုသုတ္တတ္ထံ၊ ဝိတ္ထာရေဿာမိ သာဒရံ။ ။

ပထျာဝတ္တ။

အနက်—အဟံ၊ "သုဝဏ္ဏ"ဟု ဘွဲ့ရမည့်ခေါ် တပည့်တော်သည်။ သမ္ဗုဒ္ဓံ၊ တရားဉာဏ် အလုံးစုံကို အကုန်မကျန် ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်မကွာ ထိုးထွင်းကာလျှင် ဆရာမရှိ ဘာသာသိသော မုနိခေါင်ဖျား သဗ္ဗညုမြတ်စွာဘုရားကိုငှင်း။ ဗုဒ္ဓသဒ္ဒါကာတံ၊ သုံးလူ့သနင်း တရားမင်းသည် ကောင်းခြင်းသုံးဖြာ ဂုဏ်အင်္ဂါတို့ဖြင့် ကောင်းစွာ ဟောကြားတော်မူအပ်သော။ သဒ္ဓမ္မံ၊ မဂ်,ဖိုလ်,နိဗ္ဗာန်, ဓမ္မက္ခန်ဟု ဆယ်တန်သတ်မှတ် သူတော်ကောင်း တရားတော်မြတ်ကိုငှင်း။ ဓမ္မဇံ၊ ဓမ္မဒိလေးထွေ မဂ်မိတ်ဆွေ၏ ဖေါ်ရွှေသင်းဖွဲ့ မကင်းခဲ့သည့် သုံးဆယ့်ခုနစ် တရားစင်မှ

ဖြစ်ထွန်းပေါ်ပေါက်တော်မူတတ်သော။ ဂဏ်၊ မဂ္ဂဠာန်,ဖလဠာန် ရှစ်တန် ထေရ်ကျော် ရှင့်သားတော်ဟု ရှစ်ဖေါ်သံဃာ ဂုဏ်ကိုးဖြာနှင့် စုံစွာပြည့် လျှိုင်း အရိယာဂိုဏ်းကိုဝင်း။ ဝန္ဒိတွာ-ဝန္ဒာမိ၊ သဒ္ဒါကြည်ညို နှစ်လိုမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။ ဝန္ဒိတွာ၊ သဒ္ဒါကြည်ညို နှစ်လိုမြတ်နိုး လက်စုံမိုးလျက် ရှိခိုးပြီး၍။ အဘိဏှသုတ္တန်၊ ပဗ္ဗဇိတ အဘိဏှဟု ဗုဒ္ဓ ဟောလတ် သုတ်တော်မြတ်၏ အတ္တနက်ကျယ် အဓိပ္ပါယ်ကို။ ဝါ၊ ရှင်,ရဟန်းများ ဆင်ခြင်ပွားဘို့ ဘုရားနှုတ်မြွက် သုတ်တော်နက်ဟု"အချက် တဆယ် ဆင်ခြင်ဘွယ်"ကို။ သာဒရံ၊ သဒ္ဒါဓာတ်မျိုး ထပ်ကာတိုးလျက် မြတ်နိုးဝပ်စင်း ရိုသေခြင်းနှင့် မကင်းမကွာ တကွသာ။ ဝိတ္ထာရေသာမိ၊ ပါဠိ, အဋ္ဌကထာ, ဋီကာစသား ကျမ်းဂန်များဖြင့် ထပ်ပွားကျယ်စွာ ချဲ့လိုက်ပါအံ့။

မှတ်ချက်— ဤဂါထာ၌ ပဗ္ဗဇိတ အဘိဏှသုတ္တကို "အဘိဏှသုတ္တ"ဟု ခေါ်ခြင်း သည် ကေဒေသဝေါဟာရနည်း "သင်္ကော မဟာလိ အဘိဏှံ"ဟူသော ဤအင်္ကောသဝဂ်၏ ဥဒါန်းကဲ့သို့တည်း။

## အင်္ဂုတ္တရနိကာယ် ဧကနိပါတ်

# ပဗ္ဗဇိတအဘိဏှသုတ် ပါဠိတော်

ဒသယိမေ ဘိက္ခဝေ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ။ ကတမေဒသ? “ဝေဝဏ္ဏိယမှိ အဇ္ဈုပဂတော”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ “ပရပဋိဗဒ္ဓါ မေ ဇီဝိကာ”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ “အညော မေ အာကပ္ပေါ ကရဏီယော”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ “ကစ္စိ နု ခေါ မေ အတ္တာ သီလတော န ဥပဝဒတီ”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ “ကစ္စိ နု ခေါ မံ အနုဝိစ္စ ဝိညူ သဗြဟ္မစာရီ သီလတော န ဥပဝဒန္တီ”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ “သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ “ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီ”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ “ကထံ ဘူတဿ မေ ရတ္တိန္ဒိဝါ ဝီတိဝတ္တန္တီ”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ “ကစ္စိ နု ခေါ အဟံ သုညာဂါရေ အဘိရမာမီ”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ “အတ္ထိ နု ခေါ မေ ဥတ္တရိမနုဿဓမ္မော အလမရိယဉာဏဒဿနဝိသေသော အဓိဂတော၊ သောဟံ ပစ္ဆိမေ ကာလေ သဗြဟ္မစာရီဟိ ပုဋ္ဌော န မင်္ကုဘဝိဿာမီ”တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ဣမေ ခေါ ဘိက္ခဝေ ဒသဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာတိ။

**အနက်**–ဘိက္ခဝေ၊ ရဟန်းတို့။ ဒသ၊ ဆယ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ ပဗ္ဗဇိတေန၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင်။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်ကုန်၏။ ကတမေ ဒသ၊ အဘယ် ဆယ်ပါးတို့နည်းဟူမူကား။

၁။ အဟံ၊ ငါသည်။ ဝေဝဏ္ဏိယံ၊ ငါငါဟန်ဖြင့် မာန်မဝင့်အောင် ကိုယ်နှင့်ပရိက္ခရာ နှစ်ဖြာခလှ ပျက်စီးရသောဘာဝသို့။ အဇ္ဈုပဂတော၊ မာနကင်းရန် ရည်ဆုပန်၍ လက်ခံကြည်ဖြူ သဘောတူသဖြင့် ရယူကပ်ရောက်ခဲ့သည်။ အမှိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခိတဗ္ဗံ၊ အပ်၏။ (ဘေနှ၊ သည်။ အဘိဏှံ၊ လျှင်၊ ပဗ္ဗဇိတေန)

၂။ မေ၊ ငါ၏။ ဇီဝိကာ၊ ဇီဝိတိန္ဒြေ တည်နေအာယု အသက်မွေးမှုသည်။ ပရပဋိဗဒ္ဓါ၊ ဒါယကာတို့၊ သဒ္ဓါဒေယျ ပေးသမျှနှင့် နေရ၍ကိုယ် မှီကာခိုသဖြင့် လူ့ဒိုလ်အများ သူတပါးနှင့် မခြားဂဟေ စပ်၍နေ၏။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ သည်။ အဘိဏှံ၊ လျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ အပ်၏။

၃။ မေ၊ ငါသည်။ ဝါ၊ ငါ၏။ အာကပ္ပေါ၊ ကိုယ်မှုနှုတ်မှု ပြုပြုသမျှ သရုပ်ဟု၊ ဘူဘသွင်ပြင် ကြံအင်သဏ္ဌာန အမူအရာကို။ အညော၊ အိမ်ရာထောင်သူ မောင်မယ်လူနှင့် မတူသားသား တမူခြား၍ တရားကိုယ်တွင်း အစဉ်မကင်းသဖြင့် မြင်ကွင်းသပ္ပါယ် ကြည်ညိုဘွယ်ကို။ ကရဏီယော၊ သမဏသညာ အစဉ်ပါလျက် ပညာအသိ သမာဓိနှင့် သတိမြဲကြပ်ပြုကျင့်အပ်၏။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။

၄။ ကစ္စိ၊ အသို့နည်း။ မေ၊ ငါ၏။ အတ္တာ၊ ငါ၏အလုပ် မြတ်နှင့်ယုတ်ကို လက်ဆုဘ်သက်ကိုင် မဟုတ်နိုင်အောင် ချက်ပိုင်သိထား စိတ်တရားသည်။ ("အတ္တာ"တိ စိတ္တံ။ အဋ္ဌကထာ။) မံ၊ ငါ့ကို။ သီလတော၊ ပါတိမောက္ခ အာဇီဝနှင့် ပစ္စယဉာဏ်နြေ လေးထွေစုပေါင်း သီလတည်းဟူသော အကြောင်းကြောင့်။ န ဥပဝဒတိ နခေါ၊ သင်ကားဘယ်ခါ ဘယ်နေရာမှာ ဘယ်ဟာပြုလျက် သီလပျက်ဟု စွဲချက်နိုင်မြဲ မချွတ်လွဲအောင် မစွပ်စွဲဘဲ ရှိပါ၏လော။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။

၅။ ကစ္စိ၊ အသို့နည်း။ မံ၊ ငါ့ကို။ ဝိညူ၊ ပရိယတ္တိ စသည့်သုံးဖြာ သာသနာကို ထင်စွာမြော်ဘိ ပညာရှိကုန်သော။ သဗြဟ္မစာရီ၊ ဘုရားမြတ်စွာ သာသနာဝင် ရှင်နှင့်ပဉ္စင်း သီတင်းသုံးဘော် မြတ်သူတော်တို့သည်။

အနုဒိဋ္ဌ၊ ငါ၏ကိုယ်,နှုတ် ဆိုး,ယုတ်နှစ်ပါး အကျင့်များကို ဘုရားဟောနှင့် သဘောချင့်လျက် အသင့်တရား မယွင်းမှားအောင် စဉ်းစားဆင်ခြင်ကြကုန်၍။ သီလတော၊ ပါတိမောက္ခ အာဇီဝနှင့် ပစ္စယဇုဒြေ လေးတွေစုပေါင်း သီလတည်းဟူသော အကြောင်းကြောင့်။ နဥပဝဒတ္တိ နခေါ၊ သင်ကားဘယ်ခါ ဘယ်နေရာမှာ ဘယ်ဟာပြုလျက် သီလပျက်ဟု စွဲချက်နိုင်မြဲ မချွတ်လွဲအောင် မစွပ်စွဲဘဲ ရှိပါကုန်၏လော။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင် ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။

၆။ မေ၊ ငါ့အား။ ပိယေဟိ၊ တဏှာသာတ အာလယနှင့် ကာမအာမျှင် သံယောဇဉ်ဖြင့် အစဉ်တွဲလျက် မခွဲရက်အောင် စွဲမက်ချစ်ခင်အပ်ကုန်သော။ မနာပေဟိ၊ ဘဝင်နှလုံး အစဉ်ပြုံး၍ မမုန်းနှစ်လိုအပ်ကုန်သော။ သဗ္ဗေဟိ၊ ရှိရှိသမျှ မိဘဆရာ ဉာတကာနှင့် တကာ,တကာမစသည်တွေပြား၊ ရှင်,လူများက ငါးပါးအာရုံ ကာမဂုဏ်တို့နှင့်။ နာနာဘာဝေါ၊ ပဋိသန္ဓေ မသွေမယွင်း နေရခြင်းဖြင့် မကွေကွင်းရသော သဘောရှိ၏။ ဝိနာဘာဝေါ၊ မွေးလျှင်သေရ ကေန္တဂို ဘဝသေမင်း ချေဖျက်ခွင်းသဖြင့် ကွေကွင်းရသော သဘောရှိ၏။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။

၇။ အဟံ၊ ငါသည်။ ကမ္မဿကော၊ ကောင်းမှုဆိုးမှု ကိုယ်တိုင်ပြုတဲ့ ကံဟုခေါ်ဘိ ဥစ္စာရှိသည်။ အမှို၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ ကမ္မဒါယာဒေါ၊ ကောင်းဆိုးနှစ်တန် နှစ်တွေကံလျှင် ကေန်ပကတိ အမွေခံရှိသည်။ အမှို၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ ကမ္မယောနိ၊ အဆိုး,အကောင်း နှစ်မျိုးပေါင်းသည့် ကံဟူသောအကြောင်းရှိသည်။ အမှို၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ ကမ္မဗန္ဓု၊ ကောင်း,ဆိုးနှစ်တွေ ကံဟူသော အမျိုးအဆွေရှိသည်။ အမှို၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ ကမ္မပဋိသရဏော၊ ကောင်း,ဆိုးနှစ်ဖြာ ကံဟူသော ကိုးကွယ်ရာရှိသည်။ အမှို၊ စင်စစ်မသွေ ဖြစ်ပါပေ၏။ ကလျာဏံ ဝါ၊ အနဝဇ္ဇ အပြစ်ပ၍ သုခဝိပါက် နှစ်ချက်အင်္ဂါ ပြည့်စုံပါ၍ ကောင်းစွာသော်လည်း ဖြစ်ထသော။ ပါပကံ ဝါ၊ အပြစ်နှင့်တကွ သာဝဇ္ဇဟု ဒုက္ခဝိပါက် နှစ်ချက်အင်္ဂါ ပြည့်စုံပါ၍ မကောင်းစွာသော်လည်း ဖြစ်ထသော။ ယံ ကမ္မံ၊ အကြင်အမှု သုနှင့်ဒုကို။ ကရိဿာမိ၊

ပြုအံ့။ တဿ၊ ငါ့လျှင်ပြုစု ထိုသု,ဒု၏။ ဒါယာဒေါ၊ ကောင်းဆိုးနှစ်တွေ အကျိုးအမွေကို မသွေမုချ ခံယူရသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။

၈။ ကထံ ဘူတဿ၊ အဘယ်သို့ဖြစ်သော။ ဝါ၊ အဘယ်မည်သား အမှုများကို ကြိုးစားအားထုတ် ကျင့်ကြံလုပ်သော။ မေ၊ ငါ့အာ ။ ရတ္တိန္ဒိဝါ၊ ကုန်ဆုံးရွေ့ရွေ့ ညဉ့်နှင့်နေ့တို့သည်။ ဝီတိဝတ္တန္တိ၊ လင်းချည်မှောင်ချည် တလှည့်စီဖြင့် မဘည့်ပျက်ပြုန်း ရက်ခတွသုဉ်း၍ ကုန်ဆုံးကျော်လွန်ကြကုန်သနည်း။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အဆပ်ထပ်သာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။

၉။ ကစ္စိ၊ အသို့နည်း။ အဟံ၊ ငါသည်။ သုညာဂါရေ၊ လူသံသူသံ ဆူညံကင်းဆိတ် အလွန်တိတ်သည့် ဝိဝိတ္တဋ္ဌာန ဆိတ်ငြိမ်ရာ၌။ အဘိရမာမိ နုခေါ၊ အပေါင်းမမျှော် အဖော်မမှီး တကိုယ်တည်းလည်း မငြီးမငွေ့ တရားတွေ့လျက် မလေ့ပျော်ကာ မွေ့လျော်ပါ၏လော။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။

၁၀။ ကစ္စိ၊ အသို့နည်း။ မေ၊ ငါ့အား။ အဓိဂတော၊ နေ့နေ့ညည ဝန်မချဘဲ လုံ့လအားကိုး ကျားမာန်မျိုးဖြင့် ကျင့်ကြိုးရယူအပ်သော။ အလမရိယဉာဏဒဿနဝိသေသော၊ ကိလေသာကို ပယ်နိုင်ဖို့သား မှောင်ညို့ကင်းဘိ သိမြင်ရှိသည့် ဝိသေသဓာတ် လွန်ထူးမြတ်သော။ ဥတ္တရိမနုဿဓမ္မော၊ ဈာန်ရ,မဂ်ရ မြင့်မြတ်လှသည့် ဥတ္တရိမည်တွင် သူတော်စဉ်တို့ ကိုယ်တွင်ရထား ဈာန်မဂ်ဖိုလ်တရားသည်။ အတ္ထိ နုခေါ၊ ရှိပါ၏လော။ ဧဝံ၊ ဤသို့ရှိသည်ရှိသော်။ ပစ္ဆိမေ၊ ဒိဋ္ဌဓမ္မ ခုဘဝ၏ ကဏ္ဍနိဂုံး နောက်ဝိတ်ဆုံးဟု ဆိုအပ်သော။ ကာလေ၊ မရဏာသန္န သေခါနီးကာလ၌။ သဗြဟ္မစာရီဟိ၊ အယူသီလ တူညီမျှသည့် တကွယှဉ်မှီ ထိုဤစုပေါင်း သူတော်ကောင်းတို့သည်။ ပုဋ္ဌော၊ ဥတ္တရိမနုဿ ကိုယ်တိုင်ရသည့် ဓမ္မ ပကတိ လက်ကိုင်ရှိနှင့် မရှိကိုမျှော် သတိဖေါ်ညွှန်း ဆော်တိုက်တွန်း

သဖြင့် ဝိုင်းဝန်းအားပေး စစ်ဆေးစုံစမ်း မေးမြန်းအပ်သော။ သော အဟံ၊ ထိုငါသည်။ နမက်ုဘဝိသာမိ၊ ဥတ္တရိမနုဿ ဓမ္မပကတိ ယက်ကိုင်ရှိဖို့ မရှိမည်သို့း တရားကိုးလျက် ကြောက်စိုးကင်းပ ချမ်းသာရသည့် မုချမသွေ ဖြစ်ရပေအံ့။

တနည်းကား — မ႞ ဥတ္တရိမနုဿ ဓမ္မပကတိ မရမိ၍ မရှိ ိးရာ ညှိုးငယ်စွာဖြင့် မျက်နှ ငုံ့လျှဲ ရှုံ့ရှုံမဲ့သည်။ နဘဝိသာမိ၊ မဖြစ်ရပေအံ့။ ဇုတိ၊ ဤသို့။ ပစ္စဝေက္ခတော၊ ပန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိ ၊ နေ့ရော ညဥ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်သုံး သပ် အောက်မေ့အပ်၏။

ဘိက္ခုဝေ၊ ရဟန်း ။ ဒသ၊ ဆယ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ ပဗ္ဗဇိတေန၊ ဖန်ဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိဏှံ၊ နေ့ရောညဥ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင်။ ပစ္စဝေက္ခိတဗ္ဗာ၊ ဆင်ခြင်သုံးသပ် အောက်မေ့အပ်ကုန်၏။

## ၁ — ပဌမပစ္စဝေက္ခဏာ

"ဝေဝဏ္ဏိယမှိ အဇ္ဈုပဂတော" ဤပဌမ ပစ္စဝေက္ခဏာကာရပါဠိ တော်ဝါကျ၌ ဝေဝဏ္ဏိယသည် ကိုယ်၏အဆင်းပျက်ခြင်း သရီရဝေဝဏ္ဏိယ, ပရိက္ခရာ၏အဆင်းပျက်ခြင်း ပရိက္ခာရဝေဝဏ္ဏိယဟူ၍နှစ်ပါးရှိကြောင်းကို-

"တံ ပနေတံ ဝေဝဏ္ဏိယံ ဒုဝိဓံ ဟောတိ သရီရဝေဝဏ္ဏိယံ ပရိက္ခာရဝေဝဏ္ဏိယဉ္စ" ဟူသော အဋ္ဌကထာပါဌ်ဖြင့် သိရပါသည်။

ထိုဝေဝဏ္ဏိယ နှစ်ပါးတို့တွင် ကိုယ်၏အဆင်းပျက်ခြင်း သရီရ ဝေဝဏ္ဏိယဟူသည်မှာ လူသားတို့က ကြက်သရေရှိသည်ဟု စွဲလမ်းယုံကြည် ကြသော ရောင်တုံးခြင်းစသည်ကို မပြုလုပ်ရဘဲ ဦးပြည်းခေါင်းတုံး လူညွန့် တုံးသဖြင့် လူလုံးမလှသော ဘဝပင်ဖြစ်ပါသည်။

ဆံဂှည်ပထား၍ — ဆံပင်ကို လက်နှစ်သစ်ထက်ပို၍ အရှည်မထားရန် ၎င်း၊ လက်နှစ်သစ်မရှည်သေးသော်လည်း အနည်းဆုံး နှစ်လတကြိမ်ရိတ် ရန်၎င်း —

"န ဘိက္ခဝေ ဒီဃာ ကေသာ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိဒုက္ကဋဿ။ အနုဇာနာမိ ဘိက္ခဝေ ဒုမာသိကံ ,ဝါ ဒွင်္ဂုလံ ဝါတိ"ဟု စူဠဝဂ္ဂပါဠိ၌ ပညတ်တော်မူပါသည်။

ဆံပင်ကို ဝက်မှင်ဖီး စသည်တို့ဖြင့် မဖီးခသရ၊ သစ်စေးစသော အစေးတို့ဖြင့် ချက်အပ်သောဆီ (ခေါင်းလိမ်းဆီ) ရေဖြင့်ရောသောဆီများ မလိမ်းရ၊ အကယ်၍ ဖီးခဲ့လိမ်းခဲ့သော် ဒုက္ကဋ်အာပတ်သင့်ကြောင်းကိုလည်း စူဠဝဂ္ဂပါဠိတော်၌ ပညတ်တော်မူပါသည်။

ယခုအခါ၌ မဖီးမလိမ်းကြသေးသော်လည်း နောင်အခါ၌ ဖီးကြ လိမ်းကြမည်ကို အောက်ပါဖုဿရဟန္တာ၏ အနာဂတ်ဟောကိန်း မိန့်ခွန်း တော်ဖြင့် သိရပါသည်။

**တေလသဏ္ဌေဟိ ကေသေဟိ၊ စပလာ အဉ္ဇနက္ခိကာ။**
**ရထိကာယ ဂမိဿန္တိ၊ ဒန္တဝဏ္ဏိကပါရုတာ။ ။**

**ထေရဂါထာပါဠိ။**

**အနက်—** တေလသဏ္ဌေဟိ၊ဖရောင်းချက်သိ ရေရောဆီတို့ဖြင့် အညီ သေသပ် လိမ်းကျံအပ်ကုန်သော။ ဝါ၊ တွေ့တွေ့လီလီ ခေါင်းလိမ်းဆီတို့ ဖြင့် အညီသေသပ် လိမ်းကျံအပ်ကုန်သော။ ကေသေဟိ၊ ဆံပင်တို့ဖြင့်။ စပလာ၊ ကိုယ်နှင့်ပရိက္ခရာ လှစိမ့်ငှါဟု တန်ဆာဆင်သ လျှပ်ပေါ်ကြကုန် သော။ အဉ္ဇနက္ခိကာ၊ မြင်းသီလာသွေး မျက်စဉ်းဆေးတို့ဖြင့် ညို့ရေး သောမျက်စိရှိကုန်သော။ပါပဘိက္ခူ၊သီလကင်းကွာ သမာဆုတ်ခမ်းပြင်ပန်း ဟန်လုပ် ရဟန်းယုတ်တို့သည်။ ဒန္တဝဏ္ဏိကပါရုတာ၊ ဆင်စွယ်ရောင်မျှ ဆိုးရည်သသည့် လှပတင့်ဆန်း ဝတ်သင်္ကန်းကို ခြုံလွှမ်းဝတ်ဆင်ကြကုန်၍။ ရထိကာယ၊ လူရှင်တကာ သွားလာရာဟု များစွာသွယ်သွယ် လမ်းကြီး ငယ်၌။ ဂမိဿန္တိ၊ လူးလာပြန်ခေါက် ဟန်ပန်မြောက်၍ လမ်းလျှောက် သွားလာကြကုန်လတ့်။

**ဆံမြိုမန္တတ်ရ—** "န ဘိက္ခဝေ ပလိတံ ဟရာပေတဗ္ဗံ" ဟု ပညတ် တော်မူသောကြောင့် ဆံဖြူမနုတ်ရ၊ သို့ဖြစ်လျှင် ယခုကာလ ဆံပင်ဆိုး ဆေးများလည်း အပ်မည်မဟုတ်။ ဘုန်းကြီးများငယ်စဉ်က ဆံပင်ကျွတ်၍ ထိပ်ပြောင်နေသော ဦးပဉ္ဇင်းတပါး ဆံပင်ပေါက်ဆေး လိမ်းသည်ကို

ကွေ့မြင်ဘူးပါသည်။ "မဏ္ဍနဇ္ဈာယ သဗ္ဗတ္တ ဒုက္ကဋံ" ဟု ရှင်ဥပါလိအဋ္ဌကထာ၌ မိန့်ဆိုလျက်ရှိရာ ထိုအမှုလည်း လာလို၍ ကိုယ်ကိုတန်ဆာဆင်ခြင်းပင် မည်ချေသောကြောင့် အပ်မည်မဟုတ်ပေ။

နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတို့၌ အထူးစဉ်းစားရန် ပြောဆိုရန်မရှိ လုံးဝပင်မထားရမထားကောင်းတော့သည်သာတည်း။ ဤသို့ ဆံမုတ်ဆိတ် တို့ကိုသာ အရှည်မထားရ အလှအပငှါ၍ ဆင်ယင်ပြုမပြုရ၍ဘွင်မကသေး။

"န ဘိက္ခဝေ မုခံ အာလိမ္ပိတဗ္ဗံ၊ န အင်္ဂမုခရာဂေါ ကာတဗ္ဗော"

အစရှိသည်ဖြင့် အလှအပလို၍ မျက်နှာကို သနပ်ခါးနံ့သာရည် ဟော်စလင် မိုးပွင့် နံ့သာမှုန့် ပေါင်ဒါမှုန့်စသည်များဖြင့်လည်း မလိမ်း မလူးအပ်၊ နှုတ်ခမ်းနီမဆိုးအပ်၊ လက်သည်းခြေသည်း မဆိုးအပ်သည်သာ ဖြစ်ပါသည်

"အနုဇာနာမိ ဘိက္ခဝေ အာဗာဓပစ္စယာ မုခံ အာလိမ္ပေတုံ" ဟု

ခွင့်ပြုတော်မူသောကြောင့်ကား ဝက်ခြံ မှဲ့, ညှင်းစသည် အနာ ရောဂါရှိလျှင် ဆေးဝါးအဖြစ်ဖြင့် လိမ်းကောင်းပါသည်၊ ဘုန်းကြီးများ ငယ်စဉ်က ဦးပဉ္စင်းတပါး ပေါင်ဒါမှုန့်လိမ်းလေ့ရှိကြောင်း ဆရာတော်ကြီး တပါးအား အခြားဦးပဉ္စင်းတပါးက တိုင်ကြားလျှောက်ထားရာ "သူမိတ်ဖူး တွေပေါက်လို့ လိမ်းတာထင်ပါလား" ဟု ဆရာတော်ကြီးက ပြန်လည် မိန့်ကြားတော်မူသည်ကို ကြားရဘူးပါသည်။ ဤသို့လျှင် ဤကိုယ်ခန္ဓာကို အလှအပနှင့်စပ်၍ မည်သို့မျှမပြုမပြင်မဆင်ယင်ရ မလိမ်းကျံရသော ဘဝ သည်လည်း ရှာသားအိမ်သူ ဝတ်ကြောင်လူနှင့် မတူလုံးလုံး လူညွန့် တုံးသဖြင့် လူလုံးမလှသော သရီရဝေဝဏ္ဏိယပင် ဖြစ်တော့သည်။

"ပရိက္ခာရ ဝေဝဏ္ဏိယ" ပရိက္ခရာ၏ အဆင်းပျက်ခြင်းဟူသော ပရိက္ခာရဝေဝဏ္ဏိယ၌ ရဟန်းဟူသည် ရှေးလူသားဘဝက အဖြူအနီစသည် ရှုကြည့်စဘွယ် တင့်တယ်လှပသော အလွန်နူးညံ့ချောမွေ့သော အဝတ် အထည်တို့ကို မိမိသဘောကျသလို ပုံစံအမျိုးမျိုး အဆင်းအမျိုးမျိုး ပြုလုပ်ချုပ်ဆိုး၍ ဝတ်စားဆင်ယင်နိုင်သော်လည်း ရဟန်းပြုသောအချိန်မှစ၍ သက်နီးလျှာကို ဓါး,ကပ်ကြေးစသည်တို့ဖြင့် ဖြတ်ခွဲကာ အခက်းဖွဲ့ချုပ်စပ်၍ တပါးနှင့်တပါး ထူးခြားသာလွန်သော အဆင်းအရောင်ကို မပြုနိုင်

စကောင်းသော ရဟန်းတို့၏ ယူနီဖေါင်းဝတ်စုံသဖွယ်ဖြစ်သော ဖန်ဝါရောင် တချိုးတည်းကိုသာ ဆင်မြန်းဝတ်ရုံရတော့သည်၊ ထိုသို့ သဘောရှိသော အဝတ်သင်္ကန်းကို ခြုံလွှမ်းဝတ်ရုံရသော ဘဝသည် "အဿဖဿ ဝဏ္ဏ ဘေဒေန ဘိန္န ပဋံ ဓာရေတီတိ ဘိန္နပဋဓရော"ဟူသော ပါရာဇိကကဏ် အဋ္ဌကထာပါဋ္ဌ်နှင့်အညီ အဘိုး,အတွေ့,အဆင်းအားဖြင့် သုံးပါးပျက်သော သင်္ကန်းပရိက္ခရာကို သုံးဆောင်ရ, ဝတ်ဆင်ရသော ရဟန်းဘဝသာ ဖြစ်ပေသည်။

ထိုပျက်ခြင်းသုံးမျိုးတို့တွင် သင်္ကန်းလျာ အဝတ်အထည်ကို အခဏ်း ဖွဲ့ရန် ဓား, ကပ်ကြေးတို့ဖြင့် အစိပ်အပိုင်းပြုလုပ်ခွဲဖြတ်ရသဖြင့် ထိုသို့ မဖြတ်မခွဲခင်က ဆောင်တန်သော အဝတ်အထည်ပင်ဖြစ်စေကာ ဖြတ်ခွဲ ပြီးနောက် မူလကြေးတန် ဈေးအမှန်မှ ကေန်ပင်လျော့နည်း၍ ပျက်စီး ယုတ်လျော့ရခြင်းဖြစ်တော့သည်။

ထိုကြောင့် ပါရာဇိကကဏ် အဋ္ဌကထာ၌—

"တတ္ထ သတ္ထကဋ္ဌေဒနေန အဿဘေဒေါ ဝေဒိတဗ္ဗော" စသည်ဖြင့်မိန့်ဆိုဖွင့်ပြတော်မူလေသည်။

အတွေ့အားဖြင့် ပျက်စီးခြင်းဟူသည်မှာ ထိုသို့ဖြတ်ခွဲပြီးသော အဝတ်အထည်ကို တဘန်အခဏ်းဖွဲ့စပ် ချုပ်သီအပ်သဖြင့် မြင့်မြတ်ချောမွေ့ နူးညံ့သောအတွေ့မှ လျော့ရွေ့ပျက်စီးကာ ထူထဲခက်မာသော ချုပ်ရိုး ကြောင်းကြီးများဖြင့် ကြမ်းကြမ်းကြီး ဖြစ်လာခြင်းပင် ဖြစ်တော့သည်။

ထို့ကြောင့် ပါရာဇိကကဏ် အဋ္ဌကထာ၌—

"သုခုမ သမ္ဖဿောပိ ဟိ ပဋော သုတ္တေဟိ သံသိဗ္ဗိတော ဘိန္နဖဿော ဟောတိ ခရသမ္ဖဿတံ ပါပုဏာတိ"ဟု မိန့်ဆိုတော် မူလေသည်။

အဆင်းအရောင်အားဖြင့် ပျက်စီးခြင်းဟူသည်မှာထိုသို့ဖြတ်ခွဲချုပ်စပ် ခြင်းကို အဘန်ဘန်ပြုလုပ်စီမံရသောကြောင့် အပ်ပေါက်သံချေးလက်ချွေး လက်ချေးစသည်တို့ဖြင့်၎င်း,နောက်ဆုံးအမှု၌ ဖန်ရည်ဆိုးဆေး ဗိန္ဒုရေး စသည်တို့ဖြင့်၎င်း၊လိမ်းကျံပေရေ တပ်စွန်းလေ၍ နဂိုနေရပ်ကောင်းအရောင် ပြောင်းလျက် ညိုမောင်းဝါရင့်ခြင်းသို့ ရောက်ရခြင်းပင်ဖြစ်တော့သည်။

ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ၌—

"သုပရိသုဒ္ဓေါပိ ဟိ ပဌော သုစိကမ္မတော ပဋ္ဌာယ သုစိမလေန ဟတ္ထသေဒမလဇလ္လိကာဟိ အဝသာနေ ရဇနကပ္ပကရဏေဟိ စ ဘိန္နဝဏ္ဏော ဟောတိ၊ ပကတိဝဏ္ဏံ ဝိဇဟတိ"

ဟူ၍မိန့်ဆိုတော်မူလေသည်။

## အနှစ်နှစ်ဆယ်တိုင် ပံသုကူဆောင်ချည်းသာ

ရှေးအခါ၌မူကား ယခုကာက ရဟန်းတော်များကဲ့သို့ ဂဟပတိစီဝရဟုဆိုအပ်သော ဒါယကာတို့ လှူဒါန်းသော ဆိုးပြီးချုပ်ပြီးသင်္ကန်းများကိုဝတ်ဆင်သုံးဆောင်ကြရသည်မဟုတ်မြတ်စွာဘုရားပွင့်တော်မူသည်မှ နှစ်ပေါင်းနှစ်ဆယ်တိုင်အောင် ဘုရားရှင်နှင့်တကွသော သံဃာတော်အားလုံးတို့သည် သုသာန်လမ်းကြားစသည်တို့မှ ရှာဖွေကောက်ယူရသော မြေမှုန့်အလူးလူးရှိသော အဝတ်စုပ် အထည်ပိုင်းတို့ကိုသာလျှင် ဖြစ်နိုင်သလို ကြိုးစား၍ ပင်ပန်းကြီးစွာ ဖွတ်လျှော်ချုပ်ဆိုး၍ ဝတ်ရုံသုံးဆောင်တော်မူကြရလေသောကြောင့် မြတ်စွာဘုရားနှင့်တကွ ရဟန်းတော်အားလုံးပင် ပံ့သကူဆောင်ချည်းသာ ဖြစ်လေတော့သည်။

ထို့ကြောင့် မဟာဝါ အဋ္ဌကထာ၌—

"ဘဂဝတော ဟိ ဗုဒ္ဓတ္တံ ပတ္တတော ပဋ္ဌာယ ယာဝ ဣဒံ ဝတ္ထုံ ဧတ္ထန္တရေ ဝီသတိဝဿာနိ န ကောစိ ဂဟပတိစီဝရံ သာဒိယိ သဗ္ဗေ ပံသုကူလိကာဝ အဟေသုံ။

ဟုမိန့်ဆိုတော်မူလျက်ရှိလေသည်။

တရံရောအခါ မြတ်စွာဘုရားသည် သုသာန်သို့ ကြွသွားတော်မူ၍ ပုဏ္ဏမည်သော ကျွန်မ၏အလောင်းကောင်၌ ဝတ်ရုံခြုံလွှမ်းထားသော ပိုက်ဆံလျှော်ချည်ဖြင့် ယက်လုပ်အပ်သော ဖျင်ကြမ်းအဝတ်စကို တပြည်သားခန့်ပိုးလောက်တို့ကိုခါချ၍ ပံ့သကူသင်္ကန်း ကောက်တော်မူလေသည်။ ထိုအခါ စကြဝဠာတိုက်တသောင်း ပဲ့တင်ညောင်းမျှ ကောင်းချီးသြဘာ ထောမနာခြင်းဖြင့် ဗီလာအောက်ထက် အိုးထိမ်းစက်ကဲ့သို့ သွက်သွက်ခါ

တုန်ဟီး၍ မြေကြီးသျှောင် လှုပ်ခဲ့ဘူးလေသည်။ အာကာသတွင် မိုးကောင်းကင်လည်း ပွဲတင်ချုံးထစ် မိုးကြိုးပစ်သကဲ့သို့ မြည်ဟစ်ကြွေးကျော်ခဲ့ဘူးလေသည်။ တသောင်းစကြဝဠာ နတ်ဗြဟ္မာလည်း ဩဘာသီးသီး လက်ဖျောက်တီး၍ ကောင်းချီးသာခုခေါ်ကြသည်။

မြတ်စွာဘုရားသည် ထိုပံ့သကူသင်္ကန်းကိုပင် ဆင်မြန်းဝတ်ရုံတော်မူ၍ တနေ့သောအခါတွင် ဓူတင်အရာ မဟာဧတဒဂ် ဂေဇက်တော်ရ အရှင်မဟာကဿပအား သနားချီးမြှင့်တော်မူလေသည်၊ အရှင်မဟာကဿပမထေရ်သည်လည်း မြတ်စွာဘုရား ချီးမြှင့်တော်မူအပ်သော ထိုပံ့သကူသင်္ကန်းကိုပင် မပြစ်တန်းစွဲမဲ့ လောဘစိတ်အလိုနည်းလှ၍ အပြ ကိုချုပ် အစပ်ကိုစပ် အထပ်ကိုမြှောက် အပေါက်ကိုဖါဖုံး၍ တသက်လုံး ဝတ်ရုံတော်မူလေသည်။

ဤသို့လျှင် မြတ်စွာဘုရားနှင့်တကွ သံဃာတော်အားလုံးတို့သည် နှစ်ပေါင်းနှစ်ဆယ်တိုင်တိုင် ပံ့သကူသင်္ကန်းကိုသာ ဆင်မြန်းဝတ်ရုံတော်မူလာခဲ့ကြရာမှ "ဘဂဝါ ဘန္တေ ပံသုကူလိကော ဘိက္ခုသံဃော စ" စသည်ဖြင့် မြတ်စွာဘုရား အရှင်ဘုရားသည်၎င်း ရဟန်းတော်အပေါင်းသည်၎င်း ပံ့သကူသင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်တော်မူပါသည်၊ တပည့်တော်အားလည်း ပဇ္ဇောတမင်းသည် လက်ဆောင်အဖြစ် ပို့လွှတ်အပ်သော သိဝိတိုင်းသူတို့သည် အရောင်သုံးပါး ချည်မျှင်များဖြင့် ယက်လုပ်အပ်သော ပုဆိုးအစုံသည်ရှိပါ၏၊ ဤပုဆိုးအစုံသည် များစွာသော ပုဆိုးအစုံတို့ထက် မြတ်ပါ၏ ချီးမွမ်းအပ်၏ အမှူးဖြစ်ပါ၏ ကျော်ဇောပါ၏၊ ထက်ဝန်းကျင်မှ ကောင်းပါ၏။

အစိန္တေယျ လောကမျက်ရှု သဗ္ဗညုသည် ကရုဏာတော် ရှုကာ မျှော်၍ တပည့်တော်က လျှူဆက်သသည့်၊ သိဝေယျဒုဿာ၊ သင်္ကန်းလျာကို သာယာကြည်ဖြူ ခံတော်မူ၍ ဘိက္ခုများစွာ သားသံဃာတို့အားလည်း ဒါယကာလှူဒါန်း ဂဟပတိသင်္ကန်းကို ဆင်မြန်းဝတ်ရုံခွင့် ပြုတော်မူပါဘုရားဟု သမားဝေဇ္ဇ ဇီဝက၏ ဦးချဝပ်တွား လျှောက်စကားကို သနားသမှု ထောက်ထားပြု၍ သုံးလူ့မျက်ဖျော် ကိုယ်တိုင်တော်လည်း သမားတော်ဇီဝက လှူဆက်သသော သိဝေယျဒုဿာ သင်္ကန်းလျာကို သာယာကြည်ဖြူ ခံတော်မူ၍ ဘိက္ခုများစွာ သားသံဃာတို့အားလည်း ဒါယကာလှူဒါန်း ဂဟပတိသင်္ကန်းကို ဆင်မြန်းမသွေ ဝတ်ရုံ

စေဟု ခွင့်ပြုတော်မူသောအားဖြင့် "အနုဇာနာမိ ဘိက္ခဝေ ဂဟပတိ စိဝရံ" ရှေ့နှုတ်သံကို ခြေငံညွတ်နူး သုံးလှူမှုသည် ရင့်ကျူးမိန့်ဟတော်မူခဲ့ပါသည်။

"န ဘိက္ခဝေ သောဝဏ္ဏမယော ပတ္တော ဓာရေတဗ္ဗော"စသည် ဖြင့် ပညတ်တော်မူရကား ရွှေ,ငွေစသည်တို့ဖြင့်ပြီးသော သပိတ်များ ပန်းကန်,ဖလား စသည်များကို မသုံးမဆောင်ရ။

"န ဘိက္ခဝေ သဗ္ဗနီလိကာ ဥပါဟနာ ဓာရေတဗ္ဗာ"စသည်ဖြင့် ပညတ်တော်မူရကား အလုံးစုံညိုသော အလုံးစုံရွှေသော ဘိနပ်စသည် တို့ကိုငင်း, ဖနောင့်ဖုံးပါသော"ခလ္လက ဗဒ္ဓ" ဘိနပ်,သလုံးထိအောင်စွပ်၍ စီးအပ်သော "ပုဋဗဒ္ဓ" ဘိနပ်။ ဝါ၊ ဘွတ်ဘိနပ်, ဖနောင့်ဖမိုးဖုံးသော "ပါလိဂုဏ္ဌိမာ"ဒေါ်ဇင်ဘိနပ် စသည်တို့ကိုငင်း မသုံးမဆောင်ရ။

ဤသို့စသည်ဖြင့် သက်နိုး,သပိတ်စသော အသုံးအဆောင် ရဟန်း ပရိက္ခရာဥဿုံ အလုံးစုံတို့တွင် မည်သည့်ပရိက္ခရာကိုမျှ"သေယျထာပိ ဂိဟိ ကာမဘောဂိနော" ဟူသည်နှင့်အညီ အိုးအိမ်ထောင်သူ ဝတ်ကြောင်လူတို့ ကဲ့သို့ အလှအပလို၍ တင့်တယ်စမွယ်သောအားဖြင့် မဆင်ယင်မသုံးဆောင် ရဘဲ အိုးအိမ်ထောင်သူ ဝတ်ကြောင်လူတို့နှင့် မတူထူးခြား အဆင်းပျက် ပြားသည်ကိုသာပြု၍ သုံးဆောင်ရခြင်းသည်ပင် "ပရိက္ခာရ ဝေဝဏ္ဏိယ" မည်ပါတော့သည်။

ဤသို့လျှင် ကိုယ်နှင့်ပရိက္ခရာ နှစ်ဖြာမလှ ပျက်စီးရသော ရဟန်း ဘဝသို့ ရာဂ,မာန၊ စသည့်ကင်းရန် ရည်သုပန်၍ လက်ခံကြည်ဖြူ သဘော တူသဖြင့် ရယူကပ်ရောက်ခဲ့ပြီတကားဟု မခြားနေ့ည အောက်မေ့ရမည်ကို "ဝေဝဏ္ဏိယမှိ အဇ္ဈုပဂတောတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ"ဟု ဟောတော်မူခဲ့ပါသတည်း။

## ၂–ဒုတိယပစ္စဝေက္ခဏာ

"ပရပဋိဗဒ္ဓါ မေ ဇီဝိကာ"

ဤဒုတိယမြောက် ပစ္စဝေက္ခဏာကာရ ပါဠိတော်ဝါကျ၌ ဗုဒ္ဓ မြတ်စွာသာသနာဝန်ထမ်း ရဟန်းနှင့်ရှင် သူတော်စင်တို့ ချွတ်ထွင်ကာစဉ်း စားဘို့ ရေးသားဖေါ်ပြလိုသည်မှာ ရဟန်းပြုသောနေ့မှစ၍ ကုန်သွယ် လယ်လုပ်စသော လူသားတို့၏ အစွမ်းအစ ပရိယေသနအမှု အစုစုတို့ကို

တခုမကျန် ပယ်စွန့်လှန်၍ သပိတ်ပွေ့ခါ ဆွမ်းကိုရှာသဖြင့် ဒါယကာတို့ သဒ္ဓါဒေယျ ပေးသမျှနှင့် မျှတရောင့်ရဲရသည်ဖြစ်၍ သူတပါးနှင့်စပ်သော အသက်မွေးမှုဟူသည်မှာ လူ့ဘုံဌာန လူ့လောကအနေအားဖြင့် ဝါ- လောကတခွင် ပုထုဇဉ်တို့၏ အမြင်ရှုထောင့်အားဖြင့် အလွန်နုံချာ နိမ့်လှစွာ၍ ယုတ်မာမမြတ် ဆဲရေးရှုံ့ချအပ်သော ဘဝမျိုးသာ ဖြစ်ပါသည်။

ထို့ကြောင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌—

"အန္တမိဒံ ဘိက္ခဝေ ဇီဝိကာနံ ယဒိဒံ ပိဏ္ဍောလျံ၊ အဘိသာပေါယံ ဘိက္ခဝေ လောကသ္မိံ ပိဏ္ဍောလော ဝိစရသိ ပတ္တပါဏီ"တိ ဟူ၍ မြတ်စွာဘုရား ဟောတော်မူခဲ့လေသည်။

အနက်— ဘိက္ခဝေ၊ ရဟန်းတို့။ ဇီဝိကာနံ၊ အသက်မွေးမှုဟူသမျှတို့ထက်။ ဝါ၊ အသက်မွေးမှုဟူသမျှတို့တွင်။ ယဒိဒံ ပိဏ္ဍောလျံ၊ အကြင် သပိတ်ပိုက်ကာ ဆွမ်းကိုရှာသဖြင့် ဝမ်းစာဖြည့်တင်း အသက်မွေးခြင်းသည်။ ဝါ၊ သပိတ်ပိုက်ကာ ဆွမ်းကိုရှာသဖြင့် ဝမ်းစာကြံစု အသက်မွေးမှုသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ တံ၊ ထိုသပိတ်ပိုက်ကာ ဆွမ်းကိုရှာသဖြင့် ဝမ်းစာဖြည့်တင်း အသက်မွေးခြင်းသည်။ ဝါ၊ သပိတ်ပိုက်ကာ ဆွမ်းကိုရှာသည် ဝမ်းစာကြံစု အသက်မွေးမှုသည်။ အန္တံ၊ ဆင်းရဲနုံချာ ယုတ်မာစွာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ လောကသ္မိံ၊ ပုထုဇ္ဇန လူ့လောက၌။ တွံ၊ သင်သည်။ ပတ္တပါဏိ၊ သပိတ်ခွက်မဲ လက်ကိုင်စွဲ၍။ ပိဏ္ဍောလော၊ ဝမ်းစာခုကြောင်း ထမင်းတောင်းသည်ဖြစ်၍။ ဝိစရသိ၊ အိမ်စဉ်လမ်းမ လှည့်လည်ရ၏။ ဣတိ၊ ဤသို့။ အယံ အဘိသာပေါ၊ ဤယုတ်မာညံ့ဖျင်း ဆဲရေးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တနည်းကား— အပံ ဝဏ္ဏ၊ ဤပိဏ္ဍောလျ ဝဏ္ဏသည်။ အဘိသာပေါ၊ ကျိန်ဆဲကြောင်းဖြစ်၏။

အဘိသပန္တိ ဧတေနာတိ အဘိသာပေါ၊ အဘိသာပဝဏ္ဏ ပိဏ္ဍောလျံ။ "ဋီကာ"

ထိုသို့ လောကတခွင် ပုထုဇဉ်တို့၏ အမြင်ရှုထောင့်အားဖြင့် အလွန်နုံချာ၍ ယုတ်မာညံ့ဖျင်းလှသော ဆဲရေးကြောင်းဖြစ်သော သပိတ်ပိုက်ကာ ဆွမ်းကိုရှာမှ ဝမ်းစာမျှတ စားသောက်ရသောဘဝ၌ ဝင်ရောက်ကာ ရှင်ရဟန်းပြုကြကုန်သော အမျိုးကောင်းသားတို့သည် ရာဇဝတ်ဘေး, သူခိုးခားပြဘေး, ကြွေးမြီဘေး, ရောဂါဘယဘေး, သားမယားမကျွေးနိုင်

အသက်မမွေးနိုင်သော ဘေးတို့မှ ထွက်မြေးလွတ်မြောက်လိုသောကြောင့် ဝင်ရောက်ရဟန်းပြုကြသည်မဟုတ်ဘဲ ဤသို့ ဝတ်ကြောင်ကိုခွါ ဖန်ဝါကို ဆင် ဆံပင်ကိုရိတ်လျှိ ရှင်ရဟန်းပြုပြီးဖြစ်သဖြင့် ဇနီးမယား သမီးသားနှင့် စီးပွားဥစ္စာ ကိလေသာတို့ မလာမကပ် လွန်လွတ်လပ်သည့်အပြင် လေးရပ် အာမိသ ဆွမ်းစသောကိစ္စတို့၌လည်း ဗျာပါရမများ အချိန်တွေအလွန် အားသဖြင့် တရားအားထုတ် ကျင့်ကြံကုတ်လျက် ဒုက္ခကင်းရာ ခေမာ အမတံ ပြည်နိဗ္ဗာန်ကို အမြန်ရမည် စွဲသမ်းခါယုံကြည်၍ လောကီမြင်ကွင်း လွန်ညံ့ဖျင်းတဲ့ ထမင်းတောင်းရ ရှင်ရဟန်းဘဝသို့ ကုလပုတ္တာ သူတော် စွာတို့ သဒ္ဓါရဲဝန့် ငဲ့မတွန့်ဘဲ စွန့်စားဝင်ရောက် ကြသည်ကိုလည်း—

"တဒ္ဓ ခေါ တံ ဘိက္ခဝေ ကုလပုတ္တာ ဥပေန္တိ အတ္ထဝသိကာ အတ္ထဝသံ ပဋိစ္စ နေဝ ရာဇာဘိနီတာ" စသည်ဖြင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိ "ပိဏ္ဍောလျ" သုတ်၌ ဟောတော်မူသည်။

## သူတပါး၏ ပေးစာကမ်းစာကို မှီရသူ

ထိုလောကတခွင် ပုထုဇဉ်တို့ အမြင်ရှုကွင်း လွန်ညံ့ဖျင်းသည့် ထမင်းခံတောင်း ဆဲရေးကြောင်းမို့ မကောင်းနံ့ချာ လွန်ယုတ်မာသည့် ဝမ်းစာကြီစု သက်မွေးမှုသို့ ဘိက္ခုဝတ်ခါ ကပ်ရောက်လာသော ဖန်ဝါ ဆင်မြန်း ရှင်ရဟန်းကိုပင်လျှင် "ပရဒတ္တူပဇီဝိ၊ သူတပါးတို့၏ ပေးစာ ကမ်းစာကို အမှီပြု၍ အသက်မွေးရ အသက်ရှင်ရသော သူ" ဟူ၍ မြတ်စွာ ဘုရား မှည့်ခေါ်တော်မူ၏။

ထိုစကားများကို အနည်းငယ်ချဲ၍ ဖေါ်ပြလိုပါသည်။

တရံရောအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီးတင်းသုံးနေတော်မူစဉ် ထမင်းစားဆဲဖြစ်သော ပုဏ္ဏားတဦး၏ အိမ်သို့ကြွကာ ဆွမ်းရပ်တော်မူလေသည်၊ ထိုအခါ ပုဏ္ဏားက "ဘောဂေါတမ အဟံ ပဥ္စသု ဌာနေသု အဂ္ဂံ ဒတွာဝ ဘုဉ္ဇာမိ" အစရှိသည်ဖြင့် "အို အရှင်ဂေါတမ တပည့်တော်သည် စပါးမှည့်သောအခါ၊ စပါးပုံသောအခါ၊ စပါးကျီသွင်းသောအခါ၊ ထမင်းချက်သောအခါ၊ ထမင်းစားသောအခါ" ဟုဆိုအပ်သော အခါငါးပါးတို့၌ ဆွမ်းဦးဆွမ်းဖျားကို လှူပြီးမှသာလျှင် စားလေ့

ရှိပါသည် ဤထမင်းမှလည်း အလယ်ထက်ဝက်ကိုခွဲ၍ တပုံကို တပည့်တော် စားပြီးပါပြီ၊ တပုံကျန်ပါသေးသည်။ ဤထမင်းကျန်ကို အရှင်ဘုရား ခံယူပါမည်လော”ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက—

“ဩပုပ္ဖာ အဂ္ဂမ္ပိ မဇ္ဈမေဝ အနုန္တပိကံ မဇ္ဈေ ဘိန္ဒိတွာ အနုဘုတ္တ· ဘတ္တမ္ပိ စရိမကဘတ္တပိဏ္ဍောပိ မဇ္ဈမေဝ အနုန္တပိကော၊ မယံ ဟိ ဩပုပ္ဖာ ပရဒတ္တူပဇီဝိ ပေတသဒိသာ”။

ပုဏ္ဏား ဆွမ်းဦးဆွမ်းဖျားသည်လည်း ငါတို့အား လျောက်ပတ်၏၊ တဝက်ခွဲ၍လှူအပ်သော ဆွမ်းသည်လည်း ငါတို့အား လျောက်ပတ်၏၊ စားကြွင်းစားကျန်ဖြစ်သော ဆွမ်းသည်လည်း ငါတို့အား လျောက်ပတ်၏။ ပုဏ္ဏား ငါဆိုသောစကားသည်မှန်၏ ငါတို့သည် သူတပါး၏ ပေးစာ ကမ်းစာကိုမှီ၍ အသက်ရှင်ရသော “ပေတ”နှင့်တူကုန်၏ဟု မိန့်တော်မူပြီး လျှင် အောက်ပါဂါထာကို ဟောကြားတော်မူလေသည်။

ယဒဂ္ဂတော မဇ္ဈတော သေသတော ဝါ၊
ပိဏ္ဍံ လဘေထ ပရဒတ္တူပဇီဝီ။ ။
နာလံ ထုတုံ နောပိ နိပစ္စဝါဒီ၊
တံ ဝါပိ ဓီရာ မုနိ ပဝေဒယန္တိ။ ။

(သုတ္တနိပါတ်ပါဠိ မုနိသုတ် ဓမ္မပဒအဋ္ဌကထာ ပဍ္ဂုဒါယက ဩပုပ္ဖာဝတ္ထု)။

အနက်— ပရဒတ္တူပဇီဝီ၊ ဒါယကာများ သူတပါးတို့ စိတ်ထား ကြည်ဖြူ မငြိုစွတဲ ပေးလှူသမျှ အာမိသကို ဘဝရှင်မှ မှီခိုပြုရသော ဘိက္ခုပညတ် ရဟန်းမြတ်သည်။ အဂ္ဂတော ဝါ၊ မစားမီပင် ဆွမ်းတော် တင်ဘို့ အလျှင်ခူးထား ဆွမ်းဦးဆွမ်းဖျားမှဎင်း။ မဇ္ဈတော ဝါ၊ တဘို့ ကိုစား တဘို့အားမူ သဒ္ဓါဖြူ၍ ပေးလှူကပ်ဆက် ဆွမ်းထက်ဝက်မှဎင်း။ သေသတော ဝါ၊ ပန်းကန်အိုးတွင်း ကျန်နေကြွင်းသည့် ထမင်းမသန့် ဆွမ်းဖျင်းဆွမ်းညံ့မှဎင်း။ ယံ ပိဏ္ဍံ၊ အကြင်ဆွမ်းကို။ လဘေထ၊ ရရာ၏။ ဝါ၊ ရငြားအံ့။ တံ ပိဏ္ဍံ၊ ထိုဆွမ်းကို။ ထုတုံ၊ ဆွမ်းလည်ဆွမ်းဦး အရတူးသည်ဟု ချီးကျူးအံ့သြ မြှောက်၍ပြောခြင်းငှါ။ နာလံ၊ အခွင့်

မလျော် မသင့်တော်။ နေ၁ပိ နိပစ္စ၀၁ဒီ၊ ဆွမ်းကျန်ဆွမ်းကြွင်း အရဖျင်းသည်ဟု ဆိုးတင်းမြွက်ကာ မသက်သာ၍ မျက်နှာရှုံ့မဲ့ ငုံ့ကာလှဲ့လျက် ကဲ့ရဲ့ညိုငြင် အပြစ်မတင်။ တံ၀၁၀ မုနိ၊ အနုနယ ပဋိဃကို ပယ်ချနိုင်စွမ်း မြူမသန်းသဖြင့် ငြိမ်းမွမ်းကဲ့ရဲ ဘယ်မရှိသည့် မုနိခေါ်တွင် ထိုအရှင်ကို။ ဗိရာ၊ ပညာသတိ ထင်စွာရှိသော ကဝိကဝိန် သုခမိန်တို့သည်။ ပဝေဒယန္တိ၊ ချစ်ခြင်းမုန်းခြင်း မရှိကင်းသည့် ပဋ္ဌင်းဥက္ကဌ် ရဟန်းမြတ်ဟူ၍ ဆုံးဖြတ်ထင်ထင် သိမြင်ကြလေကုန်၏။ ၀ါ၊ ချစ်ခြင်းမုန်းခြင်း မရှိကင်းသည့် ရှင်ရင်းဥက္ကဌ် ဘုရားမြတ်ဟု ဆုံးဖြတ်ထင်ထင် သိမြင်ကြယေကုန်၏။

ဤသို့လျှင် သူတပါးနှင့်စပ်သော အသက်မွေးမှုရှိသည်၏အဖြစ် ပုထုဇဉ်လောက အနေအားဖြင့် ယုတ်ညံ့၍ ဆဲရေးကြောင်းဖြစ်သော အသက်မွေးမှု၏အဖြစ် သူတပါး၏ ပေးစာကမ်းစာကိုမှီ၍ အသက်ရှင်ရသော သူ၏အဖြစ် စသည်တို့ကိုပင် ရည်ရွယ်၍ "ပရပဋိဗဒ္ဓါမေ ဇီဝိကာ"ဟု မြတ်စွာဘုရား ဟောကြားတော်မူလေသည်။

ဤအရာ၌ "ဝရော ဝရညူ" အစရှိသော ပရိတ်ကြီးပါဠိတော်နှင့်အညီ တောင့်တအပ် မြတ်တော်မူသော မြတ်သောနိဗ္ဗာန်တရားကို သိတော်မူသော မြတ်သောချမ်းသာကို ပေးတော်မူတတ်သော မြတ်သောမဂ်တရားကို ဆောင်တော်မူတတ်သော မြတ်သောတရားကို ဟောတော်မူတတ်သော အတုမရှိ မြတ်တော်မူသော မြတ်စွာဘုရားသည် "ငါတို့သည် သူတပါး၏ ပေးစာကမ်းစာကိုမှီ၍ အသက်ရှင်ရသော ပေတနှင့်တူကုန်၏" စသည်ဖြင့် မိန့်ကြားတော်မူခြင်းသည် ကိုယ်တော်မြတ်၌ ရာဂ,ဒေါသ,မာန,မောဟ စသည်တို့ မရှိတော့သည်ကို သိစေတော်မူလိုသောကြောင့်၎င်း၊ သမဏဇီဝိကဟူသော ရဟန်းတို့၏အသက်မွေးမှုကို ဟုတ်တိုင်းမှန်ရာ မွေ့တာအဖြစ် ညွှန်ပြဟောကြားတော် မူလိုသောကြောင့်၎င်း၊ ပုဏ္ဏားအားလည်း သုံးပါးသော၀ဋ် ကျော်ကွင်းညွတ်မှ ချွတ်ချွတ်ကယ်တင်တော်မူသိုသောကြောင့်၎င်း၊ တပည့်လက်သား ရဟန်းများတို့ လိုက်စားပြုမှု အတုယူ၍ ပုံတူကျင့်ကြံစေတော်မူလိုသောကြောင့်၎င်း၊ မိန့်ကြားတော်မူခြင်းသာဖြစ်ပါသည်။

---

## ဘုရားနှင့်တူနိုင်သမျှ

"တပည့်လက်သား ရဟန်းများတို့ လိုက်စားပြုမှု အတုယူ၍ ပုံတူကျင့်ကြံတော်မူစေလိုသောကြောင့်၎င်း" ဟူသော ထိုစကားသည်မှန်၏ မြတ်စွာဘုရားသည် သီလအစရှိသည်တို့ဖြင့် တစုံတယောက်နှင့်မျှမတူ အတုလ

အပ္ပဋိပုဂ္ဂလ အသဒိသဖြစ်တော်မူသော်လည်း အစိန္တေယျ၊ အသာမာရဏ ဖြစ်သော ဂုဏ်တော် ကျေးဇူးတော်တို့မှတပါး ကြွင်းသော ကာယသမာ စာရ စသည်အားလုံးတို့ကို မြတ်စွာဘုရားနှင့် တူနိုင်သမျှတူစွာ လိုက်နာ ကျင့်ကြံရမည်မှာ သာဝကတို့၏ သဘောတံထွာ ဓမ္မတာသာဖြစ်တော့ သည်၊ ထိုသို့ ကာယသမာစာရ စသည်တို့ကို မြတ်စွာဘုရားနှင့် တူနိုင် သမျှ တူအောင် လိုက်နာကျင့်ကြံနိုင်သူသာလျှင် မြတ်စွာဘုရား၏ အနု ဇာတ သားတော်ဖြစ်နိုင်ပါသည်။

ထိုစကားကို ထင်ရှားသိသာအောင် အနည်းငယ်ချဲ့ထွင်၍ ရေးသား လိုပါသည်၊ လောက၌ အတိဇာတသား၊ အနုဇာတသား၊ အဝဇာတသား ဟူ၍ သားသုံးယောက်ရှိကြောင်းကို "ဣတိဝုတ်ပါဠိတော်"၌ ဟောတော် မူသော်လည်း သာသနာတော်၌ကား မြတ်စွာဘုရား၏ အဆုံးအမတော် အတိုင်း မြတ်စွာဘုရားသို့ အတုလိုက်၍ ကျင့်ကြံလေ့ရှိသော လဇ္ဇီပေသလ သိက္ခာကာမဖြစ်သော အနုဇာတသား တမျိုးထည်းသာ ရှိကြောင်းကို ၎င်း၊ အလဇ္ဇီဒုဿီလဟူသော မြတ်စွာဘုရား အဆုံးအမတော်အတိုင်း မြတ်စွာဘုရားသို့ အတုလိုက်၍ မကျင့်မကြံသော အဝဇာတသားသည် မြတ်စွာဘုရား၏ သားတော်ပင် မမည်ကြောင်းကို၎င်း၊ "မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ" သေသသုတ်အဖွင့်၌ အောက်ပါအတိုင်း မိန့်ဆိုလျက် ရှိလေသည်။

"အပိ စ အဝဇာတော အနုဇာတော အတိဇာတောတိ တယော ပုတ္တာ၊ တေသု အဝဇာတော ဒုဿီလော သော တထာ- ဂတဿ ပုတ္တောနာမ န ဟောတိ၊ အတိဇာတော နာမ ပိတရာ ဥတ္တရိတရော၊ တာဒိသောပိ တထာဂတဿ ပုတ္တော နတ္ထိ၊ တထာ- ဂတဿ ပန ဧကော အနုဇာတောဝ ပုတ္တော ဟောတိ တံ ဒဿေန္တော ဧဝမာဟ"။

အနက်— အပိစ၊ တနည်းသော်ကား။ ပုတ္တာ၊ သားတို့သည်။ အဝ- ဇာတော အနုဇာတော အတိဇာတောတိ၊ အဝဇာတသား၊ အနုဇာတသား၊ အတိဇာတသားဟူ၍။ တယော၊ သုံးယောက်တို့တည်း။ တေသု၊ ထိုသုံး ယောက်တို့တွင်။ ဒုဿီလော၊ သီလမဲ့သောရဟန်းသည်။ အဝဇာတော၊ အဝဇာတမည်၏။ သော၊ ထိုအဝဇာတဒုဿီလရဟန်းသည်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ပုတ္တောနာမ၊ သားမည်သည်။ န ဟောတိ၊ မဟုတ်။ ပိတရာ၊ အဘထက်။ ဥတ္တရိတရော၊ သီလသမာဓိ စသည်အားဖြင့်

လွန်မြတ်သောသားသည်။ အတိဇာတော နာမ၊ အတိဇာတသားမည်၏။ တာဒိသော၊ ထိုသို့သဘောရှိသော။ ပုတ္တောဝိ၊ သားသည်လည်း။ တထာဂတဿ၊ မြတ်စွာဘုရားအား။ နတ္ထိ၊ မရှိ။ ပန၊ အလျော်ကိုဆိုဦးအံ့။ ဧကော၊ တယောက်ထည်းသော။ ဝါ၊ တမျိုးထည်းသော။ အနုဇာတော၊ မြတ်စွာဘုရားသို့ အတုလိုက်၍ကျင့်ကြံသော အနုဇာတသားသည်သာလျှင်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ပုတ္တော၊ သားစစ်မည်သည်။ ဟောတိ၊ ဖြစ်၏၊ တံ။ ထိုအနုဇာတသားကို။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ အနုဇာတော တထာဂတန္တိ၊ အနုဇာတော တထာဂတံဟူ၍။ ဝေ၊ ဤသို့။ အာဟ၊ ဟောတော်မူလေသည်။

မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း ဆွမ်းခံလှည့်သည်တော်မူခြင်း၊ တောရဆောက်တည်ခြင်းစသော အရာဌာနတို့၌ နောင်သာနောက်သား တပည့်များတို့ လိုက်စားပြုမူ အတုယူ၍ ပုံတူကျင့်ကြံတော်မူစေလိုသော ကြောင့် နမူနာစံပြ သဘောအားဖြင့် ပြုကျင့်တော်မူရကြောင်းကို "အပဒါန် အဋ္ဌကထာ"၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူလေသည်။

"မယာဝိ ဒါနိ အယမေဝ တေသံ ဝံသော ပဂ္ဂဟေတဗ္ဗော အာယတိံ စ မမ သာဝကာ မမဥ္စေဝ အနုသိက္ခန္တာ ပိဏ္ဍစာရိက-ဝတ္တံ ပရိပူရေဿန္တီတိ ကောဋ္ဋိယံ နိဝိဋ္ဌဂေဟတော ပဋ္ဌာယ သပဒါနံ ပိဏ္ဍာယ စရိ"

**အနက်—** မယာဝိ၊ ငါသည်လည်း။ ဒါနိ၊ ယခုအခါ၌။ တေသံ၊ ထိုဘုရားရှင်တို့၏။ ဝံသော၊ အနွယ်ကို။ ပဂ္ဂဟေတဗ္ဗော၊ ချီးမြှောက် အပ်၏။ အာယတိံ စ၊ နောင်အခါ၌လည်း။ မမ သာဝကာ၊ ငါ၏တပည့်သားတို့သည်။ မမဉ္စေဝ၊ ငါ့ကိုသာလျှင်။ အနုသိက္ခန္တာ၊ အတုယူကျင့်ကြံ ကုန်သည်ဖြစ်၍။ ပိဏ္ဍစာရိကဝတ္တံ၊ ဆွမ်းခံဝတ်ကို။ ပရိပူရေဿန္တိ၊ ဖြည့်ကျင့်ကြကုန်လတ္တံ့၊ ဣတိ စိန္တေတွာ၊ ဤသို့ကြံ၍။ ကောဋ္ဋိယံ၊ အစွန်း၌။ နိဝိဋ္ဌဂေဟတော၊ ဝင်အပ်သောအိမ်မှ။ ပဋ္ဌာယ။ စ၍။ သပဒါနံ၊ အိမ်စဉ်အိမ်ခံတိုင်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိ၊ လှည့်လည်လေပြီ။

မူလပဏ္ဏာသပါဠိ ဘယဘေရဝသုတ်၌လည်း—

"ဒွေ ခေါ အဟံ ဗြာဟ္မဏ အတ္ထဝသေ သမ္ပဿမာနော အရည-ဝနပတ္ထာနိ ပန္တာနိ သေနာသနာနိ ပဋိသေဝါမိ အတ္တနော စ ဒိဋ္ဌဓမ္မသုခဝိဟာရံ သမ္ပဿမာနော ပစ္ဆိမဉ္စ ဇနတံ အနုကမ္ပ-မာနောတိ"။

အနက်— ဗြဟ္မဏ၊ ပုဏ္ဏား။ ခေါ၊ စင်စစ်။ အဟံ၊ ငါဘုရားသည်။ ဒွေ၊ နှစ်ပါးကုန်သော။ အတ္ထာသေ၊ အကြောင်းတို့ကို။ သမ္ပဿမာနော၊ ကောင်းစွာ ရှုမြင်တော်မူသည်ဖြစ်၍။ အရညဝနပတ္ထာနိ၊ အာရညကင်ရှုတင်ဆောင်ရာ မဟာဂနိုင် ပြဟာမြိုင်ဟု ဆိုအပ်ကုန်သော(“ဝနပတ္ထန္တိဝနသဏ္ဍာနမေဘံ သေနာသနံ” ဋ္ဌင်းအဋ္ဌကထာ။) ပန္တာနိ၊ ဆိတ်ငြိမ်ချမ်းအေးလူနှင့်အလွန်ဝေးကုန်သော။ (“ပန္တာနီတိ ပရိယန္တာနိ အတိဒူရာနိ” ဋ္ဌင်းအဋ္ဌကထာ။) သေနာသနာနိ၊ ကျောင်းအိပ်ရာနေရာတို့ကို။ ပဋိသေဝါမိ၊ မှီဝဲတော်မူ၏။ ကတမေ ဒွေ၊ အဘယ်နှစ်ပါးတို့နည်း ဟူမူကား။ အတ္တနော၊ မိမိ၏။ ဒိဋ္ဌဓမ္မသုခဝိဟာရံ၊ မျက်မှောက်ဖြစ်သော ကိုယ်၏ချမ်းသာစွာ နေရခြင်းကို။ သမ္ပဿမာနော၊ ကောင်းစွာရှုငဲ့တော်မူသည်ဖြစ်၍ဋ္ဌင်း။ ပစ္ဆိမံ၊ နောက်၌ဖြစ်သော။ ဇနတံ၊တပည့်လက်သား လူများအပေါင်းကို။အနုကမ္ပမာနော စ၊ ရှုငဲ့သောက်ထား အစဉ်သနားတော်မူသည်ဖြစ်၍ဋ္ဌင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးကုန်သော။ အတ္ထဝသေ၊ အကြောင်းတို့ကို။ သမ္ပဿမာနော၊ ကောင်းစွာ ရှုငဲ့တော်မူသည်ဖြစ်၍။ အရညဝနပတ္ထာနိ၊ အာရညကင် ရှုတင်ဆောင်ရာ မဟာဂနိုင် ပြဟာမြိုင်ဟု ဆိုအပ်ကုန်သော။ ပန္တာနိ၊ ဆိတ်ငြိမ်ချမ်းအေး လူနှင့်အလွန်ဝေးကုန်သော။ သေနာသနာနိ၊ ကျောင်းအိပ်ရာနေရာတို့ကို။ ပဋိသေဝါမိ၊ မှီဝဲတော်မူ၏။

ဤနေရာ၌“ပစ္ဆိမဥ္စ ဇနတံ အနုကမ္ပမာနောတိ”အစရှိသည်ဖြင့် ဖွင့်ပြတော်မူသော မူလပဏ္ဏာသအဋ္ဌကထာ ဘယဘေရဝသုတ်အဖွင့်ကို အမှီပြု၍။ မြတ်စွာဘုရားသည် နောင်လာနောက်သား တပည့်များတို့ လိုက်စားပြုမူ အတုယူ၍ ပုံဘူကျင့်စေတော်မူလိုသောကြောင့်၊ တောကျောင်း၌ ကိန်းအောင်းမွေ့လျော် ပျော်တော်မူရပုံကို အနည်းငယ်ဖော်ပြပါမည်။

သဒ္ဓါတရားဖြင့် ရဟန်းပြုကုန်သော အမျိုးကောင်းသား ရှင်ရဟန်းအများတို့သည်။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိရန်, သမုဒယသစ္စာကို ပယ်ရန်, မဂ္ဂသစ္စာကို ပွားများရန်,နိရောဓသစ္စာကို မျက်မှောက်ပြုရန် ပြုလုပ်ဘွယ်ကိစ္စမှ၍ အသုံးခံပြီး ခမြောက်တော်မူပြီးသော မြတ်စွာဘုရားသော်မှ အရိယဝံသ အရိယာတို့၏အနွယ်ကို စောင့်ရှောက်သောတရား၌ သိသောအားဖြင့် တောရကျောင်းဝယ် ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူရသေးလျှင် ပြုဘွယ်ကိစ္စများပြားလှသော သမဏများစွာ တို့သူငါကား အဘယ်မှာ ပြောဘွယ်ရှိပါအံ့နည်းဟု သတိသံဝေဂ ရယူကြလျက် ဝနပဏ္ဍာ ပြဟာမြိုင်စောင်း တောရကျောင်း၌ ကိန်းအောင်း နေထိုင်ကြကုန်

လိမ့်မည် ထိုသို့ တောရကျောင်း၌ ကိန်းအောင်းနေထိုင်ကာ တရားအား ထုတ် ကျင့်ကြံကြိုးကုတ်ခြင်းဖြင့် ဒုက္ခကင်းရာ ခေမာအမတံ ပြည်နိဗ္ဗာန်ကို အမြန်ရနိုင်ကြရာသည်ဟု ယုံကြည်ငဲ့မျှော် သနားတော်မူသဖြင့် ကိုယ် တော်တိုင် စံပြနမူနာယူကြဘို့ တောရဆောက်တည်တော်မူရလေသည်။

---

## အရှင်မဟာကဿပတို့ကို အတုယူ

ဤမျှသာမကသေး သမဏဇီဝိက ရဟန်းတို့၏ အသက်မွေးမှုနှင့် ပတ်သက်၍ အရှင်သုဒိန္န, အရှင်ရဋ္ဌပါလတို့သည် မိမိတို့၏ မိဘများအိမ်မှ စွန့်ပစ်ရန်ယူဆောင်လာသော ထမင်းသိုးများကိုပင်ခံယူကာ ဘုဥ်းပေး၍ရင်း အရှင်မဟာကဿပသည် ကုဋ္ဌရောဂါပြင်းစွာနှိပ်စက် သွေးဖက်ပြည်ခဲတရွဲရွဲ ယိုစီးနေသူ အနူဒါယကာတဦးက ဆွမ်းလောင်းလှူငဲ့ သပိတ်တွင်းသို့ ကျဆင်းသက်ရောက်သော သွေးဖက် ပြည်ဖက်များနှင့် ရောနှောသော ဆွမ်းတို့ကို မရွံမရှာ ဘုဥ်းပေးမှုတတော်မူ၍ရင်း, မြတ်စွာဘုရား ဝေရဥ္စာ ပုဏ္ဏားရွာ၌ ဝါဆိုတော်မူစဉ် မြတ်စွာဘုရားနှင့်တကွ ငါးရာကုန်သော ရဟန်းတို့သည် မိုးလပတ်လုံး မြင်းကုန်သည်တို့လှူဒါန်းအပ်သော ဂျုံမုယောကြမ်းကိုသာ ဆောင်းကြိတ်၍ အစိမ်းအတိုင်း ဘုဥ်းပေးတော်မူကြ၍ရင်း မိမိတို့၏ အာဇီဝ ပါရိသုဒ္ဓိသီလကို မပျက်မစီးစေဘဲ သန္တုဋ္ဌိ သလ္လေခ အကျင့်မြတ်တို့ဖြင့် ကောင်းမွန်ချမ်းသာစွာ နေထိုင်ကျင့်သုံးသီတင်းသုံး တော်မူကြသည်ကိုရင်း။ ကျင့်ထုံးအတုယူ၍ ပုံတူအားထုတ်သင့်ကြသည်သာ ဖြစ်ပါသည်၊ ထိုသို့ အရှင်မဟာကဿပ အစရှိကုန်သော သူတော်ကောင်း တို့၏ ထုံးဟောင်းတံထွာ နမူနာကို ဥပမာရှေ့ရှု ပုံတူတု၍ ပြုကျင့်ကြိုးကြံ ကြရမည်ကိုလည်း အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြား ဆုံးမတော်မူခဲ့လေသည်။

"ကဿပေန ဝါ ဟိ ဝေါ ဘိက္ခဝေ ဩဝဒိဿာမိ ယော ဝါ ပနဿ ကဿပ သဒိသော၊ ဩဝဒိတေဟိ စ ပန ဝေါ တထတ္တာယ ပဋိပဇ္ဇိတဗ္ဗံ။"

ကုလူပကသုတ် နိဒါနဝဂ္ဂသံယုတ် ၄၀၄ ။

**အနက်—** ဘိက္ခဝေ၊ ရဟန်းတို့။ ကဿပေန [illegible] လေးအာမိသ ပစ္စယ၌ သန္တောသဂုဏ် သုံးပါးစုံအောင် ကျင့်ပုံပြ[illegible]ဿပဖြင့်ရင်း။ ယော၊ အကြင်ရဟန်းသည်။ ကဿပ သဒိသော၊ [illegible]ာမိသ ပစ္စယ၌

သန္တောသဂုဏ် သုံးပါးစုံအောင် ကျင့်ပုံမြတ်လှ ကဿပနှင့် တကွနှိုးနှော တူမျှသောသဘောရှိသည်။ အဿ၊ ဖြစ်ရာ၏။ တေန ဝါ၊ လေးအာမိသ ပစ္စယ၌ သန္တောသဂုဏ်သုံးပါးစုံအောင် ကျင့်ပုံမြတ်လှ ကဿပနှင့် တူမျှ ဆင့်တန်း ထိုရဟန်းဖြင့်ငှင်း။ ဝေါ၊ သင်တို့ကို။ ဩဝဒိဿာမိ၊ ဆုံးမပေအံ့။ ပန၊ သင်တို့၏ တာဝန်ကိုဆိုဦးအံ့။ ဩဝဒိတေဟိ၊ ဆုံးမအပ်ကုန်သော။ တုမှေဟိ စ၊ သင်တို့သည်လည်း။ တထတ္တာယ၊ ထိုကဿပစသား ရဟန်းများနှင့် အလားတူစွာ ဖြစ်နိုင်စေခြင်းအကျိုးငှါ။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်ကြံအားထုတ်အပ်၏။

တထတ္တာယ တထာဘာဝါယ တုမှေဟိ ပဋိပဇ္ဇိတဗ္ဗန္တိ။
သံယုတ်အဋ္ဌကထာ။

စံထုံးနမူ အတုယူ၍ အတူကျင့်ကြံနိုင်ရန် အရှင်မဟာကဿပ၏ ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ပုံများကို "သန္တုဋ္ဌာယံ ဘိက္ခဝေ ကဿပေါ ဣတရီတရေန ပိဏ္ဍပါတေန" စသည်ဖြင့် ကဿပသံယုတ် သန္တုဋ္ဌသုတ်၌ မြတ်စွာဘုရား ဟောတော်မူအပ်သော ပါဠိတော်ကို မြန်မာဘာသာ ပြန်ဆို၍ ရေးသားဖော်ပြပါဦးမည်။

**သုံးဆောင်ခြင်း၌**— ရဟန်းတို့ ဤကဿပသည် အယုတ်အလတ် အမြတ်မရွေး ရတတ်သမျှသောဆွမ်းဖြင့် ရောင့်ရဲလွယ်၏၊ အယုတ်အလတ် အမြတ်မရွေး ရတတ်သမျှသောဆွမ်းဖြင့် ရောင့်ရဲလွယ်ခြင်း၏လည်း ဂုဏ်ကျေးဇူးကို ဆိုလေ့ရှိ၏၊ ဆွမ်းတည်းဟူသော အကြောင်းကြောင့်လည်း ရဟန်းတို့အား မလျောက်ပတ်သော အစေအပါးခံခြင်းစသည်အပြား ရှိသော မအပ်သော ရှာမှီးခြင်းသို့မရောက်၊ ဆွမ်းကိုမရခြင်းကြောင့်လည်း မတုန်မလှုပ်၊ ဆွမ်းကိုရ၍လည်း ကပ်ငြိခြင်းမရှိ၊ မတွေမဝေ၊ လောဘဖြင့် မမြေးယှက်၊ မလျောက်ပတ်သောရှာမှီးခြင်း, ကပ်ငြိသောသုံးဆောင်ခြင်း၌ အပြစ်ကိုရှုလေ့ရှိ၏၊ ဤရုပကာယ၏ တည်တန့်ခြင်း, မျှတခြင်းစသော အကျိုးကို ဆင်ခြင်သောပညာ ရှိသည်ဖြစ်၍ သုံးဆောင်၏။

ကြွင်းသောသင်္ကန်းစသည် ပစ္စည်းသုံးပါးကို သုံးဆောင်ခြင်း၌ ရောင့်ရဲလွယ်ပုံများကိုလည်း မြတ်စွာဘုရားဆက်လက်၍ ဟောတော်မူပါသေးသည် ဤဆွမ်းပစ္စည်း၌ ရောင့်ရဲပုံကိုနည်းမှီ၍ သိလောက်ပါပြီ။

**ဆွမ်းခံရာ၌**— အရှင်မဟာကဿပ၏ဆွမ်းခံရာ၌ မြင့်မြတ်ချမ်းသာစွာ စိတ်ထားပုံကိုလည်း စံထုံးနမူ အတုယူ၍ အတူကျင့်ကြံနိုင်ရန်—

"ကဿပေါ ဘိက္ခဝေ ဧဝံ စိတ္တော ကုလာနိ ဥပသင်္ကမတိ"
အစရှိသည့်ဖြင့် ကဿပသံယုတ် ကုလူပကသုတ်၌ မြတ်စွာဘုရား ဟောတော်မူသည့် ပါဠိတော်ကို အကျဉ်းအားဖြင့် မြန်မာပြန်ဆို၍ ရေးသားပေါ်ပြပါဦးမည်။

"အို...ရဟန်းတို့ ကဿပသည် ဤသို့စိတ်ရှိသည်ဖြစ်၍ ဒါယကာအိမ်တို့သို့(ဆွမ်းအလို့ငှာ)ချဉ်းကပ်၏၊ အဘယ်သို့စိတ်ရှိသနည်း ဟူမူကား "ငါ့အားမှုချလှူပါစေ မလှူဘဲမနေပါစေနှင့်။ များများလှူပါစေ နဲနဲမလှူပါစေနှင့်။ ကောင်းမြတ်သည်ကိုလှူပါစေ ညံ့ဖျင်းသည်ကိုမလှူပါစေနှင့်။ မြန်စွာလှူပါစေ ဖြေးနှေးစွာမလှူပါစေနှင့်။ ရိုသေစွာလှူပါစေ မရိုမသေမလှူပါစေနှင့်"ဟု လိုလားတောင့်တခြင်းသည် ဤလောကဝယ် သူတပါးအိမ်တို့၌ အဘယ်မှာဖြစ်နိုင် ရနိုင်ပါအံ့နည်း၊ မဖြစ်နိုင် မရနိုင်သည်သာလျှင်တည်း"ဟု စိတ်ထားရှိသည်ဖြစ်၍ ဒါယကာအိမ်တို့သို့ (ဆွမ်းအလို့ငှာ) ချဉ်းကပ်၏။

အို...ရဟန်းတို့ ဤသို့ စိတ်ရှိသည်ဖြစ်၍ ဒါယကာအိမ်တို့သို့ (ဆွမ်းအလို့ငှာ)ချဉ်းကပ်သော ကဿပအား ဒါယကာတို့သည် မှုချမလှူကြကုန်၊ အနည်းငယ်ကိုသာလျှင် လှူကြကုန်၏။ ကြမ်းတန်းညံ့ဖျင်းသည်ကိုသာ လှူကြကုန်၏၊ မလျင်မမြန်နှေးနှေးကန်ကန်သာ လှူကြကုန်၏၊ မရိုမသေသာ လှူကြကုန်၏၊ ထိုသို့ မှုချမလှူခြင်း,အနည်းငယ်ကိုသာလှူခြင်း, ကြမ်းတန်းညံ့ဖျင်းသည်ကိုသာလှူခြင်း, မလျင်မမြန်နှေးနှေးကန်ကန်လှူခြင်း, မရိုမသေလှူခြင်းဟူသော အကြောင်းသည် ကဿပကို မနှိပ်စက်နိုင် ကဿပသည် ထိုသို့မှုချမလှူခြင်း,များများမလှူခြင်းစသော အကြောင်းကြောင့် ဆင်းရဲခြင်း, နှလုံးမသာယာခြင်းကို မခံစားရ"

ဤသို့ ဆွမ်းခံရာ၌ လိုက်နာကျင့်သုံး နှလုံးသွင်းရန် နာလကသုတ်ပါဠိတော်ကိုလည်း ရေးထည့်ပါဦးအံ့။

၁။ အလတ္ထံ ယဒိဒံ သာဓု၊ နာလတ္ထံ ကုသလံ ဣတိ။
ဥဘယေနေဝ သော တာဒီ၊ ရုက္ခံဝ ဥပနိဝတ္တတိ။
၂။ သပတ္တပါဏိ ဝိစရန္တော၊ အမူဂေါ မူဂသမ္မတော။
အပ္ပံ ဒါနံ န ဟီဠေယျ၊ ဒါတာရံ နာဝဇာနိယာ။

သုတ္တနိပါတ်ပါဠိတော်။

၁။ အနက်— ပိဏ္ဍာသယ၊ ဆွမ်းအလို့ငှါ။ ပဝိဋ္ဌော၊ ဝင်သော။ ဝါ၊ အသွားအပြန် ပရိကံဟု နိယံဖွဲ့လန်း ကမ္မဋ္ဌာန်းကို စီးဖြန်းကာလျှင် ရွာသို့ဝင်သော။ သော မုနိ၊ ထိုရဟန်းသည်။ ဝါ၊ မောနေယျမြတ် ပဋိပတ်ကို ကျင့်တတ်ဆင်မြန်း ထိုရဟန်းသည်။ ယံ၊ နည်းများဆိုးကောင်း သောင်းပြောင်းရောစု အကြင်ဝတ္ထုကို။ အလတ္ထံ၊ ကိုယ်ကခံတောင်း သူက လောင်း၍ အကြောင်းစုံညီ ငါရပြီ။ ဣဒံ၊ သဒ္ဒါဗလဝ ပသာဒဖြင့် ဒါန သူပြု ဤငါရသော အလှူဝတ္ထုသည်။ သာဓု၊ ရသမျှနှင့် မျှတသင့်၍ အခွင့် လှလှ ကောင်းပေစွ။ ဣတိစိန္တေတွာ၊ ဤသို့စေ့စေ့ ကြံအောက်မေ့၍ငင်း။ ကိဉ္စိ၊ ကန်တော့ဆွမ်းက စသည်ဝတ္ထု တခုခုကို။ နာလတ္ထံ၊ သူကမလောင်း ငါခံတောင်းလည်း အကြောင်းမညီမရပြီ။ ဣဒမ္ပိ၊ ဤသို့ပျက်ယွင်း မရခြင်း သည်လည်း။ ကုသလံ၊ စေတနာနှင့် ဒေယျာဝတ္ထု ကြောင်းနှစ်ခုကို ပေါင်းစုစုံဘိ မဆုံမိ၍ မရှိပြစ်တင် ကောင်းသည်ပင်။ ဣတိစိန္တေတွာ၊ ဤသို့ စေ့စေ့ ကြံအောက်မေ့၍ငင်း။ ဥဘယေနေဝ၊ လာဘာလာဘ ရ,မရဟု ဒွယပေါင်းစု အကြောင်းနှစ်ခုကြောင့်ပင်လျှင်။ တာဒီ၊ လောဘ ဒေါသ သဘောခွလျက် ကောဓပြစ်ယူ မချစ်မုန်း လျစ်လျူသော သဘောရှိသည် ဖြစ်၍။ ဖလဂဝေသီ၊ သစ်သီးကြီးငယ် ဆွတ်ရန်ရှယ်သည့် တောလယ် သမား လူယောကျ်ားသည်။ ရုက္ခံ၊ သစ်ပင်သို့။ ဥပဂမ္မ၊ အသီးလိုရင်း ကပ်ကာချဉ်း၍။ နိဝတ္တတိဣဝ၊ ငယ်ကြီးစိမ်းဝါ သီးဖလာကို ရပါလည်း ကောင်း မရကောင်းဟု၊ အကြောင်းနှစ်ဝ ရ,မရကြောင့်၊ စိတ်ကချောက်ချား၊ မဖေါက်ပြားဘဲ ပြန်သွားဖဲခွါဘိသကဲ့သို့။ ဧဝံ တထာ၊ ဤနည်း ထားယူ အလားတူသာလျှင်။ သော မုနိ၊ ထိုရဟန်းသည်။ နိဝတ္တေယျ၊ ပိဏ္ဍပါတံ အာဟာရံကို ရပြန်လည်းကောင်း မရကောင်းဟု အကြောင်း နှစ်ဝ ရ,မရကြောင့် စိတ်ကချောက်ချား မဖေါက်ပြားဘဲ ကြွသွား ဖဲခွါရာသတည်း။

၂။ ပတ္တပါဏိ၊ သပိတ်ရင်၌ လက်ဖြင့်ပိုက်သော။ ဝိစရန္တော၊ ဆွမ်းအလို့ငှါ လှည့်လည်ပါသော။ သ,သောမုနိ၊ ထိုရဟန်းသည်။ ဝါ၊ မောနေယျမြတ် ပဋိပတ်ကို ကျင့်တတ်ဆင်မြန်း ထိုရဟန်းသည်။ အမူဂေါ၊ စကားခွန်းဟ မဆွံ့အသည်။ သမာနောပိ၊ ဖြစ်ပါလျက်လည်း။ မူဂသမ္မတော၊ နှုတ်ကထို၍ ဆိုမည်ဝါကြွား လျှာကစားလျက်၊ စကား ရောနှော မဟောပြောသဖြင့် အသောထင်မှတ် တင်စားအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ အပ္ပံ၊ တလုပ်တဆုပ် သေးနုတ်ငယ်မွှား အလွန်နည်း ပါးသော။ ဒါနံ၊ လှူဘွယ်ဝတ္ထု တခုခုကို။ န ဟီဠေယျ၊ မသက်မသာ

ရှက်စရာဟု မျက်နှာငုံ့လှဲ့ ရှုံ့ကာမဲ့၍ ကဲ့ရဲ့ပဿာ မပြုရာ။ ဒါတာရံ၊ သဒ္ဓါမွေးကြ၍ ဖွေးဖွေးဖြူ၍ ပေးလှူတတ်စွာ ဒါယကာကို။ နာဝဇာနိယာ၊ အရေးမထား အသေးအမွှားဟု လေးစားမဲ့စွာ မပြုရာ။

ဤအမှတ် (၂) နာလကသုတ်၌ "အပ္ပံ ဒါနံ န ဟီဠေယျ ဒါတာရံ နာဝဇာနိယာ" ဟူသော အပရနအရ အလှူဝတ္ထုနှင့် အလှူ့ဒါယကာကို ကဲ့ရဲ့ပုံ အခြင်းအရာကိုလည်း အောက်ပါ "နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ ပုတ္တမံသူပမသုတ်" အဖွင့်ဖြင့် သိသာရန် ဖော်ပြပါဦးမည်။

"ဝေမေဝ ပိဏ္ဍပါတံ လဘိတွာ ကိံ ဣမိနာ အသာ ဂေါဏ-ဘတ္တသဒိသေန လူခေန နိရသေန သုဝါနဒေါဏိယံ တံ ပက္ခိ-ပထာတိ ဝေံ ပိဏ္ဍပါတံ ဝါ ကော ဣမံ ဘုဥ္ဇိဿတိ ကာကသုနခါ-ဒီနံ ဒေဟိတိ ဝေံ ဒါယကံ ဝါ အဟီဠေန္တေန။

**သပတ္တပါဏိ ဝိစရန္တော၊ အမူဂေါ မူဂသမ္မတော။**
**အပ္ပံ ဒါနံ နဟီဠေယျ၊ ဒါတာရံ နာဝဇာနိယာတိ။**

ဣမံ ဩဝါဒံ အနုဿရန္တေန ပရိဘုဥ္ဇိတဗ္ဗော။

**အနက်—** ဝေမေဝ၊ ဤသို့မိမိချစ်ငြား သား၏အသားကို စားသည့် ပမာ အတူသာလျှင်။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ လဘိတွာ၊ ရသည်ရှိသော်။ အသာ ဂေါဏဘတ္တသဒိသေန၊ မြင်း,နွားတို့၏ အစာနှင့်တူသော။ လူခေန၊ ယုတ်ညံ့ကြမ်းတန်းသော။ နိရသေန၊ အရသာမရှိသော။ ဣမိနာ၊ ဤဘောဇဉ်ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဝါ၊ ဘာလုပ်စရာလဲ။ တံ၊ ထိုဘောဇဉ်ကို။ သုဝါနဒေါဏိယံ၊ ခွေးစားခွက်၌။ ပက္ခိပထ၊ ထည့်လိုက်ကြကုန်လော။ ဣတိဝေံ၊ ဤသို့။ ပိဏ္ဍပါတံ ဝါ၊ ဆွမ်းကို သော်၎င်း။ ကော၊ အဘယ်သူသည်။ ဣမံ၊ ဤဆွမ်းကို။ ဘုဥ္ဇိဿတိ၊ စားလတံ့နည်း။ ကာကသုနခါဒီနံ၊ ကျီး,ခွေးစသည်တို့အား။ ဒေဟိ၊ ပေးလိုက်ပါလော။ ဣတိဝေံ၊ ဤသို့။ ဒါယကံ ဝါ၊ ဒါယကာကိုသော်၎င်း။ အဟီဠေန္တေန၊ မကဲ့ရဲ့ဘဲ။ "သပတ္တပါဏိ ဝိစရန္တော၊ အမူဂေါ မူဂသမ္မတော။ အပ္ပံ ဒါနံ နဟီဠေယျ၊ ဒါတာရံ နာဝဇာနိယာ" တိဣမံ ဩဝါဒံ၊ သပတ္တပါဏိ ဝိစရန္တော။လ။ ဒါတာရံ နာဝဇာနိယာဟူသော ဤဘုရားအဆုံးအမတော်ကို။ အနုဿရန္တေန၊ အောက်မေ့သဖြင့်။ ပရိဘုဥ္ဇိတဗ္ဗော၊ မှီဝဲသုံးဆောင်အပ်၏။

## ဂျုံစိမ်းဖြင့်သာ မျှတရှာ

မြတ်စွာဘုရား ဝေရဉ္ဇာပုဏ္ဏားရွာ၌ ဝါဆိုတော်မူစဉ် မိုးခေါင်ရေရှား စပါးကောက်ပဲတို့ ပျက်စီးကြသဖြင့် ဒုဗ္ဘိက္ခဘေးကြီးသင့်၍ ဆွမ်းမရသောကြောင့် ငါးရာကုန်သော ရဟန်းတို့သည် မိုးလပတ်လုံး မြင်းကုန်သည်တို့ လှူဒါန်းအပ်သော တကွမ်းစားစိမျှသော၊ ဂျုံမှုယောကြမ်းကိုသာ ဆုံ့ကျောက်ပြင်တို့ဖြင့် ထောင်းကြိတ်ကာ အစိမ်းအတိုင်း ဘုဉ်းပေးမျှတကြရကုန်၍ မိမိတို့၏ သမ္မာအာဇီဝ မြင့်မြတ်သောသီလကို မပျက်မစီးစေဘဲ ကောင်းမွန်စွာ ကျင့်သုံးနေထိုင်တော်မူကြသည်ကိုလည်း အောက်ပါအတိုင်း မြတ်စွာဘုရားက ချီးမွမ်းတော်မူခဲ့လေသည်။

သာဓုသာဓု အာနန္ဒ တုမှေဟိ အာနန္ဒ သပ္ပုရိသေဟိ ဝိဇိတံ ပစ္ဆိမာ ဇနတာ သာလိမံသောဒနံ အတိမညိဿတိ။

**ပါရာဇိကဏ် ပါဠိတော်။**

အနက်— အာနန္ဒ၊ အာနန္ဒာ။ သာဓုသာဓု၊ ကောင်းပေစွ ကောင်းပေစွ၊ အာနန္ဒ၊ အာနန္ဒာ။ သပ္ပုရိသေဟိ၊ သူတော်ကောင်းဖြစ်ကုန်သော။ တုမှေဟိ၊ သင်တို့သည်။ ဝိဇိတံ၊ အောင်အပ်ပြီ။ ပစ္ဆိမာ၊ နောက်၌ဖြစ်လတ့ံသော။ဇနတာ၊ ရဟန်းအပေါင်းသည်။သာလိမံသောဒနံ၊ သလေးသားပွဲမ်း ဒန်ပေါက်ဆွမ်းကို။ အတိမညိဿတိ၊ မထီမဲ့မြင် အောက်မေ့လတ့ံ။

၎င်းပါဠိတော်၌ မြတ်စွာဘုရားသည်"တုမှေဟိ အာနန္ဒ သပ္ပုရိသေဟိ ဝိဇိတံ။ ချစ်သားအာနန္ဒာ သူတော်ကောင်းဖြစ်ကုန်သော သင်တို့သည် အောင်အပ်ပြီ"ဟူ၍ ဟောတော်မူရာ အောင်အပ်သော "ဝိဇိတဗ္ဗဝတ္ထု" တို့ကိုလည်း "ကိံ ဝိဇိတန္တိ ဒုဗ္ဘိက္ခံ ဝိဇိတံ လောဘော ဝိဇိတော ဣစ္ဆာ-စာရော ဝိဇိတော"အစရှိသည်ဖြင့် အဋ္ဌကထာဆရာ သရုပ်ထုတ်၍ ဖွင့်ပြတော်မူပါသည်။ ထိုအဋ္ဌကထာပါဌ်ကိုပင် အမှီပြု၍ အဋ္ဌကထာနရုပ အဓိပ္ပါယ်သဘောကို အနည်းငယ် ဖေါ်ပြပါဦးမည်။

ဒုဗ္ဘိက္ခကို အောင်နိုင်တော်မူကြပုံမှာ"၎င်းဝေရဉ္ဇာပြည်ကား မိုးခေါင်ရေရှား စပါးကောက်ပဲတို့ ပျက်စီးကုန်သဖြင့် ဝတ်မွတ်ခေါင်းပါး ဆွမ်းဘောဇဉ်အလွန်ရှား၏ ထက်ဝန်းကျင်အနီးအနား ရွာနိဂုံးအများတို့

မှာကား စပါးကောက်မျိုး ကြွယ်ဝပေါများလှသဖြင့် အစာရိက္ခာပေါ၍ ဆွမ်းခံရလွယ်ကုန်၏၊ ထိုသို့ဖြစ်ပါလျက် မြတ်စွာဘုရားသည် ဘုန်းအာဏာတို့ဖြင့် ငါတို့အား အနိုင်အထက်ပြုကာ နှိပ်ကွပ်၍ ဤဝေရဉ္စာပြည်၌သာလျှင် ဝါဆိုတော်မူ၏”ဟု တစုံတယောက်သောရဟန်းအားသော်လည်း တောင်တောင်ဤဤ ကြံစည်တွေးတောခြင်း ကိုယ်စိတ်ညှိုးနွမ်း၍ ပင်ပန်းခြင်းသည် မရှိ၊ ဤသို့ ဘောင်တောင်ဤဤ ကြံစည်တွေးတော ဆွေးမောပင်ပန်းမှုမရှိခြင်းဖြင့် ငတ်မွတ်ခြင်းတည်းဟူသော ဒုက္ခဘေးကို အောင်အပ်လေပြီ လွှမ်းမိုးအပ်လေပြီ၊ မိမိ၏ ကောင်းမြတ်သော ယောနိသောမနသိကာရ သမ္မာဆန္ဒဟူသောအလို၌ ဖြစ်စေပြီ။

ပစ္စည်းလေးပါး၌ လျှပ်ပေါ်လော်လည်မှုဟုဆိုအပ်သော လောဘကို အောင်နိုင်ကြပုံမှာ “ဤဝေရဉ္စာပြည်ကား မိုးခေါင်ရေရှား စပါးကောက်ဝဲတို့ ပျက်စီးကုန်သဖြင့် ငတ်မွတ်ခေါင်းပါး ဆွမ်းဘောဇဉ်အလှူရှား၏၊ ထက်ဝန်းကျင်အနီးအနား ရွာနိဂုံးအများတို့မှာကား စပါးကောက်မျိုးတို့ ကြွယ်ဝပေါများလှသဖြင့် အစာရိက္ခာပေါ၍ ဆွမ်းခံရလွယ်ကုန်၏၊ ငါတို့သည် ထိုထိုပတ်ဝန်းကျင်အနီးအနား၌ ဖြစ်ကုန်သော ရွာနိဂုံးများသို့သွား၍ စားသောက်ကြပါကုန်အံ့”ဟု လောဘ၏အစွမ်းအားဖြင့် တစုံတယောက်သော ရဟန်းသည်သော်မှလည်း ညဉ့်ကျိုးခြင်း ဝါကျိုးခြင်းစသည်ကို မပြု၊ ဤသို့လျှင် လောဘ၏အလိုသို့မလိုက်၊ ကြိုကြိုက်ထိုက်သင့်သမျှနှင့်ပင် သင့်တင့်စွာနှလုံးသွင်း၍ သီတင်းသုံးနေထိုင်တော်မူနိုင်ကြသဖြင့် ပစ္စည်းလေးပါး၌ လိုက်စားလော်လည် မတည်ကြည်မှု လောဘကို အောင်အပ်ပေပြီ။

---

## ဇိဃစ္ဆာစာရကို အောင်နိုင်ကြပုံမှာ

ဤဝေရဉ္စာပြည်ကား အစာခေါင်းပါးဆွမ်းကွမ်းရှား၏၊ ဤဝေရဉ္စာပြည်သူပြည်သား လူအများတို့သည်လည်း ငါတို့သည် နှစ်လ,သုံးလ နေပြီးကြကုန်သော်လည်း ငါတို့၏ဂုဏ်ကျေးဇူး၌ တစုံတခုကိုမျှ မသိမြင် မအောက်မေ့ကြကုန်၊ ငါတို့သည် မိမိတို့၏ ဂုဏ်ကျေးဇူးကို ထင်ရှားပြသည်၏ အစွမ်းအားဖြင့် ကျေးဇူးကုန်သွယ်မှုကို ပြုကုန်၍ ဤမည်သော ရဟန်းသည် ပဋ္ဌမဈာန်စသည်ကိုရ၏၊ ဤမည်သော ရဟန်းသည် အဘိညာဉ်ခြောက်ပါးကိုရ၏၊ ဤသို့ စသည်ဖြင့် ဝေရဉ္စာပြည်သူပြည်သား လူအများတို့အား အချင်းချင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုထင်ရှားစေကုန်၍ ဝမ်းကို

လုပ်ကျွေးပြီးမှ နောက်ကာလ၌ ညှိုးနွမ်းပျက်စီးပြီးသော အာဇီဝပါရိသုဒ္ဓိသီလကို နောက်မှတဖန် ပြန်လည်ကာကြိုးစား၍ တိုပွားစင်ကြယ်အောင် ဆောက်တည်ကုန်အံ့”ဟု တစုံတယောက်သော ရဟန်းသည်သော်မှလည်း ဤသို့ယုတ်မာသော သဘောရှိသော အလိုလောဘ ဇုဋ္ဌာစာရကို မဖြစ်စေခဲ့၊ ဤသို့မဖြစ်စေခြင်းဖြင့် ယုတ်မာသော အလိုလောဘဇုဋ္ဌာစာရကို မုချမသွေ အောင်အပ်ပေပြီ ယုတ်မာသောအလိုလောဘ ဇုဋ္ဌာစာရကို မုချမသွေ လွှမ်းမိုးအပ်ပေပြီ၊ ယုတ်မာသော အလိုလောဘ ဇုဋ္ဌာစာရကို မိမိ၏သမ္မာစာရ ကောင်းမြတ်သောအာဇီဝ၌ မုချမသွေဖြစ်စေလေပြီ။

## သာသနာ့လောက ရှုထောင့်

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း သူတပါးနှင့်စပ်သော အသက်မွေးမှုဟုဆိုအပ်သော ပိဏ္ဍိယာလောပဘောဇဉ်သည် လောကတခွင်ပုထုဇဉ်တို့၏ အမြင်ရှုထောင့်အားဖြင့် အလွန်ဆင်းရဲနုံချာ ယုတ်မာမကောင်းခဲခရေးကြောင်းပင် ဖြစ်သော်လည်း အရိယာလောကဟု ဆိုအပ်သော သူတော်ကောင်းတို့၏ အမြင်ရှုထောင့်အားဖြင့်ကား “ပိဏ္ဍိယာလောပဘောဇနံ နိဿာယ”စသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်နှင့်အညီ မှီရာနိဿယအား လျော်ကပ်သော အကျင့်ဖြစ်ခြင်း နှစ်ခုမြောက်အရိယာဝံသ တရား၌တည်ခြင်း “ပိဏ္ဍိယာလောပေါ ဘိက္ခဝေ ဘောဇနာနံ အပ္ပဉ္စ သုလဘဉ္စ တဉ္စ အနဝဇ္ဇံ”ရဟန်းတို့ သလုံးမြင်းခေါင်းကို ရင်းနှီး၍ ရအပ်သောဆွမ်းသည် ဘောဇဉ်အပေါင်းတို့တွင် ဝါ ဘောဇဉ်အပေါင်းတို့ထက်အဘိုး ပမာဏအားဖြင့် နည်းလည်းနည်း၏ ရလည်းရလွယ်၏ အပြစ်လည်းကင်း၏” ဟူ၍ ချီးမွမ်းတော်မူအပ်ခြင်း စင်ကြယ်သော အသက်မွေးမှုဖြစ်ခြင်း သူတပါးတို့က မလုပ်ကျွေး မမွေးမြူရခြင်း ဆွမ်းဒါယကာတို့အား ချီးမြှောက်ခြင်း မာနကိုပယ်ခြင်း ရသာတဏှာကို တားမြစ်ခြင်း အလိုနည်းသည်၏အဖြစ် စသည်တို့အား လျော်သော အသက်မွေးမှုရှိခြင်း နောင်လာနောက်သား ရဟန်းများတို့ လိုက်စားပြုမူ အတုယူ၍ ပုံတူကျင့်ကြံနိုင်ရန် ဖြစ်ခြင်းစသော ဂုဏ်ကျေးဇူးများကြောင့် အလွန်မြင့်မြတ်၍ လိုက်နာကျင့်သုံးအပ်သော ဂဂ်ါဝါဠု သဲစုတမျှ ပွင့်ကုန်ကြသော ဗုဒ္ဓမြတ်စွာ စောထွဋ်ချာတို့၏ မဟာဝံသ ဇီဝအာယု အသက်မွေးမှုပင်ဖြစ်တော့သည်။

ထိုမျှမကသေး ဆွမ်းခံစားခြင်းဖြင့် အသက်မွေးမှုပြုသော ရဟန်းသည် သိကြား ဗြဟ္မာ နတ်ဒေဝါတို့ သဒ္ဓါပိုမို ကြည်ညိုရှိခိုး ချစ်မြတ်နိုး အပ်သော အသက်မွေးမှုရှိသူ ဖြစ်ကြောင်းကိုလည်း ဥဒါန်းပါဠိတော်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

ပိဏ္ဍပါတိကဿ ဘိက္ခုနော အတ္တဘရဿ အနညပေါသိနော၊
ဒေဝါပိဟယန္တိ တာဒိနော နော စေ သဒ္ဒသိလောကနိဿိတော။

အနက်— သဒ္ဒသိလောကနိဿိတော၊ များစွာပြိုးပြွမ်း လူရဟန်းတို့ ချီးမွမ်းပြောသံ ထောမနံကို မျှော်ကြီးရှေးရှု အမှီပြုသည်။ နော စေ အဿ၊ အကယ်၍ မဖြစ်ငြားအံ့။ ဝါ၊ ဤသို့ မဖြစ်သည်ရှိသော်။ အတ္တဘရဿ၊ မိမိကိုယ်ကို မိမိမွေးမြူရသော။ အနညပေါသိနော၊ သူတပါးကို မမွေးမြူရသော။ တာဒိနော၊ လာဘာလာဘ စသည်ရှစ်တန် လောကဓံကြောင့် ဘောက်ပြန်ကင်းဘိ တည်ကြည်သော သဘောရှိသော။ ပိဏ္ဍပါတိကဿ၊ ပိဏ္ဍပါတ်ဟူတင် ဖြူစင်သီတင်း ဆွမ်းခံခြင်းဖြင့် မှီဘင်းနေဘိ အသက်မွေးမှုရှိသော၊ ဘိက္ခုနော၊ ရဟန်းကို။ (တံ ဥပယောဂတ္ထေ ဒဋ္ဌဗ္ဗံ၊ ရင်းအဋ္ဌကထာ) ဒေဝါ၊ သိကြားဗြဟ္မာ နတ်တကာတို့သည်။ ပိဟယန္တိ၊ သဒ္ဓါခွာတ်မျိုး ထပ်ကာတိုး၍ မြတ်နိုးချစ်ခင်ကြလေကုန်၏။

---

## မာတလိနှင့် သိကြား

"ဒေဝါပိဟယန္တိ"ဟု မြတ်စွာဘုရား ဟောကြားအပ်သည်နှင့်အညီ ရဟန်းသံဃာတော်တို့၏ ကုလဒူသက အနေသနစသည်ကိုရင်း။ ဆန်စပါး စသော စားသောက်ဘွယ်ပစ္စည်းတို့ကို သိမ်းဆည်းသိုလှောင်မှုဟူသော အာမိသသန္နိဓိကိုရင်း၊ မပြုမလုပ်ကြဘဲ သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ ရအပ်သော ဆွမ်းအာမိသဖြင့်သာလျှင် မျှတရောင့်ရဲသော သမဏဇီဝိကကို သိကြား ဗြဟ္မာ နတ်ဒေဝါတို့ လွန်စွာရိသေ မြတ်နိုးကြသည်ကိုလည်း မာတလိနှင့် သိကြားမင်းတို့၏ အောက်ပါအမေးအဖြေဖြင့်လည်း သိသာအပ်ပါသည်။

ဇင်းအမေးအဖြေ၏ အတ္ထုပ္ပတ္တိနိဒါန်းမှာ—

တရံရောအခါ၌ တာဝတိံသာ နတ်ရွာစိုးနင်း သိကြားမင်းသည် နတ်မြင်းတထောင်က‌ေသော ရထားဖြင့် နန္ဒဝန်ဉယျာဉ်သို့ ဉယျာဉ်ရှုစား ပျော်ပါးမွေ့လျော်ရန် ထွက်တော်မူခါနီးတွင် လူ့ပြည်သို့ လက်အုပ်ချီ

ဦးညွတ်၍ ရဟန်းသံဃာတော်တို့အား ကော်ရော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ခြင်းကိုပြုလေသည်။ ထိုအခါ မာတလိနတ်သားက အရှင်သိကြားမင်း အပုတ်အသိုးမျိုးဖြစ်သော အောက်ဘုံလူသား၊ ရဟန်းများက သာလျှင် အထက်ဘုံနတ်သား အရှင်သိကြားမင်းကို လေးစားကော်ရော် ရှိခိုးအပ်သည်သာမဟုတ်ပါလော၊ အသင်သိကြားမင်းသည် အပုတ်အသိုး ရဟန်းမျိုးတို့၏ ကတိုးစမ္ပါ မကသာအောင် ဂန္ဓာပျံ့လေး အဘယ်မည်သော အကျင့်အာစာရဟူသော ရနံ့မွှေးကို မျှော်တွေးကြည်ညို၍ ဤလိုမြတ်နိုး ယက်စုံမိုး၍ ရှိခိုးချစ်ခင်ပါသနည်း—ဟု မေးလျှောက်လေသည်။

ထိုအခါ သိကြားမင်းက ကြည်ညိုရင်းသိလ ရဟန်းတို့အာစာရကို မြွက်ဟကာ ဖြေကြားပြောဆိုသည့် ယင်းစကားကြောင့် အောက်ပါ ဂါထာများ ဖြစ်ပေါ်လာသတည်း။

၁။ တံ ဟိ ဧတေ နမဿေယျုံ၊ ပုတိဒေဟသယာ နရာ။
နိမုဂ္ဂါ ကုဏပမှေတေ၊ ခုပ္ပိပါသသမပ္ပိတာ။ ။

၂။ ကိံ နု ဧတေသံ ပိဟယသိ၊ အနာဂါရာန ဝါသဝ။
အာစာရံ ဣသိနံ ဗြူဟိ၊ တံ သုဏောမ ဝစော တဝ။ ။

၃။ ဧတံ ဧတေသံ ပိဟယာမိ၊ အနာဂါရာန မာတလိ။
ယမှာ ဂါမာ ပက္ကမန္တိ၊ အနပေက္ခာ ဝဇန္တိ တေ။ ။

၄။ န ဧတေသံ ကောဋ္ဌေ ဩပေန္တိ၊ န ကုမ္ဘိ န ကဋ္ဌောပိယံ။
ပရနိဋ္ဌိတမေသနာ၊ တေန ယာပေန္တိ သုဗ္ဗတာ။ ။

သက္ကသံယုတ် ပါဠိတော်။

၁။ အနက်— သက္က၊ သိကြားမင်း။ ဧတေ၊ နတ်ဘုံအောက်က လူ့ဌာနဟု လူကမွေးဖွား လူ့သွေးသားမို့ လူသားရုပ်ကောင် လွန်ပုတ်ဟောင်သည့် ဝါရောင်ခြုံလွှမ်း ထိုရဟန်းတို့သည်။ တံ ဟိ၊ မပုတ်မသိုး နတ်နွယ်မျိုးမို့ တန်ခိုးထန်ပြင်း သင်သိကြားမင်းကိုသာလျှင်။ နမဿေယျုံ၊ သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးခိုက်ကြကုန်ရာ၏။ ဧတေ နရာ၊ နတ်ဘုံအောက်က လူ့ဌာနဟု လူကမွေးဖွား လူ့သွေးသားမို့ လူသားရုပ်ကောင် လွန်ပုတ်ဟောင်သည့် ဝါရောင်ခြုံလွှမ်း ထိုရဟန်းတို့သည်။ ပုတိဒေဟသယာ၊ နံညှီပုတ်ဟောင် ရုပ်ကိုယ်ကောင်ကို မရှောင်မကွာ ဆောင်ရခြင်းကြောင့် ဖြန့်ခင်းအိပ်နေရကုန်၏။ ကုဏပမှိ၊ သလိပ်

သွေးပြည် ကျင်နှစ်လီဖြင့် နံညှီထောင်းထောင်း မိဝမ်းခေါင်း၌။ နိမုဋ္ဌ၊ ရှည်ကြာစွာဘိ သယ်လသိအောင် ဇာတိသန္ဓေ တည်နေရရိုး အပုတ်မျိုးမို့ ငုတ်လျှိုးမွန်းနစ်ကြလေကုန်၏။ ခုပ္ပိပါသသမပ္ပိတာ၊ ဆာလောင်လွန်မင်း မွတ်သိပ်ခြင်းဖြင့် မကောင်းပြည့်စုံ နှိပ်စက်အပ်ကုန်၏။

၂။ ဝါသဝ၊သိကြားမင်း။ တွံ၊သင်သည်။ တေသံ အနာဂါရာနံ၊ လူ့ဘောင်ကထွက် လူဖြစ်လျက်နှင့် ရမက်ခွါရှောင် အိမ်မထောင်သည့် ဝါရောင်ခြုံလွှမ်း ထိုရဟန်းတို့၏။ ကိံ နု၊ အဘယ်မည်သား အကျင့်တရားကို။ ပိဟယသိ၊ သဒ္ဒါဓာတ်မျိုး ထပ်ကာတိုး၍ မြတ်နိုးချစ်ခင်အပ်ပါသနည်း။ ဧသိနံ၊ လူ့ဘောင်ကထွက် လူဖြစ်လျက်နှင့် ရမက်ခွါရှောင် အိမ်မထောင်သည့် ဝါရောင်ခြုံလွှမ်း ရှင်ရဟန်းတို့၏။ အာစာရံ၊ အကျင့်သီလ အာစာရကို။ ဗြူဟိ၊ သုတဖြစ်ပွား သိမှတ်သားရအောင် ပြောကြားမြွက်ဆိုပါဦးလော့။ မယံ၊ အကျွန်ုပ်တို့သည်။ တဝ၊ သင်သိကြားမင်း၏။ တံ ဝစော၊ ရဟန်းကိုယ်ကျင့် ကြည်ညိုသင့်ကြောင်း တဆင့်ဟောကြားထိုစကားကို။ သုဏောမ၊ ရှိသေလေးစား အမြတ်အားဖြင့် မှတ်သားနာခံကြပါကုန်အံ့။

၃။ မာတလိ၊ ငါ၏ထံပါး မြဲခစားသည့် နတ်သားဘုန်းရှိ မာတလိ။ အဟံ၊ ငါသည်။ တေသံ အနာဂါရာနံ၊ လူ့ဘောင်ကထွက် လူဖြစ်လျက်နှင့် ရမက်ခွါရှောင် အိမ်မထောင်သည့် ဝါရောင်ခြုံလွှမ်း ထိုရဟန်းတို့၏။ တေံ အာစာရံ၊ သင်ကသိလို ငါဖြေဆိုမည့် ကြည်ညိုထိုက်စွ ထိုသီလကို။ ပိဟယာမိ၊ သဒ္ဒါဓာတ်မျိုး ထပ်ကာတိုး၍ မြတ်နိုးချစ်ခင်လှပါပေ၏။ တေ၊ လူ့ဘောင်ကထွက် လူဖြစ်လျက်နှင့် ရမက်ခွါရှောင် အိမ်မထောင်သည့် ဝါရောင်ခြုံလွှမ်း ထိုရဟန်းတို့သည်။ ယမှာ ဂါမာ၊ ဇနီးမယား သမီးသားနှင့် စီးပွားဥစ္စာ ကိလေသာမြူ လွန်ပြောထူသည့် လူတို့နေရာ အကြင်ရွာမှ။ ပက္ကမန္တိ၊ သံဝေဖြစ်ပွား မချစ်အားဘဲ ပစ်သွားဖဲထွက်ကြလေကုန်၏။ တံ ဂါမံ၊ ထိုရွာကို။ အနပေက္ခာ၊ အာသာမတပ် တဏှာဖြတ်လျက် တပတ်ပြန်လှဲ့ မရှုငဲ့ကြကုန်ဘဲသာလျှင်။ ဝဇန္တိ၊ မြို့ခေမံ နေရပ်ဗာန်ကို ကောန်လိုလား ကိုယ်စိတ်အားဖြင့် ကြိုးစားကျင့်ကြကြပေကုန်၏။

၄။ တေသံ၊ ထိုရဟန်းတို့၏။ အာမိသံ၊ ကောက်မျိုးစပါး ဆန်၊ ဆီ၊ဆားက စားသုံးရဘွယ် အမယ်မယ်ကို။ (အဋ္ဌကထာ၌ကား နံ တေသံ သန္တကံ ခေညံဟု ဖွင့်သည် နိဒဿန မျှသာဟုထင်၏) ကောဋ္ဌေ၊ ပုတ်ကက်

ခေါ်လျှင်း ကျီကျတွင်း၌။ န ဩပေန္တိ၊ ထည့်သွင်းသိုမှီး လိုလျှင်ပြီးအောင် သိမ်းဆည်းစုပုံ မထားကြကုန်။ ကုမ္ဘိ၊ မြေအိုးစသော ဝတ္ထုများ ဖြင့် လုပ်ထား စရိုး အိုးခွက်မျိုး၌။ န ဩပေန္တိ၊ ထည့်သွင်းသိုမှီး လိုလျှင်ပြီးအောင် သိမ်းဆည်းစုပုံ မထားကြကုန်။ ကဠောပိယံ၊ နှီးဖြင့်ယက်လုပ် ပုတ်ထက် ငယ်ပေါင်း ချင်းနှင့်တောင်း၌။ န ဩပေန္တိ၊ ထည့်သွင်းသိုမှီး လိုလျှင် ပြီးအောင် သိမ်းဆည်းစုပုံ မထားကြကုန်။ သုဗ္ဗတာ၊ သုပ္ပဋိပန် အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အကျင့်ရှိကုန်သော။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ပရနိဋ္ဌိတံ၊ သူတပါးတို့ ချက်ထားမီးမှာ ပြီးလေပါသော ရသာပြိုးပြွမ်း ဘောဇဉ်ဆွမ်းကို။ ဧသနာ၊ အိမ်စဉ်လမ်းမ ဆွမ်းတော်ရဘို့ မြန်းကြွရှာမှီးကြကုန်၍။ တေန၊ တအိမ်တယောက်မ လောင်းလှူကြသည့် ပိဏ္ဍပြိုးပြွမ်း ထိုခံဆွမ်းဖြင့်။ ယာပေန္တိ၊ မတောင့်မတ မကြောင့်ကြဘဲ သုံးမှီဝဲ၍ ရောင့်ရဲမျှတကြပေကုန်၏။

**ဇန္တုနတ်သား—** ဤရဟန်းတို့၏ အသက်မွေးမှုနှင့် ပတ်သက်၍ ရှေးရဟန်း သူတော်ကောင်းများ၏ ဆွမ်းခံလှည့်လည်ခြင်းဖြင့် ရတတ် သမျှနှင့် ရောင့်ရဲခြင်းဟုဆိုအပ်သော ကြည်ညိုဘွယ်သော သုခဇီဝိကကိုရင်း, ဒုဿီလရဟန်းတို့၏ အနေသနဝစိဝိညတ် စသည်ကိုမှီ၍ဖြစ်သော မကောင်း သော အသက်မွေးမှုဟု ဆိုအပ်သော ဒုရာဇီဝကိုရင်း နှိုင်းယှဉ်ဖော်ပြကာ ဇန္တုနတ်သားသည် ကောသလတိုင်း ဟိမဝန္တာတောင်နံပါး တော ကျောင်း၌ သီတင်းသုံး နေထိုင်ကြကုန်သော ရဟန်းတို့အား ၎င်းတို့၏ ပျံ့လွင့်ခြင်း,မာန်ထောင်ခြင်း,လျှပ်ပေါ်ခြင်းအစရှိသောအာစာရဝိပတ္တိတို့ကို အကြောင်းပြု၍ လျှောက်ထားသော သဂါထာဝဂ္ဂသံယုတ် ပါဠိတော်လာ ဇန္တုသုတ် ဂါထာများကိုလည်း ရေးသားဖော်ပြပါဦးမည်။

၁။ သုခဇီဝိနော ပုရေ အာသုံ၊ ဘိက္ခူ ဂေါတမသာဝကာ။
အနိစ္ဆာ ပိဏ္ဍမေသနာ၊ အနိစ္ဆာ သယနာသနံ။
လောကေ အနိစ္စတံ ဉတွာ၊ ဒုက္ခဿန္တံ အကံသု တေ။ ။

၂။ ဒုပ္ပေါသံ ကတွာ အတ္တာနံ၊ ဂါမေ ဂါမဏိကာ ဝိယ။
ဘုတွာ ဘုတွာ နိပဇ္ဇန္တိ၊ ပရာဂါရေသု မုစ္ဆိတာ။ ။

၁။ **အနက်—** ပုရေ၊ ရှေးအခါ၌။ ဂေါတမသာဝကာ၊ ဂေါတမ မြတ်စွာဘုရား၏ တပည့်သားဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ သုခဇီဝိနော၊ ရတတ်သမျှ လာဘ်လာဘနှင့် မျှတ၍သာ ရောင့်ရဲကာဖြင့်

ချမ်းသာသော အသက်မွေးခြင်းရှိကုန်သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။ တေ၊ ထိုရဟန်းတို့သည်။ အနိဿာ၊ တကျာသတ္တိ ကေင်ငြကုန်ဘဲ။ ပိဏ္ဍာ၊ သင်္ဘာ ပိုက်ကာ အိမ်စဉ်ရှာသဖြင့် ကောက်ဝါကောက်လတ် လူးဆတ်ရောပြွမ်း ပိဏ္ဍပါတ်ဆွမ်းကို။ သေနာ၊ တောင်တောင်ဤဤ တွန်မည်ဆိုငြီး စခမ်း မကြီးဘဲ ရှာမှီးသုံးဆောင်ကြယေကုန်၏။ တေ၊ ထိုရဟန်းတို့သည်။ အနိဿာ၊ တကျာသတ္တိ မကပ်ငြိကုန်ဘဲ။ သယနာသနံ၊ တဘက်ရပ် နှစ်ဘက်ငေါ် ဆောင်ဦးဖြတ်နှင့် စရပ်တံဆောင်း ချုံပေါင်းသစ်ပင် ဥမင်ဂူဟာ ကျောင်း အိပ်ရာနေရာကို။ သေနာ၊ တောင်တောင်ဤဤ တွန်မြည်ဆိုငြီး စခမ်း မကြီးဘဲ ရှာမှီးသုံးဆောင်ကြလေကုန်၏။ တေ၊ ထိုရဟန်းတို့သည်။ လောကေ၊ လောကဝ္ဍ။ အနိဿတံ၊ မမြဲသည်၏အဖြစ်ကို။ ဉတွာ၊ သိကုန်၍။ ဒုက္ခသည်၊ ဒုက္ခ၏အဆုံးကို။ ဝါ၊ ဒုက္ခဆုံးရာ ခေမာအမတံ ပြည်နိဗ္ဗာန်ကို။ အကံသု၊ ပြုကြလေကုန်ပြီ။ ဝါ၊ မဂ်ဉာဏ်ထွင်းဖေါက် အသင်းရောက်၍ မျက်မှောက် ပြုကြလေကုန်ပြီ။

၂။ ဣဒါနိ၊ သာသနာနှင့် ဘာသာအားနဲ့ သုံးလူ့ရှင်သား တပည့်များတို့ တရားမဲ့နေထိုင်ရာ ဤယခုအခါ၌။ မောဃဘိက္ခူ၊ ကုသိုလ် မပါ ပညာမပွား အသဘားပေါ်ကျော့ တမော့မော့နှင့် မေ့လျော့၍ နေကြကုန်သော ရဟန်းတို့သည်။ ဂါမေ၊ ရွာ၌။ ဂါမဏိကာ၊ နယ်စား ရွာစား သူကြီးများတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒုပ္ပေါသံ၊ ကြက်ပေး ဝက်ပေး အရက်ပေးဟု ရွာကြေးခွဲလျက် မွေးမြူရခက်သည်ကို။ ကတွာ၊ ပြုကုန်၍။ ဇိဝန္တိ ဝိယ၊ အသက်မွေးမြူကြကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒုပ္ပေါသံ၊ အနေသန စသည်ဘီးသီး မအပ်သော နည်းတို့ဖြင့် ပစ္စည်းရှာလျက် မွေးမြူရခက်သည်ကို။ ဝါ၊ ဒါယကာတို့ သဒ္ဓါဖွေးဖြူ ပေးကာလှူသည်း ချေးသူမှောင့်ကဲ မခံနှင့်ရဲသဖြင့် တောင်းရဲ ခံရက် မွေးမြူရခက်သည်ကို။ ကတွာ၊ ပြုကုန်၍။ ဇိဝန္တိ၊ အသက်မွေးမြူကြ သေကုန်၏။ ဘုတ္တွာ ဘုတ္တွာ၊ စားကုန်သားကုန်ပြီး၍။ ပရဂါရေသု၊ ရဟန်း ဇာတ်နှင့် မအပ်မနီး သူတသီးတို့၏ ဇနီးမယား သမီးသားဟု စီးပွား ဆောင်ယောင် သူ့အိမ်ဆောင်တို့၌။ မုစ္ဆိတာ၊ တဏှာငိုင်းမိုက် မှိုင်းလုံး တိုက်သဖြင့် မူးဝိုက်တွေဝေကြကုန်သည်ဖြစ်၍။ နိပဇ္ဇန္တိ၊ ဂန္ထဝိပဿနာ နှစ်ဖြာဂူရ မဆောင်ကြဘဲ ကာမဘိတက် လွန်နှောင့်ရှက်သဖြင့် ခြေလက် ပစ်ကာ အိပ်ကြရှာကုန်၏။

## ခေါင်းတုံးသူကြွယ်များ

အချို့သောရဟန်းတော်များသည် သိကြားမင်းပြောကြား ဖြေဆိုသည့်အတိုင်း ကြည်ညိုဘွယ်သော ဆွမ်းခံလှည့်လည်မှုဖြင့် ရောင့်ရဲလွယ်စွာ အသက်မွေးကြသည်မဟုတ်ဘဲ ပြဆိုခဲ့သော ဇန္တုနတ်သား၏ လျှောက်လားချက်ဖြစ်သော ဒုတိယမြောက်ဂါထာ၌ကဲ့သို့ပင် လူဘို့၏ အစေအပါးခံခြင်း အစရှိသော အနေသန နှစ်ဆယ့်တပါးဟူသော မအပ်သောရှာမှီးခြင်းတို့ဖြင့်၎င်း,ပရိဝါပါဠိတော်လာ "အာဇီဝဝိပ္ပတ္တိ" သိက္ခာပုဒ်မြောက်ပါးတို့တွင်''ဝဓိဝိညတ္တိဝိညာပန''ဟုဆိုအပ်သော မဖျားမနာဘဲ အတိုင်းအရှည်မသိ တောင်းခံစားသောက်ခြင်းဖြင့်၎င်း အသက်မွေးကြလေသည်၊ အချို့သော ရဟန်းတော်များသည်လည်း ဆန်, ဆီ, ဆား, ငါးပိအစရှိသော စားဘွယ်သောက်ဘွယ်များကို သိမ်းမှီးသိမ်းဆည်းကာ မီးခိုးတအူအူဖြင့် ချက်ပြုတ်ကြော်လှော်၍ ဘုန်းတော်ကံတော် ကြီးသည့်အတိုင်း ချမ်းသာစွာ ဘုဉ်းပေးသုံးဆောင်တော်မူကြလေသည်။

ထိုသို့ ဆွမ်းခံမထွက်ဘဲ ဆန်စသော အာမိသများကို သိမှီးသိမ်းဆည်း၍ ချက်ပြုတ်ကြော်လှော်ကာ ဘုဉ်းပေးသုံးဆောင်ခြင်းသည် "ကပ္ပိယကုဋိ" ဖြစ်ခဲ့လျှင်သော်၎င်း သာမဏေကပ္ပိယတို့ကို ဝိနည်းတော်အားလျော်စွာ စီမံချက်ပြုတ်စေ၍ မှီဝဲခဲ့လျှင်သော်၎င်း "သန္နိဓိကာရက" သိက္ခာပုဒ်ဖြင့် အပြစ်မရှိသော်သည်း ကိလေသာကို ခေါင်းပါးစေတတ်သော အကျင့်ဟုဆိုအပ်သော ''သလ္လေခ''ဂုဏ် ပျက်စီးသည်ပြင် ထိုသို့သော အသက်မွေးမှုသည် "သမဏဇီဝိက" ဟူသော ရဟန်းတို့၏ အသက်မွေးမှုမဟုတ် ''မုဏ္ဍကုဋုမ္ဗိကဇီဝိက'' ဟူသော ခေါင်းတုံးသူကြွယ်တို့၏ အသက်မွေးမှုသာဖြစ်ကြောင်းကို "သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ဗြဟ္မဇာလသုတ်အဖွင့် မဟာနိဒ္ဒေသအဋ္ဌကထာ တုဝဋ္ဋကသုတ်'' အဖွင့်တို့၌—

"ဣဓေကစ္စော ဘိက္ခု တထာရူပေ ကာလေ ဥပကာရာယ ဘဝိဿတီတိ ဝါလိတဏ္ဍုလမုဂ္ဂမာသနာဠိကေရလောဏမစ္ဆမံသ ဝလ္လူရသပ္ပိတေလဂုဠဘာဇနာဒီနိ အာဟရာပေတွာ ဌပေတိ"။

စသည်ဖြင့် မိန့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဠိကို ပါဠိလျှောက်အားဖြင့် မြန်မာဘာသာသို့ ပြန်ဆို၍ ဖော်ပြပါဦးမည်။

## မြန်မာပြန် အဋ္ဌကထာ

ဤသာသနာတော်၌ အချို့သောရဟန်းတို့သည် ဆွမ်းခံမထွက်နိုင်ရာ ထိုသို့သဘောရှိသော အချိန်အခါ၌ ကျေးဇူးများလိမ့်မည်ဟု နောင်ရေးကို မျှော်တွေးထောက်ထား ကြောင့်ကျများ၍ နှမ်း,ဆန်,ပဲနောက်,မတ်ပဲ, အုန်းသီး,ဆီ,ဆား,ငါး,ငါးပိ,ငါးခြောက်,အသား,အမဲခြောက်,ထောပတ်ဘူး,ဆီပုံး,ထန်းလျက်အိုးစသည်တို့ကို ဆောင်ယူစေ၍ သိုမှီးသိမ်းဆည်း လေ၏။ ထိုရဟန်းသည် မိုးတွင်းကာလ၌ နံနက်စောစောကပင်လျှင် သာမဏေတို့ကို ဆန်ပြုတ်,ယာဂုစသည်များကို ကျိုချက်စေ၍ ဘုဉ်းပေး စားသောက်ပြီးလျှင် "သာမဏေ မိုးရေရွံ့ညွန်တို့ကြောင့် ရွာတွင်းသို့ ဆွမ်း ခံဝင်ခြင်းငှာ ဆင်းရဲပင်ပန်းလှ၏။ သင်သွားလေ ဤမည်သော ဒါယကာ အိမ်သို့သွား၍ ငါဆွမ်းခံမထွက် ကျောင်းမှာပင် ထိုင်စောင့်လျက်နေသည်ကို ပြောကြားချေ၊ ဤမည်သော ဒါယကာအိမ်မှ နို့ဓမ်း,ဒိန်ခဲစသည်တို့ကို ဆောင်ယူခဲ့လော" ဟုဆို၍ သာမဏေအား ရွာတွင်းသို့စေလွှတ်လေသည်၊ ဆွမ်းခံထွက်လတ့်သော ရဟန်းတို့က "အရှင်ဘုရား ရွာတွင်းသို့ ဆွမ်းခံ ဝင်ဦးမည်လော" ဟု မေးလျှောက်အပ်သည်ရှိသော် "ငါ့ရှင်တို့ ယခုအခါ၌ ရွာသည် ဆွမ်းခံဝင်ရန် ခက်ခဲ၏" ဟု ပြန်ပြောလေ၏၊ ထိုရဟန်းတို့သည် "ကောင်းပါပြီ အရှင်ဘုရား အရှင်ဘုရားကိုသည် နေရစ်ကြပါကုန်လော တပည့်တော်တို့က ဆွမ်းကိုလှည့်လည်ရှာမှီး၍ ဆောင်ယူခဲ့ကြပါမည်" ဟု ပြောဆိုလျှောက်ထား၍ ဆွမ်းခံထွက်သွားကြလေကုန်၏။

ထိုအခါ သာမဏေသည်လည်း နို့ဓမ်း,ဒိန်ခဲအစရှိသည်တို့ကို ဆောင်ယူခဲ့ပြီးလျှင် ဆွမ်းကိုရင်း,ဟင်းကိုရင်းစီမံပြည့်စုံစေ၍ ကပ်သာ၏၊ ထိုသာမဏေ ကပ်သာသောဆွမ်းကို ဘုဉ်းပေးစားသောက်နေစဉ်ပင်လျှင် ဒါယကာတို့သည် ဆွမ်းပို့လိုက်ကြကုန်၏။ ဝါ၊ ဆွမ်းပို့လာကြကုန်၏၊ ထိုဒါယကာတို့ ပို့ဆွမ်းမှလည်း ကောင်းနိုးရာရာကို ဘုဉ်းပေးသုံးဆောင် လေ၏။ ထိုအခါ ဆွမ်းခံကြွသွားသော ရဟန်းတို့သည် ဆွမ်းကိုခံယူ၍ ပြန်လာကြကုန်၏၊ ထိုရဟန်းတို့ ခံလာသောဆွမ်းမှလည်း ကောင်းနိုးရာရာကို လည်ကိုသန့်၍ စားပြန်သည်သာလျှင်တည်း။ ဤသို့သောနည်းဖြင့် မိုးလေးလလုံးကိုပင်လျှင်လည်း ကုန်ဆုံးကျော်လွန်စေ၏၊ ဤရဟန်းမျိုးကို ခေါင်းတုံးသူကြွယ် အသက်မွေးမှုကို။ ဝါ၊ အသက်မွေးမှုဖြင့် အသက်မွေးသော ရဟန်း,ရဟန်းတို့၏ အသက်မွေးခြင်းကို။ ဝါ၊ ရဟန်းတို့၏ အသက်မွေးမှုဖြင့် အသက်မမွေးသော ရဟန်းဟူ၍ ဆိုအပ်၏။

(သီလက္ခန္ဓဋ္ဌကထာ·၇၀။ မဟာနိဒ္ဒေသဋ္ဌကထာ·၃၅၆)

## ၃–တတိယ ပစ္စဝေက္ခဏာ

"အဇ္ဈော မေ အာကပ္ပေါ ကရဏီယော" ဤပါဠိတော်ဝါကျ ပစ္စဝေက္ခဏာကာရကို "ယော ဂိဟီနံ ဥရံ အဘိနိဟရိတ္ဗာ" ဤသို့စသည်ဖြင့် အဋ္ဌကထာဆရာ ဖွင့်ပြတော်မူခဲ့ရာ မြန်မာပြန်အဓိပ္ပါယ်ချုံကို ရေးသား ဖော်ပြပါဦးမည်။

မြန်မာပြန်အဋ္ဌကထာ– "အိမ်ရာထောင်လူ ရွာသားရွာသူတို့၏ ရင်ကိုကော့ကော့ ခေါင်းကိုမော့၍ ပေါ်ကြွေ့ရင့်ကြူး ရှင်မြူးတင့်တယ် စမွယ်သော ဟန်ပန်အမူအရာအားဖြင့် အကြင်သွားပုံလာပုံ အလုံးစုံသည် ဖြစ်၏၊ လိုအိမ်ရာထောင်သူ ရွာနေလူတို့၏ အမူသဏ္ဌာန် သွားလာဟန်နှင့် ပုံစံမတူ တမူထူးခြား ဘုရားသားတို့၏ အသွားအလာအမူအရာကိုသာ ငါသည်ပြုလုပ်သင့်၏၊ ငြိမ်သက်သောဣန္ဒြေ တည်ကြည်သောစိတ်နှလုံးဖြင့် ထမ်းပိုးတပြန် လူတလံမျှ အရပ်ခန်းကျင်ကို ကြည့်လျက် ချိုင့်တွင်းစသည် တို့ဖြင့် ညေီမညွတ်သော ခရီးကြမ်း၌ မောင်းနှင်ရသော ရေတင်လှည်း (ရေစည်လှည်း)ကဲ့သို့ ဖြေးနှေးနှိုင်းချိန်သော ခြေလှမ်းရှိသည်ဖြစ်၍ သွားလာအပ်၏"ဟု ဆင်ခြင်သုံးသပ် အောက်မေ့အပ်သတည်း။

ဤသို့သောစကားအစဉ်ဖြင့် အဋ္ဌကထာဆရာသည် သွားပုံလာပုံဟု ဆိုအပ်သော"ဂမနာကပ္ပ"ကိုသာ နိဒဿနအမြွက်အားဖြင့် ညွှန်ပြဖွင့်ဆို တော်မူခဲ့သော်လည်း အမှန်မှာ ရပ်,ထိုင်,လျောင်း,သွားဟူသော ဣရိယာ ပုထ်လေးပါး အမူအရာများ၌ရင်း,သင်္ကန်းဝတ်ရုံခြင်း,စကားပြောဟော ခြင်း,စားသောက်ခြင်းဟူသော အမူအရာအားလုံးတို့၌ရင်း မည်သည့် ဟန်ပန် အမူအရာမျိုးကိုမဆို "သေခိယသိက္ခာပုဒ်"စသည်တို့နှင့်အညီ အိမ်ရာထောင်သူ ရွာနေလူတို့နှင့် မတူကွဲပြား တမူခြား၍ တရားသပ္ပါယ် ကြည်ညိုဘွယ်သော အမူအရာ အနေအထိုင်တို့ကိုသာလျှင် ပြုမူကျင့်သုံး သင့်ပါသည်။

သွား,ရပ်,ထိုင်,လျောင်းဟူသော ဣရိယာပုထ်လေးပါးတို့၌ သေခိယ သိက္ခာပုဒ်များနှင့်အညီ လိုက်နာကျင့်သုံးသင့်သည်သာမက 'ပါဂဝ္ဟိယံ န သိက္ခေယျ"ဟူသော တဝ္ဋကသုတ် ပါဠိတော်နှင့်အညီ ဥသာအားရင်း, မထေရ်ကြီးတို့အားရင်း မရိုမသေ သွားလာနေထိုင်ခြင်း,မထေရ်ကြီးတို့၏ ရှေ့တည့်ဘည့် နောက်ဘည့်တည့်မှ နီးကပ်စွာ မထေရ်ကြီးတိုကို ကွယ်၍ နေထိုင်ခြင်း,မထေရ်ကြီးတို့ထက် မြင့်မြတ်ခမ်းနားရာနေရာ၌ နေထိုင်ခြင်း,

ခေါင်းမြီးခြုံလျက် နေထိုင်ခြင်း,ရပ်လျက်ငင်း,ခြေလက်ကိုးယိုကားယား လှုပ်ရှားလွှဲခပ်လျက်ငင်း စကားပြောဆိုခြင်းစသော အလွန်ရိုင်းစိုင်းသော ကာယိက,ဝါစာသိက,ပါဂဗ္ဘိယတို့ကိုလည်း အထူးသတိပြု ရှောင်ရှား၍ အလွန်ယဉ်ကျေးသိမ်မွေ့စွာ ကြည်ညိုဘွယ်ရာများကိုသာလျှင် ပြုမူကျင့်သုံး သင့်ပါသည်။

သိမ်မွေ့သောဣန္ဒြေ သေခွေသောစိတ်နှလုံး စောင့်သုံးသောကိုယ် နှုတ် တည်ကြည်သောဣရိယာပုထ်တို့ကြောင့် ဘာသာခြားများ ကြည်ညို လာ၍ မင်းညီမင်းသားများပင် သာသနာတော်သို့ ဝင်ရောက်လာကာ တတိယသင်္ဂါယနာတင် ဖြစ်သည့်တိုင်အောင် သာသနာတော်ကြီး ထွန်း ကားလာသည်ကို နောက်၌ဖေါ်ပြမည့် နိဂြောဓသာမဏေနှင့် အာသောက မင်းတို့၏ ဝတ္ထုဖြင့်လည်း သိအပ်ပါသည်။

ဤသို့ ကြည်ညိုဘွယ်ရာသော ကိုယ်နှုတ်အမူအရာ အာကပ္ပတို့ကို ပြုမူကျင့်သုံးသဖြင့်လည်း သီတင်းသုံးတော်တို့သည်ငင်း ဒါယကာတို့သည် ငင်း ကြည်ညိုသဒ္ဓါ ဖြစ်ပွားနိုင်ပါသည်၊ အချို့သောရဟန်းတော်များသည် အထူးသဖြင့် ဒါယကာတို့ရှေ့ဝယ် ကြည်ညိုဘွယ်ရာ ပြုမူနေထိုင်သင့်ကြောင်း သိမြင်သူများ ဆရာသမားများက သတိပေးညွှန်ကြား၍ ပြောဆိုဆုံးမလျှင် "ဒကာဒကာမတွေကို ဒိလောက်ဂရုစိုက်တို့ မလိုပါဘူး" ဟူပင် ကွယ်ရာ၌ ပြောဆိုပြစ်တင်ကြသည်ကို အကြိမ်တော်တော်များအောင် ကြားရဘူးပါ သည်၊ ထိုသူများသည် ဒါယကာကြည်ညိုမှ သာသနာတော်ကြီး အရှည် ခန့်၍ တည်တန့်ထွန်းပနိုင်မည်ကို လေးလေးနက်နက် မသိသူများသာ ဖြစ်သည့်အပြင် မြတ်စွာဘုရားသည်ပင် ဒကာဒကာမများ ကြည်ညိုအောင် နေထိုင်ပြုမူကြရန် ရည်ရွယ်တော်မူ၍ များစွာသော သုတ္တန်ဒေသနာတော် များ များစွာသော ဝိနည်းသိက္ခာပုဒ်တော်များကို ဟောကြားပညတ်တော် မူခဲ့သည်ကိုလည်း သတိမထား နှလုံးသွင်း မှားနေကြသူများသာ ဖြစ်ပေ သည်။

ထိုစကားမှန်၏ ဒါယကာဒါယိကာမတို့ အကြည်ညိုပျက်၍ ကဲ့ရဲ့ ပြစ်တင်ကြခြင်းကြောင့် ပညတ်တော်မူရသော သိက္ခာပုဒ်များသည် သိက္ခာ ပုဒ်အားလုံး၏ သုံးပုံတပုံထက် မနည်းရှိသည့်ပြင် [illegible]ာပုဒ်အားလုံးကို ပညတ်တော်မူတိုင်းလည်း—

ဆရာတော်— "မောင်လာဘ ဒကာဒကာမတွေနှင့်တွေ့ယင် ကျောင်းထိုင်ဘုန်းကြီးစကား ပြောတတ်ပါ့မလား တရားဟောတတ်ပါ့မလား"

ဦးလာဘ— "မခက်ပါဘုရား"

ဆရာတော်— "ကိုင်းဒါဖြင့် ကျောင်းထိုင်ဘုန်းကြီးစကားကို အရင်ပြောစမ်းပါ"။

ထိုအခါ ဦးပဥ္စင်းကြီးဦးလာဘသည် တင်ပလ္လင်ဖွဲ့၍ထိုင်ကာ ကျောင်းတိုင်ကိုမှီလျက် "ဒကာမကြီး ဘာဟင်းတွေချက်ယူခဲ့သလဲ၊ ဒကာကြီးကော ဘယ်သွားသလဲ၊ ကလေးတွေကော နေကောင်းကြသလား၊ အရောင်းအဝယ် ဘယ့်နှယ်နေသလဲ၊ စပါးဘယ်နှစ်တင်း ပျိုးကြသလဲ"စသည်ဖြင့် ပြောလေသည်၊ ထိုအခါ ဆရာတော်က "မောင်လာဘ ကျောင်းထိုင်ဘုန်းကြီးစကား ပြောစမ်းပါဆိုဒါ ဘာတွေရှောက်ပြောနေသလဲ"ဟု မိန့်တော်မူရာ ဦးလာဘက "ကျောင်းထိုင်ဘုန်းကြီးတွေဟာ ဒါမျိုးချည်း ပြောတာ ကြားဘူးတာဘဲ"ဟု ပြန်လျှောက်ထားသောဟူ၏။

---

## အရှင်အာနန္ဒာနှုတ်ဆက်ပုံ

အရှင်အာနန္ဒာမထေရ်မြတ်သည် သီတင်းသုံးဘော်များ, ဒကာဒကာမများနှင့် တွေ့ဆုံသောအခါ ပြောဆိုနှုတ်ဆက်လေ့ရှိသော စကားမျိုးကိုလည်း သုတ်မဟာဝါ အဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်အဖွင့်, အင်္ဂုတ္တရအဋ္ဌကထာ အာနန္ဒအစ္ဆရိယသုတ်အဖွင့်တို့၌ လာရှိသည့်အတိုင်း ရေးသားဖော်ပြပါဦးမည်။

အရှင်အာနန္ဒာ မထေရ်မြတ်သည် အာဂန္တုရဟန်း သာမဏေများနှင့် တွေ့ဆုံသောအခါ—

"ကစ္စိ အာဝုသော ခမနီယံ ကစ္စိ ယာပနီယံ ကစ္စိ ယောနိသော မနသိကာရေန ကမ္မံ ကရောထ အာစရိယုပဇ္ဈာယေ ဝတ္တံ ပူရေထ"။

"ငါ့ရှင်တို့ ခန္ဓာကျန်းပါကုန်၏လော၊ မျှတပါကုန်၏လော၊ အသင့်အတင့် နှလုံးသွင်းခြင်းဖြင့် အမှုကြီးငယ်ကို ပြုကြပါကုန်၏လော၊ ဆရာဥပဇ္ဈာယ်၌ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကြပါကုန်၏လော"ဟူ၍ရင်း,။

ဘိက္ခုနီမများနှင့် တွေ့ဆုံသောအခါ—

"ကစ္စိ ဘဂိနိယော အဋ္ဌဂရုဓမ္မေ သမာဒါယ ဝတ္တထ"။

"နှမတို့ ရှစ်ပါးသော ဂရုဓမ္မတို့ကို ကောင်းမွန်စွာ ဆောက်တည်၍ ကျင့်ကြပါကုန်၏လော"ဟူ၍ရင်း။

ဒကာ,ဒကာမများနှင့် တွေ့ဆုံသောအခါ—

"ကထံ ဥပါသကာ တိဏ္ဏံ သရဏာနံ ပဉ္စသီလာနံ ရက္ခထ မာသဿ အဋ္ဌဥပေါသထေ ကရောထ မာတာပိတူနံ ဥပဋ္ဌာနဝတ္တံ ပူရေထ ဓမ္မိကသမဏ ဗြာဟ္မဏေ ပဋိဇဂ္ဂထ"။

"ဒါယကာတို့ သုံးပါးသော သရဏဂုံ ငါးစုံသောသီလတို့ကို ဆောက်တည်စောင့်ရှောက်ကြကုန်၏လော၊ လစဉ်လတိုင်း တလ ရှစ်သီတင်းမှန်မှန် ဥပုသ်စောင့်နိုင်ကြကုန်၏လော၊ မိဘတို့အား လုပ်ကျွေး ပြုစုခြင်းဝတ်ကို ဖြည့်ကြကုန်၏လော၊ တရားရှိသော ရဟန်းပုဏ္ဏားတို့ကို လုပ်ကျွေးပြုစုကြကုန်၏လော"ဟူ၍ရင်း နှုတ်ဆက်မေးမြန်းလေ့ ရှိတော်မူလေသည်။

ထိုအရှင်အာနန္ဒာ မထေရ်မြတ်သည် ဒကာ,ဒကာမများနှင့် တွေ့ဆုံသောအခါ"ဒကာကြီး,ဒကာမကြီးတို့ ကိုယ်လက်မသျှောင်း ခေါင်းမခဲဘဲ ရှိကြရဲ့လား, ကလေးတွေရော နေကောင်းကျန်းမာကြရဲ့လား" စသော လောကဝတ်လပနစကားမျိုးတို့ဖြင့် နှုတ်ဆက်ပြောဆိုလေ့ မရှိကြောင်း ကိုလည်း အောက်ပါအတိုင်း မိန့်တော်မူလေသည်။

"ဥပါသကေသု အာဂတေသု ဥပါသက န တေ ကစ္စိ သီသံ ဝါ အင်္ဂံ ဝါ ရုဇ္ဇတိ အရောဂါ တေ ပုတ္တဓီတရောတိ န ဧဝံ ပဋိ-သန္ထာရံ ကရောတိ"။

အင်းဝခေတ်ကောင်းဘားစဉ်က သျှောင်ကန်ဆရာတော်ဘုရားသည် မယ်တော်မြောက်နန်းမိဖုရား အမိန့်တော်ဖြင့် သားတော်ပြည့်မင်း တန်ဆောင်မုန်းလတွင် သင်္ကန်းအများအပြား ကပ်လှူလာသည်ကို အလှူခံ၍ တရားဟောပြီးလျှင် မင်းသားနောက်ချိန်မှာ၍ ပြန်သည့်တိုင်အောင် စကား ပြောမည် နှုတ်ဆက်မည်ကိုထား၍ မော်၍ပင်ကြည့်တော်မမူကြောင်း သီလဝိသောဓနီကျမ်း၌ ဘတ်ရှုရဘူးပါသည်။

မှတ်ချက်– ဤဆရာတော်များ၏ အပြုအမူကို ယခုခေတ်ရဟန်းရှင်လူတို့က “စခမ်းကြီးသည့်,ရိုးအလွန်းသည်” ဟု ပြောဆိုကောင်း ပြောဆိုမည်ဖြစ်သော်လည်း စင်စစ်မှာ “လပန” ဟူသော မိစ္ဆာဇီဝမဖြစ်ရန် စောင့်ရှောက်ခြင်းသာဖြစ်သဖြင့် ဘုရားစသော သူတော်ကောင်းတို့ ကောင်းချီးသာဓု ခေါ်အပ်သော အပြုအမူသာဖြစ်လေသည်။

---

## တရားစကား ဆွေးနွေးပါ

သံဃာများ တွေ့ဆုံစည်းဝေးစကား ဆွေးနွေးရာ၌လည်း “သန္နိပတိတာနံ ဝေါ သိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ အရိယော ဝါ တုဏှီဘာဝေါ” ဟူသော ဘုရားရှင် အဆုံးအမတော်နှင့်အညီ ကထာဆယ်ပါး တရားတော်နှင့်စပ်သော စကားမျိုးကို ပြောဆိုဆွေးနွေးခြင်းသို့မဟုတ် တရားကိုနှလုံးသွင်း၍ ဆိတ်ငြိမ်စွာနေခြင်းများကိုသာ ပြုမူကျင့်သုံး၍ တွေ့ဆုံစည်းဝေးသင့်ပါသည်။

ကထာဆယ်ပါးဟူသည်မှာ–

၁။ **အပ္ပိစ္ဆကထာ**– လောဘနည်းခြင်း မရှိခြင်းနှင့် စပ်သောစကား။
၂။ **သန္တုဋ္ဌိကထာ**– ရောင့်ရဲလွယ်ခြင်းနှင့် စပ်သောစကား။
၃။ **ပဝိဝေကကထာ**– ကင်းဆိတ်ခြင်းသုံးပါးနှင့် စပ်သောစကား။

(က) ဤ၌ အပေါင်းအဖော်မလို တကိုယ်ထည်းထည်း သီတင်းသုံး နေထိုင်ခြင်းသည် ကာယဝိဝေကမည်၏။
(ခ) လောကီဈာန်သမာပတ်တို့သည် စိတ္တဝိဝေကမည်၏။
(ဂ) နိဗ္ဗာန်သည် ဥပဓိဝိဝေကမည်၏။

၄။ **အသံသဂ္ဂကထာ**– ရောနှောဆက်ဆံခြင်းဟူသော သံသဂ္ဂငါးပါးမှ ကင်းလွတ်ခြင်းနှင့် စပ်သောစကား။

(က) ဤအမှတ် ၄·၌ ဝိသဘာဂမာတုဂါမ၏ အဆင်းအာရုံကို ရှုမြင်ရ၍ ဖြစ်ပေါ်လာသော တပ်နှစ်သက်ခြင်းရာဂသည် “ဒဿနသံသဂ္ဂ” မည်၏။
(ခ) မာတုဂါမ၏အသံကို နားထောင်၍ ဖြစ်ပေါ်ရသော တပ်နှစ်သက်ခြင်းရာဂသည် “သဝနသံသဂ္ဂ” မည်၏။

(ဂ) မာတုဂါမနှင့် တကွနှီးနှော ဆွေးနွေးပြောဟောခြင်းကြောင့် ဖြစ်ပေါ်ရသော တပ်နှစ်သက်ခြင်းရာဂသည် "သမုလ္လာပနသံသဂ္ဂ"မည်၏။

(ဃ) မာတုဂါမနှင့်အသုံးအဆောင်များကိုငှားရမ်းလဲလှယ်ခြင်း စသည်ဖြင့် ဆက်ဆံသုံးဆောင်ခြင်းသည် "သမ္ဘောဂ-သံသဂ္ဂ"မည်၏။

(င) မာတုဂါမ၏ လက်,ဆံထုံးစသည်တို့ကို ကိုင်တွယ်သုံးသပ်ခြင်းသည် "ကာယသံသဂ္ဂ"မည်၏။

၅။ ဝီရိယာရမ္ဘကထာ— တရားအားထုတ်ခြင်းနှင့် စပ်သောစကား။
၆။ သီလကထာ— အကျင့်သီလကို အကြောင်းပြု၍ ပြောဆိုသော စကား။
၇။ သမာဓိကထာ— သမာဓိကို အကြောင်းပြု၍ ပြောဆိုသောစကား။
၈။ ပညာကထာ— ပညာကိုအကြောင်းပြု၍ ပြောဆိုသောစကား။
၉။ ဝိမုတ္တိကထာ— အရဟတ္တဖိုလ်ကို အကြောင်းပြု၍ ပြောဆိုသော စကား။
၁၀။ ဝိမုတ္တိဉာဏဒဿနကထာ— ပစ္စဝေက္ခဏာဉာဏ်ကို အကြောင်းပြု၍ ပြောဆိုသောစကား။

ဤစကားဆယ်မျိုးသည် ကထာဝတ္ထုဆယ်ပါးမည်၏၊ ဤကထာဝတ္ထုနှင့်စပ်သော စကားကိုပင် ရည်ရွယ်၍ "ဓမ္မီကထာ"ဟု ဖေါ်ပြပါ "မူသာဉာသာပါသရာသိသုဘ်"၌ မြတ်စွာဘုရားဟောတော်မူပါသည်။

---

## စားသောက်ပုံ

"အသနာကပ္ပ"ဟု ဆိုအပ်သော စားသုံးမှီဝဲပုံတို့မှာ "သဏ္ဌနွံဘိဣာပါဘံ ဘုဥ္ဇိဿာမီတိ သိက္ခာကရဏီယာ" စသည်ဖြင့် ပညတ်တော်မူအပ်သော သေခိယသိက္ခာပုဒ်တို့နှင့်အညီ စားသုံးမှီဝဲလျှင်ရင်း "မတ္တညုူ ဟောတိ ဘောဇနေ" စသည်ဖြင့် ဟောတော်မူအပ်သော "သုတ္တနိပါတ်ပါဠိတော်" စသည်တို့နှင့်အညီ စားသုံးမှီဝဲလျှင်ရင်း ကြည်ညိုတွယ်သိုဖြစ်စေ၍ ပါသာဒိကဂုဏ်မြောက်သော အသနာကပ္ပပင် ဖြစ်လေသည်။

ဤသို့ သေဒိယသိက္ခာပုဒ်တို့နှင့်အညီ စားသုံးမှီဝဲခြင်းသည် ကြည်ညိုဘွယ်ကို ဖြစ်စေသည့်နည်းတူ သေဒိယသိက္ခာပုဒ်တို့နှင့်မညီမညွတ် စားသုံးမှီဝဲခြင်းသည်လည်း အကြည်ညိုပျက်ဘွယ်သော စားသောက်ပုံဟုဆိုအပ်သော "အပါသာဒိကအသနာကပ္ပ"ပင် ဖြစ်တော့သည်၊

ထိုစကားမှန်၏၊ ဤသေဒိယသိက္ခာပုဒ်တို့ကို ပညတ်တော်မူရခြင်း၏ အကြောင်းရင်းမှာ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းကိုမရိုမသေစားခြင်း စောင့်စည်းမှုထွေ ဣန္ဒြေမရှိ တောင်ကြည့်မြောက်ကြည့်ပြု၍စားခြင်း ညစ်တီးညစ်ပတ်ပါးစပ်ကိုဟ၍စားခြင်း စသည်တို့ဖြင့် ကြည်ညိုဘွယ်မရှိ သတိကင်းကွာ ပညာမပွား တဟားဟားနှင့် စကားပြောကာ စားသောက်ပုံအမူအရာတို့ကြောင့် သာသနာဝင် လူရှင်အပေါင်း သူတော်ကောင်းတို့ မကောင်းသတင်း အဖျင်းပြောဆို မကြည်ညိုကြခြင်းကြောင့်သာ ပညတ်တော်မူရခြင်း ဖြစ်ပါသည်။

ထိုသို့ ကြည်ညိုဘွယ်မရှိ သတိကင်းကွာ ပညာမပွား တဟားဟားနှင့် စကားပြောကာ စားသောက်ပုံအမူအရာတို့သည် သာသနာတော်ထွန်းကား၍ ဘုရားအဆုံးအမတော်ဖြင့် အလွန်ယဉ်ကျေးရာဖြစ်သော မြို့ရွာဒေသ မြန်မာပြည်ကဲ့သို့သောဌာန၌ နေထိုင်ကြကုန်သော ရဟန်းရှင်လူတို့၏ ကြည်ညိုမှုပသာဒတရားကို ပျက်ပြား ဖေါက်ပြန်စေတတ်သည်မှာလည်း များစွာထူးဆန်းလှသည် မဟုတ်ပါ၊ သာသနာတော် မထွန်းကားသေး မြတ်စွာဘုရား၏ အဆုံးအမတော်နှင့်ဝေးသဖြင့် ယဉ်ကျေးမှုခေါင်းပါးရာ သာသနာပြင်ပ တိတ္ထိယဝါဒီ အလဇ္ဇီတို့၏ကြီးစိုးရာ ရပ်ရွာဒေသတိုင်းဌာနတို့၌သော်မှလည်း ပညာရှိသူ လူကြီးလူကောင်းတို့၏ ကြည်ညိုမှုပသာဒတရားကို ပျက်ပြားဖေါက်ပြန်စေတတ်သေးသည်ကို အောက်ပါအသောကဝတ္ထုဖြင့် နှလုံးပြုဆင်ခြင်သင့်ပေသည်။

## အသောကဝတ္ထု

သာသနာတော်သက္ကရာဇ်(၂၁၈)ခုနှစ်တွင် သာသနာတော်မထွန်းကားသေးရာ ပါဋလိပုတ်ပြည်ကြီး၌ မင်းအဖြစ်သို့ရောက်သော အသောကမင်းတရားသည် မိမိ၏ခမည်းတော် ဗိန္ဒုသာရမင်း လက်ထက်ကပင် ခြောက်သောင်းကုန်သော ပုဏ္ဏား,ပရိဗိုဇ်စသော တိတ္ထိတို့ကို နေ့စဉ်မပျက်မကွက် မိမိ၏လက်ထက်သို့ တိုင်အောင် နန်းတော်အလှူခဏ္ဍပ်သို့ ပင့်၍

နို့စွဘတ်ဝတ်ဖြင့် ဆွမ်းလုပ်ကျွေးလေ့ရှိရာ တနေ့သောအခါဝယ် မင်းတရားကြီးသည် ခြသေ့ခံသော လေသာပြူတင်း၌ရပ်၍ ခြောက်သောင်းကုန်သော တိတ္ထိရဟန်းတို့၏ စားသောက်ပုံ အမူအရာတို့ကို သဒ္ဓါပသန္နတရားကြည်ညိုမည် စိတ်ထားဖြင့် ရှုစားအကဲခတ်၍နေစဉ် တိတ္ထိတို့သည် စောင့်စည်းမှုတွေ ဣန္ဒြေမရှိ သတိကင်းကွာ ပညာညံ့ယုတ် ချွန်းမအုပ်ဘဲ ပလုပ်ပလွေး ဘုဉ်းပေးသုံးဆောင်ကြသည်ကို ရှုမြင်ရလေသည်။

ထိုအခါ မင်းတရားကြီးသည် တိတ္ထိတို့အပေါ်တွင် နဂိုကထားရှိသော ပကတိသဒ္ဓါ စေတနာသည် ယုတ်လျော့ကာ ငြိုငြင်၍ "ဤဒိသံ ဒါနံ ဥပပရိက္ခိတွာ ယုတ္တဋ္ဌာနေ ဒါတုံ ဝဋ္ဋတိ" ဤမျှ နှစ်လရှက်များ ငွေကုန်များအောင် စွန့်စားလှူဒါန်းအပ်သော ဤမြတ်သောအလှူသည် ဤသူတို့နှင့်မတန် ပတ်ဝန်းကျင်ရပ်ဌာနမှ အဖန်ဖန်ထောက်လှမ်း ကြံစူးစမ်း၍ ရဟန်းကောင်း ရှင်ကောင်း သူတော်ကောင်းတို့အားသာလျှင် စွန့်ကြဲကြည်ဖြူ သောင်းလှူသင့်ပေသည်ဟု ကြံစည်အောက်မေ့၍ နိဂြောဓသာမဏေကို ရှာဖွေတွေ့ရှိရသည့်တိုင်အောင် ကိုးကွယ်ရာအသစ်ကို စိစစ်ဖွေရှာ အညထာဘာဝ ရှိရင်းစွဲပသာဒတို့ တဌာနပြောင်းလွှဲ၍ ပြိုကွဲပျက်စီးခဲ့ရဘူးလေသည်။

---

## ဘောဇနေမတ္တညုတာ

"မတ္တညူ ဟောတိ ဘောဇနေ"ဟု ပြဆိုခဲ့သော သုတ္တနိပါတ်ပါဠိတော်၌ စားသောက်ဘွယ်တို့တွင် အပိုင်းအရှည်ကို သိခြင်းဟူသော "ဘောဇနမတ္တညုတာ"သည်ကား—

(က) အလှူခံတောင်းရာ၌ အတိုင်းအရှည်ကိုသိခြင်း "ပဋိဂ္ဂဟဏမတ္တညုတာ"

(ခ) စားသုံးမှီဝဲရာ၌ အတိုင်းအရှည်ကိုသိခြင်း "ဘောဇနမတ္တညုတာ"

အားဖြင့် နှစ်မျိုးနှစ်စားရှိလေသည် ထိုနှစ်မျိုးတို့တွင် ပဋိဂ္ဂဟဏမတ္တညုတာကို "သုတ္တနိပါတ် အဋ္ဌကထာ ရာဟုလသုတ်"အဖွင့်၌—

"တတ္ထ ပဋိဂ္ဂဟဏမတ္တညုတာ ဒေယျဓမ္မဝသေန ဒါယကဝသေန အတ္တနော ဗလဝသေန ဇာနိတဗ္ဗံ"။

စသည်ဖြင့် လာရှိသော အဋ္ဌကထာပါဌ်ကို မြန်မာဘာသာပြန်၍ အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်ပါမည်။

၁။ တောင်းခံခြင်း၌ အတိုင်းအရှည်ကို သိသောရဟန်းသည် အလှူဝတ္ထုလည်း နည်းပါး၍ ဒါယကာလည်း အနည်းငယ်ကိုသာ လောင်းလှူလိုသည်ရှိသော် အနည်းငယ်ကိုသာ တောင်းခံအပ်၏။

၂။ လှူဘွယ်ဝတ္ထု နည်းပါးသည်ရှိသော် ဒါယကာက များစွာလောင်းလှူလိုသော်လည်း အနည်းငယ်မျှကိုသာ ခံယူအပ်၏။

၃။ လှူဘွယ်ဝတ္ထု များပြားသော်လည်း ဒါယကာက အနည်းငယ်ကိုသာ လောင်းလှူလိုသည်ရှိသော် အနည်းငယ်ကိုသာ တောင်းခံအပ်၏။

၄။ လှူဘွယ်ဝတ္ထုကလည်းများပြား ဒါယကာကလည်း များစွာလှူလိုသည်ရှိသော် မိမိ၏အားအစွမ်းကိုသိ၍ မိမိနှင့်သင့်တန်ရုံကိုသာလျှင် တောင်းခံအပ်၏။

ဤတောင်းခံရာ၌ အတိုင်းအရှည်ကို သိခြင်းဟူသော ပဋိဂ္ဂဟဏ မတ္တညုနှင့် စပ်ဆိုင်သော ပုံဝတ္ထုများကို နောက်မှရေးသားဖော်ပြပါမည်၊ အထူးသတိပြုစေလိုသည်မှာ "ပဋိဂ္ဂဟဏ" ဟု ဆိုသဖြင့် ဆွမ်းခံရာ၌သာ အတိုင်းအရှည်ကိုသိရမည်ဟု မမှတ်ရာ အကပ်ခံရာ အလိုက်ခံရာတို့၌လည်း အတိုင်းအရှည်ကို သိအပ်သည်ပင် ဖြစ်ပါသည်။

ဒါယကာတို့၏ အလှူအတန်း ဆွမ်းကျွေးဆွမ်းကပ် ပြုရာအခါများ၌ ရဟန်းတော်များသည် ကုန်လေပြီးသော ခဲဘွယ်ဘောဇဉ်ကို ကုန်နေပြီးသည်ဟု မရိပ်မိဘဲ ဆွမ်းလိုက်သူ ဆွမ်းကပ်သူ ဒါယကာများ နောက်ထပ်ဘဖန် အနီးသို့မလာစံ့အောင်ပင် အဖန်တလဲလဲ တောင်းခံပူဆာတတ်ခြင်း ဆွမ်းပျော့သည် ဆွမ်းမာသည် ဆားပေါ့သည် ဆားငံသည် ငံပြာရည်ကပ်ပါဦး သံပုရာသီးပေးပါဦး စသည်ဖြင့် ကြိုသမျှနှင့် မရောင့်ရဲဘဲ အုံကြွကာ မှောင့်ကဲ၍ တောင်းရဲဆိုရဲရှိတတ်ခြင်းစသော ရသာနုဂိဒ္ဓပုဂ္ဂိုလ်များ၏ အပြုအမူများကိုလည်း အထူးသတိထား၍ ရှောင်ရှားသင့်ပါသည်။

ရသာနုဂိဒ္ဓပုဂ္ဂိုလ်များ ဟူသည်ကိုလည်း အောက်ပါ "မဟာနိဒ္ဒေသပါဠိတော်"ဖြင့် သိမှတ်အပ်ပါသည်။

"သန္တေကော သမဏဗြာဟ္မဏာ ရသဂိဒ္ဓါ၊ တေ ဇိဗှဂ္ဂေန ရသဂ္ဂါနိ ပရိယေသန္တာ အာဟိဏ္ဍန္တိ၊ တေ အမ္ဗိလံ လဘိတွာ အနမ္ဗိလံ ပရိယေသန္တိ၊ အနမ္ဗိလံ လဘိတွာ အမ္ဗိလံ ပရိယေသန္တိ။ပ။ သီတံ လဘိတွာ ဥဏှံ ပရိယေသန္တိ ဥဏှံ လဘိတွာ သီတံ ပရိယေသန္တိ၊ တေ ယံ ယံ လဘိတွာ တေန တေန န သန္တုဿန္တိ၊ အပရာပရံ ပရိယေသန္တိ၊ မနာပိကေသု ရသေသု ရတ္တာ ဂိဒ္ဓါ ဂဓိတာ မုစ္ဆိတာ အဇ္ဈောသန္နာ လဂ္ဂါ လဂ္ဂိတာ ပလိဗုဒ္ဓါ"။

အနက်— ရသဂိဒ္ဓါ၊ ရသာရုံ၌ တပ်မက်မောကုန်သော။ ဧကေ၊ အချို့ကုန်သော။သမဏဗြာဟ္မဏာ၊ရဟန်းပုဏ္ဏားတို့သည်။ သန္တိ၊ ရှိကုန်၏၊ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ ဇိဗှဂ္ဂေန၊ လျှာဖျားဖြင့်။ ရသဂ္ဂါနိ၊ မွန်မြတ်သောအရသာတို့ကို။ ပရိယေသန္တာ၊ ရှာမှီးကြကုန်လျက်။ အာဟိဏ္ဍန္တိ၊ လှည့်လည်ကြကုန်၏။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ အမ္ဗိလံ၊ အချဉ်ကို။ လဘိတွာ၊ ရကြကုန်၍။ ရကြကုန်သည်ရှိသော်။ အနမ္ဗိလံ၊ မချဉ်သည်ကို။ ဝါ၊ အချဉ်မှတပါးအချိုစသည်များကို။ပရိယေသန္တိ၊ရှာမှီးကြကုန်၏ အနမ္ဗိလံ၊ အချဉ်မှတပါးသော အချိုစသည်များကို၊ လဘိတွာ၊ ရကြကုန်၍။ ရကြကုန်သည်ရှိသော်။ အမ္ဗိလံ၊ အချဉ်ကို။ ပရိယေသန္တိ၊ ရှာမှီးကြကုန်၏။ပ။ သီတံ၊ အအေးကို။ လဘိတွာ၊ ရကြကုန်၍။ ရကြကုန်သည်ရှိသော်။ ဥဏှံ၊ အပူကို။ ပရိယေသန္တိ၊ ရှာမှီးကြကုန်၏။ ဥဏှံ၊ အပူကို။ လဘိတွာ၊ ရကြကုန်၍။ ရကြကုန်သည်ရှိသော်။ သီတံ၊ အအေးကို။ ပရိယေသန္တိ၊ ရှာမှီးကြကုန်၏။ တေ၊ ထိုရဟန်းပုဏ္ဏားတို့သည်။ ယံ ယံ လဘိတွာ၊ အကြင်အကြင်အရသာကို ရကြကုန်၍။ ရကြကုန်သည်ရှိသော်။ တေန တေန၊ ထိုထိုရသမျှသောအရသာဖြင့်။ န သန္တုဿန္တိ၊ မရောင့်ရဲ မတင်းတိမ်ကြကုန်။ အပရာပရံ၊ အဆင့်ဆင့်။ ပရိယေသန္တိ၊ ရှာမှီးကြကုန်၏။ မနာပိကေသု၊ နှလုံးနှစ်လိုဘွယ်ရှိကုန်သော။ ရသေသု၊ ရသာရုံတို့၌။ ရတ္တာ၊ တပ်နှစ်သက်ကြကုန်၏။ ဂိဒ္ဓါ၊ စွဲလမ်းကြကုန်၏။ ဂဓိတာ၊ တပ်မက်မောကြကုန်၏။ မုစ္ဆိတာ၊ တွေဝေကြကုန်၏။ အဇ္ဈောသန္နာ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းကြကုန်၏။ လဂ္ဂါ၊ ကပ်ငြိကုန်၏။ လဂ္ဂိတာ၊ ရသာရုံသည် ဆွဲဆောင်အပ်ကုန်၏။ ပလိဗုဒ္ဓါ၊ ကြောင့်ကြစိုက်ကုန်၏။

ဤသို့ ရသာရုံကို အလွန်လိုက်စားခြင်းသည် ကြည်ညိုဘွယ်မရှိသော၊ ဝါ၊ အကြည်ညိုပျက်ဘွယ်သောအမှုအရာ အာစာရပြစ်ရုံသာမက အနေ သနစသည် ဒုရာဇီဝကို ဖြစ်စေနိုင်ခြင်း၊ ဣန္ဒြိယသံဝရသီလပျက်စီးခြင်း၊ သမာဓိမတည်၍ အသက်ချာန်မဂ်ဖိုလ် တရားထူးကို မရနိုင်ခြင်းစသော

များစွာသောအကျိုး ပျက်စီးသည်ကို ဖြစ်စေနိုင်သောကြောင့် အမျိုးကောင်းသား သဒ္ဓါပဗ္ဗဇိတ ရဟန်းတော်များသည် ရသာရုံကို အလွန်လိုက်ခြင်းမရှိဘဲ ယထာလာဘ သန္တောသဟုဆိုအပ်သော ရသမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်းကိုသာလျှင် ဖြည့်ဘင်းကာ ဆောက်တည်၍ ခိုင်ကြည်သော စိတ်နှလုံးဖြင့် စားသုံးမှီဝဲသင့်သည်ကိုလည်း အောက်ပါ ဥပသေနရဟန္တာ၏ ဩဝါဒမိန့်ခွန်းတော်ဖြင့် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

လူခေနပိ ဝါ သန္တုဿေ၊ နာညံ ပတ္ထေ ရသံ ဗဟုံ။
ရသေသု အနုဂိဒ္ဓဿ၊ ဈာနေ န ရမတီ မနော။ ။
ထေရဂါထာပါဠိတော်။

အနက်— လူခေနပိ ဝါ၊ သဒ္ဓါမနေ ပမာဏကြောင့် ဒါနမှုကား လုံလောက်များလည်း ဆိ,သားစွာ အဆာမပြွမ်း ဘောဇဉ်ကြမ်းနှင့် ပြိုးပြွမ်းရသာ မြိန်လှစွာလည်း ပမာဏငယ်သေး အနည်းကလေးမို့ ကံပေးနိမ့် အညံ့အနဲဖြင့်သော်လည်း။ ဝါ၊ ဆိ,သားစွာ အဆာမပြွမ်း ဘောဇဉ်ကြမ်းဖြင့်သော်လည်း။ ဝါ၊ ပြိုးပြွမ်းရသာ မြိန်လှစွာလည်း ပမာဏငယ်သေး အနည်းကလေးဖြင့်သော်လည်း။ သန္တုဿေ၊ ညံ့စွာနည်းစွာ စိတ်မခွဘဲ မျှတကောင်းစွာ ရောင့်ရဲရာ၏။ အညံ၊ ယထာလာဘ ရသမျှမှ ပြင်ပဆန်းသစ် တခြားဖြစ်သော။ ရသံ ဗဟုံ၊ ကောင်းနိုးရာရာ များမြတ်သောအရသာကို။ န ပတ္ထေ၊ ရသတဏှာ အာသာငန်းငန်း လွန်ဖွဲ့လမ်း၍ မြော်မှန်းဖွေရှာ မတောင်းတရာ။. ရသေသု၊ ချိုချဉ်ဆိမ့်ငံ စပ်ဖန်သက်ခါး ရသာများတို့၌။ အနုဂိဒ္ဓဿ၊ အမျှင်မပြတ် အစဉ်ကပ်သဖြင့် ခင်တပ်စွဲသမ်းသောသူ၏။ မနော၊ စိတ်သည်။ ဈာနေ၊ ကိလေသာခပင်း အမှိုက်ထင်းကို ဖုတ်ကျည်းရှို့မြိုက်ရာ ဥပစာနှင့် အပ္ပနာမည်ရှိ သမာမိန္ဒစ်ပါး ဈာန်တရား၌။ န ရမတိ၊ ဇာနြိယသံဝရ သီလပျက်လွဲ မရှိဘဲမို့ တည်မြဲခန့်ခိုင် မမွေ့မလျော်နိုင်။

**မှတ်ချက်**— လူခေနပိ ဝါ သန္တုဿေကို အနက်ပေးရာ၌ အောက်ပါအဋ္ဌကထာပါဌ်ကို အမှီပြုပါသည်။

"လူခေနပိ ဝါ တိ အပိသဒ္ဒေါ သမုစ္စယေ၊ ဝါသဒ္ဒေါ ဝိကပ္ပေ၊ ဥဘယေနပိ လူခေနပိ အပ္ပေနပိ ယေနကေနစိ သုလဘေန ဣတရီတရေန သန္တုဿေ သမံ သမ္မာ တုဿေယျ"။

ထေရအဋ္ဌကထာ။

အင်းဝခေတ် ကောင်းစားစဉ်က ရသာရှိစသည်ကို မလိုက်စားဘဲ ခေါင်းပါးစွာကျင့်ကြံခြင်း သလ္လေခဂုဏ်နှင့် ပြည့်စုံတော်မူသော သူတော်ကောင်း ဆရာတော်ကြီးများ အတော်များများ ပေါ်ထွန်းခဲ့ဘူး လေသည်။ ထိုဆရာတော်ကြီးအများတို့တွင် မင်းရွာဆရာတော်မှာ ဆွမ်းဘုဉ်းပေးသောအခါ မျက်စေ့ပင်မှိတ်၍ နှိုက်မိနှိုက်ရာ ဟင်းခွက်ကိုသာ နှိုက်၍ ဘုဉ်းပေးတော်မူလေသည်။ ဆွမ်းဘုဉ်းပေးပြီးသော အခါတွင်လည်း လက်သီးခွံမျှလောက်သော လဘက်ကိုသာ မြိန့်၍ ထို့နောက် လဘက်ရည်မသောက်ဘဲ ကွမ်းနှစ်ရာ ဘုဉ်းပေးတော်မူပြီးလျှင် ထိုတနေ့အတွက် အာဟာရကိစ္စကို လုံးဝပြီးဆုံးစေတော်မူသေ့ရှိလေသည်။

တည်တော အရှင်မဟာတိဿ မထေရ်သည်လည်း ရေခန္ဓးပုပ္ပကို ဆားလျော်ခပ်ရုံမျှသော ဟင်းဖြင့်သာ အမြဲဘုဉ်းပေးခြင်းကို ပြုတော်မူလေ့ရှိသည်။

ရွှေကျောင်းဆရာတော်ဘုရားသည်လည်း ရရသမျှသောဆွမ်းကို စုပေါင်းမွှေနှောက်၍ အောက်အထက်နှံ့စေပြီးမှ ရသမျှသောဝေစုကို ဘုဉ်းပေးတော်မူလေ့ရှိသည်၊ ဟင်းကိုလည်း ထိုနည်းတူပြုလုပ်၍ ရသောဝေစု ဟင်းတခွက်ဖြင့်သာ ဘုဉ်းပေးတော်မူလေသည်။

တဲပုမဟာထေရ် တောရမဟာထေရ်တို့ကား "ပါးစပ်၌ သတ္တဝါတို့ သင်္ချိုင်း မဖြစ်စေသင့်"ဟုဆိုကာ အသားဟူသမျှကိုပယ်၍ အသားလွတ်ကိုသာ ဘုဉ်းပေးတော်မူကြကြောင်း "သီလဝိသောဓနီ" ကျမ်း၌ ဘတ်ရှုရဘူးပါသည်။

မှတ်ချက်– အသားလွတ်စားသုံးခြင်းကို အချို့က "တော်ရုံမှတပါး အခြားအကျိုးမရှိ"ဟု ပြောကြလေသည်။ အချို့က "ဒေဝဒတ်၏ဆုကို ကျင့်သုံးခြင်း"ဟုပင် ကဲ့ရဲ့ပြစ်တင်သည်ကို ကြားရဘူးသည်။ မေတ္တာ ကရုဏာ သလ္လေခ အဓိဋ္ဌာန် စသည်များ ဖြစ်ပွားနိုင်ရာသောကြောင့် အောက်ပါ "အင်္ဂုတ္တိုရ်ပါဠိတော် ဝဇ္ဇိယမာဟိတသုတ်"ပါ ဝါကျကို ကောက်ထား၍ မြတ်စွာဘုရား ခွင့်ပြုချီးမွမ်းတော်မူသော ဆောက်တည်မှုသာ ဖြစ်၍ မကဲ့ရဲ့အပ် ချီးမွမ်းအပ်သည်ပင် ဖြစ်ပါသည်။

"ယဉ္စခွဿ ဂဟပတိ သမာဒါနံ သမာဒိယတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ဧဝရူပံ သမာဒါနံ သမာဒိတဗ္ဗန္တိ ဝဒါမိ"။

အနေသန စသည်ကင်းသဖြင့် အပြစ်မဲ့စင်ကြယ်သော အတိုးအခ အားဖြင့်ရင်း အဘိုင်းအရှည်ပမာဏအားဖြင့်ရင်း နည်းပါးသောကြောင့် ရလွယ်သောပစ္စည်းလေးပါးဖြင့် မျှတရောင့်ရဲနိုင်သောသူသည် ပစ္စည်း လေးပါးကို လိုလားမြှော်မှန်း၍ ပင်ပန်းပူပန်သောစိတ် မဖြစ်နိုင် ပစ္စည်း လေးလီ ရသိမ့်မည်ဟု ကြံစည်ဖေါက်ပြား တောင်မြောက်စသည့်သို့သွား ခြင်းဖြင့် ခရီးမများနိုင် မွေးကြိုင်သော သီလသိက္ခာ ထယ်ဝါသောသမာဓိ ထွန်းသို့သောပညာ ဖြစ်နိုင်ရာသည်ကိုလည်း "စတုက္ကင်္ဂုတ္တရပါဠိတော်" သန္တုဋ္ဌိသုတ်၌ အောက်ပါအတိုင်း ဟောတော်မူပါသည်။

အနဝဇ္ဇေန တုဋ္ဌဿ၊ အပ္ပေန သုလဘေန စ။
န သေနာသနမာရဗ္ဘ၊ စီဝရံ ပါနဘောဇနံ။
ဝိဃာတော ဟောတိ စိတ္တဿ၊ ဒိသာ နပ္ပဋိဟညတိ။ ။

အနက်— အနဝဇ္ဇေန၊ အနေသန စသည့်သန့်ရှင်း အပြစ်ကင်းသော ပဋ္ဌင်းပရိက္ခရာဖြင့်ရင်း။ အပ္ပေန စ၊ မများမကြီး ငယ်၍နည်းသော ပစ္စည်း လေးပါးဖြင့်ရင်း။ သုလဘေန စ၊ ပေါများအလျှံပယ် အရလွယ်သော လေးမယ်ပစ္စယ အာမိသဖြင့်ရင်း။ တုဋ္ဌဿ၊ မတောင့်မတ မကြောင့်ကြဘဲ မျှတနေတတ် ရဟန်းမြတ်အား။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကိုရင်း။ စီဝရံ၊ သင်္ကန်းကိုရင်း။ ပါနဘောဇနံ၊ သောက်ဘွယ်စားဘွယ်ကိုရင်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပဝတ္တော၊ ဖြစ်သော။ စိတ္တဿ၊ စိတ်၏။ ဝိဃာတော၊ လိုရာလာဘ လာဘ်မရ၍ သောကသန်ငြင်း ပင်ပန်းခြင်းသည်။ န ဟောတိ၊ မဖြစ်နိုင်။ ဒိသာ၊ အရှေ့အနောက် တောင်မြောက်ဝဲယာ အရပ်မျက်နှာသည်။ နပ္ပဋိဟညတိ၊ လာဘ်သပ္ပကာ ရစိမ့်ငှာဟု သွားပါ လာခဲ့ ဆိုသကဲ့သို့ ရှုငဲ့လွမ်းမော သွားလိုဇောကို အသောခုနစ်ထွေ ဖြစ်ပေါ်စေ၍ နှံခွေနှမ်းယိုင် မနှိပ်စက်နိုင်။

---

## မိတ္တာကာဠိဝတ္ထု

"ဤဒိသာ နပ္ပဋိဟညတိ"ဟူသော ပါဠိတော်ဝါကျ၌ အနှယ အဓိပ္ပါယ်ကို သိသွယ်ထင်ရှားစေရန်ရင်း,သုတဂဝေသီ စာသင်သားတို့ သုတပွားများစေရန်ရင်း ပုံစံနည်းယူ နမူနာထား သံဝေဂပွားစေရန်

အကျိုးငှာရင်း လာဘ်သပ္ပကာ ရစိမ့်ငှါလျှင် ဒိသာရှစ်ပါး အရပ်များသို့ တရားဟောကာ ပစ္စည်းရှာလျက် သွားလာလှည့်လည်ခဲ့ဘူးသော ဘိက္ခုနီမတပါး၏ အကြောင်းကို ထေရီဂါထာပါဠိ,အဋ္ဌကထာမှ ရေးသား ဖေါ်ပြလိုက်ပါဦးမည်။

ရှေးအခါက ငါတို့ဘုရားလက်ထက်တော်မှာပင် ကုရုတိုင်း ကမ္မာသ နိဂုံးကြီး၌ မိတ္တာကာဠီမည်သော ပုဏ္ဏေးမအမျိုးသမီးတဦး ရှိသေသည်၊ ထိုအမျိုးသမီးသည် သိကြားလိမ္မာသော အရွယ်သို့ ရောက်သောအခါ သတိပဋ္ဌာန်တရားတော်ကို ကြားနာရသဖြင့် သာသနာတော်ကို ကြည်ညိုသော သဒ္ဓါတရားဖြစ်ပေါ်ကာ ဘိက္ခုနီမတို့၏အထံ၌ ဝတ်ကြောင်ကိုခွါ ဖန်ဝါဆင်မြန်း ရဟန်းမိန်းမ ပြုလုပ်ခဲ့လေသည်၊ ရဟန်းပြုပြီးသောအခါ လာဘ်သပ္ပကာ ပေါများစွာ၍ ကျေညာသတင်း ဘုန်းကြီးခြင်း၌ သက်ဆင်း ငုတ်နစ် သောဘဖြစ်သဖြင့် ခုနစ်နှစ်တိုင်တိုင် စာပေလည်းမကြိုးစား တရားလည်းအားမထုတ် လာဘ်ရရန်အလုပ်ဖြင့်သာလျှင် ယိုဆိုသော နိဂုံးဇနပုဒ်များသို့ သွားလာလှည့်လည်လျက် တရားဟောကာ ပစ္စည်းရှာ၍ သာမညဖလ ရဟန်းတို့ရအပ်သော သုခချမ်းသာ မြတ်လှစွာကို ပယ်ခွါ လုံးလုံး ခန္ဓရက်ပြန်း၍ ခေါင်းတုံးခြင်းသာ အဖ်ာဘ်ခဲ့ရရှာသေသည်၊ နောက်မှတဖန် မိမိ၏ဖြစ်ဟန်ကို ပြန်လှန်တွေးဆ ယိဘ်သန့်ခံသံဝေဂရသဖြင့် သမထ,ဝိပဿနာ တရားများကို ပွားများအားထုတ်၍ မကြာမြင့်မီပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ထင်ရှားသော ရဟန္တာမ မိတ္တာကာဠီ ဘွဲ့သညီဖြင့် ထေနီခဘဦး ဖြစ်ရဘူးသေသည် ထိုသို့ ရဟန္တာမိန်းမအဖြစ်သို့ ရောက်သောအခါ နောင်လာနောက်သား သူတော်ကောင်းများတို့ တရားသံဝေ ရစေအံ့ငှာ ရည်ရွယ်ကာဖြင့် ဂါထာဖွဲ့လျက် မိမိ၏အဖြစ်အပျက်ကို ကွယ်ဝှက်မထား အောက်ပါအတိုင်း ဟောကြားခဘော်မူခဲ့သေသည်။

၁။ သဒ္ဓါယ ပဗ္ဗဇိတွာန၊ အဂါရသ္မာနဂါရိယံ။
ဝိစရိံ ဟံ တေနတေန၊ လာဘသက္ကာရဥဿုကာ။ ။
၂။ ရိဉ္စိတွာ ပရမံ အတ္ထံ၊ ဟိနမတ္ထံ အသေဝိဟံ။
ကိလေသာနံ ဝသံ ဂန္တွာ၊ သာမညတ္ထံ န ဗုဇ္ဈိဟံ။ ။
၃။ တဿာမေ အဟု သံဝေဂေါ၊ နိသိန္နာယ ဝိဟာရကေ။
ဥမ္မဂ္ဂပဋိပန္နာမှိ၊ တဏှာယ ဝသမာဂတာ။ ။
၄။ အပ္ပကံ ဇီဝိတံ မယှံ၊ ဇရာ ဗျာဓိ စ မဒ္ဒတိ။
ပုရာယံ ဘိဇ္ဇတိ ကာယော၊ န မေ ကာလော ပမဇ္ဇိတုံ။ ။

၅။ ယထာဘူတမဝေက္ခိတွာ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
ဝိမုတ္တစိတ္တော ဥဋ္ဌာသိံ၊ ကတံ ဗုဒ္ဓဿ သာသနန္တိ။ ။

၁။ အနက်— အယံ၊ မိတ္တာကာဠီ သည်ကွဲ့ရ ငါရဟန္တာမသည်။ ပုဗ္ဗေ၊ ရဟန္တာမဖြစ်ခင် ပုထုဇဉ်ဘဝ ရှေးကာလ၌။ သဒ္ဓါယ၊ သဒ္ဓါ တရားဖြင့်။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ၊ နိက္ခမိတွာ၊ ထွက်၍။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်၌။ ပဗ္ဗဇိတွာန၊ ရဟန်းပြုပြီး၍။ ဝါ၊ ရဟန်းပြုပြီးမှ။ လာဘသက္ကာရဥဿုကာ၊ လာဘ် သပ္ပကာ ဥစ္စာမီးပွား ရခြင်းများ၌ ကြိုးစားကြောင့်ကြစိုက်သည်ဖြစ်၍။ တေနတေန၊ လာဘ်သပ္ပကာ ဥစ္စာပွားစည် များစွာတည်၍ နာခည် ကြီးကြောင်း ကောင်း,မကောင်းဟု သောင်းပြောင်းရောရာ ထိုထိုဟော ပြောမှုဒေသနာဖြင့်။ ဝိစရိံ၊ အရင်ဒိသာ ရှစ်မျက်နှာသို့၊ သွားလာသွည့် လည်ခဲ့ရဘူးလေပြီ။

၂။ အပရံ၊ ငါရဟန္တာမသည်။ ပရမံ အတ္ထံ၊ ဈာန်မဂ်ဖိုလ်ရပ် အကျိုးထူးအကျိုးမြတ်ကို။ ရိဉ္စိတွာ၊ ရှောင်ရှားတော်ရာ စွန့်ပစ်ခွာ၍။ ဟီနမတ္ထံ၊ ပစ္စည်းလေးဝ အာမိသဟု ယုတ်လှည်စ်ဆိုး မကောင်းကျိုးကို သာလျှင်။ အသေဝိံ၊ မသင့်တင့်သော စိတ်သဘောဖြင့် လောဘတဏှာ လွှမ်းမိုးကာလျှင် ဖွေရှာမှီဝဲခဲ့လေပြီ။ အပရံ၊ ငါရဟန္တာမသည်။ ကိလေသ သာနံ၊ တဏှာ,မာန စသည်များပြား ကိလေသာတရားတို့၏။ ဝသံ၊ အစွမ်းတန်ခိုး အလိုဆိုးသို့။ ဂန္တွာ၊ အမြဲကောက်ကောက် မလွဲရောက်၍။ သာမညတ္ထံ၊ ဝိပဿနာ ဂန္ထာဓူရ ရဟန်းတို့၏ကိစ္စကို။ န ဗုဇ္ဈိံ၊ သတိ မထင် မသိမြင်။

၃။ ဝိဟာရခေ၊ ကျောင်းကလေး၌။ နိသိန္နဿ၊ စဉ်းစား မှိုင်တွေ ထိုင်၍နေသော။ တဿ မေ၊ ထိုငါ့အား။ သံဝေဂေါ၊ ထိတ်လန့်ခြင်းသည်။ ဝါ၊ ငါ၏ဖြစ်ရပ် အညှာပွတ်ကို ပြန်ဆင်ခြင်ရင်း ထိတ်လန့်ခြင်းသည်။ အဟု၊ ဖြစ်ပေါ်သေပြီ။ ကိံ အဟု၊ အဘယ်သို့ ဖြစ်ပေါ်သနည်း [illegible]ကား။ အဟံ၊ ငါသည်။ ဥမ္မဂ္ဂပဋိပန္နော၊ ပစ္စည်းလေးပါး လွန်လိုက်စားတဲ့ [illegible]မနိုး လမ်းလွဲကြီးသို့။ ခရီးပန်းစွာ လျှောက်ခဲ့ ရှာသည်။ တဏှာသော ပစ္စည်းလေးဝ အာမိသကို ဘောင့်တစ္စာဘာ တဏှာငတ်၏။ ဝသံ၊ အစွမ်းတန်ခိုး အလိုဆိုးသို့။ အာဂတာ၊ သောဘ ဇော့ဆိုက် မော၍ဟိုက်အောင် ဆိုက်ဆိုက်မကွာ ရောက်ခဲ့ပါသည်၊ အမှိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။

၄။ မယုံ၊ ငါ၏။ အပွကံ၊ နည်းလှစွာသော။ ဇိဝိတံ၊ အသက်ကို။ ဘရာ စ၊ ဆံပြုသွားကြွေ သားရေယိုယွင်း အိုမင်းခြင်းသည်၎င်း။ ဗျာဓိ စ၊ ကိုးဆယ့်ခြောက်ဖြာ ရုပ်ရောဂါသည်၎င်း။ မဒ္ဒတိ၊ လိမ့်၍လာသား တောင်ကြီးများသို့ ထွားထွားညက်ချေ နှိပ်စက်လေ၏။ အယံ ကာယော၊ ဤခန္ဓာကိုယ်ရုပ် အကောင်ပုတ်သည်။ ပုရာဘိဇ္ဇတိ၊ မပျက်စီးသေးမီ။ မေ၊ ငါ့အား။ ပမဇ္ဇိတုံ၊ တရားမေ့လျော့ တမော့မော့နှင့် ပေါ်ကျော့နေထိုင်ခြင်းငှာ။ န ကာလော၊ အချိန်ခါမှီ မဟုတ်ပြီ။ ဣတိ၊ ဤသို့။ အဟု၊ ဖြစ်ပေါ်လေပြီ။

၅။ ဣတိဟုတွာ၊ ဤသို့သံဝေဂဉာဏ် ငါ့သန္တာန်မှာ ထက်သန်ပွားစီး ဖြစ်ပေါ်ပြီး၍။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ခန္ဓာနံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက် ဤနှစ်ချက်ကို။ အဝေက္ခန္တိ၊ ဝိပဿနာ ဉာဏ်ပညာမှ မင်္ဂတိုင်ကျအောင် မှုချထင်ထင် ရှုဆင်ခြင်သော။ အဟံ၊ ငါသည်။ ဝိမုတ္တစိတ္တာ၊ ကိလေသာနှင့် သုံးဖြာဝဋ်တွင်း ညွတ်ကျော့ကွင်းမှ ကျွတ်ရှင်းလွန်မြောက်သော စိတ်ရှိသည်ဖြစ်၍၊ ဥဋ္ဌာသိံ၊ ကိလေသာနှင့် သုံးဖြာဝဋ္ဋ ဘုံဘဝမှ မုချမသွေ ထမြောက်ပေပြီ၊ မယာ၊ ငါသည်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊ တရားထုံးပြ နှလုံးချသည့် နုတ်ဟမြွက်ဖေါ် အဆုံးအမတော်ကို။ ကတံ၊ သိက္ခာသုံးခု ပြည့်သမှုဖြင့် ကျင့်ပြုလိုက်နာအပ်ပေပြီ။

ဤမိတ္တာကာဠီ ထေရိဂါထာ၌ "ဝိစရိ" ဟံ တေန တေန"ဟူသော ဝါကျကို အနက်ပေးရာတွင် အောက်ပါအဋ္ဌကထာပါဌ်ကို အမှီပြုပါသည်။

> "လာဘေ စ သက္ကာရေ စ ဥဿုကာ ယုတ္တပ္ပယုတ္တာ ဟုတွာ တေန တေန ဗာဟုသစ္စ ဓမ္မကထာဒိနာ လာဘုပ္ပါဒဟေတုနာ ဝိစရိံ အဟံ"။ ၎င်းအဋ္ဌကထာ။

---

## ရဟန်းများ အရှုံခံလွန်း၍ နွားကိုမြင်လျှင် ပြေးကြပုံ

ဆက်ပါဦးမည့် တောင်းခံခြင်း၌ အတိုင်းအရှည်ကို သိခြင်း ...သော "ပဋိဂ္ဂဟဏမတ္တညု"ဟူသည်မှာ ဆွမ်းဘောဇဉ်၌သာ လိုအပ်သ ...ဟုတ်၊ မည့်သည့်ဝတ္ထုပစ္စည်းကိုမဆို အတောင်းအခံများလွန်းက ကြည်ညို...ယ်ရာ ပါသာဒိကမဟုတ်သဖြင့် ဒါယ...တို့၏ အထင်အမြင်သေးခြင်း...ကြည် ညိုပျက်၍ ရှုံ့မှုန်းခြင်းကို ဖြစ်စေတတ်သည်သာ ဖြစ်ပါသည်။

ထိုသို့အတောင်းအခံများလွန်းခြင်းကြောင့် ဒါယကာတို့ အကြည်ညို ပျက်ခဲ့ရပုံ မြတ်စွာဘုရားလက်ထက်တော်က အဖြစ်အပျက်တခုကို ဝိနည်း ပါဠိတော်လာတိုင်း ရေးသားဖော်ပြပါဦးမည်။

တရံရောအခါ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူစဉ် အာဠဝီတိုင်းသား ရဟန်းများတို့သည် ကျောင်းဒါယကာမရှိ မိမိတို့ကိုယ်တိုင် လှည့်လည်တောင်းခံသော ဝတ္ထု ပစ္စည်းတို့ဖြင့် အလွန်ကြီးကျယ်သော ကျောင်းကြီးများကို ဆောက်လုပ်ကြ ကုန်၏၊ ကာလအတန်ကြာသော်လည်း ထိုကျောင်းကြီးများ မပြီးမဆုံးနိုင် ဖြစ်သဖြင့် အလုပ်သမား လက်သမား လှူကြပါဦး, နွားလှည်းလှူကြပါဦး, ပုဆိန် ပေါက်ပြား လှူကြပါဦး, သစ် ဝါး သက်ကယ် လှူကြပါဦး စသည်ဖြင့် အလွန်တောင်းခံကြကုန်သောကြောင့် အာဠဝီပြည်သူပြည်သား ဒါယကာ များသည် ရဟန်းတို့အပေါ်၌ အထင်အမြင်သေးကာ အကြည်ညို ပျက် ကြကုန်၍ ရဟန်းတို့ကိုမြင်လျှင် တစုံတခု အလှူခံလိမ့်မည်ဟု အောက်မေ့ မှတ်ထင်ကာ ထိတ်လန့်ကြောက်ရွံ့ကြကုန်လျက် အချို့လည်း အတွေ့မခံ မျက်နှာရှောင်လွှဲ ဖဲသွားကြကုန်၏၊ အချို့လည်း အိမ်တံခါးကို ပိတ် ထားကြကုန်၏၊ နွားနို့ နွားဝါတို့ကိုမြင်ကြလျှင်ပင် အလှူခံဘုန်းကြီးများဟု ထင်မှတ်၍ ထိတ်လန့်ပြေးလွှား ရှောင်သောအားဖြင့် အိမ်တံခါး ပိတ်ဆို့ ကြလေကုန်၏။

ထိုသို့ အာဠဝီပြည်သူပြည်သား လူအများတို့သည် သဒ္ဓါတရား ယုတ်လျော့၍အကြည်ညိုပေါ့လျက်ရှိနေစဉ်မှာပင် အရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည်မှ အာဠဝီသို့ရောက်၍ ဆွမ်းခံဝင်ကြွတော်မူရာ အာဠဝီ ပြည်၌ ရှေးကနှင့်မတူ အမူဖောက်ပြား လူအများလည်း ရွံ့ပါးလန့်ထိတ် မကြည်ညိုသောစိတ်တို့ကြောင့် ရဟန်းတော်များအနေဖြင့် သပိတ်ပိုက်ကာ ဆွမ်းကိုရှာသဖြင့် ဝမ်းစာရရန် ခဲယဉ်းသည့်ဖြစ်ဟန်ကို ဇောန်ဒိဋ္ဌ ကိုယ် တော်တိုင်တွေ့မြင်ရသဖြင့် ဤသို့ဖြစ်ရပုံအကြောင်းရင်းကို အာဠဝီပြည်သား ရဟန်းများအား စုံစမ်းမေးမြန်းကြည့်ရာတွင် ဖော်ပြခဲ့သည့်အတိုင်း အတောင်းအခံများလွန်း၍ ဒါယကာတို့ အကြည်ညိုပျက်ပြား ဆွမ်းကွမ်း ခွာ ရသည့်အဖြစ်ကို အမှန်အတိုင်း သိမြင်ရလေသည်။

မကြာမီပင် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှ အာဠဝီသို့ ကြွလာတော် မူရာ မဟာကဿပအရှင်မြတ်လည်း ဖြစ်ရပ်ဥဿုံ အလုံးစုံကို ကိုယ်ကြိုနား ကြားချန်မထားဘဲ တရားသခင် ဘုရားရှင်အား ဦးတင်လျှောက်ထားတော် မူရလေသည်။

ထိုအခါ မြတ်စွာဘုရားသခင်သည် အာဠဝိတိုင်းသား ရဟန်းများကို မိန့်ကြားဆင့်ခေါ်တော်မူ၍—

"အို....ရဟန်းတို့ သင်တို့သည် အဘယ်ကြောင့် ကျောင်းဒါယကာ မရှိ မိမိကိုယ်တိုင် အလှူခံသောပစ္စည်းဖြင့် ကျောင်းကြီးများကိုဆောက်ကာ အတောင်းအရမ်း များကြကုန်သနည်း" စသည်ဖြင့် အထူးထူးအပြားပြား ကဲ့ရဲ့ရှုံ့ချ ဆိုဆုံးမလျက် မဏိကဏ္ဌနဂါးမင်းဇာတ်နှင့် ရဋ္ဌပါလဇာတ်တော်ကို ဟောတော်မူလေသည်။

မဏိကဏ္ဌဇာတ်ကို ဟောတော်မူပြီးသည်၏အဆုံး၌ နိဂုံးချုပ်သြဝါဒ အဖြစ်အားဖြင့် မြတ်စွာဘုရား မိန့်ကြားဆုံးမတော်မူပုံမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

"တေသံ ဟိ နာမ ဘိက္ခဝေ တိရစ္ဆာနဂတာနံ ပါဏာနံ အမနာပါ ဘဝိဿတိ ယာစနာ အမနာပါ ဝိညတ္တိ၊ ကိမင်္ဂ ပန မနုဿ-ဘူတာနံ"။ ပါရာဇိကဏ်ပါဠိတော်။

အနက်— ဘိက္ခဝေ၊ ရဟန်းတို့။ တိရစ္ဆာနဂတာနံ၊ တိရစ္ဆာန်ဖြစ်ကုန်သော။ တေသံ ပါဏာနံ၊ထိုသတ္တဝါတို့အားသော်မှလည်း။ ယာစနာ၊ အတိုင်းမသိတောင်းခံခြင်းသည်။ အမနာပါ၊ အကြည်ညိုပျက်ပြယ် မနှစ်သက်ဘွယ်သည်။ ဘဝိဿတိ နာမ၊ ဖြစ်ရတုံသေး၏။ ဝိညတ္တိ၊ အကြမ်များစွာ သိစေခြင်းသည်။ အမနာပါ၊ အကြည်ညိုပျက်ပြယ် မနှစ်သက်ဘွယ်သည်။ ဘဝိဿတိ နာမ၊ ဖြစ်ရတုံသေး၏။ မနုဿဘူတာနံ၊ လူသားစင်စစ်ဖြစ်၍ဖြစ်ကုန်သော။ ပါဏာနံ၊ သတ္တဝါတို့အား။ ကိမင်္ဂ ပန၊ အဘယ်ဆိုဘွယ်ရာရှိပါချေအံ့နည်း။

ဤဝိနည်းပါဠိတော်၌ ရဋ္ဌပါလဇာတ်ကို အကျဉ်းမျှသာ ဟောတော်မူသောကြောင့် ထိုဝိနည်းပါဠိတော်ကို အောက်ပါအတိုင်း ရေးသားဖေါ်ပြလိုက်ပါသည်။

"ဘူတပုဗ္ဗံ ဘိက္ခဝေ ရဋ္ဌပါလော ကုလပုတ္တော ပိတာ၊ ရဋ္ဌပါလံ ကုလပုတ္တံ ဂါထာယ အဇ္ဈဘာသိ။

၁။ အပါဟံ တေန ဇာနာမိ၊ ရဋ္ဌပါလဗဟူဇနာ၊
တေ မံ သံဂမ္မ ယာစန္တိ၊ ကသ္မာ မံ တွံ န ယာစသီတိ။ ။

၂။ ယာစကော အပ္ပိယော ဟောတိ၊ ယာစံ အဒဒ မပ္ပိယော။
တသ္မာဟံ တံ န ယာစာမိ၊ မာ မေ ဝိဒေဿနာ အဟူတိ။

"သောဟံ နာမ ဘိက္ခုဝေ ရဋ္ဌပါလော ကုလပုတ္တော သက်
ဝိတရံ ဇဝံ ဝက္ခတိ ကိမင်္ဂ ပန ဇနော ဇန်။

အနက်— ဘိက္ခဝေ၊ ရဟန်းတို့။ ဘူတပုဗ္ဗံ၊ ရှေး၌ဖြစ်ဘူးသည်ကား။ ရဋ္ဌပါလဿ၊ ရဋ္ဌပါလအမည်ရှိသော။ ကုလပုတ္တဿ၊ အမျိုးကောင်းသားအား။ ဝါ၊ အမျိုးကောင်းသား၏။ ဝိတာ၊ အဘသည်။ ရဋ္ဌပါလံ၊ ရဋ္ဌပါလအမည်ရှိသော။ ကုလပုတ္တံ၊ အမျိုးကောင်းသားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ပြောဆိုလေပြီ။ ကိံ အဇ္ဈဘာသိ၊ အဘယ်သို့ပြောဆိုသနည်း ဟူမူကား။

၁။ ရဋ္ဌပါလ၊ ချစ်သားရဋ္ဌပါလ။ တေ ဇနေ၊ ထိုလူတို့ကို။ အဟံ၊ ငါသည်။ န ဇာနာမိ၊ မသိ။ ဗဟူ၊ များစွာကုန်သော။ တေ ဇနာ၊ ထိုလူတို့သည်။ သံဂမ္မ၊ စုဝေးကြကုန်၍။ မံ၊ ငါ့ကို။ ယာစန္တိ၊ တောင်းခံကြကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ တွံ၊ သင်သည်။ မံ၊ ငါ့ဖခင်ကို။ န ယာစသိ၊ မတောင်းမခံသနည်း။ ဣတိ၊ ဤသို့။ အဇ္ဈဘာသိ၊ ပြောဆိုလေပြီ။

၂။ တာတ၊ ဒိုဖခင်။ ယာစကော၊ ဝစီဝိညတ် နှုတ်ပါးစပ်ဖြင့် မပြတ်ဖန်ဖန် တောင်းခံတတ်သူကို။ အပ္ပိယော၊ မေတ္တာဆုံးဖြတ် ရှုံ့မုန်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ ယာစံ၊ တစုံတခု တောင်းခံအပ်သော ဝတ္ထုကို။ ("ယာစန္တိ ယာစိတံ ဝတ္ထု"အဋ္ဌကထာ)။ အဒဒံ-အဒဒန္တော၊ မပေးသောသူကိုလည်း။ အပ္ပိယော၊ မေတ္တာဆုံးဖြတ် ရှုံ့မုန်းအပ်သည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။

တနည်းကား— ယာစံ-ယာစန္တဿ၊ လိုချင်လှသော ရမက်ဇောဖြင့် လောဘပြင်းထန် တောင်းခံသောသူအား။ (အထဝါ ယာစန္တိ ယာစန္တဿ အဋ္ဌကထာ) အဒဒံ-အဒဒန္တော၊ မပေးသောသူကိုလည်း။ အပ္ပိယော၊ မေတ္တာဆုံးဖြတ် ရှုံ့မုန်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ န ယာစာမိ၊ ဝစီဝိညတ် နှုတ်ပါးစပ်ဖြင့် ထပ်ထပ် ဖန်ဖန် မတောင်းခံ။ မေ၊ ငါ့အား။ ဝိဒေဿနာ၊ မေတ္တာမပို ပစ်ခွါလို၍ အကြည်ညိုပျက်ယွင်း ရှုံ့မုန်းခြင်းသည်။ မာ အဟု၊ မဖြစ်ပါစေလင့်။ ဣတိ၊ ဤသို့။ ပစ္စဘာသိ၊ ပြန်ပြောလေပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရဋ္ဌပါလော၊ ရဋ္ဌပါလအမည်ရှိသော။ သော ကုလပုတ္တော၊ ထိုအမျိုးကောင်းသားသည်။ သကံ ပိတရံ၊ မိမိ၏ အဘရင်းကို။ ဧဝံ၊ ဤသို့။ ဝက္ခတိ နာမ၊ ပြောရသေး၏။ ဇနော၊ တစိမ်း ဖြစ်သောလူသည်။ ဇနံ၊ တစိမ်းဖြစ်သောလူကို။ ကိမင်္ဂံ ပန၊ အဘယ် မပြောဘဲ ရှိနိုင်အံ့နည်း။

လွန်ခဲ့သော (၁၃၂၃-၂၄)ခုနှစ်လောက်က ဘုန်းကြီးများနေရာ အလှူအတန်း၌ အလွန်ရက်ရောလေ့ရှိသော မိုးကုတ်မြို့မှာလည်း အဝေးမှ လာရောက်ကြသော ငွေအလှူခံသူ ဘုန်းကြီးများ အလွန်ပေါများလှသဖြင့် ဈေးလည်,လမ်းမ,ထာပွဲစသည်တို့၌ ကျောက်ကုန်သည်လေးငါးဦးစုမိ၍ ကျောက်ကြည့်နေကြစဉ်မှာပင် အလှူခံဘုန်းကြီးများ လမ်းကြို,လမ်းကြားမှ ရုတ်တရက် ပေါ်လာရောက်လာလျှင် လူစုခွဲ၍ ရှောင်ဖဲထွက်ပြေးနိုင် ကြရန် အခြားတဦး,နှစ်ဦးက တောင်မြောက်လေးပါးကို သတိထား၍ စောင့်ကြည့်နေကြရလေသည်၊ အချို့အိမ်များမှာလည်း “အလှူခံများ သည်းခံပါ”ဟူသော ဆိုင်းဘုတ်ကိုပင် ရေးသား၍ ချိတ်ဆွဲထားကြရ ဘူးလေသည်။

ထိုသို့သော ဆိုင်းဘုတ်မျိုး ရေးဆွဲမှုကို လက်မခံနိုင်တဲ့ အမြဲတန်း အပြစ်တင်၍ ကန့်ကွက်လေ့ရှိသော ဒါယကာတဦးက ဤစာအုပ်ကို ရေးနေစဉ်မှာပင် ဘုန်းကြီးအား လျှောက်ထားပြောပြဘူးသော အဖြစ် အပျက်တခုကို ဆက်လက်ထည့်သွင်းပါဦးမည်။

အထက်ပါ ဒါယကာကြီး၏ နေအိမ်သည် တရပ်လုံး၏ အတော် အတွင်းကျသောနေရာ၌ တည်ရှိသဖြင့် လမ်းဘေးနီးသော အခြားအိမ် များလောက် အလှူခံ ရဟန်းတော်များ အရောက်အပေါက်မများဘဲ နည်းပါးလျက် ရှိနေချိန်တွင် ၎င်းဒါယကာကြီးသည် အခြားအိမ်များ၌ “အလှူခံများ သည်းခံပါ” ဟူသော ဆိုင်းဘုတ် ချိတ်ဆွဲထားသည်ကို အမြဲတန်း ပြစ်တင်ရှုံ့ချလေ့ရှိလေသည်။

များမကြာမီ တနေ့တွင် ၎င်းမရှိခိုက် ၎င်း၏အိမ်သို့ မန္တလေးတောင်၌ ကျောင်းဆောက်ရန် ဟူသော အကြောင်းပြချက်ဖြင့် အလှူခံဘုန်းကြီး လေးပါး ရောက်ရှိလာလေသည်၊ ၎င်း၏သားအငယ်နှင့်တွေ့၍ သားငယ်က ကျောင်းဆောက်ရန် ငွေ(၄ပိ)လှူလိုက်လေသည်။

ငှင်းနောက် ငါးရက်ခန့်ကြာသောအခါ ငှင်းအလှူရှင် ဒါယကာ ကလေး၏ အခည်ကိုမေး၍ ရန်ကုန်မြို့၌ ကျောင်းဆောက်ရန်ဟူသော အကြောင်းပြဖြင့် ဘုန်းကြီးလေးပါး အဆိုပါဒါယကာကြီးအိမ်သို့ ရောက် လာပြန်သည်၊ ဤအကြိမ်တွင်လည်း သားကြီးနှင့်သာတွေ့၍ သားကြီးက ငွေ(၅ဝိ)လှူလိုက်ပြန်သည်။

ငါးရက်ခန့် ကြာသောအခါ သားကလေးနှင့် သားကြီးတို့၏ အခည်များကို မေးမြန်း၍ အလှူခံဘုန်းကြီးသုံးပါး ကြွလာပြန်သည်၊ ဤတတိယအကြိမ်တွင် ဒါယကာကြီးကိုယ်တိုင်တွေ့၍ ဒါယကာကြီးက ငွေ (၂ဝိ)လှူလိုက်ရာ အလှူခံဘုန်းကြီးများက အလွန်နည်းသေးကြောင်း သက်နိုးတစုံဘိုးပြည့်အောင် (၃၅)ကျပ်အထိ လှူစေလိုကြောင်း ထပ် တလဲလဲပူဆာ၍ စိတ်မချမ်းမသာဖြစ်ပြီးလျှင် ဩော်.... စောစောကပင် အခြားသော အိမ်များကဲ့သို့ ဆိုင်းဘုတ်ရေးဆွဲထားရလျှင် ကောင်းလိမ့် မည်ဟု စဉ်းစားမိကြောင်းနှင့် ဤတစုသည်းသော ဘုန်းကြီးများသည်ပင် သုံးကြိမ်တိုင်တိုင် ထပ်၍ထပ်၍ အလှူခံသွားကြောင်းဖြင့် ဘုန်းကြီးအား လျှောက်ထားဘူးလေသည်။

---

## ပဋိဂ္ဂဟလာမတ္တညု၏ ဂုဏ်ကျေးဇူးများ

ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်တို့ဖြင့် တောင်းခံမှု၌ အတိုင်း အရှည်မသိခြင်း၏အပြစ် ကျေးဇူးမဲ့များကို သိရှိနိုင်လောက်ပြီဖြစ်၍ ယခု အခါ၌ တောင်းခံမှု၌ အတိုင်းအရှည်ကိုသိခြင်း၏ ဂုဏ်ကျေးဇူးများကို ရေးသားဖေါ်ပြရန် အခွင့်ရောက်ရှိသည်အားလျော်စွာ အောက်ပါ ကော်တ္တရ အဋ္ဌကထာပါဌ်ကို အမှီပြု၍ ရေးသားဖေါ်ပြလိုက်ပါသည်။

> "ဧဝံ မတ္တံ ဉတွာ ပဋိဂ္ဂဏှန္တော ဟိ အပ္ပိစ္ဆ ပဋိပဒံ ပူရေတိ၊ အနုပ္ပန္နသာ လာဘော ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နော လာဘော ထာဝရော ဟောတိ၊ အပ္ပသန္နာ ပသီဒန္တိ၊ ပသန္နာပိ ဘိယျော ပသာဒမာပဇ္ဇန္တိ၊ မဟာဇနဿ စက္ခုဘူတော ဟောတိ၊ သာသနံ စိရဋ္ဌိတိကံ ကရောတိ"။

အနက်— ဟိ၊အကျိုးကိုဆိုဦးအံ့။ဧဝံ၊ ဤသို့။ မတ္တံ၊ အတိုင်းအရှည်ကို။ ဉတွာ၊ သိ၍။ ပဋိဂ္ဂဏှန္တော၊ ခံယူသောရဟန်းသည်။ အပ္ပိစ္ဆပဋိပဒံ၊ အလိုနည်းခြင်းအကျင့်ကို။ ပူရေတိ၊ ပြည့်၏။ အဿ၊ ထိုရဟန်းအား။

အနုပ္ပန္နော၊ မဖြစ်သေးသော။ လာဘော၊ လာဘ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပ္ပန္နော၊ ဖြစ်ပြီးသော။ လာဘော၊ လာဘ်သည်။ ထာဝရော၊ မြဲမြန်သည်သာလျှင်။ ဟောတိ။ ဖြစ်၏။ အပ္ပသန္နာ၊ မကြည်ညိုသေးကုန်သောသူတို့သည်။ ပသီဒန္တိ၊ ကြည်ညိုကုန်၏။ ပသန္နာပိ၊ ကြည်ညိုပြီးသောသူတို့သည်လည်း။ ဘိယျော၊ လွန်စွာ၊ ပသာဒံ၊ ကြည်ညိုခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ မဟာဇနဿ၊ လူအပေါင်း၏။ စက္ခုဘူတော၊ စံပြမျက်ရှုဉာဏ်စက္ခုကဲ့သို့ ဖြစ်၍ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သာသနံ၊ သာသနာတော်ကို။ စိရဋ္ဌိတိကံ၊ ကြာမြင့်စွာတည်သည်ကို။ ကရောတိ၊ ပြု၏။

"အနုပ္ပန္နဿ လာဘော ဥပ္ပဇ္ဇတိ" အဋ္ဌကထာပါဠိအရ ပဋိဂ္ဂဟာကမတ္တညုပုဂ္ဂိုလ်အား မဖြစ်သေးသော လာဘ်သပ္ပကာများ ဖြစ်ပေါ်လာပုံဝတ္ထုသက်သေမှာ—

ရှေးသရောအခါ ရောဟဏဇနပုဒ် ကုဋ္ဋမ္ဗရိယရွာကျောင်း၌ ရဟန်းငယ်တပါး သီတင်းသုံးနေထိုင်တော်မူလေသည်၊ ထိုရဟန်းငယ်သည် ငတ်မွတ်ခေါင်းပါးအစားရှားရာဒုဗ္ဘိက္ခအခါ၌ ဒါယကာအိမ်တအိမ်တွင် ကြွလာသောအခါ၌ စားသုံးဘုဉ်းပေးရန် ဆွမ်းတယောက်မကို ရယူဘုဉ်းပေးပြီးလျှင်ကြွသွားသောအခါ၌လည်း ကျောင်းသို့ဆောင်ယူသွားရန် ဆွမ်းတယောက်မကို နေ့စဉ်နေ့တိုင်း ခံယူရရှိလေ့ရှိလေ၏၊ ထိုရဟန်းငယ်သည် တနေ့သောအခါဝယ် ထိုအိမ်၌ အာဂန္တုရဟန်းတော်တပါး ထိုင်နေသည်ကို မြင်သဖြင့် ဆွမ်းတယောက်မထည်းကိုသာ ခံယူလေ၏၊ ထိုအခါ ဒါယကာက "အရှင်ဘုရား နေ့စဉ်နှစ်ယောက်မသော ဆွမ်းကို ခံယူလေ့ရှိပါလျက် ယနေ့ကား အဘယ့်ကြောင့် တယောက်မထည်းကိုသာ ခံယူပါသနည်း" ဟုလျှောက်ထားရာ "ဒါယကာတို့ ငါသည် ယနေ့ဤအိမ်၌ အာဂန္တုတပါး ထိုင်နေသည်ကိုမြင်သဖြင့် ဆွမ်းတယောက်မကို အာဂန္တုအရှင်အား လောင်းလှူနိုင်ကြရန် သဘောထား၍ တယောက်မထည်းကိုသာ ခံယူပါသည်" ဟု ပြန်လည်ပြောကြားလေ၏။ ထိုအခါ ဒါယကာတို့သည် ရဟန်းငယ်၌ ကြည်ညိုမှုသဒ္ဓါတရား ဖြစ်ပွားတိုးတက်လာသည်အားလျော်စွာ ရဟန်းငယ်၏ အပ္ပိစ္ဆဂုဏ်သတင်းကို ထုံသင်းသိုင်ပျံ့နယ်မဆံ့အောင် ကြဲဖြန့်ကျေညာကြလေရာ များစွာသော လူအပေါင်းတို့သည် ရဟန်းငယ်၏အပ္ပိစ္ဆဂုဏ်၌ ကြည်ယုံလေးစား စေတနာဖြစ်ပွားကြသဖြင့် တနေ့ထည်းဖြင့်ပင် ခြောက်ဆယ်သော နိစ္စဘတ်ဆွမ်းအုပ်တို့ကို ဖြစ်ပွားစေကုန်၍ ရဟန်းငယ်အား လှူဒါန်းကိုးကွယ်ကြလေသတည်း။

"အပ္ပသန္နာ ပသီဒန္တိ"အဋ္ဌကထာပါဌ်အရ တောင်းခံခြင်း၌ အတိုင်းအရှည်ကိုသိသော ရဟန်းအား မကြည်ညိုကုန်သောသူများ ကြည်ညိုလာပုံ ဝတ္ထုသက်သေမှာ—

ရှေးအခါက ဒိဃမည်သော ပုဏ္ဏားသည် များစွာသောပုဏ္ဏားတို့ကို ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးသော ရှိရာ ပုဏ္ဏားတယောက်တယောက်လျှင် ဆွမ်းငါးပန်းကန်စီတို့ကို လှူဒါန်းပေးကမ်း၍ လုပ်ကျွေးပါသော်လည်း ပုဏ္ဏားတို့အား တင်းတိမ်ရောင့်ရဲ အလိုနည်းစေခြင်းငှာ မစွမ်းနိုင်ရှိလေ၏၊ တနေ့သောအခါဝယ် ထိုဒိဃပုဏ္ဏားသည် "ရဟန်းတို့ မည်သည်ကား တင်းတိမ်ရောင့်ရဲ အလိုနည်းသော ရှိကုန်၏" ဟု ကြားရဘူးသဖြင့် ဟုတ်, မဟုတ်ကို စုံစမ်းသော လာခြင်းငှာ အခြေအရံတို့အား ဆွမ်းကိုယူစေ၍ သုံးကျိပ်ကုန်သော ရဟန်းတို့ ဆွမ်းဘုဉ်းပေးနေရာ ဆွမ်းစားစရပ်သို့ သွားပြီးလျှင် တပန်းကန်သောဆွမ်းကို သံဃာ့မထေရ်အား ကပ်လှူလေ၏ ထိုအခါ သံဃာ့မထေရ်သည် အနည်းငယ်မျှသော ဆွမ်းကိုသာခံယူလေ၏။ ထိုအခါ ပုဏ္ဏားသည် ထိုမထေရ်ကြီးမှ ကျန်သော ဆွမ်းပန်းကန်ကိုပင် ယူဆောင်၍ ဒုတိယမထေရ်သို့ ချဉ်းကပ်လှူဒါန်းပြန်လေ၏၊ ဒုတိယမထေရ်သည်လည်း အနည်းငယ်မျှသော ဆွမ်းကိုသာ ခံယူလေ၏။ ဤနည်းနှင်နှင် တပန်းကန်ထည်းသော ဆွမ်းသည်ပင် သုံးကျိပ်ကုန်သော ရဟန်းတို့သို့ အစေ့အငရောက်ရှိလှူဒါန်းရလေ၏။ ထိုအခါ ပုဏ္ဏားသည် "ဩော်.... ရဟန်းတို့၏ အပ္ပိစ္ဆဂုဏ်သည် သင်းထုံပျံ့ရှား ကျော်ကြားသည့်အတိုင်း မမှားကေန်တကယ်ပင်မှန်စွာတကား" ဟု အောက်မေ့သိရှိရ၍ အပ္ပိစ္ဆတာဂုဏ်၌ ကြည်ညိုလှသဖြင့် ထိုကျောင်းတိုက်အတွင်းမှာပင် တထောင်သော အသပြာငွေကို စွန့်လွှတ်၍ စေတီတဆူ တည်ထား ကိုးကွယ်ပြီးလျှင် ရဟန်းတို့အားလည်း ဆွမ်းစသော အာမိသတို့ဖြင့် အမြဲလှူဒါန်း၍ ကိုးကွယ်ပူဇော်လေသတည်း။

"ပသန္နာဘိယျော ပသာဒမာပဇ္ဇန္တိ"အဋ္ဌကထာပါဌ်အရ တောင်းခံခြင်း၌ အတိုင်းအရှည်ကိုသိသော ရဟန်းအား ကြည်ညိုပြီးသောသူတို့ အတိုင်းထက်အလွန်ပို၍ ကြည်ညိုလာပုံ ဝတ္ထုသက်သေကို ထုတ်ဆောင် ဖော်ပြရန်မလိုပါ၊ အပ္ပိစ္ဆပုဂ္ဂိုလ်ကို တွေ့မြင်ဖူးမျှော်ကြရလျှင် ကြည်ညိုရင်း ရှိကုန်သော သူတို့၏ ကြည်ညိုမှုစေတနာ သဒ္ဓါတရားတို့သည် ဓမ္မတာ သဘာဝအားဖြင့် ပွားများတိုးတက်လာကြမည်ပင် ဖြစ်တော့သည်၊ ထို့ကြောင့် "ပသန္နာနံ ဟိ အပ္ပိစ္ဆံ ဒိသွာ ပသာဒေါ ဘိယျော ဝဍ္ဎတိ-သော" ဟု အဋ္ဌကထာဆရာ မိန့်ဆိုတော်မူပါသည်။

"မဟာဇနသ စက္ကျဘူတော ဟောတိ"အဋ္ဌကထာပါဠိအရ ဓတောင်းခံခြင်း၌ အတိုင်းအရှည်ကို သိသောရဟန်းသည် အမျိုးကောင်းသား သူတော်ကောင်းအများ၏ စံပြမျက်ရှုဉာဏ်စက္ခုကဲ့သို့ ဖြစ်ပုံမှာလည်း ဖော်ပြခဲ့ပြီးသော မဏ္ဍိနိကမထေရ် ကုဋုမ္ဗရိယကျောင်းနေ စသူတို့ကဲ့သို့ အပ္ပိစ္ဆတာဂုဏ်နှင့် ပြည့်စုံကုန်သော သူတော်ကောင်းအရှင်မြတ်တို့ကို ဖူးမျှော်တွေ့မြင် ကြားသိရပါလျှင် အမျိုးကောင်းသား သူတော်ကောင်း အများတို့သည် ဒိဋ္ဌာနုဂတိအားဖြင့် အားကျကာ အတုယူ၍ ပြုမူကျင့်ကြံ ကြမည်ပင် ဖြစ်ပါသည်။

"သာသနံ စိရဋ္ဌိတိကံ ကရောတိ"အဋ္ဌကထာပါဠိအရ တောင်းခံခြင်း၌ အတိုင်းအရှည်ကို သိသောပုဂ္ဂိုလ်သည် သာသနာတော်ကို ရှည်မြင့်စွာတည်တံ့သည်ကို ပြုနိုင်ပုံကိုလည်း"အပ္ပိစ္ဆတာ ဝိဂ္ဂဝေ သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတိ" ဂါထာချစ်သား ရဟန်းများတို့ အလိုနည်းသည်၏ အဖြစ်သည် သူတော်ကောင်းတရား ဟူသော သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်းအကျိုးငှာ မပျက် မစီးခြင်း အကျိုးငှာ မကွယ်ပျောက်ခြင်း အကျိုးငှာဖြစ်၏"ဟု အင်္ဂုတ္တရ နိကာယ် ဧကမ္မဝဂ်၌ မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ထိုသို့ သာသနာတော်ကို ကြာမြင့်စွာ တည်သည်ကို ပြုနိုင်သော အကြောင်းတို့မှာလည်း မဖြစ်ပေါ်သေးသော လာဘ်သပ္ပကာ လေးဖြာ အာမိသတို့ကို ဖြစ်ပေါ်စေခြင်း လူအပေါင်းအား ကြည်ညိုမှုသဒ္ဓါတရားကို ဖြစ်ပွားတိုးတက်စေခြင်းများပင် ဖြစ်ပါသည်။ ထိုသို့ လာဘ်သပ္ပကာ သဒ္ဓါတရားတို့ကို ဖြစ်ပွားစေခြင်းဖြင့် သာသနာတော်ကို ကြာမြင့်စွာ တည်စေနိုင်သည်ဟူလို။

ထို့ကြောင့် အင်္ဂုတ္တရနိကာ ဧကမ္မဝဂ်၌—

"သာသနံ စိရဋ္ဌိတိကံ ကရောဘီတိ အနုပ္ပန္နလာဘုပ္ပါဒနေန မဟာဇနဿ ပသာဒုပ္ပါဒနေန စ စိရဋ္ဌိတိကံ ကရောတိ"ဟု မိန့်ဆို တော်မူပါသည်။

---

## ပရိဘောဂမတ္တညူ

ပရိဘောဂမတ္တညူကို သုတ္တနိပါတ်အဋ္ဌကထာ ရာဟုလသုတ်အဖွင့်၌ "ပရိဘောဂမတ္တညုနာ ပုတ္တမံသံ ဝိယ အက္ခဗ္ဘဥ္ဇနမိဝ စ ယောနိသော မနသိကရိတွာ ဘောဇနံ ပရိဘုဥ္ဇိတဗ္ဗန္တိ"ဟူ၍ ပြဆိုလျက်ရှိရာ ဤအရာ၌

ပုတ္တမံသူပမသုတ်စသည်ကို ထည့်ဆိုရေးသားခဲ့ပါလျှင် အလွန်ကျယ်ဝန်းလှမည်ကို စိုးသဖြင့် "ယောနိသောမနသိကာရိတွာ ဘောဇနံ ပရိဘုဉ္ဇိတဗ္ဗန္တိ"ဟူသော ဤအဋ္ဌကထာပါဌ်အရ ဆွမ်းပစ္စည်း၌ "ပဋိသင်္ခါ ယောနိသော"စသည်ဖြင့် မြတ်စွာဘုရား ဟောတော်မူအပ်သော ပစ္စဝေက္ခဏာကာရပါဠိတော်အတိုင်း အင်္ဂါရှစ်ပါး အကျိုးရှစ်ပါးကိုသာ ရှုယ်မှန်းနှလုံးသွင်း၍ မှီဝဲစားသုံးနိုင်ပါလျှင် ပရိဘောဂမတ္တညူဖြစ်တော့သည်ဟု အကျဉ်းအားဖြင့် မှတ်သားသင့်ပါသည်။

အင်္ဂါရှစ်ပါး, အကျိုးရှစ်ပါးဟူသည်ကိုလည်း မဟာနိဒ္ဒေသ အဋ္ဌကထာ၌ ဖွင့်ဆိုလျက်ရှိသည့်အတိုင်း အကျဉ်းပြဆိုဦးမည်။

၁။ "နေဝ ဒဝါယာတိ ဟိ ဧကံ အင်္ဂံ" ဂျမ်းသမား ကချေသည်တို့ကဲ့သို့ ကခြင်း, သီခြင်း, ကဗျာလင်္ကာ, ဂါထာဗန္ဓဖွဲ့ခြင်းဟု ဆိုအပ်သော ရွှင်မြူးခြင်း၏ ကောင်းစွာ ဖြစ်ပေါ်ထင်ရှားစေခြင်း အကျိုးငှာ ရည်မှန်း၍ဆွမ်းကိုမစားမသုံး မမှီဝဲခြင်းသည် အင်္ဂါတပါး အကျိုးတပါး။

၂။ "န မဒါယာတိ ဧကံ" မင်း, မင်းအမတ်တို့ကဲ့သို့ မာန်ရစ်ခြင်း အကျိုးငှာ ရည်မှန်း၍ ခဲဘွယ်ဘောဇဉ်ကို မစားမသုံးခြင်းသည် အင်္ဂါတပါး,အကျိုးတပါး။

၃။ "န မဏ္ဍနာယာတိဧကံ" ပြည့်တန်ဆာမ,မင်းမောင်းမစသည်တို့သည် အင်္ဂါကြီးငယ် အပိုင်းအဆစ် ပြေပြစ်စေရန်ရင်း, အရေအဆင်း လှပကြည်လင်စေရန်ရင်း ထောပတ်,တင်လဲစသည်တို့ကို စားသုံးသကဲ့သို့ အဆင်းအင်္ဂါတို့ကို လှပစေခြင်း, တန်ဆာဆင်ခြင်းငှာ ရည်မှန်း၍ ခဲဘွယ်ဘောဇဉ်ကို မစားမသုံးခြင်းသည် အင်္ဂါတပါး, အကျိုးတပါး။

၄။ "န ဝိဘူသနာယာတိ ဧကံ"လက်ဝှေ့သမား လက်ပန်းသမားတို့သည် အသွေးအသား တိုးပွားစေရန် အလွန်နူးညံ့ကုန်သော အသားငါးတို့ကို စားသုံးကုန်သကဲ့သို့ တိုးပွားစေသောအားဖြင့် အသွေးအသားကို တန်ဆာဆင်ခြင်းငှာ ရည်မှန်း၍ ခဲဘွယ်ဘောဇဉ်ကို မစားမသုံးခြင်းသည် အင်္ဂါတပါး,အကျိုးတပါး။

၅။ "ယာဝဒေဝ ဇုမဿ ကာယဿ ဋ္ဌိတိယာ ယာပနာယာတိ ကော်" ဤခန္ဓာကိုယ်၏ တည်တန့်စေခြင်း အကျိုးငှာရင်း, ဇီဝိတိန္ဒြေ၏ မျှတစေခြင်း အကျိုးငှာရင်း ရည်မှန်း၍ ခဲဘွယ်ဘောဇဉ်ကို စားသုံးမှီဝဲခြင်းသည် အင်္ဂါတပါး,အကျိုးတပါး။

ဇုဒမဿ အာဟာရာဟရဏေ ပယောဇနန္တိ အတ္တော။

မဟာနိဒ္ဒေသအဋ္ဌကထာ။

၆။ "ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယာတိ ကော်"ဆာလောင်မွတ်သိပ်ခြင်းကို ငြိမ်းစေခြင်း အကျိုးငှာရင်း, သိက္ခာသုံးပါး သာသနာတော်တရားကို ချီးမြှောက်ခြင်း အကျိုးငှာရင်း ရည်မှန်း၍ ခဲဘွယ်ဘောဇဉ်ကို စားသုံးမှီဝဲခြင်းသည်အင်္ဂါတပါး,အကျိုးတပါး။

၇။ "ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိတိ ကော်" မစားမသုံးခြင်းကြောင့်ဖြစ်သော ဝေဒနာကိုလည်း ပယ်ဖျောက်အံ့ အလွန်စားခြင်းကြောင့် ဖြစ်တတ်သော ဝေဒနာကိုလည်း မဖြစ်စေအံ့ဟု ဆင်ခြင်စဉ်းစား သဘောထား၍ စားသုံးခြင်းသည် အင်္ဂါတပါး,အကျိုးတပါး။

၈။ "ယာတြာစ မေ ဘဝိဿတီတိ ကော်အင်"ငါ့အား မျှတခြင်းသည် ဖြစ်လတ္တံ့ဟု ဆင်ခြင်စဉ်းစား သဘောထား၍ စားသုံးခြင်းသည် အင်္ဂါတပါး,အကျိုးတပါး။

ဤပစ္စဝေက္ခဏာကာရ ပါဠိတော်ကို အကျဉ်းအဓိပ္ပါယ် ရေးသားဖော်ပြရာ၌ ကျန်ရှိခဲ့သော "အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ"ဟူသော ပါဠိတော်ကို ဤသို့ အင်္ဂါရှစ်ပါးနှင့်ညီစွာ စားသုံးခြင်း၏ အကျိုးဆက်အာနိသင်ပြအဖြစ်ဖြင့် "အနဝဇ္ဇတာ စ ဖာသုဝိဟာရောစာတိ အယမေတ္ထ ဘောဇနာနိသံသော"ဟူ၍ မဟာနိဒ္ဒေသအဋ္ဌကထာဆရာ "အရှင်ဥပသေန" မထေရ်မြတ်က မိမိ၏သကဝါဒအဖြစ်ဖြင့် ပြဆိုတော်မူလေသည်။

မဟာသိဝမထေရ်မြတ်၏ ဝါဒကို ပြဆိုရာ၌လည်း အနဝဇ္ဇတာပုဒ်ကို ချန်ပြီးလျှင် "ဖာသုဝိဟာရော ပန ဘောဇနာနိသံသောတိ"ဟူ၍ပင် ပြဆိုတော်မူပါသည်။

ဤပါဠိတော်၌ "အနဝဇ္ဇတာ"ဟူသောပုဒ်၏ အဓိပ္ပါယ်အကျဉ်းကိုလည်း ရေးသားဖော်ပြသင့်ပါသည်။

အနေသနစသည်ဖြင့် တရားနှင့်မလျော်သော ရှာမှီးခြင်းဖြင့်၎င်း, အဘိုင်းအရှည်စသည်မရှိ တောင်းခံခြင်းဖြင့်၎င်း အတိုင်းအရှည် စသည်မရှိ စားသုံးခြင်းဖြင့်၎င်း ရှာမှီးတောင်းခံ စားသုံးခြင်းသည် အပြစ်ရှိသော "သာဝဇ္ဇ"မည်၏။

ထိုမှအပြန်အလှန်ဖြစ်သော တရားနှင့်လျော်စွာ ရှာမှီးတောင်းခံ စားသုံးခြင်းသည် အပြစ်ကင်းသော "အနဝဇ္ဇ"မည်၏။

ဤအနဝဇ္ဇဆွမ်းခဲဘွယ်ကိုပင် ပစ္စဝေက္ခဏာလွတ်ကင်း အတိုင်းအရှည်ကို မသိခြင်းကြောင့် အချို့သူများသည် အပြစ်ရှိသော "သာဝဇ္ဇ" ဖြစ်အောင် ပြုလုပ်တတ်သည်ကိုလည်း အောက်ပါအတိုင်း အဋ္ဌကထာဆရာ မိန့်မှာပေါ်ပြလျက်ရှိလေသည်။

---

## အော့နာဝမ်းကျ စားလွန်းလှ

"လဒ္ဓံ မေ"တိ ကတွာ ပမာဏာတိက္ကန္တံ ဘုဉ္ဇတိ၊ တံ ဇီရာပေတုံ အသက္ကောန္တော ဥဒ္ဓံဝိရေစနအဓောဝိရေစနာဒီဟိ ကိလမတိ၊ သကလဝိဟာရေ ဘိက္ခူ တဿ သရီရပဋိဇဂ္ဂနဘေသဇ္ဇပရိယေ သနာဒီသု ဥဿုက္ကံ အာပဇ္ဇန္တိ၊

ကိံ ဣဒန္တိ ဝုတ္တေ အသုကဿ နာမ ဥဒရံ ဥဒ္ဓုမာတန္တိအာဒိံ ဝဒန္တိ။ ဧသ နိစ္စကာလမ္ပိ ဧဝံ ပကတိကောယေဝ၊ အတ္တနော ကုစ္ဆိပ္ပမာဏံ နာမ န ဇာနာတီတိ နိန္ဒန္တိ ဂရဟန္တိ။ အယံ အနဝဇ္ဇေ ယေဝ သာဝဇ္ဇံ ကရောတိ နာမ။ **မဟာနိဒ္ဒေသအဋ္ဌကထာ။**

အနက်— မေ၊ ငါသည်။ လဒ္ဓံ၊ ရအပ်ပြီ။ ဣတိကတွာ၊ ဤသို့ ရသဂေဓ လောဘလွန်မှု စိတ်ထားပြု၍။ ပမာဏာတိက္ကန္တံ၊ အတိုင်းအရှည် ထက် လွန်သည်ကို။ ဘုဉ္ဇတိ၊ စား၏။ တံ၊ထိုစားသမျှအစာကို။ ဇီရာပေတုံ၊ ကျေကျက်စေခြင်းငှာ။ အသက္ကောန္တော၊ မစွမ်းနိုင်သည်ဖြစ်၍။ ဝါ၊ မစွမ်း နိုင်သောကြောင့်၊ ဥဒ္ဓံဝိရေစနအဓောဝိရေစနာဒီဟိ၊ အထက်သို့အန်ခြင်း, အောက်သို့လျှောခြင်း စသည်တို့ဖြင့်။ ဝါ၊ အော့နာဝမ်းကျ စသည်တို့ဖြင့်။ ကိလမတိ၊ ပင်ပန်း၏။ သကလဝိဟာရေ၊ တကျောင်းတိုက်လုံး၌။ ဘိက္ခူ၊

သီတင်းသုံးဖော် ရဟန်းတော်တို့သည်။ တဿ၊ ထိုအော့နှာဝမ်းကျဖြစ်သော ရဟန်း၏။ သရီရပဋိဇဂ္ဂနဘေသဇ္ဇပရိယေသနာဒိသု။ ကိုယ်ကိုပြုစု သုတ်သင်ခြင်း,ဆေးဝါးရှာခြင်းစသည်တို့၌။ ဥဿုက္ကံ၊ ကြောင့်ကြစိုက်ရခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ ကိံ ဣဒန္တိ ဝုတ္တေ၊ ဒါဘာဖြစ်ကြသနည်းဟု မေးအပ်သည်ရှိသော်။ အသုကဿ နာမ ဥဒရံ ဥဒ္ဓုမာတကံ၊ ဤမည်သော ရဟန်းအား ဝမ်းရောင်၏ဟူ၍။ ဣတိအာဒိံ၊ ဤသို့အစရှိသော စကားကို။ ဝဒန္တိ၊ ပြောကြရကုန်၏။ သော နိစ္စကာလမ္ပိ ဧဝံ ပကာသိတော ဟောဝ၊ အတ္တနော ကုစ္ဆိပမာဏံ နာမ န ဇာနာတိ၊ ဤရဟန်းသည် အခါခပ်သိမ်း ဤသို့ဖြစ်တတ်သော သဘောရှိသည့်သာလျှင်တည်း၊ မိမိဝမ်း အတိုင်းအရှည်ကို မသိဘတ်။ ဣတိ၊ ဤသို့။ နိန္ဒန္တိ ဂရဟန္တိ၊ ကဲ့ရဲ့ကြကုန်၏။ အယံ၊ ဤရဟန်းသည်။ အနုပဓေယျဝ၊ အပြစ်ခဲ့သောစွမ်းခဲတွယ်၍ပင်လျှင်၊ သာဝဇ္ဇံ၊ အပြစ်ရှိသည်ကို။ ကရောတိနာမ၊ ပြုသည်မည်၏။

ဖာသုဝိဟာရော စ ဟူသောပုဒ်၏ အဓိပ္ပါယ်ကိုလည်း အဌကထာ သဘောအတိုင်း ရေးသားဖော်ပြပါဦးမည်။

ခဲဘွယ်ဘောဇဉ်ကို စားသုံးခြင်းကြောင့် ချမ်းသာစွာ မနေရခြင်းသည်။ "န ဖာသုဝိဟာရ"မည်၍၊ ချမ်းသာစွာနေခြင်းသည်"ဖာသုဝိဟာရ" မည်၏။ ထိုနှစ်မျိုးတို့တွင် အာဟာရဟတ္ထကစသော ပုဏ္ဏားငါးဦးတို့၏ စားသုံးမှီဝဲခြင်းကဲ့သို့ စားသုံးခြင်းသည်၊ "န ဖာသုဝိဟာရ"မည်၏၊ (ချမ်းသာစွာမနေရဟူလို)

အနည်းငယ် ချဲ့တွင်ရေးသားပါဦးမည် ထိုပုဏ္ဏားငါးယောက်တို့တွင် အာဟာရဟတ္ထကပုဏ္ဏားသည်၊ အလွန်များစွာစားသောက်ခြင်းကြောင့် မိမိ အလိုအလျောက် မထနိုင်တော့သဖြင့်"အာဟာရဟတ္ထံ လက်ကိုဆွဲပေးကြပါဦး"ဟု အကူအညီတောင်းရလေသည်။

အလံသာဋကပုဏ္ဏားသည် အလွန်များစွာ စားသုံးခြင်းကြောင့် ဝမ်း,ရင်,နံပါး ရောင်ဖော၍ ကားလာသဖြင့် ပုဆိုးဝတ်မဝတ်နိုင်အောင် ဖြစ်ရှေရှာလေသည်။

တတ္ထဝဋ္ဋကပုဏ္ဏားသည် အလွန်များစွာ စားသောက်ခြင်းကြောင့် စားပိုးနင့်၍ ဗိုက်လေးလွန်းသဖြင့် ထူမသော်လည်း မထနိုင်တော့ဘဲ ထိုနေရာမှာပင် လူးလှိမ့်အိပ်နေရတော့သည်။

ကာကမာသကပုဏ္ဏားသည် ပါးစပ်မှ ကျိုးနိုက်၍ စားနိုင်လောက်အောင် လည်ချောင်း,အာစောက်အပြည့် အလွန်အကျွံ စားထားလေသည်။

ဘုတ္တဝမိတကပုဏ္ဏားသည် ပါးစပ်ဖြင့်ပိတ်ဆို့၍ မထားနိုင်တော့ဘဲ ထိုစားရာနေရာမှာပင်လျှင် အန်ထုတ်ရအောင် အလွန်များပြားစွာ စားသုံးလေသည်။

ထိုငါးယောက်တို့ကဲ့သို့ အဆင်အခြင်မဲ့စွာ တဏှာရှေ့သွား အလွန်မစားဘဲ တရားစစ်သူကြီးအရှင်သာရိပုတ္တရာ၏ ပညာနှလုံးသွင်းစားသုံးခြင်းကဲ့သို့ သင့်တင့်လျောက်ပတ်စွာ စားသုံးခြင်းသည် ချမ်းသာစွာ ကရားအားထုတ်၍ နေရခြင်းကို ဖြစ်စေတတ်သော "ဖာသုဝိဟာရ"မည်၏။

မြတ်စွာဘုရား၏ လက်ျာတော်ရံ ပညာဉာဏ်အရာ မဟာတေဒဂ်ဂေဇက်တော်ရ မြင့်မြတ်လှသော ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် (၄၅)ဝါ ကာလပတ်လုံး မည်သည့်အခါမှ အစာမကျေသေချဉ်ပြန်အောင် အစားမကြူးနေခဲ့ဘူးကြောင်း။

ထိုသို့ အစားမကြူး နေခဲ့ဘူးသော ဂုဏ်ထူးဝိသိဋ္ဌ သမန္တာသကို ပဋိမဘာ နောင်သာနောက်သား ငါတို့အားကို လိုက်စားပြုမှု အတုယူ၍ အတူမသွေ ကျင့်ကြစေဟု ဒေသနာသသော ကြူးရင့်ကာဟောခြင်းဖြင့် "စတ္တာရော ပဉ္စ အာလောပေ"အစရှိသော ဂါထာကို မိန့်မှာကျူးရင့်ဘော်မူခဲ့ကြောင်းကို—

"သော ကိရ ပဉ္စစတ္တာလီသဝဿာနိ တိဋ္ဌမာနော ပဏ္ဍာဘတ္တေ အမ္ဗိလုဂ္ဂါရသမုဋ္ဌာပကံ ကတွာ ကောဒိဝသဓ္ဓိ အာဟာရံ န အာဟာရေ သိန္တိဝတွာ သီဟာနာဒံ နဒန္တော ဣမံ ဂါထမာဟ"။

စတ္တာရော ပဉ္စအာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ။
အလံ ဖာသု ဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။ ။

ဟူ၍"နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာပုတ္တမံသူပမသုတ်"အဖွင့်၌ မိန့်ဆိုတော်မူလျက်ရှိလေသည်။

အနက်— စတ္တာရော ပဉ္စအာလောပေ၊ဆွမ်းလွေးဆွမ်းဆုပ်လေးငါးလုပ်တို့ကို။ အဘုတွာ၊ ရေတို့နေရာ ရမိမ့်ဌာလျှင် ချန်ကာခြွင်းထား အလျှင်းမစားမူ၍။ ဥဒကံ၊ ရေကို။ ပိဝေ၊ သောက်ရာ၏။ အယံ၊ ဤလေးငါးလုပ်

ရေဘို့နှုတ်၍ လျော့ယုတ်ဖြည့်တင်း ပေါ့ပါးသော အသက်မွေးခြင်းသည်။ ပဟိတတ္တဿ၊ မြို့ခေမံ ပြည်နိဗ္ဗာန်ကို ရောက်ရန်မချွတ် အာရုံညွတ်၍ စေလွှတ်အပ်သော စိတ်ရှိသော။ ဘိက္ခုနော၊ ရဟန်း၏။ ဖာသုဝိဟာရာယ၊ ချာန်မဂ်ဖလ လက်ကိုင်ရ၍ သုခပြည့်တင်း ချမ်းသာစွာနေရခြင်းငှာ။ အလံ၊ မနေမနား ကျင့်ကြိုးစားဘို့ ခွင့်အားနိုင်စွာ စွမ်းနိုင်ပါပြီ။

အရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် ဟောတော်မူခဲ့သော သာရိပုတ္တတ္ထေရဂါထာ ပါဠိတော်၌ အသက်ပါဂါထာရှေ့တွင် တွေ့ရှိရသော ဂါထာဟုဒ်ကိုလည်း ဤဖာသုဝိဟာရ ဘောဇနနှင့်စပ်၍ သိမှတ်ဘွယ် အလွန်ကောင်းလှသဖြင့် ရေးထည့်လိုက်ပါဦးမည်။

အလ္လံ သုက္ခံ ဝါ ဘုဉ္ဇန္တော၊ နဗာဠှံ သုဟိတော သိယာ။
ဦနူဒရော မိတာဟာရော၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

**အနက်**— အလ္လံ ဝါ၊ ထောပတ်မနဲ အအီကဲသဖြင့် ဆိမ့်ရွဲဆိမ့်စွာ ချိုအိမ့်သောအရသာကိုဇင်း။ သုက္ခံ ဝါ၊ ထောပတ်ဆီပျား အအီရှားသဖြင့် ခေါင်းပါးလှစွာ ခြောက်သွေ့သောအရသာကိုဇင်း။ ဘုဉ္ဇန္တော၊ စားသုံး မှီဝဲသည်ရှိသော်။ ဗာဠှံ၊ လွန်စွာ။ သုဟိတော၊ ချက်တွင်းရှုမျှ အလွန်ဝသည်။ န သိယာ၊ မဖြစ်ရာ။ ဘိက္ခု၊ ရဟန်းသည်။ ဦနူဒရော၊ လျော့သောဝမ်း ရှိသည်ဖြစ်၍။ မိတာဟာရော။ အသင့်အတင့် ပညာဖြင့်လျှင် ချိုင်းချင့်အပ်သော အာဟာရရှိသည်ဖြစ်၍။ သတော၊ ပစ္စဝေက္ခဏာ ကောင်းစွာမြင်သိ ထင်သောသတိရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ကျင့်ကြံအားထုတ် ပြုပေါ်နေထိုင်ရာ၏။

---

## နိဂြောဓသာမဏေရဝတ္ထု

“ဧဝံ ပစ္စဝေက္ခတော ဟိ ဣရိယာပထော သာရုပ္ပေါ ဟောတိ တိဿော သိက္ခာ ပရိပူရေန္တိ”။

ဟူသောအဋ္ဌကထာပါဠိနှင့်အညီ ဤဘတ်ိယာခြောက် ပစ္စဝေက္ခဏာ ပါဠိတော်ကို ဆင်ခြင်သောအားဖြင့် ကြည်ညိုဘွယ်ရာ ပါသာဒိက သာရုပ္ပ ဖြစ်သော ဣရိယာပုထ်များ ဖြစ်ပေါ်ခြင်းမှစ၍ သိက္ခာသုံးပါးကို ဖြည့်ကျင့် ဖြည့်စုံစေခြင်းဟု ဆိုအပ်သော ဘုရားရှင်အလိုရှိတော်မူအပ်သော အကျိုး ထူးတရားများ ပြည့်စုံပြီးမြောက်နိုင်ရန် ဤအခါ၌စပ်ဆိုင်ပါဝင်သင့်သော

အကြောင်းအရာများကို ထည့်သွင်းဖော်ပြခဲ့ရာ ပြည့်စုံလုံလောက်ပြီဟု မဆိုနိုင်စေကာမူ သင့်လျော်လောက်ပြီဟူ၍ကား ဆိုနိုင်ပြီဟု ယုံကြည်သော ကြောင့်၎င်း၊ ရေးသားဖော်ပြလတ္တံ့သော ကျန်အခန်းများစွာကို ရှုငဲ့သော အားဖြင့်၎င်း၊ ဤအခန်း၏အစ၌ ဖော်ပြဝန်ခံခဲ့သည့်အတိုင်း ကြည်ညိုဘွယ် ပါသာဒိကဂုဏ်မြောက်သော ဣရိယာပုထ် စောင့်ချုပ်သောဣန္ဒြေ သေချေ သောကျင့်ဝတ်အာစာရတို့ကြောင့် နေဝန်းလဝါ ထွန်းတောက်လတ္တံ့သော သာသနာတော်၏အဍ္ဍမြစ်ကို ချတော်မူနိုင်ခဲ့သော နိဂြောဓသာမဏေ၏ အကြောင်းအမြွက်ကို ရေးသားဖော်ပြ၍ ဤအခန်းကို ပြီးဆုံးစေပါတော့မည်။

အသက်၇၌ ဖော်ပြခဲ့သည့်အတိုင်း အသောကမင်းတရားကြီးသည် မိမိ၏ခမည်းတော် ဗိန္ဒုသာရမင်းကြီး လက်ထက်ကပင်စ၍ မိမိလက်ထက် တိုင်အောင် ကိုးကွယ်လုပ်ကျွေး လေးစားကြည်ညိုခဲ့သော တိတ္ထိခြောက် သောင်းတို့၏ စောင့်စည်းမဲ့ထွေ ဣန္ဒြေမရှိ သတိကင်းကွာ ညာညံ့ယုတ် ညှုန်းမအုပ်ဘဲ ပေလုပ်ပလွေး ဟေးလားဝါးလား စကားများ၍ စားသုံး နေထိုင်မှုစသော မကြည်ညိုဘွယ်အမူအရာကို မြင်တွေ့ရသဖြင့် ကြည်ညိုရင်း သဒ္ဓါတရား လျော့ပါးဆုတ်ယုတ်ကာ မိမိ၏အလှူဒါနနှင့် သင့်လျော်သော အခြားအလှူခံပုဂ္ဂိုလ် ကြည်ညိုဘွယ် ကိုးကွယ်ရာကို တောင့်တကာမျှော် မှန်း၍ ရှိနေစဉ်မှာပင် တနေ့သောအခါ နန်းတော်ပြူတင်းမှရပ်၍ တောင် မြောက်လေးပါး ရှုစားကြည့်မျှော်နေစဉ် ကိလေသာဟူသော ပျံ့လွင့်တုန် လှုပ်ခြင်းတို့မှ ကင်းသဖြင့် ယဉ်ကျေးလှစွာသော အမြဲထင်သော သတိဖြင့် စောင့်ရှောက်အပ်သော စက္ခုအစရှိသော ဣန္ဒြေတို့၏ ငြိမ်သက်သည်၏ အကြောင်းကြောင့် သိမ်မွေ့သောဣန္ဒြေရှိသော ကြည်ညိုဘွယ်ရာ ဣရိယာပုထ် ဖြင့် လမ်းပိုးတပြန် လူတလံမျှကိုသာကြည့်လျက် မင်းယင်ပြင်ကိုဖြတ်၍ သပိတ်ပိုက်ကာ ကြွသွားပါသော နိဂြောဓသာမဏေကို မမြင်စဖူး အထူး အံ့သြဘွယ်ရာ တွေ့မြင်ရလေသည်။

ထိုသို့တွေ့မြင်ရ၍ "အယံ ဇနော သဗ္ဗောပိ ဝိက္ခိတ္တစိတ္တော ဘန္တမိ-ဂပ္ပဋိဘာဂေါ" အစရှိသည်ဖြင့် ခပ်သိမ်းသော ဤလူအပေါင်းသည် ပျံ့လွင့် သောစိတ်ရှိ၏၊ လျှပ်ပေါ်သော ကိုယ်ရှိသည်ဖြစ်၍ ဣန္ဒြေမဲ့စွာ တုန်လှုပ်သော သမင်နှင့်တူ၏၊ ဤသူငယ်ကား မပျံ့မလွင့် တည်ငြိမ်သောစိတ်ရှိ၏၊ သူ၏ ကြည့်ပုံရှုပုံ ဆန့်ပုံကွေးပုံစသော အမူအရာတို့သည်လည်း အလွန်တင့်တယ် ကြည်ညိုဘွယ်ရှိကုန်၏။

"ဤသူငယ်၏ ကိုယ်တွင်း စိတ်တွင်း၌ အခြားသူတို့ထက် ကဲထူးခြတ်မွန် လွန်သောတရား၊ ထူးသောတရားသည် မချွတ်ကေန်ရှိလိမ့်မည်"ဟု ကြံစည်အောက်မေ့၍ မြင်မြင်ခြင်းပင်လျှင် နိဂြောဓသာမဏေ၌ ရှိသော ချစ်ခင်သောစိတ်တို့သည် မျိုးသိပ်သည်းဂံခြင်း၄၁ မတတ်နိုင်စကောင်း အောင် ဖြစ်ပေါ်လေတော့သည်။

ထိုအခါ အသောကမင်းတရားသည် ချစ်ခင်ကြည်ညိုသောစိတ် အလွန်များစွာ ဖြစ်ပေါ်လေသောကြောင့် အမတ်တို့အား သာမဏေကို ချက်ခြင်းပင် သွားရောက်ပင့်ခေါ်စေလေသည်။ ထိုသို့ ပင့်ခေါ်ရန် လိုက်သွားနေကြစဉ်မှာပင် အလွန်ကြာ၍လာခဲ့သည်ဟု အောက်မေ့ကာ အမြန်ပင့်ခဲ့ပါဟုဆို၍ နောက်ထပ်နှစ်ယောက်၊ သုံးယောက်ကုန်သော အမတ်တို့ကို နှစ်ကြိမ်သုံးကြိမ်ထပ်ဆင့်၍ စေလွှတ်ပင့်ခေါ်စေလေသည်။

သာမဏေမှုကား မိမိသွားမြဲတိုင်းသော အမူအရာဖြင့်ပင်လျှင် ဉာဏ်မပျက် မင်းနန်းတော်သို့ ကြွလာလေသည်။ ရောက်သောအခါ မင်းကြီးက "သင့်တော်သျောက်ပတ်သော နေရာမှာ ကြည့်၍ထိုင်တော်မူပါဘုရား"ဟု လျှောက်ထားလေရာ သာမဏေသည် ပတ်ဝန်းကျင်ကိုကြည့်ရှု၍ ယခုအခါ နန်းတော်၌ ရှိသေအပ်သော ရဟန်းတပါးမျှမရှိသည်ကို သိမြင်သဖြင့် မင်းအား သပိတ်ကို လှမ်းပေးပြီးလျှင် ထီးဖြူမိုး၍ထားအပ်သော ရာဇပလ္လင်ပေါ်သို့တက်၍ ထိုင်နေတော်မူလေသည်။

မင်းကြီးသည် မိမိပွဲတော်တည်ရန် စီစဉ်ထားသော ယာဂုခဲဘွယ် စသော စားဘွယ်သောက်ဘွယ် အားလုံးတို့ကို ဆက်ကပ်လေသည်၊ သာမဏေသည်ကား ပဋိဂ္ဂဟဏမတ္တညုကို ကျင့်သုံးနှလုံးသွင်းသောအားဖြင့် မိမိအား မျှတလောက်ရုံ အသင့်အတင့်ကိုသာ သပိတ်ဖြင့် ခံယူတုဉ်းပေး တော်မူလေသည်။

ဆွမ်းကပ်ပြီးနောက် မင်းကြီးက ကိုရင်...ကိုရင့်ဆရာပေးတဲ့ အဆုံး အမတရားတော်ကို သိတော်မူပါသလားဟု မေးလေသည်။

သာမဏေ— တစိပ်တဒေသလောက်တော့ သိပါတယ်။

မင်း— တပည့်တော်ကိုလည်း အဲဒီတရားဟောပြပါဦး။

**သာမဏေ**— ကောင်းပြီဟုဝန်ခံ၍ "အပ္ပမာဒေါ အမတံ ပဒံ ပမာဒေါ မစ္စုနော ပဒံ၊ အရာရာ၌ မမေ့မလျော့ခြင်းသည် မသေရာမှန် ပြည်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေခြင်းသည် သေရခြင်း၏အကြောင်းဖြစ်၏"ဟု စတင် ဟောတော်မူသည်။

အသောကမင်းသည် "အပ္ပမာဒေါ အမတံ ပဒံ"ဟူသော ဂါထာပုဒ်ကို ကြားနာရလျှင်ပင် အလွန်သဘောကျ ကြည်ညိုလှသဖြင့်—

"သိပါပြီ ကိုရင်..ကျေနပ်ပါပြီ တရားကိုအဆုံးသတ်ပါတော့"ဟု လျှောက်ထားသာခုခေါ်ပြီးလျှင် "နက်ဖန်ခါကစပြီး ဆွမ်းရှစ်အုပ်လှူပါမည် ဘုရား"ဟု လျှောက်ထားလေ၏။

**သာမဏေ**— အဲဒီဆွမ်းရှစ်အုပ်ကို ဥပဇ္ဈာယ်အား လှူပါတယ်။

**မင်း**— ဥပဇ္ဈာယ်ဆိုဒါ ဘယ်သူပါလဲ။

**သာမဏေ**— အပြစ်ကြီးအပြစ်ငယ်ကို ကြည့်ရှုသိမြင်၍ ဆုံးမ သတိပေးတတ်သူ ဖြစ်ပါတယ်။

**မင်း**— နောက်ထပ် ဆွမ်းရှစ်အုပ်ကို လှူပါတယ်ဘုရား။

**သာမဏေ**— အဲဒီနောက်ထပ် ဆွမ်းအုပ်များကိုတော့ "အာစရိယ" ဆရာအား လှူပါတယ်။

**မင်း**— အဲဒီဆရာဆိုဒါ ဘယ်သူပါလဲ။

**သာမဏေ**— သာသနာတော်မှာ သင်ယူဘွယ် ကျင့်ဆောင်ဘွယ် များကို သင်ပေးပို့ချတဲ့ ပုဂ္ဂိုလ်ပါဘဲ။

**မင်း**— ဒါဖြင့် နောက်ထပ်လဲ ဆွမ်းရှစ်အုပ်လှူပါတယ်။

**သာမဏေ**— အဲဒီဆွမ်းရှစ်အုပ်ကိုလဲ သံဃာအားလှူပါတယ်။

**မင်း**— သံဃာဆိုဒါကော ဘယ်လိုပုဂ္ဂိုလ်ပါလဲ။

**သာမဏေ**— ရဟန်းအပေါင်းသံဃာဆိုဒါ ရှိပါတယ်၊ အဲဒီရဟန်းအပေါင်းသံဃာကို အမှီပြုပြီး ဥပဇ္ဈာယ်နှင့် အာစရိယ

တို့ဟာ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရခဲ့ကြပါတယ်၊ ကိုရင်လဲ ဒီသံဃာကို အမှီပြုပြီး နောင်အခါ ရဟန်း အဖြစ်ကို ရယူရမှာဘဲ။

မင်းသည် သာမဏေ၏ စကားအစဉ်ဖြင့် အလွန်နှစ်သက်လှ၍ "နောက်ထပ်လဲ ဆွမ်းရှစ်အုပ်လှူပါ့မယ်ဘုရား" ဟု လျှောက်ထားလေ၏။

သာမဏေသည်း ကောင်းပြီဟု ဝန်ခံပြီးလျှင် နောက်တနေ့နံနက် တွင် ရဟန်းတော်သုံးဆယ့်နှစ်ပါးကို ပင့်ဆောင်၍ နန်းတော်သို့ ကြွရောက် ဆွမ်းဘုဉ်းပေးတော်မူလေသည်။

ထိုသို့ ဆွမ်းဘုဉ်းပေးတော်မူကြသော ရဟန်းတော်တို့သည် တိတ္ထိ ဆရာကြီးများနှင့်မတူ သေဒိယသိက္ခာပုဒ်နှင့်အညီ တည်ကြည်သောဣန္ဒြေ သေခွေသောစိတ်နှလုံး ကျင့်သုံးသောသီလ ကြည်ညိုဘွယ်ပါသာဒိကတို့ဖြင့် ဆွမ်းဘုဉ်းပေးတော်မူကြသည်ကို တွေ့မြင်ရသောမင်းသည် အတိုင်းထက် အလွန် သဒ္ဓါကြည်ညိုတော်မူလှသဖြင့် နောက်တနေ့လည်း သံဃာတော် (၃၂)ပါးတိုး၍ ဆွမ်းအလှူခံတော်မူကြရန် လျှောက်ထားပြန်လေသည်။

ဤနည်းအားဖြင့် နေ့စဉ်နေ့တိုင်း ရဟန်းသံဃာများကို တဆတသ တိုး၍ နောက်ဆုံး၌ ခြောက်သောင်းကုန်သော တိတ္ထိ, ပုဏ္ဏား, ပရိဗိုဇ်များ အား ပေးလှူအပ်သော ဆွမ်းအုပ်ခြောက်သောင်းတို့ကိုဖြတ်၍ ရဟန်းတော် ခြောက်သောင်းတို့ကို နန်းတော်၌ နေ့စဉ် နိစ္စဘတ်ဆွမ်း လှူဒါန်းဆက်ကပ် လေတော့သည်။

မကြာမီပင် နိဂြောဓသာမဏေလည်း ရဟန်းအဖြစ်သို့ ရောက်လာပြီး ဖြစ်၍ နန်းတွင်းသူနန်းတွင်းသား မင်းပရိသတ်အများနှင့်တကွ မင်းကို သုံးပါးသောသရဏဂုံ ငါးစုံသောသီလ၌ တည်စေကာ မင်းအား သာသနာ တော်၌ ပုထုဇဉ်တို့၏ အထွဋ်အထိပ်သို့ရောက်သော သဒ္ဓါတရားဟုဆိုအပ် သော မတုန်မလှုပ် သက်ဝင်ကြည်ညိုမှုကို ရယူစေလေသည်။

ဎင်းနောက် မကြာမြင့်မီပင် မင်းသည် အသောကာရုံကျောင်းတိုက် ကြီးကို တည်ဆောက်လှူဒါန်းသည့်ပြင် ဇမ္ဗူဒိပ်တကျွန်းလုံးရှိ မြို့ပေါင်း (၈၄၀၀၀)တို့၌ (၈၄၀၀၀)ကုန်သော ကျောင်းတိုက်များ စေတီများကို တည်ထားကိုးကွယ်ပြီးလျှင် ညီတော်(တိဿ)အိမ်ရှေ့မင်းသား,သားမက် တော် အဂ္ဂိဗြဟ္မာမင်းသား,သားတော်မဟိန္ဒမင်းသားတို့နှင့် သမီးတော်

သဃ်မိတ္တာတို့ကို သာသနာတော်တွင်းသို့ သွတ်သွင်းကာ ရဟန်းပြုစေခြင်းနှင့် တိတ္ထိအပေါင်းတို့ကို နှိမ်နင်းကာ တတိယသင်္ဂါယနာတင်ခြင်းကိုးတိုင်းကိုးဌာနတို့သို့ သံဃာကိုးစုခွဲ၍ သာသနာပြုစေလွှတ်ရာ၌ ကြီးစွာသော ထောက်ပံ့ကူညီမှုကို ပြုခြင်းစသော သာသနာတော်၏ ကျယ်ပြန့်စွာထွန်းလင်းတောက်ပရာ တောက်ပကြောင်း သာသနာပြု ကောင်းမှုများစွာတို့ကိုပြု၍ သာသနဒါယကာဘွဲ့ထူးကို ဆွတ်ခူးပန်ဆင်ရလေသည်။

---

## ၄-စတုတ္ထမြောက်ပစ္စဝေက္ခဏာ။

"ကစ္စိန္နုခေါ မေ အတ္တာ သီလတော န ဥပဝဒတီတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ"။

ဤစတုတ္ထမြောက် ပစ္စဝေက္ခဏာကာရဖြင့် ဆင်ခြင်နှလုံးသွင်းသော ရဟန်း၏ အဇ္ဈတ္တသန္တာန်၌ မကောင်းမှုမှရှက်ခြင်း ဟိရိသည်ဖြစ်၏၊ ထိုဟိရိသည် ဒွါရသုံးပါး၌ စောင့်ရှောက်ခြင်းကို ပြီးစေတတ်၏၊ ဒွါရသုံးပါးတို့၌ စောင့်ရှောက်ခြင်းသည် စတုပါရိသုဒ္ဓိသီလဖြစ်၏။ စတုပါရိသုဒ္ဓိသီလ၌ တည်သော ရဟန်းမြတ်သည် ဝိပဿနာကို အစဉ်အတိုင်းပွား၍ အရဟတ္တဖိုလ်ကို ရယူနိုင်ကြောင်းကို-

"ဧဝံ ပစ္စဝေက္ခတော ဟိ အဇ္ဈတ္တံ ဟိရိသမုဋ္ဌာတိ"အစရှိသည်ဖြင့် အဋ္ဌကထာဆရာ ဖွင့်ပြတော်မူပါသည်။

ဆက်လက်ရေးသားပါဦးမည်၊ ဤစတုတ္ထမြောက် ပစ္စဝေက္ခဏာပါဠိတော်ဝါကျကို အနက်ပေးရာ၌- "ကစ္စိ၊ အသို့နည်း။ မေ၊ ငါ၏။ အတ္တာ၊ ငါ၏အလုပ် မြတ်နှင့်ယုတ်ကို လက်ဆုတ်လက်ကိုင် မဖွက်နိုင်အောင် ချက်ပိုင်သိထား စိတ်တရားသည်။ (အတ္တာတိ စိတ္တံ အဋ္ဌကထာ) မံ၊ ငါ့ကို။ သီလတော၊ ပါတိမောက္ခ အာဇီဝနှင့် ပစ္စယဣန္ဒြေ လေးထွေစုပေါင်း သီလတည်းဟူသော အကြောင်းကြောင့်။ န ဥပဝဒတိ နုခေါ၊ သင်ကားဘယ်ခါ ဘယ်နေရာမှာ ဘယ်ဟာပြုလျက် သီလပျက်ဟု စွဲချက်ငိုဝဲ့ မချွတ်သွဲ့အောင် မစွပ်စွဲဘဲရှိပါ၏လော။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ပန်စဝါဆင်မြန်း ရှင်ရဟန်းသည်။ အဘိဏှံ၊ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အထပ်ထပ်သာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ နဖူးလက်တင် ဆင်ခြင်သုံးသပ်အောက်မေ့အပ်၏"ဟု အနက်ပေးခဲ့ပါသည်။

ဤအနက်ပေးပုံနှင့်စပ်၍ရှင်း "အတ္တာတိ စိတ္တံ"ဟု အဋ္ဌကထာဆရာ ဖွင့်ပြသည်နှင့်စပ်၍ရှင်း မိမိဟုဆိုအပ်သော မိမိ၏စိတ်သည်သာ မိမိ၏သီလ မြတ်မမြတ် သိနိုင်ပုံကို ထင်ရှားစေရန်ရှင်း၊ ဘုန်းကြီး၏ ကိုယ်တွေ့အကြောင်း ကလေးတခုကို ရေးသားဖော်ပြပါရစေ။

ဘုန်းကြီးသည် လွန်ခဲ့သော (၁၃၁၀ ခုလောက်က မြို့နှင့်တမိုင်ခန့် ဝေးသော တောကျောင်းကလေးတခုမှာ နေထိုင်ခဲ့ဘူးပါသည်၊ အခါ တပါး၌ မြို့တွင်းသို့မရောက်သည်မှာ လေးလခန့်ကြာသွားပါသည်၊ နေ့ တနေ့တွင်ကိစ္စတခုဖြင့် မြို့တွင်းသို့ရောက်ရှိ၍ အခွင့်သင့်ခိုက် ပစ္စည်းလေးပါး ဒါယိကာမကြီး၏ အိမ်သို့ဝင်ရောက်ကာ ဒါယိကာမကြီးများနှင့် တွေ့ဆုံ ပါသည်၊ အိမ်ပေါ်သို့ ရောက်ရှိထိုင်နေလျှင် ဒါယိကာမကြီးက ဘုန်းကြီး အား ကန်တော့ဝတ်ပြုရှင်း "ဦးပဥ္စင်းနေနိုင်လိုက်တာဘုရား မကြွလာတာ ကြာလှပြီ ဘာ့ကြောင့် ကြွမလာပါသလဲဘုရား"ဟု မေးလျှောက်ပါသည်၊ ထိုအခါ ဘုန်းကြီးက "မလာချင်ပေါင်ဗျာ ဒကာမကြီးတို့မြို့ထဲက ခဏခဏ စက်သေနတ်သံ အမြောက်သံတွေ ကြားနေရတာဘဲ"ဟု ပြန်ပြောပါသည်။

မှတ်ချက်—ထိုအခါက ညအချိန်များတွင် မြို့စောင့်တပ်က ရံဖန် အမြောက် ပစ်တတ်၏။

ဒါယိကာမကြီး— ဒါလောက်တောင် ကြောက်သလားဘုရား။

ဘုန်းကြီး— သူတော်ကောင်းမဖြစ်ခင်တော့သေရမှာကြောက် သေးတယ်ဗျို့။

ဒါယိကာမကြီး— ဒီလောက်တောင် တောထဲတောင်ထဲသွားပြီး သီတင်းသုံးနေထိုင်လို့မှ သူတော်ကောင်းမဖြစ် သေးဘူးလား တပည့်တော်ကြီးကတော့ ဦးပဥ္စင်း သူတော်ကောင်းဖြစ်ပြီလို့ ထင်ပြီး ဝမ်းသာနေ ကြပါတယ်ဘုရား။

ဘုန်းကြီး— တခုမေးပါရစေ လူခပ်များများက ဒါယိကာမ ကြီးတို့ကို သူဌေးလို့ခေါ်နေကြတယ်၊ ဒါယိကာ မကြီးတို့ သူဌေးဖြစ်ပြီသလား။

ဒါယိကာမကြီး— မဖြစ်သေးပါဘုရား။

ဘုန်းကြီး— သူဌေးမဖြစ်သေးမှန်း ဘယ်သူကသိသလဲ။

ဒါယိကာမကြီး— ကိုယ့်စိတ်ထဲက ကိုယ်သိတာပေါ့ဘုရား။

ဘုန်းကြီး— အဲဒီလိုဘဲ ဦးပဥ္စင်းသူတော်ကောင်း မဟုတ်သေးမှန်း ဦးပဥ္စင်းစိတ်က သိနေပါတယ်။

ဤဘုန်းကြီး၏ အဖြစ်အပျက် ဝန်ခံချက်သည် အဋ္ဌကထာဆရာက "အတ္တာဘိ စိတ္တံ"ဟု ဖွင့်ပြသည်နှင့်၎င်း၊ ဤဝါကျကို အနက်ပေးပုံနှင့်၎င်း ကိုက်ညီလှသည်ဟု ယုံကြည်သောကြောင့် ရေးသားဖော်ပြလိုက်ပါသည်။

ဤသို့ သူတပါးက "မိမိအား သီလရှိသူ၊သမာဓိရှိသူ သူတော်ကောင်း"ဟု နှစ်ထောင်းကြည်ညို၍ ပြောဆိုချီးမွမ်းကြသော်လည်း မိမိ၌ သီလမရှိ၊သမာဓိချို့ယွင်း ပညာကင်းခဲ့လျှင် သူတပါးတို့ ချီးမွမ်းမှုသည် အချည်းနှီးအလကားမျှသာ ဖြစ်သည်ကိုလည်း သိရှိမာမည်သော ရဟန္တာ မြတ်က အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

ပရေစ နံ ပသံသန္တိ၊ အတ္တာ စေ အသမာ ဟိတော။
မောဃံ ပရေ ပသံသန္တိ၊ အတ္တာဟိ အသမာဟိတော။ ။

ထေရဂါထာပါဠိတော်။

အနက်— ပရေ၊ တပါးသောသူတို့သည်။ နံ၊ ထိုရဟန်းကို။ ပသံသန္တိ စ၊ ချီးမွမ်းကြစေကာမူ။ အတ္တာ၊ ချီးမွမ်းခံရသောမိမိသည်။ စေ အသမာဟိတော၊ အကယ်၍ မတည်ကြည်သည်ဖြစ်အံ့။ ဝါ၊ သီလမရှိ သမာဓိချို့ယွင်း ပညာကင်းသည်ဖြစ်အံ့။ ဟိ၊ အကြင့်ကြောင့်။ အတ္တာ၊ မိမိဟုဆိုအပ်သောစိတ်သည်။ အသမာဟိတော၊ မတည်ကြည်။ တသ္မာ၊ ထို့ကြောင့်။ ပရေ၊ တပါးသောသူတို့သည်။ မောဃံ၊ အချည်းနှီးအလကားသာလျှင်။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။

ဒုတိယအတ္တာကို အနက်ပေးရာ၌ "ကသ္မာ အတ္တာယံ အသမာဟိတော၊ ယသ္မာ တဿ ပုဂ္ဂလဿ စိတ္တံ အသမာဟိတံ၊ တသ္မာဟိ အတ္တော" ဟူသော အဋ္ဌကထာပါဌ်ကို မှီပါသည်။

ဆက်လက်ရေးသားပါဦးမည်၊ ဤသို့ မိမိ၏ ကိုယ်, နှုတ်, နှလုံး သုံးပါးတို့ စင်ကြယ်သည် မစင်ကြယ်သည်ကို မိမိ၏စိတ်ကသာ အသိဆုံးဖြစ်ခြင်းသည် ဤစတုတ္ထပစ္စဝေက္ခဏာ ပါဠိတော်နှင့် အဋ္ဌကထာ၌ပင် လေးနက်ခိုင်မြဲသုဖြိဖြစ်သော်လည်း ဗဟုသုတအလို့ငှါ အောက်ပါအရှင်မဟာကစ္စည်း၏ ဩဝါဒဒေသနာတော်ကို ရေးထည့်လိုက်ပြန်ပါသည်။

န ပရေ ဝစနာ စောရော၊ န ပရေ ဝစနာ မုနိ။
အတ္တာ စ နံ ယထာဝေဒိ၊ ဒေဝါပိ နံ တထာဝိဒူ။ ။

အနက်— ပရေ ဝစနာ၊ တပါးသောသူ၏စကားမျှဖြင့်။ န စောရော၊ ခိုးသူမဟုတ်နိုင်။ ပရေ ဝစနာ၊ သူတပါး၏စကားမျှဖြင့်။ န မုနိ၊ စင်ကြယ်သော ရဟန်းမဟုတ်နိုင်။ အတ္တာ စ၊ မိမိ၏စိတ်သည်လည်း။ နံ၊ ထိုမိမိကို။ ယထာ၊အကြင်ဟုတ်မှန်သော အခြင်းအရာအားဖြင့်။ ဝေဒိ၊ သိ၏။ ဒေဝါပိ၊ နတ်တို့သည်လည်း။ နံ၊ ထိုမိမိကို။ တထာ၊ ထိုဟုတ်မှန်သော အခြင်းအရာအားဖြင့်။ ဝိဒူ၊ သိကြကုန်၏။

"န ပရေ ဝစနာ စောရောတိ အတ္တနာ စောရိယံ အကတ္ဝာ ပရဝစနာ ပရဿ ဝစနမတ္တေန စောရော နာမ န ဟောတိ။ ဧဝံ ဟိ ပရေတိ ဝိဘတ္တိအလောပံ ကတ္ဝာ နိဒ္ဒေသော။ အတ္တာ စ နံ ယထာ ဝေဒီတိ နံ သတ္တံ တဿ အတ္တာ စိတ္တံ ယထာ အဟံ ပရိသုဒ္ဓေါ အပရိသုဒ္ဓေါဝါတိ ယာထာဝတော အဝေဒိ ဇာနာတိ"။

ထေရဂါထာအဋ္ဌကထာ။

ဤအရှင်မဟာကစ္စည်း၏ ဩဝါဒဒေသနာတော်၌ "ဒေဝါပိ နံ တထာ ဝိဒူ" ဟူသောပုဒ်ဖြင့် မိမိ၏သီလစင်ကြယ် မစင်ကြယ်ကို သိသူအိုတွင် နတ်တို့လည်း ပါဝင်လျက်ရှိသည်ကို ပြဆိုတော်မူသည်။

မြတ်စွာဘုရားကား ဤစတုတ္ထမြောက် ပစ္စဝေက္ခဏာကာရပါဠိ၌ "အတ္တာနုဝါဒဘေး"ကိုသာ ရည်ရွယ်တော်မူ၍ သဒ္ဓါယတာသိတအားဖြင့် "ကစ္စိနုခေါ မေ အတ္တာ သီလတော န ဥပဝဒတီတိ" ဟူ၍ ဟောတော်မူလေသည်။

"အတ္တာနုဝါဒဘေး"ဟူသည်မှာ မိမိကိုယ်ကို မိမိဟုဆိုအပ်သော စိတ်က ကဲ့ရဲ့ပြစ်တင်မှု စွပ်စွဲမှုမှ ကြောက်ခြင်းကို ခေါ်ပါသည်၊ ထိုအတ္တာနုဝါဒဘေးမှ ကြောက်၍ ကာယဒုစရိုက်စသည်ကို ရှောင်ကြဉ်ပြီးလျှင်၊ ကာယသုစရိုက်စသည်ကို ပွားများစေ၍ မိမိ၏ကိုယ်ကို စင်ကြယ်စွာ ရှင်သန်အောင်နိုင်ကြောင်းကိုလည်း—

"ကတမဉ္စ ဘိက္ခဝေ အတ္တာနုဝါဒဘယံ ဣဓ ဘိက္ခဝေ ဧကစ္စော ဣတိ ပဋိသဉ္စိက္ခတိ"

စသည်ဖြင့် "စတုက္ကင်္ဂုတ္တရ အတ္တာနုဝါဒသုတ်" စာမျက်နှာ(၄၃၆)၌ ဟောတော်မူပါသည်။

ဤသို့လျှင် မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤပဉ္စဝေဒဏာကာရပါဠိတော်ကို ဟောတော်မူခြင်းဖြင့် တပည့်လက်သား ရဟန်းများတို့အား သီလသိက္ခာကို ဖြည့်ကျင့်စေလိုတော်မူသည်နှင့်အညီ အမျိုးကောင်းသား ရဟန်းအများတို့သည်၊ ဤသို့ ဘုရားဟောတော်မူတိုင်း အမြဲမပြတ် ဆင်ခြင်သုံးသပ်၍ မပြည့်စုံ မစင်ကြယ်သော မိမိ၏သီလကို–

"ခဏ္ဍံ ဝါ အင်္ဂံ ပရိပူရေတဗ္ဗံ၊ ကိန္တာဟံ သဒ္ဓါယ အသီလော ဝိဟရေယျ"

ဟူသည်နှင့်အညီ စင်ကြယ်ပြည့်စုံအောင် ကြိုးစားအားထုတ် ပြုလုပ်ကျင့်သင့်ပါသည်။

ထိုသို့ ဆင်ခြင်ခြင်းဖြင့် မိမိ၏သီလ စင်ကြယ်ပြည့်စုံသည်ကို သိမြင်ရပါလျှင်လည်း–

"အဝိပ္ပဋိသာရတ္ထာနိ ခေါ အာနန္ဒ ကုသလာနိ သီလာနိ အဝိပ္ပဋိသာရာနိသံသာနိ"။

အစရှိသည်ဖြင့် "ဒသင်္ဂုတ္တရပါဠိ ကိမတ္ထိယသုတ်"၌ မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း ထိုစင်ကြယ်သော မိမိ၏သီလကိုအာရုံပြု၍ နောင်တတဖန် မပူပန်ခြင်း, ဝမ်းမြောက်ခြင်း, နှစ်သက်ခြင်း,ကိုယ်စိတ်ငြိမ်းအေးခြင်း, ကိုယ်စိတ်ချမ်းသာခြင်း, စိတ်နှလုံးတည်ကြည်ခြင်း, ယထာဘူတဉာဏ်,နိဗ္ဗိဒါဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့ကို အစဉ်အတိုင်း ရခြင်းဟုဆိုအပ်သော အကျိုးတို့ကို ရယူကာ သံသရာနိဂုံး ဒုက္ခဆုံးသည်ကို ပြုနိုင်ကြပါစေကုန်သတည်း။

## သီလနိဒ္ဒေသ

အသက်၌ ရေးသားဖေါ်ပြခဲ့ပြီးသော စကားအစဉ်ဖြင့် အကျဉ်းမျှကို နှစ်သက်လိုလားကြကုန်သော သဒ္ဓေယရုဝိပုဂ္ဂိုလ်များအတွက် သင့်တော်လောက်ပြီဟု ယူဆရသော်လည်း ဝိတ္ထာရရုစိ အကျယ်ကို နှစ်သက်လိုလားကြကုန်သော သူတော်ကောင်းများတို့၏ အကျိုးကို မြော်ကိုးရှုငဲ့သဖြင့် ဆက်လက်ချဲ့ထွင်၍ ရေးသားပါဦးမည်။

ဤပစ္စဝေက္ခဏာကာရပါဠိတော်တွင် "သီလတော"ဟူသောပုဒ်အရ သီလဟူသည်မှာ ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝ ပါရိသုဒ္ဓိသီလ,ပစ္စယသန္နိဿိတသီလ–ဟုဆိုအပ်သော စတုပါရိသုဒ္ဓိသီလ လေးပါးပင်ဖြစ်ပါသည်။

ထိုလေးပါးတို့တွင် ပါတိမောက္ခသံဝရသီလဟူသည်မှာ ဥဘတော ဝိဘင်းလာ အကျဉ်းအားဖြင့် (၂၂၇)သွယ်ကုန်သော သိက္ခာပုဒ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင် တရာ့ရှစ်ဆယ်နှင့် ငါးသန်းသုံးသောင်း ခြောက်ထောင်ကုန်သော သိက္ခာပုဒ်၊ အချုပ်အားဖြင့် အာပတ်ခုနစ်ပုံတို့ဖြစ်ပါသည်။

ထိုပါတိမောက္ခသံဝရသီလကို ရည်ညွှန်း၍ သီလက္ခန်ပါဠိတော် အဘိဓမ္မာဝိဘင်းပါဠိတော် စသည်တို့၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

"ဣဓ ဘိက္ခု ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရ-
ဂေါစရသမ္ပန္နော၊ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ
သိက္ခတိ သိက္ခာပဒေသု"။

**အနက်**— ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသည်ဖြစ်၍၊ ဝါ၊ ပါတိမောက္ခသံဝရဖြင့် ချဉ်းကပ်လာသမျှ အကုသိုလ်ရန်မျိုးကို မတိုးမဝင်နိုင်အောင် ကာယ,ဝစီဒွါရ တံခါးနှစ်ဝကို ပိတ်ဆို့စောင့်ရှောက်သည်ဖြစ်၍။ အာစာရဂေါစရသမ္ပန္နော၊ အာစာရဂေါစရနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဏုမတ္တေသု၊ ပရမာဏုမြူ အတိုင်းအရှည်ရှိကုန်သော။ ဝဇ္ဇေသု၊ အသဉ္စိစ္စအာပန္န, သေခိယ, ဒုက္ကဋလစိတ္တုပ္ပါဒ် စသည်အပြားရှိကုန်သော အပြစ်ဘေးတို့ကိုသော်လည်း။ ဘယဒဿာဝီ၊

နှိပ်စက်ဘိစီးလာသော မြေကြီးမြင့်မိုရ်တောင်သို့ ပူလောင်ဆို့ပို့ အလို့လို့ ပြုလျက် ဘေးကြီးရန်ကြီးဟု ရှုလေ့ရှိသည်ဖြစ်၍။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တို့၌။ ယံကိဉ္စိ၊ အလုံးစုံသော။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်ဖြည့်အပ်သော သီလသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကျင့်ကောင်းသမျှ သိက္ခာပဒ သီလကို၊ သမာဒါယ၊ ကောင်းမွန်ရိုသေစွာ အချင်းခပ်သိမ်းအားဖြင့်ယူ၍။ သိက္ခတိ၊ ကျင့်၏။

ဤပါဠိတော်ဝါကျအားလုံးတို့တွင်“ပါတိမောက္ခသံဝရသံဝုတော” ဟူသောဝါကျကို ပုဂ္ဂလာဓိဋ္ဌာနဒေသနာဖြင့် ပါတိမောက္ခသံဝရသီလကို ပြခြင်းငှာ ဟောတော်မူအပ်ပါသည်၊ ဤပါတိမောက္ခသံဝရသီလကို ဤသီလနိဒ္ဒေသ၏အစ၌ ပြဆိုခဲ့သည့်အတိုင်း သိမှတ်ရပါမည်။

---

## အနာစာရနှင့်အာစာရ

“အာစာရဂေါစရသမ္ပန္နော”ဟူသော ဝါကျကိုကား အာစာရ ဂေါစရဟူသောအကျင့်ကို ကျင့်ကြံသောပုဂ္ဂိုလ်အား ပါတိမောက္ခသံဝရ သီလသည် စင်ကြယ်ပြည့်စုံ၏။ထိုပြည့်စုံကြောင်း အကျင့်ပဋိပတ်ကို ပြခြင်းငှာ ဟောတော်မူအပ်ပါသည်။

ထိုအာစာရဂေါစရတို့ကို ပြဆိုရာ၌ ရှေးဦးစွာ ဖဲရှောင်အပ်သော လမ်းကိုပြ၍ နောက်မှသွားအပ်,ယူအပ်သောလမ်းကို ပြသကဲ့သို့ မြတ်စွာ ဘုရားသည် ရှေးဦးစွာ မကျင့်အပ်သော အနာစာရကိုပြ၍ နောက်မှတဖန် ကျင့်သုံးအပ်သော အာစာရကို ပြတော်မူသည်နှင့်အညီ၊ အနာစာရပြ ပါဠိတော်ကိုမှီ၍ ရှေးဦးစွာ ပြဆိုပါမည်။

“တတ္ထ ကတမော အနာစာရော”အစရှိသည်ဖြင့် ဟောတော် မူအပ်သော မကျင့်အပ်သည့်“အနာစာရ”ဟူသည်မှာ အကျဉ်းအားဖြင့် သိက္ခာပုဒ်ကို လွန်ကျူးကြောင်း ဒုစရိုက်ဆယ်ပါးနှင့် မိစ္ဆာဇီဝများပင် ဖြစ်ပါသည်။

ထိုအနာစာရအားလုံးတို့တွင် အချို့သောအနာစာရကို အကျယ် ဝေဘန်၍ ဟောတော်မူခြင်းငှါ “ဣဓေကစ္စော ဝေဠုဒါနေန ဝါ” စသည် ဖြင့် ဟောတော်မူအပ်သော ပါဠိတော်၏ အဓိပ္ပါယ်ကိုလည်း အောက် ပါအတိုင်း ဖော်ပြပါမည်။

၁။ ဝတ္ထုဒါန— ဝါးပေးခြင်း။

၂။ ပတ္တဒါန— သစ်ရွက်ဖက်ရွက်ပေးခြင်း။

၃။ ပုပ္ဖဒါန— ပန်းပေးခြင်း။

၄။ ဖလဒါန— အသီးပေးခြင်း။

၅။ သိနှာနဒါန— ရေချိုးကသယ်မှုန့်(ဆပ်ပြာ)ပေးခြင်း။

၆။ ဒန္တကဋ္ဌဒါန— ဒန်ပူပေးခြင်း။

၇။ စာဋုကမျတာ— ဒါယကာတို့၏ ချစ်ခြင်းကို အလိုရှိသည်ဖြစ်၍ ဝါ၊ မိမိကိုယ်ကို ချစ်ဘွယ်ရာစကားကို ဆိုတတ်သူဟု ထင်မှတ်ကာ ဒါယကာတို့၏ ချစ်ခြင်းကို အလိုရှိ၍ မိမိကိုယ်ကို ကျွန်ကဲ့သို့ နှိမ်ချကာ သူတပါးကို သခင်ကဲ့သို့ မြှောက်ပြောဆိုခြင်း စကား။

၈။ မုဂ္ဂသူပျတာ— အမှန်နည်းပါး မမှန်များသောစကား။

၉။ ပါရိဘဋျတာ— ဒါယကာတို့၏ ကလေးသားမြေးတို့ကို ထိန်းယမွေးမြူခြင်း။

၁၀။ ဇင်္ဃပေသန— အစေအပါးခံခြင်း။

၁၁။ ဝေဇ္ဇကမ္မ— ဆေးကုခြင်း။

၁၂။ ဘဏ္ဍာဂါရိကကမ္မ— လူတို့၏ ပစ္စည်းဥစ္စာကို ထိန်းသိမ်း စောင့်ရှောက်ခြင်း။

၁၃။ ပိဏ္ဍပဋိပိဏ္ဍကမ္မ— မိမိ၏ ဆွမ်းကိုပေး၍ ဒါယကာတို့၏ ဆွမ်းကို ယူခြင်း။

၁၄။ သံဃုပ္ပါဒဥပဋ္ဌာပနကမ္မ— သံဃာ့ပစ္စည်းကို ဝိနည်းတော် တရားတော်နှင့် မလျော်မသင့် စီရင်ခြင်း။

၁၅။ စေတိယုပ္ပါဒဥပဋ္ဌာပနကမ္မ— စေတီ၏ပစ္စည်းကို ဝိနည်းတော်တရားတော်နှင့် မလျော်မသင့် စီရင်ခြင်း။

ဤပြဆိုခဲ့ပြီးသော ဝါးပေးခြင်း စသည်တို့ဖြင့်၎င်း, ဤပြဆိုခဲ့ပြီးသည်တို့နှင့် သဘောတူသော ဗေဒင်ဟောခြင်း, မြေရာရွေးခြင်း, စသည်တို့ဖြင့်၎င်း

မြတ်စွာဘုရားသည် စက်ဆုတ် ရှုံ့ရှာတော်မူအပ်သော မိစ္ဆာဇီဝဖြင့် အသက်မွေးမှု ဟူသမျှတို့သည် မပြုကျင့်အပ်သော အနာစာရချည်းပင် ဖြစ်သတည်း။

"တတ္ထ ကတမော အာစာရော"စသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်၏အရ အာစာရဟူသည်မှာ ပြဆိုအပ်ပြီးသော ဒုစရိုက်ဆယ်ပါးနှင့် မိစ္ဆာဇီဝအားလုံးတို့မှ ရှောင်ကြဉ်ခြင်းပင် ဖြစ်ပါသည်၊ ထိုအားလုံးမှ ရှောင်ကြဉ်၍ ကျင့်သုံးခြင်းသည် "အာစာရ"မည်၏ဟူလို

---

## ရှင်းလင်းဖေါ်ပြချက်

ဝေဠုဒါန— ဆက်လက်ရေးသားပါဦးမည် ပြဆိုခဲ့ပြီးသော အနာစာရပါဠိတော်လာ ဝေဠုဒါနစသည်တို့တွင် ဝေဠုဒါနဝါးပေးခြင်းဟူသည်မှာ ပစ္စည်းလာဘ်သပ္ပကာကို လိုလား၍ ပေးခြင်းကိုဆိုလိုပါသည်၊ ပစ္စည်းလေးပါးကို ရလိုသဖြင့် ဒါယကာတို့အား မပေးအပ်သည်သာလျှင်တည်း၊ ဤသို့ ပေးသောရဟန်းသည် မိစ္ဆာဇီဝဖြင့် အသက်မွေးသည်မည်၏။ မျက်မှောက်ဘဝ၌ပင်လျှင် ရဟန်းတို့၏ ကဲ့ရဲ့ခြင်းကိုခံရ၏။ တမလွန်ဘဝ၌သည်း အပါယ်လေးပါးသို့ ကျရောက်ဘတ်၏။ မိမိ၏ ပုဂ္ဂလိကဝါးကို ပေးသည်ရှိသော် သီလသမာဓိကိုသာ ကြည်ညိုသော ဒါယကာတို့၏ သဒ္ဓါတရားကို မိမိ၏မကောင်းသောအကျင့်ဖြင့် ဖျက်ဆီးသဖြင့် ကုလဒူသကဒုက္ကဋ်အာပတ်သင့်၏။

သူ့ဘပါး၏ ဝါး,သံဃာ၏ဝါးကို ခိုးလိုသောစိတ်ဖြင့်ပေးလျှင် အလျော်ပေးရသော ဘဏ္ဍာစားထိုက်၏။

ထေရ်ကြီးဝါကြီး, ကျောင်းထိုင်ဘုန်းကြီးဖြစ်၍ သံဃာ့ပစ္စည်းကို စီမံပိုင်သည်၏ အဖြစ်အားဖြင့်ပေးလျှင် ဂရုဘဏ်ကို ဝေဘန်ပေးကမ်းရာ ရောက်သဖြင့် ထုလ္လစ္စည်းအာပတ်သင့်၏ဟု "သမ္မောဟဝိနောဒနီအဋ္ဌကထာ" စာမျက်နှာ (၃၂၀)၌ မိန့်ဆိုအပ်ပါသည်။

ဤအဋ္ဌကထာအမိပ္ပါယ်သည် ကွင်းသော သစ်ရွက်ဖက်ရွက်ပေးခြင်းမှစ၍ ဒန်ပူပေးခြင်းတိုင်အောင် အားလုံးနှင့်ဆက်ဆံသော သိမှတ်ဘွယ်ဟု သိမှတ်ရပါမည်။ ဂရုဘဏ်ဖြစ်ပုံ ပေးသင့်သူ,ပေးသင့်သောအခြင်းအရာ စသော ဝိနည်းပရိယာယ်များကို သိလိုပါက "သမ္မောဟဝိနောဒနီအဋ္ဌကထာ ဈာနဝိဘင်း သုတ္တန္တဘာဇနီယနှင့် ဝိနယသင်္ဂဟအဋ္ဌကထာ ကုလသင်္ဂဟခဏ်း"တို့မှာ ကြည့်ပါလေ။

**စာဠ္ဍကမ္ဘတၱ**ကို အမိပ္ပါယ်ပြန်ရာ၌ "စာဠ္ဍကမ္ဘာတာယာတိအာဒိသု စာဠ္ဍကမ္ဘတာ ဝုစ္စတိ၊ အတ္တာနံ ဒါသံ ဝိယ နိစဌ္ဌာနေ ဌပေတွာ ပရဿ ခလိတဝစနမ္ပိ သဏ္ဍာပေတွာ ဝိယကာမတာယ ပဌ္ဌာဝစနံ"ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဌ်ကို မှီပါသည်။

တတိယ-နံမော်ဆရာတော်ဘုရားကား "မိမိကိုယ်ကို ကျွန်ပ,ဗျာ စသည်နှိမ့်ချလျက် ဒါယကာတို့အား ခြိုးမြှောက်၍ စကားဆိုသည်၏အဖြစ် တနည်းကား– မိမိကိုယ်ကို ချစ်စေလို၍ ကျွန်ုပ်,ဗျာစသည်ဖြင့် ဒါယကာ တို့အား စကားဆိုသည်၏အဖြစ်သည် စာဠ္ဍကမ္ဘတာမည်၏။"ဟု ရေးသား ပေါ်ပြပါသည်။

ပ.ါရာဇိကကဏ်ပါဠိတော် ကုလဒူသကသိက္ခာပုဒ် စာမျက်နှာ(၂၇၅ ၌ ဆဗ္ဗဂ္ဂိဂိုဏ်းဝင် အရှင်အဿဇိ,အရှင်ပုနဗ္ဗသုကတို့သည် အခေတန်အခေ, အမတန်အမ,စသည်ဖြင့် ခေါ်လေ့ပြောလေ့ရှိ၍ သိမ်မွေ့နူးညံ့သော စကားရှိကြောင်း,ဝမ်းမြောက်ဘွယ်ရာ ချမ်းသာသောစကားရှိကြောင်း, ရှေးဦးစွာ ပြုံးပြီးမှ စကားဆိုလေ့ရှိကြောင်း,မျက်မှောင်မကြုပ် ဟန် မလုပ်ဘဲ ပေါ်လွင်သောမျက်နှာရှိ၍ အရင်ဦးအောင် စတင်နှုတ်ဆက်လေ့ ရှိကြောင်းနှင့် ထိုကဲ့သို့သော အရှင်မျိုးကိုမှ ဆွမ်းလှူသင့်ကြောင်းများကို ကိဋာဂိရိဇနပုဒ်သူ ဇနပုဒ်သားများက သိမှတ်ပြောဆိုကြသည်ဟု ပါရှိ လေသည်။

မဟာနိဒ္ဒေသပါဠိတော် တုဝဋ္ဋကသုတ်"လာဘကမျာ ဇနံ န လပယေယျ" ဟူသောဂါထာပုဒ်ကို ဖွင့်ဆိုရာတွင် မိမိကိုယ်ကို နှိမ့်ချ၍ ဒါယကာ တို့ကို ခြိုးမြှောက်ပြောဆိုပုံ အာကာရကိုပြဆိုရာ၌ "ဒါယကာကြီးတို့သည် ငါ့အား အလွန်ကျေးဇူးများကြပါသည်။ ငါသည် ဒါယကာကြီးတို့ကို အမှီပြု၍ သင်္ကန်း,ဆွမ်း,ကျောင်း,ဆေးတို့ကို ရပါသည်၊ အခြားသူတို့သည် လည်း ဒါယကာကြီးတို့ကိုမှီ၍ ဒါယကာကြီးတို့ကို မြင်ကြ၍ ငါ့အား လှူဒါန်းရန် အောက်မေ့မှတ်ထင် သိမြင်ကြပါသည်။ ငါ၏ မိဘများ ပေးခဲ့သော အမည်ဟောင်းသည်လည်း ကွယ်ပျောက်ပြီး၍ ဒါယကာကြီးတို့ ရဟန်း,ဒါယိကာမကြီးတို့၏ ဘုန်းကြီးဟူ၍သာလျှင် ဒါယကာကြီးတို့ ကြောင့် ငါ့အား လူသိများ၍ ထင်ရှားရပါသည်"ဟူ၍ ဖွင့်ပြပါသည်။

ပြဆိုခဲ့ပြီးသော အရှင်အဿဇိ,အရှင်ပုနဗ္ဗသုကတို့ပြောဆိုပုံများ, ဤမဟာနိဒ္ဒေသပါဠိတော်လာ ပြောဆိုပုံများနှင့် ယခုကာလအချို့ရဟန်း များ အမေ,ဟူ၍၎င်း မယ်တော်,ဟူ၍၎င်း ပြောဆိုပုံများသည် ပစ္စည်း

လိုလား လောဘအားဖြင့် မြှောက်စားချီးပင့်သော စကားများသာဖြစ်၍ ရှာန်းတို့အား မအပ်သော၍“စာဋုကမျတာ”ဖြစ်သည်ဟု မှတ်ယူသင့်ပါသည်။

ပါရိဘဋ္ဋျတာ ဒါယကာတို့၏ ကလေးသားမြေးတို့ကို ထိန်းယခြင်းဟူသည် အဝတ်တန်ဆာဆင်ခြင်း,ထောက်ပံ့ခြင်း,မုန့်ပဲသွားရည်စာပေးခြင်း,ကလေးထိန်းကဲ့သို့ ပွေ့ချီခြင်းစသည်တို့ဖြင့် ချော့မြူထိန်းယခြင်းပင်တည်း။

သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ “ပါရိဘဋ္ဋျတာတိ ပါရိဘဋ္ဋျတာ ဝေါ၊ ယော ဟိ ကုလဒါရကေ ဓာတိဝိယ အင်္ကေန ဝါ ခန္ဓေန ဝါ ပရိဘဋ္ဋတိ ဓာရေတီတိ အတ္ထော၊ တဿ ပရိဘဋ္ဋဿ ကမ္မံ ပါရိဘဋ္ဋျံ။ ပါရိဘဋ္ဋျဿ ဘာဝေါ ပါရိဘဋ္ဋျတာတိ”ဟု မိန့်တော်မူပါသည်။

မဟာဋီကာ၌လည်း “အလင်္ကာရကရဏာဒိနာ ကုလဒါရကပရိဟရဏဿေတံ နာမံ”ဟု မိန့်တော်မူသည်။

ဇင်္ဃပေသနိ၌ အစေအပါးခံခြင်း ဟူသည်မှာ လူတို့သတင်းစကားကို ယူဆောင်၍ စေခိုင်းသည့်အတိုင်း မှာကြားသည့်အတိုင်း တရွာမှတရွာသို့ တနေရာမှတနေရာသို့ ပို့ပေးခြင်းတည်း။

ဤသို့ လူတို့စေခိုင်းအပ်သော သတင်းစကားကို အသွားသော်၎င်း, အပြန်သော်၎င်း ဆောင်သောရဟန်းအား ခြေလှမ်းတိုင်း,ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့်၏။ ဤသို့ သတင်းပို့ခြင်းကိုမှီ၍ ရအပ်သော ဆွမ်းဘောဇဉ်ကို စားလျှင်လည်း မျိုတိုင်းမျိုတိုင်း ဒုက္ကဋ်အာပတ်သင့်၏။ပထမက မှာကြားသော သတင်းစကားကို မယူဘဲ လာဘ်ကိုလိုသဖြင့် နောက်မှ ပြောကြားလျှင်လည်း ဒုက္ကဋ်အာပတ်သင့်၏။ သတင်းကိုမယူဘဲ သတင်းမေးသဖြင့် မိမိသိသမျှကို ပြောကြားလျှင်ကား အာပတ်မသင့်။

သီတင်းသုံးဖော်ငါးယောက်, အမိအဘ, သာမဏေလောင်းတို့နှင့် မိမိ၏အမှုကြီးငယ်ကို ပြုသောသူတို့၏ သတင်းစကားကို ပို့ခြင်း,ယူခြင်း ပြုလျှင်ကား အာပတ်မသင့်၊ ဤမှတပါးသော လူတို့၏ သတင်းစကားကို ပို့ခြင်း,ဆောင်ခြင်းကြောင့် ရအပ်သော ပစ္စည်းလေးပါးတို့သည်။ အဘူတာရောစနသိက္ခာပုဒ်,ရူပိယသံဝေါဟာရသိက္ခာပုဒ်တို့ဖြင့် ရအပ်သော ပစ္စည်းလေးပါးတို့ကဲ့သို့ပင် သီတင်းသုံးဖော်ငါးယောက်တို့အား မအပ်သည်သာလျှင်တည်း။

ထို့ကြောင့် ပါရာဇိကကဏ်အဋ္ဌကထာ၌—

"ဣမေဟိ ပန အဋ္ဌဟိ ကုလဒူသကကမ္မေဟိ ဥပ္ပန္နပစ္စယာ ပဉ္စန္နမ္ပိ သဟဓမ္မိကာနံ န ကပ္ပန္တိ၊ အဘူတာရောစနရူပိယသံဝေါဟာရေဟိ ဥပ္ပန္နပစ္စယသဒိသာဝ ဟောန္တိ"ဟု မိန့်တော်မူသည်။

၎င်းအဋ္ဌကထာပါဠိတို့တွင် "အဋ္ဌဟိ"၌ ရှစ်ပါးဟူသည်ကား ပုပ္ဖဒါန, ဖလဒါန, စုဏ္ဏဒါန, မတ္တိကဒါန, ဒန္တကဋ္ဌဒါန, ဝေဠုဒါန, ပဏ္ဏဒါန, ဇင်္ဃပေသနိက ၎င်းရှစ်ပါးတည်း။

ဆက်ပါဦးမည် "တပည့်တော်၏စကားဖြင့် (တပည့်တော်အတွက်) ဘုရားဖူးပေးပါ, ကန်တော့ပေးပါ, စေတီ, ရုပ်ပွား, ဗောဓိပင် သံဃာတော်တို့ကို ကန်တော့ပေးပါ, စေတီ၌ နံ့သာလူးပေးပါ, ပန်းပူဇော်ပေးပါ, တပည့်တော် အလှူပေးလိုပါသည်, တရားနာလိုပါသည် သံဃာစည်းဝေးပေးပါ ပင့်ပေးပါ"ဟု ဆိုသဖြင့် ရွက်ဆောင်ပေးလျှင်မူကား အာပတ်မသင့် ပြုလုပ်ရွက်ဆောင်အပ်သည်သာလျှင်တည်း" ဟု ပါရာဇိကကဏ်အဋ္ဌကထာ ဒုတိယအုပ် ကုလဒူသကသိက္ခာပုဒ်အဖွင့် စာမျက်နှာ (၂၀၇)၌ မိန့်ဆိုတော်မူလျက်ရှိပါသည်။

၎င်းလူတို့၏ အစေအပါးကို ခံခြင်းဟူသော မိစ္ဆာဇီဝနှင့်ပတ်သက်၍ မဟာနိဒ္ဒေသပါဠိ တုဝဋ္ဋကသုတ်၌—

၁။ ဒူတဂမန— လူတို့ခရီးရှည်နိုင်းသည်ကို သွားလာပေးခြင်း။

၂။ ပဟိနဂမန— လူတို့တအိမ်မှ တအိမ်သို့ နိုင်းသည်ကို သွားလာပေးခြင်း။

၃။ နဝကမ္မ— လူတို့၏ အိုးအိမ်ဆောက်မှု စသည်ကို စီမံပေးခြင်း ဟူ၍ ၎င်းဇင်္ဃပေသန အပြင်သုံးပါးကို ဟောတော်မူသေးသည်။

၎င်းကဲ့သို့သောအမှုကို မဆိုထားဘိ "ဂိလာနဿ ပန ပြုတ္တံ ကရောထ ဘန္တေတိ ဝုတ္တေ န ကာတဗ္ဗံ"လူနာအား အရံအတားလုပ်ပေးပါဘုရားဟု ဆိုလျှင် လူတို့၏အစေအပါးကို ခံရာရောက်သဖြင့် ပရိတ်မရွတ်အပ်၊ "ဘဏထာတိ ဝုတ္တေ ပန ကာတဗ္ဗံ" ပရိတ်ရွတ်ပေးပါဘုရားဟုဆိုလျှင် "ရွတ်အပ်၏"ဟု ပါရာဇိကကဏ်အဋ္ဌကထာ တတိယပါရာဇိက ဝိနီတဝတ္ထု အဖွင့်၌ မိန့်ဆိုလျက်ရှိသောကြောင့် လူတို့အစေအပါးဟူသမျှ လုံးဝမအပ်သည်ကို သိမှတ်သင့်ပါသည်။

ယခုကာလ၌ ဘုန်းကြီးများကလည်း မသင်မကြား မဆုံးမသဖြင့် ဒါယကာများကလည်း မသိမ်မာ၍ မကြာခဏ "ပရိတ်အစောင့်အရှောက် ကလေး လုပ်ပေးပါဘုရား"ဟု လျှောက်ထားပြောဆိုသည်ကို ကိုယ်တွေ့ ကြုံရဘူးပါသည်။ ထိုသို့ဆိုသဖြင့် ပရိတ်ရွတ်မပေးလျှင်လည်း စိတ်မချမ်းသာ ကြမည်လို့ စိုး၍ ရွတ်ပေးရပြန်သည်။ ထိုသို့ မလိမ္မာသူတို့အား ရွတ်ပေး သင့်သည်လို့လည်း ဇင်းအဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆိုလျက် ရှိလေသည်။

"သစေပိဿ ဧဝံ ဟောတိ မနုဿာနာမ နဇာနန္တိ အကယိရ- မာနေ ဝိပ္ပဋိသာရိနော ဘဝိဿန္တိတိ ကာတဗ္ဗံ"။

မြန်မာမှု— "ဆေးကုခြင်း"ဟူသည် အမျိုးမတော်သော သူစိမ်း ပြင်ပ လူတွေသမျှကို ဆေးကုပေးခြင်းတည်း၊ ထိုသို့ မကုအပ်မပေးအပ် ပေးသော်ကုသော် ဒုက္ကဋ်အာပတ်သင့်၏။

ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ၌—

"တဿာ အာဂတာဂတဿ ပရဇနဿ ဘေသဇ္ဇံ နကာတဗ္ဗံ"ဟု မိန့်ဆိုလျက်ရှိလေသည်။

ရဟန်းယောကျ်ား ရဟန်းမိန်းမ သိက္ခမာန် သာမဏေယောကျ်ား သာမဏေမိန်းမ,အမိ,အဖ မိဘကိုပြုစုလုပ်ကျွေးသူ မိမိ၏အမှုကြီးငယ်ကို ပြုသူ သာမဏေလောင်း အစ်ကို ညီ အမ နှမ ဒွေးတော် အမကြီး ဘထွေးဘကြီး အရီး ဦးလေး၊ ထိုအစ်ကိုစသည်တို့၏ ဆွေမျိုးခုနစ်ဆက်တိုင် အောင်သော သူတို့ကိုကား ကုကောင်းပါ၏။

အကျယ်ကိုလိုပါက ပါရာဇိကဏ်အဋ္ဌကထာ တတိယသိက္ခာပုဒ် ဝိနိစ္ဆယတွဲအဖွင့် ဝိနယသင်္ဂဟအဋ္ဌကထာ ကုလသင်္ဂဟတို့၌ ကြည့်ပါလေ။

ဆက်လက်ရေးသားပါဦးမည်၊ အမျိုးမတော်သော သူစိမ်းကိုမူကား အလွန်သဒ္ဓါတရားရှိသည်ဖြစ်၍ ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့တတ် သော ရဟန်းသံဃာ၏ အမိအဖအရာ၌ တည်သောသူတို့ကိုသော်မှလည်း မကုအပ် မပေးအပ်သည်သာဖြစ်၏။

တတိယ နံမော်ဆရာတော်၏ဆရာ ရှင်ဝရဓဇ္ဇမှာ ကျောင်းအမဖြစ်သူ ဆေးတောင်းလာသည်ကို "ဆေးမပေးကောင်း" ဟု ပယ်မြစ်လေသည်တွင် "ပစ္စည်းလေးပါး ဒါယိကာမဖြစ်ပါသည်ဘုရား" ဟု ထပ်မံလျှောက်ထားရာ "ပစ္စည်းလေးပါးဒါယကာမဖြစ်လေ မပေးကောင်းလေတဲ့" ဟု မိန့်ကြားကြောင်း သိမှတ်ကြည်ညိုရဘူးလေသည်။ လူနာကိုမသုံးသပ်ဘဲ ရောဂါ၏ ဆေးနည်းကို မေးလျှင်မူကား ပြောကောင်းပါသည်။ လူဒါယကာက လူနာ၏အမည်ကိုပြော၍ ဆေးနည်းကိုလာမေးရာ၌ ရဟန်းအချင်းချင်း မေးမြန်းပြောဆိုသော ပရိယာယ်ဖြင့် ဆေးနည်း ပြောကောင်းပါသည်၊ ဒါယကာက ဆေးနည်းကို ကြားနာသိမှတ်၍ ဆေးကုလျှင် အပ်ပါသည်။

သီဟိုဠ်ကျွန်း၌ ဝသဘမင်းလက်ထက် အရှင်ဥပတိဿမထေရ်၏ လေ့ကျက်ခဲ့သော ဆရာ့ထံတွင် ပိဋကတ်(၁၈)ခေါက် ပေါက်ဘူးသော ပိဋကတ်ပါဠိ,အဋ္ဌကထာ ခဲ့ဆဲဆယ် ငါးနပေါင်းခြစ်ဆယ်ကို ဆုံးဖြတ်နိုင်စွမ်း၍ ဝိနိစ္ဆယပါဒ အောင်လံထူတော်မူသော အရှင်မဟာပဒုမမထေရ်သည်ကား ဝသဘမင်း၏ မိဖုယားအား ရောဂါဖြစ်သည်ရှိသော် ကိုယ်လုပ်မောင်းမ တယောက်လာရောက်၍ ဆေးနည်းမေးလျှောက်ရာတွင် မသိဟု မိန့်တော်မမူဘဲ အထက်၌ဆိုခဲ့သည့်အတိုင်း ရဟန်းတို့နှင့် အချင်းချင်း ဆေးနည်းဆွေးနွေးမှုကို ပြုတော်မူလေသည်၊ ယင်းသို့ ဆွေးနွေးသောစကားကို ကြား၍ ထိုမိဖုယားအား ဆေးကုကြလေသည်။ ရောဂါပျောက်သည်ရှိသော် တိစီဝရိတ်နှင့်တကွ ငွေသုံးရာတို့ကို ဆေးပန်းတောင်းကို ပြည့်စေကုန်လျက် ယူခဲ့ကြပြီးလျှင် အရှင်ပဒုမမထေရ်၏ ခြေရင်း၌ ချထားကာ "ပန်းပူဇော်ခြင်းကို ပြုပါဘုရား" ဟု လျှောက်ထားသာကုန်၏၊ အရှင်မဟာပဒုမမထေရ်သည် "ဤဝတ္ထုကား ဝိနည်းပရိယာယ်ကို သိနားလည်သော ဆရာ၏အဖို့သာတည်း" ဟုဆို၍ (ကပ္ပိယဝသေန ဂါဟာပေတွာ ပုပ္ဖပူဇံ အကာသိ) အပ်သောကပ္ပိယဝေါဟာရ၏ အစွမ်းအားဖြင့်ယူစေ၍ ပန်းပူဇော်ခြင်းအမှုကို ပြုတော်မူလေသည်ဟု ပါရာဇိကဏ်အဋ္ဌကထာ တတိယသိက္ခာပုဒ်အဖွင့် စာမျက်နှာ (၆၆)၌ ဖွင့်ဆိုတော်မူပါသည်။

**အဓိပ္ပါယ်ကား—** ကပ္ပိယဝသေနကို "ပုပ္ဖံ ... ဟာရထာတိအာဒိနာ ကပ္ပိယဝေါဟာရဝသေနာတိအတ္ထော" ဟု သာရတ္ထဒီပနီ၌ မိန့်ဆိုလေသည် "ပန်းပူဇော်ခြင်းငှါ၍ ယူစေသည်" ဟူလို။

ဝိမတိဝိနောဒနီ၌ကား— "အမှာကံ ရူပိယံ န ဝဋ္ဋတိ ပုပ္ဖပူဇနတ္ထံ ပုပ္ဖံ ဝဋ္ဋတိ" တိ အာဒိနာ ပဋိက္ခိတ္ဗာ ကပ္ပိယေန ကမ္မေန ဂါဟာ-

ပေတ္တာတိ အတ္ထော”ဟု မိန့်ဆိုလေသည်။ “ငါတို့အား ငွေ မအပ်ပန်းသာအပ်သည်”ဟု ပယ်မြစ်၍ အပ်အောင်ပြုစေသဖြင့် ယူစေသည်ဟူလို။

ဤမဟာပဒုမမထေရ်၏ ဝိနည်းပရိယာယ်ကိုသုံး၍ ဆေးနည်းပေးပုံ အနာမာသဝတ္ထုကို လက်ခံပုံများနှင့် မင်းမိဖုယားဘို့က ဝိနည်းပရိယာယ်ကို သုံး၍ ဆေးနည်းပေးခသဖွယ်ဖြစ်သော သက်နီးနှင့်ငွေ လှူဒါန်းပုံများကို ထောက်ထားလျှင် ဝိနည်း၌ တတ်သိလိမ်မာမှုသည် သာသနာ့သောကတွင် အထူးအရေးကြီး၍ များစွာအကျိုးရှိသည်မှာ ထင်ရှားသိသာလှပါသည်၊ ထို့ကြောင့် အမျိုးကောင်းသား ရဟန်းများသည် ဝိနည်းတရားတော်ကို ကြိုးစားပို့ချ သင်အံသင့် လိုက်နာကျင့်သုံးသင့်လှသည်သာမက ဗာသနာ တော်ကို ကြည်ညိုကုန်သော ဒါယကာ,ဒါယိကာမများသည်ပင် ဝိနည်း ပရိယာယ်များကို မိမိတို့နှင့် ထိုက်သင့်သမျှ သိကြားလိမ်မာ၍ လိုက်နာ ကျင့်သုံးနိုင်ရန် ကြောင့်ကြဗျာပါရ စိုက်သင့်သည်သာ ဖြစ်ပါတော့သည်။

သာသနာ့ဘော်၏နောက်ပိုင်း ယခုမျက်မှောက်ခေတ်ဟုဆိုအပ်သော အနာဂတ်ကာလ၌ ရဟန်းအများတို့သည် ဝိနည်းကိုလည်းမသင် သင်သော် လည်း ရိုသေမှုနည်းပါးသဖြင့် ဝိနည်းပရိယာယ်ဟုဆိုအပ်သော ကပ္ပိယ ဝေါဟာရကိုပင်မသုံးတော့ဘဲ ဥပမာ “တွင်းတူးခြင်း မြေတူးခြင်း”စသည့် တို့၌ “တွင်းကိုသိပါ မြေကိုကပ္ပိပါ” စသည်ဖြင့်ရင်း သစ်ပင် သစ်ကိုင်း စသည့်ကို ခုတ်ဖြတ်ရာ၌ “သစ်ပင်ကိုကပ္ပိပါ” စသည်ဖြင့်ရင်း သစ်သီး သစ်ရွက်စသည်ကိုခူးရာ၌ “ဤအသီး အရွက်ကို” လိုချင်သည်စသည်ဖြင့်ရင်း ဆို၍ ကပ္ပိယဝေါဟာရကို မသုံးတော့ဘဲ လူသားတို့ကဲ့သို့ပင် “တွင်းတူးပါ မြေတူးပါ ဒီသစ်ပင် သစ်ကိုင်းကိုခုတ်ဖြတ်လိုက်ပါ၊ ဒီသစ်သီး သစ်ရွက်ကို ဆွတ်ခူးလိုက်ပါ စသည်ဖြင့် ပြောင်တဲ့ဒိုးပြောကာ ပြုကျင့်ကြသဖြင့် ဝိနည်း သိက္ခာပုဒ်တော်ကို ချေဖျက်ကြကုန်လတ္တံ့ဟု အင်္ဂုတ္တိုရ်ပါဠိတော် အနာဂတ ဘယသုတ်၌ အောက်ပါအတိုင်း ဟောတော်မူပါသည်။

“ပုနစာပရံ ဘိက္ခဝေ ဘဝိဿန္တိ ဘိက္ခူ အနာဂတမဒ္ဓါနံ အာရာမိကသမဏုဒ္ဒေသေဟိ သံသဋ္ဌာ ဝိဟရိဿန္တိ၊ အာရာမိကသမဏုဒ္ဒေသေဟိ သံသဂ္ဂေ ခေါ ပန ဘိက္ခဝေ သတိ ဧတံ ပါဋိကင်္ခံ “အနေကဝိဟိတံ သန္နိဓိကာရပရိဘောဂံ အနုယုတ္တာ ဝိဟရိဿန္တိ၊ ဩဠာရိကမ္ပိ နိမိတ္တံ ကရိဿန္တိ ပထဝိယာပိ ဟရိ-

ဟင္ဂေပိ” ဣဒံ ဘိက္ခဝေ အနာဂတဘယံ တေရဟိ အသမုပ္ပန္နံ အာယတိံ သမုပ္ပဇ္ဇိဿတိ၊ တံ ဝေါ ပဋိဗုဇ္ဈိတဗ္ဗံ ပဋိဗုဇ္ဈိတွာ စ တဿ ပဟာနာယ ဝါယမိတဗ္ဗံ”။

အနက်— ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ နောက်တပါးလည်း။ ဝေါ၊ တပါးတို့။ အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ သံသဋ္ဌာ၊ ငါးပါးသောသံသဂ္ဂတို့ဖြင့် နှီးနှောကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အာရာမိကသမဏုဒ္ဒေသေဟိ၊ အာရာမ်စောင့် သာမဏေတို့နှင့်။ သံသဋ္ဌာ၊ ငါးပါးကုန်သော သံသဂ္ဂတို့ဖြင့် နှီးနှောကုန်သည်ဖြစ်၍။ ဝိဟရိဿန္တိ၊ နေကြကုန်လတ္တံ့။ ခေါ ပန၊ စင်စစ်သော်ကား။ အာရာမိက- သမဏုဒ္ဒေသေဟိ၊ အာရာမ်စောင့် သာမဏေတို့နှင့်။ သံသဂ္ဂေ၊ ငါးပါးသော သံသဂ္ဂတို့ဖြင့် နှီးနှောခြင်းသည်။ သတိ၊ ရှိသော်။ ဧတံ၊ ဤဆိုအပ်လတ္တံ့သည်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ အနေကဝိဟိတံ၊ ဝဏ္ဏ,အာမိသ စသည်ဖြင့် များစွာသော။ သန္နိဓိကာရပရိဘောဂံ၊ သိုမှီးသိမ်းဆည်းခြင်းကို ပြုအပ်သောပစ္စည်းကို သုံးဆောင်ခြင်းကို။ အနုယုတ္တာ၊ အမြဲယှဉ်ကုန်သည် ဖြစ်၍။ ဝိဟရိဿန္တိ၊ နေကြကုန်လတ္တံ့။ ပထဝိယာပိ၊ မြေ၌ရင်း။ ဟရိတဂ္ဂေပိ၊ စိမ်းလန်းသော မြက်သစ်ပင်၌ရင်း။ ဩဠာရိကံ၊ ကြမ်းတန်းသော။ နိမိတ္တံ၊ နိမိတ်ကို။ ကရိဿန္တိ၊ ပြုကြကုန်လတ္တံ့။ ဧတံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စမံ၊ ငါးခုမြောက်သော။ ဣဒံ အနာဂတဘယံ၊ ဤလာလတ္တံ့သောဘေးသည်။ တေရဟိ၊ ဤငါဘုရား သက်တော်ထင်ရှားရှိရာ ယခုအခါ၌။ အသမုပ္ပန္နံ၊ မဖြစ်သေး။ အာယတိံ၊ မနောင်အခါ၌။ သမုပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တံ၊ ထိုအနာဂတ်ဘေးကို။ ဝေါ၊ သင်တို့သည်။ ပဋိဗုဇ္ဈိတဗ္ဗံ၊ သိအပ်၏။ ပဋိဗုဇ္ဈိတွာ၊ သိ၍။ တဿ၊ ထိုလာလတ္တံ့သောဘေးကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဝါယမိတဗ္ဗံ၊ အားထုတ်အပ်၏။

ဤပါဠိတော်၌ မြေတူးခြင်း, သစ်ပင်သစ်ကိုင်းခုတ်ဖြတ်ခြင်းမျှကို နိဒဿနအားဖြင့် ဟောတော်မူပါသည်၊ စင်စစ်ကား။ ပင်းရှုက်စေသော စားဘွယ်သောက်ဘွယ်ကို ယူစေခြင်း သစ်သီးစသည်ကို အုတ်ဖူးစေခြင်း စသည်တို့၌လည်း မအပ်သော ဩဠာရိကနိမိတ်ကို ပြုကြမည့်ပင် ဖြစ်ကြောင်းကို နိဒဿနဟူသည်အားဖြင့်။ ဝါ၊ အတ္တာပန္နအားဖြင့် သိသင့်ပါသည်။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

"အာဇီဝတ္ထာယ ပဏ္ဏနိဝါပအာဒိနိ ဂါဟာပေန္တေ ဖလာနိ ဩစိနန္တေ ဝါ ဩစိနာပေန္တေ ဝါ ဝတ္တဗ္ဗမေဝ နတ္ထိ"ဟူ၍မိန့်ဆိုတော်မူလေသည်။

ဆိုခဲ့သော အင်္ဂုတ္တိုရ်ပါဠိတော်အရ ပါစိတ္တိယဝတ္ထုများကိုပင် ပရိယာယ်မသုံး ချွမ်းမှုန်းဖျက်ဆီးကြမည်ဆိုလျှင် ဒုက္ကဋ်ဝတ္ထုမျှသာဖြစ်သော "ဝေဇ္ဇကမ္မ"စသည် အမှုတို့ကိုမူကား အဘယ်မှာ မလွန်ကျူးမဖျက်ဆီးဘဲ ရှိကြပါမည်နည်း? လွန်ကျူးဖျက်ဆီးကြမည်သာဖြစ်၏။ ထိုသို့ ပစ္စည်းလေးပါး ရလိုမှုကို အကြောင်းပြု၍ ဆိုခဲ့သော ဝါးပေး,ဆေးကုစသည် အပါအဝင် ရဟန်းတို့အား မသင့်မလျော်သော မိစ္ဆာဇီဝအနေသန နှစ်ဆယ့်တပါးသို့ ရောက်ကြလိမ့်မည်ကို—

"ဝိဝရဟေတု စ အနေကပိယိတံ အနေသနံ အပ္ပဋိရူပံ အာပဇ္ဇိဿတိ"အစရှိသည်ဖြင့်၍အနာဂတဘယသုတ်ပထမ,ဒုတိယ, တတိယအနာဂတ်ဘေးပြ ပါဠိတော်တို့၌ မြတ်စွာဘုရားဟောတော်မူပါသည်။ ထိုပါဠိတော်များကို အပြည့်အစုံ ဖော်ပြပါလျှင် ဤအခဏ်းအတွက် ရှည်လျားသွားမည်ကိုစိုးသဖြင့် ချန်လှပ်ကာ အောက်ပါ ပါရမ္ဘရိယထေရဂါထာ ပါဠိတော်ကို ဖော်ပြလိုက်ပါသည်။

ဘေသဇ္ဇေသု ယထာဝေဇ္ဇာ၊ ကိစ္စာကိစ္စေ ယထာဂိဟီ။
ဂဏိကာဝ ဝိဘူသာယံ၊ ဣဿရေ ခတ္တိယာ ယထာ။ ။

အနက်— ဘေသဇ္ဇေသု၊ လူအားပေးကု ဆေးအမှုတို့၌။ ယထာဝေဇ္ဇာ၊ ပရိယေသန စီးပွားရှာလို့ နေ့ညဖွေရှာ ဆရာသမား,ဒေါက်တာများကဲ့သို့။ ပဋိပဇ္ဇိဿန္တိ၊ ကျင့်ကြကုန်လတ့်။ ဝါ၊ ဗိန္ဒောပယောဂ ဩသဖော နှစ်ဝထောင်းကြိတ် အပြည့်သိပ်သည့် ဆေအိတ်ကိုလွယ် ရွာကြီးငယ်သို့ လှည့်လည်ကုစားကြကုန်လတ့်။ ကိစ္စာကိစ္စေ၊ လူတို့လုပ်ငန်း လူ့စခမ်းမို့ ရဟန်းဇာတ်နှင့် မစပ်မနွယ် ပြုဘွယ်သီးသီး အမှုငယ်အမှုကြီး၌။ ယထာဂိဟီ၊ ဇနီးမယား သမီးသားနှင့် စီးပွားအိမ်ထောင် စတ်ကြောင်ဆင်ထား လူအများကဲ့သို့။ ပဋိပဇ္ဇိဿန္တိ၊ ကျင့်ကြကုန်လတ့်။ ဝါ၊ မကြောက်မရွံ့ နောက်မတွန့်ဘဲ အရှက်နဲသဖြင့် အားခဲပြုလုပ်ကြကုန်လတ့်။ ဝိဘူသာယံ၊

ကိုယ်အင်္ဂါကို ဆင်းဝါပြင်ပ အမြင်လှအောင် ဆင်သခြယ်လှယ်ခြင်း၌။ ဂဏိကာဝ၊ ကိုယ်ဟန်ဘန်းပြ ဖန်းစားကြသည့် ရုပဇီဝါ ပြည့်တန်ဆာတို့ကဲ့သို့။ ပဋိပတ္တိသဿ၊ ကျင့်ကြကုန်လတ့်။ ဝါ၊ အာပတ်စကား ချိုနဲ့လားဟု လေးစားကင်းလျက် မငဲ့ကွက်ဘဲ အရှက်ကမ်းကုန် ပြုကျင့်ကြကုန်လတ့်။ ဋ္ဌသရေ၊ တိုက်တာဝါသ ဒကာဒကာမနှင့် သဗြဟ္မစာရီ ထိုဤမျှားနှာ အရာရာဝယ် အာဏာထန်ပြင်း အစိုးတရပြုခြင်း၌။ ခတ္တိယာယာထာ၊ ပြည့်ပိုင်သနင်း အစိုးရမင်းတို့ကဲ့သို့။ ပဋိပတ္တိသဿ၊ ကျင့်ကြကုန်လတ့်။ ဝါ၊ ငါ့မြင်း ငါစီး ငါ့ထီးငါဆောင်း ငါ့ကျောင်းငါတိုင် ဘယ်သူဆိုင်ဟု အနိုင်ကျင့်ကာ မချင့်စာဘဲ ငါငါအာဂ ပါဝါပြ၍ မာနလူလူ တန်ခွန်ထူသို့ ပြုမူကျင့်ကြကြကုန်လတ့်။

ဤဂါထာကို အနက်ပေးရာ၌—

"တဒါ အာယတိံ စ ဘိက္ခူနံ ဥဒ္ဒမ္မ ပဋိပတ္တိယာ ပကာသနဝသေန ဘာသိတာ"ဟူသော အဋ္ဌကထာကိုမှီ၍ အနာဂတ်လည်း ရသင့်သောကြောင့် "ပဋိပဇ္ဇိဿန္တိ"ဟု ထည့်ပါ၍နှင့် ယောဇနာလိုက်ပါသည်။

ဘဏ္ဍာဂါရိက— ဤဘဏ္ဍာဂါရိကဌ် လူတို့၏ပစ္စည်းဖြစ်ခဲ့လျှင် ရွှေငွေ ကျောက်မျက်စသော အကပ္ပိယဝတ္ထုဖြစ်စေ ရွှေငွေကျောက်မျက်မှတပါး အဝတ်အထည်စသော ကပ္ပိယဝတ္ထုပင်ဖြစ်စေ အယုတ်ဆုံးအားဖြင့် အမိအရင်း၏နား၌ ဝတ်ဆင်အပ်သော ထန်းရွက်လိပ်ကိုသော်မှလည်း အစောင့်အရှောက်အနေအားဖြင့် မသိမ်းဆည်းအပ် သိမ်းဆည်းလျှင် ပါစိတ်အာပတ်သင့်၏၊ လှူခဲ့လျှင် ဇွတ်ထားခဲ့လျှင် သိမ်းဆည်းအပ်၏၊ မိဘမှတပါးသော အခြားသူတို့၏ ပစ္စည်းဖြစ်ခဲ့လျှင် ချစ်ခင်ခြင်းကြောင့်၎င်း ကြောက်ခြင်း အားနာခြင်းကြောင့်၎င်း ပစ္စည်းကို ထိန်းပေးသောသူအနေအားဖြင့် လုံးဝမသိမ်းဆည်းအပ်၊ လုံခြုံသောနေရာကို ပြခြင်းငှါသော်၎င်း ဗလက္ကာယအားဖြင့် ဇွတ်အဓမ္မထားခဲ့၍ ဖဲသွားခဲ့လျှင် သိမ်းဆည်းထားခြင်းငှါ၎င်း အပ်ပါ၏၊ ပါဠိနှင့်တကွ အကျယ်ဝေဘန်ရာကို အလိုရှိပါက ဝိနယသင်္ဂဟ အဋ္ဌကထာ ဘဏ္ဍပဋိသာမနခဏ်း၌ ကြည့်ပါလေ။

ပိဏ္ဍပဋိပိဏ္ဍ— ပိဏ္ဍပဋိပိဏ္ဍ၌ ဆွမ်းခံ၍ရလို၍ တဦးသောဒါယကာမှ ရခဲ့သောဆွမ်းကို တဦးသောဒါယကာသို့ ပေးခြင်းတည်း။ ဝါ၊ မိမိ၏ဆွမ်းကို ဒါယကာတို့အားပေး၍ ဒါယကာတို့၏ဆွမ်းကို ယူခြင်းတည်း၊ ထို့ကြောင့် ဝိဘင်းမူလဋီကာ၌—

"ဝိဏ္ဏုတ္တံ ပဋိဝိဏ္ဏုဒါနံ, ဝိဏ္ဏံ ဒတွာ ပဋိဝိဏ္ဏုဂ္ဂဟဏံ ဝါ ဝိဏ္ဏု-ပဋိဝိဏ္ဏံ"ဟု မိန့်တော်မူလေသည်။

ဤဆွမ်းတုံ့ပေးရာ၌ မိဘတို့အားငင်း,မိဘတို့ကို လုပ်ကျွေးပြုစုသူတို့အားငင်း, မိမိ၏အမှုလုပ်နှင့် သာမဏေလောင်းအားငင်း, မိမိနေရာသို့ရောက်လာသော သူခိုးဒါးပြ မင်းအစိုးရတို့အားငင်းပေးအပ်ပါ၏"အခြားသူတို့အား မပေးအပ်ဟူလို"။

ဤမိဘစသူတို့အား ဆွမ်းကိုပေး၍ ငင်းတို့ထံမှ ဆွမ်းတုံ့ကို ခံယူရရှိသော်သည်း ပိဏ္ဏပဋိပိဏ္ဏမည်သည်မဖြစ်၊ ထို့ကြောင့် မဟာနိဒ္ဒေသအဋ္ဌကထာ၌—

"မာတာပိတူနံ တဒုပဋ္ဌာကာနံ ဝေယျာဝစ္စကရဿ ပဏ္ဍု-ပလာသဿ သမ္ပတ္တဿ ဒါမရိကစောရဿ ဣဿရဿာပိ ဒါတဗ္ဗာ။ ဧတေသံ ဒတွာ ပစ္စာ လဒ္ဓမ္ပိ ပိဏ္ဍပဋိပိဏ္ဍံ နာမ န ဟောတိ"ဟူ၍မိန့်တော်မူလေသည်။

**သံဃုပ္ပါဒစေတိယုပ္ပါဒပဋ္ဌပနကမ္မ**ကို သံဃာ့ပစ္စည်း စေတီပစ္စည်းများကို ဝိနည်းတော် တရားတော်နှင့် မလျော်မသင့် စီရင်ခြင်းဟု ဘာသာပြန်ခဲ့သည်မှာ—

"သံဃဘောဂစေတိယဘောဂါနံ အယောနိသော ဝိစာရဏံ သံဃုပ္ပါဒစေတိယုပ္ပါဒပဋ္ဌပနံ" ဟူသော ဝိဘင်းမူလဋီကာ သက ဝါဒကိုမှီး၍ ဘာသာပြန်ခဲ့ပါသည်။ နိဿယဆရာတော်ကား သံဃာ့ဥစ္စာကို မိမိဥစ္စာကဲ့သို့ စီရင်ခြင်း စေတီဥစ္စာကို မိမိဥစ္စာကဲ့သို့ စီရင်ခြင်းဟု အနက်ပေးပါသည်၊ ထိုအနက်ကို—

"အတ္တနော သန္တကေ ဝိယ ပဋိပဇ္ဇနန္တိ ကေစိ"ဟု ဋီကာဆရာတော်က ကေစိဝါဒဟု ဆိုလေသည်၊ အာဇီဝအရာဖြစ်၍ ကေစိဝါဒလည်း သင့်သည်ဟုပင် ထင်ပါသည်။ ထိုစကားမှန်၏၊ ပရိဝါပါဠိတော် ပရိက္ခာရစတုက္က၌ သံဃာ့ပစ္စည်း သံဃာ့ပရိက္ခာရာကိုငင်း စေတိယပစ္စည်း စေတိယပရိက္ခာရာကိုငင်း မိမိ၏ပစ္စည်းကဲ့သို့ ငါပိုင်ပြု၍ သုံးဆောင်ခြင်း မပြုအပ်ဟု ဟောတော်မူလေသည်။

"စတ္တာရော ပရိက္ခာရာ အတ္တိ ပရိက္ခာရော ရက္ခိတဗ္ဗော ဂေါပေ- တဗ္ဗော မမာယိတဗ္ဗော၊ ပရိဘုဥ္ဇိတဗ္ဗော၊ အတ္တိပရိက္ခာရော ရက္ခိ- တဗ္ဗော ဂေါပေတဗ္ဗော မမာယိတဗ္ဗော န ပရိဘုဥ္ဇိတဗ္ဗော၊ အတ္တိ ပရိက္ခာရော ရက္ခိတဗ္ဗော ဂေါပေတဗ္ဗော န မမာယိတဗ္ဗော န ပရိ- ဘုဥ္ဇိတဗ္ဗော၊ အတ္တိ ပရိက္ခာရော န ရက္ခိတဗ္ဗော၊ န ဂေါပေတဗ္ဗော န မမာယိတဗ္ဗော န ပရိဘုဥ္ဇိတဗ္ဗော။ ပရိဝါပါဠိတော်။

"ပရိက္ခာရစတုက္ကေ ပထမော သာကပရိက္ခာရော၊ ဒုတိယော သံဃိကော၀၊ တတိယော စေတိယသန္တကော၊ စတုတ္ထော ဂိဟိ- ပရိက္ခာရော"။ ဋီကာအဌကထာ။

ဘုန်းကြီးတို့၏ ဓမ္မာစရိယဆရာ ဦးသောဘနကား ဤအရာ ဝိဘင်း မူလဋီကာ သာကဝါဒသည် အရာကျယ်၍ အားလုံးကုန်ကိုခြုံမိသည်၊ ကေစိ ဝါဒကား အရာကျဉ်းသည် ဤသို့ အရာအားဖြင့် မတူကွဲပြား ခြားနား လျက်ရှိသော်လည်း ကေစိဝါဒသည် သာကဝါဒသို့ပင် အတွင်းဝင်လျက် ရှိရကား မဆန့်ကျင်ကြောင်း အမိန့်ရှိဘူးပါသည်။

ဤသို့ ပြဆိုခဲ့ပြီးသော မိစ္ဆာဇီဝတို့တွင် ဝေဠုဒါန ဝါးပေးခြင်းမှ စ၍ ဝိဏ္ဏုပ္ပဋိဝိဏ္ဏုတိုင်အောင် (၁၃)ပါးတို့သည် အနေသနနှစ်ဆယ့်တပါး၌ ပါဝင်လျက်ရှိကြလေသည်။ အနေသနနှစ်ဆယ့်တပါးဖြင့် အသက်မွေးကြ ကုန်သော ရဟန်းတို့၏ ခံစားရသော မကောင်းကျိုးများနှင့် အနေသနဖြင့် ရသော ပစ္စည်းလေးပါး၏ စက်ဆုတ်ရွံရှာဘွယ်ဖြစ်ဟန်ကို မြတ်စွာဘုရား နှလုံးသွင်းသိမြင်တော်မူပုံကို အောက်ပါ သတဓမ္မဇာတ် အဌကထာပါဌ်ဖြင့် ဖော်ပြပါဦးမည်။

"သတ္ထာ တေသံ တထာဇီဝိကကပ္ပနဘာဝံ ဉတွာ တေရဟိ ခေါ ဇဟု ဘိက္ခု၊ အနေသနာယ ဇီဝိကံ ကပ္ပေန္တိ၊ ဧတ ပန ဇဝံ ဇီဝိကံ ကပ္ပေတွာ ယက္ခတ္တဘာဝါ ပေတတ္တဘာဝါ န မုစ္စိဿန္တိ။ ဓုရ- ဂေါဏာ ဟုတွာ၀ နိဗ္ဗတ္တိဿန္တိ၊ နိရယေ ပဋိသန္ဓိံ ဂဏှိဿန္တိ၊ တေသံ ဟိတတ္ထာယ သုခတ္ထာယ အတ္တဇ္ဈာသယံ သာကပဋိဘာနံ ကေံ ဓမ္မဒေသနံ ကထေတုံ ၀ဋ္ဋတိ"တိ ဘိက္ခုသံဃံ သန္နိပါတာ ပေတွာ "န ဘိက္ခဝေ ကောဝိသတိဝိဓာယ အနေသနာယ ပစ္စယာ ဥပ္ပါဒေတဗ္ဗာ၊ အနေသနာယ ဟိ ဥပ္ပန္နော ပိဏ္ဍပါတော အာဒိတ္တ-

လောဟဂုဠသဒိသော ဟလာဟလဝိသူပမော။ အနေသနာ ဟိ နာမေသာ ဗုဒ္ဓပစ္စေကဗုဒ္ဓသာဝကေဟိ ဂရဟိတဗ္ဗာ ပဋိကုဋ္ဌာ။ အနေသနာယ ဥပ္ပန္နံ ပိဏ္ဍပါတံ ဘုဉ္ဇန္တဿ ဟိ ဟာသော ဝါ သောမနဿံ ဝါ နတ္ထိ။ ဧဝံ ဥပ္ပန္နော ဟိ ပိဏ္ဍပါတော မမ သာသနေ စဏ္ဍာလဿ ဥစ္ဆိဋ္ဌ ဘောဇနသဒိသော၊ တဿ ပရိဘောဂေါ သတဓမ္မမာဏဝဿ စဏ္ဍာလုစ္ဆိဋ္ဌဘတ္တပရိဘောဂေါ ဝိယ ဟောတိ”။

အနက်— သတ္ထာ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုရဟန်းတို့၏။ တသာ၊ ထိုအနေသနဟုဆိုအပ်သော အခြင်းအရာအားဖြင့်။ ဇီဝိကကပ္ပနဘာဝံ၊ အသက်မွေးမှုပြုသည်၏အဖြစ်ကို။ ဉတွာ၊ သိတော်မူ၍။ တေရဟိ၊ ဤသခုအခါ၌။ ဗဟူ၊ များစွာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အနေသနာယ၊ မအပ်သော ရှာမှီးခြင်းဖြင့်။ ဇီဝိကံ၊ အသက်မွေးခြင်းကို။ ကပ္ပေန္တိ၊ ပြုကြကုန်၏။ ပန၊ အကျိုးကိုဆိုအံ့၊ တေ၊ ထိုရဟန်းတို့သည်။ ဧဝံ၊ ဤသို့။ ဇီဝိကံ၊ အသက်မွေးခြင်းကို။ ကပ္ပေတွာ၊ ပြုကြကုန်၍။ ယက္ခတ္တဘာဝေါ၊ ဘီလူး၏အတ္တဘောမှ။ ပေတတ္တဘာဝေါ၊ ပြိတ္တာ၏အတ္တဘောမှ။ နမုစ္စိဿန္တိ၊ မလွတ်ကြကုန်လတ့ံ။ ဓုရဂေါဏာ၊ လှည်းနွား ဝန်တင်နွား တို့သည်။ ဟုတွာဝ၊ ဖြစ်ကုန်၍သာလျှင်။ နိဗ္ဗတ္တိဿန္တိ၊ ဖြစ်ကြကုန်လတ့ံ။ နိရယေ၊ ငရဲ၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဏ္ဟိဿန္တိ၊ ယူကြကုန်လတ့ံ။ တေသံ၊ ထိုရဟန်းတို့၏။ ဟိတတ္ထာယ၊ အကျိုးစီးပွားအလို့ငှါ။ သုခတ္ထာယ၊ ချမ်းသာခြင်းငှါ။ အတ္တဇ္ဈာသယံ၊ ငါဘုရား၏စိတ်၌ဖြစ်သော။ သကပဋိဘာနံ၊ ငါဘုရားဟုဆိုအပ်သော မိမိအားထင်သော။ ဧကံ၊ တခုသော။ ဓမ္မဒေသနံ၊ တရားဒေသနာကို။ ကထေတုံ၊ ဟောခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ စိန္တေတွာ၊ ဤသို့ကြံတော်မူ၍။ ဘိက္ခုသံဃံ၊ ရဟန်းအပေါင်းကို။ သန္နိပါတာပေတွာ၊ စည်းဝေးစေ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ကေဝိသတိ-ဝိဓာယ၊ နှစ်ဆယ့်တပါး အပြားရှိသော။ အနေသနာယ၊ မအပ်သော ရှာမှီးခြင်းဖြင့်။ ပစ္စယာ၊ ပစ္စည်းတို့ကို။ န ဥပ္ပါဒေတဗ္ဗာ၊ မဖြစ်စေအပ်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဟိယသ္မာ၊ အကြင့်ကြောင့်။ အနေသနာယ၊ မအပ်သောရှာမှီးခြင်းဖြင့်။ ဥပ္ပန္နော၊ ဖြစ်သော။ ပိဏ္ဍပါတော၊ ဆွမ်းသည်။ အာဒိတ္တလောဟဂုဠသဒိသော၊ ရဲရဲညီသော သံတွေခဲနှင့် တူ၏။ ဟလာဟလဝိသူပမော၊ လောလောသေစေတတ်သော အဆိပ်လျှင် ဥပမာရှိ၏။ တသ္မာ၊ ထို့ကြောင့်။ န ဥပ္ပါဒေတဗ္ဗာ၊ မဖြစ်စေအပ်ကုန်။ ဟိ၊ အဟုတ်တပါးကိုဆိုဦးအံ့။ ဧသာ အနေသနာ နာမ၊ ဤမအပ်သော ရှာမှီးခြင်း

မည်သည်ကို။ ဗုဒ္ဓပစ္စေကဗုဒ္ဓသာဝကေဟိ၊ ဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသာဝကတို့သည်။ ဂရဟိတဗ္ဗာ၊ ကဲ့ရဲ့အပ်၏။ ပဋိကုဋ္ဌာ၊ စက်ဆုတ်အပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဟိယသ္မာ၊ အကြင့်ကြောင့်။ အနေသနာယ၊ မအပ်သောရှာမှီးခြင်းဖြင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဥ္ဇန္တဿ၊ စားသုံးသောရဟန်းအား။ ဟာသော ဝါ၊ ရွှင်ခြင်းသည်၎င်း။ သောမနဿံ ဝါ၊ ဝမ်းမြောက်ခြင်းသည်၎င်း။ နတ္ထိ၊ မရှိ။ ဟိ၊ ရွှင်လန်းဝမ်းသာ မရှိရာဟု ဆိုပါခဲ့သား ထိုစကားကို ထင်ရှားအောင်သာ ဥပမာဖြင့် ကောင်းစွာမသေ့ ပြလိုက်ပေအံ့။ ဝံ၊ ဤသို့။ ဥပ္ပန္နော၊ ဖြစ်သော။ ပိဏ္ဍပါတော၊ ဆွမ်းသည်။ မမ သာသနေ၊ ငါဘုရား၏သာသနာတော်၌။ စဏ္ဍာလဿ၊ သူတောင်းစား၏။ ဥစ္ဆိဋ္ဌဘောဇနသဒိသော၊ စားကြွင်းနှင့်တူ၏၊ တဿ၊ ထိုစားကြွင်းနှင့်တူသောဆွမ်းကို။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းသည်။ သတာခမ္ဘမာဏဝဿ၊ သတာခမ္ဘလုလင်၏။ စဏ္ဍာလုစ္ဆိဋ္ဌဘတ္တ-ပရိဘောဂေါ ဝိယ၊ သူတောင်းစား၏ စားကြွင်းကိုစားခြင်းကဲ့သို့။ ပရိ-ဘောဂေါ၊ စားသုံးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဂရဟိတဗ္ဗာ၊ ကဲ့ရဲ့အပ်ကုန်၏။ ပဋိကုဋ္ဌာ၊ စက်ဆုတ်အပ်ကုန်၏။

---

## အဂေါစရနှင့်ဂေါစရ

အဂေါစရနှင့် ဂေါစရနှစ်ပါးတို့တွင် ဇျာနဝိဘင်းပါဠိတော်၌ မြတ်စွာဘုရားသည် အဂေါစရကို ဟောတော်မူပြီးမှ "ဤအဂေါစရမှ ရှောင်ကြဉ်ကျင့်သုံးခြင်းသည် ဂေါစရပင်ဖြစ်သတည်း" ဟု ပြတော်မူခြင်းငှာ အဂေါစရကို ရှေးဦးစွာ ဟောတော်မူသည့်အတိုင်း ဤစာအုပ်၌လည်း ရှေးဦးစွာ အဂေါစရပြပါဠိတော်ကို ထုတ်ဆောင်ဖေါ်ပြပါမည်။

## အဂေါစရပြပါဠိတော်

"တတ္ထ ကတမော အဂေါစရော၊ ဣဓေကစ္စော ဝေသိယာဂေါစရော ဝါ ဟောတိ၊ ဝိဓဝါ ဂေါစရော ဝါ ထုလ္လကုမာရီဂေါစရော ဝါ ပဏ္ဍကဂေါစရော ဝါ ဘိက္ခုနီဂေါစရော ဝါ ပါနာဂါရဂေါစရော ဝါ၊ သံသဋ္ဌော ဝိဟရတိ၊ ရာဇူဟိ ရာဇ-မဟာမတ္တေဟိ တိတ္ထိယေဟိ တိတ္ထိယသာဝကေဟိ၊ အနနုလောမိ-ကေန သံသဂ္ဂေန ယာနိ ဝါ ပန တာနိ ကုလာနိ အသဒ္ဓါနိ

အပ္ပသန္နာနိ အနောပါနဘူတာနိ အဇ္ဈောသကပရိဘောသကာနိ အနဓ္ဓကာမာနိ အပဟိတကာမာနိ အဖာသုကကာမာနိ အယော-ဂက္ခေမကာမာနိ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ တထာရူပါနိ ကုလာနိ သေဝတိ ဘဇတိ ပယိရုပါသတိ အယံ ဝုစ္စတိ အဂေါစရော"။

အနက်– တတ္ထ၊ ထိုဂေါစရအဂေါစရနှစ်ပါးတို့တွင်။ အဂေါစရော၊ အဂေါစရသည်။ ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ကေစ္စော၊ အချို့သောရဟန်းသည်။ ဝေသိယာဂေါစရော ဝါ၊ ပြည့်တန်ဆာမလျှင် ရည်သန်သဖြင့် ဆည်းကပ်ရာဌာန ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိဓဝါဂေါစရော ဝါ၊ မုဆိုးမလျှင် ကျက်စားရာရှိသည်ရင်း။ ထုလ္လကုမာရိဂေါစရော ဝါ၊ အပျိုဟိုင်းလျှင် ကျက်စားရာရှိသည်ရင်း။ ပဏ္ဍကဂေါစရော ဝါ၊ ပဏ္ဍုက်လျှင် ကျက်စားရာရှိသည်ရင်း။ ဘိက္ခုနီ-ဂေါစရော ဝါ၊ ရဟန်းမိန်းမလျှင် ကျက်စားရာရှိသည်ရင်း။ ပါနာဂါရ-ဂေါစရော ဝါ၊ သေတင်းကုတ်လျှင် ကျက်စားရာရှိသည်ရင်း။ ဟောတိ၊ ဖြစ်၏။ ရာဇူဟိ ဝါ၊ မင်းတို့နှင့်ရင်း။ ရာဇမဟာမတ္တေဟိ ဝါ၊ မင်းအမတ်တို့နှင့်ရင်း။ တိတ္ထိယေဟိ ဝါ၊ တိတ္ထိတို့နှင့်ရင်း။ တိတ္ထိယသာဝကေဟိ၊ တိတ္ထိ၏တပည့်တို့နှင့်ရင်း။ သံသဋ္ဌော၊ တတွေးတည်း။ အနနုလောမိကေန၊ သိက္ခာသုံးပါးသို့အား မလျော်ဆန့်ကျင်ဘက်ဖြစ်သော။ သံသဂ္ဂေန၊ ရောနှောပေါင်းဘက်ခြင်းဖြင့်။ သံသဋ္ဌော၊ နှီးနှောယှက်တင်သည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဝါ ပန၊ တနည်းသော်ကား။ ယာနိ တာနိ ကုလာနိ၊ အကြင်အမျိုးတို့သည်။ အသဒ္ဓါနိ၊ ကံ,ကံ၏အကျိုးကို မယုံကြည်ကုန်။ အပ္ပသန္နာနိ၊ ရတနာသုံးပါး၌ မကြည်ညိုကုန်။ အနောပါနဘူတာနိ၊ ခရီးလမ်းဆုံ၌ တူးအပ်သော ရေကန်ရေတွင်းကဲ့သို့ဖြစ်၍ ရဟန်းတို့ သက်ဝင်ခြင်းငှါ ခန့်သည်မဟုတ်ကုန်။ ဘိက္ခူနံ၊ ရဟန်းတို့ကို။ ဝါ၊ ရဟန်းတို့၏။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့ကို။ ဝါ၊ ရဟန်းမိန်းမတို့၏။ ဥပါသကာနံ၊ ရတနာသုံးပါးကို ဆည်းကပ်ကုန်သော ဒါယကာယောကျ်ားတို့ကို။ ဝါ၊ ဒါယကာယောကျ်ားတို့၏။ ဥပါသိကာနံ၊ ရတနာသုံးပါးကို ဆည်းကပ်ကုန်သော ဒါယိကာမိန်းမတို့ကို။ ဝါ၊ ဒါယိကာမိန်းမတို့၏။ အဇ္ဈောသက-ပရိဘာသကာနိ၊ ဆဲရေးတတ် ဘေးကိုပြ၍ ခြိမ်းခြောက်တတ်ကုန်၏။ အနတ္ထကာမာနိ၊ ပျက်စီးခြင်းကို လိုကုန်၏။ ဝါ၊ ဆင်းရဲကို လိုကုန်၏။ အဟိတကာမာနိ၊ ဗျသနဒုက္ခ၏အကြောင်းကို လိုကုန်၏။ အဖာသုက-ကာမာနိ၊ ဖာသုဝိဟာရကို မလိုကုန် ဒုက္ခဝိဟာရကိုသာလိုကုန်၏။ အယော-

ဂဏ္ဍမကာမာနိ၊ လေးပါးသောယောဂတို့ဖြင့် ဒေမနိဿယဝိဝဋ္ဋကို မသိ ကုန်။ ဘယဝဋ္ဋကိုသာ လိုကုန်၏။ တသာရုပါနိ၊ ယုံသို့သဘောရှိကုန် သော။ ကုလာနိ၊ အမျိုးတို့ကို။ သေဝတိ၊ မှီ၍အသက်မွေး၏။ ဘဇတိ၊ ဆည်းကပ်၏။ ပယိရုပါသတိ၊ အခေါက်ခေါက်ဆည်းကပ်၏။ အယံ၊ ဤပြည့်တန်ဆာစသော မင်းဇသော မသဒ္ဓါသည့်အမျိုးစသော အလုံးစုံ။ အဂေါစရော၊ ကျက်စားခြင်းငှါ မလျောက်ပတ်သော အရပ်ဌာနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**ဝေသိယာဂေါစရော**—၌ ပြည့်တန်ဆာမဟူသည်မှာ တစုံတခုသော အာမိသဖြင့်ပင် ရလွယ်သော မေထုန်အမှုရှိကုန်သော အဆင်းရုပ်မျိုးကို တန်းပြ၍ အသက်မွေးကုန်သော မိန်းမတို့တည်း။ ထိုမိန်းမတို့သို့ အဆွေ ခင်ပွန်း ချစ်ကျွမ်းဖွဲ့သည်၏ အစွမ်းအားဖြင့် သွားလာဝင်ထွက် ကျက်စား သောရဟန်းသည် ဝေသိယာဂေါစရမည်၏။ ထို့ကြောင့် ထိုပြည့်တန်ဆာမ တို့သို့ မသွားမလာ မချဉ်းကပ်အပ်သည်သာဖြစ်၏။ အကြောင်းမူကား စောင့်ရှောက်အပ်သော ရဟန်းတရား၏ ပျက်ရာပျက်ကြောင်း ဖြစ်သော ကြောင့်တည်း။ ထိုစကားမှန်၏။ ပြည့်တန်ဆာမတို့သို့ ချဉ်းကပ်သော့ရှိသော ရဟန်း၏ ကြာမြင့်စွာ စောင့်ရှောက်အပ် လုံခြုံစေအပ်သော ရဟန်းတရား သည်လည်း တရက်နှစ်ရက်ဖြင့်သာ ပျက်စီးနိုင်၏။ အကယ်၍ ရဟန်းတရား မပျက်စီးစေကာမူ သူတပါး၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရမည်မှာ မုချဖြစ်၏။ အလှူအတန်း၏ အစွမ်းအားဖြင့် မလွဲမကင်းသာ ချဉ်းကပ်ရသော ရဟန်း သည်ကား အလွန်သတိထား၍ ချဉ်းကပ်အပ်၏ဟု "သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဈာနဝိဘင်းအဖွင့်" စာမျက်နှာ(၃၂၅)၌ မိန့်ဆိုလျက်ရှိပါ သည်။

ထိုပြည့်တန်ဆာမအစ ဘိက္ခုနီမအဆုံးရှိသော အဂေါစရဌာန ငါးပါးတို့သို့ အလှူဒါနဟူသော အကြောင်းကြောင့် သွားလာဝင်ထွက် ရသည်ရှိသော် လိုက်နာကျင့်သုံးသင့်သော အခြင်းအရာ အာစာရကို ဝိနည်းမဟာဝါအဋ္ဌကထာ အညတိတ္ထိယပုဗ္ဗဝတ္ထုကထာ၌လည်း "သစေ ပန ဝေသိယာဒယော သလာကဘတ္တာဒီနိ ဒေန္တိ"အစရှိသည်ဖြင့် အပြည့် အစုံ ဖွင့်ဆိုမှာထားလျက်ရှိပါသည်၊ အလိုရှိပါက ၎င်းသမ္မောဟအဋ္ဌကထာ စာမျက်နှာ(၃၂၅) မဟာဝါအဋ္ဌကထာ စာမျက်နှာ(၂၇၄)တို့၌ ကြည့် ပါလေ။

ဝိဓဝါဂေါ်ဝရော—၌ "ဝိဓဝါကို မတပတိကာ ဝါ ပဝုတ္ထပတိကာ ဝါ"ဟု အဋ္ဌကထာတို့၌ ဖွင့်ဆိုလျက်ရှိသောကြောင့် လင်သေမုဆိုးမ, လင်ကွာတခုလပ် နှစ်ယောက်စလုံးကိုပင် သိမှတ်ရပါမည်။

ထုလ္လကုမာရိကာဂေါ်ဝရော—၌ "ထုလ္လကုမာရိကာ"ကို "ထုလ္လကုမာရိကာယောတိ မဟလ္လိကာ အနိဝိဋ္ဌကုမာရိယော"ဟု သမ္မောဟဝိနောဒနီ,မဟာနိဒ္ဒေသ,အင်္ဂုတ္တိုရ်အဋ္ဌကထာကြီးတို့၌ လင်မရသေး အပျိုဟိုင်းဟူ၍သာ တညီတညွတ်တည်း ဖွင့်ဆိုတော်မူကြလေသည်။ အနာရာမကေရဟာန်း၏ ဂေါ်စရကို ပြဆိုရာ မဟာဝါအဋ္ဌကထာ၌ကား "ထုလ္လကုမာရိကာတိ ယောဗ္ဗနပ္ပတ္တာ ယောဗ္ဗနာတီတာ ဝါ ကုမာရိယော"ဟု အရွယ်ရောက်ဆဲသော အပျိုကလေး,အရွယ်လွန်ပြီးသော အပျိုဟိုင်း နှစ်ယောက်လုံးကို မနှစ်သက်ဘွယ် ရှုံဘွယ်သောရဟာန်း၏ ကျက်စားရာအဖြစ်ဖြင့် ဖွင့်ဆိုတော်မူသေသည်၊ ဤအဂေါ်စရကို ဖွင့်ဆိုရာ အထက်ပါအဋ္ဌကထာကြီးတို့၌ မဖွင့်မဆိုစေကာမူ "တာ ပုရိသာ အဓိပ္ပါယာဝ ဝိစရန္တိ"ဟူ၍ မဟာဝါအဋ္ဌကထာ မိန့်မှာလျက်ရှိသောကြောင့်၎င်း, "အသက်နုနယ် အရွယ်ရောက်ထ ပျံသင်စက ပဟိုင်းမပျို့သိုး မိန်းမမျိုးမူ ဗိုတိုးသော့လား ရေတတ်နွားနှင့် နာဖျားပျောက်စ နာလန်ထတို့ ဝတ်လှချင်ချင် အိမ်မြှောင်မြင်လည်း စားချင်ဝင်းဝင်းအာသာပြင်းသို့"စသည်ဖြင့် မဃဒေဝလင်္ကာ၌ မိန့်မှာလျက်ရှိသောကြောင့်၎င်း အပျံသင်စ အပျိုငယ်သည်လည်း ကိလေသာပြောသည် ဖြစ်ရကား ရဟန်းတရား၏ ပျက်စီးကြောင်း အကဲ့ရဲ့ခံရကြောင်းပင်ဖြစ်၍ သတိထား ရှောင်ရှားသင့်သည်သာ ဖြစ်ပါသည်။

ပဏ္ဍကဂေါ်စရော၌ ပဏ္ဍုက်ဟူသည်မှာ မေထုန်ကိုမှီ၍ဖြစ်သော စကား၌ အလေ့အလာများ၍ ကိလေသာများကုန်၏။ ကိလေသာဖြင့် ပူလောင်ကုန်သော နပုံးပဏ္ဍုက်တို့ဖြစ်ကြောင်းကို "ပဏ္ဍကာတိ လောကာမိသနိဿိတကထာ ဗဟုလာ ဥဿန္နကိလေသာ အဝူပသန္တပရိဠာဟာ နပုံသကာ"ဟု သမ္မောဟဝိနောဒနီ၌ မိန့်ဆိုတော်မူပါသည်။

ဘိက္ခုနီဂေါ်စရော၌ ဝေသိယာဂေါ်စရ၌ ဆိုအပ်ခဲ့ပြီးသော ချဉ်းကပ်သင့်ပုံမသင့်ပုံတို့အပြင် အထူးသိမှတ်ရန်မှာရဟန်းတို့သည်လည်း များသော အကျင့်မြတ်ရှိကုန်၏။ ရဟန်းမိန်းမတို့သည်လည်း များသောအကျင့်မြတ်ရှိကုန်၏။ ၎င်းတို့နှစ်ဦး မိတ်ဆွေခင်ပွန်း ချစ်ကျွမ်းဝင်သဖြင့် တရက်နှစ်ရက်မှာပင် စောင့်ရှောက်အပ် လုံခြုံစေအပ်သော ရဟန်းတရားများ ပျက်စီး

စေနိုင်ကုန်၏။ ထို့ကြောင့်လည်း မိတ်ဆွေခင်ပွန်း ချစ်ကျွမ်းဝင်သည်၏ အစွမ်းအားဖြင့် မချဉ်းကပ်အပ်သည်သာဖြစ်၏။ လူနာမေးခြင်း အကျိုးငှါ ဘုရားဖူးခြင်းအကျိုးငှါကား ဘိက္ခုနီမတို့၏ နေရာသို့ သွားကောင်း ချဉ်းကပ်ကောင်းပါသေးသည်။ ထို့ကြောင့် "ဂိလာနပုစ္ဆကေန ပန ဂန္တုံ ဝဋ္ဋတိ" အစရှိသည်ဖြင့် သင်္ဂြိုဟ်အဋ္ဌကထာ၌ မိန့်ဆိုတော်မူလေသည်။

ဤသို့ ဆိုခဲ့ပြီးသော ပြည့်တန်ဆာမစသည် မသင့်သော ကျက်စားရာ ငါးပါးတို့၌ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သည်၏ အစွမ်းအားဖြင့် သွားလာ ဝင်ထွက် ကျက်စားလေ့ရှိသော ရဟန်းသည် တပါးသောသူတို့၏ အထင်လွဲခြင်း ယုံမှားသံသယဖြစ်ခြင်း ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရတတ်သည်ကိုလည်း-

"ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဥဿင်္ကိတ ပရိသင်္ကိတော ဟောတိ" "ပါပဘိက္ခု"တိ အပိ အကုပ္ပဓမ္မောပိ"။

စသည်ဖြင့် ပဉ္စင်္ဂုတ္တရပါဠိ ဖါသုဝိဟာရဝဂ် ဥဿင်္ကိတသုတ်၌ မြတ်စွာဘုရား ဟောတော်မူပါသည်။

ပါနာဂါ ရငေ စနော-၌ ပါနာဂါရဟူသည်မှာ အရက်ဆိုင် ထန်းရည်ဆိုင်ပင် ဖြစ်ပါသည်၊ ထိုအရက် ထန်းရည်ဆိုင်၌ အရက်သမား ထန်းရည် သမားဟုဆိုအပ်သော ရဟန်းတရား၏ အန္တရာယ်ကို ပြုတတ်ကုန်သော သူတို့ ပေါများရာ နေရာဖြစ်သောကြောင့် မိတ္တသန္ထဝ၏ အစွမ်းအားဖြင့် မသွားအပ် အရက်သောက်ခြင်းငှါလည်း မသွားအပ်။

ဤအဂေါစရခြောက်ပါး၏ အပြစ်ကို အောက်ပါအတိုင်း မဃဒေဝလင်္ကာ၌ စပ်ဆိုတော်မူသည်။

"တခန်းသိုမှ ပြည့်မတန်းဆာ လင်ကွာမိန်းမ မုဆိုးမနှင့် ဟိုင်းမပျိုကြီး တသီးသွင်ယုတ် ပဏ္ဍုက်,ဘိက္ခုနီ တလီသို့နောက် သေသောက်အိမ်ခေါ် အပ်မလျော်သား ဆဂေါစရ ခြောက်ဌာနနိုက် သီသချစ်ခင် သူဘော်စင်တို့ ကျွမ်းဝင်ဘယ်ခါ မပြုရာတည့် ပြုပါတပြီး ခရီးကုန်းကြောင်း ဖုံထောင်းထောင်းနှိုက် မိကျောင်း ကြည်းတင် ဖြစ်တတ်ကျင်၏"

ရာဇူဟိ–၌ "ရာဇာ"ဟူသည်မှာ ဘုရင်,သမ္မတ,အာဏာရှင်,အဓိပတိ, ဥက္ကဋ္ဌ,ဝန်ကြီး,ဝန်ကလေးမှစ၍ အုပ်ချုပ်ရေးဆိုင်ရာ အရာရှိကြီးငယ် အားလုံးပင်ဖြစ်ပါသည်၊ ထို့ကြောင့် သဒ္ဓမ္မောပါယနဒီအဋ္ဌကထာ၌ "ရာဇူဟိတိအာဒိသု ရာဇာနောတိ အဘိသိတ္တာ ဝါ ဟောန္တု အနဘိသိတ္တာ ဝါ၊ ယေ ရဇ္ဇံ အနုသာသန္တိ"ဟူ၍ မိန့်ဆိုတော်မူလေသည်။

ရာဇမဟာမတ္တေဟိ–၌ "မင်းအမတ်"ဟူသည်မှာ မင်းနှင့်တူသော အခွင့်အာဏာရှိသော မင်းတိုင်ပင်အမတ်အားလုံးပင် ဖြစ်ပါသည်၊ ထို့ကြောင့် သဒ္ဓမ္မောပါယနဒီအဋ္ဌကထာ၌ "ရာဇမဟာမတ္တာတိ ရာဇူနံ ဣဿရိယသဒိသာယ မဟတိယာ ဣဿရိယမတ္တာယ သမန္နာဂတာ"ဟု မိန့်ဆိုတော်မူလေသည်။

ဤဆိုအပ်ခဲ့ပြီးသော မင်း,မင်းအမတ်တို့နှင့် သိက္ခာသုံးပါးအား မလျော်ဆန့်ကျင်သော ရဟန်းတရားမှ၏ အန္တရာယ် ပညတ်တော်မူသော သိက္ခာပုဒ်ကိုလွန်ကျူးမှု သလ္လေခအကျင့်၏ ယုတ်လျော့ပျက်စီးမှုဟုဆိုအပ် သော မသင့်သော ရောနှောပေါင်းသင်း ဆက်ဆံခြင်းဖြင့် မပေါင်းသင်း အပ် မဆက်ဆံအပ်ပါ။

ဆက်လက်၍ဖော်ပြပါမည် မင်း, မင်းအမတ်တို့နှင့် ပေါင်းသင်း ဆက်ဆံရာ၌ စိုးရိမ်ဘွယ်ရှိလျှင် ၎င်းတို့နှင့်ရောနှော၍ စိုးရိမ်ရသည်၏ အဖြစ် သဟသောကိတာ, ဝမ်းမြောက်ဘွယ်ကြုံလျှင် ၎င်းတို့နှင့်အတူ ရောနှော၍ ဝမ်းမြောက်ရသည်၏အဖြစ် သဟနန္ဒိတာ,၎င်းတို့နှင့်တူညီသော ချမ်းသာဆင်းရဲ ရှိသည်၏အဖြစ် သမသုခဒုက္ခတာ, ပြုလုပ်ရွက်ဆောင်ဘွယ် ကိစ္စကြီးငယ်တို့၌ မိမိကိုယ်တိုင် ပါဝင်ရွက်ဆောင်ရသည်၏အဖြစ် အတ္တနာဝ ယောဂံ အာပဇ္ဇနတာ, ဤဆိုခဲ့ပြီးသော အဖြစ်လေးပါး အကြောင်း လေးပါးဟုဆိုအပ်သော ပေါင်းသင်းဆက်ဆံမှုသည် ရဟန်းတရား၏ အန္တရာယ် သိက္ခာပုဒ်ကို လွန်ကျူးမှု သလ္လေခအကျင့်၏ ပျက်စီးယုတ်လျော့မှု များသို့ ရောက်ကြောင်း မကောင်းသော မလျော်သော ပေါင်းသင်း ဆက်ဆံမှုမည်၏။

အဓိပ္ပါယ်— ထိုပေါင်းသင်းဆက်ဆံမှုမျိုးဖြင့် မပေါင်းသင်း မဆက်ဆံအပ်ဟူလို။

ထို့ကြောင့် သမ္မောဟဝိနောဒနီ၌—

"အနနုလောမေ၀ါကသံသဂ္ဂေါ နာမ တိဿန္နံ သိက္ခာနံ အနနု-လောမေ၀ါ ပစ္စနီကသံသဂ္ဂေါ၊ ယေန ဗြဟ္မစရိယန္တရာယံ ပညတ္တိ-ဝီတိက္ကမံ သလ္လေခပရိဟာနိဉ္စ ပါပုဏာတိ၊ သေယျထိဒံ ရာဇ-ရာဇမဟာမတ္တေဟိ သဒ္ဓိံ သဟသောကိတာ သဟနန္ဒိတာ သမ-သုခဒုက္ခတာ၊ ဥပ္ပန္နေသု ကိစ္စကရဏီယေသု အတ္တနာ၀ ယောဂံ အာပဇ္ဇနတာ"။

ဟူ၍ မိန့်ဆိုတော်မူလေသည်။

၎င်းသဟသောကိတာ သဟနန္ဒိတာစသော အဋ္ဌကထာပါဌ်ဖြင့် ပြခဲ့သော အတူစိုးရိမ်မှု အတူ၀မ်းမြောက်မှုစသော မသင့်မတင့်သော ပေါင်းသင်းဆက်ဆံမှု ဟူသည်ကို မင်း,မင်းအမတ်တို့၌သာ မပြုအပ် မဖြစ်စေအပ်သည်မဟုတ် လူခပ်သိမ်းတို့၌ပင် မပြုအပ် မဖြစ်စေအပ်ပါ။

ထို့ကြောင့် မဟာနိဒ္ဒေသပါဠိတော်၌—

"ဂါမေ စ နာဘိသဇ္ဇေယျာတိ ကထံ ဂါမေ သဇ္ဇတိ၊ ဣဓ ဘိက္ခု ဂါမေ ဂိဟီဟိ သံသဋ္ဌော ဝိဟရတိ သဟနန္ဒီ သဟသောကီ သုခိတေသု သုခိတော ဒုက္ခိတေသု ဒုက္ခိတော ဥပ္ပန္နေသု ကိစ္စ-ကရဏီယေသု အတ္တနာ ဝေါ ယောဂံ အာပဇ္ဇတိ။ ဧဝမ္ပိ ဂါမေ သဇ္ဇတိ"ဟု ဟောတော်မူလေသည်။

---

## မင်းဆရာ ရာဇဝလ္လဘ

ထိုသို့ မင်းအစိုးရများနှင့် အနနုလောမိက သံသဂ္ဂတို့ဖြင့် ပေါင်းသင်းဆက်ဆံခြင်းသည် ရဟန်းဘ၀၏ အန္တရာယ်ဖြစ်ခြင်းစသော အပြစ်ဒေါသ များပြားလှသည်မှာ ထူးဆန်းအံ့ဩဘွယ် မဟုတ်လှပါ၊ မင်းအစိုးရများနှင့်ချစ်ကျွမ်း၀င်မှု မင်းအကြည်ညိုခံရမှု ဟူသော ရာဇ၀လ္လဘသည်ပင် ဂန္ထဓုရ,ဝိပဿနာဓုရစသော ကုသိုလ်မှုကို လျော့ပါးစေသဖြင့် ဗြဟ္မစရိ-ယန္တရာယ် ဖြစ်နိုင်ကြောင်းကို အင်း၀မြို့ကို ဖန်ဆင် တည်ထောင်တော်မူသော မင်းတရားလက်ထက်လောက်တွင် "ဂုဏာမုနိန္ဒာဓိပတိပ၀ရမဟာ

ဓမ္မရာဇာဓိရာဇဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို ခံယူရရှိတော်မူသော "အရှင်ဂုဏမဥ္ဇူသာ" မင်းဆရာဖြစ်တော်မူသော မန်လည်ဆရာတော် ဘုရားကို စရစ်ဆရာတော်ဘုရားက "မင်းဆရာမဖြစ်မီကာလနှင့် ဖြစ်ပြီး ကာလတို့တွင် မည်သည့်ကာလက ကုသိုလ်သာ၍ ပွားပါသနည်း"ဟုမေးရာ "မင်းဆရာတော်ဖြစ်သည့်ကာလ ပလိဗောဓများ၍ စာချမှု ဘာဝနာမှု များစွာခွင့်မရသဖြင့် ကုသိုလ်တရား လျော့ပါးလျက် ရှိပါသည်" ဟု လျှောက်ထားဘူးကြောင်း ဆရာတော်ကြီးများထံမှ ကြားနာမှတ်သား ရဘူးပါသည်။

မင်းအစိုးရများနှင့် ချစ်ကြွမ်းဝင်သော မင်းဆရာစသော ရာဇ ဝလ္လဘများသည် မင်း၏အလိုသို့လိုက်၍ အကြိုက်တင်ကာ မြှောက်ပင့် ပြောဆိုရခြင်းဟူသော စာဋုကမျတာ ဥလ္လာပနာတို့မှ ကင်းနိုင်ခဲသည် ကိုလည်း သီလဝိသောဓနီကျမ်း၌ အောက်ပါအတိုင်း ရေးသား ဖေါ်ပြ လျက် ရှိလေသည်။

မင်းဆရာတို့မည်သည် မဟုတ်သည်၌လည်း အဟုတ်ကဲ့သို့ သူနှစ် သက်အောင် ဆိုရချေသည်၊ မောင်းထောင်ဆရာတော်သည် လေးကြိမ် မြောက် အဝတည်မင်းတရား၏ မိဖုယားခေါင်ရှင်မင်းနှကို အသမ္ဘိန္န ခတ္တိယအနွယ်ဖြစ်တော်မူသော ရှင်မိဖုယားခေါင်ကြီးသည်ဟု နိဂုံးအုပ် သမိုင်းထိုးရချေသည်၊ စင်စစ်ကား ထိုရှင်မိဖုယားသည် ဒိပရင်းကျေး ဖလန်ကုံးရွာသူသမီးဖြစ်သည်၊ ထို့ကြောင့် မင်းဆရာအဖြစ်ဖြင့် အပြစ် များသည်၊ အာဇီဝပါရိသုဒ္ဓိသီလဖြစ်ခဲသည်။ (မူရင်းအတိုင်း)

တောင်ဖီလာဆရာတော်— ထိုသို့ မင်းဆရာ အစိုးရဘုန်းကြီးတို့၏ ဆိုခဲ့ပြီးသော အနနုလောမိက သံသဂ္ဂ လပန ဥလ္လပန, စာဋုကမျတာ စသည်တို့ဖြင့် ရအပ်သော ပစ္စည်းလေးပါးကိုလည်း ရှေးသူတော်ကောင်း ဆရာတော်ကြီးများသည် သတ္တဓမ္မဇာတ်၌ ဖေါ်ပြခဲ့ပြီးသကဲ့သို့ သူတောင်း စား၏ စားကြွင်းသဘွယ် ကဲ့ရဲ့ ရှုံ့ရှာကြသည်ကိုလည်း အောက်ပါ တောင် ဖီလာဆရာတော်၏ အတ္တုပ္ပတ္တိတစိပ်ဖြင့် သိသာထင်ရှားလှပါသည်။

သာလွန်မင်းတရားလက်ထက် ပခန်းသာဂရ ဝက်ကျဉမင်၌ သီးတင်း သုံး၍ ဝိနည်းငါးကျမ်း ပါဠိ,အဋ္ဌကထာ နိဿယကို စီရင်ရေးသားတော် မူသော အရှင်ဇမ္ဗုဓဇ ရွှေဥမင်ဆရာတော်ထံ သာလွန်မင်းတရား၏ဆရာ တောင်ဖီလာဆရာတော်သည် မိမိစီရင်သော ဝိနည်းနိဿယကို တိုက်ဆိုင်

ကြည့်ရန် လှူဘွယ်ဝတ္ထု အများကို ယူဆောင်၍ နောက်ပါတပည့်အများနှင့် ကြွလာတော်မူရာ အလုပ်အကျွေးလှူသူတော်တယောက်နှင့်သာ ခေါင်းပါးသော အသုံးအဆောင်ဖြင့် ရွှေဥမင်ဆရာတော်ဘုရား သီတင်းသုံးနေထိုင်တော်မူသည်ကို တွေ့မြင်ရလေလျှင် တောင်ဖီလာဆရာတော်က "အရှင်ဘုရား အခြွေအရံနည်းလှသည် ကြောက်တော်မမူပါလား"ဟု မေးလျှောက်သည်တွင် "ကြောက်၍သာ ပရိသတ်အနည်းနှင့်နေပါသည်"ဟု ပြန်၍ လျှောက်ထားလေသည်။ ထိုနောက် ယူဆောင်လာသော လှူဘွယ်လက်ဆောင်များကို တောင်ဖီလာဆရာတော်သည် လက်နှင့်ကိုင်၍ "သင်္ကန်းပါဘုရား အရှင်မဟာကဿပအား ဘုရားရှင်လှူသော ဒုကုဋ်ကဲ့သို့ မွန်မြတ်သော မင်းကြေးရာဇ်လှူ၍ ရအပ်သော ဝတ္ထုဖြစ်ပါသည်။ သံသရာကို ငြီးငွေ့သောအားဖြင့် အလှူခံ သုံးဆောင်တော်မူပါ"ဟု လျှောက်ထားလှူဒါန်းသည်တွင် ရွှေဥမင်ဆရာတော်က လက်ဖြင့်ခံယူကာ "သာဓုသာဓု ရွှေစည်းခုံဘုရားကို လှူပါ၏"ဟုဆို၍ အနား၌ချထားလေသည်၊ နောက်ဆက်၍လည်း လှူလှူသမျှ ဝတ္ထုကိုင်းကိုပင် ဤသို့ချည်းဆို၍ အနီး၌ချထားလေသည်။

ထိုအခါ တောင်ဖီလာဆရာတော်က "ဩော် - ငါကမင်းဆရာဖြစ်၍ ငါ့ပစ္စည်း၌ ရွံရှာနိုးသဖြင့် ဤသို့ပြုချေသည်"ဟု နှလုံးပိုက်တော်မူကာ အာဃာတစိတ်မရှိဘဲ ကြီးစွာသော သတိသံဝေဂရရှိတော်မူလေသည်။ ထိုနောက် ရွှေဥမင်ဆရာတော် စီရင်ရေးသားတော်မူသည့် ဝိနည်းနိဿယကို တောင်းကြည့်ပြီးလျှင် "ငါစီရင်သော နိဿယကား ကျယ်သည်။ ရွှေဥမင် နိဿယကား ကျဉ်းသည်၊ ဤနိဿယကျဉ်းသည်ပင် နောက်သားတော်မြေးရာ ဖြစ်လောက်ပြီနှစ်နည်းရှိက အငြင်းအခုံပွား၍ အကျိုးမများ ဖြစ်တော့မည်"ဟု နှလုံးပိုက်ကာ မိမိ၏နိဿယကို စေတီယင်ပြင်မှာ မီးပူဇော်၍ ပြန်ကြွတော်မူလေသည်။

ၓ ၎င်းနောက် အလုပ်အကျွေး သူတော်က ရွှေဥမင်ဆရာတော်ထံသို့ ချဉ်းကပ်၍ "ခင်ကြီးတို့ဝိနည်းမှာ သူသဒ္ဓါ၍ လှူသောပစ္စည်းကို မသုံးဆောင်ဘဲ သူတပါးကို မပေးအပ်၊ ပေးလျှင် သဒ္ဓါဒေယျဒုက္ကဋ်အာပတ်သင့်သည် မဟုတ်ပါလော အဘယ့်ကြောင့် မင်းဆရာကိုယ်တိုင်လာ၍ လှူသည့်ပစ္စည်းများကို အားပါးမနာ သူ့ရှေ့မှာပင် ရွှေစည်းခုံအား လှူဘိသနည်း' ဟု လျှောက်ထားရာ "သူတော် - ငါဝိနည်းကိုမစောင့်၍ ဤသို့ပြုမှုသည်မဟုတ်၊ သူတော့်ဆရာကို ငါဆုံးမလိုက်သည်၊ ဤကာအပြန်တွင်

စံကိုင်းလေးထပ်ကြီးကျောင်းတော်သို့ သူတော်ဆရာတော်ပြန်၍ ဝင်စံ ပေလျှင် လောကတွင် အာဂယောက်ျားတည်း”ဟု မိန့်တော်မူလေသည်၊ တောင်ဖီလာဆရာတော်လည်း ရွှေဥမင်မှအပြန်တွင် မိမိ၏ စံကိုင်းလေး ထပ်ကြီးကျောင်းသို့ ဝင်တော်မမူဘဲ သက်တော်ခြောက်ဆယ်ပြည့်သည်နှင့် တောင်ဖီလာတောသို့ဝင်၍ တောရနိုတော်မူလေသတည်း။

တိတ္ထိယ,တိတ္ထိယသာဝကေဟိ-၌ သတ္တလောကသည် သေပြီးလျှင်ပြတ်၏၊ သတ္တလောကသည် သေပြီးလျှင် မပြတ်၊ အသက်လိပ်ပြာဟု ဆိုအပ်သော အတ္တသည် တဘဝမှတဘဝသို့ကူး၍ မပျက်မစီးတည်ရှိ၏၊ လောကအား လုံးကို ထာဝရဘုရားသခင် ဖန်ဆင်း၏၊ ဤသို့စသည်ဖြင့် စွဲလမ်းသော အယူသည် တိတ္ထိမည်၏။

ထိုအယူကို ယူဆစွဲလမ်းသဖြင့် ထိုအယူအတိုင်း ကျင့်ကြံအားထုတ် သည်၏ အဖြစ်ကြောင့် ထိုအယူ၌ ကောင်းစွာဖြစ်သော ဝါ-ထိုအယူ ရှိသောသူသည် “တိတ္ထိယ”မည်၏။

အကြောင်း,အကျိုးမျှသာဖြစ်၍ အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏၊ အကြောင်းချုပ်ငြိမ်းလျှင် အကျိုးလည်းချုပ်ငြိမ်း၏ဟု ဟောတော်မူအပ် သော ဤဗုဒ္ဓဘာသာ သာသနာတော်မှ အပ၌ဖြစ်သော အယူဝါဒရှိသူ ရဟန်း,ရှင်,လူ အမျိုးမျိုးတို့သည် ဤတိတ္ထိယပင်ဖြစ်ကုန်၏။

ထိုတိတ္ထိယတို့၏ အယူဝါဒကို ယုံကြည်သက်ဝင်၍ လိုက်နာကျင့်ကြံ ကြကုန်သော ဒကာ, ဒကာမအားလုံးတို့သည် တိတ္ထိယသာဝကတို့မည် ကုန်၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဘဝ,ဝိဘဝနိဒ္ဒေသ၌—

“တိတ္ထိယောတိ တိတ္ထံ ဝုစ္စတိ ဒိဋ္ဌိ၊ တံ ပဋိပန္နတ္တာ တိတ္တေ သာဓု တိတ္ထံ ယဿ အတ္ထိတိ ဝါ တိတ္ထိယော။ ဇာတော ဗဟိဒ္ဓါ ပဗ္ဗဇ္ဇုပ- ဂတော။ တိတ္ထိယသာဝကောတိ တေသံ ဒိဋ္ဌာနုဂတိမာပန္နော ဂဟဋ္ဌော”ဟု မိန့်ဆိုတော်မူလေသည်။

ထိုတိတ္ထိ တိတ္ထိတပည့်တို့နှင့် ပေါင်းသင်းဆက်ဆံရာ၌ တူသောဆန္ဒ တူသောအလိုတူသောအကျင့်အာစာရရှိသည်၏အဖြစ်သည်၎င်းထိုတူသော ဆန္ဒရှိသည်၏အဖြစ်စသည်ကို ဖြစ်စေတတ်သော အလွန်ချစ်ခြင်း အလွန် မြတ်နိုးခြင်း အဆွေခင်ပွန်း ချစ်ကျွမ်းဝင်ခြင်းသည်၎င်း၊ သိက္ခာသုံးပါးအား မလျော်မလျောက်ပတ်သော အနနုလောမိကသံသဂ္ဂမည်ပါသည်။ ထိုသို့ မပေါင်းသင်း မဆက်ဆံအပ်ဟူလို။

ထို့ကြောင့် သမ္မောဟဝိနောဒနီ၌—

"တိတ္ထိယတိတ္ထိယသာဝကေဟိ သဒ္ဓိံ ကေဏ္ဍန္ဒရိစိသမာစာရတာ ကေဏ္ဍန္ဒရိစိသမာစာရဘာဝါဝဟော ဝါ ဿိနေဟာဗဟုမာနသန္တ- ဝေါ"ဟူ၍ မိန့်တော်မူလေသည်။

ငင်းတိတ္ထိ တိတ္ထိတပည့်တို့၏ အယူဝါဒကို ဖျက်ဆီး၍ မိမိ၏အယူ ဝါဒကို ယူအောင်ပြုစွမ်းနိုင် ရှက်ဆောင်နိုင်ပါမူကား ဝင်ထွက်သွားလာ၍ ပေါင်းသင်းဆက်ဆံသင့်ပါသည်။

ထို့ကြောင့် သမ္မောဟဝိနောဒနီ၌—

"တေသံ ပန ဝါဒံ ဘိန္ဒိတွာ အတ္တနော လဒ္ဓိံ ဂဏှာပေတုံ သမတ္ထေန ဥပသင်္ကမိတုံ ဝဋ္ဋတိ"ဟု မိန့်ဆိုတော်မူလေသည်။

၎င်းအဋ္ဌကထာပါဠ်၌ "တေသံ ပန ဝါဒံ ဘိန္ဒိတွာ အတ္တနော လဒ္ဓိံ ဂဏှာပေတုံ"ဟုဆိုသဖြင့် တိတ္ထိတို့၏ အယူဝါဒကို ချေဖျက်၍ မိမိ၏အယူ ဝါဒကိုယူစေနိုင်ပုံမှာအရှင်အာနန္ဒာမထေရ်မြတ်ကဲ့သို့ စွမ်းဆောင်နိုင်သော အရည်အချင်းနှင့် ပြည့်စုံစေအပ်ပါသည်၊ အရှင်အာနန္ဒာသည် သန္ဒက ပရိဗိုဇ်ထံ ကြွသွား၍ နန္ဒဝစ္ဆ ကိသသံကိစ္စ မက္ခလိဂေါသာလတို့ အယူ ဝါဒများကို ချေဖျက်၍ မိမိ၏အယူဝါဒကို သန္ဒကပရိဗိုဇ်နှင့်တကွ ငင်း၏ တပည့် ပရိသတ်အများတို့အား သက်ဝင်ယုံကြည်စေနိုင်ခဲ့ဘူးကြောင်း မဇ္ဈိမပဏ္ဏာသပါဠိ သန္ဒကသုတ်၌ ဟောတော်မူသည်။

---

## အနာထပိဏ်နှင့် တိတ္ထိများဝါဒပြိုင်ပုံ

အနာထပိဏ်သူဌေးသည်လည်း တိတ္ထိရိပဗိုဇ်တို့၏ အာရာမ်သို့ သွား၍ ငင်းတို့၏အယူဝါဒကို အပြစ်ပြချေဖျက်ကာ မိမိ၏အယူဝါဒကို ဟုတ်မှန်သည့်အတိုင်း အမွှန်းတင်၍ အောင်မြင်စွာ အနိုင်ယူခဲ့ဘူး ကြောင်းကို ဒသင်္ဂုတ္တရပါဠိတော် ကိန္ဒိဋ္ဌိကသုတ်၌ ဟောတော်မူလေသည်။

ထိုစကားကို အကျယ်ဖေါ်ပြပါဦးမည်၊ အခါတပါး၌ မြတ်စွာ ဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးသွားရင်း အချိန်အနည်းငယ် စောသေးသောကြောင့် တိတ္ထိတို့၏ ကျောင်းတိုက်သို့

အလည်အပတ် ဝင်ရောက်လေသည်၊ ရောက်ရှိ၍ မာကြောင်း,သာကြောင်း စသော အောက်မေ့ဘွယ် ဝမ်းမြောက်ဘွယ် သာရဏီယကထာ သမ္မောဒနီယကထာတို့ဖြင့် တိတ္ထိတို့နှင့် နှုတ်ခွန်းဆက်ပြီးသောအခါ တိတ္ထိတို့က "ဒကာကြီး ရဟန်းဂေါတမဟာ ဘာအယူဝါဒရှိသလဲ ပြောပြစမ်းပါဦး"ဟု စတင်မေးမြန်းကြလေသည်။

**အနာထပိဏ်—** မြတ်စွာဘုရားရဲ့ အယူဝါဒအားလုံးကို ကျွန်ုပ်မသိပါ။

**တိတ္ထိများ—** ဒါဖြင့် ရဟန်းတွေရဲ့ အယူဝါဒကို ပြောပြစမ်းပါဦး။

**အနာထပိဏ်—** ရဟန်းတွေရဲ့ အယူဝါဒကိုလည်း ကျွန်ုပ်အပြည့်အစုံ မသိပါ။

**တိတ္ထိများ—** ဂေါတမနှင့် ရဟန်းတွေရဲ့ အယူဝါဒကို မသိရင် ဒကာကြီးရဲ့ အယူဝါဒကို ပြောပြပါ။

**အနာထပိဏ်—** ကျွန်ုပ်ရဲ့အယူဝါဒကို ပြောပြဘို့မခက်ပါ အရှင်ဘုရားတို့ရဲ့ အယူဝါဒကို အလျင်ပြောပြကြပါ၊ နောက်မှ ကျွန်ုပ်ရဲ့အယူဝါဒကို ပြောပြပါမယ်။

ထိုအခါ ပရိဗိုဇ်တယောက်က "ဒကာကြီး ကျွန်ုပ်က အားလုံးသောလောကဟာ အသက်လိပ်ပြာအားဖြင့် မပြိုမကွဲ အမြဲရှိတယ် ဒီအယူဝါဒသာမှန်တယ်၊ ဒီပြင်အယူဝါဒဟာ မမှန်ဘူး အလကားဘဲလို့ အယူရှိတယ်"ဟု ပြောလေသည်။

**နောက်တယောက်—** ဒကာကြီး ကျွန်ုပ်ကတော့ "လောကကြီးဟာ မမြဲဘူး သေပြီးလျှင် ပြတ်တယ်လို့ အယူရှိတယ်"ဟု ပြောလေသည်။

ဤသို့လျှင် များစွာသောတိတ္ထိတို့သည် အချို့က လောကသည် အဆုံးရှိသည်ဟူ၍၎င်း အချို့က လောကသည် အဆုံးမရှိဟူ၍၎င်း, အချို့က ကိုယ်နှင့်အသက် တမျိုးထည်းပင် ဖြစ်သည်ဟူ၍၎င်း အချို့က ကိုယ်နှင့်အသက်သည် တမျိုးစီဟူ၍၎င်း အချို့က သတ္တဝါသေပြီးလျှင် ပြန်ဖြစ်သည် အချို့ကပြန်မဖြစ် အချို့က ဖြစ်လည်းဖြစ်၏ဖြစ်လည်းမဖြစ်ဟု အယူရှိကြောင်းအသီးအသီး ပြောဆိုကြလေသည်။

ထိုအခါက အနာထပိဏ်သူဌေးက "အရှင်ဘုရားတို့ အကြင်သူသည် လောကဟာ အသက်လိပ်ပြာအားဖြင့် မပြိုမကွဲ အမြဲရှိတယ်လို့" အယူဝါဒ ရှိတယ်၊ ထိုသူ့ရဲ့ ထိုအယူဟာ မိမိရဲ့မသင့်မတင့် နှလုံးသွင်းမှုကြောင့်သော် ၎င်း သူတပါးရဲ့ ပြောဟောခြင်းအကြောင်းကြောင့်သော်၎င်း ဖြစ်ပါတယ်၊ အဲဒီအယူဝါဒကို အကြောင်းတရားတို့သည် ပြုပြင်အပ်တယ် စေ့ဆော် အပ်တယ် အဲဒီအယူဝါဒဟာ အကြောင်းတရားကြောင့် ဖြစ်တယ်၊ အကြောင်းကြောင့်ဖြစ်တဲ့ ပြုပြင်အပ်တဲ့ စေ့ဆော်အပ်တဲ့ အကြောင်းကို စွဲ၍ဖြစ်တဲ့ အကြင်တေဘူမကတရားသည်ရှိ၏၊ ထိုတေဘူမကတရားအားလုံး သည်မမြဲ၊ အကြင်တရားသည်မမြဲ၊ ထိုတရားသည်ဆင်းရဲ၏၊ ထိုဆင်းရဲသော တရားကိုပင်လျှင် ထိုအရှင်သည် ကပ်ငြိ၏။ ထိုမမြဲသော တရားကိုပင်လျှင် ထိုအရှင်သည် စွဲလမ်းသက်ဝင်၏" ဟု ပြောဆိုလေသည်။ ကြွင်းသော ပရိဗိုဇ် တို့၏ အယူဝါဒအသီးသီးကိုလည်း ဤနည်းနှင်နှင် ပြောဆိုလေသည်။

ထိုအခါ တိတ္ထိတို့က "ဒကာကြီး ကျုပ်တို့အားလုံးဟာ ကျုပ်တို့ရဲ့ အယူဝါဒတွေကို အသီးသီးပြောဆိုပြီးကြပြီ ဒကာကြီးရဲ့အယူဝါဒကို ပြော ပြပါဦး" ဟု တိုက်တွန်းကြလေသည်။

ထိုအခါ အနာထပိဏ်သူဌေးက "အရှင်ဘုရားတို့ အကျွန်ုပ်ကတော့ အကြောင်းတရားတို့ကြောင့်ဖြစ်တဲ့ အကြောင်းတို့သည် ပြုပြင်အပ်တဲ့ စေ့ ဆော်အပ်တဲ့ အကြောင်းတရားကိုစွဲ၍ ဖြစ်တဲ့ အကြင်အလုံးစုံသော တေ ဘူမကတရားသည်ရှိ၏။ ထိုတေဘူမက တရားအားလုံးသည် မမြဲ၊ အကြင် တရားသည်မမြဲ ထိုတရားသည် ဆင်းရဲ၏၊ အကြင်တရားသည် ဆင်းရဲ၏ ထိုတရားသည် ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့ကိုယ်မဟုတ်" ဟု အယူရှိ ပါသည်ဘုရားဟု ပြောဆိုလေသည်။

ထိုအခါ တိတ္ထိများက "ဒကာကြီး အကြောင်းကြောင့်ဖြစ်တဲ့ အကြောင်းတရားသည် ပြုပြင်အပ်တဲ့ စေ့ဆော်အပ်တဲ့ အကြောင်းတရားကို စွဲ၍ဖြစ်တဲ့ အကြင်တေဘူမကတရားသည် ရှိ၏။ ထိုအလုံးစုံသော တေဘူမက တရားသည်မမြဲ၊ အကြင်တရားသည်မမြဲ၊ ထိုတရားသည် ဆင်းရဲ၏၊ ထိုဆင်းရဲသော တရားကိုပင် သင်သည်လည်းကပ်ငြိ၏။ ထိုဆင်းရဲသော တရားကိုပင် သင်သည်လည်း စွဲလမ်းသက်ဝင်၏" ဟု ပြောဆိုကြလေသည်။

ထိုအခါ အနာထပိဏ်သူဌေးက "အရှင်ဘုရားတို့ ကျွန်ုပ်သည် အကြောင်းကြောင့်ဖြစ်တဲ့ အကြောင်းတရားသည် ပြုပြင်အပ်တဲ့ စေ့ဆော် အပ်တဲ့ အကြောင်းတရားကို စွဲ၍ဖြစ်တဲ့ အကြင်တေဘူမကတရားသည်ရှိ၏။

ထိုတေဘူမကတရားအားလုံးသည် မမြဲ၊ အကြင်တရားသည်မမြဲ၊ ထိုတရားသည် ဆင်းရဲ၏။ ထိုဆင်းရဲသောတရားသည် ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့ကိုယ်မဟုတ်"ဟု မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ ဉာဏ်ပညာဖြင့်သိ၏။ ထို့ထက်အလွန် ထွက်မြောက်ရာထွက်မြောက်ကြောင်းကိုလည်း (မဂ်, ဖိုလ်, နိဗ္ဗာန်ကိုလည်း) ကောင်းကောင်းကြီးသိပေ၏"ဟု ပြောဆိုလေသည်။

ထိုအခါ တိတ္ထိပရိဗိုဇ်တို့သည် တိတ်တိတ်နေကုန်၍ မလှုပ်သော မျက်နှာရှိကုန်၍ ဦးခေါင်းငုံ့ကုန်၍ တွေဝေကြံမှိုင် မဖြေနိုင်ကြကုန်ဘဲသာလျှင် ထိုင်နေကြလေကုန်၏။

ထိုအခါ အနာထပိဏ်သူဌေးသည် နေရာမှထ၍ ဇေတဝန်ကျောင်းတော်သို့ လာခဲ့လေ၏။ ကျောင်းတော်သို့ရောက်လျှင် မြတ်စွာဘုရားအား ကန်တော့ဝတ်ပြု၍ သင့်တင့်သောနေရာ၌ ထိုင်နေလျက် တိတ္ထိတို့နှင့် စကားပြောခဲ့ရပုံ အလုံးစုံကို သုံးဘုံထွဋ်ထား မြတ်ဘုရားအား ရှေ့နားလျှောက်တင်လေသတည်း။

အနာထပိဏ်သူဌေး ကျောင်းတော်မှ ဖဲသွားပြီးသည့်နောက် မကြာမီပင် မြတ်စွာဘုရားသည် ရဟန်းအများကို ဆင့်ခေါ်စည်းဝေးတော်မူ၍ အောက်ပါတရားစကားကို ဟောကြားမြွက်ဖော် ဆုံးမတော်မူလေသည်။

> "ယောပိ သော ဘိက္ခဝေ ဘိက္ခု ဝဿသတုပသမ္ပန္နော ဣမသ္မိံ ဓမ္မဝိနယေ၊ သောပိ ဧဝမေဝံ အညတိတ္ထိယေ ပရိဗ္ဗာဇကေ သဟ- ဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဏှေယျ၊ ယထာ တံ အနာထပိဏ္ဍိကေန ဂဟပတိနာ နိဂ္ဂဟိတာ"။

အနက်— ဘိက္ခဝေ၊ ရဟန်းတို့။ အနာထပိဏ္ဍိကေန၊ အနာထပိဏ် အမည်ရှိသော။ ဂဟပတိနာ၊ ဒါယကာသည်။ အညတိတ္ထိယာ၊ သာသနာတော်မှတပါး လွဲမှားသောအယူရှိကုန်သော။ ပရိဗ္ဗာဇကာ၊ ပရိဗိုဇ်တို့ကို။ သဟဓမ္မေန၊ အကြောင်းတရားဖြင့်။ ဝါ၊ အကြောင်းတရားနှင့်တကွ။ နိဂ္ဂဟိတာ ယထာ၊ နှိမ်အပ်ကုန်သကဲ့သို့။ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသာသနာတော်၌။ ယောပိ သော ဘိက္ခု၊ အကြင်ရဟန်းသည်လည်း။ ဝဿသတုပ- သမ္ပန္နော၊ ဝါတရာရသော ပဉ္စင်းဖြစ်၏။ သောပိ၊ ထိုရဟန်းသည်လည်း။ ဧဝမေဝံ၊ ဤအနာထပိဏ်ကဲ့သို့သာလျှင်။ အညတိတ္ထိယေ၊ သာသနာတော်မှ

အပဖြစ်ကုန်သော။ ပရိဗ္ဗာဇကော၊ ပရိဗိုဇ်တို့ကို။ သဟာဓမ္မေန၊ အကြောင်းတရားဖြင့်။ ဝါ၊ အကြောင်းတရားနှင့်တကွ။ သုနိဂ္ဂဟိတံ၊ ကောင်းစွာနှိမ်သည်ကို။ နိဂ္ဂဏှေယျ၊ နှိမ်ရာ၏။

---

## တိတ္ထိများဝါဒဖြန့်ပုံ

တိတ္ထိတို့သည် ဖေါ်ပြခဲ့သည့်အတိုင်း အယူဝါဒကို မေးမြန်းရုံတွင်သာမက ရံခါများ၌ "ကိုယ်တော်တို့နှင့် တပည့်တော်တို့ ဝါဒခြင်းအတူတူပါဘဲ" စသည်ဖြင့် ပန်းမွှေ့ရာရှေ့ကော်ဇောတွင် ရောနှော၍ ယိုင်ယိုသော ဝါဒဖြန့်စကားမျိုးကိုလည်း ပြောဆိုတတ်ကြသေးသည်။

အခါတပါး၌ ရဟန်းတော်အများတို့သည် တိတ္ထိတို့၏ အာရာမ်သို့ ကြွသွားကြရာ တိတ္ထိများက "အရှင်ဘုရားတို့ ရဟန်းဂေါတမသည်လည်း အိုရဟန်းတို့ နီဝရဏတရားတို့ကိုပယ်၍ ကိလေသာတို့၏ အားနည်းခြင်းကို ပြုကုန်၍ ဗောဇ္ဈင်တရားတို့ကို ပွားများကြကုန်သော" ဟု ဟောပါသည်။ တပည့်တော်တို့သည်လည်း ထိုအတိုင်းပင် ဟောကြပါသည်။ ဤသို့ တရားဟော၍ ဆုံးမခြင်းစသည်တို့၌ "တပည့်တော်တို့နှင့် အရှင်ဘုရားတို့သည် အဘယ်မှာလျှင် ထူးခြားခြင်းရှိကြပါကုန်သနည်း တူမျှကြသည်သာလျှင်ဖြစ်ကုန်၏" ဟု ပြောဆိုကြလေသည်။

ထိုအခါ ရဟန်းတို့သည် မည်သို့မှ ပြန်လည်ပြောဆိုခြင်းမပြုဘဲ ကျောင်းတော်သို့ ပြန်လာကြပြီးနောက် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားက "ဧဝံ ဝါဒိနော ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝမဿုဝစနီယာ" စသည်ဖြင့် အို...ရဟန်းတို့ ထိုသို့ပြောဆိုလေ့ရှိကုန်သော တိတ္ထိတို့အား ငါ့ရှင်တို့ အကြင်အကြောင်းကိုစွဲ၍ နီဝရဏငါးပါးတို့သည် ဆယ်ပါးဖြစ်ရကုန်၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည် တဆယ့်လေးပါးဖြစ်ရကုန်၏၊ ထိုအကြောင်းသည် ရှိပါသလော ဟု မေးမြန်းပြောဆိုသင့်လေသည်၊ အို... ရဟန်းတို့ ဤသို့မေးအပ်ကုန်သည်ရှိသော် တိတ္ထိတို့သည် မဖြေဆိုနိုင်ကြဘဲ ပင်ပန်းခြင်းသို့ ရောက်ကြရကုန်လတ္တံ့၊ အဘယ့်ကြောင့်နည်းဟူမူကား ၎င်းတို့၏တရား ၎င်းတို့၏အရာမဟုတ်သောကြောင့်တည်း" ဟု မိန့်ဆိုတော်မူလေသည်။ (မဟာဝဂ္ဂသံယုတ်ပရိယာယသုတ်)

၎င်းတို့၏တရား ၎င်းတို့၏အရာမဟုတ်သောကြောင့်တည်း၊ ဆိုသော စကားသည်မှန်၏ "ကိုယ်တော်တို့ တပည့်တော်တို့သည်လည်း နိဝရဏကို ပယ်ရန် ဗောဇ္ဈင်တရားကို ပွားများရန်ပင် တရားဟောလေ့ရှိပါ၏။ စသည်ဖြင့် တိတ္ထိတို့ပြောဆိုခြင်းသည်၊ ၎င်းတို့၏သာသနာ၌ နိဝရဏကို ပယ်မှု ဗောဇ္ဈင်တရားကို ပွားမှုရှိ၍ ပြောဆိုခြင်းမဟုတ်၊ စင်စစ်သော်ကား မြတ်စွာဘုရား၏ တရားတော်ကို ခိုးယူနားထောင်ပြီးလျှင်၊ ယုတ်တန်း မှတ်ဘန်း ဝါယောပန်း၍ ညာဖြန်းဝါဒဖြန့်ခြင်းကိုသာ အသားယူ၍ "ကျွန်တော်လည်း စနေသားပါတဲ့" ဟူသော စကားမျိုးကို ပြောဆိုကြခြင်း ဖြစ်လေသည်၊ ထို့ကြောင့် မဟာဝဂ္ဂသံယုတ် ပရိယာယသုတ်အဖွင့်၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူလေသည်။

"တေ ပန အာရာမံ ဂန္တွာ ပရိသပရိယန္တေ ဌတွာ အညံ ဩလောကေန္တာ ဝိယ အညဝိဟိတကာ ဝိယ ဟုတွာ ဘဂဝတော ဓမ္မဒေသနံ သုဏန္တိ။ တတော သမဏော ဂေါတမော ဣဒံ ပဇဟထ ဣဒံ ဘာဝေထာ တိ ဝဒတီတိ သလ္လက္ခေတွာ အတ္တနော အာရာမံ ဂန္တွာ အာရာမမဇ္ဈေ အာသနံ ပညာပေတွာ ဥပဋ္ဌာယကဥပဋ္ဌာ-ယိကာဟိ ပရိဝုတာ သီသံ ဥက္ခိပိတွာ ကာယံ ဥန္နာမေတွာ အတ္တနော သယမ္ဘူညာဏေန ပဋိဝိဒ္ဓါကာရံ ဒဿေန္တာ "ပဉ္စနီဝရဏာ နာမ ပဟာတဗ္ဗာ သတ္တဗောဇ္ဈင်္ဂါ နာမ ဘာဝေတဗ္ဗာ"တိ ကထေန္တိ။

မည်သို့ပင်ဖြစ်စေ ဖေါ်ပြခဲ့ပြီးသော အကြောင်းများကို ထောက်ထား၍ အရှင်အာနန္ဒာနှင့် အနာထပိဏ်တို့ကိုငင်း ထိုမှတပါး အရှင်သာရိပုတ္တရာ အရှင်မဟာကစ္စည်း ဝင်္ဂီသ မာဟိတ ဥပါသကာ စသည်တို့ ကိုငင်း။ နမူနာယူ၍ တိတ္ထိတို့၏ဝါဒကို အပြစ်ပြချေဖျက်ကာ မိမိတို့၏ အယူဝါဒကို အပြစ်မရှိ ဂုဏ်ယူ၍ အောင်လံထူနိုင်ကြရန် မိမိတို့၏ အယူဝါဒကို အထူးနားသည်အောင် ဆည်းပူးလေ့လာသင့်လေသည်။

မြတ်စွာဘုရားသည်လည်း ရဟန်းများက တိတ္ထိတို့၏အမေးကို ဖြေဆိုအောင်နိုင်ခဲ့သောအခါ ခြီးမွမ်းသာဓု ခေါ်ရုံသာမက တိတ္ထိတို့၏အမေးကို မဖြေဆိုခဲ့ကြသောအခါသည်း ခြီးမွမ်းတော်မမူသည့်အပြင် "အို-ရဟန်းတို့ တိတ္ထိတို့က ဤသို့မေးလျှင် ဤသို့ဖြေဆိုရာ၏" ဟူ၍ သုတ်ပေါင်းများစွာတို့၌ ဆုံးမသွန်သင်တော်မူလေသည်။

ငှင်းပြင် တိတ္ထိတို့သည် မိမိတို့ထံသို့ ဘုရားရှင်နှင့် သာဝကများ ကြွလာတော်မူခြင်းကို အလွန်တောင့်တကြလေသည်၊ ကြွလာသောအခါ၌လည်း ခြေမကိုင်မိ လက်မကိုင်မိ လောကဝတ်ပြု၍ ဧည့်ခံကြလေသည်၊ အခါတပါး၌ တိတ္ထိတို့၏ အာရာမ်သို့ အရှင်အာနန္ဒာ ကြွသွားတော်မူရာ တိတ္ထိများ ခရီးဦးကြိုဆို၍ နှုတ်ဆက်ဧည့်ခံကြပုံကို သန္ဒကသုတ်၌ ဟောတော်မူသည့်အတိုင်း ဖေါ်ပြပါမည်။

ဧတု ခေါ ဘဝံ အာနန္ဒော— အရှင်အာနန္ဒာ ကြွတော်မူပါဘုရား။

သွာဂတံ ဘောတော အာနန္ဒဿ— အရှင်အာနန္ဒာ၏ ကြွလာတော်မူခြင်းဟာ ကောင်းသောကြွလာခြင်း ဖြစ်ပါတယ်ဘုရား။

စိရဿံ ခေါ ဘဝံ အာနန္ဒော ဣမံ ပရိယာယ မကာသိ ယဒိဒံ ဣဓာဂမနာယ— အလွန်ကြာမှ ဒီကိုကြွလာဘို့ အလှည့်ပေးတာကိုးဘုရား။

နိသီဒတု ဘဝံ အာနန္ဒော ဣဒမာသနံ ပညတ္တံ— ဤခင်းထားတဲ့နေရာမှာ ထိုင်တော်မူပါဘုရား။

ဤသို့ လောကဝတ်ပျူငှါ ဧည့်ခံကြခြင်းသည်လည်း ဘုရားရှင်၏ငှင်း သာဝကများ၏ငှင်း ကြွလာသည်ကိုအကြောင်းပြု၍ "ဒီနေ့ ဒို့ဆီကို ရဟန်း ဂေါတမ ကြွလာတယ် အရှင်သာရိပုတ္တရာကြွလာတယ် သူတို့က တော်အောင်လျော်အောင် လူတွေဆီ သွားလေ့သွားထရှိတာမဟုတ်ဘူး၊ ဒို့ဆီကိုသာ လာတာ ဒို့ရဲ့မြင့်မြတ်ပုံကို မြင်ကြရဲ့လား"စသည်ဖြင့် မိမိတို့၏ ဒါယကာ,ဒါယိကာမများ၌ ဝါဒဖြန့်လိုသောကြောင့်ငှင်း၊ ဗုဒ္ဓဘာသာ ဒါယကာ, ဒါယိကာမတို့ကို တွေ့သောအခါလည်း ဒါယကာကြီးတို့ရဲ့ဆရာ ရဟန်းဂေါတမရော သူ့တပည့်တွေပါ ကျုပ်တို့ဆီကို လာကြတာဘဲ၊ ကျုပ်တို့ အချင်းချင်းတော့ သင့်တင့်ညီညွတ်ကြတယ်၊ ဒါယကာကြီးတို့ကတော့ ကျုပ်တို့ကို မကြည့်ချင် မမြင်ချင်ကြဘူး မရှိသေချင်ကြဘူး စသည်ဖြင့် ဝါဒဖြန့်လိုသောကြောင့်ငှင်း ဤသို့ လောကဝတ်ပျူငှါ ဧည့်ခံကြခြင်း ဖြစ်ကြောင်းကို ဤသန္ဒကသုတ်အဖွင့်၌ငှင်း သီလက္ခန်အဋ္ဌကထာ ပေါဋ္ဌပါဒသုတ်အဖွင့်၌ငှင်း ပြဆိုလျက်ရှိပါသည်။

ယာနိ ဝါ ပန တာနိ ကုသာနိ—စသည်တို့၌ ရေးသားလိုသည်မှာ အထက်၌တိတ္ထိများနှင့်တပည့်များကို ထုတ်ဖေါ်ဟောကြားပြီး ဖြစ်ပါလျက် ဤယာနိ ဝါ ပန တာနိ အစရှိသည်ကို တဖန်ဟောတော်မူခြင်းသည်

ဗုဒ္ဓေါ၊ သဗ္ဗညုဘုရားရှင်သည် တရားအလုံးစုံကို သိတော်မူ၏၊ ဓမ္မော နိယျာနိကော၊ တရားတော်သည် ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်၏။ သံဃော သုပ္ပဋိပန္နော၊ သံဃာတော်သည် နိဗ္ဗာန်ရောက်ရန် ကောင်းစွာ ကျင့်ကြံတော်မူ၏ဟု ရတနာသုံးပါး၌ မယုံကြည် မကြည်ညိုကုန်သော ရတနာသုံးပါး၏ ကျေးဇူးမဲ့ကိုသာ ဝေဘန်ပြောဆိုတတ်ကုန်သော သက်နီး အရေခြုံများနှင့် ဗုဒ္ဓဘာသာအမည်ခံတို့ကို ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်သည်ဟု ယူဆသင့်ပါသည်။

ထိုစကားမှန်၏၊ ယခုအခါ သာသနာတော်၌ သက်နီးဝတ် နေပါလျက် သာသနာတော်၏ အယူမှတပါး သဿတဝါဒစသည် အယူ ရှိကာ လူသေလူဖြစ် ဝါဒဖြန့်ကြသူများ သဗ္ဗညုတဉာဏ်သည် မရှိကောင်းဟု ပြောဆိုဝါဒဖြန့်သူ လူသားများ ရဟန်းတော်များ၏ အပြစ်ကိုသာရှု၍ သွားပုတ်လေလွင့် မကောင်းသတင်း ပြောနေကြသူများ ပေါ်ပေါက်လျက် ရှိနေသည်ကို သတိပြု တွေ့မြင်နိုင်ကြလေသည်၊ ထိုသူများသို့လည်း မချဉ်း ကပ်အပ်ဟူလို။

ထိုသို့ ရေးသားဖေါ်ပြခဲ့ပြီးသော အားလုံးတို့တွင် ပြည့်တန်ဆာမ အစ သေတင်းကုတ် အရက်ဆိုင်အဆုံးရှိသော ဝေသိယာဒိကဂေါစရသည် ကာမဂုဏ်ငါးပါး၏ မှီရာဖြစ်သောကြောင့် မချဉ်းကပ်အပ် မကျက်စား အပ်သော အဂေါစရမည်၏။

မင်းအစ တိတ္ထိယသာဝကအဆုံးရှိသော ရာဇာဒိကဂေါစရသည် ကိလေသာကို ဖုတ်ကျဉ်းခြင်း၌ အားထုတ်သောရဟန်း၏ မှီရာမဟုတ် သောကြောင့်၎င်း လာဘ်ပူဇော်သက္ကာရဟူသော မိုးကြိုးစက်၏ဖြစ်ပေါ်ရာ ဖြစ်သောကြောင့်၎င်း သမ္မာအယူ၏ ပျက်စီးကြောင်းဖြစ်သောကြောင့်၎င်း မချဉ်းကပ်အပ် မကျက်စားအပ်သော "အဂေါစရ"မည်၏။

ရတနာသုံးပါးကို မယုံကြည်သူစသော အဿဒ္ဓိယ ကုလာဒိက ဂေါစရသည် သဒ္ဓါတရားဆုတ်ယုတ်ရန် စိတ်ကိုဆောင်တတ်သောကြောင့် မချဉ်းကပ်အပ် မကျက်စားအပ်သော "အဂေါစရ"မည်၏။

ဤအဓိပ္ပါယ်ကို သမ္မောဟဝိနောဒနီ၌ "သဒ္ဓါဟာနိ စိတ္တသန္တော- သာဝဟနတော"ဟုပါ၍ရှိသဖြင့် နိဿယနှင့်အညီ ရေးသားလိုက်ပါသည်။ မဟာဋီကာ၌ကား "အဿဒ္ဓကုလာဒိကော သဒ္ဓါဟာနိ စိတ္တသန္တာ-

သာဝဟတော အဂေါစရော"ဟု ပါဠိ၌ရှိပါသည်။ အသဒ္ဓ,အပ္ပသန္နတို့နှင့် ပေါင်းသင်းဆက်ဆံရသဖြင့် သဒ္ဓါတရား၏ ယုတ်လျော့မှု အဇ္ဈာသယ ပရိဘောဂသကအနုတ္တကာမတို့ကို ခံရသဖြင့် ကြောက်လန့်ပင်ပန်းမှု ဖြစ်နိုင်ရသောကြောင့် ဤဒိုကာပါဠိသာ ယုတ္တတရဖြစ်သည်ဟု ထင်ပါသည်။

ဤဋီကာအလိုအားဖြင့် သဒ္ဓါတရားယုတ်လျော့ခြင်း စိတ်ဘုန်လှုပ်ချောက်ချားခြင်းကို ဆောင်တတ်သောကြောင့် မချဉ်းကပ်အပ် မကျက်စားအပ်သော အဂေါစရဖြစ်၏ဟု သိမှတ်ရပါမည်။

ဂေါစရ"ဘန္တေ ကတမော ဂေါစရော ဣဓေကစ္စော န ဝေသိယာ ဂေါစရော ဟောတိ။ပ။ ယာနိ ဝါ ပန တာနိ ကုလာနိ သဒ္ဓါနိ ပသန္နာနိ ဩပါနဘူတာနိ ကာသာဝပဇ္ဇောတာနိ ဣသိဝါတပဋိဝါတာနိ အတ္ထကာမာနိ ဟိတကာမာနိ ဖာသုကကာမာနိ ယောဂက္ခေမကာမာနိ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ တထာရူပါနိ ကုလာနိ သေဝတိ ဘဇတိ ပယိရုပါသတိ အယံ ဝုစ္စတိ ဂေါစရော"။

ဂေါစရကိုလည်း ဤဈာနဝိဘင်းပါဠိတော်၌ ဟောတော်မူသည့်အတိုင်း ပြဆိုခဲ့ပြီးသော ပြည့်တန်ဆာမစသော ဝေသိယာဒိက ဂေါစရကိုရှင်း မင်းအစရှိသော ရာဇာဒိကဂေါစရကိုရှင်း မသဒ္ဓါသူအစရှိသော အသဒ္ဓါဒိကဂေါစရကိုရှင်း ရှောင်ကြဉ်၍ ရတနာသုံးပါး၌ ကြည်ညိုကုန်သော ခရီးဆုံ၌တည်သော ရေတွင်းရေကန်တို့ကဲ့သို့ ပရိသတ်လေးပါးအတွက် ရဟန်းတို့သွားလာခြင်းငှါ သင့်လျော်လျောက်ပတ်ကုန်သော ရဟန်းတို့၏ အကျိုးစီးပွားကို လိုလားတောင့်တကြကုန်သော ဒါယကာများဟု ဆိုအပ်ကုန်သော ကျက်စားရာသည် "ဂေါစရ" မည်၏။

ဤဂေါစရပြပါဠိတော်၌ အထူးသဖြင့် ဖေါ်ပြလိုသည်မှာ ဩပါနဘူတာနိအရ ခရီးလမ်းဆုံ၌တည်သော ရေတွင်းရေကန်သဖွယ် ပရိသတ်လေးပါးအတွက် ရဟန်းတို့ထွက်ဝင် ကျက်စားခြင်းငှါ အလွန်သင့်လျော်လျောက်ပတ်သော ဒါယကာအိမ်ဟူသော ကျက်စားရာမည်သည်ကို စိတ္တအမတ်ကြီး၏ အိမ်ကဲ့သို့သော အိမ်မျိုးဟု သိမှတ်သင့်ပါသည်၊ စိတ္တအမတ်ကြီး၏အိမ်၌ မွန်းတည့်တိုင် (နေနာရီတိုင်)ကို စိုက်ထူထား၍ မွန်းတည့်အတွင်း ကြွလာကြကုန်သော ရဟန်းယောက်ျား ရဟန်းမိန်းမတို့အား ဆွမ်း,ခဲဘွယ်စသော ကာလိကလေးပါးစလုံးကို လှူဒါန်း၍ မွန်းတည့်

ပြီးသည့်နောက် ကြွလာကြကုန်သောရဟန်းယောကျ်ားရဟန်းမိန်းမတို့အား ယာမကာလိကစသော ထိုက်သင့်ရာ လှူဘွယ်တို့ကိုမရမရှိအမြဲလှူဒါန်းလေ့ ရှိလေသည်၊ ထိုအိမ်၌ လှူဒါန်းသမျှသော ဝတ္ထုပစ္စည်းတို့တွင် ဆေးဘိုးမျှ သည်ပင် တနေ့တနေ့၌ ပျမ်းမျှခြင်းအားဖြင့် အသပြာခြောက်ဆယ် ကုန်ကျ သည်ဟု သမ္မောအဌကထာ၌ မိန့်ဆိုလျက်ရှိပါသည်။

ဤသို့လျှင် အထက်၌ ဖေါ်ပြခဲ့ပြီးသော အာစာရ,ဂေါစရတို့နှင့် ပြည့်စုံစွာ ကျင့်ကြံအားထုတ်လေ့ရှိသော ရဟန်းတော်များသည် အာစာရ, ဂေါစရသမ္ပန္နမည်ကြောင်း ဈာနဝိဘင်းပါဠိတော်၌—

"ဣတိ ဣမိနာ စ အာစာရေန ဣမိနာ စ ဂေါစရေန ဥပေတော ဟောတိ ။ပ။ သမန္နာဂတော တေန ဝုစ္စတိ အာစာရဂေါစရ သမ္ပန္နောတိ"ဟူ၍ ဟောတော်မူပါသည်။

အဏုမတ္တေသု ဝဇ္ဇေသု—၌ အဏုမတ္တဝဇ္ဇဟူသည်ကိုကား ပေးခဲ့သော အနက်အတိုင်းပင် ယူအပ်ပါသည်။ ၎င်းအနက်သည် ဝိသုဒ္ဓိမဂ်နိဿယမှ ကူးယူဖေါ်ပြသော အနက်ဖြစ်ပါသည်။

နိဿယဆရာတော်ကား "အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီတိ အဏုပ္ပမာဏေသု အသဉ္စိစ္စ အာပန္နသေခိယအကုသလစိတ္တုပ္ပါဒါဒိ ဘေဒေသု ဝဇ္ဇေသု ဘယဒဿနသီလော"ဟူသော သံဝဏ္ဏနာပါဌ်ကိုမှီ၍ ရေးတော်မူဟန်ရှိပါသည်။

ထိုသို့ဖြစ်လျှင် အဏုမတ္တဝဇ္ဇဟူသည်မှာ ဝီတိက္ကမသညာမရှိ ချို့ယွင်းမှု သက်သက်ဖြင့်သာ ရောက်အပ်ကုန်သော ဝတ္တက္ခန္ဓကစသည်တို့၌လာသော ဝတ်ကြီးဝတ်ငယ်အားလုံးဟု ဆိုအပ်သော ဒုက္ကဋဝတ္ထုများ ရယ်မြူး လိုသောစိတ်ဖြင့် ပြုလုပ်အပ်ကုန်သော အက္ခောသဆယ်ပါးဟုဆိုအပ်ကုန် သော ဒုဗ္ဘာသိဝတ္ထုများ အကုသိုလ်စိတ္တုပ္ပါဒ်စသော သီလစင်ကြယ်ခြင်း အကျိုး၄ါ မလွန်မကျူးအပ် ရှောင်ကြဉ်အပ်ကုန်သော မနောဒွါရိက အနာပတ္တိဝတ္ထုများပင် ဖြစ်ပါသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ အောက်ပါအတိုင်း မိန့်ဆို အပ်ပါသည်။

"အသဉ္ဖိဋ္ဌ အာပန္န သေခိယ အကုသလစိတ္တုပ္ပါဒါဒိဘေဒေသူတိ အသဉ္ဖိစ္စ အာပန္နသေခိယေသု အကုသလစိတ္တုပ္ပါဒါဒိဘေဒေသူတိ ဧဝံ အသဉ္ဖိစ္စဂ္ဂဟဏံ သေခိယဝိသေသနံ ဒဋ္ဌဗ္ဗံ၊ သေခိယာဂ္ဂဟဏေန စေတ္ထ ဝတ္တက္ခန္ဓကာဒီသု အာဂတဝတ္တာဒိနမ္ပိ ဂဟဏံ၊ တေပိ ဟိ သိက္ခိတဗ္ဗဋ္ဌေန "သေခိယာ"တိ ဝုစ္စန္တိ။ပ။ အာဒိသဒ္ဒေန ပါတိ-မောက္ခသံဝရဝိသုဒ္ဓိတ္တံ အနတိက္ကမနီယာနံ အနာပတ္တိဂမနီယာနံ သင်္ဂဟော ဒဋ္ဌဗ္ဗော"။ (၄၆)

သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ကား:— အရှင်သုမနထေရ်၏ ဝါဒကိုပြဆိုရာ၌ အဏုမတ္တဝဇ္ဇဟူသည် နောင်တဖန် ဤသို့မဖြစ်စေဟု စိတ်ကိုဆောက်တည်ကာမျှဖြင့် ကုစားနိုင်စကောင်းသော သီလစင်ကြယ်ခြင်းအကျိုးငှာ မလွန်ကျူးအပ် ရှောင်ကြဉ်အပ်သော အနာပတ္တိဝတ္ထုများသာ ဖြစ်ကြောင်းကို—

"ဒိဝါဝိဟာရဝါသီသုမတ္ထေရော တာဝ အာဟ အနာပတ္တိ-ဂမနီယာနိ စိတ္တုပ္ပါဒမတ္တကာနိ၊ ယာနိ န ပုန ဧဝရူပံ ကရိဿာမီတိ မနသာ အာဝဇ္ဇိတမတ္တေနေဝ သုဇ္ဈန္တိ၊ အဓိဋ္ဌာနာဝိကမ္မံနာမေတံ ကထိတန္တိ"ဟု မိန့်ဆိုတော်မူပါသည်။

တဖန် တိပိဋကစူဠနာဂမထေရ်၏ အယူဝါဒအားဖြင့်ကား ဒုက္ကဋ်, ဒုဗ္ဘာသိဝတ္ထုများသာ ဖြစ်ကြောင်းကိုလည်း—

"အန္တေဝါသိကော ပနဿ တိပိဋကစူဠနာဂတ္ထေရော ပနာဟ ဣဒံ ပါတိမောက္ခသံဝရသီလသောဝ ဘာဇနီယံ၊ တသ္မာ သဗ္ဗလဟုကံ ဒုက္ကဋဒုဗ္ဘာသိတံ ဣဓ ဝဇ္ဇန္တိ ဝေဒိတဗ္ဗံ"ဟု မိန့်တော်မူပါသည်။

မထေရ်နှစ်ပါး၏ ဝါဒနှစ်ပါးကို ပေါင်းစပ်သည်ရှိသော် အနာပတ္တိဂမနီယမနောဒွါရိကဝတ္ထုနှင့် ဒုက္ကဋ်ဒုဗ္ဘာသိတို့ကို အဋ္ဌကထာဝါဒအဖြစ်အားဖြင့် ရအပ်ပါသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ထပ်တူဖြစ်၍ မဆန့်ကျင်သည်ကို သိအပ်ပါသည်။

အကျယ်ပါဠိကို အလိုရှိကုန်သော သူတို့သည် ဝိဘင်းအဋ္ဌကထာ စာမျက်နှာ(၃၂၇) ဂုဏ်းမူလဋီကာ(၁၇၉) ဂုဏ်းအနုဋီကာ(၁၀၀) မဟာ-ဋီကာ(၄၆)တို့၌ ကြည့်ရှုကြပါလေ။

အဏ္ဏမြို့ တဏ္ဍာရီမြို့တို့မှစ၍ အစဉ်အတိုင်း တယူဇနာတိုင်အောင် သော အတိုင်းအရှည်ကို သိလိုမူကား သမ္မောဟဝိနောဒနီအဋ္ဌကထာ စာမျက်နှာ(၃၂၀)မှာရှုပါလေ။

ဤကဏ္ဍ၏အစ၌ ဖော်ပြခဲ့ပြီးသော ဈာနဝိဘင်းပါဠိတော် မာတိကာ တွင် "အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီသမာဒါယ သိက္ခတိ"ဟူသော ပါဠိ၌ နိဒ္ဒေသနအားဖြင့် ဘယဒဿာဝီဟူ၍သာ ဟောတော်မူသော်လည်း နိဒ္ဒေသတဗ္ဗအားဖြင့် ဝဇ္ဇ,အာဒီနဝစသည်တို့ကိုလည်းယူရမည်ဖြစ်ပါသည်။

ထို့ကြောင့် ၎င်းပါဠိတော်အဖွင့် နိဒ္ဒေသ၌—

"ဣတိ ဣမေသု အဏုမတ္တေသု ဝဇ္ဇေသု ဝဇ္ဇဒဿာဝီ စ ဟောတိ ဘယဒဿာဝီ စ အာဒီနဝဒဿာဝီ စ နိဿရဏဒဿာဝီ စ၊ တေန ဝုစ္စတိ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီတိ"ဟူ၍ ဟောတော်မူပါသည်။

ဤပါဠိတော်တွင် ဝဇ္ဇဒဿာဝီ-ဟူသည်မှာ အပြစ်အားဖြင့် ရှုလေ့ရှိသည်ကို ဆိုပါသည်။

"ဘယဒဿာဝီ"မှာ အတ္တာနုဝါဒဘေး ပရာနုဝါဒဘေး ဒဏ္ဍဘေး ဒုဂ္ဂတိဘေးဟူသောဘေးကြီးလေးပါးအားဖြင့် ရှုလေ့ရှိသည်ကိုဆိုပါသည်။

အာဒီနဝဒဿာဝီ— ဟူသည်မှာ ဤယခုဘဝ၌ ကဲ့ရဲ့ခံရခြင်းကို ဖြစ်စေတတ်သော အားဖြင့်၎င်း နောင်ဘဝများ၌ ဆင်းရဲသောအကျိုးကို ပေးတတ်သောအားဖြင့်၎င်း အထက်၌ဖြစ်ကုန်သော ဂုဏ်ကျေးဇူးတို့၏ အန္တရာယ်ကိုပြုတတ်သောအားဖြင့်၎င်း နောင်တဖန် ပူပန်ခြင်းကို ဖြစ်စေ တတ်သောအားဖြင့်၎င်း ဤသို့ အထူးထူးအပြားပြား အပြစ်အားဖြင့် ရှုလေ့ ရှိသည်ကို ဆိုပါသည်။

"နိဿရဏဒဿာဝီ" ဟူသည်မှာ ထွက်မြောက်ကြောင်း ထွက် မြောက်ရာကို၊ ဝါ၊ အာပတ်မှထခြင်းကို ရှုလေ့ရှိသည်ကို ဆိုပါသည်။

ထိုနိဿရဏဟူသည်မှာလည်း အရှင်သုမမထေရ်၏ အလိုတော် အားဖြင့် အာပတ်သို့ရောက်သည်မဟုတ်၊ မနောဒွါရိကစိတ်ဖြစ်မှားကာမျှ ဖြစ်သောကြောင့် နောင်တဖန် ဤသို့မဖြစ်စေရပါဟု စိတ်ကိုဆောက်တည် မှုသည် နိဿရဏမည်၏။

တိဝိဋ္ဌကစူဠနာဂမထေရ်၏ အလိုအားဖြင့် ဒုက္ကဋ် ဒုဗ္ဘာသိဖြစ်သော ကြောင့် ဒေသနာကြား၍ ကုစားခြင်းသည် နိဿရဏမည်၏။

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ ဟူသော ပုဒ်အပေါင်း၌လည်း အကြင်ရဟန်းသည် အဏုမြူခန့်မျှ သေးငယ်လှသော မနောဒွါရိကအပြစ်မျှ ကိုလည်း ယူဇနာပေါင်း တသိန်းရှစ်သောင်း ခြောက်ထောင် အမြင့် ရှိသော မြင့်မိုရ်တောင်ကဲ့သို့ပြု၍ ရှောင်ခြင်း ရှုခြင်း၄ါ စွမ်းနိုင်၏ ဤရဟန်း သည် အဏုမတ္တဝဇ္ဇဘယဒဿာဝီမည်၏။

အကြင်ရဟန်းသည်လည်း အလုံးစုံသော အာပတ်ခုနစ်ပုံတို့တွင် ပေါ့သောဒုက္ကဋ် ဒုဗ္ဘာသိမျှကိုပင် ပထမပါရာဇိကနှင့် အတူပြု၍ ရှောင်ခြင်း ရှုခြင်း၄ါ စွမ်းနိုင်၏၊ ထိုရဟန်းသည် အဏုမတ္တဝဇ္ဇဘယဒဿာဝီမည်၏၊ ပါဠိကိုလိုက ဈာနဝိဘင်း ပါဠိအဋ္ဌကထာတို့မှာယူလေ။

ဤဖော်ပြခဲ့ပြီးသော စကားအစဉ်ဖြင့်ပင်ပါတိမောက္ခသံဝရသီလကို ပြရာ၌ ပြည့်စုံလုံလောက်ပြီဟု ယူဆပါသည်။

အထူးသိမှတ်စေလိုသည်မှာ ဖော်ပြခဲ့သော အာစာရဂေါစရတို့ သည်လည်း ပါတိမောက္ခသံဝရသီလ၌ အကျုံးဝင်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် မဟာဋီကာ၌—

"အယံ ပန အာစာရဂေါစရသမ္ပဒါ၊ ကိံ ပါတိမောက္ခသီလေ ပရိယာပန္နာ၊ ဥဒါဟု အပရိယာပန္နာတိ၊ ပရိယာပန္နာ၊ ယဒိ ဇဝံ ကသ္မာ ပုန ဝုတ္တာတိ စောဒနံ သန္ဓာယာဟ ဗွေစာတိအာဒိ"ဟူ၍ မိန့်တော်မူလေသည်။

ယဒိ ဇဝံစသော ဋီကာဝါကျ၏ အဓိပ္ပါယ်မှာ—

"အာစာရဂေါစရသမ္ပန္နောတိ အာဒိပန သဗ္ဗံ ယထာပဋိပန္နဿ တံ သီလံ သမ္ပဇ္ဇတိ၊ တံ ပဋိပတ္တိံ ဒဿေတုံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ"။

ဟူသော အဋ္ဌကထာနှင့်အညီ အာစာရဂေါစရတို့သည် ပါတိ မောက္ခသီလ၌ ပါဝင်သည်ဖြစ်ပါလျက် နောက်မှသီးခြားပြု၍ ဟောတော် မူခြင်းသည် နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်သော သိက္ခာပုဒ်ကား ပြည့်စုံစေ အပ်သောသီလ,အာစာရဂေါစရကား ပြည့်စုံစေကြောင်းဖြစ်သောသီလဟု ခွဲခြားပြတော်မူလိုသောကြောင့် ဟူလိုသတည်း။

ပါတိမောက္ခသံဝရသီလပြီး၏။

## ဣန္ဒြိယသံဝရသီလခဏ်း

ပါတိမောက္ခသံဝရသီလ၏အခြားမဲ့၌ ဖော်ပြအပ်သော ဣန္ဒြိယသံဝရသီလကိုလည်း မူလပဏ္ဏာသ သီလက္ခန်ပါဠိတော်တို့၌ ဟောတော်မူအပ်သည့်အတိုင်းပင် သိမှတ်ရမည်ဖြစ်ရကား ထိုပါဠိတော်များကို အောက်ပါအတိုင်း ရေးသားဖော်ပြပါသည်။

"သော စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ၊ နာနုဗျဉ္ဇနဂ္ဂါဟီ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။ သောတေန သဒ္ဒံ သုတွာ။ပ။ ဃာနေန ဂန္ဓံ ဃာယိတွာ။ပ။ ဇိဝှါယ ရသံ သာယိတွာ။ပ။ ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတွာ။ပ။ မနသာ ဓမ္မံ ဝိညာယ န နိမိတ္တဂ္ဂါဟီ။ပ။ မနိန္ဒြိယေ သံဝရံ အာပဇ္ဇတိ"။

အနက်— သော ဘိက္ခု၊ ထိုပါတိမောက္ခသံဝရသီလ၌ တည်ပြီးသော ရဟန်းသည်။ စက္ခုနာ၊ စက္ခုဝိညာဉ်ဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်၍။ နိမိတ္တဂ္ဂါဟီ၊ ကိလေသာဖြစ်ပွားခြင်း၏ အကြောင်းဖြစ်သော မိန်းမ ယောကျ်ားဟူသော အမှတ်နိမိတ်ကိုယူသည်။ ဝါ၊ ရာဂုပ္ပတ္တိဟေတုဇာဒ္ဓာကာရ, ဒေါသုပ္ပတ္တိဟေတုအနိဋ္ဌာကာရ, စသည်ကို ယူသည်။ န ဟောတိ၊ မဖြစ်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ ကိလေသာကို အသွယ်သွယ်ထင်ရှား ပေါ်ထွက်လာသည်ကို ပြုတတ်သည်ဖြစ်၍ အနုဗျဉ္ဇနဟုဆိုအပ်သော လက်ခြေ ပြုံးခြင်း ရယ်ခြင်း ပြောပုံ ကြည့်ပုံစသော အတို့အစုအမူအရာကို ယူသည်။ န ဟောတိ၊ မဖြစ်။ ယတွာဓိကရဏံ၊ အကြင်စက္ခုန္ဒြေကို မစောင့်ခြင်းဟူသောအကြောင်း ကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မပိတ်မစောင့် ဟင်းလင်း ထား၍။ ဝိဟရန္တံ၊ နေသော။ နံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာဒေါမနဿဟုဆိုအပ်ကုန်သော။ ပါပကာ၊ အပါယ်လေးဝ ယုတ်မာရာကျ ခံဘတ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အန္ဝာဿဝေယျုံ၊ အစဉ်မပြတ် လိုက်ကုန်ရာ၏။ တဿ စက္ခုန္ဒြိယဿ၊ ထိုစက္ခုန္ဒြေကို။ သံဝရာယ၊ သတိဟူသော တံခါးရွက်ဖြင့် ပိတ်ဆို့ခြင်းငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ရက္ခတိ၊ စောင့်ရှောက်၏။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ ပိတ်ဆို့ခြင်းသို့။

အာပဇ္ဇတိ၊ ရောက်၏။ သောတေန၊ သောတဝိညာဉ်ဖြင့်။ သဒ္ဒံ၊ သဒ္ဒါရုံကို။ သုတွာ၊ ကြား၍။ပ။ ဃာနေန၊ ဃာနဝိညာဉ်ဖြင့်။ ဂန္ဓံ၊ ဂန္ဓာရုံကို။ဃာယိတွာ၊ နမ်းရှူ၍။ပ။ ဇိဝှါယ၊ ဇိဝှါဝိညာဉ်ဖြင့်။ ရသံ၊ ရသာရုံကို။ သာယိတွာ၊ လျက်၍။ပ။ ကာယေန၊ ကာယဝိညာဉ်ဖြင့်။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗာရုံကို။ ဖုသိတွာ၊ တွေ့ထိ၍။ပ။ မနသာ၊ မနောဝိညာဉ်ဖြင့်။ ဓမ္မံ၊ ဓမ္မာရုံကို။ ဝိညာယ၊ သိ၍။ နိမိတ္တဂ္ဂါဟီ၊ သုဘ,သုခ,အတ္တဟု အထင်ကပ်ခြင်းစသော အမှတ်နိမိတ်ကိုယူသည်။ န ဟောတိ၊ မဖြစ်။ပ။ မနိန္ဒြိယေ၊ မနိန္ဒြေ၌။ သံဝရံ၊ သတိဟူသော တံခါးရွက်ဖြင့် ပိတ်ဆို့ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။

ဤပါဠိတော်၌ "သော စက္ခုနာ ရူပံ ဒိသွာ ။ပ။ အာပဇ္ဇတိ"ဟူသော ဝါကျဖြင့် စက္ခုဒွါရအတွက် သိမှတ်သင့်သော အဓိပ္ပါယ်မှာ ရူပါရုံကို မြင်သောအခါ ရာဂ,ဒေါသ,မောဟဖြစ်ကြောင်း မိန်းမတို့၏ သဏ္ဌာန်၏ မှီရာရုပ်ကို အမှုးပြုသဖြင့် ယူအပ်သော အနိမ့်,အမြင့်စသော သဏ္ဌာန် ရင်သားမသန့်ရှင်းသည်၏အဖြစ် မုတ်ဆိတ် ကျင်စွယ် ကင်းသော မျက်နှာ ရှိသည်၏အဖြစ် ဖွဲ့ထုံးဆင်ယင်မှု ပုံ့ပုံ့နွဲ့နွဲ့သွားခြင်းစသော မိန်းမဟူ၍ သိကြောင်း ဣတ္ထိနိမိတ်ကိုရင်း ယောကျ်ားသဏ္ဌာန်၏ မှီရာဖြစ်သောရုပ်ကို အမှုးပြုသဖြင့် ယူအပ်သော အနိမ့်, အမြင့်စသော သဏ္ဌာန် ရင်သား စသည်မရှိသဖြင့် သန့်ရှင်းသော ကိုယ်နေရှိသည်၏အဖြစ် မုတ်ဆိတ် ကျင်စွယ်ရှိသော မျက်နှာ ဝတ်စားဆင်ယင်ပုံ သန့်ရှင်းသော သွားလာမှု စသော ယောကျ်ားဟု သိမှတ်ကြောင်းဖြစ်သော ပုရိသနိမိတ်ကိုရင်း ရာဂ၏ဖြစ်ကြောင်းဖြစ်သော ချစ်ခင်နှစ်သက်ဘွယ် တင့်တယ်သော အခြင်း အရာဟူသော သုဘနိမိတ်ကိုရင်း ဒေါသဖြစ်ကြောင်း ရွံဘွယ်,မုန်းဘွယ် မတင့်တယ်သော အခြင်းအရာဟူသော ပဋိဃနိမိတ်ကိုရင်း မောဟဖြစ် ကြောင်းဖြစ်သော ကောင်း,မကောင်း လှ,မလှကို နှလုံးမသွင်းနိုင်မှု၍ လျစ်လျူတွေဝေသော အဝိဇ္ဇာ၏အစွမ်းအားဖြင့် အလည်အလတ် မဇ္ဈတ္တာ ကာရဖြစ်သော ဥပေက္ခာနိမိတ်ကိုရင်း ထိုရာဂ, ဒေါသ, မောဟတို့၏ ထင်ရှားအားရှိစွာ ဖြစ်ပေါ်လာကြောင်း လက်,ခြေဖနောင့် ပြုံးပုံ,ရယ်ပုံ ပြောပုံ,ဆိုပုံ ကြည့်ရှုပုံအစရှိသော အခြင်းအရာဟူသော အနုဗျဉ္စနကိုရင်း နှလုံးမသွင်း အာရုံမပြုဘဲ ထိုရာဂ, ဒေါသ, မောဟတို့ မဖြစ်နိုင်ရန်နှင့် ထိုရာဂစသည်တို့ မဖြစ်ခြင်းကြောင့် ကာယဒုစရိုက် ဝစီဒုစရိုက် ကုသိုလ် တရားတို့၌ မေ့လျော့မှု မသိမိုက်မဲမှု သည်းမခံနိုင်မှု ပျင်းရိမှု အကုသိုလ် တရားတို့ ဖြစ်ခွင့်မရဘဲ အလောဘစသော တရားများဖြစ်နိုင်ရန်နှင့် ထိုသို့

ဖြစ်ခြင်းကြောင့် ကာယသုစရိုက် ဝစီသုစရိုက် ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း သိမြင်ထိုးထွင်းခြင်း သည်းခံခြင်း ကောင်းသောလုံးလပြုခြင်းဟူသော ကုသိုလ်တရားများ ဖြစ်ပေါ်ခွင့် ရရှိနိုင်ရန် ထိုရုပ်ရုံ၌ ထင်ရှားရှိသော ဆံပင်,မွေးညှင်းစသော အသုဘအာရုံနှင့် ဘူတရုပ်,ဥပါဒါရုပ်ဟူသော ပရမတ္ထအာရုံတို့ကိုသာ သတိရှေ့သွားရှိသော သမာဓိ,ပညာတို့ဖြင့် အာရုံပြုဆင်ခြင်သောအားဖြင့် ကျင့်သုံးဆောက်တည်မှုသည် စက္ခုဒွါရ၌ဖြစ်သော ဣန္ဒြိယသံဝရသီလမည်၏ဟူသော အဓိပ္ပါယ်ကို အကျဉ်းအားဖြင့် ဟောတော်မူပါသည်ဟု သိမှတ်ရပါမည်။

မှတ်ချက်– ဤအဓိပ္ပါယ်မှာ အောက်ပါအဋ္ဌကထာပါဠိများကို အမှီပြု၍ ဖော်ပြအပ်သော အဓိပ္ပါယ်ဖြစ်ပါသည်။

"န နိမိတ္တဂ္ဂါဟီတိ ဣတ္ထိပုရိသနိမိတ္တံ ဝါ သုဘနိမိတ္တာဒိကံ ဝါ ကိလေသဝတ္ထုဘူတံ နိမိတ္တံ န ဂဏှာတိ၊ ဒိဋ္ဌမတ္တေယေဝ သဏ္ဌာတိ။ နာနုဗျဉ္ဇနဂ္ဂါဟီတိ ကိလေသာနံ အနုဗျဉ္ဇနတော ပါကဋဘာဝကရဏတော အနုဗျဉ္ဇနန္တိ လဒ္ဓဝေါဟာရံ ဟတ္ထပါဒသိတဟသိတကထိတဝိလောကိတာဒိဘေဒံ အာကာရံ န ဂဏှာတိ၊ ယံ တတ္ထ ဘူတံ၊ တဒေဝ ဂဏှာတိ"။ (ပ)

"ဇဝနက္ခဏေ ပန သစေ ဒုဿီလျံ ဝါ မုဋ္ဌသစ္စံ ဝါ အညာဏံ ဝါ အက္ခန္တိ ဝါ ကောသဇ္ဇံ ဝါ ဥပ္ပဇ္ဇတိ၊ အသံဝရော ဟောတိ၊ ဧဝံ ဟောန္တော ပန သော စက္ခုန္ဒြိယေ အသံဝရောတိ ဝုစ္စတိ။ပ။ ဧဝမေဝ ဇဝနေ သီလာဒီသု ဥပ္ပန္နေသု ဒွါရမ္ပိ ဂုတ္တံ ဟောတိ၊ ဘဝင်္ဂမ္ပိ အာဝဇ္ဇနာဒီနိပိ ဝီထိစိတ္တာနိ၊ တသ္မာ ဇဝနက္ခဏေ ဥပ္ပဇ္ဇမာနောပိ စက္ခုန္ဒြိယေ သံဝရောတိ ဝုတ္တော"။ ဝိသုဒ္ဓိမဂ်။

ဤအဋ္ဌကထာပါဠိတို့တွင် "သုဘနိမိတ္တာဒိကံ ဝါ"၌ အာဒိသဒ္ဒါဖြင့် ပဋိဃနိမိတ် ဥပေက္ခာနိမိတ်တို့ကို ယူအပ်ပါသည်။

ဆက်လက်ရေးသားပါဦးမည်။ ပါဠိတော်၌ အဘိဇ္ဈာဒေါမနဿတို့ကိုသာလျှင် ထုတ်ဆိုဟောကြားတော်မူသော်လည်း တရားနှင့်မလျော်မညီမညွတ် နှလုံးသွင်း ရှုမြင်သဖြင့် ဖြစ်ပေါ်တတ်သော မောဟ၏လည်း ဣန္ဒြေတို့ကို စောင့်ရှောက်မှု ညာဏသံဝရ၏ ဆန့်ကျင်ဘက် အသံဝရဖြစ်ခြင်းကြောင့် ထိုမောဟကိုလည်း ယူအပ်သည်ဖြစ်ရကား ဥပေက္ခာနိမိတ်ကိုလည်း ယူအပ်ပါသတည်း။

ထို့ကြောင့် မဟာဋီကာ၌—

"ကာမဓာတ္တု ပါဠိယံ အဘိဇ္ဈာဒေါမနဿာဝ သရူပတော အာဂတာ၊ ဥပေက္ခာနိမိတ္တဿာဝိ ပန သင်္ဂဟော ဇှန္တိတဗ္ဗော၊ အသမပေက္ခနေနဉဖ္ဖဇ္ဇနကမောဟဿာဝိ အဿံဝရဘာဝတော"ဟု မိန့်တော်မူလေသည်။

"ဥပေက္ခာနိမိတ္တဿာဝိ"၌ ဥပေက္ခာနိမိတ်ဟူသည်မှာလည်း ဆဋင်္ဂုပေက္ခာစသော ဥပေက္ခာမျိုးမဟုတ် တရားသဘောကို မသိသောကြောင့် သောမနဿ ဒေါမနဿ ကင်းသောကြောင့် ဥပေက္ခာမည်သော အညာဏုပေက္ခာ၏ အာရုံနိမိတ်သာလျှင် ဖြစ်သည်ဟူ၍လည်း သိမှတ်ရပါမည်။

ထိုအညာဏုပေက္ခာမည်သော မောဟ၏ အာရုံနိမိတ်သည်လည်း အာရုံသဘောကပင်လျှင် မဇ္ဈတ္တာကာရဖြစ်၍ ဥပေက္ခာဖြစ်ရသည်မဟုတ် မောဟသည်ပင် တွေဝေလျက် ရဇ္ဇန,ဒုဿနသို့လည်း မရောက် တရားသဘောနှင့်လည်း မညီမညွတ် နှလုံးသွင်း ရှုမြင်သည့်အစွမ်းအားဖြင့်သာ အာရုံသည်လည်း မဇ္ဈတ္တာကာရကဲ့သို့ဖြစ်၍ ထင်ရသည်ဟု သိမှတ်သင့်ပါသည်။

ထို့ကြောင့် မဟာဋီကာ၌—

"ဥပေက္ခာနိမိတ္တန္တိစေတ္ထ အညာဏုပေက္ခာယ ဝတ္ထုဘူတံ အာရမ္မဏံ၊ တဥ္စသ အသမပေက္ခနဝသေန ဝေဒိတဗ္ဗံ"ဟု ဆက်လက် မိန့်တော်မူပါသည်။

ဆက်လက်ရေးသားပါဦးမည် ဖေါ်ပြခဲ့သော အဋ္ဌကထာပါဌ်တို့တွင် "ဒိဋ္ဌမတ္တေယေဝ သဏ္ဌာတိ" ဟူသော ဝါကျဖြင့် ရူပါရုံကိုရှုမြင်ရာ၌ (ဥဒါန်းပါဠိတော်ဗာဟိယသုတ်၌ ဟောတော်မူသကဲ့သို့) စက္ခုဝိညာဉ်သည် တပ်နှစ်သက်ခြင်း ရှုံ့မုန်းခြင်း စသည်မဖြစ်ဘဲ မြင်ကာမျှမတ္တ ဖြစ်သကဲ့သို့ ဇောခဏ၌လည်း တပ်နှစ်သက်ခြင်း ရှုံ့မုန်းခြင်း စသည်မဖြစ်ရအောင် သုဘစသောအာရုံကို နှလုံးမသွင်းမူ၍ သတိဖြင့် စောင့်စည်း ဝိတ်ဆို့ရမည်ကို ညွှန်ပြပါသည်။

ထို့ကြောင့် မဟာဋီကာ၌—

"ဒိဋ္ဌမတ္တေယေဝ သဏ္ဌာတီတိ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတီတိ သုတ္တေ ဝုတ္တနယေန ဝဏ္ဏာယတနေ စက္ခုဝိညာဏေန ဝိထိစိတ္တေဟိ စ ဂဟိတမတ္တေယေဝ တိဋ္ဌတိ၊ န တတော ပရံ ကိဉ္စိ သုဘာဒိအာကာရံ ပရိကပ္ပေတိ"ဟု မိန့်ဆိုတော်မူပါသည်။

"ယံ တတ္ထ ဘူတံ တဒေဝ ဂဏှာတိ"ဟူသော အဋ္ဌကထာပါဠိဖြင့် အာရုံမပြုအပ် မယူအပ်သော နိမိတ္တ အနုဗျဉ္ဇနတို့မှတပါး သတိရှေ့သွားရှိသော သမာဓိ ပညာတို့ဖြင့် အာရုံပြုအပ် ယူအပ်သော ဆံပင် မွေးညှင်းစသော အသုဘနိမိတ် ဘူတရုပ် ဥပါဒါရုပ်ဟူသော ဝိပဿနာဉာဏ်၏ အာရုံတို့ကိုသာလျှင် အာရုံပြုအပ် နှလုံးသွင်းအပ်သည်ဟု ညွှန်ပြပါသည်။

ထို့ကြောင့် မဟာဋီကာ၌—

"ယံ တတ္ထ ဘူတံ၊ တဒေဝ ဂဏှာတီတိ။ ယံ တသ္မိံ သရီရေ ဝိဇ္ဇမာနံ ကေသလောမာဒိဘူတုပါဒါယမတ္တံ ဝါ၊ တဒေဝ ယာထာဝတော ဂဏှာတိ"ဟု မိန့်ဆိုတော်မူပါသည်။

သမထနိမိတ် ဝိပဿနာအာရုံတို့ကို နှလုံးသွင်း ပွားများသဖြင့် အရဟတ္တဖိုလ်သို့ ရောက်သောဝတ္ထုကို နောက်၌ပြဆိုပါမည်။

---

## သောတဒွါရစသည်၌ ဣန္ဒြိယသံဝရ

ဆက်လက်ဖေါ်ပြလိုသည်မှာ "သောတေန သဒ္ဒံ သုတွာတိအာဒိသုပိ ဧသေဝနယော" ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ စက္ခုဒွါရ၌ ဣန္ဒြိယသံဝရသီလဖြစ်ပုံ ပြဆိုခဲ့ပြီးသော နည်းကိုမှီ၍ သောတဒွါရစသည်တို့၌လည်း ဣန္ဒြိယသံဝရဖြစ်ပုံကို သိအပ်ကြောင်းပင် ဖြစ်ပါသည်။

ထင်ရှားစေပါဦးမည်၊ သဒ္ဒါရုံကို ကြားနာသောအခါ မိန်းမသံ ယောကျ်ားသံဟူသော ကိလေသာဖြစ်ကြောင်း အာရုံနိမိတ်ကို အာရုံမပြု နှလုံးမသွင်းမူ၍ သဒ္ဒါရုံအသံကိုကြားရာ၌ သောတဝိညာဉ် နားစိတ်သည် ရဇ္ဇန ဒုဿန မုယှန တပ်နှစ်သက်ခြင်း ရှုံမုန်းခြင်း တွေဝေခြင်း

မဖြစ်သကဲ့သို့ ထို့အတူ ဇောခဏာ၌လည်း ရဇ္ဇန ဒုဿန မုယှန တပ်နှစ် သက်ခြင်း ရှုံမှုန်းခြင်း တွေဝေခြင်း မဖြစ်နိုင်ရန် သတိတရားဖြင့်၊ ဝါ၊ သတိရှေ့သွားရှိသော ဝီရိယ သမာဓိ ပညာစသည်တို့ဖြင့် စောင့်စည်း ပိတ်ဆို့ခြင်းသည် "န နိမိတ္တဂ္ဂါဟီ"ဟူသော ပါဠိတော်အရ အဆုံးအမကို လိုက်နာကျင့်သုံး၍ သောတဒွါရ၌ ဣန္ဒြိယသံဝရသီလကို ဖြည့်ဆည်းခြင်းပင် မည်၏။

ထို့ကြောင့် မဟာဋီကာ၌—

"သောတဝိညာဏေန ဟိ သဒ္ဒံ သုတွာ ဣတ္ထိသဒ္ဒေါတိ ဝါ ပုရိသသဒ္ဒေါတိ ဝါ ဣဋ္ဌာနိဋ္ဌာဒိကံ ဝါ ကိလေသဝတ္ထုဘူတံ နိမိတ္တံ န ဂဏှာတိ၊ သုတမတ္တေဝ သဏ္ဌာတိ"ဟူ၍ မိန့်ဆိုတော်မူလေသည်။

ငှင်းပြင် သီခြင်း တီးမှုတ်ခြင်းအစရှိသော သဒ္ဒါပုံ၏ ကိလေသာ တို့ကို အဆင့်ဆင့်တိုးပွား ထင်ရှားဖြစ်ပေါ်စေတတ်သော အသံနိမ့် အသံ မြင့်စသည်တို့၏ အစွမ်းအားဖြင့် သတ်မှတ်အပ်သော အဖြတ်အငင်စသည် အပြားရှိသော အခြင်းအရာကို မယူမှု၍ ထိုအသံဟူသောသဒ္ဒ ကာမဂုဏ်၏ ဖေါက်ပြန်ပျက်စီးတတ်ခြင်း တပ်မက်သူတို့အား မိုးရိမ်ပူပန်စေတတ်ခြင်း စသော ကာမာဒီနဝကိုငှင်း အနိစ္စစသော လက္ခဏာကိုငှင်း အာရုံပြု နှလုံးသွင်းသဖြင့် ရဇ္ဇန ဒုဿန မုယှန တပ်နှစ်သက်ခြင်း ရှုံမှုန်းခြင်း တွေဝေ ခြင်းတို့ကို မဖြစ်နိုင်စေရန် ပွားများစောင့်စည်းသော ရဟန်းသည် "နာနု·ဗျဉ္ဇနဂ္ဂါဟီ"ဟူသော ပါဠိတော်အရ အဆုံးအမတော်ကို လိုက်နာကျင့်သုံး၍ သောတဒွါရ၌ ဣန္ဒြိယသံဝရသီလကို ဖြည့်ကျင့်သော ရဟန်းမည်၏။

ထို့ကြောင့် မဟာဋီကာ၌—

"ယော စ ဂီတသဒ္ဒါဒိကဿ ကိလေသာနံ အနုအနုဗျဉ္ဇနတော အနုဗျဉ္ဇနန္တိ လဒ္ဓဝေါဟာရော မန္ဒတာရာဒိဝသေန ဝဝတ္ထိတော သင်္ဃာဒိဘေဒဘိန္နော အာကာရော၊ တမ္ပိ န ဂဏှာတိ"ဟူ၍ မိန့်ဆို တော်မူပါသည်။

ဤဖေါ်ပြခဲ့ပြီးသော စက္ခုဒွါရ ရူပါရုံ၊ သောတဒွါရ သဒ္ဒါရုံတို့၌ ကဲ့သို့ပင် ဃာနဒွါရ ဂန္ဓာရုံ စသည်တို့၌လည်း ထိုက်သင့်သည်အား လျော်စွာ သိမှတ်အပ်ပါသည်။

အထူးသဖြင့် ဖေါ်ပြလိုသည်မှာ ဂန္ဓာရုံ၌ ကောင်းသောအနံ့ မကောင်းသောအနံ့သည် ကိလေသာနိမိတ်မည်၍ မွှေးကြိုင်သည် နှစ်သက်အပ်သည် နံသည် ရွံမုန်းအပ်သည်စသော အခြင်းအရာကား အနုပျဉ်နမည်၏။

ရသာရုံ၌ ကောင်းသောအရသာ မကောင်းသောအရသာသည် နိမိတ်မည်၍ ချိုသည် ခါးသည် နှစ်သက်အပ်သည် ရွံမုန်းအပ်သည် စသော အခြင်းအရာသည်ကား အနုဗျဉ္စနမည်၏။

ဖောဋ္ဌဗ္ဗာရုံ၌ ကောင်းသောအတွေ့အထိ မကောင်းသောအတွေ့အထိသည် နိမိတ်မည်၍ နူးညံ့သိမ်မွေ့ခြင်း ကြမ်းတမ်းခက်တရော်ရှိခြင်း စသော အခြင်းအရာကား အနုဗျဥ္စနမည်၏။

ဓမ္မာရုံ၌ အယောနိသောမနသိကာရ၏ အစွမ်းအားဖြင့် အာရုံပြု၍ ထင်သော ကောင်း,မကောင်း အလယ်အလတ်ဖြစ်သော ရာဂနိမိတ် ပဋိဃနိမိတ် ဥပေက္ခာနိမိတ်တို့သည် ကိလေသာဝတ္ထုနိမိတ် ကိလေသာဖြစ်ကြောင်း အာရုံမည်၏။ထိုအယောနိသောမနသိကာရ၏ အစွမ်းအားဖြင့် ဖြစ်သော နှစ်သက်ဘွယ် မနှစ်သက်ဘွယ် လျစ်လျူဘွယ် အခြင်းအရာသည် အနုဗျဥ္စနမည်၏။

အထူးမှာအာဝဇ္ဇန်းရှိသော ဘဝင်သည် မနောဒွါရမည်၏။ထိုမနောဒွါရ၌ အာရုံထင်လာသည်ရှိသော် ထိုဓမ္မာရုံ၌ အာဝဇ္ဇန်းသည် တပ်နှစ်သက်ခြင်း ရွံမုန်းပြစ်မှားခြင်း တွေဝေခြင်း မဖြစ်ဘဲ ဆင်ခြင်၍ သိကာမျှမတ္တဖြစ်သကဲ့သို့ ထိုအာဝဇ္ဇန်းအတူ အာဝဇ္ဇန်းလျှင် အတိုင်းအရှည်ရှိသည် ဖြစ်၍ ဇောခဏာ၌လည်း တပ်နှစ်သက်ခြင်း ရွံမုန်းပြစ်မှားခြင်း တွေဝေခြင်း မဖြစ်ရန် စိတ်ကို ဆောက်တည်၍ စောင့်စည်း ပိတ်ဆို့ခြင်းသည် "နနိမိတ္တဂ္ဂါဟီ"ဟူသော ပါဠိတော်အရ အဆုံးအမတော်ကို လိုက်နာကျင့်သုံး၍ မနောဒွါရ၌ ဣန္ဒြိယသံဝရသီလကို ဖြည့်ဆည်းခြင်းပင်မည်၏။

ထို့ကြောင့် မဟာဋီကာ၌—

"မနောဒွါရေ ပန သာဝဇ္ဇနဘဝင်္ဂံ မနောဒွါရံ၊ တသ္မိံ ဒွါရေ ဓမ္မာရမ္မဏေ အာပါထမာဂတေ တံ ဇဝနမနသာဝ ဝိညာယ ဝိဇာနိတ္ဗာတိအာဒိနာ ယောဇေတဗ္ဗံ"ဟု မိန့်တော်မူလေသည်။

ဥဒါန်းအဋ္ဌကထာ ဗာဟိယသုတ်အဖွင့်၌လည်း—

"ဝိညာတေ ဝိညာတမတ္တန္တိ ဧတ္ထ ပန ဝိညာတံ နာမ မနော-ဒွါရာဝဇ္ဇနေန ဝိညာတာရမ္မဏံ၊ တသ္မိံ ဝိညာတေ ဝိညာတ-မတ္တန္တိ အာဝဇ္ဇနပ္ပမာဏံ၊ ယထာ အာဝဇ္ဇနံ န ရဇ္ဇတိ န ဒုဿတိ န မုယှတိ၊ ဧဝံ ရဇ္ဇနာဒိဝသေန စ ဥပ္ပဇ္ဇိတုံ အဒတွာ အာဝဇ္ဇ-နပ္ပမာဏေနေဝ စိတ္တံ ဌပေဿာမီတိ အယမေတ္ထ အတ္ထော" ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဆက်ပါဦးမည်၊ ဖော်ပြခဲ့သော ဋီကာပါဌ်၌ "ယောဇေတဗ္ဗံ" အရ ယောဇနာသင့်ပုံမှာ "မနောဒွါရေ ပန။ပ။ တံ ဇဝနမနသာဝ ဝိညာယ ဝိဇာနိတွာ န နိမိတ္တဂ္ဂါဟီတိ သုဘနိမိတ္တာဒိကံ ကိလေသဝတ္ထုဘူတံ နိမိတ္တံ န ဂဏှာတိ ဝိညာဏမတ္တေယေဝ သဏ္ဌာတိ" အစရှိသည်ဖြင့် ယောဇနာအပ်သည်ဟု ညွှန်ပြပါသည်။

## မဟာတိဿမထေရ်ဝတ္ထု

ရူပါရုံကိုမြင်ရာ၌ ကိလေသာနိမိတ်ကို အာရုံမပြုဘဲ အသုဘနိမိတ် ဝိပဿနာအာရုံကိုသာ အာရုံပြုသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ဘူးသော မဟာတိဿမထေရ်၏ ဝတ္ထုကို ဖော်ပြပါမည်။

သီဟိုဠ်ကျွန်း အနုရာဓမြို့၌ ချေးမအမျိုးသမီး တယောက်သည် လင်ယောကျ်ားနှင့် ခိုက်ရန်ဖြစ်၍ နံနက်စောစောကပင် အနုရာဓမြို့မှထွက်၍ ဆွေမျိုးအိမ်သို့ပြေးစဉ် လမ်းခရီးအကြား၌ စေတိယတောင်မှ အနုရာဓ မြို့သို့ ဆွမ်းခံကြွလာသော မဟာတိဿမထေရ်ကို တွေ့မြင်လျှင် တပ်နှစ် သက်သဖြင့် စက္ခုန္ဒြေချ၍ သွားနေသော မထေရ်က မိမိကို ကြည့်ရှုတွေ့ မြင်စေရန် ကျယ်စွာသောအသံဖြင့် ရယ်လိုက်ရာ မထေရ်သည်လည်း ခေါင်းကိုမော်၍ ကြည့်သည်တွင် အမျိုးသမီး၏ သွားရိုးတို့ကိုမြင်သဖြင့် အသုဘသညာကို တဖန်ရယူနှလုံးသွင်းကာ အစဉ်သဖြင့် ဝိပဿနာ ပွား၍ ထိုနေရာမှာပင် အရဟတ္တဖိုလ်သို့ ရောက်လေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

**တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသညံ အနုဿရိ။**
**တတ္ထေဝ သော ဌိတော ထေရော၊ အရဟတ္တံ အပါပုဏိ။**

ဟု မိန့်ဆိုတော်မူလေသည်။

အနက်— ထေရော၊ မထေရ်သည်။ တဿာ၊ ကိလေသာမာရ် စိတ်ဖေါက်ပြန်၍ ရယ်ရန်နှုတ်ဟ ထိုမိန်းမ၏။ ဒန္တဋ္ဌိကံ၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတွင် ဒန္တမည်မျိုး သွားအရိုးကို။ ဒိသွာ၊ မျှော်ကာကြည့်စဉ် တည့်တည့်မြင်၍။ ပုဗ္ဗသညံ၊ နေ့စဉ်ရက်ဆက် ရှေးအထက်က လေ့ကျက်ဝါသနာထုံခဲ့သော အသုဘသညာကို။ အနုဿရိ၊ အဟောင်းမလေ့ ပြန်ပြောင်း၍ပင် အောက်မေ့ဆင်ခြင်တော်မူပြီ။ သော ထေရော၊ သွားရိုးမြင်က အသုဘကို စိတ်ကထိုးထွင်း နှလုံးသွင်းသည့် ပဋိဘာနည် ထိုမထေရ်သည်။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ ဌိတော၊ မသွားမယိုင် မထိုင်မလျောင်း မစောင်းမတ်မတ် ကောင်းစွာရပ်၍။ အရဟတ္တံ၊ ကိလေသာခတ် အကုန်ပြတ်တဲ့ အရဟတ္တဖလံ မြတ်သောဉာဏ်သို့။ အပါပုဏိ၊ သမထဝိပဿနာ ဘာဝနာကို တရားလာဆင့်ဆင့် ပွားကာကျင့်၍ အသင့်ရောက်ရှိရလေပြီ။

ဆက်ပါဦးမည် ထိုအမျိုးသွီး ထွက်သွားပြီးသည့်နောက် အမျိုးသွီး၏ လင်ယောကျ်ားသည်လည်း အမျိုးသွီး၏ နောက်သို့လိုက်၍ စူးစမ်းရှာဖွေသည်ရှိသော် မဟာတိဿမထေရ်ကို တွေ့မြင်၍ “ အရှင်ဘုရား ဒီကာမတယောက်သွားခဲ့တာ မြင်လိုက်ပါသလားဘုရား”ဟု မေးလျှောက်သေသည်။

ထိုအခါ မထေရ်က အောက်ပါဂါထာကို ရွတ်ဆိုမိန့်ကြားတော်မူလေသည်။

**နာဘိဇာနာမိ ဣတ္ထိ ဝါ၊ ပုရိသော ဝါ ဣတော ဂတော။**
**အပိ စ အဋ္ဌိသံဃာဋော၊ ဂစ္ဆတေသ မဟာပထေ။ ။**

အနက်— အဟံ၊ ငါသည်။ ဣတော၊ ဤအရပ်မှ။ ဂတော၊ သွားခဲ့သောအရာသည်။ ဣတ္ထိ ဝါ၊ ခြေ,လက်,ပုခုံး မျက်လုံး,မျက်ဆံ သွင်ဟန်ရုပ လူမိန်းမဟူ၍ရင်း။ပုရိသော ဝါ၊ လက်ခြေ,ပုခုံး မျက်လုံး,မျက်ဆံ သွင်ဟန်တူးခြား လူယောကျ်ားဟူ၍ရင်း။ ဣတိ၊ ဤသို့။ နာဘိဇာနာမိ၊ နှလုံးမသွင်း လျစ်လျူရှုခြင်းကြောင့် အလျင်းမသိလိုက်ပါ။ အပိ စ၊ စင်စစ်သော်ကား။ သေ-သော အဋ္ဌိသံဃာဋော၊ ကိုးယိုကားယား လေလှုပ်ရှားတဲ့ အသား

မမှီး ထိုအရိုးစုကြီးသည်။ မဟာပထေ၊ လှုပေါင်းများစွာ သွားရာခရီး လမ်းမကြီး၌။ ဂစ္ဆတိ၊ ရွေ့ ရွေ့ ရွေ့ ရွေ့ လေတိုးဖွေ့ တိုင်း ရှေ့သို့ပြောင်းကာ သွားခဲ့ပါ၏။

ဤဖေါ်ပြခဲ့ပြီးသော မဟာတိဿမထေရ်ဝတ္ထု စသည်ကို ထောက်ထား၍ ဤဣန္ဒြိယသံဝရသီလကို ဖြည့်ဆည်းခြင်းသည် အဓိသီလသိက္ခာ ပြည့်စုံခြင်းမျှ အကျိုးရှိသည်မဟုတ် အဓိစိတ္တ အဓိပညာသိက္ခာတို့ကို ပြည့်စုံခြင်းဟူသော အကျိုးများလည်း ရှိသည်ကိုသိမှတ်၍ ထိုဣန္ဒြိယသံဝရ သီလကို ဖြည့်ဆည်းခြင်း၌ အထူးအားထုတ်သင့်လေသည်။

---

## ဣန္ဒြိယသံဝရနှင့် ပွဲလမ်းသဘင်

ဣန္ဒြိယသံဝရသီလကို စောင့်ရှောက်ဖြည့်ဆည်းကြကုန်သော အမျိုးကောင်းသား ရဟန်းတော်များသည် အဆုံးအမ သာသနာတော်အား ဆန့်ကျင်ဘက်ဖြစ်၍ မိမိတို့အား ခလုပ်ဆူးငြောင့်သဖွယ်ဖြစ်သော ဝိသူက ဒဿန ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်းကိုလည်း အထူးသဖြင့် ရှောင်ရှားသင့်လေသည်။

ထိုစကားမှန်၏၊ ဝိသူကဒဿန ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်းသည် သာသနာတော်အား ဆန့်ကျင်ဘက်ဖြစ်၍ ဣန္ဒြိယသံဝရသီလကို စောင့်ရှောက်ဖြည့်ဆည်းကြကုန်သော အမျိုးကောင်းသား ရဟန်းတော်များအား ခလုပ်ဆူးငြောင့်သဘွယ် ဖြစ်သည်ကို အဂ္ဂုတ္တရပါဠိတော် ကဏ္ဍကသုတ်၌ "ဣန္ဒြိယေသု ဂုတ္တဒွါရဿ ဝိသူကဒဿနံ ကဏ္ဍကော"ဟု ဟောတော်မူပါသည်။

၎င်းအဋ္ဌကထာ၌လည်း "ကဏ္ဍကောတိ ဝိဇ္ဈနဋ္ဌေန ကဏ္ဍကော၊ ဝိသူကဒဿနန္တိ ဝိသူကဘူတံ ဒဿနံ"ဟု ဖွင့်ဆိုတော်မူပါသည်။

ပါဠိတော်အနက်—ဣန္ဒြိယေသု၊ ဣန္ဒြေခြောက်ပါးတို့၌။ ဂုတ္တဒွါရဿ၊ လုံခြုံစေအပ်သော တံခါးရှိသောသူအား။ ဝိသူကဒဿနံ၊ သာသနာတော်အား ဆန့်ကျင်ဘက်ဖြစ်သော ပွဲလမ်းသဘင်တို့ကို ကြည့်ရှုနားထောင်ခြင်းသည်။ ဝါ၊ ပွဲလမ်းသဘင်ကို သာသနာတော်အား ဆန့်ကျင်ဘက်ဖြစ်သော ကြည့်ရှုနားထောင်ခြင်းသည်။ ကဏ္ဍကော၊ ဆူးငြောင့်သဘွယ် ဖြစ်၏။

**အဋ္ဌကထာအနက်**— ကဏ္ဍကောတိ၊ ကဏ္ဍကဟူသည်ကား။ ဝိဇ္ဈ-နဋ္ဌေန၊ သာသနာတော်အား မလျော် ဆန့်ကျင်ဘက် အနက်အားဖြင့် ထိုးဖေါက် ဖျက်ဆီးတတ်သော အနက်သဘောကြောင့်။ ကဏ္ဍကော၊ ဆူးငြောင့်ခလုပ်သဘွယ်ဖြစ်၏။ ဝိသူကဒဿနန္တိ၊ ဝိသူကဒဿနံဟူသည် ကား။ ဝိသူကဘူတံ၊ သာသနာတော်အားမလျော် ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်သော။ ဒဿနံ၊ ကြည့်ရှုနားထောင်ခြင်းတည်း။

ဤအင်္ဂုတ္တိုရ်ပါဠိ,အဋ္ဌကထာတို့ကို အဓိပ္ပါယ်ပြန်ဆိုရာ အနက် ပေးရာတို့၌ "သာသနဿ အနနုလောမတ္တာ ဝိသူကံ ပဋာဏီဘူတံ ဒဿ-နန္တိ ဝိသူကဒဿနံ"ဟူသော သီလက္ခန်အဋ္ဌကထာ စာမျက်နှာ(၇၅) သီလက္ခန်ဋီကာသစ်နှင့် ခုဒ္ဒကပါဌအဋ္ဌကထာ ဝိသူကဒဿနပုဒ်အဖွင့် စာမျက်နှာ(၂၆)တို့မှ အကူအညီယူ၍ အဓိပ္ပါယ်ပြန်ဆို အနက်ပေးခဲ့ ပါသည်။

အထူးဖေါ်ပြလိုသည်မှာ ဆိုခဲ့သော အင်္ဂုတ္တိုရ်ပါဠိတော် ကဏ္ဍက သုတ်၌လာသော ဝိသူကဒဿနံကို အနက်ပေးရာတွင် ပထမအနက်မှာ "ဝိသူကာနံ ဒဿနံ ဝိသူကဒဿနံ"ဟူသော ဆဋ္ဌီတပ္ပုရိသ်သမာသ်အနက် ပေးပါသည်။

ဒုတိယ ဝါ— အနက်မှာ "ဝိသူကဘူတံ ဒဿနံ ဝိသူကဒဿနံ" ဟူသော ကမ္မဓာရယ်သမာသ်အရ အနက်ပေးပါသည်။

ဤနှစ်နည်းတို့တွင် ဤအင်္ဂုတ္တိုရ်ပါဠိတော်၌ ပြဆိုခဲ့ပြီးသော ၎င်း၏ အဋ္ဌကထာနှင့်အညီ နောက်နည်းသာလျှင် သင့်လျော်သည်ဟု ထင်ပါ သည်၊ ဤဝိဂြိုဟ်နှစ်နည်းစလုံးကိုလည်း အောက်ပါခုဒ္ဒကပါဌအဋ္ဌကထာကို မှီ၍ ဖေါ်ပြလိုက်ခြင်းဖြစ်ပါသည်။

> "ဝိသူကဒဿနန္တိ ကိလေသုပ္ပတ္တိပစ္စယတော ကုသလပက္ခ-ဘိန္ဒနေန ဝိသူကာနံ ဒဿနံ ဝိသူကဘူတံ ဝါ ဒဿနံ ဝိသူက-ဒဿနံ"။

၎င်းပြင် ဤဝိသူကဒဿနံကို ဟောရာတွင် အဖွင့်အဋ္ဌကထာတို့ကို ထောက်ထား၍ ဗြဟ္မဇာလသုတ် နစ္စဂီတသုတ်တို့၌ ဓမ္မာဓိဋ္ဌာန်အားဖြင့် ဟောတော်မူသည်၊ ဤကဏ္ဍကသုတ်၌ကား ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ဟော တော်မူသည်ဟူ၍ မှတ်ယူသင့်ပါသည်ဟု ထင်ပါသည်၊ ထိုသို့ဖြစ်လျှင်

"ဝိသူကဒဿနံ ဇာနိန္ဒြိယဂုတ္တဒွါရ ပုဂ္ဂိုလ်အားမလျော် ဆန့်ကျင်သည်၏ အစွမ်းအားဖြင့် ထိုးဖေါက်ဖျက်ဆီးတတ်သော ခလုပ်ဆူးပြောင့်သဘွယ် ဖြစ်သော ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်းသည်"ဟု အနက်ပေးသင့် ပါသည်။

မည်သို့ပင်ဖြစ်စေ အဝိနာဘာဝနည်း နာနန္တရိကနည်းတို့ဖြင့် သာသနာတော်ရော ပုဂ္ဂိုလ်ပါ ဆန့်ကျင်ရာချည်းသာ ဖြစ်သောကြောင့် ဆန့်ကျင်ဘက်ဖြစ်သော ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်းဟူ၍သာ အလွယ်အကျဉ်း လိုရင်းကို မှတ်ယူသင့်ပါသည်။

ဆက်ပါဦးမည် "ဆန့်ကျင့်ဘက်ဖြစ်သော"ဟု ဆိုသဖြင့် "သာသနာ တော်အား၊ ဝါ၊ ဇာနိန္ဒြိယဂုတ္တဒွါရပုဂ္ဂိုလ်အား မဆန့်ကျင်သော ကခြင်း သီခြင်းများကို ကြည့်ရှုနားထောင်သင့်သည်"ဟု အဓိပ္ပါယ်သက်ရောက် သော်လည်း ဖေါ်ပြလတ့်ံသော အဋ္ဌကထာ ဋီကာများအရ ကခြင်းသည် (ဓမ္မူပသံဟိတ) တရားနှင့်ယှဉ်သည် မဖြစ်ကောင်းရကား "တရားတော်ကို သီချင်းကဲ့သို့ပြု၍ ရွတ်ဆိုအပ်သော ဂီတကိုသာ ရံခါကြားနာကောင်း၏"ဟု သိမှတ်သင့်ပါသည်၊ ကခြင်းကား မည်သည့်အခါမျှ မအပ်ဟူလို။

မှန်လှ၏၊ သီလက္ခန်ပါဠိ ဗြဟ္မဇာလသုတ် စူဠသီလ၌ ဟောတော် မူသော "နစ္စ ဂီတ ဝိသူကဒဿနာ" ဟူသော ပုဒ်ကိုဖွင့်ရာ "ဝိသူက- ဘူတာ ဒဿနာစ" ဟူသော အဋ္ဌကထာပါဌ်ဖြင့် သာသနာတော်အား ဆန့်ကျင်ဘက်မဟုတ်သော တရားတော်ကို အဆွဲအငင်ပြု၍ ဟောခြင်း ဟူသော သီချင်းသံကို နာကြားခြင်းသည် ရံခါအပ်၏ဟုပြဆိုကြောင်းကို "ဝိသူကဘူတာဒဿနာစာတိ စေတေန အဝိသူကဘူတဿ ပန ဂီတဿ သဝနံ ကဒါစိ ဝဋ္ဋတီတိ ဒဿေတိ"ဟု သီလက္ခန်ဋီကာသစ်၌ မိန့်ဆိုလျက် ရှိလေသည်။

ခုဒ္ဒကပါဌ်အဋ္ဌကထာ၌လည်း " ဓမ္မူပသံဟိတမ္ပိစေတ္ထ ဂီတံ န ဝဋ္ဋတိ၊ ဂီတူပသံဟိတော ပန ဓမ္မော ဝဋ္ဋတီတိ ဝေဒိတဗ္ဗော"ဟု အပ်,မအပ်နှစ်ပါးလုံးကို မိန့်ဆိုဖွင့်ပြတော်မူလေသည်။

၎င်းအဋ္ဌကထာ၏အဓိပ္ပါယ်မှာ"သီချင်းဂီတဖြစ်ခဲ့လျှင် တရားသဘော အား သင့်လျော်လျောက်ပတ်သော အနက်အဓိပ္ပါယ် ရှိသော်လည်း မအပ်၊ တရားတော်ဖြစ်ခဲ့လျှင် အဆွဲအငင်ပြု၍ သီချင်းသံဖြင့် ဟောအပ် သော်လည်း နာယူခြင်းငှါအပ်၏"ဟု ဆိုလိုပါသည်။

သီလက္ခန္ဓဋီကာသစ်၌လည်း—

"ဂိတော စေ ဓမ္မာနုလောမတ္တပဋိသံယုတ္တောပိ နဝဋ္ဋတိ၊ ဓမ္မော စေ ဂီတသဒ္ဒပဋိသံယုတ္တောပိ ဝဋ္ဋတီတိ အဓိပ္ပါယော ဝေဒိတဗ္ဗော" ဟူ၍ မိန့်ဆိုတော်မူလေသည်။

**ဋီကာနက်**— ဂီတော၊ သီချင်းသည်။ စေ မဓမ္မာနုလောမတ္တပဋိ·သံယုတ္တောပိ၊ အကယ်၍ တရားတော်အား သင့်လျော်လျောက်ပတ်သော အနက်အဓိပ္ပါယ်နှင့် ယှဉ်သော်လည်း။ နဝဋ္ဋတိ၊ မအပ်။ ဓမ္မော၊ တရားတော်သည်။ စေ ဂီတသဒ္ဒပဋိသံယုတ္တောပိ၊ အကယ်၍ သီချင်းသံနှင့်ယှဉ်သော်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ဣတိအယံ အဓိပ္ပါယော၊ ဤအဓိပ္ပါယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဤခုဒ္ဒကပါဌအဋ္ဌကထာ သီလက္ခန္ဓဋီကာတို့၏ မိန့်မှာဖွင့်ဆိုချက်အရ "သီချင်းဂီတဖြစ်ခဲ့သော် တရားတော်အား လျော်ကန်လျောက်ပတ်သော အနက်အဓိပ္ပါယ် ရှိသော်လည်း မအပ်"ဟု ဆိုခဲ့လျှင် သက္ကပဉှသုတ် အဋ္ဌကထာ၌—

"ယံ ပန အတ္ထနိဿိတံ ဓမ္မနိဿိတံ ကုမ္ဘဒါသီဂီတမ္ပိ သုဏန္တဿ ပသာဒေါ ဝါ ဥပ္ပဇ္ဇတိ၊ နိဗ္ဗိဒါ ဝါ သဏ္ဌာတိ၊ ဝေရူပေါ သဒ္ဒေါ သေဝိတဗ္ဗော"။

"အကြောင်းအကျိုးကိုမှီသော အိုးထိန်းသည့်ကျွန်မ၏ သီချင်းသံကို သော်မှ နားထောင်သောသူအား ကြည်ညိုခြင်းသည်လည်းဖြစ်၏။ ငြီးငွေ့ခြင်းသည်လည်းတည်၏။ ဤသို့သဘောရှိသော အသံကို မှီဝဲအပ်၏"ဟု မိန့်ဆိုအပ်သောစကားနှင့် မဆန့်ကျင်ပြီလောဟု စဉ်းစားမေးမြန်းဘွယ် ဖြစ်ပါသည်။

အဖြေကား မဆန့်ကျင်ဟူ၍ မှတ်ပါလေ၊အကြောင်းကား ထိုသက္ကပဉှသုတ်အဖွင့်၌ မှီဝဲအပ်သော "သေဝိတဗ္ဗသဒ္ဒ"ကို ထုတ်ဆိုခြင်းသည် သိက္ခာပုဒ်ကို ဆောက်တည်ကျင့်သုံးလျက်ရှိသော ဥပသံသီတင်းသည်ရဟန်းသာမဏေတို့မှတပါး အခြားသောသူတို့၏ မှီဝဲအပ်သည်၏အဖြစ်ဟူသော အကြောင်းပရိယာယ်အားဖြင့် ထုတ်ဆိုခြင်းသာ ဖြစ်သောကြောင့်တည်း။

ထိုစကားမှန်၏၊ မည်သို့ပင်ဖြစ်စေ သီချင်းသည် သီချင်းပင်ဖြစ်သောကြောင့် ကြည်ညိုခြင်း,ငြီးငွေ့ခြင်းစသည်ကို ဖြစ်စေတတ်သော သဘောရှိသော ဂီတကို နားထောင်သော သီတင်းသည်နှင့် ရဟန်း,သာမဏေများအား သိက္ခာပုဒ်ကို စောင့်စည်းမှု ပျက်သည်သာလျှင်တည်း။

ထို့ကြောင့် သီလက္ခန်ဋီကာသစ်၌—

"သမာဒါနသိက္ခာပဒဿ ဟိ ဝေရူပံ သုဏန္တဿ သိက္ခာပဒသံဝရံ ဘိဇ္ဇတိ ဂီတသဒ္ဒဘာဝတောတိ ဝေဒိတဗ္ဗံ"ဟု မိန့်ဆိုတော်မူလေသည်။

ဤဋီကာဆရာ၏ အဆုံးအဖြတ်စကားတော်သည် ဝိနည်းအဋ္ဌကထာများကို မှော်၍ ဆုံးဖြတ်ထားသော စကားများသာဖြစ်သဖြင့် ထိုမိမိ၏ အဆုံးအဖြတ်ကို ဝိနည်းအဋ္ဌကထာလာ စကားအချို့ဖြင့် အခိုင်အမာပြုခြင်း၌ "တထာ ဟိ ဝိနယအဋ္ဌကထာသု ဝုတ္တံ ဂီတန္တိ နဋာဒီနံ ဝါ ဂီတံ ဟောတု"အစရှိသည်ဖြင့် မိန့်ဆိုတော်မူလျက်ရှိပါသည်။

ဤစာအုပ်၌ကား ပြဆိုခဲ့ပြီးသော "ဝိသုဒ္ဓိမဂ္ဂ"၏ကံပုဒ် နစ္စဂီတဝါဒိတတို့ကိုပြည့်စုံစွာ သရုပ်ထုတ်၍ ဖော်ပြရန်ဝတ္တရားရှိသောကြောင့်၎င်း သုတေသီပုဂ္ဂိုလ်တို့၏ အကျိုးငှါ၎င်း ထိုဝိနည်းပါဠိတော်,အဋ္ဌကထာတို့ကို နောက်မှသက်ဆိုင်သမျှ ပြည့်စုံစွာဖော်ပြပါမည်။

အထူးသတိပြု မှတ်သားရန်မှာ ပြဆိုခဲ့ပြီးသော သဏ္ဍာပဋ္ဌာန်အဖွင့်အဋ္ဌကထာပါဠိ၌ သဒ္ဒါ,သံဝေဂစသည်ကို ဖြစ်စေတတ်သော သီချင်းဂီတကိုသာ သီတင်းသည် ရဟန်း,သာမဏေတို့မှတပါး အခြားသူတို့ ရုံခါမှီဝဲအပ်သော "သေဝိတဗ္ဗသဒ္ဒ"အဖြစ်ဖြင့် ထုတ်ပြ၍ "ကခြင်းနစ္စ"ကိုကား ရုံခါမှီဝဲအပ်သော "သေဝိတဗ္ဗရူပ"အဖြစ် မထုတ်မပြခြင်းပင်ဖြစ်ပါသည်။ ထိုသို့ မထုတ်မပြခြင်းသည်လည်း "ကခြင်းနစ္စ"သည် မည်သည့်အခါမျှ သဒ္ဒါ,သံဝေဂစသည်ကို ဖြစ်ပေါ်စေတတ်သော "သေဝိတဗ္ဗရူပ"မဖြစ်နိုင်သောကြောင့်ပင် ဖြစ်သည်ဟု မှယ်ယူသင့်ပါသည်။

"အရှင်နာဂသမာလမထေရ်သည် ကချေသည်မတယောက် ကခုန်နေသည်ကို အာရုံပြုဝိပဿနာရှုရင်း တရားထူးရရှိသည့်အရာမျိုးသည်ကား အဗ္ဗောဟာရိကမပြောပလောက်အောင် အလွန်နည်းပါးလှသည့်ပြင် ကခုန်

မှုအမှုအရာ၌ (ဓမ္မဂီတကဲ့သို့)တရားအဓိပ္ပါယ်များဖော်ပြပါရှိသောကြောင့် တရားထူးကိုရရှိသည်မဟုတ်၊ အလွန်ပါရမီထူးသူ ပုဂ္ဂလဝိသေသတို့၏ အလွန်ပွားထုံအပ်သဖြင့် အလွန်ထက်မြက်သော ယောနိသောမနသိကာရ ကြောင့်သာ ရရှိခြင်းဖြစ်သည်”ဟုလည်း အလေးအနက် သတိပြု၍ မှတ်ယူသင့်လေသည်။

ထို့ကြောင့်—

တတော ဓမ မနသိကာရော၊ ယောနိသော ဥဒပဇ္ဇထ။
အာဒီနဝေါ ပါတုရဟု၊ နိဗ္ဗိဒါ သမတိဋ္ဌထ။ ။

ဟု ထေရဂါထာပါဠိ၌ အရှင်နာဂသမာလကိုယ်တိုင် ထုတ်ဖော် မိန့်ကြားတော်မူခဲ့လေသည် ကခုန်မှုစသော ပွဲသဘင်သည် လူသာမာန် များအားကား ကိလေသာပွားကြောင်းသာ ဖြစ်သည်မှာ နောက်၌ထင်ရှား လတံ့၊ သို့ဖြစ်ပါလျက် အချို့ဝိပဿနာသမားများက ရုပ်ရှင်ကြည့်ရာတွင် “ရုပ်ပျက်,နာမ်ပျက်ကို ဆင်ခြင်ရန် ကြည့်ရှုသည်”ဟု ပြောလေ့ပြောထ ရှိကြပြန်သေးသည်။၎င်းတို့၏“ရုပ်ပျက်,နာမ်ပျက်ရှုရန် ရုပ်ရှင်ကြည့်သည်”ဟု ဆိုသောစကားသည်။ ဆရာတော် ဦးပဏ္ဍိတဓမ္မ အမိန့်ရှိဘူးသော ကြမ်းပိုး ချသူ ဥပုသ်သည်တို့၏ ဆင်ခြေစကားနှင့် တူလှပါသည်။

အနည်းငယ်ချဲ့ပါဦးမည်၊ ရှေးအခါက မန္တလေးမြို့ အိမ်တော်ရာ ဘုရား ဥပုသ်စရပ်များတွင် တရားဟောလေ့ရှိတော်မူသော ဓမ္မကထိက အကျော် ဆရာတော် ဦးပဏ္ဍိတဓမ္မဟူ၍ ရှိဘူးလေသည်၊ ထိုဆရာတော် တရားဟောရင်း အမိန့်ရှိသည်ကို ကြားဘူးသည်မှာ မိမိသည် တခုသော ဥပုသ်နေ့၏ နေ့လည်ပိုင်း၌ ကိစ္စတခုဖြင့် အရပ်ထည်းတို့ ရောက်သွားရာ နံနက်က မိမိသံတွင် ဥပုသ်ယူသွားသော ဒကာမကြီးနှစ်ယောက် နေပူ ကျဲကျဲဘွင် ကုဘင်ကို နေပူလှန်း၍ ကြမ်းပိုးချနေသည်ကို တွေ့မြင်ရသဖြင့် “အသို ဥပုသ်သည်တွေ ကြမ်းပိုးချနေကြတာ ဥပုသ်မကျိုးပေဘူးလား”ဟု ပြောမိရာ ဒကာမကြီးများက “ညကျတော့ ကြမ်းပိုးတွေ ဖိအိပ်မိပြီး ဥပုသ်ကျိုးမည် စိုးလို့ပါဘုရား”ဟု ပြန်ပြောကြသည်ဟု အမိန့်ရှိသည်ကို ကြားဘူးပါသည်၊

စင်စစ်မှာ က,သီ,ဘီးမှုတ်ဟူသော ပွဲလမ်းသဘင် ဟူသမျှသည် ကိလေသာကို ဆွမြူတတ်သော မြင်ကွင်း, ကြားကွင်းများသာဖြစ်၍ ကိလေသာခေါင်းပါးရန် မြှော်မှန်း၍ ကြိုးပမ်းကျင့်ကြကုန်သော ရဟန်း,

ရှင်,လူ သူတော်ကောင်း မှန်သမျှတို့အား မသင့်မလျော် အလွန်ဆန့်ကျင်သော ခလုပ်ဆူးငြောင့်သဘွယ်ဖြစ်၍ ရှောင်ရှားအပ်သော အာရုံများသာ ဖြစ်ပါသည်။

ပွဲလမ်းသဘင်ဟူသမျှသည် ကိလေသာကို ဆွမြှူတတ်သော အာရုံများသာ ဖြစ်သည်ကိုလည်း သဠာယတနဝဂ္ဂသံယုတ်ပါဠိ တာလပုဋသုတ်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

> "ပုဗ္ဗေ ခေါ ဂါမဏိ သတ္တာ အဝီတရာဂါ ရာဂဗန္ဓနဗဒ္ဓါ၊ တေသံ နဋော ရင်္ဂမဇ္ဈေ သမဇ္ဇမဇ္ဈေ ယေ ဓမ္မာ ရဇနီယာ၊ တေ ဥပသံဟရတိ ဘိယျော သော မတ္တာယ၊ ပုဗ္ဗေခေါ ဂါမဏိ သတ္တာ အဝီတဒေါသာ ဒေါသဗန္ဓနဗဒ္ဓါ၊ တေသံ နဋော ရင်္ဂမဇ္ဈေ သမဇ္ဇမဇ္ဈေ ယေ ဓမ္မာ ဒေါသနီယာ၊ တေ ဥပသံဟရတိ ဘိယျော သော မတ္တာယ၊ ပုဗ္ဗေ ခေါ ဂါမဏိ သတ္တာ အဝီတမောဟာ မောဟဗန္ဓနဗဒ္ဓါ၊ တေသံ နဋော ရင်္ဂမဇ္ဈေ သမဇ္ဇမဇ္ဈေ ယေ ဓမ္မာ မောဟနီယာ တေ ဥပသံဟရတိ ဘိယျော သော မတ္တာယ"။

**အနက်**— ဂါမဏိ၊ အိုသဘင်ရွာသူကြီး။ ခေါ၊ စင်စစ်။ ပုဗ္ဗေ၊ ရှေးဦးကပင်လျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ အဝီတရာဂါ၊ မကင်းသော ရာဂရှိကုန်၏။ ရာဂဗန္ဓနဗဒ္ဓါ၊ ရာဂတည်းဟူသော နှောင်ကြိုးဖြင့် နှောင်ဖွဲ့အပ်ကုန်၏။ တေသံ၊ ထိုသတ္တဝါတို့အား။ နဋော၊ ကချေသည်သည်။ ရင်္ဂမဇ္ဈေ၊ သဘင်အလယ်၌။ သမဇ္ဇမဇ္ဈေ၊ ပွဲအလယ်၌။ ယေ ဓမ္မာ၊ အကြင်အာရုံတရားတို့သည်။ ရဇနီယာ၊ တပ်နှစ်သက်ဘွယ်ဖြစ်ကုန်၏။ ဝါ၊ ရာဂ၏အကြောင်း ပစ္စည်းဖြစ်ကုန်၏။ တေ၊ ထိုအာရုံတို့ကို။ ဘိယျော သော မတ္တာယ၊ အတိုင်းထက်အလွန်။ ဥပသံဟရတိ၊ ရှေးရှုဆောင်တတ်၏။ ဂါမဏိ၊ အိုရွာသူကြီး။ ခေါ၊ စင်စစ်။ ပုဗ္ဗေ၊ ရှေးဦးကပင်လျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ အဝီတဒေါသာ၊ မကင်းသောဒေါသရှိကုန်၏။ ဒေါသဗန္ဓနဗဒ္ဓါ၊ ဒေါသတည်းဟူသော နှောင်ကြိုးဖြင့် နှောင်ဖွဲ့အပ်ကုန်၏။ တေသံ၊ ထိုသတ္တဝါတို့အား။ နဋော၊ ကချေသည်သည်။ ရင်္ဂမဇ္ဈေ၊ သဘင်အလယ်၌။ သမဇ္ဇမဇ္ဈေ၊ ပွဲအလယ်၌။ ယေ ဓမ္မာ၊ အကြင်အာရုံတရားတို့သည်။ ဒေါသနီယာ၊ စိတ်ဆိုးပြစ်မှားဘွယ် ဖြစ်ကုန်၏။ ဝါ၊ ဒေါသ၏အကြောင်း ပစ္စည်းဖြစ်ကုန်၏။ တေ၊ ထိုအာရုံတို့ကို။ ဘိယျော သော မတ္တာယ၊ အတိုင်းထက်အလွန်။ ဥပသံဟရတိ၊ ရှေးရှုဆောင်တတ်၏။ ဂါမဏိ၊ အိုရွာသူကြီး။

ခေါ၊ စင်စစ်။ ပုဗ္ဗေ၊ ရှေးဦးကပင်လျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ အဝိတ-မောဟာ၊ မကင်းသော မောဟရှိကုန်၏။ မောဟပဋ္ဋနဒ္ဓါ၊ မောဟ တည်းဟူသော နှောင်ကြိုးဖြင့် နှောင်ဖွဲ့အပ်ကုန်၏။ တေသံ၊ ထိုသတ္တဝါ တို့အား။ နဍ္ဍေ၊ ကချေသည်သည်။ ရင်္ဂမဇ္ဈေ၊ သဘင်အလယ်၌။ သမဇ္ဇ-မဇ္ဈေ၊ ပွဲအလယ်၌။ ယေ ဓမ္မာ၊ အကြင်အာရုံတရားတို့သည်၊ မောဟနီယာ၊ တွေဝေတွယ်ဖြစ်ကုန်၏။ ဝါ၊ မောဟ၏အကြောင်း ပစ္စည်းဖြစ်ကုန်၏။ တေ၊ ထိုအာရုံတို့ကို။ ဘိယျော သော မတ္တာယ၊ အတိုင်းထက်အလွန်။ ဥပသံဟရတိ၊ ရှေးရှုဆောင်တတ်၏။

ဤထုတ်ပြခဲ့သော ပါဠိတော်ဖြင့် ပွဲလမ်းသဘင် ဟူသမျှသည် ရှိနေရင်းကိလေသာကို အထူးသဖြင့် သောင်းကျန်းလာအောင် ဆွမြှူ တတ်သည့်ချည်းသာလျှင် ဖြစ်သည်”ဟု သိမှတ်သင့်ပါသည်၊ ယခုကာလ ကပြလျက်ရှိသော ပွတ်သဘင်နှင့် ဘဲလေးအကတို့သည် ကိလေသာကို သာ၍ မြှူဆွတတ်သော ပွဲလမ်းသဘင်များ ဖြစ်ပါလိမ့်မည်၊ ပွတ်သဘင် ကိုကား ရဟန်း,သာမဏေများ မကြည့်ရှုကြသေးသော်လည်း ဘဲလေး အကကိုကား အချို့ကြည့်ရှုကြသည်ဟု ကြားဘူးပါသည်။

လွန်ခဲ့သော ငါးနှစ်လောက်က ရန်ကုန်မှ ပြန်လည်ရောက်လာသော ဒါယကာတဦး ဘုန်းကြီးထံသို့ ကန်တော့နှုတ်ဆက်ရန် ရောက်ရှိလာသဖြင့် ရန်ကုန်သတင်းကိုမေးရင်း “ရုရှားအက မကြည့်ခဲ့ဘူးလား”ဟု မေးမိရာ ဒါယကာကြီးက “ကြည့်ခဲ့တယ် မကောင်းပါဘူးဘုရား တပည့်တော်ဖြင့် ခပ်ရှက်ရှက်နဲ့ ကြည့်ခဲ့ရတယ်”ဟု ပြောပါသည်။ ထိုအခါ ဘုန်းကြီးက “ရှက်တတ်ရင် နဂိုက မသွားဘဲနေပါလား”ဟု ပြောရာ ဒါယကာကြီးက “နဂိုက သိပ်မရှက်ဘူးဘုရား ဘုန်းကြီးတွေသွားမြင်မှ ပိုပြီးရှက်လာတာ”ဟု အစချီ၍ ၎င်းကဆက်လက် ပြောပြသဖြင့် သိရသည်မှာ က သော မိန်းကလေးသည် အဝတ်ဟူ၍ ရင်နှင့်ခါးတွင် လက်ဝါးခန့်ရှိသော အသားရောင်နိုင်လွန်စဖြင့် လွှမ်းပတ်ထားသည်မှတပါး ကိုယ်တုံးလုံးပင် ဖြစ်လေသည်၊ ကပုံမှာလည်း ခြေဖျားတဘက်ဖြင့် ကြမ်းကိုထောက်ထား၍ အခြားခြေတဘက်ကို အစွမ်းကုန်ကား၍ အပေါ်သို့ မြှောက်ထားပြီးလျှင် လက်နှစ်ဘက်ကိုသည်း ၎က်တောင်ပံသဏ္ဌာန် ပြုလုပ်ဆန့်တန်း၍ လည့် ဝိုင်းကာ ကခြင်းဖြစ်သည်။ ထိုသို့သော အကမျိုးကို မြင်ရသည်နှင့် ဒါယကာကြီးသည်“ဩော်...ဤအကမျိုးကို ငါတို့လို ဥပါသကာ သက်ရွယ် ကြီးများ ကြည့်တို့မသင့်ပါကလား”ဟု ရှက်စနိုးဖြစ်လာသည်။

ထို့ထက်ပို၍ ရှက်ရသည်မှာ နှစ်ရာထက်မနည်းသောသာမဏေငယ်, ရဟန်းငယ်များလည်း သီးခြားနေရာ၌ သင်္ကန်းရောင် တဝါဝါဖြင့် ကြည့်နေကြသည့်ပြင် နိုင်ငံခြားသားများကလည်း ၎င်းရဟန်း, သာမဏေများဘက်သို့ မကြာခဏ မျက်စိရောက်နေကြသည်ကို မြင်ရသဖြင့် "ဩော်.... ငါတို့ ကိုးကွယ်ရာများလည်း ဘာသာခြားတို့၏ မျက်စိအောက်တွင် ငါတို့ကဲ့သို့ပင် မကြည့်သင့်သည်ကို ရှက်စဘွယ် ကြည့်နေကြပါလား" ဟု အောက်မေ့ကာ ပို၍ ရှက်ခဲ့ရကြောင်း ပြောပြလျက် ကိုယ်တော်တို့ ဘုန်းကြီးတွေကြောင့် ပိုပြီး အရှက်ကွဲခဲ့ရတာဘဲဘုရား" ဟု နိဂုံးချုပ်လိုက်ပါသည်၊ ဤစာရေးသူ ဘုန်းကြီးကလည်း "ဩော်...ယိုသူမရှက် မြင်သူရှက် ဖြစ်ခဲ့ရသကိုး" ဟု အောက်မေ့ရင်း ကြားရသူအဖြစ်အားဖြင့် ရောနှော၍ ရှက်မိရပါသတည်း။

**နစ္စ,ဂီတ,ဝါဒိတ**— အထက်၌ ဝန်ခံခဲ့သည့်အတိုင်း ဝိနည်းပါဠိ အဋ္ဌကထာများကို ဆက်လက်ဖေါ်ပြပါမည်။

"န ဘိက္ခဝေ နစ္စံ ဝါ ဂီတံ ဝါ ဝါဒိတံ ဝါ ဒဿနာယ ဂန္တဗ္ဗံ၊ ယော ဂစ္ဆေယျ အာပတ္တိဒုက္ကဋဿာ" တိ ဝစနတော နစ္စာဒိဒဿနာယ န ဂန္တဗ္ဗံ၊ ဧတ္ထ စ နစ္စန္တိ နဋာဒယော ဝါ နစ္စန္တု သောဏ္ဍာ ဝါ အန္တမသော မောရသုဝမက္ကဋာဒယောပိ၊ သဗ္ဗမေတံ နစ္စမေဝ၊ တသ္မာ အန္တမသော မောရနစ္စမ္ပိ ဒဿနာယ ဂစ္ဆန္တဿ ဒုက္ကဋံ၊ သယမ္ပိ နစ္စန္တဿ ဝါ နစ္စာပေန္တဿ ဝါ ဒုက္ကဋမေဝ ဂီတန္တိ နဋာဒီနံ ဝါ ဂီတံ ဟောတု အရိယာနံ ပရိနိဗ္ဗာနကာလေ ရတနတ္တယဂုဏူပသညှိတံ သာဓုကီဠိတဂီတံ ဝါ အသညတဘိက္ခူနံ ဓမ္မဘာဏကဂီတံ ဝါ အန္တမသော ဒန္တဂီတမ္ပိ "ယံ ဂါယိဿာမာ" တိ ပုဗ္ဗဘာဂေ ဩကူဇန္တာ ကရောန္တိ၊ သဗ္ဗမေတံ ဂီတမေဝ သယံ ဂါယန္တဿပိ ဂါယာပေန္တဿပိ ဒုက္ကဋမေဝ"။

ဝါဒိတံနာမ တန္တိ ဗဒ္ဓါဒိဝါဒနီယဘဏ္ဍံ ဝါဒိတံ ဝါ ဟောတု ကုဋဘေရိဝါဒိတံ ဝါ အန္တမသော ဥဒကဘေရိဝါဒိတမ္ပိ သဗ္ဗမေတံ န ဝဋ္ဋတိ၊ ယံ ပန နိဋ္ဌုဘန္တော ဝါ သာသင်္ကော ဝါ ဌိတော အစ္ဆရိကံ ဝါ ဖေါဋ္ဋေတိ၊ ပါဏိံ ဝါ ပဟရတိ၊ တတ္ထ အနာပတ္တိ၊ သဗ္ဗံ အန္တရာရာမေ ဌိတဿ ပဿတော အနာပတ္တိ၊ ပဿိဿာမီတိ ဝိဟာရတော ဝိဟာရံ ဂစ္ဆန္တဿ အာပတ္တိယေဝ၊ အာသနသာလာယံ နိသိန္နော ပဿတိ၊ အနာပတ္တိ၊ ပဿိဿာမီတိ ဥဋ္ဌဟိတွာ ဂစ္ဆတော အာပတ္တိ၊ ဝီထိယံ ဌတွာ ဂီဝံ ပရိဝတ္တေတွာ ပဿတောပိ

အာပတ္တိယော၊ သလာကဘတ္တာဒီနံ ဝါ အတ္တာယ အညေန ဝါ ကောနစိကရဏီယေန ဂန္တွာ ဂတဋ္ဌာနေ ပဿတိ ဝါ သုဏာတိ ဝါ အနာပတ္တိ၊အာပဒါသု တာဒိသေန ဥပဒ္ဒဝေန ဥပဒ္ဒုတော သမဇ္ဇဋ္ဌာနံ ပဝိသတိ၊ ဧဝံ ပဝိသိတွာ ပဿန္တဿ သုဏန္တဿ ဝါ အနာပတ္တိ၊ "စေတိယဿ ဥပဟာရံ ဒေထ ဥပါသကာ"တိ ဝတ္တုမ္ပိ "တုမှာကံ စေတိယဿ ဥပဟာရံ ကရောမာ"တိ ဝုတ္တေ သမ္ပဋိစ္ဆိတုမ္ပိ န လဘတိ။ "တုမှာကံ စေတိယဿ ဥပဋ္ဌာနံ ကရောမာ"တိ ဝုတ္တေ ပန "ဥပဋ္ဌာနကရဏံနာမ သုန္ဒရ"န္တိ ဝတ္တုံ ဝဋ္ဋတိ"။

ဝိနယသင်္ဂဟအဋ္ဌကထာ။

**အနက်** — ဘိက္ခဝေ၊ ရဟန်းတို့။ နစ္စံ ဝါ၊ ကခြင်းကိုရင်း။ ဂီတံ ဝါ၊ သီခြင်းကိုရင်း။ ဝါဒိတံ ဝါ၊ တီးမှုတ်ခြင်းကိုရင်း။ ဒဿနာယ၊ ကြည့်ရှုနားထောင်ခြင်းငှါ။ န ဂန္တဗ္ဗံ၊ မသွားအပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဂစ္ဆေယျ၊ သွားငြားအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဉတိဝစနတော၊ ဤသို့ ဟောတော်မူခြင်းကြောင့်။ နစ္စာဒိံ၊ ကခြင်းအစရှိသည်ကို။ ဒဿနာယ၊ ကြည့်ရှုနားထောင်ခြင်းငှါ။ န ဂန္တဗ္ဗံ၊ မသွားအပ်။ စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤကခြင်းစသည်တို့တွင်။ နစ္စန္တိ၊ နစ္စံဟူသည်ကား။ နဋာဒယော၊ ကချေသည် စသည်တို့သည်။ နစ္စန္တု ဝါ၊ ကသည်မူလည်း ဖြစ်စေကုန်။ သောဏ္ဍာ၊ သေသောက်ကြူးတို့သည်။ နစ္စန္တု ဝါ၊ ကသည်မူယည်း ဖြစ်စေကုန်။ အန္တမသော၊ အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့်။ မောရသုဝမက္ကဋာဒယောပိ၊ ဥဒေါင်း,ကျေးသား,မျောက်စသည်တို့သော်မှလည်း။ နစ္စန္တု ဝါ၊ ကသည်မူလည်း ဖြစ်စေကုန်။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ နစ္စမေဝ၊ ကခြင်းမည်သည်သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ အန္တမသော၊ အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့်။ မောရနစ္စမ္ပိ၊ ဥဒေါင်းကခြင်းကိုသော်မှလည်း။ ဒဿနာယ၊ ကြည့်ရှုခြင်းငှါ။ ဂစ္ဆန္တဿ၊ သွားသောရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သင့်၏။ သယမ္ပိ၊ ကိုယ်တိုင်လည်း။ နစ္စန္တဿ ဝါ၊ ကသောရဟန်းအားရင်း။ နစ္စာပေန္တဿ ဝါ၊ သူတပါးကို ကစေသောရဟန်းအားရင်း။ ဒုက္ကဋမေဝ၊ ဒုက္ကဋ်အာပတ်သင့်သည်သာလျှင်တည်း။

ဂီတန္တိ၊ ဂီတံဟူသည်ကား။ နဋာဒီနံ၊ ကချေသည်စသည်တို့၏။ ဂီတံ ဝါ၊ သီခြင်းသည်မူသည်း။ ဟောတု၊ ဖြစ်စေ။ အရိယာနံ၊ အရိယာတို့၏။ ပရိနိဗ္ဗာနကာလေ၊ ပရိနိဗ္ဗာန်ပြုရာအခါ၌။ ရတနတ္တယဂုဏူပသဉှိတံ၊ရတနာ

သုံးပါးအပေါင်း၏ ဂုဏ်ကျေးဇူးနှင့်ယှဉ်သော။ သာဓုကီဠိတဂီတံ ဝါ၊ သံဝေဂဝတ္ထုကို ကြား၍ သိဆိုအပ်သော မမြဲခြင်းစသည်နှင့် ယှဉ်သော သီခြင်းသည်မှုလည်း။ ဟောတု၊ ဖြစ်စေ။ အသညတတိက္ခုန်၊ မစောင့်စည်း ကုန်သော ရဟန်းတို့၏။ ဓမ္မဘာဏကဂီတံ ဝါ။ တရားကို ဟောရွတ် ကုန်သောသူတို့၏ သီခြင်းသည်မှုလည်း။ ဟောတု၊ ဖြစ်စေ။ အန္တမသော၊ အောက်ထစ်ပိုင်းခြား အယုတ်အားဖြင့်။ ဒန္တဂီတံ ဝါ၊ သွားသီခြင်း သည်လည်း။ ဝါ၊ လေချွန်ခြင်းသည်သော်မှလည်း။ ဟောတု၊ ဖြစ်စေ။ ပုဗ္ဗဘာဂေ၊ ရှေ့အဘို့၌။ မယံ၊ ငါတို့သည်။ ဂါယိဿာမ။ သီဆိုကုန်အံ့။ ဇာတိမနသိကတွာ၊ ဤသို့နှလုံးသွင်းကုန်၍။ ဩကူဇန္တာ၊ လေချွန်တတ် ကုန်သောသူတို့သည်။ ယံ၊ အကြင်လေချွန်ခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ ဂီတမေဝ၊ သီခြင်းမည်သည်သာလျှင်တည်း။ သယံ၊ ကိုယ်တိုင်။ ဂါယန္တဿပိ၊ သီဆိုသောရဟန်းအားငင်း။ ဂါယာ၊ ပေန္တဿပိ၊ သူတပါးကို သီဆိုစေသောရဟန်းအားငင်း။ ဒုက္ကဋမေဝ- ဒုက္ကဋ်အာပတ်သင့်သည်သာလျှင်တည်း။

ဝါဒိတံနာမ၊ ဝါဒိတံမည်သည်ကား။ တန္တိဗဒ္ဓါဒိဝါဒနီယဘဏ္ဍ- ဝါဒိတံ ဝါ၊ ညှို့ဖြင့်ဖွဲ့အပ်သော စောင်းအစရှိသော အတီးအမှုတ်မျိုးဖြင့် တီးအပ်သော အတီးအမှုတ်မျိုးသည်မှုလည်း။ ဟောတု၊ ဖြစ်စေ။ ကုဋ- ဘေရိဝါဒိတံ ဝါ၊ အိုးဖြင့်ပြုအပ်သော စည်ဖြင့်တီးအပ်သော အတီး အမှုတ်မျိုးသည်မှုလည်း။ ဟောတု၊ ဖြစ်စေ။ အန္တမသော၊ အောက်ထစ် ပိုင်းခြား အယုတ်ဆုံးအားဖြင့်။ ဥဒကဘေရိဝါဒိတမ္ပိ၊ ရေစည်ဖြင့် တီးအပ် သော အတီးအမှုတ်မျိုးသည်မှုလည်း။ ဟောတု၊ ဖြစ်စေ၊ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ န ဝဋ္ဋတိ၊မအပ်။ ပန၊ အနာပတ္တိကိုဆိုဦးအံ့။ နိဗ္ဗုဘန္တော ဝါ၊ တံခွေးထွေးသော ရဟန်းသည်ငင်း။ သာသင်္ကော၊ ရွံ့ရှားရာ၌။ ဌိတော ဝါ၊ တည်သောရဟန်းသည်ငင်း။ အစ္ဆရိကံ၊ လက်ဖျောက်ကို။ ယံ ဖေါဋ္ဌေတိ ဝါ၊ အကြင်တီးမှုလည်းတီး၏။ ပါဏိံ၊ လက်ဝါးကို။ ယံ ပဟရတိ ဝါ၊ အကြင်ခတ်မှုလည်းခတ်၏။ တတ္ထ၊ ထိုတီးခြင်းခတ်ခြင်း၌။ အနာပတ္တိ၊ အာပတ်မသင့်။ သဗ္ဗံ၊ အလုံးစုံသော က, သိ, တီးမှုတ်မှုကို။ အန္တရာရာမေ၊ အာရာမ်တွင်း၌။ ဌိတဿ၊ တည်သော။ ပဿတော၊ ကြည့်ရှု နားထောင်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ပဿိဿာမိ၊ ကြည့်ရှုနားထောင်အံ့။ ဇာတိ မနသိကတွာ။ ဤသို့နှလုံး သွင်း၍။ ဝိဟာရတော၊ တကျောင်းမှ။ ဝိဟာရံ၊ တကျောင်းသို့။ ဂစ္ဆန္တဿ၊ သွားသော ရဟန်းအား။ အာပတ္တိယေဝ၊ အာပတ်သင့်သည်သာ

လျှင်တည်း။အာသနသာလာယံ၊နေရာစရပ်၌။နိသိန္နော၊ထိုင်လျက်။ပဿတိ၊
ကြည့်၏။ အနာပတ္တိ၊ အာပတ်မသင့်။ ပဿိဿာမိ၊ ကြည့်ရှုနားထောင်အံ့။
ဣတိမနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ ဥဋ္ဌဟိတွာ၊ ထ၍။ ဂန္တွာ၊
သွားသောရဟန်းအား။ အာပတ္တိ၊ အာပတ်သင့်၏။ ဝိထိယံ၊ လမ်းခရီး၌။
ဌတွာ၊ တည်၍။ ဂီဝံ၊ လည်ကို။ ပရိဝတ္တေတွာ၊ လှည့်၍။ ပဿတောပိ၊
ကြည့်ရှုသောရဟန်းအားလည်း။ အာပတ္တိယေဝ၊ အာပတ်သင့်သည်သာ
လျှင်တည်း။ သလာကဘတ္တာဒီနံ၊ စာရေးတံဆွမ်းစသည်တို့၏။ အတ္ထာယ-
ဝါ၊ အကျိုးငှါ၎င်း။ အညေန၊ တပါးသော။ ကေနစိကရဏီယေန ဝါ၊
တစုံတခုပြုဘွယ်ကိစ္စဖြင့်၎င်း။ ဂန္တွာ၊သွား၍။ ဂတဋ္ဌာနေ၊ ရောက်ရာအရပ်၌။
ပဿတိ ဝါ၊ ကြည့်မှုလည်းကြည့်အံ့။ သုဏာတိ ဝါ၊ နားထောင်မှုလည်း
နားထောင်အံ့။ အနာပတ္တိ၊ အာပတ်မသင့်။ အာပဒါသု၊ ဘေးရန်တို့
ကြောင့်။ တာဒိသေန၊ ထိုသို့သဘောရှိသော။ ဥပဒ္ဒဝေန၊ ဥပဒ္ဒဝေါဖြင့်။
ဥပဒ္ဒုတော၊ နှိပ်စက်အပ်သောရဟန်းသည်။ သမဇ္ဇဋ္ဌာနံ၊ ပွဲလမ်းသဘင်
ကပြုရာအရပ်သို့။ ပဝိသတိ၊ ဝင်၏။ ဧဝံ ပဝိသိတွာ၊ဤသို့ဝင်၍။ ပဿန္တဿ-
ဝါ၊ ကြည့်သောရဟန်းအား၎င်း။ သုဏန္တဿ ဝါ၊ နားထောင်သော
ရဟန်းအား၎င်း။ အနာပတ္တိ၊အာပတ်မသင့်။ ဥပါသကာ၊ အဒိဒါယကာတို့။
တုမှေ၊ သင်တို့သည်။ စေတိယဿ၊ စေတီအား။ ဥပဟာရံ၊ က,သိ,တီး
မှုတ်ခြင်းဖြင့် ပူဇော်ခြင်းကို။ ဒေထ၊ ပေးကြကုန်လော့။ ဣတိ၊ ဤသို့။
ဝတ္တုမ္ပိ၊ဆိုခြင်းငှါ၎င်း။ ဘန္တေ၊အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။
တုမှာကံ၊ အရှင်ဘုရားတို့၏။ စေတိယဿ၊ စေတီအား။ ဥပဟာရံ၊ က,
သိ,တီမှုတ်ခြင်းဖြင့် ပူဇော်ခြင်းကို။ ကရောမ၊ ပြုကုန်အံ့။ ဣတိဝုတ္တေ၊ ဤသို့
ဆိုအပ်သည်ရှိသော်။ သမ္ပဋိစ္ဆိတုမ္ပိ၊ လက်ခံခြင်းငှါ၎င်း။ န လဘတိ၊ မရ။
ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ စေတိယဿ၊ စေတီ
အား။ ဥပဋ္ဌာနံ၊ ဆည်းကပ်လုပ်ကျွေးခြင်းကို။ ကရောမ၊ ပြုကြကုန်အံ့။
ဣတိဝုတ္တေ ပန၊ ဤသို့ ဆိုအပ်သည်ရှိသော်ကား။ ဥပဋ္ဌာနကရဏံနာမ၊
ဆည်းကပ်လုပ်ကျွေးခြင်းမည်သည်။ သုန္ဒရံ၊ ကောင်း၏။ ဣတိ၊ ဤသို့။
ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။

ဤအဋ္ဌကထာပါဌ်တို့တွင် "သယမ္ပိ နစ္စန္တဿ ဝါ နစ္စာပေန္တဿ ဝါ ဒုက္ကဋမေဝ"ဟူသည်ကို ထောက်ထား၍ ကျောင်းသားကို ကခေစခြင်း, မျောက်ကိုကစေခြင်းစသည်များ မအပ်ဟုသိရပါမည်။ သစ်ဆိမ့်ကြီး မြသိန်းတန် ဆရာတော်ကား "ကြောင်ကို ထွမ်းထိုးသင်ပေးခြင်းကိုပင် မအပ်"ဟု အမိန့်ရှိဘူးလေသည်။ အချို့ရဟန်းတော်များ ကိုယ်တိုင် ပွဲငှားခြင်းကား အဘယ်ပြောဘွယ်ရှိအံ့နည်း။

"အရိယာနံ ပရိနိဗ္ဗာနကာလေ ရတနတ္တယဂုဏူပသညိတံ သာဓုကီဠိတဂီတံ ဝါ"ဟူသည်ကို ထောက်ထား၍ ဘုန်းကြီးပျံပိုခြင်းများ, ယောဉ်ကျူးစေခြင်းများလည်း မအပ်ဟုသိရပါသည်။

"စေတိယဿ ဥပဟာရံ ဒေထ ဥပါသကာတိ ဝတ္တုမ္ပိ"စသည်ကို ထောက်ထား၍ စေတီဘုရားများအား တီးမှုတ်ပူဇော်ရန် မခိုင်းအပ်။ မိမိထံလာရောက်၍ ခွင့်ပန်လျှောက်တောင်းလျှင်လည်း ခွင့်မပြုအပ်။ ခွင့်ပန်လျှောက်တောင်းခြင်း မပြုဘဲ ဒါယကာများ အလိုအလျောက် လာရောက်တီးမှုတ်ပူဇော်သည်ကို ကန့်ကွက်တားမြစ်ရန်မလိုပါ။

ဤသို့ ပြည့်စုံစွာ ရေးသားဖော်ပြခဲ့သော အဋ္ဌကထာစကားရပ်များကို ကောင်းမွန်စေ့စပ်စွာ လေ့လာကြည့်ရှု၍ ပွဲကြည့်လို နားထောင်လိုသောစိတ်ဖြင့် တနေရာမှတနေရာသို့ ပြောင်းရွှေ့ကြည့်ရှုနားထောင်လျှင်သာ အာပတ်သင့်၍ ကျောင်း,စရပ်စသည်တို့၌ရှင်း,အလှူမဏ္ဍပ် ခရီးစသည်တို့၌ရှင်း တိုက်ဆိုင်လာသည်ကို ကြည့်ရှုနားထောင်လျှင် အာပတ်မသင့်ကြောင်းကို သိမှတ်အပ်ပါသည်။

မည်သည့်နေရာမျိုး၌မဆို မည်သည့်က, သိ, တီးမှုတ်မျိုးကိုဖြစ်စေ နိမိတ္တဂ္ဂါဟ,အနုဗျဉ္ဇနဂ္ဂါဟတို့ဖြင့် ကြည့်ရှုနားထောင်လျှင် အာပတ်မသင့်စေကာမူ ဣန္ဒြိယသံဝရသီလကား ပျက်သည်သာဖြစ်သည်။

ဣန္ဒြိယသံဝရသီလပြီး၏။

---

## အာဇီဝပါရိသုဒ္ဓိသီလခန်း

အာဇီဝပါရိသုဒ္ဓိသီလဟူသည်ကို အောက်ပါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဌ်ဖြင့် သိမှတ်အပ်ပါသည်။

"ယာ ပန အာဇီဝဟေတု ပညတ္တာနံ ဆန္နံ သိက္ခာပဒါနံ ဝီတိက္កမဿ "ကုဟနာ လပနာ နေမိတ္တိကတာ နိပ္ပေသိကတာ လာဘေန လာဘံ နိဇိဂီသနတာ"တိ ဧဝမာဒီနဉ္စ ပါပဓမ္မာနံ ဝသေန ပဝတ္တာ မိစ္ဆာဇီဝါ ဝိရတိ ဣဒံ အာဇီဝပါရိသုဒ္ဓိသီလံ"

ပန၊ အသွိုတပါးကိုဆိုဦးအံ့။ အာဇီဝဟေတု၊ အသက်မွေးမှု တည်းဟူသောအကြောင်းကြောင့်။ ပညတ္တာနံ၊ ပညတ်တော်မူအပ်ကုန် သော။ ဆန္နံ၊ ခြောက်ပါးကုန်သော။ သိက္ခာပဒါနံ၊ သိက္ခာပုဒ်တို့ကို။ ဝိတိက္ကမသာ၊ ကျူးလွန်ခြင်း၏။ ဝသေန စ၊ အစွမ်းအားဖြင့်၎င်း။ "ကုဟနာ၊ သုံးပါးသောကုဟနဖြင့် အံ့ဩစေခြင်း၎င်း။ လပနာ၊ မိမိကိုယ်ကို ချီးမြှင့် ပသွားရ၍ပြောခြင်း, ဒါယကာတို့ကို မြှောက်ချ၍ပြောခြင်း၎င်း။ နေမိတ္တိ- ကတာ၊ ပစ္စည်းသူ့ခြင်း၌ အမှတ်ကို ဖြစ်စေတတ်သော သူ၏ အဖြစ်၎င်း။ နိပ္ပေသိကတာ၊ လာဘ်အလို့ငှါ သူတပါးတို့အား ဆဲရေးခြင်းစသည်ဖြင့် ကြိတ်ချေနှင်းနယ်သောသူ၏ အဖြစ်၎င်း။ လာဘေန၊ မိမိရသောလာဘ်ဖြင့်။ လာဘံ၊ တပါးသောလာဘ်ကို။ နိဇိဂီသနတာ၊ ဆောင်တတ်,ရှာတတ်သော သူ၏အဖြစ်၎င်း"။ဣတိဧဝမာဒီနံ၊ ဤသို့ အစရှိကုန်သော။ပါပဓမ္မာနံ၊ ယုတ် မာသောတရားတို့၏။ ဝသေနစ၊ အစွမ်းအားဖြင့်၎င်း။ ပဝတ္တာ၊ ဖြစ်သော။ မိစ္ဆာဇီဝါ၊ မိစ္ဆာဇီဝမှ၊ ယာ ဝိရတိ၊ အကြင်ရှောင်ကြဉ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤမိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည်။ အာဇီဝပါရိသုဒ္ဓိသီလံ၊ အာဇီဝပါရိသုဒ္ဓိသီလမည်၏။

ဤအဋ္ဌကထာပါဠ်၏အဓိပ္ပါယ်မှာ ပရိဝါပါဠိတော် ဝိပတ္တိပစ္စယ ဝါရ၌ "အာဇီဝဝိပတ္တိပစ္စယာ ဆအာပတ္တိယော အာပဇ္ဇတိ" စသည်ဖြင့် လာသော စတုတ္ထပါရာဇိက, သဉ္စရိတ္တ, ဩဘာသ, ဘိက္ခုပဏီတဘောဇဉ်, ဘိက္ခုနီပဏီတဘောဇဉ်,သူပဩဒနဝိညာပန ဤသိက္ခာပုဒ်ခြောက်ပါးတို့မှ ရှောင်ကြဉ်ခြင်းနှင့် ကုဟန,လပနစသော မိစ္ဆာဇီဝတို့မှ ရှောင်ကြဉ် ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏ဟု ဆိုလိုပါသည်။

ထိုအဋ္ဌကထာပါဠ်တို့တွင် "ဆန္နံ သိက္ခာပဒါနံ"အရ ခြောက်ပါး သောသိက္ခာပုဒ်တို့ကို ဆိုခဲ့သော ပရိဝါပါဠိတော်စသည်တို့၌ ကြည့်ရှု၍ ယူအပ် သိအပ်ပါသည်။

ကုဟန—ဟူသည်ကိုလည်း အောက်ပါအဘိဓမ္မာ ခုဒ္ဒကဝိဘင်း ပါဠိ တော်ဖြင့် သိမှတ်အပ်ပါသည်။

"တတ္ထ ကတမာ ကုဟနာ၊ လာဘသက္ကာရသိလောကသန္နိဿိ- တဿ ပါပိစ္ဆဿ ဣစ္ဆာပကတဿ ပစ္စယပဋိသေဝနသင်္ခါတေန ဝါ သာမန္တဇပ္ပိတေန ဝါ ဣရိယာပထဿ ဝါ အာဌပနာ ဌပနာ သဏ္ဌပနာ ဘာကုဋိတာ ဘာကုဋိယံ ကုဟနာ ကုဟာယနာ ကုဟိတတ္တံ၊ အယံ ဝုစ္စတိ ကုဟနာ"။ ဝိဘင်ပါဠိ (၃၆၅)။

**အနက်**— တတ္ထ၊ ထိုကုဟနာ အစရှိသော နိဒ္ဒေသ၌။ ကတမာ၊ အဘယ်ကို။ ကုဟနာ၊ ကုဟနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါသနည်း။ လာဘသက္ကာရသိလောကသန္နိဿိတဿ၊ သက်နီးစသော လာဘ်, အရိုအသေ အကောင်းအမွန် ပြုပြင်၍ လူအပ်သောပစ္စည်း ကျော်စောခြင်းကို ငှာ ဖြင့် မှီထသော။ ပါပိစ္ဆဿ၊ မိမိ၌မရှိသော သဒ္ဓါသီလစသော ဂုဏ်ကို ရှိလေယောင် ပကာသနပြုလိုသော အလိုဆိုးရှိထသော။ ဣစ္ဆာပကတဿ၊ အလိုဆိုးသည် သမ္ဘာအာဇီဝမှကင်းသည်ကို ပြုအပ်ထသော။ ဘိက္ခုနော၊ ရဟန်း၏။ ပစ္စယပဋိသေဝနသခ်ါတေန၊ ပစ္စည်းလေးပါးကို မှီဝဲခြင်းဟု ဆိုအပ်သော။ ကုဟနဝတ္ထုနာ ဝါ၊ အံ့ဘွယ်ကို ဖြစ်စေခြင်းဖြင့်ရင်း။ သာမန္တဇပ္ပိတေန၊ ဥတ္တရိမနုဿဓမ္မ၏ အနီးအနားစကားကို ပြောဆိုခြင်း ဟူသော။ ကုဟနဝတ္ထုနာ ဝါ၊ အံ့ဘွယ်ကိုဖြစ်စေခြင်းဖြင့်ရင်း။ ဣရိယာပထဿ ဝါ၊ ဣရိယာပုထ်ကိုမူလည်း။ အာဌပနာ၊ အစစ္စာထားခြင်း ရှိသေစွာထားခြင်းဟု ဆိုအပ်သော။ ဌပနာ၊ ထားသောအခြင်းအရာဟု ဆိုအပ်သော။ သဏ္ဌပနာ၊ ကြည်ညိုဘွယ်ရှိအောင် လွန်စွာပြုပြင်၍ထားခြင်းဟု ဆိုအပ်သော။ ယာ ဘာကုဋိကတာ၊ အကြင်မျက်မှောင်တရှုံ့ရှုံ့ ပြုခြင်းသည်။ ယံ ဘာကုဋိယံ၊ အကြင်မျက်မှောင်တရှုံ့ရှုံ့ ပြုလေ့ရှိသော သူ၏ အဖြစ်သည်။ ယာ ကုဟနာ၊ အကြင်အံ့ဩခြင်းကို ဖြစ်စေခြင်းသည်။ ယာ ကုဟာယနာ၊ အကြင်အံ့ဩခြင်းကို ဖြစ်စေခြင်းသည်။ ယံ ကုဟိတတ္တံ၊ အကြင်အံ့ဩစေသောသူ၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသုံးပါးသော ကုဟနဝတ္ထုဖြင့် အံ့ဩဘွယ်ပြုခြင်းကို။ ကုဟနာ၊ ကုဟနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပါဠိတော်အဓိပ္ပါယ်ကို အနက်ဖြင့်ပင် အကျဉ်းအားဖြင့် သိမှတ်ထားသင့်ပါသည်၊ အထူးမှာ“ပါပိစ္ဆဿ မိမိ၌ထင်ရှားမရှိသော သဒ္ဓါသီလ စသောဂုဏ်ကို ရှိလေယောင် ဟန်ဆောင်၍ ပကာသနပြုလိုသော အလိုဆိုး ရှိသော”ဟူသော စကား၌ ပါပိစ္ဆပုဂ္ဂိုလ်ကိုသိသာရန် ဖေါ်ပြပါမည် ထိုသို့ ဖေါ်ပြရာ၌လည်း “အဝိစေတ္တ အတြိစ္ဆတာ ပါပိစ္ဆတာ မဟိစ္ဆတာ အပ္ပိစ္ဆတာတိ အယံ ဘေဒေါဝေဒိတဗ္ဗော ”ဟူသော မဟာနိဒ္ဒေသ အဋ္ဌကထာ စကားနှင့်အညီ နှိုင်းယှဉ်ခြင်းဖြင့် သိသာစိမ့်သော၄ါ အတြိစ္ဆတာစသည် လေးပါးစလုံးကိုပင် ရေးသားဖေါ်ပြပါမည်။

ထိုလေးပါးတို့တွင် အတြိစ္ဆတာဟူသည်မှာ မိမိရရှိသော လာဘ် သပ္ပကာ၌ တင်းတိမ်ရောင့်ရဲခြင်း မရှိသော အလွန်လောဘကြီးသောသူ၏ သူတပါး၏ လာဘ်သပ္ပကာကို တောင့်တခြင်း ဝိသမလောဘသည်

အတြိဋ္ဌတာမည်၏။ ဝါ၊ အတိဋ္ဌတာမည်၏။ ထို့ကြောင့် မဟာနိဒ္ဒေသ အဋ္ဌကထာ၌ "တတ္ထ သကလာဘေ အတိတ္တာယ ပရလာဘပတ္ထနာ အတြိဋ္ဌတာနာမ"ဟု မိန့်တော်မူလေသည်။

**မှတ်ချက်—** "တတ္ထ သကာဘဏ္ဍေ ဆန္ဒရာဂေါ အဘိဇ္ဈာ၊ ပရာဘဏ္ဍေ ဝိသမ-လောဘော" ဟူသော မူလပဏ္ဏာသအဋ္ဌကထာကိုရှု၍ "ဝိသမ-လောဘ"ဟုလည်း ခေါ်အပ်ပါသည်။

ထိုအတိဋ္ဌတာ ဝိသမလောဘရှိ၍ အတိဋ္ဌမည်သော ပုဂ္ဂိုလ်အား မိမိရသော လာဘ်သပ္ပကာသည် မွန်မြတ်ပါသော်လည်း ယုတ်ညံ့သကဲ့သို့ ထင်တတ်၏။ သူတပါးရသော လာဘ်သပ္ပကာသည်ကား ယုတ်ညံ့သော်လည်း မွန်မြတ်သကဲ့သို့ထင်တတ်၏၊ တခုတည်းသော အိုးခွက်၌တည်သော ယာဂု,ဆွမ်း,မုံ့တို့သည်ပင် ဖြစ်စေကာမူ မိမိ၏သပိတ်သို့ လောင်းထည့်အပ်သော ယာဂု,ဆွမ်းစသော ခဲဘွယ်ဘောဇဉ်သည်ယုတ်ညံ့သကဲ့သို့ ၎င်း။ သူတပါး၏သပိတ်၌ လောင်းထည့်အပ်သော ယာဂု,ဆွမ်းစသော ခဲဘွယ်ဘောဇဉ်သည် မွန်မြတ်သကဲ့သို့၎င်း၊ ထင်တတ်၏ဟု သမ္မောအဋ္ဌကထာ မဟာနိဒ္ဒေသအဋ္ဌကထာတို့၌ ဖွင့်ဆိုတော်မူကြပါသည်။

ဤအတြိဋ္ဌတာဟူသော ဝိသမလောဘသည် ရဟန်းတို့အား၎င်း၊ လူဒါယကာတို့အား၎င်း၊ တိရစ္ဆာန်တို့အား၎င်း၊ ဖြစ်တတ်သည်ပင်တည်း။ ထို့ကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ၌"အယံ ပန အတြိဋ္ဌတာ ပဗ္ဗ-ဇိတာနမ္ပိ ဟောတိ ဂိဟီနမ္ပိ တိရစ္ဆာနဂတာနမ္ပိ"ဟု မိန့်ဆိုတော်မူလေသည်။

ထိုအတိဋ္ဌပုဂ္ဂိုလ်၏ အတ္ထုပ္ပတ္တိတပုဒ်မှာ ရှေးအခါက သူကြွယ် တယောက်သည် ဘိက္ခုနီမသုံးဆယ်တို့ကို ပင့်ဘိတ်၍ မုံ့နှင့်တကွသော ဆွမ်းကို လောင်းလှူဆက်ကပ်လေသည်၊ ထိုအခါ (သံဃထေရီ) အကြီး ဆုံးဖြစ်သော ဘိက္ခုနီမသည် အတိဋ္ဌပုဂ္ဂိုလ်ဖြစ်၍ မိမိရသောမုံ့ကို မကောင်းဟုထင်ကာ ဘိက္ခုနီမတယောက်၏ မုံ့နှင့်လဲလေသည်၊ ထိုသို့ လဲလို့ရသော မုံ့ထက်သည်း အခြားတယောက်၏ မုံ့ကသာ၍ ကောင်း သည်ထင်၍ ဒုတိယတယောက်နှင့် လဲပြန်သည် ဤသို့နှင်နှင် ဘိက္ခုနီမ နှစ်ဆယ့်ကိုးယောက်လုံး၏ မုံ့များနှင့် ဘိက္ခုနီမတိုင်းစေ့အောင် လဲလှယ် ပြီးမှ နောက်ဆုံးမုံ့ကိုသာ စားသုံးလေသတည်း။ **သမ္မောကျမ်းထွက်ဝတ္ထု။**

ပါဝိစ္ဆတာ— ဟူသည်မှာ ယုတ်မာသော အလိုဆိုးရှိသော ပုဂ္ဂိုလ်၏ မိမိ၌ထင်ရှားမရှိသောဂုဏ်ကို ချီးမွမ်းစေလိုသည်၏အဖြစ်ပစ္စည်းလေးပါးကို ခံယူခြင်း၌ အတိုင်းအရှည် မသိသည်၏အဖြစ်သည် ပါဝိစ္ဆတာမည်၏။ ထို့ကြောင့် မဟာနိဒ္ဒေသအဋ္ဌကထာ ပုရာဘေဒသုတ်အဖွင့်၌ "အသန္တ-ဂုဏသမ္ဘာဝနတာ ပန ပဋိဂ္ဂဟဏေ စ အမတ္တညုတာ ပါဝိစ္ဆတာ နာမ"ဟူ၍ မိန့်ဆိုတော်မူလေသည်။

ထိုပါဝိစ္ဆတာ ယုတ်မာသောအလိုဆိုးရှိသူ ပါဝိစ္ဆသည် မိမိ၌ သဒ္ဓါသီလစသည် မရှိဘဲလျက် သဒ္ဓါသီလစသည် ရှိသူကဲ့သို့ ပြုမူဟန်ဆောင်၍ လာဘ်ရအောင် ကျင့်ကြံတတ်သည်ဟု သမ္မောဟအဋ္ဌကထာ, မဟာနိဒ္ဒေသအဋ္ဌကထာတို့၌ မိန့်ဆိုတော်မူကြလေသည်။

ဤယခုရေးသားဖေါ်ပြလတ္တံ့သော ပါဝိစ္ဆပုဂ္ဂိုလ်၏ အပြုအမူဝတ္ထုများသည် ရှေးအခါက ဖြစ်ပျက်ခဲ့ဘူးသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဆရာ၏ မှတ်တမ်းဝတ္ထုများပင် ဖြစ်ပါသည်။

သဒ္ဓါရှိုးယောင်—ရှေးအခါက ရှင်လူအများ စုဝေးရာ အလှူကြီး အတမ်းကြီးခံနေ့ဘနေ့၌ ပါဝိစ္ဆရဟန်းတပါးသည် လူအများက မိမိကိုမြင်၍ သဒ္ဓါတရားရှိသည်ဟု ထင်မှတ်စေရန် ဒါယကာများ ကျောင်းတိုက်သို့ စုဝေးသာချိန်တွင် တမြက်စီးကိုကိုင်၍ ကျောင်းဝင်းကို တမြက်လှည်းခြင်း, အမှိုက်သိမ်းခြင်းများကို ပြုလုပ်လေ၏။ ဒါယကာများက မိမိအား အာရုံပြု၍ ကြည့်နေသည်ကိုသိလျှင် စေတီယင်ပြင်သို့သွား၍ တမြက်လှည်းခြင်း အမှိုက်သိမ်းခြင်း သဲဖြန့်ခြင်း နေရာထိုင်ရာတို့ကို ဆေးကြောသုမ်သင်ခြင်း ဗောဓိပင်ကို ရေသွန်းလောင်းခြင်းစသည်တို့ကို ပြုလုပ်လေ၏။ ဒါယကာတို့ သည်လည်း ရဟန်းတဦးထည်းသာလျှင် ကြိုးစားပင်ပန်းစွာ ဝေယျာဝစ္စ ပြုနေသည်ကို မြင်ကြ၍ "ဤရဟန်းမှတပါး အခြားကျောင်းဝတ်ကံပတ်ကို ပြု၍ သုမ်သင်ရှင်းလင်းတတ်သော ရဟန်းများ မရှိလေယောင်တကား ဤရဟန်း တပါးထည်းသာလျှင် သုမ်သင် ရှင်းလင်းတတ်သည်ဖြစ်၍ ဤရဟန်းသည် အလွန်သဒ္ဓါတရားကောင်းလေစွ"ဟု ပြောဆိုသောက်မေ့ ကြကုန်၍ ထိုပါဝိစ္ဆရဟန်းအား "အရှင်ဘုရား အလိုရှိရာ အမိန့်ရှိတော် မူပါ အလှူခံတော်မူပါ"ဟု ပစ္စည်းလေးပါးဖြင့်ဘိတ်၍ ဖိတ်ကြားလေကုန် သတည်း။

**သီလရှိယောင်**—မိမိ၌ သီလမရှိဘဲလျက် သီလရှိဟန် အယောင်ဆောင်တတ်သော ပါပိစ္ဆရဟန်း တပါးသည်လည်း ဒါယကာတို့၏ ရှေ့မှောက်တွင် ဝိနည်းမိုရ်ဆရာတော်သို့ ချဉ်းကပ်၍ "အရှင်ဘုရား တပည့်တော် လမ်းခရီးသွားစဉ် နွားတကောင်လန့်၍ ပြေးပါသည်၊ ၎င်းနွား ပြေးခြင်းကြောင့် မြက်သစ်ပင်များ ကျိုးပြတ်ကုန်ပါသည်။ တခါကလည်း တပည့်တော် တမြက်လှည်းစဉ် မြက်သစ်ပင်များ ကျိုးပြတ်ကုန်ပါသည်၊ တပည့်တော်စင်္ကြံသွားစဉ်လည်း ပိုးငယ်များကို နင်းမိ၍ သေကုန်ပါသည်။ တခါတရံလည်း သတိမေ့လျော့၍ တံတွေးထွေးမိရာ မြက်ပင်များ၌ ထွေးမိပါသည်၊ ဤသို့ဆိုခဲ့သော ထိုထိုအမှုများ၌ အဘယ်အာပတ်သင့်ပါသနည်း"ဟု မေးလျှောက်လေ၏။ ထိုအခါ ဝိနည်းမိုရ်ဆရာတော်က "ငါ့ရှင် စေတနာမရှိ သတိမေ့လျော့သဖြင့် ပြုမိသောရဟန်းအား အာပတ်မသင့်"ဟု မိန့်တော်မူသည်ရှိသော် "အရှင်ဘုရား တပည့်တော်မှာ ဝန်လေးလှသကဲ့သို့ ထင်ပါသည်။ ကောင်းမွန်သေချာစွာ စဉ်းစား၍ အမိန့်ရှိတော်မူပါဦး"ဟု လျှောက်ထားလေ၏။ ထိုသို့ လျှောက်ထားသည်ကို ကြားနာကြကုန်သော ဒါယကာတို့သည် "ဤငါတို့၏ ကိုးကွယ်ရာ အရှင်မြတ်သည် ဤမျှသေးငယ်သော အပြစ်၌သော်မှ သံသယဖြစ်သေး၏၊ အခြားရုံ့ရင်းကြမ်းတန်းသော အပြစ်၌မူကား အဘယ်မည်သော မကောင်းမှုကို ပြုရက်ရှာမည်နည်း ဤအရှင်မြတ်နှင့် တူသောသီလရှိသော ရဟန်းသည် မရှိနိုင်တော့ပြီ"ဟု အောက်မေ့မှတ်ထင် သက်ဝင်ကြည်ညိုကြကုန်၍ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်ခြင်းကို ပြုကြကုန်သတည်း။

**စာတတ်ယောင်**—စာပေကျမ်းဂန် မသင်အံမလေ့ကျက် ဗဟုသုတ မရှိပါဘဲလျက် ဗဟုသုတရှိယောင်ဟန်ဆောင်ပလွှား တတ်ယောင်ကားဖြင့် ဝါကြွားကာ ဖြီးတတ်ဖြန်းတတ်သော ပါပိစ္ဆရဟန်းတပါးသည်သည်း ဒါယကာတို့၏ အလယ်၌ထိုင်ကာ ဤမည်သော ပိဋကတ်သုံးပုံဆောင် ရဟန်းသည်၎င်း ဤမည်သော နိကာယ်လေးရပ်ဆောင် ရဟန်းသည်၎င်း ငါ၏တပည့်ဖြစ်လေသည်၊ ထိုသူတို့သည် ငါ၏ထံ၌ ပါဠိ,အဋ္ဌကထာ, ဋီကာကျမ်းဂန် အတန်တန်ကို သင်အံလေ့ကျက် စာတတ်ဘူးကုန်၏ဟု အပါးအဘမ်း ချောင်းနပန်းတို့ဖြင့် ညာဖြန်းပြောဆိုလေသတည်း။ ထိုအခါ ဒါယကာတို့သည် ၎င်းအား သုံးဖြာပိဋကတ် ကျမ်းဂန် တတ်သည်ဟု ထင်မှတ်ကာ ယုံစား၍ လေးပါးပစ္စယ အာမိသတို့ဖြင့် နိစ္စကော်ရော် နှောင်ကျိုးမြှော်၍ ပူဇော်လှူဒါန်းကြလေကုန်သတည်း။

ဝိဝေကယောင်—ဆိတ်ငြိမ်ရာ၌ မမွေ့မလျော် အပေါင်းအသင်း၌သာ ပျော်တတ်သည် ဖြစ်ပါလျက် ဆိတ်ငြိမ်ရာ၌ မွေ့လေဟန် အယောင် ဆောင်တတ်သော ပါဠိစ္ဆရဟန်းတပါးသည်လည်း ကျောင်းမှာ အလှူပွဲ ရှိသော နေ့တနေ့၌ အင်းပျဉ်ရှည်နှင့် မှီရာတံကဲပျဉ်တို့ကို သာမဏေတို့အား ယူစေ၍ ကျောင်း၏အစွန် သစ်ပင်ရင်း၌ သွားရောက်နေထိုင်လေ၏။ ထိုအခါ လူတို့သည် ကျောင်းသို့ လာကြကုန်၍ "ဆရာတော် အဘယ်မှာ နည်း"ဟု မေးကြကုန်သည်ရှိသော် ၎င်း၏ တပည့်များက "ဆရာတော်သည် ဤအချိန်အခါမျိုး၌ ဤနေရာမျိုးမှာမနေ ကျောင်း၏အစွန်အဖျား နေ့သန့် စဉ်ရာ နေရာများ၌သာ တရားနှလုံးသွင်း နေထိုင်လေ့ ရှိသည်" ဟု ဆရာ့တပည့်ပြီပြီ ပြောဆိုကုန်၏။ ထိုပါဠိစ္ဆ ဆရာတော်သည်လည်း တနေ့လုံးအဘို့ကို ကုန်လွန်စေ၍ ညနေချမ်း အချိန်ကျမှ အင်းပျဉ်ကို ယူစေ၍ ပြန်ကြွလာပြီးလျှင် ပရိဝုဏ်တံခါးဝ၌ ထိုင်နေလေ၏၊ လူဒါယကာ တို့သည် "အရှင်ဘုရား အဘယ်နေရာသို့ ကြွသွားပါသနည်း တပည့်တော်တို့ လာစဉ်က အရှင်ဘုရားကို မတွေ့မမြင်ကြပါ"ဟု ပြောဆိုကြကုန်သည် ရှိသော် "အို…ဒါယကာတို့ ကျောင်းတွင်းမည်သည် ရှင်,လူ,ရဟန်းတို့ဖြင့် ရောပြွမ်းရှုပ်ထွေးလျက်ရှိ၏။ သာမဏေငယ်တို့၏ လှည့်လည်ကျက်စားရာ ဖြစ်၏၊ ငါသည်ကား အတောင်ခြောက်ဆယ်ရှိသောစင်္ကြံ၌ နေ့သန့်စဉ်ရာ အရပ်တွင် ထိုင်နေခဲ့၏။"ဟု ပြောဆို၍ မိမိကို ပရိသတ်၌ မမွေ့မလျော် ဆိတ်ငြိမ်ရာ၌ ပျော်သည်ဟု ထင်မှတ်စေရန် လှည့်ပတ်ပြောဆိုလေသတည်း။

---

## သာသနာတော်ကို ပုတ်ခတ်သူ သူခိုးကြီး

ဉာဏ်ပညာ လေးလံလှသဖြင့် ကျမ်းဂန်တပိုင်းတစမှ မသင်နိုင်ဘဲလျက် ဉာဏ်ပညာလွန်ကဲ ထက်မြက်လေယောင် ဟန်ဆောင်ဝါကြွားတတ်သော ပါဠိစ္ဆရဟန်းတပါးသည်လည်း ဒါယကာတို့၏ အလည့်၌ ထိုင်၍ မဇ္ဈိမ နိကာယ်၌ အလွန်နက်နဲသော ပဥ္စတ္တယသုတ်ကို ကြည့်ရှုဆင်ခြင်သော ငါ့အား တန်ခိုးနှင့်တကွသော မဂ်သည်ဖြစ်၏။ ပရိယတ္တိမည်သည်မှာ ငါတို့အား ခဲယဉ်းသောအရာမဟုတ်၊ သို့သော်လည်း ပရိယတ္တိကို သင်အံ ဝိ့ချ ဖျာပါရများသောသူသည် ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်သော ကြောင့် ငါတို့ ပရိယတ္တိကို စွန့်လွှတ်ခဲ့ကြရသည် စသည်ဖြင့် ပြောဆို ဝါကြွားလျက် မိမိ၏ ဉာဏ်ပညာကြီးသည်၏ အဖြစ်ကို အရိပ်ပြ ပြောဆို ဘူးလေသည်။

ယခုကာလ၌လည်း "အာပေါက်အောင် စာအံနေသော်လည်း အပါယ်က မလွတ်သေးပါဘူး"ဟု အချို့ပုဂ္ဂိုလ်များ ပြောသည်ကို ဘုန်းကြီးကိုယ်တိုင် ကြားရဘူးသည့်ပြင် "ပရိယတ္တိဟာ တရားအားထုတ်ရာ အနှောင့်အယှက်ပဲ"ဟု အချို့ဝိပဿနာသမားများ ပြောလေ့ရှိသည် ဟူ၍လည်း တဆင့်စကား ကြားရဘူးပါသည်။ "ကိုယ်တော်တို့ အဲဒီစာတွေကြောင့် ခက်တာပဲ"ဟု ယောဂီဒါယိကာမကြီး တယောက်က ဘုန်းကြီးတပါးအား ပြောသည်ဟူ၍လည်း ဦးဘိုးကြား၏ ကိုယ်တွေ့ဝတ္ထု၌ ဘတ်ရဘူးပါသည်။

ထိုစကားမျိုးကို ပြောလေ့ရှိသော သူများသည် ပရိယတ္တိသာသနာတော်ကို ထိခိုက်ပြစ်မှားသော သူများသာဖြစ်၏၊ ပရိယတ္တိသာသနာတော်ကို ထိခိုက်ပြစ်မှားသဖြင့်လည်း ပရိယတ္တိလျှင် မှီရာ အရင်းအမြစ်ရှိသော ပဋိပတ္တိ ပဋိဝေဓသာသနာတို့ကိုလည်း ထိခိုက်ပြစ်မှား စော်ကားလေတော့၏။

ထိုသို့ ပြောဆိုလေ့ရှိသောသူများသည် အရိယာမဟုတ်နိုင်သည် သာမက ကလျာဏပုထုဇဉ်ပင် မဖြစ်သေးဘဲလျက် မိမိ၌ ဈာန်မဂ်ဖိုလ်တရား ရှိလေယောင် ဟန်ဆောင်ပလွား လိမ်ဝါကြွား၍ ညာစားတတ်သူများ ဖြစ်သောကြောင့် ဈာန်မဂ်ဖိုလ်တရားနှင့် ပစ္စည်းလေးပါးကို ခိုးယူတတ်သော အကြီးဆုံးသော သူခိုးကြီးများသာ ဖြစ်လေသည်။ ထို့ကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆိုတော် မူလေသည်။

"ဧဝံ ဝဒန္တော ပနဿ သာသနေ ပဟာရံ ဒေတိ၊ ဇမိနာ သဒိသော မဟာစောရော နာမ နတ္ထိ၊ န ဟိ ပရိယတ္တိဓရော ဒုက္ခတော န မုစ္စတိ"။

ဧဝံ ဝဒန္တော၊ ဤသို့ပြောဆိုလေ့ရှိသောသူသည်။ အဿ၊ ထိုမြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ ပဟာရံ၊ ထိခိုက်ပြစ်မှားခြင်းကို။ ဒေတိ၊ ပေးသည်မည်၏။ ဇမိနာ၊ ဤသူနှင့်။ သဒိသော၊ တူသော။ မဟာစောရော နာမ၊ သူခိုးကြီးမည်သည်။ နတ္ထိ၊ မရှိ။ ဟိ သစ္စံ၊ မှန်၏။ ပရိယတ္တိဓရော၊ ပရိယတ္တိကို ဆောင်သောသူသည်။ ဒုက္ခတော၊ ဝဋ်ဆင်းရဲမှ၊ နမုစ္စတိ၊ မလွတ်သည်ကား။ န၊ မဟုတ်။ မုစ္စတိဧဝ၊ လွတ်သည်သာလျှင်တည်း။

ဤအဋ္ဌကထာပါဠိတို့တွင် "ဧဝံ ဝဒန္တော ပနသာ သာသနေ ပဟာရံ ဒေတိ"ဟူသောဝါကျ၌ သိမှတ်ဘွယ်အဓိပ္ပါယ်မှာ မြတ်စွာဘုရားပွင့်တော်မူသည့်မှစ၍ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်တိုင်အောင် (၄၅)နှစ်တို့ပတ်လုံး နတ်လူတို့အား ဟောကြားတော်မူအပ်သော ပရိယတ္တိဓမ္မဟူသော တရားတော်အားလုံးသည်၎င်း, စိတ်တော်တွင်း၌ နှလုံးသွင်း ဆင်ခြင်တော်မူအပ်သော တရားတော်အားလုံးသည်၎င်း,စိတ်တော်ရွှင်လန်း ပီတိလွှမ်း၍ ဥဒါန်းကျူးရင့်တော်မူအပ်သော ပရိယတ္တိဓမ္မ တရားတော်အားလုံးသည် ၎င်း အရဟတ္တဖိုလ်ဟူသော တူမျှသဖြင့် တခုထည်းဖြစ်သော သာယာနှစ်သိမ့်အပ်သော ဝိမုတ္တိရသရှိသည်သာလျှင် ဖြစ်၏ဟု ပါရာဇိကဏ် သီလက္ခန်စသော အဋ္ဌကထာများစွာတို့၌ မိန့်ဆိုတော်မူလျက် ရှိကြလေသည်။

ထိုသို့ အရဟတ္တဖိုလ်တည်းဟူသော ဝိမုတ္တိရသရှိသဖြင့် ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရာနိဗ္ဗာန်သို့ရောက်ကြောင်းတရားတော်ချည်းသာဖြစ်ပါလျက် "ပရိယတ္တိကို သင်အံကြိုးစားသောသူသည် ဝဋ္ဋဆင်းရဲမှ မလွတ်မြောက်နိုင်" ဟု ပြောဆိုသဖြင့် ပရိယတ္တိစသော သာသနာတော်ကို ဆန့်ကျင်စော်ကား တိုက်ခိုက်ပြစ်မှားသည် မည်သောကြောင့် "ဧဝံ ဝဒန္တော"အစရှိသော ဝါကျကို အဋ္ဌကထာဆရာ မိန့်ဆိုတော်မူသည်ဟု သိမှတ်အပ်ပါသည်။

"ဣမိနာ သဒိသော မဟာစောရော နာမ နတ္ထိ"ဟူသော ဝါကျ၌ သိမှတ်ဘွယ် အဓိပ္ပါယ်မှာ မိမိ၌ ဈာန်မဂ်ဖိုလ်တရားထူး မရှိပါဘဲလျက် "သဟိဒ္ဓိယာ မဂ္ဂေါ အာဂတော" တန်ခိုးနှင့်တကွ မဂ်ရသည်"ဟု ဆိုသဖြင့် ဥတ္တရိမနုဿဓမ္မကို ခိုးသည်မည်၏။ ထိုဥတ္တရိမနုဿဓမ္မကို ခိုးယူအယောင်ဆောင်ကာ ပစ္စည်းလေးပါးကို ရှာသဖြင့်လည်း "နိပ္ပရိယာယာဓိဂတမ္ပိစ ဘဂဝတောယေဝ သန္တကံ"ဟူသော ဓမ္မဒါယာဒသုတ်အဖွင့်နှင့်အညီ မြတ်စွာဘုရား၏ ဥစ္စာသာလျှင်ဖြစ်သော ပစ္စည်းလေးပါးကို ခိုးယူသည် မည်၏။

ထိုသို့ မိမိ၌ ဈာန်မဂ်ဖိုလ်တရားမရှိဘဲလျက် ရှိလေယောင်ဟန်ဆောင်၍ သိမ်မွေ့သော နည်းပရိယာယ်ဖြင့် ပစ္စည်းလေးပါးကို ခိုးယူသုံးဆောင်ခြင်းသည် "သာသနာတော်၌ အကြီးဆုံးသော ပြိုင်ဘက်မရှိ စံရှားသူခိုးကြီးပင် ဖြစ်လေသည်"ဟု သိမှတ်ရပါမည်။

ထိုစကားမှန်၏ သာသနာတော်၌ သူခိုးကြီးငါးယောက်ရှိရာတွင် ဤသို့ ဈာနလာဘီအရိယာ ဟန်ဆောင်၍ ပလွှားဝါကြွားကာ ပစ္စည်း ရှာတတ်သော သူခိုးသည် အကြီးဆုံးပြိုင်ဘက်မရှိ စံရှားသူခိုးကြီးဖြစ် ကြောင်းကို ပါရာဇိကကဏ်ပါဠိတော်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

"သဒေဝကေ ဘိက္ခဝေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အယံ အဂ္ဂေါ မဟာစောရော၊ ယော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ၊ တံ ကိဿ ဟေတု၊ ထေယျာယ ဝေါ ဘိက္ခဝေ ရဋ္ဌ-ပိဏ္ဍော ဘုတ္တော"။

အနက်— ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ အသန္တံ၊ မိမိ၌ထင်ရှားမရှိသော။ အဘူတံ၊ မဟုတ်မမှန်သော။ ဥတ္တရိမနုဿ-ဓမ္မံ၊ လူတို့၏ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော ဈာန် မဂ်ဖိုလ်တရားကို။ ဥလ္လပတိ၊ ရှိလေယောင် ဝါကြွားပလွှား၍ ပြောဆို၏။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ သဒေဝကေ၊ ကာမာဝစရ နတ်ပြည်ငါး ထပ်နှင့် တကွသော။ သမာရကေ၊ မာရ်မင်း၏စံရာ ဝသဝတ္တီနတ်ပြည်နှင့် တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှစ်ဆယ်နှင့်တကွသော။ လောကေ၊ ဩကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်းပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်တည်းဟူသောမင်း ကြွင်းသောလူနှင့် တကွသော။ ပဇာယ၊ သတ္တလောက၌။ အဂ္ဂေါ၊ အကြီးဆုံးသော။ မဟာ-စောရော၊ သူခိုးကြီးမည်၏။ တံ ကိဿ ဟေတု၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ၊ အကြင်ကြောင့်။ တေန၊ ထိုရဟန်းသည်။ ထေယျာယ၊ ခိုးလိုသောစိတ်ဖြင့်။ ရဋ္ဌပိဏ္ဍော၊ ပြည်သူ၏ ဆွမ်းကို။ ဘုတ္တော၊ စားအပ်၏။ တသ္မာ၊ ထို့ကြောင့်တည်း။

---

## ပရိယတ်နှင့် နိဗ္ဗာန်

"န ဟိ ပရိယတ္တိမတ္တေန ဒုက္ခတော န မုစ္စတိ" ဟူသောဝါကျ၌ သိမှတ် ဘွယ်အဓိပ္ပါယ်မှာ ပရိယတ္တိဓမ္မကို သင်အံပို့ချသောသူသည် ဝဋ်ဆင်းရဲမှ မလွှတ်မြောက်နိုင်သည်မဟုတ် လွတ်မြောက်နိုင်သည်ဖြစ်၏၊ ထိုသို့ ဖြစ်ပါ လျက် "ပရိယတ္တိကို သင်အံပို့ချ ဗျာဝဋ္ဋပြုသောသူသည် ဝဋ်ဆင်းရဲမှ

မလွှတ်မြောက်နိုင်"ဟု ဆိုသဖြင့် သာသနာတော်သုံးပါးကို စော်ကား တိုက်ခိုက်ရာရောက်၏ဟု မိမိဆိုခဲ့သော အသက်ပါစကားကို ထောက်ထား နိုင်မြဲစေသည်ဟု သိမှတ်အပ်ပါသည်။

ပရိယတ္တိဓမ္မကိုသင်အံပို့ချသောသူသည် ဝဋ်ဆင်းရဲမှလွတ်မြောက်၍ နိဗ္ဗာန်တိုင် ရောက်နိုင်သည်ကိုလည်း အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

"ပုနစပရံ ဘိက္ခဝေ ဘိက္ခုနော နဟေဝ ခေါ သတ္ထာ ဓမ္မံ ဒေသေတိ၊ အညတရော ဝါ ဂရုဋ္ဌာနိယော သဗြဟ္မစာရီ၊ နာပိ ယထာ သုတံ ယထာ ပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန ပရေသံ ဒေသေတိ၊ အပိစ ခေါ ယထာသုတံ ယထာ ပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန သဇ္ဈာယံ ကရောတိ၊ ယထာ ယထာ ဘိက္ခဝေ ဘိက္ခု ယထာသုတံ ယထာ ပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန သဇ္ဈာယံ ကရောတိ၊ တထာတထာ သော တသ္မိံ ဓမ္မေ အတ္ထပဋိသံဝေဒီ စ ဟောတိ ဓမ္မပဋိသံဝေဒီ စ၊ တဿ- အတ္ထ ပဋိသံဝေဒိနော ဓမ္မပဋိသံဝေဒိနော၊ ပါမောဇ္ဇံ ဇာယတိ၊ ပမုဒိတဿ ပီတိ ဇာယတိ၊ ပီတိမနဿ ကာယော ပဿမ္ဘတိ၊ ပဿဒ္ဓ- ကာယော သုခံ ဝေဒေတိ၊ သုခိနော စိတ္တံ သမာဓိယတိ၊ ဣဒံ ဘိက္ခဝေ တတိယံ ဝိမုတ္တာယတနံ ယတ္ထ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော အဝိမုတ္တံ ဝါ စိတ္တံ ဝိမုစ္စတိ အပရိက္ခီဏာ ဝါ အာသဝါ ပရိက္ခယံ ဂစ္ဆန္တိ၊ အနနုပ္ပတ္တံ ဝါ အနုတ္တရံ ယော- ဂက္ခေမံ အနုပါပုဏာတိ"။

(ပဉ္စကအင်္ဂုတ္တရပါဠိ ဝိမုတ္တာယတနသုတ် ပါထိကဝဂ္ဂပါဠိ သင်္ဂီတိသုတ်)။

အနက်—ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစပရံ၊ တပါးတုံ။ ဘိက္ခုနော၊ ရဟန်းအား။ သတ္ထာ ဝါ၊ မြတ်စွာဘုရားသည်မူလည်း။ ဓမ္မံ၊ တရားကို။ နဟေဝခေါ ဒေသေတိ၊ ဟောတော်မူသည်လည်းမဟုတ်။ အညတရော၊ အမှတ်မထား တပါးပါးသော။ ဂရုဋ္ဌာနိယော၊ ရိုသေလေးစားထိုက်သော အရာ၌တည်သော။ သဗြဟ္မစာရီ ဝါ၊ သီတင်းသုံးဘော်သည်မူလည်း။ ဓမ္မံ၊ တရားကို။ နဟေဝခေါ ဒေသေတိ၊ ဟောသည်လည်းမဟုတ်။ ယထာသုတံ၊ ကြားဘူးတိုင်းသော။ ယထာ ပရိယတ္တံ၊ သင်ဘူးတိုင်းသော။ ဓမ္မံ၊ ပရိယတ္တိဓမ္မကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ပရေသံ၊ တပါးသောသူတို့အား။ နာပိဒေသေတိ၊ ဟောသည်လည်းမဟုတ်။ အပိစ ခေါ၊ စင်စစ်သော်ကား။ ယထာသုတံ၊ ကြားဘူးတိုင်းသော။ ယထာပရိယတ္တံ၊

သင်ဘူးတိုင်းသော။ ဓမ္မံ၊ ပရိယတ္တိဓမ္မကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ သဇ္ဈာယံ၊ ရွတ်ဘာသ်ကျက်အံ ပြန်လှန်သရဇ္ဈာယ်ခြင်းကို။ ကရောတိ၊ ပြု၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ယထာ ယထာ၊ အကြင်အကြင်သို့သောအခြင်းအရာအားဖြင့်။ ဘိက္ခု၊ ရဟန်းသည်။ ယထာသုတံ၊ ကြားဘူးတိုင်းသော။ ယထာ ပရိယတ္တံ၊ သင်ဘူးတိုင်းသော၊ ဓမ္မံ၊ ပရိယတ္တိဓမ္မကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။သဇ္ဈာယံ၊ရွတ်ဘာသ်ကျက်အံ ပြန်လှန်သရဇ္ဈာယ်ခြင်းကို။ ကရောတိ၊ပြု၏။ တထာ တထာ၊ ထိုထိုသို့သောအခြင်းအရာအားဖြင့်။ တသ္မိံ ဓမ္မေ၊ထိုရွတ်ဘာသ်ကျက်အံ ပြန်လှန်သရဇ္ဈာယ်သော ပရိယတ္တိဓမ္မ၌။ အတ္ထပဋိသံဝေဒီ စ၊ အနက်ကိုသိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဓမ္မပဋိသံဝေဒီ စ၊ ပါဠိကိုသိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အတ္ထပဋိသံဝေဒိနော၊ အနက်ကိုသိသော။ ဓမ္မပဋိသံဝေဒိနော၊ ပါဠိကိုသိသော။ တဿ၊ ထိုရဟန်းအား။ ပါမောဇ္ဇံ၊ဝမ်းမြောက်ခြင်းသည်။ဇာယတိ၊ဖြစ်၏။ပမုဒိတဿ၊ ဝမ်းမြောက်သောသူအား။ ပီတိ၊ နှစ်သက်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ပီတိမနဿ၊ နှစ်သက်သောစိတ်ရှိသောသူအား။ကာယော၊ရူပကာယ နာမကာယသည်။ ပဿမ္ဘတိ၊ငြိမ်းချမ်း၏။ ပဿဒ္ဓကာယော၊ ငြိမ်းချမ်းသောကိုယ်စိတ်ရှိသောသူသည်။ သုခံ၊ ချမ်းသာကို။ ဝေဒေတိ၊ ခံစားရ၏။ သုခိနော၊ ချမ်းသာသောသူ၏။ စိတ္တံ၊စိတ်သည်။ သမာဓိယတိ၊ အရဟတ္တဖိုလ်သမာဓိဖြင့် တည်ကြည်၏။ ယတ္ထ၊ အကြင်ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်း၏ အကြောင်းတို့၌။ အပ္ပမတ္တဿ၊ မမေ့မလျော့သော။ အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော။ ပဟိတတ္တဿ၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော ကိုယ်စိတ်ရှိသော။ ဝိဟရတော၊နေသော။ ဘိက္ခုနော၊ရဟန်း၏။ အဝိမုတ္တံ၊ ကိလေသာမှ မလွတ်သေးသော။ စိတ္တံ ဝါ၊ စိတ်သည်လည်း။ ဝိမုစ္စတိ၊ လွတ်၏။ အပရိက္ခီဏာ၊ မကုန်သေးကုန်သော။ အာသဝါ ဝါ၊ အာသဝေါ တရားတို့သည်လည်း။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ အနနုပ္ပတ္တံ၊ အစဉ်အားဖြင့် မရောက်သေးသော။ အနုတ္တရံ၊ အတုမရှိမြတ်သော။ ယောဂက္ခေမံ ဝါ၊ ယောဂ၏ကုန်ရာ နိဗ္ဗာန်သို့လည်း။ အနုပါပုဏာတိ၊ အစဉ်ရောက်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤပရိယတ္တိဓမ္မကို ရွတ်ဘာသ်သင်အံ ပြန်လှန်သရဇ္ဈာယ်ခြင်းသည်။ တတိယံ၊ သုံးခုမြောက်သော။ ဝိမုတ္တာယတနံ၊ ဝဋ်ဆင်းရဲမှလွတ်မြောက်ခြင်း၏ အကြောင်းဖြစ်၏။

ဤပါဠိတော်၌ သိမှတ်ဘွယ် အကျဉ်းအဓိပ္ပါယ်မှာ ထိုပရိတ္တိဓမ္မကို ရွတ်ဘာသ်သင်အံ ပြန်လှန်သရဇ္ဈာယ်သော ရဟန်းသည် ထိုသို့ ရွတ်ဘာသ် သင်အံ ပြန်လှန်သရဇ္ဈာယ်သဖြင့် ရောက်ရာရောက်ရာ ပါဠိအနက်တို့၌

ဟောအပ်သော ဈာန်,ဝိပဿနာ,မဂ်,ဖိုလ်တို့ကိုသိ၏။ ထိုသို့သိသောရဟန်းအား နှစ်သက်ခြင်းသည် ဖြစ်၏။ ထိုရဟန်းသည် ထိုနှစ်သက်ခြင်းပီတိကို မကွယ်မပျောက်စေဘဲ စိတ်ကိုဆောက်တည်၍ အားထုတ်သဖြင့် ဥပစာရကမ္မဋ္ဌာန်းအာရုံကို ရ၍ ဝိပဿနာကို အဆင့်ဆင့်ပွားများကာ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုသို့ အရဟတ္တဖိုလ်သို့ရောက်၍ နိဗ္ဗာန်ကိုအာရုံပြုလျက် အရဟတ္တဖိုလ်သမာဓိဖြင့် စိတ်နှလုံးတည်ကြည်သော ရဟန်းကို ရည်ရွယ်၍ "စိတ္တံ သမာဓိယတိ"ဟု မြတ်စွာဘုရားဟောတော်မူပါသည်။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ, ပါထိကဝဂ္ဂအဋ္ဌကထာတို့၌ အောက်ပါအတိုင်း မိန့်ဆိုကြလေသည်။

"အယဉှိ တံ ဓမ္မံ သုဏန္တော သဇ္ဈာယန္တော အာဂတာဂတဋ္ဌာနေ ဈာနဝိပဿနာ မဂ္ဂဖလာနိ ဇာနာတိ၊ တဿ ဧဝံ ဇာနတော ပီတိ ဥပ္ပဇ္ဇတိ၊ သော တဿာ ပီတိယာ အန္တရာ ဩသက္ကိတုံ န ဒေန္တော ဥပစာရကမ္မဋ္ဌာနိကော ဟုတွာ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပါပုဏာတိ၊ တံ သန္ဓာယ ဝုတ္တံ စိတ္တံ သမာဓိယတီတိ"။

အမှာ—သဇ္ဈာယန္တော ယထာရဟယောဇနာပါဠိတည်း။

စဉ့်အိုးရဟန္တာ—တန်ခိုးကြီးသော ရဟန္တာဟု အများထင်မှတ်စေရန် ဟန်ဆောင်ပြုမူတတ်သော အိုးစရည်းရဟန္တာ၏ အကြောင်းဝတ္ထုကို ဆက်လက်ဖော်ပြဦးမည်။

ရှေးအခါက ပါပိစ္ဆရဟန်းတပါးသည် စဉ့်အိုးကြီးတလုံးကို မြေ၌ မြှုပ်ထား၍ ဒါယကာများ ကျောင်းသို့လာသောအခါ ထိုစဉ့်အိုးတွင်းသို့ ဝင်၍ ပုန်းအောင်းနေလေ့ရှိလေသည်။ ကျောင်းသို့ ရောက်လာကြကုန်သော ဒါယကာတို့က"ဆရာတော်ဘယ်မှာနည်း"ဟု မေးကုန်သည်ရှိသော် တိုက်ခန်းတွင်းမှာပင် ရှိနေကြောင်းကို ၎င်း၏ တပည့်တို့က ပြောဆိုကြကုန်၏။

ထိုအခါ ဒါယကာတို့က တိုက်ခန်းတွင်းသို့ ဝင်ရောက်ကြည့်ရှုကြပြန်ရာ ပါပိစ္ဆရဟန်းသည် စဉ့်အိုးတွင်းမှထွက်၍ အင်းပျဉ်ပေါ်၌ ထိုင်နေသည်ကို မြင်ကြရလေသည်။ ဒါယကာတို့က "အရှင်ဘုရား စောစောက တပည့်တော်တို့ အရှင်ဘုရားကို မမြင်၊ ယခုမှ မြင်ကြရကုန်၏။ အရှင်ဘုရားသည် အဘယ်သို့ ကြွသွားပါသနည်း"ဟု မေးလျှောက်ကြကုန်သည်

ရှိသော် "အို...ဒါယကာတို့ ရဟန်းတို့မည်သည်မှာ မိမိအလိုရှိရာ အရပ်သို့ ကြွကြကုန်၏"ဟု ပြောဆိုသဖြင့် မိမိ၏ တန်ခိုးကြီးသော ရဟန္တာအဖြစ်ကို ပြသလေသတည်း။

မဟိစ္ဆတာ—လောဘကြီးသော ပုဂ္ဂိုလ်၏ မိမိ၌ရှိသော သဒ္ဓါသီလ စသော ဂုဏ်ကို ထင်ရှားပြလိုသည်၏အဖြစ်, ပစ္စည်းလေးပါးကို ခံယူခြင်း, သုံးဆောင်ခြင်း၌ အတိုင်းအရှည်ကို မသိသည်၏အဖြစ်သည် မဟိစ္ဆတာ မည်၏။ ထိုမဟိစ္ဆတာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မဟိစ္ဆမည်၏။

ထို့ကြောင့် မဟာနိဒ္ဒေသအဋ္ဌကထာ၌—

"သန္တဂုဏသမ္ဘာဝနတာ ပန ပဋိဂ္ဂဟဏေ စ အမတ္တညုတာ မဟိစ္ဆတာနာမ"ဟု မိန့်ဆိုတော်မူလေသည်။

ထိုမဟိစ္ဆပုဂ္ဂိုလ်သည် ကတိုး,နံ့သာ စသည်ပါဝင်သော အထုပ်ကို လက်ကတီးချိုင်းကြားဖြင့် ပိုက်၍၎င်း, ရင်၌ပွေ့၍၎င်း ကတိုး, နံ့သာ စသည်ကို ဝယ်ကြပါ, ယူကြပါစသည်ဖြင့် ဟစ်ကြွေး၍ လှည့်လည် ရောင်းချသော (ကစ္ဆပုဋဝါဏိဇ) ချိုင်းထုပ်ကုန်သည်ကဲ့သို့ အနည်းငယ်မျှ သာလျှင်ဖြစ်သော မိမိ၏ သီလကိုသော်၎င်း, ကျမ်းဂန်ကိုသော်၎င်း, ဓုတင် သတင်းကိုသော်၎င်း အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် တော ကျောင်း၌ နေခြင်းမျှကိုပင် လူအပေါင်းအား အံ့သြချီးမွမ်းစေလို၏။

ထိုသို့ အံ့သြချီးမွမ်း၍ လှူလာသမျှသော ပစ္စည်းတို့ကိုကား လှည်း ဖြင့်တိုက်၍ လှူလာကြကုန်သော်လည်း တော်လောက်ပြီဟူ၍ မတားမြစ် မပြောဆိုဘဲ လှူလာသမျှတို့ကို လက်ခံသိမ်းပိုက်လေ့ရှိ၏၊ ထိုစကားသည် မှန်၏၊ မီးကို လောင်စာဖြင့်၎င်း, သမုဒ္ဒရာကို ရေဖြင့်၎င်း, မဟိစ္ဆပုဂ္ဂိုလ်ကို ပစ္စည်းလေးပါးဖြင့်၎င်း ဤသုံးပါးတို့ကို မပြည့်စေနိုင်ဟု သမ္မောအဋ္ဌ ကထာ၌ မိန့်ဆိုတော်မူပြီးလျှင် အောက်ပါဂါထာကိုလည်း ဆက်လက် မိန့်ဆိုတော်မူလေသည်။

အဂ္ဂိက္ခန္ဓော သမုဒ္ဒေါ စ၊ မဟိစ္ဆောစာပိ ပုဂ္ဂလော။
ဗဟုကေ ပစ္စယေ ဒေန္တေ၊ တယောပေတေ န ပူရယေ။ ။

အနက်— အဂ္ဂိက္ခန္ဓော၊ အလျှံပြောင်ပြောင် တောက်ကာလောင် သည့် အရောင်ဖြိုးဖြိုး မီးပုံကြီး၎င်း။ သမုဒ္ဒေါ၊ အစောက်နက်ရှိုင်း အတိုင်း ကျယ်စွာ သမုဒ္ဒရာ၎င်း။ မဟိစ္ဆောစာပိ ပုဂ္ဂလော၊ ရလေလိုလေ အိုတဏှာဟု

ဆိုထွေပမာလွန်ကဲစွာသည့် တဏှာလောဘ ကြီးမားလှသည့် မဟိစ္ဆခေါ်ဆို ပုဂ္ဂိုလ်ငင်း။ ဧတေ တယောပိ၊ မီးပုံသမုဒ္ဒရာ တဏှာလောဘ ကြီးမား လှသည့် မဟိစ္ဆယောကျ်ား ထိုသုံးပါးတို့ကိုလည်း။ ဗဟုကေ၊ အတိုင်း အတာ များလှစွာကုန်သော။ ပစ္စယေ၊ လောင်စာနှင့်ရေ လေးထွေပစ္စယ အာမိသပေါင်း အထောက်အပံ့ဟူသော အကြောင်းတို့ကို။ ဒေန္တေ၊ လှည်း့လှေ့ရထား မော်တော်ကားဖြင့် မနားတိုက်ကာ ပေးသွင်းပါသော် လည်း။ နပူရယေ၊ တော်ပြီတန်ပြီ မခံပြီဟု စံညီဝိုများ မလိုလားအောင် ကြိုးစားဘယ်ခါ မပြည့်နိုင်ရာ။

ထိုမဟိစ္ဆပုဂ္ဂိုလ်သည် လောဘကြီးလွန်းလှသဖြင့် မွေးမိခင်ရင်း၏ ကြည်ညိုခြင်း သဒ္ဓါတရားနှင့် ယှဉ်သော စိတ်ကိုမျှ မဖြစ်စေနိုင်၊ သူစိမ်း ဒါယကာတို့၏ ကြည်ညိုခြင်း သဒ္ဓါတရားနှင့် ယှဉ်သော စိတ်ကိုကား အဘယ်မှာ ဖြစ်စေနိုင်ပါအံ့နည်း။

ထို့ကြောင့် သမ္မောအဋ္ဌကထာ၌—

"မဟိစ္ဆပုဂ္ဂလော ဟိ ဝိဇာတမာတုယာပိ မနံ ဂဏှိတုံ န သက္ကောတိ ပဂေဝ ဥပဋ္ဌာကာနံ"ဟု မိန့်တော်မူလေသည်။

အလွန် လောဘကြီးလွန်းလှသဖြင့် ခံယူစားသုံးခြင်း၌ အတိုင်း အရှည်ကို မသိခြင်းကြောင့် မိခင်ရင်း၏ ကြည်ညိုခြင်း သဒ္ဓါတရားကိုမျှ ဖြစ်ပွားတည်ရှိစေခြင်းငှါ မစွမ်းနိုင်သော မဟိစ္ဆရဟန်းတပါး၏ အကြောင်း ဝတ္ထုကိုလည်း သမ္မောအဋ္ဌကထာလာတိုင်း ရေးသားဖော်ပြပါဦးမည်။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ မိန့်မှာမြွက်ကြူး ဘာသ်ရဘူး သည်ကား ရှေးအခါက (ဝိဋ္ဌပူဝ) နံပြား သို့မဟုတ် ချာပါတီကို ကြိုက်နှစ် သက်တတ်သော ရဟန်းငယ်တပါး ရှိလေသည်။

ထိုအခါ ၎င်း၏ မွေးမိခင်ရင်း ဒါယိကာမကြီးက သားဦးပဉ္စင်း၏ ကျင့်သုံးရင်း ပဋိပတ်ကို သိမှတ်စုံစမ်းလိုသည်ဖြစ်၍"ငါ၏သားဦးပဉ္စင်းသည် အကယ်၍ ခံယူခြင်း၌ အတိုင်းအရှည်ကို သိသည်ဖြစ်အံ့၊ ၎င်းကို ဝါတွင်း သုံးလပတ်လုံး ၎င်းကြိုက်နှစ်သက်တတ်သော မုံ့တို့ဖြင့်သာလျှင် လုပ်ကျွေး ဆက်ကပ်အံ့"ဟု ကြံစည်အောက်မေ့ပြီးလျှင် ဝါကပ်ရာဖြစ်သော ဝါဆို လပြည့်ကျော်တရက်နေ့၌ ရှေးဦးစွာ မုံ့တချပ်ကို ဆက်ကပ်လှူဒါန်းလေ၏။

ရဟန်းသည်လည်း မိမိအလွန်ကြိုက်နှစ်သက်တတ်သော မုံ့ကို မချန်မထား ကုန်အောင်ပင် စားလိုက်လေ၏။ ထိုအခါ ဒါယိကာမကြီးက ဒုတိယ မုံ့တချပ်ကို ဆက်ကပ်လှူဒါန်းပြန်၏။ ရဟန်းသည် ထိုဒုတိယမုံ့ကိုလည်း မချန်မထား ကုန်အောင်စားပြန်၏။ ဒုတိယမုံ့ ကုန်သည်ရှိသော် တတိယ မုံ့ကို ဆက်ကပ်ပြန်၏။ ရဟန်းလည်း တော်ပြီဟုမဆို ထိုတတိယမုံ့ကိုလည်း ကုန်အောင်ပင် ဘုဥ်းပေးသုံးဆောင်တော်မူလေသည်။

ထိုအခါ ဒါယိကာမကြီးက "ငါ၏သား ဦးပဥ္စင်းသည် ဝါတွင်း သုံးလအတွက် မုံ့များကို ယနေ့တရက်ထည်းဖြင့်ပင် ကုန်အောင်စားသုံး ပြီးပြီ"ဟု အောက်မေ့ကာ နောက်တနေ့မှစ၍ မုံ့များကို မဆက်မကပ် တော့ဘဲ အဆက်ဖြတ်လိုက်လေသတည်း၊

ဤသို့ ပြဆိုခဲ့ပြီးသော မဟိစ္ဆအခြင်းအရာ အဋ္ဌကထာ၏ အဖွင့် တို့ကို ထောက်ထားလျှင် လောဘကြီးလှသော မဟိစ္ဆပုဂ္ဂိုလ်ကို မွေးမိခင် ရင်းသော်မှ မကြည်ညိုနိုင်, မသဒ္ဓါနိုင်သည်ကိုလည်း သိအပ်ပါသည်။ မွေးမိခင်ရင်းသော်မှ မကြည်ညိုနိုင်,မသဒ္ဓါနိုင်လျှင်လည်း သူစိမ်းဒါယကာ များမှာ အဘယ်မှာ ကြည်ညိုနိုင်ကြပါအံ့နည်း။

ထိုသို့ ဒါယကာများ ကြည်ညိုမှုနည်းပါး၍ လှူဒါန်းပေးကမ်း မှုမရှိလျှင် ရဟန်းအများ ဆွမ်းစသည်ခေါင်းပါး၍ ဘုရားဟောပရိယတ္တိ ဓမ္မကို မပို့ချမသင်နိုင်သဖြင့် ရှေးဦးစွာ ပရိယတ္တိသာသနာ ကွယ်ပျောက်၍ နောက်ဆုံး၌ သာသနာတော်တခုလုံး ပျက်ဆုံး ကွယ်ပျောက်ရမည်ပင် ဖြစ်ပါသည်။

ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ ပဌမဒါဒိဝဂ်အဖွင့်၌—

"ဘိက္ခူ ပစ္စယေဟိ ကိလမန္တာ အန္တေဝါသိကေ သင်္ဂဟေတုံ န သက္ကောန္တိ၊ ဂန္ထန္တေ ဂန္ထန္တေ ကာလေ ပရိယတ္တိ ပရိဟာယတိ" စသည်ဖြင့် မိန့်ဆိုတော်မူလေသည်။

လောဘအလွန်ကြီးခြင်းဟု ဆိုအပ်သော မဟိစ္ဆတာသည် သာသနာ ကွယ်ကြောင်းတရား ဖြစ်သည်ကိုလည်း အောက်ပါအတိုင်း မြတ်စွာ ဘုရား ဟောတော်မူပါသည်။

"နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊ ယော ဧဝံ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ၊ ယထယိဒံ ဘိက္ခဝေ မဟိစ္ဆတာ၊ မဟိစ္ဆတာ ဘိက္ခဝေ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ"။

အနက်—ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ အယံ မဟိစ္ဆတာ၊ ဤကြီးသော အလိုရှိသည်၏အဖြစ်သည်။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရား၏။ ဝါ၊ သာသနာတော်၏။ သမ္မောသာယ၊ ပျက်စီးခြင်းငှါ။ အန္တရဓာနာယ၊ ကွယ်ပျောက်ခြင်းငှါ။ သံဝတ္တတိ ယထာ၊ ဖြစ်သကဲ့သို့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤအတူ။ ယော၊ အကြင်တရားသည်။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရား၏။ ဝါ၊ သာသနာတော်၏။ သမ္မောသာယ၊ ပျက်စီးခြင်းငှါ။ အန္တရဓာနာယ၊ ကွယ်ပျောက်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ တံ၊ ထိုသာသနာကွယ်ကြောင်းဖြစ်သော။ အညံ၊ မဟိစ္ဆတာမှတပါးသော။ ဧကဓမ္မမ္ပိ၊ တခုသောတရားကိုသော်မှလည်း။ အဟံ၊ ငါဘုရားသည်။ န သမနုပဿာမိ၊ မြင်တော်မမူ။ ဘိက္ခဝေ၊ ရဟန်းတို့။ မဟိစ္ဆတာ၊ ကြီးသောအလိုရှိသည်၏အဖြစ်သည်။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရား၏။ ဝါ၊ သာသနာတော်၏။ သမ္မောသာယ၊ ပျက်စီးခြင်းငှါ။ အန္တရဓာနာယ၊ ကွယ်ပျောက်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

---

## အပ္ပိစ္ဆတာနှင့် ပကာသနလောက

မိမိ၌ ထင်ရှားရှိသော သဒ္ဓါသီလအစရှိသော ဂုဏ်ကျေးဇူးကို လျှို့ဝှက်သည်၏အဖြစ်, တောင်းခံခြင်း၌ အတိုင်းအရှည်ကို သိသည်၏အဖြစ်သည် အပ္ပိစ္ဆတာမည်၏။ ထိုအပ္ပိစ္ဆတာဂုဏ်နှင့် ပြည့်စုံသော ရဟန်းသည် အပ္ပိစ္ဆပုဂ္ဂိုလ်မည်၏။

ထို့ကြောင့် မဟာနိဒ္ဒေသအဋ္ဌကထာ၌—

"သန္တဂုဏနိဂူဟနတာ ပန ပဋိဂ္ဂဟဏေ စ မတ္တညုတာအပ္ပိစ္ဆတာ နာမ"ဟူ၍ မိန့်ဆိုတော်မူလေသည်။

ထိုအပ္ပိစ္ဆပုဂ္ဂိုလ်သည် သဒ္ဓါတရားရှိသည်ဖြစ်ပါလျက် ကာယဝိဝေက စိတ္တဝိဝေက၌ မွေ့လျော်ပါလျက် ဗဟုသုတ လုံ့လဝီရိယ သမာဓိ, ပညာ ရှိပါလျက် သောတာပန် သကဒါဂါမိ စသည်ဖြစ်ပါလျက် မိမိကိုယ်ကို

သဒ္ဓါတရားရှိသူစသည်ကို သူတပါးအား မသိစေလို မိမိ၏ ဂုဏ်ကို လျှို့ဝှက်သော သဘောရှိ၏ဟု မဟာနိဒ္ဒေသစသော များစွာသော အဋ္ဌကထာတို့၌ မိန့်ဆိုတော်မူကြလေသည်။

အပ္ပိစ္ဆဝတ္ထုမှာ— ရှေးအခါက မဇ္ဈန္တိကမထေရ်မည်သော ရဟန္တာ တပါးရှိလေသည်။ ထိုရဟန္တာမထေရ်သည် အသောကမင်း၏ အသောကာရုံကျောင်းတော်ကြီးကို ရေစက်ချလှူဒါန်းရာ ကျောင်းရေစက်ချပွဲတော်ကြီး၌ သိက္ခာတော်,ဝါတော် အကြီးဆုံးဖြစ်သော သံဃာ့မထေရ်ဖြစ်၍ ဆွမ်းစသော အလှူကိုခံရာ၌ သံဃာတော်တို့၏ ရှေ့ဆုံးက ကြွရမည် ဖြစ်လေသည်၊ မထေရ်၏ ပရိက္ခရာတို့မှာကား မြေသပိတ်နှင့် ချုပ်စပ်ဖါထေး၍ထားသော ပံသုကူသင်္ကန်းနွမ်း ဖြစ်သဖြင့် တမတ်မျှသာ တန်ဘိုးရှိလေသည်။ ("ပတ္တစီဝရံ ပနဿ ပါဒမတ္တမေဝ အဂ္ဃတိ" အဋ္ဌကထာ) လူတို့သည် မထေရ်၏ အလွန်ခေါင်းပါးသော ပရိက္ခရာကို မြင်ကြသဖြင့် "အသွန်နုံချာ မင်္ဂလာမရှိ"ဟု မထီမဲ့မြင် အထင်သေးကြသဖြင့် မထေရ်အား "အရှင်ဘုရား ဘေးသို့ အနည်းငယ်ဖယ်ပါ၊ အရှင်ဘုရား ဘေးသို့ အနည်းငယ်ဖယ်ပါ"ဟု အကြိမ်များစွာ ပြောဆိုကြကုန်၏။ ရဟန္တာ မထေရ်မြတ်သည်သည်း ထေရ်ကြီး ဝါကြီး ဖြစ်သည့် အားလျော်စွာ ဆွမ်းဦးကို ခံယူရမည့် ဝိနည်းကျင့်ဝတ်ရှိသောကြောင့်၎င်း မင်း၏အလှူကို ချီးမြှောက်ရန် ဝတ္တရားရှိသောကြောင့်၎င်း လူများမသိအောင် မြေလျှိုး၍ သံဃာ့မထေရ်တို့ ခံယူအပ်သော ဆွမ်းဦးကို ခံယူပြီးလျှင် လူများမသိအောင်ပင် မြေလျှိုး၍ ကြွသွားတော်မူလေသတည်း။

ဤဝတ္ထု၌ အပ္ပိစ္ဆပုဂ္ဂိုလ်၏ အပြုအမူဟူသော လက္ခဏာဖြင့် သိအပ်သော အပ္ပိစ္ဆတာဂုဏ်အပြင် အထူးသတိပြု သိအပ်သည်မှာ လောကီပကာသနဂုဏ်မရှိက လူအများတို့ အထင်အမြင်သေးတတ်ခြင်းပင် ဖြစ်လေသည်။ ထိုစကားကို အနည်းငယ်ချဲ့၍ ရေးသားလိုပါသည်။ လူ့လောက၌ သဒ္ဓါ သီလစသော သူတော်ကောင်း ဥစ္စာရတနာခုနစ်ပါးနှင့် ပေါများပြည့်စုံစေကာမူ ရွှေငွေရတနာစသော ဥစ္စာပစ္စည်းတို့ဖြင့်သော်၎င်း,အမျိုးအနွယ်စသော ဇာတ်အားဖြင့်သော်၎င်း,ရာထူးဌာနန္တရစသော ဂုဏ်တို့ဖြင့်သော်၎င်း မထင်မရှားဖြစ်ခဲ့လျှင် လူအများက အရေးမထား မလေးစားဘဲ အသေးအနှွား ထင်ဘာသကဲ့သို့ပင် သာသနာ လောက၌လည်း သီလ, သမာဓိ, ပညာဟူသော ရဟန်း၏ဂုဏ်ကျေးဇူးဟုန်တို့နှင့် ပြည့်စုံစေကာမူ ဓမ္မကထိက စာချတန်းကြီးစသော ဂုဏ်တို့ဖြင့်၎င်း ပစ္စည်းဥစ္စာ တိုက်တာ

ကျောင်းကန် စသည်တို့ဖြင့်ရင်း မထင်မရှားဖြစ်ခဲ့လျှင် များစွာသော သူတို့က အယူသေးကွေးအထင်သေး၍ အရေးမထား မလေးစားဘဲ ဖြစ်မှားပယ်စွန့်တတ်လေသည်။ ထို့ကြောင့် ထေရဂါထာပါဠိတော်၌ အဇိနမထေရ်မြတ်သည် အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသည်။

**အပိ စေ ဟောတိ တေဝိဇ္ဇော၊ မစ္စုဟာယီ အနာသဝေါ။**
**အပ္ပညာတောတိ နံ ဗာလာ၊ အဝဇာနန္တိ အဇာနတာ။ ။**

**အနက်**—တေဝိဇ္ဇော၊ သုံးပါးဝိဇ္ဇာ ပု-ဒိ-အာလျှင် ကိုယ်မှာမြဲကြဲ ရှိပေတတ်သော။ အနာသဝေါ၊ကာမာသဝ စသည်လေးပါး မရှိရှားသော။ မစ္စုဟာယီ၊ နောက်ထပ်တဖန် မွေးသေရန်ကို ပယ်လှန်ခုတ်ချွေ သမုစ္ဆေဖြင့် နှုတ်လေပြီးလတ် ရဟန္တာမြတ်သည်။ အပိ စေ ဟောတိ၊ ကြည်ညိုစဘွယ် ဂုဏ်ကိုးသွယ်ဖြင့် အကယ်မူလည်း ဖြစ်ပါစေ။ နံ၊ လာဘ်သပ္ပကာ ဂုဏ် ပါဝါနှင့် ကျေညာသတင်း ဘုန်းကြီးခြင်းကို စိတ်တွင်းကြံခိုး မမြော်နိုးဘဲ ရိုးရိုးကိုကျင့် မြင့်မြင့်ကိုကြံ မှန်မှန်ကိုလုပ် ဉာဏ်ချွန်းအုပ်၍ ကုတ်ကုတ် နေတတ် ထိုအရှင်မြတ်ကို။ ဗာလာ၊ လောကီအရာ ဘုန်းအာဏာနှင့် ပါဝါကိုမှ ကြည်ညိုကြသည့် ပကာသနလိုက်စား လူအများသည်။ အဇာ-နတာ၊ အကောင်းအဆိုး ပေါင်းနှစ်မျိုးကို ကြောင်းကျိုးယှဉ်ကာ သိမြင်စွာသည့် ပညာမရှိ အလျှင်းမသိကြလေသောကြောင့်။ အပ္ပညာတောတိ၊ လောကီဘုံမှာ ဂုဏ်မပါသည် နံ့ချာသေးမွှား မထင်ရှားဟူ၍။ အဝဇာနန္တိ၊ ဘန်းပြစျေး၌ ကြေးမထိုက်သဖြင့် လူကြိုက်ပါးရှား ဘေးဖယ်ထားလျက် လေးစားမှဲ့ထွေ မရှိသေဘဲ မထေမဲ့မြင် မှတ်ထင်ကြလေကုန်သတည်း။

ဆက်လက်ရေးသားပါဦးမည် လူ့လောက၌ သဒ္ဓါသီလစသော သူတော်ကောင်းဥစ္စာ ရတနာခုနစ်ပါးတို့နှင့် ဝေးခြားကင်းသွေ မရှိနေသည့် တေလေစရိုက် လူမိုက်လူယုတ်ပင် ဖြစ်စေကာမူ ရွှေငွေရတနာစသော ဥစ္စာ ပစ္စည်းတို့ဖြင့်သော်ရင်း ဆွေဂုဏ်မျိုးဂုဏ် ရာထူးဌာနန္တရစသော ဂုဏ်တို့ဖြင့် သော်ရင်း ပြည့်စုံထင်ရှားခဲ့ပါလျှင် ထိုသူကိုသာ အရာရာ၌ မျက်နှာပန်းလှ ထောက်ခံအားပေးကြသကဲ့သို့ သာသနာလောက၌လည်း သဒ္ဓါကင်းပ သီလမရှိ သမာဓိနဲ ပညာမဲ့၍ မိုက်မဲယုတ်မာသော ရဟန်းပင်ဖြစ်စေကာမူ ဓမ္မကထိက စာချဘုန်းကြီး မင်းဘုန်းကြီး သူဌေးဘုန်းကြီးစသော ဂုဏ်တို့ဖြင့် သော်ရင်း ပစ္စည်းဥစ္စာ တိုက်တာကျောင်းကန် စသည်တို့ဖြင့်သော်ရင်း ပေါများပြည့်စုံ ကုံလုံထင်ရှားသူ ဖြစ်ခဲ့လျှင် ရှင်လူတကာ သူများစွာတို့သည်

သဒ္ဒါတရား အကြည်ညိုပွား၍ လေးစားကော်ရော် ပူဇော်မြတ်နိုးလျက် ရှိခိုးဆည်းကပ်ကြ လေတော့ သတည်း။ ထို့ကြောင့် အဇ္ဈိနရဟန္တာသည် အောက်ပါအတိုင်း ဆက်လက်ဟောကြားတော်မူခဲ့လေပြီ။

ယော စ ခေါ အန္နပါနဿ၊ လာဘီ ဟောတိဓ ပုဂ္ဂလော။
ပါပဓမ္မောပိ စေ ဟောတိ၊ သော နေသံ ဟောတိ သက္ကတော။ ။

အနက်—ဣဓ၊ လူ့ဘုံ၌ဟုဆို၍လောက၌။ ယော စ ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်ကား။ အန္နပါနဿ၊ ထမင်းအဖျော်ကို။ ဝါ၊ စားဘွယ်သောက်ဘွယ် အသွယ်သွယ်နှင့် ဝတ်ဘွယ်သင်္ကန်း ကျောင်းတိုက်ခမ်းက ကျန်းမာဘို့ရေး သုံးရန်ဆေးဟု လေးထွေပစ္စယ အာမိသကို (အန္နပါနဿာတိ နိဒဿနမတ္တံ အဋ္ဌကထာ) လာဘီ၊ ဓမ္မကထိက စာချဘုန်းကြီး မင်းဘုန်းကြီးက ဤသို့ စသည့် လောကဘုန်းဂုဏ် ကျေးဇူးဟုန်တို့ကြောင့် ပြည့်စုံများမြတ် ရရှိ တတ်သည်၊ ဟောတိ၊ ဖြစ်၏။ ပါပဓမ္မောပိ၊ သဒ္ဒါကင်းပ သီလမရှိ သမာဓိမဖြိ ပညာမဲ့၍ ငရဲစီးပွား ရှာသောအားဖြင့် တရားသုတ်လာ လွန်စုပ်ချာလျက် ယုတ်မာသော အကျင့်ရှိသည်လည်း။ ဓေ ဟောတိ၊ အကယ်မသွေ ဖြစ်ပါစေ။ သော ခေါ၊ ဓမ္မကထိက စာချဘုန်းကြီး မင်းဘုန်းကြီးက ဤသို့စသည့် လောကဘုန်းဂုဏ် ကျေးဇူးဟုန်တို့ကြောင့် လေးစုံသောလာဘ် ရရှိတတ်သောမြတ်ဆိုးသွမ်း ထိုရဟန်းသည်သာလျှင်။ ဝါ၊ ထိုရဟန်းကိုသာလျှင်။ နေသံ၊ လောကီအရာ ဘုန်းအာဏာနှင့် ပါဝါကိုမှ ကြည်ညိုကြသည့် ပကာသနလိုက်စား ထိုလူအများတို့သည်။ သက္ကတော၊ အလေးဂရု အရေးပြု၍ ရှေးရှုကြည်ညို သဒ္ဒါပိုလျက် မှိခို ဆည်းကပ် ပေးလှူပူဇော်အပ်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။

ဟတ္တကဝတ္ထု၊— ဆက်လက် ရေးသားပါဦးမည့် ပြဆိုခဲ့ပြီးသော အပ္ပိစ္ဆတာဂုဏ်သည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၌သာ ဖြစ်ကောင်း ရကောင်းသည်မဟုတ်၊ လူဒါယကာတို့၌လည်း ဖြစ်ကောင်း ရကောင်း သည်သာ ဖြစ်ပါသည်။

ထိုစကားသို ယင်ရှားသိသာစေပါမည်။ မြတ်စွာဘုရားသည် အာဠဝီတိုင်း အဂ္ဂါဠဝစေတီ၌ လေးလီယာပထ မှုတရှင်ပြုး သီတင်းသုံး နေထိုင်တော်မူစဉ် ထိုအာဠဝီပြည်၌ မွေးဖွားသော အာဠဝီပြည်သား ဟတ္ထကမည်သော အနာဂါမ် ဥပါသကာတဦး ရှိလေသည်။

တရံရောအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ "အို .. ရဟန်းတို့ ဟတ္ထကဥပါသကာ၌ သဒ္ဓါ,သီလ,ဟိရီ,ဩတ္တပ္ပ,သုတ, စာဂ,ပညာဟူသော သူတော်ကောင်းဥစ္စာ ရတနာခုနစ်ပါး အံ့ဩကြည်ညို ဘွယ်သော တရားထူးများ ရှိလေ၏"ဟု မိန့်တော်မူလေသည်။ ထိုသို့ ဟောမိန့်တော်မူပြီးသည့် နောက်တနေ့ နံနက်တွင် ရဟန်းတပါးသည် ဟတ္ထကဥပါသကာ၏အိမ်သို့ ဆွမ်းခံကြွသွားတော်မူလေ၏။ ထိုရဟန်းသည် အိမ်ပေါ်သို့ ရောက်ရှိနေထိုင်ပြီးလျှင် "အို .. ဟတ္ထက သင်၌ သဒ္ဓါ,သီလ စသော သူတော်ကောင်းဥစ္စာ ရတနာခုနစ်ပါး အံ့ဩကြည်ညိုဘွယ်ရာ တရားထူးများရှိကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူလေသည်"ဟု မိန့်ကြားပြောဆိုလေသတည်း။

ထိုအခါ ဟတ္ထကသည် "အရှင်ဘုရား ဤစကားကို ပြောနေစဉ် အနီးအနားတွင် လူသားတစုံတယောက်ရှိနေ၍ ကြားသိသွားလေရော့ သလား"ဟု မေးမြန်းလျှောက်ထားလေသည်။ ထိုအခါ မထေရ်က အနီး အနားတွင် လူသားတစုံတယောက်မျှ မရှိကြောင်းကို ပြန်လည်ပြောကြားရာ "ကောင်းပါပြီ အရှင်ဘုရား လူသားတစုံတယောက်မျှ မရှိလျှင် တော်ပါ သေး၏"ဟု လျှောက်ထားလေ၏။ ထိုအခါ ရဟန်းသည် ဟတ္ထကအိမ်မှ ဆွမ်းကို ခံယူပြီး၍ ကျောင်းတော်သို့ ပြန်လည်ကြွသွားပြီးလျှင် ဖြစ်ရပ်ဥသုံ အလုံးစုံကို သုံးဘုံထွဋ်ထား မြတ်ဘုရားအား လျှောက်ထား တင်ပြလေ သတည်း။

ထိုအခါ မြတ်စွာဘုရားသည် အောက်ပါ အင်္ဂုတ္တရပါဠိတော်ကို ဆက်လက်ဟောကြားတော်မူခဲ့လေသည်။

> "သာဓုသာဓု ဘိက္ခု၊အပ္ပိစ္ဆော သော ဘိက္ခု ကုလပုတ္တော သန္တေ- ယေဝ အတ္တနိ ကုသလဓမ္မေ န ဣစ္ဆတိ ပရေဟိ ဉာယမာနေ၊ တေန ဟိ တွံ ဘိက္ခု ဣမိနာပိ အဋ္ဌမေန အစ္ဆရိယေန အဗ္ဘုတေန ဓမ္မေန သမန္နာဂတံ ဟတ္ထကံ အာဠဝကံ ဓာရေဟိ၊ ယဒိဒံ အပ္ပိစ္ဆ- တာယ"။

မြန်မာပြန်အဓိပ္ပါယ်— "အို ... ရဟန်း ကောင်းပေစွ ကောင်းပေစွ၊ အို.... ရဟန်း ထိုအမျိုးကောင်းသားသည် အလိုလောဘနည်း၏၊ မိမိ၌ ထင်ရှားရှိသည်သာလျှင်ဖြစ်သော ကုသိုလ်တရားတို့ကို သူတပါးတို့အား သိစေခြင်း၌ အလိုမရှိ၊ အို—ရဟန်း ထို့ကြောင့်ပင် ဟတ္ထအာဠဝကကို

ဤအလိုနည်းခြင်းဟူသော ရှစ်ခုမြောက် (သဒ္ဓါ,သီလစသော ခုနစ်ပါးနှင့် ပေါင်း၍ ရှစ်ခုမြောက်ဖြစ်သည်) အံ့ဩကြည်ညိုဘွယ် မဖြစ်ဘူးမြဲဖြစ်သော အဗ္ဘုတဓမ္မတာသဘောနှင့်လည်း ပြည့်စုံသောသူ”ဟု မှတ်လေလော့။

## အရိယာများ လျှို့ဝှက်ပုံ

ဤမဇ္ဈိမနိကာယ်မထေရ်နှင့် ဟတ္ထကဥပါသကာတို့၏ ဝတ္ထုကို မြော်ရှု ထောက်ထား၍ အရိယာများသည် မိမိတို့၌ရှိသော ဂုဏ်ကျေးဇူး တရားထူးကို သူတပါးအား မသိစေလို အလွန်လျှို့ဝှက်လေ့ရှိသည်ကို သိမှတ်အပ်ပါသည်။

ထိုသို့ လျှို့ဝှက်လေ့ရှိခြင်းသည်လည်း အရိယာ အရှင်မြတ်တို့၏ သဘောတံထွာ ဓမ္မတာသာလျှင် ဖြစ်ချေသည်။ ထိုစကားသည် မှန်၏။ အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ရရှိသော တရားထူးကို တလောကလုံးအား ရစေလိုသော သဘောဆန္ဒ ရှိတော်မူကြ၏ မိမိတို့ကိုယ်တိုင် တရားထူး ရပြီးသည်၏ အဖြစ်ကိုကား ရွှေအိုးကိုရသော ယောကျ်ားကဲ့သို့ သူတပါးအား မပြောကြားလိုကြပေ။ ထို့ကြောင့် သုတ်မဟာဝါအဋ္ဌကထာ မဟာသမယသုတ်အဖွင့်၌ အောက်ပါအတိုင်း မိန့်မှာလျက်ရှိလေသည်။

> “ခီဏာသဝါနံ ကိရ ဧွ အာကာရော ဟောန္တိ “အဟောဝတ မယာ ပဋိလဒ္ဓဂုဏံ သဒေဝကော လောကော ခိပ္ပမေဝ ပဋိဝိဇ္ဈေယျာ”တိ စိတ္တံ ဥပ္ပဇ္ဇတိ၊ ပဋိလဒ္ဓဘာဝံ ပန နိမိလဒ္ဓပုရိသော ဝိယ နအညဿ အာရောစေတုကာမော ဟောတိ”။

ဤအဋ္ဌကထာပါဌ်၌ “ခီဏာသဝါနံ”ဟူသောပုဒ်ဖြင့် ရဟန္တာတို့အားသာလျှင် ဤသို့ဖြစ်သည်ကို ပြဆိုလျက်ရှိသော်လည်း ဟတ္ထကဝတ္ထုကို ထောက်ထား၍ရင်း “အရိယာနဥ္စ ပယုတ္တဝါစာ နာမ နတ္ထိ အရိယာတို့အား ပစ္စည်းလေးပါးကြောင့် မိမိ၏ဂုဏ်ကို ထုတ်ပြပြောဆိုသော စကား မည်သည်မရှိ”ဟူသော ပါစိတ္တျာဒိအဋ္ဌကထာကို ထောက်၍ရင်း ရဟန္တာမှတပါး အခြားသော အရိယာတို့အားလည်း မိမိတရားထူးရပြီးသည်၏ အဖြစ်ကို လျှို့ဝှက်သော သဘောရှိသည်သာလျှင်တည်းဟု မှတ်ယူအပ်ပါသည်၊

မိမိ၌ ထင်ရှားရှိသဖြင့် ဟုတ်မှန်သော ဂုဏ်ကျေးဇူးကိုသော်မှလည်း ပုထုဇဉ်များသာလျှင် ပစ္စည်းလေးပါးကို ရလို၍ ပြောဆိုလေ့ရှိကုန်၏။ အရိယာတို့အား ပစ္စည်းလေးပါးကို ရလို၍ မိမိ၏ဂုဏ်ကျေးဇူးကို မည်သည့်အခါမှမပြောကြားကြကုန်၊ ထို့ကြောင့် ပါဠိတ်အဋ္ဌကထာ ဘူတာရောစနသိက္ခာပုဒ်အဖွင့်၌ "ဘူတဥ္စ ပုထုဇ္ဇနာ အာရောစေသုံ၊ န အရိယာ"ဟု မိန့်ဆိုတော်မူလေသည်။

ဤမျှသာမက ထိုသို့ ပစ္စည်းကို ရလိုသဖြင့် မိမိ၌ ထင်ရှားရှိသော ဂုဏ်ကျေးဇူးကို ထင်ရှားပြောဆိုခြင်းသည် ပုထုဇဉ်တို့၏ အလေ့အထသာ ဖြစ်၍ အရိယာတို့၏သဘောတံထွာ မဗ္ဗတာအလေ့အထမဟုတ်ကြောင်းကို အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

"ယော အတ္တနော သီလဝတာနိ ဇန္တု၊
အနာနုပုဋ္ဌောဝ ပရေသံ ပါဝ။
အနရိယဓမ္မံ ကုသလာ တမာဟု၊
ယော အာတုမာနံ သယမေဝ ပါဝ"။ ။

သုတ္တနိပါတပါဠိ ဒုဋ္ဌဋ္ဌကသုတ်။

အနက်—ယော ဇန္တု၊ အကြင်သူသည်။ အနနုပုဋ္ဌောဝ၊ သူတပါးတို့သည် မမေးအပ်ဘဲလျက်။ အတ္တနော၊ မိမိ၏။ သီလဝတာနိ၊ သီလ ဓုတင်တို့ကို။ ပရေသံ၊ သူတပါးတို့အား။ ပါဝ၊ ပြောဆိုတတ်၏၊ ယော၊ အကြင်သူသည်။ အာတုမာနံ၊ မိမိ၏ကိုယ်ကို။ သယမေဝ၊ အလိုလိုသာလျှင်။ ပါဝ၊ ပြောဆိုတတ်၏။ တဿ၊ ထိုသူ၏။ တံ ဝါဒံ၊ ထိုသို့ပြောဆိုခြင်းသည်။ အနရိယဓမ္မံ၊ အရိယာတို့၏ ဓမ္မတာဓမ္မ အလေ့အထမဟုတ်ဟူ၍။ ဝါ၊ အရိယာတို့၏ ဓမ္မတာတွင် အကျုံးမဝင်သည့် ပုထုဇဉ်အလုပ်ဟူ၍။ ကုသလာ၊ ခန္ဓာ,အာယတနဓာတ်လျှင်စသားရဟန်းတရား၌ သိကြားလိမ်မာကျွမ်းကျင်ပါသော မြတ်စွာဘုရား အစထားသည့် အများကဝိ ပညာရှိတို့သည်။ အာဟု၊ သတ္တဝါအား သိစေသားဟု စကားအိမ့်ချို မိန့်ဆိုတော်မူကြလေကုန်ပြီ။

"သင်သီလရှိသလော"ဟု သူတပါးက မေးလျှင်မှကား မိမိ၌ သီလရှိလျှင် ရှိကြောင်းကို ရဟန်းရှင်လူတို့အား ပြောဆိုဝန်ခံသင့်ပါသည်။

ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ ဖြဟ္မဇာလသုတ်အဖွင့်၌—

"တွံ သီလဝါတိ ပုဋ္ဌောတေနာပိ သစေ သီလဝါ သီလဝါဟ-
မသ္မီတိ ပဋိဇာနိတဗ္ဗမေဝ"ဟူ၍ မိန့်တော်မူပါသည်။

ဤအဋ္ဌကထာပါဌ်၌ "သီလကိုသာ ပြောဆိုဝန်ခံကောင်းသည်"ဟု ဖွင့်ဆိုပါသော်လည်း နိဒဿနမျှသာဖြစ်ပါသည် စင်စစ်သော်ကား သုတ, ပရိယတ္တိ, သီလဟူသော ဂုဏ်သုံးပါးလုံးကိုပင် သူတပါးကမေးလျှင် ရဟန်း,ရှင်,လူအားလုံးတို့အား ဝန်ခံပြောဆိုသင့်ပါသည်။

ထို့ကြောင့် ပါစိတ်အဋ္ဌကထာ၌—

"သုတပရိယတ္တိသီလဂုဏံ ပန အနုပသမ္ပန္နဿာပိ အာရောစေတုံ ဝဋ္ဋတိ"ဟူ၍ မိန့်ဆိုတော်မူပါသည်။

အရှင်ဘုရားသည် "ဈာန်,မဂ်,ဖိုလ်ကို ရပါသလား"ဟု မေးလျှင် မူကား မိမိနှင့် တရားကျင့်ဘော်ကျင့်ဘက်အားဖြင့် သဘောချင်းတူသော ရဟန်းတို့အားသာလျှင် ဝန်ခံပြောဆိုသင့်ပါသည် (သဘောချင်းမတူသော အခြားရဟန်းများနှင့် သာမဏေများ ဒါယကာများအား တိုက်ရိုက် မပြောဆိုသင့်ဟူလို)။

အဘယ့်ကြောင့်ဆိုသော် ဤသို့ သူတပါးကမေး၍ သဘောချင်း တူသော ရဟန်းတို့အား သာလျှင် ပြောဆို ဝန်ခံခြင်းဖြင့် (ပါပိစ္ဆတာ ပရိဝဇ္ဇိတာ) အလိုဆိုးရှိသည်၏ အဖြစ်ကို ရှောင်ကြဉ်အပ်သည်ရင်း။ ဝါ၊ ရှောင်ကြဉ်ခြင်းသည်ရင်း၊ သာသနာတော်၏ (အမောဃတာ) အချည်းနှီး မဟုတ်သည်၏အဖြစ်ကို။ဝါ၊ဝဋ်မှထွက်မြောက် နိဗ္ဗာန်သို့ ရောက်ကြောင်း၏ အဖြစ်ကို ထင်ရှားပြအပ်သည်ရင်း။ ဝါ၊ ထင်ရှားပြခြင်းသည်ရင်း ဖြစ်သော ကြောင့်ပင်လျှင်တည်း။

ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ ဖြဟ္မဇာလသုတ်အဖွင့်၌—

"တံ္တ ပဌမဿ ဈာနဿ လာဘီ ။ပ။ အရဟာတိ ပုဋ္ဌေနာပိ သဘာဂါနံ ဘိက္ခူနံယေဝ ပဋိဇာနိတဗ္ဗံ၊ ဧဝဉှိ ပါပိစ္ဆတာစေဝ ပရိဝဇ္ဇိတာ ဟောတိ၊ သာသနဿ စ အမောဃတာ ဒီပိတာ ဟောတိ"။

သူတပါးမေး၍ ဝန်ခံပြောဆိုသင့်သည်မှတပါး မမေးဘဲလျက်—

**ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။**
**ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။ ။**

အစရှိသည့်ပြင် များစွာသော ရဟန္တာအရှင်မြတ်တို့၏ မိမိတို့၏ ဈာန်ဝိမောက္ခစသော ကျေးဇူးဂုဏ်ကို ဝန်ခံလျှစ်ဖွင့် ကျူးရင့်မြွက်ဆိုကြခြင်းသည်ကား မိမိတို့ရရှိသော တရားထူး၌ အထူးဝမ်းမြောက် နှစ်သက်ခြင်းကြောင့်ဖြစ်သော ပီတိအဟုန်ကို ထိန်းချုပ်မျိုသိပ်ခြင်းငှါ မတတ်နိုင်ကောင်းသောကြောင့် ပီတိသည် ဖြစ်ပေါ်စေအပ်သော ဥဒါန်းဒေသနာတော်ကို ပြဆိုရန်နှင့် သာသနာတော်၏ စင်စစ် ဝဋ်မှထွက်မြောက် နိဗ္ဗာန်ရောက်ကြောင်း နိယျာနိကဏ်အဖြစ်ကို ထင်ရှားစွာပြခြင်းငှါသာလျှင် ဝန်ခံလျှစ်ဖွင့် ကျူးရင့်မြွက်ဆိုကြခြင်း ဖြစ်လေသည်။ ထို့ကြောင့် သုဘူတိအပဒါန် အဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူလေသည်။

"ပီတိဝေဂသမုဿာပိတ ဥဒါနဒီပနတ္ထံ သာသနဿ နိယျာ·နိကဘာဝဝိဘာဝနတ္ထဉ္စ ပရမပ္ပိစ္ဆာအရိယာ အတ္တနော ဂုဏေပကာသေန္တိ"။

**မှတ်ချက်—** ယခုကာလ အချို့သော အရိယာများသည် "မိမိတို့ ရဟန္တာဖြစ်ပြီးကြောင်းကို ခေတ်ပုံကြီးငယ်တို့ဖြင့်ရင်း၊ ခေတ်ပုံမပါ ဗလာသက်သက်ဖြင့်ရင်း သတင်းစာတို့၌ ထည့်သွင်းကျေညာခြင်းနှင့် အချို့အရိယာများလည်း တအိမ်တက်ဆင်းအားဖြင့်ရင်း၊ အခွင့်ရတိုင်းအားဖြင့်ရင်း မိမိတို့ တရားအားထုတ်၍ ကိစ္စပြီးခြင်းကို ကျေညာဝန်ခံကြခြင်းသည်ကား အဘယ်သို့သော အရိယာများဖြစ်ကြ၍ အဘယ်ရည်ရွယ်ချက် အဘယ်သဘောဖြင့် ကျေညာဝန်ခံကြခြင်း ဖြစ်ကြလေသနည်း" ဟု တွေးတောစဉ်းစားဘွယ်ပင် ဖြစ်လေသည်။

---

## ပစ္စည်းလေးပါးကို မှီ၍ဟန်ဖြင့် ကုဟနဖြစ်စေပုံ

ဤသို့လျှင် နှိုင်းယှဉ်ကြောင်းဖြစ်သော အတြိစ္ဆပုဂ္ဂိုလ်စသည်တို့နှင့် တကွ အကျယ် ဖေါ်ပြအပ်သော စကားအစဉ်ဖြင့် ပါပိစ္ဆပုဂ္ဂိုလ်ကို ထင်ရှားစွာ သိမြင်အပ်ပြီးဖြစ်သောကြောင့် ယခုအခါ ထိုပါပိစ္ဆပုဂ္ဂိုလ်၏ ပြုမူကျင့်ကြံပုံဟု ဆိုအပ်သော ကုဟနဝတ္ထု သုံးပါးတို့တွင် အထက်ပါ

ပိဘင်းပါဠိတော်အရ ပစ္စည်းလေးပါးကို မှီဝဲဟန်ဖြင့် အံ့ဩစဘွယ် ကြည်ညိုဘွယ်ကို ဖြစ်စေခြင်းဟုဆိုအပ်သော ပဌမကုဟနဝတ္ထုကို ဆက်လက်ဖော်ပြပါမည်။

ထိုပါဠိ၌ ရဟန်း၏ ပစ္စည်းလေးပါးကို မှီဝဲဟန်ဖြင့် အံ့ဩစဘွယ် ကြည်ညိုဘွယ် ဖြစ်စေပုံကို “ကတမံ ပစ္စယပဋိသေဝနသင်္ခါတံ ကုဟနဝတ္ထု”အစရှိသည်ဖြင့် မဟာနိဒ္ဒေသပါဠိ ပုရာဘေဒသုတ် “ပဋိလီနော” စသောဂါထာအဖွင့်၌ အကျယ်ဟောတော်မူပါသည်။

ထိုပါဠိတော်ကိုမှီ၍ သိမှတ်ဘွယ်အဓိပ္ပါယ်မှာ ဤသာသနာတော်၌ ယုတ်မာသော အလိုဆိုးရှိသော ရဟန်းကို ဒါယကာတို့သည် ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပင့်ဘိတ်လာကြကုန်၏။ ထိုအခါ ရဟန်းသည် ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ အလိုရှိပါလျက် ထို့ထက်အလွန်များမြတ်သော ပစ္စည်းလေးပါးကို တပ်မက်လိုလားသော လောဘကို အကြောင်းပြု၍“ဈေးထိုက်အဘိုးတန်သောသင်္ကန်းဖြင့်ရဟန်းအားအဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းမည်သည် သုသာန်သင်္ချိုင်းမှ၎င်း အမှိုက်ပုံမှ၎င်း ဈေးကြိုဈေးကြားမှ၎င်း အဝတ်စပုဆိုးပိုင်းတို့ကို ကောက်ယူ၍ သင်္ကန်းပြုလုပ်ဝတ်ရုံရာ၏။ ထိုသို့သော ပံသုကူသင်္ကန်းကို ဝတ်ရုံခြင်းသည်သာ ရဟန်းအား သင့်လျော်လျောက်ပတ် ကောင်းမြတ်၏” ဟုဆို၍ ပင့်ဘိတ်လှူလာသော သင်္ကန်းကိုပယ်၏။

ထို့အတူ “ဈေးထိုက်အဘိုးတန်သော ဆွမ်းဖြင့် ရဟန်းအား အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းမည်သည် သလုံးမြင်းခေါင်းကို အားကိုးရင်းနှီး၍ သပိတ်ပိုက်ကာ ဆွမ်းကိုရှာသဖြင့် အသက်မွေးမှုကို ပြုရာ၏။ ထိုပိဏ္ဍိယာလောပ ဘောဇဉ်ဟုဆိုအပ်သော ခံဆွမ်းသည်သာလျှင် ရဟန်းအား သင့်လျော်လျောက်ပတ် ကောင်းမြတ်၏”ဟုဆို၍ လှူဒါန်းပင့်ဘိတ်လာသောဆွမ်းကို ပယ်လေသည်။

“ကြေးငွေဥစ္စာ ကုန်ကျ၍ အဘိုးတန်သောကျောင်းဖြင့် ရဟန်းအား အဘယ်အကျိုးရှိအံ့နည်း? ရဟန်းသည် သစ်ပင်ရင်း ဝါးချုံအောက်၌ နေလေ့ရှိသည်၎င်း၊ လွင်တီးကွင်းပြင်၌ နေလေ့ရှိသည်၎င်း ဖြစ်ရာ၏။ ဤသို့ သစ်ပင်ရင်း ဝါးချုံအောက်၌ နေလေ့ရှိခြင်းသည်သာလျှင် သင့်လျော်လျောက်ပတ် ကောင်းမြတ်၏” ဟု ဆို၍ ဘိတ်လာလှူလာသော ကျောင်းကိုပယ်၏။

ရဟန်းအား အဘိုးထိုက်တန်သောဆေးဖြင့် အဘယ်အကျိုးရှိအံ့နည်း? ရဟန်းမည်သည် နွားကျင်ငယ်ရည်ဖြင့်၎င်း၊ ဖန်းခါးသီးဖြင့်၎င်း ဆေးကို အကြင်ပြုလုပ်ရာ၏။ ဤသို့ နွားကျင်ငယ်ရေည် ဖန်းခါးသီးကို ဆေးဝါးပြု၍ သုံးဆောင်ခြင်းသည်သာလျှင် သင့်လျော်လျောက်ပတ်ကောင်းမြတ်၏" ဟုဆို၍ ဘိတ်လာလှူလာသော ဆေးကိုပယ်၏ ထိုသို့ မိမိပယ်ခြင်း ဆိုခြင်းကို အစွဲပြု၍ ကြမ်းတန်းသော သက်န်းအစရှိသော ပစ္စည်းလေးပါးကို သုံးဆောင်၏။

ထိုအခါ ဒါယကာတို့သည် "ဤရဟန်းကား အလိုလောဘ နည်းပါးလှ၏ ရောင့်ရဲလွယ်၏ ကာယဝိဝေက စိတ္တဝိဝေကကို အလိုရှိ၏ ဒါယကာတို့နှင့် မရောနှော အားထုတ်အပ်သော လုံ့လဝီရိယရှိ၏၊ ဓုတင်ဆောင်ခြင်း၌ အကျိုးကျေးဇူးကို ဟောတတ်၏" ဟု အောက်မေ့မှတ်ထင် သိမြင်ကြကုန်၏ ထိုသို့ အောက်မေ့မှတ်ထင် သိမြင်ကြကုန်သောကြောင့် သက်န်း ဆွမ်းစသော ပစ္စည်းလေးပါးတို့ဖြင့် အလွန်အကျူး အထူးများပြားစွာ ပင့်ဘိတ်လှူဒါန်းကြလေကုန်၏။

ထိုအခါ ပါပိစ္ဆရဟန်းသည် "အို ဒါယကာတို့ သဒ္ဓါတရား လှူဘွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်တို့၏ မျက်မှောက်ထင်ရှား ရှိခြင်းကြောင့်သာလျှင် သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားသည် များစွာသော အကျိုးထူးတရားကို ပွားများရရှိနိုင်၏ အသင်တို့အား သဒ္ဓါတရားနှင့် လှူဘွယ်ဝတ္ထုသည် ထင်ရှားရှိ၏။ ငါသည်လည်း အလှူခံပုဂ္ဂိုလ်ဖြစ်၏ သင်တို့၏ လှူဘွယ်ဝတ္ထုကို အကယ်၍ ငါမခံယူသည်ရှိသော် သင်တို့သည် ကောင်းမှုကုသိုလ်တရားမှ ဆုံးပါးလျောကျ အပဖြစ်ကုန်လတံ့ စင်စစ်သော်ကား ဤအလှူဝတ္ထုဖြင့် အလိုမရှိ (ငါသည် ဤအလှူဝတ္ထုကို အလိုမရှိ) ထိုသို့ပင် အလိုမရှိပါသော်လည်း သင်တို့အား သနားငဲ့ညှာသဖြင့် ငါအလှူခံပါအံ့" ဟု ဆိုလေသည်၊ ထိုသို့ဆိုသည်ကို အစွဲပြု၍ မိမိစကားအားလျော်စွာ များစွာသော သက်န်း,ဆွမ်း,ကျောင်း,ဆေးတို့ကို ခံယူလေ၏။

ဤသို့သဘောရှိသော အကြင်မျက်မှောင်တရှုံ့ရှုံ့ ပြုခြင်းသည် အကြင်မျက်မှောင်တရှုံ့ရှုံ့ ပြုလေ့ရှိသောသူ၏ အဖြစ်သည် အကြင်အံ့သြစေခြင်းသည် အကြင်အံ့သြခြင်းကိုဖြစ်စေသော အခြင်းအရာသည် အကြင်အံ့သြစေသောသူ၏ အဖြစ်သည်ရှိ၏။ ဤအလုံးစုံသောအကျင့် အပြုအမူကို ပစ္စည်းလေးပါးကို မှီဝဲဟန်ဖြင့် ကြည်ညိုစဘွယ် အံ့သြဘွယ်ကို ဖြစ်စေခြင်းဟုဆိုအပ်သော ရှေးဦးစွာ ပြအပ်သော ပစ္စယပဋိသေဝနကုဟနဝတ္ထုမည်၏။

မျက်မှောင် တရှုံ့ရှုံ့ ပြုခြင်းဟူသည်မှာ ထိုပါဠိစွပ်ပုဂ္ဂိုလ်၏ အရိယာယောင် ဟန်ဆောင်ပြုလုပ် အတုရုပ်ကို အဟုတ်ထင်မှတ်အောင် မှင်သတ်၍ သရုပ်ဆောင်ခြင်းပင် ဖြစ်လေသည် "မျက်မှောင်တရှုံ့ရှုံ့"ဟု ဆိုလျှင် ဤအဓိပ္ပါယ်အတိုင်းသာ မှတ်ယူပါလေ။

မဂ်္ဂဖိုလ်၏ အနီးအနားဖြစ်သော စကားကိုပြောဆိုခြင်းဖြင့် ကြည်ညို အံ့ဩဘွယ်ကို ဖြစ်စေခြင်းဟု ဆိုအပ်သော နှစ်ခုမြောက် ကုဟနဝတ္ထုကို ဖြစ်စေပုံမှာ ဤလောက၌ အချို့သော ရဟန်းသည် ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ ယုတ်မာသောအလိုဆိုးသည် သမ္ဘာအာဇီဝမှ ကင်းသည်ကို ပြုအပ်သည်ဖြစ်၍ ချီးမွမ်းအံ့ဩခြင်းကို အလိုရှိသည်ဖြစ်၍ "ငါသည် ဤသို့ပြောဆိုလျှင် လူအပေါင်း သည် ငါ့ကိုချီးမွမ်းအံ့ဩလတ္တံ့"ဟု ကြံစည်အောက်မေ့ပြီးလျှင် မိမိကိုယ်ကို ရည်ညွှန်း၍ ဤသို့ သဘောရှိသော သင်္ကန်းကို (ဤသင်္ကန်းမျိုးကို ဝတ်ရုံသောရဟန်းသည်) တန်ခိုးကြီး၏၊ ဤသပိတ်မျိုးကို ဤကြေးခွက်မျိုးကို ဤဓမ္မကရိဏ်မျိုးကို ဤရေစစ်မျိုးကို ဤသံကောက်မျိုးကို ဤခါးပန်းမျိုးကို ဤဘိနပ်မျိုးကို ဆောင်သော ရဟန်းသည် တန်ခိုးကြီး၏"ဟု ပြော၏။

မိမိကိုရည်ညွှန်း၍ "အကြင်ရဟန်း၏ ဥပဇ္ဈာယ်သည် ဆရာသည် တူသော ဥပဇ္ဈာယ်ရှိသောသူသည် တူသောဆရာရှိသောသူသည် အဆွေ ခင်ပွန်းသည် အဖော်သဟာယ်သည် ဤသို့သော သဘောရှိ၏၊ ထိုရဟန်း သည် တန်ခိုးကြီး၏"ဟု ပြောဆိုလေ၏။ အကြင်ရဟန်းသည် "ဤသို့ သဘောရှိသော နှစ်ဘက်ရပ်မိုးကျောင်း တဘက်ရပ်မိုးကျောင်း စသည်၌ သစ်ပင်ရင်းစသည်၌နေ၏။ ထိုရဟန်းသည် တန်ခိုးကြီး၏"ဟု ပြောဆို လေ၏။

တနည်းသော်ကား ဤလောက၌အချို့သောရဟန်းသည် စက်ဆုတ် အပ်သော မြူအညစ်အကြေးနှင့်တူသော မကောင်းသော အလိုလောဘ ဖြင့် ကိုယ်နှုတ်ကို အကျိုးမဲ့လွန်စွာ နှိပ်ကွပ်စောင့်စည်းခြင်း ရှိသည်ဖြစ်၍ မျက်မှောင်တရှုံ့ရှုံ့ ရှိသည်ဖြစ်၍၊ ဝါ၊ စက္ခုန္ဒြေချ၍ အလွန်မှိန်လေ ယောင် မျက်မှောင်ကုတ်ခြင်း ရှိသည်ဖြစ်၍ အလွန်အံ့ဩဘွယ်ကို ဖြစ်စေ သည်ဖြစ်၍ လွန်လွန်ကဲကဲ အပြောကြီးသည်ဖြစ်၍ မိမိ၏နှုတ်ထွက်စကား ဖြင့် သူတပါးက ချီးမွမ်းစေသည်ဖြစ်၍ "ဤရဟန်းသည် ဤသို့သဘော ရှိကုန်သော ငြိမ်သက်ကုန်သော သမာပတ်တို့ကို ရလေ့ရှိ၏"ဟု ထိုသို့

သဘောရှိသော နက်နဲသော လျှို့ဝှက်အပ်သော သိမ်မွေ့သော ဖုံးလွှမ်းအပ်သော လောကုတ္တရာဖြစ်သော သုညတနှင့်စပ်သော စကားကို ပြောဆိုလေ၏။

ဤသို့သဘောရှိသော အကြောင်းမျက်မှောင်တရှုံ့ရှုံ့ ပြုခြင်းသည် အကြောင်းမျက်မှောင်တရှုံ့ရှုံ့ ပြုလေ့ရှိသောသူ၏ အဖြစ်သည် အကြောင်းအံ့သြစေခြင်းသည် အကြောင်းအံ့သြစေသော အခြင်းအရာသည် အကြောင်းအံ့သြစေသောသူ၏အဖြစ်သည်ရှိ၏၊ ဤအလုံးစုံကို ဈာန်မဂ်ဖိုလ်၏ အနီးအနားဖြစ်သော စကားကို ပြောဆိုခြင်းဖြင့် အံ့သြကြည်ညိုဘွယ်ကို ဖြစ်စေခြင်းဟု ဆိုအပ်သော "သာမန္တဇပ္ပနကုဟနဝတ္ထု" ဟူ၍ဆိုအပ်၏။

ဣရိယာပုထ်ကို စောင့်ချုပ်ဆောက်တည်ခြင်းဖြင့် အံ့သြကြည်ညိုဘွယ်ကို ဖြစ်စေခြင်းဟု ဆိုအပ်သော တတိယမြောက် ကုဟနဝတ္ထုကို ဖြစ်စေပုံမှာ ဤလောက၌အချို့သောရဟန်းသည် ယုတ်မာသောအလိုဆိုးရှိသည်ဖြစ်၍ ဤယုတ်မာသောအလိုဆိုးသည် သမ္ဘာအာဇီဝမှ ကင်းစေအပ်သည်ဖြစ်၍ ချီးမွမ်းအံ့သြခြင်းကို အလိုရှိသည်ဖြစ်၍ "ငါသည် ဤသို့ပြုလုပ်သည်ရှိသော် လူအပေါင်းသည် ငါ့ကို ချီးမွမ်းအံ့သြလတ္တံ့" ဟု ကြံစည်အောက်မေ့၍ တရားထူးကို ရသောသူ၏ သွားခြင်း ထိုင်ခြင်း အိပ်ခြင်းကဲ့သို့ မိမိ၏သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းကို အရိုအသေ သိမ်းဆည်း ပြုပြင်သိမ်းထား၏။ ဝါ၊ သတိသမ္ပဇဉ်မကင်းဘဲ သွားလေယောင် ရပ်လေယောင် ထိုင်လေယောင် အိပ်လေယောင်ဟန်ဆောင်၏၊ ရဟန္တာဟု ငါ့ကို အများသိစေသောဟု စိတ်ကိုဆောက်တည်တောင့်တ၍ သွား၏။ ထို့အတူရပ်၏၊ ထိုင်၏၊ အိပ်၏၊ လူအများအား ထင်မြင်ကောင်းရာ အရပ်၌ ဈာန်ဝင်စားသကဲ့သို့ မှိန်မှိန်ရှု၍လည်းနေ၏။

ဤသို့သဘောရှိသော အကြောင်းဣရိယာပုထ်ကို ရှေးဦးစွာထားခြင်း အရိုအသေထားခြင်းသည် အကြောင်းမျက်မှောင်တရှုံ့ရှုံ့ ပြုခြင်းသည် အကြောင်းမျက်မှောင်တရှုံ့ရှုံ့ ပြုသောသူ၏အဖြစ်သည် အကြောင်းအံ့သြစေခြင်းသည် အကြောင်းအံ့သြစေသော အခြင်းအရာသည် အကြောင်းအံ့သြစေသောသူ၏ အဖြစ်သည်ရှိ၏၊ ဤအလုံးစုံကို ဣရိယာပုထ်ကို စောင့်ချုပ်ဆောက်တည်ခြင်းဖြင့် အံ့သြကြည်ညိုဘွယ်ကို ဖြစ်စေခြင်းဟု ဆိုအပ်သော တတိယမြောက်သော ဣရိယာပထကုဟနဝတ္ထုဟူ၍ ဆိုအပ်၏။

## အတိသန္တ သူတော်လွန်

ဤသို့ ပြဆိုခဲ့သည့်အတိုင်း ပစ္စည်းလေးပါး၌ အလွန်အလိုနည်းသော ယောင် အရိယာဟန်ဆောင်တတ် မိမိကို အရိယာထင်အောင် ပရိယာယ် အားဖြင့် နှုးတတ်ပြောဆိုတတ် ဣရိယာပုထ်ကို ထိန်းချုပ်ဆောက်တည် တတ် အရိယာအယောင် ဟန်ဆောင်ပြုလုပ် မျက်မှောင်ကြုပ်၍ အဟုတ် ထင်မှတ်အောင် မှင်သတ်ပြုမူတတ်သော အရိယာတုကို ပါဠိအဋ္ဌကထာတို့၌ "အတိသန္တ"ဟူ၍လည်း ခေါ်ဆိုကြသေးသည်။

**အခိပ္ပါယ်မှာ**— ပျားရည်ထက်လွန်၍ ချိုသော ပျားရည်သည် ထန်းလျက်စသည် ရောနှောထားရသောကြောင့် ပျားရည်စစ်မဟုတ် ဟူသကဲ့သို့ သူတော် ကောင်း ရိုးရိုး၏ စံချိန်ထက်လွန်၍ ထူးချွန်ကာ ဆင့်လောင်းအပိုတွေ ရောပေါင်းသည့် သူတော်ကောင်းဖြစ်ပါလျှင်လည်း သူတော်ကောင်း အစစ်မဟုတ် သူတော်လွန်ဟူလို။

ထို့ကြောင့် "အတိသန္တေဝိ နာသ္မသေ"ဟူသောပုဒ်ကို ဖွင့်ဆိုရာ ကုဏ္ဍုန္နဇာတ်အဋ္ဌကထာ၌—

အတိသန္တေတိ အန္တော ဥပသမေ အဝိဇ္ဇမာနေယေဝ စ ဗဟိ ဥပသမဒဿနေန အတိသန္တေ ဝိယ ပဋိစ္ဆန္နကမ္မန္တေဝိ ဗိလပဋိစ္ဆန္န- အာသီဝိသသဒိသေ ကုဟကပုဂ္ဂလေ"ဟု ဖွင့်ဆိုတော် မူလေသည်။

**အနက်**— အတိသန္တေတိ၊ အတိသန္တေဟူသည်ကား။ အန္တော၊ ကိုယ်စိတ်တွင်း၌။ ဥပသမေ၊ ကိလေသာဒုစရိုက်တို့၏ ငြိမ်းအေးခြင်းသည်။ အဝိဇ္ဇမာနေယေဝ စ၊ ထင်ရှားမရှိတဲလျက်လည်း။ ဗဟိ၊ အပြင်ဘန်းပြ အပြင်ပ၌။ ဥပသမဒဿနေန၊ ငြိမ်းအေးလေယောင် ဟန်ဆောင်မြင်ကွင်း ရှုံးပြခြင်းဖြင့်။ အတိသန္တေ ဝိယ၊ အလွန်ငြိမ်းအေးသကဲ့သို့သော။ ပဋိစ္ဆန္န- ကမ္မန္တေ၊ လူမသိအောင် ဟန်ဆောင်ထိန်းချုပ်၍ ဖုံးအုပ်လျှို့ဝှက်အပ်သော မကောင်းမှုရှိသော။ ဗိလပဋိစ္ဆန္နအာသီဝိသသဒိသေ၊ တွင်းခေါင်းဖြင့် ဖုံးလွှမ်းအပ်သော ပြင်းသောအဆိပ်ရှိသော မြွေပွေး, မြွေဟောက်နှင့်တူ သော။ ကုဟကပုဂ္ဂလေဝိ၊ အံ့ဩကြည်ညိုဘွယ်ကို ပြုတတ်သော ကုဟက ပုဂ္ဂိုလ်၌လည်း။ နာသ္မသေ၊ မဆင်ခြင်အား အထင်မှား၍ လေးစား သက်ဝင် လွန်ချစ်ခင်လျက် ကျွမ်းဝင်ဘယ်ခါ မပြုရာ။

ဤဇာတ်ပါဠိတော်၌ "အဘိသန္တေဝ နာသ္မသေ၊ သူတော်လွန်၌ လည်း အကျွမ်းတဝင် မပြုရာ"ဟု ဟောတော်မူသဖြင့် ဤသူတော်လွန်ကို အထူးသတိပြု၍ ရှောင်ရှားသင့်လေသည်၊ ဤသူတော်လွန်ကို အသိအမြင် အဆင်ခြင်နည်းပါး ယုံကြည်လွယ်သော သဒ္ဓါသမားတို့သည် အများ အားဖြင့် တွေ့ကြုံဆည်းကပ်၍ ကြည်ညိုကိုးကွယ်ရတတ်လေသည်၊ ပညာ နည်းပါး ယုံလွယ်မှုသဒ္ဓါများလျှင် တရားမမှန် ဘောက်ပြန်ဖျက်စီး အချည်းနှီး၌၊ ဝါ၊ သူတော်လွန်တို့၌ သက်ဝင်ကြည်ညိုတတ်ခြင်း သဒ္ဓါ နည်းပါး ပညာများလျှင် တရားမမှန် မိစ္ဆာဉာဏ်ဖြင့် ဘောက်ပြန်စဉ်းလဲ အယူလွဲတတ်ခြင်းသည် ဓမ္မတာအလေ့အထ သဘာဝပင်ဖြစ်ပါသည်၊ ထို့ကြောင့် မူလပဏ္ဏာသအဋ္ဌကထာ သတိပဋ္ဌာနသုတ်အဖွင့်၌ အောက်ပါ အတိုင်း မိန့်တော်မူလေသည်။

"ဗလဝသဒ္ဓေါ ဟိ မန္ဒပညော မုဓာပသန္နော ဟောတိ၊ အဝတ္ထုသ္မိံ ပသီဒတိ၊ ဗလဝပညော မန္ဒသဒ္ဓေါ ကေရာဋိကပက္ခံ ဘဇတိ၊ ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ၊ စိတ္တုပ္ပါဒမတ္တေနေဝ ကုသလံ ဟောတီတိ အတိဓာဝိတွာ ဒါနာဒီနိ အကရောန္တော နိရယေ ဥပ္ပဇ္ဇတိ"။

ဝိသုဒ္ဓိမဂ် သမ္မောဝိနောဒနီ စသော အဋ္ဌကထာတို့၌လည်း အတူပင်။

အနက်—ဟိ-သစ္စံ၊ မှန်၏။ ဗလဝသဒ္ဓေါ၊ များသော သဒ္ဓါတရား ရှိသူသည်။ မန္ဒပညော၊ နည်းသော ပညာရှိသည်ဖြစ်၍။ မုဓာပသန္နော၊ အချည်းနှီး၌ ကြည်ညိုသည်။ ဟောတိ၊ ဖြစ်၏။ အဝတ္ထုသ္မိံ၊ အရာမဟုတ် သည်၌။ ပသီဒတိ၊ ကြည်ညို၏။ ဗလဝပညော၊ များလွန်းသော ပညာ ရှိသောသူသည်။ မန္ဒသဒ္ဓေါ၊ နည်းသော သဒ္ဓါရှိသည်ဖြစ်၍။ ကေရာဋိက-ပက္ခံ၊ စဉ်းလဲသောအဘို့သို့။ ဘဇတိ၊ ကပ်ရောက်၏။ ဘေသဇ္ဇသမုဋ္ဌိတော၊ ဆေးကြောင့်ဖြစ်သော။ ရောဂေါ ဝိယ၊ ရောဂါကဲ့သို့။ အတေကိစ္ဆော၊ မကုစားနိုင်ကောင်းသည်။ ဟောတိ၊ ဖြစ်၏။ စိတ္တုပ္ပါဒမတ္တေနေဝ၊ စိတ္တုပ္ပါဒ်မျှဖြင့်သာလျှင်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အတိဓာဝိတွာ၊ အလွန်ကြီးစည်ပြေးသွား ဉာဏ်နီ ဉာဏ်နက် များ၍။ ဒါနာဒီနိ၊ ဒါန သီလစသည်တို့ကို။ အကရောန္တော၊ မပြုသည် ဖြစ်၍။ နိရယေ၊ ငရဲ၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**အဓိပ္ပါယ်မှာ** — သဒ္ဓါတရားအားကြီး၍ အလွန်ယုံကြည်တတ်သူသည် အဆင်အခြင်ပညာ လျော့ပါးသဖြင့် မစဉ်းစားနိုင်တော့ဘဲ အချည်းနှီးအလကား၌ ကြည်ညိုသက်ဝင်တတ်လေသည်။ ပညာအားကြီးလွန်းသောသူသည်လည်း ယုံကြည်မှုသဒ္ဓါတရား လျော့ပါး၍ ဉာဏ်နီဉာဏ်နက်ပွားများလာသဖြင့် ကောက်ကျစ်စဉ်းလဲ အယူလွဲတတ်လေသည်။ ထိုသို့ ပညာလွန်များ အတွေးမှားသဖြင့် ပျက်ပြားဘောက်ပြန်သောအယူရှိသောသူသည် သင့်သောဆေးပင်ဖြစ်သော်လည်း ဆေးစားလွန်၍ ဘောက်ပြန်တိုးပွားလာသော ရောဂါကို ဆရာနောက်ဆက် ကုနိုင်ခက်သကဲ့သို့ ပညာလွန်များ အတွေးမှားသဖြင့် ပျက်ပြားဘောက်ပြန်သော အယူရှိသောသူကိုလည်း အရိဋ္ဌရဟန်းကိုကဲ့သို့ ဘုရားရှင်မင် ပြုပြင်ကယ်တင်ခြင်းငှါ မစွမ်းနိုင်ဖြစ်ရတတ်လေသည်၊ နောက်ဆုံး၌ အလှူဝတ္ထုမပေါ စိတ်ကူးကြံစည်ကာမျှဖြင့် ဒါနကုသိုလ် ဖြစ်နိုင်သည် ဒါနသီလ သံသရာရှည်သည်စသည်ဖြင့် စွဲလမ်းယူမှားလျက် ဒါနသီလစသည်ကို မပြုမလုပ်တော့ခြင်းကြောင့် အပါယ်ငရဲသို့ မလွဲတမ်းကျရောက်တတ်လေသည်။

ဤအဓိပ္ပါယ်ကို ရည်မှန်း၍ အောက်ပါအတိုင်း မဃဒေဝလင်္ကာသစ်၌ ရေးစပ်ဖွဲ့ဆိုလျက် ရှိလေသည်။

"ပညာအားနည်း၊ သဒ္ဓါသည်းက၊ အရည်းမည်ကာ၊ ယူမိစ္ဆာနှိုက်၊ သဒ္ဓါလေးမြတ်၊ ဆည်းကပ်တတ်၏၊ ငရဲခတ်အရာ၊ မလိမ္မာဘဲ၊ သဒ္ဓါနုန့်နဲ၊ ပညာကဲလည်း၊ အလွဲပြေးဝင်၊ အမြင်ယွင်း၍၊ တိမ်းပါးကြလျက်၊ မီးပြသမား၊ တွင်းကျွံမှားသို့၊ ဆယ်ပါးကောင်းမှု၊ လှူဝတ္ထုကို၊ စွန့်ပြုမလွတ်၊ စိတ္တုပ္ပါဒ်မျှ၊ ဒါနအလှူ၊ မြောက်သောဟူ၍၊ အယူဘောက်လွဲ၊ မိစ္ဆာစွဲ၏၊ လိပ်ခဲပမာ၊ မြဲမြံစွာလျက်၊ သတ္တဝါတယောက်၊ ယူမှားမှောက်ကို၊ သိန်းလောက်ဘုရား၊ လှန်သောအားဖြင့်၊ ဟောကြားချေချွတ်၊ ဖြေမလွတ်ဘူး၊ အကျွတ်မရ၊ နိယတဖြင့်၊ ဝါဒအလို၊ မြေကြီးမျိုလည်း၊ ယူကိုစွန့်ဘဲ၊ အကျင့်လွဲ၍။ ။ငရဲခံလိမ့်မည်သောကြောင့်"။

ဆက်လက်ရေးသားပါဦးမည် အရိယာယောင်ဟန်ဆောင်ညာဖြန်းမိမိ၏အကျင့်ယုတ်ကို အထူးကြိုးစားကာ ဖုံးလွှမ်းခြင်းကြောင့် အလွန်အသိခက်သော ဤ အတိသန္တ၊သူတော်လွန်ကို မဆိုထားဘိ သာမန်

ရိုးရိုးအားဖြင့် သီလရှိ,မရှိ သူတော်ကောင်း,မကောင်းကိုပင် တအောင့် တခဏ တွေ့ဆုံ၍ အကဲခတ်ကာမျှဖြင့် သုတနည်းပါး လူနုံလူညံ့များတို့ ထင်ရှားဆုံးဖြတ် သိမြင်နိုင်သည်မဟုတ် ကြာမြင့်စွာ ပေါင်းသင်းနေထိုင်၍ ထက်မြက်သောပညာ များစွာသောဗဟုသုတတို့ဖြင့် နေ့ညမလပ် အကဲ ခတ်မှသာ ဆုံးဖြတ်သိမြင်နိုင်ပါသည်၊ ထို့ကြောင့် စတုက္ကင်္ဂုတ္တရပါဠိတော်၌ "သံဝါသေန ဘိက္ခဝေ သီလံ ဝေဒိတဗ္ဗံ တဉ္စ ခေါ ဒီဃေန အဒ္ဓုနာ န ဣတ္တရံ၊ မနသိကရောတာ၊ နော အမနသိကရောတာ၊ ပညာဝတာ နော ဒုပ္ပညေန"ဟူ၍ ဟောတော်မူပါသည်။

အထူးသဖြင့် လူဒါယကာများမှာ အိမ်ထောင်စီးပွား ဇနီးများနှင့် သွီးသားစသည်တို့၌ စွဲလမ်းချစ်ခင်ခြင်း ဂေဟသိတရာဂ၊ စိုးရိမ်ကြောင့် ကြခြင်းသောကဗျာပါရတို့ကြောင့် ပြစ်ပြု မြူမှုင် မကြည်လင်သောစိတ်တို့ ဖြင့် သူတော်စစ် သူတော်သွန် သီလဝန် သီလပျက် သိနိုင်ရန်အလွန် ခက်သည်ဟု ဒါရုကမ္မိကသူကြွယ်အား အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

"ဒုဇ္ဇာနံ ခေါ တံ ဂဟပတိ တယာ ဂိဟိနာ ကာမဘောဂိနာ
ပုတ္တသမ္ဗာဓသယနံ အဇ္ဈာဝသန္တေန ကာသိကစန္ဒနံ ပစ္စနုဘောန္တေန
မာလာဂန္ဓဝိလေပနံ ဓာရယန္တေန ဇာတရူပရဇတံ သာဒိယန္တေန
ဣမေ ဝါ အရဟန္တော ဣမေ ဝါ အရဟတ္တမဂ္ဂံ သမာပန္နာတိ"။

အနက်–ဂဟပတိ၊ အိုသူကြွယ်။ ကာမဘောဂိနာ၊ ကာမဂုဏ်ကို ခံစားသော။ ပုတ္တသမ္ဗာဓသယနံ၊ မယားဇနီး သားသွီးတို့ဖြင့် ကြပ်တည်း ကျဉ်းမြောင်းသော အိပ်ရာကို။ အဇ္ဈာဝသန္တေန၊ စိုးအုပ်၍နေသော။ ကာသိကစန္ဒနံ၊ နူးညံ့သော စန္ဒကူးကို၊ ပစ္စနုဘောန္တေန၊ သုံးဆောင်သော။ မာလာဂန္ဓဝိလေပနံ၊ ပန်း, နံ့သာ, နံ့သာပြောင်းကို။ ဓာရယန္တေန၊ ဆောင်သော။ ဇာတရူပရဇတံ၊ ရွှေငွေကို။ သာဒိယန္တေန၊ သာယာသော။ ဂိဟိနာ၊ လူသားဖြစ်သော။ တယာ၊ သင်သည်။ ဣမေ၊ ဤရဟန်းတို့သည်။ အရဟန္တော ဝါ၊ ရဟန္တာတို့ဟူ၍၎င်း။ ဣမေ၊ ဤရဟန်းတို့သည်။ အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်သို့။ ဝါ၊ အရဟတ္တမင်္ဂကို။ သမာပန္နာ ဝါ၊ ရောက်ရန်ကျင့်ကုန်သူတို့ဟူ၍၎င်း။ ဝါ၊ ကျင့်သောသူတို့ဟူ၍၎င်း။ ဣတိ၊ ဤသို့။ တံ၊ ထိုရဟန္တာနှင့် ရဟန္တာဖြစ်ရန် ကျင့်သူကို။ ဒုဇ္ဇာနံ ခေါ၊ သိနိုင်ခက်သည်သာလျှင်တည်း။

ဤသို့ လူဒါယကာတို့သည် ရဟန်းသူတော်ကောင်း ဟုတ်,မဟုတ်ကို အလွန်သိနိုင်ခက်သည်ဟူသော အဆုံးအမစကားတော်ကို ခိုင်မြဲစေရန် သဘာဝပြသော အနေအားဖြင့် "ရွာကျောင်း၌နေသော ရဟန်း ပင့်ဆွမ်း ပို့ဆွမ်းကို မှီဝဲသောရဟန်း လူဒါယကာတို့သင်္ကန်းကို မှီဝဲသောရဟန်း တို့သည် အချို့ သိက္ခာသုံးပါး ကောင်းစွာဖြည့်ကျင့်ကြသော သူတော်ကောင်းများဖြစ်၍ အချို့ မဖြည့်ကျင့်သော ဒုဿီလများ ဖြစ်ကြသည့် နည်းတူ တောနေရဟန်း ပိဏ္ဍပါတ်ဓူတင်ဆောင်သောရဟန်း ပံသုကူ ဓူတင်ဆောင်သောရဟန်းတို့သည်လည်း အချို့ သိက္ခာသုံးပါးကို ကောင်းစွာဖြည့်ကျင့်ကြသော သူတော်ကောင်းများဖြစ်၍ အချို့ မဖြည့်မကျင့်ကြသော ဒုဿီလများဖြစ်ကြသည်ကို "အာရညိကော စေပိ ဂဟပတိ ဘိက္ခု ဟောတိ ဥဒ္ဓတော" စသည်ဖြင့် ဟောတော်မူပြီးလျှင် နိဂုံးချုပ်အနေအားဖြင့်လည်း ထိုသို့ဓူတင်ဆောင် မဆောင်စသည့် နှစ်မျိုးစလုံး၌ပင် သီလရှိ,မရှိ နှစ်မျိုးစလုံး ပါဝင်နိုင်သောကြောင့် အလွန်အသိခက်သည် ဖြစ်ရကား "အပေါ်ယံဘန်းပြကိုသာ အမှီပြု၍ ဝေဘန်ဆုံးဖြတ်ခြင်းဖြင့် ပုဂ္ဂိုလ်စွဲကို ကြည်ညိုကိုးကွယ်ခြင်းမပြုဘဲ မဂ္ဂဉာဏ်, ဖလဉာဏ် ရှစ်တန်ထေရ်ကျော် သံဃာတော်ကို ရည်ရော်ရှုသ်မှန်း၍ လှူဒါန်းကိုးကွယ်ခြင်းကို ပြုလေလော့"ဟု သြဝါဒစကားဖြင့် ဟောကြားဆုံးမတော်မူခြင်းငှါ အောက်ပါအတိုင်း ဆက်လက်မိန့်ကြားတော်မူလေသည်။

"ဣင်္ဃ တွံ ဂဟပတိ သံဃေ ဒါနံ ဒေဟိ၊ သံဃေ တေ ဒါနံ ဒဒတော စိတ္တံ ပသီဒိဿတိ၊ သော တွံ ပသန္နစိတ္တော ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿသိ"။

လပနာ—ပြန်လည်ဆက်လက်ရေးသားပါဦးမည် "ယာ ပန အာဇီဝဟေတု ပညတ္တာနံ"အစရှိသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဌ်၌ "ကုဟနာ" ဟူသောပုဒ်၏ အနက်အဓိပ္ပါယ်ကို ပြဆိုသည်၏အခြားမဲ့၌ ပြဆိုအပ်သော "လပနာ"ဟူသောပုဒ်၏ အနက်အဓိပ္ပါယ်ကို ပြဆိုခြင်းငှါ အောက်ပါ ဝိဘင်းပါဠိတော်ကို အဋ္ဌကထာဆရာ ထုတ်ပြကိုးကားတော်မူပါသည်။

"တတ္ထ ကတမာ လပနာ၊ လာဘသက္ကာရသိလောကသန္နိဿိတဿ ပါပိစ္ဆဿ ဣစ္ဆာပကတဿ ယာ ပရေသံ အာလပနာ လပနာ သလ္လပနာ ဥလ္လပနာ သမုလ္လပနာ ဥန္နဟနာ သမုန္နဟနာ ဥက္ကာစနာ သမုက္ကာစနာ အနုပ္ပိယဘာဏိတာ စာဋုကမျတာ မုဂ္ဂသူပျတာ ပါရိဘဋျတာ အယံ ဝုစ္စတိ လပနာ"။

အာလပနာ—ဤပါဠိတော်၌ "အာလပနာ"ဟူသည်မှာ ကျောင်းသို့ ဒါယကာများလာသည်ကို မြင်လျှင် "ဘာကိစ္စလာကြသလဲ အလှူပင့်ရန် လာကြသလား ထိုသို့ဖြစ်လျှင် ရှေ့ကသွားနှင့်ကြ ငါသပိတ်ယူပြီး နောက်က လိုက်ခဲ့မည်"စသည်ဖြင့်၎င်း "ငါ့ဘွဲ့ တိဿလို့ခေါ်တယ် ငါ့ကို မင်း အစိုးရများ ကြည်ညိုကြတယ် သူဌေးတွေ အမင်တွေ ကိုးကွယ်ကြတယ်" စသည်ဖြင့်၎င်း သူတပါး မပင့်မိ မမေးမိ ပြောဆိုခြင်းသည်"အာလပနာ" မည်၏။

လပနာ— "လပနာ" ဟူသည်မှာ သူတပါးက မေးသည်ရှိသော် "ငါသည် အရှင်တိဿဖြစ်၏၊ ငါ့ကို မင်းအစိုးရတို့ ကြည်ညို၏"စသည်ဖြင့် အထက်ပါအတိုင်း မိမိဂုဏ်ကိုဖေါ်၍ ပြောခြင်းသည် "လပနာ"မည်၏။

သလ္လပနာ— "သလ္လပနာ" ဟူသည်မှာ ဒါယကာတို့ ပျင်းရိငြီးငွေ့ မည်ကို စိုးသဖြင့် နားခွင့်ကိုပေး၍၊ ဝါ၊ ရယ်ဘွယ်စကားများညှင်၍ ကောင်းမွန်စွာ ပြောဆိုခြင်းသည်"သလ္လပနာ"မည်၏။

ဥလ္လပနာ—"ဥလ္လပနာ" ဟူသည်မှာ သူဌေးကြီး လှေသူကြီး အလှူ့ ရှင်ကြီး အနာထပိဏ်ကြီး ဝိသာခါစသည်ဖြင့် ဒါယကာကို မြှောက်ပင့်၍ ခေါ်ဝေါ်ပြောဆိုခြင်းသည် "ဥလ္လပနာ"မည်၏။

သမုလ္လပနာ— "သမုလ္လပနာ"ဟူသည်မှာ ဒါယကာတို့အား အစစ အရာရာ ချွင်းချက်မရှိ အလွန်မြှောက်ပင့်၍ ချီးမွမ်းပြောဆိုခြင်းသည် "သမုလ္လပနာ"မည်၏။

ဥန္နဟနာ— "ဥန္နဟနာ" ဟူသည်မှာ ဒါယကာကြီး ရှေးအခါက ဤအချိန် ဤကာလမျိုး၌ အလှူပေးနေကြဖြစ်ပါလျက် ယခု အဘယ့်ကြောင့် အလှူမပေးသနည်း"စသည်ဖြင့်"မအားသေးပါဘုရား အားလျှင်လှူပါ့မည်" စသည်ဖြင့် ဒါယကာတို့ ဝန်ခံပြောဆိုရသည့် တိုင်အောင် အဖန်ဖန် အထပ်ထပ် လှည့်ပတ်ဝဲရစ်၍ ပြောဆိုခြင်းသည် "ဥန္နဟနာ"မည်၏။

သမုန္နဟနာ—"သမုန္နဟနာ"ဟူသည်မှာ အလုံးစုံသော အတိုအားဖြင့် အမျိုးမျိုးအဖုံဖုံ အဖန်ဖန် အထပ်ထပ် ရစ်ပတ်ပြောဆိုခြင်းသည် "သမုန္နဟနာ"မည်၏။

ဥက္ကာစနာ—"ဥက္ကာစနာ"ဟူသည်မှာ "ဤဒါယကာသည် ငါ့ကိုသာ အသိအမှတ်ပြု၏၊ လှူဘွယ်တမ်းဘွယ်ရှိလျှင်လည်း ငါ့အားသာ လှူဒါန်း၏" စသည်ဖြင့် မြှောက်ပင့်၍အချင်းချင်း ထွန်းပပြောဆိုခြင်းသည်"ဥက္ကာစနာ" မည်၏။

ဤသို့ ဥက္ကာစနာအားဖြင့် ပြောဆိုပုံကို အောက်ပါဝတ္ထုဖြင့် သမ္မောအဋ္ဌကထာ၌ ဖော်ပြပါသည်။

တခါသောအခါ ရဟန်းနှစ်ပါးတို့သည် ရွာတရွာသို့ ဝင်ကြကုန်၍ နားရာစရပ်၌ ထိုင်နေကြကုန်ပြီးလျှင် အမျိုးသမီးငယ်တယောက်ကို မြင်၍ ခေါ်ကြလေကုန်၏၊ အမျိုးသမီးငယ် ရောက်လာသည်ရှိသော် ရဟန်းတပါးက စကားပြောလျှင်"ဤသူငယ်မသည် အဘယ်သူ၏ သမီးပါနည်း"ဟု မေးရာ "ငါ့ရှင် ဤအမျိုးသမီးသည် တပည့်တော်၏ အလုပ်အကျွေး ဒါယိကာမဖြစ်သော ဆီသည်မ၏ သမီးပါတည်း၊ ဤသူငယ်မ၏ မိခင်သည် တပည့်တော်အိမ်သို့ ရောက်သောအခါ ထောပတ်ကိုလှူလျှင် တအိုးလုံးဖြင့် လှူလေ့ရှိပါသည်၊ ဤသူငယ်မသည်လည်း သူ၏အမိကဲ့သို့ပင် တအိုးလုံးဖြင့် လှူတတ်ပါသည်"ဟု ပြန်လည်ပြောကြားလေသတည်း။

အနုပ္ပိယဘာဏိတာ— "အနုပ္ပိယဘာဏိတာ" ဟူသည်မှာ ဟုတ်မှန်သော သစ္စာစကားနှင့် လျော်သည်ကိုရင်း၊ တရားသဘောနှင့်၊ ဝါ၊ အဘိုင်းအရှည်နှင့် လျော်သည်ကိုရင်း မရှုမငဲ့ဘဲ သူတပါးတို့ ချစ်မြတ်နိုးဘွယ်ကိုသာလျှင် အဖန်ဖန် အထပ်ထပ် ပါးစပ်မအားအောင် ပြောဆိုခြင်းသည်၊ "အနုပ္ပိယဘာဏိတာ"မည်၏။

မှတ်သားချက်—ဝဋ္ဋုကမျတာ, မုဂ္ဂသူပျတာ, ပါရိဘဋ္ဋျတာတို့ကို အနာစာရခဏ်း၌ ပြဆိုခဲ့ပြီးဖြစ်သောကြောင့် ဤအာဇီဝခဏ်း၌ ဖော်ပြရန် မလိုတော့ပါ၊ ဤနည်းတူစွာပင် လာလတ္တံ့သော အခဏ်းတို့၌လည်း ဖော်ပြပြီးသည်တို့ကို ထပ်မံ ဖော်ပြခြင်း ပြုတော့မည် မဟုတ်ကြောင်း မှတ်ထားအပ်ပါသည်။

ဤပြဆိုခဲ့ပြီးသော အာလပနာအစ ပါရိဘဋ္ဋျတာအဆုံး ပေါင်းရုံးရပုံ အလုံးစုံသည်ပင် "တတ္တ ကတမာ" စသော ပါဠိတော်၏ အဓိပ္ပါယ်ဖြစ်သောကြောင့် ကုဟနာ လပနာ အစရှိသော အဋ္ဌကထာပါဌ်တို့တွင် လပနာဟူသောပုဒ်၏ အဖွင့်အဓိပ္ပါယ်ပင် ဖြစ်သတည်း။

နေမိတ္တိကတာ— ဟူသောပုဒ်၏ အဓိပ္ပါယ်ကို ပြဆိုခြင်းငှါလည်း အဋ္ဌကထာဆရာသည် အောက်ပါ အဘိဓမ္မာဝိဘင်းပါဠိတော်ကို ထုတ်ပြ ဘိုးဘားတော်မူပါသတည်း။

ဘတ္တ ကတမာ နေမိတ္တိကတာ၊ လာဘသက္ကာရသိလောက-
သန္နိဿိတဿ ပါပိစ္ဆဿ ဣစ္ဆာပကတဿ ယံ ပရေသံ နိမိတ္တံ
နိမိတ္တကမ္မံ ဩဘာသော ဩဘာသကမ္မံ သာမန္တဇပ္ပါ ပရိကထာ၊
အယံ ဝုစ္စတိ နေမိတ္တိကတာ”။

နေမိတ္တိကတာ— ဤပါဠိတော်၌ “နေမိတ္တိကတာ” ဟူသည်မှာ တစုံတခုကို ပေးလှူခြင်းငှါ အမှတ်သညာကို သူတပါးတို့အား ဖြစ်စေတတ်သော ကိုယ်မှု, နှုတ်မှုသည် “နိမိတ္တ” မည်၍ ထိုနိမိတ္တဖြင့် လှည့်လည်အသက်မွေးသော သူသည် “နိမိတ္တက” မည်၏၊ ထိုနိမိတ္တက၏ အဖြစ်ဟုဆိုအပ်သော နိမိတ်ကို ပြုခြင်းသည် “နေမိတ္တိကတာ”မည်၏။

နိမိတ္တကမ္မ—“နိမိတ္တကမ္မ”ဟူသည်မှာ ခဲဘွယ်တစုံတခုကို ယူ၍သွားသူတို့ကိုမြင်လျှင်“ဘာစားဘွယ် ခဲဘွယ်များ ရခဲ့ကြသလဲဟေ့”အစရှိသည်ဖြင့် လှူရန် အမှတ်နိမိတ်ကို ပြုခြင်းသည် “နိမိတ္တကမ္မ”မည်၏။

ဩဘာသ,ဩဘာသကမ္မ-“ဩဘာသ”ဟူသည်မှာ ပစ္စည်းလေးပါးနှင့်စပ်သောစကားသည် “ဩဘာသ” မည်၍ “ဩဘာသကမ္မ” ဟူသည်မှာ နွားကျောင်းသားများကိုမြင်လျှင် “ဒီနွားကလေးတွေဟာ နွားနို့စို့ကြတဲ့ နွားကလေးတွေလား ရက်တက်ကိုစို့ကြတဲ့ နွားကလေးတွေလား”ဟု မေး၍“နွားနို့ကိုစို့ကြတဲ့ နွားကလေးတွေပါဘုရား”ဟု ဖြေကြားလျှင် “မဟုတ်ပါဘူးကွယ် နွားနို့ကိုစို့တဲ့ နွားကလေးတွေဖြစ်လျှင် ရဟန်းတွေလဲ နွားနို့ရကြမှာပေါ့” အစရှိသည်ဖြင့် နွားနို့လှူစေရန်စသော ပစ္စည်းလေးပါးနှင့်စပ်သော စကားကို ပြောဆိုခြင်းသည်“ဩဘာသကမ္မ”မည်၏။

သာမန္တဇပ္ပ— “သာမန္တဇပ္ပ”ဟူသည်မှာ အလိုရှိအပ်သော ဝတ္ထု၏ အနီးအနားဌ ရစ်ပတ်ပြောဆိုခြင်းသည် “သာမန္တဇပ္ပ”မည်၏၊ ထိုသာမန္တဇပ္ပကို အောက်ပါဝတ္ထုဖြင့် အဋ္ဌကထာဆရာများ ထင်ရှားဖွင့်ဆိုကြပါသည်။

ဈေးအခါက ရဟန်းတပါးသည် စားသောက်လိုသောကြောင့် အိမ်တအိမ်သို့ဝင်၍ ထိုင်နေ၏၊ ထိုရဟန်းကိုမြင်လျှင် အိမ်ရှင်မသည် မပေးမလှူလိုသောကြောင့် "ဆန်လဲမရှိဘူး"ဟုဆိုကာ ဆန်ဈေးသွားမည့် ဟန်ကဲ့သို့ပြုလုပ်၍ အိမ်နားနီးချင်းသို့ ထွက်သွားလေ၏၊ ထိုအခါ ရဟန်းသည် အိမ်ခန်းတွင်းသို့ တိတ်တဆိတ်ဝင်၍ ကြည့်ရှုရာ တံခါးထောင့်၌ ကြံချောင်းကိုငင်း ခွက်ဘခု၌ ထန်းလျက်ခဲကိုငင်း ချင်းတောင်း၌ ငါးခြောက်ပြားကိုငင်း အိုး၌ဆန်တို့ကိုငင်း ထောပတ်အိုး၌ ထောပတ်ကိုငင်း မြင်၍ ပြန်ထွက်ကာ အပြင်၌ ထိုင်နေလေ၏၊ ထို့နောက် အိမ်ရှင်မသည် "ဆန်လဲမရခဲ့ဘူး"ဟု ကြားလောက်အောင်ပြော၍ ပြန်လာလေ၏၊ ထိုအခါ ရဟန်းသည် "ဒကာမကြီး ဒီနေ့တော့ ဆွမ်းပြည့်စုံမှာ မဟုတ်ပါဘူး၊ ဒီအကြောင်းကို စောစောကပင် နိမိတ်မြင်၍ သိပါပြီ"ဟု ပြောဆိုလေ၏၊ "ဘယ်လို နိမိတ်ကို မြင်ပါသလဲဘုရား"ဟု အိမ်ရှင်မက ပြန်၍မေးရာ "တံခါးထောင့်မှာ ချထားတဲ့ ကြံချောင်းနဲ့တူတဲ့ မြွေကိုမြင်ခဲ့တယ်၊ မြွေကိုရိုက်တို့ လက်နက်ရှာကြည့်တော့ ခွက်ထဲမှာ ထည့်ထားတဲ့ ထန်းလျက်ခဲနဲ့တူတဲ့ ကျောက်ခဲကို တွေ့တယ်၊ အဲဒီကျောက်ခဲနဲ့ ပစ်လိုက်တဲ့မြွေဟာ ပါးပြင်းထောင်လာလိုက်တာ ဟိုချင်းတောင်းထဲက ငါးခြောက်ပြားကြီးလိုဘဲ၊ ကျောက်ခဲကို ကိုက်တို့ အားထုတ်တဲ့မြွေရဲ့ အိုးထဲမှာထည့်ထားတဲ့ ဆန်နဲ့တူတဲ့ သွားတွေကိုလဲ မြင်ခဲ့တယ်၊ စိတ်ဆိုးတဲ့မြွေရဲ့ ပါးစပ်က အိုးထဲမှာ ထည့်ထားတဲ့ ထောပတ်နဲ့တူတဲ့ အဆိပ်တွေကိုလဲ မြင်ခဲ့တယ်"ဟု ပြောကြားလေ၏၊ ထိုအခါ အိမ်ရှင်မသည် "ဤခေါင်းဘုံးကို လှည့်ပတ်ခြင်းငှါ မတတ်ကောင်း"ဟုဆို၍ ကြံကိုကပ်လှူ၍ ဆွမ်းချက်ပြီးလျှင် ထောပတ်,ထန်းလျက်, ငါးခြောက်တို့နှင့်တကွအလုံးစုံကို ပေးလှူလိုက်လေသတည်း။

အဘ္ဘောသနာ,ဝမ္ဘနာ— "အဘ္ဘောသနာ"ဟူသည်မှာ "ဆဲရေးခြင်းမှကြောက်သဖြင့်သော်လည်း ပေးလှူရာ၏"ဟု အောက်မေ့ပြီးလျှင် သူခိုး, သူမိုက်စသော အဘ္ဘောသဝဏ္ဏဆယ်ပါးတို့ဖြင့် ဆဲရေးခြင်းသည် "အဘ္ဘောသနာ"မည်၍ "ဝမ္ဘနာ" ဟူသည်မှာ ထို့အတူ နှိမ့်ချ၍ ကဲ့ရဲ့ပြောဆိုခြင်းသည် "ဝမ္ဘနာ"မည်၏။

ဥက္ခေပနာ သမုက္ခေပနာ–"ဥက္ခေပနာ"ဟူသည်မှာ မပေးမလှူသည်ကို မြင်၍ "ဩော်...အလှူရှင်ကြီးပါကလား"ဟု ချီးမွမ်းခြင်းကြောက် ပြောဆိုခြင်းသည် "ဥက္ခေပနာ" မည်၍ "သမုက္ခေပနာ" ဟူသည်မှာ ဩော် ကြီးမြတ်တဲ့ အလှူရှင်ကြီးပါကလား စသည်ဖြင့် အလွန်ချီးမွမ်းခြင်းကြောက် ပြောဆိုခြင်းသည် "သမုက္ခေပနာ"မည်၏။

ဓိပန္နာ သံဓိပန္နာ— "ဓိပန္နာ" ဟူသည်မှာ ဤမျိုးစေ့စား အသက် ရှည်ခြင်းသည် အဘယ်အကျိုး၌ အဲ့နည်း စသည်ဖြင့် လှောင်ပြောင်ပြော ဆိုခြင်းသည် "ဓိပန္နာ"မည်၍ "သံဓိပန္နာ" ဟူသည်မှာ ဤသူကို "အဘယ် ကြောင့် မလှူမတမ်းသူ"ဟု ဆိုကြသနည်း ဤသူသည် အလှူခံတို့အား "မရှိ"ဟူသော စကားကို အခြေသးလှူသည်မဟုတ်ပါလော စသည်ဖြင့် လှောင်ပြောင်ပြောဆိုခြင်းသည် "သံဓိပန္နာ"မည်၏။

ပါပန္နာ သံပါပန္နာ— "ပါပန္နာ" ဟူသည်မှာ ဒါယကာတို့ကို မပေး မလှူတတ်သူ၏အဖြစ် သဒ္ဓါစသော ဂုဏ်ကျေးဇူး မရှိသူ၏အဖြစ်သို့ ရောက်အောင် ပြောဆိုခြင်းသည် "ပါပန္နာ"မည်၍ "သံပါပန္နာ"ဟူသည်မှာ ထိုနည်းဘူ မလှူတတ်သူ၏အဖြစ် သဒ္ဓါစသော ဂုဏ်ကျေးဇူးမရှိသူ၏ အဖြစ်သို့ အသုံးစုံသော အဘိုအားဖြင့် အလွန်ရောက်စေခြင်းသည် "သံပါပန္နာ"မည်၏။

အဝဏ္ဏဟာရိကာ— "အဝဏ္ဏဟာရိကာ" ဟူသည်မှာ "ဤသို့ ဂုဏ် ကျေးဇူးမဲ့ကို ပြောဆိုသည်ရှိသော် ကြောက်သောကြောင့်သော်လည်း ငါ့အား ပေးလှူလတ္တံ့"ဟု သောက်တည်အောက်မေ့၍ ဒါယကာ၏ ကျေးဇူးမဲ့ကို တအိမ်မှ တအိမ်သို့ တရွာမှတရွာသို့ ဇနပုဒ်တခုမှဇနပုဒ်တခုသို့ ဆောင်၍ သွားပုတ်လေလွင့် ပြောဆိုခြင်းသည် "အဝဏ္ဏဟာရိကာ"မည်၏။

ပရပိဋ္ဌိ မံသိကတာ— "ပရပိဋ္ဌိ မံသိကတာ" ဟူသည်မှာ မျက်မှောက်၌ သာယာနာပျော်ဘွယ်ကို ပြောဆို၍ မျက်ကွယ်၌ ကျေးဇူးမဲ့ကို ပြောဆို ခြင်းတည်း၊ ဤသို့ မျက်နှာချင်းမဆိုင်ဝံ့သော ရဟန်း၏ မျက်မှောက်တမျိုး မျက်ကွယ်တဖုံ ပြောဆိုသောစကားသည် မျက်ကွယ်၌ ဖြစ်ကုန်သော ဒါယကာတို့၏ ကျောက်ကုန်းသားကို ဖဲ့စားသည်နှင့်တူသောကြောင့် "ပရပိဋ္ဌိ မံသိကတာ"မည်၏။

ဤဆိုအပ်ခဲ့ပြီးသော အပ္ပောသနာအစ ပရပိဋ္ဌိ မံသိကတာအဆုံး အလုံးစုံသော အပြုအမူသည် ဒါယကာတို့၏ ဂုဏ်ကျေးဇူးကို ဖျက်ဆီး ကြိတ်ချေ၍ ပစ္စည်းမရ ရအောင် ရှာမှီးခြင်းချည်းသာ ဖြစ်သောကြောင့် "နိပ္ပေသိကတာ"မည်၏။

လာဘေန လာဘံ နိဇိဂီသနတာ—"လာဘေန လာဘံ နိဇိဂီသနတာ"၏ အနက်အဓိပ္ပါယ်ကို ဖွင့်ပြရန် အောက်ပါဝိဘင်းပါဠိတော်ကို အဋ္ဌကထာဆရာ ကိုးကားတော်မူပါသည်။

“တတ္ထ ကတမာ လာဘေန လာဘံ နိဇိဂီသနတာ၊ လာဘ-သက္ကာရသိလောကသန္နိဿိတော ပါပိစ္ဆော ဣစ္ဆာပကတော ဣတော လဒ္ဓံ အာမိသံ အမုတြ ဟရတိ၊ အမုတြ ဝါ လဒ္ဓံ အာမိသံ ဣဓ အာဟရတိ၊ ယာ ဧဝရူပါ အာမိသေန အာမိသဿ ဧဋ္ဌိ ဂဝေဋ္ဌိ ပရိယေဋ္ဌိ ဧသနာ ဂဝေသနာ ပရိယေသနာ၊ အယံ ဝုစ္စတိ လာဘေန လာဘံ နိဇိဂီသနတာ”။

အဓိပ္ပါယ်မှာ—ကောက်ကျစ် စဉ်းလဲခြင်းငှါ အနည်းငယ်သော လာဘ်ဖြင့် လှည့်ပတ်၍ ရယူရန် အလိုရှိခြင်းလောဘသည် “နိဇိဂီသန” မည်၏ (နိရှေးရှိသော ဟရဓာတ်သပစ္စည်း, ယုပစ္စည်းတည်း၊ ဟရကို ဂိ-ပြု၊ ဇိ-ကား အဗ္ဘာသ) ထိုသို့ အလိုရှိသည်၏အဖြစ်သည် “နိဇိဂီသနတာ” မည်၏ ထိုသို့ အလိုရှိခြင်း၏ အခြင်းအရာကို အရကောက်ပါလေ၊ တနည်းကား ထိုသို့ အလိုရှိခြင်းနှင့်တကွဖြစ်သော ရှာမှီးမှုကို ကောက်ပါလေ။

ရှာမှီးမှုဟူသည်မှာလည်း အသိုဆိုးရှိသော ရဟန်း၏ တနေရာမှ ရသော အာမိသကို တနေရာသို့ပေး၍ လာဘ်ရအောင် ကြိုးစားခြင်းပင်တည်း၊ ထို့ကြောင့် အဘိဓမ္မာဝိဘင်းပါဠိတော်၌ “တတ္ထ ကတမာ လာဘေန လာဘံ နိဇိဂီသနာ” အစရှိသည်ဖြင့် အထက်၌ပြဆိုခဲ့သည့်အတိုင်း ဟောတော်မူသည် မဟုတ်ပါလော ပြန်၍ကြည့်ရှုပါလေ။

“ယာ ပန အာဇီဝဟေတု ပညတ္တာနံ ဆန္နံ သိက္ခာပဒါနံ ဝီတိက္ကမဿ ကုဟနာ လပနာ နေမိတ္တိကတာ နိပ္ပေသိကတာ လာဘေန လာဘံ နိဇိဂီသနတာ”တိ ဧဝမာဒီနံ ပါပဓမ္မာနံ ဝသေန ပဝတ္တာ မိစ္ဆာဇီဝါ ဝိရတိ၊ ဣဒံ အာဇီဝပါရိသုဒ္ဓိသီလံ”။

ဟူ၍ ဤအာဇီဝပါရိသုဒ္ဓိ၏ အစ၌ပြဆိုခဲ့ပြီးသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိတို့တွင် “ဧဝမာဒီနဉ္စ” ဟူသောပါဠိ၌ အာဒိသဒ္ဒါဖြင့် ယူအပ်သော အနက်အဓိပ္ပါယ်တို့ကို ပြဆိုရန် “ဣဒါနိ ဧဝမာဒီနဉ္စ ပါပဓမ္မာနန္တိ ဧတ္ထ အာဒိသဒ္ဒေန” အစရှိသည်ဖြင့် သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်၌ ဟောတော်မူသည့်အတိုင်း သိမှတ်ရန် အဋ္ဌကထာဆရာ ညွှန်ကြားတော်မူခဲ့သည်အားလျော်စွာ ထိုသီလက္ခန်ပါဠိတော်ကို အပြည့်အစုံဖော်ပြပါမည်။

## သီလက္ခန်ပါဠိတော်လာ တိရစ္ဆာနဝိဇ္ဇာများ

“ယထာ ဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ၊ သေယျထိဒံ၊ အင်္ဂံ နိမိတ္တံ ဥပ္ပါတံ သုပိနံ လက္ခဏံ မူသိကစ္ဆိန္နံ အဂ္ဂိဟောမံ ဒဗ္ဗိဟောမံ ထုသဟောမံ ကဏဟောမံ တဏ္ဍုလဟောမံ သပ္ပိဟောမံ တေလဟောမံ မုခဟောမံ လောဟိတဟောမံ အင်္ဂဝိဇ္ဇာ ဝတ္ထုဝိဇ္ဇာ ခတ္တဝိဇ္ဇာ သိဝဝိဇ္ဇာ ဘူတဝိဇ္ဇာ ဘူရိဝိဇ္ဇာ အဟိဝိဇ္ဇာ ဝိသဝိဇ္ဇာ ဝိစ္ဆိကဝိဇ္ဇာ မူသိကဝိဇ္ဇာ သကုဏဝိဇ္ဇာ ဝါယသဝိဇ္ဇာ ပက္ကဇ္ဈာနံ သရပရိတ္တာဏံ မိဂစက္ကံ ဣတိ ဝါ၊ ဣတိ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝါ ပဋိဝိရတော သမဏော ဂေါတမောတိ၊ ဣတိ ဝါ ဟိ ဘိက္ခဝေ ပုထုဇ္ဇနော တထာဂတဿ ဝဏ္ဏံ ဝဒမာနော ဝဒေယျ”။

အင်္ဂံ—ဤပါဠိတော်၌ ဟောကြားတော်မူအပ်သော တိရစ္ဆာန ဝိဇ္ဇာတို့တွင် “အင်္ဂ”ဟူသည်မှာ လက်,ခြေစသည်တို့၌ ဤသို့သော အမှတ်အသား အင်္ဂါလက္ခဏာနှင့် ပြည့်စုံသောသူသည် အသက်ရှည်၏ အခြံအရံများ၏ သို့မဟုတ် အသက်တို၏ အခြံအရံနည်း၏ စသည်ဖြင့် ဟောဆိုရာ “အင်္ဂကျမ်း”သည် “အင်္ဂ”မည်၏၊ ယခုကာလ၌ကား “လက္ခဏာကျမ်း”ဟု ခေါ်သည် ကိုင်ရိုလက္ခဏာကျမ်း စသည်တို့ကဲ့သို့တည်း။

နိမိတ္တံ—“နိမိတ္တ”ဟူသည်မှာ ထင်ရှားသော တိတ်,နိမိတ်,တဘောင်, စနည်းတို့ကို ထောက်ထား၍ ဗေဒင်ဟောပြောခြင်းသည် “နိမိတ္တ”မည်၏။

တရံရောအခါ သိဟိုဠ်ကျွန်း၌ ပဏ္ဍုရာဇာမည်သော မင်းသည် လက်တွင် ပုလဲ (မုတ္တာ)သုံးခုကိုဆုပ်ကိုင်၍ “ငါ၏လက်တွင်း၌ အဘယ်ဝတ္ထု ရှိသနည်း”ဟု နိမိတ်ဟောဆရာတယောက်ကို မေးခလေ၏၊ နိမိတ်ဟော ဆရာသည် တောင်,မြောက်လေးပါးကို ကြည့်ရှုသည်ရှိသော် ထိုသို့ မေးစဉ် အချိန်၌ အိမ်မြှောင်က ယင်ကောင်ငယ်ကို ဖမ်းရာမမိဘဲ (မုတ္တာ)လွတ်သွား သည်ကို မြင်သဖြင့် အမြင်နိမိတ်ယူ၍(မုတ္တာ)ပုလဲရှိပါသည်”ဟု ဟောဆို ခလေ၏၊ ထိုအခါ ဘုရင်က“အဘယ်မျှရှိသနည်း”ဟု ခမေးပြန်ရာ ထိုအချိန်၌ ကြက်ဖသုံးကြိမ်တွန်သည်ကို စနည်းအဖြစ်ဖြင့်ယူ၍ “သုံးခုရှိပါသည်”ဟု ဟောဆိုလေသတည်း။

အယူတော်မင်္ဂလာ လျှောက်ထုံး၌လည်း သွားနာနေသောဘုရင်က သွားနာဆေးကိုမေးရာ အယူတော်မင်္ဂလာသည် မိမိနန်းတော်သို့လာစဉ်က "ဘုရင်မင်းမြတ် ကွမ်းသီးနံ့ နာတော်မှုပုံ ပျောက်ပါ့မလား"ဟူ၍ ကလေးသူငယ်များ ကစားမြူးထူးရင်း ရွတ်ဆိုနေကြသည်ကို ကြားခဲ့ရသဖြင့် ၎င်းကိုပင် စနည်းယူ၍ "ကွမ်းသီးကိုထွေးပစ်လိုက်လျှင် ပျောက်ပါသည် ဘုရား"ဟု လျှောက်ထားဟောဆိုဘူးလေသည် ဘုရင်လည်း ကွမ်းသီးကို ထွေးပစ်၍ သွားနာပျောက်သည်ဟူ၏။

ဥပ္ပါတံ,သုပိနံ– "ဥပ္ပါတ"ဟူသည်မှာ မိုးကြိုးကျခြင်းစသော နိမိတ်ကြီးများကို သောက်ထားအမှီပြု၍ ကောင်းကျိုး,ဆိုးကျိုကို ဟောဆိုခြင်းသည် "ဥပ္ပါတ"မည်၏ "သုပိန"ဟူသည်မှာ အိပ်မက်နိမိတ်ကို ဟောခြင်းတည်း။

လက္ခဏံ– "လက္ခဏ" ဟူသည်မှာ ဤလက္ခဏာအမှတ်အသားနှင့် ပြည့်စုံလျှင် မင်းဖြစ်လတ့်၊ ဤလက္ခဏာနှင့် ပြည့်စုံလျှင်ကား အိမ်ရှေ့မင်း ဖြစ်နိုင်၏၊ ဤသို့စသည်ဖြင့် ဟောဆိုခြင်းသည် "လက္ခဏ"မည်၏။

ရှေး၌ဆိုခဲ့ပြီးသော "အင်္ဂ"သည် လက်ခြေတို့၌ရှိသော အရေးအကြောင်းစသော သာမညကိုကြည့်၍ ကောင်းကျိုး ဆိုးကျိုးကို ဟောရာ ကျမ်းဖြစ်၏၊ "လက္ခဏံ" ဟူသော ဤလက္ခဏာကျမ်းသည်ကား သာမညအမှတ်သင်္ကေတကို ကြည့်၍ ဟောရာကျမ်းမဟုတ်ဘဲ လှံမ,အိမ်မှန်, ရှုန်းတောင်း, ပြာသာဒ်စသော လက္ခဏာအထူးကိုကြည့်၍ ကြီးမြတ် ကောင်းကျိုးကို ဟောရာကျမ်းဖြစ်၏။ (ဋီကာသစ်)

မူသိကစ္ဆိန္နံ– "မူသိကစ္ဆိန္န" ဟူသည်မှာ အဝတ်ကို ကြွက်ခဲသည် ရှိသော် ခဲပုံအခြင်းအရာ ခဲရာဒေသ စသည်ကိုကြည့်၍ အကောင်းအဆိုးကို ဟောသော ကြွက်ခဲနိမိတ်ဟောခြင်းတည်း။

အဂ္ဂိဟောမံ– "အဂ္ဂိဟောမ" ဟူသည်မှာ ဤသို့သဘောရှိသော ထင်းဖြင့် ဤသို့ မီးကိုပူဇော်လျှင် ဤမည်သော ကောင်းကျိုး,ဆိုးကျိုးဖြစ်၏ စသည်ဖြင့် ဟောဆိုခြင်းတည်း၊ "ဒဗ္ဗိဟောမ"စသည်တို့သည်လည်း "အဂ္ဂိဟောမ" မျိုးများပင်ဖြစ်ကြ၏၊ ဤယောက်မမျိုးဖြင့် ဤသို့သဘောရှိကုန်သော ဖွဲစသည်တို့ကိုယူ၍ မီး၌ထည့်၍ ပူဇော်ခြင်းသည် "ဒဗ္ဗိဟောမ"

စသည်မည်၏၊ ထို့အတူ ဆန်ကွဲဖြင့် ပူဇော်လျှင် "ကဏဟောမ" ဆန်ဖြင့် ပူဇော်လျှင် "တဏ္ဍုလဟောမ" ထောပတ်ဖြင့်ပူဇော်လျှင် "သပ္ပိဟောမ" ဆီဖြင့်ပူဇော်လျှင် "တေလဟောမ"မည်၏။

မုခဟောမံ လောဟိတဟောမံ—"မုခဟောမ"ဟူသည်မှာ မုန်ညင်းစေ့ စသည်တို့ကို နှုတ်ဖြင့်ယူ၍ မီး၌ထည့်၍ ပူဇော်ခြင်းသည်၊ ဝါ၊ မန္တာန်ရွတ်၍ မီးပူဇော်ခြင်းသည်"မုခဟောမ"မည်၍ လက်ျာဒူးသွေးစသည်တို့ဖြင့် မီးကို ပူဇော်ခြင်းသည်"လောဟိတဟောမ"မည်၏။

အင်္ဂဝိဇ္ဇာ— "အင်္ဂဝိဇ္ဇာ" ဟူသည်မှာ လက်ညှိုးရိုး, ခြေညှိုးရိုးကို ကြည့်ပြီးလျှင် မန္တာန်ကိုရွတ်၍ ဤသူကား အမျိုးကောင်းသားဖြစ်၏၊ ဤသူကား အမျိုးကောင်းသားမဟုတ် စသည်ဖြင့် ဟောဆိုခြင်းသည် "အင်္ဂဝိဇ္ဇာ"မည်၏။

ဝတ္ထုဝိဇ္ဇာ— "ဝတ္ထုဝိဇ္ဇာ"ဟူသည်မှာ အိမ်ရာ,မြေရာတို့၏ အကျိုး အပြစ်ကို ဟောခြင်းအတတ်တည်း၊ ထိုဝတ္ထုဝိဇ္ဇာအတတ်ကို တတ်ကုန် သူတို့သည် မြေကြီး ၏အထူးကိုကြည့်လျက် မန္တာန်ကိုရွတ်ကုန်၍ မြေအောက် မြေဘွင်း၌ အတောင်သုံးဆယ်တိုင်အောင် ကောင်းကင်၌ အတောင် ရှစ်ဆယ်တိုင်အောင်အရပ်၌ အကျိုးအပြစ်ကို သိမြင်ဟောဆိုနိုင်ကုန်၏။

ခတ္တဝိဇ္ဇာ— "ခတ္တဝိဇ္ဇာ"ဟူသည်မှာ အဋ္ဌေယျကျမ်း,မာသုရက္ခကျမ်း, ရာဇသတ္ထကျမ်းစသော အုပ်ချုပ်ရေးကျမ်း, ဥပဒေကျမ်း, (ပေါ်လစီ) ဝါဒရေးကျမ်းတို့တည်း၊ ထိုဝါဒရေးကျမ်း၌ ယုံကြည်သက်ဝင်ကုန်သော အချို့သော ခတ္တဝိဇ္ဇာဝါဒီတို့သည် မိမိ၏အကျိုးစီးပွားအတွက် မိဘတို့ ကိုသော်လည်း သတ်ဖြတ်သင့်က သတ်ဖြတ်ရမည်ဟု သင်တန်းပေး ဝါဒ ဖြန့်ဘတ်ကြသည်ကို ပဏ္ဏာသနိပါတ် မဟာဗောဓိဇာတ် အဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆိုလျက်ရှိလေသည်။

"ခတ္တဝိဇ္ဇာဝါဒီမာတာပိတရောပိ မာရေတွာ အတ္တနော ဝ အတ္ထော ကာတဗ္ဗောတိ မဟာဇနံ ဥဂ္ဂဏှာပေသိ"။

ဤခတ္တဝိဇ္ဇာကို ထောက်လျှင်ရဟန်းများ နိုင်ငံရေးလုပ်အပ်သည်မှာ ထင်ရှားသည်။

သိပ္ပဝိဇ္ဇာဒိ— "သိပ္ပဝိဇ္ဇာ"ဟူသည်မှာ သင်္ချိုင်းသို့ဝင်၍ ဘေးဥပါဒ် ငြိမ်းချုန် ဗလိနတ်စာကျွေးခြင်း,ခေါ်စာပစ်ခြင်းတည်း၊ မြေခွေးအော်သံကို ကြားသဖြင့် ကောင်းကျိုး,ဆိုးကျိုးကို သိသောအတတ်သည် "သိပ္ပဝိဇ္ဇာ" မည်၏ဟူ၍လည်း ဆိုကြသေး၏။

"ဘူတဝိဇ္ဇာ" ဟူသည်မှာ ဖုတ်တိုက်အတတ်မန္တာန်တည်း။ "ဘူရိဝိဇ္ဇာ"ဟူသည်မှာ မြေအိမ်၌နေလျက် သင်ယူအပ်သော မန္တာန်တည်း။ "အဟိဝိဇ္ဇာ" ဟူသည်မှာ မြွေကိုက်သည်ကို ကုသောမန္တာန်နှင့် မြွေကိုခေါ်သော မန္တာန်တည်း။ "ဝိသဝိဇ္ဇာ" ဟူသည်မှာ အဆိပ်ဟောင်းကို စောင့်ကြောင်း, အဆိပ်သစ်ကို ပြုကြောင်းဖြစ်သော မန္တာန်တည်း။ အဆိပ်ကို အနိုင်ပေးတတ်သော မန္တာန်ဟူ၍လည်း ဆို၏။ "ဝိစ္ဆိကဝိဇ္ဇာ" ဟူသည်ကား ကင်းမြီးကောက် ကိုက်သည်ကို ကုသော အတတ်တည်း။ "မူသိကဝိဇ္ဇာ" ဟူသည်မှာ ကြွက်ကိုက်သည်ကို ကုသောအတတ်တည်း။ "သကုဏဝိဇ္ဇာ" ဟူသည်မှာ အတောင်ရှိ, အတောင်မဲ့ အခြေနှစ်ချောင်း အခြေလေးချောင်း တိရစ္ဆာန်တို့၏ မြည်ခြင်း သွားခြင်းစသည်၏ အစွမ်းအားဖြင့် ၎င်းတို့၏အလိုကို သိသောအတတ်တည်း။ "ဝါယသဝိဇ္ဇာ" ဟူသည်မှာ ကျီးတို့၏ မြည်သံကို သိခြင်းတည်း။ "ပက္ကဇ္ဈာန" ဟူသည်မှာ ဤသူသည် ဤမျှသော အသက်ရှည်လတံ့ဟု အသက်တို,ရှည်ကို သိနိုင်သော ဉာဏ်တည်း။ "သရပရိတ္တာဏ"ဟူသည်မှာ လေးလွှဲ,မြားလွှဲအတတ်တည်း။ "မိဂစက္က" ဟူသည်မှာ အခြေလေးချောင်းသတ္တဝါတို့၏ အသံ ကိုသိခြင်းတည်း။

ဤဆိုခဲ့ပြီးသော "အင်္ဂ" အစ "မိဂစက္က" အဆုံးရှိသော အမိပ္ပါယ်တို့သည် ထုတ်ဖော်ရေးသားခဲ့သော သီလက္ခန်ပါဠိတော် ပထမဝါရ၏ အမိပ္ပါယ်များဖြစ်ပါသည်။

ဒုတိယဝါရပါဠိ၌လည်း "မဏိလက္ခဏံ-ပတ္တမြားလက္ခဏာ" စသည်ဖြင့် တိရစ္ဆာနဝိဇ္ဇာ နှစ်ဆယ့်ခုနစ်ပါးကို ဟောတော်မူပါသည်။

တတိယဝါရ၌ ရညံ နိယျာနံ ဘဝိဿတိ၊ ဤမည်သောနေ့၌ ဤမည်သောနက္ခတ်နှင့် ယှဉ်သဖြင့် ဤမည်သောမင်း၏ စစ်ထွက်ခြင်းသည် ဖြစ်လတ့ံ စသည်ဖြင့် တိရစ္ဆာနဝိဇ္ဇာ တဆယ့်နှစ်ပါးကို ဟောတော်မူပါသည်။

စတုတ္ထဝါရ၌ "စန္ဒဂ္ဂါဟော ဘဝိဿတိ၊ ဤမည်သောနေ့၌ လကြပ်လတ္တံ့" စသည်ဖြင့် တိရစ္ဆာနဝိဇ္ဇာ နှစ်ဆယ့်လေးပါးတို့ကို ဟောပါသည်၊ အပြည့်အစုံကို အလိုရှိပါလျှင် ဆိုခဲ့သော သီလက္ခန်ပါဠိ အဋ္ဌကထာတို့၌ ကြည့်ရှု၍ယူပါလေ။ ဤစာအုပ်၌ကား အလွန်ကျယ်ပြန့်မည်စိုးသဖြင့် ရံခါ တွေ့ကြုံတတ်သော တိရစ္ဆာနဝိဇ္ဇာအချို့ကိုသာ ဗဟုသုတအလို့ငှါ ထုတ်ပြ ရေးသားရခြင်း ဖြစ်ပါသည်။

ပဉ္စမဝါရ၌ သုဝုဋ္ဌိကာ ဘဝိဿတိ၊ မိုးကောင်းစွာရွာလတ္တံ့ စသည် ဖြင့် တိရစ္ဆာနဝိဇ္ဇာ တဆယ့်သုံးပါးကို ဟောတော်မူပါသည်။

ကာဝေယျံ — "ကာဝေယျ"ဟူသည်မှာ "ကဝိဟိ ကတံ ကဝီနံ ဝါ ဣဒံ ကာဝေယျံ" ဟူသော ဋီကာသစ်နှင့်အညီ ကဝိလေးဦးတို့သည် ပြုအပ်သော၊ ဝါ၊ ကဝိလေးဦးတို့၏ ဥစ္စာဖြစ်သော ကဗျာလင်္ကာအတတ် တည်း။

ဤ၌ ကဝိလေးဦးဟူသည်မှာ မိမိ၏ စိတ်ကူးအကြံဉာဏ်ဖြင့် ကဗျာ လင်္ကာဖွဲ့တတ်သော "စိန္တာကဝိ"၊ စာပေကျမ်းဂန် သင်အံကြားနာဘူး၍ သုတမယဉာဏ်ဖြင့် ကဗျာလင်္ကာဖွဲ့တတ်သော "သုတကဝိ"၊ ဤပုဒ်၏ အနက် အဓိပ္ပါယ်ကား ဤသို့ဖြစ်၏ ထိုအနက်ကို ဤသို့ဖွဲ့နွဲ့ချထွင် စပ်ယှဉ်စေအံ့ဟု အနက်၏အစွမ်းအားဖြင့် ကဗျာလင်္ကာဖွဲ့တတ်သော "အတ္ထကဝိ"၊ တစုံတခု သောဝတ္ထုကို တွေ့မြင်သိရှိ၍ ထိုဝတ္ထုနှင့်တူသော အဖွဲ့အနွဲ့ကို ပြုအံ့ဟု မြင်သော ဝတ္ထုအားလျော်စွာ ဖြစ်သော ပညာ၏အစွမ်းအားဖြင့် ကဗျာ လင်္ကာဖွဲ့တတ်သော "ပဋိဘာနကဝိ"၊ ဤကဝိလေးဦးတို့ဖြစ်ပါသည်။

"ဇီဝိကတ္ထာယ ကဗျကရဏံ"ဟူ၍ သီလက္ခန်အဋ္ဌကထာ၌မိန့်ဆိုလျက် ရှိသောကြောင့် ပစ္စည်းလေးပါးရရန် အသက်မွေးမှုအကျိုးငှာ ကဗျာ လင်္ကာဖွဲ့ခြင်း သည်သာလျှင် မပြုအပ်သော တိရစ္ဆာနဝိဇ္ဇာ ကာဝေယျ မည်ပါသည်။

အရှင်မဟာသီလဝံသ, အရှင်မဟာရဋ္ဌသာရ, မန်လည်ဆရာတော် စသည်တို့သည် ပစ္စည်းလေးပါးရရန်ဟူသော အသက်မွေးမှု အာဇီဝအတွက် မဟုတ် သဒ္ဓါသံဝေဂ,သုတစသည်ဖြစ်ရန် အကျိုးငှါသာလျှင် ရေးစပ်ဖွဲ့ဆိုမှု များသည်ကား မြတ်စွာဘုရားသည် သန္တာယဘာသိတအားဖြင့် ရည်ညွှန်း၍ ဟောတော်မူအပ်သော မိစ္ဆာဇီဝ တိရစ္ဆာနဝိဇ္ဇာ၌ပါဝင်သော ကာဝေယျ မဟုတ်ဟူ၍ သိမှတ်သင့်ပါသည်။

**လောကာယတံ—** "လောကာယတ" ဟူသည်ကို အောက်ပါအဋ္ဌကထာ ဋီကာတို့ဖြင့် သိမှတ်သင့်ပါသည်။

"လောကာယတံ ဝုစ္စတိ ဝိတဏ္ဍဝါဒသတ္ထံ"။

(**သီလက္ခန်အဋ္ဌကထာ အမ္ဗဋ္ဌသုတ်အဖွင့် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ဗြဟ္မာယုသုတ်အဖွင့်**)။

**အနက်—** ဝိတဏ္ဍဝါဒသတ္ထံ၊ အချင်းချင်းဆန့်ကျင်သော။ ဝါ၊နတ်ရွာ နိဗ္ဗာန်တို့အား ဆန့်ကျင်သောအယူကို ချွတ်ယွင်းရာဖြစ်သော ကျမ်းကို။ ဝါ၊ ဆန့်ကျင်သော ဝါဒဘည်းဟူသော တုတ်ဖြင့်ရိုက်ခတ်ရာဖြစ်သော ကျမ်းကို။ လောကာယတံ၊ လောကာယတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

> **အဋ္ဌကထာအဓိပ္ပါယ်—** အချင်းချင်းဆန့်ကျင်ဘက် နတ်ရွာနိဗ္ဗာန်၏ ဆန့်ကျင်ဘက် ဝါဒကို ပြဆိုရာကျမ်းသည်၊ ဝါ၊ ဆန့်ကျင်ဘက်ဖြစ်သော ဝါဒတည်းဟူသော တုတ်ဖြင့် ရိုက်ခတ်ထုနှက်ရာ ဝိတဏ္ဍကျမ်းသည် "လောကာယတကျမ်း" မည်၏ဟူလို။

ဤအဋ္ဌကထာများ၏ စကားကျ အဓိပ္ပါယ်အားဖြင့် လောကာယတ လည်းမည်၏၊ ဝိတဏ္ဍဝါဒလည်းမည်၏ဟု သိမှတ်ရပါမည်။

လောကာယတမည်ခြင်း၏ ဗျုပ္ပတ္တိကိုကား အောက်ပါဋီကာပါဌ်တို့ဖြင့် သိမှတ်အပ်ပါသည်။

(က) "အာယတိံ ဟိတံ ဗာလဇနသာမိတော လောကော န ယတတိ န ဤဟတိ အနေနာတိ လောကာယတံ၊ တဉှိ ဂန္ထံ နိဿာယ သတ္တာ ပုညကိရိယာယ စိတ္တမ္ပိ န ဥပ္ပါဒေန္တိ၊ လောကာ ဝါ ဗာလဇနာ အာယတန္တိ ဥဿဟန္တိ ဝါဒဿာဒေန ဧတ္ထာတိ လောကာယတံ"။ (**သီလက္ခန်ဋီကာ အမ္ဗဋ္ဌသုတ်အဖွင့်**)

(ခ) "အာယတိံ ဟိတံ တေန လောကော န ယတတိ န ဤဟတီတိ လောကာယတံ၊ န ဟိတံ လဒ္ဓိံ နိဿာယ သတ္တာ ပုညကိရိယာယ စိတ္တမ္ပိ ဥပ္ပါဒေန္တိ၊ ကုတော ပယောဂေါ။

[**နိဒါနဝဂ္ဂသံယုတ်ဋီကာ လောကာယတိကသုတ်အဖွင့်**]

(ဂ) "ယောကိယန္တိ ပတိဋ္ဌဟန္တိ ပုညာပုညာနိ တဗ္ဗိပါကောစာတိ လောကော။ သတ္တလောကော၊ အာဘုသော ယာဘန္တိ ဝီရိယံ ကရောန္တိ ဧတ္ထာတိ အာယတံ၊ လောကဿ အာယတံ လောကာယတံ၊ သတ္တာနံ ဘုသော ဝီရိယကရဏဋ္ဌာနန္တျတ္ထော"။

(ဝိနယာလင်္ကာရဋီကာ)

(ဃ) "အာယတိံ ဟိတံ တေန လောကော န ယတတိ န ဤဟတီတိ လောကာယတံ၊ ကိန္တ၊ ဝိတဏ္ဍသတ္ထံ၊ တဉှိ ဂန္ထံ နိဿာယ သတ္တာ ပုညကိရိယာယ စိတ္တမ္ပိ န ဥပ္ပါဒေန္တိ"။

(သဒ္ဒနီတိဓာတုမာလာ)

•

အဘိဓာနပ္ပဒီပိကာသူစိစသည်တို့၌လည်း ဤအတိုင်းပင် သဒ္ဒါကွဲ အနက်တူ ဖွင့်ဆိုကြပါသေးသည်။

(က) ဋီကာနက်— အနေန၊ ဤကျမ်းဖြင့်။ ဗာလဇနသင်္ခါတော၊ လူမိုက်အပေါင်းဟု ဆိုအပ်သော။ လောကော၊ လောကသည်။အာယတိံ၊ နောင်အခါ၌။ ဟိတံ၊ နတ်ရွာနိဗ္ဗာန်စသော အကျိုးစီးပွားကို။ န ယတတိ န ဤဟတိ၊ အားမထုတ်။ ဣတိတသ္မာ၊ ထိုသို့ လောကသည် အားမထုတ် ကြောင်း၏ အဖြစ်ကြောင့်။ လောကာယတံ၊ လောကာယတမည်၏။ ဟိ-သစ္စံ၊ မှန်၏။ တံ ဂန္ထံ၊ ထိုကျမ်းကို။ နိဿာယ၊ အမှီပြု၍။ သတ္တာ၊ သတ္တဝါတို့သည်။ ပုညကိရိယာယ၊ ကုသိုလ်ပြုခြင်း၌။ စိတ္တမ္ပိ၊ စိတ်ကိုလည်း။ န ဥပ္ပါဒေန္တိ၊ မဖြစ်စေနိုင်ကုန်။ ဝါ၊ တနည်းကား။ ဧတ္ထ၊ ဤကျမ်း၌။ ဗာလဇနာ၊ မိုက်သူဖြစ်ကုန်သော။ လောကာ၊ သတ္တဝါတို့သည်။ ဝါဒ-ဿာဒေန၊ အယူဝါဒကို သာယာသဖြင့်။ အာယတန္တိ ဉဿဟန္တိ၊ အကျိုးမဲ့ အားထုတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သတ္တဝါတို့သည် အကျိုးမဲ့ အားထုတ်ရာ၏ အဖြစ်ကြောင့်။ လောကာယတံ၊ လောကာယတ မည်၏။

(ဂ) ဋီကာနက်— ဧတ္ထ၊ ဤသတ္တဝါအပေါင်း၌။ (ထည့်) ပုညာ-ပုညာနိ စ၊ ကုသိုလ်အကုသိုလ်တို့သည်၎င်း။ တဗ္ဗိပါကော စ၊ ထိုကုသိုလ် အကုသိုလ်တို့၏ အကျိုးသည်၎င်း။ လောကိယန္တိ ပတိဋ္ဌဟန္တိ၊ တည်တတ် ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ တည်ရာ၏အဖြစ်ကြောင့်။ လောကော၊ လောကမည်၏။ သတ္တလောကော၊ သတ္တလောကကိုရအပ်၏။

ဧတ္ထ၊ ဤကျမ်း၌။ ဝါ၊ ဤအယူ၌။ အာဘုသော၊ လွန်စွာ။ ယတန္တိ၊ အကျိုးမဲ့ အားထုတ်တတ်ကုန်၏။ ဝီရိယံ ကရောန္တိ၊ ဝီရိယကိုပြုကုန်၏။ ဇာတိ-တသ္မာ၊ ထိုသို့ လွန်စွာအကျိုးမဲ့အားထုတ်ရာ၏ အဖြစ်ကြောင့်။ အာယတံ၊ အာယတမည်၏။ လောကာယ၊ သတ္တလောက၏။ အာယတံ၊ လွန်စွာ အားထုတ်ရာတည်း။ လောကာယတံ၊ သတ္တလောက၏ လွန်စွာအား ထုတ်ရာ။ သတ္တာနံ၊ သတ္တဝါတို့၏။ ဘုသော၊ လွန်စွာ။ ဝီရိယကရဏဋ္ဌာနံ၊ ဝီရိယကို ပြုရာတည်း။ ဇာတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

**မှာထားချက်**—အမှတ်(ခ)နှင့်(ဃ)တို့ကိုလည်း ဤနည်းကိုမှီ၍ အနက်ပေးပါလေ။

ဋီကာများ၏ ဝိဏ္ဏတ္တအဓိပ္ပါယ်မှာ ဤကျမ်းကို သင်အံလေ့ကျက် ယုံကြည်သဖြင့် သတ္တဝါတို့သည် တမလွန်ကောင်းကျိုးအတွက် ကုသိုလ် ဟူက စိတ်ကူးမျှကိုပင်မဖြစ်စေတော့ဘဲ ဒါန,သီလစသည်တို့ကို ပယ်ကြောင်း ဖြစ်သောကြောင့်၊ ဝါ၊ ကျမ်းလာဝါဒကို ယုံကြည်သဖြင့် လွန်စွာနှစ်သက် ခြင်းဖြင့် တမလွန်ကိုမငဲ့ အကျိုးမဲ့အားဖြင့် ပစ္စုပ္ပန်လောက တထွာမျှ အတွက်သာ ကြီးစည်အားထုတ် ပြုလုပ်ပြောဆိုရာ ဖြစ်သောကြောင့် လောကာယတကျမ်းခည်၏။

ဝိတဏ္ဍဝါဒမည်ပုံ ဖျပ္ပတ်ကို အောက်ပါသီလက္ခန်ဋီကာသစ်ဖြင့် သိမှတ်အပ်ပါသည်။

> "အညမညဝိရုဒ္ဓံ သဂ္ဂမောက္ခဝိရုဒ္ဓံ ဝါ တနောန္တိ ဧတ္ထာတိ ဝိတဏ္ဍော။ ဉ-ပစ္စယဝသေန န-ကာရဿ ဏ-ကာရံ ကတွာ၊ ဝိရုဒ္ဓေန ဝါဒဒဏ္ဍေန တာဍေန္တိ ဝါဒိနော ဧတ္ထာတိ ဝိတဏ္ဍော။ တဒ္ဓိတာတုဝသေန နိဂ္ဂဟိတာဂမဉ္စ ကတွာ၊ အဒေသမ္ပိ ယံ နိဿာယ ဝါဒိနံ ဝါဒေါ ပဝတ္တော၊ တံ တေသံ ဒေသတောပိ ဥပစာရ-ဝသေန ဝုစ္စတိ ယထာ "စက္ခုံ လောကေ ပိယရူပံ၊ သာတရူပံ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ"တိ၊ ဝိသေသေန ဝါ ပဏ္ဍိတာနံ မနံ တဒေန္တိ စာလေန္တိ ဧတေနာတိ ဝိတဏ္ဍော၊ တံ ဝဒန္တိ သော ဝါဒေါ ဝါ ဧတေသန္တိ ဝိတဏ္ဍဝါဒါ၊ တေသံ သတ္ထံ တထာ"။

**အနက်**—ဧတ္ထ၊ ဤကျမ်း၌။ အညမညဝိရုဒ္ဓံ၊ အချင်းချင်းဆန့်ကျင်သည်ကို။ ဝါ၊ တနည်းကား။ သဂ္ဂမောက္ခဝိရုဒ္ဓံ၊ နတ်ရွာနိဗ္ဗာန်အား ဆန့်ကျင်သည်ကို။ တနောန္တိ၊ ချဲ့ထွင်တတ်ကုန်၏။ ဇာတိတသ္မာ၊ ထိုသို့

ဆန့်ကျင်ဘက်ကို ချွတ္ထင်ရာ၏ အဖြစ်ကြောင့်။ ဝိတက္ကော၊ ဝိတက္ကမည်၏။ ၃-ပစ္စယဝသေန၊ ၃ ပစ္စည်း၏ အစွမ်းအားဖြင့်ရင်း။ န-ကာရေ့ဿ စ၊ န-အက္ခရာ၏လည်း။ ဏ-ကာရံ၊ ဏ-အက္ခရာကို။ ကတွာ၊ ပြု၍ရင်း။ ဧတ္ထ၊ ဤကျမ်း၌။ ဝါဒိနော၊ ဝိတက္ကဝါဒီတို့သည်။ ဝိရုဒ္ဓေန၊ ဆန့်ကျင်သော။ ဝါဒဒဏ္ဍေန၊ ဝါဒတည်းဟူသော တုတ်ဖြင့်။ တာဠေန္တိ၊ ရိုက်ခတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဆန့်ကျင်ဘက်တုတ်ဖြင့် ရိုက်ခတ်ရာ၏ အဖြစ်ကြောင့်။ ဝိတက္ကော၊ ဝိတက္ကမည်၏။ တဒ္ဓိ ဓာတုဝသေန စ၊ တဒ္ဓိ-ဓာတ်၏ အစွမ်းအားဖြင့်ရင်း။ နိဂ္ဂဟီတာဂမဥ္စ၊ နိဂ္ဂဟိတ်လာသည်ကိုရင်း။ ကတွာ၊ ပြု၍။ ပဒသိဒ္ဓိ၊ ပုဒ်ပြီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဒေသမ္ပိ၊ တည်ရာဒေသ မဟုတ်သည်လည်းဖြစ်သော။ ယံ၊ အကြင်ကျမ်းကို။ နိဿာယ၊ အမှီပြု၍။ ဝါဒိနံ၊ ဝိတက္ကဝါဒီတို့၏။ ဝါဒေါ၊ အယူဝါဒသည်။ ပဝတ္တော၊ ဖြစ်၏။ တံ၊ ထိုမှီရာကျမ်းကို။ တေသံ၊ ထိုဝိတက္ကဝါဒီတို့၏။ ဒေသတောပိ၊ တည်ရာဒေသအားဖြင့်လည်း။ ဥပစာရဝသေန၊ သဒိသူပစာရ၏ အစွမ်းအားဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။ ယထာကိံ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ စက္ခုံ လောကေ ပိယရူပံ သာတရူပံ။ပ။ နိရုဇ္ဈတိတိ၊ စက္ခုံ လောကေ ပိယရူပံ သာတရူပံ။ပ။ နိရုဇ္ဈတိဟူသော။ ဣတိအာဒိသု ယထာ၊ ဤသို့အစရှိသည်တို့၌ကဲ့သို့တည်း။ ဝါ၊ တနည်းကား။ ဧတေန၊ ထိုအယူဝါဒဖြင့်။ ဝိသေသေန၊ အထူးသဖြင့်။ ပဏ္ဍိတာနံ၊ ပညာရှိတို့၏။ မနံ၊ စိတ်ကို။ တဒေန္တိ စာလေန္တိ၊ တုန်လှုပ်စေ တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ အထူးသဖြင့် တုန်လှုပ်ကြောင်း၏ အဖြစ်ကြောင့်။ ဝိတက္ကော၊ ဝိတက္ကမည်၏။ တံ၊ ထိုဝိတက္ကအယူကို။ ဝါ၊ ထိုကျမ်းကို။ ဝဒန္တိ၊ ဆိုတတ်ကုန်၏။ ဝါ၊ တနည်းကား။ ဧတေသံ၊ ထိုသူတို့အား။ သော၊ ထိုဝိတက္ကဟုဆိုအပ်သော။ ဝါဒေါ၊ အယူဝါဒသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိတက္ကဝါဒါ၊ ဝိတက္ကဝါဒတို့ မည်ကုန်၏။ တေသံ၊ ထိုဝိတက္ကဝါဒတို့၏။ သတ္ထံ၊ ကျမ်းတည်း။ တထာ၊ ထိုဝိတက္ကဝါဒတို့၏ကျမ်း။

**အမိပ္ပါယ်မှာ**— ပထမဝိဂြိုဟ်အရ အချင်းချင်းဆန့်ကျင်ဘက် နတ်ရွာနိဗ္ဗာန်၏ ဆန့်ကျင်ဘက်ကို ချွဲဆိုရာဖြစ်သောကြောင့် ဝိတက္ကမည်၏။ တန္ဓာတ် ဝိတ္ထာရတ္ထ။ ၃-ပစ္စည်း၊ န-ကို ဏ-ပြု၍ ပုဒ်ပြီးသည်။

ဒုတိယဝိဂြိုဟ်အရ ဆန့်ကျင်ဘက် ဝါဒဟူသော တုတ်ဖြင့် ရိုက်နှက်ရာဖြစ်သောကြောင့် ဝိတက္ကကျမ်းမည်၏၊ တဒ္ဓိ ဓာတ် တာဠ-နတ္ထ၊ အ-ပစ္စည်းနိဂ္ဂဟိတ်လာ၍ ပုဒ်ပြီးသည်။

ဤပိဋကပ်၌ ဝိတဏ္ဍာကျမ်းသည် ဝိတဏ္ဍာဝါဒီတို့၏ တည်နေချဲ့ထွင် ငြင်းခုံရာ အရပ်ဒေသ မဟုတ်သော်လည်း ထိုကျမ်းကိုမှီ၍ ၎င်းတို့၏ ချဲ့ထွင်ငြင်းခုံခြင်းဟူသော ဝါဒ၏ ဖြစ်ပေါ်ရာ ဝိသယဒေသဖြစ်သော ကြောင့် သဒိသူပစာအားဖြင့် တည်နေချဲ့ထွင် ငြင်းခုံရာဒေသကဲ့သို့ပြု၍ အဓိကရဏသာမ်ဝိဂ္ဂဟ်ပြုလိုက်သည်၊ "ဓေတ္တေသာ တဏှာ ပဟီယမာနာ ပဟီယတိ" စသည်တို့၌ကဲ့သို့တည်း။

တတိယာဝိဂ္ဂဟ်အရ ပညာရှိတို့၏ စိတ်နှလုံးကို တုန်လှုပ်ကြောင်း အယူဖြစ်သောကြောင့် ဝိတဏ္ဍမည်၏။ (တဒ္ဓိတ စလနတ္ထ အပစ္စည်း) ထိုအယူကို ဆိုတတ်ကုန်သော သူတို့သည်၊ ဝါ၊ ထိုအယူ ရှိကုန်သူတို့သည် ဝိတဏ္ဍဝါဒမည်ကုန်၏၊ ထိုသူတို့၏ ကျမ်းသည် "ဝိတဏ္ဍဝါဒသတ္ထ"မည်၏ဟူလို။

အဓိကရဏသာမ် ဝိဂ္ဂဟ်နှစ်ပါး ကရဏသာမ်ဝိဂ္ဂဟ်တပါးတို့ကို ဋီကာပါဌ်အတိုင်း သိမှတ်ပါလေ၊ ဝိတဏ္ဍဝါဒ သတ္ထတို့ကား ဝိတဏ္ဍံ ဝဒန္တိတိ ဝိတဏ္ဍဝါဒါဟူ၍၎င်း၊ ဝိတဏ္ဍော ဝါဒေါ ဧတေသန္တိ ဝိတဏ္ဍ-ဝါဒါ။ ဟူ၍၎င်း ပြုပြီးလျှင် ဝိတဏ္ဍဝါဒါနံ သတ္ထံ ဝိတဏ္ဍဝါဒသတ္ထံ ဟူ၍ ပြုပါလေ။

ထိုလောကာယတကျမ်း၌ ပါဝင်သော အကြောင်းအရာ အမြွက်မျှ ကိုလည်း အောက်ပါဋီကာပါဌ်တို့ဖြင့် ဖေါ်ပြအပ်ပါသည်။

(က) "သဗ္ဗံ ဥစ္ဆိဋ္ဌံ၊ ကသ္မာ၊ သကုဏာဒီဟိ ပရိဘုတ္တပုဗ္ဗတ္တာ၊ သဗ္ဗံ အနုစ္ဆိဋ္ဌံ၊ ဣမဿ အဝသေသဘောဇနဿ ကေနစိအပရိဘုတ္တ-ပုဗ္ဗတ္တာ၊ သေတော ကာကော၊ အဋ္ဌိဿ သေတတ္တာ၊ ကာဠော ဗကော၊ ပါဒဿ ကာဠတ္တာ"။ (ဝိနယာလင်္ကာရ)

(ခ) "လောကက္ခာယိကာတိ အယံ လောကော ကေန နိမ္မိတော၊ အသုကေန ပဇာပတိနာ ဗြဟ္မုနာ ဣဿရေန ဝါ နိမ္မိတော၊ ကာကော သေတော အဋ္ဌီနံ သေတတ္တာ၊ ဗကာ ရတ္တာ လောဟိ-တဿ ရတ္တတ္တာတိ ဧဝမာဒိကာ လောကာယတဝိတဏ္ဍသလ္လာပ ကထာ"။ (သာရတ္ထဒီပနီဋီကာ)

(က) ဋီကာနက်– သဗ္ဗံ၊ အလုံးစုံသော အရာဝတ္ထုသည်။ ဥစ္ဆိဋ္ဌံ၊ စားကြွင်းဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သကုဏာဒီဟိ၊ ငှက်အစရှိသည်တို့သည်။ ပရိဘုတ္တပုဗ္ဗတ္တာ၊ ရှေးဦးကစားဘူးပြီးသည်၏

အဖြစ်ကြောင့်တည်း။ သဗ္ဗံ၊ အလုံးစုံသော အရာဝတ္ထုသည်။ အနုစ္ဆိဋ္ဌံ၊ စားကြွင်းမဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဣမေသံ အဝသေသဘောဇနသံ၊ ဤငှက်စသည်တို့သည် စားအင်ပြီးသည့်မှကြွင်းသော ဘောဇဉ်၏။ ဝါ၊ ဘောဇဉ်ကို။ ကေနစိ၊ တစုံတယောက်သော သတ္တဝါသည်။ အပရိဘုတ္တပုဗ္ဗတ္တာ၊ ရှေး၌မစားအပ်ဘူးသေးသည်၏ အဖြစ် ကြောင့်တည်း။ ကာကော၊ ကျီးသည်။ သေတော၊ ဖြူ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အဋ္ဌိသံ၊ အရိုး၏။ သေတတ္တာ၊ ဖြူသည်၏ အဖြစ်ကြောင့်တည်း။ ဗကော၊ ဗျိုင်းသည်။ ကာဠော၊ မည်း၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပါဒသံ၊ ခြေထောက်၏။ ကာဠတ္တာ၊ မည်းသည်၏အဖြစ်ကြောင့်တည်း။

(ခ) ဋီကာနက်— လောကက္ခာယိကာတိ၊ လောကက္ခာယိကာ ဟူသည်ကား။ အယံ လောကော၊ ဤလောကကို။ ကေန၊ အဘယ်သူသည်။ နိမ္မိတော၊ ဖန်ဆင်းအပ်သနည်း။ အသုကေန ဝါ၊ ဤအမည်ရှိသော နတ်သည်ရင်း။ ပဇာပတိနာ ဝါ၊ သတ္တဝါတို့၏ အရှင်ဖြစ်သော နတ်သည် ရင်း။ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာသည်ရင်း။ ဣဿရေန ဝါ၊ အစိုးရသော ဗိဿနိုးနတ်,ပရမိဿွာနတ်သည်ရင်း။ နိမ္မိတော၊ ဖန်ဆင်းအပ်၏။ အဋ္ဌိနံ၊ အရိုးတို့၏။ သေတတ္တာ၊ ဖြူသည်၏အဖြစ်ကြောင့်။ ကာကော၊ ကျီးသည်။ သေတော၊ ဖြူ၏။ လောဟိတဿ၊ အသွေး၏။ ရတ္တတ္တာ၊ နီသည်၏ အဖြစ်ကြောင့်။ ဗကာ၊ ဗျိုင်းတို့သည်။ ရတ္တာ၊ နီကုန်၏။ ဣတိဧဝမာဒိကာ၊ ဤသို့အစရှိသော။ လောကာယတဝိတဏ္ဍသလ္လာပကထာ၊ လောကာယတ ဝိတဏ္ဍအယူကို ပြောဆိုဆွေးနွေးခြင်းစကားသည်။ လောကက္ခာယိကာ၊ လောကက္ခာယိကာမည်၏။

အဝိပ္ပါယ်မှာ— ငှက်စသည်တို့သည် ရှေး၌က စားဘူးသည်၏အဖြစ်ကြောင့် အလုံးစုံသော စားဘွယ်သည် စားကြွင်းသာဖြစ်၏၊ ထိုငှက်တို့၏ စားကြွင်းမှ ကြွင်းကျန်သော စားဘွယ်သည်ကား စားကြွင်းမဟုတ်ဟူ၍ရင်း၊ အရိုးဖြူသောကြောင့် ကျီးသည် ဖြူ၏၊ ခြေထောက်မဲသောကြောင့် ဗျိုင်းသည် မဲ၏၊ အသွေးနီသောကြောင့် ဗျိုင်းသည် နီ၏ ဟူ၍ရင်း၊ ကမ္ဘာလောကကို ဗြဟ္မာ, ဗိဿနိုး, တန်ခိုးကြီးမား ထာဝရဘုရားတို့ ဖန်ဆင်း၏ ဟူ၍ရင်း၊ ဤသို့ အစရှိသည်ဖြင့် ကုသိုလ်ကောင်းမှုမပါ ဗလာသက်သက် အနက်ကင်းမဲ့ ကပ်ဖဲ့ဖဲ့ ပြောဆိုယူဆသော အကြောင်း အရာများသာ ပါရှိသည် ဟူလို။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ကား—

သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့သည် လောကာယတ မည်ကြောင်း ဟောတော်မူလေသည်။

အနည်းငယ် ချဲ့၍ရေးသား ဖော်ပြပါဦးမည်၊ တရံရောအခါ လောကာယတအယူရှိသော ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ လာရောက်၍ "ကိံ နု ခေါ ဘော ဂေါတမ သဗ္ဗမတ္ထိ၊ အိုအရှင်ဂေါတမ အလုံးစုံသည် မပြတ်မစဲ အမြဲတည်ရှိနေသည်မဟုတ်ပါလော" ဟု သဿတ အယူဖြင့် မေးလျှောက်လေသည်။

ထိုအခါ မြတ်စွာဘုရားက "သဗ္ဗမတ္ထီတိ ခေါ ဗြာဟ္မဏ ဇေဋ္ဌမေတံ လောကာယတံ၊ အိုပုဏ္ဏား အလုံးစုံသည် မပြတ်မစဲ အမြဲတည်ရှိ၏ဟူသော အယူသည် ရှေးဦးစွာသော လောကာယတအယူသာ ဖြစ်၏" ဟု မိန့်တော်မူလေသည်။

ထိုအခါ ပုဏ္ဏားက "အလုံးစုံသည် မပြတ်မစဲ အမြဲအားဖြင့် မရှိလျှင် သေပြီးသည့်နောက် ကွယ်ပျောက်ပြတ်စဲသွား၏" ဟု ဥစ္ဆေဒနှလုံး သွင်း၍ "ကိံ ပန ဘော ဂေါတမ သဗ္ဗံ နတ္ထိ၊ အိုအရှင်ဂေါတမ အလုံးစုံသည် မပြတ်မစဲ အမြဲမနေ သေပြီးသည့်နောက် ကွယ်ပျောက်လေတီ ဘာမျှ မရှိသလော" ဟု မေးလျှောက်ပြန်လေသည်။

ထိုအမေးကိုလည်း "သဗ္ဗံ နတ္ထီတိ ခေါ ဗြာဟ္မဏ ဒုတိယမေတံ လောကာယတံ၊ အိုပုဏ္ဏား အလုံးစုံသည် မပြတ်မစဲ အမြဲမနေ သေပြီး သည့်နောက် ကွယ်ပျောက်လေတီ ဘာမျှမရှိဟူသော အယူသည် နှစ်ခု မြောက်သော လောကာယတအယူသာ ဖြစ်သည်" ဟု ဖြေဆိုတော် မူလေသည်။

ထိုအခါ ပုဏ္ဏားသည် မြတ်စွာဘုရား၏ ဖြေဆိုပုံအဓိပ္ပါယ်ကို ညက် မဒီ သဘောမကျသေးသဖြင့် "ကိံ နုခေါ ဘော ဂေါတမ သဗ္ဗမေကတ္တံ၊ အိုအရှင်ဂေါတမ အလုံးစုံသည် မပြတ်မစဲ မြဲသောသဘောအားဖြင့် တမျိုးသည်းပင် ဖြစ်ပါသလော" ဟု သဿတအယူကိုပင် နှလုံးသွင်း၍ ပရိယာယ်တပါးဖြင့် မေးလျှောက်ပြန်လေသည်။

ထိုအမေးကိုလည်း "သဗ္ဗမေကတ္တန္တိ ခေါ ဗြာဟ္မဏ တတိယမေတံ လောကာယတံ၊ အိုပုဏ္ဏား အလုံးစုံသည် မပြတ်မစဲ မြဲသောသဘော အားဖြင့် တမျိုးထည်းပင်ဖြစ်သည်ဟူသော အယူသည် သုံးခုမြောက်သော လောကာယတအယူ ဖြစ်သည်"ဟု ဖြေဆိုတော်မူပြန်သည်။

ပုဏ္ဏားသည် "သဿတ ဥစ္ဆေဒအယူနှစ်ပါးမှ မလွတ်နိုင်သည်ဖြစ်၍ မြဲသောအားဖြင့် တမျိုးထည်းမဟုတ်လျှင် အမျိုးမျိုးဖြစ်၍ ပြတ်စဲရမည်"ဟု ဥစ္ဆေဒနှလုံးသွင်းကာ "ကိံ ပန ဘော ဂေါတမ သဗ္ဗံ ပုထုတ္တံ၊ အိုအရှင်ဂေါတမ နတ်,လူစသည် အမျိုးမျိုးဖြစ်ပြီး၍ သေပြီးသည့်နောက် သေခြင်းသို့ရောက်သဖြင့် ကွယ်ပျောက်ငုတ်လျှိုး မရှိရိုးမို့ တမျိုးဟူ၍ မှတ်ယူရမည်လော"ဟု မေးလျှောက်ရာ "သဗ္ဗံ ပုထုတ္တန္တိ ခေါ ဗြာဟ္မဏ စတုတ္ထမေတံ လောကာယတံ၊ အိုပုဏ္ဏား နတ်,လူစသည် အမျိုးမျိုးဖြစ်ပြီး၍ သေပြီးသည့်နောက် သေခြင်းသို့ရောက်သဖြင့် ကွယ်ပျောက်ငုတ်လျှိုး မရှိရိုးမို့ တမျိုးဟူ၍ မှတ်ယူခြင်းသည်လည်း လေးခုမြောက်သော လောကာယတ အယူသာဖြစ်၏"ဟုမိန့်တော်မူပြီးလျှင်"ဧတေ တေ ဗြာဟ္မဏ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈေန တထာဂတော ဓမ္မံ ဒေသေတိ အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြား၍ ပုဏ္ဏားအား ယုတ်မာသော လောကာယတအယူမှ ကယ်တင်ချွတ်ချွေ တော်မူကြောင်း လောကာယတိကသုတ်၌ လာရှိလေသည်။

ဤသို့ ပြဆိုခဲ့ပြီးသော ပါဠိ,အဋ္ဌကထာ,ဋီကာတို့ဖြင့် လောကာယတ ဝိတဏ္ဍာကျမ်းမည်ပုံနှင့်တကွ ၎င်းကျမ်း၌ ဖေါ်ပြပါရှိသော အကြောင်းအရာ လောကာယတဝိတဏ္ဍဝါဒီတို့၏ အယူဝါဒတို့ကို အမြွက်အားဖြင့် သိနိုင်လောက်ပါပြီ၊ ဤလောကာယတနှင့်စပ်၍ ဖေါ်ပြခဲ့သော အကြောင်းအရာတို့သည်ကား သာသနာကျမ်း မာဂဓကျမ်းတို့ကို မှီ၍ ပြဆိုအပ်သော အကြောင်းအရာများဖြစ်ပါသည်။

သက္ကတကျမ်းများ၏ အလိုအားဖြင့်ကား "လောကေသု အာယတံ ဝိတ္တိဏ္ဏံ အနာယာသသာမိတတ္တာ"ဟူသည်နှင့်အညီ ခက်ခဲနက်နဲသော အကြောင်းမပါ မျက်မြင်လောက်ကိုသာကြည့်၍ ပြောသောဝါဒဖြစ်၍ လူတိုင်းသိလွယ်သောကြောင့် လောက၌ ထင်ရှားပြန့်နှံ့သော စာရဗာက ဆရာ၏ "အယူဝါဒတည်း"ဟု အဘိဓာန်နိဿယသစ်ဆရာတော် မိန့်မှာ ညွှန်ကြားလျက်ရှိလေသည်။

ထိုညွှန်ကြားချက်ကို ဦးတည်၍ လေ့လာရရှိသော ဗဟုသုတကို ဖေါ်ပြပါမည်။

စာရဗာကဆရာဟူသည်မှာ မြတ်စွာဘုရားမပွင့်မီကပင် ရှိခဲ့ဘူးသော နီတိကျမ်းဆရာတဦး ဖြစ်လေသည်၊ ၎င်းစာရဗာကဆရာမပေါ်မီကပင် သုကြဆရာရေးသားသော နီတိကျမ်းများ ဗြဟပ္ပတိဆရာရေးသော နီတိကျမ်းများရှိလေသည်၊စာရဗာကဆရာရေးသော လောကာယတကျမ်းသည် အဆိုပါဆရာတို့၏ နီတိကျမ်းအယူအဆအတိုင်းပင် လိုက်၍ ရေးသော ကျမ်းဖြစ်လေသည်၊ထိုစာရဗာကဆရာ၏ လောကာယတကျမ်း၌ ပါရှိသော အကြောင်းအရာ တစိတ်တဒေသကို ပါဠိဆရာ ဦးအောင်တင် မြန်မာပြန်ဆို ရေးသားချက်မှ မူရင်းမပျက် အောက်ပါအတိုင်း ဖေါ်ပြလိုက်ပါသည်။

"အသက်ရှင်နေသမျှ ချမ်းချမ်းသာသာနေကြရမည်၊ မသေတဲ့နေရာ ဘယ်မှာရှိမှာတုံး၊ ပြာဖြစ်ပြီးတဲ့ကိုယ် ဘယ်မှာပြန်လာမလဲ"

"နတ်ပြည်မရှိ နိဗ္ဗာန်မရှိ တမလွန်မှာဖြစ်မည့် အသက်လိပ်ပြာမရှိ အမျိုးလေးပါးကို ပေးကမ်းခြင်းစသည်၏ အကျိုးဆိုတာလည်းမရှိ"။

"မီးပူဇော်ခြင်း ဗေဒင်သုံးပုံ နဖူး၌ ပြာလူးခြင်း စသည်တို့သည် ပညာဉာဏ်ကင်း လူဖျင်းလူအ,တို့ ယူဆတဲ့ ထာဝရဘုရားသခင် ဖန်ဆင်း အပ်သော အသက်မွေးဝမ်းကျောင်းများသာ ဖြစ်သည်"။

"အကြွေးယူပြီး ထောပတ်ကိုသောက် ပြန်မပေးလည်း အပြစ်မရှိ သေ၍ပြာဖြစ်ပြီးတဲ့ကိုယ်ဟာ ဘယ်မှာပြန်လာရိုးရှိမှာတုံး"။

"အသက်လိပ်ပြာသည် ကိုယ်ထဲကထွက်သွားပြီး တမလွန်ဘဝသို့ သွားရိုးမှန်လျှင် ဆွေမျိုးသားချင်းတို့ကို အချစ်ပြင်းထန်သည့်အတွက် ဘာကြောင့်ပြန်မလာသတဲ့နည်း"။

ဤထုတ်ပြခဲ့ပြီးသော လောကာယတကျမ်းလာ အကြောင်းအမြွက် တို့ကို ထောက်ဆဆသောအားဖြင့်၎င်း၊ ဆွေးနွေးလေ့လာခြင်းဖြင့်၎င်း၊ ထိုစာရဗာကဆရာနှင့်တကွ ဗြဟပ္ပတိဆရာ သုကြဆရာတို့သည် တမလွန် အတွက် ကုသိုလ်ကောင်းမှုပြုခြင်းကို တားမြစ်၍ အကုသိုလ်ပြုရာ၌ကား ဝန်မလေးသော ဥစ္ဆေဒအယူရှိသော ရဝ်ဝါဒသမားတို့သာ ဖြစ်ကြောင်းကို သိမှတ်ရပါသည်။

ဘုန်းကြီးများငယ်စဉ်အခါက "အင်္ဂလိပ်စာသင်ခြင်း ဂဏန်းသင်္ချာသင်ခြင်း စသည်ကိုပင် လောကာယတအမှုပြုသည်"ဟု ကြားဘူးသဖြင့် မိမိကိုယ်တိုင်လည်း သံသယဖြစ်ခဲ့ဘူးပါသည်။

မင်းတုန်းမင်းလက်ထက် (၁၂၁၇)ခုနှစ်၌ ပြန်ဆိုအပ်သော သာသနာပြု ရာဇအမိန့်တော်၌ကား "ပြဒါးကိုပြာချခြင်း ခဲစေခြင်းတို့ကိုဆိုသော တိရစ္ဆာနဝိဇ္ဇာ လောကာယတကျမ်းကို ရဟန်းတို့သင်လည်းမသင်အပ် သူတပါးတို့ကိုလည်း မပြောအပ် ပြုလည်းမပြုအပ်" စသည်ဖြင့် အင်္ဂရတ်ကျမ်းကိုပင် လောကာယတကျမ်းဟု ဖေါ်ပြပါရှိလေသည်။

၎င်းသာသနာပြု ရာဇအမိန့်တော်ပါ ဝါဒသည် ပြဆိုခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့်တကွ သဒ္ဒင်္ဂကျမ်းတို့နှင့်မတူ တမူထူးခြားသောဝါဒဟူ၍သာ မှတ်ယူသင့်ပါသည်။

ဆဋ္ဌဝါရ၌ "အာဝါဟနံ" စသည်ဖြင့် တိရစ္ဆာနဝိဇ္ဇာ နှစ်ဆယ့်တပါးကို ဟောတော်မူသည်၊ ထိုနှစ်ဆယ့်တပါးတို့တွင်—

အာဝါဟနာဒိ—"အာဝါဟန"ဟူသည်မှာ သွီးချွေးမကို ဆောင်ယူရန် အခါပေးခြင်းတည်း။ "ဝိဝါဟန"ဟူသည်မှာ သားမက်လောင်းအား သွီးပေးရန် အခါပေးခြင်းတည်း။ "သံဝရဏ" ဟူသည်မှာ လက်ထပ်မင်္ဂလာနှင့် ပေါင်းသင်းဆက်ဆံမှု စသည်ပြုရန် အခါပေးခြင်းတည်း။ "ဝိဝရဏ"ဟူသည်မှာ လင်ကွာမယားကွာနှင့် ကွေကွင်းမှုစသည်ပြုရန် အခါပေးခြင်းတည်း။ "ဝိရဒ္ဓဂဗ္ဘကရဏ"ဟူသည်မှာ ကိုယ်ဝန်တည်ရန် ဆေးပေးခြင်းတည်း။ "အာဒါသပဥှ"ဟူသည်မှာ မန္တာန်ဖြင့် မှန်၌နတ်ကို သွင်း၍ မေးမြန်းခြင်းတည်း။ "ကုမာရိကပဥှ"ဟူသည်မှာ မိန်းမငယ်၏ ကိုယ်၌ နတ်သွင်း၍မေးမြန်းခြင်းတည်း။ "သိရိဝှါယန"ဟူသည်မှာ "ဧဟိ သိရိ မယှံ သိရေ ပတိဋ္ဌာဟိ"ဆို၍ ဦးခေါင်းဖြင့် ကြက်သရေကို ပင့်ခေါ်ခြင်းတည်း။

၎င်းကား ဆဋ္ဌဝါရတွင် ရံခါတွေ့ကြုံတတ်သော တိရစ္ဆာနဝိဇ္ဇာ အချို့တို့၏ အဓိပ္ပါယ်များသာ ဖြစ်ပါသည်၊ အပြည့်အစုံကိုလိုက သီလက္ခန်မှာ ကြည့်ပါလေ။

သတ္တမဝါရ၌ "သန္တိကမ္မံ"စသည်ဖြင့် တိရစ္ဆာနဝိဇ္ဇာ နှစ်ဆယ့်ခုနစ်ပါးကို ဟောတော်မူသည်။ ထိုနှစ်ဆယ့်ခုနစ်ပါးတို့တွင်—

**သန္တိကမ္မံ**— "သန္တိကမ္မ" ဟူသည်မှာ နတ်စင် နတ်ကွန်း နတ်သစ်ပင်စသည်သို့သွား၍ "နတ်မင်း အကျွန်ုပ်ကို မစပါ၊ ဤမည်သောကိစ္စ ပြည့်စုံပြီးမြောက်လျှင် နတ်မင်းအား ဤသို့ဤသို့ ပူဇော်ပါမည်"ဟု လိုရာဆုကိုတောင်း၍ ပြုအပ်သောအမှုကို ဝန်ခံခြင်းတည်း။

ကြွင်းသော"ပဏိဓိကမ္မ"စသည်တို့ကို အလိုရှိ သိလိုပါမူ သီလက္ခန်ပါဠိတော် မြန်မာဋီကာလသုတ် မဟာသီလခဏ်း၌ ကြည့်ပါလေ။

ဤသီလက္ခန်ပါဠိတော်လာ တိရစ္ဆာနဝိဇ္ဇာအားလုံးတို့ကို ပစ္စည်းလာဘ်သပ္ပကာ ဥစ္စာရမှုအတွက် ပြုလုပ်မှသာလျှင် မိစ္ဆာဇီဝမည်ပါသည်။ ပစ္စည်းလာဘ်သပ္ပကာ ဥစ္စာရမှုမဟုတ်ဘဲ သက်သက်ပြုလုပ် လေ့ကျက်အပ်သည်ကိုမူကား မိစ္ဆာဇီဝဟူ၍ မခေါ်၊ တိရစ္ဆာနဝိဇ္ဇာဝတ္ထုအားလျော်စွာ အပြုအမူအားလျော်စွာ အနာစာရစသည်ဖြင့်ကား ထိုက်သင့်သလို ခေါ်ဆိုအပ်ပါသည်။ ထို့ကြောင့် သီလက္ခန်ဋီကာသစ်၌အောက်ပါအတိုင်း မိန့်ဆိုလျက်ရှိလေသည်။

"သဗ္ဗာနိ စေတာနိ အာဇီဝဟေတုကာနိ ယေဝ ဣဓာဓိပ္ပေတာနိ မိစ္ဆာဇီဝေန ဇီဝိကံ ကပ္ပေန္တီ"တိ ဝုတ္တတ္တာ"။

အထူးမှာ "ယထာ ဝါ ပနေကေ"စသည်ဖြင့် ဖော်ပြခဲ့သော သီလက္ခန်ပါဠိတော်ဝါရတို့၌ "မိဂစက္ကံ ဣတိဝါ"စသည်ဖြင့် ဟောတော်မူအပ်သော ဣတိသဒ္ဒါသည် ပကာရအနက်ရှိ၍ ဝါသဒ္ဒါကား ဝိကပ္ပနအနက်ရှိပါသည်။ ထိုဣတိသဒ္ဒါ ဝါသဒ္ဒါတို့ဖြင့် သာသနာတော်မှအပ တိတ္ထိယရဟန်းတို့၏ အသက်မွေးဝမ်းကျောင်းဖြစ်ကုန်သော သိပ္ပါယတနဝိဇ္ဇာဌာနဟူသမျှ အားလုံးတို့ကို သိမ်းရုံးယူငင်သောအားဖြင့် ဟောကြားတော်မူသည်ဟူ၍ သိအပ်ပါသည်။

ဤသို့သော စကားအစဉ်ဖြင့် ပြဆိုခဲ့ပြီးသော သီလက္ခန်ပါဠိတော်လာ တိရစ္ဆာနဝိဇ္ဇာအားလုံးနှင့်တကွ "အာဇီဝ"ဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ပရိဝါပါဠိတော်လာ သိက္ခာပုဒ်ခြောက်ပါး၊ ကုဟန လပနစသည်ဖြင့် ဟောတော်မူအပ်သောမိစ္ဆာဇီဝတို့မှရှောင်ကြဉ်ခြင်းသည် "အာဇီဝပါရိသုဒ္ဓိသီလ"မည်၏။

## ပစ္စယသန္နိဿိတသီလ

. အာဇီဝပါရိသုဒ္ဓိသီလ၏ အခြားမဲ့၌ ရေးသားဖော်ပြအပ်သော ပစ္စယသန္နိဿိတသီလကိုကား—

"ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ၊ ယာဝ ဒေဝ သီတဿ ပဋိဃာတာယာတိအာဒိနာ နယေန ဝုတ္တော ပဋိသင်္ခါန ပရိသုဒ္ဓေါ စတုပစ္စယပရိဘောဂေါ ပစ္စယသန္နိဿိတသီလံ နာမ"။

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိနှင့်အညီ သဗ္ဗာသဝသုတ်၌ ဟောတော်မူအပ်သော "ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ" အစရှိသောနည်းတို့ဖြင့် ပညာသက်ဝင် ဆင်ခြင်နှလုံးသွင်းခြင်းဖြင့် စင်ကြယ်သော ပစ္စည်းလေးပါးကို သုံးဆောင်ကြောင်း အပြစ်ကင်းသော စေတနာသည် "ပစ္စယသန္နိဿိတသီလ"မည်၏ဟူ၍ အကျဉ်းအားဖြင့် မှတ်ယူပါလေ။

ထိုပစ္စဝေက္ခဏာပါဠိကို သဗ္ဗာသဝသုတ် ဓူဠနိဒ္ဒေသ မဟာနိဒ္ဒေသ တို့မှာယူ၍ ၎င်းပါဠိတော်တို့၏အဖွင့်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် မူလပဏ္ဏာသ ဓူဠနိဒ္ဒေသ မဟာနိဒ္ဒေသအဋ္ဌကထာတို့မှာ ယူပါလေ။

---

## စတုပါရိသုဒ္ဓိသီလ၏ ပြည့်စုံကြောင်းကိုပြခြင်း

ပါတိမောက္ခသံဝရ— ဝေမေတဗ္ဗံ စတုဒ္ဒိမေ သီလေ သဒ္ဓါယ ပါတိမောက္ခသံဝရော သမ္ပာဒေတဗ္ဗော"ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဤသို့သောနည်းတို့ဖြင့် ပြဆိုအပ်ခဲ့ပြီးသော စတုပါရိသုဒ္ဓိသီလတွင် ပါတိ-မောက္ခသံဝရသီလကို ယုံကြည်လေးစားမှု သဒ္ဓါတရားဖြင့်ပြည့်စုံစေအပ်၏။

ထိုစကား မှန်၏၊ "ပါတိမောက္ခသံဝရသီလ" ဟူသည် သဒ္ဓါတရား သာလျှင် ပြည့်စုံကြောင်းရှိ၏၊ အဘယ်ကြောင့်နည်း ဟူမူကား ဂရုက လဟုကစသည် အပြားရှိသော အာပတ္တိဝတ္ထုကို ကျူးလွန်ရာ၌ လိုသို အပြစ်အားလျော်စွာ သိက္ခာပုဒ်တော်ကို ပညတ်ခြင်းမည်သည် သာဝက တို့၏ အရာမဟုတ်၊ အနုတ္တရထွဋ်ထား သဗ္ဗညုဘုရားတို့၏ အရာသာလျှင် ဖြစ်ရကား သာဝကတို့၏ အနေအားဖြင့် ဘုရားပညတ်တော်မူတိုင်း ယုံကြည်လေးစားစွာ လိုက်နာအပ်သည်သာဖြစ်တော့သည်။ သိက္ခာပုဒ်ကို

ပညတ်တော်မူခြင်းသာလျှင် သာဝကတို့၏အရာကို လွန်သည်မဟုတ်သေး၊ သိက္ခာပုဒ်ကို ပညတ်တော်မူရာ အခါကာလကို သိမြင်ခြင်းသည်လည်း သာဝကတို့၏ အရာမဟုတ်၊ အနုတ္တရထွင့်ထား သဗ္ဗညုဘုရားတို့၏ အရာသာ ဖြစ်ချေသည်၊ ထို့ကြောင့် "သိက္ခာပုဒ်ကို ပညတ်တော်မူပါဘုရား" ဟူ၍ အရှင်သာရိပုတ္တရာက တောင်းပန်လျှောက်ထားရာတွင်—

"အာဂမေဟိ တွံ သာရိပုတ္တ အာဂမေဟိ တွံ သာရိပုတ္တ၊ တထာဂတောဝ တတ္ထ ကာလံ ဇာနိဿတိ"။

ချစ်သားသာရိပုတ္တရာ သင်သည် ဆိုင်းငံ့ဦးလော့၊ ဆိုင်းငံ့ဦးလော့၊ ထိုသိက္ခာပုဒ်ကို ပညတ်ရာ၌ အချိန်ကာလကို မြတ်စွာဘုရားသည်သာလျှင် ပိုင်းခြားထင်ထင် သိမြင်တော်မူလတ့်ဟု မြတ်စွာဘုရား ဟန့်တားပယ်မြစ်တော်မူလေသည်။

ထိုသို့ ဖော်ပြခဲ့ပြီးသော အကြောင်းတို့ကြောင့် သာဝကတို့၏အနေအားဖြင့် ဘောင်တောင်ဤဤ တွေလီလေးပါး စိတ်မများဘဲ ဘုရားဥတ္တဥ် သုံးလူ့နတ်၏ ပညတ်ခွင့်ပြုတော်မူတိုင်းသာလျှင် ပါတိမောက္ခသံဝရဥသုံ အသုံးစုံကို ကြည်ညိုသေးခား သဒ္ဓါတရားဖြင့် ကိုးစားဖြည့်ကျင့်အပ်သည်သာ ဖြစ်တော့သည်။

ဉာဏ်ဒွိယသံဝရ– "ယထာ စ ပါတိမောက္ခသံဝရော သဒ္ဓါယ၊ ဧဝံ သတိယာ ဣန္ဒြိယသံဝရော သမ္ပာဒေတဗ္ဗော" ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် ပြည့်စုံစေအပ်သကဲ့သို့ ဤအတူ ဣန္ဒြိယသံဝရသီလကို မမေ့မလျော့သော သတိတရားဖြင့် ပြည့်စုံစေအပ်ပါသည်၊ ထိုစကားသည်မှန်၏၊ ဣန္ဒြိယသံဝရသီလသည် သတိဟူသော ပြီးပြည့်စုံကြောင်းရှိ၏၊ အကြောင်းမှုကား ချေးဦးကပင် မမေ့မလျော့ ထင်သောသတိသည် စောင့်ရှောက်ဒိုးအုပ်အပ်သည်ဖြစ်၍ မြဲမြံစွာတည်ကုန်သော စက္ခုစသော ဣန္ဒြေတို့၏၊ ဝါ၊ စက္ခုစသော ဣန္ဒြေတို့သို့၊ အဘိဇ္ဈာဒေါမနဿ အစရှိကုန်သော အကုသိုလ်တရားတို့သည် အစဉ်မလိုက်အပ်မလိုက်နိုင်သည်၏ အဖြစ်ကြောင့်တည်း။

ထို့ကြောင့် "ဝရံ ဘိက္ခဝေ တတ္တာယ အယောသလာကာယ" အစရှိသည်ဖြင့်"ချစ်သားရဟန်းတို့ အစမှ တပြောင်ပြောင် တောက်လောင်သော ထက်ဝန်းကျင် တောက်ပသော တခဲနက် မီးလျှံဖြစ်သော

လောလောပူသော သံချောင်းဖြင့် စက္ခုန္ဒြေကို ရစ်ပတ်သိုးမွှေခြင်းသည် မြတ်လှသေး၏ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော ရူပါရုံတို့၌ လက်ခြေ စသော အနုဗျဉ္ဇန ယောကျ်ားမိန်းမစသော နိမိတ်တို့ကို ယူခြင်းသည် မမြတ်သည်သာလျှင်တည်း”ဟု ဟောတော်မူအပ်သော အာဒိတ္တပရိယာယ သုတ်တော်ကို မမေ့မလျော့သော သတိတရားဖြင့် စဉ်းစားအောက်မေ့၍ ထိုဣန္ဒြိယသံဝရသီလကို ပြည့်စုံစေအပ်ခဲ့လေသတည်း။

အာဇီဝပါရိသုဒ္ဓိ– “ယထာ ပန ဣန္ဒြိယသံဝရော သတိယာ၊ တထာ ဝီရိယေန အာဇီဝပါရိသုဒ္ဓိ သမ္ပာဒေတဗ္ဗာ”ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဣန္ဒြိယသံဝရသီလကို သတိဖြင့် ပြည့်စုံစေသကဲ့သို့ ထို့အတူ အာဇီဝပါရိ-သုဒ္ဓိသီလကို ဝီရိယဖြင့် ပြည့်စုံစေအပ်၏ ထိုစကားသည်မှန်၏ အာဇီဝ ပါရိသုဒ္ဓိသီလဟူသည် ဝီရိယလျှင် ပြီးပြည့်စုံကြောင်းရှိ၏ အဘယ့်ကြောင့် နည်းဟူမူကား ပျင်းရိမှုကင်း အားထုတ်ခြင်းဝီရိယရှိသောသူအားသာလျှင် မိစ္ဆာဇီဝကို ပယ်ခြင်း၏ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ဘုရားရှင်သာသနာတော်အား မလျောက်ပတ်သဖြင့် မသင့်သော မလျောက်ပတ်သော ရှာမှီးခြင်းကိုပယ်၍ သပိတ်ပိုက်ကာ ဆွမ်းကိုရှာခြင်းစသော ရဟန်းတို့အား သင့်လျော်လျောက်ပတ် ကောင်းမြတ်သော ရှာမှီးခြင်းတို့ဖြင့် စင်ကြယ်သဖြင့် ဖြစ်စေအပ်ကုန်သော ပစ္စည်းလေးပါးတို့ကိုသာ မှီဝဲသုံးဆောင်သည်ဖြစ်၍ရှင်း၊ မစင်ကြယ် ဖြစ်ပေါ်စေအပ်ကုန်သော ပစ္စည်းလေးပါးတို့ကို အဆိပ်အတောက်ပြင်းသော မြွေပွေး၊မြွေဟောက်တို့ကို ရှောင်ကွင်းသကဲ့သို့ ဘွေရှောင်ကင်းလွဲ မမှီဝဲဘဲ ခွါဖဲစွန့်ပစ်သည်ဖြစ်၍ရှင်၊ ထိုအာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စုံစေအပ်၏။

ပစ္စယသန္နိဿိတ – အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြည့်စုံစေအပ်သကဲ့သို့ ထို့အတူ ပစ္စယသန္နိဿိတသီလကို ပညာဖြင့်ပြည့်စုံစေအပ်၏၊ ထိုစကားမှန်၏၊ ထိုပစ္စယသန္နိဿိတသီလဟူသည် ပညာလျှင် ပြည့်စုံကြောင်းရှိ၏၊ အဘယ့်ကြောင့်နည်းဟူမူကား ပညာရှိသောသူအားသာလျှင် ပစ္စည်းလေးပါးတို့၌ အကျိုးအပြစ်ကို မြင်ခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်တည်း၊ ထို့ကြောင့် ပစ္စည်းလေးပါး၌ တပ်မက်ခြင်းတဏှာ လောဘကို ပယ်ဖျောက်၍ တရားသဖြင့် ဖြစ်စေအပ်သော ပစ္စည်းလေးပါးတို့ကို “ပဋိသင်္ခါ ယောနိသော” စသည်ဖြင့် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း ပညာဖြင့်ဆင်ခြင်၍ သုံးဆောင်သည်ဖြစ်၍ ထိုပစ္စယသန္နိဿိတ သီလကို ပြည့်စုံစေအပ်၏။

ထိုသို့ ဆင်ခြင်ခြင်းဟူသည်မှာ ပစ္စည်းပါးကို ရရာအခါ၌ ဆင်ခြင်ခြင်း သုံးဆောင်ရာအခါ၌ ဆင်ခြင်ခြင်းအားဖြင့် နှစ်ပါးအပြားရှိလေသည်၊ ထိုစကားမှန်၏၊ ပစ္စည်းလေးပါးကို ရရာအခါ၌လည်း "ဤရအပ်သော ပစ္စည်းသည်ရင်း၊ ထိုပစ္စည်းတို့ကို သုံးဆောင်သော ပုဂ္ဂိုလ်သည်ရင်း၊ ဤနှစ်ပါးစုံသည်ပင် ကံ,စိတ်,ဥတု,အာဟာရ တည်းဟူသော အကြောင်းအားလျော်စွာ ဖြစ်ပတတ်သော ဓာတ်သဘောမျှသာလျှင်တည်း"။ ဤသို့ စသည်ဖြင့် ဓာတ်ကို နှလုံးသွင်းခြင်းအားဖြင့်သော်ရင်း၊ ဆွမ်းခဲဘွယ်၌ "အာဟာရ၌ စက်ဆုတ်ရွံရှာဘွယ်ဟူသော အမှတ်သညာကို ဖြစ်စေသည်၏ အစွမ်းအားဖြင့်ရင်း၊ အလုံးစုံသော ပစ္စည်းလေးပါးတို့သည် နဂိုက စက်ဆုတ်ရွံရှာဘွယ် မဟုတ်သော်လည်း ဤခန္ဓာကိုယ်ရပ် အကောင်ပုပ်သို့ ရောက်ကုန်သည်ရှိသော် စက်ဆုတ်ရွံရှာဘွယ် ဖြစ်ကုန်လတံ့" ဤသို့စသည်ဖြင့် စက်ဆုတ်ရွံရှာဘွယ်ကို နှလုံးသွင်းသည်၏ အစွမ်းအားဖြင့်ရင်း၊ ဆင်ခြင်နှလုံးသွင်း၍ ထားအပ်ကုန်သော ပစ္စည်းလေးပါးတို့ကို ထို့နောက် အလိုရှိရာအခါ၌ သုံးဆောင်သောရဟန်း၏ သုံးဆောင်ခြင်းသည် အပြစ်မရှိသော သုံးဆောင်ခြင်းမည်၏၊ ထို့အတူ ပစ္စည်းလေးပါးကို သုံးဆောင်ရာအခါ၌လည်း "ပဋိသင်္ခါ ယောနိသော" အစရှိသော နည်းဖြင့် သုံးဆောင်သောရဟန်း၏ သုံးဆောင်ခြင်းသည် အပြစ်မရှိသော သုံးဆောင်ခြင်းမည်၏။

ဤရေးသားဖော်ပြခဲ့သော အဓိပ္ပါယ်သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မဟာဋီကာတို့မှလာသော အဓိပ္ပါယ်ပင်ဖြစ်လေသည်။ ဤအဓိပ္ပါယ်၌ ပစ္စည်းလေးပါးကို ရရာအခါကပင်လျှင် "ဓာတုမနသိကာရ"စသည်ဖြင့် ဆင်ခြင်မှုကို ပြဆိုခြင်းသည် ပစ္စည်းလေးပါးကို ဆင်ခြင်ခြင်းဟုဆိုအပ်သော ပစ္စဝေက္ခဏာ၏ အစကပင် စင်ကြယ်သည်ကို ပြခြင်းမျှသာဖြစ်၏။ ဤသို့ ပစ္စည်းလေးပါးကို ရစဉ်ကပင် ဆင်ခြင်ပြီးဖြစ်၍ သုံးဆောင်ရာအခါကာလ၌ ဆင်ခြင်ဘွယ်မလိုဟု ပြဆိုလိုရင်းမဟုတ်ပါ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ "ပစ္စဝေက္ခဏာယ အာဒိသုဒ္ဓိဒဿနပရမေတံ၊ န ပရိဘောဂကာလေ ပစ္စဝေက္ခဏာပဋိက္ခေပပရံ"ဟူ၍ မိန့်တော်မူလေသည်။

ထိုသို့ ပစ္စည်းလေးပါးကို သုံးဆောင်ရာ ဆင်ခြင်ခြင်း၌ အဋ္ဌကထာများစွာတို့မှ လာရှိသော အသုံးအဖြတ်ကို ရေးသားဖော်ပြပါမည်။

## သုံးဆောင်ခြင်းလေးမျိုး

သုံးဆောင်ခြင်းတို့သည်—

၁။ ထေယျပရိဘောဂ—ခိုးသူ၏ အဖြစ်ဖြင့်သုံးဆောင်ခြင်း။
၂။ ဣဏပရိဘောဂ—ကြွေးတင်သဖြင့် သုံးဆောင်ခြင်း။
၃။ ဒါယဇ္ဇပရိဘောဂ—အမွေခံ၏အဖြစ် သုံးဆောင်ခြင်း။
၄။ သာမိပရိဘောဂ—စိုးပိုင်သူအရှင်၏အဖြစ် သုံးဆောင်ခြင်း။

ဟူ၍ လေးပါးအပြားရှိပါသည်။

**ထေယျပရိဘောဂ**— ထိုလေးပါးသော သုံးဆောင်ခြင်းတို့တွင် သံဃာများစွာတို့၏ အလယ်၌ ထိုင်ခနေ၍ သုံးဆောင်ခြင်းပင်ဖြစ်သော်လည်း သီလမရှိသော ဒုဿီလ၏ သုံးဆောင်ခြင်းသည် ခိုးယူသုံးဆောင်ခြင်းဟူသော ထေယျပရိဘောဂမည်၏။ အဘယ့်ကြောင့်နည်းဟူမူကား မြတ်စွာဘုရားသည် မိမိ၏ သာသနာတော်၌ သီလရှိသောသူအားသာလျှင် ပစ္စည်းလေးပါးတို့ကို ခွင့်ပြုတော်မူအပ်ကုန်၏။ သီလမဲ့ဒုဿီလအား ခွင့်ပြုတော်မူအပ်သည်မဟုတ်ကုန်၊ ပစ္စည်းလေးပါး ဒါယကာတို့သည်လည်း မိမိတို့၏ အလှူဒါနတို့၏ ကြီးမြတ်သော အကျိုးကျေးဇူး ရှိသည်၏အဖြစ်ကို လိုချင်တောင်းတခြင်းကြောင့် သီလရှိသောသူအားသာလျှင် လှူဒါန်းစွန့်ကြဲအပ်၏။ သီလမဲ့ဒုဿီလအား လှူဒါန်းစွန့်ကြဲအပ်သည်မဟုတ်၊ ဤသို့လျှင် မြတ်စွာဘုရားကလည်း အခွင့်မပြုအပ် ဒါယကာတို့ကလည်း မလှူဒါန်းမစွန့်ကြဲအပ်သည်၏ အဖြစ်ကြောင့် သုံးဆောင်ခြင်းငှါ မထိုက်သော ဒုဿီလ၏ သုံးဆောင်ခြင်းသည် ခိုးယူသုံးဆောင်ခြင်းဟူသော ထေယျပရိဘောဂမည်၏။

**ဣဏပရိဘောဂ**— သီလရှိသောရဟန်း၏ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် "ကြွေးတင်သဖြင့် သုံးဆောင်ခြင်း ဣဏပရိဘောဂ"မည်၏။ ကြွေးတင်သဖြင့် သုံးဆောင်ခြင်း ဣဏပရိဘောဂ၌ ကြွေးတင်ခြင်းဟူသည်မှာ မိမိပြုအပ်သော တာဝန်ဝတ္တရားမကျေပွန်ခြင်းကြောင့် တာဝန်ကြွေးတင်သဖြင့် သုံးဆောင်ခြင်းဟု ဆိုလိုပါသည်။ ယိုစကားသည့်မှန်၏၊ အလှူဒါနတခုသည် ကြီးမားမြင့်မြတ်ဆုံးသော အကျိုးကို ပေးနိုင်ရန်အတွက် ပေးလှူသူဒါယကာကလည်း သီလရှိရန် စင်ကြယ်သော သဘောရှိရန် လိုအပ်ကြောင်းနှင့်၊ အလှူခံပုဂ္ဂိုလ်

ကလည်း သီလရှိရန် စင်ကြယ်သော သဘောရှိရန် လိုအပ်ကြောင်းကို မဇ္ဈိမနိကာယ်ဒက္ခိဏဝိဘင်္ဂသုတ် အင်္ဂုတ္တရနိကာယ် ဒက္ခိဏသုတ်တို့၌မြတ်စွာဘုရား ဟောတော်မူပါသည်။ ဤဇုဏ္ဏပရိဘောဂ၌ အလှူခံပုဂ္ဂိုလ်သည် ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းကြောင့် ပစ္စယသန္နိဿိတသီလ ညှိုးနွမ်းပျက်ပြယ် မစင်မကြယ်ရှိသည်ဖြစ်ရကား အလှူခံပုဂ္ဂိုလ်ကြောင့် အလှူ၏စင်ကြယ်မှုမရှိ၊ ငြိစည်းမှုသာလျှင် ရှိသောကြောင့် အလှူ၏ အကျိုးပေးမကြီးမြတ် မပြန့်ပြောနိုင်ဖြစ်လေသည်။ ဤသို့ ဖြစ်ရသည်မှာ အလှူခံပုဂ္ဂိုလ်ဘက်မှ တာဝန်မကျေ တာဝန်ကြွေးတင်လျက်ရှိသောကြောင့်ပင် ဖြစ်သေသည်။ မိမိ၏ပစ္စည်းလေးပါးကို သုံးဆောင်မှုသည်လည်း ကြွေးတင်သဖြင့် သုံးဆောင်မှုကဲ့သို့ ဖြစ်တော့၏။

ထို့ကြောင့် မဟာဋီကာ၌—

"ဣဏဝသေန ပရိဘောဂေါ ဣဏပရိဘောဂေါ၊ ပဋိဂ္ဂါဟကတော ဒက္ခိဏာ ဝိသုဒ္ဓိယာ အဘာဝတော ဣဏံ ဂဟေတွာ ပရိဘောဂေါ ဝိယာတိ အတ္ထော"ဟု မိန့်တော်မူလေသည်။

ထိုဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် ဣဏပရိဘောဂမှ လွတ်မြောက်နိုင်ရန် သင်္ကန်းပစ္စည်းကို ကိုယ်မှခွါ၍ အသစ်ရုံတိုင်းရုံတိုင်း၌၎င်း၊ ဆွမ်းပစ္စည်းကို အလုပ်အလွေးတိုင်းအလုပ်အလွေးတိုင်း၌၎င်း၊ ပစ္စဝေက္ခဏာ ဆင်ခြင်အပ်၏။ အကယ်၍ ထိုကဲ့သို့ သင်္ကန်းကို ရုံတိုင်းရုံတိုင်း ဆွမ်းကို အလုပ်အလွေးတိုင်း အလုပ်အလွေးတိုင်း ဆင်ခြင်ခြင်းငှာ မစွမ်းနိုင်ခဲ့လျှင် အရုဏ်မတက်မီအတွင်း၌ တနေ့တွင် သုံးကြိမ်လေးကြိမ်သော်၎င်း၊ နှစ်ကြိမ်သုံးကြိမ်သော်၎င်း အနည်းဆုံး တနေ့တကြိမ်သော်၎င်း ဆင်ခြင်အပ်၏။ အကယ်၍ ပစ္စဝေက္ခဏာမဆင်ခြင်မီ အရုဏ်တက်ခဲ့သော် ဣဏပရိဘောဂ အရာ၌တည်၏။ ထိုနည်းတူစွာ ကျောင်းအိပ်ရာနေရာကိုလည်း ကျောင်းအိပ်ရာနေရာသို့ ဝင်တိုင်းဝင်တိုင်း၌ ဆင်ခြင်အပ်၏။ ဆေးပစ္စည်းကိုကား အကပ်ခံရာအခါ၌၎င်း သုံးဆောင်ရာအခါ၌၎င်းဆင်ခြင်မှုသတိရှိမှသာလျှင် သင့်၏။ ဤသို့ အကပ်ခံရာ သုံးဆောင်ရာအခါ နှစ်ပါးစုံ၌ပင် ဆင်ခြင်မှုသတိရှိမှသာသင့်၏ဟု ဆိုသော်သည်း သုံးဆောင်ရာအခါ၌ ပစ္စဝေက္ခဏာ မဆင်ခြင်သော ရဟန်းအားသာလျှင် အာပတ်သင့်၏။ အကပ်ခံရာ၌ ဆင်ခြင်မှု သတိမရှိသော်လည်း သုံးဆောင်ရာအခါ၌ ပစ္စဝေက္ခဏာ ဆင်ခြင်သောရဟန်းအား အာပတ်မသင့်။

ဒါယဇ္ဇပရိဘောဂ– မဂ္ဂဋ္ဌာန်လေးယောက် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်ဟု ဆိုအပ်သော သေက္ခခုနစ်ယောက်တို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် အမွေခံပုဂ္ဂိုလ်၏ သုံးဆောင်ခြင်း"ဒါယဇ္ဇပရိဘောဂ" မည်၏၊ ထိုစကားသည်မှန်၏၊ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် မြတ်စွာဘုရား၏ အမွေခံသားတော်များ ဖြစ်ကြကုန်၏၊ ထို့ကြောင့် ထိုသေက္ခ ပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် အဘဘုရား၏ ဥစ္စာဖြစ်ကုန်သော ပစ္စည်း လေးပါးတို့၏ အမွေခံဖြစ်ကုန်၍ အမွေခံသောအားဖြင့် သုံးဆောင်သည် မည်ကုန်၏။

ဤအရာ၌ ပစ္စည်းလေးပါးတို့သည် "လူဒါယကာတို့၏ ဥစ္စာပစ္စည်း များ ဖြစ်ကုန်သလော မြတ်စွာဘုရား၏ ဥစ္စာပစ္စည်းများ ဖြစ်ကုန် သလော"ဟု တွေးတောဘွယ် မေးမြန်းဘွယ်ရှိလေသည်၊ အဖြေကား "မြတ်စွာဘုရား၏ ဥစ္စာပစ္စည်းများသာ" ဖြစ်ကုန်၏၊ အဘယ်ကြောင့်နည်း ဟူမူကား လူဒါယကာတို့က ပေးလှူအပ်ကုန်သော ပစ္စည်းများ ဖြစ်သော် လည်း မြတ်စွာဘုရားသည် ခွင့်ပြုအပ်သော ပစ္စည်းများသာ ဖြစ်သော ကြောင့်၊ ဝါ၊ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်ကုန်သော ပစ္စည်းတို့၌ သာလျှင် သုံးဆောင်မှုဖြစ်သင့်သောကြောင့် သုံးဆောင်အပ်သောကြောင့် တည်း။

ဤကား "ပစ္စည်းလေးပါးတို့သည် မြတ်စွာဘုရား၏ ဥစ္စာသာ ဖြစ်ကုန်၏"ဟူသော စကား၌ သာဓကယုတ္တိတည်း။ အာဂမယုတ္တိမှာ "ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ–ရဟန်းတို့ ငါ၏ပေးအပ်သော တရားအမွေကို ယူတတ်သည်ဖြစ်ကုန်လော၊ ငါ၏ပေး အပ်သောပစ္စည်းလေးပါးကိုယူတတ်ကုန်သည်မဖြစ်ကြကုန်လင့်"စသည်ဖြင့် ဟောတော်မူအပ်သော မူလပဏ္ဏာသပါဠိ ဓမ္မဒါယာဒသုတ်သည် အာဂမ ယုတ္တိဖြစ်၏ (ဤသုတ်၌ ဓမ္မရော အာမိသပါ မြတ်စွာဘုရား ပေးတော် မူအပ်သော ဘုရားဥစ္စာချည်းဖြစ်၏ ဟူသော အဓိပ္ပါယ်သည်ထင်ရှား၏)

သာမိပရိဘောဂ–အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ဟု ဆိုအပ်သော ရဟန္တာ ပုဂ္ဂိုလ်၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် အရှင်သခင်၏ သုံးဆောင်ခြင်း"သာမိပရိဘောဂ"မည်၏။ အဘယ်ကြောင့်နည်းဟူမူကား ထိုရဟန္တာအရှင်မြတ်တို့သည် တဏှာဟူသော အရှင်သခင်၏ ကျေးကျွန် အဖြစ်မှ တော်လှန်လွတ်မြောက် အမိုးရသူအဖြစ်သို့ ရောက်သည်၏အဖြစ်

ကြောင့်တည်း။ ထို့ကြောင့် "တေဟိ တဏှာယ ဒါသဗျံ အတိတတ္တာ သာမိနော ဟုတွာ ပရိဘုဥ္ဇန္တိ"ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်ဆိုလျက်ရှိလေသည်။

ထိုအဋ္ဌကထာ၏ အထက်ပါအဓိပ္ပါယ်ကို မဟာဋီကာလာတိုင်း အနည်းငယ်ချဲ့၍ ဖော်ပြပါဦးမည်။ ရာဂမကင်းကုန်သော ပုထုဇဉ်, သေက္ခတို့အား တဏှာဟုဆိုအပ်သော သူတပါး၏ အလိုသို့ လိုက်ပါရသည်၏အဖြစ်ကြောင့် ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ မိမိ၏အလိုအတိုင်း အစိုးတရ သုံးဆောင်နိုင်ခြင်းသဘောမရှိ၊ ရဟန္တာအရှင်မြတ်တို့အားကား ထိုသို့ တဏှာဟုဆိုအပ်သော သူတပါးတို့၏ အလိုသို့ လိုက်ပါရမှု မရှိသည်၏အဖြစ်အားဖြင့် မိမိအလိုရှိသည့်အတိုင်း သုံးဆောင်မှု ဖြစ်နိုင်ခြင်းကြောင့် ထိုပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ အစိုးတရ သုံးဆောင်မှုရှိ၏။ဝါ၊အရှင်သခင်၏ သုံးဆောင်ခြင်းကဲ့သို့သော သုံးဆောင်ခြင်းသည်ဖြစ်၏။ ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်တို့သည် စက်ဆုတ်ဘွယ်ရာကိုလည်း စက်ဆုတ်ဘွယ်ရာ မဟုတ်သော အခြင်းအရာအားဖြင့်၎င်း၊ စက်ဆုတ်ဘွယ် မဟုတ်သည်ကိုလည်း စက်ဆုတ်ဘွယ်ရာ အခြင်းအရာအားဖြင့်၎င်း၊ ထိုစက်ဆုတ်ဘွယ် နှစ်သက်ဘွယ် အခြင်းအရာနှစ်ပါးလုံးကို ကြဉ်၍ လျစ်လျူရှုသော အခြင်းအရာအားဖြင့်၎င်း၊ ပစ္စည်းလေးပါးကို သုံးဆောင်နိုင်ကုန်၏။ ဒါယကာတို့ ပန်တွာတောင်းဆို စိတ်အလိုကိုလည်း ပြည့်စုံစေနိုင်ကုန်၏။ ထို့ကြောင့် "တေဟိ တဏှာယ ဒါသဗျံ အတိတတ္တာ သာမိနော ဟုတွာ ပရိဘုဥ္ဇန္တိ-ဟူသော ဖော်ပြပါစကားကို မိန့်ကြားတော်မူခဲ့ခြင်းဖြစ်သတည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ပရိဘောဂလေးပါးတို့တွင် သာမိပရိဘောဂသည်၎င်း၊ ဒါယဇ္ဇပရိဘောဂသည်၎င်း ပုထုဇဉ်,အရိယာနှစ်ပါးစုံသော သံဃာတို့အား သင့်လျော်လျောက်ပတ်၏။ ဣဏပရိဘောဂသည် မည်သူ့အားမှ မလျော်မလျောက်ပတ် မအပ်ဖြစ်လေသည်။ ထေယျပရိဘောဂ၌ စကားပရိယာယ် ဆိုဘွယ်မရှိ မအပ်ဟူ၍ သိပါလေ။

ဆက်လက်ရေးသားပါဦးမည်၊ သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာဆင်ခြင်၍ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ဣဏပရိဘောဂ၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့် မုချအားဖြင့် အာဏဏျပရိဘောဂမည်၏၊ ဥပစာရအားဖြင့်သော်ကား သေက္ခပုဂ္ဂိုလ်တို့၏

သုံးဆောင်ခြင်းဟု ဆိုအပ်သော ဒါယဇ္ဇပရိဘောဂ၌ သပြိုဟ်ရေတွက်ခြင်းသို့ ရောက်၏၊ ဝါ၊ ဒါယဇ္ဇပရိဘောဂမည်၏၊ အဘယ်ကြောင့်နည်းဟူမူ ဤသီလရှိသော ရဟန်းသည်လည်း ဤအဓိသီလသိက္ခာနှင့် ပြည့်စုံသည်၏အဖြစ်ကြောင့် "သေက္ခ"ဟူ၍သာလျှင် ရေတွက်ခေါ်ဝေါ်ခြင်းသို့ ရောက်သောကြောင့်တည်း၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ဆိုတော်မူလေသည်။

"ဣမေသု ပရိဘောဂေသု သာမိပရိဘောဂေါ စ ဒါယဇ္ဇပရိဘောဂေါ စ သဗ္ဗေသံ ဝဋ္ဋတိ၊ ဣဏပရိဘောဂေါ န ဝဋ္ဋတိ၊ ထေယျပရိဘောဂေ ကထာယေဝ နတ္ထိ၊ ယော ပနာယံ သီလဝတော ပစ္စဝေက္ခိတပရိဘောဂေါ၊ သော ဣဏပရိဘောဂဿ ပစ္စနီကတ္တာ အာဏဏျပရိဘောဂေါ ဝါ ဟောတိ၊ ဒါယဇ္ဇပရိဘောဂေယေဝ ဝါ သင်္ဂဟံ ဂစ္ဆတိ၊ သီလဝါပိ ဟိ ဣမာယ သိက္ခာယ သမန္နာဂတတ္တာ သေက္ခောတွေဝ သင်္ချံ ဂစ္ဆတိ"။

ဤအဋ္ဌကထာပါဠ်များကို လေ့လာဆင်ခြင်ကြပါဦးစို့၊ အဋ္ဌကထာဆရာသည် ပုထုဇဉ်အရိယာ အလုံးစုံသော သံဃာတို့အား သင့်လျော်လျောက်ပတ်သော ပရိဘောဂများနှင့် မသင့်လျော်မလျောက်ပတ် မဖြစ်သော ပရိဘောဂများကို ဖော်ပြရန် "ဣမေသု ပရိဘောဂေသု.ပ။ထေယျပရိဘောဂေ ကထာယေဝ နတ္ထိ"ဟူ၍ မိန့်တော်မူပြီးလျှင် ပုထုဇဉ်အရိယာတို့အား ထိုပရိဘောဂလေးပါးတို့၏ ဖြစ်ပုံအခြင်းအရာကို မပြတော့ဘဲ "ယော ပနာယံ သီလဝတော ပစ္စဝေက္ခိတပရိဘောဂေါ" အစရှိသည်ဖြင့် သီလရှိသောပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည် အာဏဏျပရိဘောဂမည်ကြောင်း၊ ဝါ၊ ဒါယဇ္ဇပရိဘောဂမည်ကြောင်း သီလရှိသောပုဂ္ဂိုလ်သည် "သေက္ခ"ဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်ကြောင်းများကိုသာလျှင် ပြဆိုတော်မူလျက်ရှိပါသည်။ ထိုသို့ ပြဆိုတော်မူခြင်းသည်လည်း ထေယျပရိဘောဂ ဣဏပရိဘောဂ ဒါယဇ္ဇပရိဘောဂ သာမိပရိဘောဂတို့သည်အစဉ်အတိုင်း ဒုဿီလ အပစ္စဝေက္ခိတဘောဂီ သေက္ခ, ရဟန္တာတို့အား ဖြစ်၏ဟူသော အဓိပ္ပါယ်ကို ပြဆိုတော်မူခဲ့ပြီးဖြစ်၍ လျှဉ်းပါးဘွယ် မရှိသောကြောင့် ဤအရာ၌ အထူးမပြဆိုတော့ဘဲ တွေ့တောယုံမှား လျှဉ်းပါးစေဒနာဘွယ်ရှိသော သီလရှိပုဂ္ဂိုလ်၏ ပစ္စဝေက္ခိတပရိဘောဂကိုသာ ပြဆိုတော်မူခြင်း ဖြစ်ပါသည်။

ဤအဋ္ဌကထာပါဌ်ဖွင့်လျှောက်အဓိပ္ပါယ်အတိုင်း မှတ်ချက်ပြုလုပ်သင့်သည်မှာ "သီလရှိသော ပုထုဇဉ်၏ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည် ကြွေးမတင်သော အာဏဏျပရိဘောဂမည်၏။ ဝါ၊ အမွေခံပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းဟူသော ဒါယဇ္ဇပရိဘောဂ၌ အကျုံးဝင်၏။ သီလရှိကလျာဏပုထုဇဉ်သည် "သေက္ခ"ဟူ၍ ခေါ်ဆိုခြင်းသို့ ရောက်၏" ဟူ၍ ဖြစ်ပါသည်။

မဟာဋီကာ၌ကား သလ္လေခအကျင့်၌တည်သော ပုထုဇဉ်ပုဂ္ဂိုလ်၏ ပစ္စည်းလေးပါး၌ တပ်မက်မှုတဏှာကို ပယ်ဖျောက်၍ ထိုထိုသို့သော အာမိသ၌မကပ်ငြိမလူးသိမ်းသောစိတ်ဖြင့် ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် ဥပစာအားဖြင့် သာမိပရိဘောဂကဲ့သို့ ဖြစ်၏ဟု ပြဆိုတော်မူလေသည်။

ထို့ကြောင့် ၎င်းဋီကာ၌—

"သမ္ဘေသန္တိ အရိယာနံ ပုထုဇ္ဇနာနဉ္စ၊ ယော ဟိ ပုထုဇ္ဇနဿာပိ သလ္လေခပဋိပတ္တိယံ ဌိတဿ ပစ္စယဂေဓံ ပဟာယ တတ္ထတတ္ထ အနုပလိတ္တေန စိတ္တေန ပရိဘောဂေါ၊ သော သာမိပရိဘောဂေါ ဝိယ ဟောတိ"ဟူ၍ မိန့်တော်မူလေသည်။

၎င်းပြင် ပုထုဇဉ်အား ဒါယဇ္ဇပရိဘောဂဖြစ်ပုံကိုလည်း သလ္လေခအကျင့်၌ မတည်သော်လည်း သီလရှိသောပုထုဇဉ်ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည် ဒါယကာတို့၏ ပတ္ထနာတောင်းဆိုစိတ်အလိုကို မယိုမယွင်း ပြည့်စေခြင်းကြောင့် ဒါယဇ္ဇပရိဘောဂကဲ့သို့ဖြစ်၏ ကလျာဏပုထုဇဉ်၏ သုံးဆောင်ခြင်း၌ကား အရှည်ပြန့်ကျယ် ဆိုဖွယ်မရှိ ၎င်းကလျာဏပုထုဇဉ်ကို "သိက္ခတီတိ ခေါ ဘိက္ခု၊ တသ္မာ သေက္ခောတိ ဝုစ္စတိ"စသည်ဖြင့် ဟောတော်မူအပ်သော သေက္ခသုတ်နှင့်အညီ သေက္ခပုဂ္ဂိုလ်၌ သိမ်းသွင်းယူငင်ခြင်းကြောင့် ကလျာဏပုထုဇဉ်၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် "ဒါယဇ္ဇပရိဘောဂ"မည်တော့၏ဟု ဆက်လက်ပြဆိုတော်မူလေသည်။ ထို့ကြောင့် ၎င်းဋီကာ၌—

"သီလဝတော ပန ပစ္စဝေက္ခိတပရိဘောဂေါ ဒါယဇ္ဇပရိဘောဂေါ ဝိယ ဟောတိ၊ ဒါယကာနံ မနောရထဿ အဝိရာဓနတော တထာ ဟိ ဝုတ္တံ ဒါယဇ္ဇပရိဘောဂေယေဝ ဝါ သင်္ဂဟံ ဂစ္ဆတီတိ၊

ကလျာဏပုထုဇ္ဇနဿ ပရိဘောဂေါ ဝတ္တဗ္ဗမေဝ နတ္ထိ၊ တဿ သေက္ခ-သင်္ဂဟတော၊ သေက္ခသုတ္တံ ဟေတဿတ္ထဿ သာဓကံ၊ တေနာဟ သီလဝါပိ ဟီတိအာဒိ"ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဤဋီကာပါဌ်၌ အထူးသိမှတ်သင့်သည်မှာ အဋ္ဌကထာဆရာသည် "သီလဝတော သီလဝါပိ" ဟူသော သဒ္ဒါသာမညတို့ဖြင့် သီလရှိပုထုဇဉ် အားလုံးတို့ကို သိမ်းရုံးယူငင်၍ ပြဆိုရာဝယ် အန္ဓပုထုဇဉ်၏ ပစ္စဝေက္ခိတ ပရိဘောဂသည် ဒါယကာတို့၏ အာသာတောင်းဆို စိတ်အလိုကို မချို့မယွင်း ပြည့်စေခြင်းကြောင့် ဥပစာအားဖြင့် ဒါယဇ္ဇပရိဘောဂ မည်ကြောင်းကို "သီလဝတော ပန။ပ။ သင်္ဂဟံ ဂစ္ဆတိ"ဟူသော ဝါကျတို့ဖြင့် ပြဆိုတော်မူပြီးလျှင် ကလျာဏပုထုဇဉ်သည်ကား "သိက္ခတီတိ ခေါ ဘိက္ခု တသ္မာ သေက္ခောတိ ဝုစ္စတိ" စသော သေက္ခသုတ်နှင့်အညီ သေက္ခပင် မည်သောကြောင့် ၎င်း၏ပရိဘောဂသည်လည်း ဒါယဇ္ဇပရိဘောဂပင် မည်ကြောင်းကို "ကလျာဏပုထုဇ္ဇနဿ။ပ။ တေနာဟ သီလဝါပိ ဟီတိ အာဒိ"ဟူသော ဝါကျတို့ဖြင့် ပြဆိုခြင်းပင်ဖြစ်ပါသည်။

အဓိပ္ပါယ် – အဋ္ဌကထာ၏ သာမညအဓိပ္ပါယ်ကို ဝိသေသအဓိပ္ပါယ်ဖြင့် သိသာစေသည်ဟူလို။

ဆက်လက်ရေးသားပါဦးမည် "ကလျာဏပုထုဇ္ဇနဿ" ဟူသော မဟာဋီကာပါဌ်၌ ပုထုဇဉ်ကို "အန္ဓပုထုဇဉ် ကလျာဏပုထုဇဉ်အားဖြင့် နှစ်မျိုးနှစ်စားရှိ၏"ဟု မြတ်စွာဘုရားဟောတော်မူကြောင်းကို သီလက္ခန် စသော အဋ္ဌကထာတို့၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူကြလေသည်။

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော။

အနက်– ဧကော၊ တယောက်သော။ အန္ဓော၊ အန္ဓမည်သော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ရှင်း။ ဧကော၊ တယောက်သော။ ကလျာဏော၊ ကလျာဏမည်သော။ ပုထုဇ္ဇနော၊ ပုထုဇဉ်ရှင်း။ ဣတိ၊ ဤသို့။ ဒုဝေ၊ နှစ်ပါးကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။

ထိုအန္ဓပုထုဇဉ် ကလျာဏပုထုဇဉ်နှစ်ပါးတို့တွင် အကြင်ပုထုဇဉ် ပုဂ္ဂိုလ်အား ခန္ဓာငါးပါး ဓာတ်တဆယ့်ရှစ်ပါး အာယတနတဆယ့်နှစ်ပါး စသည့်တို့၌ ပါဠိ၊ အဋ္ဌကထာကို သင်ယူခြင်း ကြားနာခြင်း ပါဠိအနက်ကို ဆောင်ခြင်း ပွားများဆင်ခြင်ခြင်းတို့သည် မရှိကုန်၊ ထိုပုထုဇဉ်သည် ပညာမျက်စိမမြင်သော အန္ဓပုထုဇဉ်မည်၏၊ အကြင်ပုထုဇဉ်အား ခန္ဓာငါးပါး ဓာတ်ဘဆယ့်ရှစ်ပါး အာယတနတဆယ့်နှစ်ပါး စသည့်တို့၌ ပါဠိ၊အဋ္ဌကထာကို သင်ယူခြင်း ကြားနာခြင်း ပါဠိအနက်ကိုဆောင်ခြင်း ပွားများဆင်ခြင်ခြင်းတို့သည် ရှိကုန်၏၊ ထိုပုထုဇဉ်သည် ပညာမျက်စိအသိအမြင်ဉာဏ်နှင့် ယှဉ်သောကြောင့် အလွန်လျှင် ကောင်းမြတ်သော ကလျာဏပုထုဇဉ်မည်၏၊ ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ၌ အောက်ပါအတိုင်း ဆက်လက်မိန့်ဆိုတော်မူပါသည်။

"တတ္ထ ယဿ ခန္ဓဓာတုအာယတနာဒိသု ဥဂ္ဂဟပရိပုစ္ဆာသဝန ဓာရဏပစ္စဝေက္ခဏာနိ နတ္ထိ၊ အယံ အန္ဓပုထုဇ္ဇနော၊ ယဿ တာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော"။

အနက်– တတ္ထ၊ ထိုနှစ်ပါးသောပုထုဇဉ်တို့တွင်။ ယဿ၊ အကြင်ပုထုဇဉ်အား။ ခန္ဓဓာတုအာယတနာဒိသု၊ ခန္ဓာ ဓာတ် အာယတနစသည်တို့၌။ ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏပစ္စဝေက္ခဏာနိ၊ ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း ကြားနာခြင်း ဆောင်ခြင်း ဆင်ခြင်ခြင်းတို့သည်။ နတ္ထိ၊ မရှိကုန်။ အယံ၊ ဤပုထုဇဉ်သည်။ အန္ဓပုထုဇ္ဇနော၊ အန္ဓပုထုဇဉ်မည်၏။ ယဿ၊ အကြင်ပုထုဇဉ်အား။ တာနိ၊ ထိုခန္ဓာ ဓာတ် အာယတနစသည်တို့၌ ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း ကြားနာခြင်း ဆောင်ခြင်း ဆင်ခြင်ခြင်းတို့သည်။ အတ္ထိ၊ ရှိကုန်၏။ သော၊ ထိုပုထုဇဉ်သည်။ ကလျာဏပုထုဇ္ဇနော၊ ကလျာဏပုထုဇဉ်မည်၏။

ဤဥဂ္ဂဟ ပရိပုစ္ဆာစသည်တို့၌ မာဂဓဘာသာဖြင့်သာလျှင်မဟုတ် မြန်မာဘာသာစသော ဘာသာတို့ဖြင့် ပါဠိ၊အဋ္ဌကထာတို့၏ အနက်အဓိပ္ပါယ်ကို သင်ယူခြင်း ကြားနာခြင်း ဆောင်ခြင်းတို့လည်း ပါဝင်သည်ဟု သိမှတ်ပါလေ။

ထိုကလျာဏပုထုဇဉ်၏ သေက္ခမည်ပုံမှာ ကလျာဏပုထုဇဉ်သည်လည်း မဂ္ဂဋ္ဌာန် အောက်ဖလဋ္ဌာန်ဟုဆိုအပ်သော သေက္ခခုနစ်ယောက်တို့ကဲ့သို့ပင် မဂ်အားလျော်သော သီလ သမာဓိ ဝိပဿနာပညာ၌ ဖြည့်ကျင့်

လေ့ ရှိသည်ဖြစ်၍ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံလျက် စက္ခုစသော ဣန္ဒြေတို့၌ လုံခြုံစေအပ် ပိတ်ဆို့အပ်သော တံခါးရှိသည်ဖြစ်၍ ဆွမ်းဘောဇဉ်၌လည်း ခံယူခြင်း သုံးဆောင်ခြင်းတို့၌ အတိုင်းအရှည်ကိုသိ၍ နိုးနိုးကြားကြား ကြိုးစားအားထုတ်အပ်သော လို့လဝိရိယကို အားထုတ်လျက် ညဉ့်ဦးယာမ် ညဉ့်နှောင်းယာမ်ပတ်လုံး ပုဗ္ဗဘာဂဖြစ်သော ဗောဓိပက္ခိယာတရားတို့ကို ပွားများအားထုတ်၍ ယနေ့သော်၎င်း နက်ဖန်၌သော်၎င်း သာမညဖလဟုဆိုအပ်သော အမှတ်မထား တပါးပါးသော မဂ်ဖိုလ်ကို "ငါရအံ့"ဟူသော ရည်ရွယ်ချိုးရင်း နှလုံးသွင်းဖြင့် သီတင်းသုံးနေထိုင်လေ့ရှိ၏၊ ထိုကလျာဏပုထုဇဉ်ကိုလည်း ဆိုခဲ့သည့်အတိုင်း မဆိုင်းမယုတ် အားထုတ်ကြိုးစား ပွားများကျင့်ကြံတတ်သောကြောင့် သေက္ခဟူ၍ပင် ခေါ်ဆိုအပ်သတည်း။ ထို့ကြောင့် မူလပဏ္ဏာသအဋ္ဌကထာ မူလပရိယာယသုတ်အဖွင့်၌ အောက်ပါအတိုင်း မိန့်ဆိုလျက်ရှိလေသည်။

"ယောပိ ကလျာဏပုထုဇ္ဇနော အနုလောမပဋိပဒါယ ပရိပူရကာရီ သီလသမ္ပန္နော ဣန္ဒြိယေသု ဂုတ္တဒွါရော ဘောဇနေ မတ္တညူ ဇာဂရိယာနုယောဂမနုယုတ္တော ပုဗ္ဗရတ္တာ ပရရတ္တံ ဗောဓိပက္ခိယာနံ ဓမ္မာနံ ဘာဝနာနုယောဂမနုယုတ္တော ဝိဟရတိ "အဇ္ဇ ဝါ သွေ ဝါ အညတရံ သာမညဖလံ အဓိဂမိဿာမိ"တိ၊ သောပိ ဝုစ္စတိ သိက္ခတီတိ သေက္ခောတိ"။

ဆက်လက်ရေးသားပါဦးမည် ဤသို့ ပြဆိုအပ်ပြီးသော ပရိဘောဂလေးပါးတို့တွင် သာမိပရိဘောဂသည် အမြတ်ဆုံးသော ပရိဘောဂဖြစ်၏၊ ထို့ကြောင့် ထိုအမြတ်ဆုံးဖြစ်သော ပရိဘောဂကို လိုချင်တောင့်တသော ရဟန်းမြတ်သည် မြတ်စွာဘုရား ဟောတော်မူအပ်သော "ပဋိသင်္ခါ ယောနိသော"စသည်ဖြင့် ဆင်ခြင်အပ်သော ပစ္စဝေက္ခဏာဉာဏ်ပညာဖြင့် ဆင်ခြင်၍ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းဖြင့် ပစ္စယသန္နိဿိတသီလကို ပြည့်စုံစေအပ်ပါသတည်း။

---

## မေတ္တာနှင့်ပြည်သူ့ဆွမ်း

ဤသို့ ပြဆိုခဲ့သည့်အတိုင်း ပစ္စဝေက္ခဏာကို ဆင်ခြင်သောရဟန်းမှ တပါး မေတ္တာဘာဝနာကို ပွားများသောရဟန်းအားလည်း၊ သာမိပရိဘောဂနှင့် အာဏဏျပရိဘောဂ၊ ဝါ၊ ဒါယဇ္ဇပရိဘောဂများ ဖြစ်နိုင်

ပါသည်၊ ထိုစကားမှန်၏၊ ငါ၏ချစ်သားရဟန်းများတို့ အကြင်ရဟန်းသည် လက်ဖျောက်တချက်တီးခန့်ကာလ တခဏမျှသော်သည်း အလုံးစုံများစွာ သတ္တဝါတို့၏ ချမ်းသာစီးပွား အကျိုးများကို လိုလားဖန်ခါ ကြံ၍ရှာသည့် ချစ်စွာခဆိတ် မေတ္တာစိတ်ကို နိမိတ်ရွေ့သွား အတို့အားဖြင့် ပွားများမှီဝဲလေ့ရှိ၏၊ မေတ္တာကမ္မဋ္ဌာန်း ကြံစီးဖြန့်သော ရဟန်းမည်တွင် ဤအရှင်ကို အဒေါသဟိတ် မေတ္တာစိတ်ဖြင့် မဆိတ်သောဈာန်ရှိသည်ဖြစ်၍နေ၏ ဟူ၍ သုံးလူထွန်းထား မြတ်ဘုရား၏ ထပ်ပွားဖန်ဖန် ဆုံးမဟန်ကို နာခံသမှု အစဉ်ပြု၍ သုံးလူထွန်းထား မြတ်ဘုရား၏ ရှေးဖျားဟောပြ ဩဝါဒကို မချသမှု လိုက်နာပြု၍ လူထုလှူဒါန်း ပြည်သူ ဆွမ်းကို ကုန်ခမ်းပျက်လေ မဟုတ်စေဘိ အကျိုးရှိသဖြင့် သာမိဒါယဇ္ဇ ပရိဘောဂ တို့ဖြင့် ခမ္ဗမမှား သုံးဆောင်စား၏ဟူ၍ ဘုရားစွာ ပဏ္ဍိတာတို့ မှန်စွာမဒွေ ဆိုအပ်ပေ၏၊ ထိုသို့ဟောမြွက် မေတ္တာစက်ကို ထိုထက်များပြား ကြိမ်ဖန် အားဖြင့် ပွားများခဲ့မူ ထိုသို့သောသူတို့ကို ကြည်ဖြူသောစိတ် မေတ္တာဟိတ်ဖြင့် မဆိတ်သောဈာန် ရှိသည်မှန်၍ သယမ္ဘူထွန်းထား မြတ်ဘုရား၏ တရားဆုံးမ ဩဝါဒကို မချပြုမှု လိုက်နာသူမို့ ပြည်သူလှူဒါန်း ဘောဇဉ် ဆွမ်းကို စိတ်ဝမ်းရွှင်ခြာ စားထိုက်သောဟု သဘောဓိပ္ပါယ် ဝိတ္ထာ ကျယ်သည့် ဆိုဘွယ်ဘယ်မှာရှိအံ့နည်း”ဟု အောက်ပါအတိုင်း မြတ်စွာ ဘုရား ဟောတော်မူပါသည်။

“အစ္ဆရာ သင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေဝတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု၊ အရိတ္တဇ္ဈာနော ဝိဟရတိ၊ သတ္ထုသာသနကရော ဩဝါဒပတိကရော အမောဃံ ရဋ္ဌပိဏ္ဍံ ဘုဉ္ဇတိ၊ ကော ပန ဝါဒေါ ယေ နံ ဗဟုလီကရောန္တီတိ”။

**အနက်—** ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဘိက္ခု၊ ရဟန်းသည်။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ၊ မတင်မကြာ နှိုင်းယှဉ်ပါလျှင် လျင်စွာ ပြီးမြောက် ခရီးရောက်သည့် လက်ဖျောက်တီးမျှ တခဏသော်မှလည်း။ မေတ္တာစိတ္တံ၊ အလုံးစုံများစွာ သတ္တဝါတို့၏ ချမ်းသာစီးပွား အကျိုးများကို လိုလားကောင်းစွာ ကြံ၍ရှာသည့် ချစ်စွာမဆိတ် မေတ္တာစိတ်ကို။ စေ အာသေဝတိ၊ မေတ္တာရွေ့သွား အတို့အားဖြင့် အများဝေနေ ရန်ကင်း စေဟု အဝေရာစသား စိတ်ကိုထား၍ ဖြစ်ပွားခါမျှ အဒေါသကို ခဏ တအား မှီဝဲငြားအံ့။ အယံ ဘိက္ခု၊ ဤရဟန်းကို။ အရိတ္တဇ္ဈာနော၊ အဒေါသဟိတ် မေတ္တာစိတ်ဖြင့် မဆိတ်သောဈာန်ရှိသည်ဖြစ်၍။ ဝါ၊

မေတ္တာပန်းညွန့် လန်းဆန်းကွန့်သဖြင့် မစွန့်အပ်သော ဈာန်ရှိသည်ဖြစ်၍။ (အရိတ္တဗ္ဗာနေ၁တိ အတုဋ္ဌဗ္ဗာနေ၁ အပရိစ္စတ္တဗ္ဗာနေ၁ ၀ါ-ဌ)။ ဝိဟရတိ၊ ဣရိယာလေး၀ ယာပထဖြင့် မျှတမသွေ နေထိုင်လေ၏ဟူ၍။ သဗ္ဗညု-သာသနကရော၊ မြတ်ဘုရား၏ ထပ်ပွားဖန်ဖန် ဆုံးမဟန်ကို နာခံသမှု အစဉ်ပြု၍။ ဩဝါဒပတိကရော၊ မြတ်ဘုရား၏ ရှေးဖျားဟောပြ ဩဝါဒကို မချသမှု လိုက်နာပြု၍။ ရဋ္ဌပိဏ္ဍံ၊ လူထုလှူဒါန်း ပြည်သူဆွမ်းကို။ အမောဃံ၊ စီးပြွန်းမေတ္တာ ဘာဝနာဟု ပွားပါသမျှ အဒေါသဖြင့် ကောမစသား အမှားသမုတ် တရားယုဘ်တို့ကို နှင်ထုတ်ငြိမ်းကာ သံသရာဝယ် အိုနာသေမွေး ဒွေ့ဒွေ့ဘေးကို ချွေဘ်တွေးရှုတတ် ဂုဏ်ဥက္ကဋ္ဌနှင့် လှူအပ်သမျှ မြတ်ဒါနကို မဟပ္ဖလဖြစ်စေ ပြုနိုင်ပေ၍ မလေမပုတ် အချည်းနှီးမဟုတ်စေဘဲ။ ဘုဉ္ဇတိ၊ သုပ္ပဋိပ္ပန် ဂုဏ်သိက္ခံကို ကျင့်ကြံလေဘိ သတင်းရှိသဖြင့် သာမိ,အာဏဏျ,ဒါယဇ္ဇဟု သုံးဝမကင်း သုံးဆောင်ခြင်းဖြင့် မှီတင်းသုံးဆောင်၏ဟူ၍။ ဇုတ္တတိ၊ သုံးလူထွဋ်ထား ဘုရားကစ ပဏ္ဍိတတို့ မုချမသွေ ဆိုထိုက်ပေ၏။ ယော၊ အကြင်ရဟန်းတို့သည်။ နံ၊ ထိုအဒေါသဟိတ် မေတ္တာစိတ်ကို။ ဗဟုလီကရောန္တိ၊ ဥပစာနှင့် အပ္ပနာမည်ရ ဈာန်သို့ကျအောင် ဝါရများစွာ ထပ်ထပ်သာလျှင် လေ့လာပွားထုံ အားထုတ်ကုန်၏။ တေ၊ ထိုရဟန်းတို့ကို။ ကော ပန ဝါဒေါ၊ အဒေါသဟိတ် မေတ္တာစိတ်ဖြင့် မဆိတ်သောဈာန်ရှိသည်မှန်၍ သယမ္ဘူထွဋ်ထား မြတ်ဘုရား၏ တရားဆုံးမ ဩဝါဒကို မချပြုမှု လိုက်နာသူမို့ ကြည်ဖြူလှူဒါန်း ပြည်သူဆွမ်းကို စိတ်ဝမ်းရွှင်မော စားထိုက်သောဟု သဘောမပွါယ် ဝိတ္ထာကျယ်သည် ဆိုဘွယ်ဘယ်မှာရှိအံ့နည်း။

ဤအင်္ဂုတ္တရသင်္ဂါတသုတ်ပါဠိတော်၌ “မေတ္တာစိတ္တံ”အရ မေတ္တာစိတ်ဟူသည်မှာ အလုံးစုံများစွာ သတ္တဝါတို့၏ ချမ်းသာစီးပွား အကျိုးများကို ကောင်းစွာလိုလား တောင်းတ၍ရှာမှီးသည်၏ အစွမ်းအားဖြင့် ဖြစ်သော စိတ်ပင်ဖြစ်ပါသည်၊ ထို့ကြောင့် အဋ္ဌကထာ၌ “မေတ္တာစိတ္တန္တိ သဗ္ဗသတ္တာနံ ဟိတဖရဏစိတ္တံ”ဟု ဖွင့်ဆိုတော်မူသည့်ပါဌ်ကို ဋီကာ၌ “သဗ္ဗသတ္တာနံ ဟိတဖရဏစိတ္တန္တိ သဗ္ဗေသမ္ပိ သတ္တာနံ သမ္ဗဒေဝ ဟိတေသိတာ-ဝသေန ပဝတ္တစိတ္တံ”ဟု ဖွင့်ဆိုတော်မူပါသည်။

ဤအဋ္ဌကထာ, ဋီကာပါဌ်တို့ကို မှီငြမ်းပြု၍ “မေတ္တာစိတ္တံ၊ အလုံးစုံများစွာ သတ္တဝါတို့၏ ချမ်းသာစီးပွား အကျိုးများကို လိုလားကောင်းစွာ ကြံ၍ရှာသည် ချစ်စွာမဆိတ် မေတ္တာစိတ်ကို”ဟု အနက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

"အာသေဝတိ"အရ မှီဝဲခြင်းဟူသည်မှာ အပ္ပနာဈာန်၏ အစွမ်းအားဖြင့် မှီဝဲခြင် လည်းမဟုတ်၊ ဥပစာရဈာန်၏ အစွမ်းအားဖြင့် မှီဝဲခြင်းလည်း မဟုတ်၊ မေတ္တာ၏ အလုံးစုံသော အမှုကိစ္စတို့၏ ရှေ့ပြေးအဘို့ဟု ဆိုအပ်သော "ခပ်သိမ်းဥဿုံ အလုံးစုံများစွာ သတ္တဝါတို့သည် ရန်ကွာဘေးကင်း ရောဂါရှင်း၍ အောင်ခြင်းချမ်းသာ မင်္ဂလာနှင့် ကောင်းစွာမသွေ ပြည့်စုံစေ"ဟု သဗ္ဗေသတ္တာ သတ္တဝါတို့၏ ချမ်းသာစီးပွား အကျိုးများကို လိုလားတောင်းတ ရှာကာမျှဖြင့် တခဏမှီဝဲခြင်းသာ ဖြစ်ပါသည်၊ ထို့ကြောင့် အဋ္ဌကထာ၌ "ဘိက္ခဝေ ခေတ္တာယ သဗ္ဗပုဗ္ဗဘာဂေ ါ နာမနေဝ အပ္ပနာ၊ န ဥပစာရော၊ သတ္တာနံ ဟိတဖရဏမတ္တမေဝ အာသေဝတီတိ ဝေဒိတဗ္ဗော"ဟူ၍၎င်း၊ "ဣမ ပန မေတ္တာပုဗ္ဗဘာဂေန ဟိတဖရဏပ္ပဝတ္တန-မတ္တေနေဝ အာသေဝတီတိ ဝေဒိတဗ္ဗော" ဟူ၍၎င်း ဖွင့်ဆိုတော်မူအပ်သည်ကို ဋီကာ၌ "သဗ္ဗေသံ ကိစ္စာနံ ပုဗ္ဗဘာဂေါ သဗ္ဗပုဗ္ဗဘာဂေါ၊ သဗ္ဗေသတ္တာ အဝေရာ ဟောန္တူတိ အာဒိနာဟိ စိတ္တဿ ပဋ္ဌာနံ ဥပဋ္ဌာနံ ဟိတဖရဏံ"ဟူ၍ ဖွင့်ဆိုတော်မူပါသည်။

ဤအဋ္ဌကထာ, ဋီကာပါဌ်တို့ကို မှီငြမ်းပြု၍ " စေ အာသေဝတိ၊ မေတ္တာရှေ့သွား အဘို့အားဖြင့် အများဝေနေ ရန်ကင်းစေဟု အဝေရာစသား စိတ်ကိုသား၍ ဖြစ်ပွားကာမျှ အဒေါသကို ခဏတအား မှီဝဲငြားအံ့"ဟု အနက်ပေးခဲ့ခြင်းဖြစ်ပါသည်။

ဤခမေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ရဟန်း၏ ပြည့်သူ့ဆွမ်းကို မှီဝဲသုံးဆောင်ခြင်းသည် နှစ်ပါးသော အကြောင်းတို့ကြောင့် အချည်းနှီးမဟုတ်သည်ကိုလည်း "တတ္ထ ဣမဿ ဘိက္ခုနော အယံ ရဋ္ဌပိဏ္ဍ-ပရိဘောဂေါ ဒွိဟိ ကာရဏေဟိ အမောဃော ဟောတိ"ဟူ၍ မိန့်ဆိုတော်မူပါသည်။

ထိုအချည်းနှီးမဟုတ်ကြောင်း နှစ်ပါးတို့တွင် ပထမအကြောင်းမှာ ဆိုခဲ့သည့်အတိုင်း လက်ဖျောက်တီးမျှ တခဏသော်လည်း မေတ္တာစိတ်ကို မှီဝဲသောရဟန်းသည် ကြည်ဖြူလှူဒါန်း ပြည့်သူ့ဆွမ်း၏ စိတ်ဝမ်းသာရှင်ပိုင်ရှင်ဖြစ်၍၎င်း၊ ကြွေးမြီမတင် အပြစ်ကင်းစင်သည်ဖြစ်၍၎င်း၊ အာမိသ-ဒါယဇ္ဇ အမွေခံဖြစ်၍၎င်း၊ သာမိပရိဘောဂ,အာဏဏျပရိဘောဂ,ဒါယဇ္ဇ-ပရိဘောဂတို့ဖြင့် စားသုံးမှီဝဲရခြင်းပင်ဖြစ်ပါသည်၊ ထို့ကြောင့်အဋ္ဌကထာ၌

"အစ္ဆရာသင်္ဃာတမတ္တမ္ပိ မေတ္တာစိတ္တံ အာသေဝန္တော ဘိက္ခု ရဋ္ဌပိဏ္ဍံ သာမိကော ဟုတွာ အဏဏော ဟုတွာ ဒါယာဒေါ ဟုတွာ ပရိဘုဉ္ဇတီတိ· ပိဿ အဓမ္မာ ဒေသာ ရဋ္ဌပိဏ္ဍာ ရိဘောဂေါ"ဟူ၍ မိန့်ဆိုတော်မူပါသည်။

ထိုအဋ္ဌကထာ၏ အကြောင်းပြအဓိပ္ပါယ်စကားကို ထင်ရှားသိသာအောင် ချဲ့ထွင်ဖော်ပြလိုပါသည်၊ လက်ဖျောက်တီးမျှ တခဏသော်သည်း မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ရဟန်းသည် ထိုမိမိပွားများ မှီဝဲသော မေတ္တာဘာဝနာ စေတနာဖြင့် မိမိ၏သန္တာန်၌ရှိသော ဒေါသ မြူမှေး အညစ်အကြေးကိုရင်း၊ အာရုံ,ဇောတိစသည်တို့ဖြင့် ထိုဒေါသနှင့် သဘောတူသော ဇာသာ,မစ္ဆရိယ,ကုက္ကုစ္စစသော အကုသိုလ် အယုတ် တရားတို့ကိုရင်း နှင်ထုတ်လျက်ရှိသောကြောင့် "ပဗ္ဗာဇယသမတ္တနော မလံ၊ တသ္မာ ပဗ္ဗဇိတောတိ ဝုစ္စတိ"ဟူသော ဓမ္မပဒပါဠိတော်အရ"ပဗ္ဗဇိတရဟန်း မည်ရကား "ဤအရှင်သည် မိမိသန္တာန်၌ရှိသော အကုသိုလ်အယုတ်တရား တို့ကို နှင်ထုတ်ဘတ်သော "ပဗ္ဗဇိတရဟန်းမည်၏"ဟု ကြည်ညိုအောက် မေ့၍ ပစ္စည်းလေးပါးကို လှူဒါန်းကုန်သော ဒါယကာတို့၏ သဒ္ဓါပိုမို ကြည်ညိုအောက်မေ့ရင်း နှလုံးသွင်းအဖျာသယကို မချွတ်မယွင်း မှန်ကန် စေခြင်းဖြင့်ရင်း။

ထို့အတူ မိမိပွားများမှီဝဲသော မေတ္တာဘာဝနာစေတနာဖြင့် မိမိ၏ သန္တာန်၌ရှိသော ဒေါသမြူမှေး အညစ်အကြေးကိုရင်း၊ အာရုံ,ဇောတိ စသည်တို့ဖြင့် ထိုဒေါသနှင့်သဘောတူသော ဇာသာ,မစ္ဆရိယ,ကုက္ကုစ္စ စသော အကုသိုလ်အယုတ်တရားတို့ကိုရင်း၊ ငြိမ်းစေလျက်ရှိသောကြောင့် "သမိတပါပတ္တာ သမဏောတိ ဝုစ္စတိ" ဟူသော ဓမ္မပဒပါဠိတော်အရ " သမဏရဟန်း " မည်ရကား ဤအရှင်သည် မိမိသန္တာန်၌ရှိသော အကုသိုလ်အယုတ်တရားတို့ကို ငြိမ်းစေသော "သမဏရဟန်းမည်၏"ဟု ကြည်ညိုအောက်မေ့၍ ပစ္စည်းလေးပါးကို လှူဒါန်းကုန်သော ဒါယကာ တို့၏ သဒ္ဓါပိုမို ကြည်ညိုအောက်မေ့ရင်း နှလုံးသွင်းအဇ္ဈာသယကို မချွတ် မယွင်း မှန်ကန်စေခြင်းဖြင့်ရင်း။

သုံးဝင့်သံသာ အဏ္ဏဝါ၌ အို, နာ, သေ, မွေး စသည်ဘေးကို မြော်တွေးမပြတ် ရှုမြင်တတ်သောကြောင့် "သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု" ဟူသော ဇာတိဝုတ်အဋ္ဌကထာအရ"ဘိက္ခုရဟန်း"မည်သောကြောင့် ဤအရှင်သည် အို,နာ,သေ,မွေး စသည်ဘေးကို မြော်တွေးသမှု အပဉ်ရှုသော

"ဘိက္ခုရဟန်း" မည်၏ဟူ၍ ကြည်ညိုအောက်မေ့၍ ပစ္စည်းလေးပါးကို လှူဒါန်းကုန်သော ဒါယကာတို့၏ သဒ္ဓါပိုမို ကြည်ညိုအောက်မေ့ရင်း နှလုံးသွင်းအဇ္ဈာသယကို မချွတ်မယွင်း မှန်ကန်စေခြင်းဖြင့်ရင်း။

ဤဆိုခဲ့ပြီးသော အကြောင်းသုံးပါးတို့ဖြင့် ပစ္စည်းလေးပါး၏ပိုင်ရှင် သာမိက၊ ပစ္စည်းလေးပါး၌ ကြွေးမတင်သူ အာဏဏျ၊ ပစ္စည်းလေးပါးကို အမွေခံသူ ဒါယာဒများဖြစ်ကာ သာမိပရိဘောဂ အာဏဏျပရိဘောဂ ဒါယဇ္ဇပရိဘောဂတို့ဖြင့် သုံးဆောင်ခြင်းကြောင့် ထိုရဟန်း၏ ဆွမ်းအာမိသကို သုံးဆောင်ခြင်းသည် "အမောဃရဋ္ဌပိဏ္ဍပရိဘောဂ"မည်၏။

ဤသို့ အကျယ်ဝေဘန်၍ သိအပ်သော အဋ္ဌကထာ၏ အဓိပ္ပါယ်ကိုပင် ရည်ရွယ်မှန်းထား၍ ဋီကာဆရာသည်လည်း အောက်ပါအတိုင်း မိန့်မှာဖွင့်ဆိုတော်မူခဲ့လေပြီ။

> "အမောဃော ရဋ္ဌပိဏ္ဍပရိဘောဂေါတိ အယံ ပဗ္ဗဇိတော သမဏော ဘိက္ခုတိ အာမိသံ ဒေန္တာနံ တာယ မေတ္တာသော ဝနာယ အတ္တနော သန္တာနေ ဒေါသမလဿ ဝါ တဒေကဋ္ဌာနဉ္စ ပါပ-ဓမ္မာနံ ပဗ္ဗာဇနတော ဝူပသမနတော သံသာရေ စ ဘယဿ သမ္မာဝ ဣက္ခဏတော အဇ္ဈာသယဿ အဝိသံဝါဒနေနဿ အမောဃော ရဋ္ဌပိဏ္ဍပရိဘောဂေါ"။

ဆက်လက်ကြိုးစား ရေးသားပါဦးမည်၊ လက်ဖျောက်တီးမျှ တခဏသော်မှလည်း မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ရဟန်း၏ ဆွမ်းအာမိသကို မှီဝဲသုံးဆောင်ခြင်း၏ အချည်းနှီးမဟုတ်သော ဒုတိယ အကြောင်းမှာ ထိုမေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ရဟန်းအား ပေးလှူသမျှသော အလှူဒါနတို့သည် ကြီးမြတ်သောအကျိုးရှိ၏၊ ပြန့်ပြောသော အကျိုးရှိ၏၊ ကြီးမြတ်သော အကျိုးဆက်ရှိ၏၊ ကြီးမြတ်သော အာနုဘော်ရှိ၏၊ ကျယ်ပြန့်သော အကျိုးပေးရှိ၏၊ ထို့ကြောင့်ရကား ထိုရဟန်း၏ ဆွမ်းအာမိသကို သုံးဆောင်ခြင်းသည် အချည်းနှီးမဟုတ်သော ရဋ္ဌပိဏ္ဍပရိဘောဂမည်၏။ ထို့ကြောင့် အောက်ပါအတိုင်း အဋ္ဌကထာ ဆရာ မိန့်မှာဖွင့်ဆိုတော်မူခဲ့လေသည်။

> "အစ္ဆရာသင်္ဃာတမတ္တမ္ပိ မေတ္တံ အာသေဝန္တဿ ဘိက္ခုနော ဒိန္နဒါနံ မဟဂ္ဃိယံ ဟောတိ၊ မဟပ္ဖလံ မဟာနိသံသံ မဟာဇုတိကံ မဟာဝိပ္ဖါရန္တိပိဿ အမောဃော ရဋ္ဌပိဏ္ဍပရိဘောဂေါ"။

ဤအဌကထာ, ဋီကာပါဌ်များကို မှီငြမ်းပြု၍ "ရဋ္ဌပိဏ္ဍ၊ ကြည်ဖြူ လှူဒါန်း ပြည်သူ့ဆွမ်းကို။ အမောဃံ၊ စီးဖြန်းမေတ္တာ ဘာဝနာဟု ပွားပါ သမျှ အဒေါသဖြင့် ကောမစသား အမှားသမုတ် တရားယုတ်တို့ကို နှင်ထုတ် ငြိမ်းကာ သံသရာဝယ် အို,နာ,သေ,မွေး သွေ့ခွဲ့ဘေးကို ဖျောဖြေးရှုတတ် ဂုဏ်ဥတ္တဍ်နှင့် လှူအပ်သမျှ မြတ်ဒါနကို မဟပ္ဖလဖြစ်စေ ပြုနိုင်ပေ၍ မလေ မပုတ် အချည်းနှီး မဟုတ်စေဘဲ။ ဘုဥ္စတိ၊ သုပ္ပဋိပ္ပန် ဂုဏ်သိက္ခံကို ကျင့်ကြံ လေဘိ သတင်းရှိသဖြင့် သာမိ, အာဏဏျ, ဒါယဇ္ဇဟု သုံးဝမကင်း သုံးဆောင်ခြင်းဖြင့် မှီတင်းသုံးဆောင်၏ဟူ၍။ ဝုစ္စတိ၊ သုံးလူတွင်ထား ဘုရားကစ ပဏ္ဍိတတို့ မုချမသွေ ဆိုသိုက်ပေ၏" ဟူ၍ အနက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေအားဖြင့် ရေးသားဖေါ်ပြလိုသည်မှာ ဤအင်္ဂုတ္တရ နိကာယ် အဋ္ဌကထာသဏ်ာတသုတ်၌ "ရဋ္ဌပိဏ္ဍ"ဟူသောပုဒ်ဖြင့် ပြည်သူ့ ဆွမ်းကိုသာ သရုပ်ထုတ်၍ ဟောကြားတော်မူအပ်သော်လည်း နိဒဿန မျှသာဖြစ်၍ ပစ္စည်းလေးပါးလုံးကိုပင် ယူအပ် သိမှတ်အပ်သည်ဖြစ်ရကား လက်ဖျောက်တီးခန့်မျှ တခဏသော်လည်း မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများသော ရဟန်း၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် သာမိ ပရိဘောဂ, အာဏဏျပရိဘောဂ, ဒါယဇ္ဇပရိဘောဂဖြစ်နိုင်၏ဟု ယူဆ သိမှတ်အပ်လေသောကြောင့် အချိုးကောင်းသားရဟန်းများသည် မေတ္တာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခြင်းဖြင့်လည်း ဤပစ္စယသန္နိဿိတသီလကို ပြည့်စုံစေရန်၊ ဝါ၊ ဣဏပရိဘောဂမှ လွတ်မြောက်စေရန် ကြိုးစားသင့် ခြင်းပင် ဖြစ်ပါသတည်း။

အထူးမှာထားလိုသည်မှာ ဈာန်, မြဟ္မစိုရ် (၄)ပါး၊ သတိပဋ္ဌာန် စသော ဗောဓိပက္ခိယတရား ၃၇)ပါး၊ ကမ္မဋ္ဌာန်း(၄၀)၊ ဝိပဿနာတို့တွင် တပါးပါးကို လက်ဖျောက်တီးခန့် ပွားများလျှင်လည်း ပြည်သူ့ဆွမ်းကို စားသုံးကောင်းသည်ဖြစ်၍ သာမိစသည်ဆိုအပ်သော ပရိဘောဂသုံးပါး တို့တွင် ထိုက်သင့်ရာတပါးပါး ဖြစ်နိုင်ကြောင်းကိုလည်း အပရာ အဋ္ဌရာ သဏ်ာတသုတ်၌ ဟောတော်မူသေးကြောင်းပင် ဖြစ်ပါသည်။

## ၅–ပဋ္ဌမဖြောက် ပစ္စဝေက္ခဏာ။

"ကတ္တိနုခေါ မံ အနုဝိစ္စ ဝိညူ သဗြဟ္မစာရီ သီလတော န ဥပဝဒန္တီတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ"။

(အနက်ကို ကြံနိုင်ကြည့်ပါ)။

ဤပဌမမြောက် ပစ္စဝေက္ခဏာကာရဖြင့် ဆင်ခြင်နှလုံးသွင်းသော ရဟန်း၏ အဇ္ဈတ္တသန္တာန်၌ သူတပါး၏ စွပ်စွဲကဲ့ရဲ့မှုဟူသော ဗဟိဒ္ဓဘေးမှ ကြောက်ရွံ့ခြင်း ဩတ္တပ္ပသည်ဖြစ်၏၊ ထိုဩတ္တပ္ပသည်ပင် ဒွါရသုံးပါး၌ စောင့်ရှောက်ခြင်းကို ပြီးစေတတ်၏၊ ဒွါရသုံးပါးတို့၌ စောင့်ရှောက်ခြင်းသည် စတုပါရိသုဒ္ဓိသီလဖြစ်၏၊ စတုပါရိသုဒ္ဓိသီလ၌တည်သော ရဟန်းမြတ်သည် ဈာန်ဝိပဿနာကို ပွားများ၍ အစဉ်အတိုင်း အရဟတ္တဖိုလ်ကို ရယူနိုင်ကြောင်းကို "ဧဝံ ပစ္စဝေက္ခတော ဟိ ဗဟိဒ္ဓါ ဩတ္တပ္ပံ သဏ္ဌာတိ" အစရှိသည်ဖြင့် အဋ္ဌကထာဆရာ ဖွင့်ပြတော်မူပါသည်။

ဆင်ခြင်ဘွယ်ရာ လေးခုမြောက် ပစ္စဝေက္ခဏာမှ သဒ္ဒါပဒိယာယ် အနည်းငယ်ထူးခြား တမူအားဖြင့် ရေးသားဖေါ်ပြလိုသည်မှာ စတုတ္ထပစ္စဝေက္ခဏာ၌ အတ္တာနုဝါဒဘေးကို ဟောတော်မူ၍ ပဌမပစ္စဝေက္ခဏာ၌ ပရာနုဝါဒဘေးကို ဟောတော်မူပါသည်။ ထိုသို့ ဟောတော်မူအပ်သော ဘေးနှစ်ပါးတို့ဖြင့် မကောင်းမှုအကုသိုလ်ကို ငြိမ်းစေတတ်သော သမဏရဟန်းဖြစ်သည်ကို ပြုတတ်သော၊ ဝါ၊ မကောင်းမှု အကုသိုလ်တို့ကို အပပြုတတ်သော ဗြာဟ္မဏရဟန်းဖြစ်သည်ကို ပြုတတ်သော ဟိရီ ဩတ္တပ္ပ တရားများဖြစ်စေရန် ထိုဟိရီ ဩတ္တပ္ပ တရားတို့ဖြင့် ဒွါရသုံးပါးတို့၌ မကောင်းမှု အကုသိုလ်တို့ကို ပိတ်ဆို့ရန် ထိုဒွါရသုံးပါးတို့၌ ပိတ်ဆို့မှုဟူသော စတုပါရိသုဒ္ဓိသီလ၌တည်၍ ဝိပဿနာကိုပွားလျက် အစဉ်အားဖြင့် အရဟတ္တဖိုလ်ကို ရယူနိုင်ရန် ရည်ရွယ်မှန်းထား၍ မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

ဤစကားရပ်တို့၌ အတ္တာနုဝါဒဘေးနှင့်ဆိုင်ရာ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အတ္တာနုဝါဒသုတ်ပါဠိကို စတုတ္ထပစ္စဝေက္ခဏာခဏ်း၌ ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်၊ ပရာနုဝါဒဘေးဆိုင်ရာ ပါဠိကိုလည်း ထိုသုတ်မှာပင် ကြည့်ရှုယူငင်ပါလေ။

ဟိရီဩတ္တပ္ပတို့သည် မကောင်းမှုအကုသိုလ်တို့ကို ငြိမ်းစေတတ်သော သမဏရဟန်း၏ အဖြစ်၊ မကောင်းမှု အကုသိုလ်တို့ကို အပပြုတတ်သော ဗြာဟ္မဏရဟန်း၏အဖြစ်ကို ပြုတတ်ကုန်သော သမဏကာရကဓမ္မ ဗြာဟ္မဏကာရကဓမ္မဖြစ်ကုန်၍ ထိုဟိရီဩတ္တပ္ပတို့ကို၊ ဝါ၊ ထိုဟိရီ ဩတ္တပ္ပတရားလျှင် အစအမွန်ရှိကုန်သော သီလ ဇာဂရိယာနုယောဂစသော တရားတို့ကို ဆောက်တည်၍ ကျင့်ကြံအားထုတ်ကြကုန်သော ရဟန်းသူတော်ကောင်း

တို့အား ပေးလှူအပ်ကုန်သော အလှူကောင်းမှုတို့၏ ကြီးမြတ်သော အကျိုးအာနိသင်ရှိကြောင်း ထိုရဟန်းသူတော်ကောင်းတို့၏ ရဟန်းအဖြစ်သည် အကျိုးမပြီး အချည်းနှီး မဟုတ်ကြောင်း မြင့်မြတ်ကြီးပွားခြင်းရှိကြောင်းကိုလည်း မူလပဏ္ဏာသပါဠိ မဟာအဿပုရသုတ်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

"သမဏာသမဏာ"တိ ဝေါ ဘိက္ခဝေ ဇနော သဉ္ဇာနာတိ၊ တုမှေ စ ပန "ကေ တုမှေ"တိ ပုဋ္ဌာ သမာနာ "သမဏာမှာ"တိ ပဋိဇာနာထ၊ တေသံ ဝေါ ဘိက္ခဝေ ဧဝံ သမညာနံ သတံ ဧဝံ ပဋိညာနံ သတံ "ယေ ဓမ္မာ သမဏကရဏာ စ ဗြာဟ္မဏကရဏာ စ၊ တေ ဓမ္မေ သမာဒါယ ဝတ္တိဿာမ၊ ဧဝံ နော အယံ အမှာကံ သမညာ စ သစ္စာ ဘဝိဿတိ ပဋိညာ စ ဘူတာ၊ ယေသဉ္စ မယံ စီဝရပိဏ္ဍပါတသေနာသနဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရံ ပရိဘုဉ္ဇာမ၊ တေသံ တေ ကာရာ အမှေသု မဟပ္ဖလာ ဘဝိဿန္တိ မဟာနိသံသာ၊ အမှာကဉ္စေဝါယံ ပဗ္ဗဇ္ဇာ အဝဉ္ဈာ ဘဝိဿတိ သဖလာ သဥဒြယာ"တိ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ။

ကတမေ စ ဘိက္ခဝေ ဓမ္မာ သမဏကရဏာ စ ဗြာဟ္မဏကရဏာ စ "ဟိရောတ္တပ္ပေန သမန္နာဂတာ ဘဝိဿာမာ"တိ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ။

အနက်—ဘိက္ခဝေ၊ ရဟန်းတို့။ ဇနော၊ လူအပေါင်းသည်။ ဝေါ၊ သင်တို့ကို။ သမဏာသမဏာတိ၊ မကောင်းမှုကို ငြိမ်းစေတတ်ကုန်သော ရဟန်းတို့,ရဟန်းတို့ဟူ၍။ သဉ္ဇာနာတိ၊ ကောင်းစွာသိ၏။ တုမှေ စ၊ သင်တို့သည်လည်း။ ကေ တုမှေတိ ပုဋ္ဌာ သမာနာ၊ အရှင်ဘုရားတို့သည် အဘယ်သူများဖြစ်ကုန်သနည်းဟု မေးအပ်ကုန်သည်ရှိသော်။ သမဏာမှာတိ ပဋိဇာနာထ၊ ငါတို့သည် ရဟန်းဖြစ်ကုန်၏ဟု ဝန်ခံကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ သမညာနံ သတံ၊ ဤသို့သမဏရဟန်း အမည်ရှိသည် ဖြစ်ကုန်သော။ ဧဝံ ပဋိညာနံ သတံ၊ ဤသို့ဝန်ခံသည်ဖြစ်ကုန်သော။ တေသံ ဝေါ၊ ထိုသင်တို့သည်။ ဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ကိံ သိက္ခိတဗ္ဗံ၊ အဘယ်သို့ ကျင့်အပ်သနည်း ဟူမူကား။ ယေ ဓမ္မာ၊ အကြင်ဟိရီ ဩတ္တပ္ပ တရားတို့သည်။ ဝါ၊ အကြင်ဟိရီ ဩတ္တပ္ပအစရှိကုန်သော တရားတို့သည်။ သမဏကရဏာ စ၊ မကောင်းမှုကို ငြိမ်းစေတတ်သော ရဟန်းအဖြစ်ကို

ပြုတတ်ကုန်သည်ငှါး။ ဗြာဟ္မဏာကရဏာ စ၊ မကောင်းမှုကို အပပြုတတ်သော ရဟန်းအဖြစ်ကို ပြုတတ်ကုန်သည်ငှါး။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ ဓမ္မေ၊ ထိုဟိရီ ဩတ္တပ္ပတရားတို့ကို။ သမာဒါယ၊ ဆောက်တည်၍။ ဝတ္တိဿာမ၊ အားထုတ်ကျင့်ကြံကြကုန်အံ့။ ဧဝံ၊ ဤသို့ ကျင့်ကြံအားထုတ်သည်ရှိသော်။ နော အမှာကံ၊ ငါတို့၏။ အယံ သမညာ စ၊ ဤသမဏရဟန်းဟူသော အမည်သည်လည်း။ သစ္စာ၊ မှန်သည်။ အယံ ပဋိညာ စ၊ ဤသမဏရဟန်းဟူ၍ ဝန်ခံခြင်းသည်လည်း။ ဘူတာ၊ ဟုတ်သည်။ ဘဝိဿတိ၊ ဖြစ်လတ့်။ မယံ၊ ငါတို့သည်။ ယေသံ၊ အကြင်ဒါယကာတို့၏။ စီဝရပိဏ္ဍပါတသေနာသနဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရံ၊ သင်္ကန်း ဆွမ်း ကျောင်း လူနာ၏အထောက်အပံ့ဖြစ်သော ဆေးဟူသော အသက်၏အရံအတားကို။ ပရိဘုဥ္ဇာမ၊ မှီဝဲသုံးဆောင်ကြကုန်၏။ တေသံ၊ ထိုဒါယကာတို့၏။ အမှေသု၊ ငါတို့၌။ တေ ကာရာ စ၊ ထိုအပေးအလှူ အမှုအပြုတို့သည်လည်း။ မဟပ္ဖလာ၊ ကြီးမြတ်သော အကျိုးရှိကုန်သည်။ မဟာနိသံသာ၊ ကြီးမြတ်သော အာနိသင်ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ့်။ အမှာကံ၊ ငါတို့၏။ အယံ ပဗ္ဗဇ္ဇာ စ၊ ဤရဟန်းအဖြစ်သည်လည်း။ အဝဥ္ဈာ၊ အချည်းနှီးမဟုတ်သည်။ သဖလာ၊ အကျိုးရှိသည်။ သဥဒြယာ၊ ဘိုးတက်ကြီးပွား ဖွံ့ဖြိုးခြင်းရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ့်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတိ ဧဝံ ဟိ၊ ဤသို့သာလျှင်။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမေ ဓမ္မာ၊ အဘယ်တရားတို့သည်။ သမဏကရဏာ စ၊ မကောင်းမှုကို ငြိမ်းစေတတ်သော သမဏရဟန်းအဖြစ်ကို ပြုတတ်ကုန်သည်ငှါး။ ဗြာဟ္မဏာကရဏာ စ၊ မကောင်းမှုကို အပပြုတတ်သော သမဏရဟန်းအဖြစ်ကို ပြုတတ်ကုန်သည်ငှါး။ ဟောန္တိ။ ဖြစ်ကုန်သနည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ မယံ၊ ငါတို့သည်။ ဟိရောတ္တပ္ပေန သမန္နာဂတာ ဘဝိဿာမ၊ ဟိရီ ဩတ္တပ္ပနှင့်။ ဝေါ၊ အရှက်အကြောက်နှင့် ပြည့်စုံကုန်သည်ဖြစ်ကုန်အံ့။ ဇုတိ ဧဝံ ဟိ၊ ဤသို့သာလျှင်။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

"ယေ ဓမ္မာ သမဏကရဏာ စ ဗြာဟ္မဏကရဏာ စ" ဟူသော ပါဠိတော်ဝါကျကို ယေဓမ္မာ၊ အကြင်ဟိရီ ဩတ္တပ္ပတရားတို့သည်။ ဝေါ၊ အကြင်ဟိရီ ဩတ္တပ္ပစသောတရားတို့သည်။ စသည်ဖြင့် အနက်ပေးခဲ့ရာ "ဇုဓ ပန ဟိရောတ္တပ္ပါဒိဝသေန ဒေသနာဝိတ္တာရိတာ" ဟူသော အဋ္ဌကထာပါဌ်ကိုမှီ၍ အနက်ပေးခဲ့ခြင်းဖြစ်ပါသည်။

"ဟိရောတ္တပ္ပ ဒိ"ဟူသော ဤအဋ္ဌကထာပါဠ်၌ အာဒိဝန်ကိုလည်း ဟိရီ,ဩတ္တပ္ပလျှင် အစအမွန်ရှိသော သီလ ဇာဂရိယာနုယောဂ သတိ သမ္ပဇည ဈာနဝိဇ္ဇာ စသည်တို့ဖြစ်ကြောင်း ၎င်းဋီကာ၌ ဖွင့်ဆိုလျက် ရှိပါသည်။

"သမဏကရဏာ စ ဗြာဟ္မဏကရဏာ စ"တို့၌ သမဏကို မကောင်း မှုကို ငြိမ်းစေတတ်သောရဟန်း ဗြာဟ္မဏကို မကောင်းမှုကို အပပြုတတ် သော ရဟန်းဟူ၍ ရဟန်းကိုသာ အရပြုသောအားဖြင့် အနက်ပေးခဲ့ခြင်း သည်လည်း"ဗျဉ္ဇနတော ဧဝံ ဧစာယံ ဘေဒေါ၊ ယဒိဒံ သမဏဗြာဟ္မဏာတိ န အတ္ထတော" ဟူသော ဋီကာပါဠ်ကိုမှီ၍ အနက်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ပါဠိတော်၏ ကြွင်းသောအဓိပ္ပါယ်မှာ ၎င်း၏အနက်ဖြင့်ပင် သိသာ ထင်ရှားပါသည်။

ဤသို့လျှင် မဟာကရဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤစတုတ္ထ, ပဉ္စမပစ္စဝေက္ခဏာကာရပါဠိတော်ကို ဟောတော်မူခြင်းဖြင့် အမျိုးကောင်းသား ရဟန်းတို့အား ဟိရီ,ဩတ္တပ္ပလျှင် အစအမွန်ရှိသော သီလသိက္ခာကို၊ ဝါ၊ဟိရီ,ဩတ္တပ္ပလျှင် အစအမွန်ရှိသော သီလ ဇာဂရိယာ-နုယောဂ သတိသမ္ပဇည ဈာန်,ဝိဇ္ဇာစသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော "သမဏကရဏဓမ္မ ရဟန်းဖြစ်ကြောင်းတရား"တို့ကို ဖြည့်ကျင့်စေလိုတော် မူသည်နှင့်အညီ အမျိုးကောင်းသား ရဟန်းများတို့သည် ဤသို့ ဘုရား ဟောတော်မူသည့်အတိုင်း အမြဲမပြတ် ဆင်ခြင်သုံးသပ်၍ ဟိရီ ဩတ္တပ္ပသီလ စသော သမဏကရဏဓမ္မတို့ကို ဖြည့်ကျင့် အားထုတ်ကြ ကုန်ရာသတည်း။

## ကဲ့ရဲ့ချီးမွမ်း

ဤပဉ္စမမြောက် ပစ္စဝေက္ခဏာ ပါဠိတော်၌ သိတင်းသုံးတော် ငါးယောက်ဟု ဆိုအပ်သော ကဲ့ရဲ့တတ်သူ ကဿပနှင့်ကို "ဝိညူ"ဟူသော ဝိသေသနဖြင့် အထူးပြု၍ မြတ်စွာဘုရား ဟောတော်မူရခြင်းမှာ "လူမိုက် တသောင်း ချီးမွမ်းရှောင်းလည်း လူကောင်းတယောက် ကဲ့ရဲ့ကြောက် လော"ဟူသည်နှင့်အညီ လူမိုက်တို့၏ ကဲ့ရဲ့မှု ချီးမွမ်းမှုများသည် အလေး ပြုအပ်သော ပဓာနအကြောင်းမဟုတ် ပညာရှိတို့၏ ကဲ့ရဲ့မှု,ချီးမွမ်းမှုများ

သည့်သာလျှင် အသေးပြုအပ်သော ပမာဏအကြောင်းဖြစ်သောကြောင့် "ဝိညူပရိယတ္တိစသည် သုံးဖြာသာသနာကို ကောင်းစွာမြှော်သိ ပညာရှိကုန်သော"ဟူသော ဝိသေသနပုဒ်ဖြင့် ဟောတော်မူခြင်းဖြစ်ပါသည်။

ထိုစကားမှန်၏၊ လောက၌ လူအများတို့သည် ချီးမွမ်းအပ်သည် ကဲ့ရဲ့အပ်သည်ကို နှိုင်းချိန်စဉ်းစား၍ ခွဲခြားဆုံးဖြတ်ခြင်းမပြုဘဲ များသောအားဖြင့် မိမိမကြိုက်မနှစ်သက်သည်ကို ပြစ်တင်ကဲ့ရဲ့တတ်ကြလေသည်၊ မည်သို့ပင်ဖြစ်စေ လူမိုက်တို့၏ ကဲ့ရဲ့ပြစ်တင်မှုသည် ဆိုခဲ့သည့်အတိုင်း ပညာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်သိမြင်သော ကဲ့ရဲ့ချီးမွမ်းခြင်း မဟုတ်သောကြောင့် ပမာဏမလောက် ကဲ့ရဲ့ရာ ချီးမွမ်းရာမရောက် ပညာရှိတို့၏ ကဲ့ရဲ့ချီးမွမ်းမှုသည်သာ ပမာဏလောက်၍ ကဲ့ရဲ့ရာချီးမွမ်းရာရောက်သည်ဟု အတုလဥပါသကာအား မြတ်စွာဘုရား ဟောတော်မူကြောင်းကို ဓမ္မပဒအဋ္ဌကထာ၌ "အတုလပေါရာဏမေတံ ပဋ္ဌာယ အာဝိဏ္ဏဇမေဝေတံ" အစရှိသော ဝါကျတို့ဖြင့် ဖွင့်ပြမိန့်ဆိုလျက်ရှိပါသည်။

ထိုအဋ္ဌကထာပါဌ်ကို မြန်မာပြန်၍ ရေးသားဖော်ပြပါဦးမည်။

**အဋ္ဌကထာဘာသာပြန်**– ဒိုအတုလ...ထိုကဲ့ရဲ့ချီးမွမ်းမှုသည် ရှေးအခါကစ၍ ယနေ့တိုင်အောင် ဖြစ်ပေါ်လျက်ရှိသော လူတို့၏ အလေ့အကျက်သာတည်း ဆိတ်ဆိတ်နေသူကိုရင်း၊ များစွာပြောဟောတတ်သူကိုရင်း၊ အနည်းငယ်သာ ပြောဟောတတ်သူကိုရင်း၊ ကဲ့ရဲ့ကြသည်သာလျှင်တည်း ထိုစကားသည်မှန်၏၊ စင်စစ် ကဲ့ရဲ့အပ်သောသူသည်ရင်း၊ စင်စစ်ချီးမွမ်းအပ်သူသည်ရင်း၊ လောက၌မရှိ မင်းအစိုးရတို့ကိုလည်း အချို့ကဲ့ရဲ့ကုန်၏၊ အချို့ချီးမွမ်းကြကုန်၏၊ ကမ္ဘာကြီးကိုရင်း၊ လ,နေတို့ကိုရင်း၊ ကောင်းကင် သမုဒ္ဒရာ စတုဒ္ဒီပါ တောတောင်စသည်တို့ကိုရင်း၊ ပရိသတ်လေးပါးတို့၏အလယ်၌ထိုင်၍ တရားဟောတော်မူသော မြတ်စွာဘုရားကိုရင်း အချို့ကဲ့ရဲ့ကုန်၏ အချို့ချီးမွမ်းကုန်၏။ အထူးကိုဆိုဦးအံ့ သူမိုက်တို့၏ ကဲ့ရဲ့ခြင်းသည်ရင်း ချီးမွမ်းခြင်းသည်ရင်း ပမာဏမဟုတ် အကြောင်းအကျိုး အကောင်းအဆိုးတို့ကို ဖေါက်ထိုးမြင်သိပညာရှိသည် ကဲ့ရဲ့ပြစ်တင်အပ်၏ (ထိုပညာရှိ၏ ကဲ့ရဲ့ပြစ်တင်ခြင်းသည်သာလျှင်) စင်စစ် ကဲ့ရဲ့ခြင်းမည်၏ အကြောင်းအကျိုး အကောင်းအဆိုးတို့ကို ဖေါက်ထိုးမြင်သိ ပညာရှိသည် ချီးမွမ်းအပ်၏၊ (ထိုပညာရှိ၏ ချီးမွမ်းခြင်းသည်လည်း) စင်စစ်ချီးမွမ်းခြင်းမည်၏။

ဤမျှသာမကသေး ပညာမရှိ အသိအမြင်နည်းပါးသော လူမိုက်များတို့သည် ကဲ့ရဲ့ချီးမွမ်းခြင်း၌ ပမာဏမလောက်ဟူသော စကားသည် မှန်၏၊ ပညာမရှိ အသိနည်းပါး ထိုလူမိုက်များတို့သည် အပြစ်မရှိသည်ကိုလည်း အပြစ်ရှိအောင် ကြံဆောင်ဖွဲ့နွဲ့ မျက်နှာမဲ့၍ ကဲ့ရဲ့ပြုမူဘတ်ကုန်၏၊ အနည်းငယ်သော အပြစ်ကိုလည်း ပုံကြီးချဲ့၍ ကဲ့ရဲ့ပြုမူဘတ်ကုန်၏၊ ပညာရှိတို့သည်သာ ကဲ့ရဲ့ရာ ချီးမွမ်းရာဘို၌ ပမာဏလောက်၍ ပမာဏ မြောက်၏ဟူသော စကားသည်သည်း မှန်၏၊ ထိုပညာရှိတို့သည် စဉ်းစား ဆင်ခြင် သက်ဝင်နိုင်းချိန်ကုန်၍ ချီးမွမ်းခြင်းငှါ မသိုက်သောသူ၏ ကျေးဇူးမဲ့ကိုလည်း ကဲ့ရဲ့ပြောဆိုကြကုန်၏၊ ချီးမွမ်းခြင်းငှါ ထိုက်သေသာသူ၏ ဂုဏ်ကျေးဇူးကိုလည်း ချီးကျူးပြောဆိုဘတ်ကုန်၏၊ ထို့ကြောင့် "ယေန ဝိညူ ပရေ ဥပဝဒေယျုံ" ဟူသော မေဃ္ဃသုတ်ပါဠိတော်၌လည်း 'ပရေ' ဟူသော စွပ်စွဲကဲ့ရဲ့တတ်သူ ကဏ္ဍားပုဒ်ကို "ဝိညူ" ဟူသော ဝိသေသနပုဒ်ဖြင့် အထူးမ၍ မြတ်စွာဘုရား ဟောတော်မူရသည်ဟု ခုဒ္ဒကပါဌအဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ပြတော်မူပါသည်။

"ဧတ္ထ စ ယသ္မာ အဝိညူ ပရေ အပ္ပမာဏံ၊ တေဟိ အနဝဇ္ဇံ ဝါ သာဝဇ္ဇံ ကရောန္တိ၊ အပ္ပသာဝဇ္ဇံ ဝါ မဟာသာဝဇ္ဇံ၊ ဝိညူ ဧဝ ပန ပမာဏံ၊ တေဟိ အနုဝိစ္စ ပရိယောဂါဟေတွာ အဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသန္တိ၊ ဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသန္တိ၊ တသ္မာ "ဝိညူ ပရေ"တိ ဝုတ္တံ"။

လူမိုက်တို့မည်သည် ပကတိသဘောအားဖြင့်ပင် မောဟလွှမ်းမိုးခြင်းကို ခံကြရသော အန္ဓဗာလများသာ ဖြစ်ကြရကား ၎င်းတို့၏ ကဲ့ရဲ့မှု ချီးမွမ်းမှုများသည်လည်း "အဂတိ" တရားသို့ လိုက်ခြင်းဖြင့် ဖြစ်ပေါ်ရသော ကဲ့ရဲ့မှု ချီးမွမ်းမှုများသာဖြစ်ရမည်မှာ ဓမ္မတာပင်ဖြစ်တော့သည်။ ဥပမာ မဟာသီဟနာဒသုတ်၌ သုနက္ခတ္တရဟန်းက "နတ္ထိ သမဏဿ ဂေါတမဿ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော" အစရှိသည်ဖြင့် ရဟန်းဂေါတမအား ကိလေသာကို ပယ်ဖြိုဖျက်ဆီး၍ သိမြင်နိုင်သော ထူးမြတ်သော မြင့်မြတ်သောသူတို့သည် ရအပ်သော ဈာန်,မဂ်,ဖိုလ်တရားမရှိ၊ ရဟန်းဂေါတမသည် ကြံစည်စုံစမ်း၍ မိမိဉာဏ်အားထင်သော တရားကိုသာ ဟောတတ်၏၊ စင်စစ်သော်ကား ရဟန်းဂေါတမသည် အကြင်ရာဂစသည် ကင်းခြင်း၏ အကျိုးငှါ တရားကို ဟော၏၊ ထိုဟောအပ်သောတရားသည် ထိုဟောတိုင်း ကျင့်ကြံသော

သူအား ဝင့်ဒုက္ခကုန်ဆုံးခြင်းအကျိုးငှါ ကောင်းစွာရောက်၏ ပြီးမြောက်လာ၏”ဟု ကဲ့ရဲ့ပြစ်တင်ခြင်းသည်၊ မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ကာ မကြည်ညိုစိတ်ဝိုမုန်းတီးခြင်းဟူသော “ဒေါသာဂတိ”သို့ လိုက်သဖြင့် ဖြစ်ပေါ်လာရသော ကဲ့ရဲ့ခြင်းသာ ဖြစ်လေသည်၊ ထို့ကြောင့် မူလပဏ္ဏာသ မဟာသီဟနာဒသုတ်၌ အောက်ပါအတိုင်း ဟောတော်မူသည်။

“ကောဓနော ဟေသော သာရိပုတ္တ သုနက္ခတ္တော မောဃပုရိသော၊ ကောဓာစပနဿ သော ဝါစာ ဘာသိတာ”။

ဆက်လက် ရေးသားပါဦးမည် ဤသုတ်၌ သုနက္ခတ်ရဟန်းသည် ရန်ငြိုးဖွဲ့သဖြင့် မြတ်စွာဘုရားအား ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့ပြစ်တင်ခြင်းစကားကို ဆိုမည်ဟု သဘောပိုက်ကာ “နတ္ထိ သမဏဿ ဂေါတမဿ ဥတ္တရိမနုဿဓမ္မော”အစရှိသော အထက်ပါစကားများကို ဆိုသည်ဖြစ်သော်သည်း မိမိဆိုသောစကား၏အနက်အဓိပ္ပါယ်ကိုမျှမသိ၊မောဟဖုံးဖိ ညဏ်ပညာမရှိသောကြောင့် ကဲ့ရဲ့ရာတွင် ချီးမွမ်းဂုဏ်ပြုစကားကို ဆိုမိရက်သား ဖြစ်နေပေပြီ ထိုစကားမှန်၏၊ သုနက္ခတ်၏ စကားတို့တွင်“စင်စစ်သော်ကား ရဟန်းဂေါတမသည် အကြင်ရာဂစသည် ကင်းခြင်း၏အကျိုးငှာ တရားကိုဟော၏၊ ထိုဟောအပ်သော တရားသည် ထိုဟောတိုင်း ကျင့်ကြံသူအား ဝင့်ဒုက္ခကုန်ဆုံးခြင်းအကျိုးငှါ ကောင်းစွာရောက်၏ ပြီးမြောက်လာ၏”ဟူသော စကားရပ်သည် ချီးမွမ်းဂုဏ်ပြုသော စကားပင်မဟုတ်ပါသော။

ထို့ကြောင့်—

“အဝဏ္ဏံ ဘာသိဿာမီတိ ခေါ သာရိပုတ္တ သုနက္ခတ္တော မောဃပုရိသော ဝဏ္ဏံယေဝ တထာဂတဿ ဘာသတိ၊ ဝဏ္ဏော ဟေသော သာရိပုတ္တ တထာဂတဿ၊ ယော ဧဝံဝဒေယျ “ယဿ ဝ ဒ္ဓါသ အတ္ထာယ ဓမ္မော ဒေသိတော၊ သော နိယျာတိ တက္ကရဿ သမ္မာဒုက္ခက္ခယာယာတိ”ဟူ၍ ထိုသုတ်၌ပင် ဆက်လက်ဟောတော်မူပါသည်။

ဤသည်ကိုထောက်ထား၍ ပညာမရှိသောသူတို့၏ ကဲ့ရဲ့ခြင်းသည် ချီးမွမ်းရာရောက်တတ်၏၊ ထို့အတူ ချီးမွမ်းခြင်းသည်လည်း ကဲ့ရဲ့ရာရောက်တတ်၏၊ ထို့ကြောင့် “သူမိုက်ချီးမွမ်း ဂုဏ်သုတ်နွမ်း၍ သူသွမ်းကဲ့ရဲ့ အပြစ်မဲ့၏”ဟူ၍ ပညာရှိတို့ စပ်ဆိုခဲ့သည်ကိုလည်း အထူးသိမှတ်အပ်ပါသည်။

ဆက်လက်ဖော်ပြပါဦးမည်၊ ဒသင်္ဂုတ္တရပါဠိတော်၌ ကောကာလိက,က "အထခေါ ပါပိစ္ဆာ၁၀ သာရိပုတ္တမောဂ္ဂလ္လာနာ ပါပိကာနံ ဣစ္ဆာနံ ဝသံ ဂတာ" သာရိပုတ္တရာ မောဂ္ဂလာန်တို့သည် ယုတ်မာသော အလိုဆိုးရှိကုန်၏၊ ယုတ်မာသော လောဘအလိုသို့ လိုက်ပါကြကုန်၏" ဟူ၍ ကဲ့ရဲ့ခြင်းသည်လည်း "ဒေါသာဂတိ"၏ အစွမ်းအားဖြင့် ဖြစ်ပေါ်ရသော ကဲ့ရဲ့ခြင်းသာ ဖြစ်လေသည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ပါဠိ,အဋ္ဌကထာများနှင့် ထိုသိုများစွာသော ပါဠိ, အဋ္ဌကထာတို့၌ လာရှိသော တိတ္ထိယ တိတ္ထိယသာဝကတို့သည် မြတ်စွာဘုရားကိုရင်း၊ ရဟန်းတော်များကိုရင်း ကဲ့ရဲ့ပြစ်တင်ကြခြင်း မိမိတို့အချင်းချင်း ချီးမွမ်းခြင်းသည် အဂတိတရားတို့၏ အစွမ်းအားဖြင့်သာလျှင် ဖြစ်ပေါ်ရသော ကဲ့ရဲ့ပြစ်တင်ခြင်း မိမိတို့အချင်းချင်းကို ချီးမွမ်းခြင်းများသာ ဖြစ်သည့်ပြင် မကဲ့ရဲ့သင့်သူကို ကဲ့ရဲ့ပြစ်မှားခြင်း မချီးမွမ်းသင့်သူကို ချီးမွမ်းမြှောက်စားခြင်းများကိုလည်း ပြုမိကြယေတော့သည်။ ထိုသို့ မဟုတ်မမှန် ဘောက်ပြန်မှားယွင်းသော ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းကို ပြုလုပ်သောသူသည် နှုတ်သီးဖြင့် မကောင်းမှုအပြစ်များကို ဆည်းပူးစုဆောင်း၍ ထိုမကောင်းမှုအပြစ်ကြောင့်ပင် ချမ်းသာနှင့်လွဲ ပါယ်ငရဲသို့ အမြဲကျရောက်တတ်ကြောင်းကို အင်္ဂုတ္တရပါဠိတော် ကောကာလိကသုတ်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

ယော နိန္ဒိယံ ပသံသတိ၊ တံ ဝါ နိန္ဒတိ ယော ပသံသိယော။
ဝိစိနာတိ မုခေန သော ကလိံ၊ ကလိနာ တေန သုခံ န ဝိန္ဒတိ။ ။

အနက်— ယော၊အကြင်သူသည်။ နိန္ဒိယံ၊ကဲ့ရဲ့သင့်သူကို။ ပသံသတိ၊ ချီးမွမ်း၏။ ယော၊ အကြင်သူကို။ ပသံသိယော၊ ချီးမွမ်းသင့်၏။ တံ ဝါ၊ ထိုချီးမွမ်းသင့်သူကိုမူလည်း။ နိန္ဒတိ၊ကဲ့ရဲ့၏။ သော၊ ထိုအမှားချီးမွမ်းတတ် ကဲ့ရဲ့တတ်သူသည်။ မုခေန၊ ခံတွင်းဖြင့်။ ကလိံ၊ ပြစ်မှားသောအပြစ်ကို။ ဝိစိနာတိ၊ စုဆောင်းဆည်းပူး၏။ တေန ကလိနာ၊ ထိုမိမိစုဆောင်းဆည်းပူးသော အပြစ်ကြောင့်။ သုခံ၊ လူ နတ်,နိဗ္ဗာန် သုံးတန်သောချမ်းသာကို။ န ဝိန္ဒတိ၊ မရနိုင်။

ဤဂါထာ၌ "ကလိနာ တေန"ဟူသောပါဌ်ဖြင့် ကဲ့ရဲ့သင့်သူကို ချီးမွမ်းခြင်းသည်လည်း အပြစ်သာဖြစ်၏ဟု သိအပ်ပါသည်၊ ထိုစကားမှန်၏၊ ကဲ့ရဲ့သင့်သူကို ချီးမွမ်းခြင်း၏ အကျိုးပေးသည်လည်း ချီးမွမ်းသင့်သူကို

ကဲ့ရဲ့ခြင်း၏ အကျိုးပေးနှင့် တူမျှသည်သာလျှင်ဖြစ်၏၊ ထို့ကြောင့် ၎င်း အဋ္ဌကထာ၌ "နိန္ဒိယံပသံသာယ ဟိ ပသံသိယ နိန္ဒာယ စ သမကောဝ ဝိပါကော" ဟူ၍ မိန့်ဆိုတော်မူလေသည်။

ပညာရှိတို့၏ ကဲ့ရဲ့ချီးမွမ်းမှုသည် ပမာဏလောက်၌ ပမာန ဖြောက်ရှိသာမက အချိန်အခါအားလျော်စွာ ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့၍ ချီးမွမ်းသင့်သူကို ချီးမွမ်းခြင်းသည် ပညာရှိတို့၏ သဘောတတ်ထွာ ဓမ္မတာ ဖြစ်သည့်ပြင် ထိုသို့ အချိန်အခါအားလျော်စွာ အကြောင်းအားလျော်စွာ ကဲ့ရဲ့သင့်သူကိုကဲ့ရဲ့၍ ချီးမွမ်းသင့်သူကို ချီးမွမ်းတတ်သော ပညာရှိတို့ ကိုသာ မြတ်စွာဘုရား ချီးကျူးတော်မူလေ့ ရှိပါသည်။ ထိုစကားမှန်၏ ဤလောက၌—

၁။ ကဲ့ရဲ့သင့်သူကိုသာ ကဲ့ရဲ့၍ ချီးမွမ်းသင့်သူကို မချီးမွမ်းတတ်သူ။

၂။ ချီးမွမ်းသင့်သူကိုသာ ချီးမွမ်း၍ ကဲ့ရဲ့သင့်သူကို မကဲ့ရဲ့တတ်သူ။

၃။ ကဲ့ရဲ့သင့်သူကိုလည်း မကဲ့ရဲ့ ချီးမွမ်းသင့်သူကိုလည်း မချီးမွမ်း တတ်သူ။

၄။ ကဲ့ရဲ့သင့်သူကိုလည်း ကဲ့ရဲ့၍ ချီးမွမ်းသင့်သူကိုလည်း ချီးမွမ်းသူ။

ဟူ၍ လေးမျိုးလေးစားရှိရာတွင် အမှတ်(၄)စတုတ္ထမြောက်သူသည် သာလျှင် အကောင်းဆုံး အမြတ်ဆုံးသောသူ ဖြစ်လေသည်။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၌—

"ဣမေသံ ခေါ ပေါတလိယ စတုန္နံ ပုဂ္ဂလာနံ ယွာယံ ပုဂ္ဂလော အဝဏ္ဏာရဟဿ စ အဝဏ္ဏံ ဘာသိတာ ဟောတိ ဘူတံ တစ္ဆံ ကာလေန၊ ဝဏ္ဏာရဟဿ စ ဝဏ္ဏံ ဘာသိတာ ဟောတိ ဘူတံ တစ္ဆံ ကာလေန၊ အယံ ဣမေသံ စတုန္နံ ပုဂ္ဂလာနံ အဘိက္ကန္တတရော စ ပဏီတတရော စ၊ တံ ကိဿ ဟေတု၊ အဘိက္ကန္တာဟေသာ ပေါတလိယ ယဒိဒံ တတ္ထ တတ္ထ ကာလညုတာတိ"။

ဟူ၍ မြတ်စွာဘုရား ဟောတော်မူပါသည်။

ဤပါဠိတော်၌ "ယဒိဒံ တတ္ထ တတ္ထ ကာလညုတာ"ဟူသော ဝါကျဖြင့် အချိန်အခါအားလျော်စွာ ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့၍ ချီးမွမ်း သင့်သူကို ချီးမွမ်းခြင်းသည် ပညာရှိတို့၏ သဘောတတ်ထွာ ဓမ္မတာ ဖြစ်ကြောင်းကို မြတ်စွာဘုရား ဖော်ပြတော်မူပါသည်။

ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌—

"ယဒိဒံ တတ္ထ တတ္ထ ကာလညုတာတိ ယာ သော တတ္ထ တတ္ထ ကာလံ ဇာနနာ၊ တံ တံ ကာလံ ဉတွာ ဟိ အဝဏ္ဏာရဟဿ အဝဏ္ဏကထနံ ဝဏ္ဏာရဟဿ စ ဝဏ္ဏကထနံ ပဏ္ဍိတာနံ ပကတိ ဟိ ဒသောတိ"။ ဟူ၍ ဖွင့်ဆိုတော်မူလေသည်။

ထိုသို့ အချိန်အခါအားလျော်စွာ ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့၍ ချီးမွမ်းသင့်သူကို ချီးမွမ်းတတ်သော ပညာရှိအပေါင်းတို့တွင် မြတ်စွာဘုရားသည် သာလျှင် အတုမရှိ သာလွန်မြင့်မြတ်သော ပညာရှိဖြစ်တော်မူလေသည်။ ထိုစကားမှန်၏၊ မြတ်စွာဘုရားသည် ဝါသနာနှင့်တကွ ကင်းပြီးသော ကိလေသာရှိတော်မူရကား အဂတိလေးပါးကို အရိပ်အရောင်မျှ မကျန် အောင် ပဲ့ရှားသုတ်သင်တော်မူပြီးသည့်ပြင် အနန္တသတ္တဝါတို့ကို အတိုင်း မသိ သနားတော်မူတတ်သော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော ကြောင့် မည်သည့်အကြောင်းကြောင့်မျှ ကဲ့ရဲ့သင့်သူကို ထောက်ထား ငဲ့ညှာ အားနာကြောက်ရွံ့ခြင်းဖြင့် မကဲ့ရဲ့ဘဲနေတော်မမူ၊ ကဲ့ရဲ့တော်မူ သည်သာလျှင်ဖြစ်၏။ ထို့အတူ မည်သည့်အကြောင်းကြောင့်မျှ ချီမွမ်းသင့် သူကို မနာလိုဝန်တိုခြင်း၊ မုဒိတာဆိတ်ငြိမ်ခြင်း ... 

ထို့ကြောင့် ပါရာဇိကကဏ်အဋ္ဌကထာ၌—

"ယထာ တံ ဝဏ္ဏာ ဝဏ္ဏာရဟာနံ ဝဏ္ဏဉ္စ အဝဏ္ဏဉ္စ ဘဏန္တေသု အဂ္ဂပုဂ္ဂလော။ န ဟိ ဘဂဝတော သီလဝိတိက္ကမကရံ ပုဂ္ဂလံ ဒိသွာ အယံ ဇာတိယာ ဝါ ဂေါတ္တေန ဝါ ကောလပုတ္တိယေန ဝါ ဂန္ထေန ဝါ ဓုတင်္ဂေန ဝါ ဉာတော ယသဿီ၊ ဧဒိသံ ပုဂ္ဂလံ ရက္ခိတုံ ဝဋ္ဋတီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ နာပိ ပေသလံ ဂုဏဝန္တံ ဒိသွာ တဿ ဂုဏံ ပဋိစ္ဆာဒေတုံ စိတ္တံ ဥပ္ပဇ္ဇတိ။ အထခေါ ဂရဟိတဗ္ဗံ ဂရဟတိဧဝ၊ ပသံသိတဗ္ဗံ ပသံသတိဧဝ"။

ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဘာနက်— ဝဏ္ဏာဝဏ္ဏာရဟာနံ၊ ချီးမွမ်းထိုက် ကဲ့ရဲ့ထိုက်သောသူတို့ အား။ ဝဏ္ဏဉ္စ၊ ချီးမွမ်းခြင်းကိုရင်း။ အဝဏ္ဏဉ္စ၊ ကဲ့ရဲ့ခြင်းကိုရင်း။ ဘဏန္တေသု၊ ဆိုသောသူတို့တွင်။ အဂ္ဂပုဂ္ဂလော၊ အမြတ်ဖြစ်သောပုဂ္ဂိုလ်သည်။ [illegible] ယထာ၊ ကဲ့ရဲ့သကဲ့သို့။ ဘဂဝါ၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓေါ၊ ဘုရား

မြတ်စွာသည်။ ဝိဂရယှိ နိန္ဒိ၊ ကဲ့ရဲ့တော်မူ၏။ (ယထာတံ၌ တံကား နိပါတ်)။ ဟိ၊ ကဲ့ရဲ့ကြောင်းကား။ ဘဂဝတော၊ မြတ်စွာဘုရားအား။ သီလဝိတိက္ကမကရံ၊ သီလကို ကျူးလွန်ခြင်းကိုပြုသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဒိသွာ၊ မြင်၍။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကား။ ဇာတိယာ ဝါ၊ အမျိုးဖြင့် ၎င်း။ ဂေါတ္တေန ဝါ၊ အနွယ်ဖြင့်၎င်း။ ကောလပုတ္တိယေန ဝါ၊ မြတ်သော အမျိုးသားဖြင့်၎င်း။ ဝဏ္ဏေန ဝါ၊ ကျမ်းဂန်ဖြင့်၎င်း။ ဓုတင်္ဂေန ဝါ၊ ဓုတင် ဖြင့်၎င်း။ ဉာတော၊ ထင်ရှား၏။ ယသဿီ၊ အခြွေအရံများသောသူတည်း။ ဤဒိသံ ပုဂ္ဂလံ၊ ဤပုဂ္ဂိုလ်ကို။ ရက္ခိတုံ၊ စောင့်ရှောက်ခြင်းငှါ။ ဝဋ္ဋတိ၊သင့်၏။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ပေသလံ ပိယသီလံ၊ သီလကိုချစ်သော။ ဂုဏဝန္တံ၊ ကျေးဇူးရှိသောသူကို။ ဒိသွာ၊ မြင်၍။ တဿ၊ ထိုသူ၏။ ဂုဏံ၊ ဂုဏ်ကို။ ပဋိစ္ဆာဒေတုံ၊ ဖုံးလွှမ်းခြင်းငှါ။ စိတ္တံ၊ စိတ်သည်။ နာပိ ဥပ္ပဇ္ဇတိ၊ မဖြစ်။ အထခေါ သတ္ထာ၊ အမှန်အားဖြင့်။ ဂရဟိတဗ္ဗံ၊ ကဲ့ရဲ့ထိုက်သောသူကို။ ဂရဟတိ ဧဝ၊ ကဲ့ရဲ့တော်မူသည်သာ လျှင်တည်း။ ပသံသိတဗ္ဗံ၊ ချီးမွမ်းထိုက်သောသူကိုလည်း။ ပသံသတိဧဝ၊ ချီးမွမ်းတော်မူသည်သာလျှင်တည်း။

မြတ်စွာဘုရားသည် ထိုသို့ ဟုတ်မှန်သည့်အတိုင်း ကဲ့ရဲ့သင့်သူကိုကဲ့ရဲ့ခြင်း ချီးမွမ်းသင့်သူကို ချီးမွမ်းခြင်းသည်လည်း သတ္တဝါအများတို့၏ စီးပွားချမ်းသာမဂ်သာကို မကွာလိုလား သနားကျင်နာတော်မူတတ်သော မဟာကရုဏာတော်ကြောင့်သာဖြစ်လေသည် ထိုစကားမှန်၏ မြတ်စွာဘုရားသည် "အိုအဘယမင်းသား ဟုတ်မှန်၍ အကျိုးစီးပွားနှင့်ယှဉ်သော အကြင်ကဲ့ရဲ့ရှုံ့ချခြင်းစကားကို မြတ်စွာဘုရားသည် သိတော်မူ၏ ထိုစကားကို သူတပါးတို့ မချစ်မမြတ်နိုးအင်၊ထိုစကားကို ပြောဆိုခြင်း၌ အချိန်ကာလကို သိ၍ ပြောဆိုတော်မူသည်သာတည်း"ဟုမိန့်တော်မူလေသည်။

ထို့ကြောင့် မဇ္ဈိမပဏ္ဏာသပါဠိ အဘယသုတ်၌—

"ယဉ္စ ခေါ တထာဂတော ဝါစံ ဇာနာတိ ဘူတံ တစ္ဆံ အတ္ထသံဟိတံ၊ သာ စ ပရေသံ အပ္ပိယာ အမနာပါ၊ တတြ ကာလညူ တထာဂတော ဟောတိ တဿာ ဝါစာယ ဝေယျာကရဏာယ"။ ဟု ဟောတော်မူလေသည်။

ထို့အတူ ချီးမွမ်းသင့်သူကို ဟုတ်မှန်သည့်အတိုင်း အချိန်အခါအားလျော်စွာ ချီးမွမ်းတော်မူလေ့ ရှိကြောင်းကိုလည်း "ယဉ္စ တထာဂတော ဝါစံ ဇာနာတိ ဘူတံ တစ္ဆံ အတ္ထသံဟိတံ၊ သာ စ ပရေသံ

ဝိယာ မနာပါ”စသည်ဖြင့် ဟောတော်မူပြီးလျှင် ထိုသို့ သူတပါး မနှစ်သက်သော ကဲ့ရဲ့မှုစကား သူတပါးနှစ်သက်သော ချီးမွမ်းမှုစကားများကို အချိန်အခါ အားလျော်စွာ ဆိုသဖြင့် ကဲ့ရဲ့ချီးမွမ်းတော် မူခြင်းသည် သနားတော် မူခြင်းဟူသော ကရုဏာတော်ကြောင့်သာ ဖြစ်ကြောင်းကို လည်း “တံ ကိဿ ဟေတု၊ အတ္ထိ ရာဇကုမာရ တထာဂတဿ သတ္တေသု အနုကမ္ပာတိ”ဟူ၍ ဆက်လက်ဟောတော်မူလေသည်။

မြတ်စွာဘုရားသည် ဟုတ်မှန်၍ အကျိုးကျေးဇူးနှင့်ယှဉ်သော ကဲ့ရဲ့ချီးမွမ်းမှုကို ကိုယ်တော်တိုင် ပြုတော်မူလေ့ရှိရုံသာမက တပည့်ရဟန်းတော်တို့အားလည်း “အိုရဟန်းတို့ မဟုတ်မမှန် အကျိုးစီးပွားနှင့်မယှဉ်သော မျက်ကွယ်၌ ကဲ့ရဲ့ခြင်းစကား မျက်မှောက်၌ ရှုံ့ချခြင်းစကားကို အလျဉ်းမပြောမဆိုရာ ဟုတ်မှန်သော်လည်း အကျိုးစီးပွားနှင့်မယှဉ်သော ကဲ့ရဲ့ရှုံ့ချခြင်းစကားကိုလည်း မပြောမဆိုမိရန် ကျင့်ကြံအားထုတ်ရာ၏။ ဟုတ်မှန်၍ အကျိုးစီးပွားနှင့်ယှဉ်သော ကဲ့ရဲ့ရှုံ့ချခြင်းစကားကိုကား ထိုစကားကို ပြောဆိုရန် အခါကို သိသည့်ဖြစ်၍ ပြောဆိုရာ၏”ဟူသော အကျဉ်းအဓိပ္ပါယ်ပါရှိသော ဒေသနာတော်ကို အရဏဝိဘင်္ဂသုတ်၌—

“တတြ ဘိက္ခဝေ ယံ ဇညာ ရဟောဝါဒံ အဘူတံ အတစ္ဆံ အနတ္ထသံဟိတံ၊ သသက္ကံ တံ ရဟောဝါဒံ န ဘာသေယျ”။

အစရှိသည်ဖြင့် ဟောတော်မူပါသည်။

ဤရေးသားပေါ်ပြခဲ့ပြီးသော စကားအစဉ်တို့ဖြင့် “ဝိညူ”ဟူသော ဝိသေသနပုဒ်ကို ထည့်ဆို ဟောကြားရခြင်း၌ သိသင့် သိအပ်သော အကြောင်းအရာများ ပြည့်စုံလုံလောက်ပါပြီဟု ယူဆယုံကြည်ရပါသဖြင့် “သဗ္ဗညုစာရီ”ဟူသော ဝိသေသကဗ္ဗာပုဒ်ကို ထည့်ဆိုဟောတော်မူခြင်း၌ သိမှတ်ဘွယ်အကြောင်းအရာများကိုဆက်လက်ရေးသားပါဦးမည်။

## လူသားချီးမြှောက် အရာမရောက်

“သဗ္ဗညုစာရီ ဘုရားမြတ်စွာသာသနာဝင် ရှင်သိက္ခမာန်ဘဖန်ပဥ္စင်း သီတင်းသုံးတော် မြတ်သူတော်တို့သည်”ဟု ဟောတော်မူသဖြင့် ကဲ့ရဲ့တတ်သောသူတို့တွင် လူဒါယကာများကို စင်စေ၍ လူဒါယကာများမပါ

သီတင်းသုံးတော် ငါးယောက်သာဟူ၍ သိပါလေ၊ အကြောင်းမှာ လူဒါယကာများသည် ဝိနည်းသိက္ခာပုဒ်တို့၌လည်း မကျွမ်းကျင်၊ ရဟန်းတော်များနှင့်လည်း နီးနီးစပ်စပ်နေပြီး ချဉ်းကပ်၍ အကဲခတ်နိုင်ခွင့် လုံလောက်စွာမရမရှိသည့်ပြင် အထူးသဖြင့် အိမ်ထောင်စီးပွား ဇနီးများနှင့် သွီးသားစသည်တို့၌ စွဲလမ်းချစ်ခင်ခြင်း ဂေဟဿိတရာဂ၊ စိုးရိမ်ကြောင့်ကြခြင်း သောကဗျာပါဒတို့ကြောင့် ညစ်ညှုးမြူမင် မကြည်လင်သောစိတ်တို့ဖြင့် သီလဝန် သီလပျက်တို့ကို သိနိုင်ခက်သည်ဖြစ်ရကား ထိုလူဒါယကာတို့၏ ချီးမွမ်းကဲ့ရဲ့မှုသည်လည်း ပမာဏမလောက်သည်သာ ဖြစ်တော့သည်။ ထို့ကြောင့် အင်္ဂုတ္တရနိကာယ် ဒါရုကမ္မိကသုတ်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

"ဒုဇ္ဇာနံ ခေါ ဧတံ ဂဟပတိ တယာ ဂိဟိနာ ကာမဘောဂိနာ ပုတ္တသမ္ဗာဓသယနံ အဇ္ဈာဝသန္တေန ကာသိကစန္ဒနံ ပစ္စနုဘောန္တေန မာလာဂန္ဓဝိလေပနံ ဓာရယန္တေန ဇာတရူပရဇတံ သာဒိယန္တေန ဣမေ ဝါ အရဟန္တော ဣမေ ဝါ အရဟတ္တမဂ္ဂံ သမာပန္နာတိ"

(အနက်ကို အာဇီဝပါရိသုဒ္ဓိအတိသင်္ခေပ၌ ရေးခဲ့ပြီးဖြစ်ပါသည်)။

ဆက်လက်ရေးသားပါဦးမည် လူသားဒါယကာတို့ကို မဆိုထားဘိ သီတင်းသုံးဘော်ငါးယောက်တို့သည်ပင် ကြာမြင့်စွာ အတူတကွ ပေါင်းသင်းနေထိုင်ခြင်း သီလရှိ,မရှိကို နှလုံးသွင်းလေ့လာခြင်း သိမြင်ဆုံးဖြတ်နိုင်သော ပညာနှင့်ပြည့်စုံခြင်းရှိမှသာလျှင် သီလရှိ,မရှိ သိနိုင်ကြောင်းကို အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

"သံဝါသေန ဘိက္ခဝေ သီလံ ဝေဒိတဗ္ဗံ၊ တဉ္စ ခေါ ဒီဃေန အဒ္ဓုနာ၊ န ဣတ္တရံ၊ မနသိကရောတာ၊ နော အမနသိကရောတာ၊ ပညာဝတာ၊ နော ဒုပ္ပညေန"။ (အင်္ဂုတ္တရနိကာယ် ဌာနသုတ်)

ဆက်လက်ရေးသားပါဦးမည်၊ လူဒါယကာများသည် ဆိုခဲ့သည့်အတိုင်း ဝိနည်းသိက္ခာပုဒ်တော်၌ လိမ္မာကျွမ်းကျင်မှုမရှိခြင်း စသည်တို့ကြောင့် ကဲ့ရဲ့ထိုက်သူ ချီးမွမ်းထိုက်သူကိုရင်း၊ တရားဒေသနာနှင့် လျော်သော ကဲ့ရဲ့မှု ချီးမွမ်းမှုကိုရင်း ပြည့်စုံစွာ မသိနိုင်ကြရကား ကဲ့ရဲ့သင့်သူကို ချီးမွမ်း၍ ချီးမွမ်းသင့်သူကို ကဲ့ရဲ့ဘတ်ကြသည့်ပြင် ကဲ့ရဲ့ရာတွင် ချီးမွမ်းစကားကို ချီးမွမ်းရာတွင် ကဲ့ရဲ့စကားကို ဆိုမိတတ်ကြလေသည်။

ထိုစကားမှန်၏၊ ကိဋ္ဌာဂိရိ ဇနပုဒ်သူ, ဇနပုဒ်သားတို့သည် ချအပ်သော မျက်လွှာရှိသည်ဖြစ်၍ ကြည်ညိုဘွယ်ရာ ဣရိယာပုထ်နှင့် ပြည့်စုံသည် ဖြစ်၍ ဆွမ်းခံဝင်လာသော ချီးမွမ်းထိုက်သူ ရဟန်းတပါးကို "အလွန် အားနည်းသကဲ့သို့သော အလွန်ဖြည်းညှင်းသကဲ့သို့သော အလွန်မျက်မှောင် ကြုပ်သကဲ့သို့သော ဤရဟန်းသည် အဘယ်ရဟန်းနည်း အဘယ်သူသည် ဤရဟန်းအား ဆွမ်းလောင်းပါမည်နည်း"ဟုဆို၍ ကဲ့ရဲ့မိကြလေသည်။

စင်စစ်မှာ ထိုကဲ့သို့ ပြောဆို၍ ကဲ့ရဲ့ခြင်းသည် ဝိနည်းတရားတော် အရ ကဲ့ရဲ့ရာမရောက် ချီးမွမ်းရာသာရောက်တော့သည်။ အကြောင်းမှာ ရဟန်းတို့မည်သည် ပညာမဲ့တို့က မျက်မှောင်ကြုပ်သည်ဟုဆိုသော စက္ခုန္ဒြေ ကိုချခြင်းနှင့် ပညာမဲ့တို့က အားနည်းသည် နှေးကွေးသည်ဟုဆိုသော မပျံ့မလွင့်တည်ငြိမ်သော ဣရိယာပုထ်ဖြင့် သွားလာခြင်းကို ပြုလုပ်ကျင့်သုံး အပ်သောကြောင့် ထိုသို့ စက္ခုန္ဒြေချခြင်း တည်ငြိမ်သော ဣရိယာပုထ်ဖြင့် သွားလာခြင်းသည် အပြစ်ဒေါသမဟုတ် ဂုဏ်ပုဒ်သာလျှင်ဖြစ်ရကား ဆိုခဲ့သည့်အတိုင်း ပြောဆိုကဲ့ရဲ့ခြင်းသည်လည်း ကဲ့ရဲ့ရာမရောက် ချီးမွမ်း ရာသာ ရောက်သောကြောင့်တည်း။

ငင်းပြင် ထိုကိဋ္ဌာဂိရိဇနပုဒ်သူ, ဇနပုဒ်သားတို့သည်ပင် ဝိနည်း ပညတ်နှင့် မအပ်မလျော် လျှပ်ပေါ်လော်လီမတည်ကြည်၍ အလျှိုသဘော ကဲ့ရဲ့ထိုက်သော ငင်းတို့၏ ကိုးကွယ်ရာ ရှင်အဿဇိနှင့် ပုနဗ္ဗသုကတို့ကိုကား အမေတန့်အမေ အမတန့်အမ စသည်ခေါ်၍ စကားပြောဆိုခြင်း၌ နူးညံ့သိမ်မွေ့ကုန်၏၊ ပြေပြစ်ကုန်၏၊ ချိုသာနာပျော်ဘွယ်သော စကား ရှိကုန်၏၊ ပြုံးခြင်းရှေ့ထား စကားဆိုတတ်ကုန်၏၊ ကြွပါလာပါ ကောင်း သောလာခြင်းတည်းဟု ဆိုလေ့ရှိကုန်၏၊ မျက်မှောင်မကြုပ် ဟန်မလုပ် ကြကုန် ပေါ်လွင်သောမျက်နှာရှိကုန်၏၊ အလျှင်ဦးအောင် နှုတ်ဆက် တတ်ကုန်၏ ဤကဲ့သို့သော အရှင်များအားသာလျှင် ဆွမ်းလောင်းအပ်၏ဟု ပြောဆိုချီးမွမ်း၍ လှူဒါန်းကိုးကွယ်ကြလေသည်။

စင်စစ်မှာ ထိုကဲ့သို့ပြောဆို၍ ချီးမွမ်းခြင်းသည် ချီးမွမ်းရာမရောက် ကဲ့ရဲ့ရာသာရောက်တော့သည်၊ အကြောင်းမှာ ထိုကဲ့သို့ အမေတန့်အမေ အမတန့်အမ စသည်ခေါ်၍ ပြောဆိုခြင်း လာဘ်ကိုလိုသဖြင့် ချိုသာ နာပျော်ဘွယ် ပြောဆိုခြင်း ရှေးဦးစွာ နှုတ်ခွန်းဆက်ခြင်း စသည်တို့သည် အာဇီဝပါရိသုဒ္ဓိသီလခဏ်း၌ ပြဆိုခဲ့သည့်အတိုင်း ဝိနည်းဒေသနာတော်

အရေ ရဟန်းတော်များ မပြုမလုပ်အပ် မပြောဆိုအပ်သော အာလပနာ လပနာ သလ္လာပနာ ဥလ္လာပနာ စာဋုကမျတာတို့သာ ဖြစ်ရကား ဝိနည်း တရားတော်အရ ဂုဏ်ပုဒ်မဟုတ် ယုတ်မာသော အပြစ်ဒေါသများသာ ဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် ဆိုခဲ့သည့်အတိုင်း ချီးမွမ်းခြင်း သည်လည်း ချီးမွမ်းရာမရောက် ကဲ့ရဲ့ရာသာ ရောက်သည်ဟူလို။

ဤသို့ လူဒါယကာတို့၏ ကဲ့ရဲ့မှု ချီးမွမ်းမှုသည် ကဲ့ရဲ့ရာ ချီးမွမ်းရာ မရောက်ခြင်းနှင့်စပ်၍ ရေးသားဖော်ပြခဲ့သော အကြောင်းအရာများသည် သာဓကယုတ္တိ သဘာဝယုတ္တိများ ဖြစ်သည်ဟု ဆိုအပ် ဆိုသင့်ပါသည်၊ ထိုမှတပါး ဤသို့ ကဲ့ရဲ့မှု ချီးမွမ်းမှုဟူသော အကြောင်းအရာမျိုးနှင့်စပ်၍ ဖွင့်ပြအပ်သော မူလပဏ္ဏာသအဋ္ဌကထာ ရထဝိနီတသုတ် အဖွင့်ကိုလည်း အာဂမယုတ္တိအဖြစ်အားဖြင့် အောက်ပါအတိုင်း ရေးသားဖော်ပြလိုက် ပါသည်။

"ဂိဟီပိ ဝဏ္ဏံ ကထေသာမီတိ အမှာကံ အယျော သဇ္ဈော သခိလော သုခသမ္ဘာသော၊ ဝိဟာရံ အာဂတာနံ ယာဂုဘတ္တ- ဖါဏိတာဒီဟိ သင်္ဂဟံ ကရောတီတိ ကထေန္တော အဝဏ္ဏမေဝ ကထေတိ"အဝဏ္ဏံ ကထေသာမီ"တိ "အယံ ထေရော မန္ဒမန္ဒော ဝိယ အဗလဗလော ဝိယ ဘာကုဋိကဘာကုဋိကော ဝိယ နတ္ထိ ဣမိနာ သဒ္ဓိံ ဝိဿာသော"တိ ကထေန္တော ဝဏ္ဏမေဝ ကထေတိ"။

**အဋ္ဌကထာမြန်မာပြန်**— "လူတို့၏ ချီးမွမ်းမှုကို ရခြင်းသည် အရေ တော်သည်မဟုတ်"ဟူသော ထိုစကားသည်မှန်၏၊ လူသည် ဂုဏ်ကျေးဇူးကို ဆိုအံ့ဟု နှလုံးသွင်း၍ "ငါတို့၏ အရှင်သည် နူးညံ့၏ ပြေပြစ်၏ နာလို ဘွယ်ရာ ချမ်းသာသောစကားရှိ၏၊ ကျောင်းသို့ လာကုန်သော ဒါယကာ တို့အား ယာဂု,ထမင်း,တင်လဲ စသည်တို့ဖြင့် ကျွေးမွေးထောက်ပံ့ခြင်းကို ပြု၏"ဟု ချီးမွမ်းပြောဆိုသည်ရှိသော် မကျေးဇူးမဲ့အပြစ်ကိုသာ ပြောဆို လေ၏။ (ချီးမွမ်းရာမရောက် ကဲ့ရဲ့ရာရောက်၏ဟူလို)။ "ကျေးဇူးမဲ့ ကဲ့ရဲ့ စကားကိုဆိုအံ့"ဟု စိတ်ကူးကြံစည်၍"ဤမထေရ်သည် အလွန်နှေးသကဲ့သို့ အလွန်အားနည်းသကဲ့သို့ မျက်မှောင်ကြုပ်သကဲ့သို့ဖြစ်၏၊ ဤမထေရ်နှင့် အကျွမ်းဝင်မှု မရှိနိုင်"ဟု ကဲ့ရဲ့ပြောဆိုသည်ရှိသော် သာလွန်မြင့်မြူး ဂုဏ် ကျေးဇူးကိုသာ ချီးကျူးပြောဆိုသည်မည်၏။ (ကဲ့ရဲ့ရာမရောက် ချီးမွမ်းရာ ရောက်၏ဟူလို)။

လူဒါယကာတို့အား ယာဂု,ဆွမ်းစသည်တို့ဖြင့် ပေးကမ်းချီးမြှောက်ခြင်း၄ါ မအပ်ပုံကိုရင်း၊ ချွင်းချက်အားဖြင့် အပ်သည်လည်းရှိပုံကိုရင်း၊ စတုတ္ထမြောက် ပစ္စဝေက္ခဏာ အာစာရခဏ်း၌ ပြဆိုပြီးဖြစ်လေသည်။ လာဘ်ကိုလိုသဖြင့် လူတိုင်းအား ယာဂု,ဆွမ်းစသည်တို့ဖြင့် မချီးမြှောက်အပ်ဟု အကျဉ်းသိပါလေ၊ အကျယ်ကိုလိုပါက အာစာရခဏ်း ပိဋကပဋိပိဋက အဖွင့်ကို ကြည့်ပါ။

ထိုသို့ ယာဂု,ဆွမ်း,တင်လဲစသော ခဲဘွယ်ဘောဇဉ်တို့ဖြင့် လူတိုင်းအား ပေးကမ်းချီးမြှောက်ခြင်းကို ကျိုး,ကြောင်းမြင်သိ ပညာရှိဖြစ်တော်မူသော ပါရာပရိယရဟန္တာသည်ကား အောက်ပါအတိုင်း ကဲ့ရဲ့တော်မူလေသည်။

မတ္တိကံ တေလစုဏ္ဏဥ၊ ဥဒကာသနဘောဇနံ။
ဂိဟီနံ ဥပနာမေန္တိ၊ အာကင်္ခန္တာ ဗဟုတ္တရံ။ ။
ဒန္တပေါဏံ ကပိတ္ထဉ္စ၊ ပုပ္ပံ ခါဒနီယာနိ စ။
ပိဏ္ဍပါတေ စ သမ္ပန္နေ၊ အမ္ဗေ အာမလကာနိ စ။ ။
(ဒေသရကါထာပါဠိတော်)

အနက်–ဗဟုတ္တရံ၊ လာဘ်သပ္ပကာ ဥစ္စာစီးပွား အလွန်များသည်ကို။ အာကင်္ခန္တာ၊ အာသာတောင့်တ လိုလားကြကုန်သည်ဖြစ်၍။ မတ္တိကံ၊ မြေညက်ကိုရင်း။ တေလံ၊ ဆီကိုရင်း။ စုဏ္ဏံ၊ ကသယ်မှုန့်ကိုရင်း။ ဥဒကာသနဘောဇနံ၊ သောက်ရေသုံးရေ ခဲဘွယ် ဘောဇဉ်ကိုရင်း။ ဂိဟီနံ၊ လူဒါယကာတို့အား။ ဥပနာမေန္တိ၊ ညွှတ်ခံဘို့ရေး တည်ကာပေး၍ ကျွေးမွေးစွန့်ကြဲကြလေကုန်၏။

ဗဟုတ္တရံ၊ လာဘ်သပ္ပကာ ဥစ္စာစီးပွား အလွန်များသည်ကို။ အာကင်္ခန္တာ၊ အာသာတောင့်တ လိုလားကြကုန်သည်ဖြစ်၍။ ဒန္တပေါဏံ၊ ဒန်ပူကိုရင်း။ ကပိတ္ထဉ္စ၊ သီးသီးကိုရင်း။ ပုပ္ပံ၊ ပန်းကိုရင်း။ ခါဒနီယာနိ စ၊ ခဲဘွယ်တို့ကိုရင်း။ သမ္ပန္နေ၊ မိချင်ပြည့်စုံစေအပ်ကုန်သော။ ပိဏ္ဍပါတေ စ၊ ထမင်းတို့ကိုရင်း။ အမ္ဗေ၊ သရက်သီးတို့ကိုရင်း။ အာမလကာနိ စ၊ ဆီးဖြူသီး ရှောက်သီးစသည်တို့ကိုရင်း။ (စသဒ္ဒေန မာတုလုင်္ဂတာလနာဠိကေရာ-ဒိဖလာနိ အဝုတ္တာနိ သင်္ဂဏှာတိ–ဋ္ဌ)။ ဂိဟီနံ၊ လူဒါယကာတို့အား။ ဥပနာ-မေန္တိ ညွှတ်ခံဘို့ရေး တည်ကာပေး၍ ကျွေးမွေး စွန့်ကြဲကြလေကုန်၏။

အနုဝိစ္စ— "ငါ၏ကိုယ်နှုတ်၊ ဆိုးယုတ်နှစ်ပါး၊ အကျင့်များကို၊ ဘုရားဟောနှင့်၊ သဘောချင့်လျက်၊ အသင့်တရား၊ မယွင်းမှားအောင်၊ စဉ်းစားဆင်ခြင်ကြကုန်၍"ဟူသော ကြိယာဝိသေသနပုဒ်ကို ထည့်သွင်း၍ ဟောတော်မူရခြင်း၏ အကြောင်းမှာ ပညာရှိသိတင်းသုံးတော်များပင် ဖြစ်သော်လည်း မစဉ်းစားမဆင်ခြင်ဘဲ အလျင်တသော ပြောဆိုချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းများကို ပြုခဲ့လျှင် ကဲ့ရဲ့သင့်သူကို ချီးမွမ်းမိ၍ ချီးမွမ်းသင့်သူကို ပြန်၍ ကဲ့ရဲ့မိတတ်သဖြင့် အလွဲလွဲအမှားမှား ဖြစ်တတ်သောကြောင့်ပင် ဖြစ်လေသည်၊ ထိုစကားမှန်၏၊ မစဉ်းစားမဆင်ခြင်ဘဲ ချီးမွမ်းတတ်သူ တို့သည် ယုတ်မာလှဲမှားစွာ ကျင့်ကြံအားထုတ်လေ့ရှိကုန်သော တိတ္ထိတို့၏ (ကောင်းမြတ်သော အကျင့်ရှိကုန်၏'ဟူ၍) ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုတတ်ကြောင်းကိုရင်း၊ထို့အတူ ချီးမွမ်းထိုက်ကုန်သော ကောင်းမြတ် ဟုတ်မှန် မဘောက်ပြန်သော အကျင့်ရှိကုန်သော မြတ်စွာဘုရားနှင့် တပည့် သားတို့၏သော်မှလည်း (မကောင်းလှဲမှား ဘောက်ပြားသော အကျင့် ရှိကုန်၏ဟူ၍) ကျေးဇူးမဲ့ ကဲ့ရဲ့ခြင်းစကားကို ပြောမှားဆိုမိတတ်ကြောင်း လိုရင်း။

"ကထဉ္စ ပုဂ္ဂလော အနနုဝိစ္စ အပရိယောဂါဟေတွာ အဝဏ္ဏာ· ရဟာသ ဝဏ္ဏံ ဘာသိတာ ဟောတိ" အစရှိသည်ဖြင့် ပုဂ္ဂလပညတ်ပါဠိ တော်၌ဟောတော်မူလေသည်။

## ပါပဂရဟိနှင့် ပရဝဏ္ဏာနုပဿီ

လူ့ရှုသာမက မစဉ်းစားမဆင်ခြင် အလျင်တသော ဆိုလိုဇောဖြင့် ဆိုပြောကဲ့ရဲ့လေ့ရှိသောသူသည် အဂတိလေးပါးသို့ လိုက်မှားရောက်ရှိ တတ်သောကြောင့် ယုတ်မာသူ ယုတ်မာသောအကျင့်ရှိသူကို ကဲ့ရဲ့တတ် သူ၏အဖြင်လျှင် အယောင်ဆောင်အတုယူသဖြင့် သူတပါး၏အပြစ်ကို ရှုလေ့ရှိသောသူ၏ အပြစ်သည် လှည့်ပတ်ဖျားယောင်းသဖြင့် မိမိ၏ သူတပါး အပြစ်ကို ရှုလေ့ရှိခြင်းဟုဆိုအပ်သော မကောင်းမှုကိုပင် ကောင်း မြတ်သောအမှု အရှင်သာရိပုတ္တရာစသည်တို့၏ အတုဟူ၍ အောက်မေ့ မှတ်ထင်ကာ ဆဆက်ဆမ်းဗိုး ရှေ့သို့တိုး၍ တဖွတ်ထိုးကဲ့ရဲ့တတ်လေသည်။

ထို့ကြောင့် နေတ္တိအဋ္ဌကထာ၌—

"ပါပဂရဟိတာ ပဋိရူပတာယ ပရဝဇ္ဇာနုပဿိတာ ဝဇ္ဇေတိ" ဟူ၍မိန့်ဆိုတော်မူလေသည်။

ဤအရာ၌ ပါပဂရဟိတာနှင့် ပရဝဇ္ဇာနုပဿိတာတို့၏အထူးကို သိသာထင်ရှားရန် ချဲ့ထွင်ဖော်ပြပါဦးမည်။

"ပါပံ ဂရဟတိ သီလေနာတိပါပဂရဟီ"ဟူသော ဝစနတ္ထအရ ယုတ်မာသော အကျင့်ရှိသူကိုင်း၊ ယုတ်မာသောတရားကိုင်း ကဲ့ရဲ့တင်သော အရှင်သာရိပုတ္တရာကဲ့သို့သော သူတော်ကောင်းပညာရှိသည် ပါပဂရဟီမည်၏။

"ပါပဂရဟိနော ဘာဝေါ ပါပဂရဟိတာ" လောဘစသော အယုတ်တရားတို့၏ အပြစ်ကို မြင်ခြင်းလက္ခဏာရှိသော ပညာသည် ပါပ ဂရဟီဖြစ်ကြောင်း ပါပဂရဟိတာမည်၏။

"ပရဝဇ္ဇံ အနုပဿတိ သီလေနာတိ ပရဝဇ္ဇာနုပဿီ" သူတပါး၏ အပြစ်ကို ရှုလေ့ရှိသော ဥဇ္ဈာနသညီ ရဟန်းကဲ့သို့သောသူသည် ဥဇ္ဈာန သညီမည်၏။

"ပရဝဇ္ဇာနုပဿိနော ဘာဝေါ ပရဝဇ္ဇာနုပဿိတာ" သူတပါး၏ အပြစ်ကို ရှုကြည့်ခြင်း လက္ခဏာရှိသော မသူတော်တရားသည် ပရဝဇ္ဇာ နုပဿီဖြစ်ကြောင်း ပရဝဇ္ဇာနုပဿိတာမည်၏။

ပါပဂရဟိတာကား လောဘစသော ကိလေသာတို့၏ အပြစ်ကို မြင်ခြင်းလက္ခဏာ၊ အကုသိုလ်ကိလေသာ နှိပ်စက်အပ်သော ပါပပုဂ္ဂလ တို့၌ သနားကျင်နာခြင်းနှင့်တကွ အကုသိုလ်ကိလေသာတို့မှ လန့်ကြောက် ရှောင်သို ကြဉ်စည်အောက်မေ့ခြင်းကိစ္စ၊ မိမိသန္တာန်၌ အကုသိုလ်ကိလေသာ မဖြစ်ရအောင် စောင့်ရှောက်အားထုတ်ခြင်း ပစ္စုပဋ္ဌာန်၊ ဟိရိဩတ္တပ္ပလျှင် နီးသောအကြောင်းပဒဋ္ဌာန်ရှိ၏။

ပရဝဇ္ဇာနုပဿိတာကား သူတပါး၏အပြစ်ကို ကြည့်ရှုခြင်းလက္ခဏာ နှလုံးမသာယာခြင်းနှင့်တကွ သူတပါး၏ဂုဏ်ကို ချေဖျက်၍ ပြောဆိုခြင်း အောက်မေ့ခြင်းကိစ္စ၊ သူတပါးတို့၌ အနိစ္စရုတ္တံ အဂါရဝတာဟု ဆိုအပ်သောမကျိုးနွံမရိုသေခြင်း ပစ္စုပဋ္ဌာန်၊ ကောဓ ဥပနာဟ ဇဿုတိတာ မက္ခရိတာစသော အသန္တဘာဝလျှင် နီးသောအကြောင်းပဒဋ္ဌာန်ရှိ၏။

ပါပဂရဟိဖြစ်တော်မူသော အရှင်သာရိပုတ္တရာနှင့် ပရဝဇ္ဇာနုပဿီ ဖြစ်သော ဥဇ္ဈာနသညီမထေရ်တို့၏ အသီးသီးသော အခြင်းအရာတို့ကို ဆက်လက်ဖော်ပြပါဦးမည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်၏ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ပါပဂရဟိ ဖြစ်ပုံ အခြင်းအရာမှာ ထိုအရှင်သာရိပုတ္တရာသည် “ပါပပုဂ္ဂလေန ပဿေ၊ နဝေတသံ ဝစနံ သုဏေ၊ တေဟိ သဒ္ဓိံ ဧကစင်္ကမံ ခြေပိ နဝသေယျ။ငါသည် ယုတ်မာသော ပုဂ္ဂိုလ်တို့ကို မမြင်ရလို၊ ထိုယုတ်မာသော ပုဂ္ဂိုလ်တို့၏ စကားကို မကြားရလို၊ ထိုယုတ်မာသော ပုဂ္ဂိုလ်တို့နှင့် အတူတကွ တခု ထည်းသော စင်္ကြံဝင်္ကြံ၌သော်မှလည်းမနေရလို”ဟု နှလုံးသွင်း မိန့်ဆိုတော် မူသေ့ရှိသည့်ပြင် ထေရဂါထာပါဠိတော်၌လည်း အောက်ပါဂါထာကို ထည့်သွင်းဟောကြားတော် မူခဲ့ကြောင်း သံယုတ္တနိကာယ် သုသိမသုတ် အဖွင့်၌ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူပါသည်။

“မာ မေ ကဒါစိ ပါပိစ္ဆော၊ ကုသီတော ဟီနဝီရိယော။
အပ္ပဿုတော အနာဒရော၊ သမေတော အဟု ကတ္ထစိ”။ ။
[ထေရဂါထာပါဠိ]

ဤသို့လျှင် အရှင်သာရိပုတ္တရာသည် “ငါသည် ယုတ်မာသော ပုဂ္ဂိုလ်တို့ကို မမြင်ရလို”စသည်ဖြင့် နှလုံးသွင်းမိန့်ဆိုခြင်းတို့ဖြင့် ယုတ်မာ သော ပုဂ္ဂိုလ်တို့ကိုလည်း ကဲ့ရဲ့တော်မူတတ်ကြောင်းကို “ဧဝံ ပါပ ပုဂ္ဂလေပိ ဂရဟတိ”ဟု အဋ္ဌကထာဆရာ ဆက်လက်မိန့်မှာတော်မူပါသည်။

ထေရဂါထာအနက်—ပါပိစ္ဆော၊ သက်နံးကစ ပစ္စယ၌ လောဘကပ်ငြိ ဇောတပ်မိ၍ မရှိဂုဏ်ကို ရှိပုံဘမ်းပြ ဟန်ဆောင်လှတဲ့ ပါပယတိ ယုတ်မာ သော အလိုဆိုးရှိသည်လည်းဖြစ်သော။ ကုသီတော၊ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ပြစ်ပယ်ရှောင်ကွင်း အလွန်ပျင်းသည်လည်းဖြစ်သော။ ဟီနဝီရိယော၊ သမထ,ဝိပဿနာ,ဘာဝနာ၌ ဝါသနာနံ့လှ ယုတ်ညံ့သော ဝီရိယရှိသည်လည်းဖြစ်သော။ အပ္ပဿုတော၊ ပရိယတ်နှင့် ဝိပဿနာ ဝန်နှစ်ဖြာ၌ လေ့လာနဲ့ဘိ မဲ့လှသော အကြားအမြင် ရှိသည်လည်း ဖြစ်သော။ အနာဒရော၊ ဆရာသမား စသူများ၌ လေးစားမဲ့စွာ ပြစ်မှား ကာလျှင် ပါဂဗ္ဘိယ ကျူးလွန်ထသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ကဒါစိ၊ တမုဟုတ္တ တခဏသော်မှ။ ဝါ၊ ဘယ်နေ့ပြက္ခဒိန် ဘယ်ချိန်၌သော်မှ။

ကတ္တစိ၊ ဘယ်တော့ ဘယ်ရွာ ဘယ်နေရာ၌သော်မှ။မေါငါနှင့်။ သမေတော၊ အကြောင်းစုံစေ့ ပုံတော်ရွေ့မို့ တကွေ့ကြုံလျှင်း တွေ့ဆုံခြင်းသည်။ မာ အဟု၊ မဖြစ်ပါစေလင့်။

ထိုအရှင်သာရိပုတ္တရာ၏ ဓမ္မာဓိဋ္ဌာန်အားဖြင့် ပါပဂရဟီမည်ပုံ အခြင်းအရာမှာ ထိုအရှင်သာရိပုတ္တရာသည် "သမဏေန နာမ ရာဂဝသိ-ကေန ဒေါသဝသိကေန မောဟဝသိကေန န ဟောတဗ္ဗံ၊ ဥပ္ပန္နော ရာဂေါ ဒေါသော မောဟော ပဟာတဗ္ဗော—ရဟန်းမည်သည် ရာဂ၏ အလိုသို့ လိုက်သည်၊ ဒေါသမောဟတို့၏ အလိုသို့ လိုက်သည်မဖြစ်ရာ၊ ဖြစ်ပေါ်လာသော ရာဂ, ဒေါသ, မောဟကို ပဟာန်သုံးပါး လက်နက်ဒါးတို့ဖြင့် ပယ်ရှား ခါတွက် ဖျက်ဆီးရာ၏"ဟု မိန့်ဆိုဆုံးမတော်မူလေ့ရှိ၏၊ ထိုသို့ မိန့်ဆိုဆုံးမ တော်မူလေ့ရှိသဖြင့်ပင် ယုတ်မာသော အကုသိုလ် တရားတို့ကိုလည်း ကဲ့ရဲ့တော်မူတတ်ကြောင်းကို "ဧဝံ ပါပဓမ္မေပိ ဂရဟတိ"ဟု အဋ္ဌကထာ ဆက်လက်မိန့်မှာတော်မူပြီးလျှင် ဤသို့ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့်ယုတ်မာသော ပုဂ္ဂိုလ်ကို ကဲ့ရဲ့တော်မူတတ်ခြင်း ဓမ္မာဓိဋ္ဌာန်အားဖြင့် ယုတ်မာသော အကုသိုလ်တရားတို့ကို ကဲ့ရဲ့တော်မူတတ်ခြင်းတည်းဟူသော နှစ်ပါးစုံသော အကြောင်းတို့ကြောင့် ပါပဂရဟီမည်တော်မူသည်ကို ရည်ရွယ်နှလုံးသွင်း၍ "ပါပဂရဟီ ဘန္တေ အာယသ္မာ သာရိပုတ္တော"။ မြတ်စွာဘုရား အရှင် သာရိပုတ္တရာသည် ယုတ်မာသူ ယုတ်မာသော တရားတို့ကို ကဲ့ရဲ့တော် မူတတ်ပါ၏"ဟု အရှင်အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထားတော် မူကြောင်းကိုလည်း (ပါပဂရဟီပုဒ်အဖွင့်၏) နိဂုံးချုပ် အနေအားဖြင့် "ဣတိ ဒွီဟိ ကာရဏေဟိ ပါပဂရဟီ ဘန္တေ အာယသ္မာ သာရိပုတ္တောတိ ဝဒတိ"ဟု ဖွင့်ဆိုတော်မူပါသည်။

ဥဇ္ဈာနသညီမထေရ်၏ ပရဝဇ္ဇာနုပဿီမည်ပုံ အခြင်းအရာမှာကား မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ ကိန်း အောင်းမွေ့လျော် သီတင်းသုံးနေတော်မူစဉ်အခါ သူတပါးတို့၏ အမှား အလွဲတို့ကို အမြဲတန်းရှာ၍ ကဲ့ရဲ့တတ်သော အမှတ်သညာရှိသဖြင့် ဥဇ္ဈာန သညီအမည်ရသော မထေရ်တပါးသည် "အယံ ဧဝံ နိဝါသေတိ၊ ဧဝံ ပါရုပတီတိ ဘိက္ခူနံ အန္တရမေဝ ဂဝေသန္တော ဝိစရတိ" ဟူသော ဓမ္မပဒအဋ္ဌကထာပါဌ်နှင့်အညီ "ဤရဟန်းသည် ဤသို့ မကောင်းသဖြင့် ဝတ်၏၊ ဤရဟန်းသည် ဤသို့ မကောင်းသဖြင့်ရုံ၏"ဟု ရဟန်းတို့၏ (ကျေးဇူးကို မစိစစ်) အပြစ်ကိုသာလျှင် ကြည့်ရှုရှာမှီး၍ သွားလာ

လှည့်လည်သေ့ရှိလေသည်၊ ထိုအခါ ထိုရဟန်း၏ အကြောင်းကို အခြားရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားတင်ပြကြလေလျှင် မြတ်စွာဘုရားက—

"ဘိက္ခဝေ ဝဏ္ဏသိသေ ဌတွာ ဧဝံ သြဝဒန္တော အနနုပဝါဒေါ၊ ယော ပန နိစ္စံ ဥဇ္ဈာနသညိတာယ ပရေသံ အန္တရံ ပရိယေသမာနော ဧဝံ ဝတွာ ဝိစရတိ၊ တဿ ဈာနာဒိသု ဧကောပိ ဝိသေသော နုပ္ပဇ္ဇတိ၊ ကေဝလံ အာသဝါယေဝ ဝဍ္ဎန္တိ"။

အိုရဟန်းတို့ ဆရာသမားစသည်တို့၏ ဆုံးမခြင်းဟူသော ဝတ္တရား၌ တည်၍ "သင်သည် မကောင်းသဖြင့်ဝတ်ရုံ၏"ဟု ဤသို့ ပြောဆိုဆုံးမခြင်းသည် စွပ်စွဲကဲ့ရဲ့ခြင်းမဟုတ်၊ အကြင်သူသည်ကား အမြဲကဲ့ရဲ့လိုသော အမှတ်သညာရှိသည်၏အဖြစ်ကြောင့် သူတပါးတို့၏အပြစ်ကို ရှာငှဲရှာမှီးသည်ဖြစ်၍ (ဤသူသည် မကောင်းသဖြင့်ဝတ်ရုံ၏စသည်ဖြင့်) ဤသို့ဆို၍ လှည့်လည်ကျက်စား၏၊ ထိုသူအား ဈာန်အစရှိသည်တို့တွင် တစုံတခုသော တရားထူးသည်သော်မှလည်း မဖြစ်နိုင်၊ ကုသိုလ်မဘက် သက်သက်သော အကုသိုလ် အာသဝေါတို့သည်သာလျှင် ဒလဟောများပြား၍ တိုးပွားလာကြကုန်၏ဟု မိန့်တော်မူပြီးလျှင် အောက်ပါဂါထာကို ဟောကြားတော်မူကြောင်း အဋ္ဌကထာဆရာ ဆက်လက်၍ မိန့်ဆိုတော်မူပါသည်။

**ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။**
**အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။ ။**

**မှတ်သားချက်**—ဤဂါထာ၏ ပုဗ္ဗဒ္ဓ၌ ပရဝဇ္ဇာနုပဿိဿနှင့် ဥဇ္ဈာနသညိနောတို့မှာ တုလျာဓိကရဏဖြစ်သောကြောင့် ပရဝဇ္ဇာနုပဿီနှင့် ဥဇ္ဈာနသညီတို့သည် အတူတူဖြစ်သည်ဟု မှတ်ယူရပါမည်။

ဂါထာနက်— ပရဝဇ္ဇာနုပဿိဿ၊ သူတပါး၏ တရားရှိပုံ သမ္မာဂုဏ်ကို အာရုံမပြု အမှားမှုကို ခုခုအစဉ် အပြစ်တင်တို့ ကြည့်မြင်ရှုမျှော်တတ်သော။ နိစ္စံ ဥဇ္ဈာနသညိနော၊ အမြဲမကွာ အလွဲရှာ၍ လဲရာထပ်ဝိ ကဲ့ရဲ့တတ်သော အမှတ်ရှိသော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ အာသဝါ၊ အာသဝေါတရားတို့သည်။ ဝဍ္ဎန္တိ၊ တနေ့တခြား ရွေ့ရွေ့ပွား၍ များပြားတိုးတက်သာကြလေကုန်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ အာသဝက္ခယာ၊ အာသဝေါတို့ ခွါလျော့ကုန်ရာ ခေမာအမတ် ပြည်နိဗ္ဗာန်မှ။ အာရာ၊ ခရီးတပါး မနီးနားသဖြင့် သီးခြားကွာဝေးတော့သည်သာလျှင်တည်း။

ဤသို့ ရေးသားဖော်ပြခဲ့ပြီးသော စကားအစဉ်တို့ဖြင့် "အနုဝိဇ္ဇ" ဟူသော ကြိယာဝိသေသနပုဒ်ကို ထည့်ဆိုဟောကြားရတော်မူခြင်း၌ သိသင့် သိထိုက်သော အကြောင်းအရာတို့သည် ထိုက်သင့်သလောက် ပြည့်စုံ လုံလောက်ပြီ ဖြစ်ပါသတည်း။

ဥပဝါဒ— ဤပဥ္စမမြောက် ပစ္စဝေက္ခဏာပါဠိတော်ပါ "ဥပဝဒန္တိ" ဟူသောပုဒ်၌ ဥပဝါဒဟူသည်မှာ "သင်သည် သီလမရှိ သင့်အား ဤမည် ဤမည်သော အာပတ်သင့်၏၊ သင့်အား ဤမည် ဤမည်သော တံထိုက်၏" စသည်ဖြင့် အပြစ်တင်၍၊ ဝါ၊ အပြစ်ပြ၍ ကဲ့ရဲ့ရှုံ့ချခြင်း၊ ရှုတ်ချမြည်တွန် ခြင်း တို့ပင်တည်း။

ဤအဓိပ္ပါယ်မှာ အောက်ပါ အဋ္ဌကထာပါဌ်သော သဘောတူ အဓိပ္ပါယ်ကို နှိုင်းယှဉ်ထောက်ထား၍ ဖော်ပြအပ်သော အဓိပ္ပါယ် ဖြစ်ပါသည်။

"တုမ္ဟေ န ကာယထ၊ န ဝပထ၊ န ဝဏိပ္ပထံ ပယောဇေထ၊ ကထံ ဇီဝိဿထ၊ ပုတ္တဒါရံ ဝါ ဘရိဿထာတိအာဒိနာ နယေန ပန ဥပဝဒန္တော ဥပဝါဒီ နာမ ဟောတိ"။

(မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ပေါတလိယသုတ်အဖွင့်)။

ဤအဋ္ဌကထာပါဌ်၏ အဓိပ္ပါယ်သဘောသွားကို ထောက်ထားလျှင် မျက်မှောက်၌ အပြစ်တင် ကဲ့ရဲ့စွပ်စွဲ ပြောဆို ရှုတ်ချည်တွန်ခြင်းသည်ပင် ဥပဝါဒမည်ကြောင်း သိသာထင်ရှား မှတ်သားသင့်ပါသည်။

ဝဇိရဗုဒ္ဓိဋီကာ ဝေရဉ္စကဏ္ဍအဖွင့်၌ကား "သမ္မုခေ ဂရဟာ ပရမ္မုခေ ဥပဝါဒေါ—မျက်မှောက်၌ စွပ်စွဲကဲ့ရဲ့ခြင်းသည် ဂရဟာမည်၏၊ မျက်ကွယ်၌ စွပ်စွဲကဲ့ရဲ့ခြင်းသည် ဥပဝါဒမည်၏" ဟုဖွင့်ဆိုတော်မူလေသည်။

အဘိဓာန်ပါဌ်၌လည်း—

ဥပဝါဒေါ စုပက္ကောသော၊ ဝဏ္ဏဝါဒေါ နုဝါဒေါ စ။
ဇနေ၊ ဒ၊ ပဝါဒေါ၊ ပရိဝါဒေါ စ တုလျတ္ထာ။ ။

ဟု ဥပဝါဒစသော ခုနစ်ပုဒ်တို့သည် "မျက်ကွယ်ကဲ့ရဲ့ခြင်း" ဟူသော အဝဏ္ဏဝါဒဟော ပရိယာယ်များဖြစ်၍ တူသောအနက်ရှိကုန်၏ဟု ပြဆို တော်မူပြီးလျှင် "ခေပေါ နိန္ဒာ တထာ ကုစ္ဆာ ဇိဂုစ္ဆာ ဂရဟာ ဘဝေ" ဟု ခေပစသော ငါးပုဒ်တို့သည် မျက်မှောက်၌ ရှုံ့ချခြင်း ဟော နိန္ဒာသဒ္ဒါ၏ ပရိယာယ်များဖြစ်ကြ၍ တူသောအနက်ရှိကုန်၏ဟု ပြဆိုတော်မူလေသည်။

ဤသို့လျှင် ဆိုခဲ့သော အဋ္ဌကထာ၌ကား "မျက်မှောက်၌ပြစ်တင်ကဲ့ရဲ့ စွပ်စွဲပြောဆို ရှေရှုတ်မြည်တွန်ခြင်းသည် "ဥပဝါဒ"မည်၏ဟု ဆိုကြောင်း အဓိပ္ပါယ်အားဖြင့် ထင်ရှားသိသာ၍ ဋီကာနှင့် အဘိဓာန်တို့၌ကား မျက်ကွယ်၌ ပြစ်တင်ကဲ့ရဲ့ စွပ်စွဲ ပြောဆို ရှေရှုတ် မြည်တွန်ခြင်းသည် "ဥပဝါဒ"မည်၏ဟု တိုက်ရိုက်ပြဆိုတော်မူသဖြင့် ဝါဒနှစ်မူ မတူကွဲပြား ခြားနားဆန့်ကျင်လျက်ရှိလေသည်။

မည်သို့ပင်ဖြစ်စေ ဝါဒနှစ်ပါး ကွဲပြားသည် မကွဲပြားသည်ကို နှလုံး မသွင်းဘဲ ဤအဋ္ဌကထာ,ဋီကာနှင့် အဘိဓာန်ပါဌ်တို့ကို အမှီပြုထောက်ထား ခြင်းဖြင့်ပင်"မျက်မှောက်မျက်ကွယ် နှစ်ပါးလုံး၌ ပြစ်တင်ကဲ့ရဲ့ စွပ်စွဲပြောဆို ရှေရှုတ်မြည်တွန်ခြင်းသည် ဥပဝါဒမည်၏"ဟုသာ မှတ်ယူသင့်ပါသည်။

ထိုစကားသည်မှန်၏ "အရိယုပဝါဒ"ပုဒ်ကို ဖွင့်ဆိုရာ ပါရာဇိကဏ် အဋ္ဌကထာ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့၌—

"အရိယာနံ ဥပဝါဒကာတိ ဗုဒ္ဓပစ္စေက ဗုဒ္ဓ ဗုဒ္ဓသာဝကာနံ အရိ-ယာနံ။ပ။ အန္တမသော ဂိဟိသောတာပန္နာနမ္ပိ ဥပဝါဒကာ၊ အက္ကောသကာ ဂရဟကာတိ ဝုတ္တံ ဟောတိ"ဟု မျက်မှောက်မျက်ကွယ်ဟူသော ဌာနအထူးကို မသတ်မှတ်ကုန်ဘဲ စွပ်စွဲခြင်း ဆဲရေးခြင်း ကဲ့ရဲ့ခြင်းကို ပြုတတ်ကုန်သူတို့သည် ဥပဝါဒကမည်ကုန်၏ဟု ဖွင့်ဆိုတော်မူကြလေသည်။

ဤအဋ္ဌကထာပါဌ်တို့၌ ဌာနအထူးကိုမမှတ်ဘဲ စွပ်စွဲ ဆဲရေး ကဲ့ရဲ့ တတ်သူတို့သည် သာမညအားဖြင့် ဥပဝါဒကမည်ကုန်၏ဟု ဆိုသောကြောင့် ဌာနအထူးကို မမှတ်ဘဲ မျက်မှောက်မျက်ကွယ်၌ စွပ်စွဲ ဆဲရေး ကဲ့ရဲ့ခြင်းတို့ သည်လည်း သာမညအားဖြင့် ဥပဝါဒမည်၏ဟု ဖွင့်ဆိုတော်မူကြသည် ဟူလို။

အလျဉ်းသင့်သဖြင့် ဆက်လက်ရေးသားလိုသည်မှာ ဤအဋ္ဌကထာ တို့၌ "အက္ကောသကာ ဂရဟကာတိ ဝုတ္တံ ဟောတိ" ဟူသော သံဝဏ္ဏနာ ဝါကျဖြင့် ဆဲရေးခြင်း ကဲ့ရဲ့ခြင်းတို့သည်လည်း ဥပဝါဒနှင့် ပရိယာယ်တူ ဖြစ်၍ ဥပဝါဒပင်မည်၏ဟု သတိချပ်၍ သိမှတ်သင့်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ယခင်ပြဆိုခဲ့ပြီးသော အဘိဓာန်ပါဌ်၏ အဖွင့်ဋီကာ အမရကောသဋီကာတို့၌ ဥပဝါဒစသော တဆယ့်နှစ်ပုဒ်လုံးသည် နိန္ဒာ၏ ပရိယာယ်ချည်းဖြစ်ကြ၍ တူသော အနက်ရှိကုန်၏ဟု ဖွင့်ဆိုတော်မူကြ လေသည်။

နိန္ဒာဟူသော ရှုံ့ချကဲ့ရဲ့ခြင်း ဥပါရမ္ဘဟူသော ပြစ်ကင်စွပ်စွဲခြင်း ပရိဘာသနဟူသော မြည်တွန်ရေရွတ်ခြင်းတို့ တူသည်၏ အဖြစ်ကိုလည်း "နိန္ဒာ ပုဗ္ဗော ဥပါရမ္ဘော၊ ပရိဘာသနမုစ္စတေ" ဟု အဘိဓာန်၌ မိန့်ဆိုလျက် ရှိလေသည်။

ဤမျှသာမကသေး ပရိဘာသနဟူသော အပြစ်ပြ၍ မြည်တွန်သုံးမခြင်းနှင့် ဂရဟာဟူသော ကဲ့ရဲ့ခြင်းတို့ ပရိယာယ်တူဖြစ်သည်ကို အောက်ပါ ပါရာဇိကာဏ်အဋ္ဌကထာ သုဒိန္နဘာဏဝါရအဖွင့်ကို ထောက်ထား၍လည်း အခိုင်အမာ သိအပ် မှတ်အပ်ပါသည်။

"ဣဒါနိ ယသ္မာ ယံ တေန ပါပကမ္မံ ကတံ၊ တံ ဝိပစ္စမာနံ အတိဝိယ ဒုက္ခဝိပါကံ ဟောတိ၊ တသ္မာ သော တံ ဝိပါကံ ဒဿေတုံ ကတာပရာဓံ ဝိယ ပုတ္တံ အနုကမ္ပကာ မာတာပိတရော ဒယာလုကေန စိတ္တေန သုဒိန္နံ ပရိဘာသန္တော ဝရံ တေ မောဃပုရိသာတိ အာဒိမာဟ။ပ။ ဧဝံ ကမ္မဿ မဟာ သာဝဇ္ဇတံ ပဿန္တော တံ ဂရဟိ"။

အနက်— ဣဒါနိ၊ ယခုအခါ၌။ ယသ္မာ၊ အကြင်ကြောင့်။ ယံ ပါပကမ္မံ၊ အကြင်မကောင်းမှုကို။ တေန၊ ထိုသုဒိန်သည်။ ကတံ၊ ပြုအပ်ပြီ။ ဝိပစ္စမာနံ၊ အကျိုးပေးသော။ တံ၊ ထိုမကောင်းမှုသည်။ အတိဝိယ၊ အတိုင်းထက်အလွန်။ ဒုက္ခဝိပါကံ၊ ဆင်းရဲသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုသုဒိန်အား။ တံ ဝိပါကံ၊ ထိုဆင်းရဲသောအကျိုးကို။ ဒဿေတုံ၊ ပြခြင်းငှါ။ ကတာပရာဓံ၊ ပြုအပ်သော အပြစ်ရှိသော။ ပုတ္တံ၊ သားကို။ အနုကမ္ပကာ၊ အစဉ်သနားတတ်ကုန်သော။ မာတာပိတရော၊ အမိအဘတို့သည်။ ဒယာလုကေန၊ သနားခြင်းများသော။ စိတ္တေန၊ စိတ်ဖြင့်။ ပရိဘာသန္တိ ဝိယ၊ အပြစ်ပြမြည်တွန်သုံးမကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သုဒိန္နံ၊ သုဒိန်ကို။ ပရိဘာသန္တော၊ အပြစ်ပြမြည်တွန်သုံးမတော်မူလိုသည်ဖြစ်၍။ ဝရံ တေ မောဃပုရိသာတိအာဒိံ၊ ဝရံ တေ မောဃပုရိသဤသို့အစရှိသော စကားကို။ အာဟ၊ မိန့်တော်မူလေပြီ။ ။ပ။ ဧဝံ၊ ဤသို့။ ကမ္မဿ၊ မကောင်းမှုကံ၏။ မဟာသာဝဇ္ဇတံ၊ ကြီးလေးသော အပြစ်ရှိသည်၏ အဖြစ်ကို။ ပဿန္တော၊ မြင်တော်မူသည်ဖြစ်၍။ တံ၊ ထိုသုဒိန်ကို။ ဂရဟိ၊ ကဲ့ရဲ့တော်မူ၏။

ဤအဋ္ဌကထာပါဠ်၌ သတိပြုရန်မှာ အနုသန္ဓေဝါကျ၏ ကြိယာဝိသေသနကို "ပရိဘာသန္တော— ရေရွတ် မြည်ဘွန်လိုသည် ဖြစ်၍" ဟု မိန့်တော်မူပြီးလျှင် နိဂုံးဝါကျ၏ကြိယာကို ဂရဟိ–ကဲ့ရဲ့တော်မူ၏" ဟု

မိန့်တော်မူခြင်းပင် ဖြစ်ပါသည်၊ ဤသို့ မိန့်တော်မူသဖြင့် မြည်တွန်ခြင်းနှင့် ကဲ့ရဲ့ခြင်းသည် သဒ္ဒါပြားသော်လည်း စကားဆိုပုံတူ၏ဟု သိမှတ်သင့်သည် ဟူလို။

ဤသို့ ရေးသားဖော်ပြခဲ့ပြီးသော အဋ္ဌကထာ, ဋီကာများနှင့် အဘိဓာန်တို့ကိုထောက်ထား၍ ဥပဝါဒ,ဥပါရမ္ဘ,ဂရဟာ,နိန္ဒာ,ပရိဘာသန စသည်တို့သည် ဝဒန္တပုဂ္ဂိုလ်၏ အဇ္ဈာသယအားလျော်စွာ စွပ်စွဲခြင်းအနက် အတန့်ကိုစွဲ၍ ဥပဝါဒ,သူတပါး၏စိတ်ကို ဖျက်ဆီးခြင်း အနက်အတန့်ကို စွဲ၍ဥပါရမ္ဘ,ကဲ့ရဲ့ခြင်းအနက်အတန့်ကိုစွဲ၍ ဂရဟာ,နိန္ဒာ,အပြစ်ပြမြည်တွန် သည်ကိုစွဲ၍ ပရိဘာသနစသည်အမည် ပရိယာယ်အားဖြင့် ပြားသော်လည်း စကားသွားဝစနာကာရအားဖြင့်ကားတူ၏ဟု မှတ်ယူသင့်သည့်ပြင် ဥပ- ဝါဒဟူသည်မှာ "သင်သည် သီလမရှိ,သင့်အား ဤမည် ဤမည်သော အာပတ်သင့်၏, သင့်အား ဤမည် ဤမည်သောကံဆိုက်၏"စသည်ဖြင့် အပြစ်တင်၍၊ ဝါ၊ အပြစ်ပြ၍ ကဲ့ရဲ့ရှုံ့ချခြင်းစွပ်စွဲပြောဆိုခြင်း ရေရွတ်မြည် တွန်ခြင်းတို့ပင်တည်း"ဟု အထက်၌ ရေးသားဖော်ပြခဲ့သောစကားသည် ပါဠိအဋ္ဌကထာ ကိုးရာမဲ့ကင်းနှလုံးသွင်းဖြင့် လိုရင်းသို့ ဆွဲ မနိုင်မြဲသောဆိုလွဲ ဆိုချွတ်ဟူ၍ မမှတ်ရာ၊ ပါဠိအဋ္ဌကထာကိုးရာမကင်း နှလုံးသွင်းဖြင့် လိုရင်း ပိုင်ပိုင် ရေးသားနိုင်သည့် မြဲခိုင်သောဝါဒဟူ၍သာ မှတ်ယူအပ်ပါသတည်း။

---

## ၆–ဆဋ္ဌမမြောက်ပစ္စဝေက္ခဏာ

"သစ္စေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာ- ဘာဝေါတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ"။

[အနက်ပြန်ကြည့်ပါ]

ဤပစ္စဝေက္ခဏာပါဠိတော်၌ "ပိယေဟိ မနာပေဟိ"ဟူသော နှစ်ပုဒ် တို့၏အရ ပိယ,မနာပဝတ္ထုတို့ကို သတိပဋ္ဌာန်ပါဠိတော်၌ "ကတမေ စ ဘိက္ခဝေ ပိယေဟိ ပိယရူပေဟိ ဒုက္ခာ"အစရှိသဖြင့် မြတ်စွာဘုရား ဟောတော်မူသည်ကိုမှီ၍ "မေ၊ ငါ့အား။ ဝါ၊ ငါသည်။ ပိယေဟိ၊ တဏှာ သာတအာလယနှင့် ကာမအမျှင် သံယောဇဉ်ဖြင့် အစဉ်တွဲလျက် မခွဲရက် အောင် စွဲမက်ချစ်ခင်အပ်ကုန်သော။ မနာပေဟိ၊ ဘဝင်နှလုံး အစဉ်ပြုံး၍

မမုန်းနှစ်လိုအပ်ကုန်သော။ သဗ္ဗေဟိ၊ ရှိရှိသမျှ မိဘဆရာ ဉာတကာနှင့် ဒကာဒကာမ စသည်ထွေပြား ရှင်လူများက ငါးပါးအာရုံ ကာမဂုဏ်တို့နှင့်”ဟု အနက်ပေးခဲ့ပါသည်။

နာနာဘာဝေါ ဝိနာဘာဝေါဟူသော နှစ်ပုဒ်တို့ကိုလည်း “နာနာ· ဘာဝေါ ဝိနာဘာဝေါတိ ဇာတိယာ နာနာဘာဝေါ၊ မရဏေန ဝိနာ· ဘာဝေါ”ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုတော်မူပါသည် ထို့ကြောင့်—

“နာနာဘာဝေါ၊ ပဋိသန္ဓေ မသွေမယွင်း နေရခြင်းဖြင့် ကွေကွင်း ရသော သဘောရှိ၏၊ ဝိနာဘာဝေါ၊ မွေးလျှင်သေရ ကေန္တမို့ ဝ သေမင်း ချေဖျက်ခွင်းသဖြင့် ကွေကွင်းရသော သဘောရှိ၏”ဟု အနက် ပေးခဲ့ပါသည်။

ဆက်ပါဦးမည် ဤဆဋ္ဌမြောက် ပစ္စဝေက္ခဏာအတိုင်း ဆင်ခြင် မပြတ် သုံးသပ်စေ့စေ့ ကြံအောက်မေ့ခြင်းကြောင့် ရအင်သော ဒ ဂုဏ်း တရားများကိုလည်း—

“ဧဝံ ပစ္စဝေက္ခတော ဟိ တီသု ဒွါရေသု အသံဝုတာကာရော နာမ န ဟောတိ၊ မရဏာဿတိသူပဋ္ဌိတာ ဟောတိ”။

အကျိုးကိုပြဦးအံ့၊ ဤသို့ စေ့စေ့ ကြံအောက်မေ့သောသူအား သုံးပါးကုန်သော ဒွါရတို့၌ မစောင့်စည်းသော အခြင်းအရာမည်သည် မရှိ မရဏာဿတိ မည်ရှိသညာ ဘာဝနာသည် ကောင်းစွာမသွေ ထင်လာ ပေ၏”ဟု အဋ္ဌကထာဆရာ မိန့်မှာဖွင့်ဆိုတော်မူလေသည်။

“သုံးပါးကုန်သော ဒွါရတို့၌ မစောင့်စည်းသော အခြင်းအရာ မည်သည်မရှိ”ဟူသော စကားသည်မှန်၏၊ လူနတ်ပြဟ္မာ စသွာသောင်း ပြောင်း သတ္တဝါအပေါင်းတို့အား မိမိတို့ ချစ်ခင်နှစ်သက် စုံမက်မြတ်နိုး အပ်ကုန်သော မိဘ,ဆရာ ဉာတကာနှင့် ဒကာ,ဒကာမ စသည်ထွေးပြား ရှင်လူများနှင့် ငါးပါးအာရုံ ကာမဂုဏ်တို့၌ ခုံမင်နှစ်သက် မပြစ်ရက်အောင် ချစ်မြတ်နိုးတတ်သော ရာဂသည်ရှိ၏၊ ထိုရာဂဖြင့် ခုံမင်နှစ်သက် မပြစ်ရက် အောင် ချစ်မက်မြတ်နိုးကြကုန်သောကြောင့် ဒုစရိုက်သုံးပါးကို ကြိုးစား အားထုတ် ပြုလုပ်ကျူးလွန်ကြကုန်၏၊ ဤဆဋ္ဌမြောက် ပစ္စဝေက္ခဏာအတိုင်း

မဆိုင်းနေ့စဉ် ကြိုဆင်ခြင်၍ သိမြင်ခအောက်မေ့သောသူသည် ထိုမိဘဆရာ ဉာတကာနှင့် ငါးဖြာအာရုံ ကာမဂုဏ်တို့၌ ခုံမင်နှစ်သက် မဖြစ်ရက်အောင် ချစ်မက်မြတ်နိုးတတ်သော အလိုဆိုးရာဂကို လေး၁သော မဂ်စိန်သံလျက်ဖြင့် ချိန်ဖျက်ခုတ်ထွင် သမုဒ်ဆင်၍ သုမ်သင်ပယ်ရှားနိုင်ရာ၏၊ လေးကြိမ်မဂ်အား သံလျက်ဒါးဖြင့် ပယ်ရှားယခု ကုန်စဉ်အောင် မပြုနိုင်သော်လည်း တန ဘာဝါရာဂ၏ ခေါင်းပါးသောအခြင်းအရာသည် မကွာမုချ ကေန်ပင်ဖြစ်ရ ပေလိမ့်မည်၊ ထိုသို့ အကြောင်းဖြစ်သော ရာဂတရားကို ဖယ်ရှားသုမ်သင် နိုင်ခဲ့လျှင်၊ ဝါ၊ ခေါင်းပါးအာ.နည်းစေခဲ့လျှင် အကျိုးဖြစ်သော ဒုစရိုက် တရားတို့သည်လည်း သုံးပါးသောဒွါရ၌ တခါမျှမပေါ်လာ ရှင်းရှင်းကြီး ကွာသောကြောင့် အသံဝုတာကာရ မစောင့်စည်းမှု ဟူသမျှသည် ကာလ ဘယ်ခါ ဖြစ်ပေါ်၍လာနိုင်ပါမည်နည်း၊ ထို.ကြောင့် ပဋ္ဌဂုတ္တရပါဠိတော် ဌာနသုတ်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

“ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ သဗ္ဗေဟိ မေ ဝိယေဟိ မနာ· ပေဟိ နာနာဘာဝေါ ဝိနာဘာဝေါတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ၊ အတ္ထိ ဘိက္ခဝေ သတ္တာနံ ဝိယေသု မနာပေသု ယော ဆန္ဒရာဂေါ၊ ယေန ရာဂေန ရတ္တာ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ယော ဝိယေသု မနာပေသု ဆန္ဒရာဂေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနုဝါ ပန ဟောတိ၊ ဣဒံ ခေါ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ “သဗ္ဗေဟိ မေ ဝိယေဟိ မနာ· ပေဟိ နာနာဘာဝေါ ဝိနာဘာဝေါတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ”။

ဤဆ ဌမြောက် ပစ္စခေက္ခဏာအတိုင်း မပွားများမဆင်ခြင်ခဲ့လျှင် ထိုသို့ မပွားများမဆင်ခြင်ခြင်းကြောင့်ပင် အပြန်အားဖြင့် သတ္တဝါတို့ ရရှိအပ်သော လဒ္ဓဒေါသအပြစ်ကိုလည်း ဆက်လက်ရေးသားဖေါ်ပြ ပါဦးမည်။

သတ္တဝါအပေါင်းတို့သည် ဤဆဋ္ဌမြောက်ပစ္စဝေက္ခဏာ အခြင်း အရာအားဖြင့်သော်၎င်း၊ အလားဘူ တရားဒေသနာတော်လာ အခြင်း အရာတို့ဖြင့်သော်၎င်း ပွားများဆင်ခြင်မှု မရှိခဲ့လျှင် ဂေဟာဿိတ ကာမ·

ဂုဏ်ကရာဂ ဝိသမလောဘတို့သည် အားကြီးပွားများ လာကုန်သည်ဖြစ်၍ ထိုဂေဟာသိတကာမဂုဏ်ကရာဂဝိသမလောဘတို့ကြောင့်ပင်ရင်းဂေဟာသိ တရာဂစသည်တို့၏ မှီရာအာရုံဖြစ်သော ချစ်အပ်မြတ်နိုးအပ်သော မိဘ, ဆရာ ဉာတကာနှင့် သဟာယကျွမ်းဝင် လင်နှင့်မယား သမီးသားက စီးပွား ရွှေငွေ ငါးတွေအာရုံ ကာမဂုဏ်တို့ကို ရရှိနိုင်ရန်ရင်း၊ ၎င်းတို့ မလျော့မပါး ပွားများကြွယ်ဝစေရန်ရင်း၊ ထိုထိုပါဏာတိပါတစသော ဒုစရိုက်ဆယ်ပါး တို့ကို ပြုမှားကျူးကျော်မိကြလေတော့သည်။

တိုသို့ ဒုစရိုက်ဆယ်ပါးတို့ကို ပြုမှားကျူးကျော်ကြသည်မှာ တံငါ သူခိုး ဒါးပြ ခြစားလူလိမ်တို့မှစ၍ အကြိမ်ကြိမ်သော ကမ္ဘာစစ်ကြီးများသို့ တိုင်အောင် မျက်မြင်နားကြားအားဖြင့် ထင်ရှားသိသာလှပေသည်။

## လာဘ်သပ္ပကာနှင့် မိစ္ဆာဇီဝ

ရဟန်းတို့သည်လည်း မိဘဆရာ ဒကာဒကာမ စသည်များစွာ ဉာတကာနှင့် လေးဖြာမိသ လာဘ်လာဘတို့ကိုရင်း၊ တန်ခိုးတေဇာ ဝေဝေ ဆာ၍ ကျော်ညာသတင်း ဘုန်းကြီးခြင်းတို့ကိုရင်း၊ လိုချင်တောင့်တကြ ကုန်သဖြင့် ကုဟန လပန အနေသနစသော ဘုရားရှင် စက်ဆုပ်တော် မူအပ်သော မိစ္ဆာဇီဝ အနာစာရတို့ကို ပြုမှားကျင့်မှား ရှိကြရလေတော့ သည်။

ခြေရုံပရိသတ် လာဘ်သပ္ပကာ ဘုန်းအာဏာနှင့် ကျော်ညာသတင်း ကျော်စောခြင်း စသည်တို့မှာလည်း ရိုးရိုးကျင့် မြင့်မြင့်ကြံ မှန်မှန်လုပ် ကုတ်ကုတ်နေခြင်းဖြင့် လွယ်ကူစွာရရှိနိုင်ကြသည်မဟုတ်၊ သိက္ခာပုဒ်ပညတ် တော်ကို ကျူးကျော်ပြစ်မှား၍ အများအကြိုက် အလိုလိုက်လျက် ငိုက် သမြင့်သာ ပြုလုပ်အပ်သော ကုဟန လပန အနေသန စသည်တို့ဖြင့်သာ ရယူအပ်သည်ဖြစ်သောကြောင့် ခြေရုံပရိသတ် လာဘ်သပ္ပကာ ဘုန်း အာဏာနှင့် ကျော်ညာသတင်း ကျော်စောခြင်းစသည်တို့ကို လိုလား တောင့်တသော ရဟန်းတို့သည် ဒုစရိုက်တရားတို့ကို ရှောင်ရှားဖယ်ကြဉ်၍ အဘယ်မှာလျှင် ပြုဘဲရှိကြပါမည်နည်း၊ ထို့ကြောင့် လာဘဂရဟာဇာတ်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူလေသည်။

နာနုမ္မတ္တော နပိသုဏော နာနုဒ္ဓတော နာကုတူဟလော။
မူဋ္ဌသု လာဘတေ လာဘံ၊ သော တေ အနုသာသနီ။ ။

အနက်–အနုမ္မတ္တော၊ ဟိရိဩတ္တပ် မကပ်မပူး အထူးသရုပ် အရှုး မလုပ်ဘဲလျက်။ မူဋ္ဌေသု၊ တရားမမြော ဘုရားဟောကို စောကြောကောင်းစွာ မသေ့လာသော ပညာမဲ့ရှား လူမိုက်များ၌။ လာဘံ၊ လာဘ်သပ္ပကာ ဥစ္စာလေးပါး ပစ္စည်းများကို။ န လဘတေ၊ သဒ္ဓါဖွေးဖြူ ပေးကာလှူသဖြင့် လွယ်ကူပိုင်ပိုင် မရနိုင်။ အပိသုဏော၊ ကုံးချောစကား မပြောကြားဘဲလျက်။ မူဋ္ဌေသု၊ တရားမမြော ဘုရားဟောကို စောကြောကောင်းစွာ မလေ့လာသော ပညာမဲ့ရှား လူမိုက်များ၌။ လာဘံ၊ လာဘ်သပ္ပကာ ဥစ္စာလေးပါး ပစ္စည်းများကို။ န လဘတေ၊ သဒ္ဓါဖွေးဖြူ ပေးကာလှူသဖြင့် လွယ်ကူပိုင်ပိုင် မရနိုင်။ အနုဒ္ဓတော၊ ဟိရိဩတ္တပ် မကပ်မတွယ် ကချေသယ်လို ရှက်ဖွယ်ပိပိ မသော်လီဘဲလျက်။ မူဋ္ဌေသု၊ တရားမမြော ဘုရားဟောကို စောကြောကောင်းစွာ မလေ့လာသော ပညာမဲ့ရှား လူမိုက်များ၌။ လာဘံ၊ လာဘ်သပ္ပကာ ဥစ္စာလေးပါး ပစ္စည်းများကို။ န လဘတေ၊ သဒ္ဓါဖွေးဖြူ ပေးကာလှူသဖြင့် လွယ်ကူပိုင်ပိုင် မရနိုင်။ အကုတူဟလော၊ အံ့ဘွယ်ဩဘာ သောမနာဒေ့ခင် ကြော်ငြာသတင်း မပြုလျှင်းဘဲ။ မူဋ္ဌေသု၊ တရားမမြော ဘုရားဟောကို စောကြောကောင်းစွာ မလေ့လာသော ပညာမဲ့ရှား လူမိုက်များ၌။ လာဘံ၊ လာဘ်သပ္ပကာ ဥစ္စာလေးပါး ပစ္စည်းများကို။ န လဘတေ၊ သဒ္ဓါဖွေးဖြူ ပေးကာလှူသဖြင့် လွယ်ကူပိုင်ပိုင် မရနိုင်။ သော၊ ဤဆိုခဲ့သော စကားဥသုံ အလုံးစုံသည်။ တေ၊ သင့်အား။ အနုသာသနီ၊ လာဘ်သပ္ပကာ ဥစ္စာပစ္စည်း အရသည်းဘို့ နည်းပေးဆုံးမလိုက်ခြင်းပါပေတည်း။

ဤပါဠိတော်အရ လာဘ်သပ္ပကာ ဥစ္စာစီးပွား လွန်လိုလားသဖြင့် လိုက်စားကျင့်မှု၍ရယူကြကုန်သော ရဟန်းတို့၏ အရှုးနှင့်အတူ ပြုမူကျင့်ကြံကြ ရဟန်းစသည်ကို အဌကထာဆရာ ဖွင့်ပြပုံအမိပ္ပါယ်မှာ လာဘ်သပ္ပကာ ဥစ္စာစီးပွားကို လိုသား၍ လိုက်စားရယူလေ့ရှိသော ရဟန်းသည် ဟိရိဩတ္တပ္ပတရားတို့ကို ပယ်စွန့်၍ ကုသိုလ်,အကုသိုလ်တို့ကို မရေတွက် မစဉ်းစားဘဲ ငရဲကိုပင် မကြောက်မရွံ့ ဝံ့ဂုံ့စားစား အာပတ်ဆိုချိုနှင့် လားဟု မိုက်မှာ သောန္နလုံးသွင်းရှိသည်ဖြစ်၍ မြတ်စွာဘုရားပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို ချေဖျက်နင်းနယ်ကာ လောဘသည် လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ လောဘပူးဝင် ထက်ဝန်ကျင်မှ ယူအပ်သော

စိတ်ရှိသည်ဖြစ်၍ သက်န်းစသော ပစ္စည်းလေးပါးကိုသာ အမှီပြု၍ မိမိ၏ ရဟန်းမည်ကြောင်း ကောင်းမြတ်သော အာစာရဥဿုံ အလုံးစုံတို့ကို အာရုံ မထား မလေးစားဘဲ ပယ်ရှားစွန့်ပစ်ပြီးလျှင် ဆေးကုခြင်း အခစအပါး ခံခြင်းစသည် မအပ်သော မကောင်းမှုတို့ကိုလည်း ပြု၏၊ ဝါးပေးခြင်း သစ်ရွက်ပေးခြင်း ပန်းပေးခြင်း စသည်တို့ကိုမှီ၍ အသက်မွေးခြင်းကိုလည်း ပြု၏၊ ဤရဟန်းသည် အရှုံးမဟုတ်သော်လည်း ဟိရိဩတ္တပ် မကင်းမဲ့ လာဘ်ရပုံ အလွန်ထူးသဖြင့် အရှုံးနှင့်တူသည်၏ အဖြစ်ကြောင့် စင်စစ် အရှုံးမည်သည်သာလျှင်တည်း။

ဤသို့ ဟိရိဩတ္တပ် မကင်းမဲ့ အရှုံးပမာ ကျင့်ကြံပါသော ဖန်ဝါ ဆင်ခြန်း အလင့်ရဟန်းအားသာလျှင် ဘုန်းဘန်းတေဇာ ငွေဝေဆာ၍ ကျော်ညာသတင်း ကျော်စောခြင်းနှင့် သင်းပင်းသဟာ ဒါယကာနှင့် လေးဖြာပစ္စယာ လာဘ်လာဘတို့သည် ထောလျှင်စွာ ဖြစ်ပေါ်၍လာတတ်၏၊ ထိုသို့မတူး အရှုံးမဟုတ် သိက္ခာပုဒ်ကို ယိန်းချုပ်နေသည့် စောင့်ရှောက် ရသည့် လဇ္ဇီပေသလ သိက္ခာကာမ ဝိနယကုက္ကုစ္စက သပ္ပုရိသရဟန်း သည်ကား မြတ်စွာဘုရား ဟောကြားပညတ်တော်မူအပ်သော သိက္ခာ ပုဒ်ကျင့်စဉ်ကို မမြင်မသိ ပညာမရှိကုန်သော ယောက်ျားနှင့် ယောက်ျား အပေါင်း၌ လေးဝသောပစ္စယာ လာဘ်သပ္ပကာကို လှုယ်ကူစွာမရမပျှင်၊ ထို့ကြောင့် “လာဘ်သပ္ပကာ ဥဿာစီးပွားကို လိုလားတောင့်တသော ရဟန်းသည် ဟိရိဩတ္တပ် မကင်းမဲ့ အရှုံးအောင် အရှုံးကဲ့သို့ ပြုအပ် ပြုသင့်သည်သာတည်း”ဟု ဤသို့သောအနက်အဓိပ္ပါယ်ကို ရည်ရွယ် မှန်းယား၍ နာနုမ္ဗတ္တောစသော ဤဂါထာကို မြတ်စွာဘုရား ဟောကြား တော်မူခဲ့ကြောင်း အဋ္ဌကထာဆရာ ဖွင့်ပြတော်မူပါသည်။

အဋ္ဌကထာပါဌ်ကို အလိုရှိပါက ဟိတနိပါတ် လာဘဂရဟဇာတ် အဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ (၃၇၉)မှာ ကြည့်ပါလေ။

ဤဥမ္မတ္တစသော လာဘ်ရကြောင်း အကျင့်လေးပါးကို ဖေါ်ပြ၍ ပဏဒေဝလင်္ကာသစ်၌ အောက်ပါအတိုင်း ရေးစပ်လျက်ရှိပါသည်။

“ထို့ပြင်တတူး၊ မသ္တပ်ရှူးလည်း၊ သ္တပ်ရှူးသဘော၊ ပျက်ချော် ပြောလျက်၊ ကုံးချောဝိုက်ထွေ၊ ကချေသည်မှု၊ အံ့ဘွယ်ပြုဟု၊ လေးခုအပေါင်း၊ လာဘ်ဖြစ်ကြောင်းကား၊ သူကောင်းသူမွန်၊

ပညာဝန်တို၊ အလွန်ကဲ့ရဲ၊ ပြစ်တင်ဖွဲ့၏၊ မဟဲ့အကျိုး၊ မရှက်နိုးဘဲ၊ ညစ်ဆိုးယုတ်မာ၊ မိစ္ဆာသက်မွေး၊ သူနုပ်သေးတို၊ ဝမ်းရေးရှာစား၊ အကျင့်မှားတည့်"။

မှတ်ချက်—ဤပါဠိ၊ အဋ္ဌကထာတို့ကို ထောက်ထား၍ "ဘုန်းကြီးချင်လျှင် ဝိသုဒ္ဓိမဂ်ပြောင်းပြန်ကျင့်ရမည်"ဟူသော ဆိုရိုးစကားသည် အထောက်အထားမကောင်းသော ဆိုရိုးဖြစ်သည်ဟု မှတ်ချက်ချသင့်ပါသည်။

## လာဘ်ကိုပယ်မှ နိဗ္ဗာန်ရ

ဤသို့ ရေးသားဖော်ပြခဲ့ပြီးသော ပါဠိ၊အဋ္ဌကထာ စသည်တို့ကို ထောက်ထားမျှော်ရှု၍ "လာဘ်သပ္ပကာ ဥစ္စာစီးပွား စသည်များကို လိုက်စားတောင့်တခြင်းသည် ဟိရိဩတ္တပ္ပ မကပ်မငြိ အလဇ္ဇီပါပ ယုတ်မာသော ရဟန်းဘဝသို့ ရောက်ကြောင်းဖြစ်သည်သာတည်း"ဟု အသင့်နှလုံး ခွဲသုံးသတိ သံဝေဂရှိကြ၍ အမျိုးကောင်းသား ရဟန်းများသည် လာဘ်သပ္ပကာ ဥစ္စာစီးပွားတို့ကို မလိုလားမနှစ်သက် မချစ်မကပ်မစွဲလမ်းကုန်မူ၍ လာဘ်သပ္ပကာ ဥစ္စာရကြောင်း မကောင်းသော အကျင့်တရားတို့ကိုလည်း ပယ်ရှားဋ္ဌနှုပ်စကြပြီးလျှင် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဟုဆိုအပ်သော သိက္ခာသုံးပါးနှင့် ဝိဝေကတရားတို့ကိုသာလျှင်ပွားများစေ၍ဆော်၍ မွေ့လျော်ကျင့်သုံးသင့်ကြလေတော့သည်။ ထို့ကြောင့် ဓမ္မပဒပါဠိတော် တိဿသာမဏေဝတ္ထု၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားသုံးမြွတော် မူခဲ့လေသည်။

> အညာ ဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာနဂါမိနီ။
> ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
> သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေကမနုဗြူဟယေ။ ။

အနက်—လာဘူပနိသာ၊ တန်ခိုးတေဇော် ကျေညာကျော်၍ ခရွတော် ပရိသတ် ဂုဏ်သကာတ်နှင့် လာဘ်သပ္ပကာ ဥစ္စာပွားသစ် ရကြောင်း ဖြစ်သော။ ပဋိပဒါ၊ ဒုစ္စရိတ ပါပညစ်ကျူ မကောင်းမှုဟု ကိုယ်ပြုနှုတ်ပြောသဘောစိတ်ထား ကျင့်မှုများသည်။ အညာ၊ နိဗ္ဗာန်ရောက်ကြောင်း

အကျင့်ကောင်းနှင့် မပေါင်းမနိုး တကြောင်းစီးမို့ ခရီးတပါး တသီး တခြားသာလျှင်တည်း။ နိဗ္ဗာနဂါမိနီ၊ ပြည်နိဗ္ဗာန်ကို ကေန်ရောက်ကြောင်း မကောက်မစောင်းသော။ ပဋိပဒါ၊ လာဘ်သပ္ပကာ ဂုဏ်ပါဝါ၌ တဏှာ တပ်မက် ဝတ်မရှက်ကို သတ်ဖျက်ပယ်ရှား မငဲ့စားသည့် သုံးပါးသိက္ခာ သာသနာဟု မြတ်စွာဟောလတ် အကျင့်မြတ်သည်။အညာ၊ လာဘ်သပ္ပကာ ဥစ္စာရကြောင်း သောင်းပြောင်းပေါင်းစု မကောင်းမှုဟု ကိုယ်ပြုနှုတ်ပြော သဘောစိတ်ထား အကျင့်များနှင့်အသွားခရီး အနားမနီးသပြင့် တခြား တသီးဖြစ်တော့သည့်သာတည်း။ ဧဝံ၊ ဤသို့။ ဇာတ်၊ လာဘ်သပ္ပကာ ဥစ္စာ ရရန် မကောင်းကံနှင့် နိဗ္ဗာန်ရောက်တတ် လွန်ကောင်းမြင့်တဲ့ ပဋိပတ် တရား ထိုအကျင့်နှစ်ပါးကို။ အဘိညာယ၊ ခဲမနှင့်ငွေ့ကြေးနှင့်ရွှေသို့ ဂဟေမတွဲ အရေအကဲကို လွဲမှားမရှိ ခွဲခြားသိ၍။ ဗုဒ္ဓသာ၊ တရားသိမြင် ဘုရားရှင်၏။ သာဝကော၊ ဟောပြောသမျှ ဩဝါဒကို သတောကျသိမှတ် လိုက်နာတတ်သော။ ဘိက္ခု၊ သံသရာဝယ် ဒို့နာ့သေရေးစသည်ဘေးကို မျှော်တွေးရှုတတ် ရဟန်းမြတ်သည်။ သက္ကာရံ၊ လာဘ်သပ္ပကာ ဥစ္စာပွားစု ရှိသေစွာပူဇော်ခြင်းအမှုကို။ နာဘိနန္ဒေယျ၊ တဏှာကပ်လျက် ဝတ်မရှက်သို့ မဘပ်မက်မချစ်ခင်ရာ။ ဝိဝေကံ၊ ကေဝိဘာဝ ဝိဝိတ္တနှင့် အင္ဂသမာ ဈာန် ရှစ်ပြာနှင့် ခေမာအမတံ နိဗ္ဗာန်အာရုံ ပွားကာထုံတဲ့ သုံးစုံမြတ်လှ ပ်ဝေကကို။ အနုဗြူဟယေ၊ တဆင့်တဆင့် မြင့်ထက်မြင့်အောင် အသင့်မကွာ ပွားများ ရာ၏။

ဤမြွေပဒပါဠိတော်ဂါထာ၌ လာဘ်သပ္ပကာ ဥစ္စာရကြောင်း အကျင့်နှင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်တို့၏ မတူကွဲပြား ခြားနားချက် ရှိပုံကို သိသာမှတ်သားနိုင်ရန် အဋ္ဌကထာပါဌ်ကို ဘာသာပြန်၍ရေးသား ဖော်ပြပါဦးမည်။

အဋ္ဌကထာမြန်မာပြန်— မပေါ်ငုတ်ကျင်း ဝါကျရင်းကို ရှင်းလင်း ကျယ်စွာ ဖွင့်ပြပါအံ့၊ လာဘ်သပ္ပကာ ဥစ္စာပီးပွား ပေါများ[illegible]ပေါ် စေတတ်သော ရဟန်းသည် အနည်းငယ်သော မကောင်းမှု[illegible]ခြင်းငှာ သင့်၏၊ ကာယဝက်စသည့်တို့ကို ပြုလုပ်အင်ကုန်သည် ဖြစ်[illegible]သို့ မကောင်းမှုပြုရကျိုးကို ပြဆိုဦးအံ့၊ အကြင်အခါ၌ ကာယဝက်[illegible]ကိုသွင် တစုံတခု အကောက်ကိုပြု၏၊ [illegible]အခါ လာဘ်သပ္ပကာ[illegible]ပေါ် လာ၏၊ “အကောက်ပြု၍ လာဘ်[illegible]ရ”ဟု ဖွင့်ပြစကား အ[illegible]ခြားသို့ ထင်ရှားအောင်သာ ဥပမာဖြင့် [illegible]ဆောင်ကာမသွေ ပြလိုက်[illegible]သနာ

ခွက်၌ (နို့ထမင်းခွက်၌) အကောက်မပြုမူ၍ ဖြောင့်ဖြောင့်အတိုင်းသာလျှင် လက်ကိုသွင်း၍ ထုတ်သောသူ၏ လက်သည် စိုစွတ်ကာမျှမတ္တသာလျှင် ဖြစ်၏၊ (နို့ဃနာမပါမရဟူလို) လက်ကောက်သည်ကိုပြု၍ နို့ဃနာခွက်၌ လက်ကိုသွင်း၍ ဆယ်ထုတ်သောသူ၏ လက်သည်ကား နို့ဃနာခဲကို ဆယ်ထုတ်လျက် ထွက်သကဲ့သို့ ဤအတူ ကာယကံစသည်တို့ကို ပြုရာ အခါ၌သာလျှင် လာဘ်သည့်ဖြစ်၏၊ ဤသို့ အကောက်ပြု၍ လာဘ်ရအောင် ကျင့်ကြံခြင်းသည် တရားနှင့်မလျော်သော လာဘ်ရကြောင်းအကျင့်မည်၏၊ အသွင်အပြင်၏ ပြည့်စုံခြင်း ကြည်ညိုဖွယ်သက်န်းဝတ်ရုံခြင်း ဗဟုသုတ များသည်၏အဖြစ် အခြံအရံ ဘောရဆောက်တည်ခြင်း ဤသို့သဘော ရှိကုန်သော အကြောင်းတို့ကြောင့် ဖြစ်ပေါ်သော လာဘ်သပ္ပကာသည် တရားနှင့်လျော်သော လာဘ်သပ္ပကာမည်၏၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်ကို ဖြည့်ကျင့်သော ရဟန်းသည်ကား ကာယကံစသည်တို့ကို ဒွန့်ပစ်ပယ်ရှားအပ်ကုန်၏၊ မကောင်းဘဲလျက် ကောင်းသူကဲ့သို့,မအေ့ဘဲလျက် အေ့သူကဲ့သို့ မပင်းဘဲလျက် ပင်းသူကဲ့သို့ ဖြစ်ခြင်းငှာ သင့်၏၊ စဉ်းလဲခြင်း ကောက်ကျစ်ခြင်း ... ရှိသည် လှည့်ပတ်ခြင်းမရှိသည် ဖြစ်ခြင်းငှာသင့်၏။

ဤဘာသာပြန်၌ "ကာယကံစသည်တို့ကို ပြုလုပ်အပ်ကုန်သည် ဖြစ်ကုန်၏"ဟူသော စကားမှာ "ကာယကမ္မာဒီနိ ကာတဗ္ဗာနိ ဟောန္တိ" ဟူသော အဋ္ဌကထာပါဌ်ကို ဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။

ဤအဋ္ဌကထာပါဌ်၌ ကာယကမ္မာဒီနိအရ ကာယဒုစရိုက်သည် ကာယကံမည်၏၊ ဝစီဒုစရိုက်သည် ဝစီကံမည်၏၊ မနောဒုစရိုက်သည် မနောကံမည်၏။ ထို့ကြောင့် တိကင်္ဂုတ္တိုရ်အဋ္ဌကထာ သစေတနသုတ် အဖွင့်၌ "ကာယကမ္မာဒီနိ ကာယဒုစ္စရိတာဒီနံ နာမာနိ"ဟူ၍ ဖွင့်ဆိုတော်မူပါသည်။

အရေးသိမှတ်စေလိုသည်မှာ "ကာယဒုစရိုက်စသည်"ဟု ဆိုသဖြင့် အကုသလကမ္မပထတရားဆယ်ပါးကိုသာလျှင် ဒုစရိုက်ဟုမမှတ်အပ်၊ ခုဒ္ဒကဝိဘင်းပါဠိတော်၌ သဗ္ဗသင်္ဂါဟိက၏ အစွမ်းအားဖြင့် ကာယဒွါရ၌ ဖြစ်သမျှသော အလုံးစုံသော အကုသိုလ်ကို ကာယဒုစရိုက်၊ ထို့အတူ ဝစီဒုစရိုက် မနောဒုစရိုက်ဟူ၍ သိမှတ်ရန်ဖြစ်ပါသည်။

ထို့ကြောင့် ကုဟန္နလပနစသည်တို့သည့်ဌင်း ဝေဇ္ဇကမ္မစသော အနေသနတို့သည့်ဌင်း ရဟန်းတို့အား ဒုစရိုက်ပင်မည်၍ ထိုဒုစရိုက်တို့သည်ပင် ရဟန်းတို့အား ထိုက်သည်အားလျော်စွာ ကာယဝက်စသည် မည်၏ဟူ၍လည်း သိမှတ်သင့်ပါသည်။

ခုဒ္ဒကာဝိဘင်းပါဠိတော်၌—

"တတ္ထ ကတမံ ကာယဒုစ္စရိတံ၊ အကုသလံ ကာယကမ္မံ ကာယ· ဒုစ္စရိတံ၊ အကုသလံ ဝစီကမ္မံ ဝစီဒုစ္စရိတံ၊ အကုသလံ မနောကမ္မံ မနောဒုစ္စရိတံ"။

ဆက်လက်၍ အထူးရေးသားဖေါ်ပြလိုသည်မှာ ဖေါ်ပြခဲ့သော လာဘဂရုဟာဇာတ်ပါဠိတော်၌ ဆေးကုခြင်း အစေအပါးခံခြင်း ဝါးပေးခြင်းစသော မိစ္ဆာဇီဝအနေသနတို့ကို ရည်ညွှန်း၍ "နာနုမ္မတ္တော"အစ ရှိသောဂါထာဖြင့် ဥမ္မတ္တကမ္မကို မြတ်စွာဘုရားဟောတော်မူပါသည်၊ ထိုသို့ ရည်ညွှန်းဟောတော်မူကြောင်းမှာ ပြဆိုခဲ့ပြီးသော ဌင်းဇာတ်အဋ္ဌကထာ မြန်မာပြန်ဖြင့်ပင် သိသာထင်ရှားလှပါသည်။

"အညာ ဟိ လာဘူပနိသာ"စသော ဓမ္မပဒပါဠိတော်၌ကား လာဘ်သပ္ပကာ ဥစ္စာစီးပွား ကျော်ကြားသတင်း ခြွေရံများခြင်းစသည်ကို လိုချင်တောင့်တ၍ အာရညကင်ဂုတင် ဆောက်တည်ခြင်း ပံသုကူဂုတင် ဆောက်တည်ခြင်းစသည်ကို ရည်ညွှန်း၍ "လာဘူပနိသာလာဘ်ရကြောင်းအကျင့်" ဟူ၍ မြတ်စွာဘုရား ဟောတော်မူပါသည်။

ထို့ကြောင့် ထိုဂါထာပုဒ်၏ အဖွင့်နိဒါန်း၌—

"အာမ ဘိက္ခဝေ လာဘူပနိသာနာမေသာ အညာ၊ နိဗ္ဗာန· ဂါမိနိပဋိပဒါ အညာ၊ ဧဝံ လာဘံ လဘိဿာမိတိ ဟိ အာရညိကာဒိ· ဓုတင်္ဂသမာဒါနဝသေန လာဘူပနိသံ ရက္ခန္တဿ ဘိက္ခုနော စတ္တာရော အပါယာ ဝိဝဋ္ဋဒွါရာ ဝေ တိဋ္ဌန္တိ"အစရှိသည်ဖြင့် အဋ္ဌ· ကထာဆရာ မိန့်မှာဖွင့်ပြတော်မူပါသည်။

ထိုသို့ လာဘ်သပ္ပကာစသည်ကို လိုချင်တောင့်တသဖြင့် အာရုဏ်ကင် မူတင်စသည်ကို ဆောက်တည်ကျင့်သုံးသူများ ရှိတတ်သည်ကိုလည်း "လာဘကမျှာ န သိက္ခတိ"ဟူသော မဟာနိဒ္ဒေသပါဠိတော် ပုရာဘေဒ သုတ်ဝါကျ၏ အဖွင့်နိဒ္ဒေသ၌ ကျယ်ဝန်းပြည့်စုံစွာ ဟောကြားတော် မူပါသည်၊ အလိုရှိက ထိုသုတ်မှာ ကြည့်ရှုပါလေ။

ပဉ္စဂ်ုတ္တရပါဠိတော် အာရညိကသုတ်၌လည်း—

၁။ မိုက်မဲတွေဝေခြင်းကြောင့် ဓုတင်ဆောက်တည်သူ။

၂။ လာဘ်သပ္ပကာ ဥစ္စာမျှော်ကိုး အလိုဆိုးနှိပ်စက်ခြင်းကြောင့် ဓုတင် ဆောက်တည်သူ။

၃။ ရူးသွပ်ပျံ့လွင့်ခြင်းကြောင့် ဓုတင်ဆောက်တည်သူ။

၄။ ဘုရားစသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော ကျင့်စဉ် ဖြစ်သောကြောင့် ဓုတင်ဆောက်တည်သူ။

၅။ အလိုနည်းပါး ရောင့်ရဲလွယ်သော တရားကိုမှီ၍ ဤမြတ်သောဓုတင် တရားကို လိုလားနှစ်သက်ခြင်းကြောင့် ဓုတင်ဆောက်တည်သူ—

ဟု ဓုတင်တပါးတပါး၌ ဓုတင်ဆောက်တည်သူ ငါးမျိုး ငါးမျိုးစီ ရှိကြောင်းကို—

"ပဉ္စိမေ ဘိက္ခဝေ အာရညိကာ၊ ကတမေ ပဉ္စ၊ မန္ဒတ္တာ မောမူ- ဟတ္တာ အာရညိကော ဟောတိ၊ ပါပိစ္ဆော ဣစ္ဆာပကတော အာရညိကော ဟောတိ"အစရှိသည်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ဤပါဠိတော်၌ "ပါပိစ္ဆော ဣစ္ဆာပကတော အာရညိကော ဟောတိ"ဟူသော ဝါကျဖြင့် လာဘ်သပ္ပကာ ဥစ္စာမျှော်ကိုး အလိုဆိုး နှိပ်စက်ခြင်းကြောင့် ဓုတင်ဆောက်တည်သူကို သရုပ်ပြဟောတော်မူသည်၊ ထိုပုဂ္ဂိုလ်သည် ဤသို့ အာရညကင်ဓုတင် ဆောက်တည်သဖြင့် တောအရပ်၌ နေသော ငါ့အား "ဤရဟန်းသည် အာရညကင် ဓုတင်ကို ဆောက်တည် သော ရဟန်းတည်း"ဟု အောက်မေ့ကြည်ညိုကုန်သော ဒါယကာတို့သည် ပစ္စည်းလေးပါးတို့ဖြင့် လေးစားစွာ ပူဇော်ခြင်းကို ပြုကုန်လတံ့"ဤရဟန်း သည် "မကောင်းမှုကို ရှက်တတ်၏၊ အပေါင်းမမျှော် အဖော်မမှီး တကိုယ်

ထည်းတိတ်တိတ် ကာမဂုဏ်အာရုံဆိတ်သည့် တောရိပ်၌နေတတ်၏၊ ဤသို့ အစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့်လည်း ချီးမွမ်းကြကုန်လတံ့”ဟု လာဘ်သပ္ပကာ များစွာပြည့်စုံ ကျော်စောဂုဏ်ကို အာရုံပြုကာ တောင့်တရှာသည့် တဏှာသိုးပုတ် အလိုယုတ်၌ ငုတ်တုတ်တည်နေသည်ဖြစ်၍ ထိုတဏှာပုတ်သိုး အလိုဆိုးသည် လွှမ်းမိုးနှိပ်စက်အပ်သည် ဖြစ်သောကြောင့် အာရညကင် ရူတင် ပဋိပတ်အကျင့်ရပ်ကို မြင့်မြတ်သော သဒ္ဓါ မရှိပါဘဲ ဥစ္စာများမြောင် လာဘ်ရအောင်ဟု အယောင်ဆောင် တောထွက်သူဖြစ်သတည်း။

ထို့ကြောင့် ရင်းအဋ္ဌကထာ၌—

“ပါပိစ္ဆော ဣစ္ဆာပကတောတိ အရညေ မေ ဝိဟရန္တဿ အယံ အာရညိကော”တိ စတုပစ္စယသက္ကာရံ ကရိဿန္တိ၊ အယံ လဇ္ဇီ ပဝိဝိတ္တောတိအာဒိဟိ စ ဂုဏေဟိ သမ္ဘာဝေဿန္တီတိ ဧဝံ ပါပိကာယ ဣစ္ဆာယ ဌတွာ တာယ ဧဝ ဣစ္ဆာယ အဘိဘူတော ဟုတွာ အာရညိကော ဟောတိ”ဟူ၍ ဖွင့်ဆိုတော်မူလေသည်။

ကြွင်းသော ပံသုကူလိက ရူတင်စသည်တို့၌လည်း“မိုက်မဲတွေဝေခြင်းကြောင့် ရူတင်ဆောက်တည်သူ”စသည်ဖြင့် ရူတင်တပါ တပါး၌ ဆောက်တည်သူ ငါးမျိုးငါးမျိုးရှိကြောင်းကို အလားတူဟောတော်မူပါသည်။

ပါရာဇိကဏ်ပါဠိ အဋ္ဌကထာ စတုတ္ထသိက္ခာပုဒ် ဝိနီတဝတ္ထု၌လည်း လာဘ်သပ္ပကာ ကြော်ငြာသတင်း ဘုန်းကြီးခြင်းကို လိုချင်တောင့်တ၍ တောထွက်သောရဟန်း ဆွမ်းခံသောရဟန်း စသည်တို့ကို ဝတ္ထုသက်သေ နှင့်တကွ ဒုက္ကဋ်အာပတ်တပ်၍ ဟောတော်မူပါသည်။

## မရဏဿတိနှင့် ဒုစရိုက်

ပြန်လည်ဆက် သက်ရေးသားပါဦးမည် “မရဏဿတိ မည်ရှိသညာ ဘာဝနာသည် ဖော်ပွားမှသာ ထင်သာစေ၏” ဟူသော အဋ္ဌကထာ ဆရာ မိန့်မှာမြွက်ကြား ဆိုစကားသည်လည်း မမှားကေန် တကယ်မှန်၏၊ ဆိုတတ်သူ....“ဇာတိယာ နာနာဘာဝေါ မရဏေန ဝိနာဘာဝေါ” ဟူသော အဋ္ဌကထာအရ “ပဋိသန္ဓေ မသေမပျောက် နေရခြင်းဖြင့် ကွေကွင်း

ရခြင်းသဘောရှိ၏၊ မွေးလျှင်သေရ ကေန္တမို့ ဘဝသေမင်း ချေဖျက်ခွင်းသဖြင့် ကွေကွင်းရသော သဘောရှိ၏”ဟု ပဋိသန္ဓေနေခြင်း သေခြင်းတည်းဟူသော ကွေကွင်းကြောင်းနှင့်တကွသော ကွေကွင်းခြင်း။ နာနာဘာဝ ဝိနာဘာဝ ဓမ္မတာကို လေ့လာပွားများ စဥ်းစားဆင်ခြင်သောသူအား မရဏဿတိ မည်ရှိသညာ ဘာဝနာသည် ကောင်းစွာမသေ့ ထင်လာပေမည် မဟုတ်ပါလော။

ဤသို့ပြဆိုခဲ့ပြီးသော သဘာဝယုတ္တိဖြင့်ပင် ပြည့်စုံလုံလောက်ပြီ ဖြစ်သောကြောင့် ဤသို့ မရဏဿတိ ထင်ရာ၌ ထောက်ထားသိမြင်ဘွယ် ပါဠိဒေသနာ အာဂမယုတ္တိကို ထုတ်ညွှန်ပြဆိုရန်မလိုတော့ပါ၊ ဤဆဌ ပစ္စဝေက္ခဏာကို ဆင်ခြင်ပွားများရာ၌ ရရှိအပ်သော အကျိုးဆက်အဖြစ် အားဖြင့် ရေးသားဖေါ်ပြလိုသည်မှာ ဤသို့ မရဏဿတိသညာ ဘာဝနာသည် ကောင်းစွာမသေ့ ဖြစ်ပေါ်လာလေသောကြောင့်လည်း သုံးတွေ့သော ါရ၌ မစောင့်စည်းမှုဟူသော အသံဝုတာကာရသည် မရှိနိုင်တော့ခြင်းပင် ဖြစ်လေသည်။

ထိုစကားမှန်၏ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား အသက်ရှင်မှု၌ ယစ်ခြင်းဟုဆိုအပ်သော ဇီဝိတမဒ မာန်မာနတရားသည် ထင်ရှားရှိ၏၊ ထိုဇီဝိတ မာန်မာနတရားဖြင့် မြင့်ကြွားမာန်ယစ်ကြကုန်သောကြောင့် ဒုစရိုက်တရားတို့ကို ပြုမှားကျူးလွန်ကြလေသည်၊ မရဏဿတိ မည်ရှိသညာ ဘာဝနာကို ကောင်းစွာထင်ထင် အစဥ်ပွားများသော သူသည်၊ ဝါ၊ မရဏဿတိ မည်ရှိသညာ ဘာဝနာသည် ကောင်းစွာဖြစ်ပေါ်သော သူအား ဇီဝိတမဒ မာန်မာနတရားကို အကြွင်းမဲ့သော်လည်း ဖယ်ရှားနိုင်ရာ၏၊ ဇီဝိတမဒ မာန်မာနတရား ခေါင်းပါးခြင်းသော်လည်း ဖြစ်၏၊ ထိုသို့ အကြောင်းဖြစ်သော ဇီဝိတမဒ မာန်မာနတရားသည် ပျက်ပြားပျောက်သုဉ်း၍ ကုန်ဆုံးခြင်းသို့ရောက်ခဲ့လျှင် အကျိုးတရားဖြစ်သော မစောင့်စည်းမှု ဒုစရိုက်ဆယ်ဖြာ ကံယုတ်မာတို့သည် အဘယ်မှာ ဖြစ်ပေါ်နိုင်တော့ပါအံ့နည်း၊ ထို့ကြောင့် ပဥ္စင်္ဂုတ္တရပါဠိတော် ဌာနသုတ်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

“ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ မရဏဓမ္မောမှိ၊ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ၊ အတ္ထိ ဘိက္ခဝေ သတ္တာနံ

ဇီဝိတေ ဇီဝိတမဒေါ၊ ယေန မဒေန မတ္တာ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တေသံ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ယော ဇီဝိတေ ဇီဝိတမဒေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနုဝါ ပန ဟောတိ၊ ဣဒံ ခေါ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ မရဏဓမ္မောမှိ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ”။

## မရဏဿတိသညာအကျိုး

ရှင်းပြင် ဤမရဏဿတိသညာ ထင်ရာ၌ ရရှိအပ်သောအကျိုးကို ဝိသုဒ္ဓိမဂ်လာတိုင်း ရေးသားဖော်ပြပါဦးမည်။

၁။ ဣမဉ္စ ပန မရဏဿတိံ အနုယုတ္တော ဘိက္ခု သတတံ အပ္ပမတ္တော ဟောတိ–ဤမရဏဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသောရဟန်းသည် အမြဲကုသိုလ်တရားတို့၌ မမေ့မလျော့သည်ဖြစ်၏။

၂။ သဗ္ဗဘဝေသု အနဘိရတိသညံ ပဋိလဘတိ–အလုံးစုံသော ဘဝတို့၌ မမွေ့မလျော်ခြင်းနှင့်ယှဉ်သော အမှတ်ကိုရ၏။

၃။ ဇီဝိတနိကန္တိံ ဇဟာတိ–ဇီဝိတိန္ဒြေ၌ တပ်နှစ်သက်ခြင်းတဏှာကို ပယ်စွန့်၏။

၄။ ပါပဂရဟီ ဟောတိ–မကောင်းမှုကို ကဲ့ရဲ့တတ်၏။

၅။ အသန္နိဓိဗဟုလော ပရိက္ခာရေသု ဝိဂတမလမစ္ဆေရော– သိုဒ်းသိမ်းဆည်းမှု မများသည်ဖြစ်၍ အသုံးအဆောင် ပရိက္ခရာတို့၌ အညစ်အကြေးဟူသော မစ္ဆရိယကင်း၏။

၆။ အနိစ္စသညာစဿ ပရိစယံ ဂစ္ဆတိ–အနိစ္စသညာသည် လေ့ကျက်ခြင်းသို့ ရောက်၏။

၇။ တဒနုသာရေနေဝ ဒုက္ခသညာ အနတ္တသညာ စ ဥပဋ္ဌာတိ– ထိုအနိစ္စသညာသို့ အစဉ်လိုက်သဖြင့်သာလျှင် ဒုက္ခသညာသည်ရှင်း အနတ္တသညာသည်ရှင်း ထင်၏။

၈။ ယထာ အဘာဝိတမရဏာ သတ္တာ သဟသာ ဝါဠမိဂယက္ခသပ္ပ· စောရဝဓကောဘိဘူတာ ဝိယ မရဏသမယေ ဘယံ သန္တာသံ သမ္မောဟံ အာပဇ္ဇန္တိ၊ ဧဝံ အနာပဇ္ဇိတွာ အဘယော အသမ္မူဠော ကာလံ ကရောတိ—မရဏဿတိကမ္မဋ္ဌာန်းကို မပွားများကုန်သော သတ္တဝါတို့သည် သားရဲ,ဘီလူး,မြွေ,ခိုးသူ လူသတ်သမားတို့သည် နှိပ်စက်အပ်ကုန်သည်နှင့်တူစွာ သေခါနီးကာလ၌ ကြောက်ခြင်း, တုန်လှုပ်ခြင်း,တွေဝေခြင်းသို့ ရောက်ကြရကုန်သကဲ့သို့ မရောက်မူ၍ မကြောက်မရွံ့ မတွေဝေဘဲသာလျှင် သေခြင်းကိုပြု၏။

၉။ သစေ ဒိဋ္ဌေဝ ဓမ္မေ အမတံ နာရာဓေတိ၊ ကာယဿ ဘေဒါ သုဂတိပရာယဏော ဟောတိ— မျက်မှောက်သော ကိုယ်၌ပင်လျှင် နိဗ္ဗာန်သို့ မရောက်သေးသည်ဖြစ်အံ့၊ ခန္ဓာကိုယ်၏ ပျက်စီးသည်မှ နောက်ဘဝ၌ သုဂတိလျှင် လည်းလျောင်းရာ လားရာရှိ၏။

အဓိပ္ပါယ်—ဤအဋ္ဌကထာပါဌ်၌ မရဏဿတိ˚ အနုယုတ္တော ဘိက္ခုဖြင့် မရဏဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ရဟန်းသည်ဟု ဆိုသော်လည်း ထိုသို့ ပွားများကာမျှသော ရဟန်းသည်ပင် ဤအကျိုးတရားတို့ကို ရနိုင်ပါလျှင် မရဏဿတိထင်သော ရဟန်းသည်ကား အဘယ်မှာ မရဘဲရှိအံ့နည်း၊ ထို့ကြောင့် ဤသို့ ဝိသုဒ္ဓိမဂ်ကို ထုတ်ပြခြင်းသည် သက်ဆိုင်သော ထုတ်ပြခြင်းဖြစ်၏ ဟူလို။

သန္နိဓိခုနှစ်မျိုး— ဤအဋ္ဌကထာပါဌ် အပေါင်းတို့တွင် အမှတ် (၅) "အသန္နိဓိကာရပရိဘောဂေန ပရိက္ခာရေသု ဝိဂတမလမစ္ဆေရော" ဟူသော ဝါကျ၌ သန္နိဓိသိုမှီးခြင်းဟူသည်မှာ ဝိနည်းသိက္ခာပုဒ် အစွမ်းအားဖြင့်ဖြစ်သော သန္နိဓိ, သလ္လေခ၏ အစွမ်းအားဖြင့်ဖြစ်သော သန္နိဓိဟူ၍ နှစ်မျိုးအပြား ရှိပါသည်။

ယနေ့ အကပ်ခံအပ်သောဆွမ်းကို မပေးမစွန့်မူ၍ နက်ဖန်အရုဏ် တက်သည့်တိုင်အောင် သိုမှီးခြင်းသည် သန္နိဓိကာရကမည်၏၊ ထိုဆွမ်းကို စားသုံးခြင်းသည် သန္နိဓိကာရကပရိဘောဂမည်၍ ဝိနည်းသိက္ခာပုဒ်၏ အစွမ်းအားဖြင့် ပါစိတ်အာပတ်သင့်၏၊ သုတ္တန်၏ အစွမ်းအားဖြင့် သလ္လေခ အကျင့်ပျက်၏။

၎င်းနှစ်ပါးတို့၏အထူးကို သိမှတ်ရန်လက္ခဏာမှာ ယနေ့ မိမိရသော ဆွမ်းကို သာမဏေတို့အားပေး၍ သိမ်းဆည်းစေပြီးလျှင် နောက်တနေ့၌ လဲလှယ်ခြင်းပရိဝတ္တနအားဖြင့်သော်၎င်း၊ အကျွမ်းဝင်၍ယူခြင်း ဝိဿာ-သဂ္ဂါဟအားဖြင့်သော်၎င်း သုံးဆောင်ခြင်းသည် အာပတ်မသင့် သလ္လေခ အကျင့်ပျက်၏။

ပါနသန္နိဓိဟူသည်မှာ–သရက်အဖျော်အစရှိသော အဖျော်ရှစ်ပါးကို ထို့အတူ သိုမှီးသိမ်းဆည်းခြင်းပင်တည်း။

ဝတ္ထသန္နိဓိဟူသည်မှာ–အဝတ်သင်္ကန်းကို သိုမှီးသိမ်းဆည်းခြင်းတည်း ထိုသို့ သိုမှီးသိမ်းဆည်းရာ၌ အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ သိုမှီးသိမ်းဆည်းလျှင် သန္နိဓိဖြစ်၍ ဝိနည်း၏အစွမ်းအားဖြင့် အာပတ်သင့်၏ သုတ္တန်၏အစွမ်း အားဖြင့် သလ္လေခအကျင့်ပျက်၏၊ အဓိဋ္ဌာန်ဝိကပ္ပနာပြု၍ သိမ်းဆည်း လျှင်ကား သလ္လေခဂုဏ်ပျက်သော်လည်း အာပတ်မသင့်၊ ဝိနည်းပရိယာယ် မပါ သုတ္တန်ဒေသနာသက်သက်အားဖြင့် ရေးသားဖော်ပြရပါလျှင် ရဟန်း တို့မည်သည်မှာ ဒုကုဋ်,ကောစီ,သင်းပိုင်ဟုဆိုအပ်သော တိစီဝရိက်သင်္ကန်း ဖြင့်သာလျှင် မျှတရှောင့်ရဲ သောဘာနဲ့၍ အမြဲတန်း ကျင့်ကြံအားထုတ် အပ်၏၊ လေးထည်ပြည့်မြောက် နောက်ထပ်သင်္ကန်းကို ရခဲ့လျှင် တပါးသော ရဟန်းအား ပေးလှူအပ်၏၊ အကယ်၍ ဟူးဟူးညားညား တွေ့သမျှ ရဟန်းအား မပေးလိုသည်ဖြစ်အံ့၊ မိမိပေးလိုသော ရဟန်းရောက်လာသည် နှင့်တပြိုင်နက် ပေးလှူအပ်၏၊ အကယ်၍ မပေးဘဲဆိုင်းငံ့ထားသည်ရှိသော် သလ္လေခဂုဏ်ပျက်၏ သင်္ကန်းလျာပုဆိုး မလောက်မလောက်မသေည်ဖြစ်၍ မျှော်သင့် ဆိုင်းငံ့လျက် သင်္ကန်းကာလအတွင်း သိုမှီးခြင်းငှါ၎င်း အပ်,အပ်ချည်သင်္ကန်း ချုပ်ဆိုးသူတို့ကို မရခဲ့လျှင် သင်္ကန်းကာလထက်လွန်၍ ဝိနည်းကံအား လျော်စွာ ထားခြင်းငှါ၎င်း အပ်၏၊ ဤသင်္ကန်း ဟောင်းနွမ်းဆွေးမြေ့ သည်ရှိသော် "အသစ်တဘန် အဘယ်မှာရနိုင်အံ့နည်း"ဟု နှလုံးသွင်း ကာ နှမြောတွန့်တိုသောကြောင့် သိုမှီးလျှင်ကား သန္နိဓိလည်းဖြစ်၏၊ သလ္လေခ အကျင့်လည်းပျက်၏။

ယာနသန္နိဓိဟူသည်မှာ– ထမ်းစဉ်, ရထား, လှည်း စသည်တို့ကို သိမ်းဆည်းခြင်းတည်း၊ သို့ရာတွင် "နေတံ ပဗ္ဗဇိတဿ ယာနံ" ဟူသော အဋ္ဌကထာများနှင့်အညီ ထိုထမ်းစဉ် ရထား လှည်း စသည်တို့သည် ရဟန်းတို့အားအပ်သော ရဟန်းတို့သုံးဆောင်ကောင်းသော ယာဉ်များ

မဟုတ်ကုန်၊ ဤအရာ၌ ရဟန်းတို့အားအပ်သော ရဟန်းတို့၏ယာဉ်သည် ကား ဘိနပ်သာလျှင်ဖြစ်၏၊ ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ မဟာ နိဒ္ဒေသအဋ္ဌကထာတို့၌ "ဥပါဟနာ ပန ပဗ္ဗဇိတဿ ယာနံ ယေဝ"ဟု မိန့်ဆိုတော်မူကြလေသည်။

ဆက်ပါဦးမည်၊ရဟန်းတပါးအတွက် တောစီးဘိနပ်တရံ ကျောင်းစီး ဘိနပ်တရံဟူ၍ အလွန်ဆုံးနှစ်ရံသာလျှင်ထားသင့်၏၊ သုံးရံမြောက်ဘိနပ်ကို ရသည်ရှိသော် တပါးသောရှင်ရဟန်းအား ပေးလှူအပ်၏၊ မပေးမလှူဘဲ သိုမှီးသိမ်းဆည်းသည်ရှိသော် သန္နိဓိလည်းဖြစ်၏ သလ္လေခသည်းပျက်၏။

သယနသန္နိဓိဟူသည်မှာ— "သယနဿ သန္နိဓိ" ဟူသည်နှင့်အညီ ညောင်စောင်းကုတင်ကို သိမ်းဆည်းခြင်းတည်း၊ ရဟန်းတပါးအတွက် အိပ်ခန်းတွင်း၌ ညောင်စောင်းကုတင်တခု နေ့သန့်စင်ရာနေရာ၌ ညောင် စောင်းကုတင်တခုအားဖြင့် အလွန်ဆုံးနှစ်ခုသာလျှင် ထားသင့်၏၊ ထို့ထက် အပိုအလွန်ကိုရလျှင် ပိုလွန်သမျှကို ရဟန်းအားသော်၎င်း, ဂိုဏ်းအား သော်၎င်း ပေးလှူအပ်၏၊ မပေးမလှူဘဲ ထားခဲ့သည်ရှိသော် သန္နိဓိလည်း ဖြစ်၏၊ သလ္လေခအကျင့်လည်းပျက်၏။

ဂန္ဓသန္နိဓိဟူသည်မှာ— နံ့သာ နံ့သာပျောင်းတို့ကို သိုမှီးသိမ်းဆည်း ခြင်းတည်း၊ ရဟန်းအား ယားနာ ပွေး ဝဲ ညှင်း တင်းတိပ်စသော ရောဂါ ဖြစ်သည်ရှိသော် နံ့သာ နံ့သာပျောင်းကို ဆေးအလို့ငှာ သိုမှီးသိမ်းဆည်း အပ်၏၊ထိုနံ့သာ နံ့သာပျောင်းတို့ဖြင့်ကု၍ ရောဂါပျောက်ပြီးသည်ရှိသော် တပါးသောရောဂါသည်အားသော်၎င်း ပေးလှူအပ်၏၊ တံခါး၌ လက် ငါးချောင်းရာကိုပေးခြင်း, ကျောင်းကိုတုံခြေခြင်း စသည်တို့ကိုသော်၎င်း ပြုအပ်၏၊ ထိုသို့ မပြုဘဲ သိုမှီးသိမ်းဆည်းလျှင် သန္နိဓိလည်းဖြစ်၏၊ သလ္လေခ အကျင့်လည်းပျက်၏။

အာမိသသန္နိဓိဟူသည်မှာ— ဆိုခဲ့ပြီးသည်တို့မှကြွင်းသော နှမ်း, ဆန်,ပဲနောက်,ပဲကြီး,အုန်းသီး,ဆား, ငါးသား, အမဲခြောက်,ထောပတ်,ဆီ, တင်လဲစသည်တို့ကို သိုမှီးသိမ်းဆည်းခြင်းတည်း။

ထို့ကြောင့် မဟာနိဒ္ဒေသအဋ္ဌကထာ သီလက္ခန်အဋ္ဌကထာတို့၌—

"အာမိသဿ အန္နာဒိဝုတ္တာဝသေသံ ဒဋ္ဌဗ္ဗံ၊ သေယျထိဒံ? ဣဓေကစ္စော ဘိက္ခု တထာရူပေ ကာလေ ဥပကာရေယ ဘဝိဿန္တီတိ

တိလတဏ္ဍုလ မုဂ္ဂမာသနာဠိကေရလောဏမဏ္ဍမံသဝလ္လူရသပ္ပိတေလဂုဠဘာဇနာဒိနိ အာဟာရာပေတွာ ဌပေတိ”ဟု မိန့်ဆိုလျက်ရှိပါသည်။

ဆက်လက်ရေးသားပါဦးမည်၊ အချို့သော ရဟန်းများသည် ဤဆိုခဲ့ပြီးသည့်အတိုင်း နှမ်း,ဆန်,ပဲနောက်စသည်တို့ကို သိမ်းသိမ်းဆည်း၍ ဆွမ်းခံမထွက်ဘဲ အမြဲတစေ ချက်ပြုတ်ကြော်လှော်၍ စားသုံးလေ့ရှိလေသည်၊ ထိုကဲ့သို့သော ရဟန်းမျိုးသည် ရဟန်းတို့၏ အသက်မွေးမှုဖြင့် အသက်မွေးခြင်းရှိသော ရဟန်းမျိုးမဟုတ်ဘဲ ခေါင်းတုံးသူကြွယ်တို့၏ အသက်မွေးမှုဖြင့် အသက်မွေးလေ့ရှိသော “ မုဏ္ဍကုဋုမ္ဗိကဇီဝိက ” ရဟန်းမျိုးမည်ကြောင်းကိုလည်း “အယံ ဝုစ္စတိ ဘိက္ခု မုဏ္ဍကုဋုမ္ဗိကဇီဝိကံ ဇီဝတိ၊ န သမဏဇီဝိကန္တိ”ဟူ၍ ၎င်းအဋ္ဌကထာတို့၌ မိန့်ဆိုလျက်ရှိပါသည်။

ဤအာမိသသန္နိဓိ၌ ခေါင်းတုံးသူကြွယ်မည်သော ရဟန်းတို့၏ သိမ်းဆည်းပုံ စားသုံးပုံစသည် အလုံးစုံကို ဒုတိယ ပစ္စဝေက္ခဏာကာရ ခေါင်းတုံးသူကြွယ်အခန်း၌လည်း အဋ္ဌကထာလာတိုင်း ဘာသာပြန်ဆို၍ ရေးသားဖေါ်ပြခဲ့ပြီး ဖြစ်ပါသည်၊ အကျယ်ကို အလိုရှိက ပြန်၍ ကြည့်ပါလေ။

ရဟန်းတို့မည်သည် မိမိ၏နေရာ၌ ဆန်တစလယ်,ထန်းသီးမှည့်လုံးခန့်ထန်းလျက်ဘဲ,မထောပတ်တလက်ဆွန်းဘို့ကို အချိန်မတော် ရောက်လာကုန်သော ခိုးသူ ဒါးပြတို့၏ အကျိုးငှာ သိုမှီးသိမ်းဆည်းထားအပ်၏၊ ထိုစကားမှန်၏၊ ဒါးပြ သူခိုး လူဆိုးတို့သည် ဤအနည်းငယ်သော အာမိသကိုမျှ မရသည်ရှိသော် သတ်ကောင်းသတ်ကုန်ရာ၏၊ ထို့ကြောင့် ရှာမှီး၍ထားအပ်၏၊ မကျန်းမမာ ဖျားနာသော အခါတို့၌ မိမိလည်း အပ်သည်ကိုပြု၍ စားသုံးအပ်၏၊ ဤမျှဖြင့် သန္နိဓိမဖြစ်ဟူလို။

ထိုသန္နိဓိမဖြစ်ကြောင်းကို “တံ အတ္တနာပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ” ဟူသော သီလက္ခန်အဋ္ဌကထာ မဟာနိဒ္ဒေသအဋ္ဌကထာတို့ဖြင့် သိအပ်ပါသည်၊ ဓမ္မပဒအဋ္ဌကထာ ဗေလဋ္ဌသီသဝတ္ထု၌လည်း—

“တတ္ထ ဝိဟာရေ ဝသန္တဿ ဘိက္ခုနော ကေါ ဂုဠပိဏ္ဍံ ဝါ ဘာဇနေ တိလတဏ္ဍုလ ဇာနိ ဌပေန္တဿ ပန္နယသန္နိဓယော နတ္ထိ” ဟူ၍ မိန့်ဆိုတော်မူပါသည်။

ဆက်ပါဦးမည်၊ ဤမျှသော အာမိသကို သိမ်းခြင်းသည် တဏှာ ပရိဂ္ဂဟာဖြင့် သိုမှီးခြင်းမဟုတ်ဘဲ ဘေးရန်ကို ကာကွယ်ခြင်းငှာသာ သိမ်းခြင်း ဖြစ်၍ သလ္လေခအကျင့်လည်း မပျက်ဟု ထင်ပါသည်။

မြတ်စွာဘုရားအားကား ဆိုခဲ့သော ဆန်တစလယ် စသည်တို့တွင် တစုံတခုကိုငင်း, လေးတောင်မျှသော ဖျင်ကြမ်းပိုင်းကိုသော်ငင်း ယနေ့ နက်ဖန်အဘို့ နှလုံးသွင်းပြီး သိုမှီး၍ ထားအပ်သည်မည်သည် မရှိလေ။

ထို့ကြောင့် ငင်းသီလက္ခန် မဟာနိဒ္ဒေသအဋ္ဌကထာတို့၌—

"တထာဂတဿ ပန တဏ္ဍုလနာဠိအာဒီသု ဝါ ယံကိဉ္စိ စတု-ရတနမတ္တံ ဝါ ပိလောတိကခဏ္ဍံ ဣဒံ မေ အဇ္ဇ ဝါ သွေ ဝါ ဘဝိဿတီ"တိ ဌပိတံ နာမ နတ္ထိ" ဟူ၍ မိန့်ဆိုတော်မူကြလေသည်။

ဤအနွယ်သန္နိဓိစသော သန္နိဓိခုနစ်ပါးတို့၏ အဓိပ္ပါယ်မှာ သီလက္ခန် အဋ္ဌကထာ ပြဟ္မဇာလသုတ် မဇ္ဈိမသီလအဖွင့် မဟာနိဒ္ဒေသအဋ္ဌကထာ တုဝဋ္ဋကသုတ်အဖွင့်တို့ကိုမှီ၍ ရေးသားဖော်ပြအပ်သော အဓိပ္ပါယ် ဖြစ်ပါသည်။

---

## မစ္ဆရိယငါးမျိုး

ဆက်လက်ဖော်ပြပါဦးမည်၊ ဖော်ပြခဲ့သော အမှတ်(၅) အဋ္ဌကထာ ပါဌ်တွင်"ပရိက္ခာရေသု အမစ္ဆရော"အရ မစ္ဆရိယဟူသည်ကို အောက်ပါ ခုဒ္ဒကပါဌ်ပါဠိတော် မဟာနိဒ္ဒေသပါဠိတော် ဂုဟာဋ္ဌကသုတ်ဘို့ဖြင့် သိအပ်ပါသည်။

'တတ္ထ ကတမာ အဝဒညုတာ၊ ပဉ္စ မစ္ဆရိယာနိ အာဝါသ-မစ္ဆရိယံ ကုလမစ္ဆရိယံ လာဘမစ္ဆရိယံ ဝဏ္ဏမစ္ဆရိယံ ဓမ္မမစ္ဆရိယံ၊ ယံ ဧဝရူပံ မစ္ဆေရံ မစ္ဆရာယနာ မစ္ဆရာယိတတ္တံ ဝေဝိစ္ဆံ ကဒရိယံ ကဋုကဉ္စုကတာ အဂ္ဂဟိတတ္တံ စိတ္တဿ၊ အယံ ဝုစ္စတိ အဝ-ဒညုတာ"။

အနက်—တတ္ထ၊ ထိုဥဒ္ဒေသပါဠိ၌။ အဝဒညုတာ၊ "ပေးလှူသော ကောင်းမှုပြုလော"ဟု ဆိုအပ်သော မြတ်စွာဘုရား၏ စကားတော်ကို မနာတတ် မသိတတ်သူ၏အဖြစ်သည်။ ကတမာ၊ အဘယ်နည်း။ အာဝါသ-မစ္ဆရိယံ၊ကျောင်းကန်စသော အာဝါသ၌ ဝန်တိုခြင်းငှင်း။ ကုလမစ္ဆရိယံ၊ ဒကာ,ဒကာမ ဆွေမျိုးစသည်၌ ဝန်တိုခြင်းငှင်း။ လာဘမစ္ဆရိယံ၊ လာဘ် သပ္ပကာ၌ဝန်တိုခြင်းငှင်း။ ဝဏ္ဏမစ္ဆရိယံ၊ အသွင်အဆင်းနှင့် ဂုဏ်သတင်း၌ ဝန်တိုခြင်းငှင်း။ ဓမ္မမစ္ဆရိယံ၊ တရား၌ ဝန်တိုခြင်းငှင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ မစ္ဆရိယာနိ၊ ဝန်တိုခြင်းတို့ကိုငှင်း။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ယံ မစ္ဆေရံ၊ အကြင်ဝန်တိုခြင်းသည်။ ဧဝရူပါ၊ သော။ ယာ မစ္ဆရာယနာ၊ အကြင်ဝန်တိုသော အခြင်းအရာသည်။ ဧဝရူပံ၊ သော။ ယံ ဝေဝိစ္ဆံ၊ အကြင်ဖြန့်ဝေခြင်းငှာ အလိုမရှိသောသူ၏အဖြစ်သည်။ ဧဝရူပံ၊ သော။ ယံ ကဒရိယံ၊ အကြင်မရိုသေသောသူ၏ အဖြစ်သည်။ ဝါ၊ စဉ်းလဲခြင်းသည်။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ ယာ ကဋုကဉ္စု-ကတာ၊ အကြင်အလှူခံကိုမြင်လျှင် စပ်ခါး ရွံမုန်းခြင်း၏အဖြစ်ဖြင့် စိတ်ကို တွန့်တိုစေသူ၏ အဖြစ်သည်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ စိတ္တဿ၊ စိတ်၏။ ယံ အဂ္ဂဟိတတ္တံ၊ အကြင်ကျယ်ပြန့်ပွင့်လင်းစွာ မယူသည်၏အဖြစ် သည်။ ဝါ၊ တနည်းကား။ စိတ္တဿ အဂ္ဂဟိတတ္တံ၊ စိတ်တားကွင်းမြှောင်း ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤမစ္ဆေရ,မစ္ဆရာယနစသော အလုံးစုံ ကိုငှင်း။ အဝဒညုတာ၊ အဝဒညုတာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အမှာ— အဝဒညုတာကို အနက်ပေးရာ၌ အောက်ပါသမ္မောဟဋ္ဌကထာကို မှီပါသည်။

"အဝဒညုတာတိ ထဒ္ဓမစ္ဆရိယဝသေန "ဒေဟိ ကရောဟိ"တိ ဝစနဿ အဇာနနတာ"။

မစ္ဆရိယံ မစ္ဆရာယနာစသည်တို့ကို အနက်ပေးရာ၌လည်း မဟာ နိဒ္ဒေသ အဋ္ဌကထာ ဂုဟဋ္ဌကသုတ်ကို မှီပါသည်။

၁။ အာဝါသမစ္ဆရိယ—"အာဝါသမစ္ဆရိယ"ဟူသည်မှာ ဥမိန်ရာ တိုက်တာကျောင်းကန်အတွင်း၌ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသော သူ ကောင်းရဟန်း၏ နေထိုင်ဝင်ထွက်ခြင်းကို မလိုမုန်းတီး ဝန်တိုခြင်း ပင်တည်း။

ခိုက်ရန်ဖြစ်ခြင်းစသော မကောင်းမှုကိုပြုတတ်သော ဒုဿီလ ရဟန်း၏ ဝင်ထွက်နေထိုင်ခြင်းကို မလိုလားမှုသည်ကား "အာဝါသ· မစ္ဆရိယ"မဟုတ်၊ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

"ဘဏ္ဍနကာရကာဒီနံ ပန တတ္ထ ဝါသံ အနိစ္ဆတော အာဝါသ· မစ္ဆရိယံ နာမ န ဟောတိ"ဟု မိန့်ဆိုလျက်ရှိလေသည်။

ဆိုခဲ့သည့်အတိုင်း သူတော်ကောင်းရဟန်း၏ ဝင်ထွက်နေထိုင် ခြင်းကို မလိုမုန်းတီးခြင်းဟူသော အာဝါသမစ္ဆရိယကြောင့် ဘီလူး သို့မဟုတ် ပြိတ္တာဖြစ်၍ ထိုတိုက်တာကျောင်းကန်၏ အမှိုက်အညစ် အကြေးတို့ကို ခေါင်းဖြင့်ရွက်၍ လှည့်လည်ရတတ်၏။

တနည်းကား— သံအိမ်လောင်ချိုင့်အတွင်း၌ ပူလောင်ကျွမ်းကျက်၍ နေရတတ်၏။

၂။ ကုလမစ္ဆရိယ— "ကုလမစ္ဆရိယ" ဟူသည်မှာ မိမိ၏ဒကာ, ဒကာမ ဆွေမျိုးစသူတို့၏အိမ်သို့ သီလရှိ သူတော်ကောင်းရဟန်းများ ထွက်ဝင်ဆက်ဆံသည်ကို ဝန်တိုခြင်း အလိုမရှိခြင်းတည်း။

ထိုဒကာ,ဒကာမ ဆွေမျိုးစသည်တို့၏ ကြည်ညိုမှုပသာဒတရားကို ပျက်ပြားအောင် ပြုမူကျင့်ကြံတတ်သော အလဇ္ဇီဒုဿီလရဟန်း၏ ထွက် ဝင်ဆက်ဆံခြင်းကို အလိုမရှိမှုသည်ကား မစ္ဆရိယမဖြစ်၊ ထို့ကြောင့် မဟာနိဒ္ဒေသအဋ္ဌကထာ ဂုဟဋ္ဌကသုတ်အဖွင့်၌— "ပါပပုဂ္ဂလဿ ပန ဥပသင်္ကမနံ အနိစ္ဆတောပိ မစ္ဆရိယံနာမ န ဟောတိ၊ သော ဟိ တေသံ ပသာဒ ဘေဒါယ ပဋိပဇ္ဇတိ" ဟူ၍ မိန့်တော်မူလေသည်။

ဆိုခဲ့သည့်အတိုင်း သီလရှိ သူတော်ကောင်းရဟန်းများ ထွက်ဝင် ဆက်ဆံခြင်းကို ဝန်တိုခြင်းဟူသော မစ္ဆရိယတပ်သောသူသည် ထိုဒကာ, ဒကာမ,ဆွေမျိုးစသူတို့အိမ်၌ တပါးသော ရဟန်းအား အလှူပေးခြင်း မြတ်နိုးပူဇော်ခြင်းစသည်ကို မြင်သည်ရှိသော်"ငါ၏ဒကာ,ဒကာမ,ဆွေမျိုး စသူများ သူတပါးဘက်ပါ၍ ပျက်စီးလေပြီ"ဟု အောက်မေ့စိုးရိမ် သဖြင့်၊ဝါ၊ အောက်မေ့စိုးရိမ်သောရဟန်းအား သွေးအန်ခြင်း သွေးဝမ်း သွားခြင်းသည်မှုလည်းဖြစ်၏ အူသိမ်,အူမတို့ အပိုင်းအပိုင်းပြတ်၍မှုလည်း ထွက်ကုန်၏။

တနည်းကား–ဤကုလမစ္ဆရိယကြောင့် လာဘ်သပ္ပကာ ဥစ္စာပါးနဲ မွဲ၍ဆင်းရဲတတ်၏။

၃။ **လာဘမစ္ဆရိယ**– "လာဘမစ္ဆရိယ"ဟူသည်မှာ သူတော် ကောင်းရဟန်း ပစ္စည်းလေးပါးရသည်ရှိသော် မရစေလို ဝန်တိုခြင်းပင် တည်း။

အကြင်ဒုဿီလရဟန်းသည်ကား၊ လာဘေန လာဘံ နိဇိဂီသနတာ သဘော၊ သဒ္ဓါဒေယျဝိနိပါတသဘောတို့ဖြင့် မိမိရသောလာဘ်သပ္ပကာကို ဒါယကာတို့အားပေး၍ ပစ္စည်းရှာခြင်းကိုသော်လည်းပြုတတ်၏၊ရဟန်းတု ရဟန်းယောင်တို့၏ သုံးဆောင်ခြင်း မရှိမသေသုံးဆောင်ခြင်း စသည် တို့ဖြင့် ပစ္စည်းလေးပါးနှင့် ဒါယကာတို့၏ သဒ္ဓါတရားကိုမူလည်း ဖျက်ဆီး တတ်၏၊ ပုတ်သိုးဆွေးမြေ့သော်လည်း သူတပါးအား ပေးခြင်းမရှိ၊ ဤသို့သော အခြင်းအရာကိုမြင်၍ဤဒုဿီလရဟန်း ရယူခြင်းထက် သီလရှိ သူတော်ကောင်းရဟန်း ရလျှင် ကောင်းလေစွဟု ကြံစည်တွေးတော၍ စိတ်စောမှုသည်ကား မစ္ဆရိယမဟုတ်၊ ထို့ကြောင့် ဋီကာဆရာတို့ ဆိုတော်မူသည်—

"ယော ပန သဒ္ဓါဒေယျံ ဝိနိပါတေတိ၊ အပရိဘောဂဒုပ္ပရိ- ဘောဂါဒိဝသေန ဝိနာသေတိ၊ ပူတိဘာဝံ ဂစ္ဆန္တမ္ပိ အညဿ န ဒေတိ၊ တံ ဒိသွာ သစေ ဧတမ္ပိ ဧသ န လဘေယျ၊ အညော သီလဝါ လဘေယျ၊ ပရိဘောဂံ ဂစ္ဆေယျာတိ စိန္တေန္တဿ မစ္ဆရိယံ နာမ နတ္ထိ"ဟု မိန့်တော်မူလေသည်။

ဤလာဘမစ္ဆရိယဖြင့် သံဃာ့ပစ္စည်း သံဃာ့လာဘ်သပ္ပကာ ဂဏ ပစ္စည်း ဂဏလာဘ်သပ္ပကာတို့ကို ဝန်တို၍ မိမိကိုယ်ပိုင် ပစ္စည်းကို သုံးဆောင်ခြင်းကဲ့သို့ မတရားသုံးဆောင်ခြင်းကြောင့် ဘီလူး, ပြိတ္တာ, စပါးကြီးမြွေ တခုခုဖြစ်၍ ကျင်လည်ရတတ်၏။

တနည်းကား– ဘင်ပုတ်ရေ၌ ကျရောက်ရတတ်သည်။

၄။ **ဝဏ္ဏမစ္ဆရိယ**– "ဝဏ္ဏမစ္ဆရိယ" ဟူသည်မှာ သူတပါးရုပ် အဆင်းနှင့် သီလစသော ဂုဏ်သတင်းကို မနာလို ဝန်တိုခြင်းပင်တည်း။

ထိုနှစ်ပါးတို့တွင် သူတပါး၏ ရုပ်အဆင်းကို မနာလိုဝန်တိုတတ်သူ (သရီရဝဏ္ဏမစ္ဆရီ)သည် သူတပါးကြည်ညိုဖွယ်ရှိသည် လှပတင့်တယ်သည်ကို မပြောလို မကြားလိုဖြစ်တတ်၏၊ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

"တတ္ထ သရီရဝဏ္ဏေ မစ္ဆရီ ပရော ပါသာဒိကော ရူပဝါတိ ဝုတ္တေ တံ န ကထေတုကာမော ဟောတိ" ဟု မိန့်ဆိုတော်မူလေသည်။

သူတပါး၏ သီလစသော ဂုဏ်သတင်းကို မနာလိုဝန်တိုတတ်သူ (ဂုဏဝဏ္ဏမစ္ဆရီ)သည် သီလဓုတင် အကျင့်အာစာရတို့ဖြင့် သူတပါး၏ ဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုခြင်းမပြုလို မကြားလိုရှိတတ်၏၊ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

"ဂုဏဝဏ္ဏမစ္ဆရီ ပရဿ သီလေန ဓုတင်္ဂေန ပဋိပဒါယ အာစာရေန ဝဏ္ဏံ န ကထေတုကာမော ဟောတိ"ဟု မိန့်ဆိုတော်မူလေသည်။

၅။ ဓမ္မမစ္ဆရိယ—"ဓမ္မမစ္ဆရိယ"ဟူသည်မှာ မိမိသင်အံ တတ်သိသော ပရိယတ္တိဓမ္မကို သူတပါးအား မသင်အံ မတတ်သိစေလို ဝန်တိုခြင်းတည်း။

ပရိယတ္တိဓမ္မကို သင်ယူမည့်ပုဂ္ဂိုလ်သည် အလွန်လျှပ်ပေါ်လော်လီသည်ဖြစ်၍ ရံခါရဟန်း၊ ရံခါပုဏ္ဏား၊ တက္ကတွန်းစသည်ဖြစ်ရကား အလွန်သိမ်မွေ့သော တရားနှင့် မထိုက်တန်သောကြောင့် တရားတော်ကို ချီးမြှောက်သောအားဖြင့် မသင်မပေးသော ရဟန်းသည်၎င်း၊ ဤအလွန်နူးညံ့သိမ်မွေ့သော တရားကို သင်အံရယူသည်ရှိသော် ဤရဟန်းသည် "ငါအရိယာဖြစ်ပြီ"ဟု ပလွှားပြောကြား၍ ပျက်စီးလတံ့ဟု ကြံစည်အောက်မေ့ပြီး ပုဂ္ဂိုလ်ကို သနားချီးမြှောက်သောအားဖြင့် မသင်မပေးသော ရဟန်းသည်၎င်း၊ ဓမ္မမစ္ဆရိယရှိသော ဓမ္မမစ္ဆရီပုဂ္ဂိုလ်မဟုတ်သင်ပေးသင့်သည်ဖြစ်လျက် မသင်မပေးမှသာ ဓမ္မမစ္ဆရီဖြစ်သည်ဟူလို။

ထို့ကြောင့် ဂုင်းအဋ္ဌကထာ၌—

"ယော ပန ပုဂ္ဂလံ ဥပပရိက္ခိတွာ ဓမ္မာနုဂ္ဂဟေန ဓမ္မံ ဝါ ဥပ·ပရိက္ခိတွာ ပုဂ္ဂလာနုဂ္ဂဟေန န ဒေတိ၊ အယံ ဓမ္မမစ္ဆရိနာမ န ဟောတိ" စသည်ဖြင့် မိန့်ဆိုတော်မူပါသည်။

ဆိုခဲ့ပြီးသော စတုတ္ထမြောက် ဝဏ္ဏမစ္ဆရိယနှင့်တကွ ဤဓမ္မမစ္ဆရိယ ရှိသော ပုဂ္ဂိုလ်သည် မိမိ၏ဂုဏ်ကျေးဇူးကိုသာလျှင် ချီးကျူးဝါကြွား၍ ပြောကြားတတ်၏၊ သူတပါး၏ အသွင်အဆင်းနှင့် သီလပရိယတ္တိစသော ဂုဏ်သတင်းကိုမူကား ချီးကျူးပြောဆိုခြင်းမရှိသည့်ပြင် အပြစ်ကိုပင် ရှာကြံ၍ သွားပုတ်လေလွှင့် ပြောဆိုတတ်သောကြောင့်ဂုင်း၊ သူတပါးအား တစုံတခုသော ပရိယတ္တိဓမ္မကိုမျှ မသင်မပြ ဝန်တိုလှသောကြောင့်ဂုင်း၊ ဖြစ်လေရာဘဝတို့၌ အဆင်းမလှသူ မကောင်းသတင်း ကျော်ကြားသူ ဆွံ့အထုံထိုင်းသူများ ဖြစ်တတ်၏။

တနည်းကား— ဝဏ္ဏမစ္ဆရိယကြောင့် ဘဝတိုင်း၌ အဆင်းမလှ သတင်းမလှဖြစ်တတ်၏၊ ဓမ္မမစ္ဆရိယကြောင့် ပြာပူငရဲ၌ ခံရတတ်၏။

ဤအာဝါသမစ္ဆရိယစသည် ငါးပါးတို့၏ အသီးသီးသော အကျိုးပေးများကိုလည်း မဟာနိဒ္ဒေသအဋ္ဌကထာ ဂုဟဋ္ဌကသုတ်အဖွင့် စာမျက်နှာ (၉၆)၌လာတိုင်း ပေါ်ပြပါသည်။

---

## မရဏာဿတိမထင်သူများ။

ဤဆဋ္ဌမြောက် ပစ္စဝေက္ခဏာကာရကိုသော်ဂုင်း အလားတူ ဒေသနာတော်လာ နှလုံးသွင်းပွားများဘွယ်တို့ကိုသော်ဂုင်း နှလုံးမသွင်း မပွားများခဲ့ပါလျှင် မရဏဿတိ အနိစ္စသညာစသည် မထင်သောကြောင့် အပြန်အားဖြင့် ရရှိအပ်သော အကျိုးတရားဟူသော ဗျတိရေကဖလ လဒ္ဓဒေါသများမှာကား တဏှာမမတ္တ ဒိဋ္ဌိမမတ္တဟုဆိုအပ်သော "ငါ့ဥစ္စာ ငါ" ဟူသော တပ်မက်စွဲလမ်းခြင်းတို့ဖြင့် တပ်မက်စွဲလမ်းကုန်သည်ဖြစ်၍ တဏှာပရိဂ္ဂဟ ဒိဋ္ဌိပရိဂ္ဂဟတို့ဖြင့် များစွာသော ပစ္စည်းဥစ္စာတို့ကို သိမ်းသိမ်းဆည်းခြင်းနှင့် မစ္ဆရိယတရားတို့ ဖြစ်ပွားတိုးတက်ခြင်းများပင် ဖြစ်ပါသည်။

ထိုစကားမှန်၏၊ ယခုအခါ၌ ဆွေးမြေ့ခြင်း ပိုးထိုးခြင်းစသည်တို့ ကြောင့် သုံး၍မရသည်တိုင်အောင် များစွာသော သက်နိုး ထီး ဘိနပ် တို့ကို မပေးရက် မစွန့်ရက် စုပုံကာ သိုမှီးသိမ်းဆည်းကြကုန်သော သူတို့ကို မြင်တွေ့ကြားသိနေရသည့်ပြင် မစ္ဆရိယတရား အားကြီးကြကုန်သဖြင့် လာဘသက္ကာရ သိလောက ဒကာ,ဒကာမစသည် အကြောင်းတို့ကြောင့် အချင်းချင်း မသင့်မတင့် ဂိုဏ်းကွဲမှုများ မြေယာလုမှု ကျောင်းလုမှုများကို လည်း တွေ့မြင်ကြားသိနေကြရသည်ပင် မဟုတ်ပါလော။

ဆက်ပါဦးမည်၊ ထိုသို့ လောဘ,မစ္ဆရိယအားကြီးလှသော သူများ သည် မိမိတို့ သိုမှီးစည်းရုံး၍ ရရှိအပ်သော ပစ္စည်းလာဘ်သပ္ပကာ ဒကာ, ဒကာမ တပည့်လက်သားစသည်များကို သူတပါးတို့အား ဝေဘန်ပေး ကမ်း၍ လက်လွှမ်းစွန့်ကြကြမည်ကို မဆိုထားဘိ သူတပါးနှင့် ဆက်ဆံခြင်း မျှကိုပင် မလိုလား မနှစ်သက်နိုင်သော သတ္တကေလာယန သင်္ခါ ရကေလာယနပုဂ္ဂိုလ်များ အဖြစ်သို့ပင် ရောက်ရှိကြရလေသည်။

ဤစကားရပ်၌ သတ္တကေလာယနဟူသည်မှာ မိမိ၏တပည့်လက်သား ဒကာ,ဒကာမစသည်များ၌ အလွန်အကျူး တဏှာပူး၍ သူတထူးနှင့် ကူးလူးဆက်ဆံသည်ကိုမျှ သည်းမခံ မနှစ်သက် မရက်ရောနိုင်အောင် အလွန်နှမြောတွန့်တိုတတ်သူများကို ခေါ်ပါသည်၊ ထို့ကြောင့် မူလ ပဏ္ဏာသအဋ္ဌကထာ သတိပဋ္ဌာနသုတ်အဖွင့် စာမျက်နှာ (၃၀၃)၌—

"ဧတ္ထ ယော ပုဂ္ဂလော ဂိဟိ ဝါ အတ္တနော ပုတ္တဓိတာဒိကေ ပဗ္ဗဇိတော ဝါ အတ္တနော အန္တေဝါသိကသမာနုပဇ္ဈာယကာဒိကေ မမာယတိ။ပ။ အယံ သတ္တကေလာယနော နာမ"ဟု မိန့်ဆိုလျက် ရှိပါသည်။

**အဋ္ဌကထာမြန်မာပြန်**— ဤစကားရပ်၌ အကြင်လူသားသည်မှုလည်း မိမိ၏ သားသမီးစသူတို့ကို အကြင်ရဟန်းသည်မှုလည်း မိမိ၏ အနီးနေ တပည့် ဥပဇ္ဈာယ်တူတပည့်တို့ကို အလွန်ကပ်ငြိချစ်ခင်၏၊ ထိုအနီးနေ တပည့်စသူတို့၏ ဆံပင်ရိတ်ခြင်း သင်္ကန်းချုပ်ခြင်း ဖွတ်ခြင်း ဆိုးခြင်း သပိတ်ဖုတ်ခြင်းစသည်တို့ကို မိမိလက်ဖြင့်သာလျှင် ကိုယ်တိုင်လုပ်ဆောင် ပေးလေ့ရှိ၏၊ တမုဟုတ်မျှ မမြင်သည်ရှိသော် "ဤမည်သော သာမဏေ သည် အဘယ်မှာနည်း? ဤမည်သော ရဟန်းငယ်သည် အဘယ်မှာ

နည်း?ဟု ဟစ်ကြွေးခေါ်ဝေါ်၍ စိုးရိမ်တုန်လှုပ်သော သမင်ကဲ့သို့ ထိုမှ ဤမှ ကြည့်ရှုရှာဖွေလေ့ရှိ၏၊ သူတပါးက ခေါင်းရိတ်ခြင်း စသည် အကျိုးငှါ ဤမည်သော သာမဏေကို၊ ဝါ၊ ရဟန်းငယ်ကို တမုဟုတ်မျှ လွှတ်ပေးတော်မူပါဘုရားဟု တောင်းပန်အပ်သည်ရှိသော် "ငါတို့သော်မှ ထိုသာမဏေကို၊ ဝါ၊ ရဟန်းငယ်ကို ငါတို့၏အမှုကိစ္စကို မလုပ်စေကြပါ၊ အရှင်ဘုရားတို့သည် ထိုသာမဏေကို၊ ဝါ၊ ထိုရဟန်းငယ်ကို ခေါ်ယူ၍ ပင်ပန်းစေကုန်လတ့်ဟု ပြောဆိုပြီးလျှင် မပေးဘဲနေတတ်၏၊ ဤသို့သော ရဟန်းသည် သတ္တဝါကို တဏှာမက်မောရတက်ဇောဖြင့် နှမြောချစ်ခင် တတ်သော "သတ္တကေလာယန" မည်၏။

(ပေယျာလဖေါ်၍ မြန်မာပြန်သည်)

"သင်္ခါရကေလာယန" ဟူသည်မှာ— မိမိ၏ပစ္စည်းလေးပါး အသုံးအဆောင်များ၌ အလွန်အကျူး တဏှာပူး၍ သူတထူးနှင့် ကူးလူးဆက်ဆံသည်ကိုမျှ သည်းမခံမနှစ်သက် မရက်ရောနိုင်အောင် အလွန်နှမြောတွန့်တိုတတ်သူများကို ခေါ်ပါသည်၊ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌—

"ယော ပန ပတ္တစီဝရထာလကကတ္တရယဋ္ဌိအာဒိနိ မမာယတိ ။ပ။ အယံ သင်္ခါရကေလာယနော နာမ"ဟု ဆက်လက်မိန့်ဆိုတော်မူပါသည်။

**အဋ္ဌကထာမြန်မာပြန်**— အကြင်ရဟန်းသည်ကား မိမိ၏ သပိတ်, သင်္ကန်း,လင်ပန်း,ပန်းကန်,တောင်ဝှေး စသည်တို့ကို အလွန်တရာ သာယာ နှစ်သက် နှမြောချစ်မက်တတ်၏၊ သူတပါးအား လက်ဖျားဖြင့် ထိပါး ကိုင်တို့ရန်ကိုမျှမပေး၊ ခေတ္တငှားရမ်းခြင်းကို တောင်းပန်သည်ရှိသော် တပည့်တော်တို့သည်လည်း ဤပစ္စည်းကို နှမြောနှစ်သက်ကြကုန်သည်ဖြစ်၍ မသုံးဆောင်ကြပါကုန်၊ အရှင်ဘုရားတို့အား အဘယ်သို့ ငှားရမ်းပေးကမ်းနိုင်ကြကုန်အံ့နည်းဟု ပြောဆိုတတ်၏၊ ဤသို့သော ရဟန်းသည် လေးဖြာပစ္စယ သင်္ခါရကို လောဘမက်မောရတက်ဇောဖြင့် နှမြောချစ်ခင်တတ်သော"သင်္ခါရကေလာယန"ရဟန်းမည်၏။

(ပေယျာလဖေါ်၍ မြန်မာပြန်သည်)

## ပစ္စည်းများ ဘုရားမကြိုက်

ထိုသို့ လာဘ်သပ္ပကာ ဥစ္စာပစ္စည်း သိမ်းဆည်းစုဆောင်းခြင်း ထိုလာဘ်သပ္ပကာ ဥစ္စာပစ္စည်းတို့၌ အလွန်တရာ ချစ်ခင်စွဲမက် နှစ်သက်တွယ်တာခြင်းများသည် မြတ်စွာဘုရား အလွန်တရာ စက်ဆုပ်ရွံရှာသော အလေ့အကျင့်များသာ ဖြစ်လေသည်။

ထိုစကားမှန်၏၊ ပါရာဇိကဏ်ပါဠိတော် ဘေသဇ္ဇသိက္ခာပုဒ်၌ ထောပတ် ဆီဦး ဆီ ပျားရည် တင်လဲတို့ကို သပိတ်စခွဲအိုး စသည်တို့ဖြင့် သိုမှီးသိမ်းဆည်းကြကုန်သော ပိလိန္ဒဝစ္ဆမထေရ်၏ တပည့်အများတို့ကို မြတ်စွာဘုရားသည်—

"ကထံ ဟိ နာမ တေ ဘိက္ခဝေ မောဃပုရိသာ ဧဝရူပါယ ဗာဟုလ္လာယ စေတေဿန္တိ" အိုရဟန်းတို့ အဘယ်ကြောင့်လျှင် မင်္ဂဖိုလ်မရ ကိစ္စမပြီး အချည်းနှီးဖြစ်ကုန်သော ထိုယောကျ်ားတို့သည် ဤသို့ သဘောရှိသော ပစ္စည်းဥစ္စာ များစွာကြွယ်ဝ ပေါများလှသည်၏အဖြစ် အကျိုးငှါ စေ့ဆော်အားထုတ် ပြုလုပ်ကြကုန်သနည်း" စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူ၍ သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူလေသည်။

ပါစိတ်ပါဠိတော် သန္နိဓိသိက္ခာပုဒ်၌လည်း ထမင်းခြောက်ကို သိုမှီးသိမ်းဆည်း၍ သုံးဆောင်လေ့ရှိသော ဗေလဋ္ဌသီသမထေရ်ကို—

"ကထံ ဟိ နာမ တွံ ဗေလဋ္ဌသီသ သန္နိဓိကာရကံ ဘောဇနံ ဘုဥ္ဇိဿသိ" အိုဗေလဋ္ဌသီသ အဘယ်ကြောင့်လျှင် သင်သည် သိုမှီးသိမ်းဆည်းအပ်သော ဘောဇဉ်ကို သုံးဆောင်ရဘိသနည်း" စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူပြီး သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူလေသည်။

"ဓမ္မပဒ အဋ္ဌကထာ၌လည်း ဆေးနှင့်ဆွမ်းကွမ်း သက်နီးသပိတ် ပရိက္ခရာ များလှစွာ၍ ဗဟုဘဏ္ဍိက အမည်ရသော တောထွက်ရဟန်းတော်တပါးကို မြတ်စွာဘုရားက "ကသ္မာ ပန တွံ ဘိက္ခု မယာ အပ္ပိစ္ဆတာယ ဓမ္မေ ဒေသိတေ ဧဝံ ဗဟုဘဏ္ဍော ဇာတော" အိုရဟန်း—ငါဘုရားသည် ပစ္စည်းဥစ္စာ ပရိက္ခရာတို့၌ တဏှာမယှဉ် မခင်မစွဲ အလိုနည်းသည်၏အဖြစ်

အကျိုး၄၁ တရားတော်ကို ဟောတော်မူပါလျက် အဘယ်ကြောင့် သင်သည် ဤသို့ ပစ္စည်းပရိက္ခရာ ပေါများစွာသည် မက္ကာစင်စစ် ဖြစ်ရ တုံဘိသနည်း"ဟု ကဲ့ရဲ့ဆုံးမတော်မူကြောင်း လာရှိလေသည်။

သုတ္တနိပါတ်ပါဠိတော် တုဝဋ္ဋကသုတ်၌လည်း အောက်ပါဂါထာ ဒေသနာတော်ကို ဟောဖော်ညွှန်ပြ၍ ဆုံးမတော်မူခဲ့လေသည်။

**အန္နာနမထော ပါနာနံ၊**
**ခါဒနီယာနမထော ဝတ္ထာနံ။**
**လဒ္ဓါ နသန္နိဓိံ ကယိရာ၊**
**န စ ပရိတ္တသေ တာနိ အလာဘမာနော။ ။**

**ဂါထာနက်**— အန္နာနံ၊ ထမင်းစသား ဘောဇဉ်ငါးပါးတို့ကိုရင်း။ အထော၊ ထိုမှတပါး။ ပါနာနံ၊ သရက်စသား အဖျော်ရှစ်ပါးတို့ကိုရင်း။ ခါဒနီယာနံ၊ မုံ့ပဲစသား ခဲဘွယ်များကိုရင်း။ အထော၊ ထိုမှတပါး။ ဝတ္ထာနံ၊ အခင်းအခြုံ အရုံအလွှမ်း ဖုံစောင်ဂွမ်းနှင့် သက်န်းခြောက်မည် အဝတ်အထည်တို့ကိုရင်း။ လဒ္ဓါ၊ တရားနှင့်ညီလျော် ရခဲ့သည်ရှိသော်။ သန္နိဓိံ၊ မသုံးမပေး လွှန်ကပ်စေးသဖြင့် ဆွေးမြေ့လျှံပို ပုတ်သိုးမှုံအောင် ဘိဒိုဝိတ်သွင်း သိုမှီးခြင်းကို။ န ကယိရာ၊ လွှန်ကပ်ငြိသော လောဘဇော ဖြင့် နှမြောတွယ်တာ မပြုရာ။ တာနိ၊ ထိုစားဘွယ်ခဲဘွယ် သောက်ဘွယ် ဝတ်ဘို့ ပစ္စည်းတို့ကို။ အလာဘမာနော၊ တရားလမ်းမှန် ကျင့်ကာကြိုလျက် ဘုန်းကံနို့နဲ့ မရခဲ့သည်ရှိသော်။ န ပရိတ္တသေ၊ မပျော်မှောင့်လှ မျှော် တောင့်တသဖြင့် ကြောင့်ကြဗျာပါမတုန်မလှုပ်ရာ။

လာဘသက္ကာရသံယုတ်ပါဠိတော်၌လည်း—

"ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရသိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရာယ ယောဂက္ခေမဿ အဓိဂ- မာယ၊ တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ"ဥပ္ပန္နံ လာဘသက္ကာရ- သိလောကံ ပဇဟိဿာမ၊ န စ နော ဥပ္ပန္နော လာဘသက္ကာရ- သိလောကော စိတ္တံ ပရိယာဒါယ ဌဿတီ"တိ၊ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ" ဟု ဟောကြားတော်မူပါသည်။

ပါဠိတော်မြန်မာပြန်— ရဟန်းတို့.... လာဘ်ပူဇော်သကာ အကျော် အစောသည် ခက်ထန်၏၊ ထက်မျက်၏၊ ကြမ်းတန်း၏၊ အတုမရှိသော ယောဂကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်၏၊ ရဟန်းတို့....ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ကျင့်အပ်၏၊ အဘယ်သို့ ကျင့်အပ်သနည်းဟူမူကား "ငါတို့သည် ဖြစ်ပေါ်လာသော လာဘ်ပူဇော် သကာ အကျော်အစောကို စွန့်ကုန်အံ့၊ ဖြစ်ပေါ်လာသော လာဘ်ပူဇော် သကာ အကျော်အစောသည်လည်း ငါတို့၏စိတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်လတံ့"ဟု ရဟန်းတို့—ဤသို့လျှင် သင်တို့သည် ကျင့်အပ်၏။

ဤသို့ လာဘ်သပ္ပကာ ဥစ္စာပစ္စည်းတို့ကို သိုမှီးစုဆောင်းခြင်း ထိုလာဘ်သပ္ပကာ ဥစ္စာပစ္စည်းတို့၌ အလွန်ကပ်ငြိတွယ်တာခြင်းများကို မြတ်စွာဘုရားသာမက မြတ်စွာဘုရား၏ တပည့်သား အလိုလောဘ နည်းပါးကြကုန်သော သူတော်ကောင်း ရဟန်းတို့သည်လည်း များစွာကဲ့ရဲ့ ပြစ်တင်လေ့ရှိတော်မူကြကြောင်းကို ပါရာဇိကဏ်ပါဠိတော်၌—

"ကထံ ဟိ နာမ ဘိက္ခူ ဝေရူပါယ ဗာဟုလ္လာယ စေတေဿန္တိ" စသည်ဖြြင့် သူတော်ကောင်း ရဟန်းအများတို့က ဝိလိန္ဒဝစ္ဆမထေရ်၏ တပည့်အများတို့ကို ကဲ့ရဲ့ပြစ်တင်ကြသည်ကိုရင်း၊ ဓမ္မပဒအဋ္ဌကထာ၌—

"အာဝုသော ဘဂဝတာတိ စိဝရာနိ အနုညာတာနိ၊ တ္ဝဉ္စပန ဧဝံ အပ္ပိစ္ဆဿ ဗုဒ္ဓဿ သာသနေ ပဗ္ဗဇိတွာ ဧဝံ ဗဟုပရိက္ခာရော ဇာတော"။

ငါ့ရှင် မြတ်စွာဘုရားသည် သင်္ကန်းသုံးထည်ကိုသာလျှင် ခွင့်ပြုတော် မူအပ်ကုန်၏၊ သင်သည်ကား ဤသို့ အလိုလောဘရှိတော်မမူသော မြတ်စွာ ဘုရား၏ သာသနာတော်၌ ရဟန်းပြုပါလျက် ဤသို့ များစွာသော သင်္ကန်း သပိတ် ပရိက္ခရာရှိသည်ဖြစ်ရတုံသေး၏"ဟု ရဟန်းသူတော်ကောင်းအများ တို့က ဗဟုဘဏ္ဍိကမထေရ်ကို ကဲ့ရဲ့ပြစ်တင်ကြသည်ကိုရင်း ထောက်ထား၍ ထင်ရှားသိရှိနိုင်ပါသည်။

မြန်မာပြည် သာသနာလောက၌လည်း အင်းဝကောင်းစားစဉ်က မင်းကျောင်း၏ ဆရာတော်ဖြစ်ပါလျက် အတိရေကလာဘ်ကိုပယ်၍ တော ထွက်တော်မူပြီးလျှင် အာရညကင်္ဂဓုတင် ပိဏ္ဍပါတ်ဓုတင်တို့ကိုဆောက်တည်

ကျင့်သုံးတော်မူသော ကြက်သွန်ခင်း ဆရာတော်ဘုရားသည် ပစ္စည်းလေးပါး၌ လိုလားတပ်မက်ခြင်းရှိတော်မမူ၊ ပစ္စည်းလေးပါးကို လိုလားတပ်မက်၍ များစွာသောပရိက္ခရာတို့ကို သိမ်းသိမ်းဆည်းကာ သုံးဆောင်လေ့ရှိသော ရဟန်းတို့ကိုလည်း ပြစ်တင်ရှုံ့ချ၍ ဆုံးမတော်မူလေ့ရှိလေသည်။

တရံရောအခါတွင် ရဟန်းတပါးသည် များစွာသော ဆွမ်း,သက်နုံး စားဘွယ်,ခဲဘွယ် အပြည့်အစုံကို တပည့်ဝန်ထမ်းတယောက်,နှစ်ယောက်အား ထမ်းစေ၍ စစ်ကိုင်းမြို့မှ ထွက်လာသည်ကို ကြက်သွန်ခင်းဆရာတော်မြင်တွေ့ရသည်တွင် ဆရာတော်က ၎င်းရဟန်းအား "ငါ့ရှင်– မယားမာ၏လော"ဟု ဆုံးမသောအားဖြင့် မေးမြန်းတော်မူကြောင်း သက္ကရာဇ် ၁၁၉၉-ခုတွင် ရေးသားပြီးမြောက်သော သီလဝိသောဓနီကျမ်း၌ ဘတ်ရှုမှတ်သားရဘူးပါသည်။

**မှတ်ချက်—** "ငါ့ရှင်... မယားမာ၏လော"ဟု မေးမြန်းဆုံးမတော်မူခြင်းမှာ မယားရှိသူ အိမ်ထောင်ရှင်နှင့်မခြား ပစ္စည်းများနေသည်ကို တရားသံဝေဂရစေတော်မူလိုသောကြောင့် သတိပေးဆုံးမတော်မူခြင်း ဖြစ်လေသည်။

ပခုက္ကူမြို့ အနောက်တိုက် ဆရာတော် ဦးဝဏ္ဏသာရသည်လည်း မိမိ၏တိုက်သို့ စာသင်ရန် ရောက်ရှိလာသော စာသင်သားများစွာတို့တွင် သက်နုံးသပိတ် ပရိက္ခရာ,သေတ္တာ,ကုဋင်,ခြင်ထောင်, အိပ်ရာလိပ် စသည်များစွာတို့ကို ယူဆောင်၍ ရောက်လာသော စာသင်သားများကို လက်ခံတွေ့မြင်ရသောအခါများ၌"ဒီလောက်တောင်များတဲ့ ပစ္စည်းတွေကို ယူလာတာ စာသင်ဘို့လား လူဖျိုလှည့်ဘို့လား"ဟု မေးမြန်းဆုံးမတော်မူလေ့ရှိကြောင်း ကြားသိရဘူးပါသည်၊ (ပစ္စည်းကိုဘမ်းပြ၍ အိမ်ထောင်ဘက်ရှာသူ လူသားနှင့်တူနေသောကြောင့် မိန့်ဆိုတော်မူခြင်းဖြစ်လေသည်)။

## မြတ်စွာဘုရား၏အလိုတော်

မြတ်စွာဘုရား၏ အလိုတော်မှာကား သင်္ကန်းသုံး,သုံးထည်သောသက်နုံး,ခါးပန်း,ပဲခွပ်,အပ်,ရေစစ်ဟု ဆိုအပ်သော ပရိက္ခရာရှစ်ပါးမျှကိုသာဆောင်၍ မျှတရောင့်ရဲ ပစ္စည်းနဲခြင်းဟုဆိုအပ်သော ပေါ့ပါးသော

အသက်မွေးခြင်းရှိသူ၏ ဘဝပင်ဖြစ်ပါသည်၊ ထို့ကြောင့်မေတ္တာသုတ်ပါဠိတော်၌"သလ္လဟုကဝုတ္တိ၊ ပေါ့ပါးသောအသက်မွေးခြင်းရှိသည်။ အသျှ၊ ဖြစ်ရာ၏"ဟု ထည့်သွင်းဟောပြ၍ ဆုံးမညွှန်ကြားတော်မူခဲ့လေသည်။

ထို"သလ္လဟုကဝုတ္တိ"ဟူသောပုဒ်၏ အဓိပ္ပါယ်ကိုလည်း အောက်ပါအတိုင်း ခုဒ္ဒကပါဌအဋ္ဌကထာဆရာ မိန့်မှာဖွင့်ပြတော်မူလေသည်။

"ယထာ ကေဠော ဗဟုဘဏ္ဍော ဘိက္ခု ဒိသာ ပက္ကမနကာလေ ဗဟုံ ပတ္တစီဝရပစ္စတ္ထရဏတေလဂုဠာဒိံ မဟာဇနေန သီသဘာရကဋိဘာရာဒီဟိ ဥဗ္ဗဟာပေတွာ ပက္ကမတိ၊ ဧဝံ အဟုတွာ ယော အပ္ပပရိက္ခာရော ဟောတိ၊ ပတ္တစီဝရာဒိအဋ္ဌသမဏပရိက္ခာရမတ္တမေဝ ပရိဟရတိ၊ ဒိသာ ပက္ကမနကာလေ ပက္ခီ သကုဏော ဝိယ သမာဒါယေဝ ပက္ကမတိ၊ ဧဝရူပေါ ဣဓ သလ္လဟုကဝုတ္တီတိ အဓိပ္ပေတော"

အနက်— ဗဟုဘဏ္ဍော၊ များသောပစ္စည်းဥစ္စာ ပရိက္ခရာအသုံးအဆောင်ရှိသော။ ကေဠော၊ အချို့သော။ ဘိက္ခု၊ ရဟန်းသည်။ ဒိသာပက္ကမနကာလေ၊ အရပ်မျက်နှာ တပါးသောမြို့ရွာသို့ ဖဲခွါထွက်သွားရာအခါ၌။ ဗဟုံ၊ များစွာသော။ ပတ္တစီဝရပစ္စတ္ထရဏတေလဂုဠာဒိံ၊ သပိတ်, သင်္ကန်း,အခင်း,အခြုံ,ဆီ,ထန်းလျက်စသည်ကို။ မဟာဇနေန၊ များစွာသောလူအပေါင်းကို။ သီသဘာရကဋိဘာရာဒီဟိ၊ ခေါင်းရွက်ဝန်, ခါးပိုက်ဝန်စသည်တို့ဖြင့်။ ဥဗ္ဗဟာပေတွာ၊ ရွက်စေ ဆောင်စေ၍။ ပက္ကမတိ ယထာ၊ ဖဲသွားသကဲ့သို့။ ဧဝံ၊ ဤအတူ။ အဟုတွာ၊ မဖြစ်မူ၍။ ယော၊ အကြင်ရဟန်းသည်။ အပ္ပပရိက္ခာရော၊ နည်းသောပရိက္ခရာရှိသည်။ ဟောတိ၊ ဖြစ်၏။ ပတ္တစီဝရာဒိအဋ္ဌသမဏပရိက္ခာရမတ္တမေဝ၊ သပိတ်သင်္ကန်းအစရှိသော ရှစ်ပါးသောရဟန်းပရိက္ခရာမျှကိုသာလျှင်။ ပရိဟရတိ၊ ဆောင်၏။ ဒိသာပက္ကမနကာလေ၊ အရပ်မျက်နှာ တပါးသောမြို့ရွာသို့ ဖဲခွါထွက်သွားရာအခါ၌။ ပက္ခီ၊ အတောင်သာရှိသော။ သကုဏော ဝိယ၊ ငှက်ကဲ့သို့။ သမာဒါယေဝ၊ မိမိဖါသာ ကောင်းစွာယူဆောင်၍သာလျှင်။ ပက္ကမတိ၊ ပေါ့ပါးစွာလှ ဖဲသွားရ၏။ ဧဝရူပေါ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော သဘောရှိသောရဟန်းကို။ ဣဓ၊ ဤမေတ္တာသုတ်၌။ ဝါ၊ ဤသာသနာတော်၌။ သလ္လဟုကဝုတ္တီတိ၊ ပေါ့ပါးသော အသက်မွေးခြင်းရှိသူဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

(အဓိပ္ပါယ်ကိုအနက်ဖြင့်သိပါ)

**မှတ်ချက်**—ဤအဋ္ဌကထာ၌ ခေါင်းဝန့်ခါးမွှေ့စသည်တို့ဖြင့် ရှက်စေ ဆောင်စေရသော ပရိက္ခရာများသူပင် " ဗဟုဘဏ္ဍ—ပရိက္ခရာများသောရဟန်းမည်၏"ဟု ဆိုသောကြောင့် ယခုကာလ၌ "ဘုန်းကြီးမဲ့တလှည်းတိုက်" ဟူသောစကားပုံအတိုင်း အချို့သောရဟန်းတော်များမှာ လှည်းရထား မော်တော်ကားစသည်တို့ဖြင့် တိုက်ယူတင်ယူရသော ပစ္စည်းပရိက္ခရာများခြင်းကြောင့်ကား အဘယ်မှာ ဗဟုဘဏ္ဍမမည်ဘဲရှိပါအံ့နည်း ?

ဤသို့ ရေးသားဖော်ပြခဲ့ပြီးသော ထိုထိုပါဠိ, အဋ္ဌကထာတို့ကို သောက်သားချော်ရှု၍ မြတ်စွာဘုရား လိုသားနှစ်သက်တော်မမူသော ဗဟုဘဏ္ဍိက, ဗဟုပရိက္ခာရ, သန္နိဓိကာရက, မဏ္ဍရိပုဂ္ဂလ စသည်တို့၏ အဖြစ်ကို ရှောင်ရှားစဲကြဉ်၍ မြတ်စွာဘုရား၏ အလိုတော်ကျဖြစ်အောင် "ဥပ္ပန္နံ လာဘသက္ကာရသ်လောကံ ပဇဟိဿာမ"ဟု ဆုံးမတော်မူသည့်အတိုင်း ဖြစ်ပေါ်လာသော လာဘ်သပ္ပကာ ဥစ္စာအာမိသတို့ကို ပယ်စွန့်၍ "နစ နော ဥပ္ပန္နော လာဘသက္ကာရသိခသာဘော စိတ္တံ ပရိယာဒါယ ဌဿတိ"ဟု ဆုံးမတော်မူသည်နှင့်အညီ ထိုလာဘ်သပ္ပကာ ဥစ္စာပစ္စည်းတို့၌ တပ်နှစ်သက်ခြင်းဟု ဆိုအပ်သော ပဋ္ဌယဂေဓ, တဏှာဖြင့် နှစ်ငုတ်တွေဝေခြင်းဟု ဆိုအပ်သော မုစ္ဆိတ,တဏှာဖြင့် လွှမ်းမိုးမြေးယှက်ခြင်းဟု ဆိုအပ်သော အဇ္ဈာပန္န စသည်တို့ကို ခါထွက်ဖျက်ဆီးကြကုန်ရာ၏။

ဤစကားရပ်၌ ဖြစ်ပေါ်လာသော လာဘ်သပ္ပကာ ဥဒ္ဒာမိးပွား အာမိသတို့ကို ပယ်စွန့်ရာတွင် တိဿသာမဏေ, အရှင်အာနန္ဒာတို့၏ ကျင့်ထုံးကို နှလုံးသွင်းအတုယူ၍ ပြုမူကျင့်ကြံအပ်၏။

လာဘ်သပ္ပကာဥစ္စာပစ္စည်းတို့၌ တပ်နှစ်သက်ခြင်း ပဋ္ဌယဂေဓ စသည်တို့ကို ခါထွက်ဖျက်ဆီးရာ၌လည်း အရှင်မဟာကဿပ၏ ကျင့်ထုံးကို နှလုံးသွင်း အတုယူ၍ ပြုမူကျင့်ကြံအပ်၏။

---

## တိဿသာမဏေကျင့်ထုံး

ခွါဦးအံ့၊ တိဿသာမဏေဟူသည်မှာ မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူစဉ်အခါ အရှင်သာရိပုတ္တရာကို ဥပဇ္ဈာယ်ပြု၍ ခုနစ်နှစ်သား

အရှယ် သာမဏေဝတ်သော အရှင်သာရိပုတ္တရာ၏ တပည့်သာမဏေဖြစ်လေသည်၊ ထိုသာမဏေသည် အတိတ်ဘဝက အရှင်သာရိပုတ္တရာအား ပုဆိုးကြမ်းတထည်နှင့် နို့ဃနာဆွမ်းကို လှူဒါန်းခဲ့ခြင်း ပစ္စုပ္ပန်ဘဝ၌လည်း မွေးခါစနေ့၌ အရှင်သာရိပုတ္တရာအား ကမ္ဗလာတထည်ကို လှူဒါန်းခြင်းကောင်းမှုကြောင့် ဘုန်းကံကြီးမား ပစ္စည်းလာဘ်သပ္ပကာ အလွန်များသော သာမဏေဖြစ်လေသည်။

ထိုသာမဏေ ပဋိသန္ဓေနေသောအခါမှစ၍မွေးဖွားသည့်တိုင်အောင် မိခင်၏ ချဉ်ခြင်းဖြစ်ခြင်း သားကိုမွေးဖွားခြင်း စသည့်တို့နှင့်စပ်၍ မိဘဆွေမျိုးတို့သည် ခုနစ်ကြိမ်တိုင်တိုင် အရှင်သာရိပုတ္တရာအမှူးရှိသော ငါးရာ, ငါးရာကုန်သော ရဟန်းတို့အား ရေမပါသော နို့ဃနာဆွမ်းတို့ဖြင့်သာလျှင် လှူဒါန်းကျွေးမွေးခဲ့ကြလေသည်။

သာမဏေပြုသောနေ့မှစ၍ ခုနစ်ရက်တိုင်တိုင်လည်း အလားတူပင် ရဟန်းအပေါင်းတို့အား ရေမရောသော ဃနာနို့ဆွမ်းကို ဆက်ကပ်ကြလေသည်၊ ထိုသို့လှူဒါန်းသောကြောင့် ၎င်းသာမဏေကို "ပိဏ္ဍဒါယကာတိဿ"ဟူ၍ ခေါ်တွင်ကြလေသည်။

သာမဏေပြု၍ ရှစ်ရက်မြောက်သောနေ့၌ ဆွမ်းခံဝင်ရာတွင် လှည်းပေါင်းငါးရာတို့ဖြင့် တင်ဆောင်အပ်သော ဆွမ်းအုပ်ငါးရာကို ရရှိသဖြင့် ထိုဆွမ်းအုပ်တို့ကို ရဟန်းအပေါင်းအား လှူဒါန်းဆက်ကပ်လေသည်၊ နောက်တနေ့၌လည်း အလားတူပင် ဆွမ်းအုပ်ငါးရာကို ရရှိပြန်၍ လှူဒါန်းတော်မူပြန်လေသည်။

နောက်တနေ့တွင်လည်း သက်နိုးရုံကာ လှည့်လည်ရပ်ခြင်းဖြင့် မြို့ပြင်ဆင်ခြေဖုံးမှ သင်္ကန်းလပ်ထည်ငါးရာ မြို့တွင်းမှ သင်္ကန်းလပ်ထည်ငါးရာအားဖြင့် သင်္ကန်းလပ်ထည်ပေါင်း တထောင်ကိုရရှိ၍ ရဟန်းအပေါင်းအား လှူဒါန်းတော်မူပြန်လေသည်၊ ထိုသို့လှူဒါန်းခြင်းကြောင့် ၎င်းသာမဏေကို "ကမ္ဗလ·ဒါယကာတိဿ"ဟူ၍ခေါ်တွင်ကြလေသည်။

ဤသို့လျှင် တိဿသာမဏေသည် ဘုန်းတန်းလာဘ်သပ္ပကာ ဒကာ, ဒကာမ အလွန်များလှသဖြင့် ရဟန်းတရားကိုမျှ ကောင်းစွာအားမထုတ်နိုင်ဖြစ်သောကြောင့် သတိသံဝေဂရ၍ကာ နောက်တနေ့၌ သာဝတ္ထိပြည်မှ

ယူဇနာနှစ်ဆယ်ဝေးသော တောကျောင်းသို့သွား၍ တောရဆောက်တည် တရားအားထုတ်တော်မူရာ သုံးလမြောက်၌ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်၊ ထိုသို့ တောရဆောက်တည်တော်မူသည်ကို အကြောင်းပြု၍ ရှင်းသာမဏေကို"အရညဝါသီတိဿသာမဏေ"ဟူ၍ ခေါ်ဝေါ်ကြပြန်လေသည်။

ဤ၀၃၂၌ မှတ်သားရန်မှာ— တိဿသာမဏေသည် ရရသမျှသော ဆွမ်း သက်နိုးစသော လာဘ်သပ္ပကာတို့ကို လှူဒါန်းခြင်းဖြင့်၎င်း ထိုသို့ လာဘ်သပ္ပကာ ဒကာ,ဒကာမ ပေါများလှသော ဂါမဝါသီဘဝမှထွက်၍ တောရဆောက်တည်ခြင်းဖြင့်၎င်း "ဥပ္ပန္နံ လာဘသက္ကာရသိလောကံ ပဇဟိဿာမ"ဟူသော ဘုရားအဆုံးအမတော်နှင့်အညီ လိုက်နာပြုကျင့်ခြင်းပင် ဖြစ်လေသည်။

ထိုနှစ်ပါးသော ပယ်စွန့်ခြင်းဟူသော ကျင့်ထုံးတို့တွင် လာဘ်သပ္ပကာ ဒကာ,ဒကာမ ပေါများလှသော ဂါမဝါသီဘဝမှထွက်၍ တောရဆောက်တည်ခြင်း ဟူသောကျင့်ထုံးသည် သာမန်ဘိက္ခု ရဟန်းစုနှင့် လူဝေါင်းမြီးခြုံ ဖယောင်းပုံတို့ ကြံရုံသော်မျှ ဝံ့ခဲလှ၍ အာဂယောကျ်ား အရှင်မြတ်များတို့ တရားနှလုံး အစဉ်သုံးသော ကျင့်ထုံးစံပြ ဓမ္မပဒေသ ဖြစ်လေသည်၊ ထို့ကြောင့် ထိုအဖြစ်သနစ်ကို မြင်တွေ့ ကြားသိရသော ရဟန်းသူတော်ကောင်းတို့သည် နှစ်ထောင်းသြဘာ ထောမနာဖြင့် များစွာ အံ့မှုူး၍ ချီးကျူးဂုဏ်ပြုကြကြောင်းကို ဓမ္မပဒအဋ္ဌကထာ၌ အောက်ပါ အတိုင်းသာရှိလေသည်။

> "ဧတိဿ ဧဝံ ဝသနကာလေ မဟာလာဘသက္ကာရော ဥပ္ပန္နော၊ ဧဒါနိ ဝေရူပံ လာဘသက္ကာရံ ဆဍ္ဍေတွာ အရညံ ပဝိသိတွာ မိဿကာဟာရေန ယာပေတိ၊ ဒုက္ကရကာရကော ဝတ တိဿ-သာမဏေရောတိ"။

အဋ္ဌကထာနက်— ဧတိ၊ ဤသို့။ အဿ၊ ထိုတိဿသာမဏေအား။ ဝါ၊ ထိုတိဿသာမဏေ၏။ ဧဝံ၊ ဤသာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌။ ဝသနကာလေ၊ နေစဉ်အခါ၌။ မဟာသက္ကာရော၊ ကြီးမြတ်သော လာဘ်ပူဇော်သကာသည်။ ဥပ္ပန္နော၊ ဖြစ်လေပြီ။ ဧဒါနိ၊ ဤအခါ၌။ ဝေရူပံ၊ ဤသို့ကြီးမြတ်သော သဘောရှိသော။ လာဘသက္ကာရံ၊ လာဘ်ပူဇော်

သကာကို။ ဆင္ဃေတွာ၊ မရှုမငဲ့ စွန့်ပစ်ခဲ့၍။ အရည်း၊ တောသို့။ ပဝိသိတွာ၊ ဝင်၍။ မိဿကာဟာရေန၊ ကောက်ကြီးကောက်လတ် ဂျုံဆပ်ရောပြွမ်းသောဇဉ်ဆွမ်းဖြင့်။ ယာပေတိ၊ မျှတ၏။ တိဿသာမဏေရော၊ တိဿသာမဏေသည်။ ဒုက္ကရကာရကောဝတ၊ သာမန်ဘိက္ခု ရဟန်းစုနှင့် လူခေါင်းမြီးခြုံ ဖယောင်းပုံတို့ ကြံရံသော်မျှ ဝံ့ခဲလှသည့် အာဂယောကျ်ားရှင်မြတ်များတို့ စီးပွားဥစ္စာ ဒကာ,ဒကာမ လာဘ်လာဘကို ခွါချပယ်ရှင်းတောထွက်ခြင်းကို ထင်လင်းမသွေ ပြုနိုင်လေစွတကား။ ဣတိ၊ ဤသို့။ ဓမ္မသဘာယံ၊ တရားအရေး ဆွေးနွေးကြရာ ဓမ္မာသဘင် တရားခွင်၌။ ကထာ၊ သီလ ဝတ သန္တောသက စသည်ထွေထူး ဂုဏ်ကျေးဇူးကို ချီးကျူးဂုဏ်ပြုခြင်းစကားသည်။ ဥဒပါဒိ၊ ထင်ရှားမသွေ ဖြစ်ပေါ်လေပြီ။

## အရှင်အာနန္ဒာကျင့်ထုံး

နည်းယူစရာ အာနန္ဒာ၏ ဥစ္စာစီးပွား စွန့်ပုံများကို အများသိရန် မနောကံဖြင့် စိတ်ကြံရည်စူး ဖေါ်ပြဦးအံ့။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူစဉ် တရံရောအခါဝယ် ကောသလမင်းကြီးသည် လမ်းခရီး၌ တွေ့ဆုံသော အရှင်အာနန္ဒာမထေရ်မြတ်ကို၊ အစိရဝတီမြစ်ကမ်းနားသို့ ပင့်ဆောင်တော်မူပြီးလျှင် "ကိန္နု ခေါ ဘန္တေ အာနန္ဒ သော ဘဂဝါ တထာရူပံ ကာယသမာစာရံ သမာ· စရေယျ" အစရှိသည်ဖြင့် အိုအရှင်ဘုရားအာနန္ဒာ မြတ်စွာဘုရားသည် ရဟန်း ပုဏ္ဏား သူတော်ကောင်း အများတို့ ကဲ့ရဲ့ပြစ်တင်အပ်သော ကာယကံစု မကောင်းမှုကို ပြုကျင့်ရပါသလော၊ ထို့အတူ ဝစီကံစု မကောင်းမှုကို မနောကံစု မကောင်းမှုကို ပြုကျင့်ပါသလော။

အို .. အရှင်ဘုရားအာနန္ဒာ – မလိမ္မာသည်၏အဖြစ်ကြောင့် ဖြစ်ပေါ်လာသော ကာယကံစု မကောင်းမှုဟူသည်မှာ အဘယ်ပါနည်း။

အပြစ်နှင့်တကွဖြစ်သော ကာယကံစု မကောင်းမှုဟူသည်မှာ အဘယ်ပါနည်း။

ဆင်းရဲခြင်းနှင့်တကွဖြစ်သော ကာယကံစု မကောင်းမှုဟူသည်မှာ အဘယ်ပါနည်း။

ဆင်းရဲသော အကျိုးပေးရှိသော ကာယကံစု မကောင်းမှုဟူသည်မှာ အဘယ်ပါနည်း။

ဤသို့အစရှိသည်ဖြင့် သုံးဆယ့်နှစ်ခုသော အမေးပုစ္ဆာတို့ကို မေးလျှောက်ရာတွင် အရှင်အာနန္ဒာမထေရ်မြတ်က ကျေနပ်လောက်အောင် ပြည့်စုံစွာဖြေကြား၍ တရားတော်အတိုင်း နှစ်သိမ့်စေတော်မူခြင်းကြောင့် ကောသလမင်းကြီးသည် အလွန်တရာ သဒ္ဓါတရား ဖြစ်ပွားကျေနပ်လေသဖြင့်"အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ ယာဝ သုဘာသိတံ စိဒံ ဘန္တေ အာယသ္မတာ အာနန္ဒေန"အစရှိသည်ဖြင့် အိုအရှင်အာနန္ဒာ— အံ့ဘွယ် ကောင်းပေစွ၊ အိုအရှင်အာနန္ဒာ— မဖြစ်ဘူးမြဲဖြစ်ပေစွ၊ အရှင်ဘုရား အာနန္ဒာသည် ဤဝိသဇ္ဇနာ ဒေသနာတရား အဖြေတော်များကို ထင်ရှား မသေွ ကောင်းမွန်စွာဟောကြား၍ ထင်ရှားမြွက်ဆိုတော်မူလေပြီ၊ တပည့်တော်သည် ဤအရှင်ဘုရား၏ တရားဒေသနာ အဖြေတော်စာဖြင့် များစွာ နှလုံးမွေ့လျော်လှပါသည်။

အိုအရှင်ဘုရားအာနန္ဒာ–အရှင်ဘုရားအား ဆင်ရတနာ မြင်းရတနာနှင့် ရွာဆုသည် အကယ်၍ အပ်သည်ဖြစ်အံ့၊ ထိုဆင်ရတနာ မြင်းရတနာနှင့် ရွာဆုကိုတပည့်တော်သည် အရှင်ဘုရားအား ပေးလှူရာပါ၏၊ ယခုမူကား အရှင်ဘုရားအား မအပ်သည်ကို တပည့်တော်သိပါ၏။

အိုအရှင်ဘုရား အာနန္ဒာ— တပည့်တော်အား အာဇာတသတ်မင်းသည် လက်ဆောင်အဖြစ် ပို့ဆက်အပ်သော အနံ့ရှစ်တောင် အလျား တဆယ့်ခြောက်တောင်ရှိသော ဗာဟိတိကတိုင်းဖြစ် ဤပုဆိုးသစ်သည် ရှိပါ၏။

အိုအရှင်ဘုရားအာနန္ဒာ "အရှင်ဘုရားသည် တပည့်တော်ကို အစဉ် သနားသည်ကို အကြောင်းပြု၍ ထိုဗာဟိတိကတိုင်းဖြစ် ပုဆိုးသစ်ကို အလှူခံတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်၍ ပုဆိုးသစ်ကို သင်္ကန်းလျာအဖြစ်ဖြင့် လှူဒါန်းရာတွင်—

အရှင်အာနန္ဒာ မထေရ်မြတ်သည်"အလံ မဟာရာဇ၊ ပရိပုဏ္ဏံ မေ တိစီဝရံ အိုဒကာတော်မင်းကြီး သင့်တင့်လျော်လျောက် တော်တန် လောက်ပါပြီ၊ ငါ့အား ခါးဝတ် ကိုယ်ရုံ အပေါ်ခြုံလွှမ်း သုံးထည်သော သင်္ကန်းသည် ရှင်လန်းကုံလုံ ပြည့်စုံပါပြီ"ဟု မိန့်ဆိုတော်မူ၍ အပိုအလျှံ လက်မခံဘဲ ပယ်လှန်ငြင်းဆိုတော်မူလေသည်။

ထိုအခါ ကောသလမင်းကြီးက"အယံ ဘန္တေ အစိရဝတီ နဒီ ဒိဋ္ဌာ အာယသ္မတာစေဝ အာနန္ဒေန အမှေဟိ စ" အစရှိသည်ဖြင့် အရှင်ဘုရား ဤအစိရဝတီမြစ်ကို အရှင်ဘုရားအာနန္ဒာသည်၎င်း,တပည့်တော်တို့သည်၎င်း မြင်ရပါ၏၊ အကြင်အခါ တောင်ပေါ်တောင်ထိပ်၌ ကြီးစွာသော မိုးကြီး သည် သည်းထန်စွာ ရွာသွန်း၏၊ ထိုအခါ ဤအစိရဝတီမြစ်သည် ကမ်း နှစ်ဘက်တို့မှ လျှံသွက်စီးဆင်းကုန်သည်ဖြစ်၍ ကမ်းနှစ်ဘက်၌ နေကုန်သော လူမျိုးစုတို့သို့သွား၏။

အရှင်ဘုရား ဤအတူသာလျှင် အရှင်အာနန္ဒာမထေရ်မြတ်သည် ဤဗာဟိတိကတိုင်းဖြစ် ပုဆိုးသစ်ဖြင့် မိမိ၏ တိစီဝရိက်သင်္ကန်းကို ပြုလတ့်၊ ထိုအခါ အရှင်အာနန္ဒာ၏ အကြင်သင်္ကန်းဟောင်းသည်ရှိ၏၊ ထိုတိစီဝရိက် သင်္ကန်းဟောင်းကို သီတင်းသုံးဘော်တို့အား ဝေဘန်လတ့်၊ "ဤသို့လျှင် ဤတပည့်တော်တို့၏ အလှူဒါနသည် ပိုလျှံစီးဆင်း၍ သွားလတ့်"ဟု ထင်ပါသည်၊ အရှင်အာနန္ဒာသည် ဤဗာဟိတိကတိုင်းဖြစ် ပုဆိုးသစ်ကို အလှူခံတော်မူပါဘုရားဟု လျှောက်ထား တောင်းပန်လေသည်တွင်... အရှင်အာနန္ဒာ မထေရ်မြတ်သည် မင်းကြီး၏ စေတနာ သဒ္ဓါတရားနှင့် ရဟန်းအများတို့၏ အစီးအပွားကို ရှုငဲ့တော်မူ၍ ဗာဟိတိကတိုင်းဖြစ် ပုဆိုးသစ်ကို လက်ခံတော်မူ၍ ထိုပုဆိုးသစ်ကိုပင် မြတ်စွာဘုရားအား တဘန် လှူဒါန်းတော်မူပြန်ကြောင်း မဇ္ဈိမနိကာယ် ဗာဟိတိကသုတ်မှ ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

**မှတ်ချက်** — ဤဝတ္ထု၌ အရှင်အာနန္ဒာမထေရ်မြတ်သည် သင်္ကန်းပိုကိုလက်မခံ ပယ်လှန်ငြင်းဆိုတော်မူခြင်းသည် ကျင့်ထုံးတပါး၊ ကောသလမင်းကြီး လျှောက်ထားသည့်အတိုင်း ရဟန်းအများ၏အကျိုးကို မျှော်ကိုးရှုငဲ့ သဖြင့် လက်ခံတော်မူခြင်းသည် ကျင့်ထုံးတပါး၊ ထိုသင်္ကန်း၌ စွဲလမ်း တပ်မက်မှု တဏှာကို ဖယ်ရှား၍ မြင့်မြတ်သော သဒ္ဓါတရားဖြင့် မြတ်စွာဘုရား လှူဒါန်းခြင်းသည် ကျင့်ထုံးတပါးအားဖြင့် ကြည်ညို တုပဘွယ် ကျင့်ထုံးသုံးပါးဖြစ်သတည်း။

နည်းယူစရာ အရှင်အာနန္ဒာ၏ လေးဖြာပစ္စယ အာမိသကို လောဘ မသည်း အလိုနည်းသဖြင့် သိမ်းဆည်းမထား လှူလာငြားလည်း အများ အတွက် ရှုငဲ့ကွက်၍ လက်ခံရယူ သဒ္ဓါဖြူ၍ ပေးလှူသည့်ဟန် ကျင့်ထုံး မှန်ကို တဘန်ထပ်၍ပြဦးအံ့။

မြတ်စွာဘုရားသခင်သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူစဉ် သာမာဝတီ အမှူးရှိသော နန်းတွင်းသူ အမျိုးသမီးငါးရာတို့သည် အရှင်အာနန္ဒာ မထေရ်မြတ်၏ ဟောကြားတော်မူအပ်သော တရားတော်ကို ကြားနာကြရသဖြင့် အလွန်တရာ သဒ္ဓါဖြစ်ပွား ကြည်ညိုခြင်းများ ကြကုန်၍ အရှင်အာနန္ဒာအား မိမိတို့၏ အသီးအသီး တခုစီ တခုစီအားဖြင့် ခြုံထည် ရင်လွှမ်း ပေါင်းငါးရာတို့ကို သက်နုံးလျာအဖြစ် လှူဒါန်းဆက်ကပ်ကြလေ၏၊ ထိုအကြောင်းကို မေးမြန်းကြားသိရသော ဥဒေန မင်းကြီးသည် အရှင်အာနန္ဒာထံတော်သို့ သွားရောက်ပြီးလျှင် "နနု ဘန္တေ အဇ္ဇဗဟူနိ ဝတ္ထာနိ၊ ဥဿန္နာနိ၊ ကိံ ကရိဿထ— အရှင်ဘုရား... အလှူခံတော်မူသော ရင်လွှမ်းခြုံထည်တို့သည် အလွန်များကုန်သည်မဟုတ်ပါလော ဤမျှများပြားသော ရင်လွှမ်းခြုံထည်တို့ဖြင့် အရှင်ဘုရားတို့သည် အဘယ်ကို ပြုလုပ်ကြကုန်အံ့နည်း"ဟု လျှောက်လေ၏။

ထိုအခါ အရှင်အာနန္ဒာက "အမှာကံ ပဟောနကာနိ ဝတ္ထာနိ ဂဟေတွာ သေသာနိ ဇိဏ္ဏစီဝရိကာနံ ဘိက္ခူနံ ဒဿာမိ မဟာရာဇ— ဒကာတော် မင်းကြီး... ငါတို့အား သင့်ဘော်လျော်လျောက် သုံးရုံလောက်သော အဝတ်အထည်တို့ကိုယူ၍ ကြွင်းသော အဝတ်အထည်တို့ကို ဆွေးမြေ့ဟောင်းနွမ်းသော သင်္ကန်းရှိကုန်သော ရဟန်းတို့အား ပေးလှူကုန်အံ့"ဟု ပြောကြားလေသည်တွင်—

မင်းကြီးက "တေ အတ္တနော ဇိဏ္ဏစီဝရာနိ ကိံ ကရိဿန္တိ— ထိုသင်္ကန်းအသစ်ကို ရကုန်သော ရဟန်းတို့သည် မိမိတို့၏ ဆွေးမြေ့ဟောင်းနွမ်းသော သင်္ကန်းတို့ကို အဘယ်ကိုပြုကြကုန်အံ့နည်း"အစရှိသည်ဖြင့် အဆင့်ဆင့် မေးမြန်းလျှောက်ထားပြန်သောကြောင့်—

အရှင်အာနန္ဒာကလည်း "ပစ္စတ္ထရဏာနိ ကရိဿန္တိ"အစရှိသည်ဖြင့် ထိုသင်္ကန်းအသစ်ကို ရကုန်သော ရဟန်းတို့သည်၊ မိမိတို့၏သင်္ကန်းဟောင်းများကို "အိပ်ရာခင်း,ထိုင်ခင်း ပြုလုပ်ကုန်လတ့်၊ အိပ်ရာခင်း, ထိုင်ခင်း အဟောင်းတို့ကို မြေအခင်း ပြုလုပ်ကုန်လတ့်၊ မြေအခင်းဟောင်းတို့ကို ခြေသုတ်ကြိုးဝန်းပြုလုပ်ကုန်လတ့်၊ ခြေသုတ်အဟောင်းတို့ကို အပိုင်းအပိုင်း ဖြတ်တောက်ထောင်းထု၍ မြေနှင့်နယ်ပြီးလျှင် နံရံကိုလိမ်းကျံကုန်လတ့်"ဟု အဆင့်ဆင့် ဖြေဆိုမိန့်ကြားတော်မူလေသတည်း။

ထိုအခါ မင်းကြီးသည် "အရှင်ဘုရား— အရှင်ကောင်း အရှင်မြတ်တို့အား ဤမျှများပြားသော အဝတ်အထည်တို့ကို ပေးလှူအပ်ကုန်သော်လည်း မပျက်မစီး အချည်းနှီးမဟုတ်လေကုန်စွတကား"ဟု လျှောက်ထား ပြောဆိုပြီးသျှင်... ကြည်ညိုသဒ္ဓါ ဖြစ်လှစွာ၍ ငါးရာသော အဝတ်ပုဆိုးတို့ကို နောက်ထပ်တိုး၍ လှူဒါန်းပြန်လေသတည်း။

ဤသို့လျှင် အရှင်အာနန္ဒာမထေရ်မြတ်သည် ရာပေါင်းများစွာ ထောင်ပေါင်းများစွာကုန်သောအဝတ်သင်္ကန်းတို့ကို အကြိမ်ပေါင်းများစွာ အလှူခံရရှိတော်မူသဖြင့် ရရှိတိုင်း ရရှိတိုင်းလည်း မိမိအတွက် သိုဝှက်မထား အများကိုသာ လှူဒါန်းကာဖြင့် သံဃာတို့၏ အစီးအပွားကို များစွာရွက်ဆောင် တော်မူခဲ့လေသတည်း။

ထိုအာနန္ဒာမထေရ်မြတ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် ဇမ္ဗူဒိပ်တကျွန်းလုံးသို့ ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူ၍ အလုံးစုံသော ကျောင်းတိုက်တို့၌ သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်းတို့အား မိမိခံယူရရှိသော သပိတ်, သင်္ကန်းတို့ကို လှူဒါန်းထောက်ပံ့လေသည်။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ သာမာဝတီဝတ္ထု၌—

"တထာဂတေ ကိရ ပရိနိဗ္ဗုတေ ထေရော သကလဇမ္ဗုဒီပံ ဝိစရိတွာ သဗ္ဗဝိဟာရေသု ဘိက္ခူနံ အတ္တနော သန္တကာနေဝ ပတ္တစီဝရာနိ အဒါသိ"ဟု ဖွင့်ဆိုမြွက်ကြားတော်မူခဲ့လေသည်။

## အင်းဝခေတ်က ဆရာတော်ကြီးများ

မြန်မာပြည်သာသနာဝင်၌လည်း အင်းဝကောင်းစားစဉ်က သုတ သီလ အာစာရ စသည်တို့ဖြင့် ကျော်ကြားကုန်သော ဆရာတော်အများတို့တွင် စတုတ္ထအင်းဝမြို့တည် မင်းတရားကြီး၏ ညီတော်လက်ထက် သီလဝိသောဓနီကျမ်းကို ပြုစုတော်မူခဲ့သော ဝိနန္ဒာသဘ ဆရာတော်၏ ဆရာ့ဆရာဖြစ်တော်မူသော အရှင်ဝရဓမ္မဆရာတော်နှင့် တောင်လေးလုံး

ဆရာတော်တို့သည် ရရသမျှသော သာသနာဘ်သပွကာ ဥစ္စာပစ္စည်းတို့ကို မိမိပိုင် အတ္တသန္တက မပြုဘဲ သုံးလောက်ရုံကိုသာယူ၍ ကျန်သမျှအားလုံးကို သံဃာပိုင် သံဃသန္တကသာ ပြုတော်မူလေ့ရှိကြပါသည်။

မင်းရွာဆရာတော်ဘုရားသည်လည်း သပိတ်တလုံး သုံးထည်သော သင်္ကန်းမှတပါး အခြားမည်သည့်ပစ္စည်းကိုမျှမယူ စွန့်လှူသည်ချည်းသာ ဖြစ်လေသည်။

ဆုံတားဆရာတော်ဘုရားသည်လည်း "ဤပစ္စည်းကားငါ့အို ဤပစ္စည်းကားသူ့ဘို"ဟု ခွဲခြားဝေဘန်ခြင်းမရှိ ရရသမျှ သူတပါးဘို့ချည်း သဘောထား၍ စွန့်လှူတော်မူလေ့ရှိလေသည်။

မောင်းထောင်ဆရာတော် မဲထီးဆရာတော်တို့သည်ကား မိမိတို့ ထံသို့ ရောက်လာသမျှသော ရဟန်းပရိသတ်တို့အား လက်ချည်းပြန်စေ တော်မူသည်မရှိ၊ တစုံတခုကို လှူဒါန်းလေ့ရှိသည့်ပြင် စာသင်သား တပည့်တို့အား ပေးကမ်းထောက်ပံ့ရာ၌လည်း မည်ဆန်းကာမျှမဟုတ် သောက်သောက်လွှဲလွှဲ ပေးကမ်းထောက်ပံ့လေ့ရှိတော်မူကြကြောင်း ကြားသိမှတ်သားရဘူးပါသည်။

ရဟန်းသံဃာတော်များ သာလျှင်မက ဒကာ, ဒကာမများပင် အားကျအတုယူသင့်ကြည့်ညိုထိုက် အတုယူထိုက်သော ကျင့်ထုံးတခုမှာ ဥဂ္ဂ-ဥပါသကာ၏ ကျင့်ထုံးပင်ဖြစ်ပါသည်၊ ထိုစကားကို ထင်ရှားသိဘွယ် မှတ်ယူလွယ်အောင် အကျယ်ထုတ်ဖော်ပြဦးအံ့။

ထိုဥဂ္ဂဥပါသကာသည် မြတ်စွာဘုရားသခင် ဝေသာလီပြည် မဟာဝုန်တော၌ စုလစ်မွန်းချွန် အတွင်းတပ်သော စရပ်ကျောင်းတော်၌ နေတော်မူစဉ် ထိုဝေသာလီပြည်၌ အလွန်ကြွယ်ဝချမ်းသာသဖြင့် မယားလေးယောက်တို့နှင့်အတူ ကာမဂုဏ်ချမ်းသာကို ခံစားလျက်နေသော ဥပါသကာ တယောက်ဖြစ်လေသည်၊ ထိုဥဂ္ဂဥပါသကာသည် တနေ့သောအခါတွင် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရ၍ အနာဂါမ်တည်သဖြင့် မိမိ အိမ်သို့ ပြန်လာပြီးလျှင် မယားလေးယောက်တို့အား "ရှင်မတို့— ငါကား ဗြဟ္မစရိယပဉ္စမသီလကို (ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရကိုချန်၍ ၎င်းနေရာ၌ အဗြဟ္မစရိယ သိက္ခာပုဒ်ကိုထည့်၍ စောင့်သောသီလကို)

ကောင်းစွာဆောက်တည်ခဲ့လေပြီ“သင်တို့သည် ဤအိမ်၌ နေလိုသူနေနိုင်၍ အခြားသို့ ပြောင်းရွှေ့လိုသူလည်း ပြောင်းရွှေ့နိုင်ကြသည်၊ ယောကျ်ား တပါးနှင့် ပေါင်းသင်းလိုကြလျှင်လည်း ပွင့်ပွင့်လင်းလင်း ပြောကြပါ အလိုရှိသောယောကျ်ားနှင့် ပေးစားပါမည်”ဟု ခွင့်ပြုပြောကြားရာ မယား ကြီးက အခြားယောကျ်ားတယောက်နှင့် ပေါင်းသင်းနေထိုင်လိုကြောင်း ခွင့်တောင်းပြောကြားသဖြင့် ထိုယောကျ်ားကို ခေါ်ယူပြီးလျှင် မယား ကြီးကို ရေစက်ချ၍ ထိုယောကျ်ားနှင့် လက်ထပ် ပေးစားသူလည်း ဖြစ်ခဲ့လေသည်။

နည်းသူစရာ ထိုဥပါသကာ၏ သဒ္ဒါရှင်ပြုံး ကျင့်စဉ်ထုံးမှာ မိမိ အိမ်၌ ရှိသမျှသော လာဘ်သပ္ပကာ ဥစ္စာရွှေငွေ ဆန်ရေစပါး ပစ္စည်း များကို မိမိပိုင်အတ္တသန္တက မပြုရုံသာမက ဤပစ္စည်းကိုလှူမည် ဤပစ္စည်း ကိုကားမလှူ ဤမျှလှူမည် ဤမျှကားမလှူနိုင်ဟူ၍ပင် ကန့်သတ်ဝေဘန်ခြင်း မရှိဘဲ အားလုံးသော ဥစ္စာပစ္စည်းတို့ကို သံဃိက– သံဃာပိုင်၊ ဂဏိက– ဂိုဏ်းပိုင်ကဲ့သို့ သဘောထား၍ အားလုံးသော သူတော်ကောင်း ရဟန်း များနှင့် ချွင်းချက်မရှိ ဆက်ဆံသည်ကို ပြုခြင်းဟူသော သဘောထား ကျင့်ထုံးပင်ဖြစ်ပါသည်။ ထို့ကြောင့်— ၎င်းဥဂ္ဂဥပါသကာသည် မိမိ၌ ရှိသော အံ့ဘွယ်တရား ဂုဏ်ရှစ်ပါးတို့ကို ရဟန်းတော်တပါးက သိလိုရေး ကြောင့် မေးကြားသဖြင့် လျှောက်ထားတင်ပြရာတွင် စတုတ္ထအချက်ကို တင်သက်ပြောပြခြင်းငှါ—

“သံဝိဇ္ဇန္တိ ခေါ ပန မေ ဘန္တေ ကုလေ ဘောဂါ၊ တေ စ ခေါ အပ္ပဋိဝိဘတ္တာ သီလဝန္တေဟိ ကလျာဏဓမ္မေဟိ၊ အယံ ခေါ မေ ဘန္တေ စတုတ္ထော အစ္ဆရိယော အဗ္ဘုတော ဓမ္မော သံဝိဇ္ဇတိ”ဟု တင်ပြလျှောက်ထားလေသည်။

အနက်— ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ကုလေ၊ အိမ်၌။ ဘောဂါ၊ လာဘ်သပ္ပကာ ဥစ္စာရွှေငွေ ဆန်ရေစပါး အသုံး အဆောင်ပစ္စည်းများတို့သည်။ သံဝိဇ္ဇန္တိ ခေါ ပန၊ ပြည့်စုံကြွယ်ဝ ရှိနေကုန် ကြသည်သာလျှင်တည်း။ ခေါ၊ စင်စစ်။ တေ၊ ထိုလာဘ်သပ္ပကာ ဥစ္စာ ရွှေငွေ ဆန်ရေစပါး ပစ္စည်းများတို့ကို။ သီလဝန္တေဟိ၊ သီလရှိကုန်သော။ ကလျာဏဓမ္မေဟိ၊ ကောင်းသော အကျင့်ရှိကုန်သော။ သပ္ပုရိသေဟိ၊ သူတော်ကောင်းတို့နှင့်။ အပ္ပဋိဝိဘတ္တာ၊ သီးသီးခြားခြား ခွဲမထားဘဲ

အများသံဃာ ပိုင်ဥစ္စာသို့ ကောင်းစွာဖွဲ့စပ် ဆက်ဆံအပ်ကုန်သည်သာလျှင် တည်း။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ စတုဗ္ဗော၊ လေးခုမြောက်သော။ အစ္ဆရိယော၊ အံ့ဘွယ်သော။ အဗ္ဘုတော၊ မဖြစ်ဘူးမြဲဖြစ်သော။ အယံ ဓမ္မော၊ ဤသို့ ရှိရှိသမျှ ပစ္စယကို သံဃိကပိုင် ဆက်ဆံနိုင်သော ပျံ့လှိုင်လှစွာ သဒ္ဒါငုံဖူး ဂုဏ်ကျေးဇူးသည်။ သံဝိဇ္ဇတိ၊ ထင်ရှားမသွေ ရှိပါပေ၏။

ဤသို့ ရရသမျှ လာဘ်သပ္ပကာ ဥစ္စာပစ္စည်းတို့ကို မိမိချည်း မသုံးဆောင် သီတင်းသုံးဘော် သူတော်ကောင်း အများတို့နှင့် မျှတဝေဘန်ပြီးလျှင် ဆက်ဆံသည်ကိုပြု၍ သုံးဆောင်ခြင်းသည် ရဟန်းတို့အား အမြဲမပြတ် အောက်မေ့အပ်သော ကျင့်ထုံးတရား သီတင်းသုံးဘော်တို့၏ ချစ်မြတ်နိုးခြင်းကို ပြုတတ်သော ကျင့်ထုံးတရား သီတင်းသုံးဘော်တို့၏ ရိုသေလေးစားခြင်းကိုပြုတတ်သော ကျင့်ထုံးတရား သီတင်းသုံးဘော်တို့ကို ချီးမြှောက်ခြင်းငှာဖြစ်သော ကျင့်ထုံးတရား သူတမျိုးငါတဖုံ မငြင်းခုံခြင်းငှာဖြစ်သော ကျင့်ထုံးတရား ညီညွတ်ခြင်းငှာဖြစ်သော ကျင့်ထုံးတရား နို့နှင့်ရေရောသကဲ့သို့ သဘောမပြား တခုထည်းကဲ့သို့ ဖြစ်ခြင်းငှာဖြစ်သော ကျင့်ထုံးတရားဖြစ်ကြောင်းကို အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ်ပါဠိတော်၌ အောက်ပါအတိုင်း မြတ်စွာဘုရားဟောတော်မူပါသည်။

"ပုန စ ပရံ ဘိက္ခဝေ ယေ တေ လာဘာ ဓမ္မိကာ ဓမ္မလဒ္ဓါ အန္တမသော ပတ္တပရိယာပန္နမတ္တမ္ပိ၊ တထာရူပေဟိ လာဘေဟိ အပ္ပဋိဝိဘတ္တဘောဂီ ဟောတိ၊ သီလဝန္တေဟိ သဗြဟ္မစာရီဟိ သာဓာရဏဘောဂီ၊ အယမ္ပိ ဓမ္မော သာရဏီယော ပိယကရဏော ဂရုကရဏော သင်္ဂဟာယ အဝိဝါဒါယ သာမဂ္ဂိယာ ဧကီဘာဝါယ သံဝတ္တတိ"။

---

## အရှင်မဟာကဿပကျင့်ထုံး

ဆက်လက်ရေးသားပါဦးမည်၊ လာဘ်သပ္ပကာ ဥစ္စာပစ္စည်းတို့၌ တပ်နှစ်သက်ခြင်း ပစ္စယဂေဓ စသည်တို့ကို ခါထွက်ဖျက်ဆီးရာ၌ အတုယူကျင့်သုံးအပ်သော အရှင်မဟာကဿပ၏ စံပြကျင့်ထုံးဟူသည်မှာ—

အရှင်မဟာကဿပသည် ရတတ်သမျှသော ပစ္စည်းလေးပါးတို့ဖြင့် သာလျှင် မတောင့်မတ မကြောင့်ကြဘဲ မျှတရောင့်ရဲတော် မူတတ်၏၊ ရတတ်သမျှသော ပစ္စည်းလေးပါးတို့ဖြင့် မတောင့်မတ မကြောင့်ကြဘဲ မျှတရောင့်ရဲခြင်း၏ သတင်းပျံ့ပျူး ဂုဏ်ကျေးဇူးကို ချီးကျူးဟောမြွက်တော် မူတတ်၏၊ ပစ္စည်းလေးပါးတည်းဟူသော အကြောင်းကြောင့် မလျော် မလျောက်ပတ်သော အစေအပါးခံခြင်း၊ ပန်း,သစ်သီးစသည်ပေးခြင်း၊ ဆေးကုခြင်း၊ အံ့ဘွယ်ပြုခြင်းစသည် အပြားရှိသော အနေသန မိစ္ဆာဇီဝသို့ မရောက် ပစ္စည်းလေးပါးကို မရခြင်းကြောင့်လည်း မကြောင့်မကြ မပူပန်၊ ပစ္စည်းလေးပါးကို ရ၍လည်း ပစ္စည်းလေးပါး၌ မကပ်မငြိသည်ဖြစ်၍ မတွေဝေသည်ဖြစ်၍ တဏှာဖြင့် မမြွေးယှက်သည်ဖြစ်၍ အနေသနသို့ ရောက်ခြင်း တပ်မက်မောသဖြင့် သုံးဆောင်ခြင်း၌အပြစ်ကို မြင်သည်ဖြစ်၍ အပူအအေးကို ကာကွယ်ရန်စသည်မျှကို ရှုမြင်ခြင်းလျှင် ရှေ့သွားရှိသော ထွက်မြောက်ရာကို သိမြင်နိုင်သော ပညာအဆင်အခြင် ရှိသည်ဖြစ်၍ သုံးဆောင်တော်မူတတ်၏၊ ထို့ကြောင့် ကဿပသံယုတ်ပါဠိတော်၌ အောက်ပါအတိုင်း ဟောတော်မူပါသည်။

"သန္တုဋ္ဌာယံ ဘိက္ခဝေ ကဿပေါ ဣတရီတရေန စီဝရေန၊ ဣတရီတရစီဝရသန္တုဋ္ဌိယာ စ ဝဏ္ဏဝါဒီ၊ န စ စီဝရဟေတု အနေ- သနံ အပ္ပဋိရူပံ အာပဇ္ဇတိ၊ အလဒ္ဓါ စ စီဝရံ န ပရိတဿတိ၊ လဒ္ဓါ စ စီဝရံ အဂဓိတော အမုစ္ဆိတော အနဇ္ဈာပန္နော အာဒီနဝဒဿာဝီ နိဿရဏပညော ပရိဘုဉ္ဇတိ"။

**အမှာ**—ကြွင်းသော ဆွမ်း,ကျောင်း,ဆေးပစ္စည်းတို့၌လည်း ဤအတိုင်း ဟောတော်မူပါသည်။

ထိုအရှင်မဟာကဿပ နည်းတူ ပြုမူကျင့်ကြံအပ်သည်ကိုလည်း အောက်ပါအတိုင်း ဆက်လက်၍ ဟောတော်မူပါသည်။

"တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ သန္တုဋ္ဌာ ဘဝိဿာမ ဣတရီတရေန စီဝရေန။ပ။ နိဿရဏပညာ ပရိဘုဉ္ဇိဿာမ။ပ။ ကဿပေန ဝါ ဟိ ဝေါ ဘိက္ခဝေ ဩဝဒိဿာမိ၊ ယော ဝါ ပနဿ ကဿပ သဒိသော၊ ဩဝဒိတေဟိ စ ပန ဝေါ တထတ္တာယ ပဋိပဇ္ဇိတဗ္ဗံ"။

အနက်မခက်ပါ— ကဿပေန ဝါ ဟိ ဝေါ ဘိက္ခဝေ အစရှိသော ပါဠိတော်ဝါကျကို ဒုတိယမြောက် ပစ္စဝေက္ခဏာကာရ“ကဿပကိုတုပါ” ဟူသော အခဏ်း၌ အနက်ပေးခဲ့ပြီး ဖြစ်ပါသည်။

ဤသို့လျှင် ရေးသားဖေါ်ပြခဲ့သော ပါဠိ, အဋ္ဌကထာစသည်တို့ကို မျှော်ရှုထောက်ထား၍ ဤဆဋ္ဌမြောက်ပစ္စဝေက္ခဏာကို ဆင်ခြင်ခြင်းကြောင့် ရရှိအပ်သော အကျိုးရင်း အကျိုးဆက် မဆင်ခြင်ခြင်းကြောင့် ရရှိအပ်သော အပြစ်ရင်း အပြစ်ဆက်များကို သိရှိကြသည်အားလျော်စွာ အကျိုးရင်း အကျိုးဆက်တို့ကိုဆောင်၍ အပြစ်ရင်း အပြစ်ဆက်တို့ကို ရှောင်နိုင်ကြရန် ကြိုးစားအားထုတ် ပြုလုပ်ကျင့်ကြံနိုင်ကြပါစေကုန်သတည်းဟု အာသီသပြု၍ ဤအခဏ်းကို နိဂုံးချုပ်အပ်ပါသတည်း။

---

## ၇- သတ္တမမြောက် ပစ္စဝေက္ခဏာ

ကမ္မဿကောမှိ။ပ။ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ဒါယာဒေါ ဘဝိဿာမီတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ (အနက်ကိုပြန်ကြည့်ပါ)။

ဤသတ္တမမြောက် ပစ္စဝေက္ခဏာကို ဟောတော်မူရာ၌ မြတ်စွာဘုရား၏ ရည်ရွယ်တော်မူချက်မှာ— ဤသို့ ကမ္မဿကောမှိ အစရှိသော အခြင်းအရာ အားဖြင့် ပွားများဆင်ခြင်၍ ကမ္မဿကတာဉာဏ်၌တည်ပြီးလျှင် မကောင်းမှု ဒုစရိုက်ဟူသမျှကို ပယ်ရှား၍ ကောင်းမှုကုသိုလ်တို့ကိုသာလျှင် ပွားများ အားထုတ် ပြုလုပ်ကျင့်ကြံရန် ဖြစ်ပါသည်။

ထိုစကားမှန်၏ ကမ္မဿကတာဉာဏ်၌ တည်သောပုဂ္ဂိုလ်သည် မကောင်းမှုကိုဖယ်ရှား၍ ကောင်းမှုကို ပွားများမြဲမြဲတာဖြစ်ပါသည်၊ ထို့ကြောင့် ဤအဘိဏှသုတ်အဖွင့်၌“ဧဝံ ကမ္မဿကတံ ပန ပစ္စဝေက္ခတော ပါပကရဏံ နာမ န ဟောတိ”ဟူ၍ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူချက် ရှိပါသည်။

ဆက်လက်၍ထွင် ဖေါ်ပြပါဦးမည် ကမ္မဿကတာဉာဏ်ဟူသည်မှာ— ဗုဒ္ဓဘာသာ အမည်ခံကာမျှဖြင့် ရအပ်သောအသိမျိုးလည်းမဟုတ် ကံသာလျှင် ငါ၏ဥစ္စာဖြစ်၏ဟု ပွားများအောက်မေ့ကာမျှကို ကမ္မဿကတာ

ဉာဏ်ဟု ခေါ်သည်လည်းမဟုတ်၊ စင်စစ်သော်ကား ထိုသို့ "ကမ္မဿ-ကောမှိ" စသည်ဖြင့် ဟောတော်မူအပ်သော ဒေသနာတော်များကို အကြောင်းပြု၍ဖြစ်သော "ပုဒ်ကိုင်ငြင်း, ပုဒ်၏အနက်အဓိပ္ပါယ်ကိုင်ငြင်း စုံစမ်းခြင်း, ထိုဒေသနာတော်ကိုလေ့လာခြင်း, ဆောင်ခြင်း, နှိုးနှော နှိုင်းချိန်ခြင်း အကြောင်းယုတ္တိအားဖြင့် စဉ်းစားဆင်ခြင်ခြင်း" ဟူသော သုတမယဉာဏ် ထိုသုတမယဉာဏ်ဖြင့်ရအပ်သော သုတမယဉာဏ်ထက် ထက်မျက်အားရှိသော "စုံစမ်းခြင်း, လေ့လာခြင်း, နှိုင်းချိန်ခြင်း, အကြောင်းယုတ္တိအားဖြင့် ဆင်ခြင်ခြင်း"ဟူသော စိန္တာမယဉာဏ်, ဤဉာဏ်နှစ်ပါးတို့ဖြင့် ပွားများဆင်ခြင်၍ ဟုတ်မှန်သောအကြောင်းယုတ္တိတို့ဖြင့်– နတ္ထိကဒိဋ္ဌိ, အကိရိယ-ဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အမရာဝိက္ခေပဒိဋ္ဌိ, ဣဿရနိမ္မာနဒိဋ္ဌိတို့ကို လွှန်မြောက်ကာ "မကောင်းမှုအကုသိုလ်များသည်ကား အကျိုးမဲ့ကိုဖြစ်စေတတ်သောကြောင့် မိမိအားထားရာ ပြုလုပ်ဆည်းပူးအပ်သော မိမိဥစ္စာမဟုတ် ကောင်းမှုကုသိုလ်များသာ အကျိုးစီးပွားကို ဖြစ်စေတတ်သောကြောင့်မိမိ၏အားထားရာပြုလုပ်ဆည်းပူးအပ်သော မိမိ၏ဥစ္စာဖြစ်သည်"ဟု ကံ, ကံ၏အကျိုးများကို အကြောင်းယုတ္တိနှင့်တကွ ယုံကြည်သိမြင်တတ်သော ပညာသည်သာလျှင် "ကမ္မဿကတာ" ဉာဏ်မည်ပါသည်၊ ထို့ကြောင့် ဉာဏဝိဘင်းအဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ဆိုတော်မူပါသည်။

"ဣဒံ ဝုစ္စတိတိ ယံ ဉာဏံ"ဣဒံ ကမ္မံ သကံ၊ ဣဒံ နောသက"န္တိ ဇာနာတိ၊ ဣဒံ ကမ္မဿကတဉာဏံ နာမ ဝုစ္စတီတိအတ္ထော၊ တတ္ထ တိဝိဓံ ကာယဒုစ္စရိတံ, စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ, တိဝိဓံ မနောဒုစ္စရိတန္တိ-ဣဒံ န သကကမ္မံ နာမ၊ တီသု ဒွါရေသု ဒသဝိဓမ္ပိ သုစရိတံ သက-ကမ္မံ နာမ၊အတ္တနော ဝါ ပိ ဟောတု ပရဿ ဝါ၊သဗ္ဗမ္ပိ အကုသလံ န သကကမ္မံနာမ၊ ကသ္မာ အတ္တဘာဝနတော အနတ္ထဇနနတော စ၊ အတ္တနော ဝါ ဟောတု ပရဿ ဝါ၊ သဗ္ဗမ္ပိ ကုသလံ သကကမ္မံ-နာမ၊ ကသ္မာ အနတ္ထဘဉ္ဇနတော အတ္ထဇနနတော စ၊ ဧဝံ ဇာနန-သမတ္ထေ ဣမသ္မိံ ကမ္မဿကတဉာဏေ ဌတွာ ဗဟုံ ဒါနံ ဒတွာ သီလံ ပူရေတွာ ဥပေါသထံ သမာဒိယိတွာ သုခေန သုခံ သမ္ပတ္တိယာ သမ္ပတ္တိံ အနုဘဝိတွာ နိဗ္ဗာနံ ပတ္တာနံ ဂဏနပရိစ္ဆေဒေါ နတ္ထိ"။

အဋ္ဌသာလိနီအဋ္ဌကထာ နိက္ခေပကဏ္ဍ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ၌လည်း အနည်းငယ် ကွဲပြားသော သဒ္ဒါအသုံးအနှုန်းတို့ဖြင့် ဤအတိုင်းပင် အဓိပ္ပါယ်တူ ဖွင့်ပြလျက်ရှိပါသည်။

အဋ္ဌကထာမြန်မာပြန်— "ဇာဒံ ဝုစ္စတိ"ဟူသည်မှာ အကြင်ဉာဏ်သည် ဤကောင်းမှုကား ငါ၏ ဥစ္စာဖြစ်၏, "ဤမကောင်းမှုကား ငါ၏ ဥစ္စာ မဟုတ်"ဟု သိ၏၊ ဤသို့ သိတတ်သောဉာဏ်ကို "ကမ္မဿကတာဉာဏ် မည်၏"ဟု ဆိုအပ်၏၊ ဤကား "ဇာဒံဝုစ္စတိ"ဟူသော ဝါကျ၏ အနက် ပေတည်း။

ထိုမိမိ၏ ဥစ္စာဟုတ် မဟုတ်နှစ်ပါးတို့တွင် သုံးပါးသော ကာယ ဒုစရိုက်သည်၎င်း,လေးပါးသော ဝစီဒုစရိုက်သည်၎င်း,သုံးပါးသော မနော ဒုစရိုက်သည်၎င်း ဤဆယ်ပါးသော ဒုစရိုက်သည် မိမိ၏အားထားစရာ ဥစ္စာမဟုတ်သောကံမည်၏။ ဒါရသုံးပါးတို့၌ ဆယ်ပါးအပြားရှိသည်လည်း ဖြစ်သော သုစရိုက်အားလုံးသည် မိမိ၏ အားထားစရာ ဥစ္စာဖြစ်သော ကံမည်၏။

မိမိ၏မူလည်းဖြစ်စေ၊ သူတပါး၏မူလည်းဖြစ်စေ၊ အလုံးစုံလည်း ဖြစ်သော အကုသိုလ်သည် မိမိ၏ဥစ္စာမဟုတ်သော ကံမည်၏၊ အဘယ့် ကြောင့်နည်းဟူမူကား၊ အကျိုးစီးပွားကို ဖျက်ဆီးတတ်သောကြောင့်၎င်း အကျိုးစီးပွားမဲ့ကို ပြုတတ်သောကြောင့်၎င်းတည်း။

မိမိ၏မူလည်းဖြစ်စေ, သူတပါး၏မူလည်းဖြစ်စေ၊ အလုံးစုံလည်း ဖြစ်သောကုသိုလ်သည် မိမိ၏ဥစ္စာဖြစ်သော ကံမည်၏၊ အဘယ့်ကြောင့် နည်းဟူမူကား၊ အကျိုးစီးပွားကို မဖျက်ဆီးတတ်သောကြောင့်၎င်း,အကျိုး စီးပွားကို ဖြစ်စေတတ်သောကြောင့်၎င်းတည်း၊ ဤသို့သိခြင်း၄ါ စွမ်းနိုင် သော ဤကမ္မဿကတာဉာဏ်၌တည်ကုန်၍ များစွာသော အလှူကိုပေး ကုန်၍ သီလကိုဖြည့်ဆည်းကုန်၍ ဥပုသ်ကိုဆောက်တည်ကုန်၍ ချမ်းသာ တပါးမှ ချမ်းသာတပါးကို စည်းစိမ်တပါးမှ စည်းစိမ်တပါးကို အစဉ် စံစားကုန်သည်ဖြစ်၍ နိဗ္ဗာန်သို့ရောက်ကြကုန်သောသူတို့၏ အရေအတွက် အပိုင်းအခြားသည်မရှိ။

ဤသို့ ရေးသားဖေါ်ပြခဲ့ပြီးသော အကြောင်းအရာဥဿုံအလုံးစုံကို ဉာဏ်အာရုံရှေ့ရှု၍ စေ့ငုစ္စာဆင်ခြင်ကြည့်ပါလျှင် ဤကမ္မဿကတာဉာဏ် သည် လူသာမန်သတ္တဝါတိုင်းတို့ လွယ်ကူစွာရယူနိုင်သော ဉာဏ်မဟုတ် သည်မှာ ထင်ရှားသိသာလှပါသည်။

ကမ္ဘာပေါ်ရှိ လူသားအားလုံးကိုမဆိုထားဘိ ဗုဒ္ဓဘာသာအမည်ခံသူ လူနတ်အားလုံးတွင်ပင် အကြောင်းယုတ္တိနှင့်တကွ၊ နတ္ထိကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အမရာဝိက္ခေပဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဇာဿရနိမ္မာနဒိဋ္ဌိတို့ကို စင်ကြယ်စွာလွန်မြောက်၍ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကို ပြည့်စုံခိုင်မြဲစွာ ရရှိနိုင်ကြခြင်းအကျိုးငှာ၊ ကြိုးစားရန် လိုအပ်နေသူများ အများအပြား ရှိနေကြပေလိမ့်မည်ဟု ယုံကြည်သင့်ပါသည်။

ထိုစကားမှန်၏၊ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကို ပြည့်စုံခိုင်မြဲစွာ ရရှိကြသူများမှာ ကလျာဏပုထုဇဉ်နှင့် အရိယာများသာဖြစ်၍ ကြွင်းသော ကမ္မဝါဒီပုဂ္ဂိုလ်များမှာ ကမ္မဿကတာဉာဏ်ကို ပြည့်စုံခိုင်မြဲအောင် ကြိုးစားကြရဦးမည့်သူများသာ ဖြစ်ကြပါသည်။

ဒါနသီလစသည် ကောင်းမှုကို ပြုလုပ်လျက်ရှိသော်လည်း၊ ကမ္မဿကတာဉာဏ် မပြည့်စုံမခိုင်မြဲသေးသည်ကို အောက်ပါ ဒိဋ္ဌိဝိသောဓနကျမ်းထွက် မန်လည်ဆရာတော်ဘုရား၏ မိန့်ကြားချက်ဖြင့်လည်း သိသာနိုင်ပါသည်။

"ယခုအခါ၌ ဒါန, သီလ,ဥပေါသထအမှုတို့ကိုပြုလေ့ရှိကြကုန်၏၊ ပြုလေ့ရှိကြပါကုန်သော်လည်း အတုအပပြုကြသည်သာများ၏၊ ဟုတ်ဟုတ်ဟတ်ဟတ် ကိုးကိုးကားကား ပြုကြသည်ကားနည်းကုန်၏၊ ထို့ကြောင့် ဒါနကိုပြုသောအခါလည်း ပွဲလမ်းသဘင်ဆိုင်းရုပ်သေးမပါလျှင် ဒါနမမည်ကုသိုလ်မဖြစ်သကဲ့သို့မှတ်၍၊ အရပ်ရပ် ရှမ်း, မြန်မာပြည် အားလုံးပင် များသောအားဖြင့် အတုအပလိုက်၍ ပွဲလမ်းသဘင် အပျော်အရွှင်အမှုကိုသာ ဂရုကတအာရမ္မဏာမိပတိပစ္စည်းတပ်၍ပြုကုန်၏၊ရတနာသုံးပါးဂုဏ် ဒါနဝတ္ထုအာရုံတို့၌ ဂရုကတအာရမ္မဏာမိပတိပစ္စည်းတပ်၍ပြုခြင်း နည်းကုန်၏၊ ထင်ရှားကျော်စောခြင်းကိုသာ အငဲ့များကုန်၏၊ ငါ၏မိုတင်း ကိုးကွယ်ရာ သုဂတိဂါမိက နိယျာနိကအမှု၊ ပုညကြိယဝတ္ထုကိုပြုမိပြီ သေသောကာလ ဘဝပြောင်းသောအခါ၊ အာရမ္မဏပစ္စည်းတပ်သော ကုသိုလ်ကမ္မနိမိတ်ကောင်းကြီးကို လက်ရှိပြည့်စုံရပေပြီဟု နှလုံးစိတ်စွဲ အမြဲ ကိုးကားခြင်းနည်းကုန်၏၊အချို့ အချို့ကားပေးကမ်းလှူဒါန်းသောအခါ၌ ကျောင်းကြီး, ဘုရားကြီး ဆောက်လုပ်တည်ထားခြင်း အလွန်ကောင်း၏၊ ကုန်ကုန်ခန်းခန်း ပြုတတ်ကြပါ၏၊ နောင်အခါမူကား ထိုကုသိုလ်ကိုအာရုံ မပြု ဂရုမစိုက် မစွဲမလမ်း မကိုးမကား အမှတ်မဲ့ထားသည်များကြကုန်၏၊

ထိုသို့အလေးမဲ့ မကိုးမကား အားမထားဘဲ ပြုကြခြင်းသည်ကား၊ ကမ္မသကတာဉာဏ် ဟုတ်ဟုတ်ကောင်းကောင်းကြီး မတည်သေးသော ကြောင့်သာတည်း"။

---

## ဒိဋ္ဌိငါးပါးနှင့် ဝါဒငါးပါး

ဆက်လက်ရေးသားပါဦးမည် ဖော်ပြခဲ့သောဒိဋ္ဌိငါးပါးတို့တွင်—

"နတ္ထိကဒိဋ္ဌိ"ဟူသည်မှာ— ကံ၏အကျိုးကိုမယုံကြည် ပယ်မြစ်သော အယူဝါဒဖြစ်ပါသည်။

"အကိရိယဒိဋ္ဌိ"ဟူသည်မှာ— ကံကိုမယုံကြည် ပယ်မြစ်သော အယူဝါဒဖြစ်ပါသည်။

"အဟေတုကဒိဋ္ဌိ"ဟူသည်မှာ— ကံနှင့်ကံ၏အကျိုးဟူသော နှစ်ပါးစုံကိုမယုံကြည် ပယ်မြစ်သော အယူဝါဒဖြစ်ပါသည်။

ထိုသုံးပါးသောအယူဝါဒတို့တွင် ကံဟုဆိုအပ်သော အကြောင်းတရားကိုမယုံကြည်သော အကိရိယဒိဋ္ဌိအယူဝါဒသည် ထိုသို့ကံဟုဆိုအပ်သော အကြောင်းတရားကို မယုံကြည်ခြင်းဖြင့်ပင် ကံ၏အကျိုးကိုလည်း မယုံကြည်ရာရောက်တော့သည်၊ ကံ၏အကျိုးကိုမယုံကြည်သော နတ္ထိကဒိဋ္ဌိအယူဝါဒသည်လည်း ထိုသို့ကံ၏အကျိုးတရားကို မယုံကြည်ခြင်းဖြင့်ပင် ကံဟူသောအကြောင်းတရားကိုလည်း မယုံကြည်ရာရောက်လေတော့သည် ဤသို့လျှင် ထိုဒိဋ္ဌိသုံးပါးတို့သည် သဘောသွား တရားကိုယ်အားဖြင့် အကြောင်းအကျိုးနှစ်ပါးစုံကို မယုံကြည်တတ်ပယ်မြစ်တတ်သော အယူဝါဒများသာလျှင် ဖြစ်ကြကုန်သည်၊ ထို့ကြောင့် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ အပဏ္ဏကသုတ်၊ သီလက္ခန္ဓအဋ္ဌကထာ သာမညဖလသုတ်တို့၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူကြလေသည်။

"ဣမာသု ပန တီသု ဒိဋ္ဌီသု နတ္ထိကဒိဋ္ဌိ ဝိပါကံ ပဋိဗာဟတိ၊ အကိရိယဒိဋ္ဌိ ကမ္မံ ပဋိဗာဟတိ၊ အဟေတုကဒိဋ္ဌိ ဥဘယမ္ပိ ပဋိ-ဗာဟတိ၊ တတ္ထ ကမ္မံ ပဋိဗာဟန္တေနာပိ ဝိပါကော ပဋိဗာဟိတော

ဟောတိ၊ ဝိပါကံ ပဋိဗာဟန္တေနာပိ ကမ္မံ ပဋိဗာဟိတံ၊ ဣတိ သဗ္ဗေပေတေ အတ္ထတော ဥဘယပဋိဗာဟကာ နတ္ထိကဝါဒါစေဝ အဟေတုကဝါဒါ စ အကိရိယဝါဒါ စ ဟောန္တိ”။

အမရာဝိက္ခေပဒိဋ္ဌိ— “အမရာဝိက္ခေပဒိဋ္ဌိ”ဟူသည်မှာ အလွန်ထိုထိုင်းတွေဝေသည်ဖြစ်၍ အယူဝါဒ အတည်အမြဲမရှိဘဲ ငါးတို့၏အယူဝါဒကို မေးမြန်းသည်ရှိသော် တောင်တောင်,ဤဤ,ထွေလီများပြား အပိုင်းအခြားမရှိ, ပျံ့လွင့်သော စကားသို့ငှင်း, တောင်တောင်,ဤဤ, ထွေလီများပြား အပိုင်းအခြားမရှိ ပျံ့လွင့်သော အယူဝါဒသို့ငှင်း ရောက်တတ်သော သူတို့၏ အယူဝါဒဖြစ်ပါသည်။

ဣဿရနိမ္မာနဒိဋ္ဌိ— “ဣဿရနိမ္မာနဒိဋ္ဌိ”ဟူသည်မှာ—ဗြဟ္မာဗိဿနိုး တန်ခိုးကြီးမား နတ်ဘုရားတို့ဖန်ဆင်းသည်ဟု စွဲလမ်းယုံကြည်သောသူတို့၏ အယူဝါဒပင်ဖြစ်ပါသည်။

ထိုငါးပါးသော အယူဒိဋ္ဌိတို့ကို ထင်ရှားသိသာရန် အသီးအသီးသော ဥပမာတို့ဖြင့် ဆက်လက်ဖော်ပြပါဦးမည်။

---

## အဇိတဝါဒ

နတ္ထိကဒိဋ္ဌိ— “နတ္ထိကဒိဋ္ဌိ” ဟူသည်မှာ— အဇိတကေသကမ္ဗလ အမည်ရှိသော တိတ္ထိဆရာကြီး၏ အယူဝါဒမျိုးဖြစ်ပါသည် ထိုတိတ္ထိဆရာကြီး၏ အယူဝါဒကို ဥပမာအဖြစ်အားဖြင့် ပြဆိုရာ၌ ငါးတိတ္ထိဆရာကြီး ဟောပြောလေ့ရှိသော “နတ္ထိ မဟာရာဇ ဒိန္နံ”အစရှိသော တိတ္ထိယဒေသနာကိုအမှီပြု၍ ကြီးကြားထုတ်နုတ်ကာ သိသာရုံအမြွက်မျှ ပြဆိုပါမည်။

တခံရောအခါ ထိုအဇိတကေသကမ္ဗလ တိတ္ထိဆရာကြီးသည် မိမိထံ ရောက်လာသော အဇာတသတ်မင်းအား တရားစကားဟောပြောရာ၌ “နတ္ထိ မဟာရာဇ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ”အစရှိသည်ဖြင့် “အိုဒကာတော်မင်းကြီး အလှူပေးခြင်း၏အကျိုးသည်မရှိ၊ ယဇ်ပူဇော်ခြင်း၏ အကျိုးသည်မရှိ”အစရှိသည်ကို ဟောကြားပြီးလျှင် တဘန်ဆက်လက်၍ “စာတုမဟာဘူတိကော အယံ ပုရိသော၊ ယဒါ ကာလံ ကရောတိ ပထဝီ ပထဝိကာယံ အနုပေတိ၊ အနုပဂစ္ဆတိ”အစရှိသည်ဖြင့် ဟောပြောပြန်လေသည်။

ထိုဟောပြောချက်၏ မြန်မာပြန်အဓိပ္ပါယ်မှာ "ဤသတ္တဝါသည် လေးပါးသော မဟာဘုတ်ဖြင့်ပြီး၏၊ အကြင်အခါ၌သေ၏၊ ထိုအခါ အဇ္ဈတ္တပထဝီဓာတ်သည် ဗဟိဒ္ဓပထဝီဓာတ်သို့ အစဉ်ရောက်သွား၏၊ အဇ္ဈတ္တအာပေါဓာတ်သည် ဗဟိဒ္ဓအာပေါဓာတ်သို့ အစဉ်ရောက်သွား၏၊ အဇ္ဈတ္တတေဇောဓာတ်သည် ဗဟိဒ္ဓတေဇောဓာတ်သို့ အစဉ်ရောက်သွား၏၊ အဇ္ဈတ္တဝါယောဓာတ်သည် ဗဟိဒ္ဓဝါယောဓာတ်သို့ အစဉ်ရောက်သွား၏၊ စိတ်လျှင် ခြောက်ခုမြောက်ရှိသော ဣန္ဒြေတို့သည် ကောင်းကင်သို့ ပြန်တက်သွားကြကုန်၏၊ ညောင်စောင်းလျှင် ငါးခုမြောက်ရှိသော လူလေးယောက်တို့သည် မသာလောင်းကိုယူ၍ သွားကြကုန်၏၊ ခန္ဓာကိုယ်တို့သည် သင်္ချိုင်းတိုင်အောင် ထင်ကြကုန်၏၊ အရိုးတို့သည် ဖွေးဖွေးဖြူကုန်၏၊ ပေးလှူအပ်သော အလှူဒါနတို့သည် ပြာဖြစ်ခြင်း အဆုံးရှိသော အကျိုးကို ပေးတတ်ကုန်၏၊ ပညာမရှိသော လူမိုက်တို့သည် ဤအလှူဒါနကို ပညတ်အပ်၏၊ ပညာရှိတို့သည် မပညတ်အပ်၊ အကြင်သူတို့သည် "တမလွန်ဘဝရှိ၏"ဟူသော ဝါဒကို ဟောပြောကြကုန်၏၊ ထိုသူတို့၏ ထိုသို့ ပြောဆိုခြင်းသည် အချည်းနှီး ချို့ယွင်းသော ပြောဆိုယောင်ရမ်းခြင်းသာ ဖြစ်၏၊ သူမိုက်တို့သည်၎င်း, ပညာရှိတို့သည်၎င်း ကိုယ်ခန္ဓာ၏ ပျက်စီးသည်မှ နောက်ကာလ၌ ဘာမျှမဖြစ်နိုင်ကြကုန်"။

ဤဟောပြောချက်၌ "ကိုယ်ခန္ဓာ၏ ပျက်စီးသည်မှ နောက်ကာလ၌ "ဘဝမစပ်ဆုံး၍ ပြတ်၏"ဟု ဆိုသဖြင့် ကုသိုလ်အကုသိုလ်စေတနာဟူသော ကမ္မဘဝ၏ အကျိုးဖြစ်သော ဝိပါက်ပဋိသန္ဓေကို မယုံကြည်ပယ်မြစ်ခြင်းကြောင့် ဤအဇိတသည် "ကံ၏အကျိုးပေးမရှိ"ဟု အယူရှိသော နတ္ထိကဒိဋ္ဌိအယူရှိသူဖြစ်၏။

ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ သာမညဖလသုတ်အဖွင့်၌—

"အဇိတော ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတီတိ ဝဒန္တော ဝိပါကံ ပဋိဗာဟတိ"ဟု မိန့်ဆိုတော်မူလေသည်။

ဤအဇိတ၏ အယူဝါဒနှင့် သဘောတရားအားဖြင့် တူညီသော အယူဝါဒဟူသမျှကို နတ္ထိကဒိဋ္ဌိအယူဝါဒဖြစ်သည်ဟု သိမှတ်အပ်ပါသည်။

## ပူရဏကဿပဝါဒ

အကိရိယဒိဋ္ဌိ– "အကိရိယဒိဋ္ဌိ"ဟူသည်မှာ–ပူရဏကဿပမည်သော တိတ္ထိဆရာကြီး၏ အယူဝါဒမျိုးဖြစ်ပါသည် ထိုပူရဏကဿပ၏အယူဝါဒကိုလည်း ၎င်း၏ဟောပြောချက်များမှ ကြိုးကြားထုတ်နုတ်၍ ပြဆိုပါမည်။

တရံရောအခါ ပူရဏကဿပသည် မိမိထံသို့ ရောက်ရှိလာသော အဇာတသတ်မင်းအား"ကရောတော ခေါ မဟာရာဇ ကာရယတော"အစ ချီသော တိတ္ထိယဝါဒကထာ ဒေသနာကို ဟောကြားရာတွင် "ကရောတော န ကရိယတိ ပါပံ ခုရပရိယန္တေန စေပိ စက္ကေန ဣမိဿာ ပထဝိယာ ပါဏေ ဧကံ မံသခလံ ဧကံ မံသပုဉ္ဇံ ကရေယျ"အစရှိသော ဟောပြောချက်ကိုလည်း ထည့်သွင်းဟောပြောလေသည်။

ထိုဟောပြောချက်၏ မြန်မာပြန်အဓိပ္ပါယ်မှာ– တစုံတခု မကောင်းမှုကို ပြုအံ့ဟုရည်ရွယ်၍ သတ်ခြင်းစသည်ကိုပြုသော်လည်း မကောင်းမှုကို ပြုသည်မမည် အကြင်သူသည် သင်မုန်းစက်ဘီးဖြင့်သော်လည်း မြေအပြင်၌ သတ္တဝါတို့ကို တခုသော အသားစုဖြစ်အောင် တခုသောအသားပုံဖြစ်အောင် အကယ်၍ပြုငြားအံ့ ထိုသို့ပြုခြင်းကြောင့် ထိုသူအား မကောင်းမှုမည်သည်မရှိ မကောင်းမှု၏ ဖြစ်ပေါ်လာရောတ်ခြင်းမည်သည်မရှိ၊ အလွန်ရက်စက် ကြမ်းကြုတ်သော သူတို့၏နေရာ ဂင်္ဂါမြစ်၏တောင်ဘက်ကမ်း၌ နေသောသူသည်လည်း အသက်ကိုသတ်လျက်, သတ်စေလျက်, ဖြတ်လျက်, ဖြတ်ခစေလျက်, နှိပ်စက်လျက်, နှိပ်စက်စေလျက်သွားစေကာမူ ထိုသတ်ခြင်းစသောအကြောင်းကြောင့် မကောင်းမှုမည်သည်မရှိ မကောင်းမှုမဖြစ် သဒ္ဓါပေါ်များ ရတနာသုံးပါး၌ ကြည်ညိုသူတို့နေရာ ဂင်္ဂါမြစ်၏မြောက်ဘက်ကမ်း၌ နေသောသူသည်လည်း ပေးလှူလျက်, ပေးလှူစေလျက်,ပူဇော်လျက်,ပူဇော်စေလျက် သွားစေကာမူ ထိုလှူခြင်းစသော အကြောင်းကြောင့် ကောင်းမှုမည်သည်မရှိ ကောင်းမှုမဖြစ် အလှူပေးခြင်း,သီလစောင့်ခြင်း, အမှန်ဆိုခြင်းတို့ကြောင့် ကောင်းမှုမည်သည်မရှိ ကောင်းမှုမဖြစ်။

ဤပူရဏ၏ ဟောပြောချက်၌ "တစုံတခု မကောင်းမှုကိုပြုအံ့"ဟု ရည်ရွယ်၍ သတ်ခြင်းစသည်ကို ပြုသော်လည်း "မကောင်းမှုကို ပြုသည်မမည်"ဟု ဆိုသဖြင့် ကောင်းမှုမကောင်းမှုဟူသော ကံကို ပယ်မြစ်ခြင်းကြောင့် ဤပူရဏကဿပသည် အကြောင်းတရားဖြစ်သောကံကို မယုံကြည် ပယ်မြစ်သော အကိရိယဒိဋ္ဌိ အယူရှိသူဖြစ်၏။

ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ၌—

"တတ္ထ ပူရဏော ကဿပေါ န ကရိယတိ ပါပန္တိ ဝဒန္တော ကမ္မံ ပဋိဗာဟတိ"ဟု မိန့်ဆိုလျက် ရှိလေသည်။

ဤပူရဏ၏ အယူဝါဒနှင့် သဘောတရားအားဖြင့်တူသော အယူဝါဒအားလုံးတို့ကိုလည်း အကိရိယဒိဋ္ဌိဖြစ်၏ဟု သိမှတ်သင့်ပါသည်။

---

## မက္ခလိဂေါသာလဝါဒ

**အဟေတုကဒိဋ္ဌိ**— "အဟေတုကဒိဋ္ဌိ"ဟူသည်မှာ မက္ခလိဂေါသာလ အမည်ရှိသော တိတ္ထိဆရာကြီး၏ အယူဝါဒမျိုးကဲ့သို့သော အယူဝါဒ ဖြစ်ပါသည်။

ဤမက္ခလိဂေါသာလ၏ အယူဝါဒကို ပြဆိုရာ၌လည်း ၎င်းဟော ပြောသော ဝါဒကထာ တိတ္ထိယဒေသနာကိုပင် ကိုးကြားထုတ်နုတ်၍ ပြဆိုပါမည်။

တရံရောအခါ မက္ခလိဂေါသာလသည် မိမိထံသို့ ရောက်ရှိလာသော အဇာတသတ်မင်းအား "နတ္ထိ မဟာရာဇ ဟေတု၊ နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ၊ အဟေတူ အပ္ပစ္စယာ သတ္တာ သံကိလိဿန္တိ။ပ။ ဝိသုဇ္ဈန္တိ— အိုဒကာမင်းကြီး.... သတ္တဝါတို့၏ ညစ်ညူးခြင်း, စင်ကြယ်ခြင်းငှာ မကောင်းမှု,ကောင်းမှုဟူသော အကြောင်းအထောက်အပံ့မရှိ၊ မကောင်းမှု ကောင်းမှုဟူသော အကြောင်းအထောက်အပံ့ ကင်းကုန်၍သာလျှင် သတ္တဝါတို့သည် ညစ်ညူးကုန်, စင်ကြယ်ကုန်၏" အစရှိသော ပြောဟော ချက်ကို ဟောရာတွင်—

"စုလ္လာသီတိ မဟာကပ္ပိနော သတသဟဿာနိ၊ ယာနိ ဗာလေ စ ပဏ္ဍိတေ စ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရိဿန္တိ" အစရှိသော ဟောပြောချက်ကိုလည်း ထည့်သွင်း ဟောပြော လေသည်။

ထိုဟောပြောချက်၏ မြန်မာပြန်အဓိပ္ပါယ်မှာ—ရှစ်သန်းလေးသိန်း ကုန်သော မဟာကပ်တို့သည်ရှိကုန်၏ ယင်းမဟာကပ်တို့ပတ်လုံး လူမိုက်တို့သည်ငင်း,ပညာရှိတို့သည်ငင်း ပြေးသွားကျင်လည်ကြကုန်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြကုန်လတံ့ ထိုမဟာကပ်ရှစ်သန်းလေးသိန်းအတွင်း၌—

"ငါသည် ဤသီလဖြင့်သော်ငင်း,ဤကျင့်ဝတ်ဖြင့်သော်ငင်း,ဤခြိုးခြံမှုဖြင့်သော်ငင်း, ဤမြတ်သော အကျင့်ဖြင့်သော်ငင်း မရင့်ကျက်သေးသော ကံကိုမူလည်း ရင့်ကျက်စေအံ့ ရင့်ကျက်ပြီးသော ကံကိုမူလည်း တွေ့၍တွေ့၍ ပျက်စီးခြင်းကိုပြုအံ့"ဟု ဤသို့ပြုပြင်နိုင်ခြင်းမည်သည်မရှိ ချမ်းသာဆင်းရဲသည် စရွတ်တောင်းဖြင့် ချင့်ထားသကဲ့သို့ဖြစ်၏ သံသရာသည် အပိုင်းအခြားပြုထားပြီးဖြစ်၏ အတိုးအဆုတ် အလွန်အယုတ်မရှိ ချည်ခင်ကို ပစ်လိုက်သည်ရှိသော် ချည်ရှိသရွေ့သာ ပြေးသွားလေသကဲ့သို့ ဤအတူ သူမိုက်တို့သည်ငင်း, ပညာရှိတို့သည်ငင်း ပြေးသွားကျင်လည်ကြကုန်၍ ဒုက္ခကုန်ဆုံးခြင်းကို ပြုကုန်လတံ့"

ဤမက္ခလိဂေါသာလ၏ ဟောပြောချက်၌"သတ္တဝါတို့၏ ညစ်ညူးခြင်း,စင်ကြယ်စေခြင်းငှါ မကောင်းမှုနှင့်ကောင်းမှုဟူသော အကြောင်း ဖဲ့ဆောက်အပံ့မရှိ"စသည်ဆိုသဖြင့် အကြောင်းဟူသော ကံကိုပယ်မြစ်သေသည်၊ အကြောင်းကိုပယ်မြစ်လျှင် အကျိုးတရားကိုပယ်မြစ်ခြင်းကိစ္စလည်း ပြည့်စုံပြီးမြောက်လေသောကြောင့် ဤမက္ခလိဂေါသာလသည် ကံ,ကံ၏အကျိုး နှစ်ပါးစုံကို မယုံကြည် ပယ်မြစ်သော အဟေတုကဒိဋ္ဌိအယူရှိသူဖြစ်၏။

ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ၌—

"မက္ခလိ နတ္ထိ ဟေတူတိ ဝဒန္တော ဥဘယံ ပဋိဗာဟတိ"ဟု မိန့်ဆိုတော်မူလေသည်။

ဤမက္ခလိဂေါသာလ၏ အယူဝါဒနှင့် သဘောတရားအားဖြင့် တူသော အယူဝါဒဟူသမျှ သည်လည်း အဟေတုကဒိဋ္ဌိမည်၏ဟူ၍ သိမှတ်အပ်ပါသည်။

## သဉ္စယမေလဠဝါဒ

အမရာဝိက္ခေပဒိဋ္ဌိ— "အမရာဝိက္ခေပဒိဋ္ဌိ"ဟူသည်မှာ— သဉ္စယအမည်ရှိသော တိတ္ထိဆရာကြီး၏ အယူဝါဒကဲ့သို့သော အယူဝါဒမျိုးဖြစ်ပါသည်။

ဤသဉ္စယသည် မိမိထံသို့ ရောက်ရှိလာသော အဇာတသတ်မင်းအား မိမိ၏ဝါဒကထာ ဒေသနာကို ဟောကြားရာတွင်—

"အတ္ထိ ပရော လောကောတိ ဣတိ စေ မံ ပုစ္ဆသိ၊ အတ္ထိ ပရော လောကောတိ ဣတိ စေ မေ အဿ၊ အတ္ထိ ပရော လောကောတိ ဣတိ တေ နံ ဗျာကရေယျံ၊ ဧဝန္တိပိ မေ နော၊ တထာတိပိ မေ နော၊ အညထာတိပိ မေ နော၊ နောတိပိ မေ နော၊ နော နောတိပိ မေ နော"အစရှိသည်ဖြင့် ဟောကြားခဲ့ပါသည်။

ထိုဟောကြားချက်၏ မြန်မာပြန်အဓိပ္ပါယ်မှာ— "တမလွန်လောက ရှိသလော"ဟု ဤသို့ ငါ့ကိုသင်မေးငြားအံ့"တမလွန်လောကသည်ရှိ၏"ဟု ဤသို့ ငါ၏ အယူဝါဒသည်ဖြစ်ငြားအံ့"တမလွန်လောကသည်ရှိ၏"ဟူ၍ ဤသို့ သင်၏ ထိုအမေးကို ငါဖြေဆိုရာ၏ (သို့ရာတွင်) ဤသို့ "တမလွန်လောကသည်ရှိ၏"ဟူသော အယူသည်လည်း ငါ၏အယူမဟုတ်"တမလွန်လောကသည်မရှိ"ဟူသော အယူသည်လည်း ငါ၏အယူမဟုတ်"တမလွန်လောကသည်ရှိ၏ မရှိ"ဟူသော အယူသည်လည်း ငါ၏အယူမဟုတ် " တမလွန်လောကသည်ရှိ၏,မရှိ,ရှိလည်းရှိ,မရှိလည်းမရှိ "ဟူသော အယူသည်လည်း ငါ၏အယူမဟုတ် "တမလွန်လောကသည်ရှိ၏,မရှိ,ရှိလည်းရှိ, မရှိလည်းမရှိ"ဟူသော အယူသည်လည်း ငါ၏အယူမဟုတ်"ဟု ငါမယူ။

ဤဟောပြောချက်၏ ဝိဂ္ဂဟတ္ထအဓိပ္ပါယ်ကို သိမ်းရုံး၍ ဆင်ခြင်ကြည့်ပါလျှင် အဆုံးအပိုင်းအခြားမရှိသောစကား,အဆုံးအပိုင်းအခြားမရှိသော အယူတို့ဖြင့် ပစ်လွှင့်၍ဖြေဆိုသည်ကိုသာ တွေ့ရသောကြောင့် သဉ္စယသည် အမရာဝိက္ခေပအယူရှိသူဖြစ်၏။

ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ၌—

"သဉ္စယဝါဒေါ အမရာဝိက္ခေပေ ဝုတ္တနယောဝ"ဟု မိန့်ဆိုလျက်ရှိပါသည်။

ဤသဥ္စယဝါဒနှင့် သဘော တရားအားဖြင့် တူသော အယူဝါဒ အားလုံးတို့သည်လည်း အမရာဝိက္ခေပဒိဋ္ဌိ အယူဝါဒဖြစ်သည်ဟု မှတ်ယူ သင့်ပါသည်။

ဧသာရနိမ္မာနဒိဋ္ဌိ၌ကား— ဥပမာဝတ္ထု ထုတ်ပြဘွယ်မလို ယခု တိုင်အောင် မျက်မြင်နားကြားဖြစ်နေသော ဗြဟ္မာဖန်ဆင်းသည့်,ထာဝရ ဘုရားဖန်ဆင်းသည်ဟု ယုံကြည်စွဲလမ်းသောအယူဝါဒမျိုးပင်ဖြစ်ပါသည်။

အထက်ပါ အဇိတဝါဒစသည့် ဝါဒဝတ္ထုအားလုံးကို ဒီဃနိကာယ် သာမညဖလသုတ် ပါဠိ အဋ္ဌကထာတို့မှ ထုတ်နုတ်ဖော်ပြပါသည်။

---

## မိစ္ဆာဒိဋ္ဌိငါးပါးကို လွန်မြောက်ရန် နှလုံးသွင်းဆင်ခြင်ပုံ

ဤသို့လျှင် ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကိုရင်း, ထိုကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်၏ ရနိုင်ခဲသည်၏ အဖြစ်ကိုရင်း, အကြောင်းယုတ္တိနှင့်တကွ နတ္ထိကစသောဒိဋ္ဌိတို့ကို စင်ကြယ်စွာ လွန်မြောက်၍သာလျှင်ရရှိအပ်သော ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်၏ လွန်မြောက်အပ်သော ယင်းနတ္ထိကစသော ဒိဋ္ဌိတို့ကိုရင်း ရေးသားဖော်ပြပြီး၍ ယခုအခါ၌ အကြောင်းယုတ္တိနှင့်တကွ ဆိုခဲ့သောဒိဋ္ဌိငါးပါးကို လွန်မြောက်၍ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ကို ရရှိနိုင်ရန် ဆင်ခြင်နှလုံးသွင်းပုံ အခြင်းအရာများကို ဝိသုဒ္ဓိမဂ်,မဟာနိဒ္ဒေသ အဋ္ဌကထာနှင့်မဟာဋီကာစသည်တို့ကိုမှီငြမ်းပြု၍ရေးသားဖော်ပြပါဦးမည်။

ဆင်ခြင်နှလုံးသွင်းပုံမှာ— ဤနာမ်,ရုပ်တရားတို့ကို အစွဲပြု၍ ခေါ် ဝေါ်ပညတ်အပ်သော သတ္တဝါသည် အကယ်၍ အကြောင်းကင်းလျက် အလိုလိုဖြစ်သည်ရှိသော် သောတပသာဒခေါ် နားဖြစ်ရာဌာန၌လည်း စက္ခုပသာဒခေါ် မျက်စိသည်သော်ရင်း, ဃာနပသာဒခေါ် နှာခေါင်း သည်သော်ရင်း, ဤသို့စသည်ဖြင့် အခြားသောပသာဒတို့သည် ဖြစ်နိုင် လေရာ၏ ထို့အတူ စက္ခုပသာဒဖြစ်ကောင်းရာ ဌာန၌လည်း, သောတ ပသာဒသော်ရင်း, ဃာနပသာဒသော်ရင်း, ဤသို့စသည်ဖြင့် အခြားသော ပသာဒတို့သည် ဖြစ်နိုင်လေရာ၏ ထိုသို့ကားမဖြစ် သူ့နေရာနှင့်သူသတ်မှတ် ၍သာ ဖြစ်လေ့ရှိကြကုန်၏ ထိုသို့ဖြစ်ခြင်းသည် အကြောင်းမဲ့မဟုတ် ထိုသို့ဖြစ်ရန် အားကြီးထက်မျက်လှသော အကြောင်းသည် အမှန်ရှိရ ပေလိမ့်မည်။

ဝင်းပြင် ဆိုခဲ့သည့်အတိုင်း ဤသတ္တဝါသည် အကြောင်းကင်းလျက် အလိုလိုဖြစ်ခဲ့သည်ရှိသော် စေတနာကံမရှိသော ကျောက်တုန်းကျောက်ခဲ, သစ်ပင်တောတောင် ရေမြေစသည်တို့၌လည်း မျက်စိအကြည်,နားအကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်ဟူသော ပသာဒငါးပါးတို့သည် ဖြစ်နိုင်ကြလေရာ၏ ဤသို့ကား မဖြစ်မူ၍ စေတနာကံရှိသော သက်ရှိသတ္တဝါတို့၌သာဖြစ်၏ ဤသို့ဖြစ်ရခြင်းသည် အကြောင်းမဲ့မဟုတ် ဤသို့ဖြစ်ရန် အားကြီးထက်မျက်လှသော အကြောင်းသည် အမှန်ရှိရပေလိမ့်မည်။

ဤမျှသာမကသေး ဆိုခဲ့သည့်အတိုင်း ဤသတ္တဝါသည် အကြောင်းကင်းလျက် အလိုလိုဖြစ်ခဲ့သည်ရှိသော် ဤစက္ခုစသော ပသာဒတို့သည် အကြောင်းတိုက်ဆိုင်ရာ အခါကာလကို မငဲ့စားဘဲ အခါခပ်သိမ်းဖြစ်၍ ကောင်းကင်ကြီးကဲ့သို့ အခါခပ်သိမ်း ရှိနေနိုင်ကြကုန်ရာ၏၊ ဤသို့ကား အခါခပ်သိမ်း မဖြစ်မရှိဘဲ အကြောင်းညီညွတ် တိုက်ဆိုင်ရာကာလ၌သာ ဆက်လက်ဖြစ်ပေါ်တည်ရှိ၍သေဆုံးခြင်း,ကဏ်းခြင်း,ပင်းခြင်းစသည်တို့ဖြင့် ကွယ်ပျောက်ပျက်စီးကြပြန်လေသည်၊ဤသို့ မိမိအားရှိဖြစ်ပေါ်ခိုက် အကျိုးတရားကိုဖြစ်ပေါ်စေ၍ မိမိကုန်ဆုံးလျှင်လည်း အကျိုးတရားကို ကုန်ဆုံးပျက်စီးစေတတ်သော အားကြီးထက်မျက်လှသော အကြောင်းတရားသည် အမှန်ရှိရပေလိမ့်မည်။

ဤမျှသာမကသေး ဤနာမ်,ရုပ်နှစ်ပါးကိုစွဲ၍ ခေါ်ဝေါ်ပညတ်အပ်သော သတ္တဝါသည် အကြောင်းကင်းလျက် အလိုလိုဖြစ်ခဲ့သည်ရှိသော် ဤစက္ခုစသော ပသာဒရုပ်တို့သည် ဝမ်းတွင်းကဏ်း,ဝမ်းတွင်းပင်းတို့အားရင်း, အရူပဗြဟ္မာ, အသညသတ်ဗြဟ္မာတို့အားရင်း, တိကောင်, သန်ကောင်,ပရွက်ကဏ်းစသည်တို့အားရင်း ဖြစ်နိုင်ကုန်ကြလေရာ၏၊ ဤသို့ကားမဖြစ် ထိုဆိုခဲ့ပြီးသော ဝမ်းတွင်းကဏ်း, ဝမ်းတွင်းပင်း စသည်တို့မှတပါးသော သတ္တဝါတို့အားသာလျှင် ဖြစ်လေ့ရှိကြလေသည်။

ဤသို့ဖြစ်ထိုက်သော သတ္တဝါတို့အားသာလျှင် စက္ခုပသာဒစသော ပသာဒရုပ်,စက္ခုဝိညာဉ်စသော ဝိညာဉ်တို့ဖြစ်၍ မဖြစ်ထိုက်သော သတ္တဝါတို့အား မဖြစ်ခြင်းသည် "ဖြစ်ထိုက်,မဖြစ်ထိုက်"ဟူသည်ကို ဖြစ်စေတတ်သော အားကြီးထက်မြက်လှသော အကြောင်းတရားသည် ရှိရပေလိမ့်မည်။

ဆက်ဦးအံ့၊ ဤနာမ်,ရုပ်တရားကိုစွဲ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သောသတ္တဝါသည် အကြောင်းကင်း၍ဖြစ်သည်မဟုတ် တန်ခိုးတော်ရှင်ဖြစ်ကုန်သော ထာဝရဘုရားစသူတို့ ဖန်ဆင်း၍သာ ဖြစ်သည်ရှိသော် တန်ခိုးရှင်ဖြစ်ကုန်သော ထာဝရဘုရားစသူတို့ဟူ၍ နာမ်,ရုပ်မှတပါး သီးခြားမရှိနိုင်လေရာ ဤထာဝရဘုရား စသူတို့သည်လည်း နာမ်,ရုပ်နှစ်ပါးပင်ဖြစ်ခဲ့သော် ထိုနာမ်,ရုပ်တရားကို အဘယ်သူသည် ဖန်ဆင်းသနည်း ? ထိုနာမ်,ရုပ်တရားကို ဖြစ်စေတတ်သော အားကြီးထက်မျက်လှသော အကြောင်းတရားသည် ရှိရပေလိမ့်မည်၊ထိုအကြောင်းတရားကား အဘယ်ပါနည်း ? ဟု အောက်မေ့ဆင်ခြင်ရမည်။

တဘန်ဆက်လက်၍ ဤခန္ဓာအတ္တဘောသည် ဗဟိဒ္ဓအပအကြောင်းဖြစ်သော ဥတု,အာဟာရတို့တွင် ဥတုကြောင့်သာ ဖြစ်ခဲ့သည်ရှိသော် ဥတုဇရုပ်ဟုဆိုအပ်သော ရေ,မြေ,တော,တောင်,သမုဒ္ဒရာစသည်တို့၌လည်း ဤစက္ခုစသော ပသာဒရုပ်တို့သည် ဖြစ်ပေါ်သင့်ကြကုန်သည့်ပြင် စတုဇရုပ်ရှိကုန်သော၊ဝါ၊ဥတုဇရုပ်နှင့် မကင်းကုန်သော ဝမ်းတွင်းကဏ်း,ဝမ်းတွင်းပင်းစသည်တို့၌၎င်း သန်ကောင်,တီကောင်စသည်တို့၌၎င်း၊ ဤစက္ခုစသော ပသာဒရုပ်တို့သည် ဖြစ်သင့်ကုန်၏ ထိုသို့လည်းမဖြစ်ခဲ့။

ဤခန္ဓာအတ္တဘောသည် အာဟာရကြောင့်သာ ဖြစ်ခဲ့သည်ရှိသော် အာဟာရသဘော ဩဇာဓာတ်ရှိကုန်သော ရေ, မြေ, တော, တောင်, သမုဒ္ဒရာစသည်တို့၌၎င်း,စတုဇရုပ်ရှိကုန်သော၊ဝါ၊အာဟာရဇရုပ်နှင့်မကင်းကုန်သော ဝမ်းတွင်းကဏ်း, ဝမ်းတွင်းပင်းစသည်တို့၌၎င်း, ပရွက်ကဏ်း, သန်ကောင်,တီကောင်စသည်တို့၌၎င်း ဤစက္ခုစသော ပသာဒရုပ်တို့သည် ဖြစ်သင့်ကုန်၏ ထိုသို့လည်းမဖြစ်ခဲ့။

တဘန်ဆက်လက်၍ ဤခန္ဓာအတ္တဘောသည် မိဘနှစ်ပါး၏သုက်သွေး, ဥတု,အာဟာရဟူသော ဤကိုယ်ခန္ဓာမှအပ ဗဟိဒ္ဓအကြောင်းတို့ စုပေါင်းညီညွတ်ခြင်းကြောင့် ဖြစ်သည်ဟု ယူဆပြန်သော်၊ ထိုသို့တူညီသော မိဘနှစ်ပါးတို့၏ သုက်သွေးစသည်တို့ကြောင့်သာဖြစ်ခဲ့လျှင် သတ္တဝါအားလုံးတို့သည် တဦးနှင့်တယောက် မထူးမခြား တမျိုးတစားထည်းဖြစ်ကြကုန်ရာ၏ ထိုသို့လည်းမဖြစ်ခဲ့။

ထိုထိုသို့သော သတ္တဝါသာမညကို မဆိုထားဘိ တဦးထည်းသော မိခင်၏ဝမ်းခေါင်း၌ တစုံထည်းသော မိဘတို့၏သုက်သွေးတို့ဖြင့် တဥတု

ထည်း,တချိန်ထည်း၌ ပဋိသန္ဓေတည်နေ၍ တမျိုးထည်းသော အာဟာရ၏ အထောက်အပံ့ကို ရယူလျက် မွေးဖွားကြကုန်သော အမွှာမွေးတို့အား သော်မှလည်း စက္ခုန္ဒြေစသည်တို့၏ ပြည့်စုံမှု, ချို့ငဲ့မှု, ကောင်းမွန်မှု,ယုတ်ညံ့မှု, အဆင်း၏လှပတင့်တယ်မှု, မတင့်တယ်မှု, ပညာ, သဒ္ဓါ, သီလစသည် ရှိမှု,မရှိမှုစသည်တို့ဖြင့် မတူကွဲပြား ခြားနားထူးထွေလျက်ရှိသည်ကို တွေ့မြင်သိရှိကြရပြန်လေသည်၊

ဤသို့ ရေးသားဖေါ်ပြခဲ့ပြီးသော အကြောင်းအရာဥဿုံ အလုံးစုံကို အာရုံမရွေ့ ကြံအောက်မေ့၍ စေ့စေ့ဆင်ခြင်သည်ရှိသော် ဤခန္ဓာ အတ္တဘောဟုဆိုအပ်သော သတ္တလောကအပေါင်းသည် အကြောင်းမဲ့ ဖြစ်ပေါ်နိုင်သည်လည်းမဟုတ် တစုံတယောက်သည် ဖန်ဆင်း၍ဖြစ်နိုင်သည်လည်းမဟုတ်၊ လက်မွန်အစ ဥပါဒ်ဖြစ်ပေါ်စေတတ်သော ဇနက ဟိတ်၏ အဖြစ်အားဖြင့် ဗဟိဒ္ဓဖြစ်သော သုက်သွေး,ဥတု,အာဟာရ စသည်တို့ကြောင့် ဖြစ်ပေါ်နိုင်သည်လည်းမဟုတ်၊ စင်စစ်သော်ကား ဤအဇ္ဈတ္တသန္တာန်၏ တဦးနှင့်တယောက်မတူ တမူထူးခြား၍ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းသည် ဤအဇ္ဈတ္တသန္တာန်၌ ရှိသော အဇ္ဈတ္တိကတရားဟုဆိုအပ်သော စိတ်,စေတသိက်များသာ ဖြစ်ချေသည်၊ ထိုစိတ်, စေတသိက် အများတို့တွင်လည်း မြင်ခြင်း, ကြားခြင်းစသည်မျှ သဘာဝသတ္တိရှိသော စက္ခုဝိညာဉ်, သောတဝိညာဉ် စသည်တို့မဟုတ်၊ အဟုတ်သော်ကား လောဘ,ဒေါသ,မောဟတို့နှင့်ယှဉ်သဖြင့် တပ်မက်မှု, စိတ်ဆိုးမှု, မိုက်မဲမှုစသည် ထူးခြားထက်မျက် သဘာဝသတ္တိရှိသော အကုသိုလ် စိတ္တုပ္ပါဒ်များနှင့်, အလောဘ, အဒေါသ, အမောဟတို့နှင့် ယှဉ်သဖြင့် မတပ်မက်မှု၍ စွန့်လွှတ်မှု,စိတ်မဆိုးမှု၍ ငြိမ်းချမ်းမှု,မမိုက်မဲမှု၍ သိမြင်ထိုးထွင်းမှုစသည် ထူးခြားထက်မျက်သော သဘာဝသတ္တိရှိသော အကုသိုလ်စိတ္တုပ္ပါဒ်နှင့် ကုသိုလ်စိတ္တုပ္ပါဒ်များသာဖြစ်ချေသည် ထိုအကုသိုလ်စိတ္တုပ္ပါဒ်နှင့် ကုသိုလ်စိတ္တုပ္ပါဒ်တို့တွင်လည်း ယင်းလောဘ,ဒေါသ, မောဟနှင့် အလောဘ,အဒေါသ,အမောဟစသည်တို့၏ အားရှိဖြစ်ပေါ် ရန်အပြင် ပါဏာတိပါတစသော ဒုစရိုက်, ဒါနစသောသုစရိုက်တို့ကို ပြုလုပ်ရာ၌ စေ့ဆော်တတ်သည်ဖြစ်၍—

“စေတနာ ပန အတိရေကဥဿာဟာ အတိရေကဝါယာမာ ဒိဂုဏုဿာဟာ ဒိဂုဏဝါယာမာ” ဟူသော အဋ္ဌသာလိနီပါဠ်နှင့်အညီ၊ အခြားသော ယှဉ်ဖေါ်ယှဉ်ဘက် ဝေဒနာ, သညာစသည်တို့ထက် ဝိုလွန်

ထက်မျက်၍ နှစ်ဆအားရှိသော "စိတ္တပယောဂသမ္ပါတေန ကိရိယာ-ဘာဝေန ဥပကာရကော မမ္ဗော ကမ္မပစ္စယော"ဟူသော ပဋ္ဌာန်းအဋ္ဌကထာနှင့်အညီ၊ စိတ်၏ ပယောဂဗျာပါရ အားထုတ်ခြင်း အမူအရာဖြစ်သော စေတနာကံသည်သာလျှင် ပဓာနအကြောင်းရင်းဖြစ်၏" ဟုဟုတ်မှန်သည့်အတိုင်း ဆင်ခြင်၍ သိမြင်ယုံကြည်သင့်လေသည်။

---

## သုဘလုလင်

ထိုသို့ သတ္တဝါတို့အား စက္ခုန္ဒြေစသည်တို့၏ ပြည့်စုံမှု,မပြည့်စုံမှု, ကောင်းမွန်မှု, ယုတ်ညံ့မှု, အဆင်း၏ လှပတင့်တယ်မှု, မတင့်တယ်မှု, ပညာ, သဒ္ဓါ,သီလစသည် ရှိမှု,မရှိမှုစသည်တို့ဖြင့် မတူကွဲပြား ခြားနားထူးထွေခြင်းကို ကံသည်သာလျှင် ခွဲခြားဝေဘန်တတ်သော အကြောင်းရင်း, အကြောင်းစစ်ဖြစ်သည်ကိုလည်း"ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတ-တာယ"ဟူ၍ ဥပရိပဏ္ဏာသပါဠိ, စူဠကမ္မဝိဘင်္ဂသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ထိုဟောရာဒေသနာကို သိသာစဘွယ် မှတ်၍လွယ်အောင် အကျယ်ဆက်လက်ပါဦးမည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေထိုင်တော်မူစဉ်—

တရံရောအခါ သုဘမည်သော ပုဏ္ဏားလုလင်သည် မြတ်စွာဘုရား၏ ထံတော်မှောက်သို့ သွားရောက်ထိုင်နေပြီးလျှင် "ကော နုခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မနုဿာနံယေဝ သတံ မနုဿဘူတာနံ ဒိဿန္တိ ဟီနပ္ပဏီတတာ" အစရှိသည်ဖြင့် "အို အရှင်ဂေါတမ...လူကမွေးဖွား လူသားဇာတ်တူ ဖြစ်ပါကုန်လျက် ထိုလူသားတို့အား အကြင်အကြောင်းကြောင့် ယုတ်ညံ့သည်၏ အဖြစ်မြင့်မြတ်သည်၏ အဖြစ်တို့သည်ထင်ကုန်၏၊ ထိုအကြောင်းကား အဘယ်ပါနည်း?။ ထိုသို့ လျှောက်ထား အကျဉ်းစကားကို ထပ်ပွားချဲကာ လျှောက်ထားပါဦးအံ့၊ အို အရှင်ဂေါတမ အသက်တိုကုန်သော လူသားတို့သည်လည်း ထင်ကုန်၏၊ အသက်ရှည်ကုန်သော လူသားတို့သည်လည်း ထင်ကုန်၏၊ အနာရောဂါ

များကုန်သော လူသားတို့သည်လည်း ထင်ကုန်၏၊ အနာရောဂါနည်းကုန်သော လူသားတို့သည်လည်း ထင်ကုန်၏၊ အဆင်းမလှကုန်သော လူသားတို့သည်လည်း ထင်ကုန်၏၊ အဆင်းလှသော လူသားတို့သည်လည်း ထင်ကုန်၏၊ တန်ခိုးနည်းပါး မထင်ရှားကုန်သော လူသားတို့သည်လည်း ထင်ကုန်၏၊ တန်ခိုးကြီးမား ထင်ရှားသော လူသားတို့သည်လည်း ထင်ကုန်၏၊ ဥစ္စာနည်းပါးကုန်သော လူသားတို့သည်လည်း ထင်ကုန်၏၊ ဥစ္စာများပြားကုန်သော လူသားတို့သည်လည်း ထင်ကုန်၏၊ အမျိုးယုတ်ကုန်သော လူသားတို့သည်လည်း ထင်ကုန်၏၊ အမျိုးမြတ်ကုန်သော လူသားတို့သည်လည်း ထင်ကုန်၏၊အသိအလိမ္မာ ပညာနည်းသော လူသားတို့သည်လည်း ထင်ကုန်၏၊ အသိအလိမ္မာ ပညာများသော လူသားတို့သည်လည်း ထင်ကုန်၏၊ အိုအရှင်ဂေါတမ လူကမွေးဖွား လူသားဇာတ်တူ ဖြစ်ပါကုန်လျက် ထိုလူသားတို့အား အကြင်အကြောင်းကြောင့် ဤသို့ သက်တို,သက်ရှည်အစရှိသည်တို့ဖြင့် မညီကွဲပြား ထူးခြားယုတ်မြတ်သည်၏အဖြစ်တို့သည် စင်စစ်မသွေထင်ရှားလှပေကုန်၏ ထိုသို့မတူကွဲပြားထူးခြားဆိုးကောင်း ယုတ်မြတ်ခြင်း၏အကြောင်းကား အဘယ်ပါနည်း”ဟု မေးမြန်းလျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက“ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ” ဒိုလုလင် သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာရှိကုန်၏ ကံ၏အမွေခံဖြစ်ကုန်၏ ကံသာလျှင် အကြောင်းရှိကုန်၏ ကံသာလျှင် အဆွေအမျိုးရှိကုန်၏ ကံသာလျှင်လည်းလျောင်းရာ တည်ရာရှိကုန်၏ ထိုသို့ယုတ်ညံ့သည်၏အဖြစ်, မြင့်မြတ်သည်၏အဖြစ်အကျိုးငှါ အကြင်တဦးနှင့် တယောက်မတူ အမူကွဲပြား ဝိုင်းခြားဝေဘန်မှုသည်ရှိ၏ ထိုဝိုင်းခြားဝေဘန်မှုကို အခြားတစုံတခုက ပြုသည်မဟုတ် ကံသည်သာလျှင် သတ္တဝါတို့ကို ဤသို့ဝိုင်းခြားဝေဘန်တတ်၏”ဟု အကျဉ်းတရား အမြွက်အားဖြင့် ဟောကြားဖြေဆိုတော်မူလေသည်။

ထိုအခါ သုဘလုလင်သည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော ဒေသနာတော်၏ အာဘော်နက်ကျယ် အဓိပ္ပါယ်ကို ဉာဏ်ဝယ်မသိမမြင်နိုင်သေးသောကြောင့်—

“န ခေါ အဟံ ဣမဿ ဘောတော ဂေါတမဿ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အဝိဘတ္တဿ ဝိတ္ထာရေန အတ္ထံ အာဇာနာမိ”အစရှိသည်ဖြင့် “အရှင်ဂေါတမသည် အကျယ်အားဖြင့် အနက်ကို

မဝေဘန်ဘဲ အကျဉ်းအားဖြင့်သာ ဟောတော်မူအပ်သော တရားတော်၏ အနက်အဓိပ္ပါယ်ကို တပည့်တော်သည် အကျယ်အားဖြင့် မသိမမြင်နိုင်ပါ တပည့်တော်သိနိုင်လောက်အောင် အကျယ်ဝေဘန်၍ ဟောတော်မူပါဦး" ဟု ဆက်လက် တောင်းပန်လေသည်တွင်.... မြတ်စွာဘုရားက "တေနဟိ မာဏဝ သုဏာဟိ၊ သာဓုကံ မနသိကရောဟိ၊ဘာသိဿာမိ—အိုလုလင်— ထိုသို့ဖြစ်လျှင် နားထောင်လော့ ကောင်းစွာနှလုံးသွင်းလော့ အကျယ်အား ဖြင့် ဝေဘန်၍ဟောပါအံ့"ဟု ပုဏ္ဏားအား စိတ်ကိုရှင်လန်း ဆောက်တည် စေပြီးလျှင် "ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ပါဏာတိ ပါတိ ဟောတိ"အစရှိသော ဒေသနာတော်ကို ဆက်လက်ဟောကြား တော်မူလေသည်။

ထိုသို့ ဟောကြားတော်မူအပ်သော ဒေသနာတော်၏ သိသာရန် အကျဉ်းအဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အို လုလင်—ဤလောက၌ အချို့သောမိန်းမသည်၎င်း, ယောကျ်ား သည်၎င်း သတ္တဝါတို့၏အသက်ကို သတ်လေ့ရှိ၏ ကြမ်းကြုတ်၏ သွေးစွန်း သော်လက်ရှိ၏ သတ်ခြင်း,ပုတ်ခြင်း၌သက်ဝင်၏ သတ္တဝါတို့၌ သနားခြင်း မရှိ ထိုသူသည် ထိုမကောင်းမှုကံကြောင့် ခန္ဓာပျက်ကြွေ သေဆုံးသည်မှ နောက်ဘဝ၌ အပါယ်ငရဲသို့ ကျရောက်တတ်၏၊ အကယ်၍ ငရဲမကျ လူ့ဘဝသို့ ပြန်ရောက်ခဲ့သည်ဖြစ်ငြားအံ့ ဖြစ်လေရာရာ များစွာသော ဘဝတို့၌ နည်းသော တိုသော အသက်တမ်းရှိ၏။

အို လုလင်-ဤလောက၌ မိန်းမသည်၎င်း, ယောကျ်ားသည်၎င်း သတ္တဝါတို့၏အသက်ကို သတ်ခြင်းကိုပယ်စွန့်၍ သတ္တဝါတို့၏အသက်ကို သတ်ခြင်းမှရှောင်ကြဉ်၏ ပယ်စွန့်ချထားအပ်သော တုတ်လှံတန်ရှိ၏ ပယ်စွန့် ချထားအပ်သော ဒါးလက်နက်ရှိ၏ မကောင်းမှုမှရှက်တတ်၏ သနားခြင်း နှင့်ပြည့်စုံ၏ အလုံးစုံသော သတ္တဝါတို့၏ စီးပွားချမ်းသာမင်္ဂလာကို မကွာ အစဉ် မြင့်ဘင်မြှောက်စား မေတ္တာအားဖြင့် သနားချစ်ခင်သည်ဖြစ်၍ နေလေ့ရှိ၏ ထိုသူသည် ခန္ဓာပျက်ကြွေ သေဆုံးသည်မှနောက်ဘဝ၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့လားရောက်ရ၏၊ အကယ်၍ နတ်ပြည်သို့မသွား လူပြန်၍ဖြစ်ငြားအံ့ ဖြစ်လေရာရာ များစွာ သောဘဝတို့၌ ရှည်မြင့်သော သက်တမ်းရှိ၏ အသက်ရှည်၏။

အို လုလင်–ဤလောက၌ မိန်းမသည်၎င်း, ယောကျ်ားသည်၎င်း သတ္တဝါတို့ကို ညှင်းဆဲတတ်၏၊ ထိုသူသည် ထိုမကောင်းမှုကံကြောင့် သေဆုံးသည်မှ နောက်ဘဝ၌ အပါယ်ငရဲသို့ ကျရောက်တတ်၏ အကယ်၍ အပါယ်ငရဲသို့ မကျမရောက် လူ့အဖြစ်သို့ ပြန်လာရောက်သည်ဖြစ်အံ့၊ ဘဝများစွာ ဖြစ်လေရာတို့၌ အနာရောဂါ ပေါများတတ်၏။

အို လုလင်....ဤလောက၌ မိန်းမသည်၎င်း, ယောကျ်ားသည်၎င်း သတ္တဝါတို့ကို မနှိပ်စက်မညှင်းဆဲတတ် ထိုသူသည် ထိုကောင်းမှုကံကြောင့် သေပြီးသည်မှ နောက်ဘဝ၌ နတ်ပြည်သို့ ကပ်ရောက်ရ၏၊ အကယ်၍ နတ်ရွာမလား လူပြန်၍ဖြစ်ငြားအံ့၊ ဘဝများစွာ ဖြစ်လေရာတို့၌ ရောဂါကင်းရှင်း ကျန်းမာခြင်းနှင့်ပြည့်စုံရ၏။

အို လုလင်–ဤလောက၌ မိန်းမသည်၎င်း, ယောကျ်ားသည်၎င်း အမျက်ထွက်တတ်၏ ဒေါသဖြင့်အလွန်ပူပန်ခြင်းများ၏ သူ့အားမနှစ်သက်ဘွယ် အနည်းငယ်ကို ဆိုသည်ရှိသော် အလွန်ထိခိုက်တတ်၏ စိတ်ဆိုးတတ်၏ ဘောက်ပြန်တတ်၏ ဆန့်ကျင်လျက်တည်၏ စိတ်ဆိုးခြင်းကို၎င်း ပြစ်မှားခြင်းကို၎င်း မရှိသေခြင်းကို၎င်း ထင်ရှားပြု၏၊ ထိုသူသည် ထိုမကောင်းမှုကံကြောင့် သေပြီးသည်မှ နောက်ဘဝ၌ အပါယ်ငရဲသို့ ကျရောက်ရ၏ အကယ်၍ အပါယ်ငရဲသို့ မကျမနစ် လူပြန်၍ဖြစ်ငြားအံ့ ဘဝများစွာ ဖြစ်လေရာတို့၌ မုန်းဘွယ်တလွ အဆင်းမလှသည်ဖြစ်၏။

အို လုလင်–ဤလောက၌ မိန်းမသည်၎င်း, ယောကျ်ားသည်၎င်း အမျက်မထွက်တတ် ဒေါသဖြင့် အလွန်နှလုံးပူပန်မှုမများတတ်၊ ထိုသူ့အား မနှစ်သက်ဘွယ်ရာ များလှစွာကို ပြောဆိုပါသော်လည်း မထိခိုက်တတ်၊ စိတ်မဆိုးတတ်၊ မဘောက်ပြန်တတ်၊ ဆန့်ကျင်လျက်မတည်တတ်၊ စိတ်ဆိုးခြင်းကို၎င်း,မရှိသေခြင်းကို၎င်း ထင်စွာမပြုတတ်၊ ထိုသူသည် ထိုကောင်းမှုကံကြောင့် သေပြီးသည်မှ နောက်ဘဝ၌ နတ်ပြည်သို့ ကပ်ရောက်ရ၏၊ အကယ်၍ နတ်ရွာမလား လူပြန်၍ဖြစ်ငြားအံ့၊ ဖြစ်လေရာရာ ဘဝများစွာတို့၌ ရှုချင်စဘွယ် လွန်တင့်တယ်၍ သပ္ပါယ်စွာလှ အဆင်းလှ၏။

အို လုလင်.... ဤလောက၌ မိန်းမသည်၎င်း, ယောကျ်ားသည်၎င်း၊ ငြူစူခြင်းနှင့် ယှဉ်သောစိတ်ရှိ၏၊ သူတပါးတို့၏ လာဘ်ရခြင်း, အရိုအသေ အလေးပြုခံရခြင်း, ရှိခိုးပူဇော်ခံရခြင်းတို့၌ ငြူစူတတ်၏၊ ထိုသူသည်

ထိုမကောင်းမှုကံကြောင့် သေပြီးသည့်မှ နောက်ဘဝ၌ အပါယ်ငရဲသို့ ကျရောက်ရ၏၊ အကယ်၍ အပါယ်ငရဲသို့ မကျမနစ် လူပြန်၍ဖြစ်ငြားအံ့၊ ဘဝများစွာ ဖြစ်လေရာတို့၌ တန်ခိုးရှိန်စော် အာနုဘော်မများ အခြံအရံ နည်းပါး၏။

အို လုလင် - ဤလောက၌ မိန်းမသည်၎င်း ယောကျာ်းသည်၎င်း၊ ငြူစူခြင်းနှင့် မယှဉ်သော စိတ်ရှိ၏၊ သူတပါးတို့၏ လာဘ်ရခြင်း, အရိအသေအလေးပြုခံရခြင်း, ရှိခိုးပူဇော်ခံရခြင်းတို့၌ မငြူစူတတ်၊ ထိုသူသည် ထိုကောင်းမှုကံကြောင့် သေပြီးသည့်မှ နောက်ဘဝ၌ နတ်ပြည်သို့ ကပ်ရောက်ရ၏၊ အကယ်၍ နတ်ရွာမလား လူပြန်၍ ဖြစ်ငြားအံ့၊ ဘဝများစွာ ဖြစ်လေရာတို့၌ တန်ခိုးရှိန်စော် အာနုဘော်ကြီးမား အခြွေအရံ များ၏၊

အို လုလင် - ဤလောက၌ မိန်းမဖြစ်စေ,ယောကျာ်းဖြစ်စေ အချို့သောသူသည် ရဟန်းအား၎င်း,ပုဏ္ဏားအား၎င်း၊ ထမင်း,အဖျော်,အဝတ်စသည်တို့ကို မပေးမလှူ ထိုသူသည် ထိုမကောင်းမှုကံကြောင့် သေပြီးသည့်မှ နောက်ဘဝ၌ အပါယ်ငရဲသို့ ကျရောက်ရ၏၊ အကယ်၍ အပါယ်ငရဲသို့ မကျမနစ် လူပြန်ဖြစ်သည်ဖြစ်အံ့၊ ဥစ္စာစည်းစိမ် ရိပ်ငြိမ်ခေါင်းပါးပစ္စည်းရှား၏။

အို လုလင် - ဤလောက၌ မိန်းမဖြစ်စေ,ယောကျာ်းဖြစ်စေ အချို့သောသူသည် ရဟန်းအား၎င်း, ပုဏ္ဏားအား၎င်း၊ ထမင်း, အဖျော်, အဝတ်စသည်တို့ကို ပေးလှူတတ်၏ ထိုသူသည် ထိုကောင်းမှုကံကြောင့် သေပြီးသည့်မှ နောက်ဘဝ၌ နတ်ပြည်သို့ ကပ်ရောက်ရ၏၊ အကယ်၍ နတ်ရွာမလား လူ့အဖြစ်သို့ပြန်ရောက်ငြားအံ့ ပစ္စည်းဥစ္စာ များစွာတိုးပွားစည်းစိမ်များ၏။

အို လုလင် ဤလောက၌ မိန်းမဖြစ်စေ, ယောကျာ်းဖြစ်စေ အချို့သောသူသည် ခက်ထန်၏ ထောင်လွှား၏၊ ရှိခိုးထိုက်သူကိုရှိမခိုး, ရိုသေထိုက်သူကို မရိုသေ,ပူဇော်ထိုက်သူကို မပူဇော်၊ ထိုသူသည် ထိုမကောင်းမှုကံကြောင့် သေပြီးသည့်မှ နောက်ဘဝ၌ အပါယ်ငရဲသို့ ကျရောက်တတ်၏ အကယ်၍ အပါယ်ငရဲသို့ မကျမနစ် လူပြန်၍ဖြစ်ငြားအံ့၊ ဘဝများစွာ ဖြစ်လေရာတို့၌ ယုတ်ညံ့နိမ့်ကျသော အမျိုး၌ဖြစ်၏။

အို လုလင် – ဤလောက၌ မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ အချို့သောသူသည် မခက်ထန်, မထောင်လွှားတတ်၊ ရှိခိုးထိုက်သူကို ရှိခိုး၏၊ ရှိသေထိုက်သူကို ရှိသေ၏၊ ပူဇော်ထိုက်သူကို ပူဇော်၏၊ ထိုသူသည် ထိုကောင်းမှုကံကြောင့် သေပြီးသည်မှ နောက်ဘဝ၌ နတ်ပြည်သို့လားရောက်ရ၏၊ အကယ်၍ နတ်ရွာမလား လူပြန်၍ဖြစ်ငြားအံ့၊ ဘဝများစွာဖြစ်လေရာတို့၌ အမျိုးမြင့်မြတ်၏။

အို လုလင် – ဤလောက၌ မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ အချို့သောသူသည် ရဟန်းကိုဂင်း, ပုဏ္ဏားကိုဂင်း ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား အဘယ်တရားသည် ကုသိုလ်ပါနည်း?၊ အဘယ်တရားသည် အကုသိုလ်ပါနည်း?၊ အဘယ်တရားသည် အပြစ်ရှိပါသနည်း?၊ အဘယ်တရားသည် အပြစ်ကင်းပါသနည်း?၊ အဘယ်တရားသည် မှီဝဲထိုက်ပါသနည်း?၊ အဘယ်တရားသည် မမှီဝဲထိုက်ပါသနည်း? အဘယ်သို့ပြုသည်ရှိသော် တပည့်တော်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ပါသနည်း?၊ အဘယ်သို့ပြုကျင့်သည်ရှိသော် တပည့်တော်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားခြင်းငှါ, ချမ်းသာခြင်းငှါ ဖြစ်ပါသနည်း? ဟု ဆည်းပူးလေ့လာ မေးမြန်းခြင်းကို မပြု၊ ထိုသူသည် ထိုမကောင်းမှုကံကြောင့် နောက်ဘဝ၌ အပါယ်ငရဲသို့ ကျရောက်တတ်၏၊ အကယ်၍ အပါယ်ငရဲသို့ မကျမနစ် လူပြန်၍ ဖြစ်ငြားအံ့၊ ဘဝများစွာ ဖြစ်လေရာတို့၌ အသိဉာဏ်ချို့တဲ့ ပညာမဲ့၏။

အိုလုလင်–ဤလောက၌ မိန်းမဖြစ်စေ,ယောကျ်ားဖြစ်စေ အချို့သောသူသည်ရဟန်းကိုဂင်း,ပုဏ္ဏားကိုဂင်း ချဉ်းကပ်ပြီးလျှင်"အရှင်ဘုရား – အဘယ်တရားသည် ကုသိုလ်ပါနည်း? အဘယ်တရားသည် အကုသိုလ်ပါနည်း? အဘယ်တရားသည် အပြစ်ရှိပါသနည်း? အဘယ်တရားသည် အပြစ်ကင်းပါသနည်း? အဘယ်တရားသည် မှီဝဲထိုက်ပါသနည်း? အဘယ်တရားသည် မမှီဝဲထိုက်ပါသနည်း? အဘယ်သို့ပြုသည်ရှိသော် တပည့်တော်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားမဲ့ခြင်းငှါ, ဆင်းရဲခြင်းငှါ ဖြစ်ပါသနည်း? အဘယ်သို့ပြုကျင့်သည်ရှိသော် တပည့်တော်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားခြင်းငှာ,ချမ်းသာခြင်းငှါ ဖြစ်ပါသနည်း? ဟု ဆည်းပူးလေ့လာ မေးမြန်းခြင်းကိုပြုတတ်၏ ထိုသူသည် ထိုကောင်းမှုကံကြောင့် သေပြီးသည်မှ နောက်ဘဝ၌ နတ်ပြည်သို့ ကပ်ရောက်ရ၏ အကယ်၍ နတ်ရွာမလား လူပြန်၍ဖြစ်ငြားအံ့ ဘဝများစွာ ဖြစ်လေရာတို့၌ ပညာတိုးပွား အသိဉာဏ်များ၏။

အို လုလင်—ဤသို့လျှင် အသက်တိုခြင်းစသည့် အသီးသီးကိုဖြစ်စေတတ်သော ပါဏာတိပါတစသော အသီးသီးသောအကျင့်သည် အသက်တိုခြင်းစသည့် အသီးသီးသို့ ဆောင်တတ်၏၊ အသက်ရှည်ခြင်းစသည့် အသီးသီးကို ဖြစ်စေတတ်သော ပါဏာတိပါတမှ ရှောင်ခြင်းစသော အသီးသီးသောအကျင့်သည် အသက်ရှည်ခြင်းစသည့် အသီးသီးသို့ဆောင်တတ်၏၊ "အို လုလင်–သတ္တဝါတို့သည် ကံသာလျှင်မိမိ၏ ဥစ္စာရှိကုန်၏၊ ကံ၏အမွေခံဖြစ်ကုန်၏၊ ကံသာလျှင် အကြောင်းရှိကုန်၏၊ ကံသာလျှင် ဆွေမျိုးရှိကုန်၏၊ ကံသာလျှင်မှီခိုရာရှိကုန်၏၊ အယုတ်အမြတ်ဖြစ်ခြင်းငှါ ကံသည်သာ သတ္တဝါတို့ကို ဝေဘန်တတ်၏"ဟု အဓိပ္ပါယ်ပါရှိသော ဒေသနာတော်ကို ဟောတော်မူခြင်းဖြင့် သုဘလုလင်အား သရဏဂုံသုံးပါး၌ တည်စေတော်မူလေသည်။

---

## သုတ္တန်နည်း ကံကိုဝေဘန်ခဏ်း

"ဤသို့ ရေးသားဖော်ပြခဲ့ပြီးသော စကားအစဉ်တို့သည်ပင် များစွာသော သူတော်ကောင်းတို့အတွက် ကမ္မဿကတာဉာဏ်ကို ရယူရန် ပြည့်စုံလုံလောက်သော အကြောင်းအထောက်အပံ့ ဖြစ်ပြီ"ဟု ယူဆယုံကြည်ပါသည်။

သို့ရာတွင် "တံငါ,မုဆိုးစသော မကောင်းမှုကံကို ပြုလုပ်နေပါလျက် အဘယ့်ကြောင့် အချို့သူများကျန်းမာခြင်း, အသက်ရှည်ခြင်း, ကြွယ်ဝခြင်းစသော ကောင်းကျိုးများကို ရယူခံစားနေကြရပါသနည်း၊ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းစသော ကောင်းမှုကံတို့ကို ပြုလုပ်နေပါလျက် အဘယ့်ကြောင့် အချို့သူများ မကျန်းမမာ ရောဂါများခြင်း, အသက်တိုခြင်း, ဆင်းရဲခေါင်းပါးခြင်းစသော မကောင်းကျိုးများကို ရယူခံစားနေကြရပါသနည်း"စသည်ဖြင့် ဘွေးတောစဉ်းစား ယုံမှားနေကြသူများကို အကြိမ်များစွာ တွေ့မြင်ကြားသိရဘူးပါသည်၊ မိမိ၏ စိတ်၌လည်း ထိုသို့ တွေးတောစဉ်းစား ယုံမှားမှုမျိုး မကြာခဏ ဖြစ်ခဲ့ဘူးပါသည်၊ ထိုသို့သော တွေးတောယုံမှားမှုမျိုးများသည် ကမ္မဿကတာဉာဏ်ကို ရယူရန် ကြိုးစားအားထုတ်ရာ၌ နှောင့်ယှက်ကြန့်ကြာစေတတ်သော အနှောင့်အယှက်များ ဖြစ်သည်သာမက ရရှိပြီးသော ကမ္မဿကတာဉာဏ်ကိုပင် ညစ်ငြူး

ယိမ်းယိုင်စေတတ်သောကြောင့် ထိုသို့သော တွေးတောယုံမှားမှုမျိုးများကို ဖျောက်ဖျက်ပယ်ရှား၍ ကမ္မဿကတာဉာဏ်ကို လျင်မြန်စွာရယူနိုင်ခြင်း, ရယူပြီးသော ကမ္မဿကတာဉာဏ်၏ စင်ကြယ်၍ မြဲမြံခိုင်ခန့်ခြင်းစသော အကျိုးတရားကို ရယူနိုင်ကြရန် ကမ္မဝိဘတ္တိ— ကံကို ဝေဘန်ခဏ်းကို ဆက်လက်ရေးသားဖော်ပြပါဦးမည်။

ထိုကမ္မဝိဘတ္တိသည်လည်း၊ သုတ္တန်နည်း ကမ္မဝိဘတ္တိ,အဘိဓမ္မာနည်း ကမ္မဝိဘတ္တိဟူ၍ နှစ်နည်းရှိရာတွင် ရှေးဦးစွာ သုတ္တန်နည်းအားဖြင့် ကံဆယ့်တပါးကို အင်္ဂုတ္တရနိကာယ် တိကနိပါတ် နိဒါနသုတ်အဖွင့်၌ အောက်ပါအတိုင်း ဝေဘန်ဖော်ပြထားပါသည်။

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ
၂။ ဥပပဇ္ဇဝေဒနီယကံ
၃။ အပရာပရိယဝေဒနီယကံ
၄။ ယဂ္ဂရုကကံ
၅။ ယဗ္ဗဟုလကံ
၆။ ယဒါသန္နကံ
၇။ ကဋတ္တာကံ
၈။ ဇနကကံ
၉။ ဥပတ္ထမ္ဘကကံ
၁၀။ ဥပပီဠကကံ
၁၁။ ဥပဃာတကကံ

ထိုဆယ့်တပါးသော ကံတို့တွင်—

“ဒိဋ္ဌဓမ္မဝေဒနီယကံ”ဟူသည်မှာ— မျက်မှောက်ဘဝ၌ပင် အကျိုးပေးတတ်သောကံဖြစ်ပါသည်၊ ဇောခုနစ်ချက်တို့တွင် ပထမဇောစေတနာဖြစ်ပါသည်။

သိသာစေဦးအံ့၊ ဒါန,သီလစသော ကုသိုလ်သုစရိုက်ဆယ်ပါးတို့တွင် တစုံတခုသော ကုသိုလ်သုစရိုက်ကိုပြုသောအခါ တကြိမ်ပြုတိုင်းပြုတိုင်း များသောအားဖြင့် ကုသိုလ်စိတ် ခုနစ်ကြိမ်စီ ခုနစ်ကြိမ်စီဖြစ်ပါသည်။

ထို့အတူ ပါဏာတိပါတစသော အကုသိုလ် ဒုစရိုက်ဆယ်ပါးတို့တွင် တစုံတခုသော အကုသိုလ်ဒုစရိုက်ကို ပြုသောအခါ တကြိမ်ပြုတိုင်းပြုတိုင်း အကုသိုလ်စိတ် ခုနစ်ကြိမ်စီ ခုနစ်ကြိမ်စီဖြစ်ပါသည်။

ထိုကဲ့သို့ ကုသိုလ်ပြုရာ၌ ကုသိုလ်စိတ် ခုနစ်ကြိမ်, အကုသိုလ်ပြုရာ၌ အကုသိုလ်စိတ် ခုနစ်ကြိမ်ဖြစ်သည်ကိုပင် "ဇောခုနစ်ချက်စောသည်"ဟု ခေါ်ပါသည်။

ထိုဇောခုနစ်ချက်တို့တွင် ရှေးဦးစွာသော ဇောနှင့် ယှဉ်သော စေတနာကို"ပထမဇောစေတနာ"ဟု ခေါ်ပါသည်၊ နောက်ဆုံးဇောနှင့် ယှဉ်သောစေတနာကို"သတ္တမဇောစေတနာ"ဟု ခေါ်ပါသည်၊ ကြွင်းသော ဇောငါးချက်နှင့် ယှဉ်သောစေတနာကို"အလယ်ဇောစေတနာ"ဟု ခေါ်ပါသည်။

ထိုသုံးမျိုးသော ဇောစေတနာတို့တွင်၊ ပထမဇောစေတနာသည် "ဒိဋ္ဌဓမ္မော ဝုစ္စတိ ပစ္စက္ခဘူတော ပစ္စုပ္ပန္နော အတ္တဘာဝေါ၊ တတ္ထ ဝေဒိတဗ္ဗဖလံ ကမ္မံ ဒိဋ္ဌဓမ္မဝေဒနီယံ"ဟူသော အင်္ဂုတ္တရဋ္ဌကထာ, ဝိသုဒ္ဓိမဂ်မဟာဋီကာတို့နှင့်အညီ၊ မျက်မှောက်တွေ့မြင်အပ်သော ပစ္စုပ္ပန်အတ္တဘော၌ပင် သိအပ်,ခံစားအပ်သော အကျိုးရှိသောကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။

ထိုသို့ ပစ္စုပ္ပန် အတ္တဘောမှာပင် အကျိုးပေးရန် လိုအပ်သော အကြောင်းအင်္ဂါများမှာ—

၁။ ကုသိုလ်ကံဖြစ်လျှင် ဆန့်ကျင်ဘက် အကုသိုလ်တို့သည် မလွှမ်းမိုးခြင်း, အကုသိုလ်ကံဖြစ်လျှင် ဆန့်ကျင်ဘက် ကုသိုလ်ကံတို့သည် မလွှမ်းမိုးခြင်း။

၂။ ဂတိ,ဥပဓိ,ကာလ,ပယောဂတို့သည် ကုသိုလ်ကံအတွက် အကောင်းဖြစ်ခြင်း, အကုသိုလ်ကံအတွက် မကောင်းဖြစ်ခြင်း။

၃။ ဆန္ဒ,ဝီရိယ,ပညာဟုဆိုအပ်သော ရှေ့အတွက်က ပြုပြင်မှု၏အစွမ်းအားဖြင့် လွန်ကဲသောသတ္တိရှိသောကံဖြစ်ခြင်း,ဟူ၍ သုံးပါးဖြစ်ပါသည်။

ဤအကြောင်းအင်္ဂါ သုံးပါးနှင့် ပြည့်စုံလျှင် ကြီးများ,ငယ်နည်း, ထင်ရှား,မထင်ရှားသော အကျိုးတစုံတခုကို ပေးစွမ်းနိုင်တော့သည်သာ လျှင်တည်း ထို့ကြောင့် အင်္ဂုတ္တိုရ်ဋ္ဌကထာ,မဟာဋီကာတို့၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူကြပါသည်။

"ပဋိပက္ခေဟိ အနဘိဘူတတာယ ပစ္စယဝိသေသေန ပဋိလဒ္ဓ-ဝိသေသတာယ စ ဗလဝတာဝပွတ္တာ တာဒိသဿ ပုဗ္ဗာဘိသင်္ခါ-ရဿ ဝသေန သာတိသယာ ဟုတွာ ပဝတ္တာ ပဌမဇဝနစေတနာ တသ္မိံယေဝ အတ္တဘာဝေ ဖလဒါယိနီ ဒိဋ္ဌဓမ္မဝေဒနီယကမ္မံ နာမ"။

ဤဋီကာပါဌ်ပါ အထက်၌ ပြဆိုခဲ့ပြီးသော အကြောင်းအင်္ဂါ သုံးပါးနှင့် ပြည့်စုံသဖြင့် ကာကဝလိယ,နန္ဒလုလင်, စသူတို့အားကဲ့သို့ ကြီးကျယ်များပြား၍ ထင်ရှားသိသာသော မဟပ္ဖလအကျိုးကိုပေးရန်မှာ ထို ဒိဋ္ဌဓမ္မဝေဒနီယကံသည် ဂုဏ်ကျေးဇူးအထူးနှင့် ယှဉ်ကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ,အရိယာသာဝကတို့၌ ဒါနစသည်ဖြင့် ကျေးဇူးပြုခြင်း,ကိုယ်, နှုတ်စသည်တို့ဖြင့်ပြစ်မှား၍ ကျေးဇူးမဲ့ကိုပြုခြင်းစသည်၏ အစွမ်းအားဖြင့် ဖြစ်သော ပဌမဇောစေတနာကံဖြစ်ခြင်းတည်း။

သို့ရာတွင် ထိုဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသာဝကဟူသော ဝတ္ထုသမ္ပဒါကိုကား အခါခပ်သိမ်း ရနိုင်သည်မဟုတ်သောကြောင့် ဤပုဂ္ဂိုလ်တို့၌ ကျေးဇူးပြုခြင်း,ပြစ်မှားခြင်းတို့၏ အစွမ်းအားဖြင့်ဖြစ်သော ဤပဌမဇော စေတနာကံသည်လည်း အမြဲမဟုတ်၊ ရံခါသာ ဖြစ်နိုင်သော စေတနာကံဖြစ်လေသည်၊ ရှေ့၌ဆိုခဲ့သော အကြောင်းအင်္ဂါ သုံးပါးနှင့် ပြည့်စုံ၍၊ ဤဘုရားစသော ဝတ္ထုသမ္ပဒါတို့၌ ကျေးဇူးပြုခြင်း, ပြစ်မှားခြင်း တို့၏အစွမ်းအားဖြင့်ဖြစ်သောပဌမဇောစေတနာကံဖြစ်လျှင်မူကား ဤမျှတ်မှောက် အတ္တဘော၌ပင် များသောအားဖြင့် ကာကဝလိယ, နန္ဒလုလင်, စသူတို့အားကဲ့သို့ ကြီးကျယ်ထင်ရှားသော အကျိုးကိုပေးစွမ်းနိုင်လေသည်။

ဆက်ပါဦးမည်၊ဆန့်ကျင်ဘက်ကံတို့သည် မလွှမ်းမိုးခြင်းစသည် ဆိုခဲ့သော အကြောင်းအင်္ဂါသုံးပါးတို့ဖြင့် အားရှိသော ထိုဒိဋ္ဌဓမ္မဝေဒနီယကံသည် ဘုရား,ပစ္စေကဗုဒ္ဓါစသူတို့၌ကျေးဇူးပြုခြင်း, ပြစ်မှားခြင်းတို့၏အစွမ်း အားဖြင့်ဖြစ်သောကြောင့် အတိဘ်ကံသည့်ဖွဲ့စေအပ်သော ခန္ဓာအစဉ်ကို ဥပပဇ္ဇဝေဒနီယကံကဲ့သို့ မငဲ့မူ၍ငှင်း(အားမနာမူ၍ငှင်း)မိမိ၏ ရှေ့ကဖြစ်နှင့်သော ဇောစိတ်မှ အလေ့အထုံဟုဆိုအပ်သော အာသေဝနပစ္စည်းကို မရသဖြင့် အားနည်း၍ အကျိုးပေးနည်းသောကြောင့် အပရာပရိယ ဝေဒနီယကံကဲ့သို့ တတိယဘဝစသော အကျိုးပေးရာ အခါအခွင့်ကို မမျှော်လင့်မရှုငဲ့မူ၍ငှင်း အပွင့်သာပွင့်၍ အသီးမသီးနိုင်သော သစ်ပင် ငယ်ကဲ့သို့ အဟိတ်ဝိပါက်စိတ်, ကမ္မဇရုပ်, ကံလျှင်အကြောင်းရင်းရှိသော

ဥတုဇရုပ်တို့ကိုသာ ဖြစ်စေသောအားဖြင့် ပဝတ္တိအကျိုးကိုသာပေး၍ ပဋိသန္ဓေအကျိုးကို မပေးနိုင်ဖြစ်လေသည်၊ ထို့ကြောင့် အင်္ဂုတ္တိုရ်ဋီကာ, မဟာဋီကာ, ဝိဘာဝနီဋီကာတို့၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူကြလေသည်။

"သာ ဟိ ဝုတ္တာကာရေန ဗလဝတိ ဇဝနသန္တာနေ ဂုဏဝိသေသယုတ္တေသု ဥပကာရာနုပကာရဝသပ္ပဝတ္တိယာ အာသေဝနာလာဘေန အပ္ပဝိပါကတာယ စ ပဌမဇဝနစေတနာ ဣဓတရဒ္ဓယံ ဝိယ ပဝတ္တသန္တာနုပရမာပေက္ခံ ဩကာသလာဘာပေက္ခဥ္စ ကမ္မံ န ဟောတီတိ ဣဓေဝ ပုပ္ဖမတ္တံ ဝိယ ပဝတ္တိဝိပါကမတ္တံ ဖလံ ဒေတိ"။

ဤဋီကာပါဌ်ပါ"ဂုဏဝိသေသယုတ္တေသု"ဟူသောပုဒ်၌ဂုဏဝိသေသအရ ဂုဏ်အထူးဟူသည်မှာ— သဗ္ဗညုတဉာဏ် အမှူးရှိသော မြတ်စွာဘုရား၏ အတုလဂုဏ်ကျေးဇူးတော်များ, ပစ္စေကဗောဓိဉာဏ် အမှူးရှိသော ပစ္စေကဗုဒ္ဓါ၏ဂုဏ်တော်များ, သာဝကဗောဓိဉာဏ် အမှူးရှိသော အရိယာတို့၏ ဂုဏ်တော်များဖြစ်ပါသည်။

ဓမ္မပဒအဋ္ဌကထာ၌ကား— ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးရန် လိုအပ်သော"ဝတ္ထုသမ္ပဒါ, ပစ္စယသမ္ပဒါ, စေတနာသမ္ပဒါ, ဂုဏာတိရေကသမ္ပဒါ"ဟူသော သမ္ပဒါလေးပါးတို့၏ သရုပ်အဓိပ္ပါယ်ကို ဖွင့်ဆိုရာတွင် နိရောဓသမာပတ်ကို ဝင်စားခြင်းငှါထိုက်သော ရဟန္တာ, အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဝတ္ထုသမ္ပဒါမည်၏။ပ။ အလှူခံပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှ ထခြင်းသည် ဂုဏာတိရေကသမ္ပဒါမည်၏"ဟု ဖွင့်ဆိုပါသည်။

ဤသမ္ပဒါလေးပါးသည် ဒါနအရာ၌သာ ဆိုအပ်သော အကြောင်းအင်္ဂါများ ဖြစ်သည့်ပြင် ကြီးကျယ်ထင်ရှားသော အကျိုးပေးရန်သာ ရည်မှန်း၍ ဆိုအပ်သော အကြောင်းအင်္ဂါများ ဖြစ်ပါသည်၊ သို့ရာတွင် ဤနိရောဓသမာပတ်မှ ထခြင်းသည်လည်း "ဂုဏဝိသေသယုတ္တေသု"၌ ဂုဏဝိသေသပင် ဖြစ်ပါသည်။

ထို ဒိဋ္ဌဓမ္မဝေဒနီယကံသည် ကုသိုလ်ကံဖြစ်လျှင်၊ ဂတိ, ဥပဓိ, ကာလ, ပယောဂတို့၏ ပြည့်စုံခြင်း, အကုသိုလ်ဖြစ်လျှင်၊ ဂတိ, ဥပဓိ, ကာလ, ပယောဂတို့၏ ချို့တဲ့ခြင်းစသော အကြောင်းအထောက်အပံ့ကိုမရ၍ ဤမျက်မှောက်အတ္တဘော၌ပင် အကျိုးမပေးခဲ့လျှင် အကျိုးပေးပြီး, ပေးဆဲ, ပေးလတ္တံ့ မဟုတ်သော အဟောသိကံဖြစ်တော့၏။

---

## ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးပုံဝတ္ထုများ။

မဟာဒုဂ်သည် ကဿပ မြတ်စွာဘုရားအား စားရေးတံဆွမ်းကပ်လှူခြင်း ဒါနကုသိုလ်၏ ပထမဇောစေတနာကြောင့် ထိုနေ့မှာပင် သူဌေးဖြစ်ကြောင်းကို ဓမ္မပဒအဋ္ဌကထာ ပဏ္ဍိတသာမဏေဝတ္ထု၌လာ၏၊ ကဿပ မြတ်စွာဘုရားသည် ထိုအခါက နိရောဓသမာပတ်မှထပြီးစမဟုတ်။

ရာဇဂြိုဟ်ပြည်၌ ပုဏ္ဏမည်သော သူဆင်းရဲသည် အရှင်သာရိပုတ္တရာအား ဒန်ပူလှူခြင်း,၎င်း၏မယားသည် အရှင်သာရိပုတ္တရာအားပင် ဆွမ်းလောင်းလှူခြင်းဟူသော ဒါနကုသိုလ်၏ ပထမဇောစေတနာကြောင့် ထိုနေ့မှာပင် ပုဏ္ဏ၏ထွန်စမြေများ ရွှေသားအတိဖြစ်ကုန်၍ သူဌေးဖြစ်ကြောင်း ဓမ္မပဒအဋ္ဌကထာ ဥတ္တရာဥပါသိကာဝတ္ထု၌ လာရှိသည်၊ ထိုအခါက အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်မှထခါစ,ဖြစ်၏။

ရာဇဂြိုဟ်ပြည်၌ပင် ကာကဝလိယ မည်သော သူဆင်းရဲ၏မယားသည် အရှင်မဟာကဿပအား ယာဂုဆွမ်းကို လောင်းလှူသဖြင့် ထိုဒါနကုသိုလ်၏ ပထမဇောစေတနာကြောင့် ခုနစ်ရက်မြောက်သောနေ့၌ နတ်ဘီးလူးညွှန်ပြ ပေးကမ်းသော ရွှေငွေတို့ကိုရရှိ၍ သူဌေးဖြစ်ကြောင်း ဥပရိပဏ္ဏာသ အဋ္ဌကထာဒေဝဒဟသုတ်အဖွင့်၌ လာရှိလေသည်၊ထိုအခါက အရှင်မဟာကဿပသည် နိရောဓသမာပတ်မှထခါစ,ဖြစ်၏။

ရာဇဂြိုဟ်ပြည် ကပေါတကန္ဒရကျောင်း၌ သီတင်းသုံးတော်မူစဉ် လွင်တီးခေါင်၌ တစုံတခုသော သမာဓိကိုဝင်စား၍ ထိုင်နေတော်မူသော အရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ကို နန္ဒမည်သော ဘီလူးသည် လက်သီးဆုတ်ဖြင့် ပြင်းထန်းစွာထိုးနှက်ရာ သမာဓိ၏တန်ခိုးကြောင့် အရှင်သာရိပုတ္တရာကား မနာမကျင် ဘီလူးကား ပြစ်မှားခြင်းဟူသော အကုသိုလ်ပထမဇောစေတနာကြောင့်"ပူသည်ပူသည်"ဟု အော်ဟစ်ကာ ထိုနေရာ၌ပင် လဲကျသေဆုံး၍ အဝီစိငရဲ၌ကျလေသည်၊ ဤအရာ၌ ဘီလူး၏ပူလောင်ခြင်း, သေဆုံးခြင်းသည် ပထမဇော စေတနာဟုဆိုအပ်သော ဒိဋ္ဌဓမ္မဝေဒနီယကံ၏အကျိုးဖြစ်၍ အဝီစိငရဲ၌ ပဋိသန္ဓေအားဖြင့် ဖြစ်၍ ကျရောက်ရခြင်းသည် သတ္တမဇောစေတနာဟုဆိုအပ်သော ဥပပဇ္ဇဝေဒနီယကံ၏အကျိုးဖြစ်လေသည်။

"တစုံတခုသော သမာဓိကိုဝင်စား၍"ဟူသောစကား၌ ဥပေက္ခာ ဗြဟ္မဝိဟာရသမာပတ်, သညာဝေဒယိတနိရောဓသမာပတ်,အာရုပ္ပဈာန်ကို အခြေခံပြု၍ ဝင်စားအပ်သော ဖလသမာပတ် ဤသုံးပါးတို့တွင် တပါးပါး သည် ဤအရာ၌ တစုံတခုသောသမာဓိမည်၏၊ ဤဝတ္ထုကား ဥဒါန်း အဋ္ဌကထာ ယက္ခပဟာရသုတ်အဖွင့်, ဥပရိပဏ္ဏာသ အဋ္ဌကထာ ဒေဝ ဒဟသုတ်အဖွင့်တို့၌ လာရှိသည်။

နန္ဒလုလင်သည် သာဝတ္ထိပြည် မိုက်တော၌ သီတင်းသုံးနေထိုင်တော် မူသော ဥပ္ပလဝဏ် ရဟန္တာမကို မတရားကျင့်ကြံ ပြစ်မှားခြင်းဟူသော အကုသိုလ်ပထမဇော စေတနာကံကြောင့် ထိုခဏ, ထိုတောတွင်းမှာပင် မြေမျိုခံရ၍ အဝီစိငရဲ၌ ကျရောက်ရလေသည်၊ ထိုအခါက ဥပ္ပလဝဏ် ထေရီမသည် သမာဓိဝင်စားဆဲလည်းမဟုတ်, သမာပတ်မှ ထစလည်း မဟုတ်ဘဲ ဆွမ်းခံမှ ပြန်လာခါစဖြစ်သည်။

ဤနန္ဒလုလင် ဝတ္ထု၌လည်း နန္ဒဘီလူးဝတ္ထု၌ကဲ့သို့ပင် ဒိဋ္ဌဓမ္မ ဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံတို့၏ အသီးသီးသော အကျိုးများကို ခွဲခြား၍ သိပါလေ၊ ဤဝတ္ထုလည်း ဓမ္မပဒအဋ္ဌကထာ ဥပ္ပလဝဏ္ဏထေရီ ဝတ္ထု,ဥပရိပဏ္ဏာသအဋ္ဌကထာ ဒေဝဒဟသုတ်အဖွင့်တို့၌ လာရှိသည်။

နန္ဒမည်သော နွားသတ်သမားသည်လည်း နှစ်ပေါင်းငါးဆယ် တိုင်တိုင် နွားကိုသတ်၍ အသက်မွေးသူ, နွားသားမပါလျှင် ထမင်းမစား နိုင်သူဖြစ်၏၊ တနေ့သောအခါ ထမင်းပွဲတွင် နွားသားမပါသဖြင့်၊ အရှင် လတ်လတ်ဖြစ်သော နွား၏လျှာကို လှီးဖြတ်၍ မီးကင်ပြီးလျှင် ထမင်း စားလေသည်၊ နွားလျှာကိုဖဲ့၍ မိမိခံတွင်းသို့ ထည့်လိုက်သည်နှင့် တပြိုင်နက် မိမိလျှာပြတ်ကျ၍ သေဆုံးကာ ငရဲ၌ ဖြစ်ရကြောင်းကို ဥပရိ ပဏ္ဏာသအဋ္ဌကထာ ဒေဝဒဟသုတ်အဖွင့်၌ လာရှိလေသည်။

ဤနန္ဒ၏ အကုသိုလ်ကံသည် ဘုရားစသော ဂုဏဝိသေသပုဂ္ဂိုလ် တို့၌ ပြစ်မှားမှု မဟုတ်သော်လည်း နှစ်ပေါင်း ငါးဆယ်တိုင်အောင် သတ်ဖြတ်ခဲ့သော အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံများစွာတို့က ဤနောက်ဆုံး ဒိဋ္ဌဓမ္မဝေဒနီယကံကို ဝိုင်းဝန်းချီးမြှောက်သောအားဖြင့် အကျိုးပေးခွင့်ကို ရစေသည့်ပြင် ဤသို့ရက်စက် ကြမ်းကြုတ်စွာ အရှင်လတ်လတ် နွားလျှာကို

လှိုးဖြတ်ရာ၌ အလွန်ထက်သန်သော အကုသိုလ်ဆန္ဒ, မိစ္ဆာဝါယမတို့ဖြင့် အလွန်အားကြီးထက်မျက်သော သတ္တိရှိသော သာမတ္ထိယ အကုသိုလ်ဖြစ်သောကြောင့် အလွန်ကြီးကျယ်ထင်ရှားသော အကျိုးကိုပေးလေသည်။

ဤပြဆိုခဲ့ပြီးသော ဝတ္ထုအားလုံးတို့သည် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ ကြီးများထင်ရှားစွာ အကျိုးပေးပုံ ဝတ္ထုများသာ ဖြစ်ပါသည်၊ ကုသိုလ်ကံ အကျိုးပေးရာ၌ယခုဘဝမှာပင် ဘေးရန်ကင်းခြင်း,အကြံအစီအောင်မြင်ခြင်း စသည်များနှင့် အကုသိုလ် အကျိုးပေးရာ၌ ဘေးရန်များခြင်း, အကြံမအောင်ခြင်း စသည်များဟု ဆိုအပ်သော မသိမသာ မထင်ရှားသော အကျိုးပေးများလည်း အလွန်များစွာ ရှိပေလိမ့်မည်၊ ထိုစကားမှန်၏ မည်သည့်ကံမဆို အကျိုးပေးရာ၌၊ ဂတိ, ဥပဓိ, ကာလ, ပယောဂစသည် တို့သည် ကုသိုလ်ကံဖြစ်က ပြည့်စုံခြင်း,အကုသိုလ်ဖြစ်က ချို့တဲ့ခြင်းရှိမှသာ အကျိုးပေးနိုင်သည်ဖြစ်ရာ ဆိုခဲ့သော ဂတိ,ဥပဓိစသည်တို့ကိုသာ မြင်သိရ၍၊ ကံကို မမြင်မသိရသောကြောင့် မထင်ရှားသော ကံ၏ အကျိုးဟူသမျှကို "ဂတိ, ဥပဓိစသည်တို့၏ အကျိုးသာဖြစ်သည်"ဟု မှတ်ထင်ရတတ်သည့်ပြင် ကံ၏ အကျိုးပေးဟူသမျှသည်လည်း၊ ကံ့ရှင်အားရင်း, ပတ်ဝန်းကျင် ပရိသတ်အားရင်း ထင်ရှားသည်ချည်း မဟုတ်ကောင်းပေ။

ထို့ကြောင့် ပရမတ္ထဒီပနီဋီကာ၌—

"န စ တာယ ဒိယျမာနံ သဗ္ဗမ္ပိ ဖလံ မဟာဇနဿ ဝါ ကမ္မကာရကဿေဝ ဝါ ပါကဋမေဝ သိယာတိ သတ္တာ ဝတ္ထုံ"ဟု မိန့်ဆိုတော်မူလေသည်။

"ဥပပဇ္ဇဝေဒနီယကံ" ဟူသည်မှာ— "ပစ္စုပ္ပန္နဘဝတော အနန္တရံ ဝေဒိတဗ္ဗဖလံ ကမ္မံ ဥပပဇ္ဇဝေဒနီယံ"ဟူသော အင်္ဂုတ္တိုရ်ဋီကာပါဌ်နှင့်အညီ ပစ္စုပ္ပန်ဘဝမှ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ သိအပ်, ခံစားအပ်သော အကျိုးရှိသောကံသည် ဥပပဇ္ဇဝေဒနီယကံမည်၏။

ထို ဥပပဇ္ဇဝေဒနီယကံ၏အရ တရားကိုယ်ကား ဒါန အစရှိသော ကုသိုလ်မှု,ပါဏာတိပါတ အစရှိသော အကုသိုလ်မှုတို့ကို ပြီးမြောက်စေနိုင်သော (ဇောခုနစ်ချက်တို့တွင်)သတ္တမဇောစေတနာဖြစ်၏။

ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌—

" အတ္တသာဓိကာ ပန သတ္တမဇဝနစေတနာ ဥပပဇ္ဇဝေဒနီယ ကမ္မံ နာမ" ဟု မိန့်ဆိုတော်မူလေသည်။

ရှုပါဦးမည်၊ ကုသိုလ်၊အကုသိုလ်ကိုပြုရာ၌ သတ္တမဇော၏ အရင် ရှေးရှေး၌ဖြစ်ကုန်သောဇောတို့သည် ကောင်းမှု၊မကောင်းမှုတို့ကို ပြီးမြောက် စေနိုင်သည်မဟုတ်၊ သတ္တမဇောကို အထုံအာသေဝနပစ္စည်းတို့ဖြင့် အားရှိ အောင် ချီးမြှောက်သကဲ့သို့ နိယာမအားဖြင့် ဖြစ်ကြရသည်သာဖြစ်၏ သတ္တမဇောသည်သာ ထိုဒါနစသော ကုသိုလ်မှု၊ ပါဏာတိပါတစသော အကုသိုလ်မှုတို့ကို ပြီးမြောက်စေနိုင်သည်၊ ထို့ကြောင့် အဋ္ဌကထာ၌ " အတ္တသာဓိကာ— ကုသိုလ်၊ အကုသိုလ်ကို ပြီးမြောက်စေနိုင်သော။ သတ္တမဇဝနစေတနာ၊ သတ္တမဇောစေတနာသည်။ ဥပပဇ္ဇဝေဒနီယ ကမ္မံ နာမ၊ ဥပပဇ္ဇဝေဒနီယကံမည်၏" ဟု မိန့်ဆိုတော်မူသည်။

ကုသိုလ်မှု၊အကုသိုလ်မှုပြုရာ၌ ကိစ္စကိုပြီးစေတတ်သော၊သန္နိဋ္ဌာန်ကြ ဆုံးဖြတ်ချက်ချကြောင်းဖြစ်သော ထိုသတ္တမဇောစေတနာသည်၊ ဆိုခဲ့သည့် ဥပဓိ၊ဂတိစသောအခွင့်ထူး အကြောင်းထူးများနှင့် ရှေ့ဇောခြောက်ချက် တို့မှ အာသေဝနပစ္စည်းကို ရသောကြောင့် အားရှိသည်ဖြစ်၍ ပစ္စုပ္ပန် ဘဝ၏ အခြားမဲ့ ဒုတိယဘဝ၌ ပဋိသန္ဓေ၊ ပဝတ္တိအကျိုး နှစ်ပါးစုံကို သို့မဟုတ် ပဝတ္တိအကျိုးကိုသာပေးလေသည်၊ ထို့ကြောင့် အင်္ဂုတ္တိုရ်ဋီကာ၊ မဟာဋီကာတို့၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူကြလေသည်။

"သာ ဟိ သန္နိဋ္ဌာပကစေတနာ ဝုတ္တနယေန ပဋိလဒ္ဓဝိသေသာ ပုရိမဇဝနစေတနာဟိ လဒ္ဓါ သေဝနာ စ သမာနာ အနန္တရတ္တဘာဝေ ဝိပါကဒါယိနီ ဥပပဇ္ဇဝေဒနီယကမ္မံ နာမ"။

ဆိုခဲ့သော ဥပဓိ၊ဂတိ၊ကာလ၊ပယောဂတို့၏ ပျက်ပတ်မှုကို မရ၍ ဒုတိယဘဝ၌ အကျိုးမပေးနိုင်လျှင် အဟောသိကံဖြစ်တော့၏။

ဆက်ပါဦးမည်၊ ဝိဘာဝနီဋီကာ၌ကား "သာ စ ပဋိသန္ဓိံ ဒတွာဝ ပဝတ္တိဝိပါကံ ဒေတိ၊ ပဋိသန္ဓိယာ ပန အဒိန္နာယ ပဝတ္တိဝိပါကံ ဒေတီတိ နတ္ထိ— ထိုသတ္တမဇော စေတနာသည် ပဋိသန္ဓေအကျိုးကို ပေးမှသာလျှင် ပဝတ္တိအကျိုးကို ပေးနိုင်၏၊ ပဋိသန္ဓေအကျိုးကို မပေးသည်ရှိသော် "ပဝတ္တိအကျိုးကိုပေး၏" ဟု ဆိုဘွယ်မရှိ" ဟု မိန့်ဆိုတော်မူလေသည်။

"မဇ္ဈိမနိကာယ် ကုက္ကုရဝတိကသုတ်၌ကား "အတ္ထိ ပုဏ္ဏ ကမ္မံ ကဏှသုက္ကံ ကဏှသုက္ကဝိပါကံ—အိုပုဏ္ဏ....အမည်း,အဖြူဟူသော အကုသိုလ်, ကုသိုလ်ရောနှောသော, ဆင်းရဲချမ်းသာဟူသော ရောနှောသော အကျိုးရှိသော ကံသည်ရှိ၏"ဟု ဟောတော်မူပါသည်။

၎င်းသုတ်၏အဖွင့်အဋ္ဌကထာ၌လည်း အကုသိုလ်,ကုသိုလ်ရောနှောသော ကံကိုပြု၍ အကုသိုလ်ကံကြောင့် တိရစ္ဆာန်မျိုးတွင် မင်္ဂလာဆင်တော် အရာစသည်တို့၌ဖြစ်၍၊ ကုသိုလ်ကံကြောင့် ထိုသို့ ဖြစ်ရာ၌ မင်္ဂလာဆင်တော်နှင့် ထိုက်တန်သောအိပ်ရာနေရာ,အစာအာဟာရပြည့်စုံ ကောင်းမွန်ခြင်းစသည်တို့ဖြင့် ပဝတ္တိအကျိုးဖြစ်သော ချမ်းသာကို ခံစားရ၏။

ကုသိုလ်ကံကြောင့် မင်းမျိုး၌လည်း မင်းစသည်ဖြစ်၍ ထိုသို့ဖြစ်ရာ၌ စစ်ရှုံးခြင်း, အနှိပ်စက်ခံရခြင်း စသည်တို့ဖြင့် ပဝတ္တိအကျိုးဖြစ်သော ဆင်းရဲကို ခံစားရ၏ဟူသော အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလေသည်။

၎င်းအဋ္ဌကထာပါဌ်၌—

"မိဿကကမ္မံ ဟိ ကတွာ အကုသလေန တိရစ္ဆာနယောနိယံ မင်္ဂလဟတ္ထိဋ္ဌာနာဒိသု ဥပပန္နော ကုသလေန ပဝတ္တေ သုခံ ဝေဒိယတိ၊ ကုသလေန ရာဇကုလေပိ နိဗ္ဗတ္တော အကုသလေန ပဝတ္တေ ဒုက္ခံ ဝေဒိယတိ"။

ဤပြဆိုခဲ့ပြီးသော ပါဠိ,အဋ္ဌကထာတို့ကို ထောက်ထား၍ အကုသိုလ် ကုသိုလ်နှစ်မျိုးစုံကိုပြု၍ မင်္ဂလာဆင်တော်စသည်ဖြစ်ရာ(ဥပပဇ္ဇဝေဒနီယကံ ဖြင့်လည်း ဖြစ်နိုင်သောကြောင့်)အကုသိုလ်သတ္တမဇောစေတနာက ဒုတိယ ဘဝ၌ တိရစ္ဆာန်ပဋိသန္ဓေကိုဖြစ်စေ၍ ကုသိုလ်သတ္တမဇောစေတနာက ပဋိသန္ဓေအကျိုးကို မပေးဘဲလျက် မင်္ဂလာဆင်ဖြစ်၍ အိပ်ရာ,နေရာ,အစာအာဟာရစသည် ပြည့်စုံကောင်းမွန်ခြင်းစသော ပဝတ္တိကောင်းကျိုးကို ဖြစ်စေသည် စသည်ဖြင့် သိမြင်နိုင်ပါသည်။

အကုသိုလ်,ကုသိုလ်ရောနှောသော မိဿကကံကိုပြု၍ အကုသိုလ် သတ္တမဇောစေတနာကြောင့် ဒုတိယဘဝ၌ ဝေမာနိကပြိတ္တာဖြစ်၍ နေ့အခါ ဒုက္ခခံပြီးလျှင် ကုသိုလ်သတ္တမဇောစေတနာကြောင့် ညအခါ သုခစံရသော ပေတဝတ္ထုပါဠိ အဋ္ဌကထာလာ ဝတ္ထုတပုဒ်ကို ရေသားဖော်ပြပါဦးမည်။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မုဆိုးတယောက်သည် နေ့ရောညပါ ခွေးများစွာတို့ဖြင့် အမဲလိုက်၍ သားသမင်တို့ကို သတ်ဖြတ်ပြီး အသက်မွေးလေသည်၊ ထိုမုဆိုးအား ရတနာသုံးပါးကို ဆည်းကပ်ကြည်ညိုသော ဥပါသကာ မိတ်ဆွေတယောက်လည်း ရှိလေသည်၊ ထိုဥပါသကာသည် မိတ်ဆွေ မုဆိုးကို နေ့ရောညပါ အခါခပ်သိမ်း မုဆိုးအလုပ်မကောင်းမှုမှ ရှောင် ကြဉ်ရန် မကြာခဏ တားမြစ်ဆုံးမလေ့ ရှိလေသည်၊ ထိုသို့ တားမြစ် ဆုံးမ၍ မရသည်၏အဆုံး၌ နေ့အခါသာ မုဆိုးလုပ်၍ ညအခါ အသက် သတ်ခြင်းမှ ရှောင်ကြဉ်ရန် ဟောပြော သွေးဆောင်ရလေသည်၊ မုဆိုး လည်း ထိုအတိုင်းပင် လိုက်နာလေသည်။

ထိုမုဆိုးသည် သေဆုံးပြီးသည်မှ နောက်ဘဝ၌ ရာဇဂြိုဟ်ပြည်အနီး တွင် ဝေမာနိကပြိတ္တာဖြစ်၍ နေ့အခါတွင် ခွေးတို့၏ကိုက်စားဝါးမျိုခြင်း ဒုက္ခဆင်းရဲကို ခံစားရ၍ ညအခါတွင် တူရိယာငါးပါး စည်းစိမ်အခြွေ အရံများဖြင့် ချမ်းသာကိုစံစား၍ ခနရလေသည်။

တရံရောအခါ အရှင်နာရဒသည် ထိုမုဆိုးပြိတ္တာကို တွေ့မြင်ရ၍ အကြောင်းအကျိုးကို မေးမြန်းစုံစမ်းရာ မုဆိုးပြိတ္တာက အောက်ပါအတိုင်း လျှောက်ထားဘူးလေသည်။

**သွာဟံ ဒိဝါ ဟနိတ္ဝာ ပါဏိနော၊**
**ဝိရတော ရတ္တိမဟောသိ သညတော။**
**ရတ္တာဟံ ပရိစာရေမိ၊**
**ဒိဝါ ခဇ္ဇာမိ ဒုဂ္ဂတော။ ။**

**ဂါထာအနက်**— သွာဟံ၊ ထိုတပည့်တော်သည်။ ဒိဝါ၊ နေ့အခါ၌။ ပါဏိနော၊ သတ္တဝါတို့ကို။ ဟနိတွာ၊ သတ်ဖြတ်၍။ ရတ္တိံ၊ ညဉ့်အခါ၌။ သညတော၊စောင့်စည်းသည်။ ဝိရတော၊ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်သည်။ အဟောသိ၊ ဖြစ်လေပြီ။ တေန၊ ထိုမိဿကကံကြောင့်။ အဟံ၊ တပည့် တော်သည်။ ရတ္တိံ၊ ညဉ့်အခါ၌။ ပရိစာရေမိ၊ စည်းစိမ်စံစားရ၏။ ဒိဝါ၊ နေ့အခါ၌။ ဒုဂ္ဂတော၊ ဆင်းရဲခြင်းသို့ရောက်သည်ဖြစ်၍။ ခဇ္ဇာမိ၊ ကြောက် ဖွယ်ကြီးမား ခွေးအများတို့ ကိုက်စားညှင်းဆဲခြင်းကိုခံရ၏။

ဤ၀တ္ထု၌၊ ညအခါ အသက်သတ်မှုမှရှောင်ခြင်းဟူသော ကုသိုလ် ဥပပဇ္ဇဝေဒနီယကံက ပဋိသန္ဓေ အကျိုးမပေးဘဲလျက် ညအခါ စည်းစိမ် ချမ်းသာ ခံစားရခြင်းဟူသော ပဝတ္တိအကျိုးပေးသည်ကို သိရှိနိုင်ပါသည်။

"**အပရာပရိယာယ ဝေဒနီယကံ**"ဟူသည်မှာ—"ဥဘိန္နံ အန္တရေ ပန ပဥ္စဇဝနစေတနာ အပရာပရိယာယ ဝေဒနီယကမ္မံ နာမ"ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ၊ ပထမဇော,သတ္တမဇောတို့၏ အကြား၌ဖြစ်သော အလည်ဇော ငါးချက်စေတနာသည် အပရာပရိယာယ ဝေဒနီယကံမည်၏၊ ထိုအပရာပရိယာယ ဝေဒနီယကံသည် မျက်မှောက်အတ္တဘောဟု ဆိုအပ်သော ပစ္စုပ္ပန်ဘ၀နှင့် ဒုတိယဘ၀တို့မှတပါး တတိယဘ၀စသည်ဟု ဆိုအပ် သော နိဗ္ဗာန်မရမီအတွင်း အကျိုးပေးခွင့်ရရာ တစုံတခုသော အတ္တဘော၏ အလှည့်အကြိမ်၌ ပဋိသန္ဓေပဝတ္တိ အကျိုးကိုပေးတတ်၏။ ထို့ကြောင့် အဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူလေသည်။

"အပရာပရိယာယ ဝေဒနီယန္တိ ဒိဋ္ဌဓမ္မာနန္တရဘဝတော အညသ္မိံ အတ္တဘာဝပရိယာယေ အတ္တဘာဝပရိဝတ္တေ ဝေဒိတဗ္ဗဖလံ ကမ္မံ"။

ထိုအပရာပရိယာယဝေဒနီယကံသည် သံသရာရှိသေးသရွေ့ နိဗ္ဗာန် မရသေးသမျှကာလပတ်လုံး အဟောသိကံ မဖြစ်နိုင်၊နိဗ္ဗာန်ရပြီးမှ အကျိုး ပေးရာ အခွင့်ဘ၀မရှိတော့သဖြင့် အဟောသိကံ ဖြစ်လေသည်။

"**အဟောသိကံ**"ဟူသည်မှာ— မိမိမိမိတို့၏ အသီးသီးသော အကျိုး ပေးရာခေတ်ကာလ၌ ဂတိ,ဥပဓိစသော အကြောင်းများ မညီညွတ်သဖြင့် အကျိုးပေးရန် အလှည့်အကြိမ်ကိုမရကုန်သော ဤဒိဋ္ဌဓမ္မဝေဒနီယကံစသော ကံသုံးပါးတို့သည်ပင် အဟောသိကံမည်ပါသည်။

ဤအရာ၌ ကံကိုပြုပြီးသောအချိန်မှစ၍ မျက်မှောက် အတ္တဘော၏ သေဆုံးသည့်တိုင်အောင် ပိုင်းခြားသတ်မှတ်အပ်သော ခေတ်ကာလသည် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးပေးရာခေတ်ကာလမည်၏၊ဒုတိယဘ၀၏ ပဋိ သန္ဓေမှစ၍ အတ္တဘော၏ သေဆုံးသည့်တိုင်အောင် ပိုင်းခြားသတ်မှတ် အပ်သော ခေတ်ကာလသည် ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးပေးရာ ခေတ်ကာလမည်၏၊ တတိယဘ၀၏ ပဋိသန္ဓေမှစ၍ ပရိနိဗ္ဗာန်စံဝင်ခြင်းဟု ဆိုအပ်သော ပရိနိဗ္ဗာနစုတိတိုင်အောင် ပိုင်းခြားသတ်မှတ်အပ်သော ခေတ်ကာလသည် အပရာပရိယာယဝေဒနီယကံ၏ အကျိုးပေးရာ ခေတ် ကာလမည်၏။ ထို့ကြောင့် ပရမတ္ထဒီပနီဋီကာ၌ အောက်ပါအတိုင်း မိန့်ဆို တော်မူလေသည်။

"ဣမာနိယေဝ ပန တီဏိ ကမ္မာနိ အတ္တနော အတ္တနော ခေတ္တေ သဗ္ဗသော ဝိပါကဝါရံ အလဘမာနာနိ အဟောသိကမ္မံနာမ ခေတ္တဥ္စ နေသံ ပဥ္စမဿ ဒိဋ္ဌဓမ္မဝေဒနီယဿ ပရိက္ခိနံ့၊ ဒုတိယဿ အနာ-ဂတာနန္တရတဝေဒနီယာ၊ တတိယဿ ပရိနိဗ္ဗာနဝေဒနီယာတိ ဒဋ္ဌဗ္ဗံ"။

ဤဆိုအပ်ခဲ့ပြီးသည့်တိုကား—ဒိဋ္ဌဓမ္မစသည့် အကျိုးပေးရာကာလ၏ အစွမ်းအားဖြင့် ကံလေးပါးပြားသည်ကို ဆိုရာဖြစ်သော ပါကကာလ စတုက္ကဟူ၍ မှတ်ပါလေ။

ယဂ္ဂရုကကံ— ဤကမ္မဝိဘတ္တိခဏ်း၏အစ၌ ဆိုခဲ့သောကံဆယ့်တပါး တို့တွင် ယဂ္ဂရုကကံဟူသည်မှာ— အပေါ့အလေးဖြစ်ကုန်သော ကုသိုလ်, အကုသိုလ်ဟူသမျှတို့တွင် အလေးဆုံးဖြစ်သော ကံသည် "ယဂ္ဂရုကကံ" မည်၏၊ ဤယဂ္ဂရုကကံကိုပင် သင်္ဂြိုဟ်ကျမ်းစသည့်တို့၌ "ဂရုကကံ"ဟု ပါရှိလေသည်၊ ၎င်းယဂ္ဂရုကကံ၏ တရားကိုယ်မှာ— "တဒေတံ ကုသလ-ပက္ခေ မဟဂ္ဂတကမ္မံ,အကုသလပက္ခေ ပဉ္စာနန္တရိယကမ္မံ ဝေဒိတဗ္ဗံ"ဟူသော အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့်အညီ ကုသိုလ်အဘို့၌ မဟဂ္ဂုတ်ကံများ,အကုသိုလ် အဘို့၌ ပဉ္စာနန္တရိယကံများ ဖြစ်ပါသည်။

ထိုယဂ္ဂရုကကံရှိခဲ့လျှင် အခြားကုသိုလ်,အကုသိုလ်များ အကျိုး မပေးနိုင်တော့ပြီ၊ ၎င်းယဂ္ဂရုကကံကသာလျှင် အခြားကံများကို လွှမ်းမိုး၍ နေရာယူကာ ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးလေတော့သည်။

ဆက်ပါဦးမည်၊ ပဉ္စာနန္တရိယကံဟူသည်မှာ—

၁။ မာတုဃာတကကံ— အမိကိုသတ်ကြောင်း စေတနာကံ။

၂။ ပိတုဃာတကကံ.... အဖကိုသတ်ကြောင်း စေတနာကံ။

၃။ အရဟန္တဃာတကကံ.... ရဟန္တာကိုသတ်ကြောင်း စေတနာကံ။

၄။ လောဟိတုပ္ပါဒကံ— မြတ်စွာဘုရားအား သွေးချေဥစေကြောင်း စေတနာကံ။

၅။ သံဃဘေဒကကံ— သံဃာသင်းခွဲသောကံ။

ဤငါးပါးဖြစ်ပါသည်။

"မာတုဃာတကကံ,ပိတုဃာတကကံ"ဟူသည်မှာ—မာတုဃာတကကံ၌ လူသားဖြစ်သော အမိရင်းကို လူသားဖြစ်သော သားကသတ်မှသာလျှင် မာတုဃာတက အာနန္တရိယကံထိုက်၍ ဒုတိယဘဝ၌ မုချငရဲပဋိသန္ဓေ အကျိုးပေးလေသည်၊ လူသားအမိအရင်းဖြစ်ခဲ့လျှင် လိင်ပြန်၍ ယောကျ်ား ဖြစ်သွားပြီးမှ သတ်သော်လည်း အာနန္တရိယကံထိုက်တော့သည်သာ လျှင်တည်း "ငါသည် သိုးကိုသတ်အံ့"ဟု နှလုံးသွင်းပြီးလျှင် သိုး၏ နေရာ၌ တည်နေသော အမိအဘကို သတ်မိလျှင်လည်း "အာနန္တရိယကံ ထိုက်၏"ဟု ဥပရိပဏ္ဏာသအဋ္ဌကထာ သမ္မောအဋ္ဌကထာတို့၌ ဆိုသော ကြောင့် အခြားသတ္တဝါကို သေနတ်စသည်ဖြင့် ပစ်သတ်ရာ အမိအဘကို ပစ်မိ၍ သေဆုံးလျှင်လည်း အာနန္တရိယကံထိုက်တော့သည်၊ သတ်သူသား သွီးက လူသားမဟုတ်ခဲ့လျှင်သော်၎င်း,အသတ်ခံရသူမိဘက လူသားမဟုတ် တိရစ္ဆာန်ဖြစ်ခဲ့လျှင်သော်၎င်း အာနန္တရိယကံမထိုက်၊ ထိုသို့ အာနန္တရိယ ကံပင်မထိုက်သော်လည်း"ဘာရိယံ ပန ဟောတိ၊ အာနန္တရိယံ အာဟစ္စေဝ တိဋ္ဌတိ"ဟူသော ဥပရိပဏ္ဏာသ,သမ္မောအဋ္ဌကထာပါဠိတို့နှင့်အညီ အလွန် ဝန်လေး၍ အာနန္တရိယကံလောက်နီးနီး အပြစ်ကြီး၏၊ အာနန္တရိယကံ မထိုက်၍ အခြားမဲ့ဘဝ၌ အကျိုးမပေးသော်လည်း အခွင့်ရရာ ဘဝ တပါးပါး၌ ကြီးလေးသော အကျိုးကို ပေးလိမ့်မည်ဟူလို။ ပိတုဃာတက ကံ၌လည်း ဤအတိုင်းမှတ်ပါလေ။

ဆိုခဲ့သည့်အတိုင်း မာတုဃာတက,ပိတုဃာတက အာနန္တရိယကံ ထိုက်ခဲ့လျှင် "စကြဝဠာ အနှံ့အပြားကို မဟာစေတီလောက်ကြီးသော ရွှေစေတီတို့ဖြင့်ပြည့်စေသော်လည်းကောင်း,စကြဝဠာတခုလုံးပြည့်အောင် စည်းဝေးထိုင်နေသော ရဟန်းတို့အား အလှူကြီးကိုပေးသော်လည်းကောင်း မြတ်စွာဘုရား၏ သင်္ကန်းတော်စွန်းကို မလွှတ်တန်းဆွဲကိုင်၍ လှည့်လည် သော်လည်းကောင်း ငရဲမှမလွတ်နိုင်တော့ချေ၊ သေပြီးသည်မှ နောက် ဘဝ၌ ငရဲကျရတော့သည်သာလျှင်တည်း"ဟု ဆိုခဲ့သောအဋ္ဌကထာတို့၌ မိန့်ဆိုလျက်ရှိလေသည်။

"အရဟန္တဃာတကကံ"ဟူသည်မှာ— လူသားက လူသားရဟန္တာကို သတ်ကြောင်းစေတနာတည်း၊ နတ်စသည်ဖြစ်သော ရဟန္တာကိုသတ်က အရဟန္တဃာတက အာနန္တရိယကံမထိုက်၍ အခြားမဲ့ဘဝ၌ အပါယ် ပဋိသန္ဓေအကျိုးမပေးသော်လည်း အခွင့်ရရာ ဘဝတပါးပါး၌ အကျိုး ပေးလိမ့်မည်၊ "ကမ္မံ ပန ဘာရိယံ၊ အာနန္တရိယသဒိသမေဝ" ဟူသော

အဋ္ဌကထာများနှင့်အညီ အလွန်ဝန်လေး၍ အာနန္တရိယကံနှင့် အတူပင် ဖြစ်၏၊ပုထုဇဉ်ဘဝကသတ်ရာ ထိုသတ်ခြင်းပယောဂကြောင့် ရဟန္တာဖြစ်မှ သေလျှင်လည်း အရဟန္တဃာတကကံထိုက်၏။

**"လောဟိတုပ္ပါဒကံ"** ဟူသည်မှာ– သတ်လိုသောစိတ်ဖြင့် ဖြစ်မှား၍ အသက်တော်ရှင်ဆဲသော မြတ်စွာဘုရား၏ ကိုယ်တော်၌ သွေးချေဥအောင် ပြုကြောင်း စေတနာကံတည်း။ မြတ်စွာဘုရား ကိုယ်တော်၏ မပြိုမကွဲ နိုင်သော အဘေဇ္ဇကာယ၏ အဖြစ်ကြောင့် သူတပါး၏ လုလ္လပယောဂဖြင့် အရေတော်ပေါက်ကွဲ၍ သွေးယိုထွက်ခြင်းမည်သည်မရှိ၊အတွင်း၌ သွေးစု၍ သွေးချေဥ,ရုံမျှသာ ဖြစ်နိုင်လေသည်၊ ဒေဝဒတ်ကျောက်မောင်းဖြို့ချ၍ ကျောက်စ,ထိစဉ်ကလည်း ခြေဖျားတော်၏ အတွင်းဘက်၌ သွေးချေဥ, ရုံသာဖြစ်ခဲ့သည်၊ ထို့ကြောင့်ပင် ဒေဝဒတ် အာနန္တရိယကံထိုက်၏။

ဖြစ်မှားသော ပဒုဋ္ဌစိတ်ဖြင့် စေတီ, ဗောဓိပင်တို့ကို ဖျက်ဆီး လှည်းဖြတ်လျှင် လောဟိတုပ္ပါဒ အာနန္တရိယကံ မထိုက်သော်လည်း အာနန္တရိယကံလောက် အပြစ်ကြီး၍ အလွန်ဝန်လေးသော ကံထိုက်၏၊ ထို့ကြောင့် ဥပရိပဏ္ဏာသအဋ္ဌကထာ,သမ္မောအဋ္ဌကထာတို့၌ အောက်ပါ အတိုင်း မိန့်ဆိုတော်မူကြလေသည်။

> "အထ ယေ စ ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒန္တိ၊ ဗောဓိံ ဆိန္ဒန္တိ ဓာတုမှိ ဥပက္ကမန္တိ၊ တေသံ ကိံ ဟောတီတိ၊ ဘာရိယံ ကမ္မံ ဟောတိ အာနန္တရိယသဒိသံ"။

**"သံဃဘေဒကကံ"** ဟူသည်မှာ– "သံဃံ ဘိန္ဒေယျာတိ သမာန သံဝါသကံ သမာနသီမာယံ ဌိတံ ပဉ္စဟိ ကာရဏေဟိ သံဃံ ဘိန္ဒေယျ" ဟူသော သမ္မောအဋ္ဌကထာ,ဥပရိပဏ္ဏာသအဋ္ဌကထာတို့နှင့်အညီ တူသော ပေါင်းဖေါ်ခြင်းရှိသော တသိမ်ထည်း၌တည်သော သံဃာကို အကြောင်း ငါးပါးတို့ဖြင့် သင်းခွဲကြောင်းဖြစ်သော စေတနာကံတည်း။

ချုပ်ဦးအံ့၊ အကြောင်းငါးပါးဟူသည်မှာ– "ပဉ္စဟုပါလိ အာကာ· ရေဟိ သံဃော ဘိဇ္ဇတိ၊ ကတမေဟိ ပဉ္စဟိ၊ ကမ္မေန, ဥဒ္ဒေသေန, ဝေါဟရန္တော, အနုဿာဝနေန, သလာကဂ္ဂါဟေန"ဟု ပရိဝါပါဠိ တော်၌ ဟောတော်မူအပ်သော အကြောင်းငါးပါးတို့ပင် ဖြစ်ပါသည်။

ထိုငါးပါးတို့တွင် "ကမ္မေန"အရ ကံဟူသည်မှာ– အပလောကနက်ံ အစရှိသော သံဃာကံလေးပါးတည်း၊ ထိုကံလေးပါးတို့တွင် တပါးပါးကို သံဃာသင်းခွဲ၍ ပြုစေခြင်းသည် အကြောင်းတပါးဟူလို။

"ဥဒ္ဒေသေန"အရ "ဥဒ္ဒေသ"ဟူသည်မှာ– ပါတိမောက်ပြခြင်း တည်း၊ ပါတိမောက်ကို သံဃာသင်းခွဲ၍ ပြစေခြင်းသည် အကြောင်းတပါး ဟူလို။

"ဝေါဟရန္တော"အရ "ဝေါဟာရ"ဟူသည်မှာ– ထိုထိုသို့သော အကြောင်းတို့ဖြင့် တရားမဟုတ်သည်ကို တရား, တရားဟုတ်သည်ကို မတရား,ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်,ဝိနည်းမဟုတ်သည်ကို ဝိနည်း ဟုတ်၏စသော ကွဲပြားကြောင်းဝတ္ထု တဆယ့်ရှစ်ပါးတို့ကို ပြောဆိုခြင်း တည်း၊ ဤသို့ ပြောဆိုခြင်းသည် အကြောင်းတပါးဟူလို။

"အနုဿာဝနေန"အရ "အနုဿာဝန" ဟူသည်မှာ– မိမိ၏ဝါဒကို ယုံကြည်၍ မိမိဘက်သို့ ပါလာအောင် မိမိ၏ ဇာတိ,သုတစသည် ဂုဏ်တို့ကို ပြောဆိုခြင်းစသည်တို့ဖြင့် ဝါဒဖြန့်ခြင်းတည်း၊ ဤသို့ ဝါဒဖြန့်ခြင်းသည် အကြောင်းတပါးဟူလို။

"သလာကဂ္ဂါဟေန"အရ "သလာကဂ္ဂါဟ" ဟူသည်မှာ— မိမိပက္ခ သားအဖြစ် သဘောတူ စာရေးတံယူစေခြင်းတည်း၊ ဤသို့ ယူစေခြင်းသည် အကြောင်းတပါးဟူလို။

ထိုငါးပါးသော အကြောင်းတို့တွင် ဆိုခဲ့သော ကွဲပြားကြောင်း ဝတ္ထု တဆယ့်ရှစ်ပါးတို့ကို ပြောကြား၍ ထိုသို့ ပြောကြားသည်ကို ယုံကြည်ကာ မိမိဘက်သို့ ပါလာအောင် မိမိဂုဏ်ကို ပြောဆိုခြင်း စသည် တို့ဖြင့် ဝါဒဖြန့်၍ သဘောတူ စာရေးတံကို ယူစေပြီးသော်လည်း သံဃာ ကွဲပြားသည်မမည်သေး၊ အကြင်အခါ၌ တသိမ်ထည်း၌ တည်သော သံဃာသည် သင်းခွဲသူ မိမိအလွတ် တဘက်လျှင် အနည်းဆုံး သံဃာ လေးပါးခွဲခြား၍ သံဃာကံလေးပါးကိုသော်ရင်း, ပါတိမောက်ပြခြင်းကို သော်ရင်း ပြုငြားအံ့၊ ထိုအခါ သံဃာကွဲသည်မည်၏၊ သင်းခွဲသူ မိမိလည်း သံဃဘေဒကကံထိုက်တော့၏။

သံဃာကွဲပြားမည်ဟုမသိဘဲ ကွဲပြားစေလိုသော စေတနာမရှိဘဲ ကံပြုလျှင် သံဃာကွဲပြားသော်လည်း အာနန္တရိယကံမထိုက်၊ သင်းခွဲသူ မိမိအလွတ် တဘက်လေးယောက်မပြည့်ဘဲ ကွဲပြားလျှင်လည်း သံဃရာဇိ (သံဃအက်ကြောင်း)သာဖြစ်၍ သံဃဘေဒကကံမထိုက်၊ သံဃာသင်းခွဲရာ နောက်လိုက်အဖွဲ့ဝင် ရဟန်းများအား မတရားဘက်ကပါမိလျှင် ကြီးစွာသော အပြစ်ရှိ၏၊ တရားသော အဖွဲ့ဝင်များအား အပြစ်မရှိ။

ဘိက္ခုနီမ,သိက္ခမာန်,သာမဏေယောကျ်ား,သာမဏေမိန်းမ,ဒကာ, ဒကာမတို့သည် ထောက်ခံအားပေးသောအားဖြင့် မတရားသော သံဃာ အဖွဲ့ဘက်ပါခဲ့လျှင် အပြစ်ကြီးသော်လည်း သံဃာကို သင်းခွဲနိုင်သူများ မဟုတ်သောကြောင့် သံဃဘေဒကကံမထိုက်၊ ဥက္ကေပနီယကံမထိုက်သော, ပါရာဇိကမကျသော ရဟန်းသာ သံဃဘေဒက အာနန္တရိယကံထိုက်၏၊ ထို့ကြောင့် ဗုဒ္ဓဝါပါဠိတော်၌ အောက်ပါအတိုင်း ဟောတော်မူသည်။

"န ခေါ ဥပါလိ ဘိက္ခုနီ သံဃံ ဘိန္ဒတိ၊ အပိ စ ဘေဒါယ ပရက္ကမတိ၊ န သိက္ခမာနာ သံဃံ ဘိန္ဒတိ၊ န သာမဏေရော။ပ။ န သာမဏေရီ။ပ။ န ဥပါသကော။ပ။ န ဥပါသိကာ သံဃံ ဘိန္ဒတိ၊ အပိစ ခေါ ဘေဒါယ ပရက္ကမတိ၊ ဘိက္ခု ဥပါလိ ပကတတ္တော သမာနသံဝါသကော သမာနသီမာယံ ဌိတော သံဃံ ဘိန္ဒတိ"။

သံဃဘေဒက အာနန္တရိယကံထိုက်လျှင် ဒုတိယဘဝမှစ၍တကမ္ဘာ ကြာအောင် အဝီစိငရဲ၌ ကျရကြောင်းကိုလည်း ဗုဒ္ဓဝါပါဠိတော်၌ပင် အောက်ပါအတိုင်း ဟောတော်မူသည်။

"သမဂ္ဂံ ခေါ ဥပါလိ သံဃံ ဘိန္ဒိတွာ ကပ္ပဋ္ဌိကံ ကိဗ္ဗိသံ ပသဝတိ၊ ကပ္ပံ နိရယမှိ ပစ္စတိ"။

ကွဲလေပြီးသော သံဃာကို ပြန်လည်ညီညွတ်အောင် ရှက်ဆောင် ပြုလုပ်နိုင်လျှင်လည်း အလွန်ကြီးမြတ်သော ကုသိုလ်ကောင်းမှုကို ပွားများ ပြုလုပ်သည်မည်သောကြောင့် တကမ္ဘာကြာမြင့်အောင် သုဂတိနတ်ပြည်၌ စံစားရကြောင်းကိုလည်း ၎င်းပါဠိတော်၌ပင် အောက်ပါအတိုင်း ဆက် လက်၍ ဟောတော်မူပါသည်။

"ဘိန္နံ ခေါ ဥပါလိ သံဃံ သမဂ္ဂံ ကတွာ မြဟ္မံ ပုညံ ပသဝတိ၊ ကပ္ပံ သဂ္ဂမှိ မောဒတိ"။

ကြွင်းသော အာနန္တရိယကံလေးပါးတို့ကား ငရဲ၌ တကမ္ဘာလုံး ခံရကြောင်း ပါဠိတော်၌ မလာမရှိရုံသာမက ဥပရိပဏ္ဏာသ, သမ္မောအဌ ကထာတို့၌ "သေသာနိ စတ္တာရိ ကမ္မာနိ အာနန္တရိယာနေဝ ဟောန္တိ၊ န ကပ္ပဋ္ဌိတိယာနိ— ကြွင်းသော အာနန္တရိယကံလေးပါးတို့သည် အခြားမဲ့ ဘဝ၌ ငရဲပဋိသန္ဓေအကျိုးကိုသာ ပေးကုန်၏၊ တကမ္ဘာပတ်လုံး မခံရကုန်" ဟူ၍ပင် မိန့်ဆိုတော်မူကြပါသည်၊ ထိုက်သင့်သမျှ ကြာစွာခံရမည်ဟု သိမှတ်ပါလေ။

အာနန္တရိယ ကံငါးပါးစလုံးကို ပြုထားသောသူအား အပြစ် အကြီးဆုံး အလေးဆုံးဖြစ်သော သံဃဘေဒကကံသည်သာလျှင် ရှေးဦးစွာ ထွက်၍ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးပေးလိမ့်မည်၊ ကြွင်းသော အာနန္တရိယကံ လေးပါးတို့သည်၊ အဟောသိကံဖြစ်ကုန်၏၊ ဤစကား၌ "သေသာနိ အဟောသိကမ္မံ နာဟောသိ ကမ္မဝိပါကောတိ ဧဝမာဒိသု သင်္ချံ ဂစ္ဆန္တိ— ကြွင်းသောအာနန္တရိယကံလေးပါးတို့သည် အဟောသိကံဖြစ်ကုန်၏" ဟူ၍ အဌကထာများဆိုသော စကားသည် ပဋိသန္ဓေအကျိုးမပေးတော့သည် ကိုသာ ရည်ရွယ်၍ မိန့်ဆိုတော်မူကြသော စကားများသာဖြစ်ပါသည်၊ သံဃဘေဒကကံကို၊ ဝါ၊ ပဋိသန္ဓေအကျိုးပေးသောကံကို ဝိုင်းဝန်းကူညီ ထောက်ပံ့သော ဥပတ္ထမ္ဘကကံဖြစ်ကုန်၍ ပဝတ္တိအကျိုးကိုကား ပေးကြ လိမ့်မည်ဟု မှတ်ယူအပ်ပါသည်။

ထို့ကြောင့် ဥပရိပဏ္ဏာသဋီကာ၌—

"ကေဿ ပန အညာနိ ဥပတ္ထမ္ဘကာနိ ဟောန္တီတိ ဒဌဗ္ဗာနိ" ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဆက်ပါဦးမည်၊ သံဃဘေဒကကံမရှိလျှင် လောဟိတုပ္ပါဒကကံက အကျိုးပေးပါလိမ့်မည်၊ ၎င်းကံမရှိလျှင် အရဟန္တဃာတကကံက အကျိုး ပေးပါလိမ့်မည်၊ ၎င်းကံမရှိလျှင် မာတုဃာတက,ပိတုဃာတကကံတို့က အကျိုးပေးပါလိမ့်မည်၊ ထိုနှစ်ပါးတို့တွင်လည်း အဘကသီလရှိ၍ အမိက ဒုသီလဖြစ်လျှင်၊ ဝါ၊ အဘလောက် သီလမရှိလျှင် ပိတုဃာတကကံက

အကျိုးပေးပါလိမ့်မည်၊ အမိကသီလရှိ၍ အဘကဒုဿီလဖြစ်လျှင်၊ ဝါ၊ အမိလောက် သီလမရှိလျှင် မာတုဃာတကကံက အကျိုးပေးပါလိမ့်မည်၊ အမိအဘနှစ်ပါး သီလချင်းတူညီခဲ့လျှင်မူကား အမိသာလျှင် သားသမီးတို့၌ ကျေးဇူးပိုများသောကြောင့် မာတုဃာတကကံက အကျိုးပေးလိမ့်မည်။

အချို့သော ပရိယတ္တိဝိသာရဒ ဆရာတော်များသည်၊ နိယတမိစ္ဆာဒိဋ္ဌိသုံးပါးကိုလည်း ဤဂရုကံ၌ ထည့်သွင်းတော်မူကြလေသည်၊ နိယတမိစ္ဆာဒိဋ္ဌိ သုံးပါးဟူသည်မှာ— ဤကမ္မဿကဘာဉာဏ်ခဏ်းတွင် အထက်၌ပြဆိုခဲ့ပြီးသော အဇိတဝါဒ နတ္ထိကဒိဋ္ဌိ၊ပူရဏကဿပဝါဒ အကိရိယဒိဋ္ဌိနှင့် မက္ခလိဂေါသာလဝါဒ အဟေတုကဒိဋ္ဌိတို့ပင် ဖြစ်ပါသည်။

ယဗ္ဗဟုလကံ "ယဗ္ဗဟုလကံ"ဟူသည်မှာ— "ကုသလာကုသလေသု ပန ယံ ဗဟုလံ ဟောတိ၊ တံ ယဗ္ဗဟုလံ နာမ" ဟူသော အဂ်ဋ္ဌကထာနှင့်အညီ အမြဲမပြတ် အကြိမ်များစွာ ပြုအပ်၊ မှီဝဲအပ်သော ကုသိုလ်အကုသိုလ်ကံသည်၊ တနည်းကား— တကြိမ်ထည်းပင် ပြုသော်လည်း ကုသိုလ်ကံတို့တွင် အကြိမ်များစွာ မကြာခဏ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော ကံနှင့် အကုသိုလ်ဖြစ်လျှင် အကြိမ်များစွာ မကြာခဏ နှလုံးကို ပူပန်စေတတ်သောကံသည် ယဗ္ဗဟုလကံမည်၏။

ထို့ကြောင့် အဂ်ဋ္ဌကထာ၌ပင်—

"ယံ ဝါ ဗလဝကုသလကမ္မေသု သောမနဿကရံ၊ အကုသလကမ္မေသု သန္တာပကရံ၊ ဧတံ ယဗ္ဗဟုလံ နာမ"ဟူ၍ မိန့်ဆိုတော်မူလေသည်။

သင်္ဂြိုဟ်ကျမ်း၌ကား ဤယဗ္ဗဟုလကံကိုပင် "အာစိဏ္ဏကံ" ဟု ခေါ်ဝေါ်ပညတ်လေသည်၊ တရားကိုယ်မှာ အတူတူပင် ဖြစ်ပါသည်။

ထို့ကြောင့် ပရမတ္ထဒီပနိဋီကာ၌—

"အာစိဏ္ဏန္တိ ဒီဃရတ္တံ အဘိဏှသောကတံ၊ သကိံ ကရိတွာပိ ဝါ ပစ္ဆာ ပုနပ္ပုနံ သောမနဿဇနကံ သန္တာပဇနကဉ္စ" ဟူ၍ မိန့်တော်မူလေသည်။

ယဒါသန္နကံ—"ယဒါသန္နကံ"ဟူသည်မှာ— "ယံ ပန ကုသလာကုသလေသု အာသန္နမရဏေ အနုဿရိတုံ သက္ကောတိ၊ တံ ယဒါသန္နံ နာမ"ဟူသော အဂ်ဋ္ဌကထာနှင့်အညီ ကုသိုလ်၊အကုသိုလ်တို့တွင်

သေခါနီးကာလ၌ ကောင်းစွာထင်ရှားသောအားဖြင့် အောက်မေ့နိုင်သောကံသည် ယဒါသန္နကံမည်၏“သေခါနီးကာလ၌ အောက်မေ့နိုင်သော့ကံသည် ယဒါသန္နကံမည်၏”ဟု ဆိုသဖြင့် သေခါနီးကာလ၌ ပြုအပ်သောကံသည်ကား အဘယ်မှာလျှင် ယဒါသန္နကံမည်ဘဲရှိနိုင်ပါအံ့နည်း၊ယဒါသန္နကံမည်တော့သည်သာတည်း၊ထို့ကြောင့် ဋီကာ၌ “အာသန္နကာလေ ကတေ ပန ဝတ္တဗ္ဗမေဝ နတ္ထိတိ အာဟ“ယံ ပန ကုသလာ-ကုသလေသု အာသန္နမရဏကာလေတိအာဒိ”ဟု မိန့်တော်မူသည်၊ ဂုဏ်ပြင် “အာသန္နမရဏကာလေ အနုဿရိတုံ သက္ကောတိ”ဟု အဋ္ဌကထာ၌ဆိုသဖြင့် “မည်သည့်အခါ၌ ပြုသောကံဖြစ်စေ သေခါနီးကာလ၌ အောက်မေ့နိုင်မှသာလျှင် ဤအရာ၌ ယဒါသန္နကံမည်၏”ဟူသော အဓိပ္ပါယ်ကိုလည်း သိမှတ်သင့်ပါသည်။

သင်္ဂြိုဟ်ကျမ်း၌ကား ဤယဒါသန္နကံကိုပင် “အာသန္နကံ”ဟူ၍ ခေါ်ဝေါ်သုံးနှုံးတော်မူသည်။

ဆက်ပါဦးမည်၊ပါဠိ,အဋ္ဌကထာများစွာနှင့် ဤအင်္ဂုတ္တိုရ်အဋ္ဌကထာ၌ကား “ယဗ္ဗဟုလံ, ယဒါသန္နံ”ဟု အာစိဏ္ဏကံနှင့် သဘောတူသော ယဗ္ဗဟုလကံကို အရင်,အာသန္နကံနှင့် သဘောတူသော ယဒါသန္နကံကို နောက်ထား၍ ပြဆိုတော်မူကြသည်၊ သင်္ဂြိုဟ်ကျမ်း ပါကဒါနပရိယာယ-ကံ အကျိုးပေးစဉ်၌ကား အာသန္နံ,အာစိဏ္ဏံ”ဟု အာသန္နကံကိုအရင် အာစိဏ္ဏကံကို နောက်ထား၍ ပြဆိုတော်မူပါသည်။

ဤအဆိုနှစ်ရပ်ကို ရှင်းလင်းပါဦးမည်၊ အားကြီးသောကံကို အရင်, အားနည်းသောကံကိုနောက်၊ ဤသို့ သဘာဝအားဖြင့် အားကြီးသောကံ, အားနည်းသောကံတို့ကို အစဉ်အတိုင်း ပြတော်မူလို၍ ပါဠိတော်၌— “ယဂ္ဂရုကံ, ယဗ္ဗဟုလံ, ယဒါသန္နံ, ကဋတ္တာဝါ ပန ကမ္မံ”ဟု ဟောတော်မူပါသည်၊ ထိုသို့ ဟောတော်မူအပ်သော အစဉ်ကိုပင် အဋ္ဌကထာဆရာများက ဗလဝ,ဒုဗ္ဗလက္ကမ— အားကြီး,အားနည်းသော ကံတို့၏ အစဉ်သာ ဖြစ်သင့်သည်မဟုတ်၊ ရံခါ၌ အကျိုးပေးခြင်း၏ အစဉ်လည်းဖြစ်သင့်သည်ဟု နှလုံးသွင်းတော်မူကြပြီးလျှင် ထိုဗလဝ, ဒုဗ္ဗလက္ကမ— အားကြီး, အားနည်းသောကံ၏ အစဉ်ကိုပင် ပါကဒါနပရိယာယ— အကျိုးပေးစဉ်ပြု၍ စီရင်ပြဆိုတော်မူကြလေသည်၊ ထိုအဋ္ဌကထာဆရာတို့၏ နှလုံးသွင်းသည် မှန်၏၊ သေခါနီးကာလ၌ အောက်မေ့အပ်,ပြုအပ်သော အာသန္န-

ကံပင် ဖြစ်စေကာမူ ကုသိုလ်ကံဖြစ်လျှင် သောမနဿဖြစ်၍ စိတ်ကို နှစ်သက်စေခြင်း၄ါရင်း, အကုသိုလ်ဖြစ်လျှင် ဒေါမနဿဖြစ်၍ စိတ်ကို ပူပန်စေခြင်း၄ါရင်း မစွမ်းနိုင်သည်ရှိသော် အားနည်းလှ၏။

ထိုသို့ အားနည်းလှသော အာသန္နကံသည် အားကြီးသော အာစိဏ္ဏကံကို လွှမ်းမိုးကာ ဆုတ်နစ်စေ၍ အကျိုးပေးနိုင်မည်မဟုတ်သည် သာတည်း၊ ထို့ကြောင့် ပရမတ္ထဒီပနီဋီကာ၌ အောက်ပါအတိုင်း မိန့်ဆို တော်မူလေသည်။

"အာသန္နံပိ ဟိ သမာနံ စိတ္တံ တောသေတုံ ဝါ သန္တာပေတုံ ဝါ အသက္ကောန္တံ ဟုတွာ ဒုဗ္ဗလံ ဗလဝတော အာစိဏ္ဏဿ နိဝတ္တကံ န ဟောတိ"။

ဤသို့လျှင် အဋ္ဌကထာများစွာတို့သည် ရံခါ၌ အာသန္နကံ အားနည်း၍ အာစိဏ္ဏကံကပင် အကျိုးပေးမည်ကို ရည်ရွယ်၍ ဗလဝ-ဒုဗ္ဗလက္ကမအားဖြင့် ဟောတော်မူသော အစဉ်အတိုင်း ယဗ္ဗဟုလကံကို အရင်,ယဒါသန္နကံကို နောက်ထား၍ ပါကဒါနဝါရက္ကမ— အကျိုးပေး အလှည့်အစဉ်ကို ပြဆိုတော်မူကြလေသည်။

သဂြိုဟ်ကျမ်း၌ကား မဇ္ဈိမနိကာယ် မဟာကမ္မဝိဘင်္ဂသုတ်၌"ပါဏာတိ-ပါတီ"စသည်ဖြင့် အကုသိုလ် ဒုစရိုက်တရား၌ လိုက်စား လေ့ကျက်သူ ဖြစ်ပါလျက် သေခါနီးကာလ၌ ကုသိုလ်ကောင်းမှုကို ပြုလိုက်ရ၍ နတ် ပြည်သို့ ရောက်ရသည်ဟူ၍ရင်း,ပါဏာတိပါတဝိရတစသည်ဖြင့် ကုသိုလ် သုစရိုက်တရား၌ လိုက်စားလေ့ကျက်သူဖြစ်ပါလျက် သေခါနီးကာလ၌ အကုသိုလ်မကောင်းမှုကို ပြုလိုက်မိ၍ အပါယ်ဘုံသို့ ကျရောက်ရသည် ဟူ၍ရင်း,ဟောတော်မူသည်ကိုထောက်ထား၍ရင်း၊အာသန္နကံ,အာစိဏ္ဏကံ နှစ်ပါးလုံးပင် အားရှိတူညီခဲ့လျှင် အာသန္နကံကသာအရင်ပထမအကျိုးပေး မည်ကိုထောက်ထား၍ရင်း၊အာသန္နကံကိုအရင်,အာစိဏ္ဏကံကိုနောက်ထား၍ ပါကဒါနပရိယာယကို စီစဉ်ပြဆိုတော်မူလေသည်။

ကဋတ္တာကံ— "ကဋတ္တာကံ"ဟူသည်မှာ— "ဧတေဟိ ပန တီဟိ မုတ္တံ အညာဏဝသေန ကတံ ကဋတ္တာဝါပန ကမ္မံ နာမ"ဟူသော အင်္ဂုတ္တိုရ် အဋ္ဌကထာပါဠ်နှင့်အညီ ယဂ္ဂရုကကံ,ယဗ္ဗဟုလကံ,ယဒါသန္နကံ ဤသုံးပါး

တို့မှလွတ်သော မသိသည်၏အစွမ်းအားဖြင့် ယခုဘဝတွင် အမှတ်တမဲ့ ပြုအပ်သော ဥပပဇ္ဇဝေဒနီယကံနှင့် ရှေးဘဝများစွာက ပြုအပ်သော အပရာပရိယာယဝေဒနီယကံများ ဖြစ်လေသည်။

သူရူးပစ်မြှောက်အပ်သော တုတ်လှံတန်သည် အမှတ်မရှိ တစုံတခုသောနေရာ၌ ကျတတ်သကဲ့သို့ ဤကဋတ္တာကံသည်၊ ထိုယဂ္ဂရုကကံစသည် သုံးပါးမရှိရာ တစုံတခုသောဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးတတ်၏။

ဤအဋ္ဌကထာ၏အဖွင့် အင်္ဂုတ္တရဋီကာနှင့် ဝိသုဒ္ဓိမဂ်မဟာဋီကာတို့၌ကား "တသ္မိံ အသတိ ကဋတ္တာ ဝါ ပနာတိ ဝုတ္တံ ပုရိမဇာတီသု ကတကမ္မံ ဝိပစ္စတိ" ထိုယဂ္ဂရုကကံစသည် သုံးပါးမရှိခဲ့သော် "ကဋတ္တာဝါ ပန"ဟူ၍ ဆိုအပ်သော ရှေးဘဝတို့၌ ပြုအပ်သောကံသည် အကျိုးပေး၏"ဟု မိန့်ဆိုတော်မူကြလေသည်၊ ထိုဋီကာတို့၏ ဝါဒအတိုင်း ယူလျှင် ဤဘဝ၏ အခြားမဲ့ဘဝ၌ အကျိုးပေးရမည့် ရှေးဘဝများက ပြုခဲ့သောကံမည်သည် အပရာပရိယာယဝေဒနီယကံပင် ဖြစ်၏၊ ထိုအပရာပရိယာယဝေဒနီယကံသည် ယဂ္ဂရုကကံစသည် ကံသုံးမျိုး၏သန္တာန်၌ဖြစ်သည်လည်း ရှိကောင်း, မဖြစ်သည်လည်းရှိကောင်းသောကြောင့်၎င်း၊ သိလျက်ပြုအပ်သည်လည်း ရှိကောင်း,မသိဘဲ ပြုအပ်သည်လည်းရှိကောင်းသောကြောင့်၎င်း၊ ယင်း အပရာပရိယာယကံကို"ဧတေဟိ ပန တီဟိ မုတ္တံ အညာဏဝသေန ကတံ" ဟူသော ပုဒ်တို့ဖြင့် ဝိသေသနမပြုနိုင်သည့်ပြင် စင်စစ်ထိုပုဒ်တို့ဖြင့် ဝိသေသန ၍ပြု အရယူအပ်တော ယဂ္ဂရုကကံစသည် သုံးပါးမှလွတ်သော ပစ္စုပ္ပန်ဘဝ၌ မသိလိုက်သည်၏အစွမ်းအားဖြင့် အမှတ်မထင်ပြုအပ်သော ကံလည်းမပါ ကျန်ရစ်သောကြောင့် အဋ္ဌကထာပါဠ်နှင့်ညီမညီ၊ ဝါ၊ အဋ္ဌကထာဆရာ၏ အလိုတော်ကျ ဟုတ်မဟုတ် ဆင်ခြင်သင့်လေသည်။

ထို့ကြောင့် "ဧတေဟိ ပန မုတ္တံ" စသော အဋ္ဌကထာပါဠ်အရ ကောက်ယူအပ်သော ယဂ္ဂရုကကံစသည် သုံးပါးမှလွတ်သော ပစ္စုပ္ပန်ဘဝ၌ မသိလိုက်သည်၏ အစွမ်းအားဖြင့် အမှတ်မထင်ပြုအပ်သော ဥပပဇ္ဇဝေဒနီယကံနှင့် (အဋ္ဌကထာ၌ ကတကာလအထူးကို မမှတ်မူ၍ ဆိုသောကြောင့်) ရှေးဘဝများက ပြုခဲ့သော အပရာပရိယာယဝေဒနီယကံများသည် ကဋတ္တာကံမည်၏"ဟု မှတ်ယူမှသာ "အဋ္ဌကထာဆရာ၏ အလိုတော်ကျဖြစ်သည်"ဟု ယူဆယုံကြည်ပါသည်

ဤကံလေးမျိုးတို့တွင် ယဂ္ဂရုကကံက ရှေးဦးစွာ အကျိုးပေးလိမ့်မည်၊ ၎င်းကံမရှိလျှင် ယဗ္ဗဟုလကံက အကျိုးပေးလိမ့်မည်၊ ၎င်းကံမရှိလျှင် ယဒါသန္နကံက အကျိုးပေးလိမ့်မည်၊ ၎င်းကံမရှိလျှင် ကဋတ္တာကံက အကျိုးပေးလိမ့်မည်။

သင်္ဂြိုဟ်ကျမ်းအလိုအားဖြင့် "ဂရုကကံ, အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံ"ဟူ၍ အစဉ်အတိုင်း အကျိုးပေးလိမ့်မည်။

ဤယဂ္ဂရုကကံစသော ကံလေးပါးအပေါင်းသည် အကျိုးပေးစဉ်၏ အစွမ်းအားဖြင့် ပြဆိုအပ်သော ကံများဖြစ်သည်ဟု သိမှတ်ပါလေ။

**ဇနကကံ**— "ဇနကကံ" ဟူသည်မှာ— "ဇနကံ နာမ ကုသလမ္ပိ, ဟောတိ အကုသလမ္ပိ၊ တံ ပဋိသန္ဓိယမ္ပိ ပဝတ္တေပိ ရူပါရူပဝိပါကက္ခန္ဓေ ဇနေတိ"ဟူသော အဂ်ုတ္တိုရ်အဋ္ဌကထာနှင့်အညီ၊ ပဋိသန္ဓေအခါ၌၎င်း, ပဝတ္တိအခါ၌၎င်း, ကမ္မဇရုပ်, ကမ္မပစ္စယဥတုဇရုပ်, ဝိပါက်စိတ်, စေတသိက်တို့ကို ဖြစ်စေတတ်သော ကုသိုလ်,အကုသိုလ်စေတနာသည် ဇနကကံမည်၏။

သိသာစေပါမည်၊ သုဂတိဘုံ ပဋိသန္ဓေအခါ၌ ဥပေက္ခာသန္တီရဏ မဟာဝိပါက်ဟုဆိုအပ်သော ပဋိသန္ဓေစိတ်,စေတသိက်များနှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ကို ကုသိုလ်ဇနကကံက ဖြစ်စေ၏။

၎င်းသုဂတိဘုံ ပဝတ္တိအခါ၌ ခဏတိုင်းဖြစ်သော ကမ္မဇရုပ်တို့ကို၎င်း, ရတနာရွှေငွေ, ပဒေသာ, ဘုံဗိမာန်စသော ကမ္မပစ္စယဥတုဇရုပ်တို့ကို၎င်း, ကောင်းသောအာရုံကို မြင်ခြင်း, ကြားခြင်းစသည်, သိခြင်းစသည်တို့ဖြင့် ဖြစ်သော ပဉ္စဝိညာဉ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏ,တဒါရုံ,မဟာဝိပါက်စသော နာမ်တရားတို့ကို၎င်း ကုသိုလ်ဇနကကံက ဖြစ်စေ၏။

ဒုဂ္ဂတိဘုံ ပဋိသန္ဓေအခါ၌ ဥပေက္ခာသန္တီရဏဟု ဆိုအပ်သော ပဋိသန္ဓေစိတ် စေတသိက်တို့ကို၎င်း,ပဋိသန္ဓေကမ္မဇရုပ်တို့ကို၎င်း အကုသိုလ်ဇနကကံက ဖြစ်စေ၏။

၎င်းဒုဂ္ဂတိဘုံ ပဝတ္တိအခါ၌ ခဏတိုင်းဖြစ်သော ကမ္မဇရုပ်တို့ကို၎င်း, ငရဲမီးလျှံ, သင်မုန်းစက်စသော ကမ္မပစ္စယ ဥတုဇရုပ်တို့ကို၎င်း, မကောင်းသော အာရုံကိုမြင်ခြင်း, ကြားခြင်းစသည်တို့ဖြင့်ဖြစ်သော ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံစသော နာမ်တရားတို့ကို၎င်း အကုသိုလ် ဇနကကံက ဖြစ်စေ၏။

ဆက်ပါဦးမည်၊ ထိုပဋိသန္ဓေအခါ,ပဝတ္တိအခါနှစ်ပါးတို့တွင် ကမ္မပထမြောက်သော စေတနာကသာလျှင် ပဋိသန္ဓေအကျိုးကို ပေးနိုင်၏၊ ပဝတ္တိအခါ၌ကား ကမ္မပထမြောက်သည်ဖြစ်စေ, မမြောက်သည်ဖြစ်စေ အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် ပဋ္ဌဒွါရိကဇောစေတနာသည်ရင်း, အိပ်မက်၌ဖြစ်သော ကုသိုလ်, အကုသိုလ်စေတနာသည်ရင်း အကျိုးပေးနိုင်၏ဟု ပရမတ္ထဒီပနီဋီကာ၌ မိန့်ဆိုမှာထားလျက် ရှိလေသည်။

"ဥပတ္ထမ္ဘကကံ" "ဥပတ္ထမ္ဘကကံ" ဟူသည်မှာ— "ဥပတ္ထမ္ဘကံ ပန ဝိပါကံ ဇနေတုံ န သက္ကောတိ၊ အညေန ကမ္မေန ဒိန္နာယ ပဋိသန္ဓိယာ ဇနိတေ ဝိပါကေ ဥပ္ပဇ္ဇနကသုခဒုက္ခံ ဥပတ္ထမ္ဘေတိ" ဟူသော အဂ်ဳတ္တိုရ်အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့နှင့်အညီ အကျိုးကို မဖြစ်စေနိုင်ဘဲ တပါးသောကံက ပဋိသန္ဓေအကျိုးကို ပေးသည်ရှိသော် ဖြစ်စေအပ်သော အကျိုးဝိပါက်၌ ချမ်းသာဆင်းရဲကို ကြာမြင့်စွာ ဖြစ်ပွားတည်နေအောင် ကူညီထောက်ပံ့တတ်သောကံသည် ဥပတ္ထမ္ဘကကံမည်၏။

ရှုပါဦးမည်၊ အချို့သောသူသည် ကုသိုလ်ကံကိုပြု၍ သုဂတိဘုံ၌ ဖြစ်ပြီးလျှင် ထိုဘုံ၌တည်လျက် နောက်ထပ်ကုသိုလ်ကံကို ကြိမ်ဖန်များစွာပြုသဖြင့် ထိုကံရင်းကို ကူညီထောက်ပံ့စေ၍ အလွန်ရှည်မြင့်စွာသော ကာလပတ်လုံး သုဂတိဘုံ၌ ကျင်လည်စံစားရလေသည်၊ ဤသို့ အသက်စည်းစိမ် ရှည်မြင့်တိုးပွားအောင် အားပေးထောက်ပံ့သောကံသည် ကုသိုလ် ဥပတ္ထမ္ဘကကံမည်၏။

အချို့သောသူသည် အကုသိုလ်ပြု၍ ဒုဂ္ဂတိဘုံ၌ဖြစ်ပြီးလျှင် ထိုဘုံ၌တည်လျက် နောက်ထပ် အကုသိုလ်ကံကို ကြိမ်ဖန်များစွာပြုသဖြင့် ထိုကံရင်းကို ကူညီထောက်ပံ့စေ၍ အလွန်ရှည်မြင့်စွာသော ကာလပတ်လုံး ဒုဂ္ဂတိဘုံ၌သာ ကျင်လည်ခံစားရလေသည်၊ ဤသို့ ဘဝန္တမ်းညှိုး ဆင်းရဲတိုး၍ သက်ဆိုးရှည်အောင် ကူညီထောက်ပံ့သော ကံသည် အကုသိုလ် ဥပတ္ထမ္ဘကကံမည်၏။

ကုသိုလ်ဥပတ္ထမ္ဘကကံအရာ၌ ဓမ္မပဒအဋ္ဌကထာ၌လာသော အာယုဝဍ္ဎနသတို့သားဝတ္ထုကဲ့သို့ သိမှတ်သင့်ပါသည်၊ အာယုဝဍ္ဎန သတို့သားသည် နောက်ခုနစ်ရက်မြောက်တွင် သေရမည်ဖြစ်ပါလျက် ပရိတ်တရားတော်နာခြင်း,ရတနာသုံးပါးကို ဆည်းကပ်ပူဇော်ခြင်း ကုသိုလ်ဥပတ္ထမ္ဘကကံကြောင့် မသေဘဲ အသက်တရာ့နှစ်ဆယ်တိုင်အောင် နေရဘူးလေသည်။

အကုသိုလ်ဥပစ္ဆေဒကကံအရာ၌ကား ခွေးဘဝ၌ ခွေးသက်ဆိုး ရှည်၍နေအောင် စသည်ဖြင့် ထောက်ပံ့တတ်သော အကုသိုလ်ဥပစ္ဆေဒက ကံမျိုးပင်တည်း။

ထောင်ကျနေစဉ် နောက်ထပ် အကုသိုလ်ဖြစ်မှုကျူးလွန်၍ ထောင် သက်တိုး'ခြင်းကို ပြုတတ်သောကံမျိုးသည်လည်း အကုသိုလ်ဥပစ္ဆေဒက ကံမျိုးပင် မည်၏။

ပရမတ္ထဒီပနီဋီကာ၌ကား– ထိုဥပစ္ဆေဒကကံသည် အကျိုးဝိပါက်ကို ဖြစ်စေနိုင်သော ဇနကကံမျိုးဖြစ်ပါလျက်လည်း မိမိ၏အကျိုးပေးသော အလှည့်အကြိမ်မှ ရှေ့အဘို့နောက်အဘို့တို့၌ ကုသိုလ်,အကုသိုလ်အားဖြင့် သဘောတူသော ကံတပါးကိုရင်း,ကံကြောင့်ဖြစ်သော ခန္ဓာအစဉ်ကိုရင်း ကူညီထောက်ပံ့လျက် ဖြစ်ကြောင်းကို "သာ ဟိ ဇနကဘူတာပိ သမာနာ" အစရှိသည်ဖြင့် မိန့်ဆိုတော်မူပြီးလျှင် အထက်၌ ပြဆိုခဲ့သော"ဥပစ္ဆေဒကံ ပန ဝိပါကံ ဇနေတုံ န သက္ကောတိ– ဥပစ္ဆေဒကကံသည်ကား အကျိုးဝိပါက်ကို မဖြစ်စေနိုင်"ဟူသော အဋ္ဌကထာများ၏စကားသည် ဂတိ,ဥပဓိစသည် အကြောင်းမညီညွတ်၍ အကျိုးပေးအလှည့်အကြိမ်ကို မရသော ကံကို ရည်ရွယ်၍ဆိုအပ်သော သန္ဓာယဘာသိတစကားသာ ဖြစ်ကြောင်းကိုလည်း "ယံ ပန ဝိသုဒ္ဓိမဂ္ဂေ ဥပစ္ဆေဒကံ ပန ဝိပါကံ ဇနေတုံ န သက္ကောတီတိ ဝုတ္တံ၊ တံ အလဒ္ဓဝိပါကဝါရံ သန္ဓာယ ဝုတ္တန္တိ ဂဟေတဗ္ဗံ"ဟု မိန့်ဆိုတော်မူလေသည်။

ဥပစ္ဆေဒကသည်ကား အကျိုးဝိပါက်ကို မဖြစ်စေနိုင်(ထောက်ပံ့ရုံသာ ထောက်ပံ့နိုင်၏)ဟူသော အဋ္ဌကထာတို့၏စကားသည် ဥပစ္ဆေဒကကံ အားလုံးကို ရည်ရွယ်၍ဆိုသည်မဟုတ်၊ ဂတိ,ဥပဓိစသော အကြောင်း မညီညွတ်သဖြင့် အကျိုးပေးသော အလှည့်အကြိမ်ကို မရသည့်ဥပစ္ဆေဒက ကံကိုသာ ရည်ရွယ်၍ဆိုအပ်သော သန္ဓာယဘာသိတဖြစ်သည်"ဟု မိမိ ဆိုခဲ့သောစကားကို သဘာဝယုတ္တိဖြင့် မြဲမြံခိုင်ခံ့စေရန်လည်း"န ဟိ ပစ္စယ· သာမဂ္ဂိယံ သတိ ကိဉ္စိ ကမ္မံ ပဝတ္တိဝိပါကမတ္တာဿာပိ အဇနကံ နာမ အတ္ထီတိ"ဟု ဆက်လက်မိန့်ဆိုတော်မူလေသည်။

**အဓိပ္ပါယ်မှာ**– ဂတိ,ဥပဓိစသော အကြောင်းညီညွတ်ခဲ့သော် တစုံတခုသော ကံသည် ပဝတ္တိအကျိုးဝိပါက်ကိုသော်မှလည်း မဖြစ်စေသည် မည်သည်မရှိ ဖြစ်စေနိုင်သည်သာတည်းဟူလို။

ဆက်ပါဦးမည်၊ အထက်ပါ ဤဋီကာစကား၌ "ကုသိုလ်,အကုသိုလ် အားဖြင့် သဘောတူသော ကံတပါးကိုရင်း, ကံကြောင့်ဖြစ်သော ခန္ဓာ အစဉ်ကိုရင်း ကူညီထောက်ပံ့လျက် ဖြစ်ကြောင်းကို" ဟု ရေးသားခဲ့ပါသည်၊ ထိုစကားရပ်တို့တွင် သဘောတူသော ကံတပါးကို ကူညီထောက်ပံ့ခြင်း ဟူသည်မှာ အကျိုးပေးခွင့်မရသော သဘောတူဇနကကံတပါး၏ အကျိုး ပေးခွင့်ကို ရေလာမြောင်းပေး ပြုလုပ်ခြင်းပင်တည်း၊ ထိုသို့ပြုလုပ်ခြင်းသည် သေခါနီးကာလ မရဏာသန္နဇော၌ ထင်ရှား၏။

ချဲ့ပါဦးမည်၊ သေခါနီးကာလ၌ ကောင်းသော နိမိတ်ထင်၍ ကုသိုလ်ဇောစောလျှင် ဇာတ်အားဖြင့် သဘောတူသော ကုသိုလ်ကံက အကျိုးပေး၏၊ မကောင်းသော နိမိတ်ထင်၍ အကုသိုလ်ဇောစောလျှင် ဇာတ်အားဖြင့် သဘောတူသော အကုသိုလ်ကံက အကျိုးပေး၏၊ ဤအရာ၌ မရဏာသန္နအခါစောသော ကုသိုလ်,အကုသိုလ်ဇောက အကျိုးပေးသည် မဟုတ်၊ ဇာတ်အားဖြင့် သဘောတူသော ကံ၏ အကျိုးပေးခွင့်ရရန် ဥပတ္ထမ္ဘကကံအဖြစ်အားဖြင့် ကူညီထောက်ပံ့ရုံသာဖြစ်၏၊ အကျိုးပေးသော ကံကား ရှေးကပြုခဲ့သော ဇနကကံတည်း။

ကံကြောင့်ဖြစ်သော ခန္ဓာအစဉ် ကူညီထောက်ပံ့ခြင်းကို "အချို့သော သူသည် ကုသိုလ်ကံကိုပြု၍ သုဂတိဘုံ၌ ဖြစ်ပြီးလျှင်" အစရှိသည်ဖြင့် ပြဆို ခဲ့ပြီးဖြစ်သော်လည်း ဋီကာလာအဓိပ္ပါယ်ဖြင့် အနည်းငယ်ပြဆိုပါဦးမည်၊ ဖြစ်ရာဘဝ၌ ရောဂါဘေးဒဏ်စသော အသက်၏အန္တရာယ်တို့ကို ကာကွယ် ဟန့်တား၍ရင်း, ဘဝ၏အသုံးအဆောင် အသက်၏ အရံအတား ဖြစ်ကုန် သော ရတနာရွှေ,ငွေ,သန်,ရေ,စပါး,အစား,အဝတ်စသည်တို့နှင့် လျော်က ပတ်သော ဆေးဝါး,ဓာတ်စာ,ဆရာဟူးရာ,သားမယား,အခြွေအရံစသည် တို့ကို ရစေ,ရောက်စေသည်ဖြစ်၍ရင်း, ကုသိုလ်,ဇနကကံသည် ဖြစ်စေ အပ်သော ခန္ဓာအစဉ်၏ ကြာရှည်စွာ ပွားစည်းတည်တံ့ခြင်းကို ပြုခြင်းသည် ကံကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို ဥပတ္ထမ္ဘကကံက ကူညီထောက်ပံ့ခြင်း မည်၏။

ဤအရာ၌ ရတနာသုံးပါးနှင့် သီလစသည်ရှိသော အမိအဘ သူတော်ကောင်းများကို ဆည်းကပ်ကိုးကွယ်ခြင်း,အရိုအသေလုပ်ကျွေးခြင်း စသော ကုသိုလ်ကံများသည် ကျန်းမာ၍ အသက်ရှည်ခြင်း, အဆင်း ကြက်သရေတိုးတက်ခြင်း, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း, ခွန်အား

တိုးတက်ခြင်းစသည့်တို့ကို ရယူဖြစ်ပေါ်စေ၍ ရှေးကံကြောင့်ဖြစ်သော ဤခန္ဓာအစဉ်ကို ကူညီထောက်ပံ့နိုင်သော ဥပတ္ထမ္ဘကကံများဖြစ်ကြောင်းကို အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဍါ ပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။ ။

အနက်— အဘိဝါဒနသီလိဿ၊ လွန်ကဲလှစွာ စေတနာဖြင့် သဒ္ဒါမြတ်နိုး ရှိခိုးပူဇော်လေ့ရှိသော။ နိစ္စံ၊ အမြဲ။ ဝုဍ္ဍါပစာယိနော၊ အသက်သိက္ခာ ကိုယ့်ထက်သာကို လွန်စွာလေးမြတ် လုပ်ကျွေးရိုသေတတ်သော သူအား။ အာယု၊ အသက်သည်၎င်း။ ဝဏ္ဏော၊ အဆင်းသည်၎င်း။ သုခံ၊ ချမ်းသာသည်၎င်း။ ဗလံ၊ ခွန်အားသည်၎င်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မေ ဓမ္မာ၊ ဤတရားတို့သည်။ ဝဍ္ဎန္တိ၊ တနေ့တခြား လဆန်းလားသို့ တိုးပွားပြည့်စုံ လာတတ်ပေကုန်၏။

ဥပပီဠကကံ—“ဥပပီဠကကံ”ဟူသည်မှာ—“ဥပပီဠကံ နာမ အညေန ကမ္မေန ဒိန္နာယ ပဋိသန္ဓိယာ ဇနိတေ ဝိပါကေ ဥပ္ပဇ္ဇနကသုခဒုက္ခံ ပီဠေတိ ဗာဓေတိ၊ အဒ္ဓါနံ ပဝတ္တိတုံ န ဒေတိ”ဟူသော အဂ္ဂုတ္တိုရ်အဋ္ဌကထာပါဌ်နှင့်အညီ တပါးသောကံက ပဋိသန္ဓေအကျိုးကို ပေးသည်ရှိသော် ဖြစ်စေအပ်သော အကျိုးဝိပါက်၌ ဖြစ်ပေါ်လာသော ချမ်းသာ,ဆင်းရဲကို နှိပ်စက်နှောင့်ရှက်တတ်သော ကုသိုလ်,အကုသိုလ်ကံသည် ဥပပီဠကကံမည်၏။

ချဲ့ဦးအံ့၊ တစုံတခုသော ကုသိုလ်ကံကြောင့် သုဂတိဘုံတို့၌ လူကောင်း, နတ်ကောင်းဖြစ်ရပါသော်လည်း ရောဂါများခြင်း, အဆင်းမလှခြင်း, စည်းစိမ်မတည်ခြင်း, အကျိုးပေးမဖွံ့ဖြိုးခြင်းစသည့်တို့ကို ဖြစ်စေလျက် နှိပ်စက်နှောင့်ရှက်တတ်သောကံသည် အကုသိုလ်ဥပပီဠကကံမည်၏။

တစုံတခုသော အကုသိုလ်ကံကြောင့် တိရစ္ဆာန်စသော ဒုဂ္ဂတိဘုံတို့၌၊ နဂါးဂဠုန်စသည့်,မင်္ဂလာဆင်တော် မြင်းတော်စသည်ဖြစ်ရာဝယ် အကုသိုလ်ကံအကျိုးပေးရာ တိရစ္ဆာန်စသည်ဘဝအားလျော်စွာ ဆင်းရဲသင့်သလောက် မဆင်းရဲရဘဲ ဘုံနန်းဗိမာန်, စည်းစိမ်ချမ်းသာ, နေရာ, အစားစသည်တို့ကို ဖြစ်စေလျက် အကုသိုလ်၏အကျိုးပေးကို ဆန့်ကျင်နှိပ်စက်၍ အကျိုးပေးတတ်သောကံသည်၊ ကုသိုလ်ဥပပီဠကကံမည်၏။

ဤသို့ အကျိုးပေးပုံမျိုးကို "နှိပ်စက်ပုံ မထင်ရှားသောကြောင့် စဉ်းစားသင့်သည်"ဟု အချို့ဆရာတော်များ ရေးသားမိန့်ဆိုကြလေသည်။ "ဥပ္ပဇ္ဇနကသုခဒုက္ခံ ဝိဗ္ဗောတိ ဗာဓေတိ"ဟု အထက်၌ပြဆိုခဲ့သော အဋ္ဌကထာပါဠိကို ထောက်ထား၍ စဉ်းစားလျှင်ကား ဆိုခဲ့သောကုသိုလ်ကံက အကုသိုလ်အကျိုးပေးကို နှိပ်စက်နှောင့်ရှက်ပုံသည် အသင့်ပင်ဟု ယူဆပါသည်။

ဆက်ပါဦးမည်၊ ပရမတ္ထဒီပနီဋီကာ၌ကား အထက်ပါ အဋ္ဌကထာပါဠိ၌ ပြဆိုအပ်သော ကံတပါးသည် ဖြစ်စေအပ်သော ဝိပါကက္ခန္ဓာအစဉ်ကို နှောင့်ရှက်နှိပ်စက်ပုံအပြင် အခြားကံတပါးကို နှောင့်ရှက်၍ ဖြစ်ပုံကိုလည်း—

"ကမ္မန္တရံ ဝါ ကမ္မနိဗ္ဗတ္တခန္ဓသန္တာနံ ဝါ ဒုဗ္ဗလတရံ ကတွာ ဝါ ဝိဗာဓယမာနာ သဗ္ဗသော ဝါ ဥပစ္ဆိန္ဒမာနာ ပဝတ္တန္တီတိ" ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဤသို့ ကံတပါးကို နှောင့်ရှက်ပုံ အခြင်းအရာကိုလည်း အထက်အထက်နတ်ဘုံတို့၌ ဖြစ်နိုင်လောက်အောင် အားရှိသော ကုသိုလ်ကံဖြစ်သော်လည်း နောက်ပြုအကုသိုလ်ကံက ဝင်ရောက်နှောင့်ရှက်၍ အောက်အောက်နတ်ဘုံတို့၌ ဖြစ်ရခြင်းစသည်, ထို့အတူ တန်ခိုးကြီးသော, အသက်ရှည်သော, ချမ်းသာကြွယ်ဝသော, အဆင်းလှသော, ဘဝစသည်တို့၌ ဖြစ်စေနိုင်သော ကုသိုလ်ကံဖြစ်သော်လည်း နောက်ပြုအကုသိုလ်ကံကြောင့် တန်ခိုးနည်းသော, အသက်တိုသောဘဝ စသည်တို့၌ ဖြစ်ရခြင်းစသည်တို့သည် ကုသိုလ်ကံကို အကုသိုလ်ကံက နှိပ်စက်နှောင့်ရှက်သည်မည်၏။

ထိုနည်းအတူ အဝီစိစသော ငရဲကြီးတို့၌ ဖြစ်နိုင်လောက်အောင် အားကြီးသော အကုသိုလ်ကံဖြစ်သော်လည်း နောက်မှပြုသော ကုသိုလ်ကံက နှောင့်ရှက်နှိပ်စက်ခြင်းကြောင့် ငရဲငယ်တို့၌သာလျှင်သော်၎င်း, ပြိတ္တာဘုံတို့၌ သာလျှင်၎င်း ဖြစ်ရခြင်း စသည်တို့သည် ကုသိုလ်ကံက အကုသိုလ်ကံကို နှိပ်စက်ပုံမည်၏"ဟူ၍လည်း မိန့်ဆိုတော်မူပါသည်။

အဇာတသတ်မင်း၏ ပိတုဃာတကအကုသိုလ်ကံသည် အဝီစိငရဲကြီး၌ ကျရောက်နိုင်အောင် ဖြစ်သော်လည်း ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်၍ သာသနာကို ချီးမြှောက်ခြင်းဟူသော နောက်ပြုကုသိုလ်ကံက နှောင့်ရှက်နှိပ်စက်ခြင်းကြောင့် အဝီစိသို့ မကျစေနိုင်တော့ဘဲ လောဟကုမ္ဘီငရဲ၌သာ ဖြစ်စေနိုင်လေသည်။

ဥပဃာတကကံ— "ဥပဃာတကကံ" ဟူသည်မှာ— "ဥပဃာတကံ ပန သယံ ကုသလမ္ပိ အကုသလမ္ပိ သမာနံ အညံ ဒုဗ္ဗလကမ္မံ ဃာတေတွာ တဿ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော ဝိပါကဿ ဩကာသံ ကရောတိ" စသော အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့်အညီ အားနည်းသော ကံတပါးကိုဖြတ်၍ ထိုကံတပါး၏အကျိုးပေးဝိပါက်ကိုလည်း တားမြစ်ပြီးလျှင် မိမိ၏အကျိုးပေးခွင့်ကိုပြု၍ အကျိုးပေးတတ်သော ကုသိုလ်,အကုသိုလ်ကံသည် ဥပဃာတကကံမည်၏။

အဇာတသတ်၏ အဘကိုသတ်သော ပိတုဃာတက အကုသိုလ်ကံသည် မျက်မှောက်ဘဝ၌ပင် မဂ်ဖိုလ်ကိုရနိုင်စွမ်းသော ရှိရင်းကုသိုလ် ဥပနိဿယကို ဖြတ်သောအကုသိုလ် ဥပဃာတကကံမည်၏။

အရှင်အင်္ဂုလိမာလ၏ မဂ်ကုသိုလ်သည် လူပေါင်းများစွာကို သတ်ဖြတ်ခဲ့သော အကုသိုလ်ကံကို ဖြတ်သောကုသိုလ် ဥပဃာတကကံမည်၏။

ဤဝတ္ထုများ၌ အဇာတသတ်၏ ပိတုဃာတကကံသည် မဂ်ရကြောင်း ဥပနိဿယကုသိုလ်ကံကိုလည်းဖြတ်၏၊ ၎င်းကံ၏အကျိုးပေးဟုဆိုအပ်သော မဂ်ရမှုစသည်ကိုလည်း ဟန့်တား၏၊ ငရဲကျသောအားဖြင့်လည်း မိမိအကျိုးကိုပေး၏။

အရှင်အင်္ဂုလိမာလ၏ မဂ်ကုသိုလ်သည်၊ လူပေါင်းများစွာကို သတ်ခဲ့သော အကုသိုလ်ကိုလည်းဖြတ်၏၊ ၎င်းအကုသိုလ်ကံ၏ ပဋိသန္ဓေအကျိုးပေးကိုလည်း ဟန့်တား၏၊ မိမိကားအကျိုးပေးမျိုးမဟုတ်၍ အကျိုးမပေး ဤမဂ်ကုသိုလ်ကံကိုလည်း ဥပဃာတကကံမျိုးဟူ၍သာ မှတ်ယူသင့်ပါသည်။

နှစ်ပေါင်းငါးဆယ်တိုင်တိုင် ခိုးသူသတ်အလုပ်ဖြင့် အသက်မွေးခဲ့သော၊ ဝါတကာဠက လူသတ်သမား၏ အရှင်သာရိပုတ္တရာအား ပူဇော်လှူဒါန်းခြင်း, တရားတော်ကိုနာ၍ အနုလောမခန္တီဉာဏ်ကို ရခြင်း

ဟူသော ကုသိုလ်ကံသည်၊ လူ့သတ်မှုပါဏာတိပါတ အကုသိုလ်ကံကိုလည်း ဖြတ်၏၊ ၎င်းအကုသိုလ်ကံ ၏ အကျိုးပေးကိုလည်းဟန့်တား၏၊ တာဝတိံသာ နတ်ဘုံ၌ စံစားရခြင်းဟူသော မိမိ၏ အကျိုးကိုလည်းပေး၏။

ပရမတ္ထဒီပနီဋီကာ၌ကား တပါးသောကံသည် ဖြစ်စေအပ်သော ဝိပါက်ခန္ဓာအစဉ်ကို ဥပဃာတကကံက ဖြတ်သည်ကိုလည်း ပြဆိုလျက်ရှိ၏၊ အသက်တမ်းရှည်နိုင်သော ကံပင်ရှိသော်လည်း၊ တစုံတခုသော အကုသိုလ်ကံ၏ အစွမ်းကြောင့် ကလလရေကြည်မှစ၍ တစုံတခုသော အသက်အရွယ်၌ ရောဂါဘေးရန်စသည်တို့ဖြင့် သေဆုံးရခြင်းသည် ဥပဃာတကကံ၏ အစွမ်းဖြစ်သည်ဟူလို။

အချို့ဋီကာများ၌ ကံတပါးကိုဖြတ်၍ ၎င်းကံတပါး၏ အကျိုးပေးကို ဟန့်တားပြီးလျှင် မိမိကိုယ်တိုင် အကျိုးမပေးဘဲ အခြားသောကံ၏ အကျိုးပေးခွင့်ကိုပြုသော ဥပဃာတကကံလည်းရှိကြောင်းကို ဝဏ္ဏသက်သေတို့ဖြင့် ပြဆိုလျက်ရှိ၏။

ဤအရာ၌ ကံတပါးနှင့် ၎င်းကံတပါး၏အကျိုးကို ဖြတ်ပြီးလျှင် ဘဝသံသရာရှိသေးသမျှ မိမိသော်၎င်း,အခြားကံသော်၎င်း တပါးပါးက အကျိုးပေးရမြဲဖြစ်၍ သိသင့်လောက်ပြီးဖြစ်ပါသည်။

**ဥပစ္ဆေဒကကံ**—ဟူသည်မှာလည်း ဤဥပဃာတကကံနှင့် အတူပင်ဖြစ်ပါသည်၊ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ "ဥပစ္ဆေဒကန္တိပိ တဿေဝ နာမံ"ဟု မိန့်မှာတော်မူပါသည်၊ ဝိသုဒ္ဓိမဂ်နှင့် ဥပရိပဏ္ဏာသအဋ္ဌကထာတို့၌လည်း ဤအဓိပ္ပါယ်အတိုင်း မိန့်မှာတော်မူပါသည်။

ဤပြဆိုခဲ့ပြီးသော ဇနကကံစသည်လေးပါးတို့သည် ကံတို့၏အကျိုးပေးပုံ ကိစ္စ၏အစွမ်းအားဖြင့် ပြဆိုအပ်သော ကံများဟူ၍ သိမှတ်ပါလေ။

**သုတ္တန်နည်းအားဖြင့် ကံကိုဝေဘန်ရာ ကမ္မဝိဘတ္တိခဏ်းပြီး၏။**

## အဘိဓမ္မာနည်း ကမ္မဝိပါကတ္တိခဏ်း။

သုတ္တန်နည်း ကံကိုဝေဘန်ရာ ကမ္မဝိပါကတ္တိ၏ အခြားမဲ့၌ အဘိဓမ္မာနည်း ကံကိုဝေဘန်ရာ ကမ္မဝိပါကတ္တိခဏ်းကို ဆက်လက်ရေးသားဖော်ပြပါမည်။

ထိုသို့ ရေးသားဖော်ပြခြင်းမပြုမီ အဘိဓမ္မာနည်း ကမ္မဝိပါကတ္တိခဏ်း၌ ကြိုတင်သိထားသင့်သော အသုံးအနှုန်း ဝေါဟာရ ရှစ်ပါးကို အောက်ပါအတိုင်း ရှေးဦးစွာရေးသားဖော်ပြပါဦးမည်။

၁။ ဂတိသမ္ပတ္တိ– ဂတိ၏ပြည့်စုံခြင်း(လူ,နတ်,သုဂတိဘုံကိုခေါ်သည်)။

၂။ ဂတိဝိပတ္တိ– ဂတိ၏ချို့တဲ့ပျက်စီးခြင်း (အပါယ်လေးဘုံကို ခေါ်သည်)။

၃။ ဥပဓိသမ္ပတ္တိ– အတ္တဘော၏ပြည့်စုံခြင်း(လှပတင့်တယ် ခန့်ငြားခြင်းစသည်ကို ခေါ်သည်)။

၄။ ဥပဓိဝိပတ္တိ–ယုတ်ညံ့သော အတ္တဘောရှိသူ၏အဖြစ်(အရုပ်ဆိုးခြင်းစသည်ကို ခေါ်သည်)။

၅။ ကာလသမ္ပတ္တိ– ကာလ၏ ပြည့်စုံခြင်း (မင်းကောင်း,လူကောင်းတို့များပြားပေါ်ထွန်းရာ ခေတ်ကောင်းကိုခေါ်သည်)။

၆။ ကာလဝိပတ္တိ– ကာလ၏ ချို့တဲ့ပျက်စီးခြင်း (မင်းဆိုး, လူဆိုးတို့များပြားဖြစ်ထွန်းရာ ခေတ်ဆိုး,ခေတ်ညံ့ကို ခေါ်သည်)။

၇။ ပယောဂသမ္ပတ္တိ– လုလ္လပယောဂ၏ပြည့်စုံခြင်း (ကောင်းမွန်သော လုလ္လဝီရိယကို ခေါ်သည်)။

၈။ ပယောဂဝိပတ္တိ– လုလ္လပယောဂ၏ ချို့တဲ့ပျက်စီးခြင်း (မှားယွင်းသော, ယုတ်လျော့သော ဝီရိယကို ခေါ်သည်)။

အဘိဓမ္မာနည်း ကမ္မဝိပါကတ္တိ၌"အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ဂတိသမ္ပတ္တိ ပဋိဗာဠှာနိ န ဝိပစ္စန္တိ" စသည်ဖြင့် ဉာဏဝိဘင်းပါဠိတော်၌ ကံတဆယ့်ခြောက်ပါးကို ဟောကြားဝေဘန်တော်မူပါသည်၊ ထိုပါဠိတော်၏ အဓိပ္ပါယ်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

(က) ဂတိ, ဥပဓိ, ကာလ, ပယောဂသမ္ပတ္တိလေးပါးတို့က အသီးသီး တားမြစ်ပိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော အကုသိုလ်ကံ လေးပါး။

(ခ) ဂတိ, ဥပဓိ, ကာလ, ပယောဂဝိပ္ပတ္တိ အသီးသီးကို အကြောင်းပြု၍ အကျိုးပေးတတ်သော အကုသိုလ်ကံလေးပါး။

(ဂ) ဂတိ,ဥပဓိ,ကာလ,ပယောဂဝိပ္ပတ္တိလေးပါးတို့က အသီးသီးတားမြစ် ပိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော ကုသိုလ်ကံလေးပါး။

(ဃ) ဂတိ, ဥပဓိ, ကာလ, ပယောဂသမ္ပတ္တိ အသီးသီးကို အမှီအစွဲပြု၍ အကျိုးပေးတတ်သော ကုသိုလ်ကံလေးပါး။

(က)· (ခ)· (ဂ)· (ဃ) လေးပါးကိုပေါင်း၍ ဥဒ္ဒေသမာတိကာ အားဖြင့် ကံတဆယ့်ခြောက်ပါးဖြစ်ပါသည်။

ထိုတဆယ့်ခြောက်ပါးတို့တွင်—

ဂတိသမ္ပတ္တိကတားမြစ်ပိတ်ပင်၍ အကျိုးမပေးနိုင်သောအကုသိုလ်ကံ ဟူသည်မှာ—

(က) ၁။ အချို့သော သူအား များစွာသော အကုသိုလ် မကောင်းမှုတို့သည် ရှိကုန်၏၊ ထိုအကုသိုလ်ကံတို့သည် ဂတိဝိပ္ပတ္တိဟု ဆိုအပ်သော အပါယ်ဘုံ၌ ကျရောက်တည်နေသူအားသာလျှင် အကျိုးကို ပေးနိုင်ကုန်ရာ၏၊ သို့ရာတွင် ထိုသူသည် တစုံတခုသော ကောင်းမှုကုသိုလ် ကံကြောင့် ဂတိသမ္ပတ္တိဟုဆိုအပ်သောလူ့ပြည်,နတ်ပြည်တို့၌ဖြစ်ပေါ်နေ၏၊ ထိုလူ့ပြည်,နတ်ပြည်ဟူသည်မှာကား အကုသိုလ်၏ အကျိုးပေးရာ အလှည့် အကြိမ်ဖြစ်နိုင်ရှိနိုင်သော နေရာမဟုတ်၊ စင်စစ်ကုသိုလ်ကံ၏ အကျိုးပေးရာ အလှည့်အကြိမ်သာလျှင် ဖြစ်နိုင်ရနိုင်သော နေရာဌာနဖြစ်၍ ၎င်း၏ အကုသိုလ်ကံတို့သည် အကျိုးမပေးနိုင်၊ ဤသို့သော အကုသိုလ်ကံမျိုးသည် ဂတိသမ္ပတ္တိက တားမြစ် ပိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော အကုသိုလ်ကံမျိုးဖြစ်ပါသည်။

(က) ၂။ ဥပဓိသမ္ပတ္တိက တားမြစ်၍ အကျိုးမပေးနိုင်သော အကုသိုလ်ကံဟူသည်မှာ—အချို့သောသူအား များစွာသော မကောင်းမှု အကုသိုလ်ကံတို့သည်ရှိကုန်၏၊ ထိုကံတို့သည် ဥပဓိဝိပ္ပတ္တိ၌ တည်နေသော

သူအားသာလျှင် အကျိုးပေးနိုင်ကုန်ရာ၏၊ သို့ရာတွင် ထိုသူသည် တစုံတခုသော ကောင်းမှုကုသိုလ်ကံကြောင့် အင်္ဂါကြီးငယ် တင့်တယ်ပြေပြစ်ခြင်း, ရှုကြည့်စဘွယ် တင့်တယ်လှပခြင်း, ခံ့ညားခြင်းစသည်တို့နှင့် ပြည့်စုံသည်ဖြစ်၍ ဥပဓိသမ္ပတ္တိ၌ တည်နေ၏၊ ကျေးမျိုးကျွန်မျိုးပင်ဖြစ်သော်လည်း ထိုသို့သော ကြွန်အင်လက္ခဏာ ဆင်းရုပ်ဝါနှင့် ပြည့်စုံသူကို ယုတ်ညံ့သိမ်ဖျင်းသောအလုပ်တို့ကို မလုပ်စေဘဲ ကောင်းမြတ်သော အဝတ်အစားတို့ကိုပေး၍ ဘဏ္ဍာစိုးစသည် သူစွမ်းနိုင်ရာ ကောင်းမြတ်ချမ်းသာသောအလုပ်တို့ကိုသာ လုပ်စေကြကုန်လိမ့်မည်၊ မိန်းမဖြစ်လျှင်လည်း သွီးအရာသို့မဟုတ် သာမာဒေဝီတို့ကဲ့သို့ အပျိုတော်အရာ မိဖုရားအရာတို့၌ထား၍ မြှောက်စားကြပေလိမ့်မည်၊ ၎င်း၏အကုသိုလ်ကံတို့သည် အကျိုးမပေးနိုင်ဖြစ်ကြရပေသည်၊ ဤသို့သော အကုသိုလ်ကံမျိုးသည် ဥပဓိသမ္ပတ္တိက တားမြစ်ပိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော အကုသိုလ်ကံမျိုးဖြစ်ပါသည်၊ ဤကံမျိုးနှင့်ပတ်သက်၍သာဓကအဖြစ် အဋ္ဌကထာမှလာသောဝတ္ထုတပုဒ်ကို ရေးသားဖေါ်ပြပါဦးမည်။

ရှေးအခါက ဘာတိကမင်း လက်ထက်တွင် အမိန့်ဥပဒေနှင့် ဆန့်ကျင်၍ နွားသားအမဲသားစားကြကုန်သော လူများစွာတို့ကို မင်းမှုထမ်းရဲသားတို့ကဘမ်း၍ ဘုရင့်ရှေ့တော်သို့ သွင်းလာကြကုန်၏၊ ထိုတရားခံတို့ကို ဒဏ်ငွေဆောင်နိုင်ကြမည်လောဟု မေးမြန်းရာ ဒဏ်ငွေမဆောင်နိုင်ကြကြောင်း တရားခံတို့က လျှောက်ထားကြသဖြင့်၊ ၎င်းတို့ကို မင်းယင်ပြင်၌ သုမ်သင်သန့်ရှင်းခြင်းအမှုကို ပြုလုပ်စေကုန်၏၊ ထိုတရားခံတို့တွင် ရှုကြည့်စဘွယ် တင့်တယ်ယဉ်ရှ အလွန်လှသော သာမာမည်သော အမျိုးသွီးငယ်တယောက်လည်း ပါဝင်လေ၏၊ ဘာတိကမင်းသည် ထိုအမျိုးသွီးငယ်ကိုမြင်လျှင် အလွန်ချစ်ခင်နှစ်သက် စုံမက်လှသည်ဖြစ်၍ နန်းတော်တွင်းသို့ဆောင်ကြဉ်းခေါ်ယူပြီးလျှင် များစွာသော စည်းစိမ်ချမ်းသာကိုပေး၍ ကိုယ်လုပ်မောင်းမအရာ၌ ထားတော်မူလေသည်။

ဤဝတ္ထု၌ လှပတင့်တယ်ခြင်းဟူသော ဥပဓိသမ္ပတ္တိက နွားသတ်ခြင်း, နွားသားစားခြင်းဟူသော အကုသိုလ်ကံကိုဘားမြစ်၍ အပြစ်မသင့်စေဘဲ ရှေးကပြုခဲ့သောကုသိုလ်ကံကို အကျိုးပေးစေသည်မည်၏။

(က) ၃။ ကာလသမ္ပတ္တိက တားမြစ်ပိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော အကုသိုလ်ကံဟူသည်မှာ အချို့သောသူအား များစွာသော မကောင်းမှု အကုသိုလ်ကံတို့သည်ရှိကုန်၏၊ ထိုအကုသိုလ်ကံတို့သည် ခေတ်

ပျက်ကာလဝိပ္ပတ္တိ၌ တည်သောသူအားသာလျှင် အကျိုးပေးနိုင်ကုန်ရာ၏၊ သို့ရာတွင် ထိုသူသည် တစုံတခုသော ကောင်းမှုကြောင့်၊ ကမ္ဘာဦးသူ လူသူတော်ကောင်းများ,စကြာမင်းများ, မြတ်စွာဘုရားများ ဖြစ်ထွန်းပေါ် ပေါက်ရာ အခါသမယဟုဆိုအပ်သော ခေတ်ကောင်းကာလသမ္ပတ္တိ၌ လူဖြစ်လျက်နေ၏ ထိုသို့သော ခေတ်ကောင်းကာလကောင်း၌ ဖြစ်ရသော သူအား အကုသိုလ်ကံ၏ အကျိုးပေးရာ အကြောင်းအခွင့်မရှိနိုင်၊ ထိုခေတ် ကာလမျိုးသည် စင်စစ်ကုသိုလ်ကံ၏သာလျှင် အကျိုးပေးရာ အခွင့်အခါ ဖြစ်၏၊ ထို့ကြောင့် ၎င်း၏အကုသိုလ်တို့သည် အကျိုးမပေးနိုင်၊ ဤသို့သော အကုသိုလ်ကံမျိုးသည် ကာလသမ္ပတ္တိက တားမြစ်ဝိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော အကုသိုလ်ကံမျိုးမည်၏။

(က) ၄။ ပယောဂသမ္ပတ္တိက တားမြစ် ဝိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော အကုသိုလ်ကံဟူသည်မှာ အချို့သောသူအား များစွာသော မကောင်းမှုအကုသိုလ်ကံတို့သည် ရှိကုန်၏၊ ထိုအကုသိုလ် ကံတို့သည် ပယောဂဝိပ္ပတ္တိ၌ တည်နေသူအားသာလျှင် အကျိုးပေးနိုင် ကုန်ရာ၏၊ သို့ရာတွင် ထိုသူသည် ပယောဂသမ္ပတ္တိ၌ တည်နေ၏၊ ဆည်းကပ် သင့်သောအခါ၌ ဆည်းကပ်သင့်သူကို ဆည်းကပ်၏၊ အခါအားလျော်စွာ ဖယ်ရှောင်သင့်သူ, ဖယ်ရှောင်အပ်သော ဒေသစသည်တို့မှ ဖယ်ရှောင်၏၊ ပြေးသင့်သောအခါ၌ ပြေး၏၊ တံစိုးလက်ဆောင် ပေးသင့်သောအခါ၌ တံစိုးလက်ဆောင်ပေး၏၊ အသင်းအပင်းဖွဲ့သင့်သောအခါ၌ အသင်းအပင်း ဖွဲ့၏၊ ကုသိုလ်ကောင်းမှုကိုလည်း အမြဲပြု၏၊ ဤသို့စသော ပယောဂ သမ္ပတ္တိ၌ တည်နေသောကြောင့် ၎င်း၏အကုသိုလ်ကံတို့သည် အခွင့်မရ အကျိုးမပေးနိုင်ကုန်၊ ဤသို့ သဘောရှိသော အကုသိုလ်ကံမျိုးသည် ပယောဂသမ္ပတ္တိက တားမြစ်ဝိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော အကုသိုလ်ကံမျိုးမည်၏။

(ခ) ၁။ ဂတိဝိပ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးသော အကုသိုလ်ကံဟူသည်မှာ အချို့သောသူအား ဂတိဝိပ္ပတ္တိကို အကြောင်း ပြု၍သာ အကျိုးပေးနိုင်သော အကုသိုလ်ကံတို့သည် ရှိကုန်၏၊ ထိုအကုသိုလ် ကံတို့သည် သုဂတိဘုံဟူသော ဂတိသမ္ပတ္တိ၌ တည်နေသော ကံရှင်အား အကျိုးမပေးသေး၊ ထိုသူသည် တစုံတခုသော အကုသိုလ်ကံကြောင့် အပါယ်ဘုံဟူသော ဂတိဝိပ္ပတ္တိ၌ဖြစ်ရ၏၊ ထိုအခါ ယခင်အကုသိုလ်ကံတို့

သည် စုပေါင်းရောက်လာကြသကဲ့သို့ တလှည့်စီအကျိုးပေးကြ၏၊ ရံခါခွေး, ရံခါဝက်,ရံခါပြိတ္တာ,ရံခါငရဲစသည်ဖြင့် အပါယ်ဘုံတို့၌ ကြာမြင့်စွာဖြစ်၍ ခံစားရလေ၏၊ ဤသို့သော အကုသိုလ်ကံမျိုးသည် ဂတိဝိပ္ပတ္တိကို အကြောင်း ပြု၍ အကျိုးပေးသော အကုသိုလ်ကံမျိုးမည်၏။

(ခ) ၂။ ဥပဓိဝိပ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးသော အကုသိုလ်ကံဟူသည်မှာ အချို့သောသူအား ဥပဓိဝိပ္ပတ္တိကို အကြောင်း ပြု၍သာ အကျိုးပေးတတ်သော အကုသိုလ်ကံတို့သည် ရှိကုန်၏၊ ထို အကုသိုလ်ကံတို့သည် ဥပဓိသမ္ပတ္တိ၌ တည်နေသော ကံရှင်အား အကျိုး မပေးနိုင်ကြသေး၊ ထိုသူသည် တစုံတခုသော အကုသိုလ်ကံကြောင့် ဥပဓိ ဝိပ္ပတ္တိ၌ တည်နေ၏၊ အလွန်အရုပ်ဆိုး အကျည်းတန်လှ၍ သူတပါး၏ ရွံမုန်းခြင်း,အထင်သေးခြင်းကို ခံရ၏၊ အရုပ်ဆိုးသည်အားလျော်စွာ ဆိုးယုတ်သိမ်ဖျင်းသော အလုပ်အကိုင်များကို လုပ်ကိုင်စေခြင်းကို ခံရ၏၊ အရှင်သခင်ပင်ဖြစ်သော်လည်း ကျေးကျွန်ဟု မှတ်ထင်ဆက်ဆံခြင်းကို ခံရ၏၊ ကောတလဝါပိရွာ သေဋ္ဌေးကတော်ကြီးကဲ့သို့တည်း၊ သေဋ္ဌေး ကတော်ကြီးသည် အလွန်အရုပ်ဆိုး၏၊ အခွန်တော်ကို လာရောက်တောင်း ခံကြသော မင်းမှုထမ်းတို့သည် ၎င်းကို အိမ်ကျွန်မ,ဟု ထင်မှတ်၍ အခွန် တော်ဘဏ္ဍာစားအဖြစ် ဘမ်းဆီးယူဆောင်ကြကုန်၏၊ ဤသို့ အရုပ်ဆိုး ခြင်းကို အကြောင်းပြု၍ မကောင်းကျိုးကို ပေးတတ်သော အကုသိုလ် ကံမျိုးသည် ဥပဓိဝိပ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးသော အကုသိုလ် ကံမည်၏။

(ခ) ၃။ ကာလဝိပ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော အကုသိုလ်ကံဟူသည်မှာ အချို့သောသူအား ကာလဝိပ္ပတ္တိကို အကြောင်း ပြု၍သာ အကျိုးပေးတတ်သော အကုသိုလ်ကံတို့သည် ရှိကုန်၏၊ ထိုအကုသိုလ်ကံတို့သည် ကာလသမ္ပတ္တိ၌ တည်နေသော ကံရှင်အား အကျိုး မပေးနိုင်ကြချေ၊ အကြင်အခါ၌ ထိုကံရှင်သည် ငတ်မွတ်ခေါင်းပါး အစာရှားရာအခါ, ဥစ္စာစီးပွား ပျက်ပြားဆုတ်ယုတ်ရာအခါ, သူခိုး ဒါးပြဘေး,စစ်ဘေးထူပြောရာအခါ စသော ကာလဝိပ္ပတ္တိ၌ ဖြစ်ရတည်နေ ရ၏၊ ထိုအခါ အကုသိုလ်ကံတို့သည် ငတ်မွတ်ခေါင်းပါးခြင်း, ရောဂါ ဘေးရန် တွေ့ကြုံခြင်းစသော မကောင်းကျိုးတို့ကိုဖြစ်စေ, ကြုံစေသော အားဖြင့် အကျိုးပေးကြလေတော့သည်၊ ဤသို့သော အကုသိုလ်ကံမျိုးသည် ကာလဝိပ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးသော အကုသိုလ်ကံမျိုးမည်၏။

(ခ) ၄။ ပယောဂဝိပ္ပတ္တိကိုအကြောင်းပြု၍အကျိုးပေးတတ်သော အကုသိုလ်ကံဟူသည်မှာ အချို့သောသူအား ပယောဂဝိပ္ပတ္တိကို အကြောင်း ပြု၍သာ အကျိုးပေးတတ်သော အကုသိုလ်ကံတို့သည် ရှိကုန်၏၊ ထို အကုသိုလ်ကံတို့သည် ပယောဂသမ္ပတ္တိ၌ တည်နေသော ကံရှင်အား အကျိုးမပေးနိုင်ကုန်သေး၊ အကြင်အခါ၌ ထိုကံရှင်သည် မသင့်မတင့် နှလုံးသွင်းသောအားဖြင့် ပယောဂဝိပ္ပတ္တိ၌တည်၏၊ အခါအားလျော်စွာ ဆည်းကပ်သင့်သူကို မဆည်းကပ်, ဖဲရှောင်သင့်သူကိုလည်း မဖဲရှောင်, ပြေးသင့်သောအခါလည်းမပြေး, တံစိုးလက်ဆောင် ပေးသင့်သည်ကိုလည်း မပေး၊ ဤသို့ စသည်တို့ဖြင့် ပယောဂသမ္ပတ္တိနှင့် အပြန်ဖြစ်သော မှားယွင်း သော, ယုတ်လျော့သော အားထုတ်မှုဟု ဆိုအပ်သော ပယောဂဝိပ္ပတ္တိ၌ တည်၏၊ ထိုအခါ အကုသိုလ်ကံတို့သည် အခွင့်ရ၍ အကျိုးပေးကုန်၏၊ ဤသို့ သဘောရှိသော အကုသိုလ်ကံမျိုးသည် ပယောဂဝိပ္ပတ္တိကို အကြောင်း ပြု၍ အကျိုးပေးသော အကုသိုလ်ကံမျိုးမည်၏။

**အမှာ**—ဤသို့ပြခဲ့ပြီးသော စကားအစဉ်တို့ဖြင့် ဤအဘိဓမ္မာနည်း ကမ္မ-ဝိဘတ္တိအခဏ်း၌ အကျယ်ဖြစ်သော သဘောအဓိပ္ပါယ်ကို သိမှတ်နိုင်လောက်ပြီဖြစ်သဖြင့် ကြွင်းသော ကမ္မဝိဘတ္တိစကားစဉ်တို့ကို အကျဉ်းမျှသာ ရေးသားဖော်ပြပါတော့မည်။

(ဂ) ၁။ အချို့သော သူအား ဗုဒ္ဓါရုံကို ရယူခံစားခြင်းငှါ ထိုက်သော ကုသိုလ်ကံသည် ထင်ရှားရှိပါလျက် ထိုကံရှင်ကား တစုံတခု သော အကုသိုလ်ကံကြောင့် အပါယ်ဘုံဟူသော ဂတိဝိပ္ပတ္တိ၌ ဖြစ်ရလေ သည်၊ ထို့ကြောင့် ထိုသူ၏ ထင်ရှားရှိသော ကုသိုလ်ကံတို့သည် အကျိုး မပေးနိုင်၊ ဤသို့သဘောရှိသော ကံမျိုးသည် ဂတိဝိပ္ပတ္တိက တားမြစ်ပိတ်ပင် ခြင်းကြောင့် အကျိုးမပေးနိုင်သော ကုသိုလ်ကံမျိုးမည်၏။

(ဂ) ၂။ အချို့သော သူအား မင်း, မင်းအမတ် ဖြစ်ထိုက်သော ကံလည်းရှိ, မင်းစသူတို့၏ အမျိုး၌လည်း ဖြစ်ပေါ်ရပါလျက် ကာဏ်းခြင်း, လက်ကောက်ခြင်း, ခြေခွင်ခြင်း, အင်္ဂါမစုံခြင်းစသော ဥပဓိဝိပ္ပတ္တိ၌ တည်နေ သဖြင့် ကုသိုလ်ကံ၏ အကျိုးပေးဟု ဆိုအပ်သော မင်းအစိုးရ ရာထူးကိုမရနိုင်, ကုသိုလ်ကံက အကျိုးမပေးနိုင်၊ ဤသို့ သဘောရှိသော ကုသိုလ်ကံမျိုးသည် ဥပဓိဝိပ္ပတ္တိက တားမြစ်ပိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော ကုသိုလ်ကံ မျိုးမည်၏။

(ဂ) ၃။ အချို့သောသူအား စည်းစိမ်ချမ်းသာ ဥစ္စာပစ္စည်းကြွယ်ဝပေါများခြင်းစသော ကောင်းကျိုးကို ပေးနိုင်သော ကုသိုလ်ကံရှိပါလျက် ကံရှင်ကား ကပ်ကြီးသုံးပါး တိုက်ရာအခါစသော ခေတ်ဆိုး, ခေတ်ပျက်၌ လူဖြစ်လာ၏၊ ထို့ကြောင့် ၎င်း၏ကုသိုလ်ကံတို့သည် ကောင်းကျိုးမပေးနိုင်၊ ဤသို့သဘောရှိသော ကုသိုလ်ကံမျိုးသည် ကာလဝိပ္ပတ္တိက တားမြစ်ပိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော ကုသိုလ်ကံမျိုးမည်၏။

(ဂ) ၄။ အချို့သောသူအား စည်းစိမ်ချမ်းသာ ဥစ္စာပစ္စည်းကြွယ်ဝပေါများခြင်းစသော ကောင်းကျိုးကိုပေးနိုင်သော ကုသိုလ်ကံရှိပါလျက် ကံရှင်ကား အခါအားလျော်စွာ ဆည်းကပ်သင့်သူကို ဆည်းကပ်ခြင်းစသည့် သမ္မာပယောဂကို နားမလည်မသိခြင်း, လုလ္လဝိရိယလျော့ခြင်း, မကောင်းမှုများကို ပြုကျင့်ခြင်းစသော ပယောဂဝိပ္ပတ္တိ၌ တည်နေ၏၊ ထို့ကြောင့် ၎င်း၏ကုသိုလ်ကံတို့သည် ကောင်းကျိုးမပေးနိုင်ဖြစ်ကြရသည်၊ ဤသို့သဘောရှိသော ကုသိုလ်ကံမျိုးသည် ပယောဂဝိပ္ပတ္တိက တားမြစ်ပိတ်ပင်ခြင်းကြောင့် အကျိုးမပေးနိုင်သော ကုသိုလ်ကံမျိုးမည်၏။

(ဃ) ၁။ လူ, နတ်သုဂတိဘုံတို့၌ ဖြစ်သော သူအားသာလျှင် ကောင်းကျိုးပေးနိုင်သော ကုသိုလ်ကံသည် ဂတိသမ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးသော ကုသိုလ်ကံမည်၏။

(ဃ) ၂။ အတ္တဘော၏ ပြည့်စုံခြင်းဟူသော လှပတင့်တယ်ခြင်းစသည့် ဥပဓိသမ္ပတ္တိ၌ တည်သူအားသာလျှင် ရာထူးဌာနန္တရကို ရခြင်းစသည်ဖြင့် ကောင်းကျိုးပေးတတ်သော ကုသိုလ်ကံသည် ဥပဓိသမ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော ကုသိုလ်ကံမည်၏။

(ဃ) ၃။ ကမ္ဘာဦးအခါစသော တက်ခေတ်တို့၌၎င်း,ပစ္စည်းဥစ္စာ အစာအာဟာရစသည် ပေါများသောခေတ်တို့၌၎င်း ဖြစ်ပေါ်တည်နေသူအားသာလျှင် အသက်ရှည်ခြင်း, ကြွယ်ဝခြင်းစသည်တို့ဖြင့် ကောင်းကျိုးပေးတတ်သော ကုသိုလ်ကံသည် ကာလသမ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော ကုသိုလ်ကံမည်၏။

(ဃ) ၄။ အခါအားလျော်စွာ ဆည်းကပ်သင့်သူကို ဆည်းကပ်ခြင်းစသည့် ဆိုခဲ့သော သမ္မာပယောဂ ကောင်းသော လုလ္လဝိရိယ၌ တည်သော သူအားသာလျှင်ကောင်းကျိုးပေးတတ်သော ကုသိုလ်ကံသည် ပယောဂသမ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော ကုသိုလ်ကံမည်၏။

ဤသို့ အဘိဓမ္မာနည်းအားဖြင့် ဝေဘန်ပြဆိုအပ်ကုန်သော ကံတဆယ့်ခြောက်ပါးတို့သည် အကျိုးပေးရန်, အကျိုးပေးခွင့်, အကြောင်းညီညွတ်ခြင်းဟု ဆိုအပ်သော ပစ္စယသာမဂ္ဂီ, အကျိုးပေးရန်, အကျိုးပေးခွင့်, အကြောင်းမညီညွတ်ခြင်းဟု ဆိုအပ်သော ပစ္စယဝေကလ္လတို့၏ အစွမ်းအားဖြင့် ဝေဘန်ပြဆိုအပ်သော ကံများဖြစ်ကြသည်ဟု သိမှတ်သင့်ပါသည်။

ဤကံတဆယ့်ခြောက်ပါးလုံးကို အကျဉ်းချုံး ဝေဘန်အပ်သည်ရှိသော် သုတ္တန်နည်းလာ ကံတဆယ့်တပါး၌ အကျုံးဝင်ထည့်သွင်း၍ ရေတွက်အပ်သည်သာလျှင်ဖြစ်၏၊ ထိုသုတ္တန်နည်းလာ ကံတဆယ့်တပါးတို့ကို အကျဉ်းချုံး၍ ဝေဘန်လျှင်လည်း ဒိဋ္ဌဓမ္မဝေဒနီယကံစသော ကံသုံးပါးတို့၌ ထိုက်သင့်သည်အားလျော်စွာ အကျုံးဝင်ထည့်သွင်း၍ ရေတွက်အပ်သည်သာလျှင် ဖြစ်ကြပါသတည်း။

သတ္တမပစ္စဝေက္ခဏာပြီး၏။

---

## ၈ — အဋ္ဌမခြောက်ပစ္စဝေက္ခဏာ

“ကထံ ဘူတဿ မေ ရတ္တိန္ဒိဝါ ဝီတိဝတ္တန္တိ” ဟူသော ဤအဋ္ဌမပစ္စဝေက္ခဏာပါဠိကို၊ ကထံ ဘူတဿ၊ အဘယ်သို့ဖြစ်သော။ ဝါ၊ အဘယ်မည်သား အမှုများကို ကြိုးစားအားထုတ် ကျင့်ကြံလုပ်သော။ မေ၊ ငါ့အား။ ရတ္တိန္ဒိဝါ၊ ကုန်ဆုံးရွေ့ရွေ့ ညဉ့်နှင့်နေ့တို့သည်။ ဝီတိဝတ္တန္တိ၊ လင်းချည်မှောင်ချည် တလှည့်စီဖြင့် မတည်ပျက်ပြုန်း ရက်တွေသုဉ်း၍ ကုန်ဆုံးကျော်လွန်ကြကုန်သနည်း–ဟူ၍ အနက်ပေးခဲ့ပါသည်။

ဤအနက်သည် ပါဠိလျောက်အားဖြင့် ပေးအပ်သော အနက်မျှသာ ဖြစ်ပါသည်၊ မြတ်စွာဘုရား၏ အလိုတော်ကျ အဓိပ္ပါယ်မှာကား ကထံဘူတဿအရ ဝတ်ကြီး, ဝတ်ငယ်ကို ဖြည့်ဆည်းပြုလုပ်သော, သို့မဟုတ် မဖြည့်ဆည်းမပြုလုပ်သော, မြတ်စွာဘုရား၏ ပရိယတ္တိဒေသနာတော်ကို လေ့ကျက်သင်အံ ပြန်လှန်သရဇ္ဈာယ်သော,သို့မဟုတ် မလေ့ကျက်မသင်အံ မသရဇ္ဈာယ်သော, သမထဝိပဿနာ ကမ္မဋ္ဌာန်းကို ပြုလုပ်ပွားများသော, သို့မဟုတ် မပြုလုပ်မပွားများသော,ပြုလုပ်အပ်သည်ကိုပြုခြင်း,မပြုခြင်းစသည်အားဖြင့် အဘယ်သို့ဖြစ်သော ငါ့အား အချိန်ကာလတို့သည် ကုန်လွန်ကြကုန်သနည်းဟု နေ့ညဉ့်မပြတ် ဆင်ခြင်အပ်ခြင်းပင်ဖြစ်ပါသည်။

ဤသို့ နေ့သည့်ခါပြတ် အောက်မေ့ဆင်ခြင်သောသူအား အကယ်၍ ဝတ်ကြီး,ဝတ်ငယ်ကို ဖြည့်ဆည်းပြုလုပ်ခြင်းအစရှိသော မိမိ၏ အမှုကိစ္စတို့ကို မပြုမလုပ်ဘဲ ကုသိုလ်မပါ ပညာမရ အချည်းနှီးသော ကာလတို့ အသဟာသ ကုန်ဆုံးခဲ့သည်ရှိသော် ထိတ်လန့်ခြင်းသတိသံဝေဂဖြင့် နောင်အခါ ဤသို့မဖြစ်စေရန် ဝတ်ကြီး,ဝတ်ငယ်ကို ဖြည့်ကျင့်ခြင်းအစရှိသော ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့, မပေါ့မစား အားထုတ်ခြင်းကို ဖြစ်စေတတ်သော အပ္ပမာဒတရားကို ဖြည့်ကျင့်စေလိုသောကြောင့် ဤအဘိဏှပစ္စဝေက္ခဏာကို ဟောတော်မူခြင်းဖြစ်ပါသည်၊ ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူပါသည်။

> "ကထံ ဘူတဿ မေ ရတ္တိန္ဒိဝါ ဝီတိဝတ္တန္တီတိ ကိံ နု ခေါ မေ ဝတ္တပ္ပဋိပတ္တိံ ကရောန္တဿ ဥဒါဟု အကရောန္တဿ၊ ဗုဒ္ဓဝစနံ သဇ္ဈာယန္တဿ ဥဒါဟု အသဇ္ဈာယန္တဿ၊ ယောနိသောမနသိ-ကာရေ ကမ္မံ ကရောန္တဿ ဥဒါဟု အကရောန္တဿာတိ၊ ကထံ-ဘူတဿ မေ ရတ္တိန္ဒိဝါ ဝီတိဝတ္တန္တိ၊ ပရိဝတ္တန္တီတိ အတ္ထော၊ ဧဝံ ပစ္စဝေက္ခတော ဟိ အပ္ပမာဒေါ ပရိပူရတိ"။

---

## ဝတ်ကြီး ဝတ်ငယ် ဝတ်တက် ဝတ်ကပ်

ရှုပါဦးမည်၊ ဤအဋ္ဌကထာပါဌ်တို့တွင် "ဝတ္တပ္ပဋိပတ္တိံ ကရောန္တဿ ဥဒါဟု အကရောန္တဿ"အရ ဝတ်ကြီး,ဝတ်ငယ်ကို အချို့သူများသည် မဟာဝါ ဝတ္တက္ခန္ဓကပါဠိတော်လာ ဥပဇ္ဈာယ်ဝတ်, ဆရာဝတ်စသည် အားလုံးကို မဆိုထားဘိ ရတနာသုံးပါးဝတ်ဟု ဆိုအပ်သော ဝတ်တက်, ဝတ်ကပ်မျှကိုပင် အဓိပ္ပါယ်အမှန်မပြုနိုင်ဘဲ ရှိနေကြလေသည်၊ ထိုစကားမှန်၏၊ ဘုန်းကြီးများငယ်စဉ် ရှေးအခါက ကျောင်းစဉ့်ကျောင်းတိုင်းတို့၌ ကြေးစည်သံ,ခေါင်းလောင်းသံ တညံညံဖြင့် နံနက်တိုင်း,ညဉ့်တိုင်း အညီအညွတ် ဝတ်တက်,ဝတ်ကပ်ရှိခဲ့ကြသော်လည်း၊ ယခုအခါ၌ကား ထိုကဲ့သို့ ဝတ်တက်,ဝတ်ကပ်မှုကို ပြုလုပ်ကြသောကျောင်းများ အလွန်ရှားပါးပြီ ဖြစ်သဖြင့် ကြေးစည်သံ, ခေါင်းလောင်းသံများလည်း ကြားရခဲမျှ ဆိတ်သုဉ်း၍နေကြပြီမဟုတ်ပါလော။

ဆက်ပါဦးမည်၊ ဝတ်တက်, ဝတ်ကပ်အမှုသည် ယခုကာလ၌ ခေတ်မမီသောအလုပ်ဖြစ်သည်ဟု နှလုံးသွင်းယုံကြည်ကြသော ရဟန်းတော် အချို့ရှိနေသည့်ပြင် အချို့သော ကမ္မဋ္ဌာန်းဆရာများကလည်း "ဘုရား ဝတ်တက်တာဟာ သမထကလေးပါကွယ်"ဟု ပြောလေ့ရှိကြောင်းကိုပင် ကြားသိရဘူးပါသည်၊ မြတ်စွာဘုရားကို ဆည်းကပ်ခြင်းဟု ဆိုအပ်သော ထိုဝတ်တက်,ဝတ်ကပ်အမှုကို ဤသို့ ပေါ့ပေါ့ဆဆ မထိမဲ့မြင် နှလုံး မသွင်းထိုက်, မပြောဟောထိုက်သည်သာမက၊ အရှင်သာရိပုတ္တရာ, အရှင် မောဂ္ဂလ္လာန်,အရှင်အာနန္ဒာအစရှိကုန်သော အရိယာသူတော်ကောင်းကြီး တို့၏ ကျင့်ထုံးကို နှလုံးသွင်း အတုယူကြပါလျှင် ဤဝတ်တက်, ဝတ်ကပ် အမှုသည် အလေးအနက် မပျက်မကွက် ပြုကျင့်အပ်သော အမှုဖြစ်သည်မှာ အလွန်ထင်ရှားလှပါသည်။

အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလ္လာန်တို့သည် တနေ့လျှင် နှစ်ကြိမ်, သုံးကြိမ် ရတနာသုံးပါးကို ဆည်းကပ်သော ကာယသမာစာရကို အတု ယူ၍ ကျင့်ကြံအပ်ကြောင်းကို သုတ်မဟာဝါအဋ္ဌကထာ သတ္တပဥ္စသုတ် အဖွင့်၌—

"ဒိဝသဿ ဒွိက္ခတ္တုံ တိက္ခတ္တုံ ရတနာနံ ဥပဋ္ဌာနဂမနာဒိဝသေန ပဝတ္တော ဓမ္မသေနာပတိမဟာမောဂ္ဂလ္လာနတ္ထေရာဒီနံ ဝိယ ကာယ- သမာစာရော သေဝိတဗ္ဗော"ဟု မိန့်ဆိုတော်မူပါသည်။

အရှင်အာနန္ဒာမထေရ်သည် နေ့အခါကိုးကြိမ်, ညဉ့်အခါကိုးကြိမ် အားဖြင့် တရက်၌ အနည်းဆုံး တဆယ့်ရှစ်ကြိမ် မြတ်စွာဘုရားကို ဆည်းကပ်ပူဇော်ကြောင်း မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ သတိပဋ္ဌာနသုတ် အဖွင့်၌ —

"အယံ ဟိ အာယသ္မာ ဒိဝါ နဝဝါရေ ရတ္တိံ နဝဝါရေတိ ကောဟံ အဋ္ဌာရသဝါရေ ဥပဋ္ဌာနမေဝ ဂစ္ဆတိ"ဟူ၍ မိန့်ဆိုတော် မူပါသည်။

ထိုအာနန္ဒာအရှင်မြတ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော် မူပြီးသည့် နောက်ကာလ၌လည်း မြတ်စွာဘုရား၏ အသုံးအဆောင် ပရိဘောဂစေတီဖြစ်သော ဂန္ဓကုဋီတိုက်တော်ကို အမြဲအားဖြင့် ရှိခိုး ပူဇော်ခြင်း, မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က အမြဲပြုအပ်သော

ဝတ်ဟု ဆိုအပ်သော ဂန္ဓကုဋီတိုက်တော်၌ တံမြက်လှည်းခြင်း, ပန်းမိုက် သွန်ခြင်း, ပန်းအိုးလဲခြင်း, သောက်ရေ သုံးရေတို့ကို တည်ထားခြင်း အစ ရှိသော ဗုဒ္ဓုပဋ္ဌာနဝတ်အလုံးစုံကို မပျက်မကွက် ဆက်လက်ပြုကျင့်တော် မူကြောင်း သီလက္ခန်, ပါရာဇိကဏ်စသော အဋ္ဌကထာကြီးတို့၌ ဖွင့်ပြ မိန့်ဆိုလျက်ရှိတော်မူကြလေသည်။

မြန်မာပြည်သာသနာဝင်၌လည်း လယ်တီဆရာတော်, မြင်းခြံမင်းရွာ ဆရာတော်ဘုရားတို့လည်း တနေ့လျှင် ငါးကြိမ်ကျ အမြဲဘုရားဝတ်တက် လေ့ရှိတော်မူကြကြောင်း ကြားသိရဘူးလေသည်၊ ထိုမင်းရွာဆရာတော် သည် အသက်(၉၄)နှစ်တိုင်အောင် ကျန်းမာရွှင်လန်းစွာပင် ဘုရားဝတ် ပြုခြင်း,စာပို့ချခြင်းများကို ပြုလုပ်နိုင်သဖြင့် ၁၂၉၂-ခုနှစ်လောက်တွင် ပျဉ်းမနားမြို့သို့ သိမ်သမုတ် ကြွလာတော်မူရာ၊ အခြားဆရာတော်များက "အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးကောင်း ဝါးကောင်းများရှိပါ သလား"ဟု မေးလျှောက်ကြရာတွင် မင်းရွာဆရာတော်က- "ဘုရား ဝတ်တက်တာ အကောင်းဆုံးပေါ့ဗျာ"ဟု အမိန့်ရှိကြောင်းလည်း ကြားနာ မှတ်သားရဘူးပါသည်။

ငါးခုန်ဆရာတော်ဘုရားလည်း အမြဲတန်း ဘုရားဝတ်တက်တော် မူလေ့ရှိလေသည်၊ တရံရောအခါ ဆရာတော်၏တပည့် ဦးပဉ္စင်းတပါး ဘုရားဝတ်တက် ပျက်ကွက်သောကြောင့် ကျောင်းမှနှင်ထုတ်ရာတွင် ဆရာ တော်၏ လက်ထောက်စာချ ဆရာတော်များက ဘုရားဝတ်မတက်ခြင်း ဟူသော အပြစ်ငယ်ကလေးဖြင့် ကျောင်းမှ နှင်ထုတ်ခြင်းသည် မသင့် မလျော်ဟု ထင်ပါကြောင်း လျှောက်ထားကြလေသည်၊ ထိုအခါ ငါးခုန် ဆရာတော်ဘုရားက "ဘုရားဝတ်မတက်တာ အပြစ်ကလေးလားဗျာ"ဟု မိန့်ကြားတော်မူဘူးကြောင်း ကြားသိမှတ်ရဘူးပါသည်။

စစ်ကိုင်းဝါးချက်ဆရာတော်ဘုရားမှာကား ဘုရားရုပ်ပွားတော်ကို ဝတ်ဖြေ့ပေးခြင်း,ယပ်ခပ်ပေးခြင်းများကိုပင် ပြုတော်မူလေသည်၊ ထို့အတူ စစ်ကိုင်းမစိုးရိမ်ချောင် ပထမဆရာတော်, တောင်ငူဆရာတော်တို့သည် ဘုရားရုပ်ပွားတော်အား ခြင်ထောင်ထောင်၍ လှူဒါန်းတော်မူကြလေသည်။

ဤစာအုပ်ရေးသူ ဘုန်းကြီးတို့၏ ကျေးဇူးရှင် ညောင်ရမ်းဆရာတော် ဘုရားသည်လည်း ဘုရားဆောင်၌ ညောင်စောင်း, ခေါင်းအုံး, မျက်နှာ သစ်ရေ, ဒန်ပူ, တိစီဝရိက်စသည်များကို အမြဲလှူဒါန်း ထားသည့်ပြင်

မည်သည့်ခွဲဘွယ်ဘောဇဉ်ကိုမဆို ဘုရားအားရှေးဦးစွာ လှူဒါန်းပြီးမှ ဘုဉ်းပေးတော်မူလေ့ရှိလေသည်၊ ဘုရားလည်း အမြဲမပျက် ဝတ်တက်တော်မူသည်။

ဆက်ပါဦးမည်၊အရှင်အာနန္ဒာမထေရ်မြတ်သည် သေနာသနစသည် ဝတ်ကြီး, ဝတ်ငယ်တို့ကိုလည်း အမြဲမပြတ် ပြုတော်မူလေ့ရှိလေသည်၊ ပဏ္ဍာဘတ္တ— ဆွမ်းစားပြီးနောက်ကာလ၌ လောကမျက်ဖျော် သုံးလူ့ဘော်သည် တကိုယ်တော်ထည်း ကိန်းအောင်းတော်မူခြင်းငှါ ဂန္ဓကုဋိတိုက်တွင်းသို့ ဝင်တော်မူလျှင် အားလပ်စဉ်ခဏ ထိုကာလ၌ အရှင်အာနန္ဒာမထေရ်မြတ်သည် ကျောင်းစဉ်သို့လှည့်လည်တော်မူ၍ တံမြက်လှည်းခြင်း, အမြင်မတော်သော အထားအသိုတို့ကို ပြုပြင်သိမ်းဆည်းခြင်း,မကျန်းမာသူရဟန်းများကို မေးမြန်းနှစ်သိမ့်စေခြင်းစသည် ဝတ်များကို အမြဲပြုတော်မူလေ့ရှိကြောင်း ပါရာဇိကဏ်ပါဠိ, အဋ္ဌကထာ ဥဒေါသိတသိက္ခာပုဒ်၌ ဟောကြားဖွင့်ဆိုလျက်ရှိလေသည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်လည်း သံဃာအများ ဆွမ်းခံကြွသွားသောအခါ, မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူသောအခါ အတူတူလိုက်ပါ၍ ကြွတော်မမူဘဲ နောက်ချန်နေပြီးလျှင် တံမြက်လှည်းခြင်း, အမှိုက်သိမ်းခြင်း, အရံတိုက်တာ၏ ပရိဘောဂတို့ကို သိုမှီးသိမ်းဆည်းခြင်း, မပိတ်မဆို့သေးသော ကျောင်းကန်များကို ပိတ်ဆို့ခြင်း, သူနာရဟန်းများ၏ လိုအပ်သော ဆေးဝါး ဓာတ်စာများကို မေးမြန်းထောက်ပံ့ခြင်း, သာသနာ့ခတော်သို့ ရောက်သစ်စ ရဟန်းငယ်များကို ဆုံးမအားပေးခြင်းစသည်များကို အမြဲမပြတ် ဝတ်ထား၍ ပြုတော်မူလေ့ ရှိတော်မူကြောင်း ထိုအရှင်သာရိပုတ္တရာ၏ ဆုံးမအားပေးချီးမြှောက်မှုကြောင့် အရိယာဖြစ်ကြသော ရဟန်းတော်များ မရေမတွက်နိုင်ရှိကြောင်းကို မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ မဟာရာဟုလောဝါဒသုတ်,မူလပဏ္ဏာသအဋ္ဌကထာ ဒေဝဒဟသုတ် အဖွင့်တို့၌ ဖွင့်ဆိုလျက်ရှိလေသည်။

ဤသို့ ပြဆိုခဲ့ပြီးသော ရှေးသူတော်ကောင်းတို့၏ ထုံးဟောင်းတံထွာ ဝတ်ပြုမြဲမွမ်တာကို သဒ္ဓါရှိုးရင်း နှလုံးသွင်းကြလျှင် ဆိုခဲ့သော ဘုရားဝတ်, ကျောင်းဝတ်, ဆရာသမားဝတ်စသည်တို့သည် နေ့စဉ်ရက်ဆက် မပျက်ကွက်ဘဲ အလေးအနက် ပြုကျင့်အပ်သော ဝတ်များသာဖြစ်ကြောင်း ကောင်းကောင်းကြီးသိသာနိုင်ပါသည်။

# ပရိယတ္တိ

"ဗုဒ္ဓဝစနံ သဇ္ဈာယန္တဿ ဥဒါဟု အသဇ္ဈာယန္တဿ"အရ ပရိယတ္တိ ဒေသနာတော်ကို လေ့ကျက်သင်အံ ပြန်လှန်သရဇ္ဈာယ်မှုရှိ, မရှိဟူရာ၌ တဦးတယောက်စီ အနေအားဖြင့်ဖြစ်သော ပုဂ္ဂလိကကိစ္စကို သက်ဆိုင်ရာ ကာယကံရှင်များသာ စဉ်းစားဆင်ခြင်ရန် ချန်ထား၍ မြန်မာတပြည်လုံး အတွက် စဉ်းစားဆင်ခြင်ရလျှင် ရှေးအခါမှစ၍ ယခုတိုင်အောင် မန္တလေး, ပခုက္ကူစသောမြို့တို့၌ စာသင်တိုက်ပေါင်းများစွာ ရှိနေကြသဖြင့် ထိုစာသင် တိုက်များ၌ နေထိုင်သီတင်းသုံးကြကုန်သော စာချဆရာတော်များ,စာသင် သားများမှာ ပရိယတ္တိဒေသနာတော်ကို လေ့ကျက်သင်အံ ပြန်လှန် သရဇ္ဈာယ်ခြင်းဖြင့်သာ အချိန်ကုန်လွန်စေတော်မူကြသည်ဟု အလေးအနက် ဂုဏ်ယူ၍ ပြောဆိုနိုင်ပါသည်။

ဘုန်းကြီးများ စာသင်သားဘဝဖြင့် မန္တလေးမြို့၌ နေခဲ့စဉ်က နံက်(၉)နာရီလောက်မှစ၍ ည(၁၀)နာရီအချိန်ခန့်တိုင်အောင် မည်သည့် အချိန်တွင်မဆို, မည်သည့်ကျောင်းတိုက်သို့ဝင်ဝင် စာသင်, စာတက်, စာကျက်,စာအံ,စာပြန်သံတို့သည် တယာမ်မသုဉ်း တိုက်တာလုံးကို လွှမ်းဖုံး ဆူညံလျက်ရှိခဲ့ဘူးလေသည်။ ထိုမျှလောက် ပရိယတ္တိသာသနာ လင်းရောင် ဖြာ၍ နေဝါ,လဝန်း မကထွန်းရာ မန္တလေးမြို့ကဲ့သို့သော ပရိယတ္တိမြို့ကြီး မှာပင် စာပေကို မသင်ကြားဘဲ အလကားအချိန်ဖြုန်းနေကြသော ရဟန်း အချို့ကိုလည်း ရံဖန်ရံခါ တွေ့မြင်ရတတ်ပါသေးသည်၊ ထိုရဟန်းအချို့သည် ပျော်ပျော်ပါးပါး အချိန်အားတိုင်း သွားလာလှည့်လည်လျက်သာ ရှိကြ လေသည်၊ ထိုကဲ့သို့ ပရိယတ္တိသာသနာ အလွန်ထွန်းကားရာဖြစ်သော မန္တလေးမြို့တော်ကြီးမှာပင် စာမသင်ဘဲနေကြသော ရဟန်းအချို့ကို တွေ့မြင်ရသေးလျှင် စာသင်တိုက်မရှိရာ မြို့ရွာဇနပုဒ်တို့၌ကား သာ၍ပင် ပေါများလိမ့်မည်ဟု ယုံကြည်လောက်ပါသည်၊ ထိုသို့ စာပေမသင်ဘဲ အချိန်ဖြုန်း၍နေကြသော ရဟန်းအချို့ကို ရည်ညွှန်း၍ စာသင်သားရဟန်း တော်များ ရွတ်ဆိုသည်ကို အကြိမ်များစွာ ကြားနာရသဖြင့် မှတ်မိခဲ့သော မြန်မာဂါထာကလေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ စာပေမသင် အလကားဝ၊ အိပ်စားရုံမျှ ယေ ဇိဝိကာ။
ဝေတေ ဘုံဆွမ်းဝိ ဘုဉ္ဇန္တာ၊ ဘုံကြွေးမဆပ် ဇုဏာယိကာ။ ။

၂။ အပွေကစ္စေ ထီးကိုထမ်း၍၊ ဝိစရန္တိ ရောက်ရာပေါက်ရာ။
မဂ္ဂါမဂ္ဂေ့ လမ်းစဉ်လျှောက်၊ ရင့်ကော့ခြေဖျားထောက် ဥန္နဥ္စာ။ ။

အချို့သောရဟန်းငယ်များသည်၊ စာသင်၍ကောင်းချိန် နှစ်ဝါ၊ သုံးဝါဟုဆိုအပ်သော အလွန်ကျန်းမာပျိုရွယ်စဉ်ကပင် စာမသင်တော့ဘဲ တကျောင်းမှတကျောင်းသို့ ပြောင်းရွှေ့နေထိုင်ကာ၊ တရွာမှတရွာသို့လည်း လှည့်လည်သွားလာလျက်ရှိနေကြသည်ကို ဝမ်းနည်းဘွယ်ရာပင် တွေ့မြင်ကြရပေသည်၊ ပါထိကာဝဂ္ဂအဋ္ဌကထာ သင်္ဂီတိသုတ်အဖွင့်အတိုင်း လိုက်နာလျှင် ငါးဝါအတွင်း ပါဠိတော်ကိုသင်၍ ငါးဝါမှဆယ်ဝါအတွင်း အဋ္ဌကထာကိုသင်ရမည် သို့မဟုတ် ဆယ်ဝါအတွင်း ပါဠိတော်ကိုသင်၍ ဆယ်ဝါမှ ဝါနှစ်ဆယ်အတွင်း အဋ္ဌကထာကိုသင်ခြင်းဟု ဆိုအပ်သော ပရိယတ္တိဓုရ— ဂန္ထဓုရကို ရွက်ဆောင်ပြီးလျှင် ဝါနှစ်ဆယ်မှနောက်၌ ကမ္မဋ္ဌာန်း,ဝိပဿနာ ဘာဝနာကို ပွားများအားထုတ်ခြင်းဟုဆိုအပ်သော ဝါသဓုရ— ဝိပဿနာဓုရကို ရွက်ဆောင်သင့်လေသည်၊ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌ အောက်ပါအတိုင် မိန့်ဆိုတော်မူလေသည်။

"ဏှေ စ ပဉ္စဝဿာနိ ဥဒ္ဒေသဿ ကာလော၊ ဒသ ပရိပုဏ္ဏာယ၊ ဉဒိံ အတိသမ္ဗာဓံ၊ ဒသ ဝဿာနိ ပန ဥဒ္ဒေသကာလော၊ ဝီသတိ ပရိပုဏ္ဏာယ၊ တတော ပရံ ယောဂေ ကာတဗ္ဗံ"။

---

## တောနေ

အချို့ရဟန်းငယ်များသည် စာမသင်ခင်နှစ်ဝါ,သုံးဝါအရွယ်ကပင် မည်သည့်ဆရာကောင်း,သမားကောင်းကိုမျှ မဆည်းကပ်ဘဲ တောကျောင်းနေ၍ အရည်ဝါသီမထိုက်တန်သော အမည်ကို လွယ်ကူစွာ ခံယူကြလေသည်၊ ထိုကဲ့သို့သော သူများသည် သဒ္ဓါတရားရှိစေကာမူ ဝိနည်းပါဠိတော်လာ အရည်ဝတ်ကိုလည်း နားမလည် "ယော ဉာမိနာ စ အရိယေန သီလက္ခန္ဓေန သမန္နာဂတော"အစရှိသည်ဖြင့် မဇ္ဈိမနိကာယ် ဓူဠဟတ္ထိပဒေါပမသုတ်၌ ဟောတော်မူအပ်သော တောနေအရှင်မြတ်တို့၏ ရှိအပ်သော အကြောင်းအင်္ဂါလေးပါးကိုလည်း မည်သို့ဖြည့်ဆည်းရမည်မသိဖြစ်သဖြင့် ၎င်းတို့၏ တောကျောင်းနေခြင်းသည် တိရစ္ဆာန်များ,တောလည်မာတုဂါမများနှင့် ရောနှောယှက်တင်၍ အတူနေရခြင်းသို့ ရောက်သောကြောင့်၎င်း, မျောက်ညို,ဝံ, အောင်းစသည့် တိရစ္ဆာန်တို့၏ တော၌နေခြင်းကဲ့သို့ ဖြစ်သောကြောင့်၎င်း၊ နောက်ဆုံး၌ တောစောင့်နတ်များ လက်မခံ

နိုင်ဖြစ်ကာ ချောက်လှန့်ရိုက်ပုတ် နှင်ထုတ်ခြင်းကြောင့် ဘောက်ပြန်ပျက်စီး၍ တောကျောင်းမှ ထွက်ပြေးရကြောင်းကို စူဠဟတ္ထိပဒေါပမသုတ်အဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ဆိုတော်မူလေသည်။

"ယသ္မာ ဟိ ဣမေ စတ္တာရော ပစ္စယာ နတ္ထိ၊ တသ္မာ အရညဝါသော န ဣဇ္ဈတိ၊ တိရစ္ဆာနဂတေဟိ ဝါ ဝနစရကေဟိ ဝါ သဒ္ဓိံ ဝတ္တဗ္ဗတံ အာပဇ္ဇတိ၊ အရညေ အဓိဝတ္ထာ ဒေဝတာ ကိံ ဝေရူပဿ ပါပဘိက္ခုနော အရညဝါသေနာတိ ဘေရဝသဒ္ဒံ သာဝေန္တိ၊ ဟတ္ထေဟိ သီသံ ပဟရိတွာ ပလာယနာကာရံ ကရောန္တိ"။

ဓျာနပိဘင်းအဋ္ဌကထာ၌လည်း—

"ဝေရူပဿ ဟိ အရညဝါသော ကာဠမက္ကဋအန္တတရစ္ဆဒိဝိမိဂါဒိနံ အဋ္ဌဝိဝါသသဒိသော ဟောတိ"ဟူ၍ မိန့်တော်မူလေသည်။

---

## မမ္ဘကထိက

အချို့သူများသည် စာပေကျမ်းဂန်ကို မသင်ကြားဘူးဘဲလျက် ကြားဘူးနားဝ မှတ်စုမျှဖြင့်သာ မမ္ဘကထိကလုပ်၍ယုတ်တမ်းမှုတ်တန်းဖြင့် လွယ်ကူစွာ ဘုန်းကြီးရန် ကြိုးစားကြလေသည်၊ ထိုကဲ့သို့သော သူများသည် မြတ်စွာဘုရား ခွင့်ပြုတော်မမူသည်ကို အဓမ္မဝင်ရောက်လုပ်ကိုင်သူများ,မိမိ၏အရာ မိမိ၏ တာဝန် မဟုတ်သည်ကို မထိုက်မတန် ဝင်ရောက်ထမ်းဆောင်သူများသာ ဖြစ်ချေသည်၊ ထိုစကားမှန်၏၊ စာပေကျမ်းဂန် သင်အံတတ်မြောက်၍ မြတ်စွာဘုရား၏ အလိုတော်ကျ ပြည့်စုံစွာ ဟောပြောနိုင်သူကိုသာလျှင် မြတ်စွာဘုရားက တရားဟောခွင့် ပြုတော်မူသည့်အပြင် တရားဟောခြင်း ဟူသည်မှာလည်း စာပေကျမ်းဂန် သင်အံတတ်သိ၍ သိမ်မွေ့နက်နဲသော အနက်အဓိပ္ပါယ်တို့ကို ဝေဘန်သုံးသပ်၍ ဆုံးဖြတ်နိုင်သော ရဟန်းပညာရှိတို့၏ တာဝန်သာဖြစ်ချေသည်၊ နိဗ္ဗာန်သည် ဘာမျှမရှိစသည်ဖြင့် မပြည့်မစုံ ဟောတတ်သူများ, ဒါန, သီလ သံသရာ ရှည်သည်စသည်ဖြင့် ဘုရားအလိုတော်မကျ ဆုံးဖြတ်ဟောကြားတတ်သူ

များကို မြတ်စွာဘုရား ဟောခွင့်မပြု၊ တရားဟောခြင်းသည် ၎င်းတို့၏ တာဝန်မဟုတ်ဟူလို၊ ထို့ကြောင့် အဋ္ဌကထာများ၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူကြလေသည်။

"ကထေတုကာမောပိ ဟိ ယော အတ္တံ သမ္ပာဒေတုံ န သက္ကောတိ၊ အတ္တံ သမ္ပာဒေတုံ သက္ကောန္တော ဝါ န ကထေတု-ကာမော ဟောတိ၊ န တဿ ဘာဂဝါ ဩကာသံ ကရောတိ"။

(မဟာဝါသက္ကပဥ္စသုတ်အဖွင့်)။

"ဗဟုဿုတာနံ ဝိနိစ္ဆယကုသလာနံ ဓမ္မဒေသနာ ဘာရော"။

(မဇ္ဈိမနိကာယ်အနုဂ်ဏာသုတ်အဖွင့်)။

---

## ကျောင်းထိုင်

အချို့သူများသည် စာပေမသင်, ငယ်ရွယ်စဉ်ကပင် ကျောင်းထိုင် ဘုန်းကြီးလုပ်၍ နေကြပေသည်၊ ထိုကဲ့သို့သော သူများသည် ပရိဝါ ပါဠိတော်လာ ကျောင်းထိုင်အင်္ဂါခြောက်ပါးနှင့် မပြည့်စုံဘဲ၊ ဝါ၊ ၎င်း အင်္ဂါခြောက်ပါးတို့တွင် အနည်းဆုံး "ဗဟုဿုတော ဟောတိ၊ ပညဝါ ဟောတိ၊ ဒသဝဿော ဝါ ဟောတိ အတိရေကဒသဝဿော ဝါ" ဟူသော စာတတ်ခြင်း, ပညာရှိခြင်း, ဆယ်ဝါပြည့်ခြင်း အင်္ဂါသုံးပါးနှင့် ချို့ယွင်းလျက် မပြည့်စုံဘဲ၊ ဝါ၊ "ဆယ်ဝါပြည့်တင်း,ဝိဘင်းနှစ်ဖြာ,ကမ္မာကမ္မ,ခန္ဓကပုဒ်,နာမ်ရုပ်ပိုင်ပိုင်,ဟောပြနိုင် ကျောင်းထိုင်ငါးအင်္ဂါ"ဟူသော လင်္ကာနှင့် မညီညွတ်ဘဲ ကျောင်းထိုင်သည်ဖြစ်သောကြောင့် မိမိ၏ တပည့် လက်သား,ဒကာ,ဒကာမအများတို့ကို တရားနှင့်လျော်စွာ မဆုံးမ,မသွန်သင် နိုင်ဘဲ ဓမ္မသန္တောသ, ဝိနယသန္တောသတို့ကို ဖြစ်စေသဖြင့် နောက်ဆုံးတွင် သာသနာတော်၏ ပျက်ပြားဆုတ်ယုတ် အမြိုက်ရှုပ်ခြင်းကို ပြုလုပ်ဖန်တီး ရာပင် မရည်ရွယ်ဘဲလျက် ရောက်ရတတ်လေသည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းခြင်းရာ အကျိုးအပြစ်များစွာ တို့ကြောင့် စာပေမသင်ခြင်း,မပို့မချခြင်းသည် သာသနာတော်ကွယ်ပျောက် ကြောင်းဖြစ်၏၊ စာပေကျမ်းဂန် သင်အံပို့ချခြင်းသည် သာသနာတော် အရှည်ခန့်၍ တည်တံ့ထွန်းလင်းကြောင်းဖြစ်၏ဟု ပဋ္ဌာဂ္ဂုတ္တရပါဠိတော် ဒုတိယသဒ္ဓမ္မသမ္မောသသုတ်၌ အောက်ပါအတိုင်း ဟောတော်မူပါသည်။

"ဣဓ ဘိက္ခဝေ ဘိက္ခူ ဓမ္မံ န ပရိယာပုဏာန္တိ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ၊ အယံ ဘိက္ခဝေ ပဌမော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ၊ + + +

ပုနစပရံ ဘိက္ခဝေ ဘိက္ခူ ယထာသုတံ ယထာပရိယတ္တံ ဓမ္မံ န ဝိတ္ထာရေန ပရံ ဝါစေန္တိ၊ အယံ ဘိက္ခဝေ တတိယော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ၊ + + +

ဣဓ ဘိက္ခဝေ ဘိက္ခူ ဓမ္မံ ပရိယာပုဏန္တိ သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထံ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ၊ အယံ ဘိက္ခဝေ ပဌမော ဓမ္မော သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတိ၊ + + +

ပုနစပရံ ဘိက္ခဝေ ဘိက္ခူ ယထာသုတံ ယထာပရိယတ္တံ ဓမ္မံ ဝိတ္ထာရေန ပရံ ဝါစေန္တိ၊ အယံ ဘိက္ခဝေ တတိယော ဓမ္မော သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတိ၊ + + +"

ပါဠိတော်၌ကား သာသနာတော် ကွယ်ကြောင်းငါးပါး, တည်ကြောင်းငါးပါး ဟောတော်မူသည်၊ ဤစာအုပ်၌ကား သက်ဆိုင်ရာပါဠိကိုသာ ထုတ်နုတ်ရေးထည့်အပ်ပါသည်။

ဤပါဠိတော်၌ စာပေကျမ်းဂန် မသင်အံ့,မပို့ချခြင်းသည် သာသနာတော်ကွယ်ကြောင်းဖြစ်၍ စာပေကျမ်းဂန် သင်အံပို့ချခြင်းသည် သာသနာတော် အရှည်ခန့်၍ တည်တံ့ခွန်းလင်းကြောင်းဖြစ်သည်ဟု ဓမ္မာဓိဋ္ဌာန်အားဖြင့် ဟောတော်မူပါသည်၊ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့်ကား စာပေကျမ်းဂန်မသင်အံ့, မပို့ချသောသူများသည် သာသနာတော်ကို ပျက်စီးကွယ်ပျောက်စေသူများဖြစ်၍ စာပေကျမ်းဂန် သင်အံပို့ချသူများသည် သာသနာတော်အရှည်ခန့်၍ တည်တံ့အောင်ပြုသူများဖြစ်သည်ဟု ဟောတော်မူသည်ပင် ဖြစ်ကြောင်းကိုလည်း ထပ်လောင်း၍ သိမှတ်သင့်သည် ဖြစ်သောကြောင့် သာသနာတော်၏အကျိုး, မိမိ၏အကျိုးကို မြတ်နိုးလိုလားကြကုန်သော သူတော်ကောင်းတို့သည် စာပေကျမ်းဂန် သင်အံပို့ချခြင်းကို အလေးအနက် မယွင်းကွက်တဲ မပျက်ပြုအပ်သည်သာ ဖြစ်ပါတော့သည်။

## ဝိပဿနာ

"ယောနိသော မနသိကာရေ ကမ္မံ ကရောန္တဿ ဥဒါဟု အကရောန္တဿ"အရ သမထ, ဝိပဿနာ ကမ္မဋ္ဌာန်းဘာဝနာ အမှုကို ပြုလုပ်ခြင်းရှိ,မရှိဟူရာ၌လည်း ပုဂ္ဂလိကအနေအထားမှတပါး တပြည်လုံးအတွက်ပင် မှန်းဆဆင်ခြင်၍ ထင်မြင်ယုံကြည်မှုရှိသည့်အတိုင်း ရေးသားဖေါ်ပြလိုပါသည်။

ပုဂံပြည် သာသနာခေတ်လောက်ကစ၍ ယခု သာသနာခေတ်တိုင်အောင် သာသနာလောက၌ ရှိနေကြကုန်သော ရဟန်းတော်တို့သည် ဝိပဿနာဓုရသက်သက်ကိုသာလျှင် ပြုလုပ်ရွက်ဆောင်ကြကုန်သော ရဟန်းတော်များ၏ အရေအတွက်ထက် ဂန္ထဓုရကိုသာ ပြုလုပ်ရွက်ဆောင်ကြကုန်သော ရဟန်းများ၏ အရေအတွက်က အလွန်များပြားလျက်ရှိသည်အားလျော်စွာ ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ပါးစုံကို ပြုလုပ်ရွက်ဆောင်ကြကုန်သော ဆရာတော်, သံဃာတော်ကြီးများ၏ အရေအတွက်သည်လည်း ဝိပဿနာဓုရသက်သက်ကိုသာ ပြုလုပ်ရွက်ဆောင်ကြကုန်သော ဆရာတော်သံဃာတော်တို့၏အရေအတွက်ထက် ပိုလွန်များပြားလိမ့်မည်ဟု ယုံကြည်ရပါသည်၊ အဘယ်ကြောင့်ဆိုသော် ဂန္ထဓုရကို ပြုလုပ်ရွက်ဆောင်ကြကုန်သော ဆရာတော်,သံဃာတော်ကြီးအများတို့သည် ရှင်မဟာသီလဝံသပုဂ္ဂိုလ်ကျော်ကဲ့သို့ပင် မိမိတို့ သင်အံပို့ချသည့် ပရိယတ္တိဒေသနာအားလျော်စွာ ဝိနည်းပါဠိတော်လာ ခန္တကဝတ်လည်းမပျက်၊ စာပေကျမ်းဂန်ကိုလည်း သင်အံပို့ချ, သမထဝိပဿနာကိုလည်း ပွားများလျက်ရှိကြလိမ့်မည်ဟု ယုံကြည်အပ်သောကြောင့် ဖြစ်ပါသည်၊ အရှင်မဟာသီလဝံသပုဂ္ဂိုလ်ကျော်သည် ခန္တကဝတ်ကိုလည်းမပျက် ဖြည့်ဆည်း၍ စာပေကျမ်းဂန်လည်း ပို့ချကာ သမထ,ဝိပဿနာကိုလည်း ပွားများလျက်ရှိကြောင်းကို—

"စည်းခံလုံးညီ၊ မဟာသီ၏၊ စေတီယင်ဝတ်၊ နိစ္စဗဒ်လျှင်၊ မပြတ်တံမြက်၊ ရှိဝတ်တက်၍၊ မပျက်စေရ၊ မျိုးသိဿအား၊ သင်ပြကျမ်းဂန်၊ ဓိပ္ပါယ်ပြန်မှ၊ ဂန္ထဓုရ၊ ရောက်သမျှကို၊ သမထဝိပဿနာ၊ စီးဖြန်းပါ၏"ဟု ရေးစပ်တော်မူခဲ့လေသည်။

ထိုသို့ စာပေကျမ်းဂန် ပို့ချလျက်ပင် မိမိသင်အံပို့ချသော စာပေကျမ်းဂန်အားလျော်စွာ သီလကထာအရာ၌ သီလကိုဖြည့်ဆည်း၍, သမာဓိကထာအရာ၌ သမာဓိကို ပွားများကာ ထိုသို့ မိမိဖြည့်ဆည်းခဲ့သော ကာယ, ဝါစာ, မနောသမာစာရတို့ကို ဆင်ခြင်သိမ်းဆည်းသောသူအား ဝမ်းမြောက်ခြင်း ပါမောဇ္ဇသည်ဖြစ်၏၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇမှ ရအပ်သော အာသေဝနပစ္စည်းရှိသော အားကြီးသော ပီတိသည်ဖြစ်၏၊ ထိုပီတိကို မပျောက်ပျက်စေမူ၍ ထိုပီတိကိုပင် ဥပစာရဝိပဿနာအာရုံပြု၍ ဝိပဿနာပွားများသောသူအား ကိုယ်,စိတ်၏ ငြိမ်းချမ်းခြင်းသည်ရင်း, အရဟတ္တဖိုလ်သမာဓိ၏ အထောက်အပံ့ဖြစ်သော သုခသည်ရင်း၊ အစဉ်အတိုင်းဖြစ်၍ အရဟတ္တဖိုလ်သမာဓိကို ရနိုင်ကြောင်းကိုလည်း အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် ဝိမုတ္တာယတနသုတ် ဆဋ္ဌမူ စာမျက်နှာ(၁၇)၌ ပြည့်စုံစွာ ဟောကြားလျက်ရှိပါသည်။

သို့ရာတွင် စာပေကျမ်းဂန်ကို သင်ရုံမျှ, ပို့ချရုံမျှ, ပြန်လှန်သရဇ္ဈာယ်ရုံမျှ, စဉ်းစားဆင်ခြင်ရုံမျှဖြင့် တင်းတိမ်ရောင့်ရဲ၍ ဝိမုတ္တာယတနသုတ်၌ ဟောတော်မူသည့်အတိုင်း သိက္ခာသုံးပါးကို မဖြည့်ဆည်း မပွားများသဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍ မသိခဲ့လျှင် အစဉ်အတိုင်း ပရိယတ္တိဗဟုလ, ပညတ္တိဗဟုလ,သဇ္ဈာယဗဟုလ,ဝိတက္ကဗဟုလပုဂ္ဂိုလ်များသာမည်၍ တရားတော်၌ တရားတော်ဖြင့် မွေ့လျော်နေထိုင်သော ဓမ္မဝိဟာရီပုဂ္ဂိုလ် မမည်သေးကြောင်း (ဝိမုတ္တာယတနသုတ်၌ ဟောတော်မူသည့်အတိုင်း) မိမိသင်အံပို့ချသော ပရိယတ္တိအားလျော်စွာ သိက္ခာသုံးပါးကို ပွားများဖြည့်ကျင့်၍ သစ္စာလေးပါးကို ထိုးထွင်းသိမြင်မှသာလျှင် ဓမ္မဝိဟာရီပုဂ္ဂိုလ်မည်ကြောင်းကိုလည်း ၎င်းအင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် ဓမ္မဝိဟာရီသုတ် စာမျက်နှာ (၇၆)- (၇၇)-တို့၌ ဟောကြားတော်မူလျက်ရှိသောကြောင့် ပရိယတ္တိဗဟုလ စသည်လေးပါးကို လွန်မြောက်၍ ဓမ္မဝိဟာရီပုဂ္ဂိုလ်ဖြစ်ရန်လည်း အထူး ကြိုးစားသင့်သည်သာ ဖြစ်ပါသတည်း၊ ထို့ကြောင့် ၎င်းဓမ္မဝိဟာရီသုတ်တို့၏ နိဂုံးဒေသနာတော်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

"ဣတိ ခေါ ဘိက္ခု ဒေသိတော မယာ ပရိယတ္တိဗဟုလော၊ ဒေသိတော ပညတ္တိဗဟုလော၊ ဒေသိတော သဇ္ဈာယဗဟုလော၊ ဒေသိတော ဝိတက္ကဗဟုလော၊ ဒေသိတော ဓမ္မဝိဟာရီ၊ ယံ ခေါ ဘိက္ခု သတ္ထာရာ ကရဏီယံ သာဝကာနံ ဟိတေသိနာ အနုကမ္ပ-

ကေန အနုကမ္ပံ ဥပါဒါယ၊ ကတံ ဝေါ တံ မယာ၊ ဧတာနိ ဘိက္ခု ရုက္ခမူလာနိ ဧတာနိ သုညာဂါရာနိ၊ ဈာယထ ဘိက္ခု မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီတိ”။

---

## လူပျင်းများ

အချို့သောသူများသည် ဂန္ထဓုရ, ဝိပဿနဓုရ, ခန္တကဝတ်စသည်တို့ကို တစုံတခုမျှ မပြုလုပ်မရွက်ဆောင်ဘဲ အလွန်တွေဝေပျင်းရိခြင်းဖြင့် အဘိုးမဖြတ်နိုင်သော နှစ်,လ,နေ့,ရက် အချိန်များစွာတို့ကို ကုန်ဆုံးစေကြလေသည်၊ ထိုကဲ့သို့သော လူပျင်းများသည် သာသနာကျိုး, မိမိ၏အကျိုးတို့ကို မပွားတိုးမစည်ပင်စေရုံသာမက လူ့လောကနှင့်တကွ သာသနာတော်လောက၌ အမှိုက်သရိုက်သဘွယ်ဖြစ်၍ အမိ,အဘ,ဆရာသမားတို့နှင့်တကွ ဘုရား,သံဃာ သူတော်စွာတို့၏ ရှုံရှာစက်ဆုပ်အပ်သော အခြင်းအရာ အနေအထိုင်အားဖြင့် ဘဝဆုံးရှုံး၍ စုန်းစုန်းနစ်ငုတ်ကြရသူများ ဖြစ်လေသည်။

ထိုသို့ ဘာမျှမလုပ် ညံ့ယုတ်နည်းပါးသော ဝီရိယရှိသည်၏အဖြစ်ကြောင့် စက်ဆုပ်ဘွယ်ရာ အခြင်းအရာအားဖြင့် တသက်တာလုံး ဘဝဆုံးလျက် စုန်းစုန်းနစ်ငုတ်ကြရခြင်းကြောင့်ပင် ၎င်းလူပျင်းတို့ကို ပါဠိဘာသာဖြင့် ကုသီတဟုခေါ်ကြောင်း— “ဟီနဝီရိယတ္တာ ကုစ္ဆိတေန အာကာရေန သီဒတီတိ ကုသီဒေါ၊ ကုသီဒေါ ဧဝ ကုသီတော’ဟု ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ မိန့်မှာဖွင့်ဆိုတော်မူလေသည်။

ဤအဋ္ဌကထာပါဠ်၌“ဟီနဝီရိယတ္တာ”ဟူသောပါဠ်ဖြင့် ယောနိသောမနသိကာရဖြင့် တရားနှလုံးသွင်းခြင်းစသော မာနသိကဝီရိယမရှိသည်၏အဖြစ်ကိုပြ၍ “ကုစ္ဆိတေန အာကာရေန သီဒတိ”ဟူသောပါဠ်ဖြင့် ဝတ်ကြီး, ဝတ်ငယ်ပြုခြင်း, စာပေကျမ်းဂန် သင်အံပို့ချခြင်းစသော ကာယိကဝီရိယမရှိသည်ကို ပြပါသည်၊ ထိုစကားမှန်၏ ဝတ်ကြီး,ဝတ်ငယ်ကိုပြုခြင်း,စာပေကျမ်းဂန် သင်အံပို့ချခြင်းစသော ကာယိကဝီရိယမရှိသူသည် “ကုသီတ”မည်၍ ယောနိသောမနသိကာရဖြင့် တရားနှလုံးသွင်းခြင်း

စသော မာနသိကာဝိရိယမရှိသူသည် "ဟီနဝိရိယ"မည်၏၊ ထို့ကြောင့် မူလပဏ္ဏာသအဋ္ဌကထာ ဘယဘေရဝသုတ်အဖွင့်၌ "တတ္ထ ကုသီတာ ကာယိကဝိရိယာရမ္ဘဝိရဟိတာ ဟောန္တိ၊ ဟီနဝိရိယာ စေတသိက· ဝိရိယာရမ္ဘဝိရဟိတာ"ဟူ၍ မိန့်ဆိုတော်မူပါသည်။

ထိုသို့ ဝိရိယမရှိ လွန်ပျင်းရိသော ကုသီတခေါ်ဆို ထုံထိုင်းသော ပုဂ္ဂိုလ်တို့သည် အလွန်ဆင်းရဲစွာ နေထိုင်ရ၏၊ ဒုရာဇီဝ, ဒုရာစာရအစ ရှိသော အကုသိုလ်တရားတို့နှင့် ရောနှောယှက်တင် မစင်မကြယ်နေရ၏၊ မိမိအကျိုး,သူတပါးအကျိုး,သာသနာတော်ကျိုးတို့ကို နှိမ်းညှိုးဆုတ်ယုတ် စေတတ်၏ဟု နိဒါနဝဂ္ဂသံယုတ် ဒုတိယဒသဗလသုတ်၌ အောက်ပါ အတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

"ဒုက္ခံ ဘိက္ခဝေ ကုသီတော ဝိဟရတိ ဝေါကိဏ္ဏော ပါပကေဟိ အကုသလေဟိ ဓမ္မေဟိ၊ မဟန္တဉ္စ သဒတ္ထံ ပရိဟာပေတိ"။

ချဲ့ပါဦးမည်၊ ဤပါဠိတော်၌ "ဒုက္ခံ ဘိက္ခဝေ ကုသီတော ဝိဟရတိ" ဟူသော ဝါကျဖြင့် ထိုရဟန်းပျင်းသည် သီတင်းသုံးဘော်တို့၏ မျက်စိ၌ ကျရောက်သော အမိုက်မြူမှုန့်သဘွယ်ဖြစ်၍ အထက်၌ ဆိုခဲ့သည့်အတိုင်း သူတပါးတို့၏ မုန်းထားရွံရှာခြင်းကို ဖြစ်စေတတ်, ပြုတတ်သဖြင့် သီတင်း သုံးဘော်တို့သည် ဓမ္မ,အာမိသတို့ဖြင့် မချီးမမြှောက်ခြင်း,ကဲ့ရဲ့ပြစ်တင်ခြင်း ကြောင့် ပစ္စုပ္ပန်,သံသရာ အကျိုးယုတ်ကာလျှင် ဆင်းရဲစွာနေရကြောင်းကို ဟောကြားပြဆိုတော်မူပါသည်၊ ထို့ကြောင့် အဋ္ဌကထာ၌—

"သော သဗြဟ္မစာရီနံ အက္ခိမှိ ပတိတရဇံ ဝိယ ဥပဃာတ· ကရော ဟုတွာ ဒုက္ခံ ဝိဟရတိ"ဟူ၍ ဖွင့်ဆိုတော်မူပါသည်။

"ဝေါကိဏ္ဏော ပါပကေဟိ အကုသလေဟိ ဓမ္မေဟိ"ဟူသော ဝါကျဖြင့် ထိုလူပျင်းရဟန်းအား ယုတ်ညံ့သော ဝိရိယရှိသောကြောင့်ပင်၊ ဝါ၊ ပျင်းသောကြောင့်ပင် သတိလွတ်ကင်း အားထုတ်မှုညံ့ဖျင်း၍ ဣန္ဒြိယ သံဝရသီလတို့လည်း မလုံခြုံကာယကံစသည်လည်း မစင်ကြယ်, အာဇီ· ဝဋ္ဌမကသီလလည်း မဖြူစင်, ကုလဒူသကအနေသနတို့ဖြင့် အာဇီဝပျက်စီး သော အိမ်လည်ရဟန်းဖြစ်ကာ အကုသိုလ်တို့နှင့် ရောနှောယှက်တင်စွာ နေရကြောင်းကို ဟောကြားပြဆိုတော်မူပါသည်။

ထို့ကြောင့် အဋ္ဌကထာ၌—

"ကုသီတပုဂ္ဂလသ္မ ဟိ သ ဗ္ဗါရာနိ အဂုတ္တာနိ ဟောန္တိ၊ တိဏ်ကမ္မာနိ အပရိသုဒ္ဓါနိ၊ အာဇီဝဋ္ဌမကံ သီလံ အပရိယောဒါတံ၊ ဘိန္နာဇီဝေါ ကုလူပကော ဟောတိ"ဟူ၍ ဖွင့်ဆိုတော်မူပါသည်။

"မဟာန္တဥ္စ သဒတ္ထံ ပရိဟာပေတိ"ဟူသော ဝါကျဖြင့် ထိုလူပျင်းရဟန်းသည် ဖျာရာတံဆိပ် ကျောမှာနှိပ်အောင် အိပ်တရှူးရှူး မှိန်း၍ မှူးခြင်းကိုသာ အထူးကြိုးစား ပြုလုပ်တတ်သောကြောင့် ညောင်စောင်း, အဉ်းပျင်ကို ကျောဖြင့် ဖိအိပ်နှိပ်စက်တတ်သူသာ ဖြစ်၍ငင်း,အိပ်၍ပြီးလျှင် ဝမ်းရင်ပြည့်လေး လွန်ဘုဉ်းပေးသဖြင့် ဘင်ချေးပွားရုံသာ ပြုတတ်သည် ဖြစ်၍ငင်း၊ မြတ်စွာဘုရား၏ အားရမြတ်နိုးခြင်းကို မခံယူနိုင်ကြောင်း, ရခဲစွာလှသော ဗုဒ္ဓုပ္ပါဒ နဝမခဏကို ချိုယွင်းစေတတ်ကြောင်း,ငင်းစားသုံးအပ်သော ကြည်ဖြူလှူဒါန်း ပြည်သူ့ဆွမ်းသည်လည်း မိမိအကျိုး, သူတပါးအကျိုး, သာသနာအကျိုးတို့ကို မပြီးစေနိုင်ကြောင်းတို့ကို ပြဆိုဟောကြားတော်မူပါသည်။

ထို့ကြောင့် အဋ္ဌကထာ၌—

"ဝိဋ္ဌမဒ္ဒနော စေဝ ဟောတိ၊ လဏ္ဍပူရကော စ သတ္ထု အဇ္ဈာသယံ ဂဟေတုံ န သက္ကောတိ၊ ဒုလ္လဘံ ခဏံ ဝိရာဓေတိ၊ တေန ဘုတ္တော ရဋ္ဌပိဏ္ဍော ဝိ နမဟပ္ဖလော ဟောတိ"ဟူ၍ ဖွင့်ဆိုတော်မူလေသည်။

---

## အပျင်းဆယ့်နှစ်မျိုး

ထိုလူပျင်းတို့သည် ချမ်းအေးလွန်းသည်, ပူအိုက်လွန်းသည်, မိုးချုပ်လွန်းသည်, စောလွန်းသည်စသည်ဖြင့် ရိုးမယ်ဖွဲ့ကာ အကြောင်းရှာ၍ လုပ်ကိုင်ရှက်ဆောင်ဘွယ် အမှုကိစ္စတို့ကို မလုပ်ကိုင် မရှက်ဆောင်ဘဲ၊ အချိန်ဆွဲ၍ ပျင်းနေစဉ်မှာပင် အဘိုးမဖြတ်နိုင်သော အချိန်ကာလတို့သည် ငင်းတို့ကို စောင့်ဆိုင်း၍မနေဘဲ ကုန်ဆုံးကျော်လွန်သွားကြောင်းကို ထေရဂါထာပါဠိတော်၌ အောက်ပါအတိုင်း အရှင်မာတင်္ဂပုတ္တရဟန္တာမြတ် ဟောကြားတော်မူလေသည်။

အတိသီတံ အတိဥဏှံ၊ အတိသာယ မိဒံ အဟု။
ဣတိ ဝိဿဋ္ဌ ကမ္မန္တေ၊ ခဏာ အစ္စေန္တိ မာဏဝေ။ ။

အနက်— ဣဒံ၊ ဤဆောင်းနှင့်မိုးဆီး ဥတုမျိုးသည်။ အတိသီတံ၊ ခိုက်ခိုက်တုန်မျှ ချမ်းအေးလှသည်။ အဟု၊ ဖြစ်၏။ ဣဒံ၊ သစ်ပင်နွယ်မြက် ပွင့်ရွက်ကြွေကျ ဤနွေလသည်။ အတိဥဏှံ၊ နေရှိန်ပြင်းပြ ပူအိုက်လှသည်။ အဟု၊ ဖြစ်၏။ ဣဒံ၊ ဤအချိန်သည်။ အတိသာယံ၊ နေမင်းဖန်ဆောင် အရောင်ကွယ်ပ မိုးဆီးချုပ်လှသည်။ အဟု၊ ဖြစ်၏။ ဣဒံ၊ ဤအချိန်သည်။ အတိပါတံ၊ မိုးလင်းခါစ စောလွန်းလှသည်။ အဟု၊ ဖြစ်၏။ ဣတိ-ဣမိနာ ပကာရေန၊ ဤသို့စသား အလွန်များသည် အပြားထိုဤ ရိုးမည်ဖွဲ့ရန် ကြောင်းမတန်ဖြင့်။ ဝိဿဋ္ဌကမ္မန္တေ၊ ကြီးငယ်ဝတ္တ ခန္ဓကနှင့် ဂန္ထဝိပဿ ကိစ္စရပ်ကို ပလပ်စွန့်လွှတ်ကြကုန်သော။ မာဏဝေ၊ လူပျိုးများစွာ သတ္တဝါ တို့ကို။ ခဏာ၊ အတိုးတန်လှ အချိန်ခဏတို့သည်။ ဝါ၊ နှစ်,လ,နေ့,ရက်, နံနက် ညနေ အချိန်တွေသည်။ အစ္စေန္တိ၊ နေ့ကိုရက်စား ရက်အားလမျို လကိုနှစ်ဖြုန်း ပျောက်ကွယ်သုဉ်း၍ ကုန်ဆုံးကျော်လွန်ကြလေကုန်၏။

ဂါထာပါ "ဣတိ"ကို အနက်ပေးရာ၌ "ဣတီတိ ဣမိနာ ပကာရေန၊ တေန ဣဓ ဘိက္ခဝေ ဘိက္ခုနာ ကမ္မံ ကတ္တဗ္ဗံ ဟောတီ"တိ အာဒိနာ ဝုတ္တံ ကောသဇ္ဇဝတ္ထုံ သင်္ဂဏှာတိ"ဟူသော အဋ္ဌကထာကိုမှီ၍ အနက် ပေးပါသည်။

၎င်းအဋ္ဌကထာဖွင့်ဆို ညွှန်ကြားချက်အရ ဣတိသဒ္ဒါ၏ ပကာရတ္ထ ဖြစ်သော အပျင်းဖြစ်ကြောင်း ကုသီတဝတ္ထုတို့ကို အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် ကုသီတာရမ္ဘဝတ္ထုသုတ်, ပါထိကဝဂ္ဂပါဠိ သင်္ဂီတိသုတ်တို့၌ ဟောတော်မူသည့်အတိုင်း မြန်မာပြန် အကျဉ်းအမိပ္ပါယ်ဖြင့် ဆက်လက် ဖော်ပြပါဦးမည်။

၁။ ဤသာသနာတော်၌ ရဟန်းသည် သင်္ကန်းစီရင်ခြင်းစသော အမှုကို ပြုလုပ်စရာရှိ၏၊ အလုပ်လုပ်သော ငါ၏ကိုယ်ခန္ဓာသည် ပင်ပမ်းနွမ်း နယ်လတ့်၊ အလုပ်မလုပ်မီ အိပ်ဦးမည်ဟု နှလုံးသွင်း၍ အိပ်၏၊ ထိုသို့ ဝီရိယကို အားမထုတ် မုရနှစ်ပါးကို မလုပ်တော့ဘဲ လုပ်စရာ ကြောင့် ပင်ပမ်းမည်ဟု ရိုးမည်ဖွဲ့၍ ဆုတ်နစ်ပျင်းရိခြင်း,အိပ်နေ ခြင်းသည် "ပဌမကုသီတဝတ္ထု"မည်၏။

၂။ ရဟန်းသည် သက်န်းစီရင်ခြင်းစသော အမှုကို ပြုလုပ်အပ်ပြီးပြီ၊ ငါသည် အလုပ်လုပ်ပြီးပြီ၊အလုပ်လုပ်ပြီးသော ငါ၏ခန္ဓာကိုယ်သည် ပင်ပမ်းနွမ်းနယ်၏၊ ထို့ကြောင့် ငါအိပ်ဦးမည်ဟု နှလုံးသွင်း၍ အိပ်၏၊ ထိုသို့ ဝီရိယကိုအားမထုတ်၊ မရနှစ်ပါးကို မလုပ်တော့ဘဲ လုပ်ပြီးအလုပ်ကြောင့် ပင်ပမ်းသည်ဟု ရှိးမည့်ဖွဲ့၍ ဆုတ်နစ်ပျင်းရိခြင်း, အိပ်နေခြင်းသည် "ဒုတိယမြောက် ကုသိတဝတ္ထု" မည်၏။

၃။ ထို့အတူ ခရီးသွားစရာရှိသဖြင့် ပင်ပမ်းမည်ကို ရှိးမည့်ဖွဲ့၍ ဝီရိယကို အားမထုတ်၊ မရနှစ်ပါးကို မလုပ်တော့ဘဲ ဆုတ်နစ်ပျင်းရိခြင်း,အိပ်နေခြင်းသည် "တတိယမြောက် ကုသိတဝတ္ထု"မည်၏။

၄။ ခရီးသွားလာပြီးသဖြင့် ခရီးပမ်းသည်ဟု ရှိးမည့်ဖွဲ့၍ ဝီရိယကို အားမထုတ်၊ မရနှစ်ပါးကို မလုပ်တော့ဘဲ ဆုတ်နစ်ပျင်းရိခြင်း, အိပ်နေခြင်းသည် "စတုတ္ထမြောက် ကုသိတဝတ္ထု"မည်၏။

၅။ ဆွမ်းခဲဘွယ်မရ, မပြည့်စုံသဖြင့် ဆွမ်းခံပင်ပမ်းသည်ဟု ရှိးမည့်ဖွဲ့၍ ဝီရိယကို အားမထုတ်၊ မရနှစ်ပါးကို မလုပ်တော့ဘဲ ဆုတ်နစ်ပျင်းရိခြင်း,အိပ်နေခြင်းသည် "ပဉ္စမမြောက် ကုသိတဝတ္ထု"မည်၏။

၆။ "ဆွမ်းခဲဘွယ် ပြည့်စုံလှ၍ ဝမ်းဝစွာ စားသုံးရသဖြင့် လေးလံ ထိုင်းမှိုင်းသည်"ဟု ရှိးမည့်ဖွဲ့၍ ဝီရိယကိုအားမထုတ်၊ မရနှစ်ပါးကို မလုပ်တော့ဘဲ ဆုတ်နစ်ပျင်းရိခြင်း, အိပ်နေခြင်းသည်"ဆဋ္ဌမြောက် ကုသိတဝတ္ထု"မည်၏။

၇။ "အနာရောဂါ အနည်းငယ်ရှိသဖြင့် မကျန်းမာ၍ အိပ်ကောင်းသည်"ဟု ရှိးမည့်ဖွဲ့၍ ဝီရိယကိုအားမထုတ်၊ မရနှစ်ပါးကိုမလုပ်တော့ဘဲ ဆုတ်နစ်ပျင်းရိခြင်း, အိပ်နေခြင်းသည် သတ္တမမြောက် "ကုသိတဝတ္ထု"မည်၏။

၈။ "အဖျားအနာပျောက်စ နာလံထဖြစ်သဖြင့် အားနည်းသည်"ဟု ရှိးမည့်ဖွဲ့၍ ဝီရိယကို အားမထုတ်၊ မရနှစ်ပါးကို မလုပ်တော့ဘဲ ဆုတ်နစ်ပျင်းရိခြင်း,အိပ်နေခြင်းသည် "အဋ္ဌမမြောက် ကုသိတဝတ္ထု" မည်၏။

॥၄

ဤသို့လျှင် ဂါထာ၌ ပျင်းကြောင်းလေးမျိုး, ပါထိကဝဂ္ဂပါဠိတော်လာ ပျင်းကြောင်းရှစ်မျိုးအားဖြင့် ကုသိတဝတ္ထု ဆယ့်နှစ်မျိုးဖြစ်သတည်း။

---

## အပျင်းရောဂါ ပျောက်ဆေးများ

ဆက်ပါဦးမည်၊ ဤသို့လျှင် ကောသဇ္ဇဟု ဆိုအပ်သော အပျင်းရောဂါဝေဒနာသည် ဆိုခဲ့သည့်အတိုင်း ချမ်းသာကင်းလွဲ၍ ဆင်းရဲစွာ နေရခြင်း,မစင်ကြယ်သော သီလအာစာရနှင့် ရောပြွမ်းယှက်တင်၍နေရခြင်း, သီတင်းသုံးဘော် လူတော်လူကောင်းတို့၏ စက်ဆုပ်ဘွယ်ရာ အခြင်းအရာကို ဖြစ်စေတတ်ခြင်း, မြတ်စွာဘုရား၏ အားရနှစ်သက်မှုကို မခံယူရခြင်း, မိမိ သူတပါး၏ အကျိုးတို့ကို နွမ်းညှိုးဆုတ်သုတ်စေတတ်ခြင်းစသည် မိုးလုံးပြည့်မျှ အပြစ်ဘေးများလှ၍ ကောသဇ္ဇဝေဒနာ ထိုအပျင်းရောဂါကို လျှင်မြန်စွာ ကုစား၍ "ဝီရိယဝတော ကော နာမ န သိဇ္ဈတိ"ဟူသည်နှင့်အညီ လောကီ, လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးတို့ကို အုပ်စိုးပိုင်ပိုင် ရယူနိုင်အောင် ကြံခိုင်သော လုံ့လ, စွဲမြဲသော ဝီရိယတို့ကို နေ့ညမနား အဆင့်ဆင့်အားဖြင့် ဖြစ်ပွားပေါ်ပေါက်စေရာ၏။

ထိုသို့ အပျင်းရောဂါ ပျောက်ကင်းကွာ၍ မဟာပရက္ကမ ဝီရိယဓာတ် မပြတ်ဖြစ်ပေါ်ရန် နှလုံးသွင်းဆင်ခြင်ဘွယ်တရား ဆယ့်တပါးကိုလည်း မူလပဏ္ဏာသအဋ္ဌကထာ သတိပဋ္ဌာနသုတ်အဖွင့်၌ လာရှိသည့်အတိုင်း မြန်မာပြန်အမိပ္ပါယ်အကျဉ်းဖြင့် ထည့်သွင်းဖော်ပြပါဦးမည်။

၁။ အပါယဘယပစ္စဝေက္ခဏတာ— အပျင်းထူလှ ကောသဇ္ဇကြောင့် သီလပျက်ပြယ်၍ အပါယ်သို့ကျရောက်ရမည့် ကြောက်စရာဘေးကို မျှော်တွေးဆင်ခြင်ခြင်း။

၂။ အာနိသံသဒဿာဝိတာ— "မဂ်,ဖိုလ်,နိဗ္ဗာန် ကိုးတန်သတ်မှတ် တရားမြတ်ကို အလသလူပျင်း ရှင်ပဋ္ဌင်းတို့ အလျှင်းရအပ်သည် မဟုတ် အားထုတ်မှုလုံ့လ ခိုင်မြဲကြသော အာရဒ္ဓဝီရိယာ သူတော်စွာ တို့သည်သာလျှင် မကွာရယူအပ်သော တရားမျိုးဖြစ်ချေသည်၊ ဤလောကုတ္တရာတရားမြတ်ကိုးပါးသည် စွမ်းအားထက်မြက်သော ဝီရိယစက်၏ အကျိုးဆက်အာနိသင်သာ ဖြစ်ချေ၏"ဟု ရအပ်သော လောကုတ္တရာကိုးပါး အကျိုးတရား၏ ကြီးမားမြင့်မြတ်သည်၏ အဖြစ်ကို ဆင်ခြင်အောက်မေ့ခြင်း

၃။ ဂမနဝီထိပစ္စဝေက္ခဏတာ— "ဝီရိယစွမ်းအား လွန်မြတ်များသော ဘုရားပစ္စေကဗုဒ္ဓါ မဟာသာဝကတို့ ကြွသွားရာ နိဗ္ဗာန်ခရီးကို အပျင်းကြီးသူ ဟီနဝီရိယ ကုသီတတို့ မြန်းကြွရောက်ရှိခြင်းငှါ မစွမ်းနိုင်"ဟု သွားရမည့်ခရီးကို အောက်မေ့ဆင်ခြင်ခြင်း။

၄။ ဝိဏ္ဏုပါတာပစာယနတာ—"အကြင်ဒါယကာတို့သည် ဆွမ်းစသည်တို့ဖြင့် သင့်ကိုလုပ်ကျွေးပြုစုကြကုန်၏၊ ဤဒါယကာတို့သည် သင်၏ဆွေမျိုးများ အမှုလုပ်များလည်း မဟုတ်ကုန်၊ သင့်ကိုမှီ၍ အသက်မွေးလိုကြသဖြင့် သင့်အားပေးလှူကြသည်လည်းမဟုတ်ကုန်၊ စင်စစ်သော်ကား လူ့နတ်နိဗ္ဗာန် ချမ်းသာသုံးပါး ကြီးမြတ်သော အကျိုးတရားကို လိုလားတောင့်တ၍ ပေးလှူကြကုန်၏၊ မြတ်စွာဘုရားကလည်း "ဤရဟန်းသည် ဤပစ္စည်းလေးပါးတို့ကို ခံစားသုံးဆောင်၍ အချောင်ခိုကာ ချမ်းသာစွာနေလတံ့"ဟု ရှုစားသိမြင်ပျင်းစေချင်၍ လေးအင်သောပစ္စည်းစုတို့ကို ခွင့်ပြုတော်မူအပ်သည်မဟုတ် စင်စစ်သော်ကား "ဤရဟန်းသည် ဤပစ္စည်းလေးပါးတို့ကို ခံစားသုံးဆောင်လျက် ရဟန်းတရားကို ကြိုးစားပြုလုပ် အားအံထုတ်၍ ဒုက္ခမှလွတ်မြောက်ပေလိမ့်မည်"ဟု ရည်ရွယ်မှန်းထားကြံစည်းစား၍ လေးပါးသောပစ္စည်းစုတို့ကို ခွင့်ပြုတော်မူခြင်းဖြစ်လေသည်၊ သင်သည်ကား၊ ဝီရိယမရှိ အလွန်ပျင်းရိသောကြောင့် ထိုသဒ္ဓါဒေယျ ဗုဒ္ဓါနုညာတ မြင့်မြတ်လှသောဆွမ်းကို မရိမသေမထီလေးစားပြုရာရောက်၏၊ နေ့နေ့ညည ဝီရိယရှိသူ သူတော်ကောင်းသည်သာလျှင် မြင့်မြတ်သော သဒ္ဓါဒေယျ ဗုဒ္ဓါနုညာတ ဆွမ်းကို ရိုသေလေးစားသည်မည်၏"ဟု ဆွမ်းကို ရိုသေအပ်သည်၏အဖြစ်ကို ဆင်ခြင်အောက်မေ့ခြင်း။

၅။ ဒါယဇ္ဇမဟတ္တပစ္စဝေက္ခဏတာ— "အရိယာတို့၏ ဥစ္စာရတနာခုနစ်ပါးဟူသော အမွေခံပစ္စည်းသည် ကြီးမားမြင့်မြတ်လှစွာ၏၊ ထိုအမွေခံပစ္စည်းကို အပျင်းပြောထူ လုလ္လမဲ့သော သူသည် ရယူခြင်းငှါ မစွမ်းနိုင်၊ ဝီရိယစိုက်ထူ ကြိုးစားသော သူသည်သာလျှင် ရယူခြင်းငှါ စွမ်းနိုင်၏"ဟု အမွေပစ္စည်း၏ မြင့်မြတ်သည်၏အဖြစ်ကို ဆင်ခြင်အောက်မေ့ခြင်း။

၆။ သတ္ထုမဟတ္တပစ္စဝေက္ခဏတာ— "သင်၏ဆရာ စောသတ္ထာသည် ကမ္ဘာမြေမိုဃ်း ဖြန်းဖြန်းကျိုးမျှ တန်ခိုးဘုန်းကံ ဉာဏ်ဝီရိယ ဤသို့စသည့်အနန္တဘုန်းဂုဏ် ကျေးဇူးဟုန်တို့ဖြင့် သုံးဘုံဘဝ သုံးလောကဥ္စနှုန်းပဘက်ရှား တုမဲ့အားဖြင့် ကြီးမားမြင့်မြတ်တော်မူလှ၏၊ ထိုသို့ကြီးမားမြင့်မြတ်တော်မူလှသော ဥက္ကဋ္ဌထွဋ်ထား မြတ်စွာဘုရား၏သုံးပါးမြတ်စွာ သာသနာဥ္စ ဖန်ဝါဆင်မြန်း ရဟန်းပဥ္စင်း ဖြစ်တုံ

လျှင်းလျက် ပျင်းရိလေးကန်ခြင်းငှါ တော်တန်သင့်လျော်ပါ၏လော”ဟု ဆရာဘုရား၏ ကြီးမားမြင့်မြတ်သည်၏အဖြစ်ကို ဆင်ခြင်အောက်မေ့ခြင်း။

၇။ ဇာတိမဟတ္တပစ္စဝေက္ခဏတာ— “သင်သည် ရှေးအခါကဲ့သို့ ယုတ်မာသေးမွှား မထင်ရှားသော အမျိုးမဟုတ်တော့ပြီ၊ ကမ္ဘာဦးက သမ္မတ၏ ဝံသမပျက် အနွယ်အဆက်မှ ဆင်းသက်ရောက်ရှိလာသူဖြစ်၏၊ ဥက္ကာကမင်း၏ ဆွေရင်းမျိုးဆက်၌ဖြစ်၏၊ ဘုရားခမည်းတော် သုဒ္ဓေါဒန ကပိလရာဇာ ခတ္တိယာနှင့် မာယာမိဖုရား ဘိုးဘွားများ၏ သားကမွေးလစ် မြေးရင်းဖြစ်၏၊ ရာဟုလာမည် ရဟန္တာမထေရ်၏ ညီငယ်စင်စစ် အမှန်ဖြစ်၏၊ ဤသို့ မျိုးဇာတ်လွန်မြင့်မြတ်သော ဥက္ကဋ္ဌဝံသာ နွယ်မှလာသော မြတ်စွာသားရင်း သင်ပဋ္ဌင်းသည် ပျင်းရိခြင်းငှါ မထိုက်”ဟု အမျိုးဇာတ်၏ မြင့်မြတ်သည်၏အဖြစ်ကို အောက်မေ့ဆင်ခြင်ခြင်း။

၈။ သဗြဟ္မစာရိမဟတ္တပစ္စဝေက္ခဏတာ— “အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်,အရှင်အာနန္ဒာ,အရှင်မဟာကဿပ ဤသို့စသော အဋ္ဌ,မဟာ ရှစ်ကျိပ်ကုန်သော ရဟန္တာတို့သည် နိစ္စာရဒ္ဓ ဝီရိယဖြင့် သာလျှင် ကိုးဝသော လောကုတ္တရာတရား့ထူးကို ဆွတ်ခူးရယူတော်မူကြကုန်၏၊ သင်သည်ကား ထိုသီတင်းသုံးဘော်တို့၏ ကြွတော်မူရာ ခေမာထီးနန်း ခရီးလမ်းကို ကြွလှမ်းနိုင်တက်မည်လော, မတက်မည်လော”ဟု သီတင်းသုံးဘော်တို့၏ မြင့်မြတ်သည်၏ အဖြစ်ကို အောက်မေ့ဆင်ခြင်ခြင်း။

၉။ ကုသီတပုဂ္ဂလပရိဝဇ္ဇနတာ— “ဝမ်းယောင်ရင်မောက် လည်မျိုရောက်အောင် စားသောက်လေပြီး စပါးကြီးမြွေ မိန်း၍ခွေသို့ အိပ်နေစင်းစင်း အလွန်ပျင်းသော ပဋ္ဌင်းသမဏ ကုသီတကို အဝေးကရှောင်ကွင်း မပေါင်းသင်းမဆက်ဆံခြင်း။

၁၀။ အာရဒ္ဓဝီရိယပုဂ္ဂလသေဝနတာ—နေ့ညမကွာ ကြိုးစားပါ၍ အာရဒ္ဓဝီရိယ ဘွဲ့ထူးရသည့် သမဏဥက္ကဋ္ဌ အရှင်မြတ်တို့ကို ဆည်းကပ်မှီဝဲခြင်း။

၁၁။ တဒမိမုတ္တတာ–ရပ်,ထိုင်,လျှောင်း,သွား ပုထ်လေးပါးတို့၌ ကြိုးစား မပြတ် ဝီရိယစေတ်ကို အထပ်ထပ်လှုံ့ဆော်၍ ဖြစ်ပေါ်ပွားများစေခြင်း။

ဤသို့ ရေးသားဖေါ်ပြခဲ့ပြီးသော အပါယဘယပစ္စဝေက္ခဏတာ စသောတရား ဆယ့်တပါးကို ပွားများမကင်း ဆင်ခြင်လိုက်နာခြင်းဖြင့် အပျင်း ရောဂါ ပျောက်ကင်းကွာ၍ နိစ္စာရဒ္ဓ ဝီရိယသည် မုချဖြစ်ပေါ်နိုင်ပါ သတည်း။

လူပျင်းကို ရှောင်ရှား၍ ကြိုးစားသူကို ဆည်းကပ်ခြင်းနှင့် စပ်လျဉ်း၍ ဆက်လက်ရေးသားလိုသည်မှာ "ဤအပျင်းရောဂါနှင့် ဝီရိယစေတ်တို့သည် ကူးစက်ပြန့်ပွားဘတ်သောကြောင့်သာ ကုသီတပုဂ္ဂလပရိဝဇ္ဇနတာ,အာရဒ္ဓ ဝီရိယပုဂ္ဂလသေဝနတာ,ဟူသော နှစ်ဝါကျကို အဋ္ဌကထာဆရာ ထည့်သွင်း မိန့်ကြားတော်မူခြင်းဖြစ်သည်"ဟု ယုံကြည်ဘွယ်ဖြစ်ခြင်းပင် ဖြစ်ပါသည်၊ မှန်၏၊ ပျင်းရိသောသူသည် မိမိ၏အပေါင်းအသင်းအား နိက္ခိတ္တဓုရ, ဟီန ဝီရိယတို့၏ဖြစ်ကြောင်းဖြစ်သော တိရစ္ဆာနကထာစသည်တို့ကိုပြောကြား၍ ဝါဒဖြန့်ခြင်းဖြင့်သော်၎င်း, လူပျင်း၏ အပေါင်းအသင်း ဖြစ်သူကလည်း တကြောင်းမထောက်, တကြောင်းထောက်ဟူသကဲ့သို့ လူပျင်းသို့ လိုက် လျှောကာ ၎င်း၏အပြုအမူကို အတုယူနေထိုင်ခြင်းဟု ဆိုအပ်သော ဒိဋ္ဌာ နုဂတိအားဖြင့်သော်၎င်း အပျင်းတရား ဖြစ်ပွားကူးစက်လာမည်မှာ မုချပင် ဖြစ်လေသည်။

အလားတူပင် ဝီရိယရှိသူသည်လည်း မိမိ၏အပေါင်းအသင်းအား ဝီရိယာရမ္ဘကထာ စသည်တို့ကို ပြောကြား၍ ဝါဒဖြန့်ခြင်းအားဖြင့် သော်၎င်း, ဝီရိယရှိသူ၏ အပေါင်းအသင်းဖြစ်သူကလည်း တကြောင်း မထောက်, တကြောင်းထောက်ဟူသကဲ့သို့ ဝီရိယရှိသူသို့ လိုက်လျှောကာ ၎င်း၏အပြုအမူကို အတုယူနေထိုင်းခြင်းဟု ဆိုအပ်သော ဒိဋ္ဌာနုဂတိ အားဖြင့်သော်၎င်း ဝီရိယတရား ဖြစ်ပွားကူးစက်လာမည်မှာ မုချပင် ဖြစ်လေသည်။

ဤအကြောင်းများကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် သဂါထာ သုတ်၌လည်း အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားဆုံးမတော် မူခဲ့လေသည်။

၁။ သံသဂ္ဂါ ဝနထော ဇာတော၊ အသံသဂ္ဂေန ဆိဇ္ဇတိ။
ပရိတ္တံ ဒါရုမာရုယှ၊ ယထာ သီဒေ မဟဏ္ဏဝေ။ ။

၂။ ဧဝံ ကုသီတမာဂမ္မ၊ သာဓုဇီဝိပိ သီဒတိ။
တသ္မာ တံ ပရိဝဇ္ဇေယျ၊ ကုသီတံ ဟီနဝီရိယံ။ ။

၃။ ပဝိဝိတ္တေဟိ အရိယေဟိ၊ ပဟိတတ္တေဟိ ဈာယိဘိ။
နိစ္စံ အာရဒ္ဓဝီရိယေဟိ၊ ပဏ္ဍိတေဟိ သဟာဝသေ။ ။

သောမမိတ္တတ္ထေရဂါထာ ပါဠိတော်၌ကား—

"သံသဂ္ဂါဝနထော ဇာတော"ဟူသော ပထမဂါထာ၏ ပုဒ္ဒနိုးမပါဘဲ "ပရိတ္တံ ဒါရုမာရုယှ"မှစ၍ ဤအတိုင်း ဟောတော်မူသည်။

၁။ အနက်—သံသဂ္ဂါ၊ မြင့်ကြားကာစ သံသဂ္ဂဟုငါး၀ပေါင်းသင်း ဆက်ဆံခြင်းကြောင့်။ ဝနထော၊ အမြဲမကွာ မခွဲသာအောင် တွဲကာဖွဲ့ချုပ် တဏှာတည်းဟူသော တောချုံပုတ်သည်။ ဇာတော၊ နေ့စဉ်ရက်ဆက် ရွှေ့ရွှေ့တက်၍ မြေးယှက်ဖြစ်ပေါ်လာတတ်၏။ အသံသဂ္ဂေန၊ မစပ်ဂဟေ တူမနေဘဲ ငါးခွထွက်ကွာကင်း မပေါင်းခြင်းကြောင့်။ ဝနထော၊ အမြဲမကွာ မခွဲသာအောင် တွဲကာဖွဲ့ချုပ် တဏှာတည်းဟူသော တောချုံပုတ်သည်။ ဆိဇ္ဇတိ၊ ခွါရှောင်ခုတ်ရှင်း တတောလင်းသဖြင့် ကင်ကွင်းမနေ ပြတ်ကင်းလေ၏။ ပရိတ္တံ၊ ငယ်သွယ်ပုတ်ဆွေး အားအင်သေးသော။ ဒါရုံ၊ ရေလယ်မျောပါး ထင်းသစ်သားကို။ အာရုယှ၊ အားကိုးပြုပြီး တက်ကာစီး၍။ မဟဏ္ဏဝေ၊ အစောက်နက်ရှိုင်း အလှိုင်းကျယ်စွာ သမုဒ္ဒရာ၌။ သီဒေ ယထာ၊ လိုရာကမ်းတိုင် မရောက်နိုင်ဘဲ ရေဆိုင်ထဲငုတ် စဲကစုပ်သဖြင့် နစ်မြုပ်မျောပါးသကဲ့သို့။

၂။ ဧဝံ၊ ဤနည်းထားယူ အလားတူသာလျှင်။ ကုသီတံ၊ ဝီရိယ ပုတ်ဆွေး လွန်သေးကွေးတဲ့ ရှင်လေးပဇ္ဇင်း ပုဂ္ဂိုလ်ပျင်းကို။ အာဂမ္မ၊ ချစ်ခင်နှီးရင်း မှီခိုခြင်းနှင့် ပေါင်းသင်းသမှု အကြောင်းပြု၍။ သာဓုဇီဝိပိ၊ သံသရာဘေး ရှုမျှော်တွေးသည့် သက်မွေးဖြူစင် သူတော်စင်သည်လည်း။ သံသာရဏ္ဏဝေ၊ အစမထင် အပြင်ကျယ်ပြော အမျှောရှည်စွာ သံသရာဟုလေးဖြာသြဃ မျောမြုပ်ရတဲ့ ဘဝသုံးဖြာ သမုဒ္ဒရာ၌။ ယသ္မာ၊ အကြင့်ကြောင့်။ သီဒတိ၊ ခေမာနဂိုရ် ကျွန်းညိုညိုသို့ ကွန်းခိုမထောက် ယွန်းမရောက်ဘဲ အောက်သို့ငုတ်ကာ မြုပ်တတ်စွာ၏။ တသ္မာ၊ ထို့ကြောင့်။

ဟီနဝီရိယံ၊ သမထ,ဝိပဿနာဘာဝနာကို ပယ်ခွါလေဘိ ယုတ်ညံ့သော လုလ္လရှိသော။ ကုသီတံ၊ ဝတ်ကြီး,ဝတ်ငယ် ပြုစဘွယ်ကို ပယ်ခွါ၍တတ်တုတ် ဘယ်မလုပ်ဘဲ စက်ဆုပ်ဘွယ်သော အခြင်းအရာတို့ဖြင့် ချမ်းသာကင်းပြတ် ဆုတ်နစ်တတ်သော။ တံ၊ လုလ္လချိယွင်း ထိုလူပျင်းကို။ ပရိဝဇ္ဇေယျ၊ ပေါင်းဖေါ်မှီတင်း မပြုလျှင်းဘဲ ကင်းရှင်းဖဲခွါ ရှောင်လွှဲရာ၏။

၃။ ပဝိဝိတ္တေဟိ၊ အပေါင်းမမျှော် အဖေါ်မပါ တကိုယ်ထည်း သာလျှင် ဘာဝနာထုံလေ့ အာရုံတွေ့၍ ပျော်မွေ့တော်မူကြပေကုန်သော။ အရိယေဟိ၊ ကိလေသာပူပင် မြူမတင်သည် ဖြူစင်သန့်ရှင်းတော်မူကြ ပေကုန်သော။ ပဟိတတ္တေဟိ၊ နိဗ္ဗာန်ရိပ်မြုံ ဇေယျာဘုံကို အာရုံကိုင်းဝတ် ရှိုင်းကာညွှတ်သဖြင့် စေလွှတ်အပ်သော ကိုယ်စိတ်ရှိတော်မူကုန်သော။ ဈာယိဘိ၊ အာရမ္မဏူ လက္ခဏူတို့ဖြင့် ရန်သူတသိုက် မာရ်မြူမှိုက်ကို ရှို့မြှိုက်ဖုတ်ကြဉ်းတတ်ကုန်သော။ နိစ္စံ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ အာရဒ္ဓဝီရိယေဟိ၊ နောက်မဆုတ်ဘဲ အားအံခဲ၍ အမြဲအားထုတ်အပ်သော ဝီရိယရှိတော်မူကုန်သော။ ပဏ္ဍိတေဟိ၊ လောကီ,လောကုတ္တရာ ကျိုးနှစ်ဖြာကို ကောင်းစွာမြင်သိ ပညာရှိတို့နှင့်သာလျှင်။ သဟာဝသေ၊ မခွဲမခွါ အမြဲသာလျှင် မေတ္တာပျှံ့မွေး အသက်ပေး၍ တွေ့ပူမျှ ယှုမခွဘဲ တူကွမကွာ ပေါင်းသင်းနေထိုင်ရာသတည်း။

ဆက်ပါဦးမည်၊ အချို့သောသူများကား "ယံ ဟိ ကိစ္စံ အဝဝိဒ္ဓံ၊ အကိစ္စံ ပန ကရိယတိ"ဟူသော ဓမ္မပဒပါဠိတော်ကို သရုပ်ဆောင် ပြယုဂ် ထုတ်သကဲ့သို့ဖြစ်စေကာပြုလုပ်ရှက်ဆောင်ဘွယ်ဖြစ်သော ဝတ်ကြီးဝတ်ငယ် နှင့်တကွ ဂန္ထဓုရ, ဝိပဿနာဓုရ မိမိ၏ကိစ္စာကို ပေယျာလကန် ဝကွက်၍ ချန်ပြီးလျှင် ပယ်လှန်ခွင်းဖြုတ်၊ အလျှင်းမလုပ်တော့ဘဲ မလုပ်အပ် မကျက် စားအပ်ဟု မြတ်စွာဘုရား မြစ်တားကန့်ကွက်တော်မူအပ်သော ကမ္မ,ဘဿ, နိဒ္ဒဆုတ်ယုတ်ကြောင်း ကိစ္စတို့ဖြင့်သာလျှင် နေ့ညကုန်သည်း အချိန်ဖြုန်း၍ သုံးလူ့မြတ်စွာ သာသနာဝယ် ကမ္မာရာမစသည်သုံးဦး ဘွဲ့မည်ထူးကို ဆွတ်ခူးပန်ဆင်ကြရလေတော့သည်။

ဤစကားရပ်များ၌"ကမ္မာရာမ"ဟူသည်မှာ "ကမ္မံ အာရမိတဗ္ဗတော အာရာမော တေဿာတိ ကမ္မာရာမော"ဟူသော ဠတိဒုတ်အဌကထာနှင့် အညီ အမှုကြီးငယ်ဟု ဆိုအပ်သော မွေ့လျော်ရာရှိသဖြင့်၊ ထိုအမှု ကြီးငယ်ဖြင့်သာလျှင် နေ့ညဉ့်ကုန်ဆုံး အချိန်ဖြုန်းသောသူ ဖြစ်ပါသည်။

ထိုအမှုကြီးငယ်၏ သရုပ်ကိုလည်း "စီဝရဝိစာရဏံ, စီဝရကရဏံ" စသည်ဖြင့် ဇာတိဝုတ်အဋ္ဌကထာ၌ ဖွင့်ပြတော်မူလျက်ရှိရာ မြန်မာပြန်အကျဉ်းအဓိပ္ပါယ်မှာ သင်္ကန်းစီမံခြင်း သင်္ကန်းချုပ်ဆိုးခြင်းနှင့် အထောက်, သပိတ်အိတ်, ပခုန်းတင်, ခါးပန်းကြိုး, ရေစစ်, သပိတ်ခြေ, ချေးတွန်းခဲ, တံမြက်စီး အစရှိကုန်သော အသုံးအဆောင်တို့ကို ပြုလုပ်ခြင်းသည်ရင်း, ကျောင်းဆောက်ခြင်း စသည်တို့သည်ရင်း အမှုကြီးငယ်မည်ပါသည်။

ထိုအမှုကြီးငယ်ကို နေ့ကုန်ညဆုံး အချိန်ဖြုန်း၍ တကုန်းကုန်းပြုလုပ်သူများကိုသာလျှင် ရည်ရွယ်၍ "ကမ္မာရာမ"ဟု မြတ်စွာဘုရား ဟောတော်မူပါသည်၊ ထို့ကြောင့် ဇာတိဝုတ်အဋ္ဌကထာ၌—

"ကေဖ္စော ဟိ တောနိ ကရောန္တော သကလဒိဝသံ တောနေဝ ကရောတိ၊ တံ သန္ဓာယေတံ ဝုတ္တံ"ဟု မိန့်ဆိုတော်မူပါသည်။

အဂ္ဂိယသမားများကိုလည်း ကမ္မာရာမပုဂ္ဂိုလ်များဟု ခေါ်ဆိုနိုင်လေသည်၊ အဘယ့်ကြောင့်ဆိုသော် အဂ္ဂိယအမှုဟူသည် တိုတောင်းသောကာလ,တခဏဖြင့် ရယူပြီးမြောက်နိုင်သည်မဟုတ်၊ နှစ်လရှည်စွာ အလွန်ကြာအောင် ဝိဇ္ဇာမိုရ်ထုံး စိတ်နှလုံးဖြင့် တကုန်းကုန်းလုပ်ရသဖြင့် နေ့ညကုန်ဆုံး အချိန်ဖြုန်းသောကြောင့် ဖြစ်လေသည်။

သီလဝိသောဓနီကျမ်း၌ကား အဂ္ဂိယသမား ရဟန်းတော်များကို "အလဇ္ဇီ"ဟူ၍ပင် ရေးသားဖေါ်ပြလျက် ရှိလေသည်။

ရေးသားဖေါ်ပြပုံမှာ "အဂ္ဂိယပ်မှုကို မပြုအပ်ဟုသိလျက် ပြုသောရဟန်း, ကုလဒူသကအမှု,အနေသနအမှုကို မပြုအပ်ဟုသိလျက် ပြုသောရဟန်း, သဘင်ခံမှု, ရောင်းမှု, ဝယ်မှု, ရွှေခံမှု, ငွေခံမှုကို မပြုအပ်ဟုသိလျက် ပြုသောရဟန်းစသည်တို့ကိုသာ အလဇ္ဇီဟုသိရာ၏။

ဤသို့ အဂ္ဂိယသမား ရဟန်းများကို အလဇ္ဇီဟု ရေးသားဖေါ်ပြခြင်းမှာလည်း အဂ္ဂိယအမှုဖြင့် ရွှေငွေပြုလုပ်သူများ,အဂ္ဂိယအမှုဖြင့် ဆေးဝါးကုစားသူများကို ရည်ရွယ်၍ ရေးသားဖေါ်ပြဟန် လက္ခဏာရှိပါသည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းသီလဝိသောဓနီကျမ်း တနေရာ၌ အောက်ပါအတိုင်း ရေးသားဖေါ်ပြလျက်ရှိသောကြောင့်တည်း။

"ကုလဒူသက အနေသနအကြောင်းတို့ကြောင့် ရသောပစ္စည်း, ရောင်းခြင်းဝယ်ခြင်းကယဝိက္ကယကြောင့် ရသောပစ္စည်း,ဝိညတ်မှုအဂ္ဂိယပ်မှု စသည်တို့ကြောင့် ရသောပစ္စည်း, ဘုရားစက်ဆုပ်တော်မူအပ်သော အကြောင်းတို့ကြောင့် ရသောပစ္စည်းဟူသမျှသည် ပစ္စဝေက္ခဏာမထိုက် ဖြစ်၍ ဋဏပရိဘောဂမဆိုသာပြီ၊ ပြုတိုင်းပြုတိုင်း စားတိုင်းစားတိုင်း အပြစ်သာရောက်တော့သည်"။

ဆက်ပါဦးမည်၊ ထိုအမှုကြီးငယ်တို့ကိုလည်း လုပ်သင့်သောအချိန်တွင်လုပ်၍ စာသင်ခြင်း,စာအံ,စာပြန်ခြင်း,ဘုရားဝတ်,ကျောင်းဝတ်ပြုခြင်း, ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်းတို့ကိုလည်း သူ့အချိန်နှင့်သူ မပျက်မကွက်စေဘဲ ပြုလုပ်ရွက်ဆောင်သော့ရှိသူသည်ကား ကမ္မာရာမပုဂ္ဂိုလ်မဟုတ် ထို့ကြောင့် ဋတိဝုတ်အဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူပါသည်။

> "ယော ပန ဓေတေသံ ကရဏဝေလာယမေဝ တောနိ ကရောတိ၊ ဥဒ္ဒေသဝေလာယံ ဥဒ္ဒေသံ ဂဏှာတိ၊ သဇ္ဈာယဝေလာယံ သဇ္ဈာယတိ၊ စေတိယင်္ဂဏဝတ္တာဒိကရဏဝေလာယံ စေတိယင်္ဂဏဝတ္တာဒိနိ ကရောတိ၊ မနသိကာရဝေလာယံ မနသိကာရံ ကရောတိ၊ သဗ္ဗတ္ထကကမ္မဋ္ဌာနေ ဝါ ပါရိဟာရိယကမ္မဋ္ဌာနေ ဝါ၊ န သော ကမ္မာရာမော နာမ"။

ဆက်ပါဦးမည်၊ ဤသို့ သိတင်းသုံးဘော်တို့၏ သက်နှီးစီရင်ခြင်း စသော အမှုကြီးငယ်ကို သူ့အချိန်နှင့်သူ ကူညီဝိုင်းဝန်း၍ ကျွမ်းကျင်လိမ္မာစွာ ပြုလုပ်ရွက်ဆောင်ခြင်းသည် သိတင်းသုံးဘော်တို့၏ ချစ်ခင်လေးစား၍ ဓမ္မအာမိသတို့ဖြင့် ချီးမြှောက်ထောက်ကူခြင်းကို ဖြစ်စေတတ်ရကား ဆုတ်ယုတ်ပျက်စီးကြောင်း "ပရိဟာန"တရားမဟုတ်၊ မြတ်စွာဘုရား ခွင့်ပြုတိုက်တွန်းတော်မူအပ်သော ကြီးပွားတိုးတက်ကြောင်းတရားသာဖြစ်၍ မိမိအားထားရာ, ထောက်တည်ရာကို ပြုတတ်သော "နာထကရဏ"တရားသာဖြစ်၏၊ ထိုသို့ အချိန်အားလျော်စွာ သိတင်းသုံးဘော်တို့၏ အမှုကြီးငယ်ကို ကျွမ်းကျင်လိမ္မာစွာ မပျင်းမရိကူညီရွက်ဆောင်တတ်သော သူသည်လည်း ထောက်ရာ,တည်ရာ,အားထားရာရှိသော "သနာထ"ရဟန်းသာမည်ကြောင်းကို "ပုန စပရံ ဘိက္ခဝေ ဘိက္ခုယာနိ တာနိ သဗြဟ္မစာရီနံ ဥစ္စာဝစာနိ ကိံ ကရဏီယာနိ၊ တတ္ထ ဒက္ခော

ဟောတိ အနလသော တကြျုပါယာယ ဝိမံသာယ သမန္နာဂတော” အစ ရှိသည်ဖြင့် အင်္ဂုတ္တရနိကာယ် ဒသကနိပါတ်နာထသုတ်၌ ဟောတော်မူပါသည်၊ ပါထိကဝဂ္ဂပါဠိသင်္ဂီတိသုတ် ဒသကနိပါတ်၌လည်း အနည်းငယ် ကွဲလွဲသော သဒ္ဒါဖြင့် အမိပ္ပါယ်တူ ဟောတော်မူပါသည်။

ကမ္မာရာမပုဂ္ဂိုလ်များနှင့်စပ်၍ ဓမ္မပဒ၌ မြတ်စွာဘုရား ဆုံးမတော်မူသည့် ဂါထာဒေသနာ—

**ယံ ဟိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံ ပန ကရီယတိ။**
**ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ။ ။**

အနက်—ယေဟိ၊ အကြင်ရဟန်းတို့သည်။ ယံ ကိစ္စံ၊ အကြင်ဂန္ထဓုရ, ဝိပဿနာဓုရစသော မိမိ၏အမှုကို။ အပဝိဒ္ဓံ၊ စွန့်အပ်၏။ အကိစ္စံ ပန၊ မိမိတို့၏ အမှုကိစ္စမဟုတ်သော ထီး,ဘိနပ်စသော အသုံးအဆောင်ကို စီမံ လုပ်ကိုင်ခြင်းစသော အမှုကိစ္စကိုကား။ ကရီယတိ၊ နေ့ကုန်ညဆုံး အချိန် ဖြုန်း၍ တကုန်းကုန်း လုပ်ကိုင်စီမံအပ်၏။ ဥန္နဠာနံ၊ ထောင်ကာမတ္တ သုံးမကျသည့် မာနကျူဝါး မြက်ပင်ဖျားကို ထောင်လွှားလွှင့်ထူကြကုန် သော။ ပမတ္တာနံ၊ ဦးခေါင်းမော့မော့ တကြော့ကြော့နှင့် မေ့လျော့နေကြ လေကုန်သော။ တေသံ၊ ထိုရဟန်းတို့အား။ အာသဝါ၊ အာသဝေါတရား တို့သည်။ ဝဍ္ဎန္တိ၊ တနေ့တခြား ရွှေ့ရွှေ့ပွားလျက် များပြားတိုးတက် လာကြပေကုန်၏။

**ဘဿာရာမပုဂ္ဂိုလ်**— ရဟန်းတို့အား “မပြောသင့်,မပြောအပ်”ဟု မြတ်စွာဘုရားသည် ပယ်မြစ်တော်မူအပ်သော မင်းအစိုးရနှင့်စပ်သော စကားစသည်တို့၌ အပိုင်းအခြားမရှိ ပြောဆိုနားထောင် မွေ့လျော်ခြင်းဖြင့် နေ့ရက်ကုန်ဆုံး အချိန်ဖြုန်းလေ့ရှိသောသူသည် “ဘဿာရာမ”ပုဂ္ဂိုလ် မည်၏၊ ထို့ကြောင့် ဇာတိဝုတ်အဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆို တော်မူလေသည်။

“ယော ဘဂဝတာ ပဋိက္ခိတ္တရာဇကထာဒိဝသေန ရတ္တိန္ဒိဝံ ဝီတိနာမေတိ၊ အယံ ဘဿေ ပရိယန္တကာရိ န ဟောတီတိ ဘဿာရာမောနာမ”။

ဤအဋ္ဌကထာအရ မြတ်စွာဘုရားက မပြောအပ်,မပြောသင့်ဟု ပယ်မြစ်တော်မူအပ်သော မဂ်ဖိုလ်နှင့် ဗိလာဆန့်ကျင်ဘက် အနောက် အရှက်ဖြစ်သော စကားများဟူသည်မှာ—

၁။ ရာဇကထာ— မင်းအစိုးရနှင့် စပ်သောစကား။
၂။ စောရကထာ— သူခိုးဒါးပြနှင့် စပ်သောစကား။
၃။ မဟာမတ္တကထာ— အမတ်,ဝန်ကြီး,ဝန်ကလေးနှင့် စပ်သောစကား။
၄။ သေနာကထာ— စစ်တပ်နှင့် စပ်သောစကား။
၅။ ဘယကထာ— ဘေးရန်နှင့် စပ်သောစကား။
၆။ ယုဒ္ဓကထာ— တိုက်ပွဲနှင့် စပ်သောစကား။
၇။ အန္နကထာ— ဆွမ်းစသည်စားဘွယ်နှင့် စပ်သောစကား။
၈။ ပါနကထာ— သောက်ဘွယ်နှင့် စပ်သောစကား။
၉။ ဝတ္ထကထာ— အဝတ်သင်္ကန်းနှင့် စပ်သောစကား။
၁၀။ သယနကထာ— အိပ်ရာနေရာနှင့် စပ်သောစကား။
၁၁။ မာလာကထာ— ပန်းနှင့် စပ်သောစကား။
၁၂။ ဂန္ဓကထာ— နံ့သာအမွှေးမျိုးနှင့် စပ်သောစကား။
၁၃။ ဉာတိကထာ— ဆွေမျိုးနှင့် စပ်သောစကား။
၁၄။ ယာနကထာ— လှည်းလှေစသည်ယာဉ်နှင့် စပ်သောစကား။
၁၅။ ဂါမကထာ— ရွာနှင့် စပ်သောစကား။
၁၆။ နိဂမကထာ— နိဂုံးနှင့် စပ်သောစကား။

ဤ၌ နိဂုံးဟူသည်မှာ "တတ္ထ အပါကာရပရိက္ခေပေါ သ အာပဏော နိဂမောတိ ဝေဒိတဗ္ဗော"ဟူသော ပါရာဇိကကဏ်အဋ္ဌကထာပါဠ်နှင့်အညီ တံတိုင်းအခြံအရံမရှိဘဲ ကြွယ်ဝချမ်းသာသူ စသည်တို့ဖြင့် စည်ကား၍ ဈေးရှိသောရွာကြီးသည် နိဂုံးမည်၏။

၁၇။ နဂရကထာ— မြို့နှင့် စပ်သောစကား။
၁၈။ ဇနပဒကထာ— ဇနပုဒ်နှင့် စပ်သောစကား။

ဤ၌ ဇနပုဒ်ဟူသည်မှာ "ဇနပဒေါတိ ကေဿ ရညော ရဇ္ဇေ ဧကေကော ကောဋ္ဌာသော"ဟူသော ပါရာဇိကကဏ်အဋ္ဌကထာနှင့်အညီ တခုသောမင်းအစိုးရ၏ တိုင်းပြည်,နိုင်ငံ၌ အသီးသီးသော အဘို့အစုဟု ဆိုအပ်သော တိုင်း,ခရိုင်,မြို့နယ်များသည် ဇနပုဒ်မည်၏။

၁၉။ ဂ္ဂါမကထာ— မိန်းမနှင့် စပ်သောစကား။
၂၀။ သူရကထာ— သူရဲကောင်းနှင့် စပ်သောစကား။
၂၁။ ဝိသိခါကထာ— ခရီးဆုံ,ဘူတာစသည်တို့နှင့် စပ်သောစကား။
၂၂။ ကုမ္ဘဋ္ဌာနကထာ— ရေဆိပ်နှင့် စပ်သောစကား၊ ဝါ၊ အိုးထိန်း ဌာနနှင့် စပ်သောစကား။
၂၃။ ပုဗ္ဗပေတကထာ— ရှေးကသေပြီးသူများနှင့် စပ်သောစကား။
၂၄။ နာနတ္တကထာ— အထူးထူးသောစကား,ထွေရာလေးပါးစကား။
၂၅။ လောကက္ခာယိကာ— လောကကို ဖြဟ္မာဖန်ဆင်းသည်စသည်ဖြင့် ပြောဆိုသောစကား။
၂၆။ သမုဒ္ဒက္ခာယိကာ— သမုဒ္ဒရာနှင့် စပ်သောစကား။
၂၇။ ဣတိ ဘဝါ ဘဝကထာ— သဿတ, ဉစ္ဆေဒ, ဝုဒ္ဓိ, ဟာနိ,ကာမသုခ, အတ္တကိလမထတို့နှင့် စပ်သောစကား။

**မှတ်ချက်**—ရွှေရာဇကထာစသည် နှစ်ဆယ့်ခြောက်ပါးတွင် ဤဣတိဘဝါဘဝ ကထာ ခြောက်ပါးကို ထည့်သဖြင့် တိရစ္ဆာနကထာ သုံးဆယ့်နှစ်ပါး ရှိပါသည်။

သီလက္ခန်ပါဠိတော် မဇ္ဈိမသီလ၌ ဟောတော်မူအပ်သော သင်သည် သုတ်,အဘိဓမ္မာ,ဝိနည်းကိုမသိ၊ ငါသာသိ၏ စသည်ဖြင့် ပြောဆိုငြင်းခုံ ကြောင်း စကား။ "ဝိဂ္ဂါဟိကကထာ"စသည်တို့သည်လည်း "မပြောမဆို အပ်သော စကားများသာ ဖြစ်သည်"ဟု မှတ်ယူသင့်ပါသည်။

ဆိုခဲ့သော ရာဇကထာစသည်အားလုံးတို့သည် ဤမည်သော မင်း, အစိုးရသည် ဤသို့ လုပတင့်တယ်၏၊ ဤသို့ တန်ခိုးအာဏာကြီး၏စသည်ဖြင့် ကာမဂုဏ်ကိုမှီ၍ ပြောဆိုအပ်သော စကားသည်သာလျှင် မပြောအပ်, မပြောသင့်သော တိရစ္ဆာနကထာမည်၍ ဤသို့ တန်ခိုးအာနုဘော် ကြီးသော မင်း,အစိုးရသော်မှလည်း ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏ စသည်ဖြင့် တရားနှင့်ယှဉ်၍ ပြောဆိုမှုကား တိရစ္ဆာနကထာမဟုတ်၊ ပြောဆိုသင့်သည်သာတည်းဟု သီလက္ခန်,သံယုတ်စသော အဋ္ဌကထာတို့၌ မိန့်ဆိုလျက်ရှိလေသည်။

ဆက်ပါဦးမည်၊အကြင်သူသည်ကား တနေ့လုံး,တညလုံးသော်လည်း တရားပေစာ ဒေသနာစကားကို ဟောကြားပြောဆိုနေ၏၊ အမေးပုစ္ဆာ တို့ကို ဖြေကြားဆုံးဖြတ်၍ နေ၏၊ ထိုသူသည် စကားအပိုင်းအခြားကို

ပြုလေ့မရှိသော ဘဿာရာမပုဂ္ဂိုလ်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရား ကိုယ်တော်တိုင်ပင်လျှင် "ငါ၏ ချစ်သား ရဟန်းများတို့ စည်းဝေးထိုင်နေကြကုန်သော သင်တို့သည် ကထာဝတ္ထုဆယ်ပါးကိုမှီ၍ ဖြစ်သော တရားစကားကိုသော်၎င်း, ဒုတိယဈာန်, သို့မဟုတ် မူလ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် ဆိတ်ဆိတ်နေခြင်းကိုသော်၎င်း၊ ဤနှစ်ပါး သော အမှုကိုသာလျှင် ပြုလုပ်နေထိုင်သင့်၏"ဟု မူလပဏ္ဏာသပါဠိ ပါသရာသိသုတ်၌ ဟောတော်မူသည်ဖြစ်ကြောင်းကို ဇာတိဝုတ်အဋ္ဌကထာ၌ မိန့်ဆိုတော်မူပါသည်။

· **အမှာ**—ကထာဝတ္ထုဆယ်ပါးကို တတိယပစ္စဝေက္ခဏာခဏ်း၌ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

နိဒ္ဒါရာမပုဂ္ဂိုလ်— နိဒ္ဒါရာမပုဂ္ဂိုလ်ဟူသည်မှာ အလိုရှိသလောက် ဝမ်းရင်မောက်အောင် စားသောက်ပြီးလျက် ဆွမ်းဆိပ်တက်သဖြင့် ပက်လက်, မှောက်, စောင်း အိပ်စက်လျောင်း၍ ညောင်စောင်းမွေ့ယာ ခြုံလွှာသိမ်မွေ့ အနွေးငွေ့ဟု ထိတွေ့အပ်သော ချမ်းသာကို ဝဲယာ နံတောင်း ပြန်လှန်ပြောင်း၍ လဲလျောင်းသူအားဖြစ်သော ချမ်းသာကို မခန့်မလျော် မိဒ္ဓခေါ်သား အိပ်ပျော်ခြင်းဟူသော ချမ်းသာကို သာယာ လိုလား၍ လိုက်စားသူသည်၎င်း, သွားဆဲ,ထိုင်ဆဲ,ရပ်နေဆဲလည်း အမြဲ ငိုက်မြည်းလေ့ရှိသူသည်၎င်း၊ နိဒ္ဒါရာမည်ကြောင်းကို အောက်ပါအတိုင်း မိန့်ဆိုတော်မူလေသည်။

> "နိဒ္ဒါရာမော တိ ယော ယာဝဒတ္ထံ ဥဒရာဝဒေဟကံ ဘုဉ္ဇိတွာ သေယျသုခံ ပဿသုခံ မိဒ္ဓသုခံ အနုယုဉ္ဇတိ၊ ယော စ ဂစ္ဆန္တော ပိ နိသိန္နော ပိ ဌိတောပိ ထိနမိဒ္ဓါဘိဘူတော နိဒ္ဒါယတိ၊ အယံ နိဒ္ဒါရာမော နာမ"။

ယာဝဒတ္ထံမှစ၍ မိဒ္ဓသုခံတိုင်အောင်သော ပုဒ်တို့ကို မြန်မာ အဓိပ္ပါယ် ပြန်ဆိုရေးသားရာတွင် ဒသနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ တတိယတွဲ ဝိနိဗန္ဓသုတ်အဖွင့် စာမျက်နှာ(၇၀)ကို မှီပါသည်။

နိဒ္ဒါရာမ, ဘဿာရာမပုဂ္ဂိုလ်တို့ကို ထေရဂါထာပါဠိတော်၌ အောက်ပါအတိုင်း ပါရာပရိယရဟန္တာမြတ် ကဲ့ရဲ့တော်မူခဲ့လေသည်။

ဥဒရာဝဒေဟကံ ဘုတွာ၊ သယန္တုတ္တာနသေယျကာ။
ကထံ ဝဒေန္တိ ပဋိဗုဒ္ဓါ၊ ယာ ကထာ သတ္ထု ဂရဟိတာ။ ။

အနက်— တေ၊ ထိုရဟန်းတို့သည်။ ဥဒရာဝဒေဟကံ ဘုတွာ၊ ရင်ခေါင်းအထိ ဝမ်းဗိုက်ပြည့်အောင် စားသောက်ကြကုန်ပြီး၍။ ဥတ္တာန·သေယျကာ၊ ပက်လက်လှန်ကာ လျောင်းစက်ပါ၍။ သယန္တိ၊ ဖျာရာတံဆိပ်ကျောမှာနှိပ်အောင် တမှိတ်မှုးမှုး တရှူးရှူးနှင့် အိပ်ကြူးအိပ်ကြလေကုန်၏။ ပဋိဗုဒ္ဓါသမာနာ၊ နိုးလာကြကုန်သည်ရှိသော်။ ယာ ကထာ၊ အကြင်မင်ဖိုလ်နှင့် ဆန့်ကျင်သော ရာဇကထာစသော စကားကို။ သတ္ထု·ဂရဟိတာ၊ မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူအပ်၏။ တံ ကထံ၊ ထိုဘုရားမကြိုက် လျှာဒုစရိုက်ဖြင့် လူမိုက်တရား ရာဇကထာစသောစကားကို။ ဝဒေန္တိ၊ သူပြောငါပြော တသောသောနှင့် ဝါယောပန်းကာ ပြောဟောကြလေကုန်၏။

အချို့သော ရဟန်းတော်များသည် နေ့ဆွမ်းစားပြီး ပစ္ဆာဘတ္တအခါ၌ တရေးတမှိတ် အိပ်လေ့ရှိကြသည်၊ ထိုသို့ ကရဇကာယ၏ပင်ပမ်းနွမ်းနယ်ခြင်းကြောင့် ဘဝင်သို့သက်၍ ခဏတဖြုတ် အိပ်ပျော်သောသူသည် နိဒ္ဒါရာမပုဂ္ဂိုလ် မဟုတ်ကြောင်းကိုလည်း—

"ယဿ ပန ကရဇကာယဂေလညေန စိတ္တံ ဘဝင်္ဂ ဩတရတိ၊ နာယံနိဒ္ဒါရာမော"ဟူ၍ ရင်းအဋ္ဌကထာ၌ ဆက်လက်မိန့်မှာတော်မူပါသည်။

ထိုသို့ အဋ္ဌကထာဆရာမိန့်မှာတော်မူသောစကားသည် အကြောင်းမဲ့မဟုတ်၊ မြတ်စွာဘုရားသည်ပင်လျှင် နွေလနောက်ပိုင်း နယုန်လ,ဝါဆိုလတို့၌ ဆွမ်းစားပြီးရာ နေ့အခါ၌ ဒုကုဋ်သင်္ကန်းတော်ကို ခေါက်ခင်း၍ လက်ျာနံစောင်းဖြင့် လည်းလျောင်းကာ သတိသမ္ပဇည်မကင်း အိပ်ပျော်ခြင်းသို့ ရောက်လေ့ရှိကြောင်းကို မဇ္ဈိမနိကာယ် မဟာသစ္စကသုတ်၌ ဟောကြားတော်မူသောကြောင့်သာ "ကရဇကာယ၏ ပင်ပမ်းနွမ်းနယ်ခြင်းကြောင့် ဘဝင်သို့သက်၍ ခဏတဖြုတ် အိပ်ပျော်သောသူသည် (ထိနမိဒ္ဓနှိပ်စက်သော)နိဒ္ဒါရာမပုဂ္ဂိုလ်မဟုတ်"ဟု မိန့်မှာတော်မူခြင်းဖြစ်လေသည်။

မြတ်စွာဘုရား၏ ပုရေဘတ္တစသော ကိစ္စငါးပါးကို ဖွင့်ပြရာ သီလက္ခန္ဓ,ဥပရိပဏ္ဏာသစသော အဋ္ဌကထာတို့၌လည်း ပစ္ဆာဘတ္တ နေ့ဆွမ်းစားပြီး နောက်ကာလ၌ ရံခါမြတ်စွာဘုရား ကျိန်းစက်တော်မူလေ့ရှိကြောင်းကို မိန့်ဆိုတော်မူလျက်ရှိကြလေသည်။

ထိုသို့ ကာရဇကာယဂေလည်းကြောင့် ခဏခေတ္တ အိပ်ပျော်သောသူသည် တွေဝေသော သမ္မူဠ္ဌပုဂ္ဂိုလ်၊ ဝါ၊ ထိနမိဒ္ဓနှိပ်စက်သော နိဒ္ဒါရာမပုဂ္ဂိုလ် မဟုတ်ကြောင်းကိုလည်း “န ခေါ အဂ္ဂိဝေဿန ဧဝတာ သမ္မူဠ္ဇော ဝါ ဟောတိ အသမ္မူဠ္ဇော ဝါ” ဟူ၍ ဇင်းမဟာသစ္စကသုတ်၌ပင် မြတ်စွာဘုရား ဟောတော်မူပါသည်။

ထိုသို့ “နေ့ခင်းအခါ ခဏခေတ္တ အိပ်သောသူသည် နိဒ္ဒါရာမပုဂ္ဂိုလ်မဟုတ်၊ မြတ်စွာဘုရားပင် ကျိန်းစက်တော် မူသေးသည်”ဟု အောက်မေ့၍လုံးသွင်း၍ အလွန်အကျူး တရှူးရှူးဖြင့် အမူးအမှုန် အချိန်လွန်အောင် အားသွန်ကြိုးစား၍ အိပ်ရသည်မဟုတ်၊ စင်စစ်သော်ကား နေ့အခါ အိပ်သောရဟန်းသည် ရေချိုး၍ စိုနေသော ဆံပင်များ မခြောက်မီ အိပ်ရာမှ ထမည်ဟု အားထုတ်မှုရှေ့သွား ဆောက်တည်သော စိတ်ထားဖြင့်သာ အိပ်သင့်ကြောင်းကို “ဒိဝါ သုပန္တေန ယာဝ နှာတဿ ဘိက္ခုနော ကေသာ န သုက္ခန္တိ၊ တာဝ သုပိတွာ ဝုဋ္ဌဟိဿာမီတိ သဥဿာဟေန သုပိတဗ္ဗံ”ဟု ပါရာဇိကဏ်အဋ္ဌကထာ သုတ္တဝိဿဂ္ဂ သိက္ခာပုဒ်အဖွင့်၌ မိန့်ဆိုတော်မူလေသည်။

ညအခါအိပ်သောရဟန်းလည်း “ငါသည် ဤမျှသော ညဥ့်အဘို့ ပတ်လုံး အိပ်ပြီးလျှင် လသည်သော်ငင်း, ကြယ်နက္ခတ်သည်သော်ငင်း၊ ဤမည်သောအရပ်သို့ ရောက်ရှိရာအခါ၌ အိပ်ရာမှထမည်”ဟု အားထုတ်မှုရှေ့သွား ဆောက်တည်သောစိတ်ထားဖြင့်သာလျှင် အိပ်သင့်ကြောင်းကို--

> “ရတ္တိံ သုပန္တေန တွေကံနာမ ရတ္တိဘာဂံ သုပိတွာ စန္ဒေန ဝါ တာရကာယ ဝါ ဣဒံနာမဌာနံ ပတ္တကာလေ ဝုဋ္ဌဟိဿာမီတိ သဥဿာဟေန သုပိတဗ္ဗံ”ဟု ဇင်းပါရာဇိကဏ် အဋ္ဌကထာ၌ ဆက်လက်မိန့်ဆိုတော်မူပါသည်။

ထိုသို့ အားထုတ်မှုရှေ့သွား ဆောက်တည်သောစိတ်ထားဖြင့် အိပ်လေ့ရှိသောသူသည်၊ မိမိ၏အားထုတ်မှုရှေ့သွား ဆောက်တည်မှု စိတ်ထားဖြင့် ပိုင်းခြားမှတ်သားအပ်သော အချိန်မှာပင် နိုးလာတတ်ကြောင်းကိုလည်း။

တိကင်္ဂုတ္တရအဋ္ဌကထာ အပဏ္ဏကသုတ်၌—

"ဧဝံ ကရိတွာ သယိတော ဟိ ယထာပရိစ္ဆိန္နေယေဝ ကာလေ ဥဋ္ဌဟတိ"ဟူ၍ မိန့်တော်မူလေသည်။

နေ့ညမဟူ အိပ်သောသူတို့သည် ဗုဒ္ဓါနုဿတိစသော အနုဿတိဆယ်ပါးတို့တွင် တပါးပါးကို သော်၎င်း, အခြား မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းတပါးပါးကိုသော်၎င်း နှလုံးသွင်းသောအားဖြင့်ယူ၍ အိပ်အပ်ကုန်၏ ထိုစကားမှန်၏၊ ဤသို့ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ အိပ်သောသူသည် သတိသမ္ပဇညနှင့် ပြည့်စုံသည်ဖြစ်၍ သတိသမ္ပဇညကို မစွန့်မူ၍ အိပ်ပျော်သောသူဟု ဆိုအပ်ကြောင်းကိုလည်း။

၎င်းပါရာဇိကဏ်အဋ္ဌကထာ၌ပင်—

"ဗုဒ္ဓါနုဿတိအာဒိသု စ ဒသသု ကမ္မဋ္ဌာနေသု ဧကံ အညံ ဝါ စိတ္တရုစိယံ ကမ္မဋ္ဌာနံ ဂဟေတွာဝ နိဒ္ဒါ ဩက္ကမိတဗ္ဗာ"အစရှိသည်ဖြင့် ဆက်လက်မိန့်ဆိုတော်မူပါသည်။

ဆက်ပါဦးမည်၊ သတိသမ္ပဇညနှင့် ပြည့်စုံသည်ဖြစ်၍ သတိသမ္ပဇညကို မစွန့်မူ၍ အိပ်ခြင်းဟူသည်မှာလည်း တိကင်္ဂုတ္တရပါဠိ အပဏ္ဏကသုတ်၌ ဟောတော်မူအပ်သော—

၁။ ဣန္ဒြိယေသု ဂုတ္တဒွါရ— ဣန္ဒြေခြောက်ပါးကို စောင့်ရှောက်ခြင်း။

၂။ ဘောဇနမတ္တညု— ဆွမ်းဘောဇဉ်ကိုခံခြင်း, သုံးဆောင်းခြင်း၌ အတိုင်းအရှည်ကိုသိခြင်း။

၃။ ဇာဂရိယာနုယုတ္တ— နိုးနိုးကြားကြား တရားအားထုတ်မှု၌ ယှဉ်ခြင်းဟု ဆိုအပ်သော သဒ္ဓါပဗ္ဗဇိတ ဝဋ်မှထွက်လို ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့ မချွတ်မယွင်း ကျင့်ဆောင်အပ်သော အပဏ္ဏကပဋိပဒါတို့တွင် သုံးခုမြောက် အပဏ္ဏကပဋိပဒါပင် ဖြစ်လေသည်။

မြတ်စွာဘုရား ပွင့်တော်မူသည်မှ အနှစ်,နှစ်ဆယ်အတွင်းဟု ဆိုအပ်သော ပဌမဗောဓိကာလ၌ကား ဤအပဏ္ဏကပဋိပဒါသုံးပါးကို ကြိုးစားကျင့်ဆောင်တော်မူကြကုန်သော အရှင်မြတ်များချည်းသာဖြစ်တော်

မူကုန်၍ ထိုဇာဂရိယာနုယောဂဟုဆိုအပ်သော တတိယမြောက် အပဏ္ဏက ပဋိပဒါကို ဖြည့်ကျင့်တော်မူကြသောအားဖြင့် ယင်းအပဏ္ဏကသုတ်နှင့် မဟာအဿပုရသုတ်စသည်တို့၌ ဟောတော်မူသည့်အတိုင်း ညဉ့်,နေ့ နှစ်ဆယ့်လေးနာရီအချိန်တို့ကို ခြောက်ပုံပုံ၍ ငါးပုံပတ်လုံး ထိုင်ခြင်း,စင်္ကြံ သွားခြင်းဖြင့် ဘာဝနာပွားများ တရားအားထုတ်လျက် ညဆယ်နာရီမှ သန်းခေါင်နှစ်နာရီခန့်ဟု ဆိုအပ်သော မဇ္ဈိမယာမ်တယာမ် တပုံထည်း၌ သာလျှင် အထက်၌ဆိုခဲ့သည့်အတိုင်း သတိသမ္ပဇညနှင့် ပြည့်စုံသည်ဖြစ်၍ သတိသမ္ပဇညကို မစွန့်မူ၍ အိပ်ကြပြီးလျှင် ပစ္ဆိမယာမ်သို့ ရောက်သည်နှင့် တပြိုင်နက် တဖန်ထ၍ တရားအားထုတ်တော်မူကြပြန်လေသည်။

ထိုသို့ သတိသမ္ပဇညဖြင့်အိပ်၍ အအိပ်မလွန်ဘဲ အချိန်မီ အိပ်ရာမှ နိုးကာ တရားအားထုတ်နိုင်ကြရန် ရည်ရွယ်နှလုံးသွင်း၍လည်း သစ်တုံး ခေါင်းအုံးဖြင့်သာ အိပ်တော်မူလေ့ရှိကြလေသည်။

ထိုစကားမှန်၏၊ အိုရဟန်းတို့....ယခုအခါ၌ ရဟန်းအပေါင်းတို့သည် တရားအားထုတ်မှု၌ မမေ့မလျော့ကုန်သည်ဖြစ်၍ ကိလေသာကို ပူပန်စေ တတ်သော လုလ္လဝီရိယ ရှိကုန်သည်ဖြစ်၍ ထင်းတုံး, သစ်တုံးခေါင်းအုံး ရှိကုန်သည်ဖြစ်၍ နေကြကုန်၏၊ထိုရဟန်းတို့အား ယုတ်မာသော ကိလေသာ မာရ်သည် နှိပ်စက်ရန်အခွင့်မရ,အကြောင်းမရဖြစ်လေသည်၊ အိုရဟန်းတို့-- အနာဂတ်အခါ သာသနာ၌ ရဟန်းတို့သည် နူးညံ့ကုန်သည့်,ပျို့မြစ်သော လက်ခြေရှိကုန်သည် ဖြစ်ကုန်လတ္တံ့၊ ထိုရဟန်းတို့သည် နူးညံ့သော အိပ်ရာ တို့၌,နူးညံ့သော လဲ,ဝါဂွမ်းသွတ်ခေါင်းအုံးတို့၌ နေထွက်သည့်တိုင်အောင် အိပ်ကြကုန်လတ္တံ့၊ ထိုရဟန်းတို့အား ယုတ်မာသော ကိလေသာမာရ်သည် နှိပ်စက်ရန် အခွင့်အကြောင်းကို ကောင်းကောင်းကြီးရလတ္တံ့။

အိုရဟန်းတို့ — ထို့ကြောင့် ဤသာသနာတော်၌ သင်တို့သည် ဤသို့ ကျင့်ကြံအပ်၏၊ အဘယ်သို့ ကျင့်ကြံအပ်သနည်းဟူမူကား "ငါတို့သည် တရားအားထုတ်ခြင်း၌ မမေ့မလျော့ကုန်သည်ဖြစ်၍ ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန လုလ္လရှိကုန်သည်ဖြစ်၍ သစ်တုံးထင်းတုံး ခေါင်းအုံးရှိကုန်သည်ဖြစ်၍ နေကြကုန်အံ့"ဟု ကျင့်ကြံအပ်၏၊ အိုရဟန်းတို့ သင်တို့သည် ဤသို့သာလျှင် ကျင့်ကြံအပ်၏"ဟူသော ဤအဓိပ္ပါယ်ပါ ပါဠိ ဒေသနာတော်ကို ဘုရားဖြစ်တော်မူပြီးသည်မှ အနှစ်နှစ်ဆယ်အတွင်းဟု ဆိုအပ်သော ပဌမဗောဓိကာလမှာပင် နိဒါနဝဂ္ဂသံယုတ် ကလိင်္ဂရသုတ်၌ အောက်ပါအတိုင်း ဟောတော်မူပါသည်။

“ကလိင်္ဂရူပမာနာ ဘိက္ခဝေ ဧတရဟိ ဘိက္ခူ ဝိဟရန္တိ၊ အပ္ပမတ္တာ အာတာပိနော ပဓာနသ္မိံ၊ တေသံ မာရော ပါပိမာ န လဘတိ ဩတာရံ၊ န လဘတိ အာရမ္မဏံ၊ ဘဝိဿန္တိ ဘိက္ခဝေ အနာဂတ-မဒ္ဓါနံ ဘိက္ခူ သုခုမာ မုဒုတလုနဟတ္ထပါဒါ၊ တေ မုဒုကာသု သေယျာသု တူလဗိမ္ဗောဟနာသု ယာဝ သူရိယုဂ္ဂမနာ သေယျံ ကပ္ပိဿန္တိ၊ တေသံ မာရော ပါပိမာ လစ္ဆတိ ဩတာရံ၊ လစ္ဆတိ အာရမ္မဏံ၊ တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ “ကလိင်္ဂရူပမာနာ ဝိဟရိဿာမ အပ္ပမတ္တာ အာတာပိနော ပဓာနသ္မိ”န္တိ၊ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗန္တိ”

ကောသလတိုင်း တောကျောင်း၌ ရဟန်းတပါး နေ့အခါအိပ်စက်သည်ကိုမြင်၍ နတ်သားဘယောက်က သတိပေးသော ဝနသံယုတ် ဥပ-ဍ္ဍာနသုတ်ပါဠိတော်လာ ဂါထာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဥဋ္ဌေဟိ ဘိက္ခု ကိံ သေသိ၊ ကော အတ္ထော သုပိတေန တေ။
အာတုရဿ ဟိ ကာ နိဒ္ဒါ၊ သလ္လဝိဒ္ဓဿ ရုပ္ပတော။ ။

၂။ ယာယ သဒ္ဓါယ ပဗ္ဗဇိတော၊ အဂါရသ္မာနဂါရိယံ။
တမေဝ သဒ္ဓံ ဗြူဟေဟိ၊ မာ နိဒ္ဒါယ ဝသံ ဂမိ။ ။

၁။ အနက်— ဘိက္ခု၊ အိုနာသေမွေး စသည်ဘေးကို ကြိုတွေးမျှော်ရှု အိုဘိက္ခု။ ဥဋ္ဌေဟိ၊ ယခုမြန်စွာ ထလိုက်ပါလော။ ကိံ၊ အဘယ်ကြောင့်။ သေသိ၊ ခေါင်းမြီးခြုံပိတ် မျက်စိမှိတ်၍ အိပ်နေရပါသနည်း။ တေ၊ သင့်အား။ သုပိတေန၊ ခေါင်းမြီးခြုံလျက် အပျင်းဘက်၍ ကိုယ်လက်စင်းစင်း အိပ်နေခြင်းဖြင့်။ ကော အတ္ထော၊ လောကုတ်,လောကီနှစ်လီပွားတိုး တရားမျိုးတွင် ရွယ်ကိုးမြင်သိ အဘယ်မည်သော အကျိုးရှိပါသနည်း။ အနတ္ထော ဝ၊ ရွယ်ရင်းစိုးစိ တမျိုးမှမမိသဖြင့် အကျိုးမရှိသည်သာလျှင်တည်း။ ဟိသစ္စံ၊ ပက်လက်ကျောခင်း အိပ်နေခြင်းဖြင့် လိုရင်းနတ္ထိ ကျိုးမရှိဟု ဆိုဘိမမှား ထိုစကားသည် တရားမကွာ မှန်လှစွာ၏။ အာတုရဿ၊ ကိလေသာကြမ်းဆိုး ဖိလွှမ်းမိုးသဖြင့် ထိုးကျင့်နာကျင်ထသော။ သလ္လဝိဒ္ဓဿ၊ အဝိဇ္ဇာထိပ်ဖူး အဆိပ်လူးသည့် ချွန်စူးလှံသွားတဏှာမြှားဖြင့် နှလုံးသားတွင် စူးစိုက်ဝင်သော။ ရုပ္ပတော၊ လူးလိမ့်မှောက်လှန် အထောက်မတန်အောင် ဘောက်ပြန်စေလတ် ညှဉ်းဆဲ

အပ်သည့် လူနတ်စဗ္ဗာ သတ္တဝါအား။ နိဒ္ဒါ၊ ခေါင်းမြီးခြုံလျက် အပျင်းဘက်၍ ကိုယ်လက်စင်းစင်း အိပ်နေခြင်းသည်။ ကာ၊ လောကုတ်,လောကီနှစ်လီပွားတိုး တရားမျိုးတွင် ရှယ်ကိုးမြင်သိ အဘယ်မည်သော အကျိုးရှိအံ့နည်း။ အနတ္ထာဝ၊ ရှယ်ရင်းစိုးစိ တမျိုးမှမမိသဖြင့် အကျိုးမရှိသည်သာလျှင်တည်း။

၂။ ယာယ သဒ္ဓါယ၊ ပဥ္စင်းဝတ်ရာ ယခင်အခါက ထင်စွာဖြစ်ပွားအကြင်သဒ္ဓါတရားဖြင့်။ အဂါရသ္မာ၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှ။ နိက္ခမိတွာ၊ မရှုမငဲ့ ထွက်လာခဲ့၍။ အနဂါရိယံ၊ အိမ်ရာမထောင် ရဟန်းဘောင်သို့။ ပဗ္ဗဇိတော၊ ဖန်ဝါသင်္ကန်း တင်ကာလွှမ်း၍ ရှင်လန်းသမှုရှင်ရဟန်းပြုခဲ့၏။ တမေဝ သဒ္ဓံ၊ ပဥ္စင်းဝတ်ရာ ထိုအခါက ပိုစွာများပြားထိုသဒ္ဓါတရားကိုသာလျှင်။ ဗြူဟေဟိ၊ ပြန်ဆုတ်နောက်နား ရောက်မသွားအောင် ယောကျ်ားပီစွာ မြှောက်ပွားပါလော။ နိဒ္ဒါယ၊ အိပ်ခြင်း၏။ ဝသံ၊ မပိုအကျိုး အလိုဆိုးသို့။ မာဂမိ၊ နဂိုအမိုက် အလိုလိုက်၍ စိုက်စိုက်လျှောက်ကာ မရောက်ပါနှင့်။

ဤသို့လျှင် ရေးသားဖေါ်ပြခဲ့ပြီးသော ပါဠိ,အဋ္ဌကထာ ဒေသနာတို့ကို ကောင်းစွာစေ့ငု ဘတ်ရှုနှလုံးသွင်းကုန်၍ ကမ္မာရာမ,ဘဿာရာမ, နိဒ္ဒါရာမတို့၏ များပြားလှသော အကျိုးမဲ့အပြစ်တို့ကိုရင်း၊ သကိစ္စကာရီ, ဘဿပရိယန္တကာရီ,ဇာဂရိယာနုယုတ္တတို့၏ များပြားလှသော ကျေးဇူးအကျိုးတရားတို့ကိုရင်း သိမြင်အပ်ပြီဖြစ်သဖြင့် အကျိုးမဲ့ကိုပယ်ရှား အကျိုးရှိကို ပွားများခြင်းဖြင့် ဘုရားရှင်၏ အလိုတော်လည်းကျ မိမိလည်းကောင်းကျိုးရအောင် အားထုတ်ကျင့်ကြံကြကုန်ရာသတည်း။

---

## ပမာဒနှင့် အပ္ပမာဒ

"အပ္ပမာဒေ ပူရတိ"ဟူသော အဋ္ဌကထာပါဠ်၌ အပ္ပမာဒတရားဟူသည်ကို ပမာဒ၏ ဆန့်ကျင်ဘက် အဖြစ်အားဖြင့် သိအပ်ကြောင်းကို "အပ္ပမာဒေါတိ ဧတ္ထ အပ္ပမာဒေါ ပမာဒပ္ပဋိပက္ခတော ဝေဒိတဗ္ဗော"ဟု ဇာတိဝုတ်အဋ္ဌကထာ၌ မိန့်ဆိုတော်မူပါသည်။

ဤသို့ အပ္ပမာဒတရားကို ပမာဒတရား၏ ဆန့်ကျင်ဘက် အပြန် အားဖြင့် သိမှတ်ရမည်ဖြစ်ရာ ရှေးဦးစွာ ပမာဒတရားကို အကျဉ်းပရိယာယ် အားဖြင့် "ကုသိုလ်တရားတို့၌ မေ့လျော့သော အခြင်းအရာ မေ့လျော့ ခြင်း၏အဖြစ်သည် ပမာဒမည်၏"ဟု သိမှတ်သင့်ပါသည်။

ထို့ကြောင့် ဇာတိပုတ်အဋ္ဌကထာ,ဓမ္မပဒအဋ္ဌကထာတို့၌—

"ကောပနေသပမာဒေါ နာမ ပမဇ္ဇနာကာရော" ဟူ၍၎င်း၊ "ပမာဒေါတိ ပမဇ္ဇနာကာရော"ဟူ၍၎င်းမိန့်ဆိုတော်မူကြလေသည်။

ရသင့်သော ပရိယာယ်အကျယ်ဖြစ်သော အခြင်းအရာအားဖြင့်ကား အောက်ပါ ခုဒ္ဒကဝိဘင်းပါဠိတော်အတိုင်း သိမှတ်သင့်ပါသည်။

"တတ္ထ ကတမော ပမာဒေါ၊ ကာယဒုစ္စရိတေ ဝါ ဝစီဒုစ္စရိတေ ဝါ မနောဒုစ္စရိတေ ဝါ ပဉ္စသု ဝါ ကာမဂုဏေသု စိတ္တဿ ဝေါဿဂ္ဂေါ ဝေါဿဂ္ဂါနုပ္ပါဒနံ ကုသလာနံ ဝါ ဓမ္မာနံ ဘာဝနာယ အသက္ကစ္စကိရိယတာ အသာတစ္စကိရိယတာ အနဋ္ဌိတ-ကိရိယတာ ဩလီနဝုတ္တိတာ နိက္ခိတ္တဆန္ဒတာ နိက္ခိတ္တဓုရတာ အနာသေဝနာ အဘာဝနာ အဗဟုလီကမ္မံ အနဓိဋ္ဌာနံ အနနု-ယောဂေါ ပမာဒေါ၊ ယော ဧဝရူပေါ ပမာဒေါ ပမဇ္ဇနာ ပမဇ္ဇိ-တတ္တံ၊ အယံ ဝုစ္စတိ ပမာဒေါတိ"။

**ပါဠိတော်၏ မြန်မာပြန်အဓိပ္ပါယ်**— ထိုမာတိကာ၌ ပမာဒဟူသည်မှာ ဝါ၊ မေ့လျော့ခြင်းဟူသည်မှာ ကာယဒုစရိုက်၌၎င်း, ဝစီဒုစရိုက်၌၎င်း, မနောဒုစရိုက်၌၎င်း, ငါးပါးကုန်သော ကာမဂုဏ်တို့၌၎င်း (သတိဖြင့် မနှိပ်မူ၍) စိတ်ကို လွှတ်ခြင်းသည်, စိတ်ကို အဖန်တလဲလဲ လွှတ်ခြင်းသည်, ကုသိုလ်တရားတို့ကို ပွားများခြင်း၌ ရိုသေစွာ မပြုခြင်းသည်, အမြဲမပြု ခြင်းသည် (ပုတ်သင်သည် အနည်းငယ် သွား၍ အနည်းငယ် ရပ်သကဲ့သို့) အစွဲအမြဲမထား ကြိုးကြားပြုခြင်းသည်, တွန့်ဆုတ်သည်၏ အဖြစ်သည်, ချထားအပ်သော ဆန္ဒရှိသည်၏ အဖြစ်သည်, ချထားအပ်သော ဝီရိယဝန် ရှိသည်၏အဖြစ်သည်, မမှီဝဲခြင်းသည်, မပွားများခြင်းသည်,အကြိမ်များစွာ မပြုခြင်းသည်, ကုသိုလ်ကိုပြုခြင်း၌ မဆောက်တည်ခြင်းသည်, မကြိုးစား ခြင်းသည် ပမာဒမည်၏။

ဤပြဆိုခဲ့သမျှ ပမာဒသည်ငှင်း,ဤမှတပါး ဤသို့သောအခြင်းအရာ, ဤသို့သော သဘောရှိသော အကြင်ကုသိုလ်တရားတို့၌ မေ့လျော့ခြင်း သည်ငှင်း, အကြင်မေ့လျော့သော အခြင်းအရာသည်ငှင်း, အကြင်မေ့ လျော့သူ၏ အဖြစ်သည်ငှင်းရှိ၏၊ ဤအလုံးစုံကို ပမာဒဟူ၍ဆိုအပ်၏။

ဤဝိဘင်းပါဠိတော်အရ ကာယဒုစရိုက်၌ငှင်း, ဝစီဒုစရိုက်၌ငှင်း, မနောဒုစရိုက်၌ငှင်း,ငါးပါးကုန်သော ကာမဂုဏ်တရားတို့၌ငှင်း (သတိဖြင့် မနှိပ်မူ၍)စိတ်ကိုလွှတ်ခြင်းသည် စသည်တို့ဖြင့် ပမာဒတရားကို ပြဆိုခြင်း သည် အခြင်းအရာအာကာရအားဖြင့် ရသင့်သောပရိယာယ်ကို အကျယ် ပြဆိုခြင်းဖြစ်လေသည်။

လက္ခဏာအားဖြင့်ကား "လက္ခဏတော ပနေသ ပဉ္စသု ကာမ- ဂုဏေသု သတိဝေါဿဂ္ဂလက္ခဏော"ဟူသော သမ္မောအဋ္ဌကထာနှင့်အညီ ငါးပါးသောကာမဂုဏ်တို့၌ သတိလွှတ်ခြင်း လက္ခဏာရှိ၏ဟု သိမှတ်သင့် ပါသည်။

အခြင်းအရာအားဖြင့် အထက်၌ဆိုခဲ့သည့်အတိုင်း ထိုကာမဂုဏ် တရားတို့၌ သတိလွှတ်ကင်းခြင်း အခြင်းအရာရှိ၏၊ ဝါ၊ "ကာယဒုစရိုက်၌ ငှင်း"စသည်ဖြင့် ဆိုခဲ့သော ပါဠိတော်မြန်မာပြန် အခြင်းအရာ အကျယ် ပရိယာယ်အားလုံးကို အကျဉ်းချုံးသောအားဖြင့် "သတိ,သတိသမ္ပဇဉ်၏ ဆန့်ကျင်ဘက်အခြင်းအရာရှိသော အကုသိုလ် စိတ္တုပ္ပါဒ်ကို ပမာဒမည်၏" ဟု သိမှတ်သင့်ပါသည်။

ထို့ကြောင့် သမ္မောအဋ္ဌကထာ၌—

"တဗ္ဗိပရီတော သတိယာ ဝိဿဋ္ဌာကာရော ဝေဒိတဗ္ဗော" ဟူ၍ မိန့်ဆိုတော်မူပါသည်။

ဤအဋ္ဌကထာပါဌ်၌ သတိ၏ဆန့်ကျင်ဘက် အခြင်းအရာရှိကုန်သော အကုသိုလ် စိတ္တုပ္ပါဒ်တို့သည် ပမာဒမည်၏ဟု ပြဆိုတော်မူပါသည် ထို့ကြောင့် ဝိဘင်းမူလဋီကာ,အနုဋီကာတို့၌ အောက်ပါအတိုင်း မိန့်ဆို တော်မူကြပါသည်။

"ဝိဿဋ္ဌာကာရောတိ သတိယာ ပစ္စနီကဘူတော စတ္တာရော ခန္ဓေ ဒသေတိ" (မူလ)။

"စတ္တာရောခန္ဓေဒသောတိတိ ဇုမိနာ သတိဝေါသာဂ္ဂါ-ကာရပ္ပဝတ္တာ စတ္တာရော အကုသလက္ခန္ဓာ ပမာဒေါတိ ဝဒတိ" (အနု)။

အင်္ဂုတ္တိုရ်ဋ္ဌကာ အဋ္ဌကရာသဿတဝဂ်၌လည်း–

"ပမာဒေါ ပန သတိယာ သတိသမ္ပဇညဿ ဝါ ပဋိပက္ခ-ဘူတော အကုသလစိတ္တုပ္ပါဒေါ ဒဋ္ဌဗ္ဗော" ဟူ၍ မိန့်ဆိုတော်မူပါသည်။

ဤသို့ ပြဆိုခဲ့ပြီးသော စကားအစဉ်တို့ဖြင့် ပမာဒတရားကို အကျဉ်းသိဘွယ် ပရိယာယ်အခြင်းအရာအားဖြင့်၎င်း, အကျယ်သိဘွယ် ပရိယာယ်အခြင်းအရာအားဖြင့်၎င်း,လက္ခဏာအားဖြင့်၎င်း,ထိုအခြင်းအရာ လက္ခဏာတို့ဖြင့် သိမှတ်အပ်သော တရားကိုယ်အားဖြင့်၎င်း အပ္ပမာဒတရားကို မှတ်သားသိမြင်အပ်ပြီဖြစ်သဖြင့်၊ ယခုအခါ၌ "အပ္ပမာဒေါ ပမာဒပဋိ-ပက္ခတော ဝေဒိတဗ္ဗော" ဟူသည်နှင့်အညီ၊ အပ္ပမာဒတရားကို ပမာဒတရားနှင့် ဆန့်ကျင်ဘက် အပြန်အားဖြင့် အောက်ပါအတိုင်း သိမြင်အပ်ပါသည်။

အကျဉ်းသိဘွယ် ပရိယာယ်အားဖြင့် ကုသိုလ်တရားတို့၌ အမြဲမမေ့မလျော့သော အခြင်းအရာ,မမေ့မလျော့ခြင်း၏အဖြစ်သည်၊ ဝါ၊ အမြဲသတိမကင်း အောက်မေ့ထင်မြင်ခြင်းသည် အပ္ပမာဒမည်၏။

ထို့ကြောင့် ဇာတိပုတ်အဋ္ဌကထာ,ဓမ္မပဒအဋ္ဌကထာစသည်တို့၌–

"အတ္တတော ဟိသော သတိယာ အဝိပ္ပဝါသော၊ နိစ္စံ ဥပဋ္ဌိ-တဿတိယာ တေံ နာမံ"ဟူ၍ မိန့်ဆိုတော်မူကြလေသည်။

ရသင့်သော ပရိယာယ်အကျယ်အားဖြင့် ကာယဒုစရိုက်၌၎င်း, ဝစီဒုစရိုက်၌၎င်း,မနောဒုစရိုက်၌၎င်း,ငါးပါးကုန်သော ကာမဂုဏ်တို့၌၎င်း သတိဖြင့်ထိန်းကွပ် စိတ်ကိုမလွှတ်ခြင်းသည် ကုသိုလ်တရားတို့ကို အမြဲအားထုတ်ခြင်းသည် ကုသိုလ်တရားတို့၌ မတွန့်မဆုတ်သည်၏အဖြစ်သည် ကုသိုလ်တရားတို့၌ မချအပ်သောဆန္ဒရှိသည်၏အဖြစ်သည်။ပ။ "အပ္ပမာဒ" မည်၏၊ ဤသို့ပြဆိုခဲ့သမျှသော အပ္ပမာဒသည်၎င်း,ဤမှတပါး ဤသို့သော အခြင်းအရာ ဤသို့သောသဘောရှိသော အကြင်ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းသည်၎င်း, အကြင် မမေ့မလျော့သောအခြင်းအရာသည်၎င်း၊

အကြင်မမေ့မလျော့သူ၏ အဖြစ်သည်ဂုဏ်းရှိ၏၊ ဤအလုံးစုံကို “အပ္ပမာဒ” ဟူ၍ ဆိုအပ်၏ဟု ပါဠိတော်၏မြန်မာပြန် အဓိပ္ပါယ်လာ ပမာဒ၏ အကျယ် အခြင်းအရာကို အပြန်ပြု၍ ယူသောအားဖြင့်လည်း အပ္ပမာဒတရားကို သိမှတ်သင့်ပါသည်။

ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ အဋ္ဌရာသဿ်ာတဝဂ်အဖွင့်၌—

“အပ္ပမာဒေါ ပမာဒဿ ပဋိပက္ခဝသေန ဝိတ္ထာရတော ဝေဒိ-တဗ္ဗော”ဟု ဖွင့်ဆိုတော်မူပါသည်။

· လက္ခဏာအားဖြင့်ကား၊ ကာမဂုဏ်ငါးပါးတို့၌ သတိမလွှတ်ခြင်း, ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း လက္ခဏာရှိ၏၊ ဤကား အပ္ပမာဒ တရားကို ပမာဒတရား၏ ဆန့်ကျင်ဘက် အပြန်အားဖြင့် သိမှတ်ရမည် ဟူသော အဋ္ဌကထာ၏ မိန့်မှာချက်အရ လက္ခဏာအားဖြင့်လည်း ဖြစ်သင့် သလို အပြန်ယူ၍ ပြဆိုခြင်း ဖြစ်ပါသည်။

ထို့အတူ အခြင်းအရာအားဖြင့်လည်း ကာမဂုဏ်ငါးပါးတို့၌ သတိ မကင်းမှု, ကုသိုလ်တရားတို့၌ မမေ့မလျော့မှုဟူသော အခြင်းအရာရှိ၏ဟု မှတ်ယူသင့်သည့်ပြင် သတိနှင့်၊ ဝါ၊ သတိသမ္ပဇည်နှင့် ယှဉ်သောအားဖြင့် ဖြစ်ကုန်သော ကုသိုလ်စိတ္တုပ္ပါဒ် အားလုံးတို့သည် အပ္ပမာဒမည်၏ ဟူ၍ လည်း သိမှတ်သင့်ပါသည်၊ ထိုစကားမှန်၏၊ ဇာတိဝုတ်အဋ္ဌကထာ၌ပင်—

“အပရေ ပန သတိသမ္ပဇညယောဂေန ပဝတ္တာ စတ္တာရော အရူပိနော ခန္ဓာ အပ္ပမာဒေါတိ ဝဒန္တိ”ဟု မိန့်ဆိုတော်မူလျက် ရှိပါသည်။

ဤသို့ ရေးသားဖော်ပြခဲ့ပြီးသော စကားအစဉ်တို့ဖြင့် ပမာဒတရား၏ ဆန့်ကျင်ဘက်ဖြစ်သော အပ္ပမာဒတရားကို အပြန်အလှန်ယူ၍ ရေးသား ညွှန်ပြခြင်းကား ပြည့်စုံပြီဟု ယူဆပါသည်၊ ဆက်လက်ဖော်ပြလိုသည်မှာ ထို“အပ္ပမာဒ”ဟူသော အမည်သည်များမြတ်သော အနက်သဘောကို သိမ်းကြုံးယူငင်၍တည်၏”ဟု သိမှတ်သင့်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ, ဇာတိဝုတ်အဋ္ဌကထာတို့၌—

“တတ္ထ အပ္ပမာဒေါတိပဒံ မဟန္တံ အတ္ထံ ဒီပေတိ၊ မဟန္တံ အတ္ထံ ဂဟေတွာ တိဋ္ဌတိ”ဟု မိန့်ဆိုတော်မူကြလေသည်။

ထိုအဋ္ဌကထာ ဆရာတို့၏ မိန့်မှာ မြွက်ကြားတော် မူအပ်သော စကားသည် မှန်၏၊ ပိဋကတ်သုံးပုံအလုံးစုံဟုဆိုအပ်သော မြတ်စွာဘုရား၏ တရားဒေသနာတော်ကို အပ္ပမာဒဟူသောပုဒ်၏ အနက်အဓိပ္ပါယ်ပြု၍ဖွင့်ဆို ဟောကြားရေးသားဖော်ပြသင့်၏ မြတ်စွာဘုရား၏ တရားဒေသနာသုံးဖြာ ပိဋကတ်မှခပါ်ဌညသုံ အလုံးစုံသည် ထို"အပ္ပမာဒ"ဟူသောပုဒ်၏ အနက် အဓိပ္ပါယ် ပရိယာယ်အတွင်းသို့ သက်ဆင်းဝင်ရောက်နိုင်သည်သာတည်း၊ ထို့ကြောင့် မြတ်စွာဘုရားသည်ပင် လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားဓမ္မဟူသမျှတို့ကို ပရိနိဗ္ဗာန ညောင် စောင်း၌ လျောင်းတော်မူသောအခါဝယ် "အပ္ပမာဒေန သမ္ပာဒေထ"ဟု "အပ္ပမာဒ"ပုဒ်၌ နိဂုံးအုပ်သိမ်းရုံး၍ နောက်ဆုံးအနေအားဖြင့် ဟော ကြားမိန့်မှာတော်မူခဲ့သည်မဟုတ်ပါလော။

---

## အပ္ပမာဒတရားအမြတ်ဆုံး

ဤသို့ဆိုခဲ့သည့်အတိုင်း"အပ္ပမာဒ"ဟူသော အမည်သည် ကြီးကျယ် များပြားသော အနက်သဘောကို ထွန်းပြရုံ,သိမ်းကြုံးယူငင်ရုံသာမကသေး မြတ်စွာဘုရားသည် အားလုံးသော သတ္တဝါတို့ထက် အမြတ်ဆုံးဖြစ်တော် မူသကဲ့သို့ပင် အပ္ပမာဒတရားသည်လည်း အားလုံးသော ကုသိုလ်တရား တို့ထက် အမြတ်ဆုံးဖြစ်တော်မူသည်ကို—

"ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါ ဝါ ဒွိပဒါဝါ စတုပ္ပဒါ ဝါ ဗဟုပ္ပဒါ ဝါ" အစရှိသည်ဖြင့် အင်္ဂုတ္တရနိကာယ် အပ္ပမာဒသုတ်၌ရင်း၊ သံယုတ္တနိကာယ်တထာဂတသုတ်, ပဒသုတ်စသည်တို့၌ရင်း ဟောတော် မူပါသည်၊ ထိုသို့ ဟောတော်မူအပ်သော သုတ်ပါဠိတော်တို့၏ မြန်မာပြန် အဓိပ္ပါယ်ကို အောက်ပါအတိုင်း ရေးသားဖော်ပြပါဦးမည်။

ရဟန်းတို့ အခြေမရှိသော သတ္တဝါ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါ၊ အခြေလေးချောင်းရှိသော သတ္တဝါ၊ အခြေများစွာရှိသော သတ္တဝါ၊ ရုပ်ရှိသော သတ္တဝါ၊ ရုပ်မရှိသော သတ္တဝါ၊ သညာရှိသော သတ္တဝါ၊ သညာမရှိသော သတ္တဝါ၊ သညာရှိသည်လည်းမဟုတ် မရှိသည် လည်းမဟုတ်သော သတ္တဝါဟူသမျှတို့တွင် ပူဇော်အထူးကိုခံတော်မူထိုက် သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော

မြတ်စွာဘုရားကို အမြတ်ဆုံးဟုဆိုအပ်၏၊ ရဟန်းတို့ ဤအတူပင် ကုသိုလ်တရားအားလုံးတို့သည် မမေ့မလျော့မှု“အပ္ပမာဒ”လျှင် အခြေခံရှိကုန်၏၊ မမေ့မလျော့မှု “အပ္ပမာဒ”သို့ ပေါင်းဆုံကုန်၏၊ ထိုကုသိုလ်တရားတို့တွင် မမေ့မလျော့မှု “အပ္ပမာဒ”ကို အမြတ်ဆုံးဟု ဆိုအပ်၏။

ရဟန်းတို့ ကုန်းမြေ၌ ကျက်စားသွားလာကုန်သော သတ္တဝါတို့၏ ခြေရာဟူသမျှတို့သည် ဆင်ခြေရာ၌ ပေါင်းဆုံခြင်းသို့ ရောက်ကုန်သကဲ့သို့ ထိုခြေရာတို့တွင် ဆင်ခြေရာကို ကြီးသောသဘောကြောင့် အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ကုသိုလ်တရားအားလုံးတို့သည် မမေ့မလျော့မှု “အပ္ပမာဒ”လျှင် အခြေခံရှိကုန်၏၊ မမေ့မလျော့မှု “အပ္ပမာဒ”သို့ ပေါင်းဆုံကုန်၏၊ ထိုကုသိုလ်တရားတို့တွင် မမေ့မလျော့မှု “အပ္ပမာဒ”ကို အမြတ်ဆုံးဟု ဆိုအပ်၏။

ရဟန်းတို့ အထွဋ်တပ်သောအိမ်၏အခြင် (ရနယ်)အားလုံးတို့သည် အထွဋ်သို့ရောက်ကုန်, အထွဋ်သို့ညွတ်ကုန်, အထွဋ်၌ပေါင်းဆုံကုန်သကဲ့သို့ ထိုအခြင် (ရနယ်)တို့ထက် အထွဋ်ကို အမြတ်ဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ကုသိုလ်တရားအားလုံးတို့သည် မမေ့မလျော့မှု “အပ္ပမာဒ”လျှင် အခြေခံရှိကုန်၏၊ မမေ့မလျော့မှု“အပ္ပမာဒ”သို့ ပေါင်းဆုံကုန်၏၊ ထိုကုသိုလ်တရားတို့တွင် မမေ့မလျော့မှု“အပ္ပမာဒ”ကို အမြတ်ဆုံးဟု ဆိုအပ်၏။

ရဟန်းတို့ အမြစ်နံ့သာ အားလုံးတို့တွင် အကျော်ကို အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ ရဟန်းတို့ အနှစ်နံ့သာ အားလုံးတို့တွင် စန္ဒကူးနီကို အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ ရဟန်းတို့ အပွင့်နံ့သာ အားလုံးတို့တွင် မြတ်လေးပန်းကို အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ ရဟန်းတို့ မင်းငယ်ဟူသမျှ အားလုံးတို့သည် စကြဝတေးမင်း၏ နောက်လိုက်ဖြစ်ကုန်သကဲ့သို့ စကြဝတေးမင်းကို ထိုမင်းတို့ထက် အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ ရဟန်းတို့ ကြယ်တာရာတို့၏ အရောင်ဟူသမျှ အားလုံးတို့သည် လရောင်၏ တဆယ့်ခြောက်စိတ် တစိတ်မျှ မထိုက်ကုန်သကဲ့သို့ ထိုအရောင်တို့ဘွင် လရောင်ကို အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ ။ ရဟန်းတို့ သရဒအခါ မိုးသည်ပြင့်၍ မိုးသားတိမ်ဘိုက် ကင်းစင်လတ်သော် နေသည်ကောင်းကင်သို့တက်လျက် ကောင်းကင်ပြင်

အားလုံးရှိ အမိုက်တိုက်ကို ဖြိုခွင်းဖျက်ဆီး၍ တောက်ပထွန်းလင်း တင့်တယ်သကဲ့သို့ ရဟန်းတို့ ဤအတူပင်။ပ။ ရဟန်းတို့ ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီဟူသော မြစ်ကြီးအားလုံးတို့သည် သမုဒ္ဒရာသို့ သွားကုန်, သမုဒ္ဒရာသို့ ညွတ်ကုန်, သမုဒ္ဒရာသို့ ကိုင်းကုန်,သမုဒ္ဒရာသို့ ရှိုင်းကုန်သကဲ့သို့ ထိုမြစ်ကြီးတို့ထက် သမုဒ္ဒရာကို အသာဆုံးဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ကုသိုလ်တရားအားလုံးတို့သည် မမေ့မလျော့မှု"အပ္ပမာဒ"လျှင် အခြေခံရှိကုန်၏၊ မမေ့မလျော့မှု "အပ္ပမာဒ"သို့ ပေါင်းဆုံကုန်၏၊ မမေ့မလျော့မှု"အပ္ပမာဒ"ကို ထိုကုသိုလ်တရားတို့တွင် အမြတ်ဆုံးဟု ဆိုအပ်၏ဟု မိန့်တော်မူ၏။

ဤအပ္ပမာဒသုတ်စသည်ကို ဘာသာပြန်ဆိုရာ၌"အပ္ပမာဒေါ တေသံ အဂ္ဂမက္ခာယတိ"ဟူ၍ ဟောတော်မူသည့်အတိုင်း "ထိုကုသိုလ်တရားတို့တွင် မမေ့မလျော့ခြင်း အပ္ပမာဒတရားကို အမြတ်ဆုံး"ဟု ဆိုအပ်၏"ဟု ဘာသာပြန်ဆိုလျက် ရှိပါသည်၊ ဤအရာ၌ အပ္ပမာဒတရားသည် လောကီတရားသာလျှင် မဟုတ်ပါလော ကုသိုလ်တရားတို့သည်ကား မဂ်လေးပါး လောကုတ္တရာတရားလည်း ပါဝင်၍ လောကုတ္တရာလည်း ဖြစ်ကုန်၏ ဤအပ္ပမာဒတရားသည် ကာမာဝစရတရားသာဖြစ်၍ ကုသိုလ်တရားတို့သည်ကား လောကုတ္တရာအပါအဝင် စတုဘူမကတရား ဖြစ်ကုန်၏၊ အဘယ်သို့လျှင် အပ္ပမာဒတရားသည် ထိုလောကုတ္တရာတရားအပါအဝင် ကုသိုလ်တရားအားလုံးတို့ထက် အမြတ်ဆုံးဖြစ်နိုင်ပါသနည်း? ဤကား အမေးဖြစ်ပါသည်။

အဖြေကား အပ္ပမာဒတရားသည် ထိုလောကုတ္တရာ မဂ်လေးပါး အပါအဝင် ကုသိုလ်အားလုံးတို့ကို ရယူကြောင်း၏ အဖြစ်ကြောင့် အမြတ်ဆုံးဖြစ်ပါသည်၊ ထိုစကားသည်မှန်၏၊ ထိုလောကုတ္တရာ မဂ်လေးပါး အပါအဝင် ကုသိုလ်တရား အားလုံးတို့ကို အပ္ပမာဒတရားဖြင့် ရယူကုန်၏၊ ထို့ကြောင့် အမြတ်ဆုံးဖြစ်၏ ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ သံယုတ်အဋ္ဌကထာတို့၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူကြလေသည်။

"နနု စေသ လောကိယောဝ၊ ကုသလဓမ္မာ ပန လောကုတ္တရာပိ၊ အသဥ္စ ကာမာဝစရောဝ၊ ကုသလဓမ္မာ ပန စတုဘူမကာ၊ ကထံ မေသ တေသံ အဂ္ဂေါတိ? ပဋိလာဘကတ္တေန၊ အပ္ပမာဒေန ဟိ တေ ပဋိလဘန္တိ၊ တသ္မာ သော တေသံ အဂ္ဂေါ"။

ဤမျှမကသေး အပ္ပမာဒတရားသည် လူဒါယကာတို့အား စည်းစိမ် အသုံးအဆောင်, အနှောက်အယှက်ကင်းသော အမှုကိစ္စ, ကျန်းမာရေး, အတတ်ပညာ, အခွေအရံ အစရှိကုန်သော ပစ္စုပ္ပန်အကျိုးစီးပွားကိုရင်း, ရဟန်းတို့အား ပစ္စည်းလေးပါး,ထိုပစ္စည်းလေးပါးကို မပင်မပန်း ရယူခြင်း, ထိုပစ္စည်းလေးပါး၌ ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ခြင်း, ပညာဖြင့် ဆင်ခြင်၍ မအပ်သည်ကို ရှောင်ကြဉ်ခြင်း, စင်ကြယ်သည်ကို ပြုခြင်း, အလိုနည်းခြင်း,ရောင့်ရဲလွယ်ခြင်း,အစရှိသော ပစ္စုပ္ပန်အကျိုးစီးပွားကိုရင်း, လူရဟန်းနှစ်ဦးတို့အား ဆက်ဆံကုန်သော သင့်တင့်သော အရပ်၌နေခြင်း, သူတော်ကောင်းကို မှီဝဲခြင်း, သူတော်ကောင်းတရားကို ကြားနာခြင်း, အသင့်အတင့် နှလုံးသွင်းခြင်း အစရှိကုန်သော ပစ္စုပ္ပန် အကျိုးစီးပွား တို့ကိုရင်း, လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာဟုဆိုအပ်သော တမလွန် အကျိုးစီးပွားကိုရင်း ရယူနိုင်၏ဟု ဇာတိစုတ်ပါဠိ ဥဘယတ္ထသုတ်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

"ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဥဘော အတ္ထေ သမဓိဂယှ တိဋ္ဌတိ ဒိဋ္ဌဓမ္မိကဉ္စေဝ အတ္ထံ သမ္ပရာယိကဉ္စ ကတမော ဧကဓမ္မော ? အပ္ပမာဒေါ ကုသလေသု ဓမ္မေသု"။

**အနက်**—ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတော၊ ပွားများအပ်သော။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာပြုအပ်သော။ ဧကဓမ္မော၊ တခုသော တရားသည်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက်အတ္တဘော၌ သိအပ်ခံစားအပ်သော။ အတ္ထဉ္စေဝ၊ အကျိုးစီးပွားကိုရင်း။ သမ္ပရာယိကံ၊ တမလွန်ဘဝ၌ရယူအပ် သော။ အတ္ထဉ္စ၊ အကျိုးစီးပွားကိုရင်း။ ဥဘော၊ နှစ်ပါးကုန်သော။ အတ္ထေ၊ အကျိုးစီးပွားတို့ကို။ သမဓိဂယှ၊ ကောင်းစွာယူ၍။ တိဋ္ဌတိ၊ တည်၏။ ဧကဓမ္မော၊ တခုသောတရားသည်။ ကတမော၊ အဘယ်ပါနည်း။ ကုသလေသုဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အပ္ပမာဒေါ၊ မမေ့မလျော့ ခြင်းတည်း။

ဤပါဠိတော်၌ "ဘာဝိတော ဗဟုလီ ကတော"ဟူသော ပုဒ်များ အရ အပ္ပမာဒတရားကို အဘယ်သို့ပွားများရ အကြိမ်များစွာပြုရပါ မည်နည်းဟု စဉ်းစားဆင်ခြင်ခဲ့သည်ရှိသော် အပ္ပမာဒတရားကိုပွားများခြင်း အကြိမ်များစွာ ပြုခြင်းမည်သည်မှာ အသီးအခြားရှိသည်မဟုတ် အကြင် တစုံတခုသော ကောင်းမှုကိုပြုခြင်း ကုသိုလ်ကိုပြုခြင်းသည်ရှိ၏ ထိုကောင်းမှု

ကုသိုလ်ကိုပြုခြင်း အလုံးစုံသည် အပ္ပမာဒတရားကို ပွားများသည် အကြိမ်များစွာပြုသည်မည်၏ဟု သိမှတ်သင့်ပါသတည်း၊ ထို့ကြောင့် ဇာတိဝုတ် အဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူပါသည်။

"ဘာဝိတော ဗဟုလီကတောတိ ဝုတ္တံ၊ ကထံ ပနာယံ အပ္ပမာဒေါ ဘာဝေတဗ္ဗောတိ၊ န အပ္ပမာဒဘာဝနာ နာမ ဝိသုံ ကောဘာဝနာ အတ္ထိ၊ ယာပတိ ကာစိ ပုညကိရိယာ ကုသလကိရိယာ၊ သဗ္ဗာ သာ အပ္ပမာဒဘာဝနာတွေ့ဝ ဝေဒိတဗ္ဗာ"။

ဤသို့ ရေးသားဖေါ်ပြခဲ့ပြီးသော စကားအစဉ်တို့ဖြင့် ဤအဋ္ဌမမြောက် ပစ္စဝေက္ခဏာပါဠိ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် သိမြင်၍ ဆင်ခြင်နိုင်လောက်ပြီဟု ယုံကြည်ပါသည်၊ နိဂုံးချုပ်အနေအားဖြင့် မှာကြားတိုက်တွန်းလိုသည်မှာ ဤအဋ္ဌမမြောက် ပစ္စဝေက္ခဏာကို ဟောကြားတော်မူရာ၌ မြတ်စွာဘုရား၏ ရည်ရွယ်ချက် အလိုတော်မှာ ဤပစ္စဝေက္ခဏာကို ဆင်ခြင်၍ အပ္ပမာဒတရားကို ဖြည့်ကျင့်ရန်ပင် ဖြစ်သည်အားလျော်စွာ ထိုအပ္ပမာဒတရားကို ကြိုးစားသဖြင့် တိုးပွားဆင့်၍ ဖြည့်ကျင့်ရန်ပင် ဖြစ်ပါသတည်း။

**အဋ္ဌမမြောက် ပစ္စဝေက္ခဏာ ပြီး၏။**

---

## ၉-နဝမမြောက် ပစ္စဝေက္ခဏာ

"ကစ္စိ နုခေါ် အဟံ သုညာဂါရေ အဘိရမာမီတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ" ဤနဝမမြောက် ပစ္စဝေက္ခဏာပါဠိတော်၌ သုညာဂါရ (ဆိတ်ငြိမ်ရာ) ဟူသည်ကို "သုညာဂါရဂတော" ဟူသော ဥဒါန်းပါဠိဘဒ္ဒိယသုတ်၌ကဲ့သို့ ၎င်းအဖွင့်အားလျော်စွာ အရည်,ရုက္ခမူလတို့မှ တပါးသော လူသူမပြွမ်း ရဟန်းတို့အား လျောက်ပတ်သော တောင်,ချောက်,ဂူလိုဏ်စသည်တို့ကိုသာ "သုညာဂါရ"ဟူ၍ သိမှတ်ရမည်လည်း မဟုတ်၊ ၎င်းပုဒ်၏ နောက်တနည်းအဖွင့်အားလျော်စွာ သမာဓိ၏ဆန့်ကျင်ဘက် တံကျင်သဘွယ်ဖြစ်ကုန်သော အသံအမျိုးမျိုးတို့၏ မရှိသည်၏အဖြစ်ကြောင့် ဆိတ်ငြိမ်သော တစုံတခုသော ကျောင်းကန်စသည်

အသောက်အဦးကိုသာ "သုညာဂါရ"ဟု သိမှတ်ရမည်လည်း မဟုတ်၊ စင်စစ်သော်ကား"သုညာဂါရံပဝိဋ္ဌဿ"ဟူသော ဓမ္မပဒပါဠိ"ဖြူဟေတာ သုညာဂါရာနံ"ဟူသော ဇာတိဝုတ်ပါဠိတို့၌ကဲ့သို့ လူသံစသည် ကင်းဆိတ်သဖြင့် အပေါင်းမမျှော် အဖေါ်မပါ ကိုယ်ထည်းသာလျှင် ဘာဝနာတရားကို ကြိုးစားအားထုတ်သော ရဟန်းသူတော်ကောင်းအား တော, တောင်,မြိုင်ခွင် အာရညကင်နှင့် သစ်တပင်ရင်း,ဝါးတပင်အောက်,တောင်ချောက်, ကမ်းပြတ်, စရပ်,တန်ဆောင်း,အိမ်,ကျောင်း အပါအဝင် တစုံတခု သော နေရာဌာနကို"သုညာဂါရ"ဟူ၍ သိမှတ်ရပါမည်။

ထို့ကြောင့် ဤသုတ်၏ အဋ္ဌကထာ၌—

> "သုညာဂါရေ အဘိရမာမိတိ ဝိဝိတ္တောကာသေ သဗ္ဗိရိယာ·ပထေသု ကေကော၀ ဟုတွာ ကစ္စိ နုခေါ အဘိရမာမိတိ အတ္ထော" ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဤအဋ္ဌကထာပါဠ်၌"ဝိဝိတ္တောကာသေ"ဟူသော ပုဒ်ဖြင့် "သုညာ·ဂါရေ"အရ ဆိုခဲ့သော တော,တောင်စသည် ဆိတ်ငြိမ်ရာ အားလုံး ဖြစ်သည်ကို သိသာစေပါသည်။

"အဘိရမန္တိ"အရ မွေ့လျော်ခြင်း ဟူသည်မှာလည်း"ရမန္တိ မွေ့ရတိယာ" စသည်တို့၌ကဲ့သို့ စိတ္တဝိဝေက ဥပဓိဝိဝေက နှစ်ပါးတို့ဖြင့် မွေ့လျော်ခြင်းသည်"အဘိရမာမိ"အရ မွေ့လျော်ခြင်းမည်၏ဟု သိမှတ်သင့်သည်လည်းမဟုတ် "ဝိတရာဂါ ရမိဿန္တိ"စသည်တို့၌ကဲ့သို့ ဝိဝေက သုံးပါးဖြင့် မွေ့လျော်ခြင်းသည်"အဘိရမာမိ"အရမွေ့လျော်ခြင်းမည်၏ဟု သိမှတ်ရမည်လည်းမဟုတ် စင်စစ်မှာ "ဝနန္တေ ရမိတောသိယာ"စသည် တို့၌ကဲ့သို့ နေက္ခမ္မဓါတ်ဿဿယ,နေက္ခမ္မဝိတက်တို့ဖြင့် ဂဏသင်္ဂဏိက,အကုသလဝိတက်တို့ကို ခါထွက်ဖျက်ဆီး၍ အပေါင်းမမျှော် အဖေါ်မပါ ကိုယ်ထည်း သာလျှင် ဘာဝနာနှစ်လီ နှလုံးမှီလျက် ကေဝ်ဘာဝ ကာယဝိဝေကဖြင့် မျှတနှလုံး သီတင်းသုံး၍ ရှင်ပြုံးမွေ့လျော်ခြင်းသည်သာလျှင် "အဘိ·ရမာမိ"အရ မွေ့လျော်ခြင်းမည်၏ဟု သိမှတ်သင့်ပါသည်၊ ထို့ကြောင့် အဋ္ဌကထာ၌ "ကေကော၀ ဟုတွာ"ဟူသော ပုဒ်တို့ဖြင့် အဘိရမာမိကို အထူးမ,၍ ဖွင့်ဆိုတော်မူသည့်ပြင် "ဧဝံ ပဋ္ဌဝေက္ခတော ကာယဝိဝေကော ပရိပူရတိ"ဟူ၍လည်း ဆက်လက်မိန့်ဆိုတော်မူပါသည်။

အထူးမှာထားလိုသည်မှာ "ကေကာဝ ဟုတွာ"ဟူသောပါဠိဖြင့် ကာယဝိဝေကကိုသာ ဖွင့်ဆို၍ ကြွင်းသော စိတ္တဝိဝေက,ဥပဓိဝိဝေကတို့ကို ချွင်းချန်တော်မူခဲ့ခြင်းသည် ၎င်းဝိဝေကနှစ်ပါးတို့ကား တရားကိုယ်အားဖြင့် အစဉ်အတိုင်း သမာပတ်ရှစ်ပါး နိဗ္ဗာန်တရားသာဖြစ်၍ သမာပတ်ကို ဝင်စားခြင်း နိဗ္ဗာန်ကိုအာရုံပြုခြင်းဖြင့် မွေ့လျော်သလော မမွေ့လျော် သလောဟု တွေးတောဆင်ခြင်ဘွယ်မရှိ မွေ့လျော်ကောင်းသည်သာလျှင် ဖြစ်ရကား"ကစ္စိ နုခေါ အဘိရမာမိ"ဟူသော ပါဠိတော်ဖြင့် ဆင်ခြင် အပ်သောအနက် မြတ်စွာဘုရား၏ ရည်ရွယ်ချက်မဟုတ်သောကြောင့် အဋ္ဌ ကထာဆရာ ချန်ထားတော်မူခဲ့ခြင်းဖြစ်ကြောင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဤနဝမပစ္စဝေက္ခဏာပါဠိကို အောက်ပါအတိုင်း အနက်ပေးခဲ့ပါသည်။

ကစ္စိ၊ အသို့နည်း။ အဟံ၊ ငါသည်။ သုညာဂါရေ၊ လူသံသူသံ ဆူညံကင်းဆိတ် အလွန်တိတ်တဲ့ ဝိဝိတ္တဋ္ဌာနာ ဆိတ်ငြိမ်ရာ၌။ အဘိရမာမိ- နုခေါ၊ အပေါင်းမမျှော် အဖော်မမှီး တကိုယ်ထည်းလည်း မငြီးမငွေ့ တရားတွေ့လျက် ခလေ့ပျော်ကာ မွေ့လျော်ပါ၏လော။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ရဟန်းသည်။ အဘိဏှံ၊ သာလျှင်။ ပစ္စဝေက္ခိတဗ္ဗံ၊ အပ်၏။

---

## ကေီဘာဝ ပျော်ခဲလှ၏

ဆက်ပါဦးမည်၊ "ဒွယံ ဒွယာရာမော ဟိ အယံ လောကော" ဟူသည်နှင့်အညီ ဤပုထုဇဉ်သတ္တလောက တခုလုံးသည် အပေါင်းနှင့်ပျော်, အဖော်နှင့် မွေ့တတ်သော အလေ့အထ ဝါသနာ ရှိသောကြောင့် အပေါင်းမမျှော် အဖော်မပါ ကိုယ်ထည်းသာလျှင် ဝါသနာမကင်း နေထိုင်ခြင်းဟု ဆိုအပ်သော ကာယဝိဝေကသည် အလွန်ပြုနိုင်ခက်သော အရာဖြစ်၏၊ ထိုကာယဝိဝေကကို မရရအောင် အဖော်ကို ရှောင်၍ ကြံဆောင်ကြိုးစားပြန်လျှင်လည်း ထိုရအပ်သော ကာယဝိဝေက၌ မျှတ ရှင်ပြုံး တရားသုံး၍ နှလုံးမွေ့လျော်ခဲလှပါတော့သည်၊ ထို့ကြောင့် အရှင်ဥပါလိမထေရ်မြတ်အား "ဒုက္ကရံ ပဝိဝေကံ၊ ဒုရဘိရမံ ကေတ္တေ"ဟု မြတ်စွာဘုရား ဟောကြားဆုံးမတော် မူဘူးလေသည်။

ချွဲပါဦးမည်၊ တရံရောအခါ အရှင်ဥပါလိမထေရ်သည် မြတ်စွာဘုရား၏ ထံတော်မှောက်သို့ သွားရောက်ထိုင်နေပြီးလျှင် "ဣစ္ဆာမဟံ ဘန္တေ အရညဝနပတ္ထာနိ" အစရှိသည်ဖြင့် "အို မြတ်စွာဘုရား – တပည့်တော်သည် အာရညကင် ဓုတင်ကို ပြီးစေတတ်ကုန်သော, လူသူမနီး တောကြီး၌ဖြစ်ကုန်သော, အဝေးအလွန်အစွန်၌ ဖြစ်ကုန်သော တောရကျောင်းတို့ကို မှီဝဲလိုပါသည် ဘုရား"ဟု လျှောက်ထားခွင့်တောင်းတော်မူရာ မြတ်စွာဘုရားသည် တော၌ကျောင်းဌာန အရည၌ ကာယဝိဝေကဖြင့် နေထိုင်ခြင်း၏ ခဲယဉ်းလှသော အဖြစ်ကို သိစေလိုတော်မူသည်ဖြစ်၍ အင်္ဂုတ္တရနိကာယ် ဥပါလိသုတ်လာ ဒေသနာကို အောက်ပါအတိုင်း ဟောကြားတော်မူလေသည်။

"ဒုရဘိသမ္ဘဝါနိ ခေါ ဥပါလိ အရညဝနပတ္ထာနိ ပန္တာနိ သေနာသနာနိ၊ ဒုက္ကရံ၊ ပဝိဝေကံ၊ ဒုရဘိရမံ ဧကတ္တေ၊ ဟရန္တိ မညေ မနော ဝနာနိ သမာဓိံ အလဘမာနဿ ဘိက္ခုနော၊ ယော ခေါ ဥပါလိ ဧဝံ ဝဒေယျ "အဟံ သမာဓိံ အလဘမာနော အရည-ဝနပတ္ထာနိ ပန္တာနိ သေနာသနာနိ ပဋိသေဝိဿာမိ"တိ တဿေတံ ပါဋိကင်္ခံ သံသီဒိဿတိ ဝါ ဥပ္လဝိဿတိ ဝါ"တိ။

အနက်–ဥပါလိ၊ ဥပါလိ။ အရညဝနပတ္ထာနိ၊ အာရညကင်ဓုတင်မြောက်ရာ မဟာဂနိုင် မြို့တန်းတော၌ဖြစ်ကုန်သော။ ပန္တာနိ၊အလှမ်းဝေးလွန် တောစွန်၌ဖြစ်ကုန်သော။ သေနာသနာနိ၊ ကျောင်းတို့သည်။ ဒုရဘိသမ္ဘဝါနိ၊ နေထိုင်ခြင်းငှါ အလွန်ခက်ကုန်၏။ ပဝိဝေကံ၊အပေါင်းမခေါ် အဖော်ကင်းပ ကာယဝိဝေကသည်။ ဒုက္ကရံ၊ မလွယ်သက်သက် ပြုနိုင်ခက်၏။ ဧကတ္တေ၊ အပေါင်းမမျှော် အဖော်မချစ် တကိုယ်ထည်း၏ အဖြစ်၌။ ဒုရဘိရမံ၊ မပျော်နိုင်ဘဲ မွေ့လျော်ခဲ၏။ ဝနာနိ၊ တောတို့သည်။ သမာဓိံ၊ သမာဓိကို။ အလဘမာနဿ၊ မရသော။ ဘိက္ခုနော၊ ရဟန်း၏။ မနော၊ စိတ်ကို။ ဟရန္တိမညေ၊ ကြောက်ဘွယ်ပျိုးပြွမ်း လွမ်းဘို့ဖုံဖုံ အမျိုးစုံတို့ဖြင့် အာရုံပြန့်အောင် ပြုလေယောင်သို့ ဆွဲဆောင်ဘမ်းစားတတ်ကြပေကုန်၏။ ဥပါလိ၊ ဥပါလိ။ ယော၊ အကြင်ရဟန်းသည်။ အဟံ၊ ငါသည်။ သမာဓိံ၊ သမာဓိကို။ အလဘမာနော၊ မရသည်ဖြစ်၍၊ ဝါ၊ မရဘဲလျက်။ အရညဝနပတ္ထာနိ၊ အာရညကင် ဓုတင်မြောက်ရာ မဟာဂနိုင်တောမြို့င်၌ ဖြစ်ကုန်သော။ ပန္တာနိ၊ အလှမ်းဝေးလွန် တောစွန်၌ ဖြစ်ကုန်သော။ သေနာသနာနိ၊ တောကျောင်းတို့ကို။ ပဋိသေဝိဿာမိ၊ မှီဝဲပါအံ့။ ဧဝံ၊

ဤသို့။ ဝဒေယျ၊ ဆိုငြားအံ့။ တဿ၊ ထိုသူအား။ သံသီဒိဿတိ ဝါ၊ ကာမဝိတက် ရေကြောနက်ဖြင့် ငုတ်လျှက်မူလည်းနစ်လတ့်။ဥပ္ပလဝိဿတိဝါ၊ ဗျာပါဒဝိတက်, ဝိဟိံသဝိတက်လှိုင်းဂရက်ဖြင့် ပက်လက်မူလည်း ပေါ်လတ့်။ ဣတိ၊ ဤသို့။ ဧတံ၊ ဤနှစ်ပါးသော အကျိုးကို။ ပါဠိကာခ်ံ၊ အလိုရှိအပ်၏။ ဝါ၊ မျှော်လင့်အပ်၏။

ဤပါဠိတော်၌ "ဒုရတိသမ္ဘဝါနိ။ပ။ သေနာသနာနိ" ဟူသော ဝါကျဖြင့် အဠမမြောက်ပစ္စဝေက္ခဏာ ပရိယတ္တိခဏ်း၌ ဆိုခဲ့သည့်အတိုင်း လိုအပ်သော အကျိုးထူးတရားပြီးအောင် တောကျောင်း၌ နေနိုင်ခက်သည်ကို ဟောတော်မူပါသည်၊ ထို့ကြောင့် ၎င်းဋီကာ တတိယတွဲ၌—

"အဇ္ဈောဂါဟေတွာ အဓိပ္ပေတမတ္ထံ သမ္ပာဝိတုံ သာဓေတုံ ဒုက္ခာနိ ဒုရတိသမ္ဘဝါနိ"ဟု ဖွင့်ဆိုတော်မူပါသည်။

"ဒုက္ကရံ ပဝိဝေကံ ဒုရတိရမံ ဧကတ္တေ"ဟူသော ဝါကျတို့ဖြင့် သတ္တဝါမည်သည် အပေါင်းအဖော်ဖြင့်သာ မွေ့လျော်တတ်သော သဘောရှိသည်အားလျော်စွာ အပေါင်းမမျှော် အဖော်မပါ တကိုယ်ထည်းသာလျှင် နေထိုင်ခြင်းဟု ဆိုအပ်သော ဧကီဘာဝ ကာယဝိဝေကကို ပြုနိုင်ခက်သည်၏ အဖြစ်ကိုရင်း၊ ကာယဝိဝေကကိုမရ,ရအောင် ကြံဆောင်ကြိုးစား၍ ရရှိပြန်လျှင်လည်း ထိုရရှိအပ်သော ကာယဝိဝေက၌ အကုသလဝိတက် နှောက်နက်လှုပ်ရှား စိတ်မပျားဘဲ တရားကျင့်ထုံး သီတင်းသုံး၍ နှလုံးမွေ့လျော်နိုင်ခက်သည်၏ အဖြစ်ကိုရင်း ဟောတော်မူပါသည်။

ထို့ကြောင့် အဠကထာ၌—

"ကာယဝိဝေကေ ကတေ ဝိ တတ္ထ စိတ္တံ အဘိရမာပေတုံ ဒုက္ကရံ ဒွယံ ဒွယာရာမော ဟိ အယံ လောကောတ်"ဟု မိန့်ဆိုတော်မူပါသည်။

"ဟရန္တိမညေ။ပ။ ဘိက္ခုနော"ဟူသော ဝါကျဖြင့် တော,တောင်သဘာဝတို့သည် ကြောက်ရွံ့ထိတ်လန့်ခြင်း လွမ်းဆွတ်တပ်စွဲခြင်း အစရှိသော အကုသလဝိတက်တို့ကို ဖြစ်စေသောအားဖြင့် သမာဓိမရသော သူ၏စိတ်ကို ဆွဲဆောင်လှည့်ဖျား၍ ဘမ်းစားတတ်ကြောင်းကို ဟောတော်မူပါသည်။

ဤပါဠိဝါကျ၏အဖွင့်၌ "ဤဒိသဿ ဘိက္ခုနော တိဏာပဏ္ဏမိဂါဒိ-သဒ္ဒေဟိ ဝိဝိမေဟိ စ ဘီသနကေဟိ" စသည်ဖြင့် ထိတ်လန့်ကြောက်မက်ဘွယ် အာရုံတို့ဖြင့်သာ စိတ်ကို ဆောင်ယူလှည့်ဖျား ဘမ်းစားတတ်သည်ကို ဖွင့်ဆိုတော်မူသော်လည်း နိဒဿနမျှသာဖြစ်၍ "လွမ်းဆွတ်စွဲမက်ဘွယ် အာရုံတို့ဖြင့်လည်း စိတ်ကို ဆောင်ယူလှည့်ဖျား ဘမ်းစားတတ်သည်သာ တည်း" ဟု သိမှတ်သင့်ပါသည်၊ ထို့ကြောင့် သုတ္တနိပါတ်ပါဠိတော် နာလကသုတ်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

**ဥစ္စာဝစာ နိစ္ဆရန္တိ၊ ဒါယေ အဂ္ဂိသိခူပမာ။**
**နာရိယော မုနိံ ပလောဘေန္တိ၊ တာသု တံ မာ ပလောဘယုံ။ ။**

အနက်— ဒါယေ၊ ဂူနန်းမြောင်ရှို ချောင်ထိုထိုနှင့် တောင်ညိုပေါလှ တောဝန၌။ အဂ္ဂိသိခူပမာ၊ ရာဂစသား ကိလေသာတရားတို့၏ ကျက်စား ရာတုံ ကာမဂုဏ်အသီးသီး အာရုံကြီးမို့ တောမီးထူစွာ ဥပမာလျှင် ပူဆာ စေတတ်သော သဘောရှိကုန်သော။ ဥစ္စာဝစာ၊ ကြောက်ဘွယ်လွမ်းဘွယ် ဆန်းကြယ်ပြွမ်းထပ် ကောင်းဆိုးလတ်တို့ ပေါင်းစပ်ရောစုံ တောအာရုံတို့ သည်။ ဝါ၊ မြင်ကြားလွမ်းဘွယ် တောခမ်းလယ်မှာ ဒရယ်ခုန်ပေါက် ကျီငယ်ဟောက်၍ တောမျောက်ကြိုးခွေ ဒေါင်းအိုးဝေနှင့် တောနေဆက်ရက် တောကြက်ငှက်က တောရွက်ညွန့်လမ်း တောပန်းပွင့်ငုံ တောချုံသီးကင်း တောဟင်းချိုမွှေး တောဆေးစုံလင် ငုဲပြင်လည်း ကြားမြင်အံ့မူး လန့်၍ ရှူးမျှ ဘီလူးသားရဲ သွားပါးဖြဲ၍ တောကျဲချိုဝင့် တောဆင့်စွယ်ရောင် တောပြောင်ချုံဝှေ့ ခြသေ့ကကြိုး ကျားကဟုန်းနှင့် တောလုံးခြုံလွမ်း ကျောကုန်းချမ်းမျှ တောခမ်းအလိုက် တောစရိုက်တို့သည်။ နိစ္ဆရန္တိ၊ ကြောက်သူမရဲ ချစ်သူစွဲအောင် ဒွန်တွဲဖြစ်ပေါ်လာတတ်ပေကုန်၏။ မုနိံ၊ တောဝယ်ငြိမ်ထွေ ဈာန်ဖြေဖြင့် တောနေစံမြန်း တောရဟန်းကို။ နာရိယော၊ ပန်းခူးထင်းခွေ သစ်သီးချွေတို့ တောခြေဝင်ကြ တောလည်သောသူငယ်မ တို့သည်။ ပလောဘေန္တိ၊ ပြုံးကာခေါ်ကာ သရော်ကာနှင့် မာယာ ပြည့်ကြွယ် ငြိ၍တွယ်အောင် ပရိယာယ်ဖျောင်းဖျ ဖြားယောင်းတတ်ကြ ပေကုန်၏။ တံ၊ သင့်ကို။ တာ၊ ပန်းခူးထင်းခွေ သစ်သီးချွေတို့ တောခြေ ဝင်ကြ တောသွားသော ထိုသူငယ်မတို့သည်။ မာပလောဘယုံ၊ ပြုံးကာ ခေါ်ကာ သရော်ကာနှင့် မာယာပြည့်ကြွယ် ငြိ၍တွယ်အောင် ပရိယာယ် ဖျောင်းဖျ မဖြားယောင်းကြပါစေကုန်လင့်။

ဆက်ပါဦးမည်၊ "ယော ခေါ ဥပါလိ။ပ။ ဥပ္ပ ဝိဿတိဝါတိ" ဟူသော ဝါကျဖြင့် အနည်းဆုံး ဥပစာရသမာဓိမျှမရဘဲ တောထွက်သူတို့အား တရားထူးကို ဆွတ်ခူးရယူမှုဟူသော လိုအပ်သည့်အကျိုးမပြီးဘဲ ကာမ ဝိတက် ရေကြောနက်၌ ဆင်းသက်နစ်ငုတ်ရခြင်းအကျိုး ဗျာပါဒဝိတက် ဝိဟိံသဝိတက် လွှန်နောက်နက်သဖြင့် ပက်လက်မြော၍ ပေါလောပေါ် ရခြင်းအကျိုးသာ ရှိကြောင်းကို ဟောတော်မူပါသည်။

ထို့ကြောင့် အဋ္ဌကထာ၌—

"သံသီဒိဿတီတိ ကာမဝိတက္ကေန သံသီဒိဿတိ။ ဥပ္ပ ဝိဿ- တီတိ ဗျာပါဒဝိဟိံသာဝိတက္ကေဟိ ဥဒ္ဓံ ပ္လ ဝိဿတိ" ဟု ဖွင့်ဆိုတော် မူပါသည်။

မှတ်ချက်—ဤသုတ်ဒေသနာတော်ကို ထောက်ထားလျှင် အနည်းဆုံး ဥပစာရ သမာဓိကို ရရှိအောင် အားထုတ်ပြီးမှ တောထွက်သင့်သည်မှာ ထင်ရှား လှပါသည်။

ဤသို့ ရေးသားဖော်ပြခဲ့ပြီးသော စကားအစဉ်တို့ဖြင့် အပေါင်း မခေါ် အဖော်မပါ ဆိတ်ငြိမ်ရာ၌ ဘာဝနာကမ္မဋ္ဌာန်း ပွားများကာ စီးဖြန်း၍ ရွှင်လန်းမွေ့လျော်နိုင်ခက်သည်ကို သိသာနိုင်လှပါသည်။

**ဝိဝေကရအောင်ကြိုးစားပါ—** ထိုသို့ အပေါင်းမခေါ် အဖော်မပါ ဆိတ်ငြိမ်ရာဝယ် ဘာဝနာကမ္မဋ္ဌာန်း ပွားများကာစီးဖြန်း၍ ရွှင်လန်း မွေ့လျော်ခြင်းဟူသော ကာယဝိဝေကကို အလွန်ပြုနိုင်ခက် အလွန် ရနိုင်ခက်သောကြောင့် မပြုဘဲ မကြိုးစားဘဲ နိက္ခိတ္တဓုရ ဝန်ချကာ အားလျော့၍နေရမည်ကားမဟုတ် စင်စစ်သော်ကား—

"ဒုက္ကရံ ဝါ ဝိ ကရောန္တိ၊ သေခါ သီလသမာဟိတာ" ဟူ၍၎င်း။

ဒုလ္လဘံ ဝါ ဝိ လဘန္တိ၊ စိတ္တဝူပသမေရတာ" ဟူ၍၎င်း သဂါထာဝဂ္ဂ သံယုတ် ကာမဒသုတ်၌ ဟောတော်မူသကဲ့သို့ ထိုပြုနိုင်ခက်,ရနိုင်ခက်သော ကာယဝိဝေကကိုပင် မရမနေ ကြိုးစားရမည်ဖြစ်ပါတော့သည်၊ မှန်လှစွာ၏ ထိုသို့ မရမနေ ကြိုးစားစေလိုသောကြောင့်ပင် ဤနဝမပဏ္ဏဝေဂ္ဂဏာ

ပါဠိကို မြတ်စွာဘုရား ဟောတော်မူခဲ့သည်မဟုတ်ပါလော၊ ထို့ကြောင့်– "စေ ပဏ္ဍေဝက္ခတော ကာယဝိဝေကော ပရိပူရတိ"ဟု အဋ္ဌကထာဆရာ မိန့်မှာဖွင့်ဆိုတော်မူခဲ့ခြင်း ဖြစ်လေသည်။

ဤမျှသာမကသေး ထိုထိုများစွာသော သုတ်ပါဠိတော်တို့၌–

"ဝိဝေကမနုဗြူဟယေ" "ဗြူဟေတာသုညာဂါရာနံ" "ဧကော ပဋိက္ကမ္မ ရဟော နိသီဒေ" "ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ" "တောနံ ဘိက္ခဝေ ရုက္ခမူလာနိ တောနံ သုညာဂါရာနိ ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ" "ပဋိသလ္လာနေ ဘိက္ခဝေ ယောဂမာ-ပဇ္ဇထ"။

ဤသို့စသည်ဖြင့် မြတ်စွာဘုရားသည် များစွာသောဒေသနာတို့ကို ဟောကြား၍ ကာယဝိဝေကကို ရယူခြင်း၌ ကြိုးစားအားထုတ်ကြရန် အကြိမ်များစွာ တိုက်တွန်းနှိုးဆော်တော်မူခဲ့လေသည်။

ဓမ္မပဒပါဠိ ကေဝိဟာရိမထေရ်ဝတ္ထု၌လည်း အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူပါသည်။

ဧကာသနံ ဧကသေယျံ၊ ဧကော စရ မတန္ဒိတော။
ဧကော ဒမယ မတ္တာနံ၊ ဝနန္တေ ရမိတော သိယာ။ ။

**အနက်**— ဧကာသနံ၊ အပေါင်းမခေါ် အဖော်မပါ တကိုယ်ထည်း ထိုင်နေရာကို။ ဧကသေယျံ၊ အပေါင်းမခေါ် အဖော်မပါ တကိုယ်ထည်း အိပ်စက်ရာကို။ ဘဇေယျ၊ မှီဝဲရာ၏။ အတန္ဒိတော၊ တရားမကင်း နှလုံး သွင်းဖြင့် မပျင်းမရိသည်ဖြစ်၍။ ဧကော၊ အပေါင်းမခေါ် အဖော်မပါ တကိုယ်ထည်းသာလျှင်။ စရံ·စရန္တော၊ သွားလာလှည့်လည်သည်ဖြစ်၍။ ဧကော၊ အပေါင်းမခေါ် အဖော်မပါ တကိုယ်ထည်းသာလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒမယံ-ဒမယန္တော၊ တရားထုံးပြ နှလုံးချ၍ ဆုံးမယဉ်ကျေး စေလျက်။ ဝနန္တေ၊ လူသံ, သူသံ, ဆူညံဆိတ်ကင်း တောမြိုင်တွင်း၌။ ရမိတော၊ ဘာဝနာထုံလေ့ အာရုံတွေ့၍ အလေ့နှင့်ပျော် လွန်မွေ့ လျော်သည်။ သိယာ၊ ဖြစ်ရာ၏။

မြတ်စွာဘုရားသည် သာဝကအများ တပည့်သားတို့၏ ကာယ ဝိဝေကဖြစ်သော နေထိုင်သီတင်းသုံးခြင်းကို မည်မျှတောင်းတလိုလားတော် မူပါသနည်းဟူမူ အကယ်၍ "တနေရာထည်း၌ ရဟန်းနှစ်ပါး အတူ မနေရ"ဟု သိက္ခာပုဒ်တော်ကို ပညတ်ခြင်းငှါ စွမ်းနိုင်ပါအံ့၊ ထိုသို့ပင် ပညတ်တော်မူအံ့၊ ထိုသို့ကား မသင့်လျော်မဖြစ်နိုင်သောကြောင့် မစွမ်းနိုင်၊ ထိုသို့ မစွမ်းနိုင်မဖြစ်နိုင်သောကြောင့် သိက္ခာပုဒ်ကို ပညတ်သည်နှင့် အလား တူသော မဟာသုညတအကျင့်မည်သော တရားဒေသနာတော်ကို ဟော ပေအံ့"ဟု နှလုံးသွင်းတော်မူပြီးလျှင် မဟာသုညတသုတ်ကို ဟောတော် မူသည်ကို ထောက်ရှုသဖြင့်လည်း သိသာနိုင်ပါသည်။

ထို့ကြောင့် ဥပရိပဏ္ဏာသအဋ္ဌကထာ မဟာသုညတသုတ်အဖွင့်၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူပါသည်။

"သစေ ဧကဋ္ဌာနေ ဒွိဟိ ဘိက္ခူဟိ န ဝသိတဗ္ဗန္တိ သက္ကာ ဘဝေယျ သိက္ခာပဒံ ပညာပေတုံ၊ သိက္ခာပဒံ ပညာပေယျံ၊ န ခေါ ပနေတံ သက္ကာ၊ ဟန္ဒာဟံ မဟာသုညတာ ပဋိပတ္တိံ နာမ သုတ္တန္တံ ဒေသေမိ"။

ပဋိသလ္လာနဂရုက—မြတ်စွာဘုရားသည် ဤသို့သာဝကတို့ကိုသာလျှင် အပေါင်းမခေါ် အဖေါ်မပါ တကိုယ်ထည်းသာလျှင် ကာယဝိဝေက စသည်သုံးပါးဖြင့်ဘုရားနှလုံးအစဉ်သုံး၍ရွှင်ပြုံးမွေ့လျော်ကြရန်တိုက်တွန်း နှိုးဆော်တော်မူသည်မဟုတ်၊ ကတကရဏီယ ပြုပြီးသောကိစ္စရှိတော်မူသော ကိုယ်တော်တိုင်ပင်လည်း အနည်းဆုံး တနေ့လျှင်နှစ်ကြိမ်ခန့် ဝိဝေက ပွားများ၍ တရားနှလုံးသွင်းလေ့ ရှိတော်မူသည့်ပြင် ရံခါများ၌ တလ ပတ်လုံး လဝက်ပတ်လုံး စသည်ဖြင့် တကိုယ်တော်ထည်း ကိန်းအောင်း တော်မူတတ်ပါသေးသည် ဝေသာလီပြည်၌ နေတော်မူစဉ် တကြိမ် ကလည်း—

"ဣစ္ဆာမဟံ ဘိက္ခဝေ အဍ္ဍမာသံ ပဋိသလ္လီယိတုံ၊ နမှိ ကေနစိ ဥပသင်္ကမိတဗ္ဗော၊ အညတြ ဧကေန ပိဏ္ဍပါတနီဟာရကေန"—

အိုရဟန်းတို့.... ငါဘုရားသည် လဝက်, ဆယ့်ငါးရက်ပတ်လုံး တကိုယ်ထည်း ကိန်းအောင်းတော်မူလို၏၊ ဆွမ်းဝတ်ပြုသော ရဟန်းမှ တပါး မည်သူမျှ ငါဘုရားသို့ မချဉ်းကပ်အပ်"ဟု မိန့်တော်မူပြီးလျှင်

လဝက်ပတ်လုံး တကိုယ်တော်ထည်း ကိန်းအောင်းတော်မူကြောင်း ပါရာဇိကဏ်ပါဠိ၌ ဟောတော်မူသည်၊ မဟာဝဂ္ဂသံယုတ်ပါဠိပထမ, ဒုတိယဝိဟာရသုတ်တို့၌ကား သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် တကြိမ်က လဝက်ပတ်လုံးငှင်း, တကြိမ်က သုံးလပတ်လုံးငှင်း တကိုယ်ထည်း ကိန်းအောင်းတော်မူကြောင်း ပါရှိလေသည်၊ ဤကား မှတ်မိသမျှ ရေးသားဖေါ်ပြခြင်းသာဖြစ်ပါသည်၊ အလားတူပင် ရံခါဆယ်ရက်,ရံခါခုနစ်ရက်စသည် ကိန်းအောင်းတော်မူခြင်းလည်း မုချရှိရမည်၊ ရက်အပိုင်းအခြားမဖေါ်ပြဘဲ ကိန်းအောင်းတော်မူကြောင်းပါဠိကား များပြားလှပါသည်။

. ဘုရားရှင်သည် တကိုယ်တော်ထည်းကိန်းအောင်းမွေ့လျော်ခြင်းကို အလွန်အရေးပေး၍ အလေးပြုတော်မူကြောင်း, ဆိတ်ဆိတ်နေ၍ တရားနှလုံးသွင်းတော်မူလေ့ရှိကြောင်း, ထို့ကြောင့်ပင် ဘုရားထံမှောက်သို့ သွားရောက်ဆည်းကပ်ရန် အလွန်ခက်ကြောင်း, လူနတ်တို့သည် အလွန်လေးစားရကြောင်း,ချောင်းဆိုးခြင်း,ချေဆတ်ခြင်းကိုပင် မပြုကြဘဲ သာသာညှင်းညှင်း ခြေကိုနင်း၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြရမည်ဖြစ်ကြောင်းများကို သေလအပဒါန်ပါဠိ၌ အောက်ပါအတိုင်း သေလပုဏ္ဏားကြီးသည် တပည့်သုံးရာတို့အား မှာကြားဆုံးမဘူးလေသည်။

၁။ ပဋိသလ္လာနဂရုကာ၊ အပ္ပသဒ္ဒါ ဒုရာသဒါ။
ဒုရူပသင်္ကမာ ဗုဒ္ဓါ၊ ဂရူ ဟောန္တိ သဒေဝကေ॥ ॥

၂။ ဥက္ကာသိတဉ္စ ခိပိတံ၊ အဇ္ဈုပေက္ခိယ မာဏဝါ။
ပဒေပဒံ နိက္ခိပန္တာ၊ ဥပေထ ဗုဒ္ဓသန္တိကံ॥ ॥

မြတ်စွာဘုရားသည် အပေါင်းမမျော် အဖေါ်မပါ ကိုယ်ထည်းသာလျှင် ဘာဝနာထုံလေ့ အာရုံတွေ့လျက် ပျော်မွေ့နေထိုင်ခြင်းကို မည်မျှအရေးပေး၍ မည်မျှအမွန်းတင်တော် မူလေ့ရှိသည့်ကို အောက်ပါအင်္ဂုတ္တရပါဠိ ယသသုတ်လာ ဒေသနာမိန့်ခွန်းတော်ဖြင့်လည်း မှန်းဆသိသာနိုင်ပါသည်။

“ယသ္မိံ ဟံ နာဂိတ သမယေ အဒ္ဓါနမဂ္ဂပဋိပန္နော န ကိဉ္စိ ပဿာမိ ပုရတော ဝါ ပစ္ဆတော ဝါ၊ ဖါသု မေ နာဂိတ တသ္မိံ သမယေ ဟောတိ အန္တမသော ဥစ္စာရပဿာဝကမ္မာယ”။

**အနက်—** နာဂိတ၊ အိုနာဂိတ။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ အဟံ၊ ငါဘုရားသည်။ အဒ္ဒါနမဂ္ဂပဋိပန္နော၊ အဓွန့်ရှည်သောခရီးသို့ ကြွသွားတော်မူ၏။ ပုရတော ဝါ၊ ရှေ့၌၎င်း။ ပစ္ဆတော ဝါ၊ နောက်၌၎င်း။ ကိဉ္စိ၊ တစုံတယောက်ကို။ န ပဿာမိ၊ မြင်တော်မမူ။ နာဂိတ၊ အိုနာဂိတ။ တသ္မိံ သမယေ၊ ထိုအခါ၌။ မေ၊ ငါဘုရားအား။ အန္တမသော၊ တရားသုံးသပ် အလွန်မြတ်သည့် ရလာဘ်ကျိုးပေး မဆိုသေးဘဲ ငယ်သေး နုတ်မွှား အယုတ်ဆုံးအားဖြင့်။ ဥစ္စာရပဿာဝကမ္မာယ၊ ကျင်ကြီးကျင်ငယ် မစင်ကြယ်ကို စွန့်ဘွယ်အမှု အကျိုးငှါပင်။ ဖါသု၊ လွတ်လပ်လှစွာ လွန်ချမ်းသာ၏။

**သင်္ဂဏိကာရာမ ဂဏာရာမ—** ဤသို့ ရေးသားဖေါ်ပြခဲ့သည့်အတိုင်း ဘုရားရှင်သည် တကိုယ်ထည်း ကိန်းအောင်း မွေ့လျော်ခြင်းဟူသော ကာယဝိဝေကကို၊ ဝါ၊ ဝိဝေကသုံးပါးကို အလွန်အရေးပေး အမွှန်းတင်၍ ချီးကျူးတော်မူသည့် နည်းတူပင် ပရိသတ်၌ မွေ့လျော်ခြင်းဟူသော သင်္ဂဏိကာရာမ,ဂဏာရာမတို့ကိုလည်း များစွာကန့်ကွက် ကဲ့ရဲ့တော်မူလေ့ ရှိတော်မူကြောင်း ထိုထိုသုတ်ပါဠိတော်တို့၌ အတော်များများ တွေ့ရတတ်လေသည်။

တရံရောအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်းတိုက်တော်၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် ၎င်းနိဂြောဓာရုံကျောင်းတိုက်အတွင်း ကာဠခေမကကျောင်း၌ ထိုမှဤမှ ရဟန်းအများ သွားလာဝင်ထွက်၍ စုရုံးနေထိုင်ကြသည်ကို သိမြင်တော်မူသဖြင့် အရှင်အာနန္ဒာအား မေးမြန်းတော်မူရာ အရှင်အာနန္ဒာက "မြတ်စွာဘုရား.... သင်္ကန်းချုပ်ဆိုးချိန်ကာလဖြစ်သဖြင့် ထိုမှဤမှ ရဟန်းအများ လာရောက် စုရုံးနေထိုင်၍ သင်္ကန်းချုပ်ဆိုးခြင်းစသည်ကို ပြုနေကြရပါသည်ဘုရား"ဟု လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ—သင်္ကန်းကာလဟုတ်သည် ဖြစ်စေ မဟုတ်သည်ဖြစ်စေ အပေါင်းအသင်း၌ မွေ့လျော်နေထိုင်သော ရဟန်းသည် မည်သည့်အခါမျှ အမြင်မဘွယ် မတင့်တယ်"ဟု မိန့်တော်မူကြောင်း မဟာသုညတသုတ်၌ အောက်ပါအတိုင်း ဟောတော်မူပါသည်။

"န ခေါ အာနန္ဒ ဘိက္ခု သောဘတိ သင်္ဂဏိကာရာမော သင်္ဂဏိကရတော သင်္ဂဏိကာရာမတံ အနုယုတ္တော ဂဏာရာမော ဂဏရတော ဂဏသမ္မုဒိတော"။

**အနက်**— အာနန္ဒ၊ ဒိုအာနန္ဒာ။ သင်္ဂဏိကာရာမော၊ ပရိသတ်နှင့် ပေါင်းဆုံခြင်းလျှင် မွေ့လျော်ရာရှိသော။ သင်္ဂဏိကရတော၊ ပရိသတ်နှင့် ပေါင်းဆုံခြင်း၌ မွေ့လျော်သော။ သင်္ဂဏိကာရာမတံ၊ပရိသတ်နှင့် ပေါင်းဆုံ ခြင်းလျှင် မွေ့လျော်ရာရှိသူ၏ အဖြစ်ကို။ အနုယုတ္တော၊ အဘန်တလဲလဲ အမြဲအားထုတ်တတ်သော။ ဂဏာရာမော၊ အပေါင်းအသင်းလျှင် မွေ့ လျော်ရာရှိသော။ ဂဏရတော၊ အပေါင်းအသင်း၌ မွေ့လျော်သော။ ဂဏသမ္မုဒိတော၊ အပေါင်းအသင်းကို ဖြစ်ပေါ်စေတတ်သော။ ဘိက္ခု၊ ရဟန်းသည်။ န ခေါ သောဘတိ၊ အမြင်မဘွယ် မတင့်တယ်။ (သင်္ဂဏိ-ကာရာမ, ဂဏာရာမတို့ကို နောက်မှဆိုအံ့)။

ဤသင်္ဂဏိကာရာမ ဂဏာရာမပုဂ္ဂိုလ်တို့သည် အမြင်မဘွယ် မတင့်တယ် ရုံသာမကသေး သာမာယိကဝိမုတ္တိ,အသာမာယိကဝိမုတ္တိဟူသော ဈာန်, မဂ်,ဖိုလ် တရားထူးကို မရနိုင်ကြောင်းလည်း—

"သော ဝတာနန္ဒ ဘိက္ခု သင်္ဂဏိကာရာမော။ပ။ နေတံ ဌာနံ-ဝိဇ္ဇတိ"ဟု ဆက်လက်ဟောတော်မူပါသည်။

အင်္ဂုတ္တရပါဠိ ဆက္ကနိပါတ် သင်္ဂဏိကာရာမသုတ်၌လည်း သင်္ဂဏိကာ ရာမ,ဂဏာရာမရဟန်းသည် ကာယဝိဝေက၌ မွေ့လျော်နိုင်ရန် အကြောင်း မရှိ၊ ကာယဝိဝေက၌ မမွေ့မလျော်နိုင်သော ရဟန်းသည် သမထ, ဝိပဿနာ၏ အာရုံကို ရယူနိုင်ရန် အကြောင်းမရှိ၊ သမထ, ဝိပဿနာ အာရုံကို မရယူနိုင်သော ရဟန်းသည် ဝိပဿနာသမ္မာဒိဋ္ဌိကို ပွားများနိုင်ရန် အကြောင်းမရှိ၊ ဝိပဿနာသမ္မာဒိဋ္ဌိကို မပွားများနိုင်သော ရဟန်းသည် မဂ်,ဖိုလ်နှင့်ယှဉ်သော သမာဓိကို ဖြည့်ဆည်းနိုင်ရန် အကြောင်းမရှိ မဂ်, ဖိုလ်နှင့်ယှဉ်သော သမာဓိကို မဖြည့်ဆည်းနိုင်သောရဟန်းသည် ကိလေသာ သံယောဇဉ်တို့ကို ပယ်နိုင်ရန် အကြောင်းမရှိ၊ ကိလေသာသံယောဇဉ်တို့ကို မပယ်နိုင်သော ရဟန်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် အကြောင်း မရှိ"ဟူသောအနက်အဓိပ္ပါယ်ကို—

"သော ဝတ ဘိက္ခဝေ ဘိက္ခု သင်္ဂဏိကာရာမော သင်္ဂဏိကရတော သင်္ဂဏိကာရာမတံ အနုယုတ္တော ဂဏာရာမော ဂဏရတော ဂဏာရာမတံ အနုယုတ္တော၊ ဧကော၊ ပဝိဝေကေ အဘိရမိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ" အစရှိသည်ဖြင့် ဟောတော်မူပါသည်။

ဤသင်္ကိကာရာမ,ဂဏာရာမရဟန်းများကို မြတ်စွာဘုရားသည်သာလျှင် အပြစ်ပြကဲ့ရဲ့၍ ဆုံးမတော်မူသည်မဟုတ်သေး အရှင်သာရိပုတ္တရာ, အရှင်ဥပသေန, အရှင်မဟာကဿပအစရှိကုန်သော အဂ္ဂသာဝက, မဟာသာဝကသူတော်ကောင်း ဟူသမျှတို့သည်လည်း အပြစ်ပြကဲ့ရဲ့ဆုံးမတော်မူကြသည်သာလျှင်ဖြစ်တော့သည် ထိုစကားမှန်၏၊အရှင်သာရိပုတ္တရာသည် "ယော ပပဉ္စ မနုယုတ္တော၊ ပပဉ္စာဘိရတော မဂေါ"စသည်ဖြင့်၎င်း အရှင်မဟာ ကဿပသည် "ပရိဝဇ္ဇေယျ ဇနံ န ဥယျမေ" စသည်ဖြင့်၎င်း အရှင်ဥပသေနသည်"နာတိဝေလံ သမ္ဘာသေယျ၊ သံဃမ္ဗူမှိ ပဏ္ဍိတော" စသည်ဖြင့်၎င်း သင်္ကိကာရာမ,ဂဏာရာမတို့ကို အပြစ်ပြကဲ့ရဲ့၍ ဆိုဆုံးမခဲ့ကြသည်မဟုတ်ပါလော။

ဤသည်တို့ကား မှတ်မိသမျှကိုသာ ရေးသားဖော်ပြခြင်းဖြစ်ပါသည် အခြားသာဝကများ၏ အပြစ်ပြဆုံးမတော်မူချက်များလည်း အများအပြားရှိသည်ပင် ဖြစ်ပါသည်။

နိတရဟန္တာ မထေရ်သည်လည်း အောက်ပါအတိုင်း အပြစ်ပြကဲ့ရဲ့၍ ဆုံးမတော်မူခဲ့ပါသည်။

**သဗ္ဗရတ္တိံ သုပိတွာန၊ ဒိဝါ သင်္ကဏိကေ ရတော။**
**ကုဒါဿုနာမ ဒုမ္မေဓော၊ ဒုက္ခဿန္တံ ကရိဿတိ။ ။**

**အနက်—** သဗ္ဗရတ္တိံ၊ ညဉ့်သုံးယာမ်ပတ်လုံး။ သုပိတွာန၊ နိုးနိုးကြားကြား ရှိသောအားဖြင့် တရားနှလုံး ပွားမသုံးဘဲ နေလုံးပေါ်မြောက် အလင်းရောက်အောင် ဟိန်းဟောက်ရှူးရှူး အိပ်စက်ကြူး၍။ ဒိဝါ၊ နေ့အခါ၌။ သင်္ကဏိကေ၊ အဆိုးအမြတ် နှစ်မျိုးစပ်တဲ့ ပရိသတ်ရောင်းရင်း အပေါင်းအသင်း၌။ ရတော၊ ရာဇကထာ စစ္စာတွက်စစ် သုံးဆယ့်နှစ်ကို ပလစ်ပလစ်ဟောပြော တသောသောဖြင့် အတောမသတ် မွေ့လျော်တတ်သော။ ဒုမ္မေဓော၊ အသိအလိမ္မာ မပါချို့တဲ့ ပညာမဲ့သည်။ကုဒါဿုနာမ၊ ဘယ်နှစ်ဘယ်လ နေ့ညပြက္ခဒိန် အဘယ်မည်သောအချိန်၌။ ဒုက္ခဿန္တံ၊ ခန္ဓာယတန ဓာတ်ထိုမျှတို့ ဖြစ်ကြပျက်စဉ် အလျှင်ဆက်တဲ့ ဝဋ်ဆင်းရဲ၏ ပြတ်စဲကုန်ဆုံးခြင်းကို။ကရိဿတိ၊ သဓိတ,ဝိပဿနာ နှစ်ဖြာကာစ မဂ်ဖိုလ်ကျအောင် လုလ္လကိုးကားတိုးဆင့်ပွား၍ ကြိုးစားပြုလုပ်နိုင်အံ့နည်း။

အရှင်ယသောဇ ရဟန္တာသည်လည်း အောက်ပါအတိုင်း ဟော ကြားတော်မူခဲ့ပါသည်။

**ယထာ ဗြဟ္မာ တထာ ဧကော၊ ယထာ ဒေဝေါ တထာ ဒုဝေ။**
**ယထာ ဂါမော တထာ တယော၊ ကောလာဟလံ တဒုတ္တရိ။ ။**

အနက်— ဗြဟ္မာ၊ ဗြဟ္မာသည်။ ဝိဟရတိ ယထာ၊ ဈာန်ဇောဝသီ စံပျော်မှီ၍ ချမ်းကြည်စွာလှ နေထိုင်ရသို့။ တထာ၊ ထို့အတူ။ ဧကော၊ အပေါင်းမဗျော် အဖော်မလွမ်း တကိုယ်ထည်းသော ရဟန်းသည်။ ဝိဟရတိ၊ ဝိဝေကသုံးဖြာ ပွားများကာလျှင် ချမ်းသာစွာလှ နေထိုင်ရ၏။ ဒေဝေါ၊ နတ်သည်။ ဝိဟရတိ ယထာ၊ ရုံခါစိတ်တွင် ဒေါသယှဉ်၍ ဆန့်ကျင်စွာလှ နေထိုင်ရသို့။ တထာ၊ ထို့အတူ။ ဒုဝေ၊ စိတ်တူကိုယ်တူ ဖြစ်လိမ့်ဟူ၍ ကြံယူမြော်မှန်း နှစ်ပါးကုန်သော ရဟန်းတို့သည်။ ဝိဟရန္တိ၊ ရုံခါ ကွဲပြား နှစ်ဦးကြား၌ စိတ်ထားလွဲသုန် နေရကုန်၏။ ဂါမော၊ ရွာသည်။ ဝိဝေကဝါသော၊ လူသံသူသံ ဆူညံကင်းဆိတ် တရားစိတ်ဖြင့် ဝိဝိတ္တဝိတိ နေထိုင်ခြင်းရှိသည်။ န ဟောတိ ယထာ၊ မဖြစ်နိုင်သကဲ့သို့။ တထာ၊ ထို့အတူ။ တယော၊ စိတ်ညီကိုယ်မျှ သမဂ္ဂဖြင့် တူကွစံမြန်း သုံးပါး ကုန်သောရဟန်းတို့သည်။ ဝိဝေကဝါသာ၊ လူသံသူသံ ဆူညံကင်းဆိတ် တရားစိတ်ဖြင့် ဝိဝိတ္တဝိတိ နေထိုင်ခြင်းရှိကုန်သည်။ န ဟောန္တိ၊ မဖြစ် နိုင်ကုန်။ တဒုတ္တရိ၊ ထိုသုံးပါးထက် ပိုလွန်တက်၍ ရောယှက်ပေါင်းသင်း နေထိုင်ခြင်းသည်။ ကောလာဟလံ ယထာ၊ လူပေါင်းများစွာ စုဝေးကာလျှင် ကောလာဟလ အုံးအုံးကြွနှင့် အမျှဥပမာ တူလှစွာသည်။ ဟောတိ။ စင်စစ်မသွေ ဖြစ်ပါပေ၏။

ရေးသား ဖေါ်ပြခဲ့ပြီးသော ပါဠိတော်တို့၌ "သင်္ဂဏိကာရာမ" ဟူသည်မှာ မိမိ၏ပရိသတ်၏ အစုအဝေးသည် သင်္ဂဏိကမည်၏၊ ထိုမိမိ၏ ပရိသတ်အစုအဝေး၌ မွေ့လျော်သောရဟန်းသည် "သင်္ဂဏိကာရာမ" မည်၏။

အထူးထူးသော ပရိသတ်အစုအဝေးသည် ဂဏမည်၏၊ ထိုအထူးထူး သော ပရိသတ်အစုအဝေး၌ မွေ့လျော်သောရဟန်းသည် "ဂဏာရာမ" မည်၏။

ထို့ကြောင့် ဥပရိပဏ္ဏာသအဋ္ဌကထာ မဟာသုညတသုတ်အဖွင့်၌--

"တတ္ထ သင်္ဂဏိကာတိ သကပရိသသမောဓါနံ၊ ဂဏောတိ နာနာဇနသမောဓါနံ၊ ဣတိ သင်္ဂဏိကာရာမော ဝါ ဟောတု ဂဏာရာမော ဝါ"ဟူ၍ ဖွင့်ဆိုတော်မူပါသည်။

မိမိ၏ပရိသတ်၌ မွေ့လျော်ခြင်း, အထူးထူးသော ပရိသတ်၌ မွေ့လျော်ခြင်းဟူသည်မှာလည်း တဦးသောသူ၏ နှစ်ဦးမြောက် အဖေါ် အပေါင်းဖြစ်၍ရင်း၊ နှစ်ဦးသောသူတို့၏ သုံးဦးမြောက် အဖေါ်အပေါင်း ဖြစ်၍ရင်း သုံးဦးသောသူတို့၏ လေးဦးမြောက် အဖေါ်အပေါင်းဖြစ်၍ရင်း တိရစ္ဆာနကထာတို့ကို ပြောဟော၍ ရောနှောနေထိုင်ရမှ မွေ့လျော်တတ်သူ ကာယဝိဝေကဖြင့် မမွေ့မလျော်နိုင်သူသည် သင်္ဂဏိကာရာမ ဂဏာရာမမည်သောကြောင့် ထိုသူတို့၏ ထိုသို့ ကိုယ်ထည်းမပျော် အဖေါ် ရှာ၍ နေထိုင်တတ်သော အခြင်းအရာသည်ပင် မိမိ၏ပရိသတ် အထူးထူးသော ပရိသတ်၌ မွေ့လျော်သည်မည်ကြောင်းကို အောက်ပါ အင်္ဂုတ္တရနိကာယ် ဒုတိယသတ္တကသုတ် ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ် အဖွင့်တို့ဖြင့် သိမှတ်သင့်ပါသည်။

"ယော 'ဧကော ဒုတိယော,ဒွိန္နံ တတိယော,တိဏ္ဏံ စတုတ္ထော'တိ ဧဝံ သံသဋ္ဌော ဝိဟရတိ၊ ဧကကော အဿာဒံ န လဘတိ၊ အယံ သင်္ဂဏိကာရာမော"။

ဆက်ပါဦးမည်၊ ထိုသင်္ဂဏိကာရာမ, ဂဏာရာမပုဂ္ဂိုလ်သည်ပင် ဆိုခဲ့သည့်အတိုင်း တကိုယ်ထည်း နေရခြင်း၌၊ ဝါ၊ ကာယဝိဝေက၌ တခဏမျှမပျော် မမွေ့မလျော်ဘဲ အဖေါ်အပေါင်းကို ရှာမှီးရခြင်းဖြင့် တတိုက်မှတတိုက်, တကျောင်းမှတကျောင်း, တခန်းမှတခန်း, တနေရာမှ တနေရာသို့ ခြေထောက်လေဝင်၍ လှည့်လည် သွားလာလေ့ရှိသော "ပါဒလောလ"ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရပြန်လေသည်။

ထိုစကားမှန်၏၊ တစုံတခုသော အကျိုးထူး အကြောင်းထူးမရှိဘဲ ဧကီဘာဝ ကာယဝိဝေက၌ မမွေ့မလျော် မပျော်ပိုက်နိုင်သဖြင့် ပျံ့လွင့် နှောက်ယှက် မငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍ ပရိဝုဏ်တခုမှ တခုသို့ တကျောင်းမှတကျောင်းသို့ စသည်ဖြင့် သွားလာလှည့်လည်ကာ တဦးသော

သူ၏ နှစ်ဦးမြောက် အဖေါ်အပေါင်းစသည်ဖြစ်၍ ရာဇကထာ စသောစကား သုံးဆယ့်နှစ်ပါးကို တဟားဟားပြောဟော၍ တသောသော နေတတ်သူသည် ခြေထောက်လေဝင်သူ ပါဒလောလပုဂ္ဂိုလ်မည်ကြောင်း စူဠ-နိဒ္ဒေသပါဠိ ခဂ္ဂဝိသာဏသုတ် နိဒ္ဒေသ၌ အောက်ပါအတိုင်း ဟောတော်မူပါသည်။

"အထဝါ ဘိက္ခု အန္တောသံဃာရာမေ ပါဒလောလော ပါဒလောလိယေန သမန္နာဂတော ဟောတိ၊ န အတ္ထဟေတု န ကာရဏဟေတု ဥဒ္ဓတော အဝူပသန္တစိတ္တော ပရိဝေဏတော ပရိ-ဝေဏံ ဂစ္ဆတိ။ပ။ တတ္ထ ဗဟုံ သမ္ဖပ္ပလာပံ ပလပတိ၊ သေယျထိဒံ ရာဇကထံ။ပ။ ဧဝမ္ပိ ပါဒလောလော ဟောတိ"။

ဤသို့လျှင် ရေးသားဖေါ်ပြခဲ့ပြီးသော သင်္ဂဏိကာရာမ စသည်တို့၏ အပြစ်ပြဒေသနာတော်များ ကာယဝိဝေကစသည်တို့၏ ဂုဏ်ကျေးဇူးပြဒေသနာတော်များ တိုက်တွန်းနှိုးဆော်ချက် ဥယျောဇဉ်ဒေသနာတော်များဟု ဆိုအပ်သော ဘုရားရှင်နှင့်တကွ အရိယာသာဝကများ၏ အဆုံးအမတော်တို့ကို ရှုမြှော်စေ့စေ့ ကြံအောက်မေ့ကြကုန်သည်ဖြစ်၍—

**"တသ္မာဟိ အတ္တကာမေန၊ မဟတ္တမဘိကင်္ခတာ။**
**သဒ္ဓမ္မော ဂရုကာတဗ္ဗော၊ သရံ ဗုဒ္ဓါနသာသနံ"။ ။**

ဟူသော သဂါထာဝဂ္ဂသံယုတ်ပါဠိတော်နှင့်အညီ ကြီးမြတ်သည်၏ အဖြစ်ကို၊ ဝါ၊ ကြီးမြတ်သော အကျိုးစီးပွားကို လိုလားတောင့်တကြကုန်သော ကုလပုတ္တ အမျိုးကောင်းသား ရဟန်းတော်အများတို့သည် သူတော်ကောင်းတရားကို လေးစားရိုသေသောအားဖြင့် "သင်္ဂဏိကာရာမ" အစရှိသော အပြစ်ပြု အကျိုးမဲ့တရားတို့ကို ရှောင်ရှားပစ်ပယ်ကြကုန်၍ ကာယဝိဝေကအစရှိသော အပြစ်မဲ့အကျိုးပြုတရားတို့ကိုသာ ပွားများ၍ ဘုရားရှင်၏ အလိုတော်ကျ သမထ,ဝိပဿနာ ပွားများကာဖြင့် ဆိတ်ငြိမ်ရာ သီတင်းသုံး၍ ရှင်ပြုံးမွေ့လျော်တော်မူနိုင်ကြပါစေကုန်သတည်း။

**နဝမမြောက် ပစ္စဝေက္ခဏာပြီး၏။**

## ၁၀— ဒသမမြောက် ပစ္စဝေက္ခဏာ

ကစ္စိ၊ အသို့နည်း ?။ မေ၊ ငါ့အား။ အဓိဂတော၊ နေ့နေ့ညည ဝန်မချဘဲ လုလ္လအားကိုး ကျားမာန်မျိုးဖြင့် ကျင့်ကြိုးရယူအပ်သော။ အလမရိယဉာဏဒဿနဝိသေသော၊ ကိလေသာကို ပယ်နိုင်ဖြိုသား မှောင်ညို ကင်းဘိ သိမြင်ရှိသည့် ဝိသေသဓာတ် လွန်ထူးမြတ်သော။ ဥတ္တရိမနုဿဓမ္မော၊ ဈာန်မဂ်ပကတိ လက်ကိုင်ရှိတဲ့ ဥတ္တရိမည်တွင် သူတော်စင်တို့ ကိုယ်တွင်ရထား ဈာန်မဂ်ဖိုလ်တရားသည်။ အတ္ထိ နုခေါ၊ ရှိပါ၏လော။ ဧဝံ၊ ဤသို့ရှိသည်ရှိသော်။ ပစ္ဆိမေ၊ ဒိဋ္ဌဓမ္မ ခုဘဝ၏ ကဏ္ဍနိဂုံး နောက်ပိတ်ဆုံးဟု ဆိုအပ်သော။ ကာလေ၊ မရဏာသန္န သေခါနီးကာလ၌။ သဗြဟ္မစာရီဟိ၊ အယူသီလ တူညီမျှသည့် တကွယှဉ်မှီ ထို၍စုပေါင်း သူတော်ကောင်းတို့သည်။ ပုဋ္ဌော၊ ဥတ္တရိမနုဿ ကိုယ်တိုင်ရတဲ့ ဓမ္မပကတိ လက်ကိုင်ရှိနှင့် မရှိကိုမျှော် သတိဖေါ်ညွှန်း ဆော်တိုက်တွန်းသဖြင့် ဝိုင်းဝန်းအားပေး အနားဘေးက စစ်ဆေးစုံစမ်း မေးမြန်းအပ်သော။ သော အဟံ၊ ထိုငါသည်။ န မင်္ကုဘဝိဿာမိ၊ ဥတ္တရိမနုဿ ဓမ္မပကတိ လက်ကိုင်ရှိမှု မရှိမည်ဖြိုး တရားကိုးလျက် ကြောက်စိုးကင်းပ ချမ်းသာရသည် မုချမသွေ ဖြစ်ရပေအံ့-ဟု ဤဒသမမြောက် ပစ္စဝေက္ခဏာပါဠိကို အနက်ပေးခဲ့ပါသည်၊ ဤအနက်သည် "ဥတ္တရိမနုဿဓမ္မောတိ ဥတ္တရိမနုဿာနံ ဥက္ကဋ္ဌမနုဿဘူတာနံ ဈာယီနဉ္စေဝ အရိယာနဉ္စ ဈာနာဒိဓမ္မော"စသည်ဖြင့် ဖွင့်ဆိုတော်မူအပ်သော အဋ္ဌကထာပါဌ်ကို အမှီပြု၍ရေးသားအပ်သော အနက်ဖြစ်ပါသည်။

"အလမရိယဉာဏဒဿနဝိသေသော"ဟူသော ပါဠိကိုအဋ္ဌကထာ၌ နှစ်နည်းဖွင့်သော်လည်း ပဌမဖွင့်နည်းအတိုင်းသာ အနက်ပေးခဲ့ပါသည်။

"ပစ္ဆိမေ ကာလေ"ဟူသော ပါဠိတော်ပုဒ်ကိုလည်း "ပစ္ဆိမေ ကာလေတိ မရဏမဉ္စေ နိပ္ပန္နကာလေ"ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုတော်မူခြင်းကြောင့် "ပစ္ဆိမေ၊ ဒိဋ္ဌဓမ္မ ခုဘဝ၏ ကဏ္ဍနိဂုံး နောက်ပိတ်ဆုံးဟု ဆိုအပ်သော။ ကာလေ၊ မရဏာသန္န သေခါနီးကာလ၌"ဟု အနက်ပေးခဲ့ပါသည်။

"သောဟံ ပစ္ဆိမေ ကာလေ သဗြဟ္မစာရီဟိ ပုဋ္ဌော န မင်္ကုဘဝိဿာမိ"ဟူသော ပါဠိတော်ဝါကျ၏ အဓိပ္ပါယ်ကို ချဲ့ထွင်၍ ဖေါ်ပြပါဦးမည်၊ ရှေးအခါကာလက တပါးသောရဟန်း ရောဂါဝေဒနာ စွဲကပ်

လာလျှင် ဘုရားရှင်ကိုယ်တိုင်သော်၎င်း,သီတင်းသုံးတော် ရဟန်းတော်များ သော်၎င်း,ကြွလာတော်မူ၍ သီလစသည်တို့၌ ကုက္ကုစ္စသံသယ ရှိမရှိကို၎င်း, ဥတ္တရိမနုဿဓမ္မကို ရ,မရကို၎င်း တိုက်ရိုက်အားဖြင့်ဖြစ်စေ, ပရိယာယ် အားဖြင့်ဖြစ်စေ မေးမြန်းစုံစမ်းခြင်းကို ပြုတော်မူလေ့ရှိကြလေသည်၊ ထိုသို့ မေးမြန်းစုံစမ်းတော်မူကြရာဝယ် လူနာ၌ သံသယကုက္ကုစ္စရှိလျှင်လည်း ထိုသံသယကုက္ကုစ္စကို ပယ်ဖျောက်ပေးတော်မူကြ၍ ဥတ္တရိမနုဿဓမ္မကို မရမရှိသေးလျှင်လည်း ရရှိနိုင်ရန် တရားဟောတော် မူကြလေသည်၊ ထိုစကားမှန်၏၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ထေရဝဂ်၌ အရှင်ဝက္ကလိ မထေရ်နှင့် အရှင်အဿဇိမထေရ်တို့ မရဏန္တိကဂိလာန ဖြစ်နေစဉ်ကဝေဒနာ ပြင်းထန်စွာ ခံစားနေရာဝယ် မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်တော်မူ၍ စုံစမ်းမေးမြန်းတော် မူပြီးလျှင် တရားဓမ္မ ဟောကြားတော်မူကြောင်း လာရှိလေသည်၊ အရှင် ခေမကရဟန်း ဖျားနာရာ၌ကား သီတင်းသုံးဖော်များ ကြွရောက် မေးမြန်း၍တရားဟောကြောင်းလာရှိလေသည်၊အနာထပိဏ်သူဌေးဖျားနာ ရာ၌လည်း အရှင်သာရိပုတ္တရာ,အရှင်အာနန္ဒာတို့ ကြွရောက်မေးမြန်းဟော ကြားတော်မူကြကြောင်း လာရှိလေသည်၊ သဠာယတနဝဂ္ဂသံယုတ်ပါဠိ ပဌမ,ဒုတိယဂေလညသုတ်၌လည်း မြတ်စွာဘုရားကိုယ်တိုင် ဂိလာနစရပ်သို့ ကြွရောက်တော်မူ၍ ဂိလာနရဟန်းအများတို့အား သတိသမ္ပဇညတရား, အနိစ္စာနုပဿနာ, ဝေဒနာနုပဿနာတရားတို့ကို ဟောကြားတော် မူကြောင်း လာရှိလေသည်။

ထိုကဲ့သို့ သေခါနီးကာလမှာပင် စုံစမ်းမေးမြန်း၍ တရားသဘော ဟောပြောအားပေးတော်မူကြခြင်းကြောင့် ပက်လက်အိပ်ကာ ဝေဒနာကို ခံစားနေရင်းမှာပင် တရားနှလုံးသွင်း၍ ရဟန္တာအဖြစ်သို့ရောက်ပြီး ပရိနိဗ္ဗာန်စံဝင်တော်မူကြရသော သူတော်ကောင်းများလည်း အတော်ပင် များပြားလှပါသည် ထိုသို့ ပြန်လွန်တော်မူခါနီးမှ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံဝင်တော်မူကြရသော အရှင်မြတ်များသည် သမသီသီရဟန္တာများ မည်ကြကြောင်း ပုဂ္ဂလပညတ်ပါဠိ ပဋိသမ္ဘိဒါမဂ်ပါဠိစသည်တို့၌ ဟော ကြားတော်မူပါသည်။

စကားအဓိပ္ပါယ် အနွယ်မကင်း နီးစပ်ခြင်းကို အခွင့်အရေးယူ၍ မှတ်ချက်သဘောအားဖြင့် ဆက်လက်ရေးသားပါဦးမည်၊ ထိုသို့ သာဝ ကများ ပရိနိဗ္ဗာန် စံဝင်တော်မူကြပြီးလျှင်လည်း ရံခါ မြတ်စွာဘုရား ကိုယ်တော်တိုင် ဦးဆောင်တော်မူ၍၎င်း၊ ရံခါ ရဟန်းတော်များချည်း

သာလျှင်ရင်း ကြွရောက်သဂြိုဟ်တော်မူကြလေသည့် စေတီထိုက်သော အရိယာသာဝကများဖြစ်လျှင်လည်း အရိုးအိုးစေတီ တည်ထားတော်မူကြလေသည်။

ထိုစကားမှန်၏ အရှင်နာလကနှင့် အရှင်ဗာဟိယတို့ ပရိနိဗ္ဗာန် စံဝင်တော်မူကြရာ မြတ်စွာဘုရားကိုယ်တော်တိုင် ရဟန်းတော်အများနှင့် ကြွရောက်၍ ရဟန်းတော်များအား သဂြိုဟ်စေကြောင်း အရိုးအိုးစေတီ လည်း တည်ထားစေကြောင်း နာလကသုတ်,ဗာဟိယသုတ်တို့၌ လာရှိ လေသည် အရှင်ဂေါဓိက,အရှင်ဝက္ကလိတို့ ပရိနိဗ္ဗာန်ပြုရာ ဇာသိဂိလိ တောင်နံပါးသို့လည်း ဘုရားရှင်ကိုယ်တော်တိုင် ရဟန်းတော်များနှင့် ကြွရောက်တော်မူကြောင်း သံယုတ်ပါဠိတော်တို့၌ လာရှိလေသည်။

ဤသို့စသည်ကို ထောက်ထား၍ အခြားသာဝကများ ပြန်လွန်ကြရာ ပရိနိဗ္ဗာန် ပြုတော်မူကြရာ၌လည်း သဂြိုဟ်သူဒါယကာမရှိက ဘုရားရှင် အမှူးပြု ဦးဆောင်သော သံဃာတော်များသော်ရင်း သို့မဟုတ် သံဃာတော်များ ချည်းသော်ရင်း ကြွရောက် သဂြိုဟ်တော်မူကြသည်ဟု သိရှိနိုင်ပါသည် ယခုကာလကဲ့သို့ ဘုန်းကြီးပြန်ပွဲကြီးများ ဆင်ယင်ကျင်းပ သည်ဟူ၍ကား မမှတ်သင့်ပါ၊ အချို့သာဝကများ ပြန်လွန်တော်မူရာ ပရိနိဗ္ဗာန် ပြုတော်မူရာ၌မူ ဒါယကာများက သိုက်မြိုက် ခန်းနားသော သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ၍ သဂြိုဟ်ကြမည်ဟူ၍ကား မှန်းဆသိရှိ နိုင်ရန် ကျမ်းဂန်အထောက်အထားရှိပါသည်။

သို့ရာတွင် ရှေးအခါက ပြုလုပ်ကြသော သာဓုကီဠနသဘင်မှာ ယခုကာလ၌ ပြုလုပ်လေ့ရှိကြသော ဘုန်းကြီးပြန်ပွဲမျိုးမဟုတ်၊ "သာဓု- သုန္ဒရံ ကီဠနံ သာဓုကီဠနံ"ဟူသော ဝစနတ္ထနှင့်အညီ၊ သံဝေဂရယူဘွယ် အကြောင်းအရာတို့ကို ထည့်သွင်းမြွက်ကြား၍ အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘ စသည်တို့နှင့်စပ်သော သီချင်းများကို သီဆိုကျူးရင့်ကာ ပူဇော်ခြင်း၏ အစွမ်းအားဖြင့် ကောင်းမြတ်သော ကစားခြင်းသာ ဖြစ်ပါသည်။

**တနည်းကား**— "သာဓူနံ ကီဠနံ သာဓုကီဠနံ"ဟူသော ဝစနတ္ထနှင့် အညီ မိမိ၏ အကျိုးစီးပွား, သူတပါး၏ အကျိုးစီးပွားကို ရွက်ဆောင် ပြီးမြောက်စေတတ်ကုန်သော သူတော်ကောင်းတို့၏ သံဝေဂရယူဘွယ် အကြောင်းအရာတို့ကို မြွက်၍မြွက်၍ ရွှင်မြူးခြင်းဟုဆိုအပ်သော,များမြတ်

သော ကောင်းမှုကို ဖြစ်စေသောအားဖြင့် တမလွန်ကောင်းကျိုးနှင့် မဆန့်ကျင်သောအားဖြင့်၊ ဝါ၊ အပါယ်မကျစေသောအားဖြင့် ရှင်မြူးနေထိုင်ခြင်း ဓမ္မသဘင် ဆင်ယင်ကျင်းပခြင်းသာ ဖြစ်ပါသည်၊ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌ အောက်ပါအတိုင်း ဖွင့်ဆိုတော်မူပါသည်။

"သာဓု ကီဠနံ နာမ သံဝေဂဝတ္ထုံ ကိတ္တေတွာ ကိတ္တေတွာ အနိစ္စတာပဋိသံယုတ္တာနိ ဂီတာနိ ဂါယိတွာ ပူဇာဝသေန ကီဠနတော သုန္ဒရံ ကီဠနန္တိ သာဓုကီဠနံ၊ အထ ဝါ သပရဟိတသာဓနဋ္ဌေန သာဓု၊ တေသံ သံဝေဂဝတ္ထုံ ကိတ္တေတွာ ကိတ္တေတွာ ကီဠနံ သာဓု ကီဠနံ၊ ဥဠာရပုညပသဝနတော သမ္ပရာယိကတ္တာ ဝိရောမိကီဠာ ဝိဟာရောတိ အတ္တော"။

ဆက်ပါဦးမည်၊ "မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်၌ "ဥပသင်္ကမိတွာ ဘဂဝတော သရီရံ နစ္စေဟိ ဂီတေဟိ ဝါဒိတေဟိ။ပ။ ပူဇေန္တာ"စသည်ဖြင့် မြတ်စွာဘုရား၏ ရုပ်အလောင်းတော်ကို ကခြင်း, သီခြင်း, တီးမှုတ်ခြင်း စသည်တို့ဖြင့် ပူဇော်ကြောင်း လာရှိရာ၌လည်း ဖေါ်ပြခဲ့သော သာရတ္ထဋီကာပါဌ်နှင့် "အရိယာနံ ပရိနိဗ္ဗာနကာလေ ရတနတ္တယဂုဏူပသဥ္ဟိတံ သာဓုကီဠိတဂီတံ ဝါ"ဟူသော ဝိနယသင်္ဂဟအဋ္ဌကထာပါဌ်တို့ကို ထောက်ထားလျှင် ထိုသီခြင်းများနှင့်တကွ အခြားရှေးအခါက သာဓုကီဠနသဘင်များ၌ သီဆိုပူဇော်အပ်သော သီချင်းများသည် သံဝေဂရဘွယ် အနိစ္စ စသည်နှင့်စပ်သော သီချင်းများ, သဒ္ဒါဖြစ်ဘွယ် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်နှင့်စပ်သော သီချင်းများသာဖြစ်သည်ဟု သိမှတ်သင့်ပါသည်။

ယခုကာလများ၌ကား ပြန်လွှန်တော်မူခါနီးကာလတွင် သီတင်းသုံးဘော်များက ကြွရောက်၍ တရားစကား ဟောကြားချီးမြှင့်တော်မူကြသည်ဟု အလွန်ကြားရခဲလေသည်၊ ဘုန်းကြီးများ ငယ်စဉ်က ကျောင်းထိုင်ဘုန်းကြီးတပါး ပြန်လွှန်တော်မူခါနီးတွင် တပည့်ဦးပဇ္ဇင်းများက အသံကျယ်လောင်စွာ ငိုသူငို၍ ကျောင်းမွေတောင်းသူများကလည်း တောင်းသည်ဟု အာဂန္တုရဟန်းမတော်တပါး ပြောပြသည်ကို ကြားနာရဘူးပါသည်။

ယခုကာလ၌ ပြန်လွှန်တော်မူခါနီးတွင် တရားစကား ဟောကြားချီးမြှင့်မှုသည် ထုံးစံမဟုတ်သလောက် ကွယ်ပျောက်လုနီးပါးရှိသော်လည်း ပြန်လွှန်တော်မူပြီးလျှင်ကား များသောအားဖြင့် အချို့သံဃာတော်များ

သည် အငြိမ့်၊ ဇာတ်၊ ရုပ်သေးစသည် ပျော်ပွဲ,ရွှင်ပွဲများ ထည့်သွင်းကာ ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်ကြလေသည်၊ အင်္ဂလိပ်အစိုးရလက်ထက်ကမူ အချို့ဘုန်းကြီးပြန်ပွဲများ၌ လောင်းကစားဝိုင်းများပင် ပါဝင်သည်ကို တွေ့မြင်ရဘူးပါသည်။

"ပုထုဇ္ဇနသီလဝတော ပန ပရိနိဗ္ဗုတဘိက္ခုနော ဝိယ မဟန္တမ္ပိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ"ဟူသော မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ အင်္ဂုတ္တိုရ်အဋ္ဌကထာတို့ကို ထောက်ထားလျှင် မိမိတို့၏ဆရာသမား သီလဝန္တရဟန်းတော်များ ပြန်လွန်တော်မူရာ၌ ခမ်းနားကြီးကျယ်စွာ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ၍ ပူဇော်သက္ကာရများပြုကာ သင်္ဂြိုဟ်ခြင်းသည်ကား ပြုလုပ်ကောင်းသောအရာ စိတ်ထားမြင့်မြတ်က ကုသိုလ်အရာပင် ဖြစ်ပါသည်။

သို့ရာတွင် ရဟန်းတော်များက ဒါယကာများကို အပ်စပ်သော ညွှန်ကြားဆုံးမမှုဖြင့် ကူညီရုံမှတပါး မိမိတို့ကိုယ်တိုင် ရှေ့ဆောင်ဝန်ကိုင် ပြုလုပ်၍ ဇာတ်ပွဲသဘင်များ ငှါးရမ်းထည့်သွင်းပြီးလျှင် ကြိမ်တရမ်းရမ်း သက်နှဲးဘလွှားလွှားဖြင့် ပွဲကြပ်ပွဲထိမ်း လုပ်ရသည်တိုင်အောင် ကြိုးစားရွက်ဆောင်ကြခြင်းသည်ကား မိမိ၏အလုပ်ဝတ္တရားမဟုတ်သော ဒါယကာတို့၏ အလုပ်ဝတ္တရားကို ဝင်ရောက်လုပ်ကိုင်ရာရောက်သည့်ပြင် ဘုရားရှင်ကံမြစ်တော်မူအပ်သော မလုပ်သင့်သည့်အလုပ်များကို ကြိုးစားလုပ်ကိုင်ခြင်းပင် ဖြစ်ပေသည်။

ထိုစကားမှန်၏ မြတ်စွာဘုရားသည် "အိုအာနန္ဒာ သင်တို့သည် ငါဘုရား၏ရုပ်အလောင်းတော်ကို သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ၍ ပူဇော်ခြင်းငှါ ကြောင့်ကြမပြု လျစ်လျူရှုသည်ဖြစ်ကုန်လော့၊ အိုအာနန္ဒာ ငါဘုရား တိုက်တွန်းပါ၏ သင်တို့သည် မြတ်သောအရဟတ္တဖိုလ်ဟူသော အကျိုး၌သာ စေ့ဆော်ကြကုန်လော့ မြတ်သောအရဟတ္တဖိုလ်ဟူသော အကျိုး၌သာ ကြိုးစားကြကုန်လော့ မမေ့မလျော့ကုန်သည်ဖြစ်၍ ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယရှိကုန်သည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ နေကြကုန်လော့ အိုအာနန္ဒာ ငါဘုရား၌ အလွန်သက်ဝင်ကြည်ညိုကြကုန်သော မင်းပညာရှိတို့သည်၎င်း ပုဏ္ဏားပညာရှိတို့သည်၎င်း, သူကြွယ်ပညာရှိတို့သည်၎င်း ထင်ရှားရှိကုန်၏၊ ထိုမင်း, ပုဏ္ဏား, သူကြွယ်စသော ဒါယကာအများတို့သည် ငါဘုရား၏

ရုပ်အလောင်းတော်ကို သာဓုကီဠနသဘာင် စီရင်ခင်းကျင်း ပူဇော်ခြင်းကို မယှဉ်းပြုကြကုန်လတ္တံ့”ဟု မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်၌ ဟောတော်မူခဲ့သည် မဟုတ်ပါလော။

ထိုကဲ့သို့ ကိုယ်တော်မြတ်၏ ရုပ်အလောင်းတော်ကို သာဓုကီဠနသဘင် ဆင်ယင်သမှု ပူဇော်ခြင်းပြုရာ၌ပင် “လျစ်လျူရှု၍နေရမည်”ဟု ကံမြစ်တော်မူခဲ့လျှင် ယခုကာလ၌ ဒါယကာ,ဒါယိကာမ အပြည့်အစုံရှိလျက် ရဟန်းတော်များကိုယ်တိုင် မအပ်သောကိုယ်မှု, နှုတ်မှုတို့ဖြင့် လုံ့ဆော်ကြိုးစား၍ ပျော်ပွဲရှင်ပွဲများဖြင့် ဆင်ယင်ပြုလုပ်ကြသော အချို့ဘုန်းကြီးပြန်ပွဲများကိုကား အဘယ်မှာလျှင် မကံမြစ်ဘဲ ရှိနိုင်ပါမည်နည်း။

“အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ၊ တထာဂတဿ သရီရပူဇာယ၊ ဣင်္ဃ တုမှေ အာနန္ဒ သာရတ္ထေ ဃဋထ အနုယုဥ္ဇထ၊ သာရတ္ထေ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရထ၊ သန္တာနန္ဒ ခတ္တိယပဏ္ဍိတာပိ ဗြာဟ္မဏပဏ္ဍိတာပိ ဂဟပတိပဏ္ဍိတာပိ တထာဂတေ အဘိပ္ပသန္နာ၊ တေ တထာဂတဿ သရီရပူဇံ ကရိဿန္တီတိ”။ (မဟာပရိနိဗ္ဗာနသုတ်ပါဠိ)။

ဆိုဆဲတင်းလင်း စကားရင်းတွင် တပါးဝင်၍ အစဉ်ပြတ်တောင်း မိပ္ပါယ်ဟောင်းကို ပြန်ပြောင်းဆက်လက်ပါဦးမည်။

အထက်၌ ဆိုခဲ့သည့်အတိုင်း သေခါနီးကာလ ဘဝနိဂုံး နောက်ပိတ်ဆုံးအချိန်တွင် သီတင်းသုံးဘော်တို့က မိမိအား ဥတ္တရိမနုဿဓမ္မရ,မရ၊ ရှိ,မရှိကို မေးမြန်းစုံစမ်းကြသောအခါ မိမိ၌ ဥတ္တရိမနုဿဓမ္မမရှိသဖြင့် မချီတင်ကဲ မျက်နှာမွဲဖြင့် ဝမ်းနည်းပူပန်မှုမရှိရန် ကျန်းမာနေဆဲ ယခုအနေကပင် နေ့ညမအား လွန်ကြိုးစားလျက် ဘုရားမြွက်ကြူး တရားထူးကို ဆွတ်ခူးရယူစေဇတော်မူလိုသောကြောင့် ဤဆယ်ခုမြောက် ပစ္စဝေက္ခဏာကို မြဘ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

စင်စစ်မှာကား—သီတင်းသုံးဘော် ရဟန်းတော်တို့က သီလစသည် သိက္ခာသုံးပါး၌ သံသယရှိ,မရှိ၊ ဥတ္တရိမနုဿဓမ္မရ,မရစသည်တို့ကို မေးမြန်းသည်ဖြစ်စေ,မမေးမြန်းသည်ဖြစ်စေ “အတ္တနာ စောဒယတ္တာနံ၊ ပဋိမံသေထ အတ္တနာ”ဟူသော ဓမ္မပဒပါဠိတော်နှင့်အညီ မိမိသည်ပင်လျှင် မိမိ၏ ကိုယ်ကို စုံစမ်းစစ်ဆေးကာ တိုက်တွန်းနှိုးဆော်၍ သေခါနီးကာလ၌ မိမိ၏ ကိုးကွယ်ရာနာထကို လက်ရယူထားသင့်သည်သာ ဖြစ်ပါသည်။

ချွပါဦးမည်၊ မိမိ၏ ကိုးကွယ်အားထားရာဟူသည်မှာ သေခါနီး ကာလတွင် မကပ်မငြိ မကြောက်မရွံ့ မတွေမဝေဘဲ ရဲဝံ့စွာသေနိုင်ရန် လက်ရှိတရားပင်ဖြစ်ပါသည်။

ဤအရာ၌ ရဲဝံ့စွာသေနိုင်ကြောင်း တရားများမှာ "အားကြီးပြင်းထန်သော သက္ကာယဒိဋ္ဌိနှင့် အရဟတ္တဖိုလ်" ဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်၊ ထိုစကားမှန်၏ ဆင်အာဇာနည်, မြင်းအာဇာနည်, နွားအာဇာနည်တို့မှာ အားကြီးပြင်းထန်သော သက္ကာယဒိဋ္ဌိ လက်ကိုင်ရှိကြသဖြင့် မိမိတို့အား လွှမ်းမိုးနိုင်မည့် ဆန့်ကျင်ဘက်သတ္တဝါကို မမြင်နိုင်ကြသောကြောင့် သေဘေးမှ မကြောက်ကြသည်ကိုရင်း အရဟတ္တဖိုလ်လက်ရှိ ရဟန္တာပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိကို ပယ်အပ်ပြီးသဖြင့် သေတတ်သော ပုဂ္ဂိုလ်သတ္တဝါကို မမြင်တော့သောကြောင့် သေဘေးမှမကြောက်တော့ကြောင်းကိုရင်း ဓမ္မပဒအဋ္ဌကထာ ဆဗ္ဗဂ္ဂိယဝတ္ထု၊ "သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော"စသော ဂါထာအဖွင့်၌ မိန့်ဆိုတော်မူလျက် ရှိလေသည်။

ထိုနှစ်မျိုးနှစ်စားတို့တွင် "သက္ကာယဒိဋ္ဌိ"ဟူသော ရဲဝံ့စွာသေနိုင်ကြောင်းတရားသည် မိုက်ရူးရဲသေဝံ့ကြောင်း၊ ဝါ၊ ဆင်သေ,မြင်းသေ သေဝံ့ကြောင်းတရားသာ ဖြစ်သည့်ပြင် တမလွန်ဘဝ၌လည်း ကောင်းကျိုးကိုမဖြစ်စေနိုင် ဆင်းရဲကိုသာ ဖြစ်စေနိုင်သောကြောင့် သာသနလောက၌ သူတော်ကောင်းတို့ ကြိုးစားရယူအပ်သော ကိုးကွယ်အားထားရာမဟုတ်ပါ အရဟတ္တဖိုလ်သည်သာ နိဗ္ဗာန်သို့ရောက်ကြောင်းတရား ဖြစ်သောကြောင့် သာသနလောက၌ သူတော်ကောင်းတို့ ကြိုးစားရယူအပ်သော အားထား ကိုးကွယ်ရာ တရားဖြစ်ပါသည်။

ဆက်ပါဦးမည်၊ ဤဓမ္မပဒအဋ္ဌကထာ၌ ရဟန္တာပုဂ္ဂိုလ်တဦးထည်းကိုသာ သေဘေးမှ မကြောက်သူအဖြစ် သရုပ်ထုတ်၍ ဖွင့်ဆိုတော်မူခြင်းသည်—

"နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ"။

ဟူသော ထေရဂါထာပါဠိ ရဟန္တာပုဂ္ဂိုလ်များ၏ မိန့်ခွန်းတော်နှင့်အညီ ရဟန္တာပုဂ္ဂိုလ်သည်သာ အသက်၌ ရှင့်ခြင်း လုံးဝမရှိတော့သည်ကို ထောက်ထား၍ ဥက္ကဋ္ဌနိဒ္ဒေသအားဖြင့် ဖွင့်ဆိုတော်မူခြင်းဖြစ်ပါသည်။

ရသင့်သမျှကို ညွှန်ပြကြောင်း သာမညနိဒ္ဒေသအားဖြင့်သော်ကား–

၁။ ကာမဂုဏ်တို့၌ ရာဂကင်းသူ။
၂။ ကိုယ်ကာယ၌ ရာဂကင်းသူ။
၃။ မကောင်းမှုကိုမပြု, ကောင်းမှုကို ပြုပြီးသူ။
၄။ သူတော်ကောင်းတရား၌ ယုံမှားမှုကင်းသူ—

ဟူသော ဤပုဂ္ဂိုလ်လေးဦးစလုံးပင် သေဘေးမှ မကြောက်သူများ ဖြစ်ကြပါသည်။

ထိုစကားမှန်၏၊ ဤပုဂ္ဂိုလ်လေးဦးတို့သည် သေဘေးမှ မကြောက် သူများ ဖြစ်ကြောင်းကို အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် အဘယသုတ်၌ "ကတမေ စ ဗြာဟ္မဏ မရဏဓမ္မော သမာနော န ဘာယတိ" စသည်ဖြင့် မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ထိုပါဠိတော်ကို အကျဉ်းချုံးသောအားဖြင့် အဓိပ္ပါယ်ပြန်ဆို၍ အောက်ပါအတိုင်း ရေးသားဖေါ်ပြပါဦးမည်။

"အိုပုဏ္ဏား –သေခြင်းသဘောဖြစ်လျက် သေခြင်းမှမကြောက်သော သူသည် အဘယ်နည်း။

၁။ အိုပုဏ္ဏား....ဤလောက၌ အချို့သောသူသည် ကာမဂုဏ်တို့၌ ရာဂ ကင်း၏၊ ဆန္ဒကင်း၏၊ မြတ်နိုးခြင်း,ပူပန်ခြင်းကင်း၏၊ တဏှာကင်း၏၊ ထိုသူသို့ ပြင်းပြသော အနာရောဂါ တပါးပါး ကျရောက်၏၊ အနာရောဂါတပါးပါး ကျရောက်သော ထိုသူအား "ချစ်ခင်ဘွယ် ကာမဂုဏ်တို့သည် ငါ့ကို ကေန်စွန့်ကြလိမ့်မည်၊ ငါသည်လည်း ချစ်ဘွယ်ရာ ကာမဂုဏ်တို့ကို စွန့်ရတော့မည်"ဟု အကြံမဖြစ်၊ ထိုသူသည်ရင်း။

၂။ အိုပုဏ္ဏား— နောက်တပါးကား ဤလောက၌ အချို့သောသူသည် ကိုယ်၌ ရာဂကင်း၏၊ ဆန္ဒကင်း၏၊ ချစ်မြတ်နိုးခြင်းကင်း၏၊ မွတ်သိပ်ခြင်းကင်း၏၊ ပူပန်ခြင်းကင်း၏၊ တဏှာကင်း၏၊ ထိုသူသို့ ပြင်းပြသော အနာရောဂါ တပါးပါးကျရောက်၏၊ အနာရောဂါ

တပါးပါး ကျရောက်သော ထိုသူအား "ချစ်ဘွယ်ရာ ကိုယ်သည် ငါ့ကိုကေန် စွန့်လိမ့်မည်၊ ငါသည်လည်း ချစ်ဘွယ်ရာကိုယ်ကို စွန့်ရလိမ့်မည်"ဟု အကြံမဖြစ် ထိုသူသည်ရင်း။

၃။ အိုပုဏ္ဏား— နောက်တပါးကား ဤလောက၌ အချို့သောသူသည် မကောင်းမှု ကြမ်းကြုတ်မှု,ညစ်နွမ်းမှုကိုမပြု၊ ကောင်းမှုကို ကုသိုလ်ကို ကြောက်မက်ဘွယ်မှ တားမြစ်ရေးကို ပြုပြီးဖြစ်၏၊ ထိုသူသို့ ပြင်းပြသော အနာရောဂါ တပါးပါးကျရောက်၏၊ ပြင်းပြသော အနာရောဂါတပါးပါး ကျရောက်သော ထိုသူအား"ငါသည် မကောင်းမှုကို ကြမ်းကြုတ်မှုကို ညစ်နွမ်းမှုကိုမပြု၊ ကောင်းမှုကို ကုသိုလ်ကို ကြောက်မက်ဘွယ်မှ တားမြစ်ရေးကို ပြုပြီးပြီ၊ အချင်းတို့ စင်စစ် မကောင်းမှုကို ကြမ်းကြုတ်မှုကို ညစ်နွမ်းမှုကို မပြုသော ကောင်းမှုကို ကြောက်မက်ဘွယ်မှ တားမြစ်ရေးကို ပြုပြီးသောသူတို့၏ လားရာဂတိသို့ နောက်ဘဝ၌ ငါလားရတော့မည်တကား"ဟု အကြံဖြစ်၏ ထိုသူသည်ရင်း။

၄။ အိုပုဏ္ဏား— နောက်တပါးကား ဤလောက၌ အချို့သောသူသည် သူတော်ကောင်းတရား၌ မယုံမှား, ခွဲဝေနိုင်၏၊ ဆုံးဖြတ်နိုင်၏၊ ထိုသူသို့ ပြင်းပြသော အနာရောဂါတပါးပါး ကျရောက်၏၊ ပြင်းပြသော အနာရောဂါတပါးပါး ကျရောက်သောထိုသူအား"ငါသည် စင်စစ်သူတော်ကောင်းတရား၌ မယုံမှား ခွဲဝေနိုင်၏၊ ဆုံးဖြတ်နိုင်၏"ဟု အကြံဖြစ်၏၊ ထိုသူသည်ရင်း မစိုးရိမ် မပင်ပန်း မငိုကြွေး ရင်ပတ်စည်တီး မမြည်တမ်း ပြင်းစွာတွေဝေခြင်းသို့ မရောက်။

အိုပုဏ္ဏား— သေခြင်းသဘော ရှိသည်ဖြစ်ပါလျက် သေခြင်းမှ မကြောက်သော, ထိတ်လန့်ခြင်းသို့ မရောက်သောသူတို့သည် ဤလေးဦးတို့ ပင်တည်း။

ဤသေဘေးမှ မကြောက်သူ အားလုံးတို့တွင်လည်း ရဟန္တာ ပုဂ္ဂိုလ်သည်သာ ကာမဂုဏ်တို့၌ ရာဂကင်းခြင်း, ကိုယ်ကာယ၌ ရာဂကင်းခြင်း မကောင်းမှုကို မပြုတော့ဘဲ ကောင်းမှုကိုသာပြုခြင်း သူတော်ကောင်းတရား၌ ယုံမှားကင်းခြင်းဟူသော အကြောင်းအင်္ဂါအားလုံးနှင့် ပြည့်စုံသဖြင့် သေဘေးမှ မကြောက်ဆုံးသူ ဖြစ်သည်ဟူ၍လည်း သိမှတ်သင့်လေသည်။

ဤအဓိပ္ပါယ် ပြန်ဆိုချက်မှာ သေဘေးမှ မကြောက်သူဟူသော စကားအလျဉ်းသင့်သည့်အတိုင်း အဓိပ္ပါယ်ပြန်ဆိုချက်ဖြစ်ပါသည် ပါဠိတော်သုတ်ရင်း၌ကား—

၁။ ကာမဂုဏ်တို့၌ ရာဂမကင်းသူ။

၂။ ကိုယ်ကာယ၌ ရာဂမကင်းသူ။

၃။ ကောင်းမှုကုသိုလ်ကိုမပြုရသေးဘဲမကောင်းမှုများကိုပြုပြီးသူ။

၄။ သူတော်ကောင်းတရား၌ ယုံမှား၍ မခွဲဝေနိုင်သူ—

ဟု ဆိုအပ်သော သေဘေးမှ ကြောက်လန့်သူလေးဦးကို ဟောတော်မူပြီးမှ အထက်၌ ပြဆိုခဲ့ပြီးသော သေဘေးမှ မကြောက်သူလေးဦးကို ဟောတော်မူပါသည်။

ဤသေဘေးမှ ကြောက်တတ်သူတို့တွင်လည်း ကာမဂုဏ်တို့၌ ရာဂမကင်းခြင်းစသည့် အကြောင်းအင်္ဂါအားလုံးနှင့် ပြည့်စုံသူ ဗာလပုထုဇဉ်သည်သာလျှင် သေဘေးမှ အကြောက်ဆုံးဖြစ်သည်ဟူ၍လည်း သိမှတ်သင့်ပါသည်။

ထိုမကောင်းမှုများကို ပြုပြီး၍ ကောင်းမှုကုသိုလ်ကို မည်မည်ရရ မပြုရသေးသော ဗာလပုထုဇဉ်၏ သေခါနီးကာလ၌ ထိတ်လန့်ကြောက်ရွံ့ရပုံအခြင်းအရာကို "ပုန စ ပရံ ဘိက္ခဝေ ဗာလံ ပီဌသမာရုဠံ့ဝါ"စသည်ဖြင့် ဥပရိပဏ္ဏာသပါဠိ ဗာလပဏ္ဍိတသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း မြန်မာပြန်ဆို၍ ရေးသားဖော်ပြပါဦးမည်။

"အိုရဟန်းတို့....နောက်တပါးကား၊ သေရာအင်းပျဉ်၌ တင်ထားအပ်သည်လည်းဖြစ်သော,သေရာညောင်စောင်း၌ တင်ထားအပ်သည်လည်းဖြစ်သော, သေရာမြေအရပ်၌ မထနိုင်ဘဲ အိပ်နေသည်လည်းဖြစ်သော, ထိုလူမိုက်၏ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်ဟူကုန်သော ယုတ်မာသော အပြုအမူတို့သည် သေခါနီးအခါ၌ ထင်ကုန်၏၊ ပေါ်ကုန်၏၊ လွှမ်းမိုးလာကုန်၏၊အိုရဟန်းတို့... ဥပမာအားဖြင့်ကြီးစွာသော တောင်ထွဋ်တို့၏ အရိပ်တို့သည် ညနေချမ်းအခါ မြေအပြင်၌ထင်ကုန်၏၊ ပေါ်ကုန်၏၊ လွှမ်းမိုးလာကုန်၏၊ အိုရဟန်းတို့.... ဤအတူသာလျှင် သေရာအင်းပျဉ်၌ တင်ထားအပ်သည်လည်းဖြစ်သော, သေရာညောင်စောင်း၌ တင်ထားအပ်သည်လည်းဖြစ်သော, (သေရာ) မြေ၌မထဘဲ လျောင်းအိပ်သည်လည်း

ဖြစ်သော, ထိုသူမိုက်၏ ရှေးကပြုခဲ့သော ကာယဒုစရိုက်,ဝစီဒုစရိုက်,မနောဒုစရိုက်ဟူကုန်သော ယုတ်မာသော အပြုအမူတို့သည် ထိုသေခါနီးအခါ၌ ထင်ကုန်၏၊ ပေါ်ကုန်၏၊ လွှမ်းမိုးလာကုန်၏။

အိုရဟန်းတို့....ထိုနိမိတ်ထင်ရာ၌ သူမိုက်အား ဤသို့သောအကြံသည် ဖြစ်၏၊ "ငါသည် ကောင်းမှုကို မပြုမိလေစွ၊ ကုသိုလ်ကို မပြုမိလေစွ၊ ကြောက်ရွံ့ခြင်းကို တားမြစ်ကြောင်းကုသိုလ်ကို မပြုမိလေစွ၊ မကောင်းမှုကို ပြုမိလေစွ၊ ကြမ်းကြုတ်မှုကို ပြုမိလေစွ၊ ညစ်ကျုံးမှုဒုစရိုက်ကို ပြုမိလေစွ၊ အချင်းတို့... ကောင်းမှုကို မပြုကုန်သော, ကုသိုလ်ကို မပြုမိကုန်သော, ကြောက်ရွံ့ခြင်းကို တားမြစ်ကြောင်း ကုသိုလ်တို့ကို မပြုမိကုန်သော, မကောင်းမှုကို ပြုမိကုန်သော, ကြမ်းကြုတ်မှုကို ပြုမိကုန်သော, ညစ်ကျုံးမှုဒုစရိုက်ကို ပြုမိကုန်သော ပုဂ္ဂိုလ်တို့၏ လားရာဂတိသည်ရှိ၏၊ ငါသည် ထိုဂတိသို့ လားရောက်ရပေတော့မည်"ဟု အကြံဖြစ်၏၊ ထိုသူမိုက်သည် ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ရောက်၏၊ အိုရဟန်းတို့ သူမိုက်သည် မျက်မှောက်ဘဝ၌ သုံးခုမြောက်ဖြစ်သော ဤဆင်းရဲခြင်း, နှလုံးမသာယာခြင်းကို ခံစားရ၏"။

ဤသို့ ရေးသားဖေါ်ပြခဲ့ပြီးသော ပါဠိ,အဋ္ဌကထာ ဒေသနာ အဓိပ္ပါယ် ကျဉ်းကျယ်ဥဿုံ အလုံးစုံကို အာရုံစေ့စေ့ ကြံအောက်မေ့၍ မိမိတို့၏ သေမရေး နေရေးအတွက် အားထားကိုးကွယ်ရာကို ဖွေရှာ ငဲ့စား၍ လိုလားတောင့်တကြကုန်သော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည် အရဟတ္တဖိုလ်ကို သို့မဟုတ် တမဂ်တဖိုလ်ကို သို့မဟုတ် နိယတဒေဝဂတိ မြဲမြံသော နတ်ပြည်လျှင်လားရာရှိသော စူဠသောတာပန် အဖြစ်ကို အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် မကောင်းမှုကို ရှောင်,ကောင်းမှုကိုဆောင်သော အကတပါပ,ကတကလျာဏ သူတော်စင်၏အဖြစ်ကို ရယူနိုင်ကြရန် ယခုအချိန်ကပင် မမေ့မလျော့သော အပ္ပမာဒတရားဖြင့် ကြိုးစားအားထုတ်သင့်သည်သာ ဖြစ်ကြောင်း အောက်ပါ သိရိမဏ္ဍရဟန္တာ၏ ဒေသနာမိန့်ခွန်းဖြင့်လည်း တိုက်တွန်းနှိုးဆော်ပါသတည်း။

**စရတော တိဋ္ဌတော ဝါပိ၊ အာသီနသယနဿ ဝါ။**
**ဥပေတိ စရိမာ ရတ္တိ၊ န တေ ကာလော ပမဇ္ဇိတုံ။ ။**

အနက်— စရတော ဝါပိ၊ ရှေ့နောက်ရွေ့ရှား သွားလာဆဲသော သူ၏၎င်း။ တိဋ္ဌတော ဝါပိ၊ မရွေ့မရှား မားမားမတ်မတ် ရပ်နေဆဲသော သူ၏၎င်း။ အာသီနသယနဿ ဝါ၊ ငုတ်တုပ်လျောင်းလဲ ထိုင်ဆဲအိပ်ဆဲသော

သူ၏ဥပမာ။ စရိမာ ရတ္တိ၊ ဘဝနိဂုံး ကမ္ဘတ်ဖုံးတဲ့ သက်သုဉ်းကာလ နောက်ဆုံးညသည်။ ဥပေတိ၊တနေ့တခြား ရွေ့ရွေ့အားဖြင့် နီးနားရင်းရပ် ချဉ်းကာကပ်၍ ထက်ကြွပ်နောက်ပါ ရောက်ရှိလာ၏။ တော၊ သင့်အား။ ပမဇ္ဇတုံ၊ ကာမဂုဏ်ငွေ့ အာရုံအတွေ့၌ ဝလေ့ပေါ်ကြော့ မေ့ပျော်မော့၍ ပေါ့ပေါ့နေထိုင်ခြင်းငှါ။ အကာလော၊ အခါဟောင်းမြင့် ကြာနှောင်း ဖင့်ဘို့ အခွင့်နာရီ မဟုတ်တော့ပြီ။

## အမိမာနနှင့် အမိမာနိက

ဤသို့လျှင် ဤဆယ်ခုမြောက် ပစ္စဝေက္ခဏာပါဠိကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်မှာ ဥတ္တရိမနုဿဓမ္မကို မရမရှိသေးသော ရဟန်း တို့အား ယင်းဥတ္တရိမနုဿဓမ္မကို နေ့ညမအား လုလ္လအားဖြင့် ကြိုးစားရယူ စေတော်မူလိုခြင်းကြောင့်သာ ဟောတော်မူခဲ့ရင်း ဖြစ်သည်နှင့် အညီ၊ ထိုဥတ္တရိမနုဿဓမ္မကို မရမရှိသေးသူတို့အား ကြိုးစားရယူတော်မူကြရန် တိုက်တွန်းနှိုးဆော်မှုလျှင် ရှေးရှုဦးတည်ချက်ရှိသော စကားအစဉ်တို့ဖြင့် သာလျှင် ဤဆယ်ခုမြောက် ပစ္စဝေက္ခဏာ၏ အဓိပ္ပါယ်ကဏ္ဍကို ပြီးဆုံး စေသင့်ပြီဟု ယုံကြည်အပ်ပါသော်လည်း ပိုမိုပြည့်စုံစေရန်, ဥတ္တရိမနုဿ ဓမ္မကို မရမရှိသေးသူတို့၌ ပါဝင်လျက်ရှိနေသဖြင့် ဆက်လက်ကြိုးစားရန် လိုအပ်နေသည့်ပြင် ဝိပဿနာဉာဏ်၏ ညစ်ငြူးကြောင်းတရား,ဝိပဿနာ၏ အန္တရာယ်များနှင့် ရင်ဆိုင်တွေ့ကြုံနေရသဖြင့် အလွန်အရေးကြီးလှသော အမိမာနိကပုဂ္ဂိုလ်ကို ပြဆိုလိုသောကြောင့်ရင်း, စာဘတ်ပရိသတ်တို့အား ယင်းအမိမာနိကပုဂ္ဂိုလ်ကို ပြဆိုခြင်းဖြင့် အနည်းဆုံး ဝိပဿနာဆိုင်ရာ အခြေခံပညာကို ရယူစေလိုသောကြောင့်ရင်း၊ အမိမာနိကကဏ္ဍကို ဤဆယ်ခုမြောက် ဝိပဿနာ၏ နောက်ဆက်တွဲအဖြစ်အားဖြင့် ရေးသား ဖော်ပြပါဦးမည်။

"အမိမာနိကပုဂ္ဂိုလ်"ဟူသည်မှာ— မိမိသည် ဈာန်မဂ်ဖိုလ်ဟူသော ဥတ္တရိမနုဿဓမ္မကို မရသေးဘဲလျက်၊ ဝါ၊ မိမိသည် သောတာပန်, သကဒါဂါမိစသည် အရိယာမဖြစ်သေးဘဲလျက် ဥတ္တရိမနုဿဓမ္မကိုရပြီ, သောတာပန်,သကဒါဂါမိစသော အရိယာဖြစ်ပြီဟု ထင်မှတ်၍ ထောင် လွှားတတ်သော မာနတရားရှိသူသည် အမိမာနိကပုဂ္ဂိုလ်မည်ပါသည်။

ရှုပါဦးမည်၊ "အဓိမာန"ဟူသည်ကို"တတ္ထ ကတမော အဓိမာနော၊ အပ္ပတ္တေ ပတ္တသညိတာ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ခုဒ္ဒက ဝိဘင်းပါဠိတော်၏အနက်ကို ထုတ်ပြရေးသားခြင်းဖြင့် သိသာစေပါမည်။

"တတ္ထ၊ ထိုဥဒ္ဒေသ၌။ အဓိမာနော၊ အဓိမာနသည်။ ကတမော၊ အဘယ်နည်း။ အပ္ပတ္တေ၊ သစ္စာလေးပါးသို့ သိသောအားဖြင့် မရောက်သေးဘဲလျက်။ ပတ္တသညိတာ၊ ရောက်ပြီဟု ထင်မှတ်သည်၏ အဖြစ်သည်။ အကတေ၊မဂ်ဖြင့်ပြုအပ်သောကိစ္စကို မပြုအပ်သေးဘဲလျက်။ ကတသညိတာ၊ ပြုအပ်ပြီဟု ထင်သည်၏အဖြစ်သည်။ အနဓိဂတေ၊ သစ္စာလေးပါးကို မသိသေးဘဲလျက်။ အဓိဂတသညိတာ၊ သိအပ်ပြီဟု မှတ်ထင်သည်၏ အဖြစ်သည်။ အသစ္ဆိကတေ၊ မျက်မှောက်မပြုရသေးဘဲလျက်။ သစ္ဆိကတ-သညိတာ၊ မျက်မှောက်ပြုအပ်ပြီဟု မှတ်ထင်သည်၏အဖြစ်သည်။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ယော မာနော၊ အကြင်ထောင်လွှားခြင်းသည်။ ယာ မညနာ၊ အကြင်ထောင်လွှားသော အခြင်းအရာသည်။ ယံ မညိတတ္တံ၊ အကြင်ထောင်လွှားခြင်း၏ အဖြစ်သည်။ ယာ ဥန္နတိ၊ အကြင်မြင့်ကြွခြင်း သဘောသည်။ ယော ဥန္နာမော၊ အကြင်မြင့်ကြွစေတတ်သောတရားသည်။ ယော ဓဇော၊ အကြင်တန်ခွန်ကဲ့သို့ ပလွှားတတ်သောတရားသည်။ ယော သံပဂ္ဂါဟော၊ အကြင်စိတ်ကို မြှောက်ပင့်တတ်သောတရားသည်။ စိတ္တဿ၊ စိတ်၏။ ယာ ကေတုကမျတာ၊ အကြင်မှန်ကင်းကဲ့သို့ အလွန်မြင့်သည်ကို အလိုရှိသည်၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤမာန,မညနာစသည့် တို့ဖြင့် ပြအပ်သောတရားကို။ အဓိမာနော၊ အဓိမာနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (အဓိပ္ပါယ်ထင်ရှားပြီ)။

"အဓိမာနော"ကို "အရိယဓမ္မော အဓိဂတောတိ ဥပ္ပန္နော မာနော အဓိမာနော"ဟု ဝစနတ္ထပြု။

အရိယဓမ္မော၊ အရိယာတို့၏ မဂ်ဖိုလ်တရားကို။ အဓိဂတောတိ၊ ရအပ်ပြီဟူ၍။ ဥပ္ပန္နော၊ ဖြစ်သော။ မာနော၊ ထောင်လွှားခြင်းတည်း။ အဓိမာနော၊ အရိယာမဂ်ဖိုလ်ကို ရအပ်ပြီဟု ထင်မှတ်ထောင်လွှားခြင်း။

"အဓိမာနိက"ကိုလည်း "အဓိမာနော ယဿ အတ္ထိတိ အဓိ-မာနိကော"ဟု ဝစနတ္ထပြု။

ယဿ၊ အကြောင်သူအား။ အဓိမာနော၊ အရိယာမဂ်ဖိုလ်ကိုရအပ်ပြီဟု ထင်မှတ်ထောင်လွှားခြင်း တရားသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ အဓိမာနိကော၊ အဓိမာနိကမည်၏။ "အဓိမာနိကော၊ အရိယာမဂ်ဖိုလ်တရားကို ရအပ်ပြီဟု ထောင်လွှားခြင်း တရားရှိသူ"။

**အဓိမာနိက မဖြစ်နိုင်သူများ**—ထိုသို့ ပြဆိုခဲ့ပြီးသော မိမိမရသေးသော အရိယာတရားကို ရအပ်ပြီဟု အဘင်ရောက်၍ ဘဝင်မြောက်ထောင်လွှားမှု ဟူသော အဓိမာနတရားသည်—

၁။ အရိယာပုဂ္ဂိုလ်တို့အားရင်း။
၂။ သီလမရှိသော အလဇ္ဇီဒုဿီလအားရင်း။
၃။ သီလရှိသော်လည်း ကမ္မဋ္ဌာန်းတရားကို မလိုလားမချစ်နှစ် စွန့်ပယ်ပစ်သော ပရိစ္စတ္တကမ္မဋ္ဌာနပုဂ္ဂိုလ်အားရင်း။

မဖြစ်နိုင်သောကြောင့် ထိုအရိယာစသူသုံးမျိုးတို့သည် မိမိမရ သေးသော အရိယာတရားကို ရအပ်ပြီ အထင်ရောက်၍ ဘဝင်မြောက်မှု ရှိသော၊ ဝါ၊ ဘဝင်မြောက်နေသော အဓိမာနိကမဖြစ်နိုင်ကြပါ။

အဘယ့်ကြောင့် အရိယာပုဂ္ဂိုလ်တို့အား အဓိမာနမဖြစ်နိုင်သနည်း ဟူမူ အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ရပြီးသော မဂ်ဖိုလ်,မျက်မှောက်ပြုပြီး သောနိဗ္ဗာန်, ပယ်အပ်ပြီးသောကိလေသာ, မပယ်ရသေး၍ ကြွင်းကျန်သော ကိလေသာတို့ကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်သတ်မှတ်ကာ ဝမ်းမြောက် ခြင်းရှိသည်ဖြစ်၍ အရိယာတရားထူးကို ထိုးထွင်း၍သိမှု၌ သံသယမရှိ၊ အမှန်အတိုင်း သိကြပြီးသောကြောင့် အရိယာပုဂ္ဂိုလ်တို့အား အဓိမာန မဖြစ်နိုင်တော့ပါ၊ ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ စတုတ္ထသိက္ခာပုဒ် အဖွင့်၌ရင်း သမ္မောအဋ္ဌကထာခုဒ္ဒကဝတ္ထုအဖွင့်၌ရင်း အောက်ပါအတိုင်း ဖွင့်ဆိုတော်မူလျက်ရှိလေသည်။

> "အရိယဿာဝကဿ တာဝ န ပ္ပဇ္ဇတိ၊ သော ဟိ မဂ္ဂဖလနိဗ္ဗာန- ပဟီနကိလေသအဝသိဋ္ဌကိလေသပစ္စဝေက္ခဏေန သဉ္ဇာတသော- မနဿော အရိယဂုဏပဋိဝေဓေ နိက္ကင်္ခေါ။ တသ္မာ သောတာပန္နာ- ဒီနံ အဟံ သကဒါဂါမီတိအာဒိဝသေန အဓိမာနော န ပ္ပဇ္ဇတိ"။

ဤသို့ ရေးသားဖော်ပြခဲ့သည့်အတိုင်း အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ ရအပ်ပြီးသော မဂ်ဖိုလ်, မျက်မှောက်ပြုအပ်ပြီးသော နိဗ္ဗာန်, ပယ်အပ်ပြီး သော ကိလေသာ, ကြွင်းကျန်သေးသော ကိလေသာတို့ကို ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် အမှန်အတိုင်း ခြားပိုင်းသုံးသပ်၍ ဆုံးဖြတ်သိမြင်တော်မူကြ ပြီးသောကြောင့်ပင် ရှင်းအရှင်မြတ်တို့အား သောတာပန်သည် ငါသကဒါ ဂါမ်ဖြစ်ပြီစသည်ဖြင့် လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်မှု အဓိမာန မရှိတော့ရကား သောတာပန် အရှင်အာနန္ဒာအား နှစ်ဆယ့်ငါးနှစ် ပတ်လုံး ကာမသညာ, ဒေါသသညာတို့ တရံတခါမျှ မဖြစ်မပေါ်လာ သော်လည်း "ငါအနာဂါမ်,ရဟန္တာဖြစ်ပြီ"ဟု လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်ခြင်း ရှိတော်မမူသည်ကို ထေရဂါထာပါဠိတော်၌ ကိုယ် တော်တိုင် အောက်ပါအတိုင်း မိန့်မြွက်တော်မူခဲ့လေသည်။

၁။ **ပဏ္ဏဝီသတိဝဿာနိ၊ သေခဘူတဿ မေ သတော။**
**န ကာမသညာ ဥပ္ပဇ္ဇိ၊ ပဿ ဓမ္မသုဓမ္မတံ။ ။**

၂။ **ပဏ္ဏဝီသတိဝဿာနိ၊ သေခဘူတဿ မေ သတော။**
**န ဒေါသသညာ ဥပ္ပဇ္ဇိ၊ ပဿ ဓမ္မသုဓမ္မတံ။ ။**

၁။ အနက်—ပဏ္ဏဝီသတိဝဿာနိ၊ နှစ်ဆယ့်ငါးနှစ်တို့ကာလပတ်လုံး။ သေခဘူတဿ၊ သောတာပန်ဖြစ်၍ဖြစ်သော။ သတော၊ သူတော်ကောင်း ဖြစ်သော။ မေ၊ ငါ့အား။ ကာမသညာ၊ ကာမဂုဏ်ကို ခုံမင်လိုက်စား ရာဂတရားနှင့် မခြားတူကွ ဖြစ်ပေါ်ရသော ကာမသညာသည်။ န ဥပ္ပဇ္ဇိ၊ မဖြစ်စဘူးလေ။ ဓမ္မသုဓမ္မတံ၊ တရားတော်၏ကောင်းမြတ်သော တရား၏ အဖြစ်ကို။ ပဿ၊ ကြည့်ရှုဆင်ခြင် သိမြင်စမ်းပါလော့။

အမှတ် ၂။ ဂါထာအနက်လွယ်ပြီ။

အရှင်အာနန္ဒာသည် ငါအနာဂါမ်,ရဟန္တာဖြစ်ပြီဟု လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်မှုမရှိဘဲ သောတာပန်သာဖြစ်သည်ဟု ဝန်ခံ တော်မူခြင်းကို ဂါထာ၌ "သေခဘူတဿ မေ သတော"ဟူသောပုဒ်ဖြင့် ထင်ရှားသိမြင်နိုင်ပါသည်။

ထို့ကြောင့် ရှင်းအဋ္ဌကထာ၌—

"သေခဘူတဿ မေ သတောတိ သေခဘူမိယံ သောတာပတ္တိ- ဖလေ ဌိတဿ မေ သတော"ဟု ဖွင့်ဆိုတော်မူပါသည်။

အမြဲ အားဖြင့် ကမ္မဋ္ဌာန်းဘာဝနာ၌ မွေ့လျော်ခြင်း မြတ်စွာဘုရား အား ပြုစုလုပ်ကျွေးရာ၌ အမြဲမေတ္တာစိတ်ဖြစ်ခြင်း တို့ကြောင့် ကာမသညာ ဒေါသသညာတို့ ဖြစ်ခွင့်မရကြသည်ကိုလည်း ဂါထာ၌ "ပဿ ဓမ္မသုဓမ္မတံ" ဟူသောပုဒ်ဖြင့် သိသာလှပါသည်။ ၎င်းအဋ္ဌကထာ၌လည်း—

"အာရဒ္ဓကမ္မဋ္ဌာနဘာဝေန ဟိ သတ္ထု ဥပဋ္ဌာနပသုတဘာဝေန စ ထေရဿ မဂ္ဂေန အသမုစ္ဆိန္နာပိ ကာမသညာဒယော န ဥပ္ပဇ္ဇိံသု" ဟု ဖွင့်ဆိုလျက်ရှိပါသည်။

နိရာသပုဂ္ဂိုလ်—သီလမရှိသော အလဇ္ဇီဒုဿီလအား အဘယ့်ကြောင့် အဓိမာန မဖြစ်သနည်းဟူမူ ထိုအလဇ္ဇီဒုဿီလသည် သီလမရှိ သမာဓိ ကင်းကွာ ပညာနတ္ထိ ဖြစ်လေတိ၍ ဥတ္တရိမနုဿ မြင့်မြတ်သော အရိယာ ဓမ္မကို ရမည်လည်းမထင် မချစ်ခင်မတောင့်တ လိုချင်မှုကင်းပသော နိရာသ ပုဂ္ဂိုလ်သာဖြစ်သောကြောင့် ၎င်းဒုဿီလအား အဓိမာနမဖြစ်နိုင်ပါတု သိမှတ်ရပါမည်။

ထို့ကြောင့် ပါရာဇိကဏ်,သမ္မောအဋ္ဌကထာတို့၌ "ဒုဿီလဿ နုပ္ပဇ္ဇတိ သော ဟိ အရိယဂုဏာဓိဂမေ နိရာသော" ဟု မိန့်ဆိုတော်မူကြ လေသည်။

ဤအဋ္ဌကထာပါဌ်များ၌ "နိရာသော" အရ "နိရာသပုဂ္ဂိုလ်" ဟူသည်ကို "ဣဓ ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော နီစေ ကုလေ ပစ္စာဇာတော ဟောတိ" စသည်ဖြင့် တိကင်္ဂုတ္တရပါဠိတော်ကို မြန်မာပြန်၍ အောက်ပါ အတိုင်း ရေးသားဖော်ပြပါဦးမည်။

---

## အင်္ဂုတ္တိုရ်ဘာသာပြန်

ရဟန်းတို့.... ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အကြင်အမျိုး အနွယ်၌ ပင်ပန်းကြီးစွာ လုပ်ကိုင်ရှာဖွေသောအားဖြင့် အစားအဝတ်ကို ရအပ်၏၊ ပင်ပန်းညှိုညင်စွာ အသက်မွေးရသော ပါးရှားသော အစား အသောက်ရှိသော ဆင်းရဲသော သူတောင်းစားမျိုး၌သော်၎င်း, နှိးဖြာ

သမား နှီးယက်သမားအမျိုး၌သော်၎င်း, မုဆိုး၌သော်၎င်း, သားရေနယ်သမားအမျိုး၌သော်၎င်း, ပန်းမှိုက်သွန်အမျိုး၌သော်၎င်း ပေါက်ဘွား ဖြစ်ပေါ်ရ၏။

ထိုသူသည် အရုပ်ဆိုး၏၊ မှုန်းတွယ်လည်းကောင်း၏၊ ဗိုက်ပူနံကားလည်းဖြစ်၏၊ ရောဂါလည်းများ၏၊ ကာဏ်းမူလည်းကာဏ်း၏၊ လက်မူလည်းကောက်၏၊ ခြေမူလည်းခွင်၏၊ ဆွံ့အလည်းဆွံ့အ၏၊ အစား,အသောက်, အဝတ်, ယာဉ်, ပန်း, နံ့သာ, အိပ်ရာ, နေရာလည်း မရ,မရှိ၊ ထိုသူသည် "ဤမည်သော မင်းမျိုးကို အခြားသော မင်းမျိုးတို့သည် အဘိသိက်သွန်းလောင်း၍ မင်းမြှောက်ပြီတဲ့"ဟု သတင်းကြားရသည်ရှိသော်"ဩော်-ငါ့ကိုလည်းမင်းမျိုးတို့သည် မည်သည့်အခါကျမှ အဘိသိက်သွန်းလောင်း၍ မင်းမြှောက်ကြပါမည်နည်း"ဟု ၎င်းအား မျှော်လင့်တောင့်တ ဆန္ဒပတ္ထနာလိုချင်ခြင်းအာသာသည် ဘယ်အခါမျှ မဖြစ်ရှာလေ။

ရဟန်းတို့ ဤသူကိုပင် "ဘုရင်ကေရာဇ်မင်းအဖြစ်ကို မချစ်မလွမ်း မျှော်မှန်းမပြု လျစ်လျူရှုသော လူ့ဒုက္ခိတ "နိရာသ"ဟု လောကထွင်၍ထားငါဘုရားသည် ဟောကြားမိန့်ဆိုတော်မူအပ်၏။

ရဟန်းတို့ ထိုနည်းတူစွာ ဥပမာမခြား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် သီလမရှိ ယုတ်မာသောအကျင့်ရှိ၏ မစင်ကြယ်သော ကိုယ်နှုတ်လည်းရှိ၏ အထင်သေးခြင်းဖြင့် တွေးတောအောက်မေ့အပ်သော အပြုအမူလည်းရှိ၏ ဖုံးကွယ်အပ်သော မကောင်းသောအကျင့်လည်းရှိ၏ ရဟန်းတု ရဟန်းယောင် ကြောင်သူတော်လည်းဖြစ်၏ ပုတ်သိုးသော မကောင်းမှုတို့ဖြင့် ပြည့်သောအတွင်းရှိ၏ ရာဂစသော ကိလေသာတို့ဖြင့် စိုစွတ်၏ ရာဂစသော အမှိုက်သရိုက်ရှိ၏။

ထိုအလဇ္ဇီဒုဿီလသည် "ဤမည်သောရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော အရဟတ္တဖိုလ်သမာဓိပညာကို ယခုမျက်မှောက်ပင်လျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုပြီးလျှင် ဝင်စားနေသတဲ့"ဟု သတင်းစကား ကြားသိရသည်ရှိသော် "ဩော် ငါသည်လည်း မည်သည့်အခါကျမှ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော အရဟတ္တဖိုလ်သမာဓိကို ယခုမျက်မှောက်၌ပင်လျှင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ဝင်စားရပါအံ့နည်း"ဟု ၎င်းအား မျှော်လင့်တောင့်တ ဆန္ဒပတ္ထနာလိုချင်ခြင်းအာသာသည် ဘယ်အခါမှ မဖြစ်ရှာလေ။

ရဟန်းတို့ ဤပုဂ္ဂိုလ်ကိုပင် "အရိယာတရားကို လိုလားစိတ်တန်း မမျှော်မှန်းသော ရဟန်းတုစ္ဆ "နိရာသ"ဟု လောကထွင့်ထား ငါဘုရားသည် ဟောကြားမိန့်ဆိုတော်မူအပ်၏။

ပရိစ္စတ္တကမ္မဋ္ဌာန— သီလရှိသော်လည်း တရားအားမထုတ်သော ပရိစ္စတ္တကမ္မဋ္ဌာနတို့အား အဘယ့်ကြောင့် အဓိမာနမဖြစ်သနည်းဟူမူ—

အိုစာဘတ်သူ "ပရိစ္စတ္တကမ္မဋ္ဌာန"ဟူသည် ကမ္မဋ္ဌာန်းတရား သမထ ဝိပဿနာများကို စွန့်ထားကင်းဆိတ် တော်ရာချိတ်လျက် အိပ်အိပ်စားစား စကားများ၍ အလကားနေသူတို့ကို ခေါ်သည်မဟုတ်ပါလော၊ အဘယ်မှာလျှင် ၎င်းတို့အား ငါအရိယာဖြစ်ပြီဟု မနသိယွင်းမှား ဘဝင့်မြောက်မှု အဓိမာနတရားသည် ထောင်လွှားဖြစ်ပေါ်နိုင်ပါအံ့နည်း။

ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့၌—

> "သီလဝတောပိ ပရိစ္စတ္တကမ္မဋ္ဌာနဿ နိဒ္ဒါရာမတာဒိမနုယုတ္တဿ နုပ္ပဇ္ဇတိ"ဟု ဆက်သက်မိန့်ဆိုတော်မူကြလေသည်။

အနက်—ပရိစ္စတ္တကမ္မဋ္ဌာနဿ၊ စွန့်ပယ်အပ်သော ကမ္မဋ္ဌာန်းရှိသော။ ဝါ၊ ကမ္မဋ္ဌာန်းကိုစွန့်သော။ နိဒ္ဒါရာမတာဒိမနုယုတ္တဿ၊ အိပ်ကြူးခြင်း၌ မွေ့လျော်သူ၏အဖြစ်စသည်ကို ကြိုးစားသော။ ဝါ၊ အအိပ်ကြိုးစား စကားကြွယ်ဝမှုကိစ္စ၌ နေ့ညကုန်ဆုံး အချိန်ဖြုန်းသော။ သီလဝတောပိ၊ သီလရှိသူအားလည်း။ အဓိမာနော၊ အဓိမာနသည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။

အဓိပ္ပါယ်—ဤအဋ္ဌကထာပါဠ်ပါ "နိဒ္ဒါရာမတာဒိ"ဟူသောပုဒ်၌ အာဒိဝန်အရ ကမ္မာရာမ, ဘဿာရာမ, ကုသီတတို့ကို အဋ္ဌမပစ္စဝေက္ခဏာခဏ်း၌၎င်း၊ သင်္ဂဏိကာရာမ, ပါဒလောလတို့ကို နဝမပစ္စဝေက္ခဏာခဏ်း၌၎င်း ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်၊ ထိုပုဂ္ဂိုလ်များအားလည်း အဓိမာန မဖြစ်နိုင်ဟူလို။

## အမိမာနုဖြစ်တတ်သူ

အမိမာနုဖြစ်တတ်သူကို ပြဆိုခဲ့ပြီးသော ပါရာဇိကကဏ်အဋ္ဌကထာ, သမ္မောဟအဋ္ဌကထာတို့၌ပင် အောက်ပါအတိုင်း ဆက်လက်မိန့်ဆိုပေါ်ပြတော်မူကြလေသည်။

"ပရိသုဒ္ဓသီလဿ ပန ကမ္မဋ္ဌာနေ အပ္ပမတ္တဿ နာမရူပံ ဝဝတ္ထာပေတွာ ပစ္စယပရိဂ္ဂဟေန ဝိတိဏ္ဏကင်္ခဿ တိလက္ခဏံ အာရောပေတွာ သင်္ခါရေ သမ္မသန္တဿ အာရဒ္ဓဝိပဿကဿ ဥပ္ပဇ္ဇတိ"။

အဋ္ဌကထာများ၏ အဓိပ္ပါယ်မှာ "စင်ကြယ်သော သီလရှိသော, ကမ္မဋ္ဌာန်းတရား၌ မမေ့မလျော့သော, နာမရူပဝဝတ္ထာနဉာဏ်ဖြင့် ရုပ်တရား, နာမ်တရားတို့ကို ခွဲခြားသိမြင်၍ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ယုံမှားခြင်းကို လွန်မြောက်ပြီးသော, ရုပ်, နာမ်နှစ်ပါး သင်္ခါရတရားတို့၌ လက္ခဏာရေးသုံးပါးတင်၍ သုံးသပ်ဆင်ခြင်သော, ဝိပဿနာဘာဝနာ၌ အဆက်မပြတ် အားထုတ်တတ်, သင်္ခါရတို့၏ ဖြစ်မှု,ပျက်မှုကို သိမြင်တတ်သော အာရဒ္ဓဝိပဿကပုဂ္ဂိုလ်အား အမိမာနတရားဖြစ်တတ်၏" ဟူသည်ပင် ဖြစ်ပါသည်။

ဆက်ပါဦးမည်၊ "ရုပ်,နာမ်နှစ်ပါး သင်္ခါရတရားတို့၌ လက္ခဏာရေးသုံးပါးတင်၍ သုံးသပ်ဆင်ခြင်သော"ဟူသည့် အထက်စကား၌ အတိတ်, အနာဂတ်စသော ရုပ်တရားများကို သာမန်အားဖြင့် ပေါင်း၍ရုင်း, ဖဿ, ဝေဒနာစသော နာမ်တရားများကို သာမန်အားဖြင့် ပေါင်း၍ရုင်း ရှုပွားဆင်ခြင်တတ်သော ကလာပသမ္မသနဉာဏ်၏ အစွမ်းအားဖြင့် လက္ခဏာရေးတင်သူကို ဆိုလိုပါသည်၊ ထို့ကြောင့် သာရတ္ထဒီပနီကာ၌—

"တိလက္ခဏံ အာရောပေတွာတိ ကလာပသမ္မသနဝသေန တိလက္ခဏံ အာရောပေတွာ"ဟု ဖွင့်ဆိုတော်မူပါသည်။

"အာရဒ္ဓဝိပဿက"ဟူသည်မှာ ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် အဆက်မပြတ် အားထုတ်တတ်,အဖြစ်,အပျက်ကို ရှုမြင်တတ်သူဖြစ်ပါသည်။

ထို့ကြောင့် သာရတ္ထဒီပနီကာ၌—

"အာရဒ္ဓဝိပဿကဿာတိ ဥဒယဗ္ဗယာနုပဿနာယ အာရဒ္ဓ-ဝိပဿကဿ"ဟု ဖွင့်ဆိုတော်မူပါသည်။

အဓိမာနတရား ဖြစ်တတ်သော ထိုအာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ကို ထင်ရှားစွာသိသာနိုင်ရန် အထက်ပါအဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, ကလာပသမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်တို့ကို ၎င်းတို့ဖြစ်ပေါ်ပုံနှင့်တကွ အစဉ်အတိုင်း ဆက်လက်ပြဆိုပါဦးမည်။

---

## ရူပပရိစ္ဆေဒဉာဏ်

"နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ"ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠ်နှင့်အညီ နာမ်,ရုပ်တို့၏ အသီးအခြားစီဖြစ်သော သဘောတရားကို ပိုင်းခြားဝေခွဲ၍ သိမြင်နိုင်သောဉာဏ်သည် နာမ်,ရုပ်တို့၌ ငါ,သူတပါးစသည်ဖြင့် စွဲယူမှတ်ထင်သော သတ္တသညာကို လွှမ်းမိုးနှိမ်စက် ပယ်ဖျက်နိုင်သောကြောင့် "ဒိဋ္ဌိဝိသုဒ္ဓိ"မည်၏။

နာမ်,ရုပ်နှစ်ပါး သင်္ခါရတရားတို့ကို ဤကားနာမ်,ဤကားရုပ်ဟု ပိုင်းခြားသိမြင်နိုင်သောကြောင့် "နာမရူပပရိစ္ဆေဒ"လည်းမည်၏ "သင်္ခါရ ပရိစ္ဆေဒ"လည်းမည်၏။

ဤမှရေးသား မှာထားခြင်းဖြင့် ဖေါ်ပြပါ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်ပုံကို သင်ကြားလေ့လာဘူးသူ, သို့မဟုတ် ဝိသုဒ္ဓိမဂ်စသော ကျမ်းဂန်တို့ကို ဘတ်ရှုလေ့လာနိုင်သူများအတွို တော်ပြီ,သင့်ပြီဟု ယုံကြည် ယူဆနိုင်သော်လည်း ၎င်းဉာဏ်ဖြစ်ပေါ်ပုံကို မလေ့လာမသင်ကြားဘူးသူ, သို့မဟုတ် လေ့လာသင်ကြားရန် မဖြစ်နိုင်သူများအတွို့ကား တော်သင့်ပြီဟု မယူဆနိုင်သောကြောင့်၎င်းဉာဏ်ဖြစ်ပေါ်ပုံကိုရေးသားဖေါ်ပြလိုပါသည်။

ထိုသို့ ရေးသားဖေါ်ပြရာ၌လည်း ဝိသုဒ္ဓိမဂ်၌ ခန္ဓာ,အာယတနဓာတ် စသည်တို့ဖြင့် အထူးကျယ်ဝန်းစွာ ပြဆိုသည့်အတိုင်း ရေးသားဖေါ်ပြလျှင် ၎င်း, သင်္ဂြိုဟ်ကျမ်းလာ ရုပ်နှစ်ဆယ့်ရှစ်ပါး,နာမ်ငါးဆယ့်သုံးပါးတို့ကိုပါ

ရေတွက်ဖေါ်ပြလျှင်ငြင်း အလွန်ကျယ်ဝန်းမည် ဖြစ်သည့်အပြင် ထိုသို့ကြယ်ဝန်းလှသော နည်းတို့ဖြင့် ရေးသားဖေါ်ပြခြင်းသည် ဤစာအုပ်၏ အရာလည်းမဟုတ် ထိုသို့ ကျယ်ဝန်းသော ဝိတ္ထာရနည်းသည် ကမ္မဋ္ဌာန်းအားထုတ်စဖြစ်သော သူတို့၏ အရာလည်းမဟုတ်ဖြစ်သောကြောင့် အသင့်တော်ဆုံးဖြစ်စေရန် ရည်သန်ကြံဆ၍ ဆဓာတုဝိဘင်္ဂသုတ် မဟာဟတ္ထိပဒေါပမသုတ် ဝိသုဒ္ဓိမဂ်စသည်တို့ကို အမှီပြု၍ ဓာတ်ခြောက်ပါးနည်းဖြင့် ရေးသားဖေါ်ပြပါမည်၊ ဤဓာတ်ခြောက်ပါးကို ပွားများသိမ်းဆည်းသဖြင့် ပက္ကုသာတိမင်း ·အနာဂါမ်ဖြစ်ဘူးသည်ကိုလည်း ၎င်းဓာတုဝိဘင်္ဂသုတ်၌ မြတ်စွာဘုရား ဟောတော်မူပါသည်။

၁။ အလွန်ကျယ်ဝန်းသော နည်းဖြင့် နာမရူပဝဝတ္ထာနညာဏ်ကို ဖြစ်စေခြင်းသည် တရားအားထုတ်စ အာဒိကမ္မိကတို့၏ အရာမဟုတ်သည်ကို ပရမတ္ထဒီပနိဋီကာ၌—

"အယံ ပန အာဒိကမ္မိကာနံ အဝိသယော ပဋိဝိဒ္ဓစတုသစ္စာနံ ပန အာဘိဓမ္မိကတ္ထေရာနံဝေဝိသယောတိ ဝေဒိတဗ္ဗော"ဟု မိန့်ဆိုလေသည်။

အနက်— အယံ ပန၊ ဤအလွန်ကျယ်ဝန်းသော နာမရူပဝဝတ္ထာန်သည်ကား။ အာဒိကမ္မိကာနံ အဝိသမယော၊ ကမ္မဋ္ဌာန်းအားထုတ်စ ပုဂ္ဂိုလ်တို့၏အရာမဟုတ်။ ပန၊ အလျော်အသင့်ကိုဆိုအံ့။ ပဋိဝိဒ္ဓစတုသစ္စာနံ၊ သစ္စာလေးပါးကို သိဘော်မူကုန်ပြီးသော။ အာဘိဓမ္မိကထေရာနံ ဧဝ၊ အဘိဓမ္မာတတ်မထေရ်မြတ်တို့၏သာလျှင်။ ဝိသယောတိ၊ အရာဖြစ်၏ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၂။ ဓာတ်ခြောက်ပါးကို ပွားများသိမ်းဆည်းခြင်းဖြင့် ပက္ကုသာတိမင်း အနာဂါမ်ဖြစ်သည်ကို—

"ပက္ကုသာတိ ဘိက္ခဝေ ကုလပုတ္တော ပဉ္စန္နံ သြရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ သြပပါတိကော တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိဓမ္မော တသ္မာ လောကာ"ဟု ဥပရိပဏ္ဏာသပါဠိ စာမျက်နှာ( ၂၉၀)၌ မြတ်စွာဘုရားဟောတော်မူသည်။

အနက်လွယ်၏။

## ဓာတ်ခြောက်ပါးသရုပ်နှင့် လက္ခဏာများ

**ဓာတ်ခြောက်ပါး၏သရုပ်မှာ—** ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာကာသဓာတ်, ဝိညာဏဓာတ်တို့ဖြစ်ပါသည်။

**ပထဝီဓာတ်—**ထိုဓာတ်ခြောက်ပါးတို့တွင် ပထဝီဓာတ်သည် ကြမ်းတန်းခက်မာသည်၏အဖြစ်ဟူသော လက္ခဏာရှိ၏၊ မိမိနှင့်အတူ သဟဇာတ်ဖြစ်သော အာပေါ, တေဇော, ဝါယောဓာတ်တို့၏ တည်ရာအဖြစ်ဟူသော ကိစ္စရှိ၏၊ ထိုအတူဖြစ်သော တရားတို့ကို ခံလင့်သကဲ့သို့သော အခြင်းအရာအားဖြင့် ပထဝီဓာတ်ကိုဆင်ခြင်သူ ယောဂီ၏ဉာဏ်အား ရှေ့ရှုထင်တတ်၏၊ ကြွင်းသော မဟာဘုတ်သုံးပါးလျှင် နီးသောအကြောင်းရှိ၏။

ဆက်ပါဦးမည်၊ "ကြမ်းတန်းခက်မာသည်၏အဖြစ်လျှင် လက္ခဏာရှိ၏"ဟုဆိုရာ၌ အဋ္ဌကထာကျမ်းများစွာတို့၌ ဖွင့်ဆိုတော်မူကြတိုင်းသာ ပြဆိုခြင်းဖြစ်ပါသည်။

အမှန်မှာ ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော် မူသည့်အတိုင်း ချောမွေ့ခြင်း, နူးညံ့ခြင်းတို့ကိုလည်း ပထဝီဓာတ်၏ လက္ခဏာအဖြစ်ဖြင့် သိမှတ်သင့်ပါသည်။

ဤချောမွေ့ခြင်း, နူးညံ့ခြင်းတို့ကို လက္ခဏ, ရသစသည်ကိုပြရာ အဋ္ဌကထာတို့၌ နှစ်ချိုးခွဲခြား၍ မဆိုကြခြင်းသည်ကား ချောမွေ့နူးညံ့ခြင်းဟူသော ပထဝီဓာတ်၏လက္ခဏာကိုလည်း ကြွင်းသောမဟာဘုတ်သုံးပါး၏ လက္ခဏာများကို ထောက်ထား၍ ကြမ်းတန်းခက်မာသည်ဟုသာ ဆိုရပါမည်။

ပထဝီဓာတ်၏ လက္ခဏာအချင်းချင်းကို ထောက်၍သာလျှင် ကြမ်းတန်းခက်မာမှု, ချောမွေ့နူးညံ့မှုဟုနှစ်မျိုးကွဲပြားရပါသည်၊ ထို့ထက်ရှည်သည်ကို ထောက်ထားလျှင် အတို၊ ထို့ထက်တိုသည်ကို ထောက်ထားလျှင်အရှည် ဖြစ်ရသကဲ့သို့ ထို့အတူပင် ထို့ထက် ကြမ်းတန်းခက်မာသည်ကို ထောက်ထားလျှင် ချောမွေ့နူးညံ့မှုဖြစ်၍ ထို့ထက်ချောမွေ့နူးညံ့သည်ကို ထောက်ထားလျှင် ကြမ်းတန်းခက်မာမှုဖြစ်ပြန်ရကား ထိုကြမ်းတန်း

ခက်မာမှု, ချောမွေ့နူးညံ့မှုတို့၏ အမြဲအားဖြင့် ထောက်တည်ရာကို မရနိုင်ခြင်းကြောင့် အဋ္ဌကထာတို့၌ပင် နှစ်မျိုးခွဲခြား၍ မဖွင့်မဆိုကြခြင်း ဖြစ်ပါသည်၊ ထို့ကြောင့် ပရမတ္ထဒီပနီဋီကာ စာမျက်နှာ(၂၇၂)၌—

"မုဒုဘူတာပိ ပန သာ သေသဘူတတ္တယံ ဥပါဒါယ ကက္ခဠာ-တ္တေဝ သင်္ချံ ဂစ္ဆတိ၊ အညမညံ ဥပါဒါယေဝ ပန အယံ မုဒု အယံ ကက္ခဠာတိ ဘဝတိ၊ တေနေဝ မုဒုကက္ခဠာနံ ဒိဃရဿာနံ ဝိယ အနဝဋ္ဌာနတာ ဟောတိ၊ မုဒုဘူတာပိ ဟိ တတော မုဒုတရံ ပတ္တွာ ကက္ခဠာနာမ ဇာတာ၊ ကက္ခဠာပိ ကက္ခဠတရံ ပတ္တွာ မုဒုဘူတာနာမ ဇာတာတိ"ဟု မိန့်ဆိုတော်မူသည်။

ပထဝီဓာတ်သည် မိမိ၏သန္တာန်၌ဖြစ်သော အဇ္ဈတ္တိကပထဝီ, မိမိ သန္တာန်မှ အပသန္တာန်၌ဖြစ်သော ဗာဟိရပထဝီဓာတ်ဟု ပထဝီဓာတ် နှစ်မျိုးရှိပါသည်။

ထိုနှစ်မျိုးတို့တွင် အဇ္ဈတ္တိကပထဝီဆိုသည်မှာ ဆံပင်, မွေးညှင်း, ခြေသည်း,လက်သည်း,သွား,အရေ,အသား,အကြော,အရိုး,ချဉ်ဆီ,အညို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုပ်, အူသိမ်, အူမ, အစာသစ်, အစာ ဟောင်း,ဦးနှောက် ဟူ၍ နှစ်ဆယ်ရှိပါသည်။

ဤဆံပင်စသော ပထဝီဓာတ်နှစ်ဆယ်တို့၌ ခက်မာကြမ်းတန်းမှု, နူးညံ့ချောမွေ့မှုဟူသော ပထဝီဓာတ်၏ လက္ခဏာကို ထင်ထင်ရှားရှား အများအပြား ဆင်ခြင်သုံးသပ်၍ သိမြင်နိုင်သောကြောင့်သာ ဤဆံပင် စသော ပထဝီဓာတ်နှစ်ဆယ်ကို ထိုထိုများစွာသော ပါဠိတော်တို့၌ မြတ်စွာ ဘုရား သရုပ်ထုတ်၍ ဟောကြားတော်မူလေသည်။

အာပေါဓာတ်လွန် ဆယ့်နှစ်ပါး, တေဇောဓာတ်လွန် လေးပါး, ဝါယောဓာတ်လွန်ခြောက်ပါးတို့၌ ဤဆံပင်စသော ပထဝီလွန် ကောဋ္ဌာသ နှစ်ဆယ်တို့မှာလောက် မထင်မရှား အနံ့အပါးအားဖြင့် ဆင်ခြင်သိမြင် နိုင်သော ခက်မာကြမ်းတန်းမှု, နူးညံ့ချောမွေ့မှုလက္ခဏာတို့ဖြင့် သိရသော ဓာတ်သဘောကိုလည်း အဇ္ဈတ္တိကပထဝီဟူ၍ပင်သိမှတ်ရမည်ကိုအောက်ပါ အတိုင်း အကြွင်းအကျန်ကို သိမ်းသွင်း၍ ဖြည့်စွက်ခြင်း၊ ယေ ဝါ ပနက အားဖြင့် ဟောတော်မူလေသည်။

"ယံ ဝါ ပနညမ္ပိ ကိဉ္စိ အဇ္ဈတ္တံ ပစ္စတ္တံ ကက္ခဠံ ခရိဂတံ ဥပါဒိန္နံ၊ အယံ ဝုစ္စတိ ဘိက္ခု၊ အဇ္ဈတ္တိကာ ပထဝီဓာတု" ဥပရိဓာတု။ ဝိဘင်္ဂသုတ် စာမျက်နှာ(၂၀၃)။

ဟတ္ထိပဒေါပမသုတ် အဘိဓမ္မာဝိဘင်းပါဠိတို့၌လည်း အတူပင်—

"ယံဝါ ပနညမ္ပိ ကိဉ္စိတိ အဝသေသေသု တီသု ကောဋ္ဌာသေသု ပထဝီဓာတုသင်္ဂဟိတာ"။ ဝိသုဒ္ဓိမဂ် ပ· စာမျက်နှာ(၃၄၅)။

**ပါဠိတော်အနက်**— အညမ္ပိ၊ တပါးလည်းဖြစ်သော။ အဇ္ဈတ္တံ၊ မိမိကိုယ်၌ဖြစ်သော။ ပစ္စတ္တံ၊ မိမိကိုစွဲ၍ဖြစ်သော။ ကက္ခဠံ၊ ခက်ထန်သော။ ခရိဂတံ၊ ကြမ်းတန်းသော။ ဥပါဒိန္နံ၊ တဏှာ,ဒိဋ္ဌိတို့သည် "ငါ့ဟာ,ငါ"ဟု ပြင်းစွာစွဲလမ်း၍ယူအပ်သော။ ယံ ဝါ ပန ကိဉ္စိ၊ အကြင်အမှတ်မရှိ တစုံတခုသောတရားမျိုးသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခု၊ အိုရဟန်း။ အယံသဗ္ဗာ၊ ဤအလုံးစုံသော ခက်ထန်သည်၏အဖြစ်လက္ခဏာ,ကြမ်းတန်းခြင်း အခြင်းအရာရှိသော တရားမျိုးကို။ အဇ္ဈတ္တိကာ၊ မိမိသန္တာန်၌ဖြစ်သော။ ပထဝီဓာတု၊ ပထဝီဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဋ္ဌကထာအနက်**— ယံ ဝါ ပနညမ္ပိ ကိဉ္စိတိ၊ "ယံ ဝါ ပနညမ္ပိကိဉ္စိ" ဟူသော ဤပါဠိဖြင့်။ အဝသေသေသု တီသု ကောဋ္ဌာသေသု၊ ကြွင်းကုန်သော သုံးပါးအပြားရှိသော ကောဋ္ဌာသတို့၌။ ပထဝီဓာတု၊ ပထဝီဓာတ်ကို။ သင်္ဂဟိတာ၊ ပေါင်းရုံး၍ယူအပ်၏။

**ဗာဟိရပထဝီ**— ဗာဟိရပထဝီဟူသည်မှာ သတ္တဝါသန္တာန်မှ အပ၌ဖြစ်သော ပထဝီကို ခေါ်ပါသည်၊ ထိုဗာဟိရပထဝီကို အဘိဓမ္မာဝိဘင်းပါဠိတော်၌ ဟောတော်မူသည့်အတိုင်း သံ,ကြေးနီ,ခဲပုတ်,ဘင်,တော်,ပုလဲ,ပတ္တမြား,မြေကြီး,ကျောက်တုံး,ကျောက်ခဲ,တော,တောင်စသည်တို့ကို ယူရပါသည်။

ဤသံ,ကြေးနီစသော ဗာဟိရပထဝီတို့၌လည်း ကြမ်းတန်းခက်မာမှု, ချောမွေ့နူးညံ့မှုဟူသော ပထဝီဓာတ်၏ သဘောလက္ခဏာ ထင်ထင်ရှားရှား အများအပြား ဆင်ခြင်တွေ့သိနိုင်သောကြောင့်သာ သရုပ်ပြ၍ ဟောတော်မူခြင်းဖြစ်သည်၊ အမှန်မှာ ပကတိရေ, တောမီး, ပကတိလေစသည်တို့၌လည်း ပထဝီဓာတ် ပါဝင်တည်ရှိသည်ပင်ဖြစ်ပါသည်၊ ထိုသို့တည်ရှိခြင်းသဘောကို နောက်၌ ရှင်းလင်းရေးသားပါမည်။

ပါဠိတော်၌ကား ထိုသို့ကြွင်းသော၊ ဝါ၊ မထင်ရှားသော ပထဝီ ဓာတ်ကို "ယံ ဝါ ပနညမ္ပိ"စသည်ဖြင့် နောက်ဆက်တွဲအဖြစ် ဟောတော် မူပါသည်၊ အာပေါကောဋ္ဌာသစသည်တို့မှာလည်း ဤသို့ပင် ဟောတော် မူပါသည်။

ဤသို့ ပြဆိုခဲ့ပြီးသော သဟဇာတ်တရားတို့၏ တည်ရာမှီရာ ကြမ်းတန်း ချောမွေ့မှုလက္ခဏာရှိသော အဇ္ဈတ္တိက, ဗာဟိရပထဝီဓာတ်သည် ပထဝီ ဓာတ်သာဟုတ်၏၊ ငါ့ဟာ ငါ့ဉစ္စာလည်းမဟုတ်၊ အသက်လိပ်ပြာ သတ္တဝါနှင့် ငါသူတပါး ယောက်ျား,မိန်းမလည်းမဟုတ်၊ သက်သက်သော အနိစ္စ, ဒုက္ခ, အနတ္တသဘော, ဓာတ်သဘောတကားဟု ပွားများသိမှတ်ရ ပါသည်။

ထို့ကြောင့် ဉပရိပဏ္ဏာသ ဆဓာတုဝိဘင်္ဂသုတ်၌—

"ယာ စေဝ ခေါ ပန အဇ္ဈတ္တိကာ ပထဝီဓာတု၊ ယာ စ ဗာဟိရာ ပထဝီဓာတု၊ ပထဝီဓာတုရေဝေသာ။ တံ "နေတံ မမ၊ နေသောဟ- မသ္မိ၊ န မေသော အတ္တာ"တိဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ"ဟု ဟောတော်မူသည်။

အနက်— ခေါ ပန၊ စင်စစ်။ အဇ္ဈတ္တိကာ၊ မိမိဟုဆိုအပ်သော သတ္တဝါ သန္တာန်၌ဖြစ်သော။ ယာ စေဝ ပထဝီဓာတု၊ အကြင်ဆံပင်, မွေးညှင်း စသော ပထဝီဓာတ်သည်ငှင်း။ ဗာဟိရာ၊ သတ္တဝါသန္တာန်မှ အပဖြစ်သော။ ယာ စ ပထဝီဓာတု၊ အကြင် သံ, ကြေး, တော, တောင်စသော ပထဝီ ဓာတ်သည်ငှင်း။ အတ္ထိ၊ ရှိ၏။ သော၊ ထိုအဇ္ဈတ္တိက,ဗာဟိရအားဖြင့် နှစ်မျိုးလုံးသော ပထဝီဓာတ်သည်။ ပထဝီဓာတုရေဝ၊ ပထဝီဓာတ်သာ ဟုတ်၏။ တံ ဥဘယမ္ပိ၊ ထိုအဇ္ဈတ္တိက,ဗာဟိရအားဖြင့် နှစ်ပါးလည်း ဖြစ်သော။ ဧတံ၊ ထိုပထဝီဓာတ်ဟူသော သဘောတရားသည်။ မမ၊ ငါ၏။ န သန္တကံ၊ ဉစ္စာမဟုတ်။ နေသောဟမသ္မိ၊ ထိုနှစ်ပါးလုံးသော ပထဝီ ဓာတ်ဟူသော သဘောတရားသည် ငါမဟုတ်။ န မေသော အတ္တာ၊ ထိုပထဝီဓာတ်ဟူသော သဘောတရားသည် ငါ့ကိုယ်မဟုတ်။ ဣတိဧဝံ၊ ဤသို့။ ဧတံ၊ ထိုအဇ္ဈတ္တိက,ဗာဟိရအားဖြင့် နှစ်ပါးစုံသော ပထဝီဓာတ်ကို။ ယထာဘူတံ၊ ဟုတ်မှန်သောသဘောအတိုင်း။ ဝါ၊ အနိစ္စ, ဒုက္ခ, အနတ္တ သဘောအတိုင်း။ သမ္မပ္ပညာယ၊ ကောင်းမြတ်သောပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ပွားများသုံးသပ် သိမြင်အပ်၏။

"ယထာဘူတန္တိ ယထာသဘာဝံ၊ တဋ္ဌိ အနိစ္စာဒိသဘာဝံ၊ တသ္မာ အနိစ္စံ ဒုက္ခမနတ္တာတိ ဧဝံ ဒဋ္ဌဗ္ဗန္တိ အတ္ထော"။
မူလပဏ္ဏာသအဋ္ဌကထာ ဒု- စာမျက်နှာ(၁၂၇)

**အာပေါဓာတ်**— အာပေါဓာတ်သည် ယိုစီးခြင်းလက္ခဏာရှိ၏၊ အတူဖြစ်သော ပထဝီ,တေဇော, ဝါယောဟူသော သဟဇာတ်တရားတို့ကို ပွားစည်းစေခြင်းကိစ္စရှိ၏၊ ထိုသဟဇာတ်တရားတို့ကို ဖွဲ့သောအားဖြင့် တကွပေါင်းရုံး၍ ယူသောအခြင်းအရာအားဖြင့် အာပေါဓာတ်ကို ပွားများဆင်ခြင်သော ယောဂီ၏ဉာဏ်အား ရှေ့ရှုထင်တတ်၏၊ ကြွင်းသော ဓာတ်ကြီးသုံးပါးလျှင် နီးစွာသောအကြောင်းရှိ၏။

ထိုအာပေါဓာတ်သည်လည်း သတ္တဝါသန္တာန်၌ဖြစ်သော အဇ္ဈတ္တိကအာပေါဓာတ်၊ သတ္တဝါသန္တာန်မှ အပ၌ဖြစ်သော ဗာဟိရအာပေါဓာတ် အားဖြင့် နှစ်မျိုးရှိပါသည်။

ထိုနှစ်မျိုးတို့တွင် အဇ္ဈတ္တိကအာပေါဓာတ်ဟူသည်မှာ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး,နှပ်,အစေး, ကျင်ငယ်ဟူ၍ တဆယ့်နှစ်ပါးရှိပါသည်။

ဗာဟိရအာပေါဓာတ်ဟူသည်မှာ အမြစ်,ပင်စည်,အခေါက်,အရွက်စသည်တို့၌တည်သော အရည်သဘောနှင့် ဆီ, နို့, မြစ်, ချောင်းစသည်တို့ ဖြစ်ပါသည်။

ဤသည်းခြေစသော အဇ္ဈတ္တိကအာပေါကောဋ္ဌာသတို့ကိုရင်း၊အမြစ်, ပင်စည်၌တည်သော အရည်သဘောဟု ဆိုအပ်သော ဗာဟိရအာပေါ-ကောဋ္ဌာသတို့ကိုရင်း၊ အာပေါဓာတ်လွန်ပြောသော ဥဿဒအားဖြင့်ရင်း၊ နည်းကိုမှီ၍သိရန် နယဂ္ဂါဟအားဖြင့်ရင်း မြတ်စွာဘုရား သရုပ်ထုတ်၍ ဟောတော်မူသည်၊ အမှန်မှာ ပထဝီဓာတ်ကိုပြရာ၌ ရေးခဲ့သကဲ့သို့ပင် ကြွင်းသော အာပေါဓာတ်လွန်များကိုလည်း သိရမည့်ပြင် ပထဝီဓာတ်လွန်, ဝါယောဓာတ်လွန်, တေဇောဓာတ်လွန် ကောဋ္ဌာသတို့၌လည်း အာပေါဓာတ်ရှိသည်ကို ပွားများသိမှတ်ရပါသည်၊ဤအရာမျိုး၌ ဤနည်းချည်းသာ မှတ်ပါလေ။

ထိုအာပေါဓာတ်နှစ်မျိုးကိုလည်း အောက်ပါ ဆဓာတုဝိဘင်္ဂသုတ်ပါဠိတော်၏ အမိန့်ကိုမှီ၍ နှလုံးသွင်း ပွားများရပါသည်။

ထိုအဇ္ဈတ္တိက,ဗာဟိရအားဖြင့် နှစ်မျိုးလုံးသော အာပေါဓာတ်သည် အာပေါဓာတ်သာဟုတ်၏၊ အဇ္ဈတ္တိက,ဗာဟိရအားဖြင့် နှစ်ပါးလုံးလည်း ဖြစ်သော ထိုအာပေါဓာတ်ဟူသော သဘောတရားသည် ငါ၏ဥစ္စာ မဟုတ်ချေ၊ ထိုအာပေါဓာတ်ဟူသော သဘောတရားသည် ငါမဟုတ်၊ ထိုအာပေါဓာတ်ဟူသော သဘောဘရားသည် ငါ့ကိုယ်မဟုတ်၊ ဤသို့လျှင် ထိုအာပေါဓာတ်ဟူသော သဘောတရားကို ဟုတ်မှန်သော သဘော အတိုင်း၊ ဝါ၊ အနိစ္စ, ဒုက္ခ, အနတ္တသဘောအတိုင်း ကောင်းမြတ်သော ဉာဏ်ပညာဖြင့် ပွားများသုံးသပ် သိမြင်အပ်၏။

---

## တေဇောဓာတ်

တေဇောဓာတ်သည် ပူသည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏၊ ပထဝီ,အာပေါ,ဝါယောဟူသော သဟဇာတ်တရားတို့ကို ရင့်ကျက်စေခြင်း ကိစ္စရှိ၏၊ ထိုသဟဇာတ်တရားတို့အား နူးညံ့သောအဖြစ်ကို ပျော့စွာ ပေးသော အခြင်းအရာအားဖြင့် တေဇောဓာတ်ကို ပွားများဆင်ခြင်သူ ယောဂီ၏ဉာဏ်အား ရှေးရှုထင်တတ်၏၊ကြွင်းသော မဟာဘုတ်သုံးပါးလျှင် နီးစွာသောအကြောင်းရှိ၏။

ဆက်ပါဦးမည်၊ တေဇောဓာတ်၏ လက္ခဏာကို"ဥဏှတ္တလက္ခဏာ– ပူသည်၏အဖြစ်ဟူသော လက္ခဏာရှိ၏"ဟုဆိုသဖြင့် အေးသည်၏အဖြစ် သည်၊ ဝါ၊ အအေးသည် တေဇောဓာတ်မဟုတ်ဟု သိမှတ်ရမည်မဟုတ်၊ အအေးသဘောသည်လည်း တေဇောဓာတ်လက္ခဏာ၊ ဝါ၊ တေဇော ဓာတ်ပင် ဖြစ်သည်ဟုသာ သိမှတ်ရပါသည်။

ရှင်းလင်းဖေါ်ပြပါဦးမည် "ဥဏှတ္တလက္ခဏာ"ဟူရာ၌ ဥဏှသဒ္ဒါ သည် "ဥဏှံ ဘတ္တံ ဘုဉ္ဇတိ"စသည်တို့၌ကဲ့သို့ အပူဒြပ်ကိုသာ ဟော၍ အအေးဒြပ်ကို နစ်စေသည်မဟုတ် "သီတံ ဥဏှံ ပဋိဟနတိ"စသည်တို့၌ကဲ့သို့ ရင့်ကျက် ကျွမ်းမြေ့စေတတ်သော လောင်ချက်ခြင်းဟူသော ဂုဏ်ကိုသာ ဟောသည်ဖြစ်ရာ ရင့်ကျက်ကျွမ်းမြေ့စေတတ်သော ချမ်းအေးမှုဟူသော သီတ သဘာဝဂုဏ်ကိုလည်း ပေါင်းဆည်းရှဲ့လျက် ခွင့်ပြုလျက်ရှိသော

ကြောင့် အအေးဓာတ်ကိုလည်း တေဇောဓာတ်ဟုသာ သိမှတ်ရပါမည်၊ ထိုသို့ အအေးဓာတ်သည်လည်း ရင့်ကျက်ကျွမ်းမြေ့စေတတ်သောကြောင့် တေဇောဓာတ်ပင် ဖြစ်သည်ကို ဓမ္မသင်္ဂဏီမူလဋီကာ စာမျက်နှာ(၁၅၅)၌—

"တေဇောဝ ဟိ သီတံ ဟိမပါတသမယာဒီသု သီတဿ ပရိပါစကတာ ဒဿနတော"ဟု မိန့်ဆိုတော်မူသည်။

**အနက်**— ဟိ-သစ္စံ၊ မှန်၏။ သီတံ၊ အအေးဓာတ်သည်။ တေဇောဝ၊ တေဇောဓာတ်ပင်လျှင်တည်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဟိမပါတသမယာဒီသု၊ ဆီးနှင်းကျရာ စသည်အခါတို့၌။ သီတဿ၊ အအေးဓာတ်၏။ ပရိပါစကတာ၊ သစ်ပင်, မြက်ပင်စသည်တို့ကို ရင့်ကျက်ကျွမ်းမြေ့စေတတ်သည်၏ အဖြစ်ကို။ ဒဿနတော၊ မျက်ဝါး ထင်ထင် တွေ့မြင်ရသောကြောင့်ပင်တည်း။

(အနက်ဖြင့် အဓိပ္ပါယ်သိသာပြီ)။

ထို့ကြောင့် ပရမတ္ထဒီပနီဋီကာ စာမျက်နှာ(၂၇၂)၌—

"ဥဏှတ္တလက္ခဏော တေဇောတိ ဝုတ္တော၊ ဧဝ သတိ သီတ-ဘာဝေါ တေဇောယေဝ န သိယာတိ စေ။ န ဥသတိ ဒဟတိ ပရိပါစေတီ ပရိဏတဘာဝံ ဂမေတီတိ ဥဏှောနာမ၊ သီတဘာဝေါ စ ဒဟတိ ပရိပါစေတိ တဿဘာဝံ ဂမေတိယေဝါတိ၊ ဝုတ္တဉ္စ မူလ-ဋီကာယံ တေဇောဝ ဟိ သီတံ၊ ဟိမပါတသမယာဒီသု သီတဿ ပရိပါစကတာ ဒဿနတောတိ"ဟု မိန့်ဆိုတော်မူသည်။

**အနက်**— တေဇော၊ တေဇောဓာတ်သည်။ ဥဏှတ္တလက္ခဏော၊ ပူသည်၏အဖြစ်လျှင် လက္ခဏာရှိ၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်ပြီ။ စ၊ စောဒနာဦးအံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သီတဘာဝေါ၊ အေးသည်၏အဖြစ်သည်။ တေဇောယေဝ၊ တေဇောသည်ပင်။ န သိယာ၊ မဖြစ်ရာ။ ဣတိ၊ ဤသို့။ စေ စောဒေယျ၊ အကယ်၍စောဒနာငြားအံ့။ န၊ မစောဒနာသင့်။ ယော၊ အကြင်သဘောတရားသည်။ ဥသတိ ဒဟတိ ပရိပါစေတိ၊ ရင့်ကျက်ကျွမ်းမြေ့စေတတ်၏။ ပရိဏတဘာဝံ ဂမေတိ၊ ရင့်ကျက်ကျွမ်းမြေ့သည်၏အဖြစ်သို့ ရောက်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော သဘာဝေါ၊ ထိုသဘောတရားသည်။ ဥဏှော နာမ၊ ဥဏှမည်၏။ သီတဘာဝေါ စ၊ အေးသည်၏အဖြစ်သည်လည်း။ ဒဟတိ

ပရိပါစေတိ၊ ရင့်ကျက်ကျွမ်းမြေ့စေတတ်၏။ တဏ္ဍာဝံ၊ ထိုရင့်ကျက်ကျွမ်းမြေ့သည်၏အဖြစ်သို့။ ဂမေတိယောဝ၊ ရောက်စေတတ်သည်ပင်တည်း။ ဣတိ ဝေဒိတဗ္ဗံ၊ ဤသို့သိအပ်၏။ မူလဋီကာယဥ္စ၊ မူလဋီကာ၌လည်း "တေဇောဝ ဟိ သိတံ ဟိမပါတသမယာဒိသု သိတတာ ပရိပါစကတာ ဒဿနတောတိ၊ တေဇောဝ ဟိ သိတံ။ပ။ ဒဿနတောဟူ၍။ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။

**အဓိပ္ပါယ်**—ဤဋီကာပါဠိ၌ ဆိုလိုရင်းမှာ "ဥဏှတ္တလက္ခဏော တေဇော"ဟူသော ဝါကျ၌ ဥဏှသဒ္ဒါသည် ရင့်ကျက်ကျွမ်းမြေ့စေတတ်သော လောင်ချက်ခြင်းဟူသောဂုဏ်ကို တေဇောဓာတ်၏ လက္ခဏာအဖြစ်ဖြင့် ဟောသည်ဖြစ်ရာ ရင့်ကျက်ကျွမ်းမြေ့စေတတ်သော လောင်ချက်ခြင်းဟူသော ဂုဏ်ပင်ဖြစ်သော အအေးသဘောသည်လည်း တေဇောဓာတ်၏လက္ခဏာပင် ဖြစ်တော့သည်ဟူလို။

အအေးဓာတ်သည်လည်း တေဇောဓာတ်ဖြစ်ပါလျက် လက္ခဏာ, ရသစသည်ပြရာ အဌကထာများ၌ အအေးဓာတ်ကိုလည်း တေဇောဓာတ်၏ လက္ခဏာအဖြစ်ထုတ်၍ မပြကြခြင်းမှာ ပထဝီဓာတ်၌ ပြဆိုခဲ့သော ခက်မာကြမ်းတမ်းမှုနှင့် နူးညံ့ချောမွေ့မှုတို့ကဲ့သို့ပင် အပူအအေးတို့ သည်လည်း ထို့ထက်အေးသည်ကို ထောက်ထားလျှင် အပူ, ထို့ထက်ပူသည်ကို ထောက်ထားလျှင် အအေးဖြစ်ပြန်ရကား အပူအအေးတို့ကို အတည်အမြဲထား၍ မှတ်သားသိမြင်အပ်သည်မဟုတ်ဘဲ တေဇောဓာတ်တပါးထည်းသာဖြစ်လျက် အနံ့အထက်အားဖြင့်သာ နှစ်မျိုးအလား ခွဲခြားသိမှတ်ရသောကြောင့် အအေးကို သီးခြားပြု၍ မပြမဆိုကြခြင်းဖြစ်ပါသည်။

အကျယ်ကိုလိုမူ ဝိဘာဝနီဋီကာ, ပရမတ္ထဒီပနီဋီကာ ဖေါ်ဒ္ဓဗ္ဗရုပ်အဖွင့်တို့ကိုကြည့်၍ ဤအဓိပ္ပါယ်ကို သိနိုင်ပါသည်။

ထိုတေဇောဓာတ်သည်လည်း အဇ္ဈတ္တိကတေဇော,ဗာဟိရတေဇော အားဖြင့် နှစ်မျိုးရှိပါသည်၊ ထိုနှစ်မျိုးတို့တွင်—

မိမိသန္တာ၀ါ သန္တာန်၌ဖြစ်သော အဇ္ဈတ္တိကတေဇောဟူသည်မှာ သန္တပ္ပနတေဇော, ဇိရဏတေဇော, ဒါဟတေဇော, ပါစကတေဇော,ဥသ္မာတေဇောဟူ၍ ငါးပါးရှိပါသည်။

ထိုတွင် သန္တပ္ပနတေဇောဆိုသည်မှာ တက်ဖျား,ကျဖျား,ရက်ချာဖျားစသော ကိုယ်ပူနာကို ဖြစ်စေတတ်သော တေဇောကို ခေါ်ပါသည်။

ဇိရဏတေဇောဆိုသည်မှာ ရင့်ရော်အိုမင်းခြင်းကို ဖြစ်စေတတ်သော တေဇောကို ဆိုပါသည်။

ဒါဟတေဇောဆိုသည်မှာ သန္တာပနတေဇောထက် အလွန်ပူလောင်သည်ဖြစ်၍ သတဓောတသပ္ပိမည်သော ထောပတ်နံ့သာမျိုးစသည်ကို လိမ်းကျံခြင်း,ယပ်ခပ်ခြင်းကိုပင် တောင့်တ၍ ညည်းညူအော်မည်ရလောက်အောင်ပင် ပူသောအပူနာကို ဖြစ်စေတတ်သော တေဇောကိုခေါ်ပါသည်။

ပါစကတေဇောဆိုသည်မှာ စားအပ်,သောက်အပ်သော အစာအာဟာရကို ကျေကျက်စေတတ်သော ဝမ်းမီးတေဇောဓာတ်ကို ခေါ်ပါသည်။

ဥသ္မာတေဇောဆိုသည်မှာ မဘောက်မပြန် ပကတိအားဖြင့် ဤကိုယ်တွင် အမြဲတည်ရှိနေသော ကိုယ်ငွေ့ကိုခေါ်ပါသည်။

ဗာဟိရတေဇော— ဗာဟိရတေဇောဓာတ်မှာ ထင်းမီး,ကောက်ရိုးမီး,နေပူစသည်တို့ကိုယူလေ။

ပထဝီဓာတ် အာပေါဓာတ်တို့၌ ပြဆိုသကဲ့သို့ပင် အဇ္ဈတ္တဗဟိဒ္ဓနှစ်ပါးလုံးဖြစ်သော တေဇောဓာတ်သည် တေဇောဓာတ်သာဟုတ်၏၊ ထိုတေဇောဓာတ်သည် ငါ၏ဥစ္စာမဟုတ်၊ ထိုတေဇောဓာတ်သည် ငါသူတပါး ယောကျ်ားမိန်းမ သတ္တဇီဝမဟုတ်၊ ထိုတေဇောဓာတ်သည် ငါ၏ကိုယ်မဟုတ် မမြဲသောအနိစ္စသဘော, ဆင်းရဲသောဒုက္ခသဘော, အလိုသို့မလိုက် အကြိုက်သို့မပါ အကြောင်းအားလျော်စွာ ဖြစ်ပျက်တတ်သော သဘောတရားသာတည်းဟု ရှုမှတ်ပွားများရသည်။

ဝါယောဓာတ်— ဝါယောဓာတ်သည် သဟဇာတ်ပထဝီဓာတ်, အာပေါဓာတ်,တေဇောဓာတ်တို့ကို ထောက်ပံ့ခြင်း, ခိုင်စေခြင်းလက္ခဏာရှိ၏၊ တွန်းကန်ခြင်းကိစ္စရှိ၏၊ ဘုတ်အပေါင်းကို ရွေးရှုဆောင်သော အခြင်းအရာအားဖြင့် ဝါယောဓာတ်ကို ပွားများဆင်ခြင်သူ ယောဂီ၏ ဉာဏ်အား ထင်တတ်၏၊ ကြွင်းသောမဟာဘုတ်သုံးပါးလျှင် နီးစွာသော အကြောင်းရှိ၏။

ထိုဝါယောဓာတ်သည်လည်း အဇ္ဈတ္တိကဝါယော ဗာဟိရဝါယော အားဖြင့် နှစ်မျိုးရှိပါသည်၊ ထိုနှစ်မျိုးတို့တွင် အဇ္ဈတ္တိကဝါယောဟူသည်မှာ ဥဒ္ဓင်္ဂမဝါတာ,အဓောဂမဝါတာ,ကုစ္ဆိသယဝါတာ,ကောဋ္ဌာသယဝါတာ,အင်္ဂမင်္ဂါနုသာရိဝါတာ,အဿာသပဿာသဟူ၍ ခြောက်မျိုးရှိပါသည်။

ထိုခြောက်မျိုးတို့တွင် ပျို့အန်ခြင်း,ကြို့ထိုး,ချောင်းဆိုးခြင်းစသည်ကို ဖြစ်စေတတ်သော အထက်သို့ ဆန်တက်သောလေသည်၊ ဥဒ္ဓင်္ဂမဝါတာ မည်၏။

ကျင်ကြီး ကျင်ငယ်သွားခြင်း, လေသက်ခြင်း စသည်ကို ဖြစ်စေ တတ်သော အောက်သို့စုံသောလေသည် အဓောဂမဝါတာမည်၏။

အူတို့၏ အပြင်ဘက် ဝမ်းခေါင်း၌တည်သောလေသည် ကုစ္ဆိသယ· ဝါတာမည်၏။

အကြောတည်းဟူသော ကွန်ယက်ကို အစဉ်လိုက်၍ တကိုယ်လုံးရှိ အင်္ဂါကြီးငယ်တို့သို့ မရောက်သဖြင့် ဆန့်ခြင်း,ကွေးခြင်းစသော လှုပ်ရှား မှုကို ဖြစ်စေတတ်သောလေသည် အင်္ဂမင်္ဂါနုသာရိလေမည်၏။

ထွက်သက်ဝင်သက်လေသည် အဿာသပဿာသမည်၏။

**ဗာဟိရဝါယော**—ဗာဟိရဝါယောဟူသည်မှာ မိမိသတ္တဝါသန္တာန်မှ အပ၌ဖြစ်သော အရှေ့လေ,အနောက်လေ,တောင်လေ,မြောက်လေစသည် တို့ကို ခေါ်ပါသည်။

ဤအဇ္ဈတ္တဝါယော,ဗာဟိရဝါယောဓာတ်နှစ်ပါးစုံသည်၊ ဝါယော ဓာတ်သာဟုတ်၏၊ ထိုဝါယောဓာတ်သည် ငါသူတပါး ယောကျ်ား မိန်းမ သတ္တဇီဝမဟုတ်၊ ထိုဝါယောဓာတ်သည် ငါ၏ကိုယ်မဟုတ်၊ မမြဲ သော အနိစ္စသဘော,ဆင်းရဲသောဒုက္ခသဘော,အလိုသို့မလိုက် အကြိုက်သို့ မပါ အကြောင်းအားလျော်စွာ ဖြစ်တတ်ပျက်တတ်သော သဘောတရား သာတည်းဟု မှတ်ရှုပွားများရမည်။

**အာကာသဓာတ်**—အာကာသဓာတ်သည် ရုပ်ကိုပိုင်းခြားခြင်းလက္ခဏာ ရှိ၏၊ ရုပ်တို့၏ အပိုင်းအခြားကို ထင်ရှားပြခြင်းကိစ္စရှိ၏၊ မထိပါးအပ် သည်၏အဖြစ် အပေါက်ဟင်းလင်း၏ အဖြစ်လျှင် အာကာသဓာတ်ကို နှလုံးသွင်းဆင်ခြင်သူ ယောဂီ၏ဉာဏ်အား ရှေးရှုထင်တတ်၏၊ ပိုင်းခြား အပ်သော မဟာဘုတ်လေးပါးလျှင် နီးစွာသော အကြောင်းရှိ၏။

ထိုအာကာသဓာတ်သည်လည်း အဇ္ဈတ္တိကအာကာသ, ဗာဟိရ အာကာသဟူ၍ နှစ်မျိုးရှိလေသည်၊ ထိုနှစ်မျိုးတို့တွင် အဇ္ဈတ္တိကအာကာသ ဟူသည်မှာ နားပေါက်, နှာခေါင်းပေါက်, ခံတွင်းပေါက်, လည်ချောင်း ပေါက်,ဝမ်းခေါင်း,အူခေါင်း, အရေကြား, အသားကြား, အကြောကြား, အရိုးကြား,အမွေးကြား,အမွေးပေါက်တို့ကို ခေါ်ပါသည်။

ဗာဟိရအာကာသဓာတ်ဟူသည်မှာ နံရံပေါက်, တံခါးပေါက်, မြေသားကျောက်သားစသည်တို့၌ရှိသော ဟင်းလင်းဓာတ်ဟု ဆိုအပ်သော အကြားအပေါက်တို့ကို ခေါ်ပါသည်။

ထိုအဋ္ဌကထာ၌ ဗာဟိရ အာကာသဓာတ်နှစ်ပါးလုံးသည် အာကာသဓာတ်သာဟုတ်၏ ထိုဓာတ်သည် ငါ၏ဥစ္စာမဟုတ် ထိုအာကာသဓာတ်သည် ငါသူတပါး ယောကျ်ားမိန်းမ သတ္တဇီဝမဟုတ် ထိုအာကာသဓာတ်သည် ငါ၏ကိုယ်မဟုတ် မမြဲသော အနိစ္စသဘော, ဆင်းရဲသော ဒုက္ခသဘော အလိုသို့မလိုက် အကြိုက်သို့မပါ အကြောင်းအားလျော်စွာ ဖြစ်တတ်သော သဘောတရားသာတည်းဟု ရှုမှတ်ပွားများရသည်။

---

## ဓာတ်ကြီးလေးပါးကို ပေါင်း၍ပြခြင်း

ဤသို့လျှင် ပထဝီဓာတ်နှစ်ဆယ်,အာပေါဓာတ်ဆယ့်နှစ်ပါး တေဇောဓာတ်ငါးပါး ဝါယောဓာတ်ခြောက်ပါးဟူ၍ ပြဆိုခဲ့ခြင်းသည် လက္ခဏာလွန်ရာ များရာသို့လိုက်၍ ဥဿဒ၏အစွမ်းအားဖြင့် ပြဆိုခြင်းသာ ဖြစ်ပါသည်။

စင်စစ်မှာ အဋ္ဌကထာ၌, ဗာဟိရအားဖြင့် မည်သည့်သဏ္ဍာန်၌မဆို, ဆံပင်စသော ပထဝီအစု, သလိပ်စသော အာပေါအစု, သန္တပ္ပနစသော တေဇောအစု, ဥဒ္ဓင်္ဂမဝါတာစသော ဝါယောအစုအားဖြင့် မည်သည့်အစု၌မဆို ဓာတ်ကြီးလေးပါးသည် တပါးစီ တပါးစီခွဲခြား၍လည်း မဖြစ်ကောင်း၊ တပါးတလေမျှ ကင်းသောအားဖြင့် ယုတ်လျော့၍လည်း မဖြစ်ကောင်း၊ လေးပါးလုံးစုံပင် သဟဇာတအားဖြင့် အတူတကွဖြစ်၍ အညမညအားဖြင့် အချင်းချင်းကျေးဇူးပြုကာ ဖြစ်ကြရသည်သာ ဓမ္မတာ ဖြစ်တော့သည်။

ပထဝီဓာတ်သည် အာပေါ,တေဇော,ဝါယောဓာတ်တို့၏ တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြု၍ရင်း၊ အာပေါဓာတ်သည် ပထဝီ, တေဇော, ဝါယောဓာတ်တို့ကို ပေါင်းစုဖွဲ့စည်းသောအားဖြင့် ကျေးဇူးပြု၍ရင်း၊ တေဇောဓာတ်သည် ပထဝီ, အာပေါ, ဝါယောဓာတ်တို့အား ရင့်ကျက်ပေါင်းနွေးသောအားဖြင့် ကျေးဇူးပြု၍ရင်း၊ ဝါယောဓာတ်သည် ပထဝီ,

အာပေါ, တေဇောဓာတ်တို့အား ထောက်ပံ့မြောက်တွန်းသောအားဖြင့် ကျေးဇူးပြု၍ရင်း၊ အချင်းချင်း အညီမညီကျေးဇူးပြု၍ ဖြစ်ကြရသည်သာ ဖြစ်ပါတော့သည်။

"တသ္မာ အဏုနော ဆတ္တိံသတိမဘာဂမတ္တော ပရမာဏုနာမ" စသော ဝိသုဒ္ဓိမဂ်ဋီကာပါဠိနှင့်အညီ ကောင်းကင်မြူ၌ ပါဝင်သော ပကတိ မျက်စိဖြင့် မမြင်ကောင်း, ဒိဗ္ဗစက္ခုဖြင့်သာ မြင်ကောင်းသော အလွန် သေးငယ်သိမ်မွေ့၍ ခက်မာမှု အမှုအရာမျှသာဟု ဆိုအပ်သော မြူသည် ပရမာဏုမြူမည်၏၊ ပရမာဏုမြူ သုံးဆယ့်ခြောက်ခု ဖွဲ့မိစုမိလျှင် အဏုမြူ တခုဖြစ်၏၊ အဏုမြူသုံးဆယ့်ခြောက်ခု ဖွဲ့မိစုမိလျှင် အနုပမာဏမြူဖြစ်၏၊ အနုပမာဏမြူ သုံးဆယ့်ခြောက်ခုဖွဲ့မိစုမိလျှင် တဇ္ဇာရီမြူဖြစ်၏၊ တဇ္ဇာရီမြူ သုံးဆယ့်ခြောက်ခု ဖွဲ့မိစုမိလျှင် ရထရေဏုမြူတခုဖြစ်၏၊ ရထရေဏုမြူ သုံးဆယ့်ခြောက်ခု ဖွဲ့မိစုမိလျှင် လိက္ခာ-ကညစ်ချေးတခုဖြစ်၏၊ လိက္ခာ-ကညစ်ချေးခုနစ်ခု ဖွဲ့မိစုမိလျှင် သန်းဦ,သန်းပြခန့်သော အထည်ဒြပ်တို့သည် ဖြစ်ကုန်၏၊ ထိုသန်းဦ,သန်းပြခန့်သော အထည်ဒြပ်မှစ၍ သက်ရှိသန္တာန်၌ ဆင်ကြီး, ဝေလငါးကြီး, အသူရိန်နတ်မင်းကြီးတိုင်အောင်ရင်း၊ သက်မဲ့ သန္တာန်၌ ဟိမဝန္တာတောင်,မြင်းမိုရ်တောင်,ကမ္ဘာလုံးကြီးတိုင်အောင်ရင်း အလုံး, အပြား, အတို, အရှည်, အကြီး, အငယ်စသည်ဖြင့် အထူးထူးသော သဏ္ဌာန်အထည်ဒြပ်တို့သည် ဖြစ်လာထင်လာကုန်၏။

ဤသို့ အထူးထူးသော အထည်ဒြပ် သဏ္ဌာန်တို့၏ ဖြစ်ပေါ်မှုသည် ပထဝီဓာတ်၏ ကျေးဇူးရှိန်စော် အာနုဘော်တည်းဟု သိမှတ်ရပါမည်။

အာပေါဓာတ်သည်လည်း ထိုပထဝီဓာတ်၌တည်၍ ထိုပထဝီ ဓာတ်ကို ဖရိုဖရဲ ပြန့်ကြဲလွင့်ပါးခြင်းမရှိရလေအောင် ပွားစည်းအောင် ဖွဲ့စည်းလျက် ကျေးဇူးပြုလျက် မကွာမကွေ ပါရှိလေသည်။

တေဇောဓာတ်သည်လည်း ထိုပထဝီဓာတ်၌ပင်တည်၍ ထိုပထဝီ ဓာတ်ကို ယိုစီးခြင်းလက္ခဏာရှိသော အာပေါဓာတ်ကြောင့် အရည်အစေး မဖြစ်အောင် မပုတ်မသိုးအောင် စောင့်ရှောက်လျက် ကျေးဇူးပြုလျက် မကွာမကွေ ပါရှိလေသည်။

ဝါယောဓာတ်သည်လည်း ထိုပထဝီဓာတ်၌ပင်တည်၍ ထိုပထဝီ ဓာတ်ကို မပြိုမကွဲ မပျက်မစီးအောင် ခိုင်ခန့်အောင် ရှေးရှုမှုဟူသော တွန်းကန်မှုရှိအောင် အားပေးချီးမြှောက်လျက် ကျေးဇူးပြုလျက် မကွာ မကွေ ပါရှိလေသည်။

ဤသို့ပြဆိုခဲ့သည့်အတိုင်း ဓာတ်ကြီးလေးပါးတို့သည် မည်သည့်ကောဋ္ဌာသ, မည်သည့်သဏ္ဌာန်၌မဆို ခွဲခြား၍မရကောင်းအောင် မကွဲမကွာ အမြဲပါရသော အဝိနိဗ္ဘောဂဝုတ္တိ တရားမျိုးပင်ဖြစ်သော်လည်း အသီးသီးသော လက္ခဏာအားဖြင့်ကား မတူကွဲပြား၍ ခြားနားသိသာသော၊ ဝါ၊ ခွဲခြား၍ သိစကောင်းသော ဝိနိဗ္ဘောဂဝုတ္တိသဘောဖြစ်သောကြောင့် မည်သည့်ကောဋ္ဌာသ မည်သည့်သဏ္ဌာန်၌မဆို ခက်မာမှု ချော့မွေ့နူးညံ့မှု လက္ခဏာရှိသည်ကို ပထဝီဓာတ်ဟု သိမြင်နှလုံးသွင်းရမည်၊ ထိုနည်းတူ ဖွဲ့စည်းမှု,ယိုစီးမှုလက္ခဏာကို အာပေါဓာတ် ပူမှုအေးမှု လက္ခဏာကို တေဇောဓာတ် ထောက်ကန်မှု ရွေ့ရှားမှုလက္ခဏာကို ဝါယောဓာတ်ဟု သိမြင်နှလုံးသွင်းရမည်။

---

## သဏ္ဌာနပညတ်ခွါပုံ

ထိုသို့ နှလုံးသွင်းပွားများရာ၌လည်း ပထဝီဓာတ်၏လက္ခဏာ၌ ကြမ်းတန်းခက်မာမှုဟူသော အမူအရာမျှကိုသာလျှင်၊ အာပေါဓာတ်၏ လက္ခဏာ၌ ဖွဲ့စည်းမှု,ယိုစီးမှုဟူသော အမူအရာမျှကိုသာလျှင်၊ တေဇောဓာတ်၏ လက္ခဏာ၌ ပူမှု,အေးမှုဟူသော အမူအရာမျှကိုသာလျှင်၊ ဝါယောဓာတ်၏လက္ခဏာ၌ ထောက်ကန်မှု, ရွေ့ရှားမှုဟူသော အမူအရာမျှကိုသာလျှင် နှလုံးသွင်းပွားများရပါမည် အလုံး,အပြား,အရှည်,အတို,အကြီး, အငယ်,အနိမ့်,အမြင့်စသော သဏ္ဌာနပညတ်ကို နှလုံးမသွင်းရ ထိုအလုံးအပြားစသော သဏ္ဌာနပညတ်သည် မည်သည့်ပရမတ္ထတရား၌မျှ ထင်ရှားတကယ်ရှိသည်မဟုတ် သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသဟူသော အမှတ်မှားမှု,အသိမှားမှုတို့ဖြင့် ပုထုဇဉ်တို့ မှတ်ထင်စွဲလမ်းအပ်သော အရာမျှသာဖြစ်လေသည်။

ထို့ကြောင့် ပရမတ္ထဒီပနီဋီကာသစ် စာမျက်နှာ (၁၉)၌—

"သဗ္ဗေပိ ဟိ ဓမ္မာ တံ တံ ကြိယာမတ္တာဝ ဟောန္တိ။ န တေသု ဒဗ္ဗံ ဝါ, သဏ္ဌာနံ ဝါ, ဝိဂ္ဂဟော ဝါ,ဥပလဗ္ဘတိ"ဟူ၍ မိန့်ဆိုတော်မူလေသည်။

ထိုသဏ္ဍာနပညတ်၏ တကယ်မရှိပုံကို ဥပမာဖြင့် ပြဆိုပါမည်၊ နွံ့မြေစေး အနည်းငယ်ကိုယူ၍ ခဲတန်ချောင်းကဲ့သို့ ပြုလုပ်ပါ၊ အရှိုးအစဉ်အတိုင်း ကြည့်ရှုဆင်ခြင်လျှင် ရှေရှေကလေးဖြစ်သည်ဟု ပညတ်သဘောအတိုင်း သိမြင်ရပါသည်၊ တဘန် ထိုရှေရှေဝတ္ထုမှ ခက်မာကြမ်းတန်းမှုဟူသော ပထဝီ, ဖွဲ့စည်းမှုဟူသော အာပေါ, ပူအေးမှုဟူသော တေဇော, ထောက်ခံမှု၊ ဝါ၊ တောင့်တင်းမှုဟူသော ဝါယော ဤသဘောလေးပါးကို ဉာဏ်ဖြင့် နှုတ်ယူလိုက်ပါ၊ ထိုအခါ ရှေရှေဟူသော ပညတ်သဘောသည် အလိုအလျောက် ပပျောက်၍ မရှိတော့သည်ကို သိရပါလိမ့်မည်၊ ရှေရှေဟူသော သဏ္ဍာနပညတ်သည် ပရမတ္ထကဲ့သို့ တကယ်မရှိသောကြောင့် ဓာတ်လေးပါးကို နှုတ်ယူလျှင် မိမိချည်း အကြွင်းအကျန် မရှိရစ်ဘဲ ပျောက်သုဉ်းရသည်ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ပါ။

တဘန် ခဲတန်ချောင်းသဏ္ဌာန် ပြုလုပ်ထားသော ထို နွံ့မြေစေးကိုပင် ကြက်ဥကဲ့သို့ သဏ္ဍာန်ပြုလုပ်ပါ၊ ထိုအခါ ရှေရှေပျောက်၍ လုံးလုံးဖြစ်သည်ဟု ပညတ်သဘောအတိုင်း ထင်မြင်သိရှိရပါသည်၊ တကယ်မရှိသော အရှေဟူသော သဏ္ဍာနပညတ်ပျောက်၍ အလုံးအဖြစ်သို့ ရောက်သော်လည်း ခက်မာကြမ်းတန်းမှုစသောဓာတ်လေးပါးသဘောကား တကယ်ရှိသော ပရမတ္ထသဘောဖြစ်သောကြောင့် ပြောင်းလဲခြင်း ပျောက်ပြယ်ခြင်းမဖြစ်ဘဲ ပကတိရှိမြဲတိုင်း ရှိနေကြလေသည်၊ ဤသို့ပင် အကြီး, အငယ်, အနိမ့်, အမြင့်စသော သဏ္ဍာနပညတ်တို့၌လည်း ပရမတ်ဉာဏ်သက်ဝင်၍ ဆင်ခြင်ထွင်းဖေါက် ပညတ်ကို ပယ်ဖျောက်၍ သိမြင်အောင် ကြိုးစားရပါမည်။

ရူပဝဝတ္ထာန်—"သဗ္ဗာပိယိ ဓာတုယော ရုပ္ပနလက္ခဏံ အနတိတတ္တာ ရူပါနိ" ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ပြဆိုခဲ့ပြီးသော ခက်မာနူးညံ့မှု လက္ခဏာရှိသော ပထဝီဓာတ်, ဖွဲ့စည်းယိုစီးမှုလက္ခဏာရှိသော အာပေါဓာတ်, ပူအေးမှုလက္ခဏာရှိသော တေဇောဓာတ်, ထောက်ကန်လှုပ်ရှားမှု လက္ခဏာရှိသော ဝါယောဓာတ်, ပိုင်းခြားခြင်း လက္ခဏာရှိသော အာကာသဓာတ်၊ဤဓာတ်ငါးပါးလုံးသည်ပင် ရှေ့ဖြစ်စဉ်နှင့် နောက်ဖြစ်စဉ် မတူ အမူကွဲပြား ဖျော့့ပွားမမှန် ဖောက်ပြန်ပျက်စီးမှု လက္ခဏာကို မလွန်နိုင်ရကား ရုပ်မည်ကုန်၏ဟူ၍ သိမှတ်ရပါသည်။

ဤရုပ်တရားသည် ဖောက်ပြန်ခြင်းလက္ခဏာရှိ၏၊ ဖရိုဖရဲပြိုကွဲပျက်စီးခြင်း ကိစ္စရှိ၏၊ ကုသိုလ်,အကုသိုလ်မဟုတ်သော အခြင်းအရာလျှင်

ဝါ၊ အာရုံကို မယူတတ်သဖြင့် အာရုံမရှိသည်၏အဖြစ်လျှင် ရုပ်တရားကို ဆင်ခြင်သော ယောဂီဉာဏ်အား ထင်တတ်၏၊ ဝိညာဉ်လျှင်နီးသော အကြောင်းရှိ၏။

ထိုပထဝီစသော ဓာတ်ကြီးလေးပါးတို့၏၊ ဘောက်ပြန်ပုံကိုလည်း အောက်ပါ သံယုတ်ပါဠိတော် ခန္ဓနိယသုတ်ကို အမှီပြု၍ ဖေါ်ပြပါမည်။

"ကိဉ္စ ဘိက္ခဝေ ရူပံ ဝဒေထ၊ ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ "ရူပ"န္တိ ဝုစ္စတိ၊ ကေန ရုပ္ပတိ၊ သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ၊ ဍံသမကသဝါတာတပ-သရီသပသမ္ဖဿေနပိ ရုပ္ပတိ၊ ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ "ရူပ"န္တိ ဝုစ္စတိ"။

(ခဇ္ဇယနိယသုတ် သံယုတ္တနိကာယ ခန္ဓဝဂ္ဂသံယုတ္တပါဠိတော်)

**အနက်**— ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ့်ကြောင့်။ ရူပံ၊ ရုပ်ဟူ၍။ ဝဒေထ၊ ဆိုကုန်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ အကြင့်ကြောင့်။ ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ ဝါ၊ ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်အပ်၏။ တသ္မာ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကေန၊ အဘယ့်ကြောင့်။ ရုပ္ပတိ၊ ဘောက်ပြန်တတ်သနည်း။ ဝါ၊ ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်အပ်သနည်း။ သီတေနပိ၊ အအေးကြောင့်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ တနည်းကား—သီတေနပိ၊ အအေးသည်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်အပ်၏။ ဥဏှေနပိ၊ အပူကြောင့်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ တနည်းကား— ဥဏှေနပိ၊ အပူသည်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်အပ်၏။ ဇိဃစ္ဆာယပိ၊ ဆာလောင်ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ တနည်းကား— ဇိဃစ္ဆာယပိ၊ ဆာလောင်ခြင်းသည်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်အပ်၏။ ပိပါသာယပိ၊ မွတ်သိပ်ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ တနည်းကား— ပိပါသာယပိ၊ မွတ်သိပ်ခြင်းသည်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်အပ်၏။ ဍံသမကသဝါတာတပသရီသပ-သမ္ဖဿေနပိ၊ မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အတွေ့ကြောင့်လည်း။ ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ တနည်းကား— ဍံသ, မကသ,

ဝါတာဘပ, သရီသာ ပသမ္ဘသာ ခါနံ၊ မှက်,ခြင်,လေ,နေပူ,မြွေ,ကင်း,သန်းတို့၏ အတွေ့သည်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်အပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဝါ၊ ဖောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤပါဠိတော်အရ အအေး,အပူတို့ကြောင့် ဓာတ်ကြီးလေးပါးတို့၏ ဖောက်ပြန်ပုံကို ငှက်ဖျားရောဂါတက်ခြင်းဖြင့် ပြဆိုပါမည်၊ ငှက်ဖျားရောဂါမတက်မီ ကျန်းမာနေဆဲခဏ၌ ဥသ္မာခေါ် ကိုယ်ငွေ့ဓာတ်မီးသည် နွေးနွေးမျှရှိ၍ မျှတလျက်ရှိသည်ဟု ဆိုရပါသည်၊ ဥသ္မာဓာတ်မီးနှင့်အတူ ဖြစ်ရှိကြသော ပထဝီ, အာပေါ, တေဇော, ဝါယောဓာတ်တို့သည်လည်း ညီညွတ်မျှတစွာ ဖြစ်လျက်ရှိသဖြင့် ဤရုပ်ခန္ဓာတကိုယ်လုံးကို မျှတသော သမဓာတ်ဟု ခေါ်ဆိုရလေသည်။

ငှက်ဖျားရောဂါ တက်လာသောအခါ တကိုယ်လုံးတွင် ပထမ၌ အေးစက်စက် ချမ်းစိမ့်စိမ့်ဖြစ်လာသည်၊ ထိုမှတဆင့်ပို၍ အေးချမ်းလာပြီးလျှင် ကြက်သီးမွေးညှင်းထခြင်း သွေးဥညာကိုက်ခဲခြင်း ထိမ်းမနိုင်သိမ်းမရ တုန်လှုပ်ချောက်ချားခြင်းများဖြစ်လာကာ ဤခန္ဓာတခုလုံးကို အအေးဓာတ်မီးလွှမ်းဖုံး၍ အအေးတုံးအအေးခဲကြီးသဘွယ် ဖြစ်သည်တိုင်အောင် အအေးဓာတ်လွန် သီတာဓိကဖြစ်လာတော့သည်။

ဆိုခဲ့သည့်အတိုင်း ပထမ၌ အေးစက်စက် ချမ်းစိမ့်စိမ့်ဖြစ်လာသည်မှစ၍ ဓာတ်မျှနေ ညီညွတ်နေသော သမဓာတ်မှ ဓာတ်မမျှမညီညွတ်သော ဝိသမဓာတ်၏အဖြစ်သို့ ရောက်လာခြင်း "ဥသ္မာတေဇောဓာတ်၏ မျှတပေါင်းနွေးမှု ပထဝီဓာတ်၏ နူးညံ့မှု အာပေါဓာတ်၏ မျှဘ၍ အလွန်မဖွဲ့စည်းမှု ဝါယောဓာတ်၏ မျှတ၍ အချုပ်မခံရမှု၊ ဝါ၊ မငုတ်မှု"ဟု ဆိုအပ်သော အခြင်းအရာ အမူအရာတပါးမှသည် "တေဇောဓာတ်၏ ချမ်းအေးမှု ပထဝီဓာတ်၏ ခက်တရော်မှု အာပေါဓာတ်၏ အလွန်ဖွဲ့စည်းမှု ဝါယောဓာတ်၏ ငုတ်မှု"ဟူသော အခြင်းအရာ အမူအရာတပါးသို့ ရောက်ရှိလာခြင်း ရှေ့ရှေ့သမဓာတ်အဖြစ် အမူအရာ လက္ခဏာများ ပျက်စီးကွယ်ပျောက်၍ နောက်နောက်သော ဝိသမဓာတ်၏အဖြစ် အမူအရာ လက္ခဏာများ ဖြစ်ပေါ်လာခြင်းတို့ကိုပင် ဖောက်ပြန်သည် ပျက်ပြားသည် ချောက်ချားသည်ဟု ခေါ်ဆိုရပါသည်။

ထို့ကြောင့် အဋ္ဌကထာတို့၌—

"ရုပ္ပတီတိ ကုပ္ပတိ ဃဋ္ဋိယတိ ပီဠိယတိ ဘိဇ္ဇတီတိ အတ္ထော"ဟု မိန့်ဆိုတော်မူကြလေသည်။

ဤအဓိပ္ပါယ်ကို ရည်ညွှန်း၍ ရုပ္ပတိ၊ ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်အပ်၏ဟု အနက်ပေးခဲ့ပါသည်။

ထိုသို့ အေးစက်စက် ချမ်းစိမ့်စိမ့် ဖြစ်လာစတွင် အအေးရုပ်ကလာပ်တို့ အားနည်းနေသေး၍ လှုံ့နွေးသော သမရုပ်ကလာပ်စုက အားများနေသေးသော့ကြောင့် ခဏတအောင့်မျှသာ ချမ်းအေး၍ မကြာခဏ ပြန်၍နွေးလာသေးသည် ချမ်းဖျားမတက်မီ ရှိနေသော မျှတသော ရုပ်ကလာပ်အစဉ်ကို "သမ"ဟု ခေါ်ဆို၍ ချမ်းဖျားတက်သောအခါ ဖြစ်လာသော အေးသော ရုပ်ကလာပ်အစဉ်ကို"သီတ"ဟုခေါ်သည်၊ ထိုသို့ သမဓာတ်နှင့် သီတဓာတ် ကလာပ်တို့ အပြိုင်အဆိုင် အလုအယက်ဖြစ်လာခြင်း သဘောအားဖြင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်၍ ချောက်ချောက်ချားချား ဘောက်ဘောက်ပြားပြား မညီမညွတ်ဖြစ်သည်ကိုပင် ဓာတ်အချင်းချင်း တိုက်ခိုက်ပုတ်ခတ် ထိပါးသကဲ့သို့ ဖြစ်သောကြောင့် "ဃဋ္ဋိယတိ"ဟု အဋ္ဌကထာဆရာတို့ ဖွင့်ဆိုတော်မူကြသည်၊ ထိုသို့ သမဓာတ်ရုပ်ကလာပ်နှင့် သီတဓာတ် ရုပ်ကလာပ်တို့ ပေါင်းစပ်ဖြစ်ပေါ်လာသော မညီညွတ်သော ဆန့်ကျင်သော ချောက်ချားသောရုပ်အစဉ်ကို ဝိသမရုပ်ဟု ခေါ်ပါသည် ဤဝိသမရုပ်ဖြစ်စဉ်ကို ရည်ညွှန်း၍ "ဝိသမပစ္စယေဝသေန ဝိကာရံ အာပဇ္ဇတီ"ဟု ပရမတ္ထဒီပနီမဟာဋီကာ၌ ဆိုလေသည်။

အတန်ကြာသောအခါ ဥပါဒ်ဖြစ်ပေါ်လာသော သီတရုပ်ကလာပ်တို့သည် တဆင့်ထက်တဆင့် တခဏထက်တခဏ ပွားလာ,များလာသော ကြောင့်၎င်း၊ ဥပါဒ်ဖြစ်ပေါ်လာသော သမဓာတ်ရုပ်ကလာပ်တို့သည် တဆင့်ထက်တဆင့် တခဏထက်တခဏ လျော့ပါးဆုတ်ယုတ်သွားသော ကြောင့်၎င်း သီတဓာတ်ရုပ်ကလာပ်အစဉ်နှင့် သမဓာတ်ရုပ်ကလာပ် အစဉ်တို့သည် အားချင်းမျှသကဲ့သို့ ဖြစ်လာတော့သည်။

ဤအဖျားတက်ဆဲသော ရုပ်ကလာပ်အစဉ်၌ သမရုပ်ကား လျော့ပါး ဆုတ်ယုတ်သော ဩမတ္တအစဉ် သီတရုပ်ကား တိုးပွားသော အဓိမတ္တအစဉ် ဖြစ်သည်အားလျော်စွာ အတန်ကြာသော် သမရုပ်အစဉ် ချုပ်ငြိမ်း

ကွယ်ပျောက်၍ သီတရုပ်သာလျှင် အဆင့်ဆင့် တိုးပွားများပြားလာကာ နောက်ဆုံး၌ ဤကိုယ်တခုလုံးပင် သီတာဓိကရူပသန္တတိခေါ် အအေးလွန်သော ရုပ်အစဉ်ဖြစ်လာတော့သည်။

ဤအဖြစ်မျိုးကိုရည်၍ ပရမတ္ထဒီပနီဋီကာသစ် စာမျက်နှာ(၂၃)၌- "တတော ပဋ္ဌာယ သယံဝိ ဝိကာရပတ္တာ ဟောန္တိ၊ သြမတ္တာဓိမတ္တရူပသန္တတိနံ ဥပ္ပတ္တိပစ္စယဘာဝံပတ္တာစ ဟောန္တီတိ အတ္ထော"ဟု မိန့်ဆိုတော်မူလေသည်။

ထိုအခါ ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်တတ်နှိပ်စက်အပ်သော အခြင်းအရာတို့သည် သာ၍ ထင်ရှားသိသာလာတော့သည်၊ ထိုအခါ ဥဿုာဓာတ်မီးသည် အတွင်း၌ ငုတ်လျှက်ရှိသဖြင့် ဝမ်းတွင်းပူသောကြောင့် ရေငတ်ခြင်း လှိုက်လဲမွှတ်သိပ်ခြင်းတို့သည် ဖြစ်ကုန်၏၊ အအေးသီတဓာတ်မီးသည် အပြင်ကာယတခုလုံးကို လွှမ်းဖုံးအုပ်မိုးလျှက်ရှိသဖြင့် အပြင်ကချမ်းအေး၍ နေပူလှမ်းလိုသည် မီးလှုံစောင်ခြုံလိုသည်။

အပြင်ကာယ၌ အအေးသီတဓာတ်မီးကြောင့်ဖြစ်သော သီတရုပ်ကလာပ်တို့၏ ဘိညှပ်ဖွဲ့စည်းခြင်းကို ခံရသော အတွင်းကာယ၌ အပူဥဏှဓာတ်မီးကြောင့်ဖြစ်သော အပူမီးဓာတ် ရုပ်ကလာပ်တို့သည် အကျဉ်းကျကာ တိုးဝှေ့ရုန်းကန်သကဲ့သို့ဖြစ်သောကြောင့် ညောင်းညာကိုက်ခဲခြင်း, ကြက်သီးမွေးညှင်းထခြင်း, တုန်လှုပ်ယိမ်းယိုင်ခြင်း ဖြစ်ကြရကုန်၏။

မည်သို့ပင်ဖြစ်စေ၊ ကံကြောင့်ဖြစ်သော ပါစကခေါ် ဝမ်းမီးမှာ အသက်မသေမခြင်း မည်သည့်အခါမျှ ချုပ်ဆုံးကွယ်ပျောက်ကောင်းသည် မဟုတ်သည်အားလျော်စွာ ထိုပါစကဓာတ်မီးမှဖြစ်ရသော ဥဿုာခေါ် ကိုယ်ငွေ့ဓာတ်မီးသည်လည်း မျိုးစေ့မသုဉ်း မဆုံးမချုပ် နည်းငုတ်လျှော့ပါးနေရာမှ တဖန် ပုန်ကန်ထကြွ ပွားများလာကြပြန်သဖြင့် အလွန်အေးသော သီတာဓိကရုပ်အစဉ်တို့သည် တခဏထက်တခဏ လျော့ပါး၍ ချုပ်ဆုံးကွယ်ပျောက်ကာ တကိုယ်လုံး၌ ပူရှိန်လောင်အိုက်သော ဥဏှာဓိကရုပ်အစဉ်တို့သည် အသစ်အသစ် ဆက်လက်၍ ဖြစ်လာကြပြန်တော့သည်၊ ဤသို့ဖြစ်သော သာမညအဖျားပူမျိုးကိုပင် "သန္တပ္ပနတေဇောရုပ်"ဟု ခေါ်ပါသည်။

ထို့ထက်ပြင်းထန် အပူလျှံ၍ မခံနိုင်ငြီးတ ဟစ်အော်ငိုကြွေး ရအောင်ဂုင်း, ဿညး ခြေပျက်ဘိ သတိယွင်းဘောက် မြောမေ့လောက် အောင်ဂုင်း, ယဉ်ခဉ်ရ, ရေခဲတင်ရလောက်အောင်ဂုင်း အလွန်အကြူး အထူးအားကြီးပြင်းထန်သော အဖျားပူမျိုးကို "ဒါဟတေဇောရုပ်"ဟု ခေါ်ရပါသည်။

ဤသို့လျှင် အဖျားပူပြန်ရာ၌ ရှေးရှေးဖြစ်နှင့် ရှိနှင့်သော အအေးလွန် ရုပ်ကလာပ်အစဉ်တို့ ပျက်ပြားကွယ်ပျောက်၍ နောက်နောက်၌ဖြစ်သော အပူလွန်ရုပ်ကလာပ်အစဉ်တို့ ပွားများဖြစ်ပေါ်လာမှု၌လည်း ရှေ့နောက် အလျှင် ဖြစ်စဉ်မတူ အအေးအပူတို့ကြောင့် အမူမမှန် ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နိဝ်စက်အဝ်သည်ကို ရူပဝိပဿနာဉာဏ်ပညာဖြင့် ကောင်းစွာ ရှုမြင်အဝ်ပါသည်။

ထို့နောက်တဘန် ကံ,စိတ်,ဥတု,အကုအမ,အာဟာရဟု သင့်လျော် လျောက်ပတ်သော အထောက်အပံ့ကိုရလျှင် "အဖျားပူကျ၍ ကျန်းမာ လာသည်"ဟု ဆိုရသော အပူလွန် ရုပ်ကလာပ်အစဉ်တို့ ချုပ်ဆုံးကွယ် ပျောက်၍ အပူအအေးမျှတသော သမရုပ်အစဉ်တို့ တိုးပွားဖြစ်ပေါ်ရာ၌ လည်း ရုပ်တရားတို့၏ ရှေ့နောက်အလျှင် ဖြစ်စဉ်မတူ အအေးအပူတို့ကြောင့် အမူမမှန် ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နိဝ်စက်အဝ်သည်ကို ရူပဝိပဿနာဉာဏ်ပညာဖြင့် ကောင်းစွာရှုမြင်အဝ်ပါသည်။

ဤသို့စသည်ဖြင့် နွေ, မိုး, ဆောင်းဟု ဆိုအဝ်သော ဥတုသုံးပါး ဟေမန္တ,သိသိရ,ဝသန္တစသော ရတုခြောက်ပါး တန်ခူး,ကဆုန်စသော တဆယ့်နှစ်လ နံနက်,နေ့,ညဟုဆိုအဝ်သော အချိန်အခါတို့၌ ဥတုနိယာမ အားဖြင့် ဖြစ်ပေါ်ပြောင်းလဲသော အပူအအေးတို့နှင့် တွေ့ကြုံသောအခါ ကိုးဆယ့်ခြောက်ပါးတို့တွင် ရောဂါတခုခု စွဲကပ်သောအခါ အစာ ဆာလောင်သောအခါ ရေငတ်သောအခါ မှက်,ခြင်,လေ,နေပူ,မြွေ,ကင်း, စသည်တို့ ကိုက်ခဲတွေ့ထိသောအခါ စသည်တို့၌လည်း ရုပ်တရား၏ ရှေ့ဖြစ်စဉ်နှင့် နောက်ဖြစ်စဉ်မတူ အမူမမှန် ဘောက်ပြန်ပျက်ပြား ချောက် ချားပုတ်ခတ် နိဝ်စက်အဝ်သည်၏အဖြစ်ကို ဉာဏ်ဖြန့်၍ရှုရ နှလုံးသွင်းရ ပါသည်။

ထိုသို့ နှလုံးသွင်းဆင်ခြင် သိမြင်ထိုးထွင်းသောအားဖြင့် ဤပထဝီ, အာပေါ, တေဇော, ဝါယော,အာကာသဟူသော ဓာတ်ငါးပါးတို့သည် ငါသူတပါး ယောကျ်ားမိန်းမ အတ္တဇီဝစသည်မဟုတ်၊အပူအအေးစသည်

တို့ကြောင့် ရှေ့ဖြစ်စဉ်နှင့်နောက်ဖြစ်စဉ်မတူ၊အမှုမမှန် ဘောက်ပြန်ပျက်ပြား ချောက်ချားတတ်သော တရားစုသာတည်း၊ ဝါ၊ အပူအအေး စသည် တို့သည် ရှေ့ဖြစ်စဉ်နှင့် နောက်ဖြစ်စဉ်မတူ အမှုမမှန် ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ် နှိပ်စက်အပ်သော တရားစုသာ ဇကားဟု ရုပ်တရား တို့၏ သဘောမှန်ကို ဝေဘန်သုံးသပ်၍ ဆုံးဖြတ်ပိုင်းခြား မှတ်သားနိုင်သော ဉာဏ်ကို ရူပဝဝတ္ထာနဉာဏ်ဟု ခေါ်အပ်ပါသည်။

---

## နာမဝဝတ္ထာနဉာဏ်

ပထဝီဓာတ်အစ အာကာသဓာတ်အဆုံးရှိသော ရုပ်ဓာတ်ငါးပါးကို ပြဆိုပြီး၍ ယခုအခါ၌ နာမ်ဓာတ်ဟု ဆိုအပ်သော ဝိညာဏဓာတ်ကို ဆက်လက်ဖော်ပြပါဦးမည်။

ဝိညာဏဓာတ်သည် အာရုံကို အထူးသဖြင့် သိတတ်သော လက္ခဏာ ရှိ၏၊ နာမ်တရားတို့၏ အကြီးအမှူး ရှေ့သွားဟူသော ကိစ္စရှိ၏၊ အစဉ် မပြတ် တစပ်ထည်းကဲ့သို့သော အခြင်းအရာအားဖြင့် ဝိညာဉ်ကို ဆင်ခြင် ပွားများသော ယောဂီဉာဏ်အား ထင်တတ်၏၊ မိုရာဝတ္ထု ပြုရာအာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

ဆဓာတုဝိဘင်္ဂသုတ် ပဋိသမ္ဘိဒါမဂ်စသော ပါဠိတော်တို့၌ ဓာတ် ခြောက်ပါး၏ သရုပ်မာတိကာကို "ဝိညာဏံ"ဟု သာမညအားဖြင့် ဟောပြတော် မူကြသော်လည်း "စက္ခုဝိညာဉ်စသော ဝိညာဉ်ခုနစ်ပါး ဖြစ်သည်"ဟု မှတ်ယူရမည်မဟုတ် ဝိသေသအားဖြင့် "မနောဝိညာဉ်သာ ဖြစ်သည်"ဟု မှတ်ယူသင့်ပါသည်။

ထိုစကားမှန်၏ မဇ္ဈိမနိကာယ်ဓာတုဝိဘင်္ဂသုတ်ပါဠိ မာတိကာ၌ ဟောတော်မူအပ်သော "ဝိညာဏဓာတု"ဟူသောပုဒ်ကို "တေန စ ဝိညာ· ဏေန ကိံ ဝိဇာနာတိ၊ သုခန္တိပိ ဝိဇာနာတိ"စသည်ဖြင့် ဝေဘန်ဟောကြား တော်မူပါသည်၊ ဤသို့ ဝေဘန်ဟောကြားတော်မူအပ်သော ပါဠိတော်၌ "သုခန္တိပိ ဝိဇာနာတိ"စသော ပါဠိတော်အရ "သုခ"ဟူ၍လည်းသိ၏ "ဒုက္ခ"ဟူ၍လည်းသိ၏ "ဥပေက္ခာ"ဟူ၍လည်းသိ၏"ဟူရာဝယ် သုခ,ဒုက္ခ စသည်ကိုသိတတ်သော ဝိညာဉ်သည် ပဥ္စဝိညာဉ်မဟုတ် မနောဝိညာဉ်သာ ဖြစ်၏။

ဤမျှသာမကသေး "ပထဝိဓာတုကက္ခဠလက္ခဏာတိ အာရမ္မဏ-ပဋိဝိဇာနနံ ဝိညာဏံ ဝိညာဏကၡန္ဓော"အစရှိသည်ဖြင့် ဖွင့်ဆိုတော်မူအပ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌"ပထဝီဓာတ်သည် ခက်မာမှုလက္ခဏာရှိ၏၊ခက်မာမှုလက္ခဏာရှိသောဓာတ်သည် ပထဝီဓာတ်ဖြစ်၏"ဟု"အာရုံကို သိသောဝိညာဉ်သည် ဝိညာဏက္ခန္ဓာမည်၏"ဟု ဖွင့်ဆိုတော်မူရာပယ် ထိုသို့သိတတ်သောဝိညာဉ်သည်လည်း "ပဥ္စဝိညာဉ်ဖြစ်သည်"ဟု မှတ်ယူရမည်မဟုတ် "မနောဝိညာဏဓာတ်သာဖြစ်သည်"ဟု မှတ်ယူသင့်ပါသည်။

ထိုစကားမှန်၏၊ပဥ္စဝိညာဉ်တို့တွင် စက္ခုဝိညာဏဓာတ်သည် ထင်လာသောအဆင်းကို မြင်သိရုံမျှသာ စွမ်းနိုင်၏၊ အဖြူ,အညိုစသည်နှင့် ကောင်း, မကောင်းစသည်ဟို ခွဲခြားသိမြင်နိုင်သည်မဟုတ်၊ ထိုအဖြူ,အညိုစသည်နှင့် ကောင်း, မကောင်း စသည်တို့ကိုကား မနောဝိညာဏဓာတ်ကသာလျှင် ခွဲခြားသိမြင်နိုင်၏။

ထို့အတူ သောတဝိညာဏဓာတ်သည် ရောက်လာသော အသံမျှကိုသာကြားနိုင်၏၊ လူသံ,စောင်းသံစသည်နှင့် ကောင်း,မကောင်းစသည်ကို ခွဲခြားသိနိုင်သည်မဟုတ်၊ ထိုလူသံ,စောင်းသံစသည်နှင့် ကောင်း မကောင်းစသည်တို့ကိုကား မနောဝိညာဏဓာတ်ကသာလျှင် ခွဲခြားသိနိုင်၏။

ဃာနဝိညာဏဓာတ်သည် ရောက်လာသော အနံ့မျှကိုသာ နမ်းသိနိုင်၏၊ ပန်းနံ့စသည်နှင့် ကောင်း,မကောင်းစသည်ကို ခွဲခြားသိနိုင်သည်မဟုတ်၊ ထိုပန်းနံ့စသည်နှင့် ကောင်း,မကောင်းစသည်တို့ကိုကား မနောဝိညာဏဓာတ်ကသာလျှင် ခွဲခြားသိမြင်နိုင်၏။

ဇိဝှါဝိညာဏဓာတ်သည် ရောက်လာသော အရသာမျှကိုသာ လျက်သိနိုင်၏၊ ထန်းလျက်အရသာစသည်နှင့် ကောင်း, မကောင်းစသည်ကို ခွဲခြားသိနိုင်သည်မဟုတ်၊ ထိုထန်းလျက်အရသာစသည်နှင့် ကောင်း, မကောင်းစသည်တို့ကိုကား မနောဝိညာဏဓာတ်ကသာလျှင် ခွဲခြားသိမြင်နိုင်၏။

ကာယဝိညာဏဓာတ်သည် တွေ့ထိအပ်သော "ကြမ်းတန်းမှု, နူးညံ့မှု, ပူမှု, အေးမှု, ထောက်ခံမှု"ဟူသော အတွေ့မျှကိုသာ သိနိုင်၏ "ကြမ်းတန်းမှု, နူးညံ့မှုသည် ပထဝီ၏ လက္ခဏာဖြစ်၏၊ ပူမှု, အေးမှုသည်

တေဇော၏ လက္ခဏာဖြစ်၏၊ ထောက်ခံမှုသည် ဝါယော၏ လက္ခဏာဖြစ်၏”ဟူသည်နှင့် ကောင်း,မကောင်းစသည်ကိုခွဲခြား၍ သိနိုင်သည်မဟုတ်၊ ထိုကြမ်းတန်းမှု,နူးညံ့မှုသည် ပထဝီဓာတ်၏ လက္ခဏာဖြစ်၏ စသည်ကိုကား မနောဝိညာဏဓာတ်ကသာလျှင် သိမြင်နိုင်ပါသည်။

ထို့ကြောင့် အထက်၌ဖော်ပြခဲ့သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ၌တွင် “အာရမ္မဏပဋိဝိဇာနနံ” ဟူသောပုဒ်ကို ဖွင့်ဆိုရာဝယ် မဟာဋီကာ၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူလေသည်။

> “တတ္ထ အာရမ္မဏပဋိဝိဇာနနန္တိ ထဒ္ဓတာသင်္ခါတဖောဋ္ဌဗ္ဗာရမ္မဏပဋိဝိဇာနနံ၊ ကာယဒွါရာဘိနိဟတံ ကေဝလံ ဝါ မနောဒွါရိကဇဝနဝိညာဏမာဟ၊ တဥှိ “ပထဝီဓာတု ကက္ခဠလက္ခဏာ”တိ ပဋိဝိဇာနာတိ၊ ဣတရံ ပန ကက္ခဠလက္ခဏပဋိဝိဇာနနမတ္တမေဝါတိ”
>
> (ဋီကာ ဒု· စာမျက်နှာ ၃၅၆)

**ဋီကာအဓိပ္ပါယ်**—အာရုံကိုသိတတ်သော ဝိညာဉ်ဟူသည်မှာ ကြမ်းတန်းခက်မာသည်၏အဖြစ်ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံကို သိတတ်သော ကာယဒွါရဝီထိ၌ဖြစ်သော ဇော,မနောဝိညာဉ်ကို ဆိုပါသည်၊ ကာယဝိညာဉ်မဟုတ်ဟူလို။

တနည်းကား— မနောဒွါရိကဝီထိသက်သက်၌ဖြစ်သော ဇောကိစ္စတပ်သော မနောဝိညာဉ်ကိုသာ ဆိုပါသည် ထိုစကားမှန်၏ ထိုသုဒ္ဓမနောဒွါရိကဇော မနောဝိညာဉ်သည်သာလျှင် “ပထဝီဓာတ်သည် ကြမ်းတန်းခက်မာမှုလက္ခဏာရှိ၏၊ ကြမ်းတန်းခက်မာမှု လက္ခဏာရှိသောဓာတ်သည် ပထဝီဓာတ်ဖြစ်၏”ဟု သိနိုင်သေသည်၊ ကာယဒွါရိက မနောဒွါရိက မနောဝိညာဉ်ကား ကြမ်းတန်းခက်မာမှုကို သိရုံမျှသာဖြစ်သည် “ပထဝီဓာတ်”ဟု မသိဟု အဓိပ္ပါယ်ရှိပါသည်။

သန္တီရဏစသည်တို့လည်း မနောဝိညာဉ် မည်သေးသောကြောင့် ၎င်းသန္တီရဏစသည်ကိုလည်း ဤအရာ၌ မနောဝိညာဉ်ဟု မှတ်ယူမည်စိုး၍ “ကေဝလံ မနောဒွါရိကဇဝနဝိညာဏမာဟ”ဟု “ဇဝန”ပုဒ်ကိုထည့်၍ ဖွင့်တော်မူသည်၊ ဤအရာ၌ ဇောကိစ္စတပ်သော မနောဝိညာဉ်တခုထည်းကိုသာ ယူရမည်ဟု ဆိုလိုပါသည်။

ဤဋီကာ၌ "ကာယဒွါရဝီထိ၌ဖြစ်သော ဇော, မနောဝိညာဉ်"ဟု သိရန်နှင့် "မနောဒွါရသက်သက်၌ဖြစ်သော ဇော,မနောဝိညာဉ်"ဟုသိရန် အားဖြင့် နှစ်နည်းဖွင့်ဆိုရာတွင်"ပထဝီဓာတု ကက္ခဠလက္ခဏာတိအာရမ္မဏ-ပဋိဝိဇာနနံ" ဟူသော အဋ္ဌကထာပါဌ်ကို ထောက်၍ "မနောဒွါရ သက်သက်၌ဖြစ်သော ဇော,မနောဝိညာဉ်"ဟုသိရန် ဖွင့်ဆိုသော နောက် နည်းသည်သာလျှင် ဝိ၍ယုတ္တိသင့်သည်ဟု ထင်ပါသည်။

**မနောဝိညာဏဓာတ်၏သတ္တိထူး—** ဤဆိုခဲ့ပြီးသော စကားရပ်တို့ဖြင့် "ဝိညာဏံ"ဟူသောပုဒ်၌ တရားကိုယ်သည် မနောဝိညာဉ်သာဖြစ်၏"ဟု သိမှတ်ရန်အကြောင်းယုတ္တိများ ထင်ရှားပြည့်စုံပြီဖြစ်သော်လည်း ၎င်းမနော ဝိညာဏဓာတ်၏ တပါးသော ဝိညာဉ်တို့ထက် အလွန်အားဖြင့် သိစွမ်းနိုင် သော သဘာဝသတ္တိကိုဝိ၍ သိသာစေရန် ဆက်လက်ဖော်ပြပါဦးမည်။

အဘိဓမ္မတ္ထသင်္ဂဟပကိဏ်းပိုင်း၌ စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်,ကာယဝိညာဉ်ဟူသော ဝိညာဉ်ငါးပါးကို"ပဉ္စ-ဝိညာဏဓာတုယော– ငါးပါးသောအသိဓာတ်များ"ဟု ခေါ်ဆိုပါသည်။

စက္ခုဒွါရစသော ဒွါရငါးပါးတို့၌ အာရုံကို ဆင်ခြင်တတ်သော အာဝဇ္ဇန်းစိတ်နှင့် အာရုံကို ခံလင့်တတ်သော သမ္ပဋိစ္ဆိုင်းစိတ်တို့ကို "မနောဓာတု–ဆင်ခြင်နိုင်းချိန်ဓာတ်"ဟု ခေါ်ဆိုပါသည်။

ကြွင်းသော စိတ်အားလုံးတို့ကိုကား"မနောဝိညာဏဓာတု–ဆင်ခြင် နိုင်းချိန်၍ အထူးသိမြင်နိုင်သောဓာတ်"ဟု ခေါ်ဆိုပါသည်။

**အဓိပ္ပါယ်ကား—** ဤ"မနောဝိညာဏဓာတ်"ဟူသော အမည်၌ "မနော"ဟူသာ ဆိုလျှင် အာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းတို့ကဲ့သို့ပင် ဆင်ခြင်နိုင်းချိန်ရုံသာ နိုင်းချိန်၍ အထူးအားဖြင့် မသိနိုင်ဟု ယူဆမည်စိုး၍"ဝိညာဏ"ဟု ထပ်ဆင့်ဆိုရပြန်ပါသည်၊ နိုင်းချိန်ရုံသာမဟုတ် အထူးသိတတ် သေးသည်ဟူလို။

"ဝိညာဏ"ဟုသာဆိုလျှင်လည်း စက္ခုစသော ပဉ္စဝိညာဉ် တို့ကဲ့သို့"သိရုံသာသိသည် မဆင်ခြင်မနိုင်းချိန်နိုင်"ဟု ယူဆမည် စိုး၍"မနော"ဟုထည့်ဆိုရပြန်ပါသည်၊သိနိုင်ရုံသာမဟုတ် နိုင်းချိန် တတ်သေးသည်ဟူလို။

တဘန်“မနောဝိညာဏ”ဟူ၍သာ ဆိုလျှင်လည်း ဆင်ခြင်နိုင်းချိန်၍ အထူးသိတတ်သည်ဟူသည်မှာ “ငါ, သူတပါး ယောကျ်ား မိန်းမစသည် အတ္တဖြစ်၏”ဟု ယူဆမည်စိုးသောကြောင့် “ဓာတုဓာတ်”ဟု ထည့်ဆိုရပြန်ပါသည်၊ ငါ,သူတပါး ယောကျ်ား မိန်းမစသည့် အတ္တမဟုတ် ဓာတ်သဘော အနိစ္စ,ဒုက္ခ,အနတ္တ သဘောဖြစ်သည် ဟူလို။

ဤသို့ “မနောဝိညာဏဓာတုမနောဝိညာဏဓာတ်”ဟု ဟောတော်မူခြင်းသည် “ပဉ္စဝိညာဉ်,မနောဓာတ်တို့ထက် အလွန်အကြူး အထူးသဖြင့် အာရုံ၏သဘောကို စေ့ကြောဆင်ခြင် ထိုးထွင်းနိုင်သော ဓာတ်သဘော အနိစ္စ,ဒုက္ခ,အနတ္တသဘော”ဟု ဝေနေယျတို့အား သိစေတော်မူလိုသောကြောင့် ဟောတော်မူခြင်းဖြစ်ပါသည်။

ဓမ္မသင်္ဂဏီစသော ပါဠိတော်တို့၌ “မနောဝိညာဏဓာတု”ဟု ဟောတော်မူခြင်းတို့ကိုလည်း ဤအတိုင်း သိမှတ်သင့်ပါသည်၊ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ စာမျက်နှာ(၁၀၆)၌—

“ရူမသ္မိဥ္စ ပဒေ ဧကမေဝစိတ္တံ မိနနဋ္ဌေန မနော၊ ဝိဇာနနဋ္ဌေန ဝိညာဏံ၊ သဘာဝဋ္ဌေန နိဿတ္တဋ္ဌေန ဝါ ဓာတူတိ တီဟိ နာမေဟိ ဝုတ္တံ”ဟု မိန့်တော်မူလေသည်။

ပရမတ္ထဒီပနီဋီကာ စာမျက်နှာ (၁၄၁)၌လည်း ဤအဓိပ္ပါယ်ကို အကျယ်ဖွင့်ဆိုတော်မူသည်၊

ဆက်ပါဦးမည်၊ ဤဇောကိစ္စတပ်သော မနောဝိညာဏဓာတ်၏ အာဝဇ္ဇန်း ပဉ္စဝိညာဉ်စသည့်တို့ထက် အာရုံ၏သဘောလက္ခဏာကို သိမြင်နိုင်ပုံမှာ သာမညမဟုတ် ရုံခါများ၌ အနိစ္စအစရှိသော လက္ခဏာ သုံးပါးကို ထိုးထွင်း၍ သိမြင်ခြင်းသို့ပင် ရောက်ရှိနိုင်လေသည်၊ ဝိညာဉ် သိသာဖြစ်၍ ပညာသိမဟုတ်သောကြောင့်ကား မဂ်သို့မရောက်နိုင်ပါ၊ ထို့ကြောင့် မူလပဏ္ဏာသအဋ္ဌကထာ မဟာဝေဒလ္လသုတ်အဖွင့်၌ အောက်ပါ အတိုင်း မိန့်ဆိုတော်မူလေသည်။

“ဝိညာဏံ နီလာဒိဝသေန အာရမ္မဏံစေဝ သဉ္ဇာနာတိ၊ အနိစ္စာဒိလက္ခဏပဋိဝေဓဉ္စ ပါပေတိ၊ ဥဿက္ကိတွာ ပန မဂ္ဂပါတုဘာဝံ ပါပေတုံ န သက္ကောတိ”။

# နာမဝဝတ္ထာန်ဉာဏ်ဖြစ်ပုံ

ရူပဝဝတ္ထာန်၌ ဆိုခဲ့သည့်အတိုင်း ကြမ်းတန်းခက်မာသည်၏ အဖြစ်လျှင် လက္ခဏာရှိသော ပထဝီဓာတ်, ယိုစီးခြင်းလက္ခဏာရှိသော အာပေါဓာတ်, ပူအေးခြင်းလက္ခဏာရှိသော တေဇောဓာတ်, ထောက်ကန်ခြင်းလက္ခဏာရှိသော ဝါယောဓာတ်,ပိုင်းခြားခြင်းလက္ခဏာရှိသောအာကာသဓာတ်တို့သည် အပူ,အအေးစသည့်တို့ကြောင့် ရှေ့ဖြစ်စဉ်နှင့် နောက်ဖြစ်စဉ်မတူ အမှုမမှန် ဘောက်ပြန်ပျက်ပြား ချောက်ချားတတ်သော တရားသဘောစုသာတည်း၊ ဝါ၊ အပူ,အအေးစသည့်တို့သည် ရှေ့ဖြစ်စဉ်နှင့် နောက်ဖြစ်စဉ်မတူ အမှုမမှန် ဘောက်ပြန်ပျက်ပြား ချောက်ချားပုတ်ခတ်နှိပ်စက်အပ်သော သဘောတရားစုသာတည်းဟု ရုပ်တရား၏ သဘောမှန်ကို ဝေဘန်ဆုံးဖြတ်၍ သတ်မှတ်ပိုင်းခြားကာ ထင်ရှားသိမြင်ပြီးသော ယောဂီအား ပထဝီဓာတ်၏ ကြမ်းတန်းခက်မာသည်၏ အဖြစ်ဟူသော လက္ခဏာကို အာရုံပြုဆင်ခြင်၍ ဤကား ပထဝီဓာတ်ဖြစ်သည်ဟူ၍၎င်း၊ အာပေါဓာတ်၏ ယိုစီးခြင်းလက္ခဏာကို အာရုံပြုဆင်ခြင်၍ ဤကား အာပေါဓာတ်ဖြစ်သည်ဟူ၍၎င်း၊ ဤသို့ စသည်ဖြင့် ဓာတ်ငါးပါးတို့၏ သဘာဝလက္ခဏာတို့တွင် တ ါးပါးကို အာရုံပြု၍ သိတတ်သော မနောဝိညာဏဓာတ်သည်၊ ဝါ၊ "ဤပထဝီစသော ဓာတ်ငါးပါးတို့ကား ရှေ့ဖြစ်စဉ်နှင့် နောက်ဖြစ်စဉ်မတူ အမှုမမှန် ဘောက်ပြန်ပျက်ပြား ချေ က်ချားတတ်သော ရုပ်တရားသာလျှင်တည်း"ဟု အာရုံပြုသိမြင်တတ်သော မနောဝိညာဏဓာတ်သည် ဘာဝနာဉာဏ်၏ အာရုံအဖြစ်ဖြင့် အစဉ်မပြတ် တစပ်ထည်းကဲ့သို့ဖြစ်၍ သိသိသာသာ ရောက်လာ,ထင်လာ၏။

ထိုအခါ ယောဂီသည် ထိုသို့ ရောက်လာထင်လာသော မနောဝိညာဏဓာတ်ကိုလည်း "ဤမနောဝိညာဏဓာတ်သည်ကား၊ ဝါ၊ ဤတရားသည်ကား အာရုံနှင့်မကင်းသောအားဖြင့်၊ ဝါ၊ အာရုံရှိမှ ဖြစ်တတ်သောအားဖြင့် ရုပ်တရားနှင့်မတူ အာရုံသို့ ရှေ့ရှုညွတ်တတ်သော သဘောတရား နာမ်တရားပါတကား"ဟု ရုပ်တရားနှင့် မရောမယှက် သက်သက်သီးခြား တဘို့အားဖြင့် မှတ်သားသိမြင်သာ၏၊ ဤသို့ ပိုင်းခြားသိမြင်တတ်သော ဉာဏ်ကိုပင် "နာမဝဝတ္ထာနဉာဏ်"ဟူ၍ ခေါ်ဆိုအပ်ပါသည်။

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ဓာတ်ကြီးငါးပါးတို့၏ ကြမ်းတန်းခက်မာသည့်၏အဖြစ် ယိုစီးခြင်းအစရှိသော အသီးသီးသော သဘာဝလက္ခဏာတို့ကို ဆင်ခြင်သုံးသပ်၍ "ဤတရားတို့ကား ရှေ့အစဉ်နှင့်နောက်အစဉ်မတူ တမူထူးခြား၍ ဘောက်ပြားတတ်သော ရုပ်သဘောတို့သာတည်း"ဟု ရုပ်ကိုသိမ်းဆည်းပြီးလျှင် ထိုသို့ သိမ်းဆည်းသိမြင်တတ်သောတရားသည် မနောဝိညာဏဓာတ်ဖြစ်၏၊ "ထိုမနောဝိညာဏဓာတ်သည် အာရုံနှင့် မကင်းသည့်၏အဖြစ်အားဖြင့် ရုပ်နှင့်မတူ အာရုံသို့ ရှေ့ရှုညွတ်တတ်သော သဘောတရား နာမ်တရားဖြစ်၏"ဟု နာမ်တရားကို သိမ်းဆည်းသောယောဂီအား နာမ်တရားသည် သိသာခြားနား မထင်ရှားသည်ဖြစ်အံ့။

ထိုသို့ မထင်ရှားခြင်းကြောင့် အားငယ်စိတ်ပျော့ လုလ္လပျော့၍ မနေရာ ဆိုခဲ့သော ရုပ်တရားတို့၏ ကြမ်းတန်းခက်မာသည့်၏ အဖြစ်စသော အသီးသီးသော သဘာဝလက္ခဏာ အစဉ်မတူ အမူဘောက်ပြန်ခြင်းဟူသော သာမညလက္ခဏာတို့ကိုသာလျှင် အခါမလပ် ပြန်ပြန်ထပ်၍ သုံးသပ်စူးစမ်းရမည် စိတ်၌မကင်း ထားရှိခြင်းဖြင့် နှလုံးသွင်းရမည် ကြမ်းတန်းခက်မာသည့်၏ အဖြစ်ဟူသော လက္ခဏာရှိသောဓာတ်ကား ပထဝီဖြစ်သည်စသည်ဖြင့် ပိုင်းခြားမှတ်သားရမည် ဓာတ်တပါးနှင့်တပါး မရောမယှက်စေသောအားဖြင့် ဆင်ခြင်ဆုံးဖြတ်ရမည်။

ထိုသို့ သဘာဝလက္ခဏာ သာမညလက္ခဏာတို့ကို အခါမလပ် ပြန်ပြန်ထပ်၍ သုံးသပ်စူးစမ်းခြင်း စိတ်၌မကင်း ထားရှိခြင်းဖြင့် နှလုံးသွင်းခြင်းစသည်ကိုပြုသဖြင့် အကြင်အခါ၌ ရုပ်တရားသည် သန့်ရှင်းသည် အသီးသီးလက္ခဏာအားဖြင့် တပါးနှင့်တပါး မရောယှက်သည် ထက်ဝန်းကျင်မှ စင်ကြယ်သည်ဖြစ်၍ထင်၏၊ ထိုအခါ ထိုရုပ်တရားကို အာရုံပြုသော နာမ်တရားသည်လည်း အလိုအလျောက် ဘာဝနာဉာဏ်အား ထင်ရှားလာတော့၏။

ဆက်ပါဦးမည်၊ "ယထာ ယထာ ဟိဿ ရူပံ သုဝိက္ခာလိတံ"အစရှိသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဌ်ကိုမှီ၍အထက်ပါစကားများတွင်"အကြင်အခါ ရုပ်တရားသည် သန့်ရှင်းသည်၊ အသီးသီးသော လက္ခဏာအားဖြင့် အချင်းချင်းမရောမယှက်သည်၊ ထက်ဝန်းကျင်မှ စင်ကြယ်သည်ဖြစ်၍ထင်၏" ဟူသော စကားများကိုလည်း ထည့်သွင်းရေးသားခဲ့ပါသည်၊ ထိုစကားများသည် ဥပစာစကားများသာ ဖြစ်ပါသည်။

မှန်လှ၏၊ ပညတ်အားဖြင့် ဆံပင်,မွေးညှင်း,ရွှေ,ငွေစသည် ခေါ်ဆို အပ်သော ပထဝီလွန်ရုပ်၊ သည်းခြေ,သလိပ်,စမ်းရေ,မြစ်ရေစသည် ခေါ်ဆို အပ်သော အာပေါလွန်ရုပ်၊ ဤသို့စသည်ဖြင့် မည်သည့်ရုပ်ပင်ဖြစ်စေ ရုပ်တရားဟူသည်မှာ ပရမတ္ထအားဖြင့် "ကြမ်းတန်းခက်မာမှု" စသော အသီးသီးလက္ခဏာနှင့်"ရှေ့အစဉ်နောက်အစဉ်မတူ အမူမမှန်ဘောက်ပြန်မှု" ဟူသော သာမညလက္ခဏာအားဖြင့် တမျိုးထည်း တစားထည်းသာ ရှိပါသည်၊ "သန့်ရှင်းသောရုပ်, ညစ်ငြူးသောရုပ်"ဟူ၍ နှစ်မျိုးနှစ်စား မရှိနိုင်ပါ။

သို့ရာတွင် ကမ္မဋ္ဌာန်းအားထုတ်စ အာဒိကမ္မိကပုဂ္ဂိုလ်အား လေ့လာ ထုံပွားမှု အားနည်းသေးသောကြောင့် ထိုရုပ်တရားတို့၏ သဘော လက္ခဏာကို ဖုံးလွှမ်းတတ်သော တွေဝေမှု သမ္မောဟ၏ အရှိန်အစော် ဟူသော လောင်းရိပ်မှ စင်ကြယ်စွာ မလွတ်မြောက်သေးသဖြင့် အကြင်မျှ လောက်သော ကာလပတ်လုံး ဘာဝနာဉာဏ်သည် မကြည်လင် မသန့် ရှင်းသေး ထိုမျှလောက်သော ကာလပတ်လုံး ရုပ်တရားတို့သည် သဘာဝ လက္ခဏာအားဖြင့် ထင်ရှားပြတ်သားစွာ မထင်နိုင်ကြသေးပါ။

အကြင်အခါ၌ကား ဆိုခဲ့သည့်အတိုင်း ရုပ်တရားတို့၏ သဘာဝ လက္ခဏာ, သာမညလက္ခဏာတို့ကို အခါမလပ် ပြန်ပြန်ထပ်၍ သုံးသပ် စူးစမ်းခြင်း စိတ်၌မကင်း ထားရှိခြင်းဖြင့် နှလုံးသွင်းခြင်း စသည်တို့ကို ပြုသဖြင့် လေ့လာပွားထုံမှုဟူသော အာသေဝနပစ္စည်းကိုရကာ ဘာဝနာ ဉာဏ်သည် ရုပ်တရားတို့၏ သဘောလက္ခဏာကို ဖုံးလွှမ်းတတ်သော တွေဝေမှုသမ္မောဟ၏ အရှိန်အစော်ဟူသော လောင်းရိပ်မှ လွတ်ကင်း၍ သန့်ရှင်းကြည်လင်၏၊ ထိုအခါ ရုပ်တရားတို့သည်လည်း သဘောလက္ခဏာ အားဖြင့် ပြတ်သားထင်ရှားစွာ ထင်လာကြကုန်၏၊ ပထဝီဓာတ်,အာပေါ ဓာတ်စသည် ဓာတ်ငါးပါးတို့သည်လည်း မိမိတို့၏ အသီးသီးသော လက္ခဏာအားဖြင့် မရောမယှက်မူ၍ ထင်ပေါ်လာကုန်၏။

ဤသို့လျှင် ဘာဝနာဉာဏ်ဟူသော အကျိုးတရား၏ ကြည်လင် သန့်ရှင်းသည်ကိုပင် အကြောင်းဖြစ်သော ရုပ်တရား၌ တင်စား၍ ရုပ်တရား သန့်ရှင်းသည် အသီးသီးသော လက္ခဏာအားဖြင့် အချင်းချင်း မရောမယှက် သည် ထက်ဝန်းကျင်မှ စင်ကြယ်သည်"ဟု ဖလူပစာအားဖြင့် အဋ္ဌကထာ မိန့်ဆိုတော်မူခြင်း ဖြစ်လေသည်။

ဤသို့ ဘာဝနာဉာဏ် သန့်ရှင်းကြည်လင်မှ ရုပ်တရား သန့်ရှင်းကြည်လင်သောကြောင့်ပင်၊ ဝါ၊ ဘာဝနာဉာဏ် သန့်ရှင်းကြည်လင်သည်ကို "ရုပ်တရားသန့်ရှင်းကြည်လင်သည်"ဟု ဥပစာအားဖြင့် တင်စားခေါ်ဆိုအပ်သောကြောင့်ပင် "မှန်ကြေးမုံပြင် ဥပမာစသည်ကို အဋ္ဌကထာဆရာမိန့်တော်မူ၏"ဟု မဟာဋီကာ၌ ဖွင့်ဆိုတော်မူပါသည်။

"မှန်ကြေးမုံပြင်ဥပမာ"ဟူသည်မှာ မှန်ကြေးမုံပြင်၌ မျက်နှာရိပ်ကိုကြည့်သောသူအား မျက်နှာရိပ်သည် မထင်ရှား၊ ထိုသို့ မထင်ရှားခြင်းကြောင့် ထိုသူသည် မှန်ကြေးမုံပြင်ကို မစွန့်ပစ်၊ မှန်ကြေးမုံပြင်ကို အဖန်တလဲလဲ ပွတ်တိုက်၏၊ ပွတ်တိုက်ခြင်းကြောင့် ကြည်လင်လာသောမှန်ကြေးမုံပြင်၌ ထိုသူ၏ မျက်နှာရိပ်သည် အလိုလို ထင်ရှားလာသကဲ့သို့ ထို့အတူ နာမ်တရားသည် ဘာဝနာဉာဏ်အား မထင်ရှားခြင်းကြောင့် လက်လျှော့၍မနေရာ ဆိုခဲ့သည့်အတိုင်း ရုပ်တရားကိုသာလျှင် အခါမလပ် ပြန်ပြန်ထပ်၍ သုံးသပ်ဆင်ခြင်အပ်၏ စိတ်၌မကင်း ထားရှိခြင်းဖြင့် နှလုံးသွင်းအပ်၏၊ အကြင်အကြင် ရုပ်တရားကိုသာလျှင် အခါမလပ် ပြန်ပြန်ထပ်၍ သုံးသပ်ဆင်ခြင်ခြင်းစသည်ကို ပြုသောအစီအရင်အားဖြင့် ရုပ်တရားသည် ကြည်လင်သန့်ရှင်း၏၊ မရောမယှက်ထင်၏၊ ထက်ဝန်းကျင်မှ စင်ကြယ်၏၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် ဘာဝနာဉာဏ်၏ ဆန့်ကျင်ဘက် ကိလေသာတို့သည် ငြိမ်းသည်ဖြစ်၍ နစ်ကုန်၏၊ ရွှံ့ညွန်၏ အထက်၌ တည်သောရေသည် ကြည်လင်သကဲ့သို့ စိတ်သည်ကြည်လင်၏၊ (ထိုအခါ) ထိုရုပ်လျှင် အာရုံရှိကုန်သော နာမ်တရားတို့သည် အလိုလို ထင်ရှားလာကြကုန်၏၊ (ထင်လာကုန်၏ဟူလို)။

---

## နာမ်တရားထင်လာပုံ

ဆိုခဲ့သည့်အတိုင်း ရုပ်တရားများ ကွင်းကွင်းကွက်ကွက် မရောယှက်ဘဲ ထက်ဝန်းကျင် စင်ကြယ်စွာ ထင်လာသည့်တိုင်အောင် ဘာဝနာဉာဏ် ကြည်လင်၍ နာမ်တရားများ ထင်လာရာတွင်လည်း ပုဂ္ဂိုလ်အားလျော်စွာ ဖဿ၏ အစွမ်းအားဖြင့်သော်၎င်း၊ ဝေဒနာ၏ အစွမ်းအားဖြင့်သော်၎င်း၊ ဝိညာဏ်၏ အစွမ်းအားဖြင့်သော်၎င်း၊ သုံးပါးသော အခြင်းအရာအားဖြင့် ထင်လာကြောင်းကို ဝိသုဒ္ဓိမဂ်,ပဏ္ဏာသစသော အဋ္ဌကထာများစွာတို့၌ ဖွင့်ဆိုတော်မူကြကုန်၏။

ဤစာအုပ်၌ကား ဓာတ်ခြောက်ပါးဖြင့် ပြရာနည်းကို ရေးသား ပေါ်ပြသော စာအုပ်ဖြစ်သောကြောင့် ဝိညာဏဓာတ်၏ အစွမ်းအားဖြင့် ထင်ပုံကိုသာ အထူးဦးစားပေး၍ ရေးသားပေါ်ပြပါမည်။

ဝိညာဉ်၏အစွမ်းအားဖြင့် ယောဂီ၏ ဘာဝနာညာဏ်အား ထင်လာ ပုံကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-စာမျက်နှာ(၂၂၇)၌—

"အပရဿ ပထဝီဓာတု ကက္ခဠလက္ခဏာတိ အာရမ္မဏပဋိ- ဝိဇာနနံ ဝိညာဏံ ဝိညာဏက္ခန္ဓော"ဟု မိန့်ဆိုလျက်ရှိပါသည်။

**အဓိပ္ပါယ်မှာ**—တဦးသော ယောဂီအား "ပထဝီဓာတ်သည် ကြမ်းတန်းခက်မာမှု လက္ခဏာရှိ၏၊ ကြမ်းတန်းခက်မာမှု လက္ခဏာရှိသော ဓာတ်သည် ပထဝီဓာတ်ဖြစ်၏"ဟု ပေါ်ဌာရုံကို ဆင်ခြင်နှိုင်းချိန်၍ အထူး သိတတ်သော ဝိညာဉ်သည် ဝိညာဏက္ခန္ဓာမည်၏"ဟု ထင်မြင် လာ၏ဟူလို။

ရှုပါဦးမည်၊ လူသံသူသံ ဆူညံကင်းဆိတ် အလွန်တိတ်သော ဝိဝိတ္တဋ္ဌာနာ တရားနှလုံးသွင်းခြင်းငှါ လျောက်ပတ်သောနေရာ၌ ထက်ဝယ် ဖွဲ့ခွေ ကောင်းမွန်စွာထိုင်နေလျက် အထက်၌ဆိုခဲ့သည့်အတိုင်း ဓာတ် လေးပါးတို့၏ အသီးအသီးသော ကြမ်းတန်းခက်မာမှုစသည် လက္ခဏာ တပါးပါးကို ဆင်ခြင်နှလုံးသွင်း၍ ဤကြမ်းတန်းခက်မာမှုလက္ခဏာ ရှိသော ဓာတ်ကား ပထဝီဓာတ်ဖြစ်သည် စသည်ဖြင့် ပိုင်းခြားမှတ်သား ပြီးလျှင် တဖန် ထိုဓာတ်လေးပါးတို့၏ ရှေ့အစဉ်နှင့် နောက်အစဉ်မတူ အမူဘောက်ပြန်မှုဟူသော ရုပ္ပနလက္ခဏာကို ဆင်ခြင်၍ ဤဘောက်ပြန်မှု လက္ခဏာရှိသော တရားသည် ရုပ်တရားမည်၏ဟု ရူပဝဝတ္ထာနညာဏ်ဖြင့် ရုပ်ကိုသိမ်းဆည်းလျက်ရှိသော ယောဂီသည် "ဖုသနဋ္ဌေတ္ထ ပသာဒေန သဟာဃဋ္ဋနံ"ဟူသော ပရမတ္ထဒီပနီဋီကာနှင့်အညီ ထိုင်နေသော အောက် ပိုင်းခန္ဓာကို ကာယပသာဒနှင့် ကြမ်းပြင်အခင်းစသည်တို့၏ တွေ့ထိမှုကို သော်၎င်း၊ လက်ဝါးတခုပေါ်တခု တင်ထားရာတွင် ဝဲလက်နှင့်ယာလက် အချင်းချင်း တွေ့ထိမှုကိုသော်၎င်း၊ ကွေးကောက်နေသော ကိုယ်အင်္ဂါ အစိပ်အပိုင်းတို့၏ တခုနှင့်တခု ဖိညှပ်တွေ့ထိနေမှုကိုသော်၎င်း၊ အာနာ ပါနထွက်သက် ဝင်သက်၏ အတွေ့ အထိကိုသော်၎င်း ဆင်ခြင်နှလုံး သွင်း၍ ပွားများ၏။

အောက်ပိုင်းကိုယ်ခန္ဓာရှိ ကာယပသာဒနှင့် ထိုင်ရာအခင်းတို့၏ တွေ့ထိမှုကို ဆင်ခြင်ရာ၌ အခင်းသည် မွေ့ရာစသည်ဖြစ်လျှင် ချောမွေ့နူးညံ့မှုကို၊ ဖျာစသည်ဖြစ်လျှင် ကြမ်းတန်းခက်မာမှု ဖေါဋ္ဌဗ္ဗာရုံကို ကာယဝိညာဉ်ဖြင့် တွေ့ထိ၍ သိနိုင်လေသည်၊ ထိုအခါ "ဤချောမွေ့နူးညံ့မှု၊ ကြမ်းတန်းခက်မာမှု အမူအရာလက္ခဏာရှိသော ဓာတ်သည် ပထဝီဓာတ်ဖြစ်၏"ဟု မနောဝိညာဏဓာတ်ဖြင့် ပိုင်းခြားသိမြင်လေသည်။

အေးမှု၊ ပူနွေးမှုအမူအရာ လက္ခဏာ ဖေါဋ္ဌဗ္ဗာရုံကိုလည်း ကာယဝိညာဉ်ဖြင့် တွေ့ထိ၍ သိနိုင်လေသည်၊ ထိုအခါ "ဤအေးမှု၊ပူနွေးမှုလက္ခဏာရှိသော ဓာတ်သည် တေဇောဓာတ်ဖြစ်၏"ဟု မနောဝိညာဏဓာတ်ဖြင့် ပိုင်းခြားသိမြင်လေသည်။

တွေ့ထိနေသော ရုပ်ခန္ဓာကို အောက်သို့ နစ်မသွားအောင် ခံလင့်သကဲ့သို့ဖြစ်သော ထောက်ကန်မှုအမူအရာလက္ခဏာ ဖေါဋ္ဌဗ္ဗာရုံကိုလည်း ကာယဝိညာဉ်ဖြင့်ပင်တွေ့ထိ၍ သိနိုင်လေသည်၊ ထိုအခါ "ဤထောက်ကန်မှုအမူအရာ လက္ခဏာရှိသောဓာတ်သည် ဝါယောဓာတ်ဖြစ်၏"ဟု မနောဝိညာဏဓာတ်ဖြင့် ပိုင်းခြားသိမြင်လေသည်။

ၡင်းပြင် ဤပထဝီစသော ဓာတ်သုံးပါးကို သဟဇာတ၊အညမည စသည်တို့ဖြင့် အချင်းချင်း ကျေးဇူးပြု၍ မပြန့်မကြဲရှိနေရန် ဖွဲ့စည်းမှုလက္ခဏာအမူအရာကို မနောဝိညာဉ်ဖြင့် သိမြင်ရပြီးလျှင် ဤဖွဲ့စည်းမှုလက္ခဏာရှိသော ဓာတ်သည်ကား အာပေါဓာတ်ဖြစ်၏ဟူ၍လည်း မနောဝိညာဉ်ဖြင့်ပင် သိမြင်လေသည်။

ထို့နောက် ဤဓာတ်ကြီးလေးပါးတို့သည် အဝိနိဗ္ဘောဂဝုတ္တိအားဖြင့် တပါးနှင့်တပါး ခွဲခြား၍မရစကောင်းအောင် စုပေါင်းရှိနေကြသော်လည်း ကြမ်းတန်းခက်မာမှုစသည် လက္ခဏာအားဖြင့်ကား တပါးနှင့်တပါး မပြန့်နှံ့ မရောယှက်ဘဲ တမျိုးစီဖြစ်၍ သိသာအောင် ပိုင်းခြားမှုလက္ခဏာကို မနောဝိညာဉ်ဖြင့် သိမြင်ရပြီးလျှင် ဤပိုင်းခြားမှုလက္ခဏာရှိသောဓာတ်သည် အာကာသဓာတ်ဖြစ်၏ဟူ၍ မနောဝိညာဉ်ဖြင့်ပင် သိမြင်လေသည်။

ဤသို့ နှလုံးသွင်းပွားများရာတွင် အလုံး၊ အပြား၊ အရှည်၊ အတို စသည် သဏ္ဍာနပညတ်မပါကြိယာအမူအရာ လက္ခဏာသက်သက်ကိုသာ နှလုံးသွင်းရန် သတိပြုပါလေ၊ ရူပဝဝတ္ထာန်ပိုင်း၌ ဆိုခဲ့သော သဏ္ဍာနပညတ်ခွါပုံကို ပိုင်နိုင်စွာ လေ့လာသိမြင်ပြီး ဖြစ်သင့်ပါသည်။

ဝဲလက်,ယာလက်ချင်း တွေ့ထိမှုကို နှလုံးသွင်းရာ,ကိုယ်အင်္ဂါ အစိတ် အပိုင်းချင်း တွေ့ထိမှု နှလုံးသွင်းရာတို့၌လည်း ဤကာယပသာဒနှင့် ထိုင်ရာ အခင်းတို့၏ တွေ့ထိမှု နှလုံးသွင်းရာ၌ကဲ့သို့ပင် နည်းမှီ၍ နှလုံးသွင်းသင့် ပါသည်။

အာနာပါန ထွက်သက်,ဝင်သက် အတွေ့အထိကို နှလုံးသွင်းရာ၌ ကား ယင်းထွက်သက်,ဝင်သက်၏ ထွက်စဉ်,ဝင်စဉ် နှာခေါင်းဖျားစသည်ကို တွေ့ထိလာသော နူးညံ့မှု,ပူအေးမှု,ရွေ့ရှားမှုတို့ကို "အစဉ်အတိုင်း ပထဝီ ဓာတ်၏ လက္ခဏာ, တေဇောဓာတ်၏ လက္ခဏာ, ဝါယောဓာတ်၏ လက္ခဏာ"ဟု နှလုံးသွင်း ပွားများအပ်ပါသည်။

ဆံအစရှိသော ကောဋ္ဌာသတို့၌လည်း ဆံပင်ကို စမ်းသပ်တွေ့ထိခြင်း, ပဒိကပ္ပ၏ အစွမ်းအားဖြင့် ထိုဆံပင်စသည်၌ ပထဝီစသော ဓာတ်တို့၏ လက္ခဏာကို နှလုံးသွင်းခြင်းတို့ဖြင့် ပွားများရပါသည်၊ ဆိုခဲ့ပြီးသော ကာယပသာဒနှင့် ထိုင်ရာအခင်းတို့၏ တွေ့ထိမှုကို နှလုံးသွင်းမှုစသည်တို့ သည်လည်း မံသ-အသား, တစော-အရေစသော ကောဋ္ဌာသတို့ကို နှလုံးသွင်းခြင်းပင် မည်နိုင်ပါသည်။

ဆက်ပါဦးမည်၊ ကာယဝိညာဉ်ဖြင့် သိအပ်သော ကာယဝိညေယျ ဖောဋ္ဌဗ္ဗာရုံ၌ အာပေါဓာတ်၏ လက္ခဏာဖွဲ့စည်းမှု, ယိုစီးမှု မပါမရှိပါ၊ ထိုဖွဲ့စည်းမှု, ယိုစီးမှုလက္ခဏာကို ကာယဝိညာဉ်ဖြင့် တွေ့ထိ၍ မသိနိုင်ပါ၊ ပထဝီစသော ဓာတ်သုံးပါးတို့၏ လက္ခဏာကို ကာယဝိညာဉ်ဖြင့် ရှေးဦးစွာ တွေ့ထိသိရှိပြီးမှသာလျှင်"ဤဓာတ်သုံးပါးတို့ ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်းမရှိရန် သဟဇာတ အညမညအားဖြင့် မကွဲမပြား တပေါင်းထည်းဖြစ်နေရန် ဖွဲ့စည်းမှု လက္ခဏာရှိသော ဓာတ်သည်ကား အာပေါဓာတ်ဖြစ်၏"ဟု မနောဝိညာဏဓာတ်ဖြင့် သတ်မှတ်ပိုင်းခြား၍ သိမြင်ရပါသည်။

အာကာသဓာတ်သည်လည်း ကာယဝိညာဉ်ဖြင့် သိအပ်သော ကာယဝိညေယျ ဖောဋ္ဌဗ္ဗရုပ် မဟုတ်သောကြောင့် ကာယဝိညာဉ်ဖြင့် တွေ့ထိ၍ မသိနိုင်သည့်ပြင် သုခုမရုပ် မနောဝိညေယျ ဓမ္မာရုံဖြစ်သော ကြောင့် မနောဝိညာဏဓာတ်ဖြင့် သိမြင်နိုင်လေသည်။

ဥပမာကား—မျက်စိကိုမှိတ်၍ နံရံ၌ လက်ဖြင့် အပေါက်ငယ်တခုကို စမ်းသပ်သူသည် ရှေးဦးစွာ နံရံသားကို စမ်းမိထိမိ သိရှိပြီးမှ အပေါက်ကို လက်ဖြင့် ထိရသည် မဟုတ်ဘဲ စိတ်ဖြင့် သိရသကဲ့သို့တည်း။

ဤအာကာသဓာတ်သည် "ဥပါဒါယာတိ ဒဋ္ဌဗ္ဗံ နိဿာယ၊ ပဝတ္တန္တိ ပါဌသေသော"ဟူသော ပရမတ္ထဒီပနီဋီကာနှင့်အညီ မဟာဘုတ်လေးပါး ကိုမှီ၍ ဖြစ်တတ်သောကြောင့် ဥပါဒါရုပ်မည်၏။

တနည်းကား– "အနိပ္ဖန္နာဝိ အာကာသဓာတုဘူတာနိ ဥပါဒါယ ဂဟေတဗ္ဗတာမတ္တေန ဥပါဒါရူပန္တေ၀ ဝုစ္စတိ"ဟူသော အင်္ဂုတ္တိုရ်ဋီကာ ဒုတိယ စာမျက်နှာ (၁၄၅)နှင့်အညီ လက္ခဏာအားဖြင့် အချင်းချင်း မရောမယှက်သော ဓာတ်ကြီးလေးပါးတို့ကို ထောက်ထား၍ ယူအပ်, သိအပ်သည်၏ အဖြစ်ကြောင့် ဥပါဒါရုပ်မည်၏။

ဤအာကာသဓာတ်ကို ဥပါဒါရုပ် အဖြစ်အားဖြင့် သိမြင်ပြီးလျှင် လည်း အလားတူ ဓာတ်ကြီးလေးပါးကိုမှီ၍ ဖြစ်တတ်ကုန်သော၊ ဝါ၊ ဓာတ်ကြီးလေးပါးကို ထောက်ထား၍ ယူအပ်‌သိအပ်ကုန်သော အဆင်း ဓာတ်, အသံဓာတ်စသည် ဥပါဒါရုပ်အားလုံးကို ဤရုပ်အားလုံးတို့သည် ကား ဓာတ်ကြီးလေးပါးကိုမှီ၍ ဖြစ်တတ်ကုန်၏၊ ဝါ၊ ဓာတ်ကြီး လေးပါးကို ထောက်ထား၍ သိအပ်,ယူအပ်ကုန်၏ဟု ဝိပဿနာဉာဏ်ဖြင့် သိမြင်ရလေတော့သည်။

ထို့ကြောင့် တိကင်္ဂုတ္တရအဋ္ဌကထာ, တိတ္ထာယတနသုတ်အဖွင့်၌—

"ကေသွိံ စ ဥပါဒါရူပေ ဒိဋ္ဌေ သေသာနိ တေဝိသတိ ဒိဋ္ဌာ-နေဝ ါတိ သလ္လက္ခေတဗ္ဗာနိ"ဟူ၍ မိန့်ဆိုတော်မူလေသည်။

ပထဝီ, တေဇော, ဝါယောဟူသော ဓာတ်သုံးပါးတို့၏ လက္ခဏာ များကို ပထဝီဓာတ်၏လက္ခဏာကို ပထမ,တေဇောဓာတ်၏ လက္ခဏာကို ဒုတိယ,ဝါယောဓာတ်၏ လက္ခဏာကို တတိယအားဖြင့် အစဉ်အတိုင်း ဖေါ်ပြခဲ့သည်မှာ ဤကဲ့သို့ပထဝီ၏ လက္ခဏာကို ပထမစသည်ဖြင့် အစဉ် အတိုင်း သိရသောကြောင့်ရင်း၊ ဓာတ်သုံးပါးလုံး၏ လက္ခဏာသုံးပါး စုံကို တပြိုင်ထည်းတွေ့ထိသိရသောကြောင့်ရင်း ရေးသားဖေါ်ပြခဲ့သည် မဟုတ် သိလွယ်အောင်ပြသော စကားအစဉ်အားဖြင့် ရေးသားဖေါ်ပြ ခဲ့ခြင်းဖြစ်ပါသည်။

ဖေါဋ္ဌဗ္ဗာရုံ၌ ဓာတ်သုံးပါး၏ လက္ခဏာအသီးအသီးကို တွေ့ထိ သိရပုံမှာကား နှလုံးသွင်းမှု၏ အစွမ်းအားဖြင့်မသော်ရင်း၊ ဓာတ်အား များခြင်း၏ အစွမ်းအားဖြင့်သော်ရင်း တွေ့ထိ၍ သိနိုင်လေသည်။

နှလုံးသွင်းမှု၏ အစွမ်းအားဖြင့်သိပုံမှာ— တစုံတခုသော၀တ္ထုကို ကြမ်းသလော ချောသလောဟု သိလို၍စမ်းသပ်ကြည့်သူသည် ကြမ်းတန်းမှု, နူးညံ့မှုဟူသော ပထဝီ၏လက္ခဏာကိုသာ အာရုံပြု၍ သိနိုင်ပါသည်၊ ကြွင်းခဲ့တ်များ၏လက္ခဏာကို နှလုံးမသွင်းသောကြောင့် မသိ။

အပူအအေးကိုသိလို၍ စမ်းသပ်ကြည့်သူသည် ပူမှု,အေးမှုဟူသော တေဇောဓာတ်လက္ခဏာကိုသာ အာရုံပြု၍ သိနိုင်လေသည်၊ ကြွင်းဓာတ်များ၏ လက္ခဏာကို နှလုံးမသွင်းသောကြောင့် မသိ။

ပူအိုက်သဖြင့် လေညှင်းခံသူ,ယပ်ခပ်သူသည် ရွေ့ရှားမှုဟူသော ဝါယောဓာတ်၏လက္ခဏာကိုသာ အာရုံပြု၍ သိနိုင်လေသည်၊ ကြွင်းသော ဓာတ်များ၏ လက္ခဏာကို နှလုံးမသွင်းသောကြောင့် မသိ။

ဓာတ်အားများခြင်း၏ အစွမ်းအားဖြင့် သိပုံမှာ တစုံတခုသော ဝတ္ထုနှင့် ပြင်းစွာထိခိုက်မိသောအခါ ပထဝီဓာတ် ခက်မာမှုလက္ခဏာကိုသာ အာရုံပြု၍ သိနိုင်ဇလသည်၊ ကြွင်းဓာတ်များ အားနည်းသောကြောင့် မသိ။

မီးပူကို ကိုင်မိ,နင်းမိသောအခါ ပူမှုဟူသော တေဇောဓာတ်၏ လက္ခဏာကိုသာ သိနိုင်လေသည်၊ ကြွင်းသောဓာတ်များကို အားနည်း သောကြောင့် မသိ။

လေပြင်းတိုက်ခပ်သောအခါ ဝါယောဓာတ်၏ ‌ေ ရွှ့ရှားမှု ထောက်ကန်မှုလက္ခဏာကိုသာ အာရုံပြု၍ သိနိုင်ပါသည်၊ ကြွင်းဓာတ် များကို အားနည်းသောကြောင့် မသိ။

ထို့အတူပင် ဝိပဿနာယောဂီသည်လည်း ပထဝီဓာတ်၏လက္ခဏာကို နှလုံးသွင်းလျှင် သို့မဟုတ် ပထဝီဓာတ်အားများသည့် ဝတ္ထုကိုတွေ့ထိလျှင် ပထဝီဓာတ်၏ လက္ခဏာကိုသာ အထူးထင်ရှားစွာ သိရပါသည်။

ဤသို့လျှင် ဓာတ်ငါးပါးတို့တွင် ပထဝီဓာတ်၏လက္ခဏာကို အာရုံပြု ဆင်ခြင်၍ “ဤကြမ်းတန်းခက်မာမှု လက္ခဏာရှိသောဓာတ်သည်ကား ပထဝီဓာတ်ဖြစ်၏” သို့မဟုတ် တေဇောဓာတ်၏ လက္ခဏာကို အာရုံပြု

ဆင်ခြင်၍ "ဤပုမ္ပ,အေးမှုလက္ခဏာရှိသောဓာတ်သည်ကား တေဇော ဓာတ်ဖြစ်၏"ဟု စသည်ဖြင့်သိသော မနောဝိညာဏဓာတ်သည် ယောဂီ၏ ဉာဏ်အား (ရုပ်တရားနှင့်မတူ တမူထူးခြား ဆက်ကာဆက်ကာ သိတတ် သောအခြင်းအရာအားဖြင့်) သီးခြားပေါ်လွင် ထင်မြင်လာတော့သည်။

ဤသို့ သီးခြားပေါ်လွင် ထင်မြင်လာသည်ကိုရည်၍ "အပရဿ "ပထဝီဓာတု ကက္ခဠလက္ခဏာတိ" အာရမ္မဏပဋိဝိဇာနနံ ဝိညာဏံ ဝိညာဏက္ခန္ဓော"ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဖွင့်ဆိုတော်မူလေသည်။

ထိုသို့ သီးခြားပေါ်လွင် ထင်လာရာ၌လည်း ဓာတ်၏လက္ခဏာနှင့် ဓာတ်ကိုသိတတ်သော မနောဝိညာဉ်ချည်းသာ ထင်လာသည်မဟုတ်၊ ထိုကြမ်းတန်းမှုလက္ခဏာကို ကောင်း,မကောင်းစသည် ခံစားတတ်သော ဝေဒနာသည်၎င်း သိမှတ်တတ်သော သညာသည်၎င်း ထိုကြမ်းတန်းမှု အာရုံ၌ တွေ့ထိကျရောက်တတ်သော ဖဿသည်၎င်း စိတ်စေတသိက်တို့ကို ထိုကြမ်းတန်းမှုအာရုံ၌ စေ့ဆော်တတ်သော စေတနာသည်၎င်း ဤဖဿ လျှင် ငါးခုမြောက်ရှိသော (ဝိညာဉ်,ဝေဒနာ,သညာ,စေတနာ,ဖဿ"ဟု ဆိုအပ်သော) တပေါင်းထည်း တပြိုင်နက် ဖြစ်လေ့ရှိကုန်သော ဖဿ ပဉ္စမကတရားတို့သည် ရှေ့ဆင့်နောက်ဆင့်အားဖြင့် ထင်လာကြလေသည်၊ ထိုသို့ ဖဿပဉ္စမကတရားငါးပါးစုံ ထင်လာတတ်သည်ကိုရည်၍ "တံ သမ္ပယုတ္တာ ဝေဒနာ ဝေဒနက္ခန္ဓော" အစရှိသည်ဖြင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်ဆိုတော်မူလေသည်။

မူလပဏ္ဏာသအဋ္ဌကထာ သတိပဋ္ဌာနသုတ်အဖွင့်၌လည်း အောက်ပါ အတိုင်း မိန့်ဆိုတော်မူလေသည်။

> "ယဿ ဝိညာဏံ ပါကဋံ ဟောတိ၊ သော န ကေဝလံ ဝိညာဏမေဝ ဥပ္ပဇ္ဇတိ၊ တေန သဒ္ဓိံ တဒေဝါရမ္မဏံ ဖုသမာနော ဖဿောပိ ဥပ္ပဇ္ဇတိ။ပ။ ဖဿပဉ္စမကေယေဝ ပရိဂ္ဂဏှာတိ"။

ထိုသို့ ထင်လာသော ဖဿပဉ္စမက ငါးပါးတို့တွင် ဓာတ်၏ လက္ခဏာနှင့် ဓာတ်ကိုသိတတ်သော မနောဝိညာဉ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ ထိုကြမ်းတန်းမှုလက္ခဏာကို ကောင်း,မကောင်းစသည်ဖြင့် ခံစား တတ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊မှတ်တတ်သောသညာသည် သညာက္ခန္ဓာမည်၏၊ ထိုကြမ်းတန်းမှုအာရုံ၌ တွေ့ထိကျရောက်တတ်သော

ဖဿသည်၎င်း၊ ထိုကြမ်းတန်းမှုအာရုံ၌ စိတ်စေတသိက်တို့ကို စေ့ဆော်တတ်သော စေတနာသည်၎င်း သင်္ခါရက္ခန္ဓာမည်၏ဟူ၍လည်းသိမြင်နိုင်လေသည်၊ ဝါ၊ သိမြင်သိမ်းဆည်းရာ၏။

ထိုအခါ ယောဂီသည် ဤသို့ထင်လာသော ဖဿပဉ္စမကတရားငါးပါး, နာမက္ခန္ဓာလေးပါးတို့ကို ဘာဝနာဉာဏ်ဖြင့် ဆင်ခြင်၍ "ဤကြမ်းတန်းခက်မာမှုလက္ခဏာစသော တရားတို့ကို အာရုံပြု၍ သိတတ်သော ဝိညာဉ်စသော တရားငါးပါးတို့သည်ကား အာရုံနှင့်မကင်းမှု၍ အာရုံရှိမှ ဖြစ်လေ့ရှိသောအားဖြင့် အာရုံသို့ ညွတ်တတ်သော နာမ်တရားတို့ပါတကား"ဟု ရုပ်တရားနှင့် မရောမယှက် သက်သက်ပိုင်းခြား၍ သိမြင်လာတော့သည်။

ဤသို့ ပိုင်းခြားသိမြင်တတ်သော ဘာဝနာဉာဏ်ကိုပင် နာမ်တရားကို သိမ်းဆည်းတတ်သောကြောင့်"နာမပရိဂ္ဂဟဉာဏ်"ဟူ၍၎င်း၊ နာမ်တရားကို ပိုင်းခြားမှတ်သားတတ်သောကြောင့် "နာမဝဝတ္ထာနဉာဏ်" ဟူ၍၎င်း ခေါ်ဆိုအပ်ပါသည်။

ဤသို့လျှင် ရူပဝဝတ္ထာနဉာဏ်မှစ၍ ဤနာမဝဝတ္ထာနဉာဏ်သို့ ရောက်သည့်တိုင်အောင် ရေးသားဖေါ်ပြခဲ့သောနည်းအတိုင်း ယောဂီသည် "ဤခန္ဓာအတ္တဘော၌ ရုပ်တရားမည်သည်မှာ ဤဓာတ်ကြီးလေးပါးနှင့် ဤဓာတ်ကြီးလေးပါးကိုမှီ၍ ဖြစ်ကုန်သော အာကာသဓာတ်စသည်တို့ ဖြစ်ပါသည်တကား"ဟု ရုပ်တရားကို သိမ်းဆည်း၍ မနောဝိညာဏဓာတ်ကို၎င်း၊ ထိုမနောဝိညာဏဓာတ်နှင့် အတူဖြစ်ကုန်သော ဝေဒနာ,သညာ, စေတနာ,ဖဿတို့ကို၎င်း "နာမ်တရား"ဟု သိမ်းဆည်းပြီးလျှင်—

"ဤဝိညာဉ်စသော ဖဿပဉ္စမကတရားငါးပါးတို့သည် ရုပ်တရားနှင့်မတူ တမူထူးခြား အာရုံနှင့်မကင်းသောအားဖြင့် အာရုံသို့ညွတ်တတ်သော နာမ်တရားတို့သာတည်း၊ ဤဓာတ်ကြီးလေးပါးနှင့် ဓာတ်ကြီးလေးပါးကို မှီ၍ဖြစ်သော အာကာသဓာတ်စသော တရားတို့သည် အာရုံမပြုတတ်ဘဲ ရှေ့အစဉ်နှင့် နောက်အစဉ်မတူ တမူထူးခြား ဖောက်ပြန်တတ်သော တရားတို့သာတည်း"ဟု နာမ်တရား ရုပ်တရားတို့ကို ရောယှက်ခြင်းမရှိ ပိုင်းခြား သိမြင်လေတော့သည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူလေသည်။

"အပရော "ယံ ကိဉ္စိ ရူပံ သဗ္ဗံ ရူပံ စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပ"န္တိဧဝံ သံခိတ္တေနေဝ ဉာမသ္မိံ အတ္တဘာဝေ ရူပံ ပရိဂ္ဂဟေတွာ တထာ မနာယတနဉ္စေဝ ဓမ္မာယတနေကဒေသဉ္စ နာမန္တိ ပရိဂ္ဂဟေတွာ "ဉာတိ ဉာဒဉ္စ နာမံ ဉာဒဉ္စ ရူပံ၊ ဉာဒံ ဝုစ္စတိ နာမရူပ"န္တိ သင်္ခေပတော နာမရူပံ ဝဝတ္ထ-ပေတိ"

ဤသို့လျှင် နာမ်ရုပ်နှစ်ပါးကို ပိုင်းခြားထင်ထင် သိမြင်နိုင်သော ယောဂီ၏ ဘဝများစွာ သံသရာမှစ၍ ငါသူတပါး စသည်ဖြင့် စွဲလမ်းမှတ်မှားခဲ့သော သတ္တသညာကို ပယ်ခွါလွှမ်းမိုး၍ မတွေမဝေသိမြင်ခြင်း၌ တည်လျက် (သတ္တဝါမှ တပါး) နာမ်,ရုပ်နှစ်ပါး၏ သဘောမျှကိုသာ ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သော ဘာဝနာဉာဏ်သည် အတ္တဒိဋ္ဌိဟူသော အညစ်အကြေးကို ဆျော်ဆေးသုတ်သင်နိုင်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏၊ နာမ်,ရုပ်နှစ်ပါးကို ပိုင်းခြားသိမြင်နိုင်သောကြောင့် နာမရူပဝဝတ္ထာနဉာဏ်လည်း မည်၏၊ နာမ်,ရုပ်နှစ်ပါးဟူသော သင်္ခါရတရားကို ပိုင်းခြားသိမြင်နိုင်သောကြောင့် သင်္ခါရပရိစ္ဆေဒဉာဏ်လည်းမည်၏။

နာမရူပဝဝတ္ထာနဉာဏ်ပြီး၏။

---

## အတ္တဒိဋ္ဌိရှင်းလင်းခက်း

"အတ္တဒိဋ္ဌိဟူသော အညစ်အကြေးကို ဆျော်ဆေးသုတ်သင်နိုင်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏"ဟု အထက်၌ဆိုခဲ့သော စကားရပ်များတွင် "အတ္တဒိဋ္ဌိ"ဟူသော စကား၌ အတ္တသည် "ဝေါဟာရအတ္တ,အညတိတ္ထိယ-ပရိကပ္ပိတအတ္တ"ဟူ၍ နှစ်မျိုးရှိပါသည်။

ထိုနှစ်မျိုးတို့တွင် ဝေါဟာရအတ္တဟူသည်မှာ ပရမတ္ထဖြစ်သော ခန္ဓာအတ္တဘော၌ ပြောလွယ်သိလွယ်ရန်အကျိုးငှါ လူအများတို့က တင်စား၍ ငါ,သူတပါးစသည်ဖြင့် ခေါ်ဝေါ်ပညတ် သမုတ်အပ်သော အတ္တပင်ဖြစ်ပါသည်၊ ထိုဝေါဟာရအတ္တကိုကား "တသ္မာ ဘဂဝါ လောကသမ္မုတိယာ အပ္ပဟာနတ္ထမ္ပိ ပုဂ္ဂလကထံ ကထေတိ"ဟူသော အဂ်ုတ္တိုရ်အဋ္ဌကထာနှင့်အညီ မြတ်စွာဘုရားပင်လျှင် မပယ်မရှားဘဲ တရား

ဒေသနာဟောကြားရာစသည်တို့၌ ငါ,သူတပါး စသည်တို့ဖြင့် ခေါ်ဝေါ်သုံးစွဲတော်မူရလေသည်၊ ထိုစကားမှန်၏၊ မြတ်စွာဘုရားသည် ရံခါစိတ်ကိုရင်း၊ ရံခါရုပ်ကိုရင်း၊ ရံခါရုပ်,နာမ်နှစ်ပါးလုံးကိုရင်း "အတ္တ"ဟူ၍ တင်စားခေါ်ဝေါ်ကာ ဟောတော်မူလေ့ရှိပါသည်။

သိသာစေဦးအံ့၊ "ကစ္စိ နုခေါ မေ အတ္တာ သီလတော န ဥပဝဒတိ" စသည်တို့၌ စိတ်ကိုပင် "အတ္တ"ဟု တင်စားခေါ်ဝေါ် ဟောတော်မူလေသည်။

"အတ္တာနံ ဝမိတ္တာ ဝမိတ္တာ ရောဒတိ" စသည်တို့၌ ရုပ်ကိုပင် "အတ္တ"ဟု တင်စားခေါ်ဝေါ် ဟောတော်မူလေသည်။

"အတ္တနာ ဟိ ကတံ ပါပံ အတ္တနာ သံကိလိဿတိ" စသည်တို့၌ ရုပ်,နာမ်နှစ်ပါးလုံးကိုပင် "အတ္တ"ဟု တင်စားခေါ်ဝေါ် ဟောတော်မူလေသည်။

အဓိပ္ပါယ်—ဤသို့ နာမ်,ရုပ်တရားတို့ကို "အတ္တ"ဟု တင်စားခေါ်ဝေါ်ဟောတော်မူခြင်းသည် အတ္တဒိဋ္ဌိစွဲဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းမဟုတ်၊ လောကဝေါဟာရ လောကသမ္မုတိကို မပယ်မရှား ဟောကြားတော်မူလိုသောကြောင့် ဟောတော်မူခြင်းဖြစ်ရကား အတ္တဒိဋ္ဌိမဟုတ်ဟူလို။

ထို့အတူ "အရိယာသာဝက, ကလျာဏပုထုဇဉ်, ရှင်ဥသောတာပန် စသူတို့၏ လောကဝေါဟာရ လောကသမုတိအားဖြင့် နာမ်,ရုပ်တရားတို့ကို ငါသူတပါးစသည် တင်စားခေါ်ဝေါ်ခြင်းတို့သည်လည်း အတ္တဒိဋ္ဌိမဟုတ်"ဟု သိမှတ်သင့်ပါသည်။

အညတိတ္ထိယပရိကပ္ပိတအတ္တဟူသည်မှာ သာသနာတော်မှ အပဖြစ်သော ရသေ့,ပရိဗိုဇ်စသူတို့က ကာရက— မြင်ခြင်း,ကြားခြင်းစသည် ကိစ္စကို ပြုလုပ်တတ်,ပြီးစေတတ်သူ, ဝေဒက— ဆင်းရဲချမ်းသာကို ခံစားတတ်သူ, သယံဝသီ— မိမိအလိုအတိုင်း ဖြစ်စေနိုင်သူ,ဖြစ်နိုင်သူစသည်ဖြင့် ကြံဆဆင်ခြင်၍ ထင်မြင်စွဲလမ်းအပ်သောအရာသည်၊ ဝါ၊ မြန်မာခေါ် အားဖြင့် အသက်ဝိညာဉ်ကောင်, လိပ်ပြာသည် အညတိတ္ထိယပရိကပ္ပိတအတ္တမည်၏။

"သို အတ္တသည် မုချရှိ၏၊ ထိုအတ္တသည် ငါ,သူတပါး ယောက်ျား မိန်းမစသည်ဖြစ်၏"ဟု စွဲလမ်းသောအယူသည် အတ္တဒိဋ္ဌိမည်၏၊ ဤအတ္တဒိဋ္ဌိကိုရည်၍ "အတ္တဒိဋ္ဌိဟူသော အညစ်အကြေးကို ဆျှော်ဆေးသုတ်သင်နိုင်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏"ဟု အဋ္ဌကထာဆရာများ၏ သန္ဓာယ အာဘောဂနှင့်အညီ ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဇီဝအတ္တ— ဆက်လက်၍ အကျယ်အားဖြင့် ရေးသားဖော်ပြပါဦးမည်၊ ထိုဘိဋ္ဌိယဝါဒီ တက္ကိပုဂ္ဂိုလ်တို့ ကြံဆဆင်ခြင်၍ ထင်မြင်စွဲလမ်းအပ်သောအတ္တသည် ဇီဝအတ္တ,ပရမအတ္တဟူ၍ နှစ်မျိုးရှိကြောင်းကို "သ ဒုဝိဓော ဇီဝတ္တာ ပရမတ္တာတိ"ဟူသော ဉာယကျမ်းလာ စကားဖြင့်လည်း သိသာနိုင်ပါသည်။

ထိုနှစ်မျိုးတို့တွင် ဝိသေသိကဒဿန, ဉာယဒဿနကျမ်းဆရာတို့က သာမိ–အစိုးရသူခန္ဓာအိမ်ရှင်,မိမံသာကျမ်းဆရာတို့က ကာရက—မြင်ခြင်း, ကြားခြင်းကိစ္စကို ပြီးစေတတ်သူ ကတ္တား,မိမံသာသင်္ချာကျမ်းဆရာတို့က ဝေဒက— သုခဒုက္ခကို ခံစားတတ်သူ, ကျမ်းဆရာအားလုံးတို့က နိဝါသီ— ခန္ဓာအိမ်ပျက်စီးသော်လည်း မပျက်စီးဘဲ အမြဲတည်နေသူ, သယံဝသီ— မိမိအလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်နိုင်သူ, အဓိဋ္ဌာယက— ခန္ဓာအိမ်၏ အကြီးအကဲ စီမံခန့်ခွဲသူဟု ထင်မှတ်ပြောဆိုအပ်သော အရာသည် ဇီဝအတ္တမည်၏။

ထိုဇီဝအတ္တကို သက္ကတဘာသာ ဟိန္ဒီဘာသာအားဖြင့် အာတ္မာ, ပါဠိဘာသာအားဖြင့် အတ္တာ,အာရဗီဘာသာအားဖြင့် ရှုဟ်,အင်္ဂလိပ်ဘာသာအားဖြင့် ဆိုးလ်,မြန်မာဘာသာအားဖြင့် ဝိညာဉ်ကောင်, လိပ်ပြာဟူ၍ ခေါ်ဆိုကြ၏။

ထိုအတ္တသည် ပရမာဏုမြူအတိုင်းအရှည်ရှိ၏ နှလုံးအိမ်၌တည်၏" ဟု အချို့ကျမ်းဆရာတို့က ဆိုကြ၏၊ ဝိန်းဆရာဘို့ကမူ "အတ္တသည် ခန္ဓာအိမ် ပမာဏရှိ၏ ခန္ဓာအိမ်ငယ်လျှင်ငယ်၍ ခန္ဓာအိမ်ကြီးလျှင်ကြီး၏"ဟု ဆိုကြကုန်၏၊ ဝေဒန္တကျမ်းတို့၌ကား "အတ္တသည် အခဏ္ဍာဗြဟ္မတ္တ— မပျက်မစီးသော ဗြဟ္မာ၏အစိတ်အပိုင်းဖြစ်သောကြောင့် ပရမမဟာပ္ပရိမာဏ အလွန်ကြီးသော မနိုင်းယှဉ်မပိုင်းခြားအပ်သော ပမာဏရှိ၏၊ ခန္ဓာဟောင်းကို စွန့်၍ ခန္ဓာသစ်ကို ရှာဖွေသောအခိုက်၌ အကြောင်းအားလျော်စွာ လက်မ,အပ်နဖားတွင်းစူးဖျား,ထို့အောက်အငယ် ဆံချည်ကို အစိပ်တရာ စိပ်၍ တစိပ်အတိုင်းအရှည်ပမာဏလည်း ရှိသေး၏"ဟု ဆို၏။

ဤကိုရည်၍ မူလပဏ္ဏာသပါဠိ သဗ္ဗာသဝသုတ်ဋီကာ၌"သောဠသံ‌သာဒီနန္တိ အာဒိသဒ္ဒေန သရီရပရိမာဏပရိမဏ္ဍလအင်္ဂုဒ္ဒယငပရမာဏု‌ပရိမာဏတာဒိကေ သင်္ဂဏှာတိ" သောဠသံသာဒိနံ ဟူသော အဋ္ဌကထာပါဠ်၌ အာဒိသဒ္ဒါဖြင့် ကိုယ်ခန္ဓာပမာဏရှိသော အဝန်း,လင်္ကမ,မုယော,ပရမာဏုမြူအတိုင်းအရှည်ရှိသည်၏အဖြစ် စသည်တို့ကို သိမ်းရုံးယူအပ်၏" ဟု ဖွင့်ဆိုတော်မူလေသည်။

ဒီဃနိကာယ် ဗြဟ္မဇာလသုတ်ဋီကာဟောင်း၌လည်း "အင်္ဂုဒ္ဒပ္ပမာ‌ဏော အတ္တာ, ယဝပ္ပမာဏော, အဏုမတ္တော ဝါ အတ္တာတိအာဒိဒေဿန‌ဝသေန ပရိတ္တော သညီစာတိ ပရိတ္တသညီ"အတ္တသည် လက်မခန့်ပမာဏရှိ၏၊ တနည်းကား–အတ္တသည် မုယောခန့်ပမာဏ, အဏုမြူခန့်ပမာဏရှိ၏ စသည်ဖြင့် စွဲလမ်းယူဆသော (ကပိလရသေ့,ကဏာဒရသေ့တို့၏ဝါဒ) အတ္တဒိဋ္ဌိဝါဒ၏ အစွမ်းအားဖြင့် ငယ်သောကြောင့်ရင်း၊ သညာရှိသောကြောင့်ရင်း ပရိတ္တသညီမည်၏"ဟု ဖွင့်ဆိုတော်မူလေသည်။

ဆက်ဦးအံ့၊ "မပျက်မစီးသော ဗြဟ္မာ၏ အစိပ်အပိုင်းဖြစ်သော ကြောင့်"ဟူသော အထက်ပါစကား၌ ဗြဟ္မာ၏ အစိပ်အပိုင်း ဗြဟ္မတ္တ ဖြစ်သည်ကိုလည်း "တံ သဇ္ဇိတ္တွာ တဒေဝါနုပါဝိသိ" ထိုဇီဝအတ္တကို ဖန်ဆင်းစီရင်၍ ထိုဇီဝအတ္တကိုပင် အစဉ်မပြတ် ပူးဝင်၏"ဟူသော ဝေဒဝါကျဖြင့်ရင်း၊ "အယံ အတ္တာ ဂုဠှာကေသ သဗ္ဗဘူတာသယဋ္ဌိတော–အို....ဂုဠှာကေသ ငါဟူသော အတ္တသည်"အလုံးစုံသော သတ္တဝါ"ဟူသော နေရာ၌တည်နေ၏၊ "မမေဝံသော ဇီဝလောကေ ဇီဝဘူတော သနန္တနော–အသက်ဖြစ်၍ ရှေးကဖြစ်သော ငါ၏အစိပ်ဖြစ်သော အတ္တသည် အသက် ရှင်သော ဇီဝလောက၌ တည်နေ၏"ဟူသော ဂါထာဝါကျဖြင့်ရင်း ပြဆိုကြလေသည်၊ ဤသို့ ဗြဟ္မတ္တ၏ အလုံးစုံသော ဇီဝအတ္တကို ပူးဝင် ရောက်ရှိသည်၏ အဖြစ်ကို ပြဆိုခြင်းဖြင့်လည်း ၎င်းဗြဟ္မတ္တသည် အပိုင်း အခြားမရှိ အလွန်ကြီးကျယ်သည်ကို ပြဆိုခြင်းကိစ္စ ပြီးတော့၏။

ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ "အတ္တနော သဗ္ဗဂတဘာဝပဋိဇာနန‌ဝသေန အပ္ပမာဏော သညီစာတိ အပ္ပမာဏသညီ"ဟု သီလက္ခန်ဋီကာ ဟောင်း၌ "ဗြဟ္မတ္တဟူသော မိမိ၏ အလုံးစုံသော ဇီဝအတ္တသို့ ပူးဝင် ရောက်ရှိသည်၏အဖြစ်ကို ဝန်ခံခြင်း၏ အစွမ်းအားဖြင့် အတိုင်းမသိ ကြီးမားလှသောကြောင့်ရင်း၊ သညာရှိသောကြောင့်ရင်း အပ္ပမာဏသညီ မည်၏"ဟု ဖွင့်ဆိုတော်မူလေသည်။

သက်ပါဦးမည်၊ "ထိုဇီဝအတ္တကို ဖန်ဆင်းစီရင်၍ ထိုဇီဝအတ္တကိုပင် အစဉ်ပူးဝင်၏"ငါဟူသော အတ္တသည် အလုံးစုံသော သတ္တဝါဟူသော နေရာ၌ တည်နေ၏"ဟူသော စကားများအရ သိမှတ်ရမည်မှာ "သရီရ-ဣန္ဒြိယစသည်တို့နှင့် တကွဖြစ်သော အတ္တသည် ဇီဝအတ္တမည်၏၊ သရီရ-ဣန္ဒြိယတို့မှ ကင်းသော အတ္တသည် ပရမအတ္တမည်၏" ဟူသည်ပင် ဖြစ်ပါသည်။

အဓိပ္ပါယ်—အတ္တသည် တခုထည်းဖြစ်လျက် အခိုက်အတန့်အားဖြင့်သာ ကွဲပြားသည်ဟူလို။

ထို့ကြောင့်— "ဧကော ဒေဝေါ (အတ္တာ)ဗဟုဓာ သန္နိဝိဋ္ဌော" "ဧကံ သန္တံ ဗဟုဓာ ကပ္ပယန္တိ" "တ္ဝမေကောသိ ဗဟုတနုပဝိဋ္ဌော" စသည်ဖြင့် များစွာသော ဝေဒကျမ်းတို့၌ ဆိုကြလေသည်၊ အထက်၌ ပြဆိုခဲ့သော နျာယကျမ်း၌ကား ခန္ဓာအိမ်တခုလျှင် အတ္တတခုစီ ကွဲပြားသည်ဟုဆို၏။

မိတက္ခရာကျမ်း၌ကား နှလုံးသားအရပ်မှ မအူပန်း၏ဝတ်မှုံမျှင်ကဲ့သို့ ထွက်သွားကုန်သော ဟိတ,အဟိတ အကြောပေါင်း ခုနစ်သောင်း နှစ်ထောင်တို့သည်ရှိကုန်၏ ထို့ပြင် သုံးခုသောအကြောမကြီးတို့သည်လည်း ရှိကုန်သေး၏၊ ထိုတွင် ဣဍာ,ပိင်္ဂလာမည်သော အကြောမကြီးတို့သည် လက်ဝဲ,လက်ျာတဘက်တချက်မှ အထက်သို့တက်၍ နှာခေါင်းပေါက်နှင့် ဆက်စပ်ကုန်၏၊ ထွက်သက်ဝင်သက်လေတို့၏ သွားသာရာဖြစ်ကုန်၏၊ သုသုမ္ဏာမည်သော သုံးခုမြောက်သော အကြောမသည်ကား တုတ်,တောင်ဝှေးကဲ့သို့ အထက်သို့တည့်တည့်တက်၍ ဗြဟ္မရန္ဓမည်သော အပေါက်သို့ ဆိုက်ရောက်၏ (အကြင်အပေါက်ဖြင့် ထွက်သွားသော အတ္တသည် ဗြဟ္မာ့ပြည်သို့ရောက်၏၊ ဦးခေါင်း၌တည်သော ထိုအပေါက်ကို ဗြဟ္မရန္ဓဟုခေါ်၏) ထိုအကြောသုံးခုတို့၏အလယ်၌ လရောင်ကဲ့သို့သော အရောင်ဝန်းသည်ရှိ၏၊ ထိုအရောင်ဝန်း၏အလယ်၌ အတ္တသည် လေငြိမ်ရာ၌ ထွန်းအပ်သော ဆီးမီးကဲ့သို့ မတုန်မလှုပ် တောက်ပလျက်တည်၏၊ ထိုကိုသိသောသူသည် ပဋိသန္ဓေမနေရတော့ပြီဟုဆို၏။

မဇ္ဈိမနိကာယ် စူဠသကုလုဒါယိသုတ်, ဝေခနသသုတ်တို့၌ကား "နီမြန်းသော ကမ္ဗလာအခင်းပေါ်၌ တင်ထားအပ်သော,ရှစ်မျက်နှာ ရှစ်ကွက်ရှိသော ကောင်းမွန်စွာသွေး၍ ပြုပြင်အရောင်တင်အပ်သော

အမျိုးကောင်းလှသော ကောင်းသောအဆင်းအရောင်ရှိသော ကြောင်မျက်ရွဲသည် ထွန်းလင်းတောက်ပ တင့်တယ်လှသကဲ့သို့ ထို့အတူ အတ္တသည် တောက်ပထွန်းလင်း တင့်တယ်သောအဆင်းရှိသည်ဖြစ်၍ ကိုယ်ခန္ဓာသေဆုံးပျက်စီးသည့်နောက်၌လည်း မပျောက်မပျက် ဆက်လက်၍ အမြဲတည်ရှိ၏”ဟု ဥဒါယိပရိဗိုဇ်,ဝေခနသပရိဗိုဇ်တို့က မြတ်စွာဘုရားအား လျှောက်ထားကြောင်း လာရှိလေသည်။

ဗြဟ္မဇာလသုတ်အဖွင့် သီလက္ခန္ဓဋီကာဟောင်း, မနောပဒါယိသုတ်အဖွင့် အင်္ဂုတ္တိုရ်ဋီကာ တဘိသဘို့၌ကား “အန္နမယ– အစာဖြင့်ပြီးသော အတ္တ, ပါနမယ– သောက်ဘွယ်ဖြင့်ပြီးသော အတ္တ, မနောမယ–စိတ်ဖြင့်ပြီးသော အတ္တ, အာနန္ဒမယ— နှစ်သက်ခြင်းဖြင့်ပြီးသော အတ္တ, ဝိညာဏမယ– ဝိညာဉ်ဖြင့်ပြီးသော အတ္တဟူ၍ အတ္တငါးမျိုးရှိကြောင်း ဝေဒဆရာတို့ဆိုကုန်၏”ဟု ဖွင့်ဆိုပါရှိလေသည်။

ဤဆိုအပ်ခဲ့ပြီးသည်မှာကား လောကီဝေဒကျမ်းတို့မှလာသော ဇီဝအတ္တကို တိတ္ထိတို့ ကြံဆဆင်ခြင်၍ ထင်မြင်စွဲလမ်းပုံ အခြင်းအရာဖြစ်၏။

ပါဠိ,အဋ္ဌကထာတို့၌ကား—

၁။ ရူပံ အတ္တတော သမနုပဿတိ— ရုပ်ကိုပင်(ငါ)အတ္တဟု ရှု၏။
၂။ ရူပဝန္တံ ဝါ အတ္တာနံ— ရုပ်ရှိသော(ငါ)အတ္တဟု ရှု၏။
၃။ အတ္တနိ ဝါ ရူပံ– (ငါ)အတ္တ၌ ရုပ်ရှိသည်ဟု ရှု၏။
၄။ ရူပသ္မိံ ဝါ အတ္တာနံ–ရုပ်၌(ငါ)အတ္တရှိသည်ဟု ရှု၏။

ဟူ၍ ရူပက္ခန္ဓာ သက္ကာယဒိဋ္ဌိ၊ ဝါ၊ အတ္တဒိဋ္ဌိ– အတ္တဟု စွဲလမ်းမှု လေးပါး။

ထို့အတူ ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်တို့၌လည်း လေးပါးစီဖြစ်၍ သက္ကာယဒိဋ္ဌိ၊ ဝါ၊ အတ္တဒိဋ္ဌိ– အတ္တဟုစွဲလမ်းမှုပေါင်း နှစ်ဆယ်ကို ဟောဘော်မူသည်။

ဤအတ္တဒိဋ္ဌိ “အတ္တ”ဟု စွဲလမ်းမှုနှစ်ဆယ်တို့တွင် အမှတ်(၁) “ရုပ်ကို (ငါ)အတ္တဟု ရှုခြင်းသည် ရုပ်တရားသက်သက်ကို“အတ္တ”ဟု ထင်မြင်စွဲလမ်းခြင်းဖြစ်၏။

ကြွင်းသော အမှတ် (၂) (၃) (၄) ရုပ်ရှိသော (ငါ) အတ္တဟုရှုခြင်း "(ငါ)အတ္တ၌ရုပ်ရှိသည်"ဟုရှုခြင်း "ရုပ်၌(ငါ)အတ္တရှိသည်"ဟု ရှုခြင်းတို့သည်ကား ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ဟု ဆိုအပ်သော နာမ်တရားကို "အတ္တ"ဟု ထင်မြင်စွဲလမ်းခြင်းဖြစ်၏။

ထို့အတူ ဝေဒနာကို(ငါ)အတ္တ, သညာကို(ငါ)အတ္တ, သင်္ခါရကို (ငါ)အတ္တ, ဝိညာဏ်ကို(ငါ)အတ္တဟု အသီးသီးရှုရာတို့၌လည်း နာမ်တရားကိုပင် "အတ္တ"ဟု ထင်မြင်စွဲလမ်းခြင်းဖြစ်၏။

"ဝေဒနာရှိသော(ငါ)အတ္တ,(ငါ)အတ္တ၌ဝေဒနာရှိသည်,ဝေဒနာ၌(ငါ)အတ္တရှိသည်"ဟု ဝေဒနာကိုစွဲ၍ အတ္တဟု ရှုပုံသုံးပါး၊ ထို့အတူ သညာ,သင်္ခါရ,ဝိညာဏ်တို့၌ "အတ္တ"ဟု ရှုပုံသုံးပါး,သုံးပါးစီအားဖြင့် နာမက္ခန္ဓာလေးပါးကိုစွဲ၍ "အတ္တ"ဟု ရှုပုံဒ္ဓခြင်းအရာ တဆယ့်နှစ်ပါးတို့၌ကား နာမ်,ရုပ်အပေါင်းကို (ငါ) အတ္တဟု ထင်မြင်စွဲလမ်းခြင်းများဖြစ်၏။

ဥပမာ—ရုပ်တရားကို သညာ,သင်္ခါရ,ဝိညာဏ်ဟူသော နာမ်တရားသုံးပါးတို့တွင် တပါးပါးနှင့်သော်၎င်း၊ နှစ်ပါးနှစ်ပါးနှင့်သော်၎င်း၊ သုံးပါးသုံးပါးနှင့်သော်၎င်းတွဲ၍ (ငါ) အတ္တဟု ရှုမြင်ပြီးလျှင် ဝေဒနာရှိသော (ငါ)အတ္တဟူ၍၎င်း၊ (ငါ)အတ္တ၌ ဝေဒနာရှိသည်ဟူ၍၎င်း၊ ဝေဒနာ၌ (ငါ)အတ္တရှိသည်ဟူ၍၎င်း ရှုမြင်လေသည်။

ကြွင်းသော သညာ,သင်္ခါရ,ဝိညာဏ်တို့ကိုစွဲ၍ "(ငါ)အတ္တ"ဟု ရှုမြင်ပုံအခြင်းအရာကိုးပါးတို့၌လည်း ဤဝေဒနာနည်းကိုမှီ၍ သိပါလေ။

ဤသတ္တာယဒိဋ္ဌိ၊ ဝါ၊ အတ္တဒိဋ္ဌိနှစ်ဆယ်အဓိပ္ပါယ်မှာ ခုဒ္ဒကပိဘင်းပါဠိ တိကနိဒ္ဒေသ စာမျက်နှာ (၃၇၉) ပဋိသမ္ဘိဒါမဂ်ပါဠိ အတ္တာနုဒိဋ္ဌိနိဒ္ဒေသ စာမျက်နှာ(၁၃၇) ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဒု-စာမျက်နှာ(၅၄) တို့မှ လာရှိသော အဓိပ္ပါယ်ဖြစ်ပါသည်။

သစ္စကပရိဗိုဇ်ကြီးသည်ကား— ခန္ဓငါးပါးလုံးကိုပင် အတ္တဟု စွဲယူလေသည် မိမိသည် ထိုသို့ ခန္ဓာငါးပါးလုံးကိုပင် အတ္တဟု စွဲယူကြောင်းကိုလည်း—

"အဟံ ဟိ သော ဂေါတမ ဧဝံ ဝဒါမိ ရူပံ မေ အတ္တာ၊ ဝေဒနာ မေ အတ္တာ၊ သညာ မေ အတ္တာ၊ သင်္ခါရာ မေ အတ္တာ၊ ဝိညာဏံ မေ အတ္တာ"တိ။ ဟူ၍ မြတ်စွာဘုရားအား ၎င်းကိုယ်တိုင်လျှောက် ထားလေသည်။ (မူလပဏ္ဏာသပါဠိ စာမျက်နှာ— ၂၉၃)

ဤသို့ ရေးသားဖော်ပြခဲ့ပြီးသော စကားအစဉ်တို့သည်ကား အညတိတ္ထိယတို့၊ ဝါ၊ အန္ယပုထုဇဉ်တို့ ကြံဆဆင်ခြင်၍ ထင်မြင်စွဲလမ်း အပ်သော ဇီဝအတ္တကို ပဓာနအားဖြင့်သိရန် သိကြောင်းစကားအစဉ်များ ဖြစ်သတည်း။ ဤဇီဝအတ္တကိုစွဲ၍ဖြစ်သော အတ္တဒိဋ္ဌိကို နာမရူပဝဝတ္ထာန ဉာဏ်ဖြင့် လွှန်မြောက်နိုင်ပါသည်။

ပရမအတ္တ— ပရမအတ္တဟူသည်မှာ ဣဿရနိမ္မာနဝါဒီပုဂ္ဂိုလ်တို့က "လောကကိုဖန်ဆင်းတတ်သူ"ဟု ထင်မှတ်စွဲလမ်းအပ်သောအရာသည် ပရမအတ္တမည်၏၊ ၎င်းပရမအတ္တကို သက္ကတဘာသာ,ဟိန္ဒီဘာသာအားဖြင့် "ပရမေရွှရ"ဟူ၍၎င်း "ပရမာတ္မာ"ဟူ၍၎င်း ခေါ်ဆို၏၊ ပါဠိဘာသာ အားဖြင့် ဣဿရ,ပရမိဿရ,ပရမတ္တာဟုခေါ်၏၊ ပါရှင်ဘာသာအားဖြင့် ခုဒါ, အာရဗီဘာသာအားဖြင့် အလ္လာဟ်, အင်္ဂလိပ်ဘာသာအားဖြင့် ဂေါ့ဒ်, မြန်မာဘာသာအားဖြင့် ထာဝရဘုရားဟုခေါ်၏။

ဤပရမအတ္တနှင့် ဆိုခဲ့သော ဇီဝအတ္တတို့၏အထူးမှာ န္ယာယကျမ်း၏ အလိုအားဖြင့် ဇီဝအတ္တသည် သတ္တဝါအားလုံးကို နှံ့၍တည်၏၊ ပရမ· အတ္တသည် တလောကလုံးကို နှံ့၍တည်၏၊ တနည်းကား ဇီဝအတ္တသည် မိမိ၏တည်ရာ သရီရ,ဣန္ဒြိယတို့ကို အစိုးရ၏၊ ပရမအတ္တသည် တလောက လုံးကို အစိုးရ၏။

ဆက်ပါဦးမည်၊ ၎င်းပရမအတ္တ၏ လောကကို ဖန်ဆင်းပုံအခြင်း အရာကိုသည်း အညတိတ္ထိယတို့သည် အမျိုးမျိုး ကြံဆပြောဆိုကြကုန်၏၊ ထိုတွင် ဧကစ္စသဿတဝါဒီတို့၏ အလိုအားဖြင့် ဗြဟ္မာနိုး၏ လောကကို ဖန်ဆင်းပုံကို ရေးသားဖော်ပြပါမည်။

ဗြဟ္မာနိုးသည် လောကကို ဖန်ဆင်းမည်ရှိရာ ရှေးဦးစွာ မိမိ၏ မာယာမည်သော သတ္တိဖြစ်သော ပကတိနှင့် ပုရိသကို ဖန်ဆင်း၏၊ ထိုနှစ်ပါးတို့တွင် ပကတိသည် စိတ်စေတနာမရှိ၊ "သုခ၏ ဖြစ်ကြောင်း ဉာဏ်ဟု ဆိုအပ်သော သတ္တဂုဏ်, ဒုက္ခ၏ ဖြစ်ကြောင်း ရာဂ, မောဟ၏ ဖြစ်ကြောင်း တမ"ဟု ဆိုအပ်သော ဂုဏ်သုံးပါးလျှင် အထည်ကိုယ်ရှိ၏။

ဤဂုဏ်သုံးပါး ကောက်ယူပုံမှာ အဘိဓာန်ဋီကာသစ်၌ ပါရှိသည့်အတိုင်း သင်္ချာဒဿနကျမ်းဆရာ ကပိလရသေ့စသည်တို့၏ ဝါဒတည်း။

ဝိသုဒ္ဓိမဂ်မဟာဋီကာ ဒု-စာမျက်နှာ (၃၅၈)၌ကား ဤဂုဏ်သုံးပါးကို အစဉ်အတိုင်း သုခ,ဒုက္ခ,မောဟဟု အရကောက်၏၊ အဘိဓာန်ဋီကာ၌ "ကာရဏံ ယံ သမာပန္နံ" အစရှိသော ဂါထာ၏ အဖွင့်၌ကား ရာဂ,ဒေါသ,မောဟဟု အစဉ်အတိုင်း ကောက်၏။

ဆက်ပါဦးမည်၊ ထိုဂုဏ်သုံးပါးလျှင် အထည်ကိုယ်ရှိသော ပကတိသည် မဟာ, အဟံကာရစသော ခပ်သိမ်းသောဂုဏ်တို့၏ ဖြစ်ကြောင်းမျိုးစေ့သဘောရှိ၏၊ ပုရိသဟူသော အတ္တနှင့် ပေါင်းစပ်မိလျှင် ဗုဒ္ဓိတတ္တဟူသော မဟာ,အဘိမာနဟူသော အဟံကာရ, သဒ္ဒ-အသံ, ဖဿ-အတွေ့, ရူပ-အဆင်း, ရသ-အရသာ, ဂန္ဓ-အနံ့ဟူသော ပဉ္စတမ္မတ္တ, ကဏ္ဏ-နား, တစ-အရေ, စက္ခု-မျက်စေ့, ဇိဝှါ-လျှာ, နာသိကာ-နှာခေါင်းဟူသော ဗုဒ္ဓိန္ဒြိယ, မုခ ခံတွင်း, ဟတ္ထ-လက်, ပါဒ ခြေ, အင်္ဂဇာတ-အင်္ဂါဇာတ်, ဂုယှ-ဝစ္စမဂ်ဟူသော ကမ္မိန္ဒြိယ, မန-စိတ်ဟူသော ဥဘယိန္ဒြိယ, အာကာသ-ဟင်းလင်း, ဝါယု-လေ, တေဇ-မီး, ဇလ-ရေ, ပထဝီ-မြေဟူသော ပဉ္စဘူတ, ဤဆိုခဲ့ပြီးသော မဟာအစရှိသော ဝိကာရဂုဏ်တို့၏ အစဉ်ဖြင့် ထာဝရ, ဇင်္ဂမဖြစ်သော လောကကို ဘန်ဆင်းဖြစ်ပွားစေ၏။

ဤပကတိစသည်တို့၏ ဆိုခဲ့သော အဓိပ္ပါယ်ကို အဘိဓာန်ဋီကာသစ်ကိုမှီ၍ ဖော်ပြခြင်းဖြစ်ပါသည်။

မဟာဋီကာ ဒု-စာမျက်နှာ (၃၅၉)စသည်တို့၌ကား "စေတနာသဘာဝေါ ပုရိသော-ပုရိသသည် စေတနာသဘောဖြစ်၏"ဟုမိန့်ဆိုတော်မူပါသည်။

"ကမ္မိန္ဒြိယ"ကို ပြဆိုရာ၌လည်း "ဝါစာဒီနိ ပဉ္စကမ္မိန္ဒြိယာနိ"ဟူ၍၎င်း, ဇုန္နြေဆယ့်တပါးကို ပြရာ၌ "ဝါစာပါဏိပါဒပါယူပတ္ထာနိ"ဟူ၍၎င်း, အရကောက်ရာ၌ "ဝါစာတိစေတ္ထ အတ္တာဝ ဇောတကာသ အက္ခရသမုဒါယဿ ဂဟဏံ"ဟူ၍၎င်း,"မုခ ခံတွင်း"နေရာ၌"ဝါစာ-စကား"ဟုဆိုလေသည်။

"မဟာ"ကိုပြဆိုရာ၌ "သတ္တမတ္တသမ္ဘဝေဒနိယောမဟာ"စသည်ဖြင့် အလိင်္ဂဖြစ်သော ပကတိမှ လိင်အထူးမျှဟူသော "သတ္တဝါမျှ"ဟု ဆိုအပ်သောအရာသည် "မဟာမည်၏"ဟု ဆိုတော်မူသည်၊ "ဗုဒ္ဓိတတ္တသည် မဟာမည်၏"ဟူသော ဝါဒကိုလည်း"ဗုဒ္ဓိတိ ကေစိ"ဟု မိန့်ဆိုတော်မူ၏။

ဤဆိုအပ်ပြီးသည်တို့ကား ကောကာရဏဝါဒီ— ကပိလရသေ့ စသည်တို့၏ဝါဒအားဖြင့် ဗိဿနိုးတန်ဆင်းပုံဖြစ်၏။ နာနာကာရဏဝါဒီ— ကဏာဒရသေ့ စသူတို့၏ မဟိဿရ၏ တန်ဆင်းပုံလည်း တမျိုးရှိသေးသည်၊ အလိုရှိက အဘိဓာန်နိဿယသစ်၌ကြည့်ပါ။ သီလက္ခန်ဋီကာဟောင်း ကေ့ဝသဿတအဖွင့် စာမျက်နှာ(၄၁၁) ဥပရိပဏ္ဏာသဋီကာ စာမျက်နှာ(၂၃၃)တို့၌လည်း အမြွက်ဖွင့်ကြ၏၊ ဝိဋကပါဠိအဘိဓာန် အတ္တပုဒ်အနက်၌ အပြည့်အစုံ ညွှန်ကြားပါရှိ၏။

သီလက္ခန်ပါဠိ ဗြဟ္မဇာလသုတ် ကေ့ဝသဿတဝါဒဒေသနာတော်၌လည်း ကမ္ဘာတည်ဦးက အထက်ဗြဟ္မာဘုံများမှ ဗြဟ္မာကြီးစုတေ၍ ပထမဈာန်သုံးဘုံ၌ ရှေးဦးစွာဖြစ်လာရာ မိမိတဦးထည်း နေရသည်မှာ ပျင်းရိငြီးငွေ့လှသဖြင့် အခြားဗြဟ္မာများဖြစ်လာ ခရောက်လာမှုကို တောင်းတလေသည်၊ ထိုသို့ တောင်းတခိုက်နှင့်ဆုံ၍ ကံအားလျော်စွာ အခြားဗြဟ္မာများလည်း ထိုဘုံသို့ရောက်လာ ဖြစ်လာလေသည်၊ ထိုအခါ ပထမဗြဟ္မာကြီးက "မိမိတောင်းတတိုင်း ဖြစ်လာသည်"ဟု ထင်မြင်စွဲလမ်းလေသည်၊ နောက်မှရောက်လာသော ဗြဟ္မာငယ်များကလည်း မိမိတို့ထက် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာသော ထိုဗြဟ္မာကြီးကို "မိမိတို့အား အစိုးရသူ, တန်ဆင်းသူ"ဟု ထင်မြင်စွဲလမ်းကြလေသည်၊ နောင်အခါ၌ ထိုဗြဟ္မာငယ်များပင် အသက်တိုသည်အလျောက် အရင်စုတေ၍ လူ့ပြည်၌ ဖြစ်လာကြလေသည်၊ လူသားအဖြစ်ဖြင့်လည်း တရားအားထုတ်ကြသဖြင့် ဈာန်အဘိညာဉ်ကိုရကာ အဘိညာဉ်တန်ခိုးဖြင့် ယခင်ဗြဟ္မာကြီးကို ပြန်၍ မြင်ကြလေသည်၊ ထိုအခါ ငါတို့သည်သာ အမြဲမနေ စုတေရ၍ ဤဗြဟ္မာကြီးကား အမြဲနေရ၏၊ စင်စစ် ဤဗြဟ္မာကြီးသည် သတ္တဝါတို့ကို လွှမ်းမိုး အုပ်စိုးနိုင်၏၊ သူတပါး၏ အုပ်စိုးခြင်းကို မခံရ၊ "ဤဗြဟ္မာကြီးသည် သဗ္ဗညုပင်တည်း၊ ဤဗြဟ္မာကြီးသည် ကမ္ဘာနှင့် သတ္တဝါကို တန်ဆင်းနိုင်သော ပရမအတ္တပေတည်း"ဟု ထင်မြင်စွဲလမ်းကြကြောင်း ဟောတော်မူပါသည်။

ကာလပရိစ္ဆေဒ အလွန်ကြာမြင့်သောအခါ၌ကား ဈာန်အဘိညာဉ် မရသဖြင့် ထိုဗြဟ္မာကြီးကို မမြင်နိုင်ကြတော့ဘဲ အဆင့်ဆင့် ကြားဘူးခြင်း အနုဿဝအားဖြင့်၎င်း, စိတ်ကူးကြံဆခြင်း တက္ကအားဖြင့်၎င်း, ထိုပရမအတ္တ ကိုပင် ဣဿရ, ပရမိဿရ, ပရမတ္တာ, ဗိဿနိုး, ထာဝရဘုရား စသည်ဖြင့် ခေါ်ဝေါ်ကာ ဘန်ဆင်းပုံကိုလည်း အထက်၌ ဆိုခဲ့သည့်အတိုင်း အမျိုးမျိုး ကြံဆစိတ်ကူး၍ "ကေကာရဏဝါဒီ ကပိလရသေ့စသည်တို့၏ ဗိဿနိုး ဘန်ဆင်းပုံသည်၎င်း, နာနာကာရဏဝါဒီ ကဏာဒရသေ့စသည်တို့၏ မဟိဿရဘန်ဆင်းပုံသည်၎င်း ဖြစ်ပေါ်ထွန်းကားလာသည်"ဟု မှတ်ယူသင့် ပါသည်။

ဆက်ပါဦးမည်၊ အထက်၌ ဆိုခဲ့သော "တံ သဗ္ဗတ္ထ တဒေဝါ-နုပါဝိသိ–ထိုဇီဝအတ္တကို ဘန်ဆင်းစီရင်၍ ထိုဇီဝအတ္တကို အစဉ်ပူးဝင်၏" စသော ဝေဒကျမ်းလာ စကားများအရ ထိုပရမအတ္တသည် အတ္တဒိဋ္ဌိ၌ လည်း အကျုံးဝင်နိုင်သော်လည်း "ဘန်ဆင်းသည်"ဟူသော ထင်ရှားသော အကြောင်းအခြင်းအရာအားဖြင့် သာသနာဝင်ကျမ်းတို့၌ ဣဿရနိမ္မာနဒိဋ္ဌိ, ဝိသမလောဟေတုဒိဋ္ဌိဟူ၍ ခေါ်ဆိုကြသေသည်၊ ဤဣဿရနိမ္မာနဒိဋ္ဌိကို ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့် ကောင်းစွာ လွန်မြောက်နိုင်ပါသည်။

**အတ္တဒိဋ္ဌိရှင်းလင်းခန်းပြီး၏။**

---

## ပစ္စယပရိဂ္ဂဟဉာဏ်

နာမရူပဝဝတ္ထာနဉာဏ်ကို ရေးသားဖော်ပြပြီး၍ ပစ္စယပရိဂ္ဂဟ ဉာဏ်ကို ဆက်လက်ရေးသားဖော်ပြပါဦးမည်။

ဤပစ္စယပရိဂ္ဂဟဉာဏ်နှင့် စပ်လျဉ်း၍ အထူးမှာထားလိုသည်မှာ ပစ္စယပရိဂ္ဂဟဉာဏ် ရင့်သန်ထက်မျက်၍ အထူးအားရှိစေခြင်းအကျိုးငှါ သတ္တမမြောက်ပစ္စဝေက္ခဏာခန်း၌ ပြဆိုခဲ့ပြီးသော "ဒိဋ္ဌိငါးပါးကို လွန် မြောက်ရန် နှလုံးသွင်းဆင်ခြင်ပုံ"ဟူသော အခန်းကို ပြန်လည်ဘတ်ရှု လေ့လာရန်ကိုလည်း မမေ့မလျော့သင့်ကြောင်းပင် ဖြစ်ပါသည်။

"ပစ္စယပရိဂ္ဂဟဉာဏ်"ဟူသည်မှာ၊ ဝါ၊ "ကင်္ခါဝိတရဏဝိသုဒ္ဓိ" ဟူသည်မှာ နာမရူပဝဝတ္ထာနဉာဏ်ဖြင့် ပိုင်းခြားမှတ်သားအပ်ပြီးသော နာမ်,ရုပ်နှစ်ပါးတို့၏ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကို သိမြင်သိမ်းဆည်းတတ်သောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်မည်၏၊ ဝါ၊ နာမ်,ရုပ်တို့၏ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကို သိမြင်သိမ်းဆည်းသဖြင့် အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟု ဆိုအပ်သော ကာလသုံးပါးတို့၌ ယုံမှားခြင်း တဆယ့်ခြောက်ပါးကို လွန်မြောက်နိုင်သည်ဖြစ်၍ ထိုယုံမှားခြင်းဟူသော အညစ်အကြေးကို ဆေးကြောသုတ်သင်စင်ကြယ်စေတတ်သော ဘာဝနာဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

ထိုကင်္ခါဝိတရဏဝိသုဒ္ဓိကို ရယူလိုသော ယောဂီသည် အစက ပင်လျှင် ရေးသားဖော်ပြမည့်နည်းအတိုင်း ဆင်ခြင်နှလုံးသွင်း၏။

ဆင်ခြင်နှလုံးသွင်းပုံမှာ ဤနာမ်,ရုပ်တရားတို့ကို အစွဲပြု၍ ခေါ်ဝေါ် ပညတ်အပ်သော သတ္တဝါသည် အကယ်၍ အကြောင်းကင်းလျက် အလိုလို ဖြစ်သည်ရှိသော် သောတပသာဒခေါ် နားဖြစ်ရာဌာန၌လည်း စက္ခုပသာဒခေါ် မျက်စိသည်သော်၎င်း,ဃာနပသာဒခေါ် နှာခေါင်းသည် သော်၎င်း၊ ဤသို့စသည်ဖြင့် အခြားသောပသာဒတို့သည် ဖြစ်နိုင်လေရာ၏။ ထို့အတူ စက္ခုပသာဒဖြစ်ကောင်းရာဌာန၌လည်း သောတပသာဒသော်၎င်း ဃာနပသာဒသော်၎င်း ဤသို့စသည်ဖြင့် အခြားသောပသာဒတို့သည် ဖြစ်နိုင်လေရာ၏၊ ထိုသို့ကားမဖြစ် သူ့နေရာနှင့်သူ သတ်မှတ်၍သာ ဖြစ်လေ့ရှိကြကုန်၏၊ ထိုသို့ ဖြစ်ခြင်းသည် အကြောင်းမဲ့မဟုတ် ထိုသို့ ဖြစ်ရန် အားကြီးထက်မျက်လှသော အကြောင်းသည် အမှန်ရှိရပေလိမ့်မည်။

၎င်းပြင် ဆိုခဲ့သည့်အတိုင်း ဤသတ္တဝါသည် အကြောင်းကင်းလျက် အလိုလိုဖြစ်ခဲ့သည်ရှိသော် စေတနာကံမရှိသော ကျောက်တုန်းကျောက်ခဲ, သစ်ပင်တောတောင် ရေမြေစသည်တို့၌လည်း မျက်စိအကြည်,နားအကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်ဟူသော ပသာဒငါးပါး တို့သည် ဖြစ်နိုင်ကြလေရာ၏၊ ဤသို့ကား မဖြစ်မူ၍ စေတနာကံရှိသော သက်ရှိသတ္တဝါတို့၌သာ ဖြစ်ကုန်၏၊ ဤသို့ ဖြစ်ရခြင်းသည် အကြောင်းမဲ့ မဟုတ်၊ ဤသို့ဖြစ်ရန် အားကြီးထက်မျက်လှသော အကြောင်းသည် အမှန်ရှိရပေလိမ့်မည်။

ဤမျှသာမကသေး ဆိုခဲ့သည့်အတိုင်း ဤသတ္တဝါသည် အကြောင်း ကင်းလျက် အလိုလိုဖြစ်ခဲ့သည်ရှိသော် ဤစက္ခုစသော ပသာဒတို့သည် အကြောင်းဘိုက်ဆိုင်ရာ အခါကာလကို မငဲ့စားဘဲ အခါခပ်သိမ်းဖြစ်၍ ကောင်းကင်ကြီးကဲ့သို့ အခါခပ်သိမ်း ရှိနေနိုင်ကြကုန်ရာ၏၊ ဤသို့ကား အခါခပ်သိမ်း မဖြစ်မရှိဘဲ အကြောင်းညီညွတ်တိုက်ဆိုင်ရာ ကာလ၌သာ ဆက်သက်ဖြစ်ပေါ်တည်ရှိ၍ သေဆုံးခြင်း, ကာဏ်းခြင်း, ပင်းခြင်းစသည် တို့ဖြင့် ကွယ်ပျောက်ပျက်စီးကြပြန်လေသည်၊ ဤသို့ မိမိအားရှိဖြစ်ပေါ်ခိုက် အကျိုးတရားကို ဖြစ်ပေါ်စေ၍ မိမိကုန်ဆုံးလျှင်လည်း အကျိုးတရားကို ကုန်ဆုံးပျက်စီးစေတတ်သော အားကြီးထက်မျက်လှသော အကြောင်း တရားသည် အမှန်ရှိရပေလိမ့်မည်။

ဤမျှသာမကသေး ဤနာမ်ရုပ်နှစ်ပါးကိုစွဲ၍ ခေါ်ဝေါ်ပညတ် အပ်သော သတ္တဝါသည် အကြောင်းကင်းလျက် အလိုလိုဖြစ်ခဲ့သည်ရှိသော် ဤစက္ခုစသော ပသာဒရုပ်တို့သည် ဝမ်းတွင်းကာဏ်း,ဝမ်းတွင်းပင်းတို့အား ၎င်း, အချုပ်ဖြဲဗွာ,အသည်းသတ်ဖြဲဗွာတို့အား၎င်း, တီကောင်,သန်ကောင်, ပရွက်ကာဏ်းစသည်တို့အား၎င်း ဖြစ်နိုင်ကုန်ကြလေရာ၏၊ ဤသို့ကားမဖြစ်၊ ထိုဆိုခဲ့ပြီးသော ဝမ်းတွင်းကာဏ်း,ဝမ်းတွင်းပင်း စသည်တို့မှတပါးသော သတ္တဝါတို့အားသာလျှင် ဖြစ်သော ရှိကြလေသည်။

ဤသို့ဖြစ်ထိုက်သော သတ္တဝါတို့အားသာလျှင် စက္ခုပသာဒစသော ပသာဒရုပ်,စက္ခုဝိညာဉ်စသော ဝိညာဉ်တို့ဖြစ်၍ မဖြစ်ထိုက်သော သတ္တဝါ တို့အား မဖြစ်ခြင်းသည် “ဖြစ်ထိုက်,မဖြစ်ထိုက်”ဟူသည်ကို ဖြစ်စေ တတ်သော အားကြီးထက်မျက်လှသော အကြောင်းတရားသည် ရှိရ ပေလိမ့်မည်။

ဆက်ဦးအံ့၊ ဤနာမ်,ရုပ်တရားကိုစွဲ၍ ခေါ်ဝေါ်ပညတ် သမုတ် အပ်သော သတ္တဝါသည် အကြောင်းကင်း၍ဖြစ်သည်မဟုတ်၊ တန်ခိုး တော်ရှင်ဖြစ်ကုန်သော ထာဝရဘုရားစသူတို့ ဖန်ဆင်း၍သာ ဖြစ်သည် ရှိသော် တန်ခိုးရှင်ဖြစ်ကုန်သော ထာဝရဘုရားစသူတို့ဟူ၍ နာမ်,ရုပ်မှ တပါး သီးခြားမရှိနိုင်သေရာ ဤထာဝရဘုရားစသူတို့သည်လည်း နာမ်, ရုပ်နှစ်ပါးပင် ဖြစ်ခဲ့သော် ထိုနာမ်,ရုပ်တရားကို အဘယ်သူသည် ဖန်ဆင်း သနည်း ? ထိုနာမ်,ရုပ်တရားကို ဖြစ်စေတတ်သော အားကြီးထက်မျက် လှသော အကြောင်းတရားသည် ရှိရပေလိမ့်မည်၊ ထိုအကြောင်းတရားကား အဘယ်ပါနည်း ? ဟု အောက်မေ့ဆင်ခြင်ရမည်။

တဖန်ဆက်လက်၍ ဤခန္ဓာအတ္တဘောသည် ဇာတိဒွအပအကြောင်းဖြစ်သော ဥတုအာဟာရတို့တွင် ဥတုကြောင့်သာ ဖြစ်ခဲ့သည်ရှိသော် ဥတုဇရုပ်ဟုဆိုအပ်သော ရေ,မြေ,တော,တောင်,သမုဒ္ဒရာစသည်တို့၌လည်း ဤစက္ခုစသော ပသာဒရုပ်တို့သည် ဖြစ်ပေါ်သင့်ကြကုန်သည့်ပြင် ဥတုဇရုပ်ရှိကုန်သော၊ ဝါ၊ ဥတုဇရုပ်နှင့် မကင်းကုန်သော ဝမ်းတွင်းကာဏ်း, ဝမ်းတွင်းပင်းစသည်တို့၌၎င်း, သန်ကောင်, တီကောင်စသည်တို့၌၎င်း ဤစက္ခုစသော ပသာဒရုပ်တို့သည် ဖြစ်သင့်ကုန်၏၊ ထိုသို့လည်းမဖြစ်ခဲ့။

ဤခန္ဓာအတ္တဘောသည် အာဟာရကြောင့်သာ ဖြစ်ခဲ့သည်ရှိသော် အာဟာရသဘော ဩဇာဓာတ်ရှိကုန်သော ရေ, မြေ, တော, တောင်, သမုဒ္ဒရာစသည်တို့၌၎င်း စတုဇရုပ်ရှိကုန်သော၊ ဝါ၊ အာဟာရဇရုပ်နှင့် မကင်းကုန်သော ဝမ်းတွင်းကာဏ်း,ဝမ်းတွင်းပင်းစသည်တို့၌၎င်း ပရွက်ကာဏ်း, သန်ကောင်, တီကောင်စသည်တို့၌၎င်း ဤစက္ခုစသောပသာဒရုပ်တို့သည် ဖြစ်သင့်ကုန်၏၊ ထိုသို့လည်းမဖြစ်ခဲ့။

တဖန်ဆက်လက်၍ ဤခန္ဓာအတ္တဘောသည် မိဘနှစ်ပါး၏ သုက်သွေး,ဥတု,အာဟာရဟူသော ဤကိုယ်ခန္ဓာမှအပ ဇာတိဒွအကြောင်းတို့ စုပေါင်းညီညွတ်ခြင်းကြောင့် ဖြစ်သည်ဟု ယူဆပြန်သော် ထိုသို့ တူညီသော မိဘနှစ်ပါးတို့၏ သုက်သွေးစသည်တို့ကြောင့်သာ ဖြစ်ခဲ့လျှင် သတ္တဝါအားလုံးတို့သည် တဦးနှင့်တယောက် မထူးမခြား တမျိုးတစားထည်း ဖြစ်ကြကုန်ရာ၏၊ ထိုသို့လည်းမဖြစ်ခဲ့။

ထိုထိုသို့သော သတ္တဝါသာမညကို မဆိုထားဘိ တဦးထည်းသော မိခင်၏ဝမ်းခေါင်း၌ တစုံထည်းသော မိဘတို့၏သုက်သွေးတို့ဖြင့် တဥတုထည်း တချိန်ထည်း၌ ပဋိသန္ဓေတည်နေ၍ တမျိုးထည်းသောအာဟာရ၏ အထောက်အပံ့ကို ရယူလျက် မွေးဖွားကြကုန်သော အမြွှာမွေးတို့အားသော်မှလည်း စက္ခုန္ဒြေစသည်တို့၏ ပြည့်စုံမှု, ချို့ငဲ့မှု, ကောင်းမွန်မှု, ယုတ်ညံ့မှု, အဆင်း၏လှပတင့်တယ်မှု, မတင့်တယ်မှု, ပညာ, သဒ္ဓါ, သီလစသည်ရှိမှု မရှိမှုစသည်တို့ဖြင့် မတူကွဲပြား ခြားနားထူးထွေလျက်ရှိသည်ကို တွေ့မြင်သိရှိကြရပြန်လေသည်။

ဤအကြောင်းဥဿုံ အလုံးစုံကို အာရုံမရှေ့ ကြိုအောက်မေ့၍ စေ့စေ့ဆင်ခြင်သည်ရှိသော် ဤခန္ဓာအတ္တဘောဟုဆိုအပ်သော သတ္တလောကအပေါင်းသည် အကြောင်းမဲ့ဖြစ်ပေါ်နိုင်သည်လည်းမဟုတ်၊ တစုံ

တယောက်ဖန်ဆင်း၍ ဖြစ်ပေါ်နိုင်သည်လည်းမဟုတ် ရှေးဦးအစ ဥပါဒ်ဖြစ်ပေါ်စေတတ်သော ဇနကဟိတ်၏အဖြစ်အားဖြင့် ဗဟိဒ္ဓဖြစ်သော မိဘတို့၏သုက်သွေး အပူအဟော့သော ဥတုစသည်တို့က ဖြစ်ပေါ်စေနိုင်သည်လည်းမဟုတ်၊ ဤခန္ဓာအတ္တဘော ဖြစ်ပေါ်သည်ရှိသော် ကြာညိုပဒုမ္မာကြာ ပုဏ္ဍရိက်ကြာ ကြာနားရှောင်းစသည်တို့၏အတွင်း၌ ဖြစ်သည်လည်းမဟုတ်၊ ပတ္တမြားပုလဲသွယ်စသည်တို့၏ အတွင်း၌ဖြစ်သည်လည်းမဟုတ်၊ အဟုတ်သော်ကား အစာသစ် အစာဟောင်းအိမ်တို့၏ အကြား၌ဝမ်းရေကိုနောက်မှိုပြု၍ ကျောရိုးကိုမျက်နှာမူလျက် အူသိမ် အူမတို့ခြံရံကာမိမိသည်လည်း မကောင်းသော အနံ့တို့ဖြင့် ရွံရှာဘွယ်ဖြစ်လျက်မကောင်းသောအနံ့တို့ဖြင့် ရွံရှာဘွယ်ရှိသော အလွန်ကျဉ်းမြောင်းသောနေရာ၌ ငါးပုတ် ဂျုံမှုန့်ပုတ် ရွံ့ညွန်နှင့်တကွ လုပ်ဆေးရေ ကိုယ်ဝန်အညစ်အကြေး အစရှိသည်တို့ကို သွန်ရာ ရွံ့ပုတ်ရှိသော ရေစီးရေအိုင်စသည်တို့၌ ဖြစ်ရသောပိုးလောက်ကဲ့သို့ဖြစ်ရ၏၊ (ထိုသို့ဖြစ်ရာ၌) အဝိဇ္ဇာတဏှာ ဥပါဒါန် ကံ ဤလေးပါးသော တရားတို့သည် ခန္ဓာအတ္တဘောကိုဖြစ်စေတတ်သောကြောင့် ဟိတ်အကြောင်းမည်၏၊ အာဟာရသည်ထောက်ပံ့တတ်သောကြောင့် ပစ္စည်းအထောက်အပံ့မည်၏။

ထိုအဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရဟူသော အကြောင်းပစ္စည်းငါးပါးတို့တွင်လည်း အဝိဇ္ဇာ,တဏှာ,ဥပါဒါန်သုံးပါးတို့သည် ဘဝသုံးပါး၌ ထင်ရှားရှိသောအပြစ်ကို ဖုံးလွှမ်းခြင်း, တောင့်တခြင်း, မြဲမြံစွာစွဲလမ်းခြင်းအားဖြင့် ကံ၏အကြောင်းဖြစ်ကုန်သောကြောင့်၎င်း၊ ဘဝ၌တပ်မက်တတ်သော တဏှာသည် ထိုကံ၏ အဖေါ်သဟဲအဖြစ်အားဖြင့်နီးသောအကြောင်းဖြစ်၍ ဘဝကို ပြုပြင်တတ်သောကြောင့်၎င်း မိခင်သည်ကလေးငယ်၏ မှီရာဖြစ်သကဲ့သို့ ဤခန္ဓာအတ္တဘော၏ အားကြီးသောမှီရာဖြစ်ကုန်၏၊ အဖသည် သားငယ်ကို ဖြစ်စေတတ်သကဲ့သို့ ကံသည် ဤခန္ဓာအတ္တဘောကို ဖြစ်စေတတ်သော ဇနကအကြောင်းဖြစ်၏၊ နို့ထိမ်းသည်ကလေးငယ်ကို စောင့်ရှောက်ရွက်ဆောင်သကဲ့သို့ အာဟာရသည် ခန္ဓာအတ္တဘောကို စောင့်ရှောက်ရွက်ဆောင်တတ်သော အထောက်အပံ့အကြောင်းမည်၏”ဟု ရုပ်၏အကြောင်းတရားကို သိမြင်သိမ်းဆည်းလေ၏။

ဤနာမ်ရုပ်တို့၏ အကြောင်းတရားများကို သိမြင်သိမ်းဆည်းရာ၌နာမရူပပရိစ္ဆေဒဉာဏ်၌ ဆိုခဲ့ပြီးသည့်အတိုင်း အကျိုးတရားဖြစ်သောနာမ်ရုပ်နှစ်ပါးကို သိမြင်သိမ်းဆည်းပြီးမှ ထိုနာမ်ရုပ်ဟူသော အကျိုးတရား

တို့၏ အကြောင်းကို စူးစမ်းဆင်ခြင်သိမြင်သိမ်းဆည်းသည်ဖြစ်ရာ နာမ်ရုပ်တို့၏ အနီးဆုံးအကြောင်းဖြစ်သော အဖန့်တူသော ကံကိုသိမြင်သိမ်းဆည်းပြီးမှ ထိုကံ၏အကြောင်း၊ အဖေါ်သဘဲဖြစ်၍ အမိနှင့်တူသော အဝိဇ္ဇာ, တဏှာ,ဥပါဒါန်တရားသုံးပါးကို သိမြင်သိမ်းဆည်းလေသည်၊ ထို့နောက်မှ တဖန် အမိအဖကြောင့် ဖြစ်ပေါ်မွေးဖွားပြီးသော ကလေးငယ်ကို အသက်ရှည်၍ တည်နေကြီးပွားအောင် ကျွေးမွေးရွက်ဆောင်သော အထိမ်းနှင့်တူသော အထောက်အပံ့ပစ္စည်းဖြစ်သော အာဟာရကို သိမြင်သိမ်းဆည်းသည်ဟု မှတ်ယူသင့်ပါသည်။

ရှုပါဦးမည်၊ အထက်၌ ဆိုခဲ့သည့်အတိုင်း ဤခန္ဓာအတ္တဘောသည် အကြောင်းမဲ့ဖြစ်သည်လည်းမဟုတ် ဖန်ဆင်းတတ်သူ သိကြားဗြဟ္မာစသည် အမိအဖတို့၏ သုက်သွေးစသည် ဗဟိဒ္ဓအကြောင်းများကြောင့် ဖြစ်ပေါ်နိုင်သည်လည်းမဟုတ်ဟု ဆင်ခြင်သိမြင်သော ယောဂီသည် အပသန္တာန်၌ဖြစ်သော ဗဟိဒ္ဓအကြောင်းမှတပါး မိမိ၏ သန္တာန်၌ဖြစ်သော အဇ္ဈတ္တအကြောင်းကိုသာ ဆင်ခြင်ရာတွင် စက္ခုစသည်ရှိ,မရှိ, အဆင်းလှ,မလှနှင့် အယုတ်အမြတ်စသည် တဦးနှင့် တယောက် မတူထူးခြားသည်ကို ဖြစ်စေတတ်သော အကြောင်းသည်ကား ဤအဇ္ဈတ္တသန္တာန်၌ ကုသိုလ်,အကုသိုလ်သဘောအားဖြင့် အချင်းချင်းမတူ ထူးခြားသော ကံတရားသာဖြစ်၏ဟု ရှေးဦးစွာ သိမြင်သိမ်းဆည်းနိုင်လေသည်။

တနည်းကား–ဤစက္ခုစသော ပသာဒတို့သည် ကုသိုလ်,အကုသိုလ်ဟူသော ကံမရှိရာ သစ်ပင်,တော,တောင်စသည်တို့၌မဖြစ်၊ ကုသိုလ်, အကုသိုလ်ဟူသော ကံရှိရာ သတ္တဝါသန္တာန်၌သာလျှင်ဖြစ်သောကြောင့် ထိုစက္ခုပသာဒစသည်တို့ရှိ,မရှိ,အဆင်းလှ,မလှနှင့် အယုတ်အမြတ်စသည် တဦးနှင့်တယောက် မတူထူးခြားသည်ကို ဖြစ်စေတတ်သော အကြောင်းသည်ကား ဤအဇ္ဈတ္တသန္တာန်၌ ကုသိုလ်,အကုသိုလ်သဘောအားဖြင့် အချင်းချင်းမတူထူးခြားသော ကံတရားသာဖြစ်၏ဟု ရှေးဦးစွာ သိမြင်သိမ်းဆည်းနိုင်လေသည်။

ထို့နောက် ထိုကုသိုလ်အကုသိုလ်ကံ အကြောင်းကို စူးစမ်းဆင်ခြင်ရာတွင် ဘဝသုံးပါး၌ လိုလားစွဲလမ်းမှု ဥပါဒါန်ရှိသော သူသည်သာလျှင် ထိုဘဝသုံးပါးကို ရယူနိုင်ရန် ကုသိုလ်ကံ,အကုသိုလ်ကံကို ပြုလုပ်တတ်သောကြောင့် ကံ၏အကြောင်းသည် ဥပါဒါန်ဖြစ်၏ဟု သိမြင်သိမ်းဆည်းနိုင်လေသည်။

တဖန် ဉပါဒါန်၏ အကြောင်းတရားကို စူးစမ်းဆင်ခြင်ရာတွင် ဘဝသုံးပါး၌ တပ်မက်မှုတဏှာရှိသူအားသာလျှင်ဘဝသုံးပါးကိုတောင်းတ စွဲလမ်းမှုဉပါဒါန်တရား ဖြစ်နိုင်သည်ကို မြင်သဖြင့်"တဏှာသည် ဉပါဒါန်၏ အကြောင်းဖြစ်၏"ဟု သိမြင်သိမ်းဆည်းနိုင်လေသည်။

တဖန် တဏှာ၏အကြောင်းတရားကို စူးစမ်းဆင်ခြင်ရာတွင် ဘဝ သုံးပါး၌ မုချရှိသောဆင်းရဲကို မသိမမြင်နိုင်အောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာရှိသူအားသာလျှင် ထိုဘဝသုံးပါးကို တပ်မက်မှု တဏှာဖြစ်နိုင် သည်ကို သိမြင်သဖြင့် "အဝိဇ္ဇာသည် တဏှာ၏အကြောင်းဖြစ်၏"ဟု သိမြင်သိမ်းဆည်းနိုင်လေသည်။

ဤသို့ အဝိဇ္ဇာကြောင့် တဏှာ,တဏှာကြောင့် ဉပါဒါန်,ဉပါဒါန် ကြောင့် ကံဖြစ်သည်ကိုလည်း "ယသ္မာ ပန အဝိဇ္ဇာ ပရိတဿတိ၊ ပရိတဿိတော ဉပါဒိယတိ၊ တဿုပါဒါနပစ္စယာ ဘဝေါ"ဟူ၍ ဝိသုဒ္ဓိမဂ် ပင္စိသမ္ဘိဒါမဂ်အဋ္ဌကထာတို့၌ မိန့်ဆိုတော်မူကြလေသည်။

ဤသို့လျှင် ရေးသားဖော်ပြခဲ့သည့်အတိုင်း နာမ်ရုပ်တို့၏ အကြောင်း တရားတို့ကို၊ ဝါ၊ ရုပ်၏အကြောင်းတို့ကို သိမြင်သိမ်းဆည်းပြီးလျှင် တဖန် သိသာထင်ရှားသော နာမ်၏အကြောင်းတရားတို့ကို စူးစမ်းဆင်ခြင် သိမြင်ပြန်လေသည်။

---

## စူးစမ်းဆင်ခြင်သိမြင်ပုံမှာ

စက္ခုပသာဒ—မျက်စိအကြည်, ရူပါရုံ—အဆင်းဓာတ် နှစ်ပါးစုံတို့ ကြောင့် စက္ခုဝိညာဉ်-မြင်သိစိတ်ဖြစ်သည်။

သောတပသာဒ-နားအကြည်, သဒ္ဒါရုံ-အသံဓာတ်, နှစ်ပါးစုံတို့ ကြောင့် သောတဝိညာဉ်—ကြားသိစိတ်ဖြစ်သည်။

ဃာနပသာဒ-နှာခေါင်းအကြည်, ဂန္ဓာရုံ-အနံ့ဓာတ်, နှစ်ပါးစုံတို့ ကြောင့် ဃာနဝိညာဉ်-နံသိစိတ်ဖြစ်သည်။

ဇိဝှါပသာဒ-လျှာအကြည်,ရသာရုံ-ရသာခတ်,နှစ်ပါးစုံတို့ကြောင့် ဇိဝှါဝိညာဉ်-လျက်သိစိတ်ဖြစ်သည်။

ကာယပသာဒ-ကိုယ်အကြည်, ဖောဋ္ဌဗ္ဗာရုံ-အတွေ့ခတ်, နှစ်ပါးစုံ တို့ကြောင့် ကာယဝိညာဉ်-တွေ့သိစိတ်ဖြစ်သည်။

ဘဝင်စိတ်, ဓမ္မာရုံ, နှစ်ပါးစုံတို့ကြောင့် မနောဝိညာဉ်-ကြံသိစိတ် ဖြစ်သည်ဟူ၍ နာမ်တရား၏ အကြောင်းတို့ကို သိမြင်သိမ်းဆည်းလေသည်။

တနည်း– ရှုးစမ်းဆင်ခြင် သိမြင်ပုံမှာ "စက္ခုပသာဒ-မျက်စိအကြည် ကိုငှင်း, ရူပါရုံ-အဆင်းတို့ကိုငှင်း,စွဲ၍ (အကြောင်းပြု၍) စက္ခုဝိညာဉ်- အမြင်စိတ်သည် ဖြစ်ရ၏၊ ထိုစက္ခုပသာဒ,ရူပါရုံ,စက္ခုဝိညာဉ် သုံးပါးတို့၏ ပေါင်းဆုံမှုကြောင့် အာရုံ၌ ကျရောက်၍ တွေ့ထိသကဲ့သို့သော ဖဿသည် ဖြစ်၏၊ ဖဿကြောင့် ကောင်း,မကောင်း, အလယ်အလတ်အားဖြင့် ခံစား တတ်သော ဝေဒနာသည်ဖြစ်၏၊ ဝေဒနာကြောင့် တပ်မက်မှု တဏှာသည် ဖြစ်၏၊ တဏှာမှတဖန် ဥပါဒါန်,ဘဝစသည်ဖြစ်၍ ဤနာမ်ရုပ်တရားတို့သည် ဖြစ်ပေါ်ရပြန်၏"ဟု နာမ်တရား၏ ထင်ရှားသော အကြောင်းတရားကို သိမြင်သိမ်းဆည်းလေသည်။

ကြွင်းသော သောတဝိညာဉ် စသည်တို့၏ အကြောင်းကို သိမြင် သိမ်းဆည်းရာ၌လည်း မိမိတို့၏ အသီးသီးသော ဒွါရ,အာရုံအားလျော်စွာ ဤနည်းကိုမှီ၍ သိနိုင်ပါသည်။

ဤသို့ အကြောင်းအဆက်ဆက်ဖြစ်ပုံကို နိဒါနဝဂ္ဂသံယုတ်ပါဠိ ဒုက္ခသုတ်၌ အောက်ပါအတိုင်း ဟောတော်မူပါသည်။

> "ကတမော စ ဘိက္ခဝေ ဒုက္ခဿ သမုဒယော။ စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ-ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ အယံ ခေါ ဘိက္ခဝေ ဒုက္ခဿ သမုဒယော"။

ဤသုတ်၌ ဝဋ်ဒုက္ခ၏ အကြောင်းတရားတို့ကို ဟောတော်မူရာဝယ် တဏှာတွင်သာ အဆုံးသပ် ရပ်တော်မူ၍ ဥပါဒါန်, ဘဝစသော အထက် ပဋိစ္စသမုပ္ပါဒ် အင်္ဂါများကို ဆက်လက်ဟောတော်မမူသည်ကိုထောက်ထား လျှင် တဏှာသည်သာလျှင် ဝဋ်ဒုက္ခဟူသော သံသရာလည်ခြင်း၏ ပဓာန အကြောင်းရင်းဖြစ်သည်ကို မမေ့မလျော့ သိမှတ်သင့်ပါသည်။

ၐင်းတဏှာဟူသော ဝဋ္ဋဒုက္ခ၏ ပဓာနအကြောင်းရင်း ချုပ်ငြိမ်းလျှင်လည်း ဥပါဒါန် ဘဝစသည် ချုပ်ငြိမ်း၍ ဒုက္ခအားလုံး ကုန်ဆုံးချုပ်ငြိမ်းသည်ဟူ၍လည်း ဤဒုက္ခသုတ်၌ပင် "တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓာ ဥပါဒါနနိရောဓော။ပ။ အယံ ခေါ ဘိက္ခဝေ ဒုက္ခဿ အတ္ထင်္ဂမောတိ"ဟူ၍ မြတ်စွာဘုရား ဆက်လက်ဟောတော်မူပါသည်။

**တဏှာနှင့်အဝိဇ္ဇာဘယ်ဟာကိုသတ်မည်နည်း?** ထို့ကြောင့် ဒုက္ခအားလုံး ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုရလိုပါလျှင် "တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗံ"စသည်ဖြင့် ဟောတော်မူသည်နှင့်အညီ "သမုဒယ သစ္စာ"ဟုဆိုအပ်သော ထိုတဏှာကိုပင် ပယ်သတ်ရမည်ဖြစ်ပါသည်။

တဏှာကို ပယ်သတ်ရမည်ဟူရာ၌လည်း မြှားဖြင့်အပစ်ခံရသော ခြင်္သေ့သည် မြှားကိုသာ ကိုက်ခဲခြင်းမပြုဘဲ မြှားပစ်သူ မုဆိုးကိုရှာ၍ ကိုက်သတ်သကဲ့သို့ "အဝိဇ္ဇာ ပရိတဿတိ"ဟူသည်နှင့်အညီ ဘဝသုံးပါး ဒုက္ခတရားကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာကြောင့်သာ တဏှာဖြစ်ရသော ကြောင့် အကြောင်းဖြစ်သော အဝိဇ္ဇာကိုသာလျှင် ပယ်သတ်ရမည် ဖြစ်ပါသည်။

အဝိဇ္ဇာကို ပယ်သတ်ခြင်းဟူသည်မှာလည်း ဒုက္ခသစ္စာကို အနိစ္စ, ဒုက္ခ,အနတ္တဟူ၍ ပိုင်းခြားသိမြင်နိုင်သော တီရဏပရိညာ သမ္မာဒိဋ္ဌိမဂ္ဂင် ဝိဇ္ဇာဉာဏ်ကို ဝိပဿနာမှစ၍ မင်္ဂကိစ္စတိုင်အောင် ပွားများခြင်းပင်တည်း။

ထို့ကြောင့် သဠာယတနဝဂ္ဂသံယုတ် အဝိဇ္ဇာပဟာနသုတ်၌—

"စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ"ဟု မြတ်စွာဘုရား ဟောတော်မူလေသည်။

ဆက်ပါဦးမည်၊ "သင်္ခါရပစ္စယာ ဝိညာဏံ"ဟူသော ပဋိစ္စသမုပ္ပါဒ်ပါဠိတော်အရ "သင်္ခါရ"ဟူသော ကံကြောင့်သာ သံသရာရှည်သော ကြောင့် ဒါန,သီလဟူသော သင်္ခါရကံကိုမပြုအပ်ဟု ဟောပြောသူများ ထိုဟောပြောချက်ကို ယုံကြည်၍ ဒါန,သီလကို မပြုကြသူများသည် အကျိုးတရားဖြစ်သော သင်္ခါရကိုသာ ပယ်သတ်၍ အကြောင်းတရား

ဖြစ်သော အဝိဇ္ဇာ,တဏှာတို့ကို မပယ်မသတ်နိုင်သောကြောင့် ခဲပစ်ခံရသော ခွေးသည် ခဲကိုသာကိုက်ခဲ၍ ခဲပစ်သူကို မရှာမသတ်နိုင်သည်နှင့် အလွန်တူလှသည့်ပြင် ထိုသို့ ဟောပြောကျင့်ကြံမှုသည် အဝိဇ္ဇာ,တဏှာ,ဒိဋ္ဌိ ဟူသော အပါယ်တံခါး သံသရာတံခါးကိုဖွင့်၍ ဒါန, သီလဟူသော သုဂတိတံခါး နိဗ္ဗာန်တံခါးကို ပိတ်ထားသော မာရ်မင်း၏ အာမခံသေ့တန်ကြီးနှင့်လည်း တူလှလေတော့သည်။

ဆက်ပါဦးမည်၊ ဤအကြောင်းအဆက်ဆက်ကို ဆင်ခြင်၍ သိမြင်သိမ်းဆည်းရာ၌ "ဝေဒနာကြောင့် တပ်မက်မှု တဏှာဖြစ်၏"ဟု ရေးသားဖေါ်ပြခဲ့ပါသည်၊ ဤဝေဒနာသုံးပါးကြောင့် တဏှာဖြစ်ပုံမှာ—

ဒုက္ခဝေဒနာကို ခံစားနေရသူသည် ဒုက္ခပျောက်၍ သုခရောက်စေလိုသောအားဖြင့် သုခကိုအာရုံပြု၍ တဏှာဖြင့် တောင့်တလေသည်။

သုခဝေဒနာကို ခံစားနေရသူသည် ထိုသုခကို အာရုံပြု၍ တဏှာဖြင့် လွန်စွာတောင့်တလေသည်။

"ဥပေက္ခာဝေဒနာ"ဟူသည်မှာ-ချမ်းအေးငြိမ်သက်လှသောကြောင့် သုခဝေဒနာနှင့် အတူတူပင် ဖြစ်လေသည်၊ ထို့ကြောင့် ဥပေက္ခာဝေဒနာကို ခံစားနေရသူသည် ၎င်းဥပေက္ခာဝေဒနာကိုအာရုံပြု၍ တဏှာဖြင့် တောင့်တလေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်စသော အဋ္ဌကထာတို့၌ အောက်ပါဂါထာကို မိန့်ဆိုတော်မူကြလေသည်။

ဒုက္ခီ သုခံ ပတ္ထယတိ၊ သုခီ ဘိယျောပိ ဣစ္ဆတိ။
ဥပေက္ခာ ပန သန္တတ္တာ၊ သုခမိစ္စေဝ ဘာသိတာ။ ။

အနက်— ဒုက္ခီ၊ ဆင်းရဲခြင်းရှိသောသူသည်။ သုခံ၊ ချမ်းသာကို။ ပတ္ထယတိ၊ တောင့်တ၏။ သုခီပိ၊ ချမ်းသာခြင်းရှိသောသူသည်လည်း။ ဘိယျော၊ လွန်စွာ။ သုခံ၊ ချမ်းသာကို။ ဣစ္ဆတိ၊ အလိုရှိ၏။ ပန၊ ဆက်ဦးအံ့။ ဥပေက္ခာ၊ ဥပေက္ခာကို။ သန္တတ္တာ၊ ငြိမ်သက်သည်၏အဖြစ်ကြောင့်။ သုခမိစ္စေဝ၊ သုခဟူ၍သာလျှင်။ ဘာသိတာ၊ ဟောအပ်၏။

ဆိုဆဲဘင်းလင်း စကားရင်းတွင် တပါးဝင်၍ အလျင်ပြတ်တောင်း အမိပ္ပါယ်ပေါင်းကို ပြန်ပြောင်းဆက်လက်ပါဦးအံ့။ ဤသို့ ဆိုခဲ့ပြီးသော အတိုင်း အဝိဇ္ဇာအစရှိသောအကြောင်း စက္ခုပသာဒအစရှိသော အကြောင်းတို့ကြောင့် ဤပစ္စုပ္ပန်ဘဝ၌ နာမ်ရုပ်တို့၏ဖြစ်ခြင်းကို သိမြင်ရသောယောဂီသည် လွန်လေပြီးသော အတိတ်များစွာ သံသရာကလည်း ဤသို့ပင် အကြောင်းတရားတို့ကြောင့် ဖြစ်ခဲ့လေပြီ၊ လာလတ့ံနောင်အခါ သံသရာ၌လည်း ဤသို့ပင် အကြောင်းတရားတို့ကြောင့် ဖြစ်ရဦးလတ့ံ”ဟု ပစ္စုပ္ပန်,အတိတ်,အနာဂတ်ဟူသော ကာလသုံးပါးတို့၌ အကြောင်းအကျိုး တရားတို့၏ အစဉ်အဆက် ဖြစ်ပျက်နေမှုကိုသာလျှင် ကောင်းစွာထင်ထင် သိမြင်ရလေသည်။

ထိုသို့ ကာလသုံးပါးတို့၌ ငါ,သူတပါး, ယောကျ်ား,မိန်းမ,အတ္တ, ဇီဝဟူ၍မရှိ၊ အကြောင်းအကျိုးတရား သက်သက်သာလျှင် ဆက်လက် ဖြစ်ပေါ်မှုကိုသာ သိမြင်ရသော ယောဂီသည် ထိုသို့ သိမြင်ရသော ကြောင့်ပင် ယုံမှားခြင်း တဆယ့်ခြောက်ပါးကို ပယ်ရှားလွန်မြောက်နိုင် တော့သည်။

---

## ယုံမှားခြင်း တဆယ့်ခြောက်ပါး

ယုံမှားခြင်း တဆယ့်ခြောက်ပါးဟူသည်မှာ— အတိတ်ဘဝ ခန္ဓာ အစဉ်ကိုစွဲ၍—

၁။ ငါသည် အတိတ်ဘဝများက ဖြစ်ခဲ့ဘူးလေသလော?။

၂။ ငါသည် အတိတ်ဘဝများက မဖြစ်ခဲ့ဘူးလေသလော?။

ဤယုံမှားမှုနှစ်ပါးမှာ သတ္တဝါဟူသည် အသက်, လိပ်ပြာအဖြစ် အားဖြင့် တဘဝမှ တဘဝသို့ ကူးပြောင်း၍ အမြဲရှိသည်ဟူသော သဿတဒိဋ္ဌိနှင့် အကြောင်းမဲ့ အလိုအလျောက် ဖြစ်သည်ဟူသော အဓိစ္စ- သမုပ္ပန္နိကြောင့်ဖြစ်သည်။

၃။ ငါသည် အတိတ်ဘဝများက အဘယ်သို့သောသူ ဖြစ်ခဲ့လေသနည်း?။

မင်း, သို့မဟုတ် ပုဏ္ဏား,လူ, သို့မဟုတ် နတ်, ဖြစ်ခဲ့လေသလော စသည်ဖြင့် ယုံမှားသည်ဟူလို။

၄။ ငါသည် အတိတ်ဘဝများက အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်ခဲ့လေသနည်း?။

နိမ့်သလော မြင့်သလော ဖြူသလော ညိုသလောစသည်ဖြင့် ယုံမှားသည်ဟူလို။

၅။ ငါသည် အတိတ်ဘဝများက အဘယ်သူဖြစ်၍ တဖန် အဘယ်သူဖြစ်ခဲ့လေသနည်း။

မင်းဖြစ်ပြီး ပုဏ္ဏားဖြစ်ပြန်သလော လူဖြစ်ပြီး နတ်ဖြစ်ပြန်သလော စသည်ဖြင့် ယုံမှားသည်ဟူလို။

ဤသို့လျှင် အတိတ်ခန္ဓာကိုစွဲ၍ ယုံမှားခြင်းငါးပါးဖြစ်၏။

အနာဂတ်ခန္ဓာအစဉ်ကိုစွဲ၍ ယုံမှားခြင်းဖြစ်ပုံမှာ—

၁။ ငါသည် အနာဂတ်ဘဝများ၌ ဖြစ်လတ္တံ့လော ?
၂။ ငါသည် အနာဂတ်ဘဝများ၌ မဖြစ်လတ္တံ့လော ?
၃။ ငါသည် အနာဂတ်ဘဝများ၌ အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း။
၄။ ငါသည် အနာဂတ်ဘဝများ၌ အဘယ်သို့သောအခြင်းအရာအားဖြင့် ဖြစ်လတ္တံ့နည်း။
၅။ ငါသည် အနာဂတ်ဘဝများ၌ အဘယ်သူဖြစ်၍ တဖန် အဘယ်သူ ဖြစ်လတ္တံ့နည်း။

အတိတ်ယုံမှားခြင်းငါးပါး၌ ဆိုခဲ့သောနည်းအတိုင်း အဓိပ္ပါယ်ကို သိပါလေ။

ဤသို့လျှင် အနာဂတ်ခန္ဓာအစဉ်ကိုစွဲ၍ ယုံမှားခြင်းငါးပါးဖြစ်လေသည်။

ပစ္စုပ္ပန်တပခန္ဓာကိုစွဲ၍ ယုံမှားခြင်းခြောက်ပါးဖြစ်ပုံမှာ—

၁။ ငါသည် ဟုတ်သလော ?

၂။ ငါသည် မဟုတ်သလော ?

၃။ ငါသည် အဘယ်သို့သောသူဖြစ်သနည်း။

၄။ ငါသည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်သနည်း။

၅။ ငါဟူသော ဤသတ္တဝါသည် အဘယ်ကလာသနည်း။

၆။ ငါဟူသော ဤသတ္တဝါသည် အဘယ်ဘဝသို့ သွားမည်နည်း။

ဤပစ္စုပ္ပန်ခန္ဓာကိုစွဲ၍ ယုံမှားခြင်း၌ အမှတ်(၁) (၂) ငါဟုတ်သလော မဟုတ်သလောဟူ၍ ယုံမှားခြင်းသည် "ဥမ္မတ္တကော ဝိယ ဟိ ဗာလပုထုဇ္ဇနော"ဟူသော မဟာဋီကာနှင့်အညီ ဗာလပုထုဇဉ်သည် အရူးနှင့်အတူဖြစ်၍ မိမိထင်ရာ ကြံစည်စိတ်ကူး၍ အထူးထူးယုံမှားခြင်းသာ ဖြစ်လေသည်။ အဘယ့်ကြောင့် ယုံမှားသနည်းဟူသော ယုတ္တိကို ရှာကြံ ဘွယ်မရှိ။

တနည်းကား— ဤခန္ဓာအတ္တဘောအတွင်း၌ အသက် လိပ်ပြာ ဟူသောငါသည် "တကယ်ရှိသလော မရှိသလော"ဟု ယုံမှားခြင်းဖြစ်လေသည်။

အမှတ်(၄) ငါသည် အဘယ်သို့သော အခြင်းအရာဖြစ်သနည်းဟု ယုံမှားခြင်းမှာလည်း ထို့အတူပင် အသက်, လိပ်ပြာဟူသော ငါသည် ဝ, ပိန်, နိမ့်, မြင့်, ဖြူ, ညိုစသည်ဖြင့် အဘယ်သို့ ဖြစ်သနည်းဟု ယုံမှားခြင်း ဖြစ်လေသည်။

ဤသို့လျှင် ပစ္စုပ္ပန်ခန္ဓာကိုစွဲ၍ ယုံမှားခြင်းခြောက်ပါးဖြစ်လေ၏။

အတိတ် အနာဂတ် ပစ္စုပ္ပန် ယုံမှားခြင်းကို ပေါင်းလျှင် ယုံမှားခြင်း တဆယ့်ခြောက်ပါး ဖြစ်သတည်း။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော အခွန့်သုံးပါး ဘဝများ၌ အကြောင်းတရား အကျိုးတရားတို့ကိုသာမြင်၍ ငါ သူတပါး ယောကျ်ား မိန်းမဟူသော အတ္တ ဇီဝကို မမြင်တော့သော ဝိပဿနာယောဂီသည် အတ္တ ဇီဝကိုစွဲ၍ဖြစ်သော ဤယုံမှားမှု တဆယ့် ခြောက်ပါးကို ကျော်လွှားလွန်မြောက် ပယ်ဖျောက်နိုင်သည်ဟူလို။

အချို့သော ယောဂီသည်ကား "သူတော်ကောင်းတရားကို ကြားနာရခြင်း အသင့်အတင့်နှလုံးသွင်းခြင်း စသည်တို့ကြောင့် ကုသိုလ်စိတ်ဖြစ်၏။

သူတော်ကောင်းတရားကို မကြားနာရခြင်း, မသင့်မတင့် နှလုံးသွင်းခြင်း စသည်တို့ကြောင့် အကုသိုလ်စိတ်ဖြစ်၏။

ကုသိုလ်ကံကြောင့် ကုသိုလ်၏အကျိုး ကောင်းသော ဝိပါက်စိတ်ဖြစ်၏။

အကုသိုလ်ကံကြောင့် အကုသိုလ်၏အကျိုး မကောင်းသော ဝိပါက်စိတ်ဖြစ်၏"ဟု နာမ်တရား၏ အကြောင်းကို သိမြင်သိမ်းဆည်းပြီးလျှင်—

မျက်စိအကြည်စသော ပသာဒရုပ်ငါးပါး,နှလုံးသွေးဟုဆိုအပ်သော ဟဒယရုပ်တပါး, မိန်းမ၏အဖြစ်, ယောကျ်ား၏အဖြစ်ဟု ဆိုအပ်သော ဘာဝရုပ်နှစ်ပါး ဤကိုးပါးသော ရုပ်တရားတို့သည် ကံကြောင့်ဖြစ်ကုန်၏။

ဣရိယာပုထ်လေးပါး, ကိုယ်၏လှုပ်ရှားမှုဟု ဆိုအပ်သော ကာယဝိညတ်, နှုတ်မြွက်ပြောဆိုခြင်းဟု ဆိုအပ်သော ဝစီဝိညတ်နှင့် အသံဓာတ်သည် စိတ်ကြောင့်ဖြစ်၏။

ရုပ်တရားတို့သည် ဥတု, အာဟာရတို့ကြောင့်လည်း ဖေါက်ပြန်ဖြစ်ပျက်၍ နေသည်ကို တွေ့မြင်ရသဖြင့် ဥတု,အာဟာရတို့ကြောင့်လည်း ဖြစ်၏ဟု ရုပ်တရားတို့၏ အကြောင်းကို သိမြင်သိမ်းဆည်းလေသည်။

အချို့ ယောဂီသည် ရှေးဘဝ၌ ကုသိုလ်, အကုသိုလ်ကံကို ပြုသည်ရှိသော် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဤအကြောင်းငါးပါးတို့သည် ဖြစ်ကုန်၏၊ ဤသို့ဖြစ်သော အကြောင်းငါးပါးတို့သည်ပဋိသန္ဓေ ယခုဘဝ၌ ဝိညာဉ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာဟူသော အကျိုးတရားငါးပါးတို့ကို ဖြစ်စေတတ်ကုန်၏၊ တဖန် ယခုပစ္စုပ္ပန်ဘဝ၌ ကုသိုလ်, အကုသိုလ်ကံကို ပြုသည်ရှိသော် အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝ ဤအကြောင်းငါးပါးတို့သည် နောင်လာလတ့်သောဘဝ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော အကြောင်းဖြစ်ကုန်၏။

ဤသို့လျှင် ကမ္မဝဋ် ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်တို့၏ အကြောင်းကို သိမြင်သိမ်းဆည်းလေသည်။

ပစ္စုပ္ပန်ဘဝခန္ဓာကိုစွဲ၍ ယုံမှားခြင်းခြောက်ပါးဖြစ်ပုံမှာ—

၁။ ငါသည် ဟုတ်သလော ?

၂။ ငါသည် မဟုတ်သလော ?

၃။ ငါသည် အဘယ်သို့သောသူဖြစ်သနည်း။

၄။ ငါသည် အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်သနည်း။

၅။ ငါဟူသော ဤသတ္တဝါသည် အဘယ်ကလာသနည်း။

၆။ ငါဟူသော ဤသတ္တဝါသည် အဘယ်ဘဝသို့ သွားမည်နည်း။

ဤပစ္စုပ္ပန်ခန္ဓာကိုစွဲ၍ ယုံမှားခြင်း၌ အမှတ်(၁) (၂) ငါဟုတ်သလော မဟုတ်သလောဟူ၍ ယုံမှားခြင်းသည် "ဥမ္မတ္တကော ဝိယ ဟိ ဗာလပုထုဇ္ဇနော" ဟူသော မဟာဋီကာနှင့်အညီ ဗာလပုထုဇဥ်သည် အရူးနှင့်အတူဖြစ်၍ မိမိထင်ရာ ကြိစည်စိတ်ကူး၍ အထူးထူးယုံမှားခြင်းသာဖြစ်လေသည်။ အဘယ့်ကြောင့် ယုံမှားသနည်းဟူသော ယုတ္တိကို ရှာကြံဘွယ်မရှိ။

တနည်းကား— ဤခန္ဓာအတ္တဘောအတွင်း၌ အသက် လိပ်ပြာဟူသောငါသည် "တကယ်ရှိသလော မရှိသလော" ဟု ယုံမှားခြင်းဖြစ်လေသည်။

အမှတ်(၄) ငါသည် အဘယ်သို့သော အခြင်းအရာဖြစ်သနည်းဟု ယုံမှားခြင်းမှာလည်း ထို့အတူပင် အသက်,လိပ်ပြာဟူသော ငါသည် ဝ, ဝိန်, နိမ့်, မြင့်, ဖြူ, ညိုစသည်ဖြင့် အဘယ်သို့ ဖြစ်သနည်းဟု ယုံမှားခြင်းဖြစ်လေသည်။

ဤသို့လျှင် ပစ္စုပ္ပန်ခန္ဓာကိုစွဲ၍ ယုံမှားခြင်းခြောက်ပါးဖြစ်လေ၏။

အတိတ် အနာဂတ် ပစ္စုပ္ပန် ယုံမှားခြင်းကို ပေါင်းလျှင် ယုံမှားခြင်း တဆယ့်ခြောက်ပါး ဖြစ်သတည်း။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော အခွန့်သုံးပါး ဘဝများ၌ အကြောင်းတရား အကျိုးတရားတို့ကိုသာမြင်၍ ငါ သူတပါး ယောကျ်ား မိန်းမဟူသော အတ္တ ဇီဝကို မမြင်တော့သော ဝိပဿနာယောဂီသည် အတ္တ ဇီဝကိုစွဲ၍ဖြစ်သော ဤယုံမှားမှု တဆယ့်ခြောက်ပါးကို ကျော်လွှားလွန်မြောက် ပယ်ဖျောက်နိုင်သည်ဟူလို။

အချို့သော ယောဂီသည်ကား "သူတော်ကောင်းတရားကို ကြားနာရခြင်း အသင့်အတင့်နှလုံးသွင်းခြင်း စသည်တို့ကြောင့် ကုသိုလ်စိတ်ဖြစ်၏။

သူတော်ကောင်းတရားကို မကြားနာရခြင်း, မသင့်မတင့် နှလုံးသွင်းခြင်း စသည်တို့ကြောင့် အကုသိုလ်စိတ်ဖြစ်၏။

ကုသိုလ်ကံကြောင့် ကုသိုလ်၏အကျိုး ကောင်းသော ဝိပါက်စိတ်ဖြစ်၏။

အကုသိုလ်ကံကြောင့် အကုသိုလ်၏အကျိုး မကောင်းသော ဝိပါက်စိတ်ဖြစ်၏"ဟု နာမ်တရား၏ အကြောင်းကို သိမြင်သိမ်းဆည်းပြီးလျှင်—

မျက်စိအကြည်စသော ပသာဒရုပ်ငါးပါး,နှလုံးသွေးဟုဆိုအပ်သော ဟဒယရုပ်တပါး, မိန်းမ၏အဖြစ်, ယောကျ်ား၏အဖြစ်ဟု ဆိုအပ်သော ဘာဝရုပ်နှစ်ပါး ဤကိုးပါးသော ရုပ်တရားတို့သည် ကံကြောင့်ဖြစ်ကုန်၏။

ဇရိယာပုထ်လေးပါး, ကိုယ်၏လှုပ်ရှားမှုဟု ဆိုအပ်သော ကာယဝိညတ်, နှုတ်မြွက်ပြောဆိုခြင်းဟု ဆိုအပ်သော ဝစီဝိညတ်နှင့် အသံဓာတ်သည် စိတ်ကြောင့်ဖြစ်၏။

ရုပ်တရားတို့သည် ဥတု, အာဟာရတို့ကြောင့်လည်း ဖေါက်ပြန်ဖြစ်ပျက်၍ နေသည်ကို တွေ့မြင်ရသဖြင့် ဥတု,အာဟာရတို့ကြောင့်လည်း ဖြစ်၏ဟု ရုပ်တရားတို့၏ အကြောင်းကို သိမြင်သိမ်းဆည်းလေသည်။

အချို့ ယောဂီသည် ရှေးဘဝ၌ ကုသိုလ်, အကုသိုလ်ကံကို ပြုသည်ရှိသော် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဤအကြောင်းငါးပါးတို့သည် ဖြစ်ကုန်၏၊ ဤသို့ဖြစ်သော အကြောင်းငါးပါးတို့သည်ပဋိသန္ဓေယခုဘဝ၌ ဝိညာဉ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာဟူသော အကျိုးတရားငါးပါးတို့ကို ဖြစ်စေတတ်ကုန်၏၊ တဖန် ယခုပစ္စုပ္ပန်ဘဝ၌ ကုသိုလ်, အကုသိုလ်ကံကို ပြုသည်ရှိသော် အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝ ဤအကြောင်းငါးပါးတို့သည် နောင်လာလတံ့သောဘဝ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော အကြောင်းဖြစ်ကုန်၏။

ဤသို့လျှင် ကမ္မဝဋ် ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်တို့၏ အကြောင်းကို သိမြင်သိမ်းဆည်းလေသည်။

## အဝိဇ္ဇာစသည်ဖြစ်ပုံ အဓိပ္ပါယ်ရှင်းလင်းချက်

ရှေးဘဝ၌ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုသည်ရှိသော် အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန်ဘဝ ဤအကြောင်းငါးပါးတို့သည် ဖြစ်ကုန်၏”ဟု ရေးသားဖော်ပြခဲ့ပါသည်၊ အဓိပ္ပါယ်မှာ ထိုသို့ကုသိုလ်ကံ အကုသိုလ်ကံကို ပြုသည်ရှိသော် ဝဋ်ဒုက္ခ၏အပြစ်ကို မသိအောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာကြောင့် ထိုကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးတရား၌ တပ်မက်တတ်သော တဏှာသည်ဖြစ်၏၊ ထိုတဏှာကြောင့် ကံ၏အကျိုးတရား၌ စွဲလမ်းတတ်သော ဥပါဒါန်သည်ဖြစ်၏၊ ဥပါဒါန်ကြောင့် ထိုကုသိုလ်ကံ အကုသိုလ်ကံကို အားထုတ်ရာတွင် ကိစ္စမပြီးမီ ရှေးအဘို့၌ဖြစ်သော စေတနာတို့သည် သင်္ခါရမည်၍ ကိစ္စကိုပြီးစေတတ်သော နောက်အဘို့၌ ဖြစ်သော စေတနာတို့သည် ဘဝမည်၏။

ဥပမာ– ဒါနကုသိုလ်ကံကိုပြုရာတွင် “ငါသည် ဒါနပြုအံ့”ဟု စိတ်ကို ဆောက်တည်၍ တလပတ်လုံးဝှင်း, တနှစ်ပတ်လုံးဝှင်း ဒါနနှင့်ဆိုင်ရာ ဝေယျာဝစ္စတို့ကို စီမံဆဲသောသူအားဖြစ်သော စေတနာတို့သည် ကိစ္စ မပြီးမီ ရှေ့အဘို့၌ ပြုအပ်သော စေတနာများ သင်္ခါရတရားတို့မည်ကုန်၏၊ အလှူခံတို့၏လက်သို့ အလှူဝတ္ထုကို ပေးကမ်းလှူဒါန်းသောသူအားဖြစ်သော စေတနာသည် ကိစ္စကိုပြီးစေတတ်သော နောက်အဘို့ စေတနာဘဝမည်၏။

တနည်းကား— ဇောခုနစ်ချက်တို့တွင် ရှေ့ဇောခြောက်ချက်နှင့် ယှဉ်သော စေတနာတို့သည် သင်္ခါရမည်ကုန်၏၊ နောက်ဆုံးသတ္တမဇောနှင့် ယှဉ်သော စေတနာသည် ဘဝမည်၏။

တနည်းကား– ကုသိုလ်, အကုသိုလ်စိတ်နှင့်ယှဉ်သော သဟဇာတ စေတနာသည်သင်္ခါရမည်၏၊ နောက်မှ အကျိုးပေးသော နာနာက္ခဏိက စေတနာသည် ဘဝမည်၏။

ဤသို့လျှင် ကမ္မဝဋ်,ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်တို့၏ အကြောင်းကို သိမြင်သိမ်းဆည်းလေသည်ဟု ရေးသားဖော်ပြခဲ့ပါသည်။

ထိုသို့ ရေးသားဖော်ပြခဲ့ရာ၌ ဝဋ်သုံးပါးဟူသည်မှာ—

၁။ အဝိဇ္ဇာ,တဏှာ,ဥပါဒါန် ဤသုံးပါးသည် ကိလေသာဖြစ်၍ သံသရာ၌ ဖန်ခါမပြတ် လည်စေတတ်, ဖြစ်စေတတ်သော ကြောင့် ကိလေသဝဋ်မည်၏။

၂။ စေတနာသည် ကံဖြစ်၍ သံသရာ၌ ဖန်ခါမပြတ် လည်စေ တတ် ဖြစ်စေတတ်သောကြောင့် ကမ္မဝဋ်မည်၏။

၃။ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏတို့သည် အကျိုးဝိပါက်ဖြစ်၍ သံသရာ၌ ဖန်ခါမပြတ် လည်စေတတ် ဖြစ်စေတတ်သောကြောင့် ဝိပါကဝဋ်မည်၏။

အထက်ပါစကားရပ်၌အဝိဇ္ဇာ တဏှာ ဉပါဒါန်ဟူသော ဤသုံးပါး သည် ကိလေသဝဋ်ပင်ဖြစ်သော်လည်း စေတနာဟုဆိုအပ်သော ကမ္မဝဋ်၏ အဖေါ်သဟဲဖြစ်ခြင်းကြောင့် ကမ္မဝဋ်၌ ထည့်သွင်းပြီးလျှင် ထိုကမ္မဝဋ်၏ အစွမ်းအားဖြင့်ရင်း ဆိုခဲ့သော ဝိညာဉ်စသော ဝိပါကဝဋ်၏ အစွမ်း အားဖြင့်ရင်း နာမ်ရုပ်တို့၏ အကြောင်းကို သိမြင်သိမ်းဆည်းသည်ဟူလို။

**ဝဋ္ဋနှင့် ဝိဝဋ္ဋ—** ဆက်ပါဦးမည်၊ အမိပ္ပါယ်ရှင်းလင်းချက်၏အစ၌ "ထိုကုသိုလ်ကံ အကုသိုလ်ကံ ပြုခဲ့သည်ရှိသော် ဝဋ်ဒုက္ခ၏အဖြစ်ကို မသိ အောင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာကြောင့် ထိုကုသိုလ်, အကုသိုလ်ကံ၏ အကျိုး၌ တပ်မက်တတ်သော တဏှာသည်ဖြစ်၏"စသည်ဖြင့် ရေးသား ဖေါ်ပြခဲ့ပါသည်၊ ထိုသို့ ရေးသားဖေါ်ပြခဲ့ခြင်းသည် "ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ"အစရှိသော ပဋိသမ္ဘိဒါမဂ်ပါဠိကိုရင်း။

"တတ္ထ ပုရိမကမ္မဘဝသ္မိန္တိ ပုရိမေ ကမ္မဘဝေ၊ အတီတဇာတိယံ ကမ္မဘဝေ ကရိယမာနေတိ အတ္ထော"အစရှိသော ဝိသုဒ္ဓိမဂ်,ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့ကိုရင်း မှီ၍ရေးသားဖေါ်ပြခြင်း ဖြစ်ပါသည်။

ဤပါဠိ,အဋ္ဌကထာလာ အမိပ္ပါယ်များကို ထောက်ထား၍ ဒါန, သီလစသည် တစုံတခုသော ကုသိုလ်ကို ပြုသောအခါ ရရှိလတံ့သော သုဂတိအကျိုးတရားတို့၌ အနိစ္စ,ဒုက္ခ,ဝိပရိဏာမစသော အဖြစ်ကို မမြင် အောင် ဖုံးကွယ်တတ်သော အဝိဇ္ဇာကို အနည်းဆုံး တဒင်္ဂပဟာန်အားဖြင့် သော်လည်း ဖယ်ရှားသတ်ဖြတ်နိုင်ရန် အရေးကြီးလေသည်။ မှန်လှ၏၊ အဝိဇ္ဇာမရှိမှသာလျှင် တဏှာ, ဉပါဒါန်တို့မရှိ၍ ပြုအပ်သော ကုသိုလ် စေတနာ ကမ္မဘဝသည်လည်း ဝဋ်ကိုမှီသော ဝဋ္ဋနိဿိတကုသိုလ်အဖြစ်မှ လွှတ်မြောက်နိုင်သည့်ပြင် အနိစ္စ, ဒုက္ခ, ဝိပရိဏာမစသော ဝဋ်သုံးပါး၏ အဖြစ်ကို သိမြင်သော ဝိဇ္ဇာဉာဏ်နှင့် ဝဋ်မှကင်းရာနိဗ္ဗာန်ကို လိုလား တောင့်တသော ကုသလစ္ဆန္ဒပတ္ထနာများဖြစ်၍ ဝဋ်မှကင်းရာ နိဗ္ဗာန်အာရုံ ပြုသောအားဖြင့်ဖြစ်သော ဝိဝဋ္ဋကုသိုလ်ဖြစ်နိုင်လေသည်။

ထိုသို့ အဝိဇ္ဇာဖုံးလွှမ်း တဏှာဖမ်းသောစိတ်ဓာတ်ဖြင့် ဝဋ်စည်းစိမ်ကို တောင့်တ၍ ပြုအပ်သော ကုသိုလ်ဟူသမျှသည် ဝဋ္ဋနိဿိတကုသိုလ်ဖြစ်သဖြင့် ဝဋ်ကိုသာရယူနိုင်၍ ဝဋ်ဒုက္ခကို သိမြင်ငြီးငွေ့သော ဝိဇ္ဇာဉာဏ်နိဗ္ဗာန်ကိုတောင့်တသော ကုသလစ္ဆန္ဒဖြင့် ဆည်းပူးပြုလုပ်သော ကုသိုလ်ကောင်းမှုဟူသမျှသည်သာ ဝဋ်မှကင်းရာ နိဗ္ဗာန်ကိုမှီသော ဝိဝဋ္ဋကုသိုလ်ဖြစ်၍ နိဗ္ဗာန်တိုင်အောင် ရနိုင်ကြောင်းကိုလည်း ဧကင်္ဂုတ္တရပါဠိ ပဏိဟိတအစ္ဆဝဂ်၌ မြတ်စွာဘုရားဟောတော်မူပါသည်။

ထိုသုတ်၏အဖွင့်၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူပါသည်။

"သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋသန္နိဿိတဝသေန မိစ္ဆာ ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ နော ဝိဝဋ္ဋံ။ "ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူ"တိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ"

အနက်— ဝဋ္ဋသမ္ပတ္တိံ၊ ဝဋ်စည်းစိမ်ကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဝဋ္ဋသန္နိဿိတဝသေန၊ ဝဋ်၌မှီသည်၏ အစွမ်းအားဖြင့်။ မိစ္ဆာ၊ ဖေါက်ပြန်သောအားဖြင့်။ စိတ္တံ၊ စိတ်ကို။ ဌပိတံ၊ ထားအပ်သည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ ဝဋ္ဋမေဝ၊ ဝဋ်ကိုသာလျှင်။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဝိဝဋ္ဋံ၊ ဝဋ်မှကင်းရာဖြစ်သောနိဗ္ဗာန်ကို။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ နော သက္ကောတိ၊ မစွမ်းနိုင်။ ပန၊ ဝိဝဋ္ဋကို ဆိုဦးအံ့။ မေ၊ အကျွန်ုပ်၏။ ဣဒံ ဒါနံ၊ ဤဒါနသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရားတို့၏ကုန်ရာဖြစ်သော နိဗ္ဗာန်သို့ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣတိ ဧဝံ၊ ဤသို့။ ဝိဝဋ္ဋံ၊ ဝဋ်မှကင်းရာဖြစ်သော နိဗ္ဗာန်ကို။ ပတ္ထေန္တေန၊ တောင်းတသောပုဂ္ဂိုလ်သည်။ ဝါ၊ တောင့်တသဖြင့်။ ဝိဝဋ္ဋဝသေန၊ ဝဋ်မှကင်းရာ နိဗ္ဗာန်ကိုမှီသည်၏ အစွမ်းအားဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဌပိတံ၊ ထားအပ်သော။ စိတ္တံ၊ စိတ်သည်။ အရဟတ္တမ္ပိ၊ အရဟတ္တဖိုလ်ကိုငင်း။ ပစ္စေကဗောဓိဉာဏမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကိုငင်း။ သဗ္ဗညုတဉာဏမ္ပိ၊ သဗ္ဗညုတဉာဏ်ကိုငင်း။ ဒါတုံ၊ ပေးခြင်းငှါ။ သက္ကောတိယေဝ၊ စွမ်းနိုင်သည်သာလျှင်တည်း။

ဤသို့သော သဘောအဓိပ္ပါယ်ကို ရည်မှန်း၍ အချို့သောဆရာတော်ရဟန်းတော်များသည် ဒါယကာတို့၏ အလှူဒါနပြုရာ၌ ရေစက်မချမီဆုမတောင်းမီ ရှေးအဘို့ကပင် ဝဋ်ကိုငြီးငွေ့၍ နိဗ္ဗာန်ကိုတောင့်တ

နိုင်ကြရန် ကာမာဒီနဝကထာ နိဿရဏကထာ စသည်တို့ဖြင့် ဟောပြော ဆုံးမတော်မူကြလေသည်။ အချို့သောဆရာတော်များသည်လည်း "ဇာဒိ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု"စသည့် နိဗ္ဗာန်ကို ဆုတောင်း ကြောင်း ဆုတောင်းပုံတို့ကို ဝိ့ချ၍ ပေးတော်မူကြလေသည်။

အချို့ရဟန်းတော်များမှာ— "ဇာမံ ဒါနဝတ္ထုံ ခယဓမ္မံ ဝယဓမ္မံ၊ ပဋိဂ္ဂါဟကောဝိ ခယဓမ္မော ဝယဓမ္မော" ဟူသော လက်တန်းပါဠိကို အနက်နှင့်တကွ ဝိ့ချသည်ကိုလည်း ကြားရဘူးပါသည်။

အနက်ကိုလည်း "ဇာမံ ဒါနဝတ္ထုံ၊ ဤအလှူဝတ္ထုသည်။ ခယဓမ္မံ ဝယဓမ္မံ၊ ဥပါဒ်,ဌီ,ဘင်အားဖြင့် ကုန်တတ် ပျက်တတ်သော သဘောရှိ၏။ ပဋိဂ္ဂါဟကောဝိ၊ အလှူခံပုဂ္ဂိုလ်သည်လည်း။ ခယဓမ္မော ဝယဓမ္မော၊ ဥပါဒ်, ဌီ,ဘင်အားဖြင့် ကုန်တတ်ပျက်တတ်သော သဘောရှိ၏။ စသည်ဖြင့် ဝိ့ချ ပေးကြလေသည်။

ဤဝိ့ချပေးနည်းသည် "ဇာဒိ မေ ပုညံ"စသည့် ဝိ့ချနည်းကဲ့သို့ သင့်လျော်လျောက်ပတ် ကောင်းမြတ်သည်မထင်၊အကြောင်းမှာ"ဒါနဝတ္ထုံ ပဋိဂ္ဂါဟကော"အရ အလှူဝတ္ထု,အလှူခံပုဂ္ဂိုလ်တို့သည် အဝိဇ္ဇမာနပညတ် ဖြစ်၍ သမ္မသန မထိုက်သောကြောင့်တည်း။

မှန်လှ၏၊ အနိပ္ဖန္နရုပ်တို့သည်ပင် ဥပါဒ်စသည့်, အနိစ္စတာစသည့် လက္ခဏာမရှိသောကြောင့် သမ္မသနမထိုက်ခဲ့လျှင် ပညတ်ဟူသည်မှာ နဂို ကပင် ပရမတ္ထအားဖြင့်မရှိ၊ ကံ,စိတ်,ဥတု,အာဟာရ အကြောင်းလေးပါး တို့တွင် မည်သည့်အကြောင်းကြောင့်မျှ ဖြစ်သည်မဟုတ်၍ ဥပါဒ်လည်း မရှိ၊ ဥပါဒ်မရှိလျှင် ဌီ,ဘင်လည်းမရှိသောကြောင့် အဘယ်မှာ သမ္မသန ထိုက်မည်နည်း။

**အဓိပ္ပါယ်—** "ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ"ဟူသော ထိုထိုပါဠိတော် များအရ "ဖြစ်ပြီးလျှင် ကုန်တတ်, ပျက်တတ်သောကြောင့် အနိစ္စ၊ ထိုအနိစ္စသည်ပင် ကြောက်ဘွယ်ကောင်းသောကြောင့် ဒုက္ခ၊ ထိုအနိစ္စ, ဒုက္ခသည်ပင် ငါဟူသော သတ္တ, ဇီဝမှကင်းသောကြောင့် အနတ္တ" စသည်ဖြင့် လက္ခဏာရေးသုံးပါးတင်၍ ရှုအပ်,သိအပ်သော ပရိညာတ ဝတ္ထုမဟုတ်၍ ခယဓမ္မော ဝယဓမ္မောဟူ၍လည်း ရှု၍မဖြစ်ဟူလို။

> မြတ်စွာဘုရားသည် ထိုသို့ပုဂ္ဂလဒေသနာ သမုတိကထာများကို ဟောတော်မူသည်မှာလည်း ဟိရိဩတ္တပ္ပကိုပြရန်, ကမ္မဿကတာကို ပြရန်စသည် အကြောင်းရှစ်ပါးတို့ကြောင့်သာ ဟောတော်မူသည်၊ ပုဂ္ဂိုလ်သတ္တဝါကို အာရုံပြု၍ လက္ခဏာရေးတင်ကာ ဝိပဿနာရှုရန် မဟုတ် ဝိပဿနာရှုရန်ကား "ရူပံ အနိစ္စံ" "ဝေဒနာ အနိစ္စာ"စသည် ဖြင့်၎င်း "သဗ္ဗေ သင်္ခါရာ အနိစ္စာ"စသည်ဖြင့်၎င်း ပရမတ္ထဒေသနာ တော်ကိုသာ ဟောတော်မူပါသည် ပရမတ်တရားကို အာရုံပြု၍သာ လက္ခဏာရေးတင်ရန် ဟောတော်မူသည်ဟူလို။

ထို့ကြောင့်သီလက္ခန္ဓဋီကာဟောင်း၌ "ပရမတ္ထဓမ္မော ဟိ အနိစ္စော ဒုက္ခော အနတ္တာတိ စ ဝုစ္စတိ၊ န သမ္မုတိဓမ္မော"ဟု မိန့်ဆိုတော်မူလေပြီ။

ရှေးရှေးအဋ္ဌကထာဝိဂ မဟာသာဝကများမှစ၍ ယနေ့တိုင်အောင် သော ပညာရှိဆရာတော်များသည်လည်း ပရမတ်နာမ်ရုပ်တရားကိုသာ လျှင် လက္ခဏာရေးတင်ကာ ပွားများရန် ဆုံးမဟောကြားတော်မူကြ ပါသည်။

ဤသို့စသည် အကြောင်းချားစွာကို ထောက်ထား၍ ကာမာဒီနဝ စသည်ကို ဟောကြားဆုံးမခြင်း "ဇာနံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု"စသည်ကို ပို့ချပေးခြင်းသည်သာ သဘာဝယုတ္တိ အာဂမယုတ္တိ များရှိ၍ အသင့်လျော်ဆုံးဖြစ်သည်၊ "ဇာမံ ဒါနဝတ္ထုံ ခယဓမ္မံ ဝယဓမ္မံ၊ ပဋိဂ္ဂါဟကောပိ ခယဓမ္မော ဝယဓမ္မော"စသည်ပို့ချခြင်း ရွတ်ဆိုခြင်း သည်ကား ဘုရားရှင်နှင့်တကွ သာဝကတို့၏ လုပ်ထုံးမဟုတ်၍ ယုတ္တတရ မဖြစ်ဟု သိမှတ်သင့်ပါသည်။

အလျှင်ပြတ်တောင်း စကားဟောင်းကို ပြန်ပြောင်းဆက်လက် ပါဦးမည်။

အဝိဇ္ဇာစသည် နာမ်ရုပ်တို့၏ အကြောင်းကို သိမြင်သိမ်းဆည်း ရာတွင် အခြင်းအရာ အကျယ်အဓိပ္ပါယ်ကို ရေးသားဖေါ်ပြပြီး၍ ကံဟူသော နာမ်ရုပ်တို့၏အကြောင်းကို သိမြင်သိမ်းဆည်းရာတွင်ကံတရား၏ အခြင်းအရာ အကျယ်အဓိပ္ပါယ်ကို ရေးသားဖေါ်ပြရန် အခွင့်ဆိုက်ရောက် လာပြီ ဖြစ်သော်လည်း ဤနေရာ၌ ကံ၏အကျယ် အဓိပ္ပါယ်ကို မရေးသား

တော့သဲ သတ္တမမြောက် ပစ္စဝေက္ခဏာ ကမ္မဝိဘတ္တိ— ကံကို ဝေဘန်ခဏ်းကို ပြန်လည်ဘတ်ရှုလေ့လာရန်သာ ညွှန်ကြားအပ်ပါသည်၊ ထိုကမ္မဝိဘတ္တိခဏ်းကိုလည်း ကောင်းစွာလေ့လာ၍ သိရှိနားလည်မှ သာလျှင် ''ထာမဂတံ ဟောတိ အနေကာကာရဝေါကာရပစ္စယပရိဂ္ဂဟ· ဝိမိနော အနုဒ္ဓိတတ္တာ''ဟူသော မဟာဋီကာနှင့်အညီ ပစ္စယပရိဂ္ဂဟဉာဏ် သည် ခိုင်သန်အားရှိ၍ ယုံမှားခြင်း တဆယ့်ခြောက်ပါး ယုံမှားခြင်းရှစ်ပါး ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးတို့ကို လွယ်ကူစွာလွန်မြောက်သော ကင်္ခါဝိတရဏ· ဝိသုဒ္ဓိအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်သောကြောင့် အနည်းဆုံး သုတ္တန်နည်း ကမ္မဝိဘတ္တိခဏ်းကို မပျက်မကွက် ပြန်လည်လေ့လာဘတ်ရှုရန် အထူး တိုက်တွန်းအပ်ပါသည်။

ထိုသို့ ကမ္မဝိဘတ္တိခဏ်းကို ပြန်လည်ဘတ်ရှုလေ့လာ၍ သိရှိနားလည် အပ်သော ကံတဆယ့်နှစ်ပါးလုံးကို ကမ္မဝဋ်၌ထည့်သွင်း၍ ဆိုခဲ့သော အဝိဇ္ဇာ,တဏှာ,ဥပါဒါန်တို့နှင့်တကွသော ဤကမ္မဝဋ်၏ အစွမ်းအားဖြင့် ၎င်း, ဝိညာဉ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာဟူသော ဝိပါကဝဋ်၏ အစွမ်းအားဖြင့်၎င်း နာမ်ရုပ်တို့၏ အကြောင်းတရားကို သိမြင်သိမ်းဆည်း ရလေသည်။

ဤကမ္မဝဋ် ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့် အကြောင်းတရား ကြောင့် အကျိုးနာမ်ရုပ်တို့၏ ဖြစ်ပုံကိုသိရ၍ ''ဤနာမ်ရုပ်သည် ယခု ပစ္စုပ္ပန်ဘဝ၌ အကြောင်းတရားကြောင့် ဖြစ်သကဲ့သို့ပင် အတိတ်ဘဝများ စွာကလည်း ကမ္မဝဋ် ဝိပါကဝဋ်တို့၏ သဘောအားဖြင့် အကြောင်းတရား ကြောင့် ဖြစ်ခဲ့ရလေပြီ။ အနာဂတ်ဘဝ၌လည်း ကမ္မဝဋ် ဝိပါကဝဋ်တို့၏ သဘောအားဖြင့်ပင်လျှင် အကြောင်းတရားကြောင့် ဖြစ်ရဦးလတ့်''ဟု ကံကိုရင်း ကံ၏အကျိုးကိုရင်း ကံဟူသောအဆင့်ဆင့် လည်တတ်သော တရားကိုရင်း ဝိပါက်ဟူသော အဆင့်ဆင့်လည်တတ်သော တရားကိုရင်း ကံဟူသော အကြောင်းအကျိုးအဖြစ်ဖြင့် စပ်သော အစဉ်ကိုရင်း (အဝိဇ္ဇာ တဏှာ ဥပါဒါန် ဘဝအားဖြင့် အကြောင်းအကျိုးစပ်သော အကြောင်း တရား၏ အစဉ်ဟူလို။) ဝိပါက်ဟူသော အကြောင်းအကျိုးအဖြစ်ဖြင့် စပ်သောအစဉ်ကိုရင်း (ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အားဖြင့် အကြောင်းအကျိုးစပ်သော အကျိုးတရား၏ အစဉ်ဟူလို) ပြုခြင်းကြိယာကိုရင်း ပြုခြင်းကြိယာ၏အကျိုးကိုရင်း ကောင်းစွာထင်ထင် သိမြင်ရ၏။

ဤသို့ ကမ္မဝဋ်,ဝိပါကဝဋ်အစွမ်းအားဖြင့် အကြောင်းတရား အကျိုးတရားတို့၏ အဆင့်ဆင့်လည်ပုံ စပ်ပုံစသည်တို့ကို ရှုမြင်ရသော ယောဂီအား "ငါသည် အတိတ်ဘဝက ဖြစ်ခဲ့လေသလော"စသည်ဖြင့် အထက်၌ ဆိုခဲ့သော ယုံမှားခြင်း တဆယ့်ခြောက်ပါးတို့သည် လွင့်ပါးပြေပျောက်ကုန်တော့၏။ အလုံးစုံသော ဘဝယောနိတို့၌ အကြောင်းအကျိုး အဆက်အစပ်၏ အစွမ်းအားဖြင့်ဖြစ်သော နာမ်ရုပ်မျှသည်သာလျှင် ထင်တော့၏။ ထိုယောဂီသည် အကြောင်းတရားထက် ပိုလွန်၍ အကျိုးကိုပြုတတ်သော သတ္တဝါကိုမမြင်၊ နာမ်ရုပ်ဟူသော အကျိုးတရားထက် ပိုလွန်၍ ခံစားတတ်သူ သတ္တဝါကိုလည်းမမြင်၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံဟူသော အကြောင်းတရား ဖြစ်သည်ရှိသော် ထိုအကြောင်းတရားကိုပင် ပြုတတ်သူဟူ၍ရင်း, ဝိညာဉ်,နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာဟူသော အကျိုးတရားဖြစ်သည်ရှိသော် ထိုအကျိုးတရားကိုပင် ခံစားတတ်သူဟူ၍ရင်း အမည်နာမပညတ်မျှဖြင့် ပညာရှိများ ခေါ်ဝေါ်ကြပါကုန်သည်တကားဟု မဲဘောက်မပြန် ဟုတ်မှန်သော ဝိပဿနာပညာဖြင့် ကောင်းစွာထင်ထင် သိမြင်ရလေတော့၏။

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ကမ္မဝဋ်,ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်တို့၏ အကြောင်းကို သိမြင်သိမ်းဆည်းပြီးသောကြောင့် အဓ္ဓန်သုံးပါးတို့၌ တမှားခြင်းတို့ကို ပယ်ဖျောက်ပြီးသော ယောဂီအား အလုံးစုံသော အတိတ်,အနာဂတ်,ပစ္စုပ္ပန်တရားတို့သည် စုတိ,ပဋိသန္ဓေ၏ အစွမ်းအားဖြင့်သာလျှင် ထင်ရှားလာကုန်၏။

ထိုယောဂီ၏ ထိုသို့ထင်ထင်ရှားရှား ပိုင်းခြားသိမြင်နိုင်သော ဝိပဿနာဉာဏ်သည်ပင် နာမ်ရုပ်တို့ကို အကြောင်းနှင့်တကွ သိမြင်နိုင်သော ဉာတပရိညာမည်၏။

အဓ္ဓန်သုံးပါး၌ဖြစ်ကုန်သော တရားခပ်သိမ်းတို့ကို စုတိ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် သိမြင်ပုံမှာ "အတိတ်ဘဝ၌ ကံဟူသောအကြောင်းကြောင့် ဖြစ်ကုန်သော ခန္ဓာငါးပါး နာမ်ရုပ်တရားတို့သည် ထိုအတိတ်ဘဝမှာပင် ချုပ်ပျောက်ကြလေကုန်ပြီ။ တနည်းကား— အတိတ်ဘဝကံဟူသော အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ထိုအတိတ်ဘဝ ခန္ဓာမှ တပါးအသစ်တခြားဖြစ်ကုန်သော ခန္ဓာတို့သည်ဖြစ်ကုန်၏ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လိုက်ပါလာသော တစုံတခုသော တရားမည်သည်မရှိ

ဤပစ္စုပ္ပန်ဘဝ၌ ကံဟူသော အကြောင်းကြောင့်ဖြစ်ကုန်သော ခန္ဓာတို့သည်လည်း ဤပစ္စုပ္ပန်ဘဝ၌ ချုပ်ပျောက်ကုန်လတ္တံ့၊ နောင်တဖန် ဘဝသစ်၌ ဤပစ္စုပ္ပန်ခန္ဓာမှတပါး အသစ်တခြားဖြစ်ကုန်သော ခန္ဓာတို့သည် ဖြစ်ကုန်လတ္တံ့ ဤပစ္စုပ္ပန်ဘဝမှ နောင်တဖန်ဘဝသစ်သို့ တစုံတခုသော ရုပ်နာမ်တရားသော်မှ လိုက်ပါသွားမည်မဟုတ်ချေ။

ဥပမာကား– ဆရာ၏ခံတွင်းမှ စာပေကျမ်းဂန် ပို့ချသရဇ္ဈာယ်သံသည် တပည့်၏ခံတွင်းသို့ ဝင်သွားသည်မဟုတ်ပါဘဲလျက် ထိုဆရာ၏ သရဇ္ဈာယ်သံဟူသော အကြောင်းကြောင့်သာလျှင် တပည့်၏ခံတွင်း၌ သင်အံသရဇ္ဈာယ်သံဖြစ်သကဲ့သို့၎င်း မျက်နှာ၌ လိမ်းချယ်မွမ်းမံထားသော သနပ်ခါးနံ့သာသည် မှန်ကြေးမုံပြင်၌ထင်သော မျက်နှာသို့ ကူးပြောင်းသွားသည် မဟုတ်ပါဘဲလျက် ထိုမျက်နှာပြင်၌ လိမ်းချယ်မွမ်းမံထားသော သနပ်ခါးနံ့သာဟူသော အကြောင်းကြောင့်သာလျှင် မှန်ကြေးမုံပြင်၌ ထင်သောမျက်နှာဝယ် သနပ်ခါးနံ့သာရိပ် ထင်ရသကဲ့သို့၎င်း ပဌမဖရောင်းတိုင်မှ မီးစာ မီးလျှံသည် ကူးယူသော ဒုတိယဖရောင်းတိုင်ရှိ မီးစာသို့ ရွှေ့ပြောင်းသွားသည်မဟုတ်ဘဲလျက် ထိုပထမဖရောင်းတိုင်ရှိ မီးစာမီးလျှံဟူသော အကြောင်းကြောင့်သာလျှင် ကူးယူသော ဒုတိယဖရောင်းတိုင်၌ မီးလျှံဖြစ်ရသကဲ့သို့၎င်း ဤအတူပင်လျှင် အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ တစုံတခုသော အကြောင်းအကျိုးတရားမျှ ပြောင်းရွှေ့လာသည်မဟုတ်ဘဲ အတိတ်ဘဝက ခန္ဓာ အာယတန ဓာတ်ဟူသော အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာ အာယတန ဓာတ်ဟူသော အကျိုးတရားတို့သည် ဖြစ်ကုန်၏၊ ဤပစ္စုပ္ပန်ဘဝမှလည်း လာလတ္တံ့သော ဘဝသို့ တစုံတခုသော အကြောင်းအကျိုးမျှ ပြောင်းရွှေ့သွားမည် မဟုတ်ဘဲ ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာ အာယတန ဓာတ်ဟူသော အကြောင်းတရားတို့ကြောင့်သာလျှင် လာလတ္တံ့ဘဝ၌ ခန္ဓာ အာယတန ဓာတ်ဟူသော အကျိုးတရားတို့ဖြစ်ကုန်လတ္တံ့”ဟု အဓွန့်သုံးပါး၌ ဖြစ်ကုန်သော ခပ်သိမ်းသောတရားတို့ကို စုတိ,ပဋိသန္ဓေ၏အစွမ်းအားဖြင့် ပိုင်းခြားထင်ထင် သိမြင်လေ၏။

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း စုတိ, ပဋိသန္ဓေ၏ အစွမ်းအားဖြင့် အကြောင်းနှင့်တကွသော နာမ်ရုပ်တရားအလုံးစုံကို သိရှိပြီးသော ယောဂီ၏ ရုပ်နာမ်တို့၏အကြောင်းကိုသိမ်းဆည်းသိမြင်သော ပစ္စယပရိဂ္ဂဟဉာဏ်သည် သန်မြန်ထက်မြက်သော အားအစွမ်းသို့ ရောက်ရှိလေတော့၏၊ ထိုယောဂီအား ယုံမှားခြင်း တဆယ့်ခြောက်ပါးတို့သည် အလွန်စင်ကြယ်စွာ

ထည်းသော တည်ရာရှိသော သက္ကာယဒိဋ္ဌိလျှင် မှီရာရှိသော ဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့သည်လည်း မနေသာ ကင်းကွာကြရလေတော့ သည်သာလျှင်တည်း။

ဤအဓိပ္ပါယ်မှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် မဟာဋီကာတို့ကိုမှီ၍ ရေးသားဖော်ပြအပ်သော အဓိပ္ပါယ်ဖြစ်ပါသည်။

တနည်း— ရတနာသုံးပါး သိက္ခာသုံးပါးတို့၌ ယုံမှားခြင်း ကင်းပုံမှာ ဆိုခဲ့သည့်အတိုင်း ကမ္မဝဋ်,ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်တို့ကို သိမြင်သိမ်းဆည်းပြီးသော ယောဂီသည် "ကမ္မဝိပါကော ဘိက္ခဝေ အစိန္တေယျော" ဟူသည်နှင့်အညီ အလွန်ဆန်းကြယ်သော အကျိုးပေးရှိသောကံနှင့် အလွန်ဆန်းကြယ်သော ကံ၏အကျိုးပေးကိုလည်း တစိပ်တဒေသအားဖြင့် သိမြင်သိမ်းဆည်းပြီးဖြစ်ရာ မြတ်စွာဘုရား၏ အစိန္တေယျဘုန်းကံ ပါရမီတော်တို့ကြောင့် ဖြစ်ပေါ်သော သုံးဆယ့် နှစ်ပါးသော မဟာပုရိသလက္ခဏာ လက္ခဏာတော်ငယ်ရှစ်ဆယ် စသည် တို့ဖြင့် ဆန်းကြယ်လှစွာသော အစိန္တေယျဝိပါကရုပ် အဆင်းတော်သည် ကေန်မုချ ရှိလိမ့်မည်ဟု သိမြင်မှုပညာ၊ ယုံကြည်မှု သြကပ္ပနသဒ္ဓါတို့ဖြင့် "သတ္ထုသရီရကာယ်ါ"ဟု ဆိုအပ်သော ဘုရားရှင်၏ ရုပ်အဆင်းတော်၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်လေသည်။

အလားတူပင် မြတ်စွာဘုရား သိမြင်ဟောကြားတော်မူအပ်သော အဝိဇ္ဇာ, သင်္ခါရအစရှိသော အကြောင်းတရားများ, နာမ်ရုပ်အစရှိသော အကျိုးတရားများ, အနိစ္စ,ဒုက္ခ,အနတ္တတရားများကို ဆိုခဲ့သော ဒိဋ္ဌိဝိသုဒ္ဓိ အမည်ရသော နာမရူပဝဝတ္ထာနညာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိညာဏ်, ယထာဘူတညာဏ်, သမ္မာဒဿနညာဏ် အမည်ရသော ပစ္စယပရိဂ္ဂဟညာဏ် တို့ဖြင့် သိမြင်သိမ်းဆည်းပြီးသော ယောဂီသည် သဗ္ဗညုတညာဏ်၏ အာရုံ ဖြစ်သော တရားတစိပ်တဒေသကို သိမြင်သိမ်းဆည်းပြီးဖြစ်ရာ ဤသို့စသည် တရားဥသုံ အလုံးစုံကို အကုန်မကျန် အမှန်အတိုင်း သိမြင်တတ်သော သဗ္ဗညုတညာဏ်သည် အမှန်မုချ ရှိလိမ့်မည်ဟု သိမြင်မှုပညာ, ယုံကြည်မှု သြကပ္ပနသဒ္ဓါတို့ဖြင့် "သတ္ထုဂုဏကင်္ခါ"ဟု ဆိုအပ်သော မြတ်စွာဘုရား၏ သဗ္ဗညုတညာဏ် အစရှိသော ဂုဏ်ကျေးဇူးတော်တို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်လေသည်။

အလားတူပင် ဆိုခဲ့သော ဒိဋ္ဌိဝိသုဒ္ဓိ အမည်ရသော နာမရူပ ဝဝတ္ထာနဉာဏ်စသည်တို့ဖြင့် မိမိကိုယ်တိုင်ပင် တဏှာမှတပါး အကြောင်းနှင့် တကွသော နာမ်ရုပ်ဟု ဆိုအပ်သော ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်လျက် ရှိသောကြောင့်ရင်း, ထိုသို့ ပိုင်းခြားသိမြင်ခြင်းဖြင့် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ခွါလွှမ်းမိုးလျက်ရှိရာ ထိုသက္ကာယဒိဋ္ဌိနှင့် သမ္ပယုတ်အားဖြင့် ယှဉ်ဘော် ယှဉ်ဘက်ဖြစ်သော တဏှာသမုဒယသစ္စာကိုလည်း ပယ်ခွါ လွှမ်းမိုးလျက် ရှိသောကြောင့်ရင်း, အဝိဇ္ဇာသင်္ခါရစသော အကြောင်း တရားချုပ်ငြိမ်းလျှင် နာမ်ရုပ်စသော အကျိုးတရားလည်း ချုပ်ငြိမ်းရသည်ဟု အနုမောဓအားဖြင့် နိရောဓသဘောကို သိမြင်လျက်ရှိသောကြောင့်ရင်း, ထိုသို့ ပိုင်းခြားနိုင်, လွှမ်းမိုးနိုင်, အာရုံပြုသိမြင်နိုင်သော အနုဗောဓဉာဏ် သမ္မာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော မဂ္ဂသစ္စာကို ပွားများဆဲဖြစ်သောကြောင့်ရင်း "ဤဝိပဿနာဉာဏ်ထက် ထက်မြက်အားရှိ၍ ဒုက္ခသစ္စာကို ပိုင်းခြားသိမြင် နိုင်သော သမုဒယသစ္စာကို အကြွင်းမဲ့ပယ်သတ်နိုင်သော နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်သော အပြီးတိုင် ပွားများအပ်ပြီးသော မဂ္ဂသစ္စာသည် ဧကန်မုချ ရှိပေလိမ့်မည်"ဟု ဆင်ခြင်သိမြင်မှုပညာ သက်ဝင်ယုံကြည်မှု ဩကပ္ပနသဒ္ဓါတို့ဖြင့် "ဓမ္မေ ကင်္ခါ"ဟု ဆိုအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ်တို့၌ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်လေသည်။

ထိုသို့ တရားတော်၌ ဆင်ခြင်သိမြင်မှု,ယုံကြည်သက်ဝင်မှုရှိသည်နှင့် အမျှ "ဤသမ္မာဒိဋ္ဌိမဂ္ဂင် အမျိုးရှိသော မဂ္ဂင်ရှစ်ပါးဟူသော နိဗ္ဗာန် ရောက်ကြောင်း ကောင်းမြတ်သော သမ္မာပဋိပဒါ,ကိလေသာကို နောင်ခါ တဖန် မပြန်မလာ ကင်းကွာပျောက်ငြိမ်းစေတတ်သော အနိဝတ္တိပဋိပဒါကို ပွားများသောအားဖြင့် ကျင့်ကြံကြဆဲ, ကျင့်ကြံကြပြီးဖြစ်ကုန်သော မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်,ရှစ်တန်ထေရ်ကျော်သံဃာတော်သည် အမှန်မုချရှိပေလိမ့်မည်"ဟု ဆင်ခြင်သိမြင်သောပညာ သက်ဝင်ယုံကြည်သော ဩကပ္ပနသဒ္ဓါဖြင့် "သံဃေ ကင်္ခါ"ဟုဆိုသောသံဃာတော်၌ ယုံမှားခြင်းကိုလည်းပယ်ဖျောက် နိုင်လေသည်။

မိမိကိုယ်တိုင်ပင်လျှင် ကိလေသာတို့၏ အထူးသဖြင့် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့၏ ထကြွမှုကို နှိမ်နှင်းနိုင်သည့်တိုင်အောင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟူသော အဓိသီလသိက္ခာပုဒ်ကိုရင်း သမ္မာ ဝါယာမ သမ္မာသတိ သမ္မာသမာဓိဟူသော အဓိစိတ္တသိက္ခာပုဒ်ကိုရင်း သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဟူသော အဓိပညာသိက္ခာပုဒ်ကိုရင်း ပွားများသော

အားဖြင့် ပြည့်ကျင့်လျက်ရှိရာ သိက္ခာပုဒ်တော်ကို လွန်ကျူးကြောင်း ဖြစ်သော ဝီတိက္ကမကိလေသာ၊ ထိုးကျင့်ထကြွတတ်သော ပရိယုဋ္ဌာန ကိလေသာ၊မဂ်ဖြင့် မပယ်သေးသမျှ အကြောင်းဆုံက ဖြစ်ပေါ်ရန် အသင့် တည်ရှိနေသော အနုသယကိလေသာတို့ကို အစဉ်အတိုင်း တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန်တို့ဖြင့် ပယ်သတ်နိုင်သော အဓိသီလ သိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာဟူသော သိက္ခာသုံးပါးတို့သည် အမှန်မုချ ရှိကုန်၏ဟု ဆင်ခြင်သိမြင်မှုပညာ သက်ဝင်ယုံကြည်မှု ဩကပ္ပန သဒ္ဓါတို့ဖြင့် "သိက္ခာယ ကင်္ခါ"ဟု ဆိုအပ်သော သိက္ခာသုံးပါး၌ ယုံမှားခြင်းကို ပယ်ရှင်းဖြေဖျောက်နိုင်လေသည်။

ဤအဓိပ္ပါယ်မှာ ခုဒ္ဒကဝိဘင်း ပါဠိ,အဋ္ဌကထာ မဇ္ဈိမနိကာယ် ဝိမံသကသုတ် ပါဠိ,အဋ္ဌကထာ ဗောဓိရာဇကုမာရသုတ် အဋ္ဌကထာတို့ကို မှီ၍ ရေးသားဖော်ပြအပ်သော ယထာရဟအဓိပ္ပါယ် ဖြစ်ပါသည်။

**စူဠသောတာပန်**— ဤကင်္ခါဝိတရဏဝိသုဒ္ဓိ ယထာဘူတ သမ္မာဒဿန အမည်ရှိသော ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ပြည့်စုံသောယောဂီသည် သာသနာ တော်၌ သက်သာရာကို ရအပ်ပေပြီ၊ ထောက်ရာတည်ရာကို ရအပ်ပေပြီ လူ့နတ်သုဂတိဟု ဆိုအပ်သော မြဲသောလားရာရှိသော သောတာပန်ငယ် သောတာပန်လောင်း စူဠသောတာပန်မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အောက်ပါအတိုင်း မိန့်ဆိုတော် မူလေသည်။

> "ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ"။

**အနက်**— ပန၊ အကျိုးကိုဆိုဦးအံ့။ ဣမိနာ ဉာဏေန၊ ဤယထာ ဘူတဉာဏ်နှင့်။ ဝါ၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာယောဂီသည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော တည်ရာရှိသည်။ နိယတဂတိကော၊ မြဲသော သုဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

## သက်သာရာနှင့် ထောက်ရာတည်ရာ

ဤအဌကထာပါဠိ၌ "လဒ္ဓဿာသော"အရ သာသနာတော်၌ သက်သာရာဟူသည်မှာ ပရမတ္ထအားဖြင့် အရိယာဖိုလ်ဖြစ်လေသည်၊ "လဒ္ဓပတိဋ္ဌော"အရ ထောက်ရာတည်ရာဟူသည်မှာ အရိယာမင် ဖြစ်လေသည်။

ဤယထာဘူတဉာဏ်နှင့် ပြည့်စုံသော ယောဂီသည်ကား အရိယာ မင်,ဖိုလ်ကို မရရှိသေးသော်လည်း ထိုမင်,ဖိုလ်ကိုရကြောင်း ကောင်း မြတ်သောအကျင့်၌ တည်သည်၏အဖြစ်ကြောင့် ဥပစာအားဖြင့် "သက် သာရာကို ရပြီးသူ ထောက်ရာတည်ရာကို ရပြီးသူ"ဟု ဆိုအပ်လေသည်။

မမေ့လျော့ မကွယ်ပျောက်သော ကင်္ခါဝိတရဏာဝိသုဒ္ဓိဉာဏ်ရှိသော ဝိပဿနာယောဂီသည် ဓမ္မတာအတိုင်း လောကီသီလ, သမာဓိ, ပညာ တို့နှင့် ပြည့်စုံမြဲဖြစ်သောကြောင့် မင်,ဖိုလ်ကိုမရသေးသော်လည်း အပါယ် မကျတော့ဘဲ လူ့နတ်သုဂတိဟူသော မြဲသောလားရာ လည်းလျောင်းရာ ရှိသောကြောင့် သောတာပန်နှင့်တူရကား စူဠသောတာပန်မည်ပါသည်။

**သက်သာရာတနည်း**— တနည်းကား— နာမရူပပရိစ္ဆေဒဉာဏ်ဟု ဆိုအပ်သော ဒိဋ္ဌိဝိသုဒ္ဓိကို ရရှိခြင်းဖြင့် လဒ္ဓဿာသ— ရအပ်သော သက်သာရာရှိသူ မည်ပါသည်၊ ထိုစကားမှန်၏၊ နာမ်ရုပ်ကိုပိုင်းခြား၍ သိခြင်းဖြင့် ခန္ဓာ,အာယတနစသော တရားတို့ကို ၎င်းတို့၏ အသီးအသီး သော လက္ခဏာ ကိစ္စအားဖြင့် ကောင်းစွာဆင်ခြင် သိမြင်မှတ်သား၍ သာသနာတော်၌ တရားနှင့်စပ်သော ဝမ်းမြောက်နှစ်သက်ခြင်းကို ရရှိ သဖြင့် လဒ္ဓဿာသ— ရအပ်သောသက်သာရာရှိသူမည်ပါသည်။

**ထောက်ရာတည်ရာတနည်း**— ကင်္ခါဝိတရဏာဝိသုဒ္ဓိဟု ဆိုအပ်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိခြင်းဖြင့် လဒ္ဓပတိဋ္ဌ— ရအပ်သော ထောက်ရာ တည်ရာ ရှိသူမည်၏။ ထိုစကားမှန်၏၊ အကြောင်းနှင့်တကွသော နာမ်ရုပ် တရားကို သိမြင်ခြင်းဖြင့် မိစ္ဆာဒိဋ္ဌိဟုဆိုအပ်သော ဆူးငြောင့်ကို နှင်းနယ် ချေဖျက်ပြီးသည်ဖြစ်၍၎င်း, လောကသည် အကြောင်းမဲ့ဖြစ်၏ဟု ယူဆ စွဲလမ်းသော အဟေတုကဝါဒ,ထာဝရဘုရားစသည် ဖန်ဆင်း၏စသည်ဖြင့် ယူဆစွဲလမ်းသော ဝိသမဟေတုဝါဒတို့ကို ပယ်နှုတ်ပြီးသည်ဖြစ်၍၎င်း

မိမိတို့၏ အကြောင်းတရားတို့ကြောင့်သာလျှင် ဖြစ်သည်ဟု သိမြင်ယုံကြည်ကာ သာသနာတော်၌ မရွေ့မရှား တည်တံ့သော သဒ္ဓါတရားရှိသူသည် လဒ္ဓပတိဋ္ဌ— ရအပ်သော ထောက်ရာတည်ရာရှိသူမည်၏။

**စူဠသောတာပန်တနည်း—** ရုပ်တရား နာမ်တရားကို ပိုင်းခြားသိမြင်တတ်သော နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ဒုက္ခသစ္စာကိုရင်း အဝိဇ္ဇာစသည့် အကြောင်းတရားတို့ကို သိမြင်တတ်သော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် သမုဒယသစ္စာကိုရင်း နောက်အဘို့၌ အနိစ္စ,ဒုက္ခစသည်ကို သုံးသပ်သိမြင်တတ်သော သမ္မသနစသောဉာဏ်ဖြင့် မဂ္ဂသစ္စာကိုရင်း သိမြင်ပြီး၍ နာမ်ရုပ်တို့ဖြစ်ပေါ်ခြင်း၏ ဆင်းရဲအဖြစ်ကို သိမြင်ပြီးလျှင် နာမ်ရုပ်တို့မဖြစ်ရာ နိဗ္ဗာန်၌ စင်စစ်အားဖြင့် ညွတ်ရှိုင်းသော အလိုဆန္ဒရှိသည်၏အဖြစ်အားဖြင့် သစ္စာလေးပါးတို့ကို သိပြီးသည်၏အဖြစ်ကြောင့် အပါယ်ဘုံတို့၌ ဖြစ်ခြင်းငှါ မထိုက်တော့ဘဲ သောတာပန်ဘုံ၌သာလျှင် ဖြစ်ခြင်းငှါထိုက်သည်ဖြစ်၍ နိယတဂတိက— သောတာပတ္တိမဂ်ဟု ဆိုအပ်သော မြဲသောလားရာ လည်းဈောင်းရာရှိသော သောတာပန်ငယ်,သောတာပန်လောင်း စူဠသောတာပန်မည်၏။

**အမှာ—**ဤလဒ္ဓဿာသ စသည်၏ အဓိပ္ပါယ်ကို ရေးသားဖော်ပြရာ၌ မဟာဋီကာကို မှီပါသည်။

**ပစ္စယပရိဂ္ဂဟဉာဏ်ပြီး၏။**

---

## သမ္မသနဉာဏ်

ဤသို့လျှင် နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်များကို ရေးသားဖော်ပြပြီး၍ ယခုအခါ၌ သမ္မသနဉာဏ်၏ အခြင်းအရာနှင့်တကွ ဖြစ်ပေါ်စေပုံ,ဖြစ်ပေါ်ပုံကို ရေးသားဖော်ပြပါဦးမည်။

ထိုသို့ ရေးသားဖော်ပြရာ၌လည်း“ဝိပဿနာယ စ ကလာပသမ္မသနံ အာဒိ”စသော ဝိသုဒ္ဓိမဂ်နှင့်အညီ အပေါင်းအစည်းအားဖြင့် သုံးသပ်ခြင်းဟူသော ကလာပသမ္မသနသည် ဝိပဿနာ၏အစဖြစ်ရကား ယင်းကလာပသမ္မသနကို ပစ္စယပရိဂ္ဂဟဟူသော ကင်္ခါဝိတရဏ၏ အခြားမဲ့တဆက်

ထည်း၌ ဖေါ်ပြအပ်လေသောကြောင့် ရှေးဦးစွာ အပေါင်းအစည်း အားဖြင့် သုံးသပ်ခြင်းဟူသော ကလာပသမ္မသနကို ရေးသားဖေါ်ပြ ပါမည်။

အထက်ပါစကားရပ်၌ "အပေါင်းအစည်းအားဖြင့် သုံးသပ်ခြင်း ကလာပသမ္မသန"ဟူသည်မှာ အတိတ်, အနာဂတ်စသည်တို့၏ အစွမ်း အားဖြင့် တပါးမက ကွဲပြားကုန်သော နာမ်ရုပ်တရားတို့ကို အပေါင်း အစည်းအားဖြင့် စုရုံး၍ အနိစ္စ,ဒုက္ခစသည်ဖြင့် သုံးသပ်ဆင်ခြင်ခြင်းကို ခေါ်ပါသည်။ မဟာဋီကာ ဒု စာမျက်နှာ (၃၇၆)။

ထိုသို့ ကလာပသမ္မသနအားဖြင့် သုံးသပ်ဟန်,သုံးသပ်နည်းကိုလည်း အောက်ပါ ပဋိသမ္ဘိဒါမဂ်ပါဠိဖြင့် လေ့လာသိမှတ် ပွားများသုံးသပ်အပ် ပါသည်။

"ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ အနိစ္စတော ဝဝတ္ထေတိ ဧကံ သမ္မသနံ၊ ဒုက္ခတော ဝေဝတ္ထတိ ဧကံ သမ္မသနံ၊ အနတ္တတော ဝဝတ္ထေတိ ဧကံ သမ္မသနံ"။ (ဝိသုဒ္ဓိမဂ်၌ကား "ဝဝတ္ထပေတိ"ဟုပါဠိရှိ၏)

**အနက်**— ယံ ကိဉ္စိ၊ အကြင်အမှတ်မရှိ အလုံးစုံသော။ ရူပံ၊ ရုပ်သည်။ အတ္ထိ၊ ရှိ၏။ အတီတာနာဂတပစ္စုပ္ပန္နံ၊အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဖြစ်သော ရုပ်သည်၎င်း။ အဇ္ဈတ္တံ ဝါ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ရုပ်သည်၎င်း။ ဗဟိဒ္ဓါ ဝါ၊ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ရုပ်သည်၎င်း။ ဩဠာရိကံ ဝါ၊ ရုန့်ရင်းသောရုပ်သည်၎င်း။ သုခုမံ ဝါ၊ နူးညံ့သောရုပ်သည်၎င်း။ ဟီနံ ဝါ၊ ယုတ်ညံ့သောရုပ်သည်၎င်း။ ပဏီတံ ဝါ၊မွန်မြတ်သောရုပ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ယံ၊ အကြင်ရုပ်သည်။ ဒူရေ၊ ဝေးသောအရပ်၌။ အတ္ထိ၊ ရှိ၏။ ယံ ဝါ၊ အကြင်ရုပ်သည်မူလည်း။ သန္တိကေ၊ နီးသောအရပ်၌။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ ရူပံ၊ ထိုရုပ်ကို။ အနိစ္စတော၊အနိစ္စအခြင်းအရာအားဖြင့်။ ဝဝတ္ထေတိ၊ ဆုံးဖြတ်ပိုင်းခြား မှတ်သား၏။ တံ၊ ထိုသို့ပိုင်းခြားမှတ်သား ခြင်းသည်။ ဧကံ သမ္မသနံ၊ တခုသောသမ္မသနမည်၏။ ဒုက္ခတော၊ ဒုက္ခ အခြင်းအရာအားဖြင့်။ ဝဝတ္ထေတိ၊ ဆုံးဖြတ်ပိုင်းခြား မှတ်သား၏။ တံ၊ ထိုသို့ ဆုံးဖြတ်ပိုင်းခြား မှတ်သားခြင်းသည်။ ဧကံ သမ္မသနံ၊ တခုသော

သမ္မသနမည်၏။ အနတ္တတော၊ အနတ္တအခြင်းအရာအားဖြင့်။ ဝဝတ္ထေတိ၊ ဆုံးဖြတ်ပိုင်းခြား မှတ်သား၏။ တံ၊ ထိုသို့ဆုံးဖြတ်ပိုင်းခြား မှတ်သားခြင်းသည်။ ဧကံ သမ္မသနံ၊ တခုသောသမ္မသနမည်၏။

ဤပါဠိတော်၌ သိမှတ်ရန်မှာ—

၁။ အတီတ— လွန်ပြီးသော အတိတ်ရုပ်။
၂။ အနာဂတ— မဖြစ်သေးသော အနာဂတ်ရုပ်။
၃။ ပစ္စုပ္ပန္န— ဖြစ်ဆဲသော ပစ္စုပ္ပန်ရုပ်။
၄။ အဇ္ဈတ္တ— မိမိသန္တာန်၌ ဖြစ်သောရုပ်။
၅။ ဗဟိဒ္ဓ— အပသန္တာန်၌ ဖြစ်သောရုပ်။
၆။ ဩဠာရိက— ရုန့်ရင်းသောရုပ်။
၇။ သုခုမ— သိမ်မွေ့နူးညံ့သောရုပ်။
၈။ ဟီန— ယုတ်ညံ့သောရုပ်။
၉။ ပဏီတ— မွန်မြတ်သောရုပ်။
၁၀။ ဒူရေ— ဝေးသောရုပ်။
၁၁။ သန္တိကေ— နီးသောရုပ်။

ဟူ၍ ရုပ်တဆယ့်တပါး ရှိလေသည်။

ဤရုပ်တဆယ့်တပါးအစုကိုပင် ရူပက္ခန္ဓာဟု ခေါ်ပါသည်။ (ရုပ်အစုဟူလို)။ ထိုတဆယ့်တခုသော ရုပ်အစုကို အတိတ်စသည် မခွဲခြားဘဲ အပေါင်းအစည်းအားဖြင့် သိမ်းရုံးယူငင်၍—

၁။ အလုံးစုံသောရုပ်သည် အနိစ္စ– မမြဲသောတရားတည်း။
၂။ အလုံးစုံသောရုပ်သည် ဒုက္ခ—ဆင်းရဲသောတရားတည်း။
၃။ အလုံးစုံသောရုပ်သည် အနတ္တ— အတ္တကောင် မဟုတ်သော တရားတည်း ဟု

သုံးသပ်ဆင်ခြင် ထင်မြင်ပွားများခြင်းသည် အပေါင်းအစည်းအားဖြင့် သုံးသပ်ဆင်ခြင် ပွားများခြင်းဖြစ်သောကြောင့် ကလာပသမ္မသနမည်၏။ ထို့ကြောင့် မဟာဋီကာ၌—

"အတီတာဒိဝသေန အနေကဘေဒဘိန္နေ ဓမ္မေ ကလာပတော သင်္ခိပိတွာ သမ္မသနံ ကလာပသမ္မသနံ"ဟု ဖွင့်ဆိုတော်မူလေသည်။

## အနိစ္စသမ္မသန အတိတ်,အနာဂတ်,ပစ္စုပ္ပန်ရုပ်များ

ဒုတိယဝါရ ပါဠိတော်အရ ဘေဒအားဖြင့် ဆင်ခြင်သုံးသပ်ပုံမှာ—

၁။ အတိတ်ဘဝ၌ ဖြစ်သောရုပ်သည် အတိတ်ဘဝမှာပင် ကုန်ခဲ့ ပျက်ခဲ့၍ ဤပစ္စုပ္ပန်ဘဝသို့ မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော အနက်သဘောကြောင့် အနိစ္စ— မမြဲသော သဘောတရား ပါတကားဟု ဆင်ခြင်သုံးသပ်အပ်၏။

၂။ အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့သော ရုပ်တရားသည် ထိုအနာဂတ်ဘဝ မှာပင် ကုန်ပျက်လတ္တံ့၊ တတိယဘဝစသည်သို့ ရောက်မည်မဟုတ်၊ ထိုသို့ကုန်တတ် ပျက်တတ်သော အနက်သဘောကြောင့် အနိစ္စ— မမြဲသော သဘောတရားပါတကားဟု ဆင်ခြင်သုံးသပ်အပ်၏။

၃။ ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲသော ရုပ်တရားသည် ဤပစ္စုပ္ပန်ဘဝမှာပင် ကုန်၏ပျက်၏။ အနာဂတ်ဘဝသို့ ရောက်မည်မဟုတ်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော အနက်သဘောကြောင့် အနိစ္စ—မမြဲသော သဘောတရားပါတကားဟု ဆင်ခြင်သုံးသပ်အပ်၏။

"အတိတ်ဘဝ၌ ဖြစ်သောရုပ်သည် အတိတ်ဘဝမှာပင် ကုန်ခဲ့ ပျက်ခဲ့၍ ဤပစ္စုပ္ပန်ဘဝသို့မရောက်"စသည်ဖြင့် ရေးသားဖော်ပြခဲ့သော စကားအစဉ်သည် "ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန"စသော ပဋိသမ္ဘိဒါမဂ်ပါဠိကို ဖွင့်ပြရာ "ယံ အတီတံ ရူပံ တံ ယသ္မာ အတီတေ-ယေဝ ခီဏံ" ပဋိသမ္ဘိဒါမဂ်, ဝိသုဒ္ဓိမဂ်အဋ္ဌကထာများကိုမှီ၍ ရေးသား ဖော်ပြအပ်သော စကားအစဉ်ဖြစ်ပါသည်။

ထိုသို့ ပါဠိ,အဋ္ဌကထာတို့၌ "ရူပံ"ဟု သာမညအားဖြင့် ဟော ကြားဖွင့်ဆိုတော်မူကြသော်လည်း ထိုသို့ ဟောကြားဖွင့်ဆိုတော်မူ[illegible]တိုင်း ရုပ်အားလုံးကို သိမ်းရုံး၍ သုံးသပ်သွားများရမည်ဟူ၍သာ မှတ်[illegible]သင့်သည် မဟုတ်ပါ၊ ထိုထိုပထဝီစသော ရုပ်ဘပါးပါးကို သမ္မသနဉာဏ်ဖြင့် မြဲမြဲစွာ အာရုံရူးစိုက်၍ "အတိတ်ဘဝ၌ဖြစ်သော ပထဝီဓာတ်သည် အတိတ်ဘဝ မှာပင် ချုပ်ပျက်ခဲ့ပြီး၍ ဤပစ္စုပ္ပန်ဘဝသို့မရောက်"စသည်ဖြင့် ဆင်ခြင် သုံးသပ်သင့်ပါသည်။ ကြွင်းသော အနာဂတ်ပထဝီဓာတ်,ပစ္စုပ္ပန်ပထဝီ ဓာတ်များနှင့် အာပေါဓာတ်စသော သမ္မသနရုပ်တို့ကိုလည်း ဤနည်းနှင်နှင် အသီးသီးကို အာရုံပြု၍ သုံးသပ်သင့်ပါသည်။

ထို့ကြောင့် ပရမတ္ထဒီပနီဋီကာ၌—

"တတ္ထ ရူပံ အနိစ္စံ ခယဋ္ဌေနာတိ တံတံ ရူပံ ဉာဏေန ဒဋ္ဌဗ္ဗ ဂဟေတွာ အယံ ပထဝီဓာတု အနိစ္စာ ခယဋ္ဌေန၊ အယံ အာပေါဓာတု အနိစ္စာ ခယဋ္ဌေနာတိအာဒိနာ သမ္မသနံ ကာတဗ္ဗံ"ဟု မိန့်ဆိုတော်မူပါသည်။

"ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေနာ"စသော ပဋိသမ္ဘိဒါမဂ် တတိယဝါရပါဠိကို ဖွင့်ပြရာ မဟာဋီကာ၌လည်း "တေန အနိစ္စာ ပထဝီ-ဓာတု ပစ္စယနိဗ္ဗတ္တတ္တာ တဒညံ ပစ္စယနိဗ္ဗတ္တံ ဝိယာတိ ဒဿေတိ" ဟု မိန့်မှာတော်မူပါသည်။

**အဓိပ္ပါယ်**—ထိုထိုပထဝီဓာတ်စသည်ကို အနိစ္စစသည်ဖြင့် ဆင်ခြင်သုံးသပ်ရာ၌လည်း ကြမ်းတမ်းခက်မာမှု အမူအရာ ကြိယာမျှကို ပထဝီဓာတ်ဟူ၍၎င်း, ဖွဲ့စည်းမှု အမူအရာကြိယာမျှကို အာပေါဓာတ်ဟူ၍၎င်း, အေးမှု,ပူမှု အမူအရာကြိယာမျှကို တေဇောဓာတ်ဟူ၍၎င်း,ထောက်ကန်မှု အမူအရာ ကြိယာမျှကို ဝါယောဓာတ်ဟူ၍၎င်း နှလုံးသွင်း သုံးသပ်ရပါမည်။ အကြီး,အငယ်,အရှည်,အတို,အလုံး,အပြားစသော သဏ္ဌာနပညတ်ကို နှလုံးမသွင်းရဟူလို။

ထို့ကြောင့် ပရမတ္ထဒီပနီဋီကာ၌—

"တတ္ထ ဃနသမ္မုတိကာယေ သဗ္ဗံ ထဒ္ဓကြိယာမတ္တံ ပထဝီနာမ" စသည်ဖြင့်၎င်း။

"အာပေါနာမ အာဗန္ဓနကြိယာမတ္တံ၊ တေဇောနာမ သီတ-ကြိယာမတ္တံ ဥဏှကြိယာမတ္တဥ္စ၊ ဝါယောနာမ ဝိတ္ထမ္ဘနကြိယာမတ္တံ" ဟူ၍၎င်း။

"သဗ္ဗေဝိ ဟိ ဓမ္မာ တံတံကြိယာမတ္တာဝ ဟောန္တိ၊ န တေသု ဒဗ္ဗံ ဝါ သဏ္ဌာနံ ဝါ ဝိဂ္ဂဟော ဝါ ဥပလဗ္ဘတိ"ဟူ၍၎င်း မိန့်ဆိုတော်မူပါသည်။

ဤအချက်များကို အထူးသတိပြု မှတ်သား၍ ဝိပဿနာအရာ ပရမတ္ထအာရုံဟူသမျှ၌ ထိုထိုသဘာဝ အမူအရာ ကြိယာမျှကိုသာ အာရုံပြု၍ ဆင်ခြင်ပွားများပါလေ။

ဧင်းပြင် အဋ္ဌကထာ,ဇဟိဋ္ဌစသည် အပြားတို့၌လည်း ဤပထဝီစသော ရုပ်အသီးအသီးကိုပင် အထက်၌ဆိုခဲ့သည့်အတိုင်း မြဲမြဲစွာအာရုံပြု၍ ဆင်ခြင်သုံးသပ်သင့်သောကြောင့်ဧင်း ဤစာအုပ်သည် ဓာတ်ခြောက်ပါးကိုပင် နည်းမှီပြု၍ ရေးသားရာဖြစ်သောကြောင့်ဧင်း လာလတ္တံ့သော အစဉ်များစွာ အခဏ်းများစွာတို့၌ ဤပထဝီစသော ဓာတ်ခြောက်ပါးကိုသာ ဦးစားပေး၍ သရုပ်ထုတ်ရေးသား ဖေါ်ပြသွားပါမည်။

ထိုသို့ရေးသားဖေါ်ပြသွားရာ၌လည်း ဆဓာတုစာရင်းဝင် ရုပ်ဓာတ် ငါးပါးတို့တွင် ပထဝီဓာတ်တပါးကိုသာ မျက်မှောက်နှလုံးသွင်းအပ်သော အာရုံအဖြစ်အားဖြင့် ရေးသားဖေါ်ပြသွားပါမည် အားထုတ်စ အာဒိကမ္မိကယောဂီသည်လည်း "တထာ သတိကမ္မဋ္ဌာနံ နဝံ နဝံဧဝ သိယာ" စသည်ဖြင့် မဟာဋီကာ ဒု စာမျက်နှာ(၄၁၄)၌ မိန့်ဆိုတော်မူသကဲ့သို့ မကြာခဏ ကမ္မဋ္ဌာန်းအာရုံပြောင်းလဲခြင်းကြောင့် ကမ္မဋ္ဌာန်းအာရုံ အသစ်အသစ်ဖြစ်ကာ မထင်နိုင် မမြင်နိုင် မဖြစ်ရလေအောင်ဧင်း အထက်၌ ဖေါ်ပြခဲ့သော ပရမတ္ထဒီပနီဋီကာပါဌ်တွင် "တံတံ ရူပံ ဉာဏေန ဒဠှံ ဂဟေတွာ"ဟူသည်နှင့်အညီ ရုပ်တပါးပါးကို သမ္ပသနဉာဏ်ဖြင့် မြဲမြဲစွာ စူးစိုက်အာရုံပြု၍ လက္ခဏာကို ပိုင်နိုင်စွာ သိမြင်ရသည်[illegible]င်အောင် ဆင်ခြင်သုံးသပ်အပ်သောကြောင့်ဧင်း ရေးသားဖေါ်ပြလတ္တံ့သော ပထဝီဓာတ်ကိုသာ မပြောင်းမလဲ အာရုံစွဲ၍ မြဲမြဲကြီးဆင်ခြင်သုံးသပ်ရန် သို့မဟုတ် ဓာတ်အားများရာ ဥဿဒ၏ အစွမ်းအားဖြင့် မိမိကာယ ပသာဒနှင့် ဉာဏ်၌အတွေ့ အသိထင်ရှားသော ဓာတ်တပါးပါးကိုသာ မပြောင်းမလဲ အာရုံစွဲ၍ မြဲမြဲကြီးဆင်ခြင်သုံးသပ်ရန် အထူး[illegible]က်တွန်း အပ်ပါသည်။

ထိုသို့ ပထဝီဓာတ်တပါးကိုသာ၊ ဝါ၊ ထင်ရှားသော ဓာတ်တပါးပါးကိုသာ အာရုံပြုဆင်ခြင်သုံးသပ်၍ ပထဝီဓာတ်၏၊ ဝါ၊ သုံးသပ်သော ဓာတ်တပါးပါး၏ ကုန်ခြင်း,ပျက်ခြင်း အနိစ္စသက္ခဏာကို ထင်မြင်လျှင် ကြွင်းသောဓာတ်သုံးပါးတို့၏ ကုန်ခြင်း,ပျ[illegible]ခြင်းအနိစ္စကို ထင်မြင်နိုင်တော့သည်သာဖြစ်ပါသည်။

ထို့ကြောင့် ပရမတ္ထဒီပနီ၌—

"ဧဝံ အညာနေဝ ကာယေ နာနာ ထဒ္ဓကြိယာနံ ပရိဝတ္တိ ပဿန္တော ပထဝီဓာတုယာ ခယဝယံ ပဿတိ၊ တဋ္ဌ ပဿန္တောတံ သဟဇာတာနံ ရူပါနံ ခယဝယံ ပဿတိယေဝ"ဟု မိန့်မှာတော်မူပါသည်။

ဤဋီကာပါဌ်များ၌ "တဋ္ဌ ပဿန္တော" အစရှိသောဝါကျဖြင့် ထိုပထဝီဓာတ်၏ ကုန်ခြင်း,ပျက်ခြင်း ခယသဘော ဝယသဘောကို သိမြင်လျှင်လည်း ထိုပထဝီဓာတ်နှင့် အတူဖြစ်ကုန်သော ရုပ်တို့၏ ကုန်ခြင်း ပျက်ခြင်း ခယသဘော ဝယသဘောကို မြင်တော့သည်သာလျှင်တည်းဟု မိန့်ဆိုတော်မူခြင်းသည် ဖွဲ့စည်းမှုအမှုအရာကြိယာ အာပေါဓာတ်စသည့် ရုပ်အားလုံးတို့၏ ကုန်ခြင်း,ပျက်ခြင်း ခယသဘော ဝယသဘောကို တစုတရုံးထည်း တကြိမ်ထည်း၌ မျက်မှောက်အားဖြင့် အာရုံပြု၍ သိနိုင်သောကြောင့် ဆိုတော်မူသည်မဟုတ်၊ စင်စစ်သော်ကား ဤကြမ်းတမ်းခက်မာမှု အမူအရာကြိယာ ပထဝီဓာတ်သည် ကုန်တတ်,ပျက်တတ်သည့်နည်းတူပင် ပထဝီဓာတ်နှင့်အတူဖြစ်ကုန်သော ဖွဲ့စည်းမှုအမူအရာကြိယာ အာပေါဓာတ်စသော ရုပ်အားလုံးတို့သည်လည်း ကုန်တတ်,ပျက်တတ်ကြကုန်သည်သာတည်းဟု ပထဝီဓာတ်ကုန်ပျက်မှုကို နည်းမှီခြင်း နယမနသိကာရအားဖြင့် နှလုံးသွင်းဆင်ခြင် သိမြင်နိုင်သည်ကို ရည်မှန်း၍ မိန့်ဆိုတော်မူခြင်းဖြစ်ပါသည်။

ထိုသို့ နယမနသိကာရအားဖြင့်သာ နည်းကိုမှီ၍ သိနိုင်သည်ကိုလည်း ကထာဝတ္ထုအဋ္ဌကထာ အမိဂယှမနသိကာရကထာအဖွင့်၌—

"တတ္ထ ဧကသင်္ခါရဿာပိ အနိစ္စတာယ ဒိဋ္ဌာယ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ အဝသေသေသု နယတော မနသိကာရော ဟောတိ"ဟု မိန့်ဆိုတော်မူပါသည်။

ပြဆိုခဲ့သောဋီကာနှင့် ဤအဋ္ဌကထာပါဌ်များကို ထောက်ထား၍ အထူးသိမှတ်သင့်သည်မှာ ဓာတ်တပါး၏ အနိစ္စစသော သာမည လက္ခဏာကို သိမြင်ပြီးလျှင် ကြွင်းသောဓာတ်အားလုံး ရုပ်အားလုံးတို့၏ အနိစ္စစသော လက္ခဏာကိုလည်း သိမြင်နိုင်ခြင်းအပြင် မိမိညဏ်အား

ထင်မြင်၍ သုံးသပ်လွယ်သော ခတ်တပါးပါး၏ ခယ,ဝယအနိစ္စသဘော ကိုသာလျှင် ရှေးဦးစွာ သဘောကျပိုင်နိုင်သည်တိုင်အောင် ဆင်ခြင်သုံးသပ် ပွားများသင့်ခြင်းပင် ဖြစ်ပါသည်။

ထို့ပြင် ဤသမ္မသနဉာဏ်အရာ၌ နာမ်ရုပ်တို့၏ အနိစ္စလက္ခဏာကို ရှုမြင်နိုင်သော အနိစ္စာနုပဿနာသည်သာ၊ ဝါ၊ အနိစ္စလက္ခဏာကို ထင်မြင်ခြင်းသည်သာ အရေးကြီးသော ပဓာနအချက်ဖြစ်ပါသည်။ ထိုစကားမှန်၏။ ဖြစ်မှု,ပျက်မှုဟူသော အနိစ္စလက္ခဏာကို ထင်မြင်ပြီးမှ သာလျှင် ထိုဖြစ်မှု,ပျက်မှုတို့ဖြင့် နှိပ်စက်ခြင်းဟူသော ဒုက္ခလက္ခဏာကို ထင်မြင်နိုင်လေသည်၊ ထိုအနိစ္စလက္ခဏာ,ဒုက္ခလက္ခဏာတို့သည်ပင် အလို အတိုင်း မဖြစ်ခြင်း၊ ဝါ၊ အလိုနှင့်ဆန့်ကျင်ခြင်း အဝသဝတ္တန ဖြစ်သော ကြောင့် ထိုလက္ခဏာနှစ်ပါးကို ထင်မြင်ပြီးမှသာ အနတ္တလက္ခဏာကို သိမြင်နိုင်လေသည်။

ထို့ကြောင့် ပရမတ္ထဒီပနီဋီကာ၌ အောက်ပါအတိုင်း မိန့်မှာတော် မူပါသည်။

> "ဝိသေသတော ပန ရူမဿ ဉာဏေ အနိစ္စလက္ခဏဒဿနမေဝ ပဓာနံ၊ တဿ ဒိဋ္ဌေယေဝ ဣတရာနိ ကမေန ဒိဋ္ဌာနိ ဟောန္တိ၊ အဒိဋ္ဌေ စ အဒိဋ္ဌာနီတိ"။

ဤဋီကာပါဌ်သည် "တီသု ဟိ လက္ခဏေသု ကေသဉ္စိ ဒိဋ္ဌေ ဣတရဒ္ဒယံ ဒိဋ္ဌမေဝ ဟောတိ"အနိစ္စလက္ခဏာစသည် သုံးပါးတို့တွင် တပါးပါးကို ထင်မြင်လျှင် ကြွင်းနှစ်ပါးထင်တော့သည်သာတည်းဟု မိန့်ဆိုတော်မူအပ် သော ဥဒါန်းအဋ္ဌကထာ မေဃိယသုတ်အဖွင့်နှင့် မဆန့်ကျင်သလောဟူမူ မိမိတို့၏ အသီးအခြားစိဖြစ်သော သန္တာယဘာသိတတို့ဖြင့် မိန့်ဆိုကြသော ကြောင့် မဆန့်ကျင်ဟု သိမှတ်သင့်ပါသည်။

သိသာစေပါမည်၊ ဋီကာဆရာကား အာဒိကမ္မိကပုဂ္ဂိုလ်အား "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု အစဉ်အတိုင်း ပွားရှုအပ်သော ဘာဝနက္ကမ အားလျော်စွာ ဖြစ်ပေါ်သော အနုပဿနာ ဉာဏက္ကမကိုရည်၍မိန့်မှာတော် မူပါသည်။

အဋ္ဌကထာဆရာကား ပဋိလောမအားဖြင့်လည်း အနတ္တလက္ခဏာ ထင်လျှင် အနိစ္စ,ဒုက္ခလက္ခဏာများကို ထင်ခဲ့ပြီးသည်ကိုရင်း,ဒုက္ခလက္ခဏာ ထင်လျှင် အနိစ္စလက္ခဏာ ထင်ခဲ့ပြီးသည်ကိုရင်းရည်၍ မိန့်ဆိုတော်မူပါသည်။

အနုလောမအားဖြင့်လည်း "ထိုစကားမှန်၏"စသည်ဖြင့် ရေးသားဖော်ပြခဲ့သည့်အတိုင်း လက္ခဏာအချင်းချင်း ကွင်းဆက်၍နေသောကြောင့် လက္ခဏာတပါးထင်က ကျန်နှစ်ပါး မုချထင်တော့သည်ကို၊ ဝါ၊ ထင်ရမည်ကိုရည်၍ မိန့်ဆိုတော်မူပါသတည်း။

**အဇ္ဈတ္တရုပ်**— ဆက်ပါဦးမည်၊ ကျင်ကြီး, ကျင်ငယ်စွန့်ဆဲ, တံတွေးထွေးဆဲ,ထွက်သက် ထွက်ဆဲစသည်တို့၌ "အတွင်းအဇ္ဈတ္တ၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီးသာသည် အတွင်းအဇ္ဈတ္တမှာပင် ချုပ်ပျက်ပြီး၍ အပြင်ဗဟိဒ္ဓသို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော အနက်သဘောကြောင့် အနိစ္စ—မမြဲသောတရားပါတကား"ဟု ဆင်ခြင်သုံးသပ်အပ်၏။

**ဗဟိဒ္ဓရုပ်**— စားသောက်ဆဲ,တံတွေးမျိုဆဲ, ဝင်သက်ရှူဆဲစသည်တို့၌ "အပြင်ဗဟိဒ္ဓ၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသည် အပြင်ဗဟိဒ္ဓမှာပင် ချုပ်ပျက်ပြီး၍ အတွင်းအဇ္ဈတ္တသို့မရောက်၊ ထိုသို့ ကုန်တတ် ပျက်တတ်သောသဘောကြောင့် အနိစ္စ— မမြဲသောတရားပါတကား"ဟု ဆင်ခြင်သုံးသပ်အပ်၏။

**ဩဠာရိကရုပ်**— ကြီးကျယ်,များပြား ထင်ရှားသော အဆင်း,အသံ, အနံ့,အရသာ,အတွေ့ရုပ်တို့ တဖြေးဖြေးသေးငယ် နည်းပါးသိမ်မွေ့သွားရာ၌ "ကြီးကျယ်,များပြား ထင်ရှားသော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ သေးငယ်,နည်းပါး သိမ်မွေ့သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သောသဘောကြောင့် အနိစ္စ— မမြဲသောတရားပါတကား"ဟု ဆင်ခြင်သုံးသပ်အပ်၏။

**သုခုမရုပ်**— သေးငယ်,နည်းပါး သိမ်မွေ့သောအဆင်း အသံ အနံ့ အရသာ အတွေ့ရုပ်တို့ တဖြေးဖြေး ကြီးကျယ်များပြား ထင်ရှားလာရာ၌ "သေးငယ် နည်းပါး သိမ်မွေ့သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသည် ထိုထိုခဏမှာပင် ချုပ်ပျက်ပြီး၍ ကြီးကျယ် များပြား ထင်ရှားသော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သောသဘောကြောင့် အနိစ္စ— မမြဲသောတရားပါတကား"ဟု ဆင်ခြင်သုံးသပ်အပ်၏။

**ဟီနရုပ်—** မကျန်းမာမှု ထိခိုက်နာကျင်မှုစသည့်တို့၏ သက်သာပျောက်ကင်းလာရာတို့၌ "မကျန်းမာသောရုပ် နာကျင်မှုကို ဖြစ်စေတတ်သော ရုပ်ဟူသော ယုတ်ညံ့သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသည် ထိုသိုခဏမှာပင် ချုပ်ပျက်၍ ကျန်းမာရုပ် သက်သာပျောက်ကင်းရုပ်ဟူသော ကောင်းမြတ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသို့ မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော အနက်သဘောကြောင့် အနိစ္စ-မမြဲသောတရားပါတကား"ဟု ဆင်ခြင်သုံးသပ်အပ်၏။

**ပဏီတရုပ်—** ကျန်းမာ ချမ်းသာနေရာမှ မကျန်းမာခြင်း နာကျင်ခြင်းသို့ ရောက်သွားရာတို့၌ "ကျန်းမာရုပ် ချမ်းသာကို ဖြစ်စေတတ်သောရုပ်ဟူသော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ မကျန်းမာသောရုပ် နာကျင်ခြင်းကို ဖြစ်စေတတ်သောရုပ်ဟူသော ယုတ်ညံ့သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ– မမြဲသောတရားပါတကား"ဟု ဆင်ခြင်သုံးသပ်အပ်၏။

**ဒူရေရုပ်—** မိမိမှ ဝေးသောရုပ်တို့၏ နီးကပ်လာရာ၌ "အဝေး၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသည် ထိုသိုခဏမှာပင် ချုပ်ပျက်၍အနီးဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ– မမြဲသောတရားပါတကား"ဟု ဆင်ခြင်သုံးသပ်အပ်၏။

**သန္တိကေရုပ်—** မိမိမှ နီးသောရုပ်တို့၏ ဝေးသွားရာ၌"အနီး၌ဖြစ်သော ကြမ်းဘန်းခက်မာမှု အမူအရာကြီးယာသည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ အဝေး၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ- မမြဲသောတရားပါတကား"ဟု ဆင်ခြင်သုံးသပ်အပ်၏။

**မှာထားချက်—** ဩဠာရိက, သုခုမ, သန္တိကေတို့၌ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ, အဋ္ဌသာလိနီအဋ္ဌကထာများ ဖွင့်ဆိုတိုင်း ဩဠာရိကရုပ် တဆယ့်နှစ်ပါး, သုခုမရုပ်တဆယ့်ခြောက်ပါးတို့၌ ဆင်ခြင်ပုံကိုဖော်ပြလျှင် အလွန်ခက်မည်ကြောင့် မဟာဋ္ဌရုပ်စသည်တို့၌ သုံးသပ်ဆင်ခြင်ပုံကိုသာ ဖော်ပြလိုက်ပါသည်။

ဒုက္ခသမ္မသန— တန်ခိုးအာနုဘော်ကြီးခြင်း, အဆင်းလှခြင်း, အလွန်ရှည်ကြာသော သက်တမ်းရှိခြင်း, အခြံအရံများခြင်းစသော သမ္ပတ္တိဂုဏ်တို့နှင့် ပြည့်စုံကုန်သော နတ်, ဗြဟ္မာအများတို့သည် မိမိတို့၏ ခသီးသီးသော သမ္ပတ္တိဂုဏ်တို့ဖြင့် ယစ်မူးမေ့လျော့၍ နေကြကုန်စဉ် "ဇာတိသက္ကာယော၊ ဇာတိ သက္ကာယသမုဒယော"စသည်ဖြင့် ဤတရားသည်ကား ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဟူသော သက္ကာယသာတည်း။ (ဤသက္ကာယမှတပါး လူ,နတ်,ဗြဟ္မာ,ငါ,သူတပါး စသည်ခေါ်စရာ အတ္တကောင်မရှိ)။ ဤအဝိဇ္ဇာ,တဏှာ,ကံ,အာဟာရစသော တရားတို့သည်ကား သက္ကာယ၏ဖြစ်ကြောင်း သမုဒယမည်၏။ ဤသက္ကာယသည် အဝိဇ္ဇာစသည် အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်ရသော အကျိုးတရားဖြစ်သဖြင့် ထိုအဝိဇ္ဇာစသည် အကြောင်းတရား ချုပ်ငြိမ်းသည်ရှိသော် ချုပ်ငြိမ်းရသော သဘောတရားသာတည်းဟု မြတ်စွာဘုရား ဟောတော်မူအပ်သော တရားတော်ကို ကြားနာကြရ, နှလုံးသွင်းကြရကုန်၍ "သြော်— ငါတို့သည် ချုပ်ပျက်ပြိုကွဲ မလွန်ဘဲမို့ မမြဲသော အနိစ္စတရား ဖြစ်ပါကုန်လျက် ချုပ်ပျက်ကင်းပ မြဲမြံကြသော နိစ္စတရားများ ဖြစ်ကုန်၏"ဟု မှတ်သိထင်မြင်ခဲ့ကြကုန်ပြီတကား။ သြော်....ငါတို့သည် အကြောင်းပစ္စယ ထောက်ပံ့ကြမှ ကာလသက်တာတည်နိုင်စွာသော ပစ္စယာယတ္တ မမြဲကြသည့် အဓုဝတရားများ ဖြစ်ပါကုန်လျက် "အကြောင်းမရှိ မိမိအလိုလို နဂိုသဘာဝ ခိုင်ခန့်လှသည့် ဓုဝတရားများ ဖြစ်ကုန်၏"ဟု မှတ်သိထင်ခဲ့ကြကုန်ပြီတကား။ သြော်— ငါတို့သည် ခဏဘင အဒ္ဒါနတို့၌ ဖြစ်ရဖန်ဖန် ပျက်ပြန်မစဲ အစဉ်ပြောင်းလဲ၍ မမြဲသော အသဿတတရားများ ဖြစ်ပါကုန်လျက် ခဏဘာ ကာလရှည်ဟောင်း ကြာမြင့်ညောင်းလည်း မပြောင်းမလဲ တခုလဲမို့ မြဲမြံသော သဿတတရားဖြစ်ကုန်၏"ဟု မှတ်သိထင်မြင်ခဲ့ကြကုန်ပြီတကား။ စင်စစ်သော်ကား ငါတို့သည် ချုပ်ပျက်ပြိုကွဲ မကင်းဘဲမို့ မမြဲသော အနိစ္စတရားဖြစ်ကုန်သော အကြောင်းပစ္စယ ထောက်ပံ့ကြမှ ကာလသက်တာတည်နိုင်စွာသည့် ပစ္စယာယတ္တ မမြဲသောအဓုဝ တရားဖြစ်ကုန်သော ဘဝခဏ အဒ္ဒါနတို့၌ ဖြစ်ရဖန်ဖန် ပျက်ပြန်မစဲ အပြောင်းအလဲမို့ မမြဲသော အသဿတတရားဖြစ်ကုန်သော ခန္ဓာငါးတန် ရုပ်နာမ်နှစ်ဝ သက္ကာယမှချပြင်ပြင် အကျုံးဝင်ကြကုန်သတတ်"ဟု ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်ကုန်သကဲ့သို့ ထို့အတူ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မမြဲသောဖြစ်ဟန်ကို အနိစ္စသမ္မသနဉာဏ်ဖြင့် အဖန်ဖန်ပွားများ၍ မစဉ်းစားမဆင်ခြင်မထင်မြင်ရသေးမီ ရှေးအတို့၌ ပြင်းထန်အားရှိသော တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ ကပ်ငြိလိမ်းလူး၍ ယစ်မူးမေ့လျော့

နေကြကုန်သော ပုထုဇဉ်တို့သည် ဆိုခဲ့သည့်အတိုင်း အတိတ်ဘဝ စသည် အပြားဆယ့်တပါးတို့၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ပျက်ပြားဖန်ဖန် မမြဲဟန်ကို အနိစ္စသမ္မသနဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်၍ ဆင်ခြင်သဘောကျသော အခါ၌ကား ဘဝပေါင်းများစွာတို့၌ တွေ့ကြုံခံစားခဲ့ရသော အို,နာ,သေ,မွေး ဒုက္ခဘေးများနှင့် ခုဘဝနောင်ဘဝများ၌ မလွဲမရှောင်သာ တွေ့ကြုံခံစားရလတ္တံ့သော အို,နာ,သေ,မွေး ဒုက္ခဘေးတို့ကို တရေးရေးဆင်ခြင်၍ သိမြင်ရသဖြင့်၎င်း။ သန္တတိ,သမယ,ခဏဟူသော အခွန့်တို့၌ "ဥပ္ပါဒေါတိ ဇာတိ။ ဝယောတိ ဘေဒေါ။ ဌိတဿ အညထတ္တံ နာမ ဇရာ"ဟူသော တိကင်္ဂုတ္တရအဋ္ဌကထာ သံတသုတ်အဖွင့်နှင့်အညီ ဖြစ်မှုဟူသော ဇာတိဘေး, ပျက်မှုဟူသော မရဏဘေး, တည်ဆဲကာလ တခဏ၌ပင် ပျက်ခြင်းသို့ရှေးရှု ဖေါက်ပြန်မှုဟူသော ဇရာ,ဗျာဓိဘေးတို့သည် မိနစ်မလပ် စက္ကန့်မလပ် တစပ်ထည်း နှိပ်စက်နေသည်ကို သိမြင်ရသဖြင့်၎င်း။ ရုပ်ဟောင်းများ ချုပ်ပျက်ပြီးနောက် ရုပ်သစ်များပြန်၍ မဖြစ်လာလျှင် စက္ကန့်မရွေး သေဘေးဆိုက်နိုင်သည်ကို သိမြင်ရသဖြင့်၎င်း။ ဝိပဿနာဉာဏ် အနုအရင့် အားလျော်စွာ စိတ်နှလုံး ချောက်ခြား၍ ထိတ်လန့်ကြောက်ရွံ့ခြင်း (စိတ္တုတြာသဘယ, သံဝေဂဉာဏ်ဖြစ်ပေါ်၍ သခ်ါရတို့မှ ထိတ်လန့်ကြောက်ရွံ့ခြင်း (ဉာဏဘယ)တို့ဖြင့် ကြောက်ရွံ့ထိတ်လန့်လာကြလေသည်။ ထိုသို့ ကြောက်ရွံ့ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သောကြောင့်၊ ဝါ၊ ကြောက်ရွံ့ထိတ်လန့်ဘွယ်ကောင်းသောကြောင့် ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မ သက္ကာယသည် ဒုက္ခအစစ် ဆင်းရဲအစု ဖြစ်ပါသည့်တကားဟု ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သဘောကျနိုင်လေတော့သည်။ ထိုသို့ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သဘောကျခြင်းသည်ပင် ဒုက္ခသမ္မသနဉာဏ် မည်မကြောင်းကိုရည်၍ "ဒုက္ခတော ဝဝတ္ထေတိ ဧကံ သမ္မသနံ"ဟူ၍၎င်း။ "ဒုက္ခံ ဘယဋ္ဌေန"ဟူ၍၎င်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူပါသည်။

**အမှာ—** ရူပသမ္မသနအရာဖြစ်သော်လည်း "အနိစ္စ,ဒုက္ခ"ဟူသော သာမညလက္ခဏာသည် သခ်ါရအားလုံးနှင့် ဆက်ဆံသောကြောင့်၎င်း၊ အဋ္ဌကထာ၌လည်း "ဧသေဝ နယော ဝေဒနာဒီသု"ဟု မိန့်ဆိုတော်မူကြသောကြောင့်၎င်း "ခန္ဓာငါးပါး ရုပ်နာမ်တရား"ဟု သုံးနှုန်းရေးသားခဲ့ပါသည် ဤကဲ့သို့သော အရေးအသားမျိုး၌ ဤနည်းကိုသာ ဦးတည်၍ အသင့်အတင့် နှလုံးသွင်းပါလေ။

အနုတ္တသမ္မသန– မမြဲသောရုပ်တရား အားလုံးသည်၊ ဝါ၊ ခန္ဓာငါးပါးသည် ကြောက်ရွံ့ထိတ်လန့်ဘွယ်ကောင်းသောကြောင့် ဆင်းရဲသော ဒုက္ခတရားချည်းသာ ဖြစ်သကဲ့သို့ ထို့အတူ အတ္တနိဝါသီစသော အနှစ်သာရမရှိသောကြောင့်၊ ဝါ၊အသက်,လိပ်ပြာ,ဝိညာဉ်ကောင်ဟူသော အနှစ်သာရမရှိသောကြောင့်၊ ဝါ၊ မဟုတ်သောကြောင့် အတ္တကောင်မရှိ မဟုတ်၊ အနတ္တမည်၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌–

"ယထာ စ ဒုက္ခံ၊ ဧဝံ သဗ္ဗမ္ပိ တံ အနတ္တာ အသာရကဋ္ဌေန"ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဆက်ပါဦးမည်၊ "အတ္တကောင်မဟုတ်"ဟူရာ၌ အတ္တအတုဖြစ်၍ အတ္တမဟုတ်ခြင်း အတ္တမှ တသီးတခြားဖြစ်၍ အတ္တမဟုတ်ခြင်း အတ္တ၏ဆန့်ကျင်ဘက်ဖြစ်၍ အတ္တမဟုတ်ခြင်းအားဖြင့် မဟုတ်ခြင်း သုံးမျိုးရှိရာတွင် ဤအရာ၌ အတ္တ၏ဆန့်ကျင်ဘက်ဖြစ်၍ အတ္တမဟုတ်ဟု သိမှတ်သင့်ပါသည်။

ထို့ကြောင့် ပရမတ္ထဒီပနီဋီကာ၌ "အတ္တပဋိပက္ခဋ္ဌာ အနတ္တာ"ဟု ဖွင့်ဆိုတော်မူပါသည်။

---

## အတ္တ၏ဆန့်ကျင်ဘက်ဖြစ်ပုံမှာ

"အတန္တိ သတတံ ဂစ္ဆန္တိ သတ္တာ ယေနာတိ အတ္တာ"ဟူသော အဘိဓာန်ဋီကာအရ သတ္တဝါကောင်၏ ပျက်စီးခြင်းမရှိဘဲ နိစ္စသဘောအားဖြင့် တည်မြဲခြင်းကြောင့် အာဟာရစသော အထောက်အပံ့အကြောင်းမလိုဘဲ ဓုဝသဘောအားဖြင့် ခိုင်မြဲကြောင်း သန္တတိအစဉ်အားဖြင့်လည်း အဟောင်းကွယ်ပျောက် အသစ်ရောက်မှုဟူသော ပြောင်းလဲခြင်းမရှိဘဲ တခုထည်း တစပ်ထည်း သဿတသဘောအားဖြင့် ပကတိမြဲကြောင်းဖြစ်သောကြောင့်၊ ဝါ၊ သတ္တဝါကောင်ကို နိစ္စ,ဓုဝ, သဿတသဘောအားဖြင့် ခိုင်ခံ့မြဲမြံစေတတ်သောကြောင့် အတ္တမည်၏" ဟူသော အနက်အဓိပ္ပါယ်ကို ဖွင့်ပြလျက်ရှိရာ အတ္တကောင်ဟူသည်မှာ သဘာဝပြုပြင်မှု ပယောဂပြုပြင်မှုကင်းလျက် မိမိအလိုလို ကိုယ်တိုင်လည်း ခိုင်မြဲ၍ သတ္တဝါကိုလည်း ခိုင်မြဲစေတတ်သည့်ပြင် ထိုသို့ ခိုင်မြဲစေတတ်သော ကြောင့်ပင် ဥပါဒ်,ဋ္ဌီ,ဘင်ဟူသော မွေး,အို,နာ,သေ ဆင်းရဲခြင်း ဘေး

အထွေထွေတို့မှ၊ ဝါ၊ အနိစ္စဘေး ဒုက္ခဘေးတို့မှ လွတ်မြောက်သော အားဖြင့် လွတ်မြောက်စေသောအားဖြင့် ချမ်းသာကိုလိုလား ဆင်းရဲကို မုန်းထားကြကုန်သော သတ္တဝါတို့အား အတ္တကိစ္စကိုပြုတတ် မြဲခြင်း, ချမ်းသာခြင်းဟူသော အကျိုးကို ဆောင်တတ်၏ဟု တိတ္ထိတို့ကြံဆဆင်ခြင် ထင်မြင်စွဲလမ်းကြ၏ဟူသော အနက်အဓိပ္ပါယ်သည် မကွယ်မဝှက် ထင်ရှား သိသာလျက်ရှိလေသည်။

ထိုသို့ တိတ္ထိတို့ ကြံဆဆင်ခြင် ထင်မြင်စွဲလမ်းကြသည်ကိုရည်၍ "တထာ ရူပေ ပါဝေ ဟိ ဓမ္မော နိစ္စသုခကာမာနံ ဒုက္ခပဋိကုလာနံ သတ္တာနံ အတ္တကိစ္စံ ကရောတိ နာမာတိ" ဟု ပရမတ္ထဒီပနိဋီကာ၌ ဖွင့်ဆိုတော် မူလေသည်။

ဆက်ပါဦးမည်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားသည်ကား ဘင်ခဏ မရှိဘဲ တည်မြဲနေသော နိစ္စတရားလည်းမဟုတ်၊ ထင်ရှားရှိနေဆဲ၌ပင် ကံ,စိတ်,ဥတု,အာဟာရစသော အထောက်အပံ့ကင်းလျက် တခဏမျှ ခိုင်ခန့်တည်နေနိုင်သော ဓုဝတရားလည်းမဟုတ်၊ ဘဝ,သန္တတိ,သမယ,ခဏ တို့၌ ပြောင်းလဲဖေါက်ပြန်ခြင်းမရှိ ပကတိခိုင်မြဲသော သဿတတရားလည်း မဟုတ်၊ မည်သည့်သတ္တဝါကိုမျှ နိစ္စ,ဓုဝ,သဿတဘောအားဖြင့် မပျက်စီးအောင် ခိုင်ခန့်အောင် တည်မြဲအောင် ပြုနိုင်စွမ်းသော သတ္တိ ထူးလည်းမရှိ၊ ထိုသို့မြဲတတ်သော တရားမျိုးလည်းမဟုတ်၊ မြဲနိုင်အောင် ပြုစွမ်းနိုင်သော သတ္တိထူးလည်းမရှိသောကြောင့်ပင် ချမ်းသာကို လိုလား တောင့်တကြကုန်သော သတ္တဝါတို့အား မွေး,အို,နာ,သေတို့ဖြင့်၊ ဝါ၊ ဖြစ်ဟောင်းပျက်ချုပ်တို့ဖြင့် နှိပ်စက်အပ်သော ဘေးတို့မှ၊ ဝါ၊ အနိစ္စဘေး ဒုက္ခဘေးတို့မှ လွတ်မြောက်ခြင်းဟူသော ချမ်းသာကောင်းကျိုးကိုလည်း မပြုစွမ်းနိုင် ဆင်းရဲကိုမုန်းထားရွံရှာကြကုန်သော သတ္တဝါတို့အားလည်း ဖြစ်ခြင်း,ပျက်ခြင်းဟူသော သင်္ခါရဒုက္ခ ဇရာ,ဗျာဓိ,မရဏဟူသော ဝိပရိ ဏာမဒုက္ခ အသိန်းမကသော နည်းတို့ဖြင့် ပြုပြင်စီရင်ရခြင်းဟူသော အဘိသင်္ခါရဒုက္ခများကို သံသရာတလျှောက်လုံး အခါခပ်သိမ်း ဖြစ်ပွား စေတတ်သည် ဖြစ်ရကား အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။

အဘယ့်ကြောင့် အတ္တ၏ဆန့်ကျင်ဘက်ဖြစ်ရပါသနည်းဟူမူ ခန္ဓာ ငါးပါး၌ မြဲတတ် မြဲသည်ကိုပြုတတ်သော အတ္တခန္ဓာအိမ် ပျက်စီးသော် လည်း မပျက်မစီး တည်နေနိုင်သော နိဝါသီ၊ မြင်ခြင်း ကြားခြင်းစသည်

ကိစ္စကို ပြုဘတ်သူ—ကာရက၊ဆင်းရဲချမ်းသာကို ခံစားတတ်သူ— ဝေဒက၊ မိမိအလိုအတိုင်း ဖြစ်နိုင် ဖြစ်စေနိုင်သူ—သယံဝသီ စသည်တို့ဖြင့် တိတ္ထိတို့ ကြံဆဆင်ခြင်၍ ထင်မြင်စွဲလမ်းအပ်သော အနှစ်သာရမရှိသောကြောင့်ရင်း ခန္ဓာငါးပါးသည်လည်း အတ္တ,နိဝါသီစသော အနှစ်သာရမဟုတ်သော ကြောင့်ရင်းတည်း။

ထို့ကြောင့် "အနတ္တာ အသာရကဋ္ဌေန"ဟု ပဋိသမ္ဘိဒါမဂ်ပါဠိ တော်၌ ဟောတော်မူလေသည်၊ ၎င်းပါဠိတော်၏အဖွင့် အဋ္ဌကထာ များ၌လည်း—

"အနတ္တာ အသာရကဋ္ဌေနာတိ အတ္တာနိဝါသီ ကာရကော ဝေဒကော သယံ ဝသီတိ ဧဝံ ပရိကပ္ပိတဿ အတ္တသာရဿ အဘာဝေန"ဟု ဖွင့်ဆိုတော်မူကြပါသည်။

အဋ္ဌကထာများ၏ လိုရင်းအဓိပ္ပါယ်မှာ ရုပ်တရား၌၊ ဝါ၊ ခန္ဓာ ငါးပါး၌ မြဲအောင်ပြုတတ်သူ အမြဲတည်နေသူ မြင်ခြင်း,ကြားခြင်းစသည်ကို ပြုတတ်သူ ဆင်းရဲချမ်းသာကို ခံစားတတ်သူ မိမိအလိုအတိုင်း ဖြစ်နိုင်သူ ဖြစ်စေနိုင်သူ ဤသို့စသည်ဖြင့် ကြံဆဆင်ခြင်၍ ထင်မြင်စွဲလမ်းအပ်သော အနှစ်သာရလည်းမရှိ ခန္ဓာငါးပါးသည် အတ္တစသော အနှစ်သာရလည်း မဟုတ် အတ္တ၏ ဆန့်ကျင်ဘက် အနတ္တမည်၏ဟု ဆိုလိုပါသည်။

ထိုစကားမှန်၏၊ အကြင်ရုပ်တရားသည်၊ ဝါ၊ ခန္ဓာငါးပါးသည် ဖြစ်ပြီးလျှင် ချုပ်ပျက်တတ်သောကြောင့် မမြဲ၊ ထိုမမြဲသော တရားသည် ကြောက်ရွံ့ထိတ်လန့်ဘွယ် ကောင်းသောကြောင့် ဆင်းရဲ၏၊ ထိုမမြဲသော ဆင်းရဲသော ခန္ဓာငါးပါး ရုပ်နာမ်တရားသည် မိမိ၏ဖြစ်ခြင်း,ပျက်ခြင်း, ဘောက်ပြန်ပြောင်းလဲခြင်းဟူသော မမြဲခြင်း၏ အဖြစ်ကိုရင်း ဖြစ်မှု,ပျက်မှု တို့ဖြင့် နှိပ်စက်ခြင်း ဆင်းရဲကိုရင်း (မိမိသည်ပင် မြဲတတ်,မြဲစေတတ်သော အတ္တ, မပျက်မစီးနေနိုင်သော နိဝါသီမဟုတ်သောကြောင့်) ဆန့်ကျင် တားမြစ်ခြင်းငှါ မစွမ်းနိုင်ခဲ့လျှင်၊ ငါ၊ ဆန့်ကျင်တားမြစ်နိုင်သော အတ္တ, နိဝါသီမဟုတ်ခဲ့လျှင် ထိုအတ္တ,နိဝါသီ၏ ကိစ္စ အာနုဘာဝစသည်ကိုစွဲ၍ ကြံဆထွေးမြော် မှည့်ခေါ်ပညတ် ကင်ပွန်းတပ်အပ်သော ကာရက,ဝေဒက စသည်၏အဖြစ်သည် အဘယ်မှာလျှင် ရှိနိုင်,ဖြစ်နိုင်ပါမည်နည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်,ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့၌—

"ယဉ္ဟိ အနိစ္စံ ဒုက္ခံ၊ တံ အတ္တနောပိ အနိစ္စတံ ဝါ ဥဒယဗ္ဗယပီဠနံ ဝါ ဓာရေတုံ န သက္ကောတိ၊ ကုတော တဿ ကာရကာဒိဘာဝေါ"ဟု မိန့်ဆိုတော်မူကြပါသည်။

ဤသို့လျှင် ရုပ်တရားသည်၊ ဝါ၊ ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မ,သက္ကာယသည် မြဲစေတတ်သူ အမြဲနေနိုင်သူစသည်ဖြင့် ကြံဆဆင်ခြင် ထင်မြင် စွဲလမ်းအပ်သော အတ္တ,နိဝါသီစသည် အနှစ်သာရမရှိ အနှစ်သာရ မဟုတ်သောကြောင့် ဘဝ,သန္တတိ,သမယ,ခဏတို့၌ ဖြစ်ပြီးလျှင် ကုန်တတ်သောကြောင့် မမြဲသောတရား ဖြစ်ခြင်း,ပျက်ခြင်းတို့ဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ကြောက်လန့်ဘွယ်ကောင်းသောကြောင့် ဆင်းရဲသောတရားတို့သာတည်း၊ ထိုသို့ မမြဲခြင်း ဆင်းရဲခြင်းသဘောတို့ဖြင့်ပင် "မြဲစေသည်ဖြစ်၍ အလိုအတိုင်း ပြီးစေနိုင်သူ"ဟု ကြံဆဆင်ခြင် ထင်မြင်စွဲလမ်းအပ်သော အတ္တ၏ဆန့်ကျင်ဘက်ဖြစ်၍ အတ္တကောင်မဟုတ်၊ အနတ္တတရားပါတကားဟု ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သဘောကျနိုင်လေတော့သည်။ ထိုသို့ ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သဘောကျနိုင် သဘောကျခြင်းသည်ပင် အနတ္တသမ္မသန မည်ကြောင်းကို "အနတ္တတော ဝဝတ္ထေတိ ဧကံ သမ္မသနံ"ဟူ၍၎င်း၊ "အနတ္တာ အသာရကဋ္ဌေန"ဟူ၍၎င်း ဟောတော်မူပါသည်။

---

## နာမသမ္မသနခဏ်း

နာမက္ခန္ဓာတို့၏ သမ္မသနနည်းကို ဆက်လက်ဖော်ပြပါဦးမည်၊ ထိုသို့ ဖော်ပြရာ၌လည်း "ကေဝိဓဝိသယယသမာယောဂပ္ပဝတ္တာ စ ပစ္စုပ္ပန္နာ" စသော ဝိသုဒ္ဓိမဂ်,ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့ကိုမှီ၍ ဖော်ပြသွားမည့်ပြင် ဓာတ်ခြောက်ပါးစာရင်းဝင် ဝိညာဏက္ခန္ဓာ၏ သမ္မသနနည်းကိုသာ ရေးသားဖော်ပြသွားပါမည်။

အတိတ်နာမ်—(ပူအိုက်ဆဲဖြစ်လျှင်)လွန်ခဲ့သော အအေးဥတုကြောင့် ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာကို အာရုံပြု၍သိသော မနောဝိညာဉ်စိတ်သည် ထိုထိုချမ်းအေးဆဲခဏမှာပင် ချုပ်ပျက်ပြီး၍ ဤအပူဥတုကြောင့်ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာကို

အာရုံပြု၍သိသော ပစ္စုပ္ပန်မနောဝိညာဉ်စိတ်သို့ မရောက်၊ ထိုသို့ ကုန်တတ် ပျက်တတ်သောသဘောကြောင့် အနိစ္စ– မမြဲပါတကားဟု ဆင်ခြင်သုံးသပ်အပ်၏။

**အနာဂတ်နာမ်**— နောင်အအေးဥတုကြောင့် ဖြစ်သည့် ကြမ်းတန်းခက်မာမှု အမူအရာကြံယာကို အာရုံပြု၍ သိမည့် မနောဝိညာဉ်စိတ်သည်လည်း ထိုချမ်းအေးဆဲခဏမှာပင် ချုပ်ပျက်လတ္တံ့ဖြစ်၍ အနာဂတ်အပူဥတုကြောင့် ဖြစ်သည့် ကြမ်းတန်းခက်မာမှု အမူအရာကြံယာကို အာရုံပြု၍ သိမည့်မနောဝိညာဉ်စိတ်သို့ ရောက်မည်မဟုတ်၊ ထိုသို့ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ–မမြဲသော တရားပါတကားဟု ဆင်ခြင်သုံးသပ်အပ်၏။

**ပစ္စုပ္ပန်နာမ်**— အပူဥတုကြောင့်ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြံယာကို အာရုံပြု၍သိသော ဤမနောဝိညာဉ်စိတ်သည် ဤပူအိုက်ဆဲပစ္စုပ္ပန်ခဏမှာပင် ချုပ်ပျက်၍ နောင်အအေးဥတုကြောင့်ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြံယာကို အာရုံပြု၍သိမည့် မနောဝိညာဉ်စိတ်သို့ ရောက်သွားမည်မဟုတ်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ–မမြဲသောတရားပါတကားဟု ဆင်ခြင်သုံးသပ်အပ်၏။

(ချမ်းအေးဆဲဖြစ်လျှင်) အအေးဥတုကြောင့်ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြံယာကို အာရုံပြု၍သိသော မနောဝိညာဉ်စိတ်သည် ပစ္စုပ္ပန်မည်၍ အပူဥတုကြောင့်ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြံသာကို သိခဲ့ပြီး သိလတ္တံ့သော ရှေ့အတ္တိနောက်အတ္တိ၌ဖြစ်သော စိတ်အသီးသီးသည် အစဉ်အတိုင်း အတိတ် အနာဂတ်မည်သည်ကို ပိုင်းခြားမှတ်သား၍ ပူအိုက်ဆဲကာလ၌ ဆိုခဲ့ပြီးသည့်နည်းကိုမှီ၍ ဆင်ခြင်သုံးသပ်ပါလေ။

(ပထဝီဓာတ်ကို အာရုံပြုဆဲ၌) ကြမ်းတန်းခက်မာမှု အမူအရာကြံသာကို အာရုံပြု၍သိသောစိတ်သည် ပစ္စုပ္ပန်မည်၍ အာပေါဓာတ်သည် ကြွင်းသောဓာတ်ငါးပါးကို အာရုံပြု၍ သိခဲ့ပြီး သိလတ္တံ့သော ရှေ့အတ္တိနောက်အတ္တိ၌ဖြစ်သော စိတ်အသီးသီးသည် အစဉ်အတိုင်း အတိတ် အနာဂတ် မည်သည်ကို ပိုင်းခြားမှတ်သား၍လည်း "ဖွဲ့စည်းမှု အမူအရာကြံသာစသည်ကို အာရုံပြု၍ သိခဲ့သော မနောဝိညာဉ်စိတ်သည် ထိုထိုခဏ

မှာပင် ချုပ်ပျက်ခဲ့ပြီး၍ ကြမ်းတန်းခက်မာမှု အမူအရာကြီယာကို အာရုံပြု၍ သိသော ဤပစ္စုပ္ပန်မနောဝိညာဉ်စိတ်သို့မရောက်''စသည်ဖြင့်လည်း ဆင်ခြင်သုံးသပ်ပါလေ။

ငင်းပြင် (ရူပါရုံကို အာရုံပြု၍ သိဆဲ၌) "လွန်ခဲ့သော သဒ္ဒါရုံစသည်ကို အာရုံပြု၍သိခဲ့သော မနောဝိညာဉ်စိတ်သည် ထိုထိုသဒ္ဒါရုံစသည်ကို အာရုံပြု၍သိရာ အတိတ်ခဏမှာပင် ချုပ်ပျက်ခဲ့ပြီး၍ ဤရူပါရုံကို အာရုံပြု၍ သိဆဲဖြစ်သော ဤပစ္စုပ္ပန်မနောဝိညာဉ်စိတ်သို့ မရောက်လာ" စသည်ဖြင့်ငင်း။

"အနာဂတ်သဒ္ဒါရုံစသည်ကို အာရုံပြု၍ သိလတ္တံ့သော မနောဝိညာဉ်စိတ်သည်လည်း ထိုထိုသိလတ္တံ့သော အနာဂတ်ကာလမှာပင် ချုပ်ပျက်လတ္တံ့''စသည်ဖြင့်ငင်း။

ဤရူပါရုံကို အာရုံပြု၍ဖြစ်သော မနောဝိညာဉ်စိတ်သည်လည်း ဤပစ္စုပ္ပန်ကာလမှာပင် ချုပ်ပျက်၍ နောင်သဒ္ဒါရုံစသည်ကို အာရုံပြု၍ သိလတ္တံ့သော မနောဝိညာဉ်စိတ်သို့ ရောက်မည်မဟုတ် စသည်ဖြင့်ငင်း ဆင်ခြင်သုံးသင်ရပါမည်။

သဒ္ဒါရုံကို အာရုံပြု၍သိဆဲစသော အခါများ၌လည်း ရူပါရုံကို အာရုံပြု၍ သိဆဲ၌ ဆိုခဲ့သောနည်းကိုမှီ၍ ဆင်ခြင်သုံးသပ်ပါလေ။

အဇ္ဈတ္တနာမ်— (အဇ္ဈတ္တပထဝီကို အာရုံပြုဆဲ၌) မိမိ၏ သန္တာန်၌ ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီယာကို အာရုံပြု၍သိသော ဤမနောဝိညာဉ်စိတ်သည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ အပသန္တာန်၌ ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီယာကို အာရုံပြု၍သိသော မနောဝိညာဉ်စိတ်သို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ မိမိသန္တာန်၌ဖြစ်သမျှ ရူပါရုံစသည်ကို အာရုံပြုဆဲတို့၌ လည်း ဤနည်းကိုမှီ၍ ဆင်ခြင်သုံးသပ်ပါ။

ဗဟိဒ္ဓနာမ်— (ဗဟိဒ္ဓပထဝီကို အာရုံပြုဆဲ၌) အပသန္တာန်၌ဖြစ်သော ကြမ်းတန် ခက်မာမှု အမူအရာကြီယာကို အာရုံပြု၍သိသော ဤမနောဝိညာဉ်စိတ်သည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ မိမိ၏ အတွင်းသန္တာန်၌

ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြံယာကို အာရုံပြု၍သိသော မနောဝိညာဉ်စိတ်သို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ၊ အပသန္တာန်၌ဖြစ်သမျှ ရူပါရုံစသည်ကို အာရုံပြုဆဲတို့၌လည်း ဤပထဝီနည်းကိုမှီ၍ ဆင်ခြင်သုံးသပ်ပါ။

**ဩဠာရိကနာမ်**— (အကုသိုလ်စိတ်ဖြစ်ဆဲ၌) ရန့်ရင်းသော အကုသိုလ်စိတ်သည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ ဤသိမ်မွေ့သော ကုသိုလ်စိတ်သို့မရောက်။

(ဒေါသစိတ်ဖြစ်ဆဲ၌) ဤရန့်ရင်းသော ဒေါသစိတ်သည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ သိမ်မွေ့သော လောဘစိတ်သို့ မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ။

(ဒေါမနဿဖြစ်ဆဲ၌)ဤဒေါမနဿဝေဒနာနှင့်ယှဉ်၍ ရန့်ရင်းသော စိတ်သည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ ဤသောမနဿဝေဒနာနှင့် ယှဉ်သဖြင့် သိမ်မွေ့သောစိတ်သို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ— မမြဲသောတရားပါတကားဟု ဆင်ခြင်သုံးသပ်အပ်၏။

ကုသိုလ်စိတ်အချင်းချင်းတို့တွင်လည်း ဒါနကုသိုလ်စိတ်သည် သီလကုသိုလ်စိတ်ထက် ရန့်ရင်းသည်ကိုင်း၊ သီလကုသိုလ်စိတ်သည် ဘာဝနာကုသိုလ်စိတ်ထက် ရန့်ရင်းသည်ကိုင်း သိမှတ်၍ ဆိုခဲ့သည့်နည်းအတိုင်း ဆင်ခြင်သုံးသပ်ပါလေ။

**သုခုမနာမ်**— (ကုသိုလ်စိတ်ဖြစ်ဆဲ၌) ဤသိမ်မွေ့သော ကုသိုလ်စိတ်သည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ ရန့်ရင်းသော အကုသိုလ်စိတ်သို့ မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ။

(ဥပေက္ခာကုသိုလ်စိတ်ဖြစ်ဆဲ၌) သိမ်မွေ့သော ဤဥပေက္ခာကုသိုလ်စိတ်သည် ထိုထိုခဏမှာပင်ချုပ်ပျက်၍ရန့်ရင်းသော သောမနဿကုသိုလ်စိတ်သို့ မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ— မမြဲသောတရားပါတကားဟု ဆင်ခြင်သုံးသပ်အပ်၏။

ဝုဋ်ပြင် ဘာဝနာကုသိုလ်သည် သီလကုသိုလ်ထက် သီလကုသိုလ်သည် ဒါနကုသိုလ်ထက် သိမ်မွေ့သည့်ကိုဝုဋ်၊ အကုသိုလ်အချင်းချင်းတွင်လည်း သမ္ပယုတ်ဝေဒနာအားဖြင့် ဥပေက္ခာအကုသိုလ်စိတ်သည် သောမနဿအကုသိုလ်စိတ်ထက်၊ သောမနဿအကုသိုလ်စိတ်သည် ဒေါမနဿအကုသိုလ်စိတ်ထက် သိမ်မွေ့သည့်ကိုဝုဋ်၊ သဘာဝအားဖြင့် မောဟစိတ်သည် လောဘစိတ်ထက်၊ လောဘစိတ်သည် ဒေါသစိတ်ထက် သိမ်မွေ့သည့်ကိုဝုဋ် နှလုံးသွင်း သိမှတ်ပြီးလျှင် သိမ်မွေ့သောစိတ်သည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ ရုန့်ရင်းသောစိတ်သို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စစသည်ဖြင့် ဆင်ခြင်သုံးသပ်ပါလေ။

ဟီန,ပဏီတအားဖြင့် ရှုနည်းမှာလည်း ရုန့်ရင်းသော ဩဠာရိကစိတ်သည်ပင် ယုတ်ညံ့သော ဟီနစိတ်ဖြစ်၍ သိမ်မွေ့သော သုခုမစိတ်သည်ပင် ကောင်းမြတ်သော ပဏီတစိတ်မည်သောကြောင့် ဩဠာရိက, သုခုမရှုနည်းအတိုင်း ရှုပွားပါလေ။

ဒူရေနာမ် — (အဝေးကို အာရုံပြုဆဲ၌)အဝေး၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီယာကို အာရုံပြု၍သိသော ဤမနောဝိညာဉ်စိတ်သည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ အနီး၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာကို အာရုံပြု၍သိသော မနောဝိညာဉ်စိတ်သို့ မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ-မမြဲပါတကားဟု ဆင်ခြင်သုံးသပ်အပ်၏။

အဝေး၌ဖြစ်သမျှ ရုပ်ါရုံစသည်ကို အာရုံပြုဆဲ၌လည်း ဤပထဝီနည်းကို အမှီပြု ဆင်ခြင်သုံးသပ်ပါ။

သန္တိကေနာမ် — (အနီးကိုအာရုံပြုဆဲ၌)အနီး၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာကို အာရုံပြု၍သိသော ဤမနောဝိညာဉ်စိတ်သည် ထိုထိုခဏမှာပင် ချုပ်ပျက်၍ အဝေး၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာကို အာရုံပြု၍သိသော မနောဝိညာဉ်စိတ်သို့မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ—မမြဲပါတကားဟု ဆင်ခြင်သုံးသပ်အပ်၏။

အနီး၌ဖြစ်သမျှသော ရုပ်ါရုံစသည်ကို အာရုံပြုဆဲတို့၌လည်း ဤပထဝီနည်းကိုမှီ၍ ဆင်ခြင်သုံးသပ်ပါလေ။

ပဋိသမ္ဘိဒါမဂ် တတိယဝါရ ပါဠိတော်ကို ဆက်လက်၍ ရေးသား ဖော်ပြပါဦးမည်။

"ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မန္တိ သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ"။

အနက်— အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်သော။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ မမြဲ။ သင်္ခတံ၊ ကံ,စိတ် ဥတု,အာဟာရ တည်းဟူသော အကြောင်းတရားတို့သည် ပြုပြင်အပ်၏။ ပဋိစ္စ၊ လျော်သော အကြောင်း ပစ္စည်းတရားကိုစွဲ၍။ သမုပ္ပန္နံ၊ အညီအညွတ် တကွ ဖြစ်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ ခယဓမ္မံ၊ ကုန်ခြင်းသဘောရှိ၏။ ဝယဓမ္မံ၊ ပျက်ခြင်းသဘောရှိ၏။ ဝိရာဂဓမ္မံ၊ ကင်းခြင်းသဘောရှိ၏။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ သင်္ခိပိတွာ၊ ချုံး၍။ ဝဝတ္ထာနေ၊ ဆုံးဖြတ်မှတ်သားခြင်း၌။ ပညာ၊ ပညာသည်။ သမ္မသနေ၊ အနိစ္စအားဖြင့် ဆင်ခြင်ခြင်း၌။ ဉာဏံ၊ ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

ဤတတိယဝါရ ပါဠိတော်ကို ထပ်၍ဟောတော်မူရခြင်း၏ အကြောင်းမှာ အသင်္ခတမဟုတ်၊ အကြောင်းတို့သည် ပြုပြင်အပ်သော— သင်္ခတအကြောင်းကိုစွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္နဖြစ်သော ရုပ်တရားသည် မမြဲ—အနိစ္စဟု ပြတော်မူလိုသောကြောင့်ရင်း၊ ခယဓမ္မစသော ထိုအနိစ္စ၏ ပရိယာယ်ကို ပြတော်မူလိုသောကြောင့်ရင်း၊ သမ္မသနအရာ၌ အထူးထူးသော အခြင်းအရာအားဖြင့် နှလုံးသွင်းမှုရှိသည်ကို ပြတော်မူလိုသော ကြောင့်ရင်း၊ ဟောတော်မူရခြင်းဖြစ်ပါသည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒု စာမျက်နှာ (၂၄၆) ၌ မိန့်ဆိုတော်မူပါသည်။

ထိုပါဠိတော်၌ "သင်္ခတံ- အကြောင်းတရားတို့သည် ပြုပြင်အပ်၏။ ပဋိစ္စသမုပ္ပန္နံ- အကြောင်းကို စွဲ၍ဖြစ်၏"ဟူသော နှစ်ပုဒ်တို့ဖြင့် ရုပ်ဟူသော အနိစ္စတရားသည် အကြောင်းတို့ကြောင့် ဖြစ်ရသော အကျိုးတရားသာ တည်း"ဟု ဟောပြတော်မူပါသည်။ ထိုသို့ အကျိုးတရားသာ ဖြစ်သော ကြောင့်ပင်၊ ခယဓမ္မ- ကုန်ခြင်းသဘောရှိ၏။ ဝယဓမ္မ- ပျက်ခြင်းသဘောရှိ၏။ ဝိရာဂဓမ္မ- ကင်းခြင်းသဘောရှိ၏။ နိရောဓဓမ္မ- ချုပ်ခြင်းသဘောရှိ၏"ဟု ခယဓမ္မံ,ဝယဓမ္မံစသော လေးပုဒ်တို့ဖြင့်၊ အနိစ္စ- မမြဲခြင်း၏ ပရိယာယ်များကို

ဟောတော်မူပါသည်။ ထိုစကားမှန်၏၊ အကြောင်းကြောင့်ဖြစ်ရသော အကျိုးတရားဟူသမျှသည် မကုန်မပျက် မကင်းမသွေ မချုပ်ငြိမ်းတဲ အမြဲနေသည် မည်သည်မရှိဟု မဟာဋီကာ ဒု-စာမျက်နှာ (၃၉၀)၌ မိန့်ဆိုတော်မူပါသည်။

ထိုမဟာဋီကာဆရာတော်၏ စကားသည်မှန်၏၊ "ယံ တံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ၊ တံ ဝတ မာ ပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ– အကြောင်းတရားသည် အကြောင်းကြောင့်ဖြစ်၏၊ ထင်ရှား၏၊ အကြောင်းတရားတို့သည် ပြုပြင်အပ်၏၊ ထိုတရားသည် ပျက်စီးတတ်သော သဘောရှိ၏၊ ထိုတရားသည် "မပျက်စီးပါစေနှင့်"ဟု "ဤသို့ စီမံဖန်တည်းနိုင်ရာသော အကြောင်းသည်မရှိ"ဟု ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ် သံယုတ္တနိကာယ် စုန္ဒသုတ်တို့၌ မြတ်စွာဘုရား ဟောတော်မူပါသည်။

ဤမျှသာမကသေး "အနိစ္စံ ခေါ ပန ဘိက္ခဝေ ပစ္စယံ ပဋိစ္စ ဥပ္ပန္နံ စက္ခုဝိညာဏံ၊ ကုတော နိစ္စံ ဘဝိဿတိ" အို....ရဟန်းတို့ မမြဲသည့် အကြောင်းကို စွဲ၍ဖြစ်သော စက္ခုဝိညာဉ်သည် အဘယ်မှာ မြဲသည် ဖြစ်အံ့နည်း၊ အစရှိသည်ဖြင့် မမြဲသည့်အကြောင်းကို စွဲ၍ဖြစ်သော အကျိုးဟူသမျှ မမြဲကြောင်းကို သဠာယတနဝဂ္ဂသံယုတ်ပါဠိ ဒုတိယဒွယသုတ်၌ မြတ်စွာဘုရား ဟောတော်မူပါသည်။

ဤသို့ ဟောတော်မူသောပါဠိတော်၌ စက္ခုဝိညာဉ်၏အကြောင်းသည် စက္ခုပသာဒ—မျက်စိအကြည်နှင့် ရူပ—အဆင်းတို့ ဖြစ်လေသည်၊ ၎င်းအကြောင်းနှစ်ပါးစလုံးပင် မမြဲသောတရားများဖြစ်ကြ၏။ ထိုစက္ခုပသာဒ—မျက်စိအကြည်နှင့် ရူပ–အဆင်းတို့၏ အကြောင်းမှာလည်း ကံ, စိတ်, ဥတု, အာဟာရဖြစ်လေသည်။ ၎င်းအကြောင်းလေးပါးစလုံးပင် မမြဲသောတရားများသာ ဖြစ်ကြပြန်၏။ ထိုလေးပါးတို့တွင် ကံ၏အကြောင်းမှာ အဝိဇ္ဇာဖြစ်၏။ စိတ်၏အကြောင်းမှာ သင်္ခါရ,ဝတ္ထု,အာရုံတို့ဖြစ်၏။ အာဟာရ၏ အကြောင်းမှာ ဥတုဖြစ်၏၊ နောက်နောက် ဥတု၏အကြောင်းမှာ ရှေ့ရှေ့ဥတုဖြစ်၏၊ ထိုအကြောင်းငါးပါးစလုံးသည်လည်း မမြဲသောတရားများသာဖြစ်၏။ သင်္ခါရ၏အကြောင်းမှာ အဝိဇ္ဇာဖြစ်၏ အဝိဇ္ဇာလည်းမမြဲ အဝိဇ္ဇာ၏အကြောင်းမှာ အာသဝဖြစ်၏။ အာသဝလည်းမမြဲ "ဤသို့လျှင် မမြဲသောအကြောင်းသည် ပြုပြင်အပ်သော သင်္ခတတရား မမြဲသောအကြောင်းကို စွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားဟူသမျှသည်

မမြဲသည်သာတည်း။ ဤရုပ်တရားသည်လည်း၊ ဝါ၊ ဤပထဝီဓာတ် ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသည်လည်း သန်တတရား ပဋိစ္စ သမုပ္ပန္နတရားသာဖြစ်၍ အနိစ္စ—မမြဲ။ ခယဓမ္မ—ကုန်ခြင်းသဘောရှိ၏။ ဝယဓမ္မ—ပျက်ခြင်းသဘောရှိ၏။ ဝိရာဂဓမ္မ—ကင်းခြင်းသဘောရှိ၏။ နိရောဓဓမ္မ—ချုပ်ခြင်းသဘောရှိ၏”ဟု ဆင်ခြင်သုံးသပ်ပွားများပါလေ။ နာမက္ခန္ဓာလေးပါးတို့၌လည်း ဤနည်းကိုမှီ၍ သိအပ်ပွားများအပ်၏။

---

## သန္တတိစသည်ဖြင့်သမ္မသနရှုပုံ

ရေးသားဖော်ပြခဲ့ပြီးသော သမ္မသနရှုနည်းသည်ကား ပဋိသမ္ဘိဒါမဂ် ပဌမဝါရ, ဒုတိယဝါရပါဠိနှင့် ၎င်းအဖွင့် ဝိသုဒ္ဓိမဂ်,ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့မှ လာသော ရှုနည်းဖြစ်ပါသည်၊ ဤအဋ္ဌကထာတို့၌ အတိတ်, အနာဂတ်,ပစ္စုပ္ပန်ဟူသော ဘေဒကို ခွဲဝေဖွင့်ပြရာတွင် ဘဝအဓွန့်အားဖြင့် ခွဲဝေဖွင့်ပြတော်မူကြခြင်းသည် ထိုဘဝအဓွန့်သည် သိလွယ်,ပွားလွယ်သော ကြောင့် ကမ္မဋ္ဌာန်းအားထုတ်စ ယောဂီအား သင့်လျော်လျောက်ပတ်သော ရှုနည်း,ပွားနည်းဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ သန္တတိစသည် ဖြင့် အတိတ်စသည်ကို ခွဲဝေ၍ ရှုနည်း,ပွားနည်းသည်ကား သိမ်မွေ့သော ကြောင့် ကမ္မဋ္ဌာန်းအားထုတ်စ ယောဂီအား မသင့်လျော်သေးဟူလို။

မဟာဋီကာ ဒု စာမျက်နှာ (၃၉၁)

သို့သော်လည်း “အဒ္ဓါနဝသေန သန္တတိဝသေန ခဏဝသေန” စသော လက်သန်းအဋ္ဌကထာပါဌ်ကို ထောက်၍၎င်း၊ ဝိသုဒ္ဓိမဂ်၌ပင် နောက်ပိုင်း၌ ရူပသတ္တက ရှုနည်းများကို ပြတော်မူသည်ကို ထောက်၍၎င်း ဘဝအဓွန့်အားဖြင့် ခွဲဝေအပ်သော အတိတ်စသည် အဇ္ဈတ္တစသည် ရှုနည်း ဆယ့်တပါးဖြင့် ရှုပွားပြီး၍ သမ္မသနဉာဏ် မြဲမြဲရင့်ကျက်ပြီးသော အခါ၌ကား သန္တတိစသည်ဖြင့် အတိတ်စသည်ကို ခွဲဝေ၍လည်း မုချ ရှုပွားသင့်သောကြောင့် ထိုသန္တတိစသည်ဖြင့် အတိတ်စသည် ပွားနည်း ကိုလည်း ထည့်သွင်းရေးသား ဖော်ပြပါဦးမည်။

"သန္တတိ"အစဉ်ဟူသည်မှာ—

"ပုဗ္ဗာပရဝသေန သမ္ဗန္ဓာတတိပဝတ္တိသန္တတိ" ဟူသော မဟာဋီကာနှင့်အညီ ဥပါဒ်,ဌီ,ဘင်ဟူသော ခဏသုံးပါးသို့ရောက်၍ ချုပ်ပြီးသော ရှေ့ရုပ်နာမ်,ထပ်၍ဖြစ်ပေါ်သော နောက်ရုပ်နာမ်တို့၏ အစွမ်းအားဖြင့် တခုထည်းဟု ထင်ရလောက်အောင် ဆက်စပ်နေသော အစဉ်သည် သန္တတိ— အစဉ်မည်၏၊ ရုပ်နာမ်တို့၏ အစပ်,အစဉ်,အဆက်ဟူလို။

ထိုသန္တတိအစဉ်သည် တခဏမျှမြဲနေသည်မဟုတ်၊ အကယ်၍ အပူရုပ်အစဉ်သည် တနာရီကြာရှိနေသည်ဖြစ်အံ့၊ ထိုအပူရုပ်အစဉ်သည် တနာရီ၏အစ၌ တကြိမ်ထည်း တဟုန်ထည်းဖြစ်၍ တနာရီကြာ တည်ရှိနေပြီးလျှင် တနာရီ၏အဆုံးကျမှ တကြိမ်ထည်း တဟုန်ထည်း ချုပ်ပျောက်သည် မဟုတ် စင်စစ်ကား မိနစ်တိုင်း,မိနစ်တိုင်း၌ရှင်း၊ စက္ကန့်တိုင်း,စက္ကန့်တိုင်း၌ရှင်း တစက္ကန့်ကို အပိုင်းတရာစိတ်၍လည်း အပိုင်းတိုင်း,အပိုင်းတိုင်း၌ရှင်း ချုပ်ပျောက်၍ ချုပ်ပျောက်၍နေပါသည်၊ ထိုသို့ ချုပ်ပျောက်မှုကို မမြင်ရခြင်း၏ အကြောင်းမှာကား မိနစ်တိုင်း,မိနစ်တိုင်း၌ရှင်း၊ စက္ကန့်တိုင်း,စက္ကန့်တိုင်း၌ရှင်း တစက္ကန့်ကို အပိုင်းတရာပိုင်း၍လည်း အပိုင်းတိုင်းအပိုင်းတိုင်း၌ရှင်း အသစ်အသစ်ထပ်၍ ဖြစ်သောကြောင့်ပင် ဖြစ်လေသည်။ ထိုသို့ ဖြစ်ရုပ်,ပျက်ရုပ်တို့သည် မမြင်နိုင်လောက်အောင်ပင် အလွန်လျှင်မြန်စွာ စပ်၍နေခြင်းကြောင့်လည်း တခုထည်းဟုထင်ရပါသည် ဉာဏ်ဖြင့်တွေးဆကြည့်လျှင်ကား "အမြဲဖြစ်၍ အမြဲပျက်နေသည်"ဟု သိမြင်နိုင်ပါသည်၊ ထွန်းညှိထားသော ဖယောင်းတိုင်မီးတောက်ကိုရှင်း စီးနေသော ရေအယဉ်ကိုရှင်း ဥပမာပြု၍ ဆင်ခြင်ပါလေ။

နာမ်တရား သန္တတိအစဉ်၏ ဖြစ်ပျက်ပြောင်းလဲပုံကိုလည်း ဤနည်းကိုမှီ၍ သိမှတ်ဆင်ခြင်သင့်ပါသည်၊ အထူးမှာ ဝိပဿနာ၏အာရုံဖြစ်သော ရုပ်တရား၏ သန္တတိအစဉ်ဟူသည်မှာ အအေးဥတုကြောင့် အအေးရုပ်အစဉ်ဖြစ်ဆဲ၌ ထိုအအေးရုပ်အစဉ်သည် ပစ္စုပ္ပန်သန္တတိမည်၍ သဘောမတူသော အပူဥတုကြောင့်ဖြစ်သော ရှေးအဘို့ကာလ၌ဖြစ်သော ရုပ်အစဉ်သည် အတိတ်သန္တတိမည်၏၊ ထို့အတူ နောက်အဘို့ကာလ၌ဖြစ်သော ရုပ်အစဉ်သည် အနာဂတ်သန္တတိမည်၏။

အပူဥတုကြောင့် အပူရုပ်အစဉ်ဖြစ်ဆဲ၌လည်း ဤနည်းကိုမှီ၍ သိမှတ်ပါလေ။

အေးသောအစာအာဟာရကြောင့် အအေးအာဟာရဇရုပ် ဖြစ်ဆဲ၌ ထိုအအေးအာဟာရဇရုပ်အစဉ်သည် ပစ္စုပ္ပန်သန္တတိမည်၍ သဘောမတူသော အပူစာအာဟာရကြောင့်ဖြစ်သော ရှေးအဘို့ကာလ၌ဖြစ်သော ရုပ်အစဉ်သည် အတိတ်သန္တတိမည်၏၊ ထို့အတူ နောက်အဘို့ကာလ၌ ဖြစ်သော ရုပ်အစဉ်သည် အနာဂတ်သန္တတိမည်၏။

အပူစာအာဟာရကြောင့် အပူအာဟာရဇရုပ်ဖြစ်ဆဲ သင့်သော အစာအာဟာရကြောင့် ကျန်းမာသော အာဟာရဇရုပ်ဖြစ်ဆဲ မသင့်သော အစာအာဟာရကြောင့် မကျန်းမာသော အာဟာရဇရုပ်ဖြစ်ဆဲ စသည် တို့၌လည်း ဤနည်းကိုမှီ၍ သိမှတ်ပါလေ။

နာမ်တရား၏ သန္တတိအစဉ်ဟူသည်မှာ သဘောတူသော တခု ထည်းသော ဝီထိစိတ်၊ တမျိုးထည်းသော ဇောစိတ်၊ တမျိုးထည်းသော သမာပတ်စိတ်တို့၌ အကျုံးဝင်သော စိတ်အစဉ်သည်၎င်း ရူပါရုံအချင်းချင်း စသည် သဘောတူ တမျိုးထည်းသော အာရုံရှိသော စိတ်အစဉ်သည်၎င်း ပစ္စုပ္ပန်သန္တတိမည်၏။

ဖြစ်ဆဲပစ္စုပ္ပန် နာမ်တရား၏ သန္တတိအစဉ်နှင့် သဘောမတူသော တခုထည်းမဟုတ်သော ဝီထိစိတ်၊ တမျိုးထည်းမဟုတ်သောဇောစိတ် တမျိုးထည်းသော သမာပတ်စိတ်တို့၌ အကျုံးမဝင်သော စိတ်အစဉ် သည်၎င်း၊ ရူပါရုံစသည်မှတပါး သဒ္ဒါရုံစသည် ကွဲပြားသော အာရုံရှိသော ရှေးအဘို့ကာလ၌ဖြစ်သော စိတ်အစဉ်သည် အတိတ်သန္တတိမည်၏။ ထို့အတူ နောက်အဘို့ကာလ၌ဖြစ်သော စိတ်အစဉ်သည် အနာဂတ် သန္တတိမည်၏။

ရုပ်ပြောင်းရုပ်လဲကိုသိနိုင်ပုံ— ရုပ်တရားသန္တတိတို့၏ အဟောင်း ချုပ်ပျောက် အသစ်ရောက်ခြင်းဟူသော ပြောင်းလဲမှုများကိုလည်း အပူ ဥတုဇရုပ်၊ ဆာလောင်မွတ်သိပ်လျက်ရှိသော အာဟာရဇရုပ်၊ ဆင်းရဲသော စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့၏ ညှိုးနွမ်းခြင်း ပင်ပန်းခြင်း အဆင်း မလှခြင်းစသော လက္ခဏာများကို မြင်သဖြင့်၎င်း၊ အအေးဥတုဇရုပ် အစာဝခြင်းကြောင့်ဖြစ်သော အာဟာရဇရုပ်၊ ချမ်းသာသောစိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့၏ ရောင့်ရဲခြင်း ခိုင်ခန့်ခြင်း စိုပြေခြင်းစသော လက္ခဏာကို မြင်သဖြင့်၎င်း သိသာနိုင်ပါသည်။

ကိုယ်ခန္ဓာအတွင်း၌လည်း ဥတုဇရုပ်၌ ပူမှု,အေးမှုကို တွေ့ထိခံစားရခြင်းဖြင့်၎င်း၊ အာဟာရဇရုပ်၌ ဆာလောင်မွတ်သိပ်မှု အားအင်လျော့ပါးမှုနှင့် ဝလင်၍မျှတမှု အားအင်တောင့်တင်းမှုစသည်ကို တွေ့ထိခံစားခြင်းဖြင့်၎င်း၊ စိတ္တဇရုပ်၌ ညှိုးနွမ်းမှု လန်းဆန်းမှုစသည်ကို တွေ့ထိခံစားရသဖြင့်၎င်း၊ အဖျားအနာရောဂါဖြစ်ပေါ်မှု အဖျား,အနာရောဂါသက်သာပျောက်ကင်းမှု စသည်ကို တွေ့ထိခံစားရသဖြင့်၎င်း၊ မိမိကိုယ်တိုင်ဣရိယာပုထ်လေးပါးနှင့် ထိုထိုလှုပ်ရှားမှုများကိုပြုခြင်းဖြင့်၎င်း ထိုရုပ်တရားသန္တတိတို့၏ အဟောင်းချုပ်ပျောက် အသစ်ရောက်ခြင်းဟူသော ပြောင်းလဲမှုကို သိသာနိုင်ပါသည်။

ထို့ကြောင့် ခန္ဓာကိုယ်အတွင်း၌ ထိုထိုသန္တတိတို့၏ အဟောင်းချုပ်ပျောက် အသစ်ရောက်ခြင်းဟူသော ပြောင်းလဲမှုကို ဆိုခဲ့သောညှိုးနွမ်းမှုစသည်ကိုမြင်ခြင်း ပူမှု,အေးမှုစသည်တို့ကို တွေ့ထိခံစားခြင်းတို့ဖြင့် သိ၍သော်၎င်း၊ ဣရိယာပုထ်လေးပါးနှင့် ထိုထိုလှုပ်ရှားမှုတို့ဖြင့်သိ၍သော်၎င်း၊ ထိုထို အခြင်းအရာအားဖြင့် ကြံဆဆင်ခြင်၍သော်၎င်းပထဝီစသော ရုပ်တရားတို့၏ မမြဲသည်၏အဖြစ်ဟူသော ကုန်ခြင်း,ပျက်ခြင်း(ခယ,ဝယ)သဘောကို ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာသိမြင်ရသည်တိုင်အောင် အဖန်ဖန်အထပ်ထပ် သုံးသပ်ပွားများရမည်ဖြစ်ပါသည်။ ဤသို့သော အဓိပ္ပါယ်ကို ရည်ညွှန်း၍ ပရမတ္ထဒီပနီဋီကာ၌ အောက်ပါအတိုင်းမိန့်ဆိုတော်မူပါသည်။

> "တသ္မာ အတ္တနော သရီရဋ္ဌာနေ့ရေ တံတံ သန္တတိ ပရိဝတ္တိံ ဥတ္တာ ဝါ တထာတထာ ကပ္ပေတွာ ဝါ ရူပဓာတူနံ အနိစ္စတ္တံ ဉာဏေန သုဒိဋ္ဌံ ကတွာ ပုနပ္ပုနံ သမ္မသိတဗ္ဗံ"။

ဤရေးသားဖေါ်ပြခဲ့သည့်တို့မှာကား သမ္မသနအားဖြင့် တရားနှလုံးသွင်းသူယောဂီ၏ သန္တတိနှင့်စပ်၍ သိသင့်သိထိုက်သော ဗဟုသုတများဖြစ်ပါသည်။

**ဆင်ခြင်သုံးသပ်ပုံမှာကား—** ( ဥတုဇပထဝီ၌ ) ပူအိုက်ဆဲဖြစ်လျှင် "ချမ်းအေးရာ အတိတ်ကာလ၌ အအေးဥတုကြောင့်ဖြစ်ခဲ့သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာအစဉ်သည် ထိုအတိတ်ကာလမှာပင် ချုပ်ပျက်ခဲ့ပြီး၍ ပူအိုက်ဆဲ ပစ္စုပ္ပန်ကာလ၌ အပူဥတုကြောင့်ဖြစ်သော ဤကြမ်းတန်းခက်မာမှု အမူအရာကြီးယာသို့ မရောက်လာ၊ ထိုသို့ ကုန်တတ်,ပျက်တတ်

သော သဘောကြောင့် အနိစ္စ–မမြဲပါတကား။ ဥပါဒ်,ဋ္ဌီ,ဘင်ဟူသော မွေး,အို,နာ,သေ ဘေးထွေထွေတို့ မသွေနှိပ်စက်အပ်သည်ဖြစ်၍ ကြောက်မက်ဘွယ်ကောင်းသော သဘောကြောင့် ဒုက္ခပါတကား၊ အလိုအတိုင်း မြဲစေသူ မြဲတတ်သူ အတ္တ,နိဝါသီစသော အနှစ်သာရမရှိ အနှစ်သာရ မဟုတ်သောကြောင့် အနတ္တပါတကား”ဟု ဆင်ခြင်သုံးသပ်အပ်၏။

နောက်သုံးသပ်မှုများ၌လည်း ဤကုန်တတ်ပျက်တတ်သော သဘောစသည်ကို နှလုံးသွင်း၍ အနိစ္စ,ဒုက္ခ,အနတ္တဟု လက္ခဏာရေးတင် ဆင်ခြင် သုံးသပ်ပါလေ။

နောင်ချမ်းအေးရာ အနာဂတ်ကာလ၌ အအေးဥတုကြောင့် ဖြစ်လတ့ံသော ကြမ်းတန်းခက်မာမှု အမှုအရာကြိယာသည်လည်း နောင် အနာဂတ်ချမ်းအေးဆဲမှာပင် ချုပ်ပျက်၍ တဖန်ပူအိုက်ဆဲကာလ၌ ပူအိုက် ခြင်းကြောင့်ဖြစ်သော ကြမ်းတန်းခက်မာမှု အမှုအရာကြိယာသို့ ကူးပြောင်း ရောက်သွားမည်မဟုတ်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ–မမြဲပါတကားစသည်ဖြင့် ဆင်ခြင်သုံးသပ်အပ်၏။

ပူအိုက်ဆဲပစ္စုပ္ပန်ကာလ၌ အပူဥတုကြောင့်ဖြစ်သော ဤကြမ်းတန်း ခက်မာမှု အမှုအရာကြိယာအစဉ်သည်လည်း ဤပစ္စုပ္ပန်ကာလမှာပင် ချုပ်ပျက်၍ နောင်အအေးဥတုကြောင့်ဖြစ်သော အနာဂတ်ကြမ်းတန်း ခက်မာမှု အမှုအရာကြိယာအစဉ်သို့ ရောက်မည်မဟုတ်၊ ထိုသို့ ကုန်တတ် ပျက်တတ်သောသဘောကြောင့် အနိစ္စ,ဒုက္ခ,အနတ္တ။

ချမ်းအေးဆဲဖြစ်လျှင် အအေးဥတုကြောင့်ဖြစ်သော ကြမ်းတန်း ခက်မာမှု အမှုအရာကြိယာအစဉ် ပစ္စုပ္ပန်ပြု၍ ဆိုခဲ့သော နည်းအတိုင်း အတိတ်,ပစ္စုပ္ပန်,အနာဂတ် ပိုင်းခြားခွဲဝေ၍ ဆင်ခြင်သုံးသပ်ပါလေ။

မီးလှုံရာအခါ, ရေချိုးရာအခါ, အဖျားပူတက်ရာအခါ, အဖျားချမ်း တက်ရာအခါ စသည်တို့၌လည်း အပူ, အအေးဘို့ကြောင့် ဖြစ်သော ရုပ်အစဉ်တို့ကို ဆိုခဲ့သောနည်းအတိုင်း အတိတ်,ပစ္စုပ္ပန်,အနာဂတ်ပိုင်းခြား ခွဲဝေ၍ ဆင်ခြင်သုံးသပ်ပါလေ။

(အာဟာရဇပထဝီ၌)ဆာလောင်မွတ်သိပ်ဆဲဖြစ်လျှင် ထိုဆာလောင် မွတ်သိပ်ခြင်းကြောင့်ဖြစ်သော ရုပ်အစဉ်သည် ပစ္စုပ္ပန်မည်၍ အစာဝခြင်း ကြောင့် ဖြစ်ခဲ့ပြီးသော ရုပ်အစဉ်သည် အတိတ်မည်၏၊ အစာဝခြင်းကြောင့် ဖြစ်လတ့ံသော နောက်ရုပ်အစဉ်သည် အနာဂတ်မည်၏။

အစာဝဆဲဖြစ်လျှင် ထိုအစာဝခြင်းကြောင့်ဖြစ်သော ရုပ်အစဉ်သည် ပစ္စုပ္ပန်မည်၍ ဆာလောင်မွတ်သိပ်ခြင်းကြောင့် ဖြစ်ခဲ့ပြီးသော ရုပ်အစဉ်သည် အတိတ်မည်၏။ ဆာလောင်မွတ်သိပ်ခြင်းကြောင့် ဖြစ်လတ္တံ့သော နောက်ရုပ်အစဉ်သည် အနာဂတ်မည်၏။

ဤသို့ ပိုင်းခြားမှတ်သား၍ အစာဝရာ အတိတ်ကာလ၌ အစာဝခြင်းကြောင့် ဖြစ်ခဲ့ပြီးသော ကြမ်းတန်းခက်မာမှု အမူအရာကြိယာအစဉ်သည် ထိုအတိတ်ကာလမှာပင် ချုပ်ပျက်ခဲ့ပြီး၍ ဆာလောင်မွတ်သိပ်ခြင်းကြောင့်ဖြစ်သော ဤပစ္စုပ္ပန် ကြမ်းတန်းခက်မာမှု အမူအရာကြိယာအစဉ်သို့ မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သော သဘောကြောင့် အနိစ္စ–မမြဲပါတကား စသည်ဖြင့် ဆင်ခြင်သုံးသပ်အပ်၏။

အနာဂတ်ရုပ်အစဉ် ပစ္စုပ္ပန်ရုပ်အစဉ်တို့ကိုလည်း ဥတုဇပထဝီ၌ ဆိုခဲ့သည့်နည်းကိုမှီ၍ ဆင်ခြင်သုံးသပ်ပါလေ။

ရင်းပြင် ပူသော သို့မဟုတ် အေးသော တက်သော သို့မဟုတ် သက်သော သင့်သော သို့မဟုတ် မသင့်သော အစာဆေးဝါးများကို စားသုံးရာအခါတို့၌ ထိုပူသောအစာ ဆေးဝါးစသည်တို့ကြောင့်ဖြစ်သော ရုပ်အစဉ်တို့ကိုလည်း အတိတ်စသည် ပိုင်းခြား၍ အထက်နည်းအတိုင်း ဆင်ခြင်သုံးသပ်ပါလေ။

(စိတ္တဇပထဝီ၌) စိတ်ချမ်းသာနေဆဲဖြစ်လျှင် ထိုချမ်းသာသော စိတ်ကြောင့်ဖြစ်သော ရုပ်အစဉ်သည် ပစ္စုပ္ပန်မည်၍ ဆင်းရဲသောစိတ်ကြောင့် ဖြစ်ခဲ့ပြီးသော ရုပ်အစဉ်သည် အတိတ်မည်၏၊ ဆင်းရဲသောစိတ်ကြောင့် ဖြစ်လတ္တံ့သော နောက်ရုပ်အစဉ်သည် အနာဂတ်မည်၏။

စိတ်ဆင်းရဲနေဆဲဖြစ်လျှင် ထိုဆင်းရဲသောစိတ်ကြောင့်ဖြစ်သော ရုပ်အစဉ်သည် ပစ္စုပ္ပန်မည်၍ ချမ်းသာသောစိတ်ကြောင့် ဖြစ်ခဲ့ပြီးသော ရုပ်အစဉ်သည် အတိတ်မည်၏၊ ချမ်းသာသောစိတ်ကြောင့် ဖြစ်လတ္တံ့သော နောက်ရုပ်အစဉ်သည် အနာဂတ်မည်၏။

ဤသို့ ပိုင်းခြားမှတ်သား၍ ဆင်းရဲသော စိတ်ကြောင့်ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာအစဉ်သည် ထိုအတိတ်ကာလမှာပင် ချုပ်ပျက်ခဲ့ပြီး၍ ချမ်းသာသောစိတ်ကြောင့်ဖြစ်သော ဤပစ္စုပ္ပန် ကြမ်းတန်းခက်မာမှု အမူအရာကြိယာအစဉ်သို့ မရောက်၊ ထိုသို့ ကုန်တတ်ပျက်တတ်သောသဘောကြောင့် အနိစ္စ—မမြဲပါတကားစသည်ဖြင့် ဆင်ခြင်သုံးသပ်အပ်၏။

အနာဂတ်ရုပ်အစဉ် ပစ္စုပ္ပန်ရုပ်အစဉ်တို့ကိုလည်း ဥတုဇပထဝီ၌ ဆိုခဲ့သောနည်းအတိုင်း ဆင်ခြင်သုံးသပ်ပါလေ။

စိတ်ဆင်းရဲနေဆဲဖြစ်လျှင် ဆင်းရဲသော စိတ်ကြောင့်ဖြစ်သော ကြမ်းတန်းခက်မာမှု အမှုအရာကြိယာအစဉ်ကို ပစ္စုပ္ပန်ပြု၍ အထက်နည်းအတိုင်း ဆင်ခြင်သုံးသပ်ပါလေ။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ကား "စိတ္တဇံ ဧကဝီထိ ဧကဇဝန ဧက-သမာပတ္တိသမုဋ္ဌာနံ ပစ္စုပ္ပန္နံ"စသည်ဖြင့် "တခုထည်းသောဝီထိစိတ် တခုထည်းသော ဇောစိတ် တခုထည်းသော သမာပတ်စိတ်တို့ကြောင့် ဖြစ်သော အသီးသီးသော စိတ္တဇရုပ်သည် ပစ္စုပ္ပန်မည်၏"ဟု ပြဆိုတော်မူပါသည်။ အလွန်သိမ်မွေ့သဖြင့် အသိခက်မည်ကြောင့် ၎င်းအဋ္ဌကထာ ဖွင့်ပြချက်ကို ချန်လှပ်၍ "စိတ္တသမုဋ္ဌာနံ သောမနဿိတဒေါမနဿိတဝသေန ပါကဋံ ဟောတိ"စသည်ဖြင့် လာသော ဝိသုဒ္ဓိမဂ်နည်းကိုသာမှီ၍ ချမ်းသာသော စိတ် ဆင်းရဲသော စိတ်တို့ကြောင့်ဖြစ်သော ရုပ်အစဉ်များကို ပြဆိုလိုက်ပါသည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ထိုသို့ ပြဆိုတော်မူခြင်းသည်လည်း သိသာထင်ရှားသော သောမနဿ, ဒေါမနဿဝေဒနာ အသီးသီးနှင့် ယှဉ်သော စိတ်အသီးသီး၏ အစွမ်းအားဖြင့် ပြဆိုတော်မူလိုသောကြောင့်သာဖြစ်ရာ ကုသိုလ်စိတ် သို့မဟုတ် အကုသိုလ်စိတ် လောဘစိတ် သို့မဟုတ် ဒေါသစိတ် စသည်တို့ကြောင့်၎င်း၊ ရပ်လိုစိတ် သွားလိုစိတ် ထိုင်လိုစိတ် လျောင်းလိုစိတ် ကွေးလိုစိတ် ဆန့်လိုစိတ်စသည်တို့ကြောင့်၎င်း ဖြစ်သော ကြမ်းတန်းခက်မာမှု အမှုအရာကြိယာအစဉ်တို့ကိုလည်း အတိတ်စသည်ခွဲဝေ၍ ဆင်ခြင်သုံးသပ်သင့်ပါသည်။

ဤရုပ်ခြင်းစသော ဣရိယာပုထ်အားဖြင့် သုံးသပ်ဆင်ခြင်သော နည်းသည် ပြဆိုလတ္တံ့သော ဝယောဝုဍ္ဎတ္ထင်္ဂမနည်း၌ အကျုံးဝင်သော အားဖြင့် ထင်ရှားပါလိမ့်မည်။

အစိပ္ပါယ်—ကမ္မဇရုပ်မှာကား- သန္တတိ၏ အစွမ်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော အပြားသည် အသီးအခြားမရှိ၊ ကမ္မဇရုပ်သည် ဥတု, အာဟာရ, စိတ္တဇရုပ်တို့နှင့် အတူတကွဖြစ်သော မှီရာဖြစ်၍ ၎င်းရုပ်တို့ကို ထောက်ပံ့သည်၏ အစွမ်းအားဖြင့် ထိုကမ္မဇရုပ်၏ အတိတ်စသည်၏ အဖြစ်ကိုသိအပ်ပါသည်၊ အတူတကွဖြစ်၍ ဥတုဇစသော ရုပ်တို့၏ အစဉ်ကို ကူညီထောက်ပံ့သည်၏ အစွမ်းအားဖြင့် ၎င်းရုပ်အစဉ်တို့နှင့် တပါတည်း ဖြစ်သည်ဟူလို။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ပ(၂၂၈)။

သမယအားဖြင့် ပွားများဆင်ခြင်ပုံမှာ နောက်ဖြစ်ပေါ်လတ္တံ့သော ဝယောဝုစ္စတွက်မနည်း၌ အကျုံးဝင်ပါလိမ့်မည်။

ခဏအားဖြင့်ကား ဥပါဒ်,ဌီ,ဘင်ဟူသော ခဏသုံးပါးတို့၌ အကျုံးဝင်သောရုပ်သည် ပစ္စုပ္ပန်မည်၏ ထိုမှရှေးအတို ခဏသုံးပါး၌ ချုပ်ခဲ့ပြီးသော ရုပ်အစဉ်သည် အတိတ်မည်၏၊ နောက်အတို ခဏသုံးပါး၌ အကျုံးဝင်လတ္တံ့သောရုပ်သည် အနာဂတ်မည်၏။

ပရမတ္ထဒီပနီဋီကာ၌ကား— ထိုသို့ ခဏသုံးပါး၏ အစွမ်းအားဖြင့် ဆင်ခြင်သုံးသပ်ခြင်းသည် အလွန်လျင်မြန်လှသော ရုပ်အစဉ်ဖြစ်သော ကြောင့် သဗ္ဗညုဘုရားရှင်တို့၏ အရာသာဖြစ်ကြောင်း သာဝကတို့၏ အရာ မဟုတ်ကြောင်းများကို "ခ္တေ စ ခဏဝသေန သမ္မသနံနာမ သဗ္ဗညုဗုဒ္ဓါနံ ဧဝ ဝိသယော သိယာ၊ န သာဝကာနံ"ဟု မိန့်ဆိုတော်မူပါသည်။

ထိုရာတွင် "အမှန်းအဆအားဖြင့်ကား လက္ခဏာရေးတင် ပွားများ သုံးသပ်သင့်သည်သာတည်း"ဟု အချို့ဋီကာများ၌ မိန့်ဆိုလျက်ရှိပါသည်။

မဟာဋီကာ၌ကား— သန္တတိ၏ အစွမ်းအားဖြင့် ရုပ်,နာမ်ဓမ္မ သင်္ခါရတို့ကို. ဖြစ်မှု,ပျက်မှုအနိစ္စအားဖြင့် လက္ခဏာတင်၍ ဆင်ခြင်နှလုံး သွင်းသူအား အစဉ်အတိုင်း ဘာဝနာဉာဏ် ရင့်သန်အားရှိလာရာ အခါ များ၌ ဝိပဿနာဉာဏ်ပညာ၏ ကောင်းစွာထက်မြက် ဆန့်ကျင်ဘက် ကိလေသာကင်းရှင်း၍ စင်ကြယ်ပွင့်လင်းခြင်းသို့ ရောက်ခြင်းကြောင့် ဥပါဒ် ခဏ,ဘင်ခဏအားဖြင့်လည်း အဖြစ်အပျက်တို့သည် ထင်နိုင်ကုန်၏ဟု အောက်ပါအတိုင်း မိန့်ဆိုတော်မူပါသည်။

> "သန္တတိဝသေန ဟိ ရူပါရူပဓမ္မေ ဥဒယတော, ဝယတော စ မနသိကရောန္တဿ အနုက္ကမေန ဘာဝနာယ ဗလပ္ပတ္တကာလေ ဉာဏဿ တိက္ခဝိသဒဘာဝပ္ပတ္တိယာ ခဏတော ဥဒယဗ္ဗယာ ဥပဋ္ဌဟန္တိ"။

မနောဝိညာဏ်ဟူသော နာမ်တရား၏ သန္တတိ၏ အစွမ်းအားဖြင့် ရှုပွားပုံမှာ အထက်၌ပြဆိုခဲ့သော နာမသမ္မသနနည်းများ၌ ထိုက်သင့် သလောက် အကျုံးဝင်ပြီးဖြစ်ပါသည်။

သန္တတိစသည်ဖြင့် သမ္မသနရှုနည်းပြီး၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ဒု စာမျက်နှာ ၂၄၇)၌ကား ဆိုခဲ့သော ကလာပသမ္မသနနည်းအတိုင်း ခန္ဓာငါးပါးတို့၌ "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ဆင်ခြင်သုံးသပ်၍ ဖြစ်ပေါ်စေအပ်သော သမ္မသနဉာဏ်၏ ရင့်သန်ခိုင်ခန့် စေခြင်းငှါ အနိစ္စတော, ဒုက္ခတောစသည် အခြင်းအရာလေးဆယ် (တော လေးဆယ်)တို့ဖြင့် သုံးသပ်ပွားများနည်းကိုလည်း ဆက်လက်၍ ပြဆိုတော်မူသည်။

ထိုတောလေးဆယ်တို့ဖြင့် သုံးသပ်ပွားများနည်းသည် ဆိုခဲ့သည့် နည်းအတိုင်း သမ္မသနဉာဏ် ရင့်သန်ခိုင်ခန့်ရန် တပါးသောအခြင်းအရာ ပရိယာယ်တို့ဖြင့် အနိစ္စ, ဒုက္ခ, အနတ္တသဘောများကိုပင် အမှန်းတင်၍ ပွားများခြင်းသာဖြစ်သောကြောင့်ရင်း၊ အလွန်ကျယ်မည်စိုးသောကြောင့် ရင်း ချန်လှပ်ခဲ့၍ ရင်းအဋ္ဌကထာများ၌ လာရှိသည်အတိုင်း သဒ္ဓါ,ဝီရိယ, သတိ,သမာဓိ,ပညာဟူသော ဣန္ဒြေတရားတို့ ထက်မြက်အားရှိကြောင်း တရားကိုးပါးတို့ကို ရေးသားဖော်ပြလိုက်ပါမည်။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ကလာပသမ္မသန,နယဝိပဿနာ နည်းတို့ဖြင့် ကြိုးစားဆင်ခြင်ပွားများပါသော်လည်း အားထုတ်သူယောဂီ အား "ဥဒယဗ္ဗယဉာဏပ္ပတ္တိ ဟိ ဇာဓ နယဝိပဿနာယ သမ္မဇ္ဇနန္တိ အဓိပ္ပေတံ" ဟူသော မဟာဋီကာနှင့်အညီ အဖြစ်အပျက်ကိုမြင်သော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သောအားဖြင့် နယဝိပဿနာ၏ ပြီးမြောက်ပြည့်စုံခြင်း မဖြစ် သေးသည်ဖြစ်အံ့ အောက်ပါတရား ကိုးပါးတို့ဖြင့် ဖြစ်ပွားပြီးမြောက် စေအပ်၏။

---

## ဣန္ဒြေထက်ကြောင်းတရား(၉)ပါး

၁။ "ဥပ္ပန္နုပ္ပန္နာနံ သင်္ခါရာနံ ခယမေဝ ပဿတိ"

ဖြစ်ပေါ်တိုင်းသော ရုပ်နာမ်သင်္ခါရတို့၏ ကုန်ခြင်း,ပျက်ခြင်းကိုသာ ရှုပွားရမည်ဟူလို။

၂။ "တတ္ထ စ သက္ကစ္စ ကိရိယာယ သမ္ပာဒေတိ"

ထိုသို့ ရှုပွားရာ၌သည်း ရိုရိုသေသေပြု၍ ရှုပွားခြင်းဖြင့် ဘာဝနာ ဉာဏ်ကို ဖြစ်စေရမည်ဟူလို။

၃။ "သာတစ္စကိရိယာယ သမ္ဘာဒေတိ"

အဆက်မပြတ် တစဝ်ထည်းရှုပွားမှုကို ပြုခြင်းဖြင့် ဘာဝနာဉာဏ်ကို ဖြစ်စေရမည်ဟူလို။

၄။ "သပ္ပါယကိရိယာယ သမ္ဘာဒေတိ"

လျောက်ပတ်သော ကျောင်းစသည် ခုနစ်ပါးကို မှီဝဲခြင်းဖြင့် လျောက်ပတ်သည်ကို ပြုခြင်းဖြင့် ဘာဝနာဉာဏ်ကို ဖြစ်စေရမည်ဟူလို။

ဤအမှတ်(၄)၌ လျောက်ပတ်သော ကျောင်းစသည် ခုနစ်ပါး ဟူသည်မှာ—

က။ အာဝါသ— အကြင်ကျောင်း၌နေ၍ တရားအားထုတ်ခြင်းဖြင့် အဖြစ်,အပျက်စသော နိမိတ်သည်ထင်၏ မြဲလည်းမြဲ၏ သတိလည်း ထင်၏ သမာဓိလည်းဖြစ်၏ ထိုကျောင်းသည် သင့်လျော်လျောက် ပတ်သော ကျောင်းမည်၏။

ခ။ ဂေါစရဂါမ— မိမိနေရာကျောင်းမှ တောင်အရပ် သို့မဟုတ် မြောက်အရပ်၌ရှိ၍ မဝေးလွန်း,မနီးလွန်းသော ဆွမ်းရလွယ်သော ဆွမ်းခံရွာသည် သင့်လျော်လျောက်ပတ်သော ဆွမ်းခံရွာမည်၏။

ဂ။ ဘဿအပ္ပိစ္ဆကထာ— အလိုနည်းခြင်းနှင့်စပ်သော စကားစသည့် တတိယမြောက် ပစ္စဝေက္ခဏာခန်း၌ ပြဆိုခဲ့သော ကထာဆယ်ပါး သည် သင့်လျော်လျောက်ပတ်သော စကားမည်၏။

ဃ။ ပုဂ္ဂလရာဇကထာ— မင်းစိုးနှင့်စပ်သော စကားစသည် အဋ္ဌမပစ္စ ဝေက္ခဏာခန်း၌ ပြဆိုခဲ့သော တိရစ္ဆာနကထာသုံးဆယ့်နှစ်ပါးကို မပြောတတ်မူ၍ သီလရှိသော ပုဂ္ဂိုလ်သည်ငှင်း၊ အကြင်ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းဖြင့် သမာဓိလည်းတည်၏၊ တည်ပြီးသော သမာဓိ လည်း မြဲမြဲ၏၊ ထိုပုဂ္ဂိုလ်သည်ငှင်း သင့်လျော်လျောက်ပတ်သော ပုဂ္ဂိုလ်မည်၏။

င။ ဘောဇန—အချိုဖြစ်စေ,အချဉ်ဖြစ်စေ အကြင်အရသာ အာဟာရကို မှီဝဲခြင်းဖြင့် ကျန်းမာခြင်း စိတ်တည်ကြည်ခြင်းများဖြစ်၏ ထိုအရသာ ထိုအာဟာရသည် လျောက်ပတ်သောဘောဇဉ်မည်၏။

ဧ။ ဥတု–အပူ,အအေးတို့တွင် အကြင်ဥတုကို မှီ၍ခြင်းဖြင့် ကျန်းမာခြင်း စိတ်တည်ကြည်ခြင်းဖြစ်၏ ထိုဥတုသည် လျောက်ပတ်သော ဥတု မည်၏။

ဆ။ ဣရိယာပထ—ဣရိယာပုထ်လေးပါးတို့တွင် အကြင်ဣရိယာပုထ်ဖြင့် ကျန်းမာခြင်း, စိတ်တည်ကြည်ခြင်းများဖြစ်၏ ထိုဣရိယာပုထ်သည် လျောက်ပတ်သော ဣရိယာပုထ်မည်၏။

၅။ "သမာဓိဿစ နိမိတ္တဂ္ဂါဟေန"

အကြင်သို့ နှလုံးသွင်းဆင်ခြင်၍ ဝိပဿနာသမာဓိဖြစ်ပေါ်မြဲမြဲ လာ၏။ ထိုသို့ နှလုံးသွင်း၍ ဝိပဿနာသမာဓိ၏ ဖြစ်ကြောင်းနိမိတ်ကို ယူခြင်းဖြင့်လည်း ဘာဝနာဉာဏ်ကို ဖြစ်စေရမည်ဟူလို။

၆။ "ဗောဇ္ဈင်္ဂါနဉ္စ အနုပဝတ္တနတာယ"

ဘာဝနာစိတ် ထိုင်မှိုင်းတွန့်ဆုတ်နေရာအခါ၌ ပီတိ,ဝီရိယ,ဓမ္မဝိစယ ဗောဇ္ဈင်တို့ကို ပွားများစေခြင်းဖြင့်၎င်း၊ ဘာဝနာစိတ် တက်ကြွပြန့်လွင့်ရာ အခါ၌ ပဿဒ္ဓိ,သမာဓိ,ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားများစေခြင်းဖြင့်၎င်း ဗောဇ္ဈင်တို့ကို အလျော်အားဖြင့် ဖြစ်စေရမည်ဟူလို။

၇။ "ကာယေ စ ဇီဝိတေ စ အနပေက္ခတံ ဥပဋ္ဌာပေထိ"

ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ စွန့်လွှတ်ရဲသောစိတ်ကို ဆောက်တည် ရမည်ဟူလို။

၈။ "တတ္ထ စ အတိဘုယျ နေက္ခမ္မေန"

ထိုသို့ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ အားထုတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကိုယ်စိတ်ဆင်းရဲကို ပျင်းရိခြင်းမှ ထွက်မြောက်ကြောင်း ဝီရိယဖြင့် ဖြေဖျောက်လွှမ်းမိုး၍ ဘာဝနာဉာဏ်ကို ဖြစ်စေရမည်ဟူလို။

၉။ "အန္တရာစ အဗျောသာနေန"

လိုအပ်သော ဘာဝနာဉာဏ် ပြီးမြောက်သည်တိုင်အောင် မရပ်မနား ဖြတ်မထားဘဲ ကြိုးစားအားထုတ် မတွန့်ဆုတ်သောစိတ်ဖြင့် ဘာဝနာ ဉာဏ်ကို ဖြစ်စေရမည်ဟူလို။

ဣန္ဒြေထက်ကြောင်းတရားကိုးပါးပြီး၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ကား— ဤရုန္ဓြေထက်မြက်ကြောင်းကိုးပါးကို ပြဆိုပြီးသည်၏အခြားမဲ့၌ ပဋိသန္ဓေမှစ၍ နာမ်ရုပ်တို့၏ အသီးသီးဖြစ်ခြင်းကို ရှုပွားနည်းဖြစ်သော ရူပနိဗ္ဗတ္တိပဿနာကာရ, အရူပနိဗ္ဗတ္တိပဿနာကာရ တို့ကို ပြဆိုတော်မူပါသည်။

"နိဗ္ဗတ္တိပဿိတဗ္ဗာတိ ပဋမံ တာဝ အာဂမာနုသာရတော အနုမာန- ဝသေန ဒဋ္ဌဗ္ဗာ"စသော မဟာဋီကာနှင့်အညီ ထိုရှုနည်းနှစ်မျိုးသည် ပါဠိ, အဋ္ဌကထာစသည်လာတိုင်း နှလုံးသွင်းအောက်မေ့သောအားဖြင့် ပစ္စက္ခ မဟုတ်သော အနုမာနအားဖြင့်သာ ရှေးဦးစွာ ရှုပွားနည်းဖြစ်သောကြောင့် ၎င်း၊ ဤစာအုပ်အတွက် ကျယ်လွန်းမည်စိုးသောကြောင့်၎င်း ချန်လှပ်၍ ၎င်းရှုနည်း၏အခြားမဲ့၌ ပါဠိမုတ္တကအနေဖြင့် အဋ္ဌကထာဆရာ ပြဆိုတော်မူအပ်သော ရူပသတ္တကရှုနည်း,အရူပသတ္တကရှုနည်းများတွင် ဤစာအုပ်၌ (သဘောတူအကျုံးဝင်သောအားဖြင့်သော်မှ) ရေးသားဖော်ပြခြင်း မရှိသေးသော ရှုနည်းအချို့များကိုသာ အကျယ်အဓိပ္ပါယ်အားဖြင့် ရေးသား ဖော်ပြသွားပါမည်၊ ရှေးဦးစွာ ရေးသားဖော်ပြအပ်သော ရူပသတ္တက ရှုနည်း၌ အကျဉ်းမာတိကာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ရူပသတ္တကရှုနည်းများ

၁။ အာဒါနနိက္ခေပရှုနည်း။

၂။ ဝယောဝုဍ္ဎတ္ထင်္ဂမရှုနည်း။

၃။ အာဟာရမယရှုနည်း။

၄။ ဥတုမယရှုနည်း။

၅။ ကမ္မဇရှုနည်း။

၆။ စိတ္တသမုဋ္ဌာနရှုနည်း။

၇။ ဓမ္မတာရူပရှုနည်း—

ဟူ၍ ရူပသတ္တကရှုနည်း၌ ခုနစ်ပါးဖြစ်ပါသည်၊ ထိုခုနစ်ပါး၏ အကျယ်အဓိပ္ပါယ်ကိုလည်း အောက်ပါအတိုင်း သိမှတ်ရှုပွားရန် ရေးသား ဖော်ပြလိုက်ပါသည်။

အာဒါနနိက္ခေပရှုနည်း— "ဘာရာဒါနံ ဒုခံ လောကေ—လောက၌ ကြီးလေးလှစွာသော ခန္ဓာဝန်ကို ယူခြင်းသည် ဆင်းရဲလှစွာ၏"ဟူသော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်နှင့်အညီ ပဋိသန္ဓေတည်နေခြင်းသည် ကြီးလေး လှစွာသော ခန္ဓာဝန်ကို စတင်၍ ယူခြင်းဖြစ်သော အာဒါနမည်၏။ (အာဒါန—ခန္ဓာဝန်ကိုယူခြင်းဟူလို)။

"သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ— လောက၌ သတ္တဝါဟူသမျှတို့သည် ခန္ဓာဝန်ကို ပယ်ချစွန့်ပစ်ကြရကုန်လတ့်"ဟူသော သုတ်မဟာဝါပါဠိတော်နှင့်အညီ သေခြင်းသည် ခန္ဓာဝန်ကို ပယ်ချစွန့်ပစ်ခြင်း ဖြစ်သောကြောင့် နိက္ခေပမည်၏။ (နိက္ခေပ—ခန္ဓာဝန်ဟောင်းကို စွန့်ခြင်းဟူလို)။

ထိုပဋိသန္ဓေနေခြင်းဟူသော အာဒါန,သေခြင်းဟူသော နိက္ခေပ တို့ဖြင့် နှစ်ဝေါင်းတရာ တသက်တာကို "တဘဝ"ဟု ပိုင်းခြားမှတ်သား၍ ထိုပဋိသန္ဓေနှင့် သေခြင်းတို့၏အကြား တဘဝတာ ဖြစ်သမျှသော သင်္ခါရ တရားတို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ ဆင်ခြင်ရှုပွားနည်းသည် အာဒါနနိက္ခေပရှုပွားနည်းမည်၏။

အနိစ္စ— ရှုပွားပုံမှာ ပဋိသန္ဓေတည်နေဖြစ်ပေါ်ရာ အခါမှစ၍ သေဆုံးသည်တိုင်အောင် ဤအတွင်း၌ ဖြစ်ဖြစ်သမျှသော ကြမ်းတန်း ခက်မာမှု အမူအရာကြီယာ—ပထဝီဓာတ် ဖွဲ့စည်းမှုအမူအရာကြီယာ— အာပေါဓာတ် ပူမှု,အေးမှု အမူအရာကြီယာ—တေဇောဓာတ်စသော ရုပ်တရားတို့သည် ဥပ္ပါဒဝယဝတ္တိတော— ဥပါဒ်ခဏ၌ ဖြစ်ပေါ်ပြီးလျှင် ဘင်ခဏ၌ ချုပ်ပျက်တတ်သောကြောင့်၎င်း၊ ဝိပရိဏာမတော—အပူရုပ် သန္တတိအစဉ် အအေးရုပ်သန္တတိအစဉ်စသည်ဖြင့် ထင်ရှားရှိနေဆဲ၌ပင် လည်း အပူရုပ်သန္တတိအစဉ်ဟောင်းနွမ်းကာ ကွယ်ပျောက်၍ အအေးရုပ် သန္တတိအစဉ် ဖြစ်ပေါ်ရခြင်း အအေးရုပ်သန္တတိအစဉ် ဟောင်းနွမ်းကာ ကွယ်ပျောက်၍ အပူရုပ်သန္တတိအစဉ် ဖြစ်ပေါ်ရခြင်းစသည်ဖြင့် ဖေါက်ပြန် တတ်သောကြောင့်၎င်း၊ ဝါ၊ ဌီခဏ၌ပင်လည်း ဘင်ခဏသို့ ရှေးရှုသော အားဖြင့် အပျက်သဘောသို့တူရှု အမူမမှန် ဖေါက်ပြန်ချောက်ခြားလျက် ရှိသောကြောင့်၎င်း၊ တာဝကာလိကတော—ဥပါဒ်, ဌီ, ဘင်ဟူသော ခဏငယ်သုံးချက်မျှသာ ရှိနေနိုင်သော ကြောင့်၎င်း၊ နိစ္စပဋိက္ခေပတော— ခိုင်မြဲခြင်း နိစ္စသဘောကို ပယ်မြစ်တတ်သောကြောင့်၎င်း၊ အနိစ္စ—မမြဲသော တရားပါတကားဟု ဆင်ခြင်သုံးသပ်ရပါသည်။

ဆက်ပါဦးမည်၊ ခိုင်မြဲခြင်းနိစ္စသဘောကို ပယ်မြစ်ပုံမှာ ရုပ်တရားသည် ရုပ်တရားဟူသော မိမိ၏ဆိုခဲ့သော ဥပါဒ်ခဏ၌ ဖြစ်ပေါ်ပြီးလျှင် ဘင်ခဏ၌ ချုပ်ပျက်ခြင်းဟူသော ဥပ္ပါဒဝယဝတ္တိသဘော၊ အပူရုပ်သန္တတိအစဉ် ကွယ်ပျောက်၍ အအေးရုပ် သန္တတိအစဉ် ဖြစ်ပေါ်ရခြင်းစသော ဝိပရိဏာမသဘော၊ ဥပါဒ်,ဌီ,ဘင်ဟူသော ခဏငယ်မျှသာ ရှိနေနိုင်ခြင်းဟူသော တာဝကာလိကသဘောတို့ကိုဝိပဿနာညာဏ်ပညာဖြင့်ကောင်းစွာ ထင်ထင် သိမြင်ရသော ယောဂီအား "အကျွန်ုပ်ကို အများကမြဲသည်ဟု ထင်နေကြသော်လည်း အကျွန်ုပ်ကား သင်ယခုထင်ထင် သိမြင်ရသည့်အတိုင်းပင် မမြဲသည်မှာအမှန်ပါ"ဟု ဝန်ခံပြောဆိုသကဲ့သို့ အနိစ္စအဖြစ်အားဖြင့် ထင်ရှားလာခြင်းသည် ခိုင်မြဲခြင်းနိစ္စသဘောကို ပယ်မြစ်ခြင်းနိစ္စပဋိက္ခေပမည်၏။

ဒုက္ခ— ဆိုခဲ့တိုင်းပင် မမြဲသောရုပ်တရားသည် အသစ်ဖြစ်ဆဲ အခိုက်အတန့်ဟူသော ဥပါဒ်ခဏ၌သာ တည်နေနိုင်သည်မဟုတ်ဘဲ ဘင်ခဏသို့ ရွေ့ရှုသောအားဖြင့် အိုရင့်ဟောင်းနွမ်း ဆွေးမြေ့ဆဲအခိုက်အတန့်ဟူသော ဌီခဏသို့ ရောက်ရလေသည်၊ ထိုဌီခဏမှတဖန် မိမိရှေးရှုရင်း ဘင်ခဏသို့ ရောက်လျက် ပျက်စီးချုပ်ဆုံးရပြန်လေသည်၊ ထို့ကြောင့် မမြဲသော ရုပ်တရားသည် အဘိဏှသမ္ပဋိပီဠနတော—ဖြစ်ခြင်း အိုရင့်ဟောင်းနွမ်းခြင်း ပျက်စီးချုပ်ဆုံးခြင်းဟူသော ဇာတိဘေး ဇရာဘေး မရဏဘေးတို့ဖြင့် အမြဲမပြတ် နှိပ်စက်ညှင်းဆဲအပ်သောကြောင့်ရင်း၊ ဒုက္ခမတော—ထိုသို့ဖြစ်ပျက်သင်္ခါရဒဏ်ချက်ဖြင့် မသက်မသာ မခံသာသောကြောင့်ရင်း၊ ဒုက္ခဝတ္ထု-တော—ကိုယ်စိတ်နှစ်ဝ ဒုက္ခဝေဒနာ သံသာရခပဲ ဝဋ်ဆင်းရဲတို့၏ အမြဲမကွာ တည်နေရာဖြစ်သောကြောင့်ရင်း၊ သုခပဋိက္ခေပတော—ချမ်းသာခြင်းနှင့် အလျှင်းမယှဉ် သင်းမဝင်ဘဲ ဆန့်ကျင်သောအားဖြင့် ချမ်းသာကို ပယ်မြစ်တတ်သောကြောင့်ရင်း "ဒုက္ခ-ဆင်းရဲသော တရားပါတကား"ဟု ဆင်ခြင်သုံးသပ်ရပါသည်။

အမှာ—ခိုင်မြဲခြင်းကို ပယ်မြစ်ပုံ နိစ္စပဋိက္ခေပနည်းကိုမှီ၍ ချမ်းသာကို ပယ်မြစ်ပုံ သုခပဋိက္ခေပကိုသိပါလေ။

အနတ္တ— ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော ရုပ်သဘာဝသင်္ခါရတို့သည် ဖြစ်ဆဲအခိုက်အတန့် ဥပ္ပါဒက္ခဏ၌သာတည်နေ၍ တည်ဆဲအခိုက်အတန့် ဌီခဏသို့မရောက်ရန်

ဖြင်း၊ ဌီခဏသို့ရောက်ပြီး၍လည်း ဘင်ခဏသို့ ရှေးရှုသောအားဖြင့် အိုဟောင်းဆွေးမြေ့ခြင်းဖြင့် မညှိုးမနွမ်း မပင်ပန်းရန်ဖြင်း ဌီခဏသို့ ရောက်၍ အိုဟောင်းဆွေးမြေ့ကုန်သော ရုပ်သဘာဝ သခၤါရတို့သည် မပျက်စီး မချုပ်ဆုံးရန်ဖြင်း၊ မည်သည့်လူ့နတ်ဗြဟ္မာ သတ္တဝါနှင့် တေဇာကြီးမား မည်သည့်ဘုရားကသော်မှ တောင်းတစီမံ ဘန်ဆင်းပြုပြင်ခြင်းငှါ မစွမ်းနိုင်၊ ရုပ်သဘာဝ သခၤါရတို့သည် ဖြစ်ပြီးမတည် ဌီသို့ရောက်မှု ဌီသို့ရောက်၍ အိုဟောင်းရင့်ရော်ရမှု အိုဟောင်းရင့်ရော်၍ ချုပ်ဆုံးပျက်စီးရမှု ဤသုံးမှုတို့၌ မည်သူ့အလိုမျှမလိုက် မည်သူ့အကြိုက်မျှမပါ ဓမ္မတာအတိုင်းသာ ဖြစ်လေ့ရှိသည်ဖြစ်၍- သုညတော၊ မပျက်စီးဘဲ အမြဲတည်နေနိုင်သူ- နိဝါသီ၊ မြင်ခြင်း ကြားခြင်းစသည်ကို ပြုတတ်သူ- ကာရက၊ ဆင်းရဲချမ်းသာကို ခံစားတတ်သူ- ဝေဒက၊ မိမိအလိုအတိုင်း စီမံခန့်ခွဲနိုင်သူ- အဓိဋ္ဌာယက၊ စသည်ဖြင့် ကြံဆင်ခြင်၍ ထင်မြင်စွဲလမ်းအပ်သော အတ္တသဘောမှ ကင်းဆိတ်သောကြောင့်ဖြင်း၊ အဿာမိကတော- မည်သူမျှ မစီမံနိုင် မည်သူပိုင်မျှ မဟုတ်သည်ဖြစ်၍ ပိုင်ဆိုင်သူမရှိသောကြောင့်ဖြင်း၊ အဝသဝတ္တိတော- မည်သူ့အလိုမျှမလိုက် မည်သူ့အကြိုက်မျှမပါ ဓမ္မတာအဘိုင်းဖြစ်ပျက်လေ့ရှိသောကြောင့်ဖြင်း၊ အတ္တပဋိက္ခေပတော-အလိုအတိုင်း မြဲတတ် ချမ်းသာတတ်သူ မြဲစေတတ် ချမ်းသာစေတတ်သူဟု ကြံဆင်ခြင်ထင်မြင်စွဲလမ်းအပ်သော အတ္တ၏ဆန့်ကျင်ဘက်အားဖြင့် အတ္တကိုပယ်မြစ်တတ်သောကြောင့်ဖြင်း၊ အနတ္တ-ငါကောင်မဟုတ်သော အနတ္တပါတကားဟု ဆင်ခြင်သုံးသပ်ရပါသည်။

**အာဒါနနိက္ခေပရူနည်းပြီး၏။**

---

## ဝယောဝုဍ္ဍတ္ထင်္ဂမရူနည်း

ဝယောဝုဍ္ဍတ္ထင်္ဂမရူနည်းဟူသည်မှာ အရွယ်အားဖြင့် အိုရင့်ကြီးပွားသောရုပ်တို့၏ ချုပ်ဆုံးကွယ်ပျောက်မှုကို လက္ခဏာရေးတင်၍ ရှုပွားနည်းဖြစ်၏။

ရှုပွားပုံမှာ တသက်တာဟူသော အနှစ်တရာတွင် ပဌမသုံးဆယ့်သုံးနှစ်တပိုင်းကို ပဌမအရွယ်ဟူ၍ဖြင်း၊ ဒုတိယသုံးဆယ့်လေးနှစ်တပိုင်းကို မဇ္ဈိမအရွယ်ဟူ၍ဖြင်း။ တတိယသုံးဆယ့်သုံးနှစ်တပိုင်းကို ပစ္ဆိမအရွယ်

ဟူ၍ဝုဒ်း။ ဝိုင်းခြားပြီးလျှင် ပဌမအရွယ်၌ ဖြစ်သမျှသော ရုပ်တရားသည် မဇ္ဈိမအရွယ်သို့ မရောက်ဘဲ ပဌမအရွယ်မှာပင် ချုပ်ပျောက်ကုန်ဆုံး၏။ ထိုသို့ ချုပ်ပျောက်ကုန်ဆုံးတတ်သောကြောင့် အနိစ္စ။ ဖြစ်ခြင်း, ပျက်ခြင်းတို့ဖြင့် အမြဲ နှိပ်စက်ခံရသောကြောင့် ဒုက္ခ။ အလိုမလိုက် အကြိုက်မပါဓမ္မတာအတိုင်း မမြဲတတ်, ဆင်းရဲတတ်သောကြောင့် အနတ္တဟု ရှုပွားရပါသည်။ .

မဇ္ဈိမအရွယ်၌ ဖြစ်သမျှသော ရုပ်တရားသည် ပစ္ဆိမအရွယ်သို့ မရောက်ဘဲ ထိုမဇ္ဈိမအရွယ်မှာပင်ချုပ်ပျောက်ကုန်ဆုံး၏။ ထိုသို့ ချုပ်ပျောက်ကုန်ဆုံးတတ်သောကြောင့် အနိစ္စ—စသည်ဖြင့်ဝုဒ်း။

ပစ္ဆိမအရွယ်၌ ဖြစ်သမျှသော ရုပ်တရားသည်လည်း သေပြီးကာလမှ နောက်ဘဝသို့ မရောက်ဘဲ ထိုပစ္ဆိမအရွယ်မှာပင် ချုပ်ပျောက်ကုန်ဆုံး၏၊ ထိုသို့ ချုပ်ပျောက်ကုန်ဆုံးတတ်သောကြောင့် အနိစ္စ—စသည်ဖြင့်ဝုဒ်း ရှုပွားရပါသည်။

ခေတ်ခြောက်ပါးတို့တွင် ပထဝီခေတ်ကိုရှုလျှင် ပဌမအရွယ်၌ ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသည် မဇ္ဈိမအရွယ်သို့ မရောက်ဘဲ ထိုပဌမအရွယ်မှာပင် ချုပ်ပျောက်ကုန်ဆုံး၏ စသည်ဖြင့် ရှုပွားအပ်၏။ အာပေါခေတ်စသည်ကို ရှုပွားရာ၌လည်း ဤနည်းကိုမှီ၍ ရှုပွားပါလေ။

တဖန် အနှစ်တရာ တသက်တာကိုပင် အောက်ပါအတိုင်း အရွယ်ဆယ်ပါးဖြင့် ဆယ်နှစ်စီဝိုင်းခြား၍လည်း ရှုပွားအပ်၏။

၁။ မန္ဒဒသက—သတိပညာနှင့်ထိုင်းရာ ဆယ်နှစ်စု။

၂။ ခိဍ္ဍာဒသက—ရွှင်မြူးခြင်းများရာ ဆယ်နှစ်စု။

၃။ ဝဏ္ဏဒသက—အရေအဆင်းပြည့်စုံရာ ဆယ်နှစ်စု။

၄။ ဗလဒသက—ခွန်အားပြည့်စုံရာ ဆယ်နှစ်စု။

၅။ ပညာဒသက—ပညာပွင့်လင်းရာ ဆယ်နှစ်စု။

၆။ ဟာနိဒသက—ရွှင်မြူးခြင်း, အရေအဆင်း, ခွန်အား,ပညာတို့ ဆုတ်ယုတ်ရာ ဆယ်နှစ်စု။

၇။ ပဥ္စာရဒသက—ရွှေသို့ညွှတ်ကိုင်းရာ ဆယ်နှစ်စု။

၈။ ဝက်ဒသက—ကုန်းကွရာ ဆယ်နှစ်စု။

၉။ မောမူဟဒသက—တွေဝေမေ့လျော့ရာ ဆယ်နှစ်စု။

၁၀။ သယနဒသက— အိပ်ရာ၌ ကြောခင်းလျောင်းခြင်းများရာ ဆယ်နှစ်စု။

ရှုပွားပုံမှာ မန္ဒဒသက—သတိပညာ နုံ့ရာထိုင်းရာအရွယ် ပဌမ ဆယ်နှစ်စု၌ ဖြစ်သမျှသော ရုပ်တရားသည် ခိဍ္ဍာဒသက-ရွှင်မြူးရာအရွယ် ဒုတိယဆယ်နှစ်စုသို့ မရောက်ဘဲ ထိုမန္ဒဒသက—သတိပညာနုံ့ရာ ထိုင်းရာ အရွယ် ဆယ်နှစ်စုမှာပင် ချုပ်ပျောက်ကုန်သုံး၏။ ထို့ကြောင့် အနိစ္စ စသည်ဖြင့် ရှုပွားရပါသည်။

ကြွင်းသော ခိဍ္ဍာဒသက,ဝဏ္ဏဒသကစသည်တို့၌လည်း နည်းမှီ၍ ရှုပွားရပါသည်။

တဖန် ၎င်းတသက်တာ အနှစ်တရာကိုပင် ငါးနှစ်စီ,ငါးနှစ်စီ အားဖြင့် အပိုင်းနှစ်ဆယ်ပိုင်း၍၎င်း၊ တဖန် လေးနှစ်စီ,လေးနှစ်စီအားဖြင့် နှစ်ဆယ့်ငါးပိုင်းပိုင်း၍၎င်း၊ တဖန် သုံးနှစ်စီသုံးနှစ်စီအားဖြင့် သုံးဆယ့် သုံးပိုင်းပိုင်း၍၎င်း၊ တဖန် နှစ်နှစ်စီ နှစ်နှစ်စီအားဖြင့် အပိုင်းငါးဆယ် ပိုင်း၍၎င်း၊တဖန် တနှစ်စီ တနှစ်စီအားဖြင့် အပိုင်းတရာပိုင်း၍၎င်း ရှေးနည်း အတိုင်း ရှုပွားရပါသည်။

ထိုသို့ ရှုပွားပြီးသည့်နောက်မှ တနှစ်(ဆယ့်နှစ်လ)ကိုပင် လေးလစီ ပိုင်း၍ ဟေမန္တ—ဆောင်းဥတု ဂိမှ—နွေဥတု ဝဿာန—မိုးဥတုဟူသော ဥတုသုံးပါး၌ဖြစ်သော ရုပ်တရားတို့ကို ရှုပွားရပါသည်။

ဤအရာ၌ တန်ဆောင်မုန်းလပြည့်ကျော်တရက်နေ့မှ တပေါင်း လပြည့်နေ့တိုင်အောင် လေးလသည် ဟေမန္တ—ဆောင်းဥတုမည်၏။ တပေါင်းလပြည့်ကျော်တရက်နေ့မှ ဝါဆိုလပြည့်နေ့တိုင်အောင် လေးလ သည် ဂိမှ—နွေဥတုမည်၏။ ဝါဆိုလပြည့်ကျော်တရက်နေ့မှ တန်ဆောင်မုန်း လပြည့်နေ့တိုင်အောင် လေးလသည် ဝဿာန—မိုးဥတုမည်၏။

ရှုပွားပုံမှာ ဟေမန္တဥတုဆောင်းလေးလ၌ ဖြစ်သမျှသော ရုပ်တရားသည် ဂိမှဥတု—နွေလေးလသို့မရောက်ဘဲ ထိုဟေမန္တဥတု—ဆောင်းလေးလမှာပင် ချုပ်ပျောက်ကုန်သုံး၏၊ ထို့ကြောင့် အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုပွားရပါသည်။

ကြွင်းသော ဥတုနှစ်ပါး၌လည်း ဤနည်းအတိုင်း ပွားများပါလေ။

ထို့နောက်တဖန် တနှစ်(ဆယ့်နှစ်လ)ကိုပင် နှစ်လစီ,နှစ်လစီပိုင်း၍ ဝဿာနဥတု, သရဒဥတု, ဟေမန္တဥတု, သိသိရဥတု, ဝသန္တဥတု, ဂိမှဥတု ဟူသော ဥတုခြောက်ပါးတို့၌ဖြစ်သော ရုပ်တို့ကိုလည်း ရှုပွားရပါသည်။

ဤအရာ၌ တန်ဆောင်မုန်း လပြည့်ကျော်တရက်နေ့မှစ၍ ပြာသို လပြည့်နေ့တိုင်အောင် ဝဿာနဥတုစသည်ဖြင့် နှစ်လတဥတုပြု၍ ရေတွက်ပိုင်းခြားပါလေ။

ရှုပွားနည်းကိုလည်း ဥတုသုံးပါးနည်းအတိုင်း မှတ်၍ရှုပွားအပ်၏။

ထို့နောက်တဖန် တလကိုပင် လဆန်း,လဆုတ်အားဖြင့် နှစ်ပိုင်းပိုင်း၍၎င်း၊ တရက်ကိုပင် နေ့,ညအားဖြင့် နှစ်ပိုင်းပိုင်း၍၎င်း၊ ထိုလဆန်း, လဆုတ်တို့၌ဖြစ်သော ရုပ်တရားကို၎င်း၊ နေ့,ညတို့၌ဖြစ်သော ရုပ်တရားကို၎င်း ရှုပွားအပ်၏။

ထို့နောက်တဖန် တနေ့နှင့်တညဟူသော တရက်ကိုပင်—

၁။ နံနက်ချိန်
၂။ နေ့လည်ချိန်
၃။ ညနေချိန်
၄။ ညဦးယာမ်
၅။ သန်းခေါင်ယာမ်
၆။ မိုးသောက်ယာမ်—

အားဖြင့် ခြောက်ပိုင်းပိုင်း၍ ရှုပွားရပါသည်။

ရှုပွားပုံမှာ နံနက်ချိန်၌ဖြစ်သမျှသော ရုပ်တရားသည်။ဝါ၊ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသည် နေ့လည်ချိန်သို့မရောက်ဘဲ နံနက်ချိန်မှာပင် ချုပ်ပျောက်ကုန်သုံး၏။ ထိုသို့ ချုပ်ပျောက်ကုန်သုံးတတ်သော

ကြောင့် အနိစ္စ၊ ဖြစ်ခြင်း,ပျက်ခြင်းတို့ဖြင့် အမြဲနှိပ်စက်အပ်သောကြောင့် ဒုက္ခ၊ အလိုသို့မလိုက် အကြိုက်သို့မပါ ဓမ္မတာအတိုင်း မမြဲလေ့,ဆင်းရဲလေ့ ရှိသောကြောင့် အနတ္တဟု ရှုပွားရပါသည်။

ကြွင်းသော နေ့လည်ချိန်စသော အချိန်ငါးပါးတို့၌ ဖြစ်သမျှ သော ရုပ်တရားတို့ကိုလည်း ဤနည်းအတိုင်း ရှုပွားရပါသည်။

ထို့နောက်တဖန် ထိုနံနက်ချိန်စသည်တို့၌ ဖြစ်သောရုပ်တရားကိုပင်—

၁။ အတိက္ကမ—ရှေ့သို့သွားခိုက်။
၂။ ပဋိက္ကမ—နောက်သို့ဆုတ်ခိုက်။
၃။ အာလောကန—ရှေ့သို့ကြည့်ခိုက်။
၄။ ဝိလောကန—ဘေးသို့ကြည့်ခိုက်။
၅။ သမိဉ္ဇန—ခြေ,လက်ကွေးခိုက်။
၆။ ပသာရဏ—ခြေ,လက်ဆန့်ခိုက်—

အားဖြင့် ခြောက်ပိုင်းပိုင်း၍ ရှုပွားရပါသည်။

ရှုပွားပုံမှာ ရှေ့သို့သွားခိုက်ဖြစ်သောရုပ်သည်။ ဝါ၊ ကြမ်းတန်း ခက်မာမှု အမှုအရာကြီးယာသည် နောက်သို့ဆုတ်ခိုက်သို့မရောက်ဘဲ ရှေ့သို့ သွားခိုက်ခဏမှာပင် ချုပ်ပျောက်ကုန်ဆုံး၏။ ထို့ကြောင့် အနိစ္စ,ဒုက္ခ, အနတ္တဟု ရှုပွားရပါသည်။

နောက်သို့ဆုတ်ခိုက် ရုပ်တရားသည်လည်း ရှေ့သို့သွားခိုက်သို့ မရောက်ဘဲ ထိုနောက်ဆုတ်ခိုက်ခဏမှာပင် ချုပ်ပျောက်ကုန်ဆုံး၏။ ထို့ကြောင့် အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုပွားရပါသည်။

ကြွင်းသော ရှေ့သို့ကြည့်ခိုက်စသည် ရုပ်တရားတို့ကိုလည်း ဤနည်း အတိုင်း ရှုပွားရပါသည်။

ထို့နောက်တဖန် ခြေလှမ်းတလှမ်းတလှမ်းကိုပင်—

၁။ ဥဒ္ဓရဏ—ခြေကိုချီခိုက်။
၂။ အတိဟရဏ—ရှေ့သို့လှမ်းခိုက်။
၃။ ဝီတိဟရဏ—ဆူး, ခလုပ်စသည်ကို ရှောင်သောအားဖြင့် ဘေးသို့ရှောင်၍လှမ်းခိုက်။

၄။ ဝေါသာဇ္ဇနံ—ခြေကိုချခိုက်။
၅။ သန္နိက္ခေပနံ—မြေကိုထိ၍နင်းခိုက်။
၆။ သန္နိရုမ္ဘနံ—နောက်တဖန်လှမ်းရန် အားယူ၍ ဘိနင်းခိုက်—

အားဖြင့် ခြောက်ပိုင်းပိုင်း၍ ထိုအခိုက်အသီးသီးတို့၌ ဖြစ်သော ရုပ်တရားကို ရှုပွားရပါသည်။

အမှတ်(၂)အတိဟရဏ၊ အမှတ်(၃)ဝီတိဟရဏကို "အတိဟရဏံ-နာမ ပုရတော ဟရဏံ၊ ဝီတိဟရဏံ နာမ ခါဏုကဏ္ဋကဒီဃဇာတိ-အာဒီသု ကိဉ္စိဒေဝ ဒိသွာ ဍတောစိတောစ ပါဒသဉ္စာရဏံ" ဟူ၍ ဝိသုဒ္ဓိမဂ်လာရှိသည့်အတိုင်း မြန်မာအဓိပ္ပါယ်ပြန်ဆိုပါသည်။ ဈာနဝိဘင်း မူလဋီကာ၌ကား—ချွပြီးနောက် လှမ်းနေသော ခြေလှမ်းကိုပင် နှစ်ပိုင်းခွဲ၍ ရပ်နေသောခြေကို မှီအောင်လှမ်းခိုက်သည် အတိဟရဏမည်၍ ရပ်နေသော ခြေကို လွန်၍လှမ်းခိုက်သည် ဝီတိဟရဏမည်ကြောင်းကို "ယာဝ ပတိဋ္ဌိတ-ပါဒေါ၊ တာဝ အာဟရဏံ အတိဟရဏံ၊ တတောပရံ ဟရဏံ ဝီတိ-ဟရဏန္တိ အယံ ဝါ ဧတေသံ ဝိသေသော"ဟု မိန့်ဆိုတော်မူပါသည်။

ဝိသုဒ္ဓိမဂ်ဝါဒ၌ ဆူး,ခလုပ်စသည်ကို ရှောင်၍လှမ်းမှ ဝီတိဟရဏကို ရနိုင်လေသည်၊ မူလဋီကာဝါဒ၌ ဒုတိယခြေလှမ်းမှစ၍သာ ရနိုင်သည်။

ရှုပွားပုံမှာ ခြေချွခိုက်၌ဖြစ်သော ရုပ်တရားသည် ခြေလှမ်းခိုက်သို့ မရောက်ဘဲ ထိုခြေချွခိုက်ခဏမှာပင် ချုပ်ပျောက်ကုန်ဆုံး၏၊ ထို့ကြောင့် အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုပွားရပါသည်။

ထို့အတူ ခြေလှမ်းခိုက်၌ဖြစ်သော ရုပ်တရားသည်လည်း ဘေးသို့ ခြေလှမ်းခိုက်သို့ မရောက်ဘဲ၊ ဘေးသို့ခြေလှမ်းခိုက်၌ ဖြစ်သမျှသော ရုပ် တရားသည်လည်း ခြေချခိုက်သို့ မရောက်ဘဲ၊ ခြေချခိုက်၌ ဖြစ်သမျှသော ရုပ်တရားသည်လည်း မြေကိုနင်းခိုက်သို့ မရောက်ဘဲ မြေကိုနင်းခိုက်၌ ဖြစ်သမျှသော ရုပ်တရားသည်လည်း မြေကိုဘိနင်းခိုက်သို့ မရောက်ဘဲ၊ ထိုထိုခြေလှမ်းခိုက်စသော ခဏအသီးအသီးမှာပင် ချုပ်ပျောက်ကုန်ဆုံး၏။

ဤသို့လျှင် ခြေချွခိုက်စသော ထိုထိုခဏ၌ဖြစ်ကုန်သော ရုပ်တရား တို့သည် ခြေလှမ်းခိုက်စသော ထိုထိုခဏသို့မရောက်ကြဘဲ ခြေချွခိုက်စသော ထိုထိုခဏ၌ပင် ပဗ္ဗပဗ္ဗ-အပိုင်းအပိုင်း။ သန္ဓိသန္ဓိ-အစပ်အစပ်။ ဩဓိဩဓိ-

အခြားအခြားဖြစ်၍ လောလောပူသော အိုးခင်း၌ ထည့်အပ်သော နှမ်းစေ့တို့သည် တဖျစ်ဖျစ်မြည်ကုန်သကဲ့သို့ ချုပ်ပျောက်ကုန်ဆုံးကုန်၏။ ထို့ကြောင့် အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုပွားရပါသည်။

ပထဝီကိုပွားလျှင် "ခြေချွခိုက်၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြီးယာသည် ခြေလှမ်းခိုက်သို့မရောက်ဘဲ ထိုခြေချွခိုက်ခဏမှာပင် ချုပ်ပျောက်ကုန်ဆုံး၏"စသည်ဖြင့် နည်းမှီ၍ ရှုပွားပါလေ။

ဆက်ပါဦးမည်၊ "အဆစ်အဆစ်"ဟူသည်မှာ ခြေကိုချွခိုက်စသည် ခဏ၌ ဖြစ်သမျှသောရုပ်အစဉ်သည် ခြေလှမ်းခိုက်စသည်ခဏသို့ စိုးစဉ်းမျှ မရောက်၊ ခြေချွဆဲခဏမှာပင် တပိုင်းတဆစ်အားဖြင့် ဖြစ်ပျက်ကုန်ဆုံးခဲ့ သည်ကို ဆိုပါသည်။

"အစပ်အစပ်"ဟူသည်မှာ ထိုသို့ဆိုခဲ့သည့်အတိုင်း ရုပ်တရားအစဉ် သည် တပိုင်းတဆစ်အားဖြင့် ပြတ်တောက်ကုန်ဆုံးသော်လည်း ခြေကို လှမ်းခိုက် စသည်ခဏ၌ ရုပ်တရားတို့သည် အလွန်လျင်မြန်စွာ ဆက်လက် ဖြစ်ပေါ်ပြန်သောကြောင့် ပျက်ရုပ်,ဖြစ်ရုပ်တို့၏ တစပ်ထည်းရှိခြင်းကို ဆိုပါသည်။

"အပိုင်းအပိုင်း"ဟူသည်မှာ ဆိုခဲ့သည့်အတိုင်း ခြေကိုလှမ်းခိုက် ခဏ၌ ရုပ်တရားတို့သည် အလွန်လျင်မြန်စွာ ဆက်လက်ဖြစ်ပေါ်ပြန်သော ကြောင့် ချုပ်ပြီးရုပ်အစဉ်နှင့် ဖြစ်ဆဲရုပ်အစဉ်တို့ တစပ်ထည်းအားဖြင့် ရှိသော်လည်း တလုံးတခဲထည်းမဟုတ်သည်ဖြစ်၍ ခြေချွခိုက်စသည်ခဏ၌ ချုပ်ပြီးရုပ်အစဉ်နှင့်ငင်း, ဘေးသို့လှမ်းခိုက်စသည်ခဏ၌ ဖြစ်လတ္တံ့သော ရုပ်အစဉ်နှင့်ငင်း မရောမယှက်ဘဲ တပိုင်းစီတခြားစီသာဖြစ်သည်ကို ဆိုပါ သည်။

၍အမိပ္ပါယ်မှာ "ပဗ္ဗံပဗ္ဗန္တိအာဒိ တေသံ ဓမ္မာနံ ကောဋ္ဌာသန္တရ· သင်္ကာရာဘာဝဒဿနံ"ဟူ၍ အကျဉ်းအားဖြင့် ဖွင့်ပြသော မဟာဋီကာ ပါဌ်ကိုမှီ၍ ဖြစ်သင့်သလို ဝေဘန်ချဲ့ဆိုအပ်သော အမိပ္ပါယ်ဖြစ်ပါသည်။

"လောလောပူသော အိုးခင်း၌ထည့်အပ်သော နှမ်းစေ့တို့သည် တဖျစ်ဖျစ်မြည်ကုန်သကဲ့သို့"ဟူသော ဥပမာစကားဖြင့်လည်း "အိုးခင်းပူ၌ ထည့်အပ်ကုန်သော နှမ်းစေ့တို့သည် တဖျစ်ဖျစ်မြည်၍ ပျက်စီးကုန်သကဲ့သို့

ရုပ်တရားတို့လည်း တဖျစ်ဖျစ်မြည်၍ပျက်စီးကုန်၏”ဟုသိစေလိုသည်မဟုတ်၊ ထိုဥပမာစကားဖြင့် အိုးခင်းပူ၌ ထည့်အပ်သော နှမ်းစေ့တို့သည် ထည့်လိုက်ဆဲခဏမှာပင် အလုအယက် တဖျစ်ဖျစ် မြည်ကုန်သကဲ့သို့ ခြေချခိုက်စသည့်ခဏ၌ဖြစ်သော ရုပ်အစဉ်တို့သည် ထိုခြေချခိုက်စသည် တိုတောင်းလှသော ခဏအသီးသီးမှာပင် အလုအယက်ဖြစ်ကုန်၍ အလုအယက် ပျက်စီးချုပ်ဆုံးကုန်၏”ဟု သိစေလို၍သာ အဋ္ဌကထာဆရာ ထည့်ဆိုတော်မူခြင်းဖြစ်ပါသည်။ ထို့ကြောင့် မဟာဋီကာ၌—

“တင္ခတင္ခာယန္တာတိ တင္ခတင္ခာယန္တိ ဝိယ၊ တေန နေသံ ပဝတ္တိက္ခဏာသ ဧတ္တရတံ ဒဿေတိ”ဟု ဖွင့်ဆိုတော်မူပါသည်။

အထက်၌ဆိုခဲ့သော ရှေ့သို့သွားခိုက် နောက်သို့ဆုတ်ခိုက် တည့်တည့်ကြည့်ခိုက် ဘေးသို့ကြည့်ခိုက် ကွေးခိုက် ဆန့်ခိုက်တို့မှစ၍ ဤခြေချခိုက် ခြေလှမ်းခိုက်စသည် ခြောက်ပိုင်းသို့တိုင်အောင် တိုတောင်းလှသော အခိုက်အတန့်တို့၌ အဆစ်အဆစ် အစပ်အစပ် အပိုင်းအပိုင်းအားဖြင့် ဖြစ်ကုန်ပျက်ကုန်သော ရုပ်အစဉ်တို့ကို သိမြင်နိုင်သောယောဂီ၏ ရူပသမ္မသနဉာဏ်သည် အလွန်သိမ်မွေ့သော အာရုံရှိသော အလွန်သိမ်မွေ့သော ရူပသမ္မသနဉာဏ်ပင် ဖြစ်တော့သည်၊ ရူပသမ္မသနဉာဏ် ပြောင်မြောက်ပြည့်စုံပြီဟု ဆိုလိုပါသည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌—

“တဿေဝံ ပဗ္ဗပဗ္ဗဂတေ သင်္ခါရေ ဝိပဿတော ရူပသမ္မသနံ သုခုမံ ဟောတိ”ဟု မိန့်ဆိုတော်မူပါသည်။

ဤအဋ္ဌကထာ၏ မိန့်မှာတော်မူချက်ကို ထောက်ထားလျှင် အတိက္ကမ ရှေ့သို့သွားခိုက်စသည် ခဏတို့၌ ဖြစ်ပျက်သောရုပ်အစဉ်ကို ရှုမြင်နိုင်လျှင်ပင် အလွန်သိမ်မွေ့သော အဖြစ်အပျက် သဘောနက်ကို အချက်ပိုင်ပိုင် သိမြင်နိုင်သဖြင့်၎င်း၊ ပြဆိုလတ္တံ့သော အာဟာရမယ စသည်ရုပ်တရားတို့ကိုလည်း အလွယ်တကူ သိမြင်နိုင်လောက်အောင် အားရှိရင့်ကျက် ထက်မြက်ပြီး ဖြစ်သဖြင့်၎င်း၊ ရူပသမ္မသနဉာဏ် အထွဋ်အထိပ်သို့ ရောက်ရှိပြီးဖြစ်ကြောင်း အလွန်သိသာထင်ရှားလှပါသည်၊ သို့ရာတွင် အထူးထူးသော ပုဂ္ဂလဇ္ဈာသယအားလျော်စွာ အထူးထူးသော နှလုံးသွင်းရှုပွားနည်းကို ပြခြင်းငှါ ၎င်းအဋ္ဌကထာဝယ် ဤဝယောဝုဍ္ဎတ္ထင်္ဂမရုပ်ရှုနည်း၏ အခြားမဲ့၌ အာဟာရမယ ဥတုမယစသည် ရှုပွားနည်း ငါးပါးကို ဆက်လက် ပြဆိုတော်မူပါသည်။

ထိုတွင် အာဟာရမယ ဥတုမယ စိတ္တသမုဋ္ဌာန ရှုပွားနည်းများမှာ "သန္တတိစသည်ဖြင့် သမ္မသနရှုပုံ"ဟူသော အခန်း၌ အာဟာရဇပထဝီ, ဥတုဇပထဝီ,စိတ္တဇပထဝီ,ရှုနည်းတို့၌ အကျုံးဝင်သောအားဖြင့် ရေးသား ဖော်ပြခဲ့ပြီး ဖြစ်သောကြောင့် ကမ္မဇနှင့် ဓမ္မတာရုပရှုနည်းများကိုသာ အကျဉ်းအားဖြင့် ရေးသားဖော်ပြပါမည်။

## ကမ္မဇရုပ်ရှုနည်း

စက္ခုဒွါရ၌ဖြစ်သောရုပ်စုမှာ စက္ခုဒသက, ကာယဒသက, ဘာဝ ဒသကအားဖြင့် ကမ္မဇရုပ်သုံးဆယ်,ဥတုဇအဋ္ဌကလာပ်,စိတ္တဇအဋ္ဌကလာပ်, အာဟာရဇအဋ္ဌကလာပ်အားဖြင့် ဥပတ္ထမ္ဘကရုပ် နှစ်ဆယ့်လေးပါး ပေါင်းရုပ်ငါးဆယ့်လေးပါးဖြစ်၏။

သောတဒွါရ၌ စက္ခုဒသကနှုတ် သောတဒသကထည့်၍ ရုပ်ပေါင်း ငါးဆယ့်လေးပါး၊ ထို့အတူ ဃာနဒွါရ ဇိဝှါဒွါရတို့၌ အစဉ်အတိုင်း ဃာနဒသက,ဇိဝှါဒသကထည့်၍ ငါးဆယ့်လေးပါးစီဖြစ်၏။ ကာယဒွါရ၌ ကာယဒသက, ဘာဝဒသကအားဖြင့် ကမ္မဇရုပ်နှစ်ဆယ်, ဥပတ္ထမ္ဘကရုပ် နှစ်ဆယ့်လေးပါးအားဖြင့် ရုပ်ပေါင်း လေးဆယ့်လေးပါးဖြစ်၏၊ ၎င်း လေးဆယ့်လေးပါးတွင် ဝတ္ထုဒသကထည့်၍ မနောဒွါရ၌ ရုပ်ပေါင်း ငါးဆယ့်လေးပါးဖြစ်၏။

ရှုပွားပုံမှာ— ယောဂီသည် ဆိုခဲ့သောရုပ်အားလုံးကို ပိုင်းခြား မှတ်သားကာ သိမ်းဆည်း၍ "မြင်သိခိုက် စက္ခုဒွါရ၌ဖြစ်သောရုပ်သည် ကြားသိခိုက် သောတဒွါရသို့မရောက်ဘဲ ဤမြင်သိခိုက် စက္ခုဒွါရ၌ပင် ချုပ်၏၊ ကြားသိခိုက် သောတဒွါရ၌ဖြစ်သောရုပ်သည် နံသိခိုက် ဃာန ဒွါရသို့မရောက်ဘဲ ဤကြားသိခိုက် သောတဒွါရမှာပင်ချုပ်၏၊ နံသိခိုက် ဃာနဒွါရ၌ ဖြစ်သောရုပ်သည် လျက်သိခိုက် ဇိဝှါဒွါရသို့မရောက်ဘဲ ဤနံသိခိုက် ဃာနဒွါရ၌ပင်ချုပ်၏၊လျက်သိခိုက် ဇိဝှါဒွါရ၌ဖြစ်သောရုပ်သည် တွေ့ထိသိခိုက် ကာယဒွါရသို့မရောက်ဘဲ ဤလျက်သိခိုက် ဇိဝှါဒွါရမှာပင် ချုပ်၏၊ တွေ့ထိသိခိုက် ကာယဒွါရ၌ဖြစ်သောရုပ်သည် ကြံသိခိုက် မနော ဒွါရသို့မရောက်ဘဲ ဤတွေ့ထိသိခိုက် ကာယဒွါရမှာပင်ချုပ်၏၊ ထို့ကြောင့် အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ထိုကမ္မဇရုပ်၌ လက္ခဏာရေးတင်၍ ဆင်ခြင်ရှုပွား ရပါသည်။

ဆက်ပါဦးမည်၊ ရေးသားဖေါ်ပြခဲ့သည့်အတိုင်း အဋ္ဌကထာဆရာသည် စက္ခုဒွါရစသည့် အသီးသီးတို့၌ဖြစ်သော ရုပ်ငါးဆယ့်လေးပါးစသည့်တို့ကို သရုပ်ထုတ်၍ ပြဆိုတော်မူခြင်းသည် ၎င်းရုပ်အားလုံးတို့၏ အသီးသီးသော သဘာဝလက္ခဏာနှင့် ဖြစ်မှု,ပျက်မှုစသည့် သာမညလက္ခဏာတို့ကို နှလုံးသွင်း၍ ဆင်ခြင်ရှုပွားစေလိုသောကြောင့် ပြဆိုတော်မူခြင်းမဟုတ်၊ စင်စစ်သော်ကား စက္ခုပသာဒ—မျက်စိအကြည်စသည့် ဒွါရရုပ်တပါးကို ဆင်ခြင်ရှုပွား၍ သိမြင်ခြင်းဖြင့် ထင်ရှားသိမြင်ကောင်းသမျှသော ရုပ်တရားများကို ပြဆိုတော်မူလိုသောကြောင့်သာ၊ ဝါ၊ စက္ခုပသာဒ မျက်စိအကြည်စသည့် ဒွါရရုပ်တပါးကို ပစ္စက္ခမနသိကာရအားဖြင့် မျက်မှောက်အာရုံပြု၍ ပွားများဆင်ခြင် သိမြင်လျှင်ပင် နယမနသိကာရအားဖြင့် အလားတူ ထင်ရှားသိမြင်နိုင်သော ရုပ်တရားစုကို ပြတော်မူလိုသောကြောင့်သာ ဖြစ်ပါသည်။ စက္ခုဒွါရိကစသည့် ရုပ်အားလုံးကို သိမြင်သိမ်းဆည်း၍ တချက်ထည်း ဆင်ခြင်ရမည်မဟုတ်၊ စက္ခုပသာဒ မျက်စိအကြည်စသည့် ဒွါရရုပ်တပါးကို လက္ခဏာရေးတင်၍ ရှုပွားဆင်ခြင် သိမြင်ရန်သာ ပဓာနဖြစ်ပါသည်ဟူလို။

ထို့ကြောင့် စက္ခုပသာဒစသည့် အာယတနဒွါရခြောက်ပါးကို "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ဟောတော်မူရာ သံယုတ္တနိကာယ် အဇ္ဈတ္တာနိစ္စသုတ်၌ "စက္ခုံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ" စသည်ဖြင့်၎င်း၊ စက္ခုပသာဒစသည့် အာယတနဒွါရ ခြောက်ပါးကို ပရိညာသုံးပါးဖြင့် ပိုင်းခြားသိမြင်သူသည်ဝဋ္ဋဒုက္ခကုန်ခြင်း၄ါထိုက်ကြောင်း ဟောတော်မူရာ သံယုတ္တနိကာယ် အဇ္ဈတ္တိကာယတန ပရိဇာနနသုတ်၌ "စက္ခုဉ္စ ခေါ ဘိက္ခဝေ အဘိဇာနံ ပရိဇာနံ ဝိရာဇယံ ပဇဟံ ဘဗ္ဗော ဒုက္ခက္ခယာယ"စသည်ဖြင့်၎င်း၊ စက္ခုပသာဒစသည်တို့နှင့် တကွဖြစ်သော ရုပ်တရားအားလုံးကို ထုတ်ဆိုဟောကြားတော်မမူဘဲ စက္ခုစသည့် ပသာဒတပါးထည်းကိုသာ ထုတ်ဆိုဟောကြားတော်မူပါသည်။

ထို့ပြင် "မြင်သိနိုက်စက္ခုဒွါရ၌ ဖြစ်သောရုပ်သည် ကြားသိနိုက်သောတဒွါရသို့မရောက်ဘဲ"စသည်ဖြင့် ရေးသားဖေါ်ပြခဲ့သော အဋ္ဌကထာ၏ အဓိပ္ပါယ်စကားစဉ်မှာလည်း ဒေသနာတ္တမ ဟောစဉ်အားဖြင့် မိန့်ဆိုတော်မူခြင်းသာ ဖြစ်ပါသည်။ ဤသို့ မိန့်ဆိုတော်မူသော အစဉ်အတိုင်း ပဋိပတ္တိက္ကမရှုပွားစဉ်ပြု၍ ရှုပွားရမည်မဟုတ်ဟူလို။

ပဋ္ဌိပတ္တိက္ကမ ရှုပွားစဉ်အားဖြင့်ကား မြင်သိခိုက် နောက်တွေ့သိခိုက် ဖြစ်လျှင် မြင်သိခိုက် စက္ခုဒွါရ၌ ဖြစ်သောရုပ်သည် တွေ့သိခိုက် ကာယဒွါရသို့မရောက်ဘဲ ဤမြင်ခိုက်စက္ခုဒွါရမှာပင်ချုပ်၏၊ မြင်သိခိုက်နောက် နံသိခိုက်ဖြစ်လျှင် မြင်သိခိုက်စက္ခုဒွါရ၌ ဖြစ်သောရုပ်သည် နံသိခိုက် ဃာနဒွါရသို့မရောက်ဘဲ ဤမြင်သိခိုက် စက္ခုဒွါရမှာပင်ချုပ်၏ စသည်ဖြင့် အသိတပါး၏နောက်၌ဖြစ်သော အသိတပါးအားလျော်စွာ မိုရာဒွါရရုပ်တို့ကို ရှေ့နောက်အစဉ်ပြု၍သာလျှင် ရှုပွားရပါသည်။

---

## ဓမ္မတာရုပ်ရှုပွားနည်း

အပသန္တာန်၌ ဖြစ်သမျှသော သက်မဲ့ရုပ်ဝတ္ထုဟူသော သံ,ကြေး, ခဲမဖြူ, ခဲမနက်, ရွှေ, ငွေ, ပုလဲ, ပတ္တမြားစသော ဓာတ်သတ္တုမျိုးများနှင့် ရေ, မြေ, တော, တောင်, နွယ်, မြက်, သစ်ပင်စသော ကမ္ဘာတည်ဦးကပင် မည်သူမျှ ဖန်ဆင်းပြုပြင်ရသည်မဟုတ်ဘဲ သယံဇာတ သဘာဝဓမ္မတာ အားဖြင့် ဖြစ်သော ရုပ်တရားတို့၌ လက္ခဏာရေးတင်၍ ရှုပွားခြင်းသည် ဓမ္မတာရုပ် ရှုပွားနည်းမည်၏။

ဆက်ပါဦးမည်၊ ဆိုခဲ့သော သံ,ကြေးစသည် ဓမ္မတာရုပ်အားလုံး တို့တွင် မည်သည့်ရုပ်ဝတ္ထုကိုမဆို ကာယပသာဒ ကိုယ်အကြည်ဖြင့် တွေ့ထိလျှင် ကြမ်းတန်းခက်မာမှု အမူအရာကြိယာပထဝီဓာတ်ကိုသော်၎င်း၊ ပူမှု,အေးမှုအမူအရာကြိယာ တေဇောဓာတ်ကိုသော်၎င်း၊ ထောက်ကန်မှု အမူအရာကြိယာ ဝါယောဓာတ်ကိုသော်၎င်း ဓာတ်အားများရာ အား လျော်စွာ၊ ဝါ၊ နှလုံးသွင်းအားလျော်စွာ ကာယဝိညာဉ် မနောဝိညာဉ် နှစ်ပါးတို့ဖြင့် ထိသိရပါသည်။

ထို့နောက် ဤပထဝီ, တေဇော, ဝါယော ဓာတ်သုံးပါးတို့ အဝိနိဗ္ဘောဂအားဖြင့် မကွဲမကွာ အတူဖြစ်ဘက် အချင်းချင်းကျေးဇူးပြုဘက် အားဖြင့် တပေါင်းထည်း တည်နေအောင် ဖွဲ့စည်းတတ်သော ဖွဲ့စည်းမှု အမူအရာကြိယာ အာပေါဓာတ်ကို မနောဝိညာဉ်ဖြင့် သိရပါသည်။

ရှုပွားပုံ—ထိုသို့ တွေ့ထိသိရသော ခေတ်ကြီးလေးပါးတို့တွင် ပထဝီခေတ်၌ နေ့အခါ၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာသည် ညအခါသို့မရောက်ဘဲ နေ့အခါမှာပင် ချုပ်ပျက်ကုန်သုံး၏။ ထို့ကြောင့် မမြဲသောအနိစ္စ၊ဖြစ်မှု,ပျက်မှုတို့ဖြင့် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခ၊ မည်သူ့အလိုမျှမလိုက် မည်သူ့အကြိုက်မျှမပါ ဓမ္မတာအတိုင်းသာ မမြဲလေ့ ဆင်းရဲလေ့ရှိသောကြောင့် ငါကောင်မဟုတ်သော အနတ္တဟု ရှုပွားရပါသည်။ (ညအခါ၌ဖြစ်သော ပထဝီခေတ်ကိုလည်း ဤနည်းမှီ၍ ရှုပွားပါလေ)။

တဖန်တရက်ကိုပင်—

၁။ နံနက်ချိန်။
၂။ နေ့လည်ချိန်။
၃။ ညနေချိန်။
၄။ ညဦးယာမ်။
၅။ သန်းခေါင်ယာမ်။
၆။ မိုးသောက်ယာမ်—

အားဖြင့် ခြောက်ပိုင်းပိုင်း၍ နံနက်ချိန်၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာသည် နေ့လည်ချိန်သို့မရောက်ဘဲ နံနက်ချိန်မှာပင် ချုပ်ပျက်ကုန်သုံး၏။ ထို့ကြောင့် အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုပွားရပါသည်။

နေ့လည်ချိန်၌ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာသည် ညနေချိန်သို့မရောက်ဘဲ နေ့လည်ချိန်မှာပင် ချုပ်ပျက်ကုန်သုံး၏၊ထို့ကြောင့် အနိစ္စ,ဒုက္ခ,အနတ္တ။

ထို့အတူ ညဦးယာမ်, သန်းခေါင်ယာမ်, မိုးသောက်ယာမ်တို့၌ ဖြစ်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာကိုလည်း ဤနည်းကိုမှီ၍ ရှုပွားပါလေ။

ဝင်းပြင် နံနက်ချိန်ကိုပင် တနာရီစီအားဖြင့် လေးပိုင်းပိုင်း၍ဝင်း၊ တနာရီကိုပင် နာရီဝက်စီအားဖြင့် နှစ်ပိုင်းပိုင်း၍ဝင်း၊ နာရီဝက်ကိုပင် တမတ်စီအားဖြင့် နှစ်ပိုင်းပိုင်း၍ဝင်း၊ တမတ်ကိုပင် ငါးမိနစ်စီအားဖြင့် သုံးပိုင်းပိုင်း၍ဝင်း ရှုပွားကာ နောက်ဆုံး၌ တမိနစ်,တစက္ကန့်အတွင်းမှာပင် အဆင့်ဆင့်ဖြစ်ပျက်သော ကြမ်းတန်းခက်မာမှု အမူအရာကြိယာကို လက္ခဏာရေးတင်၍ ရှုပွားသင့်ပါသည်။

အာပေါဓာတ်စသည် ကြွင်းသော ဓာတ်ကြီးသုံးပါးကိုလည်း ဤပထဝီဓာတ်၌ ရှုပွားနည်းကိုမှီ၍ ရှုပွားပါလေ။ ဓာတ်ကြီးလေးပါး၏ ဖြစ်ခြင်း,ပျက်ခြင်း အနိစ္စလက္ခဏာစသည်ကို ထင်မြင်သတောကျလျှင်လည်း ဓာတ်ကြီးလေးပါးကို မှီသောကြောင့် ဓာတ်ကြီးလေးပါးနှင့်အတူ ဖြစ်ပျက်ရသော ဝဏ္ဏ—အဆင်းဓာတ် ဂန္ဓ—အနံ့ဓာတ် ရသ—အရသာဓာတ် ဩဇာ—အဆီအစေးဓာတ် အာကာသ—အပိုင်းအခြားဓာတ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်း အနိစ္စစသော လက္ခဏာတို့ကိုလည်း သိနိုင်တော့သည်သာ ဖြစ်ပါတော့သည်။

ရူပသတ္တကရှုနည်းထုတ်နုတ်ချက်ပြီး၏။

---

## အရူပသတ္တကရှုနည်းများ

ရူပသတ္တကရှုနည်းများ၏ အခြားမဲ့၌ ပြဆိုအပ်သော အရူပသတ္တက ရှုနည်းများမှာလည်း—

၁။ ကလာပရှုနည်း။
၂။ ယမကရှုနည်း။
၃။ ခဏိကရှုနည်း။
၄။ ပဋိပါဋိရှုနည်း။
၅။ ဒိဋ္ဌိဥဃာဋနရှုနည်း။
၆။ မာနဥဃာဋနရှုနည်း။
၇။ နိကန္တိပရိယာဒါနရှုနည်း—

ဟူ၍ အကျဉ်းမာတိကာအားဖြင့် ခုနစ်ပါးဖြစ်ပါသည် ထိုခုနစ်ပါး၏ အကျယ်အဓိပ္ပါယ်ကိုလည်း အောက်ပါအတိုင်း သိမှတ်ရှုပွားရန် ရေးသားဖေါ်ပြလိုက်ပါသည်။

**ကလာပရှုနည်း—** အာဒါနနိက္ခေပစသော ရုပ်ခုနစ်မျိုးတို့တွင် တမျိုးမျိုးကို အာရုံပြုကာ "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု ရှုပွားပြီးလျှင် ရှုပွားပြီးတိုင်းသော ထိုစိတ္တုပ္ပါဒ်ကို ဤကားဖဿ,ဤကား ဝေဒနာ, ဤကားသညာ,

ဤကားစေတနာ, ဤကား ဝိညာဉ်စသည်ဖြင့် တစုံတခုသော တရားကိုမျှ ခွဲခြားသိမြင်ခြင်းမပြုဘဲ သာမန်အပေါင်းအားဖြင့် "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု နောက်စိတ်ဖြင့် ရှုပွားသူသည် ကလာပ–အပေါင်းအားဖြင့် ရှုပွားသည် မည်၏။ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "တတ္ထ ကလာပတောတိ ဖဿပဉ္စမကာ ဓမ္မာ"ဟု မိန့်ဆိုတော်မူပါသည်။

ဤအဋ္ဌကထာပါဠိ၌ "တတ္ထ ကလာပတောတိ ဖဿပဉ္စမကာ ဓမ္မာ" ဟူသောဝါကျသည် "အပေါင်းအားဖြင့် ရှုနည်း၌ အပေါင်းဟူသည်မှာ ဖဿပဉ္စမကတရားစုကို မခွဲခြားဘဲ ပေါင်း၍ရှုခြင်းတည်း"ဟု ပြဆိုသော ဝါကျပင်ဖြစ်သော်လည်း ထိုသို့ ပြဆိုတော်မူခြင်းသည် ထင်ရှား၍ သိလွယ်သော တရားတို့၏ အစွမ်းအားဖြင့် ပြဆိုတော်မူခြင်းသာ ဖြစ်ပါသည်။ စင်စစ်မှာကား သတိ, ဝီရိယ, သမာဓိစသည်များကိုလည်း ဤကလာပ ရှုနည်း၌ မခွဲခြားဘဲ အာရုံပြု ရှုပွားရပါသည်။

မဟာဋီကာ ဒု-စာမျက်နှာ(၄၁၃)

ယမကရှုနည်း–ယောဂီသည် အာဒါနနိက္ခေပစသည့် ရုပ်တမျိုးမျိုးကို အာရုံပြု၍ "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ရှုပွားပြီးလျှင် ရှုပွားပြီးတိုင်းသော အခြားမဲ့၌ ထိုရှုပွားသော စိတ္တုပ္ပါဒ်တို့တွင် ဤကားဖဿဖြစ်၏၊ ဤကား ဝေဒနာဖြစ်၏စသည်ဖြင့် တစုံတခုသော တရားကို ခွဲခြားသိမြင်ပြီးမှ ခွဲခြား သိမြင်အပ်သော စိတ္တုပ္ပါဒ်ကို နောက်စိတ်ဖြင့် "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု ရှုပွား၏၊ ဤသို့ ရှုပွားသည်ရှိသော် ရုပ်ကိုတကြိမ်,နာမ်ကိုတကြိမ် အစုံအတွဲ ယမကအားဖြင့် ရှုပွားသည်မည်၏။

အဋ္ဌကထာ၌ "ပဝတ္တံ စိတ္တံ"စသည်ဖြင့် ရှုပွားသောစိတ်ကိုပင် ပြန်၍ ရှုပွားရမည်ဟု ဆိုသော်လည်း စိတ်ကို ဦးစီးခေါင်းဆောင်ပြု၍ ပြဆိုတော်မူခြင်းသာ ဖြစ်ပါသည်။ စင်စစ်သော်ကား ဖဿ,ဝေဒနာစသည် စိတ္တုပ္ပါဒ် တို့တွင် ထင်ရှားရာတခုခုကို အာရုံပြုရှုပွားသင့်ပါသည်။ အရူပသတ္တက ရှုနည်းအားလုံး၌ ဤနည်းအတိုင်းမှတ်ပါလေ။ ထို့ကြောင့် မဟာဋီကာ၌–

"စိတ္တသီသေန ဟိ နိဒ္ဒေသော၊ သေနယော သဗ္ဗတ္ထ"ဟူ၍ မိန့်ဆို တော်မူပါသည်။

ဂင်းပြင် အဋ္ဌကထာ၌ကား ဤယမကရှုနည်းမှစ၍ ပဋိပါဋိရှုနည်း တိုင်အောင် အာဒါနနိက္ခေပစသည် ရုပ်ခုနစ်မျိုးတို့ကို အစဉ်အတိုင်း ရှုပွားပုံကိုထုတ်ဆိုမိန့်ကြားတော်မူပါသည်၊ထိုသို့ ထုတ်ဆိုတော်မူခြင်းသည်

အပြည့်အစုံ ပြဆိုတော်မူလို၍သာ ဆိုတော်မူခြင်းဖြစ်သည်ဟု ယုံကြည်ပါသည်။ အကြောင်းမှာ ယမကရှုနည်း၌ ရုပ်,နာမ်အစုံအစုံအာ ဖြင့်ရှုရန်သာ ပဓာနခဏိကရှုနည်း၌ နာမ်တရားကို လေးကြိမ်ရှုပွားခြင်းဖြင့် နာမ်တရားတို့၏ ခဏိက၏အဖြစ်ထင်ရှားသည်သာပဓာန ပဋိပါဋိရှုနည်း၌ နာမ်တရားကို ဆယ်ကြိမ်တိုင်တိုင် ရှုပွားခြင်းဖြင့် ရှုပွားမှုအစဉ် အဆင့်ဆင့်ဖြစ်သည်သာပဓာန ဖြစ်သောကြောင့်တည်း။

ခဏိကရှုနည်း—ယောဂီသည် အာဒါနနိက္ခေပစသည် ရုပ်တမျိုးမျိုးကို အာရုံပြု၍"အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ရှုပွားပြီးလျှင်ရှုပွားပြီးတိုင်း အခြားမဲ့၌ ထိုရှုပွားသော ပဌမစိတ်ကိုပင် ဒုတိယစိတ်ဖြင့် "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ရှုပွား၏၊ ထို့အတူ ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၎င်း၊ တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်၎င်း၊ စတုတ္ထစိတ်ကို ပဉ္စမစိတ်ဖြင့်၎င်း "အနိစ္စ,ဒုက္ခ,အနတ္တ" ဟု ရှုပွား၏၊ ထိုသို့ လေးကြိမ်လေးကြိမ်ကုန်သော စိတ်တို့ကို ရှုပွားသော ယောဂီသည် ခဏိကအားဖြင့် ရှုပွားသည်မည်၏။

အလွန်လျှင်မြန်စွာ ရှုပွားပြီးတိုင်း ရှုပွားပြီးတိုင်းသော စိတ်ကို အလွန်လျှင်မြန်စွာထပ်၍ ထပ်၍ ရှုပွားခြင်းဖြင့် ထိုစိတ်တို့၏ လျှင်မြန်စွာလျှင် တခဏသာ တည်သည်အဖြစ် ထင်ရှားသောကြောင့် "ခဏိကရှုနည်း"ဟု ခေါ်ဆိုပါသည်။ မဟာဋီကာ ဒု-စာမျက်နှာ(၄၁၄)

ပဋိပါဋိရှုနည်း—ယောဂီသည် အာဒါနနိက္ခေပစသည် ရုပ်ခုနစ်မျိုးတို့တွင် တမျိုးမျိုးကို အာရုံပြု၍ "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ရှုပွားပြီး အခြားမဲ့၌ ထိုသို့ ရှုပွားသော ပဌမစိတ်ကိုပင် ဒုတိယစိတ်ဖြင့် "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ရှုပွား၏၊ ထို့အတူ ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၎င်း၊ တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်၎င်း၊ စတုတ္ထစိတ်ကို ပဉ္စမစိတ်ဖြင့်၎င်း၊ ပဉ္စမစိတ်ကို ဆဋ္ဌစိတ်ဖြင့်၎င်း၊ ဆဋ္ဌစိတ်ကို သတ္တမစိတ်ဖြင့်၎င်း၊ သတ္တမစိတ်ကို အဋ္ဌမစိတ်ဖြင့်၎င်း၊ အဋ္ဌမစိတ်ကို နဝမစိတ်ဖြင့်၎င်း၊ နဝမစိတ်ကို ဒသမစိတ်ဖြင့်၎င်း၊ ဒသမစိတ်ကို ဧကာဒသမစိတ်ဖြင့်၎င်း အစဉ်အတိုင်း "အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ရှုပွား၏။

ဤသို့ ဆယ်ကြိမ်သော စိတ်တိုင်အောင် အသီးသီးသော စိတ်ကို အစဉ်မပျက်သောအားဖြင့်"အနိစ္စ,ဒုက္ခ,အနတ္တ"ဟု ရှုပွားသူသည် များစွာသော ရှုပွားမှုအစဉ် ပဋိပါဋိအားဖြင့် ရှုပွားသည်မည်၏။

'ဤသို့လျှင် နာမ်တရားကို ရှုပွားမှုဝိပဿနာအစဉ်သည် ဆယ်ကြိမ်သာမက ဆယ့်တကြိမ်,ဆယ့်နှစ်ကြိမ်စသည်ဖြင့် တနေ့လုံးရှုပွားခြင်း၄ါလည်း ဖြစ်နိုင်ရာပါ၏၊ ထိုသို့ပင် ဖြစ်နိုင်ပါသော်လည်း ဆယ်ကြိမ်မြောက်သော စိတ်ကို ရှုပွားမှုတိုင် ရောက်လျှင်ပင် ရုပ်နာမ်တို့၌ အနိစ္စစသည့် လက္ခဏာကို ထင်ရှားသိမြင်ရသည်ဖြစ်၍ ရုပ်ကမ္မဋ္ဌာန်းသည်၎င်း,နာမ်ကမ္မဋ္ဌာန်းသည်၎င်း အဝါးဝစွာ လေ့ကျက်အပ်ပြီးဖြစ်သောကြောင့် ဆယ်ကြိမ်မြောက်သော စိတ်၌သာလျှင်၊ ဝါ၊ ဆယ်ကြိမ်မြောက်သော စိတ်ကို ရှုပွားပြီးသည်၏ အဆုံး၌သာလျှင် ဘာဝနာအရှိန်သတ်၍ ရပ်ထားအပ်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

"ဧဝံ ဝိပဿနာပဋိပါဋိယာ သကလမ္ပိ ဒိဝသဘာဂံ သမ္မသိတုံ ဝဋ္ဋေယျ၊ ယာဝဒသမစိတ္တသမ္မသနာ ပန ရူပကမ္မဋ္ဌာနမ္ပိ အရူပကမ္မဋ္ဌာနမ္ပိ ပဂုဏံ ဟောတိ၊ တသ္မာ ဒသမေယေဝ ဌပေတဗ္ဗန္တိ ဝုတ္တံ"ဟု မိန့်ဆိုတော်မူပါသည်။

"တသ္မာ ဒသမေယေဝ ဌပေတဗ္ဗံ—ဆယ်ကြိမ်မြောက်စိတ်၌သာ ဝိပဿနာအရှိန်သတ်၍ ရပ်ထားအပ်၏"ဟု အဋ္ဌကထာဆရာ မိန့်ဆိုတော်မူရသည်မှာ ထိုသို့ ဆယ်ကြိမ်ထက်အလွန် နာမ်တရားကို ရှုပွားသုံးသပ်ခြင်းသည် အစဉ်များစွာကို သုံးသပ်ခြင်း၌ လေ့ကျက်မှုသာဖြစ်နိုင်ရာ၏၊ ရုပ်နာမ်တို့၌ အနိစ္စစသည့် လက္ခဏာကိုတင်၍ ရှုပွားသုံးသပ်မှုဟူသော မူလကမ္မဋ္ဌာန်းအား တိုးတက်အားရှိရန် ကျေးဇူးပြုနိုင်သည်လည်း မဟုတ်သောကြောင့်၎င်း၊ ဤသို့ နာမ်တရားကိုသာ အလွန်များစွာ သုံးသပ်ပွားများခြင်းသည် သမာပတ်ကို ဝင်စားမှုအကျင့်လည်း မဟုတ်သောကြောင့်၎င်း၊ နာမ်တရားကို ဆယ်ကြိမ်တိုင် ရှုပွားကာမျှဖြင့် ရုပ်နာမ်တို့၌ အနိစ္စစသည် လက္ခဏာများ ကောင်းစွာထင်ရှားပြီးဖြစ်သောကြောင့်၎င်း မိန့်မှာတော်မူရခြင်းဖြစ်ပါသည်။

ဆက်ပါဦးမည်၊ ဌပေတဗ္ဗံ—ဝိပဿနာအရှိန်သတ်၍ ရပ်ထားအပ်၏ ဟု မိန့်ဆိုတော်မူသည်မှာလည်း ရှုပွားခြင်းမပြုတော့ဘဲ အဆုံးသပ်ရပ်နားရမည်ဟု ဆိုလိုသည်မဟုတ်၊ ပဋိပါဋိရှုပွားနည်းအားဖြင့် ရှုပွားခြင်း၏ အကြိမ်အရေအတွက် အပိုင်းအခြားကို ပြတော်မူလိုသောကြောင့်သာ မိန့်ဆိုတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အစဉ်အတိုင်းအားဖြင့်

ဆယ်ကြိမ်မြောက်စိတ်ကို ရှုပွားပြီးလျှင် ရုပ်ကိုတဖန် ပြန်လည်ရှုပွား၍ နာမ်တရားကိုပင် ဆယ်ကြိမ်တိုင်ရုံသာ ရှုပွားခြင်းဖြင့် သမ္မသနညာဏ် ပြည့်စုံသည်တိုင်အောင် ဆက်လက်ရှုပွားရာ၏။

မဟာဋီကာ ဒု စာမျက်နှာ(၄၁၄)

ဤသို့လျှင် မဟာဋီကာ၌ နာမ်တရားကို ဆယ်ကြိမ်ထက်အလွန် ရှုပွားခြင်းကြောင့် အကျိုးမများသည်ကိုသာ ပြဆို၍ အကျိုးပျက်စီးသည်ကို မဆိုသော်လည်း ရုပ်ကိုဘကြိမ် နာမ်ကိုဆယ်ကြိမ်သာ ရှုပွားခြင်းဖြင့် ရုပ်,နာမ်တို့၏ အနိစ္စစသည့် လက္ခဏာများကို ထင်ရှားစွာသိမြင်ရ၍ သမ္မသနညာဏ် ပြည့်စုံသည့်တိုင်အောင် အဖန်ဖန်အထပ်ထပ် ရှုပွားအပ်သော ပဋိပါဋိရှုပွားနည်း၌ နာမ်တရားကိုသာလျှင် ဆယ်ကြိမ်ထက်အလွန် ကြိမ်ဖန်များစွာ ရှုပွားခြင်းကြောင့် ရုပ်တရားအာရုံ မှိုင်းမှုံကွယ်ပျောက်ခြင်း ထိုသို့ကွယ်ပျောက်ခြင်းကြောင့် နောက်ထပ်တဖန် ရှုပွားကာ ကြိုးစားရခြင်း "တထာသတိ ကမ္မဋ္ဌာနံ နဝံနဝံ ဧဝ သိယာ"ဟူ၍ မဟာဋီကာ ကလာပရှုနည်းအဖွင့်၌ မိန့်ဆိုသကဲ့သို့ ထိုသို့ နောက်ထပ်တဖန် ပြန်လည်ရှုပွား ကြိုးစားရခြင်းကြောင့် ကမ္မဋ္ဌာန်းအာရုံ အသစ်အသစ် တဖန်ဖြစ်၍ မတိုးတက်နိုင်ဘဲ ရှိခြင်းစသည်အကျိုး ချို့ယွင်းပျက်စီးခြင်း များကိုလည်း စဉ်းစားဆင်ခြင်၍ သိမြင်အပ်ပါသည်။

ဒိဋ္ဌိဥဂ္ဃာဋနရှုနည်း—"ငါသည် ရှုပွား၏၊ ရှုပွားမှုသည် ငါ၏ ရှုပွားမှု ဖြစ်၏"ဟု နှလုံးသွင်းမှတ်ယူလျှင် ထိုယောဂီ၏ ရှုပွားမှုသည် ဒိဋ္ဌိကိုခွါနိုင် သောရှုပွားမှု—ဒိဋ္ဌိဥဂ္ဃာဋနမမည်သေး။ "အလိုသို့မလိုက် အကြိုက်သို့မပါ ဓမ္မတာအတိုင်း ဖြစ်ပျက်ဆင်းရဲလေ့ရှိသော သင်္ခါရတို့သည်သာ သင်္ခါရ တို့ကို ရှုပွား၏"ဟု နှလုံးသွင်းသဘောကျသော ယောဂီ၏ ရှုပွားမှုသည်သာ ဒိဋ္ဌိကိုခွါနိုင်သော ရှုပွားမှု—ဒိဋ္ဌိဥဂ္ဃာဋနမည်၏။

သင်္ခါရတို့၌ အနတ္တလက္ခဏာကို ကောင်းစွာထင်ထင် သိမြင်သဘော ကျသူ ယောဂီအား ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါးစသည်ဖြင့် စွဲလမ်း ယူမှားသော အတ္တဒိဋ္ဌိကွာ၏။ ဝါ၊ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါးစသည်ဖြင့် စွဲလမ်းယူမှားသော အတ္တဒိဋ္ဌိကို ပယ်ခွါနိုင်သောရှုပွားမှု—ဒိဋ္ဌိသမုဂ္ဃာဋန သည် ဖြစ်၏ဟူလို။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌—

"ဧဝံ သင်္ခါရေ အနတ္တတော ပဿန္တဿ ဒိဋ္ဌိသမုဂ္ဃာဋနံနာမ ဟောတိ"ဟု မိန့်ဆိုတော်မူလေသည်။

**မာနဥဿာဒနရှုနည်း**—"ငါသည် ကောင်းစွာရှုပွားလိုက်အံ့။ ငါသည် နှလုံးကိုပွားစေသည့်ဖြစ်၍ ရှုပွားလိုက်အံ့။(ငါမည့်တော့ပြီ)"ဟု နှလုံးသွင်း မှတ်ယူလျှင် ဝိပဿနာလျှင် အာရုံရှိသော အဓိမာနဖြစ်သောကြောင့် ယောဂီ၏ ရှုပွားမှုသည် မာနကိုပယ်ခွါနိုင်သော ရှုပွားမှု—မာနဥဿာဒန မမည်သေး၊ "ဖြစ်ပျက်မစဲ မမြဲသောသင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကို ရှုပွား၏"ဟု နှလုံးသွင်းသတောကျလျှင် ယောဂီ၏ ရှုပွားမှုသည် မာနကို ပယ်ခွါနိုင်သော ရှုပွားမှု မာနဥဿာဒနမည်၏။

**အဓိပ္ပါယ်**—သင်္ခါရတို့ကို အနိစ္စသဘောအားဖြင့် ကောင်းစွာထင်ထင် ရှုမြင်သဘော ကျသူ ယောဂီအား မာနကို ပယ်ခွါနိုင်သော ရှုပွားမှု မာနဥဿာဒန ဖြစ်၏ဟူလို။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ "အနိစ္စတော ပဿန္တဿ မာနသမုဿာဒနံ နာမ ဟောတိ"ဟု မိန့်ဆိုတော်မူလေသည်။ ထိုစကားမှန်၏၊ ခဏတိုင်း, ခဏတိုင်း၌ချုပ်ပျောက်ပျက်စီးကုန်သော သင်္ခါရတို့ကို ကောင်းစွာထင်ထင် သိမြင်ရှုပွားနိုင်သော ယောဂီအား သင်္ခါရဘို့ကိုစွဲ၍ "ငါတကား"ဟု ထောင်လွှားမြင့်ကြွတတ်သော မာန်မာန၏ဖြစ်ခွင့်သည် အဘယ်မှာ ရှိနိုင် ပါမည်နည်း။ ထို့ကြောင့် မဟာဋီကာ၌—

"ခဏေ ခဏေ ဘိဇ္ဇနကေ သင်္ခါရေ ပဿန္တဿ ကုတော မာနဿ အဝသရော"ဟု မိန့်ဆိုတော်မူလေသည်။

**နိကန္တိပရိယာဒါနရှုနည်း**—ငါသည် ရှုပွားနိုင်ပြီဖြစ်၍ ထိုသို့ ရှုပွားလျက် သာလျှင် အချိန်ကို လွန်စေတော့အံ့ဟု ရှုပွားမှုဝိပဿနာ၌ သာယာနှစ်သက် ချစ်မက်ကပ်ငြိခဲ့လျှင် ယောဂီ၏ ရှုပွားမှုသည် နှစ်သက်မှု နိကန္တိ(တဏှာ)ကို ကုန်အောင် ပယ်ခွါနိုင်သော ရှုပွားမှု—နိကန္တိ ပရိယာဒါနမမည်သေး၊ "ဖြစ်ခြင်းပျက်ခြင်းတို့သည် အမြဲနှိပ်စက်အပ်သော အနက်သဘောကြောင့် ဆင်းရဲသော သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကို ရှုပွားကုန်၏"ဟု နှလုံးသွင်းသတောကျလျှင် ယောဂီ၏ ရှုပွားမှုသည် နှစ်သက်မှု နိကန္တိ (တဏှာ)ကိုကုန်အောင်ပယ်ခွါနိုင်သောရှုပွားမှု—နိကန္တိပရိယာဒါနမည်၏။

**အဓိပ္ပါယ်**—သင်္ခါရတို့ကို ဒုက္ခသဘောအားဖြင့် ကောင်းစွာထင်ထင် ရှုမြင်သဘော ကျသူ ယောဂီအား ဝိပဿနာကို နှစ်သက်မှု နိကန္တိ(တဏှာ)ကွာ၏၊ ဝါ၊ ဝိပဿနာကို နှစ်သက်မှုနိကန္တိ(တဏှာ)ကို ပယ်ခွါနိုင်သော ရှုပွားမှု နိကန္တိပရိယာဒါနဖြစ်၏ဟူလို။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌—

"ဒုက္ခတော ပဿန္တဿ နိကန္တိပရိယာဒါနံ နာမ ဟောတိ"ဟု မိန့်ဆိုတော်မူလေသည်။

ထိုစကားမှန်၏၊ ကိုယ်,စိတ်တို့၏ ဆင်းရဲမှုဟူသော ဒုက္ခ,ဒေါမနဿတို့၏ သဘောအားဖြင့်၎င်း၊ ဖြစ်ခြင်း,ပျက်ခြင်းတို့ဖြင့် အခါခပ်သိမ်း နှိပ်စက်ခံရမှုဟူသော သင်္ခါရဒုက္ခ၊ဘဝ,သန္တတိ,ခဏတို့၌ အိုခြင်း,နာခြင်း, သေခြင်း,ဖြစ်ခြင်း,ပျက်ခြင်းဟူသော ဝိပရိဏာမဒုက္ခ၊ အပါယ်ဘေး,ကပ်ဘေးစသော သံသရာဒုက္ခတို့၏ တည်ရာဖြစ်သောကြောင့်၎င်း၊ ဆင်းရဲစင်စစ်ဖြစ်ကုန်သော သင်္ခါရတရားတို့ကို ရှုပွားဆင်ခြင် သိမြင်သူအား ထိုဆင်းရဲဒုက္ခသင်္ခါရတို့၌ ချစ်ခင်နှစ်သက် စုံမက်မွေ့လျော်မှု တဏှာသည် အနည်းငယ်မျှပင် မဖြစ်နိုင်တော့ပြီ မဟုတ်ပါလော။

ထို့ကြောင့် မဟာဋီကာ၌—

"န ဟိ သဘာဝတော ဒုက္ခဝတ္ထုတော စ ဒုက္ခဘူတေ သင်္ခါရေ ပဿန္တဿ တတ္ထ ဤသကမ္ပိ အဘိရတော ဟောတိ"ဟု မိန့်ဆိုတော်မူပါသည်။

ဤသို့လျှင် ရေးသားဖေါ်ပြခဲ့ပြီးသော ကလာပသမ္မသနမှစ၍ ရူပသတ္တက,အရူပသတ္တကတို့ ပြီးဆုံးသည့်တိုင်အောင်သော အစီအရင်ဖြင့် ရှုပွားသောယောဂီသည် ရုပ်,နာမ်တရားတို့၌ အနိစ္စစသောလက္ခဏာများကို ထင်ရှားသိမြင်သောအားဖြင့် ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းနှစ်ပါးစုံကို အဝါးဝစွာ လေ့လာပွားများအပ်ပြီး ဖြစ်ပါတော့သည်။ ထိုသို့ ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းနှစ်ပါးစုံကို အဝါးဝစွာ လေ့လာပွားများအပ်ပြီးသော ယောဂီသည် မဟာဝိပဿနာ တဆယ့်ရှစ်ပါးတို့တွင် အနိစ္စာနုပဿနာစသော ဝိပဿနာရှစ်ပါးတို့ကို ရရှိပြီးသည်ဖြစ်၍ မိမိရရှိပြီးသော ထိုထိုအနုပဿနာဉာဏ်တို့ဖြင့် နိစ္စသညာစသော ထိုထိုအနုပဿနာဉာဏ်၏ ဆန့်ကျင်ဘက်တရားတို့ကို ပယ်ခွါနှိမ်နင်းနိုင်ပါတော့သည်။

သိသာစေပါမည်၊ ရုပ်နာမ်ကမ္မဋ္ဌာန်းတို့ကို အဝါးဝစွာ လေ့လာပွားများပြီးသောယောဂီသည် အနိစ္စစသော လက္ခဏာသုံးပါးတို့၏ အစွမ်းအားဖြင့် သင်္ခါရတရားတို့ကို ကောင်းစွာထင်ထင် သိမြင်အပ်ကုန်ပြီး

သောကြောင့် အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ တို့ကို ထိုးထွင်းသိမြင်၍ ရရှိပြီးဖြစ်ပါသည်။ အနိစ္စာနုပဿနာကို ရရှိခြင်းဖြင့် ၎င်းနှင့်သဘောတူသော အနိမိတ္တာနုပဿနာကို၎င်း၊ ဒုက္ခာနုပဿနာကို ရရှိခြင်းဖြင့် အပ္ပဏိဟိတာနုပဿနာကို၎င်း၊ အနတ္တာနုပဿနာကို ရရှိခြင်းဖြင့် သုညတာနုပဿနာကို၎င်း ရရှိပြီးဖြစ်ပါသည်။ ဤအနုပဿနာခြောက်ပါးကို ရရှိခြင်းဖြင့်ပင် အလုံးစုံသော ဝိပဿနာတို့နှင့် ဆက်ဆံသော အဓိပညာဝိပဿနာကိုလည်း ရရှိပြီးဖြစ်တော့သည်၊ ၎င်းပြင် ပစ္စယပရိဂ္ဂဟဟူသော ကင်္ခါဝိတရဏဝိသုဒ္ဓိကို ရစဉ်ကပင် ၎င်းနှင့်သဘောတူသော ယထာဘူတဉာဏဒဿနကို ရရှိခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် "အနိစ္စာနုပဿနာစသော ဝိပဿနာရှစ်ပါးကို ရရှိပြီး ဖြစ်၍"ဟု ရေးသားဖော်ပြခဲ့ပါသည်။

---

## ဝိပဿနာ(၈)ပါးနှင့် ၎င်းတို့ပယ်အပ်သော တရားများ

ဆက်ပါဦးမည်၊ ယောဂီသည် ရရှိပြီးသော ဝိပဿနာ ရှစ်ပါး တို့တွင်—

၁။ သင်္ခါရတို့ကို "အနိစ္စ"ဟု ရှုမြင်သဘောကျသော အနိစ္စာနုပဿနာ ဖြင့်"မြဲသည်"ဟု ဖေါက်ပြန်စွာ ထင်မြင်မှတ်ယူသော နိစ္စသညာကို နှိမ်နှင်းပယ်ခွါ၏။

၂။ သင်္ခါရတို့ကို "ဒုက္ခ"ဟု ရှုမြင်သဘောကျသော ဒုက္ခာနုပဿနာဖြင့် "ချမ်းသာသည်"ဟု ဖေါက်ပြန်စွာ မှတ်ယူတတ်သော သုခသညာကို နှိမ်နှင်းပယ်ခွါ၏။

၃။ သင်္ခါရတို့ကို "အနတ္တ"ဟု ရှုမြင်သဘောကျသော အနတ္တာ နုပဿနာဖြင့် "အတ္တ"ဟု ဖေါက်ပြန်စွာ မှတ်ယူတတ်သော အတ္တ သညာကို နှိမ်နှင်းပယ်ခွါ၏။

၄။ အနိမိတ္တာနုပဿနာဖြင့် နိမိတ္တကို နှိမ်နှင်းပယ်ခွါ၏။

ချဲ့ပါဦးမည်၊ "နိမိတ္တ"ဟူသည်ကို အောက်ပါ မဟာဋီကာပါဌ်ဖြင့် သိအပ်ပါသည်။

"နိမိတ္တန္တိ သဏ္ဌာတိယံ သမူဟောစ ကေတ္တသညာယ ဂယှမာနံ ကာလန္တရာဝဋ္ဌာယိဘာဝေန နိစ္စဘာဝေန စ သင်္ခါရာနံ သကိစ္စ-ပရိစ္ဆေဒတာယ သဝိဂ္ဂဟံ ဝိယ ဥပဋ္ဌာနမတ္တံ"။

အနက်— နိမိတ္တန္တိ၊ နိမိတ္တံဟူသည်ကား။ သဏ္ဌာတိယံ၊ အစဉ်၌ရင်း။ သမူဟော စ၊ အပေါင်း၌ရင်း။ ကေတ္တသညာယ၊ တလုံးတခဲထည်း၏အဖြစ်ကို မှတ်သောသညာဖြင့်။ဂယှမာနံ၊ယူအပ်သော။ ကာလန္တရာဝဋ္ဌာယိဘာဝေန၊ ကာလတပါး၌ တည်လေ့ရှိသည်၏ အဖြစ်ဖြင့်ရင်း။ နိစ္စဘာဝေန စ၊ မြဲသည်၏အဖြစ်ဖြင့်ရင်း။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ သကိစ္စပရိစ္ဆေဒ-တာယ၊ မိမိကိစ္စ အပိုင်းအခြားရှိသည်၏ အဖြစ်ဖြင့်ရင်း။ သဝိဂ္ဂဟံ ဝိယ၊ လုံးလုံးလျောင်းလျောင်း အကိုယ်အထည်ရှိ၏သို့။ ဥပဋ္ဌာနမတ္တံ၊ ထင်ခြင်းမျှသည်။ နိမိတ္တံ၊ နိမိတ္တမည်၏။

**သဏ္ဌာတိဃန**— အနိမိတ္တာနုပဿနာကို၊ ဝါ၊ အနိမိတ္တာနုပဿနာကို မရှုမပွားဘူးသည်ဖြစ်၍ သင်္ခါရတို့၏ ဖြစ်ခြင်း, ပျက်ခြင်း—ဥပ္ပါဒ,ဝယ၊ ရင့်ရော်မှု—အညထတ္တ၊ ဖြစ်ပြီးလျှင် ချုပ်ပျောက်ခြင်း—ဟုတွာ အဘာဝ၊ အနိစ္စလက္ခဏာကို မသိမမြင်ဘူးသော သာမန်ပုထုဇဉ်သည် ပူသော ရုပ်သည်ပင် အေးလာ၏၊ အေးသောရုပ်သည်ပင် တဖန်ပူလာ၏၊ ဆာလောင် မွတ်သိပ်၍ အားလျော့ညှိုးနွမ်းသော ရုပ်သည်ပင် အစာဝ၍ အားရှိ ရွှင်လန်းသောရုပ် ဖြစ်လာ၏၊ အစာဝ၍ အားရှိရွှင်လန်းသောရုပ်သည်ပင် ဆာလောင်မွတ်သိပ်၍ အားလျော့ညှိုးနွမ်းသော ရုပ်ဖြစ်လာ၏၊ စိတ် ဆင်းရဲ၍ အရုပ်ဆိုး,ညှိုးနွမ်းသောရုပ်သည်ပင် စိတ်ချမ်းသာ၍ အဆင်းလှ, ရွှင်လန်းသော ရုပ်ဖြစ်လာ၏၊ စိတ်ချမ်းသာ၍ အဆင်းလှ,ရွှင်လန်းသော ရုပ်သည်ပင် စိတ်ဆင်းရဲ၍ အရုပ်ဆိုး,ညှိုးနွမ်းသော ရုပ်ဖြစ်လာ၏ စသည် ဖြင့်ရင်း, နံနက်ကရုပ်သည်ပင် နေ့လည်သို့ ရောက်လာ၍ တဖန် ညနေချိန် စသည်သို့ ရောက်သွား၏ စသည်ဖြင့်ရင်း, သွားမှုအမူအရာ ရုပ်သည်ပင် ရပ်မှု,ထိုင်မှု,လျောင်းမှု အမူအရာရုပ်များ ဖြစ်လာ၏။ ကွေးမှုရုပ်သည်ပင် ဆန့်မှုရုပ်ဖြစ်လာ၏ စသည်ဖြင့်ရင်း, ရှေးရှေးအကြိမ်များက မြင်ရသော အဆင်းကိုပင် နောက်နောက်အကြိမ်များ၌ မြင်ရ၏၊ ရှေးရှေးသော အကြိမ်များက ကြားရသော အသံကိုပင် နောက်နောက်အကြိမ်များ၌

ကြားရ၏ စသည်ဖြင့်ရင်း လွဲမှားစွာ မှတ်ထင်၏။ ဤသို့စသည်ဖြင့် လွဲမှား မှတ်ထင်ခြင်းသည်ပင် ရုပ်တရားအစဉ်၌ တလုံးထည်း, တခဲထည်းအဖြစ်ကို လွဲမှားသောသညာဖြင့် မှတ်ယူသည်မည်၏၊ "သန္တတိယံ ဧကတ္တသညာယ ဂယှမာနံ"ဟူ၍ ယောဇနာအပ်သော ဋီကာပါဌ်၏ အဓိပ္ပါယ်ဖြစ်ပါသည်။

ရင်းပြင် အဖြူကိုမြင်သော စိတ်သည်ပင် အညိုကိုမြင်ပြန်၏၊ အညိုကိုမြင်သောစိတ်သည်ပင် အနီကိုမြင်ပြန်၏၊ လူသံကို ကြားသော စိတ်သည်ပင် စောင်းသံကိုကြားပြန်၏၊ စောင်းသံကို ကြားသောစိတ်သည် ပင် စည်သံကိုကြားပြန်၏ စသည်ဖြင့်ရင်း,(နံ့သိ,လျက်သိ,တွေ့သိတို့၌လည်း အတူပင်)ချစ်ခင်သော စိတ်သည်ပင် ရွံမုန်းသောစိတ်ဖြစ်လာ၏၊ ရွံမုန်း သောစိတ်သည်ပင် ချစ်ခင်သောစိတ်ဖြစ်လာ၏၊ ဆင်းရဲသောစိတ်သည်ပင် ဝမ်းမြောက်သောစိတ်ဖြစ်လာ၏၊ စသည်ဖြင့်ရင်း၊ လွဲမှားစွာမှတ်ထင်၏၊ ဤသို့ စသည်ဖြင့် လွဲမှားမှတ်ထင်ခြင်းသည်ပင် နာမ်တရားအစဉ်၌ တလုံး ထည်း,တခဲထည်းအဖြစ်ကို လွဲမှားသောသညာဖြင့် မှတ်ယူသည်မည်၏၊ "သန္တတိယံ ဧကတ္တသညာယ ဂယှမာနံ"ဟူ၍ ယောဇနာအပ်သော ဋီကာ၏အဓိပ္ပါယ်ပင် ဖြစ်ပါသည်။

ဆိုခဲ့သည့်အတိုင်း ရုပ်အစဉ်,နာမ်အစဉ်သန္တတိ၌ တလုံးထည်း,တခဲ ထည်း၏အဖြစ်ကို လွဲမှားသောအမှတ်သညာဖြင့် ယူလေ့ရှိသော သာမန် ပုထုဇဉ်အား သင်္ခါရတို့သည် တလုံးထည်း,တခဲထည်း၏ အဖြစ်အားဖြင့် ထင်ခြင်းကြောင့်၊ဝါ၊ သန္တတိဖုံးလွှမ်းခြင်းကြောင့် ထိုသင်္ခါရတို့၏ဖြစ်ခြင်း— ဥပ္ပါဒ, ပျက်ခြင်း—ဝယ, ရင့်ရော်ဖေါက်ပြန်ခြင်း—အညထတ္တ, ဖြစ်ပြီးလျှင် ချုပ်ပျောက်ခြင်း—ဟုတွာ အဘာဝ, အနိစ္စလက္ခဏာသည် မထင်မပေါ်နိုင် ဖြစ်တော့၏၊ ထိုသို့ သန္တတိဖုံးလွှမ်းနိုင်ခြင်းသည်လည်း အဖြစ်အပျက်ကို မဆင်ခြင်မပွားများသောကြောင့်ပင် ဖြစ်လေသည်။

ထို့ကြောင့် မဟာဋီကာ၌—

"သန္တတိယာ ဟိဿ ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ န ဥပဋ္ဌာတိ၊ သာစ သန္တတိ ဥဒယဗ္ဗယာမနသိကာရေန ပဋိစ္ဆာဒိကာ ဇာတာ"ဟု မိန့်ဆိုတော်မူလေသည်။

**သမူဟဃန**—ရင်းပြင် တခုထည်းသောသဏ္ဌာန်ကို တွေ့ထိသောအခါ ကြမ်းတမ်း,ချောမွေ့သော ကိုယ်ကောင်သည်ပင် ပူနွေးနွေး သို့မဟုတ် အေးမြမြရှိ၏။ ပူနွေး,အေးမြသော ကိုယ်ကောင်သည်ပင် ဖေါင်းပွခုခံ၏၊

ဖေါင်းပွခုခံသော ကိုယ်ကောင်သည်ပင် နံလည်းနံ၏၊ ၎င်းကိုကြည့်လျှင်လည်း မြင်ရ၏၊ လျက်လျှင်လည်း အရသာရှိ၏စသည်ဖြင့်၎င်း၊ ထိုကိုယ်ကောင်ဟူသော သတ္တဝါသည်ပင် ချစ်လည်းချစ်တတ်၏၊ မုန်းလည်းမုန်းတတ်၏၊ စိတ်လည်းညစ်တတ်၏၊ ဝမ်းလည်းသာတတ်၏၊ ခံစားလည်းခံစားတတ်၏၊ မှတ်လည်းမှတ်တတ်၏၊မြင်လည်းမြင်စေတတ်၏၊ ကြားလည်းကြားစေတတ်၏၊ မြင်လည်းမြင်တတ်၏၊ကြားလည်းကြားတတ်၏စသည်ဖြင့်၎င်း၊ သွားလိုလည်းသွားတတ်၏၊ သွားလည်းသွားတတ်၏၊ ရပ်လည်းရပ်လိုတတ်၏၊ ရပ်လည်းရပ်တတ်၏စသည်ဖြင့်၎င်း၊ လွဲမှားစွာမှတ်ထင်တတ်၏၊ ဤသို့ ရုပ်တရားအပေါင်း၌ ပထဝီ,အာပေါစသည် မခွဲခြားဘဲ၎င်း၊ နာမ်တရားအပေါင်း၌ လောဘ,ဒေါသစသည် ဝေဒနာ,သညာစသည် မခွဲခြားဘဲ၎င်း၊ နာမ်ရုပ်နှစ်ပါးအပေါင်း၌ စက္ခုပသာဒ—စက္ခုဝိညာဉ် သောတပသာဒ—သောတဝိညာဉ်စသည် မခွဲခြားဘဲ၎င်း၊ လွဲမှားစွာ မှတ်ထင်ခြင်းသည်ပင် ရုပ်အပေါင်း, နာမ်အပေါင်း, ရုပ်နာမ်အပေါင်း သမူဟ၌ တလုံးတခဲထည်းအဖြစ်ကို လွဲမှားသောသညာဖြင့် မှတ်ယူသည် မည်၏။ "သမူဟေ စ ဧကတ္တသညာယ ဂယှမာနံ"ဟူသော မဟာဋီကာပါဠိ၏ သိသာရုံ အမြွက်အဓိပ္ပါယ်ဖြစ်ပါသည်။

ဆိုခဲ့သည့်အတိုင်း ရုပ်အပေါင်း,နာမ်အပေါင်း,ရုပ်နာမ်အပေါင်းဟူသော သမူဟ၌ တလုံးထည်း,တခဲထည်း၏အဖြစ်ကို လွဲမှားသောအမှတ်သညာဖြင့် ယူလေ့ရှိသော သာမန်ပုထုဇဉ်အား သင်္ခါရတို့သည် တလုံးထည်း,တခဲထည်း၏ အဖြစ်အားဖြင့် ထင်ခြင်းကြောင့်၊ ဝါ၊ သမူဟဃန ဖုံးလွှမ်းခြင်းကြောင့် အလိုသို့မလိုက် အကြိုက်သို့မပါ ဓမ္မတာအတိုင်း မမြဲလေ့,ဆင်းရဲလေ့ရှိသော သင်္ခါရတို့၏ အနတ္တလက္ခဏာသည် မပေါ်နိုင် မထင်နိုင်ဖြစ်တော့၏၊ ထိုသို့ သမူဟဃန ဖုံးလွှမ်းနိုင်ခြင်းသည်လည်း ရုပ်အပေါင်း၌ ပထဝီ, တေဇောစသည်ဖြင့်၎င်း၊ နာမ်တရားအပေါင်း၌ လောဘ,ဒေါသ,ဖဿ,ဝေဒနာ,သညာစသည်ဖြင့်၎င်း၊ ရုပ်နာမ်အပေါင်း၌ စက္ခုပသာဒ—စက္ခုဝိညာဉ်စသည်ဖြင့်၎င်း၊ အထူးထူးသော ဓာတ်တရားတို့ကို မခွဲခြားမဝေဘန်ဘဲ တလုံးထည်း,တခဲထည်းသော ငါကောင်အဖြစ်အားဖြင့် နှလုံးသွင်း မှတ်မှားသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် မဟာဋီကာ၌—

"ဃနေန ပဋိစ္ဆန္နတ္တာ အနတ္တလက္ခဏံ န ဥပဋ္ဌာတိ၊ တေစ ဃနာ နာနာဓာတုဝိနိဗ္ဘောဂါမနသိကာရေန ပဋိစ္ဆာဒကာ ဇာတာ"ဟူ၍ မိန့်ဆိုတော်မူလေသည်။

သန္တတိဋ္ဌိနိစ္စထင်ပုံ– ဆက်ပါဦးမည်၊ အထက်သန္တတိ၌ ဆိုခဲ့သည့်အတိုင်း သာမန်ပုထုဇဉ်သည် "ပူသောရုပ်သည်ပင် အေးလာ၏၊ အေးသောရုပ်သည်ပင် တဖန်ပူလာ၏ စသည်ဖြင့်၎င်း၊ နံနက်ချိန်က ရုပ်သည်ပင်နေ့လည်ချိန်သို့ ရောက်လာ၏ စသည်ဖြင့်၎င်း၊ သွားမှုအမူအရာ ရုပ်သည်ပင်ရပ်မှုအမူအရာရုပ်ဖြစ်လာ၏၊ ရပ်မှုအမူအရာ ရုပ်သည်ပင် ထိုင်မှုအမူအရာရုပ်ဖြစ်လာ၏စသည်ဖြင့်၎င်း၊ ရှေးရှေးအကြိမ်များက မြင်ရသော အဆင်းကိုပင်နောက်နောက်အကြိမ်များ၌ မြင်ရ၏ စသည်ဖြင့်၎င်း၊ ရုပ်တရားအစဉ်၌တလုံးထည်း, တခဲထည်းအဖြစ်ကို လွဲမှားစွာ မှတ်ထင်ယူဆသောကြောင့်ပူဆဲခဏ၌ရှိသော ရုပ်သည်ပင် မကွယ်မပျောက် အေးဆဲခဏသို့ လာရောက်တည်ရှိနေ၏ စသည်ဖြင့်၎င်း၊ နံနက်ချိန်က ရုပ်သည်ပင် မကွယ်မပျောက်နေ့လည်ချိန်သို့ ကူးပြောင်းရောက်ရှိ၍ တည်နေ၏စသည်ဖြင့်၎င်း၊ သွားဆဲခဏ၌ ဖြစ်သောရုပ်သည်ပင် မကွယ်မပျောက်ဘဲ ရပ်ဆဲခဏသို့ ရောက်ရှိတည်နေ၏ စသည်ဖြင့်၎င်း၊ ရှေးရှေးအကြိမ်များက မြင်ရသော ရုပ်အဆင်းသည်ပင် မကွယ်မပျောက် နောက်နောက်မြင်ရသော အကြိမ်တိုင်း၌တည်ရှိနေ၏ စသည်ဖြင့်၎င်း၊ ပူဆဲကာလ, နံနက်ကာလ, သွားဆဲကာလ, ပဌမအကြိမ် မြင်ဆဲကာလစသော ရှေးရှေးသော ကာလတပါးတို့၌ ရှိသောရုပ်တရားသည် မကွယ်မပျောက်ဘဲ နောက်နောက်ဖြစ်သော ပူဆဲကာလ, နေ့လည်ကာလ,ရပ်ဆဲကာလ,ဒုတိယအကြိမ် မြင်ဆဲကာလ စသည် ကာလတပါး၌လည်း တည်ရှိနေသည်ဟု လွဲမှားစွာ မှတ်ယူပြန်လေသည်၊ ထိုသို့ကာလတပါး၌ ဖြစ်သောရုပ်တရားသည် မကွယ်မပျောက် တောက်လျှောက်ကူးပြောင်းတည်ရှိနေသောကြောင့်ပင် နိစ္စ,ဓုဝ,သဿတအားဖြင့် တည်ရှိနေသည်ဟု လွဲမှားစွာ မှတ်ထင်ယူဆပြန်လေသည်။

၎င်းပြင် အဖြူကိုမြင်သော စိတ်သည်ပင် အညိုကိုမြင်ပြန်၏၊ အညိုကိုမြင်သောစိတ်သည်ပင် အနီကိုမြင်ပြန်၏။ လူသံကို ကြားသောစိတ်သည်ပင်စောင်းသံကိုကြားပြန်၏၊ စောင်းသံကို ကြားသောစိတ်သည်ပင် စည်သံကိုကြားပြန်၏ စသည်ဖြင့်၎င်း၊ ချစ်ခင်စိတ်သည်ပင် ရွံမုန်းစိတ်ဖြစ်လာ၏၊ ရွံမုန်းသောစိတ်သည်ပင် ချစ်ခင်စိတ်ဖြစ်လာ၏၊ ဆင်းရဲသောစိတ်သည်ပင်ချမ်းသာသောစိတ်ဖြစ်လာ၏ စသည်ဖြင့်၎င်း၊ နာမ်တရားအစဉ်၌ တလုံးထည်း,တခဲထည်းအဖြစ်ကိုလွဲမှားသောသညာဖြင့် မှတ်ယူလေသောကြောင့်အဖြူကို မြင်ဆဲခဏ၌ ဖြစ်သောစိတ်သည်ပင် မကွယ်မပျောက် အညိုကိုမြင်ဆဲခဏသို့ လာရောက်တည်ရှိနေ၏၊ အညိုကို မြင်ဆဲခဏ၌ ဖြစ်သောစိတ်သည်ပင် မကွယ်မပျောက်ဘဲ အနီကိုမြင်ဆဲခဏသို့ လာရောက်တည်ရှိ

နေ၏၊ လူသံကို ကြားဆဲခဏ၌ ဖြစ်သောစိတ်သည်ပင် မကွယ်မပျောက် စောင်းသံကို ကြားဆဲခဏသို့ လာရောက်တည်ရှိနေ၏ စသည်ဖြင့်ရင်း၊ ချစ်ခင်ဆဲခဏ၌ ဖြစ်သောစိတ်သည်ပင် မကွယ်မပျောက် ရွံမုန်းဆဲခဏသို့ လာရောက်တည်ရှိနေ၏ စသည်ဖြင့်ရင်း၊ အဖြူကို မြင်ဆဲကာလ, လူသံကို ကြားဆဲကာလ, ချစ်ခင်ဆဲကာလစသော ရှေးရှေးသော ကာလတို့၌ ဖြစ်သောစိတ်သည် မကွယ်မပျောက်ဘဲ အညိုကို မြင်ဆဲကာလ, စောင်းသံကို ကြားဆဲကာလ, ရွံမုန်းစိတ်ဖြစ်ဆဲကာလစသော နောက်နောက်ဖြစ်သော ကာလတပါး၌လည်း တည်ရှိနေ၏ဟု လွဲမှားစွာ မှတ်ထင်ယူဆပြန်လေသည်၊ ထိုသို့ ကာလတပါး၌ဖြစ်သော နာမ်တရားသည် မကွယ်တောက်လျှောက် ကူးပြောင်းတည်ရှိနေသောကြောင့်ပင် နိစ္စ,ဓုဝ,သဿတအားဖြင့် အမြဲတည်ရှိနေသည်ဟု လွဲမှားစွာ ထင်မြင်ယူဆပြန်လေသည်။

သမူဟဂ္ဂနိစ္စထင်ပုံ— သမူဟဃနဝ္ ဆိုခဲ့သည့်အတိုင်း ရုပ်အပေါင်း၌ ပထဝီ,တေဇော,ဝါယောစသည်ဖြင့်ရင်း၊ နာမ်တရားအပေါင်း၌ လောဘ, ဒေါသ,ဖဿ,ဝေဒနာစသည်ဖြင့်ရင်း၊ ရုပ်နာမ်အပေါင်း၌ စက္ခုပသာဒ— စက္ခုဝိညာဉ်စသည်ဖြင့်ရင်း၊ အထူးထူးသော ရုပ်ဓာတ်,နာမ်ဓာတ်တို့ကို မခွဲခြားမဝေဘန်တလုံးထည်းတခဲထည်းအဖြစ်ကိုယူဆထင်မြင်ခြင်းကြောင့်၊ ဝါ၊ သမူဟဃန ဖုံးလွှမ်းခြင်းကြောင့် အလိုမလိုက် အကြိုက်မပါ အကြောင်းအားလျော်စွာ ဖြစ်,ပျက်လေ့ရှိခြင်းဟူသော အနတ္တလက္ခဏာကို မသိရှိမထင်မြင်နိုင်သော အန္ဓပုထုဇဉ်သည် သင်္ခါရတို့ကို မြဲစေတတ်သော— အတ္တ၊ ခန္ဓာအိမ် ပျက်စီးသော်လည်း မပျက်မစီးဘဲ အမြဲနေနိုင်သူ—နိဝါသီ၊ မြင်မှု,ကြားမှုစသည်ကို အကြောင်းကင်းလျက် အလိုအတိုင်း ဖြစ်စေနိုင်သူ— သယံဝသီစသည်ဖြင့် အတ္တဒိဋ္ဌိ၏ အစွမ်းအားဖြင့် စွဲလမ်းမှတ်ယူပြန်လေသည်၊ ထိုသို့ အတ္တဒိဋ္ဌိ၏ အစွမ်းအားဖြင့် စွဲလမ်းမှတ်ယူသောကြောင့်ပင် ကြမ်းတန်းခက်မာသည်ဟု ထိသိရဆဲခဏ၌ရှိသော ငါကောင်သည်ပင် မကွယ်မပျောက်ဘဲ ပူသည်,အေးသည်ဟု ထိသိရဆဲခဏသို့ လာရောက်တည်ရှိနေ၏ စသည်ဖြင့်ရင်း၊ မြင်သိအပ်ဆဲခဏ၌ရှိသော ငါကောင်သည်ပင် မကွယ်မပျောက်ဘဲ ကြားသိအပ်ဆဲ, နမ်းသိအပ်ဆဲ, လျက်သိအပ်ဆဲ ခဏများသို့ လာရောက်တည်ရှိနေသည် စသည်ဖြင့်ရင်း၊ ရွံမုန်းဆဲခဏ၌ရှိသော ငါကောင်သည်ပင် မကွယ်မပျောက်ဘဲ ချစ်ခင်တတ်ဆဲခဏသို့ လာရောက်တည်ရှိနေသည် စသည်ဖြင့်ရင်း၊ မြင်တတ်ဆဲခဏ၌ရှိသော ငါကောင်သည်ပင် မကွယ်မပျောက်ဘဲ ကြားတတ်ဆဲခဏသို့ လာရောက်တည်ရှိနေသည်

စသည်ဖြင့်ရင်း၊ ရပ်ဆဲခဏ၌ရှိသော ဂါကောင်သည်ပင် မကွယ်မပျောက်ဘဲ သွားဆဲခဏသို့ လာရောက်တည်ရှိနေသည်စသည်ဖြင့်ရင်း၊နိစ္စ,ဓုဝ,သဿတ အားဖြင့် တည်ရှိနေသည်,မြဲနေသည်ဟု ယူဆထင်မြင်ပြန်လေသည်။

ထိုသို့ ရှေးရှေးသော ကာလတပါးတို့၌ရှိသော ဂါကောင်သည်ပင် မကွယ်မပျောက်ဘဲ နောက်နောက်ဖြစ်သော ကာလတပါးတို့၌လည်း တည်ရှိနေ၏,မြဲနေ၏ဟု မှတ်မှားထင်မြင်ခြင်းဖြင့်ပင် ဓာတ်လေးပါးတို့၏ အသီးအသီး ကိစ္စဖြစ်သော ကြမ်းတန်းခက်မာမှု, ဖွဲ့စည်းမှု, ပူမှု, အေးမှု, ဖေါင်းပွခုခံမှု ပသာဒရုပ်တို့၏ အသီးအသီး ကိစ္စဖြစ်သော မြင်ကြောင်း, ကြားကြောင်း, နမ်းကြောင်း, လျက်ကြောင်း, တွေ့ကြောင်း,ဝိသယရုပ်တို့၏ အသီးအသီးကိစ္စဖြစ်သော ဆိုင်ရာပသာဒဒွါရတို့၌ ထင်ဟပ်မှု ဆဝိညာဏ ဓာတ်တို့၏ အသီးအသီးကိစ္စဖြစ်သော မြင်မှု,ကြားမှု,နမ်းမှု,လျက်မှု,တွေ့မှု, ဆင်ခြင်မှု,ချစ်ခင်မှု စသည်တို့သည်လည်း မြဲသောဂါကောင်၏ မြဲသော သတ္တိများသာဖြစ်၍ တမျိုးထည်း, တစားထည်း, တလုံးထည်း, တခဲထည်း ဖြစ်၏ဟု ထင်မြင်ယူဆမှုသည် ပါဝင်ပြည့်စုံပြီး ဖြစ်တော့သည်။

ထိုသို့ အသီးအသီးသော ရုပ်နာမ်တို့၏ အသီးအသီးသောကိစ္စ တို့ကို မြဲသောဂါကောင် တခုထည်း၏ မြဲသောသတ္တိအဖြစ်ဖြင့် ယူဆ မှတ်ထင်ခြင်းကြောင့် အသီးအသီးသော ရုပ်နာမ်တို့၏ အသီးအသီးသော ကိစ္စသည် "ကြမ်းတန်းခက်မာမှုသည် ပထဝီဓာတ်၏ ကိစ္စဖြစ်၏ စသည်ဖြင့် ၎င်း၊ မြင်ကြောင်းသည် စက္ခုပသာဒ၏ ကိစ္စဖြစ်၏စသည်ဖြင့်ရင်း၊ စက္ခု ပသာဒ၌ ထင်မှုသည် ရူပါရုံ၏ ကိစ္စဖြစ်၏စသည်ဖြင့်ရင်း၊ မြင်မှုသည် စက္ခုဝိညာဉ်၏ ကိစ္စဖြစ်၏စသည်ဖြင့်ရင်း၊ ဆင်ခြင်မှုသည် မနောဝိညာဉ်၏ ကိစ္စဖြစ်၏စသည်ဖြင့်ရင်း"ဟုတ်မှန်သည့်အတိုင်း မထင်တော့ဘဲ မြဲသော ဂါကောင်၏ မြဲသောသတ္တိအဖြစ်အားဖြင့်၊ ဝါ၊ မြဲသောကိစ္စအဖြစ်အားဖြင့် တလုံးထည်း,တခဲထည်း တမျိုးထည်း တစားထည်း တသားထည်းဖြစ်၍ ထင်ခြင်းသည်ပင် ကိစ္စဃနမည်၏။ ထို့ကြောင့် မဟာဋီကာ၌—

"တေသံ တေသံ ဓမ္မာနံ ကိစ္စဘေဒဿ သတိပိ ပဋိနိယတဘာဝေ ကေတော ဂယှမာနာ ကိစ္စဃနတာ"ဟူ၍ မိန့်ဆိုတော်မူသည်။

ဆက်ပါဦးမည်၊ ထိုသို့ ကိစ္စဃနဖြစ်၍ ထင်ခြင်းသည်ပင် ကိစ္စဃန ဖုံးလွှမ်းသည်မည်၏၊ ကိစ္စဃနဖုံးလွှမ်းခြင်းကြောင့်လည်း အလိုသို့မလိုက်

အကြိုက်သို့မပါ အကြောင်းအားလျော်စွာ ဖြစ်ပျက်လေ့ရှိမှုဟူသော သင်္ခါရတို့၏ အနတ္တလက္ခဏာကို မထင်မြင်နိုင်သော အန္ဓပုထုဇဉ်သည် သင်္ခါရတို့ကို အတ္တဟူ၍ပင် ခိုင်မြဲစွာ ထင်မြင်စွဲလမ်းရလေတော့သည်။

ထို့ကြောင့် မဟာဋီကာ၌—

"ဃနေန ပဋိစ္ဆန္နတ္တာ အနတ္တလက္ခဏံ န ဥပဋ္ဌာတိ"ဟု မိန့်ဆိုတော်မူပါသည်။

ဤသို့လျှင် သန္တတိဃနကဏ္ဍ၏ အစမှစ၍ ဤစကားအစဉ်သို့ ရောက်သည်တိုင်အောင် ဆိုခဲ့သည့်အတိုင်း အန္ဓပုထုဇဉ်သည် အဖြစ်, အပျက်ကို နှလုံးမသွင်း မပွားများခြင်းကြောင့် သန္တတိဃနကို မဖြိုခွဲနိုင်၍ သန္တတိဃန၏ ဖုံးလွှမ်းခြင်းကို ခံရသဖြင့် အနိစ္စလက္ခဏာကို မထင်မြင်သောကြောင့်၎င်း၊ အထူးထူးသော ရုပ်ဓာတ်,နာမ်ဓာတ်တို့ကို ခွဲခြားဝေဘန်၍ နှလုံးမသွင်း မပွားများသောကြောင့် သမူဟဃန ကိစ္စဃနတို့ကို မဖြိုခွဲနိုင်၍ သမူဟဃန ကိစ္စဃနတို့၏ ဖုံးလွှမ်းခြင်းကို ခံရသဖြင့် အနတ္တသက္ခဏာကို မထင်မြင်နိုင်သောကြောင့်၎င်း၊ အခိုက်အတန့်မျှ တခဏ၌ ဖြစ်ပျက်သော အမှုအရာကြိယာမျှသာရှိ၍ အကောင်အထည် မရှိသော သင်္ခါရတို့ကိုပင် မြဲသောငါကောင်,သူကောင်ဟု ထင်မြင်စွဲယူ ရလေသည်၊ ထိုသို့ ထင်မြင်စွဲယူရလောက်အောင် အကောင်အထည် မရှိသော်လည်း အကောင်အထည်ရှိသကဲ့သို့ အန္ဓပုထုဇဉ်အား ထင်လာသော ရုပ်,နာမ်သင်္ခါရတို့၏ ထင်ပေါ်မှုအာရုံသည်ပင် (အနိစ္စာနုပဿနာ၏ ဆန့်ကျင်ဘက်) နိစ္စနိမိတ္တ, ဓုဝနိမိတ္တ, သဿတနိမိတ္တမည်ပါသည်။

ဆက်ပါဦးမည်၊ အနိစ္စာနုပဿနာသည် ဤနိစ္စနိမိတ်,ဓုဝနိမိတ်, သဿတနိမိက်ဘို့နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် "အနိမိတ္တ"မည်၏၊ သင်္ခါရတို့ကို မမြဲဟု ရှုမြင်တတ်သောကြောင့် "အနုပဿနာ"မည်၏။ ဤနှစ်ပါးသော အမည်ကိုပေါင်း၍ "အနိမိတ္တာနုပဿနာ"ဟု ခေါ်ပါသည်။ ဤအနိမိတ္တာနုပဿနာကို ပွားများသောယောဂီသည် ဤအနိမိတ္တာနုပဿနာဉာဏ်ဖြင့်ပင် အဆိုပါ နိစ္စနိမိတ်စသည်ကို ပယ်၏ဟူလို။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌—

"အနိမိတ္တာနုပဿနံ ဘာဝေန္တော နိမိတ္တံ ပဇဟတိ"ဟူ၍ မိန့်ဆိုတော်မူပါသည်။

နိစ္စနိမိတ်ကိုပယ်ဖုံ— ပယ်ပုံမှာ ရုပ်နာမ်သင်္ခါရတို့၏ ဖြစ်မှုပျက်မှု အနိစ္စလက္ခဏာကို ကောင်းစွာထင်ထင် ရှုမြင်ပွားများသော ယောဂီအား "ဖြစ်မှုအခိုက်အတန့်၌ရှိသော ရုပ်နာမ်သင်္ခါရသည် ပျက်မှုအခိုက်အတန့်သို့ မရောက်နိုင်၊ ပျက်မှုအခိုက်အတန့်၌ရှိသော ရုပ်နာမ်သင်္ခါရသည်လည်း ဖြစ်မှုအခိုက်အတန့်သို့ မရောက်နိုင်။ ဖြစ်မှုလက္ခဏာရှိသော သင်္ခါရနှင့် ပျက်မှုလက္ခဏာရှိသော သင်္ခါရသည် တခြားစီသာတည်း"ဟု တမျိုးထည်းသော သင်္ခါရတရားသည်ပင် ဖြစ်မှုခဏ,ပျက်မှုခဏ၏ အစွမ်းအားဖြင့် ကွဲပြားခြားနားလျက် သိသာထင်ပေါ်လေသည်၊ ပုဗ္ဗကာလ၌ဖြစ်သော ရုပ်အစဉ်,အေးဆဲကာလ၌ဖြစ်သော ရုပ်အစဉ်စသော ရူပသန္တတိတို့နှင့် ရူပါရုံကို မြင်သိသော စိတ်အစဉ်,သဒ္ဒါရုံကို ကြားသိသောစိတ်အစဉ်, ဂန္ဓာရုံကို နမ်းသိသော စိတ်အစဉ်,ရသာရုံကို လျက်သိသောစိတ်အစဉ်, ဖေါဋ္ဌဗ္ဗာရုံကို ထိသိသောစိတ်အစဉ်, ဓမ္မာရုံကို ကြံသိသောစိတ်အစဉ်, ချစ်ခင်သောစိတ်အစဉ်, ရွံမုန်းသောစိတ်အစဉ်စသော နာမသန္တတိတို့သည် ကား အဘယ်မှာ ဆိုဘွယ်ရာရှိအံ့နည်း။ အဆစ်အဆစ်,အစပ်အစပ်,အခြားအခြားအားဖြင့် သန္တတိဃနပြိုကွဲကာ တမျိုးစီ,တခြားစီဖြစ်၍ "ဖြစ်ခြင်း, ပျက်ခြင်း"ဟူသော မမြဲမှုအနိစ္စလက္ခဏာသည် ဟုတ်မှန်သည့်အတိုင်း ထင်ရှားပေါ်လွင်ရတော့သည်သာလျှင်တည်း၊ ဤသို့သော အဓိပ္ပါယ်ကို ရည်မှန်း၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

"ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောဝိတာယ အနိစ္စလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ"ဟု မိန့်ဆိုတော်မူပါသည်။

ထိုသို့ သန္တတိဃနပြိုကွဲကာ တမျိုးစီ,တခြားစီဖြစ်၍ "ဖြစ်ခြင်း, ပျက်ခြင်း"ဟူသော အနိစ္စလက္ခဏာသည် ထင်ရှားစွာ ထင်ပေါ်ခြင်းကြောင့်ပင် ရုပ်,နာမ်အစဉ်တို့၌ တလုံးထည်း,တခဲထည်း၏အဖြစ်ကို မှတ်မှားစွဲယူမှုသည်း မရှိနိုင်တော့ပြီ၊ ရှေးရှေးကာလတပါး၌ရှိသော ရုပ်,နာမ်သင်္ခါရတို့၏ နောက်နောက် ကာလတပါးသို့တိုင်အောင် တည်နေမှုနိစ္စ,ဓုဝ, သဿတအားဖြင့် မြဲနေမှုများလည်း မထင်နိုင်တော့ပြီ။

ဇင်းပြင် ယောဂီသည် နာမရူပဝဝတ္ထာနညာဏ်ဖြင့်ပင် ဤကားရုပ်, ဤကားနာမ်ဟူ၍ဇင်း၊ ဤကားပထဝီ, ဤကားအာပေါစသည်ဖြင့်ဇင်း၊ ဤကားစက္ခုပသာဒ,ဤကားသောတပသာဒစသည်ဖြင့်ဇင်း၊ ဤကားရူပါရုံ, ဤကားသဒ္ဒါရုံ စသည်ဖြင့်ဇင်း၊ ဤကားစက္ခုဝိညာဉ်, ဤကားသောတ

ဝိညာဉ် စသည်ဖြင့်၎င်း၊ ဤကားဖဿ, ဤကားဝေဒနာစသည်ဖြင့်၎င်း အထူးထူးသော ရုပ်ခဲတ်,နာမ်ခဲတ်တို့ကို ခွဲခြားဝေဘန်၍ သိမြင်သော အားဖြင့် သမူဟဃနကို ဖြိုခွဲပြီးသောကြောင့် ရုပ်အပေါင်း,နာမ်အပေါင်း, ရုပ်နာမ်အပေါင်းတို့၌ တလုံးထည်း, တခဲထည်းဖြစ်သော ငါကောင်, သူကောင်ဟု မထင်မြင်တော့ဘဲ အထူးထူးသော သင်္ခါရတို့၏ အမှုအရာ ကြိယာမျှသာဖြစ်၍ အလိုမလိုက် အကြိုက်မပါ အကြောင်းအားလျော်စွာ ဖြစ်,ပျက်လေ့ရှိမှုဟူသော အနတ္တလက္ခဏာသည် ကောင်းစွာထင်ရှားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌—

"နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ"ဟု မိန့်ဆိုတော်မူလေသည်။

ထိုသို့ သမူဟဃနပြိုကွဲကာ အနတ္တလက္ခဏာသည် ကောင်းစွာ ထင်ရှားပြီးဖြစ်သောကြောင့်ပင် ရုပ်အပေါင်း, နာမ်အပေါင်း, ရုပ်နာမ် အပေါင်းဟူသော သမူဟဃန၌ တလုံးထည်း, တခဲထည်း၏အဖြစ်ကို မှတ်မှားစွဲယူမှုလည်း မရှိနိုင်တော့ပြီ။ ရှေးရှေးကာလတပါး၌ဖြစ်သော ရုပ်နာမ်သင်္ခါရတို့၏ နောက်နောက်ကာလတပါးသို့တိုင်အောင် တည်နေမှု နိစ္စ,ဓုဝ,သဿတအားဖြင့် မြဲနေမှုများလည်း မထင်နိုင်တော့ပြီ။

ထိုသို့ ဆိုခဲ့ပြီးသည့်အတိုင်း သန္တတိ, သမူဟတို့၌ ဖြစ်ကုန်သော သင်္ခါရတို့သည် တလုံးထည်း, တခဲထည်း အဖြစ်အားဖြင့် မထင်နိုင်၊ ရှေးရှေးကာလတပါး၌ရှိသော သင်္ခါရတို့သည် နောက်နောက်ကာလ တပါးသို့တိုင်အောင် တည်ရှိနေသောအဖြစ်, မြဲနေသော အဖြစ်အားဖြင့် လည်း မထင်နိုင်သောကြောင့်ပင် သင်္ခါရတို့၏ကိစ္စကို ပိုင်းခြားသိမြင်ရာ၌ လည်း တလုံးထည်း,တခဲထည်းဖြစ်၍ ရှေးရှေးကာလတပါးတို့မှ နောက် နောက်ကာလတပါးများသို့ မကွယ်မပျောက် ရောက်ရှိတည်နေနိုင်သော နိစ္စ,ဓုဝ,သဿတအားဖြင့် မြဲသော ကိုယ်ကောင်တခုထည်း၏ မြဲသော သတ္တိတမျိုးထည်း၏ အဖြစ်အားဖြင့် မပိုင်းခြားမသိမြင်တော့ဘဲ ဥပမာ... တစုံတခုသော အတ္တဘောကို ထိသိရာစသည်တို့၌"ကြမ်းတန်းခက်မာမှုသည် ပထဝီ၏ကိစ္စဖြစ်၏၊ ပူမှု,အေးမှုသည် တေဇော၏ကိစ္စဖြစ်၏၊ ခုံမှုသည် ဝါယော၏ကိစ္စဖြစ်၏၊ ထိသိရကြောင်းသည် ကာယပသာဒ၏ ကိစ္စဖြစ်၏၊ ထိသိမှုသည် ကာယဝိညာဉ်၏ကိစ္စဖြစ်၏၊ ဆင်ခြင်မှုသည် မနောဝိညာဉ်၏

ကိစ္စဖြစ်၏၊ ရှုံ့မှုန်းမှုသည် ဒေါသ၏ကိစ္စဖြစ်၏၊ ချစ်ခင်မှုသည် လောဘ၏ ကိစ္စဖြစ်၏ စသည်ဖြင့်ရင်း၊ တွေ့ထိမှုသည် ဖဿ၏ကိစ္စဖြစ်၏၊ ခံစားမှုသည် ဝေဒနာ၏ကိစ္စဖြစ်၏စသည်ဖြင့်ရင်း အထူးထူးသော ရုပ်နာမ်သင်္ခါရတို့၏ အခိုက်အတန့်ကာလ တခဏမျှဖြစ်သော အသီးသီးသော ကိစ္စအမူအရာ သင်္ခါရနိမိတ်အဖြစ်အားဖြင့်သာ ပိုင်းခြားထင်ထင် သိမြင်လေတော့သည်။

ထိုသို့ အကောင်အထည်မဟုတ်သော သင်္ခါရတို့၏ အခိုက်အတန့် ကာလ တခဏမျှဖြစ်သော အကောင်အထည်မရှိသော ကိစ္စအမူအရာ သင်္ခါရနိမိတ်အားဖြင့်သာ ပြတ်သားပေါ်လွင်၍ ထင်ပေါ်လာခြင်းကြောင့် အနုပဿနာဉာဏ်အား အကောင်အထည်ရှိသကဲ့သို့ ထင်ပေါ်တတ်သော နိစ္စနိမိတ်, ဓုဝနိမိတ်, သဿတနိမိတ်တို့ ကွယ်ပျောက်ရသည်ကိုပင် နိစ္စနိမိတ်ကို ပယ်သည်ဟုဆိုပါသည်။

၅။ အပ္ပဏိဟိတာနုပဿနာဖြင့် ပဏိဓိကိုပယ်ခြင်း။

သိသာစေပါမည်၊ တဏှာ၏အစွမ်းအားဖြင့် သင်္ခါရတို့၌ ချမ်းသာကို တောင်းတခြင်းသည်၊ ဝါ၊ သင်္ခါရတို့၌ ချမ်းသာကိုတောင်းတသော တဏှာသည် ပဏိဓိမည်၏။

သင်္ခါရတို့၏ ဖြစ်မှု, ပျက်မှုတို့ဖြင့် အမြဲနှိပ်စက်ခံရခြင်းဟူသော ဒုက္ခလက္ခဏာကို ရှုပွားသိမြင်လျက်ဖြစ်သော ဒုက္ခာနုပဿနာသည် အဆိုပါ သင်္ခါရတို့၌ ချမ်းသာကို တောင်းတမှု၏၊ ဝါ၊ တောင်းတတတ်သော တဏှာ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အပ္ပဏိဟိတမည်၏။ ဒုက္ခဟု သိလျက် မသာယာမတောင်းတသော အခြင်းအရာအားဖြင့် အဘန်တလဲလဲ ရှုမြင်တတ်သောကြောင့် အနုပဿနာမည်၏၊ "ထိုသို့ မတောင်းတ မသာယာသော အခြင်းအရာအားဖြင့် ရှုမြင်သည်ကိုပင် တောင်းတ သာယာမှု ပဏိဓိကို ပယ်သည်"ဟု ဆိုပါသည်။

ထို့ကြောင့် အပ္ပဏိဟိတာနုပဿနာကို ပွားများသော ယောဂီသည် တောင်းတသာယာမှု ပဏိဓိကို ပယ်ကြောင်းကို "အပ္ပဏိဟိတာနုပဿနံ ဘာဝေန္တော ပဏိဓိံ ပဇဟတိ"ဟု ဟောတော်မူပါသည်။

၆။ သုညတာနုပဿနာဖြင့် "ငါ, သူတပါးစသည် အတ္တကောင်ဟုတ်၏ အတ္တကောင်ရှိ၏"ဟု နှလုံးသွင်းယူမှားမှု အဘိနိဝေသကို ပယ်ခြင်း။

ဤ၌ "အလိုမလိုက် အကြိုက်မပါ အကြောင်းအားလျော်စွာ ဖြစ်, ပျက်လေ့ရှိ၏"ဟူသော အနတ္တလက္ခဏာကို ရှုမြင်တတ်သော အနတ္တာနုပဿနာသည်ပင် သင်္ခါရတို့၏ ငါ,သူတပါးစသော အတ္တမှ ဆိတ်သုဉ်းကင်းသည်၏အဖြစ်ကို အဟုန်တလဲလဲ ရှုမြင်တတ်သောကြောင့် သုညတာနုပဿနာမည်၏။

ထိုသို့ အတ္တမှ ဆိတ်သုဉ်းကင်းရှင်းသည်၏အဖြစ်ကို အဟုန်တလဲလဲ ရှုမြင်၍ "အတ္တကောင်ဟုတ်၏ အတ္တကောင်ရှိ၏"ဟု နှလုံးသွင်းယူမှားမှု အဘိနိဝေသမဖြစ်နိုင်သည်ကိုပင် "အဘိနိဝေသကိုပယ်၏"ဟု ဆိုပါသည်၊ ထို့ကြောင့် သုညတာနုပဿနာကို ရှုပွားသောယောဂီသည် အဘိနိဝေသကို ပယ်နိုင်ကြောင်းကို "သုညတာနုပဿနံ ဘာဝေန္တော အတ္တာဘိနိဝေသံ ပဇဟတိ"ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူပါသည်။

---

## အဓိပညာဓမ္မဝိပဿနာဖြင့် သာရာဒါနာဘိနိဝေသကိုပယ်ပုံ

၇။ ထူးကဲမွန်မြတ်သောကြောင့် အဓိပညာလည်းမည်သင်္ခါရတရားတို့၌ အထူးထူးအပြားပြား ရှုပွားတတ်သောကြောင့် ဝိပဿနာလည်း မည်သော အဓိပညာဓမ္မဝိပဿနာဉာဏ်ဖြင့် မြဲသောအနှစ် နိစ္စသာရ, ငါကောင်ဟုတ်သောအနှစ် အတ္တသာရဟု စွဲယူနှလုံးသွင်းမှု သာရာဒါနာဘိနိဝေသကိုပယ်၏။

ဤ၌ အဓိပညာဓမ္မဝိပဿနာမည်ပုံနှင့် သာရာဒါနာဘိနိဝေသကို ပယ်ပုံအဓိပ္ပါယ်အကျယ်ကို အောက်ပါ ဝိသုဒ္ဓိမဂ် ပရိညာဒိပ္ပဘေဒကထာ ပါဠိဖြင့် သိသာစေပါမည်။

အဓိပညာ ဓမ္မဝိပဿနာတိ—

**"အာရမ္မဏဉ္စ ပဋိသင်္ခါ၊ ဘင်္ဂဉ္စ အနုပဿတိ၊**
**သုညတော စ ဥပဋ္ဌာနံ၊ အဓိပညာ ဝိပဿနာ"တိ—**

**ဧဝံ** ဝုတ္တာ ရူပါဒိအာရမ္မဏံ ဇာနိတွာ တဿ စ အာရမ္မဏဿ တဒါရမ္မဏဿ စ စိတ္တဿ ဘင်္ဂံ ဒိသွာ "သင်္ခါရာဝ ဘိဇ္ဇန္တိ၊ သင်္ခါရာနံ မရဏံ၊ န အညော ကောစိ အတ္ထီ"တိ ဘင်္ဂဝသေန သုညတံ ဂဟေတွာ ပဝတ္တာ ဝိပဿနာ၊ သာ အဓိပညာ စ ဓမ္မေသု စ

ဝိပဿနာတိ ကတွာ အမိပညာမေ္မဝိပဿနာတိ ဝုစ္စတိ၊ တာယ နိစ္စသာရာဘာဝဿ စ အတ္တသာရာဘာဝဿ စ သုဋ္ဌု ဒိဋ္ဌတ္တာ သာရာဒါနာဘိနိဝေသဿ ပဟာနံ ဟောတိ။

**အနက်**—အမိပညာမေ္မဝိပဿနာတိ၊ အမိပညာမေ္မဝိပဿနာဟူသည်ကား။ အာရမ္မဏဉ္စ၊ တပါးပါးသော အာရုံကိုလည်း။ ပဋိသင်္ခါ၊ ဆင်ခြင်၍၊ ဝါ၊ ပျက်သည်ဟုသိ၍။ ဘင်္ဂဉ္စ၊ သိသောစိတ်၏ ပျက်မှုကိုလည်း။ အနုပဿတိ၊ အစဉ်လိုက်၍ (ဆက်၍) ရှုမြင်၏။ သုညတော စ၊ မြဲသော အကောင် ငါကောင်မှ ကင်းဆိတ်သော အားဖြင့်လည်း။ ဥပဋ္ဌာနံ၊ ထင်ပေါ်၏။ သော၊ ဤသို့သောပညာသည်။ အမိပညာ ဝိပဿနာ၊ လွန်ကဲသော ဝိပဿနာပညာမည်၏။ ဣတိ ဧဝံ၊ ဤသို့။ ဝုတ္တာ၊ ပဋိသမ္ဘိဒါမဂ် ဘင်္ဂဉာဏနိဒ္ဒေသ၌ဟောတော်မူအပ်သော။ ရူပါဒိအာရမ္မဏံ၊ ရုပ်အစရှိသော တပါးပါးသော အာရုံကို။ ဇာနိတွာ၊ သိ၍။ တဿ အာရမ္မဏဿ၊ ထိုအာရုံ၏။ ဘင်္ဂဉ္စ၊ ပျက်မှုကိုရင်း။ တဒါရမ္မဏဿ၊ ထိုပျက်မှုကို အာရုံပြုသော။ စိတ္တဿ၊ စိတ်၏။ ဘင်္ဂဉ္စ၊ ပျက်မှုကိုရင်း။ ဒိသွာ၊ မြင်၍။ သင်္ခါရာဝ၊ သင်္ခါရတို့သည်သာလျှင်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ သင်္ခါရာနံဧဝ၊ သင်္ခါရတို့၏သာလျှင်။ မရဏံ၊ ပျက်ခြင်း သေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အညော၊ သင်္ခါရတို့မှတပါးသော။ ကောစိ၊ ပျက်တတ် သေတတ်သူ တစုံတယောက်သည်။ နတ္ထိတိ၊ မရှိဟူ၍။ ဘင်္ဂဝသေန၊ အပျက်သာရှိသည်၏ အစွမ်းအားဖြင့်။ သုညတံ၊ မြဲသောအနှစ်,ငါကောင် အနှစ်မှ ကင်းဆိတ်သည်၏အဖြစ်ကို။ ဂဟေတွာ၊ ယူ၍။ ပဝတ္တာ၊ ဖြစ်သော။ ဝိပဿနာ၊ ဝိပဿနာဉာဏ်ပေတည်း။ သာ၊ ထိုဝိပဿနာဉာဏ်ကို။ ဝါ၊ ထိုဝိပဿနာဉာဏ်သည်။ အမိပညာ စ၊ လွန်ကဲသော ပညာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဓမ္မေသု၊ တေဘူမကတရားတို့၌။ ဝါ၊ တေဘူမကတရားတို့ကို။ဝိပဿနာ စ၊ အထူးထူးအပြားပြား ရှုပွားတတ်သည်လည်း။ဟောတိ၊ ဖြစ်၏။ ဣတိကတွာ၊ ဤသို့သော အကြောင်းကြောင့်။ အမိပညာ မေ္မ-ဝိပဿနာတိ၊ အမိပညာမေ္မဝိပဿနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တာယ၊ ထိုအမိပညာမေ္မဝိပဿနာဖြင့်။ နိစ္စသာရာဘာဝဿ စ၊ မြဲကောင်ဟူသော အနှစ်မရှိသည်၏ အဖြစ်ကိုရင်း။ အတ္တသာရာဘာဝဿ စ၊ ငါကောင်ဟူသော အနှစ်မရှိသည်၏အဖြစ်ကိုရင်း။ သုဋ္ဌု၊ ကောင်းစွာ။ ဒိဋ္ဌတ္တာ၊ သိမြင်အပ်သည်၏အဖြစ်ကြောင့်။ သာရာဒါနာဘိနိဝေသဿ၊ သင်္ခါရတို့၌ မြဲကောင်ရှိ၏, ငါကောင်ရှိ၏ဟု ယူမှားနှလုံးသွင်းခြင်းကို။ ပဟာနံ၊ ပယ်သည်။ ဟောတိ၊ ဖြစ်၏။

ဤအဋ္ဌကထာပါဠ်၌ "မြဲသောအနှစ် ငါကောင်အနှစ်ရှိ၏"ဟု စွဲယူမှားယွင်းသော နှလုံးသွင်းကိုပယ်ပုံမှာ ဘင်္ဂဉာဏ်ရင့်သန်အားရှိသောအခါ ရုပ်,ဝေဒနာစသည့် အာရုံတပါးပါးကို ရှုပွားလျှင် ထိုအာရုံ၏ပျက်မှုကိုသာ သိမြင်ပြီးလျှင် တဖန် ထိုပျက်မှုကို ရှုပွားသော ဝိပဿနာစိတ်၏ ပျက်မှုကို ဆက်လက်၍ သိမြင်ပြန်လေသည်။ ဤသို့သိမြင်သော ယောဂီသည် "ဤရှုမြင်အပ်သော အာရုံသည့်လည်း သင်္ခါရပင်၊ ရှုမြင်တတ်သော စိတ်သည့်လည်း သင်္ခါရပင်၊ ဤသင်္ခါရတို့သည် ရှေ့ဆင့်နောက်ဆင့် ပျက်စီးကြကုန်၏။ ပျက်စီးသေဆုံးခြင်းဟူသည် သင်္ခါရတို့၏ ပျက်စီးသေဆုံးခြင်းသာဖြစ်၏၊ သင်္ခါရတို့မှတပါး ပျက်စီးသေဆုံးတတ်သော ငါကောင်,သူကောင် မရှိ"ဟု ပျက်မှုကို သိသည်၏အစွမ်းအားဖြင့်၊ ဝါ၊ ပျက်မှုအမှုအရာသာ ရှိသည်၏အစွမ်းအားဖြင့် မြဲသောအနှစ် အလိုအတိုင်း ဖြစ်နိုင်သော ငါကောင်အနှစ်မှ ကင်းဆိတ်ခြင်းကို ကောင်းစွာထင်ထင် သိမြင်သဘောကျလျက်ရှိသော ဝိပဿနာဉာဏ်သည်ဖြစ်၏။ ထိုသို့ ဝိပဿနာဉာဏ် ဖြစ်ခြင်းကြောင့်ပင် "သင်္ခါရတို့၌ မြဲသောအနှစ် အလိုအတိုင်းဖြစ်နိုင်သော ငါကောင်အနှစ်ရှိ၏"ဟုယူမှားသောနှလုံးသွင်းမှု(သာရာဒါနာဘိနိဝေသ) မဖြစ်နိုင်တော့ပြီ။ ထိုသို့သော ဝိပဿနာဉာဏ်ဖြစ်သဖြင့် "မြဲသောအနှစ် ငါကောင်အနှစ်ရှိ၏"ဟု ယူမှားသော နှလုံးသွင်းမှု မဖြစ်နိုင်သည်ကိုပင် အဓိပညာဓမ္မဝိပဿနာဖြင့် သာရာဒါနာဘိနိဝေသကို ပယ်သည်ဟု ဆိုပါသည်။

ဤသို့ပြဆိုခဲ့သော ပါဠိ,အဋ္ဌကထာတို့ဖြင့် သိအပ်သော အဓိပညာဓမ္မဝိပဿနာသည် အားရှိထက်မြက်သော ဘင်္ဂါနုပဿနာ၏ အရာသာဖြစ်သော်သည်း"အဓိပညာဓမ္မဝိပဿနာ ပန သဗ္ဗာပိ ဝိပဿနာ"ဟူသော ဝိသုဒ္ဓိမဂ် "သဗ္ဗာပိ ဝိပဿနာ၊ တဿာ ကေဒေသေန ပဋိဝိဒ္ဓါ ဟောန္တီတိ အဓိပ္ပါယော"ဟူသော မဟာဋီကာတို့နှင့်အညီ ဤသမ္မသနဉာဏ်အရာ၌လည်း တစိပ်တဒေသအားဖြင့် ရနိုင်ကောင်းသည်ဟု သိမှတ်သင့်ပါသည်၊ ထိုစကားမှန်၏၊ နာမသတ္တကတ၌ ယမကရှုနည်း,ခဏိကရှုနည်းစသည်တို့ဖြင့် ရုပ်တရားတို့၏ ပျက်မှုကိုရှုမြင်၍ တဖန် ထိုဝိပဿနာစိတ်တို့၏ ပျက်မှုကိုလည်း ဆက်လက်ရှုမြင်ကာ မြဲတတ်သောအနှစ် ငါကောင်အနှစ်တို့မှ ကင်းဆိတ်သည့်ကို သိမြင်သဘောကျလျှင် ထိုသို့ ရှုမြင်သဘောကျသော ဝိပဿနာဉာဏ်သည် သမ္မသနအခြင်းအရာအားဖြင့် တစိပ်တဒေသ သိအပ်,ရအပ်သော အဓိပညာဓမ္မဝိပဿနာပင် ဖြစ်သည်မဟုတ်ပါလော။

ဂ။ ယထာဘူတဉာဏဒဿနဉာဏ်ဖြင့် သမ္မောဟာဘိ နိဝေသကိုပယ်၏။

"ယထာဘူတဉာဏဒဿနဉာဏ်"ဟူသည်မှာ "ယထာဘူတဉာဏ-ဒဿနန္တိ သပ္ပစ္စယနာမရူပပရိဂ္ဂဟော"ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ"အဝိဇ္ဇာ, ကံစသော အကြောင်းနှင့်တကွ ဤကားနာမ်, ဤကားရုပ်"ဟု ပိုင်းခြား မှတ်သား သိမြင်သောဉာဏ်ပင်ဖြစ်ပါသည်။ ဝါ၊ နာမရူပဝဝတ္ထာနဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်များပင် ဖြစ်ပါသည်။

"သမ္မောဟာဘိနိဝေသ"ဟူသည်မှာ "ငါကောင်သည် အတိတ်ဘဝ များ၌က ဖြစ်ခဲ့ဘူးပြီလော,မဖြစ်ခဲ့ဘူးပြီလော"စသည်ဖြင့် ယုံမှားမှု၏ အစွမ်း အားဖြင့်၎င်း၊"လောကကို ဗြဟ္မာဗိဿနိုး,ထာဝရဘုရားတို့က ဖန်ဆင်း၏" စသည်ဖြင့် မှတ်မှား,သိမှားမှု၏ အစွမ်းအားဖြင့်၎င်း၊ ပြင်းစွာတွေဝေ နှလုံးသွင်းမှု ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ် စာမျက်နှာ(၃၃၇) မဟာဋီကာ စာမျက်နှာ(၅၁၀)။

အဝိဇ္ဇာ,ကံစသော အကြောင်းနှင့်တကွ နာမ်,ရုပ်တို့ကို သိမြင်သဖြင့်၊ ဝါ၊နာမရူပဝဝတ္ထာနဉာဏ်,ပစ္စယပရိဂ္ဂဟဉာဏ်တို့ကိုရရှိခြင်းဖြင့်,အကြောင်း အကျိုးအားဖြင့် ဖြစ်ပေါ်သော နာမ်,ရုပ်သင်္ခါရမှတပါး ငါ,သူတပါး ဟူသော သတ္တဝါကို မမြင်ခြင်းကြောင့် "ငါကောင်သည် အတိတ်ကဖြစ်ခဲ့ ပြီလော"စသည်ဖြင့် ယုံမှားခြင်း၏ အစွမ်းအားဖြင့် တွေဝေနှလုံးသွင်းမှု မဖြစ်နိုင်တော့ပြီ၊ အဝိဇ္ဇာ,ကံစသော နာမ်,ရုပ်တို့၏ ဖြစ်ကြောင်းမှတပါး ဖန်ဆင်းတတ်သူ ဗြဟ္မာ,ဗိဿနိုးစသည်ကို မမြင်ခြင်းကြောင့် "ဗြဟ္မာ, ဗိဿနိုးစသည် ဖန်ဆင်း၏"ဟု မှတ်မှားတွေဝေ နှလုံးသွင်းမှုလည်း မဖြစ်နိုင် တော့ပြီ။

ထိုသို့ အကြောင်းနှင့်တကွ နာမ်,ရုပ်တို့ကို သိမြင်ခြင်းကြောင့် ယုံမှားမှု,မှတ်မှားမှုတို့၏ အစွမ်းအားဖြင့် ပြင်းစွာတွေဝေ နှလုံးသွင်းခြင်း မဖြစ်နိုင်သည်ကိုပင် "ယထာဘူတဉာဏဒဿနဉာဏ်ဖြင့် သမ္မောဟာဘိ-နိဝေသကို ပယ်၏"ဟု ဆိုပါသည်။

## ဥဒယဗ္ဗယဉာဏ်

ဤသို့လျှင် သင်္ခါရတို့ကို အနိစ္စဟု ရှုမြင်သဘောကျသော အနိစ္စာနုပဿနာဖြင့် "မြဲသည်"ဟု ဖေါက်ပြန်စွာ ထင်မြင်မှတ်ယူသော နိစ္စသညာကို နှိမ်နင်းပယ်ခွါ၏ စသည်ဖြင့် ရေးသားဖေါ်ပြခဲ့သည့်အတိုင်း ယောဂီသည် အနုပဿနာဉာဏ်တို့၏ ဆန့်ကျင်ဘက် အယှက်အမြေး အညစ်အကြေးဖြစ်ကုန်သော နိစ္စသညာ, သုခသညာ, အတ္တသညာ, နိစ္စနိမိတ်, တဏှာပဏိဓိစသည်တို့ကို အနိစ္စာနုပဿနာစသည် အသီးသီးတို့ဖြင့် ဖျက်ဆီးသုတ်သင်ပြီးသောကြောင့် မိုးတိမ်စင်သော ကောင်းကင်အပြင်ကဲ့သို့ ၎င်း၊ ညွှန်အညစ်အကြေးကင်းသော ရေကြည်ပြင်ကဲ့သို့၎င်း၊ သံချေးအညစ်အကြေးကင်းသော ရွှေစင်ကဲ့သို့၎င်း၊ ဆန့်ကျင်ဘက် ကိလေသာ အညစ်အကြေးကင်းခြင်းကြောင့် ထက်ဝန်းကျင်မှ သန့်ရှင်းစင်ကြယ်သော ဉာဏ်ရှိသည်ဖြစ်၍ ယခုအခါ၌ သမ္မသနဉာဏ်၏ ကမ်းတဘက်သို့ ရောက်ရှိပြီးဖြစ်သောကြောင့် ထိုဉာဏ်၏အခြားမဲ့၌ ရယူအပ်သော ဥဒယဗ္ဗယဉာဏ်ကို ရယူရန် အားထုတ်အပ်၏။

ဥဒယဗ္ဗယဉာဏ် ဟူသည်ကိုလည်း "ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ"ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်ဖြင့် သိမှတ်အပ်ပါသည်။

ပါဠိတော်အနက် — ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တေဘုမ္မကတရားတို့၏။ ဝိပရိဏာမာနုပဿနေ၊ ဖေါက်ပြန်ပျက်စီးခြင်းကို အဖန်တလဲလဲ ရှုပွားခြင်း၌။ ပညာ၊ ဖြစ်သောပညာသည်။ ဥဒယဗ္ဗယာနုပဿနေ၊ ဖြစ်ခြင်း,ပျက်ခြင်းကို ရှုခြင်း၌။ ဉာဏံ၊ ဖြစ်သောဉာဏ်မည်၏။

**အဓိပ္ပါယ်မှာ—** သန္တတိပစ္စုပ္ပန်, ခဏပစ္စုပ္ပန်ဖြစ်ကုန်သော တေဘုမ္မကတရားတို့၏ ဖေါက်ပြန်ပျက်စီးခြင်းကို ရှုပွားတတ်သော ဝိပဿနာဉာဏ်သည် အဖြစ်,အပျက်ကို ရှုမြင်သော ဥဒယဗ္ဗယဉာဏ်မည်၏။

ပါဠိတော်၌ ရှင်းလင်းချက်—သန္တတိပစ္စုပ္ပန် တရား၌သော်၎င်း၊ ခဏပစ္စုပ္ပန်တရား၌သော်၎င်း ဖြစ်မှု,ပျက်မှုကို ရှုပွားနှလုံးသွင်းအပ်၏။ အတိတ်,အနာဂတ်တရား၌ ဖြစ်မှု,ပျက်မှုကို ရှုပွားနှလုံးသွင်းခြင်း မပြုအပ်သည်ကို သိစေလို၍ "ပစ္စုပ္ပန္နာနံ ဓမ္မာနံ—ပစ္စုပ္ပန်ဖြစ်ကုန်သော တေဘုမ္မကတရားတို့၏"ဟု ဟောတော်မူပါသည်။

ဖြစ်မှုကို ရှုမြင်တတ်သောဉာဏ်သည် ပျက်မှုကို ရှုမြင်တတ်သော ဉာဏ်ကို ရရှိရန်သာဖြစ်၍ ပျက်မှုကို ရှုမြင်တတ်သော ဉာဏ်ဟူသော အကျိုးရှိရုံသာ ဖြစ်သောကြောင့် ပျက်မှုကိုရှုမြင်တတ်သော ဉာဏ်၏လိုရင်း ပဓာန ဖြစ်သည်ကို ပြတော်မူ၍ "ဝိပရိဏာမာနုပဿနေ ပညာ—ဖေါက်ပြန်ပျက်စီးခြင်းကို အဖန်တလဲလဲ ရှုပွားခြင်း၌ ဖြစ်သောပညာသည်"ဟု ဟောတော်မူပါသည်။

ထိုပျက်မှုကို ရှုမြင်တတ်သော ဉာဏ်သည်သာလျှင် ပဓာနဖြစ်သော်လည်း ဖြစ်မှုကို ရှုမြင်ပြီးမှသာလျှင် ပျက်မှုကို ရှုမြင်သောကြောင့် ပျက်မှုကို ရှုမြင်တတ်သော ဝယဒဿနဉာဏ်သည် ဖြစ်မှုကိုရှုမြင်တတ်သော ဥဒယဒဿနဉာဏ်လျှင် ရှေ့သွားရှိသည်ကို ပြတော်မူလို၍ "ဥဒယဗ္ဗယာနုပဿနေ ဉာဏံ—ဖြစ်ခြင်း,ပျက်ခြင်းကိုရှုခြင်း၌ ဖြစ်သောဉာဏ်မည်၏"ဟု ဟောတော်မူပါသည်။

ရုပ်ဥဒယဗ္ဗယ—ရှုပွားနည်းကိုလည်း အောက်ပါအတိုင်း ဆက်လက်၍ ဟောတော်မူပါသည်။

"ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ"။

အနက်—ဇာတံ၊ ဖြစ်ဆဲသော(ခဏသုံးပါးသို့ရောက်ဆဲသော)။ ရူပံ၊ ရုပ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်မည်၏။ တဿ ရူပဿ၊ ထိုဖြစ်ဆဲ(ခဏသုံးပါးသို့ရောက်ဆဲ)ပစ္စုပ္ပန်ရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ စ၍ဖြစ်ခြင်းဟု မှတ်အပ်သော သဲ်တလက္ခဏာသည်။ ဥဒယော၊ ဖြစ်မှုမည်၏။ ဝိပရိဏာမလက္ခဏံ၊ ဖေါက်ပြန်ခြင်းဟု မှတ်အပ်သော သဲ်တလက္ခဏာသည်။ ဝယော၊ ပျက်မှုမည်၏။ အနုပဿနာ၊ ဖြစ်မှု,ပျက်မှုကို အဖန်တလဲလဲ ရှုတတ်သောပညာသည်။ ဉာဏံ၊ ဥဒယဗ္ဗယဉာဏ်မည်၏။

"ပစ္စုပ္ပန္နရူပံ နာမ ဇာတံ ခဏတ္တယပရိယာပန္နန္တိ အတ္ထော"ဟူသော မဟာဋီကာနှင့်အညီ ပါဠိတော်၌ "ဇာတံ"ဟူသော ဝိသေသနပုဒ်ကို ထည့်ဟောသဖြင့် "ပစ္စုပ္ပန်ရုပ်"ဟူသည်မှာ ဥပါဒ်, ဌီ,ဘင်ဟူသော ခဏသုံးပါး၌ အကျုံးဝင်သော ခဏပစ္စုပ္ပန်ရုပ်မည်၏။ ထိုခဏပစ္စုပ္ပန်ရုပ်၏ ဖြစ်မှု,ပျက်မှုကို ရှုပွားသိမြင်မှ ဥဒယဗ္ဗယာနုပဿနာဉာဏ် အစစ်မည်၏ဟု

သိအပ်သော်လည်း "တံ ပန အာဒိတော ဒုပ္ပရိဂ္ဂဟတ္တာ သန္တတိပစ္စုပ္ပန္န-ဝသေန ဝိပဿနာဘိနိဝေသော ကာတဗ္ဗော"ဟူသော မဟာဋီကာနှင့် အညီ ထိုခဏပစ္စုပ္ပန်ရုပ်သည် ဥဒယဗ္ဗယဉာဏ်ကို အားထုတ်စ၌ ရှုပွား သိမြင်နိုင်ရန် ခက်သောကြောင့် သန္တတိပစ္စုပ္ပန်၏ အစွမ်းအားဖြင့်သာလျှင် ရှေးဦးစွာ ရှုပွားနှလုံးသွင်းခြင်းကို ပြုအပ်၏။

ထိုသို့ရှုပွား နှလုံးသွင်းရာ၌ သန္တတိဟူသည်မှာ အထက်၌ဆိုခဲ့သည့် အတိုင်း အပူရုပ်အစဉ်အဆက်, အအေးရုပ်အစဉ်အဆက် စသည်ဖြစ်၍ ပူအိုက်မှုဥတု စတင်ဖြစ်ပေါ်ရာကာလ၌ အပူရုပ်စဉ် စတင်ဖြစ်ပွားမှုကို သတိပြုနှလုံးသွင်း၍ ပူအိုက်မှု ဥတုချုပ်ပျောက်ရာကာလ၌ အပူရုပ်စ ချုပ်ပျက်သည်ကို သတိပြုနှလုံးသွင်းအပ်ပါသည်။ ထို့အတူ ချမ်းအေးမှု ဥတုစတင်ဖြစ်ပေါ်ရာကာလ၌ အအေးရုပ်စဉ် စတင်ဖြစ်ပွားမှုကို သတိပြု နှလုံးသွင်း၍ ချမ်းအေးမှု ဥတုချုပ်ပျောက်ရာကာလ၌ အအေးရုပ်စဉ် ချုပ်ပျက်သည်ကို သတိပြုနှလုံးသွင်းအပ်ပါသည်။

ဆာလောင်မွတ်သိပ်မှု ဖြစ်ရာကာလ၌ ဆာလောင်မွတ်သိပ်သော ရုပ်အစဉ်စသော အာဟာရဇရုပ်,စိတ်ဆိုးရာကာလ၌ စိတ်ဆိုးမှုကြောင့် ဖြစ်ပေါ်သောရုပ်အစဉ်စသော စိတ္တဇရုပ်တို့ကိုလည်း သတိပြု၍ ရှုပွား နှလုံးသွင်းပါလေ။

ဤစကားရပ်များ၌ "သတိပြု၍"ဟု ထည့်ဆိုရသည်မှာ သတိပြု၍ ရှုပွားနှလုံးသွင်းသော ယောဂီသည် အပူဥတုဇရုပ်,ဆာလောင်မွတ်သိပ် လျက်ရှိသော အာဟာရဇရုပ်,စိတ်ဆိုးမှုကြောင့် ဖြစ်ပေါ်လာသော စိတ္တဇ ရုပ်တို့၏ ညှိုးနွမ်းခြင်း,ပင်ပန်းခြင်း,အဆင်းမလှခြင်းစသော လက္ခဏာ များကို မြင်သိရသဖြင့်၎င်း၊ အအေးဥတုဇရုပ်,အစာဝခြင်းကြောင့်ဖြစ်သော အာဟာရဇရုပ်,ချမ်းသာသောစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့၏ ရောင့်ရဲ ခြင်း နိုင်ခန့်ခြင်း စိုပြေခြင်းစသော လက္ခဏာတို့ကို မြင်သိရသဖြင့်၎င်း ရုပ်အစဉ်တို့၏ စတင်ဖြစ်ပေါ်မှု, ဆက်လက်ဖြစ်ပေါ်မှုများကို သိမြင်နိုင် ပါသည်၊ ၎င်းညှိုးနွမ်းခြင်းစသော လက္ခဏာများ ပျောက်ကွယ်ခြင်းကို တွေ့မြင်သဖြင့်လည်း ဆိုင်ရာရုပ်အစဉ်တို့ ချုပ်ပျက်သည်ကို သိသာနိုင် ပါသည်။

၎င်းပြင် ကိုယ်ခန္ဓာအတွင်း၌လည်း ဥတုဇရုပ်၌ ပူမှု,အေးမှုကို တွေ့ထိခံစားရခြင်းဖြင့်၎င်း, အာဟာရဇရုပ်၌ ဆာလောင်မွတ်သိပ်မှု အားအင်လျော့ပါးမှုနှင့် ဝလင်မှုတမှု, အားအင်တောင့်တင်းမှုစသည်ကို

တွေ့ထိခံစားရခြင်းဖြင့်၎င်း, စိတ္တဇရုပ်၌ ညှိုးနွမ်းမှု, လန်းဆန်းမှုစသည်ကို တွေ့ထိခံစားရခြင်းဖြင့်၎င်း ဆိုင်ရာရုပ်တို့ စတင်ဖြစ်ပေါ်ခြင်း, ဆက်လက်ဖြစ်ပေါ်ခြင်းကို သိသာနိုင်ပါသည်။ ၎င်းပူမှု,အေးမှုကို တွေ့ထိခံစားရခြင်းစသော သိကြောင်းလက္ခဏာများ ပျောက်ကွယ်လျှင်လည်း ဆိုင်ရာရုပ်အစဉ်တို့ ချုပ်ပျက်သည်ကို သိသာနိုင်ပါသည်။

ဤကား သန္တတိအားဖြင့် ဥဒယဗ္ဗယကို ရှုပွားသော အာဒိကမ္မိကအားထုတ်စယောဂီများ သတိပြုနှလုံးသွင်းသင့်သော လက္ခဏာများသာဖြစ်ပါသည်၊ ဥဒယဗ္ဗယဉာဏ် ရင့်သန်ထက်မြက်လာသော အခါ၌ကား ဤလက္ခဏာများဖြင့် ရုပ်အစဉ်တို့၏ ဖြစ်မှုပျက်မှုကိုသိရန် အထူးကြောင့်ကြစိုက်ဘွယ်မလို၊ ရုပ်အစဉ်တို့၏ ဖြစ်မှု,ပျက်မှုသည် ယောဂီ၏ဉာဏ်၌ အလိုလိုထင်ရှားပေါ်လွင်လာပါလိမ့်မည်။

အထူးမှာထားလိုသည်မှာ ဓာတ်ခြောက်ပါးနည်းဖြင့် ရှုပွားဆင်ခြင်လျှင် ရုပ်တရားကို အာရုံပြုရှုပွားရာတို့၌ ကြမ်းတန်းခက်မာမှု အမှုအရာကြိယာ ပထဝီဓာတ်,ဖွဲ့စည်းမှု အမှုအရာကြိယာ အာပေါဓာတ်စသည်ဓာတ်ကြီးလေးပါးကို ရှုပွားဆင်ခြင်၍ နာမ်တရားကို ရှုပွားဆင်ခြင်ရာတို့၌ (ဆင်ခြင်နှိုင်းချိန်၍) အထူးသိမှု ဝိညာဏဓာတ်ကို ရှုပွားဆင်ခြင်အပ်၏၊ ရှေ့အဘို့ ရေးသားဖေါ်ပြလတ္တံ့သော အခဏ်းတို့၌လည်း ဓာတ်ခြောက်ပါးရှုနည်းဖြင့် ရှုပွားလိုပါလျှင် ဤမှာထားချက်ကို နှလုံးသွင်း၍ ရုပ်အရာ, နာမ်အရာစသည် အရာအားလျော်စွာ ရှုပွားဆင်ခြင်ပါလေ။

ဆက်ပါဦးမည်၊ စိတ္တဇရုပ်၌ ရှေ့သို့သွားခိုက်, နောက်သို့ဆုတ်ခိုက်, တည့်တည့်ကြည့်ခိုက်, ဘေးသို့ကြည့်ခိုက်, ကွေးခိုက်, ဆန့်ခိုက်အသီးသီးတို့၌ ဖြစ်သော အသီးသီးသော ရုပ်အစဉ်တို့တွင်လည်း ရှေ့သို့သွားခိုက် ရုပ်အစဉ်သည် ရှေ့သို့သွားမှု အမှုအရာ၏အစ၌ ဖြစ်ပေါ်၍ ရှေ့သို့သွားမှု အမှုအရာ၏ အဆုံး၌ ချုပ်ဆုံးကွယ်ပျောက်သည်ကို၎င်း,နောက်သို့ဆုတ်ခိုက် ရုပ်အစဉ်သည် နောက်သို့ဆုတ်မှု အမှုအရာ၏အစ၌ ဖြစ်ပေါ်၍ နောက်သို့ဆုတ်မှု အမှုအရာ၏ အဆုံး၌ ချုပ်ဆုံးကွယ်ပျောက်သည်ကို၎င်း သတိပြုဆင်ခြင်၍ သန္တတိရုပ်တို့၏ ဖြစ်မှု, ပျက်မှုကို မျက်မှောက်သိမြင်ရသည်တိုင်အောင် ရှုပွားသင့်ပါသည်။

ကြွင်းသော တည့်တည့်ကြည့်ခိုက် ရုပ်အစဉ်, ဘေးသို့ကြည့်ခိုက် ရုပ်အစဉ်, ကွေးခိုက်ရုပ်အစဉ်, ဆန့်ခိုက်ရုပ်အစဉ် အသီးသီးတို့၌လည်း ဤနည်းကိုမှီ၍ သတိပြု ဆင်ခြင် သိမြင်ရှုပွားပါလေ။

ဧင်းပြင် သွားဆဲ, ရပ်ဆဲ, ထိုင်ဆဲ, လျောင်းဆဲရပ်အစဉ်တို့၌လည်း သွားဆဲရပ်အစဉ်သည် ပဌမခြေလှမ်းရာကာလ၌ စတင်ဖြစ်ပေါ်၍ ရှေ့သို့ တူရူ ရွေ့လျားခြင်းဟုဆိုအပ်သော သွားမှုအရှိန်ရပ်ရာကာလ၌ ချုပ်ဆုံး ကွယ်ပျောက်သည်ကိုငင်း၊ ရပ်ဆဲရပ်အစဉ်သည် ရပ်လိုစိတ်ဖြစ်၍ ရပ်စ ကာလ၌ စတင်ဖြစ်ပေါ်ပြီးလျှင် သွားလိုစိတ်, ထိုင်လိုစိတ်များကြောင့် ရပ်လိုစိတ်ပြီးဆုံးရာကာလ၌ ချုပ်ဆုံးကွယ်ပျောက်သည်ကိုငင်း သတိပြု ဆင်ခြင်၍ သန္တတိရပ်တို့၏ ဖြစ်မှု,ပျက်မှုကို မျက်မှောက်သိမြင်ရသည် တိုင်အောင် ရှုပွားသင့်ပါသည်၊ ထိုင်ဆဲရပ်အစဉ်,လျောင်းဆဲရပ်အစဉ်တို့၌ လည်း ဤနည်းကိုမှီ၍ သတိပြုဆင်ခြင် သိမြင်ရှုပွားပါလေ။

ဧင်းပြင် သွားဆဲရပ်အစဉ်ကိုလည်း "ဝယောဝုစ္စတ္တင်္ဂမရူနည်း၌ ဆိုခဲ့ သည့်အတိုင်း ခြောက်ပိုင်းပိုင်းပြီးလျှင် ခြေချခိုက်၌ဖြစ်သော ရပ်အစဉ်သည် ချမှုအမှုအရာ၏အစ၌ ဖြစ်ပေါ်၍ ချမှုအမှုအရာ၏အဆုံး၌ ချုပ်ဆုံးကွယ် ပျောက်သည်ကိုငင်း၊ ရှေ့သို့လှမ်းခိုက်၌ဖြစ်သော ရပ်အစဉ်သည် ရှေ့သို့ လှမ်းမှု အမှုအရာ၏အစ၌ ဖြစ်ပေါ်၍ လှမ်းမှုအမှုအရာ၏အဆုံး၌ ချုပ်ဆုံး ကွယ်ပျောက်သည်ကိုငင်း သတိပြုဆင်ခြင်၍ သန္တတိရပ်တို့၏ ဖြစ်မှု,ပျက်မှုကို မျက်မှောက်သိမြင်ရသည်တိုင်အောင် ရှုပွားသင့်ပါသည်။

ကြွင်းသော ဘေးသို့လှမ်းခိုက် ရပ်အစဉ်, ခြေကိုချခိုက် ရပ်အစဉ်, မြေကိုထိ၍နင်းခိုက် ရပ်အစဉ်, နောက်တဖန် လှမ်းရန် အားယူ၍ ဖိနင်းခိုက် ရပ်အစဉ်တို့၌လည်း ဤနည်းကိုမှီ၍ သတိပြုဆင်ခြင် သိမြင်ရှုပွားပါလေ။

ဤသို့ ဆိုခဲ့သည့်အတိုင်း ဆင်ခြင်ရှုပွားသဖြင့် ဥတုဇရုပ်၌ အပူရုပ် အစဉ်, အအေးရုပ်အစဉ်တို့၏ စတင်ဖြစ်ပေါ်မှု, ချုပ်ပျောက်မှုတို့ကိုငင်း၊ အာဟာရဇရုပ်၌ ဆာလောင်မွတ်သိပ်ခြင်းကြောင့်ဖြစ်သော ရုပ်အစဉ်, အစာဝလင်ခြင်းကြောင့်ဖြစ်သော ရုပ်အစဉ်, စိတ္တဇရုပ်၌ စိတ်ဆိုးမှုကြောင့် ဖြစ်သော ရုပ်အစဉ်, ဝမ်းမြောက်မှုကြောင့်ဖြစ်သော ရုပ်အစဉ်စသည်တို့၏ စတင်ဖြစ်ပေါ်မှု, ချုပ်ပျောက်မှုတို့ကိုငင်း မျက်မှောက်အားဖြင့် ထင်ရှား ပြတ်သားစွာ သိမြင်ရပါလျှင် သန္တတိပစ္စုပ္ပန်ရုပ်၏ အဖြစ်, အပျက်ကို ရှုမြင်နိုင်သော ဥဒယဗ္ဗယဉာဏ်ဖြစ်ပြီဟု သိမှတ်သင့်ပါသည်။

အထူးအားဖြင့် ဆက်လက်ဖော်ပြလိုသည်မှာ အထက်၌ဆိုခဲ့သည့် အတိုင်း ရှေ့သို့သွားခိုက်ဖြစ်သော ရုပ်အစဉ်, နောက်သို့ဆုတ်ခိုက်ဖြစ်သော ရုပ်အစဉ်တို့၏ ဖြစ်ပေါ်မှု, ချုပ်ပျောက်မှုမှစ၍ ခြေတလှမ်း၌ဖြစ်သော

ရုပ်အစဉ်ကိုပင် ခြောက်ပိုင်းပိုင်း၍ ခြေကိုချီခိုက်ဖြစ်သော ရုပ်အစဉ်, ရှေ့သို့ လှမ်းခိုက်၌ဖြစ်သော ရုပ်အစဉ်, ဘေးသို့လှမ်းခိုက်၌ ဖြစ်သောရုပ်အစဉ် စသည်တို့၏ ဖြစ်ပေါ်မှု, ချုပ်ပျောက်မှုကို မျက်မှောက်အားဖြင့် ထင်ရှား ပြတ်သားစွာ သိမြင်ရပါလျှင်ကား ထိုသို့ သိမြင်နိုင်သော ဝိပဿနာဉာဏ် သည် သန္တတိပစ္စုပ္ပန်၏ အဖြစ်, အပျက်ကို ရှုမြင်နိုင်သော ဥဒယဗ္ဗယဉာဏ် တို့တွင် အလွန်သိမ်မွေ့သော ဥဒယဗ္ဗယဉာဏ်ဖြစ်သည့်ပြင် အလွန် အားရှိ ထက်မြက်သောအားဖြင့် အထွဋ်အထိပ်သို့ ရောက်သော ဥဒယဗ္ဗယဉာဏ် ဖြစ်သည်ဟု ယုံမှားမရှိ သိမှတ်သင့်ပါသည်။

ထိုသို့ အထွဋ်အထိပ်သို့ရောက်သော သန္တတိဥဒယဗ္ဗယဉာဏ်ဖြင့် ပစ္စုပ္ပန်သန္တတိရုပ်တို့၏ ဖြစ်မှု,ပျက်မှုကို နှလုံးသွင်းပွားများသော ယောဂီ အား အဆင့်ဆင့်အစဉ်အားဖြင့် ရှုပွားမှု၏အားရှိခြင်းသို့ ရောက်လာရာ အခါ၌ ဝိပဿနာဉာဏ်၏ ထက်မြက်ထိုးထွင်း စင်ကြယ်သန့်ရှင်းသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် ဥပါဒ်,ဘင်ဟု ဆိုအပ်သော ခဏအားဖြင့် လည်း ရုပ်တရားတို့၏ ဖြစ်မှု,ပျက်မှုတို့သည် အလိုလိုထင်ပေါ်လာကုန်၏။

ထို့ကြောင့် မဟာဋီကာ၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူလေ သည်။

> "သန္တတိဝသေန ဟိ ရူပါရူပဓမ္မေ ဥဒယတော ဝယတော စ မနသိကရောန္တဿ အနုက္ကမေန ဘာဝနာယ ဗလပ္ပတ္တကာလေ ဉာဏဿ တိက္ခဝိသဒဘာဝပ္ပတ္တိယာ ခဏတော ဥဒယဗ္ဗယာ ဥပဋ္ဌဟန္တိ"။

**အနက်** — ဟိသစ္စံ၊ မှန်၏။ သန္တတိဝသေန၊ သန္တတိပစ္စုပ္ပန်၏ အစွမ်းအားဖြင့်။ ရူပါရူပဓမ္မေ၊ ရုပ်တရား,နာမ်တရားတို့ကို။ ဥဒယတော၊ ဖြစ်မှုအားဖြင့်၎င်း။ ဝယတော စ၊ ပျက်မှုအားဖြင့်၎င်း။ မနသိကရောန္တဿ၊ ပွားများနှလုံးသွင်းသူ ယောဂီအား။ အနုက္ကမေန၊ အစဉ်အတိုင်း။ ဘာဝနာယ၊ ရှုပွားမှု၏။ ဗလပ္ပတ္တကာလေ၊ အားရှိခြင်းသို့ ရောက်ရာ အခါ၌။ ဉာဏဿ၊ သန္တတိပစ္စုပ္ပန် ဥဒယဗ္ဗယဉာဏ်၏။ တိက္ခဝိသဒ-ဘာဝပ္ပတ္တိယာ၊ ထက်မြက်စင်ကြယ်ခြင်းသို့ ရောက်ခြင်းကြောင့်။ ခဏတော၊ ဖြစ်ခိုက်,ပျက်ခိုက်အားဖြင့်။ ဝါ၊ ခဏပစ္စုပ္ပန်အားဖြင့်။ ဥဒယဗ္ဗယာ၊ ဖြစ်မှု, ပျက်မှုတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ရှားပေါ်လွင်လာကုန်၏။

ဆက်ပါဦးမည်၊ သန္တတိပစ္စုပ္ပန်ရုပ်၏ ဖြစ်မှု, ပျက်မှုကို ရှုမြင်ရာ ရေးအခါ၌ ငါးမိနစ်ကြာသော အပူရုပ်အစဉ်၏ ဖြစ်မှု,ပျက်မှုကို ရှုမြင်သည် ဖြစ်အံ့၊ ငါးမိနစ်၏အစ၌ အပူရုပ်အစဉ်ဖြစ်ပေါ်၍ ငါးမိနစ်၏ အဆုံး၌ ချုပ်ပျောက်သည်ကိုသာ သိမြင်ရပြီးလျှင် ဖြစ်ပေါ်မှု, ချုပ်ပျောက်မှုတို့၏ ကြား· လေးမိနစ်ခန့်ကာလ၌ကား အပူရုပ်တသားထည်း တခုထည်းကဲ့သို့ ထင်ရလေသည်၊ ဥပါဒ်,ဌီ,ဘင်ဟူသော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ခဏပစ္စုပ္ပန်ရုပ်၏ ဖြစ်မှု,ပျက်မှုကို ရှုမြင်နိုင်သော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သော အခါ၌ကား ငါးမိနစ်၏ အစမှစ၍ ငါးမိနစ်၏အဆုံးတိုင်အောင် ဖြစ်ပေါ်သော အပူရုပ်အစဉ်ကို တသားထည်း,တခုထည်းအားဖြင့် မမြင်ဘဲ မိနစ်တိုင်း,မိနစ်တိုင်း စက္ကန့်တိုင်း,စက္ကန့်တိုင်းတို့၏ တမိနစ်အတွင်း,တစက္ကန့် အတွင်းမှာပင် အဆင့်ဆင့်ဖြစ်၍ အဆစ်အဆစ်ပျက်သော ရုပ်တရားတို့၏ ဖြစ်မှု,ပျက်မှုများစွာတို့ကို ထင်ထင်ရှားရှား သိမြင်နိုင်လေတော့သည်။

ထို့အတူ အာဟာရဇရုပ်၌ ဆာလောင်မွတ်သိပ်ခြင်းကြောင့် ဖြစ်သောရုပ်အစဉ်တို့၏ ဥပါဒ်,ဘင်ဟု ဆိုအပ်သော ခဏတိုင်း,ခဏတိုင်း တို့၌ အဆင့်ဆင့်ဖြစ်၍ အဆစ်အဆစ်ပျက်သော ဖြစ်မှု, ပျက်မှုတို့ကိုငင်း၊ စိတ္တဇရုပ်၌ စိတ်ဆိုးခြင်းကြောင့်ဖြစ်သော ရုပ်အစဉ်, ဝမ်းသာခြင်းကြောင့် ဖြစ်သော ရုပ်အစဉ်, ရှေ့သို့ သွားခိုက်ဖြစ်သော ရုပ်အစဉ်, နောက်သို့ ဆုတ်ခိုက်ဖြစ်သော ရုပ်အစဉ်တို့မှစ၍ ခြေလှမ်းတလှမ်းကို ခြောက်ပိုင်းပိုင်း၍ ခြေချဆဲခဏ၌ဖြစ်သော ရုပ်အစဉ်တိုင်အောင် ရုပ်တို့၏ ဥပါဒ်ခဏ,ဘင်ခဏ တိုင်းတို့၌ အဆက်ဆက်ဖြစ်၍ အဆစ်အဆစ်ပျက်သော ဖြစ်မှု,ပျက်မှုတို့ကို ထင်ရှားသိမြင်နိုင်လေသည်။

ငင်းပြင် မြင်ဆဲခဏ၌ဖြစ်သော အဆင်းရုပ်,ကြားဆဲခဏ၌ဖြစ်သော အသံရုပ်စသည်တို့၏လည်း ဥပါဒ်ခဏ,ဘင်ခဏတိုင်းတို့၌ အဆက်ဆက် ဖြစ်၍ အဆစ်အဆစ်ပျက်သော ဖြစ်မှု,ပျက်မှုတို့ကို ထင်ရှားသိမြင်နိုင်လေ သည်။

**နာမ်ဥဒယဗ္ဗယ**—နာမ်တရားတို့၌ ဥဒယဗ္ဗယရှုနည်းကိုလည်း "ဇာတာ ဝေဒနာ ပစ္စုပ္ပန္နာ" စသည်ဖြင့် ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော ခဏ ပစ္စုပ္ပန်ဝေဒနာစသည်တို့၏ဖြစ်မှု,ပျက်မှုကို အဘန်ကလဲလဲ ရှုမြင်တတ်သော ဝိပဿနာပညာသည် ဥဒယဗ္ဗယဉာဏ် မည်ကြောင်းကို ဟောတော်မူ ပါသည်၊ သို့ရာတွင် ရုပ်တရား၌ ဆိုခဲ့သည့်အတိုင်းပင် ထိုခဏပစ္စုပ္ပန်

ဖြစ်သော နာမ်တရားတို့သည် အားထုတ်စဉ် သိမ်းဆည်းသိမြင်ရန် ခက်သောကြောင့် သင်္ခတိပစ္စုပ္ပန်၏ အစွမ်းအားဖြင့်သာလျှင် ရှေးဦးစွာ ရှုပွားနှလုံးသွင်းခြင်းကို ပြုအပ်၏။

နာမ်တရားတို့၏ သင်္ခတိကို သင်္ခတိခဏခဏ်း၌ ပြဆိုခဲ့ပြီးသော်လည်း သိသာရုံမျှ ထပ်မံပြဆိုပါဦးမည်၊ အာရုံခြောက်ပါးတို့တွင် ရူပ, သဒ္ဒစသည်,အဇ္ဈတ္တ,ဗဟိဒ္ဓစသည်,ဣဋ္ဌ,အနိဋ္ဌစသည် သဘောတူ,အမျိုးတူ တစုံတခုအာရုံကို မြင်ခိုက်, ကြားခိုက်စသည်တို့၌ဖြစ်သော ကောင်း, မကောင်း အလည်အလတ်အားဖြင့် အာရုံကိုခံစားမှု အစဉ်သည် ဝေဒနာသင်္ခတိမည်၏၊ အာရုံကို မှတ်မှုအစဉ်သည် သညာသင်္ခတိမည်၏၊ အာရုံနှင့်စိတ်တို့၏ ရှေးရှုပေါင်းဆုံ တွေ့ထိမှု(ဖဿ)အစဉ် အာရုံ၌စိတ်စေတသိက်တို့ ဖြစ်အောင် ဗျာပါရပြုစေ့ဆော်မှု(စေတနာ)အစဉ် စသည်တို့သည် သင်္ခါရသင်္ခတိမည်၏၊ အာရုံကို မြင်ရုံမျှ ကြားရုံမျှဖြစ်သော (ပဉ္စဝိညာဉ်)အစဉ်နှင့် အာရုံကို ရူပ,သဒ္ဒစသည် ပိုင်းခြား၍ အဘူးသိမှု (မနောဝိညာဉ်)အစဉ်သည် ဝိညာဏသင်္ခတိမည်၏။

မှတ်ချက်— ခေတ်ခြောက်ပါး ရှုနည်းဖြင့်ရှုလျှင် မနောဝိညာဉ်ကိုသာ ရှုသင့်၏။

---

## သင်္ခတိအားဖြင့်ပိုင်းခြားရှုပုံ

ပကတိအားဖြင့်ဖြစ်စေ မနသိကာရအားဖြင့်ဖြစ်စေ လှပတင့်တယ်သော အဆင်းတခုခုကို မြင်သိရာ၌ ကောင်းသော အခြင်းအရာအားဖြင့် ခံစားမှုအစဉ်သည် သောမနဿဝေဒနာအစဉ်မည်၏၊ ထိုသောမနဿဝေဒနာအစဉ်သည် ကောင်းသောအခြင်းအရာအားဖြင့် စတင်ခံစားရာကာလ၌ စတင်ဖြစ်ပေါ်၍ ပကတိအားဖြင့်ဖြစ်စေ မနသိကာရအားဖြင့်ဖြစ်စေ သဘောမတူသော အနိဋ္ဌာရုံ,မဇ္ဈတ္တာရုံတို့ကိုမြင်ရ၍ ဒေါမနဿဝေဒနာ,ဥပေက္ခာဝေဒနာ တပါးပါးဖြစ်ရာအခါ သို့မဟုတ် အမျိုးမတူသော သဒ္ဒါရုံ,ဂန္ဓာရုံစသည်တို့ကို ကြားရ,နမ်းရ,လျက်ရ,တွေ့ထိရ,ကြံသိရ၍ ဝေဒနာတပါးပါး ဖြစ်သောအခါ မဖြစ်မီအခြားမဲ့၌ ချုပ်ဆုံးကွယ်ပျောက်သည်ကို သတိပြုဆင်ခြင်၍ ရှုပွားအပ်၏။

ထို့အတူ ပကတိအားဖြင့်ဖြစ်စေ မနသိကာရအားဖြင့်ဖြစ်စေ မလှမပမတင့်တယ်သော အဆင်းတခုခုကို မြင်သိရာ၌ မကောင်းသောအားဖြင့် ခံစားမှုအစဉ်သည် ဒေါမနဿဝေဒနာအစဉ်မည်၏၊ထိုဒေါမနဿဝေဒနာအစဉ်သည် မကောင်းသောအခြင်းအရာအားဖြင့် စတင်ခံစားရာကာလ၌ စတင်ဖြစ်ပေါ်၍ ပကတိအားဖြင့်ဖြစ်စေ မနသိကာရအားဖြင့်ဖြစ်စေ သဘောမတူသော ဣဋ္ဌာရုံ,မဇ္ဈတ္တာရုံတို့ကိုမြင်ရ၍ သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာ တပါးပါးဖြစ်ရာအခါ သို့မဟုတ် အမျိုးမတူသော သဒ္ဒါရုံ, ဂန္ဓာရုံစသည်တို့ကို ကြားရ, နမ်းရ, လျက်ရ, တွေ့ထိရ, ကြံသိရ၍ ဝေဒနာတပါးပါး ဖြစ်သောအခါ မဖြစ်မီ အခြားမဲ့၌ ချုပ်ဆုံးကွယ်ပျောက်သည်ကို သတိပြုဆင်ခြင်၍ ရှုပွားအပ်၏။

အလည်အလတ် မဇ္ဈတ္တာရုံကိုမြင်ရာ၌ အလည်အလတ် ခံစားမှု ဥပေက္ခာဝေဒနာ၏ ဖြစ်ရာ, ချုပ်ပျောက်ရာ ကာလကိုလည်း နည်းမှီကာ သတိပြုဆင်ခြင်၍ ရှုပွားပါလေ။

ၛင်းပြင် လှပတင့်တယ်သော အဆင်းကို မြင်သိရာ၌ဖြစ်သော မှတ်မှုအစဉ် သညာသန္တတိ, အာရုံနှင့် စိတ်တို့၏ ပေါင်းဆုံတွေ့ထိမှု (ဖဿ)အစဉ်, အာရုံ၌ စိတ်,စေတသိက်တို့ဖြစ်အောင် ဗျာပါရစေ့ဆော်မှု (စေတနာ) အစဉ်စသော–သင်္ခါရသန္တတိ, အာရုံကိုမြင်မှု သိမှုအစဉ်–ဝိညာဏသန္တတိတို့သည်လည်း ဝေဒနာနှင့်အတူပင် ဣဋ္ဌာရုံကို မြင်သိရာအခါ၌ စတင်ဖြစ်ပေါ်ကြ၍ သဘောမတူသော အနိဋ္ဌာရုံ,မဇ္ဈတ္တာရုံတို့တွင် အာရုံတပါးပါးကို မြင်သိသောအားဖြင့် အာရုံပြောင်းလဲရာအခါ သို့မဟုတ် အမျိုးမတူသော သဒ္ဒါရုံ,ဂန္ဓာရုံစသည်တို့တွင် အာရုံတပါးပါးကို ကြားရ, နမ်းရ,လျက်ရ,တွေ့ထိရ,ကြံသိရသောအားဖြင့် အာရုံပြောင်းလဲသောအခါ မပြောင်းမီ အခြားမဲ့၌ ချုပ်ဆုံးကွယ်ပျောက်ကြသည်ကို သတိပြုဆင်ခြင်၍ ရှုပွားအပ်၏။

ဤသို့ သတိပြုဆင်ခြင်၍ ရှုပွားသူယောဂီသည် ဣဋ္ဌရူပါရုံကို ကောင်းသော အခြင်းအရာအားဖြင့် စတင်ခံစားရာ၌ သောမနဿဝေဒနာ၏ စတင်ဖြစ်ပေါ်မှု ဥဒယကိုၛင်း၊ အနိဋ္ဌာရုံ, မဇ္ဈတ္တာရုံအားဖြင့် ဣဋ္ဌာရုံနှင့် သဘောမတူသော အာရုံပြောင်း၍ ဒေါမနဿဝေဒနာဖြစ်စေ, ဥပေက္ခာဝေဒနာဖြစ်စေ ဖြစ်ပေါ်ရာအခါ မဖြစ်ပေါ်မီ အခြားမဲ့၌ သို့မဟုတ် သဒ္ဒါရုံ, ဂန္ဓာရုံစသည်အားဖြင့် ရူပါရုံနှင့် အမျိုးမတူသော

အာရုံပြောင်းလဲ၍ ဝေဒနာတပါးပါး ဖြစ်ရာအခါ မဖြစ်မီ အခြားမဲ့၌ သောမနဿဝေဒနာ၏ ချုပ်ပျောက်မှု ဝယကိုင်း ထင်ရှားစွာ သိမြင်ရလေသည်။

အနိဋ္ဌရူပါရုံကို မကောင်းသော အခြင်းအရာအားဖြင့် စတင်ခံစားရာကာလ၌ ဒေါမနဿဝေဒနာအစဉ်၏ စတင်ဖြစ်ပေါ်မှု ဥဒယကိုင်း၊ ဣဋ္ဌာရုံ,မဇ္ဈတ္တာရုံအားဖြင့် အနိဋ္ဌာရုံနှင့် သဘောမတူသော အာရုံပြောင်း၍ သောမနဿဝေဒနာ သို့မဟုတ် ဥပေက္ခာဝေဒနာ ဖြစ်ပေါ်ရာအခါ မဖြစ်ပေါ်မီအခြားမဲ့၌ သို့မဟုတ် သဒ္ဒါရုံ,ဂန္ဓာရုံအားဖြင့် ရူပါရုံနှင့် အမျိုးမတူသော အာရုံပြောင်းလဲ၍ ဝေဒနာတပါးပါး ဖြစ်ပေါ်ရာအခါ မဖြစ်ပေါ်မီအခြားမဲ့၌ ချုပ်ပျောက်မှု ဝယကိုင်း ထင်ရှားစွာ သိမြင်ရလေသည်။

မဇ္ဈတ္တရူပါရုံကို အလည်အလတ် အခြင်းအရာအားဖြင့် စတင်ခံစားရာကာလ၌ ဥပေက္ခာဝေဒနာအစဉ် စတင်ဖြစ်ပေါ်မှု ဥဒယကိုင်း ဣဋ္ဌ,အနိဋ္ဌအားဖြင့် မဇ္ဈတ္တာရုံနှင့် သဘောမတူသော အာရုံပြောင်း၍ သောမနဿဝေဒနာဖြစ်စေ ဒေါမနဿဝေဒနာဖြစ်စေ ဖြစ်ပေါ်ရာအခါ မဖြစ်ပေါ်မီအခြားမဲ့၌ သို့မဟုတ် သဒ္ဒါရုံ,ဂန္ဓာရုံစသည်အားဖြင့် ရူပါရုံနှင့် အမျိုးမတူသော အာရုံပြောင်းလဲ၍ ဝေဒနာတပါးပါး ဖြစ်ရာအခါ မဖြစ်ပေါ်မီအခြားမဲ့၌ ဥပေက္ခာဝေဒနာ၏ ချုပ်ပျောက်မှု ဝယကိုင်း ထင်ရှားစွာသိမြင်ရလေသည်။

ထို့အတူ ရူပါရုံကို ကောင်းသောအခြင်းအရာအားဖြင့်သော်၎င်း၊ မကောင်းသော အခြင်းအရာအားဖြင့်သော်၎င်း၊ အလည်အလတ် အခြင်းအရာအားဖြင့်သော်၎င်း၊ စတင်ခံစားရာကာလ၌ပင် ရူပါရုံကို မှတ်မှုအစဉ် သညာသန္တတိ၏ စတင်ဖြစ်ပေါ်မှု ဥဒယကိုင်း၊ ရူပါရုံနှင့်စိတ်တို့၏ ပေါင်းဆုံတွေ့ထိမှု(ဖဿ)အစဉ် စိတ်,စေတသိက်တို့ကို ရူပါရုံ၌ဖြစ်အောင် ဗျာပါရပြု စေ့ဆော်မှု(စေတနာ)အစဉ်စသော သင်္ခါရသန္တတိ၏ စတင်ဖြစ်ပေါ်မှု ဥဒယကိုင်း၊ ရူပါရုံကိုမြင်သိမှု,ကြားသိမှုအစဉ် ဝိညာဏသန္တတိ၏ စတင်ဖြစ်ပေါ်မှု ဥဒယကိုင်း၊ သဘောမတူ အမျိုးမတူသောအာရုံ ပြောင်းလဲရာအခါ မပြောင်းလဲမီ အခြားမဲ့၌ သညာသန္တတိ ချုပ်ပျောက်မှု ဝယကိုင်း၊ ထို့အတူ သင်္ခါရသန္တတိ၏ ချုပ်ပျောက်မှု ဝယကိုင်း၊ ဝိညာဏသန္တတိ၏ ချုပ်ပျောက်မှု ဝယကိုင်း ထင်ရှားစွာ သိမြင်ရလေသည်။

ထိုသို့ သိမြင်နိုင်သော ယောဂီအား သန္တတိပစ္စုပ္ပန်အားဖြင့် နာမ်တရားတို့ဖြစ်မှု,ပျက်မှုကို ပွားရှုသိမြင်နိုင်သော ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ် ပြီဟု သိမှတ်သင့်ပါသည်။

ဤသန္တတိ ပစ္စုပ္ပန်အားဖြင့် နာမ်တရားတို့၏ ဖြစ်မှု,ပျက်မှုကို ပွားရှု သိမြင်နိုင်သော ဥဒယဗ္ဗယဉာဏ်ဖြင့် နာမ်တရားတို့၏ ဖြစ်မှု,ပျက်မှုကို အဖန်ဖန်အထပ်ထပ် နှလုံးသွင်း ပွားများသူ ယောဂီသည်, ပွားများမှု၏ အားရှိခြင်းသို့ ရောက်သောအခါ ဥဒယဗ္ဗယဝိပဿနာဉာဏ်၏ ထက်သန် ထိုးထွင်း သန့်ရှင်းကြည်လင်ခြင်းကြောင့် ဥပါဒ်,ဘင်ဟူသော ခဏအားဖြင့် လည်း ပစ္စုပ္ပန်နာမ်တရားတို့၏ ဖြစ်မှု,ပျက်မှု ဥဒယဗ္ဗယကို ထင်ထင်ရှားရှား သိမြင်နိုင်လေတော့သည်။

---

## ခဏအားဖြင့် ပိုင်းခြားသိမြင်ပုံ

သန္တတိပစ္စုပ္ပန်ဝေဒနာ၏ ဖြစ်မှုပျက်မှုကို ရှုမြင်နိုင်သော ဥဒယဗ္ဗယ ဉာဏ်ဖြစ်ရာအခါ၌ ဇုဋ္ဌရူပါရုံကို အာရုံပြုခံစားရာဝယ် ကောင်းသော အခြင်းအရာအားဖြင့် စတင်ခံစားရာကာလ၌ သောမနဿဝေဒနာ စတင် ဖြစ်ပေါ်မှု ဥဒယကိုသာလျှင်၎င်း၊ ဆိုခဲ့သည့်အတိုင်း သဘောမတူသော အာရုံ,အမျိုးမတူသောအာရုံတို့ ပြောင်းလဲခြင်းကြောင့် သဘောမတူသော ဝေဒနာ,အာရုံအမျိုးမတူသော ဝေဒနာများဖြစ်ပေါ်ရာအခါ မဖြစ်ပေါ်မီ အခြားမဲ့ကာလ၌ သောမနဿဝေဒနာ၏ ချုပ်ပျောက်မှု ဝယကိုသာလျှင် ၎င်း မျက်မှောက်အားဖြင့် သိမြင်နိုင်၍ တခံစားထည်း ခံစားနေသည်”ဟု ခံစားမှုတခုထည်းကဲ့သို့ ထင်မြင်ခဲ့သော်လည်း ပစ္စုပ္ပန်ခဏအားဖြင့် ဝေဒနာ၏ ဖြစ်မှု,ပျက်မှုကို မျက်မှောက်အားဖြင့် သိမြင်နိုင်သော ဥဒယဗ္ဗယ ဉာဏ် ဖြစ်ပေါ်သောအခါ၌ကား တခံစားထည်း ခံစားနေသည်ဟု ခံစားမှုတခုထည်းကဲ့သို့ မထင်မြင်တော့ဘဲ တစက္ကန့်အတွင်းမှာပင် ဥပါဒ် ခဏတိုင်း, ဘင်ခဏတိုင်းတို့၌ အကြိမ်များစွာဖြစ်၍ အကြိမ်များစွာ ပျက် သော ခံစားမှုအဆက်ဆက်တို့၏ ဖြစ်တိုင်းဖြစ်တိုင်းသော ဖြစ်မှုဥဒယကို၎င်း၊ ပျက်တိုင်းပျက်တိုင်းသော ပျက်မှု ဝယကို၎င်း ထင်ထင်ရှားရှား သိမြင်ရ လေသည်။

ဤသောမနသာဝေဒနာ၏ ခဏပစ္စုပ္ပန်အားဖြင့်ဖြစ်သော ဖြစ်မှု, ပျက်မှုကို သိမြင်ရပုံကို နည်းမှီ၍ ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့၏ ခဏပစ္စုပ္ပန်အားဖြင့်ဖြစ်သော ဖြစ်မှု,ပျက်မှုကို သိမြင်ရပုံကိုရင်း၊ ထိုဝေဒနာများနှင့်အတူ ဖြစ်ကြ, ပျက်ကြရကုန်သော သညာ, သင်္ခါရ, ဝိညာဉ်တို့၏ ခဏပစ္စုပ္ပန်အားဖြင့် ဖြစ်မှု,ပျက်မှုတို့ကို သိမြင်ရပုံကိုရင်း၊ သဒ္ဒါရုံ,ဂန္ဓာရုံစသည်တို့ကို ကြားရာ,နမ်းရာ စသည်တို့၌ဖြစ်သော ဝေဒနာ, သညာ,သင်္ခါရ,ဝိညာဉ်တို့၏ ခဏပစ္စုပ္ပန်အားဖြင့်ဖြစ်သော ဖြစ်မှု,ပျက်မှုကို သိမြင်ရပုံများကိုရင်း ဆင်ခြင်၍ သိမြင်ရလေသည်။

ဆက်လက်ရေးသားလိုသည်မှာ အထူးသဖြင့် သိသာထင်ရှား၍ ရှုပွားသင့်လှသော ကိုယ်ဖောဋ္ဌဗ္ဗကို တွေ့ထိခံစားရာ၌ဖြစ်သော ဝေဒနာ တရားကို ရှုပွားပုံဖြစ်ပါသည်၊ ထိုဝေဒနာကို ရှုပွားသော ယောဂီသည် ညောင်းညာကိုက်ခဲရာအခါ, ထိခိုက်နာကျင်ရာအခါ, ဖျားနာရာအခါတို့၌ ညောင်းညာကိုက်ခဲစ, နာကျင်စ, ဖျားနာစများတွင် ဒုက္ခဝေဒနာအစဉ်၏ စတင်ဖြစ်ပေါ်မှု ဥဒယကိုရင်း၊ အညောင်းပြေရာအခါ, အနာပျောက်ရာ အခါ, အဖျားရောဂါပျောက်ရာအခါ မပြေမီ, မပျောက်မီ အခြားမဲ့၌ ဒုက္ခဝေဒနာအစဉ်၏ ချုပ်ပျောက်မှု ဝယကိုရင်း၊ သိမြင်နိုင်ပြီးလျှင် မပြေမီ, မပျောက်မီ ကြားကာလ၌ကား "တညောင်းထည်း ညောင်းနေသည်, တနာထည်းနာနေသည်, တဖျားထည်းဖျားနေသည်"ဟု ညောင်းမှု, နာမှု, ဖျားမှုများကို တခုထည်းကဲ့သို့ ထင်မြင်ရလေသည်။ ဤသို့ မြင်မှု,ထင်မှုသည် ဒုက္ခဝေဒနာ၏ သန္တတိပစ္စုပ္ပန်အားဖြင့်ဖြစ်သော ဖြစ်မှု,ပျက်မှုကို သိမြင်နိုင်သည့် ဥဒယဗ္ဗယဉာဏ်ပင်ဖြစ်လေသည်။

ထိုဥဒယဗ္ဗယဉာဏ်ဖြင့်ပင် ဒုက္ခဝေဒနာအစဉ်၏ ဖြစ်မှု, ပျက်မှုကို ဆက်လက်ရှုပွားသူ ယောဂီသည် ဆက်ကာဆက်ကာ မပြတ်ဖြစ်ပေါ်သော ဒုက္ခဝေဒနာအစဉ်၏ တရိပ်ရိပ်တိုး၍,တိုး၍ လာသောအားဖြင့် ရှေ့ဆင့်နောက်ဆင့် တခုနှင့်တခု မတူသည့်လက္ခဏာကိုသော်ရင်း တရိပ်ရိပ် လျော့၍ လျော့၍ နည်းသောအားဖြင့် ရှေ့ဆင့်နောက်ဆင့် တခုနှင့်တခု မတူသည့်လက္ခဏာကိုသော်ရင်း၊ မတိုးမလျော့သော်လည်း တနင့်နင့်, တအင့်အင့် တဒိဝ်ဒိဝ်ကဲ့သို့ဖြစ်၍ ခံစားရပုံအမူအရာ ခြားနားသော အားဖြင့် ရှေ့ဆင့်နောက်ဆင့် တခုနှင့်တခု မတူသည့်လက္ခဏာကိုသော်ရင်း အာရုံပြုရှုစိုက်ကာ ပွားများသဖြင့် ပွားများမှု၏ အားရှိခြင်းသို့ ရောက်သောအခါ ဥဒယဗ္ဗယဝိပဿနာဉာဏ်၏ ထက်သန်ထိုးထွင်း သန့်ရှင်း

ကြည်လင်ခြင်းကြောင့် ဥပါဒ်,ဘင်ဟူသော ခဏပစ္စုပ္ပန်၏ အစွမ်းအားဖြင့်လည်း ဒုက္ခဝေဒနာ၏ ဖြစ်မှု,ပျက်မှု ဥဒယဗ္ဗယကို ထင်ထင်ရှားရှား သိမြင်နိုင်လေသည်။

ဩောင်းညာကိုက်ခဲမှုစသည် ပြေပျောက်၍ ကျန်းမာလာရာ အခါ တို့၌ဖြစ်သော သုခဝေဒနာ, သောမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့၏ ဖြစ်မှု,ပျက်မှုများနှင့် ဝေဒနာအသီးသီးနှင့် အတူဖြစ်ကြ,ပျက်ကြကုန်သော သညာ,သင်္ခါရ,ဝိညာဉ်တို့၏ ဖြစ်မှု,ပျက်မှုများကို ရှုပွားသိမြင်ပုံကိုလည်း ဆိုခဲ့သောနည်းများကိုမှီး၍ ဆင်ခြင်ကာ သိမြင်ရှုပွားအပ်၏။

**ဥဒယဗ္ဗယဉာဏ်အကျဉ်းဖြစ်ပုံပြီး၏။**

---

## ဥဒယဗ္ဗယဉာဏ်အကျယ်ဖြစ်ပုံ

ဤသို ရေးသားဖော်ပြခဲ့ပြီးသော အစဉ်သည်ကား အကျဉ်းအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်မှု, ပျက်မှုကို ရှုပွားနှလုံးသွင်း သိမြင်ပုံဖြစ်ပါသည်၊ ရုပ်နာမ်တို့၏ ဖြစ်ကြောင်း, ရှိကြောင်းများနှင့်တကွ ရှုပွားနှလုံးသွင်း သိမြင်ခြင်းကြောင့် အကျယ်ဖြစ်သော ရှုပွားနှလုံးသွင်း သိမြင်ပုံကိုလည်း "အဝိဇ္ဇာသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ"အစရှိသည်ဖြင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူသည့်အတိုင်း ဆက်လက်ရေးသားဖော်ပြပါဦးမည်။

ရုပ်တရား၏ ဖြစ်မှုဥဒယကို ရှုပွားသိမြင်သူယောဂီသည် လက္ခဏာ ငါးပါးတို့ကို ရှုပွားသိမြင်၏။ လက္ခဏာငါးပါးဟူသည်မှာ—

၁။ ကံကိုဖြစ်စေ ရှေးဘဝက အဝိဇ္ဇာရှိခဲ့ခြင်း။ ထို့အတူ....
၂။ တဏှာရှိခဲ့ခြင်း။
၃။ ကံရှိခဲ့ခြင်း။
၄။ ယခုဘဝ၌ အာဟာရရှိခြင်း။
၅။ ဥပါဒ်ခဏတိုင်း၌ ရုပ်တရား၏ ဖြစ်မှု—ဟူ၍ ငါးပါးဖြစ်ပါသည်။

သိမြင်ပုံမှာ—

၁။ “အတိတ်ဘဝက အဝိဇ္ဇာရှိခဲ့ခြင်းကြောင့် ရုပ်တရား၏ ဖြစ်မှုသည် ဖြစ်၏”ဟု အကြောင်းတရားဖြစ်ခြင်း, ရှိခြင်းကြောင့် အကျိုးတရား ရုပ်၏ဖြစ်မှု ဥဒယကို သိမြင်၏။ ထို့အတူ—

၂။ “တဏှာရှိခြင်းကြောင့် ရုပ်တရား၏ ဖြစ်မှုသည်ဖြစ်၏”ဟု အကြောင်း တရားဖြစ်ခြင်း, ရှိခြင်းကြောင့် အကျိုးတရားရုပ်၏ ဖြစ်မှု ဥဒယကို သိမြင်၏။

၃။ “ကံရှိခဲ့ခြင်းကြောင့် ရုပ်တရား၏ဖြစ်မှုသည် ဖြစ်၏”ဟု အကြောင်း တရားဖြစ်ခြင်း, ရှိခြင်းကြောင့် အကျိုးတရားရုပ်၏ ဖြစ်မှု ဥဒယကို သိမြင်၏။

၄။ “ယခုဘဝ၌ အာဟာရရှိခြင်းကြောင့် ရုပ်တရား၏ ဖြစ်ခြင်းသည် ရှိ၏”ဟု အကြောင်းတရားဖြစ်ခြင်း, ရှိခြင်းကြောင့် အကျိုးရုပ် တရား၏ဖြစ်မှု ဥဒယကို သိမြင်၏။

၅။ ရုပ်တရား၏ ဥပါဒ်ခဏတိုင်း၌ ရှုမြင်ရသော ဖြစ်မှုသဘ်တလက္ခဏာကို ရှုမြင်သည်ဖြစ်၍လည်း ရုပ်တရား၏ဖြစ်မှု ဥဒယကို သိမြင်၏။

ရုပ်တရား၏ပျက်မှု ဝယကို ရှုပွားသိမြင်သူ ယောဂီသည် လက္ခဏာ ငါးပါးတို့ကို ရှုပွားသိမြင်၏။

လက္ခဏာငါးပါးဟူသည်မှာ—

၁။ အရဟတ္တမဂ်ဖြင့်ပယ်ပြီး၍ အဝိဇ္ဇာမရှိခြင်း။ ထို့အတူ....

၂။ တဏှာမရှိခြင်း။

၃။ ကံမရှိခြင်း၊

၄။ စားအပ်သော အာဟာရမရှိခြင်း။

၅။ ဘင်ခဏတိုင်း၌ ရုပ်တရား၏ ပျက်မှု—ဟူ၍ ငါးပါးဖြစ်ပါသည်။

သိပုံမှာ—

၁။ "အရဟတ္တမဂ်ဖြင့် ပယ်ပြီးဖြစ်၍ အဝိဇ္ဇာ၏ မဖြစ်ခြင်း,ချုပ်ငြိမ်းခြင်းကြောင့် အနာဂတ်ရုပ်၏ မဖြစ်မှု,ချုပ်ငြိမ်းမှုဖြစ်၏"ဟု အကြောင်းတရား၏ မဖြစ်ခြင်း, ချုပ်ငြိမ်းခြင်းကြောင့် အကျိုးရုပ်တရား၏ မဖြစ်မှု,ချုပ်ငြိမ်းမှု ဝယကို သိမြင်၏။

၂။ "တဏှာ၏ မဖြစ်ခြင်း,ချုပ်ငြိမ်းခြင်းကြောင့် အနာဂတ်ရုပ်၏ မဖြစ်မှု ချုပ်ငြိမ်းမှုဖြစ်၏"ဟု အကြောင်းတရား၏ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းကြောင့် အကျိုးရုပ်တရား၏ မဖြစ်မှု ချုပ်ငြိမ်းမှု ဝယကိုသိမြင်၏။

၃။ "ကံ၏မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းကြောင့် အနာဂတ်ရုပ်၏ မဖြစ်မှု ချုပ်ငြိမ်းမှုဖြစ်၏"ဟု အကြောင်းတရား၏ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းကြောင့် အကျိုးရုပ်တရား၏ မဖြစ်မှု ချုပ်ငြိမ်းမှု ဝယကို သိမြင်၏။

၄။ "အာဟာရ၏ မရှိခြင်းကြောင့် အနာဂတ်ရုပ်၏ မဖြစ်မှု ချုပ်ငြိမ်းမှုဖြစ်၏"ဟု အကြောင်းတရား၏ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းကြောင့် အကျိုးရုပ်တရား၏ မဖြစ်မှု ချုပ်ငြိမ်းမှု ဝယကိုသိမြင်၏။

၅။ ဘင်ခဏတိုင်း၌ရှုမြင်ရသော ရုပ်တရား၏ ပျက်မှု သင်္ခတလက္ခဏာကို ရှုမြင်သည်ဖြစ်၍လည်း ရုပ်တရား၏ပျက်မှု ဝယကို သိမြင်၏။

အမှတ်(၃) တတိယလက္ခဏာ၌ "ကံ၏မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းကြောင့် အနာဂတ်ရုပ်၏ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းသည်ဖြစ်၏"ဟူရာဝယ် "ကံ၏မဖြစ်ခြင်း ချုပ်ငြိမ်းခြင်း"ဆိုသည်မှာ အရိယာဖြစ်ပြီးနောက်၊ ဝါ၊ ရဟန္တာဖြစ်ပြီးနောက် ဒါန,သီလစသည် ကံကိုမပြုမလုပ်တော့၍ ကံမဖြစ်သည် ချုပ်ငြိမ်းသည်ကို ဆိုသည်မဟုတ်။ အရိယာဖြစ်လျှင် ဒါန,သီလစသောကံကို သာ၍ပြုလုပ်သည်သာတည်း၊ စင်စစ်သော်ကား အဝိဇ္ဇာ, တဏှာဟူသော အားကြီးသော အကြောင်းနှင့် ယှဉ်သောကံကြောင့်သာလျှင် ရုပကာယဖြစ်ပေါ်မှုဖြစ်၏၊ အဝိဇ္ဇာ,တဏှာမရှိလျှင် ပဋိသန္ဓေတည်နေမှုပင် မဖြစ်နိုင်တော့၍ ကံသည်လည်း အနာဂတ်ဘဝ ရုပ်တရားကို မဖြစ်စေနိုင်တော့သည်ကိုပင် ကံမဖြစ် ကံချုပ်ငြိမ်းသည်ဟု ဆိုပါသည်၊ (ပဋိသန္ဓေအကျိုးပေးကံ ချုပ်ငြိမ်းသည်ဟူလို)။ ဤသဘောကို ရည်ရွယ်၍ "ကံမဖြစ်ခြင်း ချုပ်ငြိမ်းခြင်းကြောင့် အနာဂတ်ရုပ်၏ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းသည်ဖြစ်၏"ဟု ဟောတော်မူပါသည်။

ထိုသို့ ကံ၏ အဝိဇ္ဇာ, တဏှာရှိမှ ဇာတိအကျိုးပေးနိုင်ခြင်းနှင့် အဝိဇ္ဇာ,တဏှာမရှိလျှင် ဇာတိအကျိုးမပေးနိုင်ခြင်း အဝိဇ္ဇာ, တဏှာသာ ပဓာနဖြစ်ခြင်းများကြောင့်ပင် အဝိဇ္ဇာဇ, တဏှာဇ ရုပ်နာမ်မရှိဘဲလျက် "အဝိဇ္ဇာ သမုဒယာ တဏှာသမုဒယော" စသည်ကို ဟောတော်မူရ လေသည်။ ထို့ကြောင့် မဟာဋီကာ၌—

"အဝိဇ္ဇာ တဏှုပနိဿယ သဟိတေနေဝ ကမ္မုနာ ရူပကာ·ယဿ နိဗ္ဗတ္တိ၊ အသတိ စ အဝိဇ္ဇုပနိဿယာယ ဘဝနိကန္တိယာ ဇာတိယာ အသမ္ဘဝေါဝေါတိ"ဟု မိန့်ဆိုတော်မူလေသည်။

**အနက်**—အဝိဇ္ဇာတဏှုပနိဿယ သဟိတေနေဝ ကမ္မုနာ၊ အဝိဇ္ဇာ, တဏှာဟူသော အားကြီးသောအကြောင်းနှင့် တကွဖြစ်သော ကံကြောင့် သာလျှင်။ ရူပကာယဿ နိဗ္ဗတ္တိ၊ ရူပကာယ၏ ဖြစ်ပေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဝိဇ္ဇုပနိဿယာယ၊ အဝိဇ္ဇာဟူသော အားကြီးသော အကြောင်းသည်ရှိ၏။ ဘဝနိကန္တိယာ၊ ဘဝ၌ ကပ်ငြိတတ်သော တဏှာ သည်ရှိ၏။ အသတိ စ၊ မရှိသော်ကား။ ဇာတိယာ၊ ပဋိသန္ဓေ တည်နေ ဖြစ်ပေါ်မှု၏။ အသမ္ဘဝေါ ဧဝ၊ မဖြစ်ခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာသမုဒယာ ရူပသမုဒယော ဣစ္စာဒိ၊ အဝိဇ္ဇာသမုဒယာ ရူပသမုဒယော ဤသို့အစရှိသည်ကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။

ဝေဒနာက္ခန္ဓာစသည် နာမ်ခန္ဓာလေးပါးတို့၌လည်း ဤနည်းတူ မှတ်ပါလေ။ ထို့ကြောင့် မဟာဋီကာ၌—

"ယထာ စ ရူပဿ အဝိဇ္ဇာတဏှုပနိဿယတာ၊ ဧဝံ ဝေဒနာ·ဒီနမ္ပိ ဒဋ္ဌဗ္ဗာ"ဟု ဆက်လက်မိန့်ဆိုတော်မူပါသည်။

နာမက္ခန္ဓာလေးပါးတို့၏ ဖြစ်မှုဥဒယ, ပျက်မှုဝယတို့ကို သိမြင်ရာ၌ လည်း ရူပက္ခန္ဓာ၏ ဥဒယဗ္ဗယကို ရှုမြင်ရာ၌ကဲ့သို့ပင် ခန္ဓာတပါးပါးလျှင် လက္ခဏာငါးပါးစီကို ဟောတော်မူပါသည်။ အထူးမှာ ဝေဒနာ,သညာ, သင်္ခါရတို့၏ ဥဒယကို သိမြင်ရာ အမှတ်(၄) စတုတ္ထလက္ခဏာကို "ဖဿ·သမုဒယာ—ဖဿ၏ ဖြစ်ခြင်းကြောင့်"ဟူ၍၎င်း၊ ဝယကိုသိမြင်ရာ အမှတ်(၄) စတုတ္ထလက္ခဏာကို"ဖဿနိရောဓာ-ဖဿ၏ ချုပ်ငြိမ်းခြင်းမရှိခြင်းကြောင့်"

ဟူ၍၎င်း၊ ဝိညာဏက္ခန္ဓာ၏ ဥဒယကို သိမြင်ရာ အမှတ်(၄) စတုတ္ထ လက္ခဏာကို "နာမရူပသမုဒယာ–နာမ်ရုပ်တို့၏ ရှိခြင်းကြောင့်"ဟူ၍၎င်း၊ ဝယကို သိမြင်ရာ အမှတ်(၄) စတုတ္ထလက္ခဏာကို "နာမရူပနိရောဓာ နာမ်ရုပ်တို့၏ မဖြစ်ခြင်း, ချုပ်ငြိမ်းခြင်းကြောင့်"ဟူ၍၎င်း ဟောတော်မူပါသည်။

ဤသို့လျှင် ခန္ဓာတပါး၏ ဖြစ်မှုဥဒယကို သိမြင်ရာ၌ လက္ခဏာ ငါးပါး, ပျက်မှုဝယကို သိမြင်ရာ၌ လက္ခဏာငါးပါးအားဖြင့် နှစ်ရပ်ပေါင်း လက္ခဏာဆယ်ပါးဖြစ်၏။ ခန္ဓာငါးပါး၏ ဥဒယ၌ လက္ခဏာနှစ်ဆယ့် ငါးပါး, ဝယ၌ လက္ခဏာနှစ်ဆယ့်ငါးပါး နှစ်ရပ်ပေါင်း ဥဒယဗ္ဗယ လက္ခဏာ ငါးဆယ်ဖြစ်၏၊ ဥဒယဗ္ဗယဉာဏ် ငါးဆယ်ဟုလည်း ခေါ်၏။

အဓိပ္ပါယ်—လက္ခဏာငါးပါးတို့တွင် အဝိဇ္ဇာ,တဏှာ,ကံဟူသော လက္ခဏာသုံးပါး တို့သည် အတိတ်အကြောင်းများသာ ဖြစ်ကုန်၏။ ထိုအဝိဇ္ဇာစသည့် အကြောင်းသုံးပါးတို့ကို ယူသဖြင့် ၎င်းတို့၏ တက္ကပ္ပလေ့ရှိကုန်သော ပြုဘက်အကြောင်း ဥပါဒါန်,ဘဝတို့ကိုလည်း ယူအပ်ကုန်၏။ အဝိဇ္ဇာ စသည် သုံးပါးကို ဟောသဖြင့် ၎င်းတို့နှင့် မကင်းသော ဥပါဒါန်, ဘဝတို့ကိုလည်း ဟောပြီးဖြစ်သည်ဟူလို။

မဟာဋီကာ ဒု-စာမျက်နှာ (၄၂၁)။

"အာဟာရ"ဟူသော လက္ခဏာတပါးသည် ပဝတ္တိ ပစ္စုပ္ပန် အကြောင်းဖြစ်၏၊ ပစ္စုပ္ပန်အကြောင်းတို့တွင် အာဟာရသည် အား အရှိဆုံးဖြစ်၍ အာဟာရကိုသာ အမည်တတ်၍ ဟောတော်မူ၏၊ အာဟာရကို ဟောတော်မူသဖြင့် ပစ္စုပ္ပန်အကြောင်းခြင်း သဘောတူသော ဥတုနှင့် စိတ်ကိုလည်း အတွင်းသွင်း၍ ဟောမူကိစ္စပြီးတော့၏။ "ထို့ကြောင့်— ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ် လေးမျိုးလုံးတို့၏ အကြောင်းရှိ၍ ဖြစ်ခြင်း,အကြောင်းမရှိ၍ ချုပ်ငြိမ်းခြင်းဟူသော သမုဒယ, နိရောဓကို သိမြင်ခြင်းကို ဟောတော်မူ၏"ဟု သိမှတ်သင့်ပါသည်။

မဟာဋီကာ ဒု-စာမျက်နှာ(၄၂၁)။

ထိုလက္ခဏာတို့တွင် အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရဟူသော ဤလေးပါးသည် ၎င်းတို့ရှိလျှင် ရုပ်နာမ်ဖြစ်ပေါ်တော့၏၊ ၎င်းတို့မရှိလျှင် ရုပ်နာမ်ချုပ်ငြိမ်း၏"ဟု နာမ်ရုပ်တို့၏ ဖြစ်ပေါ်မှု, ချုပ်ငြိမ်းမှုတို့ကို

မှတ်ကြောင်းလက္ခဏာများဖြစ်ကုန်၏၊ ဖြစ်မှု, ပျက်မှုဟူသော လက္ခဏာ နှစ်ပါးသည် ရုပ်နာမ်ဟူသော သင်္ခတ၏ လက္ခဏာများဖြစ်၏။ ထိုအဝိဇ္ဇာ စသော အကြောင်းအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်မှု,ပျက်မှုတို့ကို ပွားရှုသိမြင် ရာ၌အတိတ်,အနာဂတ်စသည် ခွဲခြမ်းဝေဘန်ခြင်းကို နှလုံးမသွင်းဘဲ ကာလ ခပ်သိမ်းတို့နှင့် ဆက်ဆံသောအားဖြင့် အဝိဇ္ဇာစသော အကြောင်းကြောင့် ရုပ်,နာမ်တို့၏ ဖြစ်ပေါ်ခြင်း ရအပ်ခြင်းကိုသာ ရှုပွားသိမြင်၏။ ဖြစ်ဆဲ ဟူသော ဥပါဒ်သဘောကို မျက်မှောက်အားဖြင့် ရှုပွားသိမြင်သည်မဟုတ်၊ အဝိဇ္ဇာစသော အကြောင်းမရှိသည်ရှိသော် နာမ်,ရုပ်တို့၏ မဖြစ်ပေါ်ခြင်း, မရအပ်ခြင်းကိုသာ ရှုပွားသိမြင်၏၊ ပျက်ဆဲဟူသော ဘင်သဘောကို မျက်မှောက်အားဖြင့် ရှုပွားသိမြင်သည်မဟုတ်။

ဖြစ်ခြင်း,ပျက်ခြင်းဟူသော သင်္ခတလက္ခဏာနှစ်ပါးကို ဥပါဒ်ခဏ, ဘင်ခဏအားဖြင့် ရှုပွားသိမြင်ရာ၌ကား ပစ္စုပ္ပန်ရုပ်, နာမ်တို့၏ ဖြစ်ဆဲ, ပျက်ဆဲကို မျက်မှောက်အားဖြင့် ရှုပွားသိမြင်ရ၏။ ၎င်းပြင်လည်း "ဖြစ်မှု, ပျက်မှု"ဟူသော သင်္ခတလက္ခဏာနှစ်ပါးကို မျက်မှောက်အားဖြင့် ရှုပွား နှလုံးသွင်းခြင်းမပြုမီ ရှေးဦးစွာကပင် အဝိဇ္ဇာစသော အကြောင်းတို့၏ရှိမှု, မရှိမှုတို့ကြောင့် ရုပ်နာမ်တို့၏ဖြစ်ပေါ်မှု ချုပ်ငြိမ်းမှုများကို ရှုပွားနှလုံးသွင်း ပြီးလျှင် နောက်မှ ထိုအဝိဇ္ဇာစသော အကြောင်းတရားတို့ကို နှလုံးမပြု လျစ်လျူရှုသောအားဖြင့် စွန့်လွှတ်၍ (ဖြစ်မှု,ပျက်မှုရှိသော ရုပ်နာမ်တို့ကို အာရုံပြုသောအားဖြင့် စွဲမြဲစွာယူ၍ ၎င်းရုပ်, နာမ်တို့၏ အဝိဇ္ဇာစသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်မှု, ချုပ်ငြိမ်းမှုတို့ကို ရှုပွားနှလုံးသွင်းမှုကို ရှေ့သွားပြုလျက် နောက်ဝိပဿနာစိတ်ဖြင့်) ဥပါဒ်ခဏ,ဘင်ခဏအားဖြင့် ဖြစ်ဆဲ,ပျက်ဆဲဟူသော သင်္ခတလက္ခဏာနှစ်ပါးကို ရှုပွားသိမြင်လေသည်။

ထို့ကြောင့် မဟာဋီကာ၌—

(က) "အပရေပနာဟု ပစ္စယတော ဥဒယဗ္ဗယဒဿနေ အတီတာဒိဝိဘာဂံ အနာမသိတ္ဝာ သဗ္ဗသာဓာရဏတော အဝိဇ္ဇာ- ဒိပစ္စယာ ဝေဒနာသမ္ဘဝံ လဇ္ဇမာနတံ ပဿတိ၊ န ဥပ္ပါဒံ၊ အဝိဇ္ဇာဒိအဘာဝေစ တဿာ အသမ္ဘဝံ အလဇ္ဇမာနတံ ပဿတိ၊ န ဘင်္ဂံ၊ ခဏတော ဥဒယဗ္ဗယဒဿနေ ပစ္စုပ္ပန္နာနံ ဥပ္ပါဒံ ဘင်္ဂဉ္စ ပဿတီ"တိ၊ တံ ယုတ္တံ"ဟူ၍၎င်း၊

(ခ) "အယဉ္စိ ပဌမံ ပစ္စယတော ဥဒယဗ္ဗယံ မနသိကရောန္တော အဝိဇ္ဇာဒိကေ ပစ္စယဓမ္မေ ဝိသဇ္ဇေတွာ ဥဒယဗ္ဗယဝန္တေ ခန္ဓေ ဂဟေတွာ တေသံ ပစ္စယတော ဥဒယဗ္ဗယဒဿနမုခေန ခဏတော ဝိ ဥဒယဗ္ဗယံ မနသိကရောတိ"ဟူ၍ငှင်း မိန့်ဆိုတော်မူလေသည်။

က။ အနက်—အပရေ ပန၊ အပရေဆရာတို့သည်ကား။ အာဟု၊ ဆိုကုန်၏။ ပစ္စယတော၊ အကြောင်းအားဖြင့်။ ဥဒယဗ္ဗယဒဿနေ၊ ဖြစ်ခြင်း,ပျက်ခြင်းကို ရှုခြင်း၌။ အတီတာဒိဝိဘာဂံ၊ အတိတ်အစရှိသည်ကို ဝေဘန်ခြင်းကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ သဗ္ဗသာဓာရဏတော၊ အလုံးစုံတို့နှင့် ဆက်ဆံသောအားဖြင့်။ အဝိဇ္ဇာဒိပစ္စယာ၊ အဝိဇ္ဇာအစရှိသော အကြောင်းကြောင့်။ ဝေဒနာသမ္ဘဝံ၊ ဝေဒနာ၏ ဖြစ်သင့်ခြင်းကို။ လဒ္ဓမာနတံ၊ ရကောင်းသည်၏ အဖြစ်ကို။ ပဿတိ၊ ရှု၏။ ဥပ္ပါဒံ၊ ဖြစ်ဆဲကို။ န ပဿတိ၊ မရှု။ စ၊ ထိုမှတပါး။ အဝိဇ္ဇာဒိအဘာဝေ၊ အဝိဇ္ဇာအစရှိသည်တို့၏ မရှိခြင်းကြောင့်။ ဝါ၊ အဝိဇ္ဇာအစရှိသည်တို့သည် မရှိလတ်သော်။ တဿာ၊ ထိုဝေဒနာ၏။ အသမ္ဘဝံ၊ မဖြစ်သင့်ခြင်းကို။ အလဒ္ဓမာနတံ၊ မရကောင်းသည်၏ အဖြစ်ကို။ ပဿတိ၊ ရှု၏။ ဘင်္ဂံ၊ ပျက်ဆဲကို။ န ပဿတိ၊ မရှု။ ခဏတော၊ ခဏအားဖြင့်။ ဥဒယဗ္ဗယ·ဒဿနေ၊ ဖြစ်ခြင်း,ပျက်ခြင်းကို ရှုခြင်း၌။ ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်သော တရားတို့၏။ ဥပ္ပါဒဥ္စ၊ ဖြစ်ဆဲကိုလည်း။ ဘင်္ဂဥ္စ၊ ပျက်ဆဲကိုလည်း။ ပဿတိ၊ ရှု၏။ ဣတိ၊ ဤသို့။ အာဟု၊ ဆိုကုန်၏။ တံ ဝစနံ၊ ထိုအပရေဆရာတို့၏ စကားသည်။ ယုတ္တံ၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်၏။

ခ။ အနက်–ဟိသစ္စံ၊ မှန်၏။ အယံယောဂီ၊ ဤယောဂီပုဂ္ဂိုလ်သည်။ ပဌမံ၊ ရှေးဦးစွာ။ ပစ္စယတော၊ အကြောင်းအားဖြင့်။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း, ပျက်ခြင်းကို။ မနသိကရောန္တော၊ နှလုံးသွင်းသည်ဖြစ်၍။ အဝိဇ္ဇာဒိကေ၊ အဝိဇ္ဇာအစရှိကုန်သော။ ပစ္စယဓမ္မေ၊ အကြောင်းတရားတို့ကို။ ဝိသဇ္ဇေတွာ၊ စွန့်၍။ ဥဒယဗ္ဗယဝန္တေ၊ ဖြစ်ခြင်း,ပျက်ခြင်းရှိကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ ဂဟေတွာ၊ ယူ၍။ တေသံ၊ ထိုခန္ဓာတို့၏။ ပစ္စယတော၊ အကြောင်းအားဖြင့်။ ဥဒယဗ္ဗယဒဿနမုခေန၊ ဖြစ်ခြင်း, ပျက်ခြင်းကို ရှုခြင်းကို အဦးပြုသဖြင့်။ ခဏတော ဝိ၊ ခဏအားဖြင့်လည်း။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း,ပျက်ခြင်းကို။ မနသိကရောတိ၊ နှလုံးသွင်း၏။

## နာမ်တရား၌ ခဏပစ္စုပ္ပန်အားဖြင့် ဥဒယဗ္ဗယဉာဏ် မဖြစ်ဟု မိန့်ဆိုပုံ

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ကား—

"အရူပက္ခန္ဓာနံ ဥဒယဗ္ဗယဒဿနံ အဒ္ဓါနသန္တတိဝသေန၊ န ခဏဝသေန—နာမ်ခန္ဓာတို့၏ အဖြစ်အပျက်ကို ရှုမြင်ခြင်းသည် ဘဝအစွန့်နှင့် သန္တတိတို့၏ အစွမ်းအားဖြင့်သာလျှင် ဖြစ်နိုင်၏၊ ဥပါဒ်,ဌီ,ဘင်ဟူသော ခဏ၏အစွမ်းအားဖြင့် မဖြစ်နိုင်"ဟု မိန့်ဆိုတော်မူလေသည်။

ဤသို့ မိန့်ဆိုတော်မူခြင်းသည်လည်း "တံ ဉာဏတာ, ဗဟုဉာဏတာ အားဖြင့် မဖြစ်နိုင်သည်ကို ရည်ရွယ်၍ မိန့်ဆိုတော်မူသည်"ဟု ယုံကြည်သင့်ပါသည်။

မဟာဋီကာ၌ကား—"နာမ်ခန္ဓာတို့၏ဖြစ်မှု,ပျက်မှုကို ရှုမြင်ခြင်းသည် ဥပါဒ်,ဌီ,ဘင်ဟူသော ခဏအားဖြင့် မဖြစ်နိုင်"ဟူသော ဝါဒကို ကေစိဝါဒဟု မိန့်ဆိုတော်မူသည့်ပြင် နာမ်ခန္ဓာတို့၏ ဖြစ်မှု,ပျက်မှုကို ခဏအားဖြင့်လည်း ရှုမြင်နိုင်၏"ဟု မိန့်ဆိုတော်မူလေသည်။

ထိုသို့ မိန့်ဆိုတော်မူသော ဋီကာပါဌ်ကို ဤစာအုပ်၌ အကြိမ်ကြိမ် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိ အနုပဒသုတ်၌လည်း "တျာဿ ဓမ္မာ ဝိဒိတာ ဥပ္ပဇ္ဇန္တိ၊ ဝိဒိတာ ဥပဋ္ဌဟန္တိ၊ ဝိဒိတာ အဗ္ဘတ္ထံ ဂစ္ဆန္တိ— ထိုချာနင်ငါးပါး တရားများနှင့် ဖဿ,ဝေဒနာ,သညာ,မစေတနာ,စိတ်,ဆန္ဒ, အဓိမောက္ခ, ဝီရိယ, သတိ, ဥပေက္ခာ, မနသိကာရတို့သည် ဥပါဒ်အားဖြင့် ဖြစ်ကုန်သော်လည်း သာရိပုတ္တရာအား ထင်ရှားသည်ဖြစ်၍သာလျှင် ဖြစ်ကုန်၏။ ဌီအားဖြင့်တည်ကုန်သော်လည်း ထင်ရှားသည်ဖြစ်၍သာလျှင် တည်ကုန်၏။ ဘင်အားဖြင့် ချုပ်ကုန်သော်လည်း ထင်ရှားသည်ဖြစ်၍ သာလျှင် ချုပ်ကုန်၏"ဟု နာမ်ခန္ဓာတို့၏ ဖြစ်မှု,ပျက်မှုကို ရှုမြင်ခြင်းသည် ဥပါဒ်,ဌီ,ဘင်ဟူသော ခဏအားဖြင့်လည်း ဖြစ်နိုင်သည်ကို ဟောတော်မူလျက်ရှိပါသည်။

ထိုသို့ နာမ်ခန္ဓာတို့၏ ဖြစ်မှု,ပျက်မှုကို ခဏအားဖြင့် ရှုမြင်ခြင်းသည် ထိုလက်ညှိုးဖျားဖြင့်ပင် ထိုလက်ညှိုးဖျားကို ပြန်၍ထိနိုင်သည်ဟု ဆိုသကဲ့သို့ ထိုဝိပဿနာဉာဏ်ဖြင့်ပင် ထိုဝိပဿနာဉာဏ်၏ ဖြစ်မှု,ပျက်မှုကို ပြန်၍ရှုမြင်နိုင်သည်”ဟု မဖြစ်နိုင်သည်ကိုဆိုသော တဲ့ ဉာဏ်တာမျိုးလည်း မဟုတ်၊ စိတ္တုပ္ပါဒ်တခုထည်း၌ ပညာစေတသိက် နှစ်ခုပေါင်း၍ ဖြစ်သည်ဟု မဖြစ်နိုင်သည်ကိုဆိုသော ဗဟုဉာဏ်တာမျိုးလည်းမဟုတ်၊ စင်စစ်သော်ကား ယောဂီသည် ဝိပဿနာစိတ်၏ မှီရာဝတ္ထု,ကျက်စားရာအာရုံတို့ကို ရှေးဦးကပင် ဉာဏ်ဖြင့်ပိုင်းခြား၍ သိမြင်ပြီးဖြစ်သောကြောင့် ထိုဝတ္ထု, အာရုံတို့ကို မှီကုန်သော အာရုံပြုကုန်သော တရားတို့သည် ဖြစ်,တည်, ချုပ်အားဖြင့် ယောဂီဉာဏ်အား ထင်ရှားဖြစ်ကုန်သည်သာလျှင်တည်းဟု ဥပရိပဏ္ဏာသအဋ္ဌကထာ အနုပဒသုတ်အဖွင့်၌ မိန့်ဆိုတော်မူပါသည်။

ငှင်းဋီကာ၌လည်း သမင်,ဝက်စသော သားကောင်တို့၏ ကျက်စားရာ စားကျက်ကို လေ့လာမှတ်သား ပိုင်းခြားအပ်ပြီးသည်ရှိသော် ထိုစားကျက်၌ရှိကုန်သော သမင်,ဝက်စသော သားကောင်တို့ကို ထိုစားကျက်မှ ထ၍ငှင်း၊ လာ၍ငှင်း မုဆိုးသည် လွယ်ကူစွာ ဘမ်းယူအပ်ကုန်သကဲ့သို့ ထို့အတူပင် ဝတ္ထု,အာရုံတို့ကို ပိုင်းခြားသတ်မှတ်ပြီးသည်ရှိသော် ထိုဝတ္ထု, အာရုံတို့ကို ဥပါဒ်,ဋ္ဌီ,ဘင်အားဖြင့် မှီကုန်သော အာရုံပြုကုန်သော နာမ်တရားတို့ကို လွယ်ကူစွာ သိမြင်နိုင်ကုန်သည်သာလျှင်တည်းဟု မိန့်ဆိုတော်မူလေသည်။

ဆက်ပါဦးမည်၊ ဆိုခဲ့သည့်အတိုင်း အဝိဇ္ဇာစသော အကြောင်းတို့၏ရှိမှု မရှိမှုကြောင့် ရုပ်,နာမ်တို့၏ ဖြစ်ပေါ်မှု ချုပ်ငြိမ်းမှုကိုငှင်း၊ မျက်မှောက်၌ ဥပါဒ်ခဏတိုင်း ဖြစ်မှုနှင့် ဘင်ခဏတိုင်း ပျက်မှုတို့ကိုငှင်း နှလုံးသွင်းသိမြင်ရသော ယောဂီအား ဤယခုမျက်မှောက်၌ သိမြင်ရဆဲသော ရုပ်,နာမ်တို့ကဲ့သို့ပင် အတိတ်ရုပ်,နာမ်တို့သည်လည်း ဥပါဒ်ခဏတိုင်း ဘင်ခဏတိုင်းတို့၌ ဖြစ်ခဲ့ကြ ပျက်ခဲ့ကြလေကုန်ပြီ။ အနာဂတ် ရုပ်,နာမ်တို့သည်လည်း ဤကဲ့သို့ပင် ဖြစ်,ပျက်မစဲ ဖြစ်ကြ,ပျက်ကြကုန်လတ္တံ့’ဟု မျက်မှောက်သိမြင်ရသည်ကို နည်းမှီ၍ အတိတ်,အနာဂတ်ကို နှလုံးသွင်းသိမြင်ခြင်းဟူသော နယမနသိကာရဖြင့်လည်း အထူးသဖြင့် စင်ကြယ်သန့်ရှင်း ထိုးထွင်းသိမြင်နိုင်သော ဥဒယဗ္ဗယဝိပဿနာဉာဏ်သည်ဖြစ်၏။

ထို့ကြောင့် မဟာဋီကာ၌—

“ပဋ္ဌမဥ္စိ ပစ္စုပ္ပန္နဓမ္မာနံ ဥဒယဗ္ဗယံ ဒိသွာ အထ အတီတာ-နာဂတေ နယံ နေတိ”ဟု မိန့်ဆိုတော်မူသည်။

**အနက်** — ဟိ၊ မှန်လှ၏။ ပဥ္စမံ၊ ရှေးဦးစွာ။ ပစ္စုပ္ပန္နမဒ္ဓါနံ၊ ပစ္စုပ္ပန် ဖြစ်ကုန်သော နာမ်,ရုပ်တို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်မှု,ပျက်မှုကို။ ဒိသွာ၊ ရှုမြင် ပြီး၍။ အထ၊ ထိုမှနောက်၌။ အတီတာနာဂတေ၊ အတိတ်,အနာဂတ်ရုပ်, နာမ်၌။ နယံ၊ ရှုမြင်ကြောင်းနည်းကို။ နေတိ၊ ဆောင်၏။

ဤမျှသာမကသေး အဝိဇ္ဇာစသော အကြောင်းတို့၏ ရှိမှု,မရှိမှုကြောင့် ရုပ်,နာမ်တို့၏ ဖြစ်ပေါ်မှု, ချုပ်ငြိမ်းမှုကိုရင်း၊ မျက်မှောက်၌လည်း ဥပါဒ် ခဏတိုင်း ဖြစ်မှုနှင့် ဘင်ခဏတိုင်း ပျက်မှုကိုရင်း နှလုံးသွင်းသိမြင်သူ ယောဂီအား သစ္စာလေးပါး အနုလုံစသော ပဋိစ္စသမုပ္ပါဒ်နည်း အနိစ္စ စသော လက္ခဏာအပြားတို့သည် ပေါ်လွင်ထင်ရှားလာကုန်၏။

ပေါ်လွင်ထင်ရှားပုံကို အနည်းငယ်ဖေါ်ပြပါဦးမည်၊အဝိဇ္ဇာစသော အကြောင်းရှိခြင်းကြောင့် ရုပ်,နာမ်တို့၏ ဖြစ်ပေါ်မှုကို သိမြင်သဖြင့် ရုပ်, နာမ်တို့ကို ဖြစ်စေတတ်သော အကြောင်းတရားကို ထိုးထွင်းသိမြင်သော ကြောင့် သမုဒယသစ္စာ ထင်ရှားလာ၏။ ဥပါဒ်ခဏတိုင်း၌ ရုပ်,နာမ်တို့၏ ဖြစ်မှုကို သိမြင်သဖြင့် ဖြစ်ခြင်းဟူသော ဇာတိဒုက္ခကို ထိုးထွင်းသိမြင်သော ကြောင့် ဒုက္ခသစ္စာထင်ရှားလာ၏။ အဝိဇ္ဇာစသော အကြောင်းတရားတို့၏ မရှိမှုကြောင့် ရုပ်,နာမ်တို့၏ ချုပ်ငြိမ်းခြင်းကို သိမြင်သဖြင့် အကြောင်း တရား၏ကင်းကုန်,ချုပ်ငြိမ်းမှုကြောင့်အကျိုးတရား၏ကင်းကုန်,ချုပ်ငြိမ်းမှုကို ထိုးထွင်းသိမြင်သောကြောင့် နိရောဓသစ္စာ ထင်ရှားလာ၏။

ဘင်ခဏတိုင်း၌ ရုပ်,နာမ်တို့၏ ပျက်မှုကို သိမြင်သဖြင့် ပျက်ခြင်း ဟူသော မရဏဒုက္ခကို ထိုးထွင်းသိမြင်သောကြောင့် ဒုက္ခသစ္စာထင်ရှား လာ၏။ အဝိဇ္ဇာစသော အကြောင်းတို့၏ ရှိမှု,မရှိမှုကြောင့် ရုပ်,နာမ်တို့၏ ဖြစ်ပေါ်မှု, ချုပ်ငြိမ်းမှုကိုရင်း၊ ဥပါဒ်ခဏတိုင်း၌ ဖြစ်မှုနှင့် ဘင်ခဏတိုင်း၌ ပျက်မှုများကိုရင်း သိမြင်တတ်သော ဥဒယဗ္ဗယဉာဏ်နှင့် ဝိတက်စသော တရားစုသည် လောကီမဂ်ပင် ဖြစ်သောကြောင့် မဂ္ဂသစ္စာထင်ရှားလာ၏။

အဝိဇ္ဇာစသော အကြောင်းတရားရှိခြင်းကြောင့် ရုပ်,နာမ်တို့၏ ဖြစ်ပေါ်ရမှုကို သိမြင်သဖြင့် အဝိဇ္ဇာစသော အကြောင်းကြောင့် သင်္ခါရ စသော အကျိုးတရားတို့၏ ဖြစ်ပေါ်မှုကို ထိုးထွင်းသိမြင်သဖြင့်"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"စသည်ဖြင့် ဟောအပ်သော အနုလုံနည်း ပဋိစ္စသမုပ္ပါဒ် သတောာထင်ရှားလာ၏။

အဝိဇ္ဇာစသော အကြောင်းတရားမရှိခြင်း ရုပ်,နာမ်တို့၏ ချုပ်ငြိမ်းမှုကို သိမြင်သဖြင့် အဝိဇ္ဇာစသော အကြောင်းတရား၏ ချုပ်ငြိမ်းခြင်းကြောင့် သင်္ခါရစသော အကျိုးတရား၏ ချုပ်ငြိမ်းမှုကို ထိုးထွင်းသိမြင်သဖြင့် "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော" စသည်ဖြင့် ဟောတော်မူအပ်သော ပဋိလုံနည်း ပဋိစ္စသမုပ္ပါဒ်သဘော ထင်ရှားလာ၏။

အဝိဇ္ဇာစသော အကြောင်းရှိခြင်းကြောင့် ရုပ်,နာမ်တို့၏ ဖြစ်ပေါ်မှုကို သိမြင်သဖြင့် အဝိဇ္ဇာစသော အကြောင်းတရားက "ငါသည် ရုပ်, နာမ်ကို ဖြစ်စေအံ့"ဟု ကြောင့်ကြစိုက်ခြင်း မရှိဘဲလျက် ရှိနေကာမျှဖြင့် အကျိုးရုပ်,နာမ်၏ ဖြစ်ပေါ်ရသည်ကို ထိုးထွင်းသိမြင်သောကြောင့် ဖြစ်အောင်စီမံတတ်သူ "အဓိဋ္ဌာယက"ဟူသော အတ္တမဟုတ်,မရှိခြင်း အနတ္တလက္ခဏာ, အကြောင်းရှိမှ အကျိုးဖြစ်ပေါ်နိုင်သည်ကို ထိုးထွင်းသိမြင်သောကြောင့် အလိုအတိုင်း ဖြစ်ပေါ်တည်နေနိုင်သူ "သယံဝသီ" ဟူသော အတ္တမဟုတ် မရှိခြင်း—အနတ္တလက္ခဏာသည် ထင်ရှားလာ၏။ ဥပါဒ်ခဏတိုင်း၌ ရုပ်,နာမ်တို့၏ ဖြစ်မှုနှင့် ဘင်ခဏတိုင်း၌ ရုပ်,နာမ်တို့၏ ပျက်မှုကို သိမြင်ရသဖြင့် ဖြစ်ပြီးလျှင် ချုပ်ပျက်ခြင်း,ဥပါဒ်ခဏ၏ ရှေ့အတိတ်ကာလ ဘင်ခဏ၏ နောက်အတိတ်ကာလတို့၌ မရှိခြင်းကို ထိုးထွင်းသိမြင်သောကြောင့် အနိစ္စလက္ခဏာ ထင်ရှားလာ၏။ ဖြစ်မှု,ပျက်မှုတို့ဖြင့် အမြဲညှင်းဆဲ နှိပ်စက်ခံနေရသည်ကို ထိုးထွင်းသိမြင်သောကြောင့် ဒုက္ခလက္ခဏာ ထင်ရှားလာ၏။ ဖြစ်မှု,ပျက်မှုတို့ဖြင့် ပိုင်းခြားမှတ်သားအပ်သော ကြမ်းတန်းခက်မာမှု အမူအရာ ခံစားမှုအမူအရာစသော ပထဝီစသည့် ရုပ်ဓာတ်အသီးသီးတို့၏ သဘာဝလက္ခဏာ ဝေဒနာစသည့် နာမ်ဓာတ်အသီးသီးတို့၏ သဘာဝလက္ခဏာသည် ထင်ရှားလာ၏။ ဖြစ်ဆဲခဏ၌ ပျက်မှုမရှိ ပျက်ဆဲခဏ၌ ဖြစ်မှုမရှိသည်ကို ထိုးထွင်းသိမြင်ရသောကြောင့် ဖြစ်မှု,ပျက်မှု ဟူသော သင်္ခတလက္ခဏာ၏ တိုဘောင်းစွာလျှ တခဏ၌သာ ရှိကောင်းသည်၏ အဖြစ်လည်း ထင်ရှားလာ၏။

ထိုသို့ သစ္စာသေးပါး,ပဋိစ္စသမုပ္ပါဒ်နည်း, အနိစ္စစသော လက္ခဏာ, သဘာဝလက္ခဏာ, သင်္ခတလက္ခဏာများ ထင်ရှားပေါ်လွင်လာသည့်တိုင်အောင် ဖြစ်မှု,ပျက်မှုတို့ကို ပွားရှုထင်ထင် မျက်မှောက်အားဖြင့် သိမြင်ရသူ ယောဂီအား ရုပ်,နာမ်ဓမ္မ သင်္ခါရတို့သည် နဂိုက ရှိနေနှင့်သည် မဟုတ်ဘဲလျက် အကြောင်းညီညွတ်၍, ဖြစ်ပေါ်လာကြကုန်၍ ဖြစ်တိုင်း, ဖြစ်တိုင်းလည်း ချုပ်ပျက်ကြကုန်သောကြောင့် အဟောင်းဟူ၍ မကျန်ရစ် အမြဲတန်း အသစ်,အသစ်သာလျှင် ထင်ကုန်၏။

ဤမျှသာမက နေထွက်လာရာအခါ သစ်ရွက်,မျက်ဖျားတို့၌ရှိသော နှင်းဥ-နှင်းခပေါက်များ,ရေပြင်ပေါ်၌ မိုးသီးပေါက်ကျသောအခါဖြစ်သော ရေပွက်ကလေးများ,ရေမျက်နှာပြင်၌ တုတ်ဖြင့် ရေးခြစ်အပ်သော အရေးအကြောင်း, ရူးဖျား, ဆောက်ဖျား၌ တင်ထားအပ်သော မုန်ညှင်းစေ့, ဝင်းကနဲပြက်လိုက်သော လျှပ်စစ်တို့သည် တိုတောင်းနည်းပါးလှသော တခဏ၌သာလျှင် တည်နိုင်ကုန်သကဲ့သို့ ရုပ်,နာမ်ဓမ္မ သင်္ခါရတို့သည် တိုတောင်းနည်းပါးလှသော တခဏ၌သာလျှင် ရှိနိုင်ကုန်သည်ဖြစ်၍လည်း ထင်ကုန်၏။ မျက်လှည့်ဆရာပြအပ်သော မျက်လှည့်,ရေပြင်နှင့် တူလှသော တံလျှပ်,တကယ်ဟု မှတ်သင်ရသော အိပ်မက်,သူမှောင်အတွင်း၌ မီးစဖြင့် ချာချာလှည့် ဝိုင်း၍ပြအပ်သော မီးစက်ကွင်း,ဂန္ဓဗ္ဗနတ်တို့ ဖန်ဆင်းအပ်သော ကောင်းကင်မြို့, ရေမြှုပ်ခဲ, ရေမြှုပ်ဆိုင်, ငှက်ပျောတုန်းစသည်တို့သည် အသုံးကျသော အနှစ်အသား ကင်းကုန်သကဲ့သို့ ရုပ်,နာမ်ဓမ္မ သင်္ခါရသည်လည်း အသုံးကျသော အနိစ္စ,သာရစသည့် အနှစ်အသားမရှိ အချည်းနှီးဖြစ်၍လည်း ထင်ကုန်၏။

ဤသို့လျှင် သမ္မသနညာဏ်ခဏ်း၌ "ယံ ကိဉ္စိ ရူပံ အတီတာနာဂတ-ပစ္စုပ္ပန္နံ"စသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်နှင့် အညီရင်း၊ ဤဥဒယဗ္ဗယညာဏ်ခဏ်း၌"ဇာတံ ရူပံ ပစ္စုပ္ပန္နံ"စသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်နှင့် အညီရင်း၊ ပြဆိုအပ်သော ဘာဝနာအစဉ်တို့ဖြင့် အားထုတ်ရှုပွားသော ယောဂီသည်"ပျက်ခြင်းသဘောရှိသော၊ ဝါ၊ ပျက်လတံ့သော တရားသည်လျှင် ဖြစ်ပေါ်၏၊ ဖြစ်ပေါ်ပြီးသည်နှင့်တပြိုင်နက်လည်း ပျက်၏"ဟု မျက်မှောက်သိမြင်ရသော အခြင်းအရာအားဖြင့် ပြဆိုခဲ့သော လက္ခဏာငါးဆယ်တို့ကို ထိုးထွင်းသိမြင်၍တည်သော ဥဒယဗ္ဗယညာဏ်မည်သော နုသေးသောကြောင့်ရင်း၊အဖြစ်အပျက်ကို ရှုမြင်တတ်သောကြောင့်ရင်း တရုဏဝိပဿနာမည်သောညာဏ်ကို ရရှိပြီးဖြစ်ပါတော့သည်။

ထိုတရုဏဝိပဿနာညာဏ်ကို ရရှိခြင်းဖြင့်ပင် ဆိုခဲ့သော သမ္မသနဘာဝနာအစီအရင် ဥဒယဗ္ဗယဘာဝနာအစီအရင်တို့၌ အားထုတ်ခဲ့ပြီးသောကြောင့်ရင်း၊ ခဏပစ္စုပ္ပန်အားဖြင့်ဖြစ်သော အဖြစ်,အပျက်ကို မျက်မှောက်ရှုမြင်တတ်သောကြောင့်ရင်း"အာရဒ္ဓဝိပဿက"ဟု ဘွဲ့ရအပ်နှင်း ခေါ်သင့်ခြင်းသို့ ချင်းနင်းရောက်ရှိရလေတော့သတည်း။

ဝိသုဒ္ဓိမဂ် ဒု-စာမျက်နှာ(၂၆၉)

ဥဒယဗ္ဗယဉာဏ်ပြီး၏။

## အာရဒ္ဓဝိပဿကအားအဓိမာနဖြစ်ပုံ

ဆက်ပါဦးမည်၊ ဤအာရဒ္ဓဝိပဿကပုဂ္ဂိုလ်ကိုပင် ရည်ရွယ်၍ "အာရဒ္ဓဝိပဿကအား ငါသောတာပန်ဖြစ်ပြီ သကဒါဂါမိဖြစ်ပြီစသည်ဖြင့် အာသင်ရောက်၍ ဘဝင်မြောက်ထောင်လွှားတတ်သော အဓိမာနတရားဖြစ်တတ်သည်"ဟု ပါရာဇိကဏ်အဋ္ဌကထာ သမ္မောအဋ္ဌကထာတို့၌ မိန့်ဆိုတော်မူကြကြောင်းကို "အဓိမာနဖြစ်တတ်သူ"ဟူသော အခန်း၌ ရေးသားဖေါ်ပြခဲ့ပါသည်။

၎င်းအဋ္ဌကထာပါဌ်များကို ပြန်လည်ဖေါ်ပြပါဦးမည်။

"သုပရိသုဒ္ဓသီလဿ ပန ကမ္မဋ္ဌာနေ အပ္ပမတ္တဿ နာမရူပံ ဝဝတ္ထပေတွာ ပစ္စယပရိဂ္ဂဟေန ဝိတိဏ္ဏကင်္ခဿ တိလက္ခဏံ အာရောပေတွာ သင်္ခါရေ သမ္မသန္တဿ အာရဒ္ဓဝိပဿကဿ ဥပ္ပဇ္ဇတိ"။

**အနက်**— ပန၊ အနွယကိုဆိုဦးအံ့။ သုပရိသုဒ္ဓသီလဿ၊ အလွန်စင်ကြယ်သောသီလရှိသော။ ကမ္မဋ္ဌာနေ၊ ကမ္မဋ္ဌာန်းတရား၌။ အပ္ပမတ္တဿ၊ မမေ့မလျော့သော။ နာမရူပံ၊ နာမ်ရုပ်ကို။ ဝဝတ္ထပေတွာ၊ နာမရူပဝဝတ္ထာနဉာဏ်ဖြင့် ပိုင်းခြားမှတ်သား၍။ ပစ္စယပရိဂ္ဂဟေန၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်။ ဝိတိဏ္ဏကင်္ခဿ၊ ကူးမြောက်ပြီးသော ယုံမှားခြင်းရှိသော။ တိလက္ခဏံ၊ လက္ခဏာရေးသုံးပါးသို့။ အာရောပေတွာ၊ တင်၍။ သင်္ခါရေ၊ သင်္ခါရတို့ကို။ သမ္မသန္တဿ၊ ကလာပသမ္မသနဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်သော။ အာရဒ္ဓဝိပဿကဿ၊ ဥဒယဗ္ဗယာနုပဿနာဖြင့် အားထုတ်တတ်၊ အဖြစ်အပျက်ကို ရှုမြင်တတ်သော အာရဒ္ဓဝိပဿကအား။ ("ဥဒယဗ္ဗယာနုပဿနာယ အာရဒ္ဓဝိပဿကဿ"သာရတ္ထဋီကာ၊ အာရဘတီတိ အာရဒ္ဓေါ၊ ဝိပဿတီတိ ဝိပဿကော၊ အာရဒ္ဓေါ စ သော ဝိပဿကော စာတိ အာရဒ္ဓဝိပဿကော-ပြု ။အဓိမာနော၊ အဓိမာနတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။

အာရဒ္ဓဝိပဿကသည်လည်း "သမထမပါ ဝိပဿနာဉာဏ်သက်သက်ကို ရှုသူ သုဒ္ဓဝိပဿနာလာဘီ အာရဒ္ဓဝိပဿက၊ သမထဝိပဿနာ နှစ်ပါးစုံကို ရှုသူ သမထဝိပဿနာလာဘီအာရဒ္ဓဝိပဿက"ဟူ၍ နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးတို့တွင် သုဒ္ဓဝိပဿနာလာဘီပုဂ္ဂိုလ်သည် ဆယ်နှစ်၊ အနှစ်နှစ်ဆယ်စသည်တို့ပတ်လုံး မိမိသန္တာန်၌ ကိလေသာဖြစ်ပေါ်မှုကို

မတွေ့မမြင်ရသောကြောင့် "ငါသောတာပန်ဖြစ်ပြီ" ဟူ၍သော်၎င်း၊ "ငါသကဒါဂါမိဖြစ်ပြီ"ဟူ၍သော်၎င်း၊ "ငါအနာဂါမိဖြစ်ပြီ"ဟူ၍သော်၎င်း အဆင်ရောက်ကာ ဘဝင်မြောက်ထောင်လွှားမှုရှိသော အဓိမာနိကဖြစ်တတ်ပါသည်။ (ဝိပဿနာမပါ သမထသက်သက်ကို အားထုတ်၍ ဈာန်ရရှိသူ သမထလာဘီ ပုဂ္ဂိုလ်သည်လည်း သမထ၏အစွမ်းအားဖြင့် ကိလေသာကို ပယ်ခွါရကား မိမိသန္တာန်၌ ကိလေသာဖြစ်ပေါ်သည်ကို မတွေ့မမြင်ရသောကြောင့် "ငါအရိယာဖြစ်ပြီ"ဟု ထင်မှတ်ထောင်လွှားမှုရှိသော အဓိမာနိကဖြစ်တတ်ကြောင်းကိုလည်း ၎င်းအဋ္ဌကထာတို့၌ ပြဆိုတော်မူပါသေးသည်)။

သမထဝိပဿနာလာဘီပုဂ္ဂိုလ်မှာ သမထ၏အစွမ်းအားဖြင့် ကိလေသာတို့ကို ခွါထားပြီးဖြစ်သောကြောင့်၎င်း၊ ဝိပဿနာဉာဏ်၏အစွမ်းဖြင့် ရုပ်,နာမ်သင်္ခါရတို့ကို ကောင်းစွာသိမ်းဆည်း သိမြင်ပြီးသောကြောင့်၎င်း ထိုသမထဝိပဿနာလာဘီပုဂ္ဂိုလ်အား အနှစ်ခြောက်ဆယ် အနှစ်ရှစ်ဆယ် အနှစ်တရာတို့ပတ်လုံး ကိလေသာတို့ မဖြစ်နိုင်ကုန်၊ ၎င်း၏စိတ်၏ ကျက်စားရာအာရုံသည်လည်း ရဟန္တာ၏ စိတ်အာရုံကဲ့သို့ပင်ဖြစ်၏၊ ဤသို့ ကာလရှည်ကြာစွာ မိမိသန္တာန်၌ ကိလေသာဖြစ်ပေါ်သည်ကို မတွေ့မမြင်ရသောကြောင့် "ငါသောတာပန်ဖြစ်ပြီ"စသည်ဖြင့် အောက်မဂ်, အောက်ဖိုလ်များတွင်သာ မရပ်မနားတော့ဘဲ "ငါရဟန္တာဖြစ်ပြီ"ဟူ၍ သာလျှင် လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်မှုရှိသော အဓိမာနိကဖြစ်တတ်ပါသည်။
(ပါရာဇိကကဏ်အဋ္ဌကထာ-စာမျက်နှာ-၈၀။ သမ္မော-စာမျက်နှာ-၄၇၀)

ဤကား ပါရာဇိကကဏ်အဋ္ဌကထာ, သမ္မောအဋ္ဌကထာတို့၌ ပြဆိုအပ်သော အာရဒ္ဓဝိပဿကအား အဓိမာနတရားဖြစ်ပုံတည်း။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ကား အာရဒ္ဓဝိပဿကဖြစ်ပြီး၍ မိမိသန္တာန်၌ ကိလေသာဖြစ်ပေါ်မှုကို မတွေ့မမြင်သောကြောင့် အဓိမာနတရားဖြစ်ပုံကို မပြမဆိုဘဲ "အထသ္သ ဣမာယ တရုဏဝိပဿနာယ အာရဒ္ဓဝိပဿကဿ ဒသဝိပဿ-နုပက္ကိလေသာ ဥပ္ပဇ္ဇန္တိ"အစရှိသည်ဖြင့် ဆိုခဲ့သည့်အတိုင်း အာရဒ္ဓဝိပဿကမည်နာမဖြင့် ဘွဲ့ရအပ်နှင်း မှည့်ခေါ်ခြင်းသို့ ချင်းနင်းရောက်ရှိပြီးသည့်မှ နောက်ကာလ၌ ဤသစ်လွင်နုနယ်သေးသော ဥဒယဗ္ဗယဝိပဿနာဉာဏ်ဖြင့်ပင် အားထုတ်တတ် အဖြစ်,အပျက်ကို ရှုမြင်တတ်သော ယောဂီအား ဆယ်ပါးကုန်သော ဝိပဿနာကို ညစ်ညူးစေတတ်ကုန်သော ဝိပဿန

ပဏ္ဍိလေသတရားတို့သည် ဖြစ်ပေါ်ကုန်၏။ ထိုဝိပဿနုပက္ကိလေသတရားတို့ကိုပင် "မဂ်,ဖိုလ်,နိဗ္ဗာန်"ဟု ထင်မှတ်ယူဆ၍ "ငါ မဂ်,ဖိုလ်ရပြီ"ဟု အထင်ရောက်ကာ ဘဝင်မြောက်ထောင်လွှားမှု အဓိမာနဖြစ်တတ်ကြောင်း အဓိပ္ပါယ်ကို အကျယ်တဝင့် ပြဆိုတော်မူပါသည်။

သိသာနိုင်ဘွယ် အနက်အဓိပ္ပါယ်ကို အကျယ်ဆက်လက် ဖော်ပြပါဦးမည်။

"ဝိပဿနုပက္ကိလေသတရား ဆယ်ပါးတို့သည် အရိယာပုဂ္ဂိုလ်အားငှင်း၊ ဘင်္ဂါနုပဿနာစသော အထက်ဝိပဿနာဉာဏ်များသို့ ရောက်ရှိပြီးသူအားငှင်း၊သီလပျက်ပြားမှောက်မှားအကျင့်ရှိသူအားငှင်း၊ဝိပဿနာကို အားထုတ်လျက် မပြီးမြောက်မီ အကြား၌ ဝိပဿနာကိုချထား၍ ရပ်နားသူ, ဖြတ်ထားသူအားငှင်း၊ ဝိပဿနာကို အားမထုတ်သူ လူပျင်းအားငှင်း မဖြစ်နိုင်ကုန်"ဟု အဋ္ဌကထာဆရာ ပြဆိုတော်မူပြီးလျှင် ကောင်းသော အကျင့်ရှိသော ရှေ့လုံ့လ, နောက်လုံ့လနှင့်စပ်၍ မပြတ်အားထုတ်သော အာရဒ္ဓဝိပဿက အမျိုးကောင်းသားအားကား မသွေမုချ ဖြစ်လာကြကြောင်းကို—

"သမ္မာ ပဋိပန္နကဿ ပန ယုတ္တပယုတ္တဿ အာရဒ္ဓဝိပဿကဿ ကုလပုတ္တဿ ဥပ္ပဇ္ဇန္တိယေဝ"ဟု ဆက်လက်ပြဆိုတော်မူပါသည်။

## ဝိပဿနုပက္ကိလေသများ

ဝိပဿနုပက္ကိလေသဆယ်ပါးကား—

၁။ ဩဘာသ, ၂။ ဉာဏ, ၃။ ပီတိ, ၄။ ပဿဒ္ဓိ, ၅။ သုခ, ၆။ အဓိမောက္ခ, ၇။ ပဂ္ဂဟ, ၈။ ဥပဋ္ဌာန, ၉။ ဥပေက္ခာ, ၁၀။ နိကန္တိ ဟူ၍ ဆယ်ပါးတည်း။

ဩဘာသ– ဩဘာသဟူသည်မှာ "ဩဘာသောတိ ဝိပဿနောဘာသော"ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ကြည်လင်လှသော ဥဒယဗ္ဗယ ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်သော အလင်းရောင်ဖြစ်၏။ ထိုအလင်း

ရောင်သည် အားရှိကြည့်လင်သည့် ဉာဏ်အားလျော်စွာ အချို့ယောဂီအား တရားအားထုတ်လျက် ထိုင်နေရာအရပ်မျှကိုသာ ပြန့်နှံ့စေလျက် ထွန်းလင်း၏။ အချို့ယောဂီအား တခန်းလုံးကိုသော်၎င်း၊ တကျောင်းလုံးကိုသော်၎င်း၊ ဂါဝုတ်,ယူဇနာများမှစ၍ တကမ္ဘာလုံးကိုသော်၎င်း ပြန့်နှံ့စေ၍ ထွန်းလင်း၏။ ထိုအရောင်အလင်းကို ယောဂီကိုယ်တိုင်သာ မြင်နိုင်၏။ ညအခါဖြစ်စေ နေ့အခါဖြစ်စေ ထိုအရောင်အလင်း ပြန့်နှံ့ရောက်ရှိရာအရပ် ဟူသမျှ၌ ရှိရှိသမျှသော သက်ရှိ,သက်မဲ့အဆင်းသဏ္ဌာန်တို့ကိုလည်း ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်ရသကဲ့သို့ ထင်ရှားစွာ မှန်ကန်စွာ မြင်ရ၏။

ဝိပဿနာဉာဏ်အားလျော်စွာ အလင်းရောင်ဖြစ်ခြင်း မတူထူးခြားပုံ ဝတ္ထုမှာ စိတ္တလတောင်တွင် နံရံနှစ်ထပ်ရှိသောကျောင်း၌ ရဟန်းတော်နှစ်ပါးတို့ တရားအားထုတ်လျက် ထိုင်နေကြရာ မထေရ်ငယ်က "အရှင်ဘုရား ယခုအခါ စေတီယင်ပြင်မြတ်သောနေရာ၌ ဖြန့်ခင်းအပ်ကုန်သော အဆင်းငါးမျိုးရှိကုန်သော ပန်းတို့သည် တပည့်တော်အား ထင်ရှားပေါ်လွင်ကုန်၏"ဟု လျှောက်ထားလေ၏။ ထိုအခါ မထေရ်ကြီးက "ငါ့ရှင် ထိုစကားသည် မအူးဆန်းလှသည်ကို ပြောဆိုခြင်းသာဖြစ်၏၊ ငါ့အားမူကား ယခုအခါ၌ သမုဒ္ဒရာတွင် တယူဇနာခန့်မျှသော အရပ်၌ရှိကုန်သော ငါး,လိပ်တို့သည် ထင်ရှားပေါ်လွင်ကုန်၏"ဟု ပြန်လည်မိန့်ကြားသတတ်။

သဂါထာဝဂ္ဂသံယုတ်ပါဠိ သုဒတ္တသုတ်ကို ထောက်ထား၍ "ဗုဒ္ဓါနုဿတိသမာဓိစသည်တို့ကြောင့်လည်း အလင်းရောင်ဖြစ်ပေါ်တတ်သည်"ဟု သိမှတ်အပ်၏။

ဆက်ဦးအံ့၊ ထိုသို့ အလင်းရောင် ဖြစ်ပေါ်သည်ရှိသော် ယောဂီသည် "ငါ့အား မဖြစ်စဘူး အလွန်ထူးသော အလင်းရောင်ဖြစ်ပေါ်ပြီ၊ ငါသည် ကေန်မုချ ဤအလင်းရောင်ကို ဖြစ်စေတတ်သော မဂ်,ဖိုလ်တရားထူးသို့ ရောက်ပေပြီ"ဟု မဂ်,ဖိုလ်မဟုတ်သော ဝိပဿနာကိုပင် "မဂ်,ဖိုလ်"ဟု လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်မှုဟူသော အဓိမာနဖြင့် စွဲလမ်းယူဆလေ၏။ ထိုသို့ အဓိမာနဖြင့် စွဲလမ်းယူဆသူ ယောဂီ၏ ဝိပဿနာဒေးစဉ်သည်လည်း မဂ်,ဖိုလ်ရရန် လမ်းရိုး,လမ်းမှန်မှ ဘောက်ပြန်ကာ ချွတ်လွဲ၍ ဖဲတော့သည်မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌—

"တဿ အမဂ္ဂံ မဂ္ဂေါတိ အဖလံ ဖလန္တိ ဂဏှတော ဝိပဿနာဝီထိ ဥက္ကန္တာနာမ ဟောတိ"ဟု မိန့်ဆိုတော်မူပါသည်။

**အနက်**— အမဂ္ဂံ၊ မဂ်မဟုတ်သည်ကို။ မဂ္ဂေါတိ၊ မဂ်ဟူ၍။ အဖလံ၊ ဖိုလ်မဟုတ်သည်ကို။ ဖလန္တိ၊ ဖိုလ်ဟူ၍။ ဂဏှတော၊ စွဲလမ်းယူမှားသော။ တဿ၊ ထိုယောဂီ၏။ ဝိပဿနာဝီထိ၊ ဝိပဿနာအစဉ်သည်။ ဥက္ကန္တာနာမ၊ လမ်းရိုးမှဖယ်သည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ယောဂိနော၊ ယောဂီသည်။ မဂ္ဂပတ္တော၊ မဂ်သို့ရောက်သည်။ အမှိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အဓိမာနေန၊ "မဂ်,ဖိုလ်ကိုရပြီ"ဟုဖြစ်သောအဓိမာနတရားဖြင့်။ ဝိဿဋ္ဌတ္တာ၊ စွန့်လွှတ်အပ်သည်၏ အဖြစ်ကြောင့်တည်း။

ဥက္ကန္တာနာမ ဟောတိ ယောဂိနော "မဂ္ဂပ္ပတ္တောမှိ"တိ အဓိမာနေန ဝိဿဋ္ဌတ္တာ။ (မဟာဋီကာဟိတ်)

**ဉာဏ**— "ဉာဏ"ဟူသည်မှာ "ဉာဏန္တိ ဝိပဿနာ ဉာဏံ"ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဖြစ်မှု,ပျက်မှုကို ရှုမြင်တတ်သော ဥဒယဗ္ဗယဝိပဿနာဉာဏ်ပင် ဖြစ်ပါသည်။ ရှေ့ဦးအံ့၊ အဝိဇ္ဇာစသော အကြောင်းတရား,မိတ်,ဥတုစသော အကြောင်းတရားတို့ရှိမှု မရှိမှုကြောင့် ဘာဝအားဖြင့်ရင်း၊ သန္တတိအားဖြင့်ရင်း၊ ခဏအားဖြင့်ရင်း "ဤသို့လည်းဖြစ်၏ ဤသို့လည်း ပျက်၏"ဟု နာမ်,ရုပ်တို့ကို နှိုင်းချိန်စုံစမ်းသူ ထိုဥဒယဗ္ဗယဉာဏ်ကို အပြီးအဆုံးသို့ ရောက်စေသူ ယောဂီအား သိကြားမင်းပစ်လွှတ်အပ်သော မိုးကြိုးစက်ကွဲသို့ မပျက်သောအဘုန်ရှိသော ထက်သော တန်ခိုးရှိသော အဖန်ဖန်ပွားများသောအားဖြင့် သွေးအပ်သည်ဖြစ်၍ အလွန်ထက်သော မဂ်ဉာဏ်ဟူ၍ မှတ်ထင်လောက်သော ရုပ်,နာမ်တို့၏ ဖြစ်တိုင်း,ပျက်တိုင်းသော ဖြစ်မှု,ပျက်မှုကို တိကျထင်ရှားစွာ သိမြင်နိုင်သောဉာဏ်သည် ဖြစ်၏။

**ပီတိ**—"ပီတိ"ဟူသည်မှာ "ပီတီတိ ဝိပဿနာပီတိ"ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဥဒယဗ္ဗယဝိပဿနာဉာဏ်နှင့် ယှဉ်၍ဖြစ်သော နှစ်သက်မှုပေတည်း။ ရှေ့ဦးအံ့၊ ဆိုခဲ့သည့်အတိုင်း ရုပ်,နာမ်တို့၏ ဖြစ်တိုင်း,ပျက်တိုင်းသော ဖြစ်မှု,ပျက်မှုကို တိကျထင်ရှားစွာ မျက်မှောက်သိမြင်လျက်ရှိသော ယောဂီအား ခုဒ္ဒကာပီတိစသော ပီတိငါးပါးသည် တကိုယ်လုံးကို ချောက်ချားစေ,ပြည့်စေလျက်ဖြစ်၏။

ဂီတ်ငါးပါးတို့တွင် "ခုဒ္ဒိကာပီတိ"ဟူသည်မှာ ကိုယ်တွင်း၌ စိမ့်ခနဲ့, ငြိမ့်ခနဲ့အားဖြင့်ဖြစ်၍ ကြက်သီး,မွေးညင်းထစေလျက် တကြိမ်တည်းသာ ဖြစ်တတ်သော ပီတိမျိုးပေတည်း။

အောက်ပါပါဠိ, အဋ္ဌကထာများကို ထောက်ထား၍ "ပီတ်သည် မျက်ရည်များ ယိုစီးကျဆင်းခြင်းကိုလည်း ဖြစ်စေတတ်သည်"ဟု သိမှတ်ရပါသည်၊ "ထိုပီတိမျိုးကိုလည်း ခုဒ္ဒိကာပီတိ၌ ထည့်သွင်းသင့်သည်"ဟု ထင်ပါသည်။

"ကေသာ ခေါ မဟာရာဇ အဿု ရာဂဒေါသမောဟေဟိ သမလံ ဥဏှံ၊ ကေသာ ပီတိသောမနဿေန ဝိမလံ သီတလံ၊ ယံ ခေါ မဟာရာဇ သီတလံ၊ တံ ဘေသဇ္ဇံ၊ ယံ ဥဏှံ၊ တံ န ဘေသဇ္ဇံ"။

(မိလိန္ဒပဥှပါဠိ,အဿုဘေဘာဇ္ဇာဘေသဇ္ဇပဥှ)။

**အနက်**— မဟာရာဇ၊ မင်းကြီး။ ခေါ၊ စင်စစ်။ ကေသာ၊ အမိ သေခြင်းကြောင့်ငိုသော တယောက်သောသူ၏။ အဿု၊ မျက်ရည်သည်။ ရာဂဒေါသမောဟေဟိ၊ ရာဂဒေါသမောဟတို့ဖြင့်။ သမလံ၊ အညစ်အကြေးရှိ၏။ ဥဏှံ၊ ပူ၏။ ကေသာ၊ တရားတော်ကို ချစ်မြတ်နိုးခြင်းကြောင့် ငိုသော တယောက်သောသူ၏။ အဿု၊ မျက်ရည်သည်။ ပီတိသောမနဿေန၊ ပီတိသောမနဿဖြင့်။ ဝါ၊ နှစ်သက်ခြင်း,ဝမ်းမြောက်ခြင်းဖြင့်။ ဝိမလံ၊ အညစ်အကြေးကင်း၏။ သီတလံ၊ အေးမြ၏။ မဟာရာဇ၊ မင်းကြီး။ ခေါ၊ စင်စစ်။ ယံ၊ အကြင်မျက်ရည်သည်။ သီတလံ။ အေးမြ၏။ တံ၊ ထိုမျက်ရည်သည်။ ဘေသဇ္ဇံ၊ ကိလေသာကို ပျောက်စေတတ်သော ဆေးဖြစ်၏။ ယံ၊ အကြင်မျက်ရည်သည်၊ ဥဏှံ၊ ပူ၏။ တံ၊ ထိုမျက်ရည်သည်။ န ဘေသဇ္ဇံ၊ ကိလေသာကို ပျောက်စေတတ်သော ဆေးမဟုတ်။

"ယာပနေသာ ဗုဒ္ဓံ ကထေန္တဿဝါ သုဏန္တဿဝါ ဝါစေန္တဿဝါ အန္တော ဥပ္ပဇ္ဇမာနာ ပီတိ ဥဒဂ္ဂဘာဝံ ဇနေတိ၊ အဿူနိ ပဝတ္တေတိ၊ လောမဟံသံ ဇနေတိ၊ သာယံ သံသာရဝဋ္ဋဿ အန္တံ ကတွာ အရဟတ္တပရိယောသာနာ ဟောတိ"။

(ဓမ္မပဒအဋ္ဌကထာသတ္တုပဉ္စကဝတ္ထု)

အနက်— ဓမ္မံ၊ တရားကို။ ကထေန္တဿ ဝါ၊ ဟောသူ၏ရင်း။ သုဏန္တဿ ဝါ၊ နာသူ၏ရင်း။ ဝါစေန္တဿ ဝါ၊ ပို့ချသူ၏ရင်း။ အန္တော၊ စိတ်အတွင်း၌။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ပေါ်သော။ ယာပနေသာ ပီတိ၊ အကြင်ပီတိသည်ကား။ ဥဒဂ္ဂဘာဝံ၊ တက်ကြွသည်၏အဖြစ်ကို။ ဇနေတိ၊ ဖြစ်စေ၏။ အဿူနိ၊ မျက်ရည်တို့ကို။ ပဝတ္တေတိ၊ ဖြစ်စေ လည်စေ ကျစေ၏။ လောမဟံသံ၊ ကြက်သီးမွေးညှင်းထခြင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ သာယံပီတိ၊ ထိုပီတိသည်။ သံသာရဝဋ္ဋဿ၊ သံသရာဝဋ်ဆင်းရဲ၏။ အန္တံ၊ အဆုံးကို။ ကတွာ၊ ပြု၍။ အရဟတ္တပရိယောသာနာ၊ အရဟတ္တဖိုလ်လျှင် အဆုံးရှိသည်။ ဟောတိ၊ ဖြစ်၏။

**ခဏိကာပီတိ**—ဟူသည်မှာ ကိုယ်တွင်း၌ စိမ့်ခနဲ၊ ငြိမ့်ခနဲ၊ လှိုက်လှိုက်အားဖြင့် လျှပ်စစ်ပျက်သကဲ့သို့ အကြိမ်များစွာ ဖြစ်ပေါ်တတ်သော ပီတိမျိုးပေတည်း။

**ဩက္ကန္တိကာပီတိ**—ဟူသည်မှာ ကမ်းခြေကို လွှမ်းမိုးတော့မည်ကဲ့သို့ သမုဒ္ဒရာအလယ်မှ အလုံးကြီးစွာ အဟုန်ကြီးစွာ ကမ်းခြေသို့ လိမ့်၍လာသော လှိုင်းလုံးကြီးများသည် ကမ်းအနီးသို့ ရောက်လျှင် ပြိုကွဲပြေပျောက်ကုန်သကဲ့သို့ တကိုယ်လုံးကို လွှမ်းဖုံးအုပ်မိုးတော့မည်ကဲ့သို့ ခုဒ္ဒိကာပီတိ၊ ခဏိကာပီတိတို့ထက် ပြင်းထန်ကြီးမားသော အဟုန်ဖြင့် အကြိမ်များစွာ ဖြစ်ပေါ်၍ အကြိမ်များစွာ ပြေပျောက်သွားတတ်သော ပီတိမျိုးပေတည်း။

**ဥဗ္ဗေဂါပီတိ**—ဟူသည်မှာ ကိုယ်အင်္ဂါအစိပ်အပိုင်းတို့ကိုသော်၎င်း၊ တကိုယ်လုံးကိုသော်၎င်း အထက်သို့ မြင့်ကြွမြောက်တက်သည်ကို ဖြစ်စေနိုင်သည့်ပြင် ကောင်းကင်သို့ ပျံတက်စေနိုင်လောက်သော အာနုဘော်ကြီးမား အားကောင်းလှသော ပီတိမျိုးပေတည်း။

သီဟိုဠ်ကျွန်း ပုဏ္ဏဝလ္လိကကျောင်း၌ သီတင်းသုံးနေထိုင်လေ့ရှိတော်မူသော မဟာတိဿမထေရ်သည် မဟာစေတီကို အာရုံပြုကြည်ညိုသောအားဖြင့် ဘုရားလျှင် အာရုံရှိသော ဥဗ္ဗေဂါပီတိကိုဖြစ်စေ၍ ကောင်းကင်သို့ ပျံတက်ကာ မဟာစေတီယင်ပြင်သို့ ရောက်ရှိဘူးလေသည်။

ဂိရိကဏ္ဍကကျောင်း၏ ဆွမ်းခံရွာ ဝတ္တကာဠကရွာသူ ကိုယ်ဝန်ဆောင် အမျိုးသမီးတဦးသည်လည်း ကိုယ်ဝန်ရှိခြင်းကြောင့် ဂိရိကဏ္ဍက ဘုရား တောင်ပေါ်ကျောင်းသို့ ဘုရားဖူး၊တရားနာမလိုက်ရဘဲ အိမ်စောင့်

အဖြစ်နေရစ်ရရာတွင် ထိုဂိရိကဏ္ဍကတောင်ပေါ်ရှိ အာကာသစေတီတော်ကိုပင် အာရုံပြုကြည်ညိုသောအားဖြင့် ဘုရားလျှင်အာရုံရှိသော ဥဗ္ဗေဂါပီတိကိုဖြစ်စေ၍ ပီတိ၏အစွမ်းဖြင့် မိုးပေါ်သို့ပျံတက်ကာ အဆိုပါစေတီယင်ပြင်သို့ ရောက်ဘူးလေပြီ။

ဖရဏာပီတိ—ဟူသည်မှာ ပီတိကြောင့်ဖြစ်သော အလွန်ငြိမ်းအေးချမ်းသာသော ရုပ်တို့ဖြင့် ပြန့်နှံ့စေတတ်သော ပီတိမျိုးပေတည်း။ ထိုဖရဏာပီတိ ဖြစ်ပေါ်သည်ရှိသော် လေအပြည့် မှုတ်သွင်းထားသော လေစည်ဘောင်းသည် ထက်ဝန်းကျင် အနှံ့အပြား၌ လေဖြင့် တွေ့ထိနေသကဲ့သို့ရင်း၊ ဆီဆွတ်ထားသော ဝါဂွမ်းဆိုင်သည် ထက်ဝန်းကျင် အနှံ့အပြား၌ ဆီဖြင့်တွေ့ထိနေသကဲ့သို့ရင်း၊ ကြီးစွာသော ရေအလျဉ်ဖြင့် စီးဝင်အပ်သော တောင်ဝှမ်းသည် ထက်ဝန်းကျင် အနှံ့အပြား၌ ရေဖြင့် တွေ့ထိ စွတ်စိုသကဲ့သို့ရင်း တကိုယ်လုံးသည် ပီတိကြောင့်ဖြစ်သော အလွန်ငြိမ်းအေးချမ်းသာသော ရုပ်တို့ဖြင့် အနှံ့အပြား တွေ့ထိ၍နေလေ၏။

မဟာကပ္ပိနမင်းကြီးအား "ဘုရား"ဟု ကြားရခါမျှ တခဏအတွင်း၌ ပီတိသည်၊ ဝါ၊ ပီတိကြောင့်ဖြစ်သော အလွန်ငြိမ်းအေးချမ်းသာသော ရုပ်အစဉ်သည် တကိုယ်လုံးကို ပြန့်နှံ့တွေ့ထိ၍ ဖြစ်ကြောင်းကို ထေရအဋ္ဌကထာ၌—

"ရညော ဗုဒ္ဓေါတိ ဝစနေ သုတမတ္တေယေဝ သကလသရီရံ ဖရမာနာ ပီတိ ဥပ္ပဇ္ဇိ"ဟု မိန့်ဆိုတော်မူလေသည်။

ထိုမဟာကပ္ပိနမင်းကြီးအားဖြစ်သော ပီတိကိုလည်း ဖရဏာပီတိဟူ၍ပင် မှတ်ယူသင့်ပါသည်။ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာလာ ခနာထပိဏ်သူဌေးသည်ကား ရာဇဂြိုဟ်သူဌေး၏ ခံတွင်းမှ မြွက်ဆိုခြောကြားအပ်သော "ဘုရား"ဟူသောအသံကို ကြားသိရသောကြောင့် ပီတိငါးမျိုးစလုံးကို ရရှိကြောင်းကို မိန့်ဆိုတော်မူပြီးလျှင် ထိုအနာထပိဏ်သူဌေး၏ တကိုယ်လုံး၌ ပီတိဖြစ်ပုံကိုသည်း၊ ဝါ၊ ဖရဏာပီတိဖြစ်ပုံကိုလည်း—

"သာ တဿ သီသေန ဥဋ္ဌာယ ယာဝ ပါဒပိဋ္ဌိယာ ပါဒပိဋ္ဌိယာ ဥဋ္ဌာယ ယာဝ သီသာ ဂစ္ဆတိ၊ ဥဘတော ဥဋ္ဌာယ မဇ္ဈေ ဩသရတိ၊ မဇ္ဈေ ဥဋ္ဌာယ ဥဘတော ဂစ္ဆတိ"။

လိုပိဘိသည် အနာထပိဏ်သူဌေး၏ ဦးခေါင်းမှ စတင်ဖြစ်ပေါ်၍ ခြေဖမိုးဘိုင်အောင်ရင်း၊ ခြေဖမိုးမှ စတင်ဖြစ်ပေါ်၍ ဦးခေါင်းတိုင်အောင်ရင်း အဆင့်ဆင့်ပွား၍ သွားလေ၏။ ဦးခေါင်းနှင့်ခြေဟူသော နှစ်ဘက်စလုံးမှ စတင်ဖြစ်ပေါ်၍ ကိုယ်၏အလယ်ပိုင်း၌ စုဝေးသက်ဝင်၏၊ ကိုယ်၏အလယ်ပိုင်းမှ စတင်ဖြစ်ပေါ်၍ ဦးခေါင်းနှင့်ခြေဟူသော နှစ်ဘက်စလုံးသို့ အဆင့်ဆင့်ပွား၍သွား၏”ဟု ဆက်လက်ပြဆိုတော်မူပါသည်။

ဤ“ဦးခေါင်းမှ စတင်ဖြစ်ပေါ်၍”စသော စကားစုကို ပီတိကြောင့်ဖြစ်သော ရုပ်အစဉ်တို့၏ ဖြစ်ပေါ်,ပြန့်နှံ့ခြင်း၏ အစွမ်းအားဖြင့် ပီတိကိုမှတ်၍၊ ဝါ၊ ကာရဏူပစာအားဖြင့် တင်စား၍ အဋ္ဌကထာဆရာ ဆိုတော်မူသည်။ ဋီကာ စာမျက်နှာ(၃၁၅)

ပဿဒ္ဓိ–“ပဿဒ္ဓိ”ဟူသည်မှာ“ပဿဒ္ဓိတိ ဝိပဿနာပဿဒ္ဓိ”ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဝိပဿနာဉာဏ်နှင့်ယှဉ်သော ကိုယ်ရောစိတ်ပါ ပူဗျာကင်းရှင်း ငြိမ်းအေးခြင်းသဘောပေတည်း။

ဆက်ဦးအံ့၊ ကိုယ်တွင်း,စိတ်တွင်း၌ ငြိမ်းအေးခြင်းဟူသော ပဿဒ္ဓိဖြစ်ပေါ်လျှင် ရင်းနှင့်အတူဖြစ်ဘက် လဟုတာ,မုဒုတာစသည် ငါးပါးလည်း ဖြစ်ပေါ်မြဲဖြစ်သောကြောင့် နေ့,ညမဟူ ယောဂီ၏ ကိုယ်စိတ်တို့သည် ဆိုခဲ့သည့်အတိုင်း ပူဗျာကင်းပ ငြိမ်းအေးလှသည့်ပြင် လေးလံခြင်းမရှိ ပေါ့ပါးသွက်လက်၏ ဣရိယာပုထ်လေးပါး ကွေးမှုဆန့်မှုစသော ကိုယ်အမှုအရာများနှင့် ဘာဝနာဉာဏ် သဒ္ဓါတရားစသော စိတ်အမှုအရာများသည် အထူးလျှင်မြန် ပေါ့ပါးသွက်လက်လျက်ရှိ၏၊ ကိုယ်,စိတ်ကြမ်းတန်းခက်ထန်မှုမရှိ နူးညံ့ပြေပျောင်း၏၊ ရိုသေကျိုးနွံ၏၊ ကြမ်းတန်းမှုကို မပြုသို,မတွေ့လိုဖြစ်၏။ ဘာဝနာပွားခြင်းစသော ကုသိုလ်မှုတို့၌ ကိုယ်,စိတ်ခလျောက်ပတ်မှု အခန့်မသင့်မှု မအီမသာဖြစ်မှုမရှိ၊ အထူးခန့်ကြမ်းလျောက်ပတ်၍ အထူးစွမ်းနိုင်၏၊ ဘာဝနာပွားခြင်းစသော ကုသိုလ်မှုတို့၌ ကိုယ်၏ပင်ပန်းခြင်း ညောင်းညာခြင်းမရှိ စိတ်၏ပင်ပန်းခြင်း ပျံ့လွင့်ပျင်းရိခြင်းခရှိ၊ ကိုယ်၏ပင်ပန်းခြင်း ညောင်းညာခြင်းစသည်တို့မှရင်း၊ စိတ်၏ပင်ပန်းခြင်း ပျံ့လွင့်ပျင်းရိခြင်း စသည်တို့မှရင်း အလွန်သန့်ရှင်းစင်ကြယ်လှ၏၊ မသမာသော ဉာဏ်နီ,ဉာဏ်နက်တို့ဖြင့် လိမ်လည်လှည့်ဖျားလိုမှု ဟန်ဆောင်လိုမှုမရှိ၊ ကိုယ်,စိတ်နှစ်ပါး အလွန်ဖြူစင်ဖြောင့်စင်း၏။

ဤဖေါ်ပြခဲ့သော ကိုယ်ရော,စိတ်ပါ ပူဇျာကင်းရှင်း ငြိမ်းအေးခြင်းသဘော ပဿဒ္ဓိ,လေးလံခြင်းမရှိ ပကတိပေါ့ပါးသွက်လက်မှု လဟုတာစသည့် တရားခြောက်ပါးတို့ဖြင့် ထုံပွားချီးမြှောက် တည်ဆောက်အပ်သော ကိုယ်,စိတ်ရှိသော ယောဂီသည် ရုပ်,နာမ်တို့၏ ဖြစ်မှု,ပျက်မှုကို ပွားရှုသုံးသပ်မြင်နေရာ ထိုအခါ၌ လူနတ်တို့၏ ကာမဂုဏ်ချမ်းသာကို လွန်မြောက်၍ အလွန်အကြူး အထူးသဖြင့် မွန်မြတ်သော "အမာနုသီရတိ"မည်သော ဝိပဿနာပီတိ သောမနဿဟူသော ကိုယ်,စိတ်နှစ်ဖြာ လွန်စွာချမ်းမြေ့ ငြိမ်းအေးမွေ့လျော်ခြင်းကို မယှဉ်းခံစားနေရသည်ကို ဝိသုဒ္ဓိမဂ်၌—

"တသ္မိံ သမယေ အမာနုသိံနာမ ရတိံ အနုဘဝတိ"ဟု မိန့်ဆိုတော်မူပါသည်။

ဓမ္မပဒပါဠိတော်၌လည်း—

**သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။**
**အမာနုသီ ရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။ ။**

ဟု ဟောတော်မူပါသည်။

**သုခ**—"သုခ"ဟူသည်မှာ "သုခဉ္စ ဝိပဿနာသုခံ"ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဝိပဿနာစိတ်နှင့်ယှဉ်သော မာနသိကသုခပေတည်း။ ဝါ၊ သောမနဿဝေဒနာပေတည်း။

ထိုသောမနဿ သုခဝေဒနာသည် ဖြစ်ပေါ်ရာအခါ၌ ယောဂီ၏ တကိုယ်လုံးကို သုခဝေဒနာကြောင့်ဖြစ်သော အလွန်မွန်မြတ်,ချမ်းသာသော ရုပ်အစဉ်တို့ဖြင့် စွတ်စိုတွေ့ထိ,ပွားစည်းစေလျက်ဖြစ်၏။

ဤဝိပဿနာနှင့်ယှဉ်သော သုခ သောမနဿသည်ပင်"နေက္ခမ္မသိတ-သောမနဿ"မည်ကြောင်းကို ဥပရိပဏ္ဏာသပါဠိ,သဠာယတနဝိဘင်သုတ်၌ မြတ်စွာဘုရား ဟောတော်မူပါသည်။ ၎င်းသုတ် အဋ္ဌကထာ၌ကား ဤနေက္ခမ္မသိတသောမနဿကိုပင် "အမာနုသီရတိ"ဟူ၍လည်း ခေါ်ဆိုကြောင်း ဖွင့်ဆိုတော်မူပါသည်။

အဓိမောက္ခ—"အဓိမောက္ခ"ဟူသည်မှာ "အဓိမောက္ခောတိ သဒ္ဓါ" ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ သဒ္ဓါတရားပေတည်း။

ထိုသဒ္ဓါတရားသည် ကံ,ကံ၏အကျိုး ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သက်ဝင်ယုံကြည်မှု သဒ္ဓါတရားမျိုးမဟုတ်၊ စင်စစ်သော်ကား ကိလေသာအငြိမ်အကျုံတို့ဖြင့် နှောက်နက်မှုကင်းသဖြင့် ဝိပဿနာစိတ်,စေတသိက်တို့ကို အလွန်အကြူး အထူးအားဖြင့် ကြည်လင်စေတတ်သော အား‌ကောင်းလှသော ဝိပဿနာသဒ္ဓါတရားမျိုးဖြစ်၏။

ပဂ္ဂဟ—"ပဂ္ဂဟ"ဟူသည်မှာ "ပဂ္ဂဟောတိ ဝီရိယံ"ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ အားထုတ်မှု ဝီရိယပေတည်း၊ မှန်လှ၏၊ ရုပ်,နာမ်တို့၏ ဖြစ်မှု, ပျက်မှုကို ပွားရှုသိမြင်လျက်ရှိသော ယောဂီ၏ မညံ့မလျော့သော အလွန်လည်း အားမထုတ်လွန်းသော ဝိပဿနာစိတ်,စေတသိက်တို့ကို အားရှိအောင် ကောင်းစွာထောက်ပံ့တတ်သော ဝီရိယသည်ဖြစ်၏။

ဥပဋ္ဌာန— "ဥပဋ္ဌာန"ဟူသည်မှာ "ဥပဋ္ဌာနန္တိ သတိ" ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ အောက်မေ့မှု သတိတရားပေတည်း၊ မှန်လှ၏၊ ယောဂီအား ဝိပဿနာစိတ်နှင့်ယှဉ်သော ဖြစ်မှု, ပျက်မှုသဘောကို ကောင်းစွာမှတ်သဖြင့် ဖြစ်မှု,ပျက်မှုအာရုံ၌ မြဲစွာကပ်၍ တည်သော တွေဝေခြင်း ပျံ့လွင့်ခြင်းစသော ဆန့်ကျင်ဘက်တရားတို့သည် မလှုပ်ရှားစေနိုင်သည်သာဖြစ်၍ မြဲစွာတည်သော မြဲစွာတည်ခြင်းကြောင့် ကျောက်စာတိုင်ကဲ့သို့ မတုန်မလှုပ်သော မတုန်မလှုပ်ခြင်းကြောင့် မြင်းမိုရ်တောင်မင်းနှင့်တူသော သတိသည်ဖြစ်၏။ ထိုအခါ ယောဂီသည် ရုပ်၏အဖြစ်, အပျက်ကိုသော်၎င်း၊ နာမ်၏အဖြစ်,အပျက်ကိုသော်၎င်း ဆင်ခြင်၏, စိတ်သို့ဆောင်၍ နှလုံးသွင်း၏၊ ထိုထိုဆင်ခြင်တိုင်း နှလုံးသွင်းတိုင်းသော ရုပ်,နာမ်တို့၏ဖြစ်မှု ပျက်မှုသည် အငယ်,အကြီး,အနီး,အဝေးစသောအဆင်း,သဏ္ဌာန်သည် ဒိဗ္ဗစက္ခုအဘိညာဏ်အား ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီး ပေါ်လာ,ထင်လာသကဲ့သို့ ယောဂီ၏သတိအား ပြေး၍,ပြေး၍ ဝင်လာကာ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီးပေါ်လာ,ထင်လာ၏။

အဋ္ဌကထာ၌ကား""ဒိဗ္ဗစက္ခုနော ပရလောကော ဝိယ သတိယာ ဥပဋ္ဌာတိ"ဟု မိန့်ဆိုတော်မူလေသည်။ ဤစာအုပ်၌ကား သိလွယ်စေခြင်းအကျိုးငှါ အငယ်, အကြီး, အနီး, အဝေးစသော အဆင်းသဏ္ဌာန်သည် ဒိဗ္ဗစက္ခုအဘိညာဏ်အား စသည်ဖြင့် ရေးသားဖော်ပြလိုက်ပါသည်။

ဥပေက္ခာ—"ဥပေက္ခာ"ဟူသည်မှာ"ဥပေက္ခာတိ ဝိပဿနုပေက္ခာစေဝ အာဝဇ္ဇနုပေက္ခာ စ"ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဥဒယဗ္ဗယဝိပဿနာဉာဏ်သည်၎င်း၊ မနောဒွါရာဝဇ္ဇန်းသည်၎င်း ဥပေက္ခာမည်၏။ ထိုစကားမှန်၏၊

ဥဒယဗ္ဗယဉာဏ် စွမ်းအန်ယက်မြက်စွာ ဖြစ်ပေါ်နေရာ ထိုအခါ၌ ဝိပဿနာဉာဏ်သည် ရုပ်,နာမ်သင်္ခါရတို့၏ ဖြစ်မှု,ပျက်မှုကို မျက်မှောက်ထင်ထင် ရှုမြင်ပိုင်းခြားပြီး ပိုင်းခြားဆဲဖြစ်သောကြောင့် ရုပ်,နာမ်တို့၏ အနိစ္စ,ဒုက္ခစသည်တို့၏ အဖြစ်ကို စုံစမ်းဆင်ခြင် သိမြင်မှု၌ ယခင်ကကဲ့သို့ အထူးကြောင့်ကြစိုက်ရန် မလိုတော့ဘဲ အာရုံ၌ အလည်အလတ် စိတ်ညွတ်ကာမျှဖြင့်ပင် ပြည့်စုံထင်ရှားစွာ သိမြင်နိုင်လေသည်။ ဤဆိုခဲ့သော အခြင်းအရာအားဖြင့်ဖြစ်သော ဝိပဿနာဉာဏ်သည်ပင် ရုပ်,နာမ်သင်္ခါရတို့၏ ဖြစ်မှု,ပျက်မှုကို အထူးသိမြင်တတ်သောကြောင့် ဝိပဿနာမည်၏။ ရုပ်,နာမ်တို့၏ အနိစ္စ,ဒုက္ခစသည်၏ အဖြစ်ကို စုံစမ်းဆင်ခြင် သိမြင်မှု၌ ကြောင့်ကြစိုက်ရန် မလိုတော့ဘဲ အာရုံ၌ အလည်အလတ် စိတ်ညွတ်ကာမျှဖြင့်ပင် ပြည့်စုံထင်ရှားစွာ သိမြင်တတ်သောကြောင့် ဥပေက္ခာမည်၏၊ ဤအမည်နှစ်ခုကိုပေါင်း၍ 'ဝိပဿနုပေက္ခာ''ဟု ခေါ်ဆိုရပါသည်။

ဆက်ဦးအံ့၊ ''အာဝဇ္ဇနုပေက္ခာ''၌ အာဝဇ္ဇန်းဟူသည်မှာ ခြောက်ဒွါရ၌ ထင်လာသော အာရုံခြောက်ပါးတို့ကို ရှေးဦးစွာ ဆင်ခြင်တတ်သော စိတ်တည်း၊ ဖြစ်မှု,ပျက်မှုကို နှလုံးသွင်း ဆင်ခြင်သိမြင်ခြင်း၌လည်း ဝိထိစိတ်အားသုံးတို့၏ ရှေးဦးစွာ ဖြစ်မှု,ပျက်မှုတို့ကို နှလုံးသွင်းဆင်ခြင်၏၊ ၎င်းနောက်မှ ဆိုခဲ့သော ဝိပဿနုပေက္ခာ ဝိပဿနာဉာဏ်က ဖြစ်မှု,ပျက်မှုကို သိမြင်လေသည်၊ ဤယောဂီ၌ဖြစ်သော အာဝဇ္ဇန်းသည် ဖြစ်မှု,ပျက်မှုကို ဆင်ခြင်ရာဝယ် အလွန်အဝါးဝစွာ လေ့လာထုံပွားပြီး ဖြစ်သောကြောင့် အထူးကြောင့်ကြစိုက်ရန် မလိုတော့ဘဲ အလည်အလတ်အားဖြင့် အာရုံ၌ စိတ်ညွတ်ကာမျှဖြင့်ပင် ဖြစ်မှု,ပျက်မှုကို ဆင်ခြင်ခြင်းကိစ္စ ပြီးနိုင်လေတော့သည်။ သိကြားမင်း ပစ်လွှတ်အပ်သော မိုးကြိုးစက်သည် တည့်မတ်ဖြောင့်စင်းသော အဟုန်,အနှောင့်အယှက်ကင်းသော အဟုန်တို့ဖြင့် သွား၍ ပစ်အပ်သော အရာဝတ္ထုကို တချက်ထည်း ဖြိုခွင်းနိုင်သကဲ့သို့ အာဝဇ္ဇန်းသည်လည်း အခြားတပါးအာရုံကို ဆင်ခြင်မှုကင်းသဖြင့် တည့်မတ်ဖြောင့်စင်းသော အဟုန်, နိစ္စစသည် အခြင်းအရာအားဖြင့် ဆင်ခြင်မှု,တွန့်သုတ်သေးသိမ်မှုများကင်းသဖြင့် လွှတ်လပ်သော အဟုန်တို့ဖြင့် အာရုံသို့ ပြေးဝင်၍ ဖြစ်မှု,ပျက်မှု အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာများကို တိကျပြတ်သားစွာ ဆင်ခြင်နိုင်လေသည်။

ဤဆိုခဲ့သော အခြင်းအရာအားဖြင့် ဖြစ်သော အာဝဇ္ဇန်းသည်ပင် ဆင်ခြင်တတ်သောကြောင့် အာဝဇ္ဇန်းမည်၏။ ကြောင့်ကြစိုက်ရန် မလို

တော့ဘဲ အလည်အလတ်အားဖြင့် အာရုံ၌ ညွတ်ကာမျှဖြင့် ဖြစ်မှု,ပျက်မှုကို ပြည့်စုံစွာ ဆင်ခြင်နိုင်သောကြောင့် ဥပေက္ခာမည်၏။ ဤအမည်နှစ်ခုကို ပေါင်း၍ "အာဝဇ္ဇနုပေက္ခာ"ဟု ခေါ်ဆိုရပါသည်။

စိတ္တနိယာမအားဖြင့် အာဝဇ္ဇန်းဆင်ခြင်သည့်အတိုင်းသာ ညာဏ်က သိရသည် ဖြစ်သောကြောင့် ဖြစ်မှု,ပျက်မှုကို ဆင်ခြင်သိမြင်ရာ၌ အာဝဇ္ဇနုပေက္ခာ,ဝိပဿနုပေက္ခာနှစ်မျိုးလုံး ပါဝင်လေသည်။ ထို့ကြောင့်—

"ဥပေက္ခာတိ ဝိပဿနုပေက္ခာစေဝ အာဝဇ္ဇနုပေက္ခာစ" ဟု အဋ္ဌကထာဆရာ မိန့်ဆိုတော်မူလေသည်။

မဟာဋီကာ၌ကား၊ ဝိပဿနုပေက္ခာကို "သာ ပန အတ္ထတော တထာ ပဝတ္တာ တတြမဇ္ဈတ္တုပေက္ခာဝ။ ဝိပဿနုပေက္ခာဟူသည်မှာ တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တာပင်ဖြစ်၏"ဟု ဆိုပါသည်။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ကား—

"တသ္မာ သမပ္ပဝတ္တော သမာဓိ ပုန သမာဒါနေ ဗျာပါရပ္ပဟာနကရဏေန ဥပေက္ခာတိ ဝုတ္တောတိ ဝေဒိတဗ္ဗံ"။

ဖြစ်မှု,ပျက်မှုအာရုံ၌ အညီအမျှဖြစ်သော သမာဓိကိုပင် စိတ်ကို တည်ငြိမ်အောင် ဆောက်တည်မှု၌ ကြောင့်ကြစိုက်ခြင်းကို ပယ်သည်ကို ပြုတတ်သောကြောင့်"ဥပေက္ခာ"ဟု၊ ဝါ၊ "ဝိပဿနုပေက္ခာ"ဟု ဆိုအပ်၏" ဟု သိမှတ်သင့်သည်''ဟု မိန့်ဆိုတော်မူပါသည်။

ဤခေါအုပ်၌ကား အောက်ပါဝိသုဒ္ဓိမဂ် တတိယဇ္ဈာနကထာနှင့်အညီ ဥဒယဗ္ဗယညာဏ်သည်ပင် "ဝိပဿနုပေက္ခာမည်၏"ဟု ရေးသားခဲ့ပါသည်။ ဒုတိယဝိပဿနုပက္ကိလေသသည်လည်း ဥဒယဗ္ဗယညာဏ်ပင်ဖြစ်သောကြောင့် ပုနရုတ္တိဒေါသမသင့်လောဟူမူ ကိစ္စဘေဒအားဖြင့် ဆိုသည်ဖြစ်သော ကြောင့် ''ဒေါသမသင့်"ဟု ထင်ပါသည်။

"ယထာစေတာသမတ္တတော ဧကီဘာဝေါ၊ ဧဝံ သင်္ခါရုပေက္ခာ ဝိပဿနုပေက္ခာနမ္ပိ၊ ပညာဧဝ ဟိ သာ ကိစ္စဝသေန ဒွိဓာ ဘိန္နာ"။

(ဝိသုဒ္ဓိမဂ်)

နိကန္တိ–“နိကန္တိ”ဟူသည်မှာ“နိကန္တိတိ ဝိပဿနာနိကန္တိ”ဟုသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဝိပဿနာ၌ ကပ်ငြိတပ်မက်မှု တဏှာသည် နိကန္တိမည်၏။ မှန်လှ၏၊ ယောဂီအားဆိုခဲ့သော အရောင်အလင်း ဉာဏ်ပညာ နှစ်သက်မှု ငြိမ်းအေးမှုစသည် ကိုးပါးတို့ဖြင့် မွမ်းမံအပ် တန်ဆာဆင်အပ်သော ဝိပဿနာဖြစ်ပေါ်သည်ရှိသော် ဝိပဿနာ၌ လိုချင်နှစ်သက် တပ်မက် ကပ်ငြိခြင်းကိုပြုလျက် တဏှာ,ကိလေသာဟူ၍ပင် မသိနိုင်လောက်အောင် အလွန်သိမ်မွေ့ ငြိမ်သက်သော တဏှာသည်ဖြစ်၏။

ထိုသို့ သိမ်မွေ့ ငြိမ်သက်လှသောကြောင့်ပင်“တဏှာ”ဟု မသိနိုင်ဘဲ “ဘာဝနာ၌ မွေ့လျော်မှု”ဟူ၍သာ စွဲလမ်းမှတ်ထင်ရလေသည်။

ဆက်ဦးအံ့၊ အလင်းရောင်ဖြစ်ပေါ်ရာ၌ ရေးသားဖော်ပြသကဲ့သို့ပင် ဉာဏ, ပီတိ, ပဿဒ္ဓိ, စသည်တို့တွင် တစ်ပါး, နှစ်ပါးစသည်သော်၎င်း၊ ကိုးပါးလုံးသော်၎င်း ဖြစ်ပေါ်သည်ရှိသော် ယောဂီသည် “ငါ့အား မဖြစ်စဘူး အလွန်ထူးသော ဉာဏ်သည် ပီတိသည် ။ပ။ ဥပေက္ခာသည် ဘာဝနာ၌ မွေ့လျော်ခြင်းသည် ဖြစ်ပေါ်၍ လာပေပြီ၊ ငါသည် မချွတ် မယွင်း မဂ်,ဖိုလ်သို့ ရောက်ပေပြီ”ဟု မဂ်ဖိုလ်မဟုတ်သည်ကိုပင် “မဂ်,ဖိုလ်”ဟု လွဲမှားစွာ အသင်ရောက်၍ ဘဝင်မြောက်မှု အဓိမာနဖြင့် စွဲလမ်းယူဆ လေသည်၊ ထိုသို့ စွဲလမ်းယူဆသူ ယောဂီ၏ ဝိပဿနာအစဉ်သည်လည်း အဓိမာနဖြင့်၊ ဝါ၊ သိစ္စပြီးပြီထင်၍ စွန့်ပစ်ခြင်းကို ခံရသောကြောင့် မဂ်,ဖိုလ် ရရန် လမ်းရိုးမှန်မှ ဘောက်ပြန်ကာ ချွတ်လွဲ၍ ဖဲသည်မည်တော့၏။

ဤဥပက္ကိလေသဆယ်ပါးတို့တွင် ဩဘာသအစ ဥပေက္ခာအဆုံး ရှိသော ကိုးပါးတို့ကို တဏှာ,မာန,ဒိဋ္ဌိဟူသော ဖြစ်ညှိုးစေတတ်ကုန်သော တရားတို့၏ အကြောင်းဖြစ်သောကြောင့်သာလျှင် ဥပက္ကိလေသဟု ဟော အပ်ကုန်၏။ အကုသိုလ်ဖြစ်သောကြောင့် ဟောအပ်သည်မဟုတ်ကုန်။ နိကန္တိကိုကား ဝိပဿနာကို ဖြစ်ညှိုးစေတတ်သောကြောင့်၎င်း၊ ဖြစ်ညှိုး စေတတ်ကုန်သော တဏှာ,မာန,ဒိဋ္ဌိတို့၏ အကြောင်းဖြစ်သောကြောင့်၎င်း ဥပက္ကိလေသဟု ဟောတော်မူအပ်၏။ ထို့ကြောင့် ဥပက္ကိလေသတို့သည် ဝတ္ထု၏အစွမ်းအားဖြင့် ဆယ်ပါး၊ ဂါဟ၏အစွမ်းအားဖြင့် သုံးဆယ် ဖြစ်ကုန်၏။

ဂါဟဖြဲပုံမှာ ငါ၏အလင်းရောင် ငါ၏ဝိပဿနာဉာဏ်စသည်ဖြင့် စွဲယူလျှင် ဒိဋ္ဌိဂါဟဖြစ်၏၊ အလွန်နှစ်သက်ဘွယ်သော အလင်းရောင်သည် “ငါ့အားဖြစ်ပေါ်သေပြီ ငါမည့်တော့ပြီ”စသည်ဖြင့် စွဲယူလျှင် မာနဂါဟဖြစ်၏။ အလင်းရောင်စသည်ကို သာယာနှစ်သက်သောသူအား တဏှာဂါဟဖြစ်၏။

မလိမ်မာသော ပညာမရှိသော ယောဂီသည် ထိုဂါဟသုံးပါး၏ အစွမ်းအားဖြင့် အလင်းရောင်စသည်တို့ကြောင့် တုန်လှုပ်၏၊ ပျံ့လွင့်၏၊ ထိုသို့ တုန်လှုပ်ပျံ့လွင့်ခြင်းကြောင့်ပင် အနိစ္စစသည့် လက္ခဏာရေးသုံးပါးကိုလည်း ကောင်းစွာမမြင်နိုင်,မထင်နိုင်ဘဲ ရှိနေတော့၏။

ပညာရှိ ဆရာကောင်း, သမားကောင်းကို မှီဝဲဆည်းကပ်ရသော ကြောင့်နည်းစာပေကျွမ်းဝင် သင်အံတတ်သိသောကြောင့်ရင်း လိမ်မာသော ယောဂီသည်ကား အလင်းရောင်စသည်တို့ ဖြစ်ပေါ်ကုန်သည်ရှိသော် ငါ့အား ဥပက္ကိလေသဖြစ်သော အလင်းရောင်သည် ဖြစ်ပေါ်၍လာလေပြီ၊ ဝင်စဉ် ထိုအလင်းရောင်သည်ကား မမြဲခြင်းသဘောရှိ၏။ အကြောင်းတရားသည် ပျံ့ပြင်အပ်၏။ အကြောင်းတရားတို့ကိုစွဲ၍ ဖြစ်ပေါ်တတ်၏။ ကုန်တတ်,ပျက်တတ်သော သဘောရှိ၏။ ကင်းတတ်,ချုပ်ငြိမ်းတတ်သော သဘောရှိ၏”ဟု ဤသို့စသည်ဖြင့် ဆင်ခြင်နှလုံးသွင်း၏။ ဤသို့ နှလုံးသွင်း သိမြင်သဖြင့် တုန်လှုပ်ပျံ့လွင့်ခြင်းသို့ မရောက်ဘဲ ဥပက္ကိလေသတို့ကို ပယ်ရှောက်ပြီးလျှင်“အလင်းရောင်စသည်တို့သည် မဂ်မဟုတ်၊ ဥပက္ကိလေသမှ လွတ်မြောက်သောအညွှဲအတိုင်း ပွားများအပ်သော ဝိပဿနာဉာဏ်သည် သာလျှင် အစဉ်အတိုင်း နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းမြတ်သော မဂ်ခရီးမည်၏”ဟု နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော မဂ်ခရီး ဟုတ်သည်ကိုရင်း၊ မဟုတ်သည်ကိုရင်း ဆုံးဖြတ်ပိုင်းခြားနိုင်လေသည်။

ထိုယောဂီ၏ ထိုသို့ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောမဂ်ခရီး ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြားထင်ထင် သိမြင်နိုင်သောဉာဏ်သည်ပင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌—

“တဒေဿဝံ “အယံ မဂ္ဂေါ၊ အယံ န မဂ္ဂေါ”တိ မဂ္ဂဉ္စ အမဂ္ဂဉ္စ ဉတွာ ဌိတံ ဉာဏံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ”ဟု မိန့်ဆိုတော်မူပါသည်။

ဤသို့ အဋ္ဌကထာဆရာ မိန့်မှာဖွင့်ဆိုတော်မူသည့်အတိုင်း "နိဗ္ဗာန် ရောက်ကြောင်း ကောင်းသောမဂ်ခရီးဟုတ်သည့် မဟုတ်သည်ကို မဆုံးဖြတ် မသိမမြင်နိုင်ဘဲ အလင်းရောင်စသည့်တို့ကိုပင် "မဂ်၊ ဖိုလ်"ဟု စွဲလမ်းယူ၍ လျှင်ကား ထိုသို့စွဲလမ်းယူဆသော ယောဂီသည် "ငါမဂ်၊ ဖိုလ်ရပြီ အင်္ဂယာ ဖြစ်ပြီ"ဟု လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်မှု မာနပွားသူ "အဓိ မာနိကဖြစ်တော့၏"ဟူသော အဓိပ္ပါယ်ကိုလည်း ဆင်ခြင်သင့်ပြင်အပ် ပါသည်။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကာ၌—

"စေဝံ အပသာဒေန္တော ပန "မဂ္ဂဖလပ္ပတ္တောမှိ"တိ အဓိမာနိကော ဟောတိ"ဟု မိန့်ဆိုတော်မူပါသည်။

ဤပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဖျတ်ငွေ့ကြဝါကျ၏ထွက်ရာ အနွယ ဝါကျသည် ဥပက္ကိလေသ,ဓမ္မုဒ္ဓစ္စ,အဓိမာနတို့နှင့်ငြင်၍ သိမှတ်သုံယင် အလွန် ကောင်းသော အနက်အဓိပ္ပါယ်ရှိသောကြောင့် သုတေသီယောဂီတို့ အကျိုးငှာ ၎င်းဝါကျကို အပြည့်အစုံ ဖေါ်ပြပါဦးမည်။

"ဟောတိ သော သမယောတိ စေဝံ အဿာဒ၀သေန ဥပက္ကိ- လိဋ္ဌစိတ္တဿာပိ ယောဂိနော သစေ ဥပပရိက္ခာ ဥပ္ပဇ္ဇတိ၊ သော စေဝံ·ပဇာနာတိ ဝိပဿနာနာမ သင်္ခါရာရမ္မဏာ၊ မဂ္ဂဖလာနိ နိဗ္ဗာနာ- ရမ္မဏာနိ၊ ဣမာနိ စ ဝိတ္တာနိ သင်္ခါရာရမ္မဏာနိ၊ တသ္မာ နာယံ မဂ္ဂေါ- ဘာသော မဂ္ဂေါ၊ ဥဒယဗ္ဗယာနုပဿနာယေဝ နိဗ္ဗာနဿ လောကိ- ကော မဂ္ဂေါတိ မဂ္ဂါမဂ္ဂံ ၀၀တ္ထပေတွာ တံ ဝိကေ္ခပံ ပရိ၀ဇ္ဇယိတွာ ဥဒယဗ္ဗယာနုပဿနာယ ဌတွာ သာဒုကံ သင်္ခါရေ အနုပဿတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ စေဝံ ဥပပရိက္ခန္တဿ သော သမယော ဟောတိ။ စေဝံ အပသာဒေန္တော ပန "မဂ္ဂဖလပ္ပတ္တောမှိ"တိ အဓိမာနိကော ဟောတိ"။

အနက်—ဟောတိ သော သမယောတိ၊ ဟောတိ သော သမယော ဟူသည်ကား။ စေဝံ အဿာဒ၀သေန၊ ဤသို့ အလင်းရောင်ကို သာယာ သည့်၏အစွမ်းအားဖြင့်။ ဥပက္ကိလိဋ္ဌစိတ္တဿာပိ ယောဂိနော၊ ညစ်ညူးသော စိတ်ရှိသော ယောဂီအားလည်း။ ဥပပရိက္ခာ၊ ရှုစမ်းဆင်ခြင်ခြင်းသည်။ သစေ ဥပ္ပဇ္ဇတိ၊ အကယ်၍ဖြစ်အံ့။ သော စေဝံ ပဇာနာတိ၊ ထိုယောဂီသည် ဤသို့သိ၏။ ကိံ ပဇာနာတိ၊ အဘယ်သို့သိသနည်း ဟူမူကား။ ဝိပဿနာ နာမ သင်္ခါရာရမ္မဏာ၊ ဝိပဿနာမည်သည်ကား သင်္ခါရလျှင်အာရုံရှိ၏။

မဂ္ဂဖလာနိ နိဗ္ဗာနာရမ္မဏာနိ၊ မဂ်ဖိုလ်တို့သည်ကား နိဗ္ဗာန်လျှင် အာရုံ ရှိကုန်၏။ ဣမာနိ စ စိတ္တာနိ သင်္ခါရာရမ္မဏာနိ၊ ဤစိတ်တို့သည်လည်း သင်္ခါရလျှင် အာရုံရှိကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အယံ ဩဘာသော၊ ဤအသင်းရောင်သည်။ ဝါ၊ ဤအသင်းရောင်ကို ဖြစ်စေတတ်သော ဝိပဿနာစိတ်သည်။ န မဂ္ဂေါ၊ မဂ်မဟုတ်။ ဥဒယဗ္ဗယာနုပဿနာဃေဝ၊ ဥဒယဗ္ဗယာနုပဿနာဉာဏ်သည်သာလျှင်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ လောကိ-ကော မဂ္ဂေါ၊ လောကီဖြစ်သော မဂ်ခရီးတည်း။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ဣတိ ဉတွာ၊ ဤသို့သိပြီး၍။ မဂ္ဂါမဂ္ဂ ဝဝတ္ထပေတွာ၊ မဂ်ဟုတ် သည့်,မဟုတ်သည်ကို ဆုံးဖြတ်ပိုင်းခြား၍။ တံ ဝိက္ခေပံ၊ ထိုသို့သာယာ သည်၏ အစွမ်းအားဖြင့် ပျံ့လွင့်ခြင်း ဓမ္မုဒ္ဓစ္စကို။ ပရိဝဇ္ဇယိတွာ၊ ပယ် ဖျောက်ရှောင်ရှား၍။ ဥဒယဗ္ဗယာနုပဿနာယ ဌတွာ၊ ဥဒယဗ္ဗယာ-နုပဿနာဉာဏ်၌ တည်၍။ သာဓုကံ၊ ကောင်းစွာ။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့်။ အနတ္တတော၊ အလိုသို့မလိုက် အကြိုက်သို့မပါ အကြောင်းအားလျော်စွာ ဖြစ်,ပျက်ဘတ်သော အနက်သဘောကြောင့် ငါကောင်မဟုတ်သော အားဖြင့်။ ဝိပဿတိ၊ ရှုမြင်၏။ ဧဝံ ဥပပရိက္ခန္တဿ၊ ဤသို့စူးစမ်းဆင်ခြင် သိမြင်သောယောဂီအား။ သော သမယော၊ ကျောင်း,ဘောဇဉ်စသော သပ္ပါယခုနစ်ပါးကို ရသဖြင့် ဝိပဿနာအစဉ်သို့ သက်ရောက်သော ဝိပဿနာစိတ်သည် ဝိပဿနာအာရုံ၌ ကောင်းစွာတည်ရာ ထိုအခါသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ အပဿန္တော ပန၊ ဤသို့မသိမမြင် မဆင်ခြင်သူ ယောဂီသည်ကား။ မဂ္ဂဖလပ္ပတ္တောမှိတိ၊ ငါမဂ်,ဖိုလ်သို့ရောက်ပြီဟူ၍။ အဓိမာနိကော၊ လွဲမှားစွာအထင်ရောက်၍ ဘဝင်မြောက်မှုမာနတရားရှိသူ အဓိမာနိကပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၏။

ဤအဋ္ဌကထာပါဌ်၏ အနက်အဓိပ္ပါယ်များကို နှလုံးပိုက်၍ 'ဝိပဿနာသည် ဖြစ်မှု,ပျက်မှု သင်္ခတလက္ခဏာရှိသော ရုပ်,နာမ်သင်္ခါရ တို့ကို အာရုံပြု၏၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကား ဖြစ်မှု,ပျက်မှု မရှိခြင်းဟူသော အသင်္ခတလက္ခဏာရှိသော နိဗ္ဗာန်ကို အာရုံပြု၏။ ဤအလင်းရောင်ကို ဖြစ်စေတတ်သော ဝိပဿနာစိတ်သည်လည်း။ ဝါ၊ ဉာဏ်, ပီတိ, ပဿဒ္ဓိ, သုခ, အဓိမောက္ခ, ပဂ္ဂဟ, ဥပဋ္ဌာန, ဥပေက္ခာ, နိကန္တိတို့သည်လည်း ရုပ်,နာမ် သင်္ခါရကို အာရုံပြုလျက်ရှိ၏။ ထို့ကြောင့် ဤဝိပဿနာစိတ်သည်၊ ဝါ၊ ဤဉာဏ်,ပီတိစသည်တို့သည် မဂ်,ဖိုလ်မဟုတ်နိုင်ကုန်"ဟု စဉ်းစားဆင်ခြင် သိမြင်ဆုံးဖြတ်ခြင်းဖြင့် လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်ထောင် လွှားမှု အဓိမာနတရား အဓိမာနိကပုဂ္ဂိုလ်၏အဖြစ်မှ လွတ်မြောက်စေရာ၏။

ဤသို့ "ဥပက္ကိလေသတရားတို့ကား မဂ်မဟုတ်"ဟု ဆုံးဖြတ်သိမြင်ပြီးလျှင် "ဥဒယဗ္ဗယာနုပဿနာဉာဏ်သည်သာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော လောကီမဂ်ခရီးဖြစ်၏"ဟု ဆုံးဖြတ်သိမြင်နိုင်သော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌တည်၍ ထိုမှတဖန် ဘင်္ဂါနုပဿနာစသော အထက်ဝိပဿနာဉာဏ်များဟုဆိုအပ်သော လောကီမဂ်များနှင့် သောတာပတ္တိမဂ်စသော လောကုတ္တရာမဂ်များ ဖြစ်ပေါ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်လည်း ရုပ်,နာမ်တို့၏ ဖြစ်မှု,ပျက်မှုကို ရှုပွားသိမြင်တတ်သော ဤဥဒယဗ္ဗယာနုပဿနာဉာဏ်ကို အဖန်ဖန် ပွားများလျက် "အနိစ္စ,ဒုက္ခ, အနတ္တ"ဟု လက္ခဏာရေးတင် ဆင်ခြင်နှလုံးသွင်းခြင်းဖြင့် ဆက်လက်ကြိုးစားကြကုန်ရာသတည်း။

ဤဆိုခဲ့ပြီးသော အဓိမာနတရားရှိသူ အဓိမာနိကပုဂ္ဂိုလ်သည်ကား ပါရာဇိကကဏ်, သမ္မော, ဝိသုဒ္ဓိမဂ်အဋ္ဌကထာများနှင့် ပဋိသမ္ဘိဒါမဂ်ပါဠိ, အဋ္ဌကထာများမှ လာရှိသော အာရဒ္ဓဝိပဿက အဓိမာနိကပုဂ္ဂိုလ် ဖြစ်ပါသည်။

---

## စာတတ်သူအဓိမာနိက

ဒသင်္ဂုတ္တရပါဠိ အဓိမာနသုတ်၌ကား အချို့သော စာပေကျွမ်းဂန်သင်အံတတ်သိသူများလည်း အဓိမာနတရားရှိသူ အဓိမာနိကဖြစ်တတ်ကြောင်းကို "ဗဟုဿုတော ခေါ ပန အယမာယသ္မာ သုတဓရော သုတသန္နိစယော"အစရှိသည်ဖြင့် အရှင်မဟာကဿပမထေရ် ဟောတော်မူပါသည်။ ထိုသို့ ဟောတော်မူအပ်သော ပါဠိတော်ကို မြန်မာဘာသာပြန်ဆို၍ အောက်ပါအတိုင်း ရေးသားဖော်ပြပါဦးမည်။

## အင်္ဂုတ္တိုရ်မြန်မာပြန်အဓိပ္ပါယ်

"ဤအရှင်သည်ကား များသောသုတရှိ၏၊ သုတ၏တည်ရာဖြစ်၏၊ သုတ၏ ကောင်းစွာစုဝေးရာဖြစ်၏၊ ဝါ၊ သုတကို ကောင်းစွာဆည်းပူး၏၊ အစ,အလယ်,အဆုံးသုံးပါးလုံး ကောင်းကုန်သော အကြင်တရားတို့သည် အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော ထက်ဝန်းကျင်၌ ပြည့်စုံသော ထက်ဝန်းကျင်၌ စင်ကြယ်သော မြတ်သောအကျင့်ကို ဟောကုန်၏။

ထိုသို့ သဘောရှိကုန်သော တရားတို့ကို များသောသုတရှိကုန်သည် (များစွာကြားနာအပ်ကုန်သည်) လေ့ကျက်သောအားဖြင့် ဆောင်အပ်ကုန်သည် နှုတ်ဖြင့် သရဇ္ဈာယ်အပ်ကုန်သည် စိတ်ဖြင့် အစဉ်ဆင်ခြင်အောက်မေ့အပ်ကုန်သည် အကျိုးအကြောင်းတို့ကို ပညာဖြင့် ထိုးထွင်းသိမြင်အပ်ကုန်သည် ဖြစ်ကုန်၏။ ထို့ကြောင့် ဤအရှင်သည် အဓိမာနရှိသည်ဖြစ်၍ အဓိမာနဖြင့် အမှန်ဟု ယူဆပြောဆိုသည်ဖြစ်၍ မရောက်သေးသောတရား၌ ရောက်ပြီဟု အထင်ရှိသည်ဖြစ်၍ မပြုရသေးသောတရား၌ ပြုအပ်ပြီဟု အထင်ရှိသည်ဖြစ်၍ "ငါ့အား ပဋိသန္ဓေနေရမှုကုန်ပြီ၊ ငါသည် မြတ်သောအကျင့်ကို ကျင့်အပ်ပြီးပြီ။ ငါသည် ပြုဘွယ်ကိစ္စကို ပြုအပ်ပြီ၊ ဤအရဟတ္တဖိုလ်အကျိုးငှါ တပါးသော ပြုဘွယ်မရှိတော့ပြီ၊ ဤသို့ ငါသိ၏"ဟု အဓိမာနဖြင့် အရဟတ္တဖိုလ်ကို ပြောကြား၏။

ဤမြန်မာပြန်အဓိပ္ပါယ်၌ "ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ"ဟူသော ပါဠိတော်ပုဒ်ကို "အကျိုးအကြောင်းတို့ကို ပညာဖြင့် ထိုးထွင်း၍ သိမြင်အပ်ကုန်သည်"ဟု အဋ္ဌကထာအဖွင့်နှင့်အညီ အဓိပ္ပါယ်ပြန်ဆိုခဲ့ပါသည်၊ ဤ"အကျိုးအကြောင်းတို့ကို"ဟူသော စကားသည် သာမညဇောတနာသာဓာရဏစကားဖြစ်၍ အကျိုးအကြောင်း တရားအားလုံးနှင့် သက်ဆိုင်လျက်ရှိသောကြောင့် ဤအဓိမာနိကအရာ၌ အကျိုးဟူသည်မှာ ဒုက္ခသစ္စာ, နိရောဓသစ္စာတို့ဖြစ်၍ အကြောင်းဟူသည်မှာ သမုဒယသစ္စာ,မဂ္ဂသစ္စာတို့ဖြစ်သည်ဟု ယူဆသင့်ပါသည်။ ထိုစကားမှန်၏၊ ပရိယတ္တိသုတမယဉာဏ်, စိန္တာမယဉာဏ်,ထို့ထက်လွန်၍ ပွားများအပ်သော ဝိပဿနာဉာဏ်ဟုဆိုအပ်သော လောကိယအနုဗောဓဉာဏ်သည်လည်း နိရောဓ,မဂ္ဂတို့ကို သုတမယဉာဏ်ဖြင့် ရယူအပ်သော တဆင့်ကြား အနုဿဝ၏ အစွမ်းအားဖြင့်၎င်း၊ စိန္တာမယဉာဏ်ဖြင့် ရယူအပ်သော အကြောင်းယုတ္တိကို ကြံဆမှုအာကာရ ပရိဝိတက္က, အကြောင်းယုတ္တိကိုဆောင်၍ ကပ်၍ ဆင်ခြင်ကြံဆမှု ဥပနိဇ္ဈာနခန္တိတို့၏ အစွမ်းအားဖြင့်၎င်း သိမြင်နိုင်လေသည်၊ ဒုက္ခသစ္စာ,သမုဒယသစ္စာတို့ကိုကား မျက်မှောက်အာရုံပြုသည်၏ အစွမ်းအားဖြင့်ပင် သိမြင်နိုင်လေသည်။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌—

"လောကိကံ ဒုဝိဓံ အနုဗောဓဉာဏံ ပစ္စဝေက္ခဏာဉာဏဉ္စ။ အနုဗောဓဉာဏံ အာဒိကမ္မိကဿ အနုဿဝါဒိဝသေန နိရောဓေ စ မဂ္ဂေ စ ပဝတ္တတိ၊ ဒုက္ခေ သမုဒယေ စ အာရမ္မဏကရဏဝသေန" ဟူ၍ မိန့်ဆိုတော်မူပါသည်။

သင်္ခါရာဗွကထာ၌သစ္စနိဒ္ဒေသ၌လည်း—

"တတ္ထ အနုဗောဓဉာဏံ လောကိယံ အနုဿဝါဒိဝသေန နိရောဓေ မဂ္ဂေ စ ပဝတ္တတိ"ဟူ၍ မိန့်တော်မူပါသည်။

ဆက်ပါဦးမည်၊ နာမ်,ရုပ်ကို သိမြင်တတ်သော အနုဗောဓဉာဏ်သည် နာမ်,ရုပ်မှတပါး ငါသူတပါး ယောကျ်ားမိန်းမဟု ဆိုအပ်သော အတ္တဇီဝကို မမြင်ခြင်းကြောင့် ငါသူတပါး ယောကျ်ားမိန်းမဟု ဆိုအပ်သော အတ္တဇီဝ၌ စွဲလမ်းယူမှားတတ်သော သက္ကာယဒိဋ္ဌိကို လွှမ်းမိုးဖျောက်ဖြေ ဆုတ်နစ်စေတတ်၏။

"အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ"ဟူသော ဒုက္ခသစ္စာဖြစ်ကြောင်း သမုဒယကို သိမြင်သော အနုဗောဓဉာဏ်သည် အကြောင်းတရားမချုပ်သမျှ အကျိုးတရားမချုပ်နိုင်သည်ကို သိမြင်သဖြင့် သတ္တဝါ သေလျှင် ပြတ်၏"ဟူသော ရုပ်ဝါဒီသမားတို့၏ဝါဒ ဥစ္ဆေဒဒိဋ္ဌိကို လွှမ်းမိုးဖျောက်ဖြေ ဆုတ်နစ်စေ၏။

ဒုက္ခ၏ချုပ်ငြိမ်းရာ နိရောဓသစ္စာကို သိမြင်နိုင်သော အနုဗောဓဉာဏ်သည် အကြောင်းချုပ်ငြိမ်းသဖြင့် အကျိုးလည်း ချုပ်ငြိမ်းသည်ကို သိမြင်သဖြင့် သတ္တဝါ၏ "လိပ်ပြာ,အသက်,ဝိညာဉ်ဆက်တို့ မပျက်ပကတိ အမြဲရှိ၏"ဟု ယူမှားသော သဿတဒိဋ္ဌိကို လွှမ်းမိုးဖျောက်ဖြေ ဆုတ်နစ်စေ၏။

မဂ္ဂသစ္စာကို သိမြင်တတ်သော အနုဗောဓဉာဏ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကို သိမြင်သဖြင့် ကုသိုလ်,အကုသိုလ်မည်သည် မရှိဟု ယူမှားတတ်သော အကိရိယဒိဋ္ဌိကို လွှမ်းမိုးဖျောက်ဖြေ ဆုတ်နစ်စေ၏။

တနည်းကား— ဒုက္ခသစ္စာကို သိမြင်တတ်သော အနုဗောဓဉာဏ်သည် အနိစ္စစသည့် လက္ခဏာသုံးပါး အသုဘတရားတို့ကို သိမြင်တတ်သောကြောင့် မြဲသည်ဟူသောအမှတ်, တင့်တယ်သည် ချမ်းသာသည် ငါသူတပါး ဟုတ်သည်ဟူသော အမှတ်ဟုဆိုအပ်သော အကျိုးတရား၌ ဖေါက်ပြန်မှားယွင်းသော အကျင့်ကို လွှမ်းမိုးဖျောက်ဖြေ ဆုတ်နစ်စေ၏။

သမုဒယသစ္စာကိုသိသော အနုဗောဓဉာဏ်သည် ဒုက္ခ၏အကြောင်းဖြစ်သော အဝိဇ္ဇာ,တဏှာစသည်တို့ကို သိသောကြောင့် လောကကိုဖြဟ္မာ,ဗိဿနိုး တန်ခိုးကြီးမား နတ်ဘုရားတို့ ဖန်ဆင်းသည် မင်းအဆိုးရှိသူတို့က ပြုပြင်ဖန်ဆင်းသည် လောကသည် အချိန်အခါအားလျော်စွာဖြစ်သည် အလိုအလျောက်ဖြစ်သည် ဤသို့စသည်ဖြင့် အကြောင်းမဟုတ်သည်၌ အကြောင်းဟုတ်၏ဟု ဖြစ်သော အကြောင်း၌ ဖေါက်ပြန်သောအကျင့်ကို လွှမ်းမိုးဖျောက်ဖြေ ဆုတ်နစ်စေ၏။

နိရောဓသစ္စာကိုသိသော အနုဗောဓဉာဏ်သည် အရူပဘုံတို့၌ သင်္ခါရမရှိ, ဒိဋ္ဌဓမ္မလောကနိဗ္ဗာန်ရှိ၏ဟု ဒုက္ခ၏ ချုပ်ငြိမ်းရာ၌ ချွတ်ယွင်းဖေါက်ပြန် မမှန်သောအကျင့်ကို လွှမ်းမိုးဖျောက်ဖြေ ဆုတ်နစ်စေ၏။

မဂ္ဂသစ္စာကိုသိသော အနုဗောဓဉာဏ်သည် ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂစသော နိဗ္ဗာန်သို့ ရောက်ကြောင်းမဟုတ်သော အကျင့်၌ နိဗ္ဗာန်ရောက်ကြောင်းဟုတ်သည်ဟု ယုံကြည်ယူဆတတ်သော အကြောင်းတရား၌ လွဲမှားဖေါက်ပြန် မမှန်သောအကျင့်ကို လွှမ်းမိုးဖျောက်ဖြေ ဆုတ်နစ်စေ၏။

ဤအနုဗောဓဉာဏ်၏ သက္ကာယဒိဋ္ဌိစသည်ကို လွှမ်းမိုးဖျောက်ဖြေဆုတ်နစ်စေပုံ အဓိပ္ပါယ်ကို—

"ဧတ္ထ ဒုက္ခဉာဏံ ပရိယုဋ္ဌာနာဘိဘဝနဝသေန ပဝတ္တမာနံ-သက္ကာယဒိဋ္ဌိံ နိဝတ္တေတိ"။

စသည်ဖြင့် မိန့်ဆိုတော်မူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ သစ္စဝိဘင်း အဖွင့်ကို မှီ၍ ရေးသားဖေါ်ပြလိုက်ပါသည်။

အနုဗောဓဉာဏ် မည်သည်မှာ ဝိပဿနာဉာဏ် ဖြစ်ကြောင်းကို ရည်မှန်း၍ ဥက္ကဋ္ဌနိဒ္ဒေသအားဖြင့် အဋ္ဌကထာတို့၌ ဖွင့်ဆိုကြသည်ဖြစ်သော်လည်း "အနုဿဝါဒိဝသေန နိရောဓေ စ မဂ္ဂေ စ ပဝတ္တတိ" ဟူသောပုဒ်တို့ကို ထောက်ထား၍ ပရိယတ္တိသုတမယဉာဏ်,စိန္တာမယဉာဏ်တို့သည်လည်း အနုဗောဓဝင်မည်ကြောင်း သိသာနိုင်ပါသည်။

ရင်းပြင် အထက်၌ မဂ္ဂသစ္စာကို အကြောင်း, နိရောဓသစ္စာကို အကျိုးဟူ၍ ခေါ်ဝေါ်သုံးနှုန်းခဲ့ခြင်းမှာလည်း ရောက်ကြောင်း,ရောက်အပ်ဟူသော အကြောင်းအကျိုး ပရိယာယ်အားဖြင့် ခေါ်ဝေါ်သုံးနှုန်း

ခဲ့ခြင်းဖြစ်ပါသည်။“ပဌမတတိယာနိစာဝိ သဘာဂါနိ ဖလာပဒေသတော” ဟူသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကို ထောက်၍လည်း နိရောဓသစ္စာကို အကျိုးဟုခေါ်ဝေါ်သုံးနှုန်းနိုင်ပါသည်။

ဆက်ပါဦးမည်၊ ဤသို့လျှင် အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း စာပေကျမ်းဂန် သင်အံတတ်သိ ဉာဏ်အမြင်ရှိသော စာတတ်ပုဂ္ဂိုလ်သည် အနုမာနဉာဏ်ဖြင့် ဒုက္ခသစ္စာကိုသိ၍ သက္ကာယဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိစသည်တို့ကို ထိုထိုစိန္တာမယဉာဏ်,ဝိပဿနာဉာဏ်အားလျော်စွာ အချိန်ကာလ အတန်ငယ်ကြာမျှ၌ တဒင်္ဂပဟာန်အားဖြင့် လွှမ်းမိုးဖျောက်ဖြေ ဆုတ်နစ်စေနိုင်သည်တို့ကိုပင် “မဂ်ဟုဆိုအပ်သော ပဋိဝေဓဉာဏ်ဖြင့် သစ္စာလေးပါးကို သိ၍ ကိလေသာတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် အပြီးတိုင် ပယ်သတ်အပ်ပြီ”ဟု လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်ထောင်လွှားမှု မာနတရားရှိသောကြောင့် အဓိမာနိကပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုပညတ် ဟောတော်မူအပ်လေသည်။

အထက်ပါ အင်္ဂုတ္တိုရ်မြန်မာပြန်၌ “အရဟတ္တဖိုလ်ကို ပြောကြား၏” ဟု ဟောတော်မူသဖြင့် “ငါရဟန္တာဖြစ်ပြီ”ဟု အထင်ရောက်၍ ဘဝင်မြောက်သူများကိုသာ “အဓိမာနိက”ဟု ဟောတော်မူခြင်းသည် ဥက္ကဋ္ဌ-နိဒ္ဒေသအားဖြင့် ဟောတော်မူခြင်းသာ ဖြစ်လေသည်။ စင်စစ်မှာကား “ငါသောတာပန်ဖြစ်ပြီ,သကဒါဂါမ်ဖြစ်ပြီ,အနာဂါမ်ဖြစ်ပြီ”ဟု လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်သူများလည်း ရှိကောင်းသေး၍ ထိုသူများလည်း အဓိမာနိကများ မည်သည်ဟု သိမှတ်သင့်ပါသည်။

ထိုစကားမှန်၏၊ “ငါရဟန္တာဖြစ်ပြီ”ဟု အထင်ရောက်၍ ဘဝင်မြောက်သူပင် ရှိခဲ့လျှင်“ငါသောတာပန်စသည်ဖြစ်ပြီ”ဟု အထင်ရောက်သူများကား အဘယ်မှာလျှင် မရှိဘဲရှိကြပါမည်နည်း။

---

## ယောဂီအဓိမာနိကနှင့် သမ္ဘာရ

အလားတူပင် ဝိပဿနာဆိုင်ရာ စာအုပ်စာတမ်းများကို ဘတ်ရှုလေ့လာသူများ,ဝိပဿနာတရားဒေသနာကို ကြားနာကြသူများ,ဝိပဿနာတရားကို အားထုတ်သူများသည်လည်း မိမိတို့၏ သုတမယဉာဏ်, စိန္တာ-

မယညာဏ်,ဝိပဿနာညာဏ်ဟု ဆိုအပ်သော အနုဗောဓဉာဏ်ဖြင့် ဒုက္ခသစ္စာ စသည်ကိုသိ၍ တဒင်္ဂပဟာန်အားဖြင့် သက္ကာယဒိဋ္ဌိစသည်ကို လွှမ်းမိုး ဖျောက်ဖြေ ဆုတ်နစ်စေသည်ကိုပင် မဂ်ကိစ္စဖြင့် သစ္စာလေးပါးကို အပြီး တိုင် သိ၍ သက္ကာယဒိဋ္ဌိစသော ကိလေသာတို့ကိုလည်း အပြီးတိုင် ပယ်အပ် ပြီဟု·လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်မှု အဓိမာနတရားဖြင့် အဓိမာနိကပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပါသည်။

ဤသို့ ဆိုခဲ့ပြီးသော အာရဒ္ဓဝိပဿကပုဂ္ဂိုလ်,ကျမ်းဂန်တတ်ပုဂ္ဂိုလ်, ဝိပဿနာစာအုပ် ဘတ်ရှုလေ့လာသူ ပုဂ္ဂိုလ်စသူတို့သည် "ငါအရိယာ ဖြစ်ပြီ"ဟု လွဲမှားစွာ အထင်ရောက်၍ ဘဝင်မြောက်မှု မာနတရားရှိသော ကြောင့် အဓိမာနိကပုဂ္ဂိုလ်များဟု ဟောကြားတော်မူခဲ့လေသည်။ ထိုအဓိမာနိကပုဂ္ဂိုလ်များကဲ့သို့ အနုဗောဓဉာဏ်ဖြင့် သစ္စာလေးပါးကို သိ၍ အဓိမာနရှိသည်မဟုတ်ဘဲ အလွန်မိုက်မဲ တွေဝေခြင်းကြောင့် "ငါအရိယာဖြစ်ပြီ"ဟု ထင်မြင်ယုံကြည်သော အတိသမ္မူဠ္ဟပုဂ္ဂိုလ်များ လည်း ရှိသေးသည်ပင်ဖြစ်ပါသည်၊ ထို့ကြောင့် ဒသက်ုတ္တရပါဠိတော် အညာဗျာကရဏသုတ်၌ "မန္ဒတ္တာ မောမူဟတ္တာ အညံ ဗျာကရောတိ"ဟု ဟောတော်မူပါသည်။

အဘိသမ္မူဠ္ဟပုဂ္ဂိုလ်များသည် "သူများယောင်လို့ ယောင်လိုက်ရ အမောင်တောင်မှန်းမြောက်မှန်းမသိ"ဆိုသော စကားပုံကဲ့သို့ မိမိမူကား ဘာမျှနားမလည်ဘဲ၊ ပတ်ဝန်းကျင်ပရိသတ်များက "အရိယာဖြစ်ပြီ"ဟု ဝိုင်းဝန်းမြှောက်ပင့် ကျေညာပေးကြခြင်းကြောင့် ထိုသို့မြှောက်ပင့်ပေးတိုင်း အလွန်တွေဝေစွာ လက်ခံယုံကြည်၍ "ငါအရိယာဖြစ်ပြီ"ဟု ထင်မှတ် ပြောဆိုသူများသာ ဖြစ်လေသည်။ ဘုရားရှင်လက်ထက်တော်ကပင် ထိုကဲ့သို့ သောသူများ ရှိခဲ့ဘူးကြောင်းကို ဥဒါနပါဠိအဋ္ဌကထာမှ ဝတ္ထုတပုဒ်ကို အကျဉ်းချုပ် ရေးသားဖော်ပြပါဦးမည်။

---

## ဗာဟိယဝတ္ထုအကျဉ်း

မြတ်စွာဘုရား သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူစဉ် သဘ်ာလမ်း ရေကြောင်းခရီးဖြင့် သွားလာရောင်းဝယ် လေ့ရှိသော ဗာဟိယတိုင်းသား ဗာဟိယအမည်ရှိသော ကုန်သည်တဦး ရှိသေသည်၊ ထိုကုန်သည်ဗာဟိယသည် ရေကြောင်းခရီးဖြင့်သာလျှင်

အရောင်းအဝယ်သွား၍ ခုနစ်ကြိမ်ပြီးမြောက် ရှစ်ကြိမ်ရောက်တွင် ရေကြောင်းခရီး လှေသင်္ဘောဖြင့်ပင် သုဝဏ္ဏဘူမိတိုင်းသို့ အရောင်းအဝယ် သွားပြန်ရာ သမုဒ္ဒရာအလယ်တွင် လှေသင်္ဘောနစ်မြုပ်၍ များစွာသော သင်္ဘောခရီးသည်တို့ အသက်ဆုံးရှုံးကြလေသည်၊ ဗာဟိယမှာကား ကံကောင်းထောက်မသဖြင့် ပျဉ်ချပ်ငယ်တခုကို တွယ်ကပ်မျှောပါ၍ သုပ္ပါရကသင်္ဘောဆိပ်ကမ်းပေါ်သို့ အသက်မသေဘဲ ရောက်ရှိလေသည်၊ ထိုဗာဟိယသည် အဝတ်မပါ ဗလာကိုယ်လုံးဖြစ်သဖြင့် အရှက်မျှလုံစေရန် သဘောထားဖြင့် မရိုးပင်အမျှင်ငယ်တို့ကို လျှော်ဖြင့်ရစ်ပတ်ဖွဲ့သီ၍ ကိုယ် ဝတ်သင်းပိုင်ပြုကာ ဝတ်ရုံလေသည်၊ အချို့ဆရာများကား ပုဉ်ပြားကို ဖေါက်၍ လျှော်ကြိုးဖြင့်သီကာ ဝတ်ရုံသည်ဟု ဆိုကြလေသည်။ ထို့ကြောင့် ၎င်းအား "ဒါရုစီရိယဗာဟိယ— ပျဉ်ပြားသက်န်းဝတ်သူ ဗာဟိယ"ဟု ခေါ်တွင်ကြလေသည်။

၎င်းဗာဟိယသည် အိုးခြမ်းကွဲတခုကိုကိုင်၍ သုပ္ပါရကသင်္ဘောဆိပ်၌ ဆွမ်းခံလှည့်လည်လေ့ရှိရာ ဆွမ်းလောင်းသူ လူအများတို့က အဝတ် သင်္ကန်းကို ပေးလှူကြသော်လည်း အလှူမခံသည်ကို အကြောင်းပြု၍ ၎င်းအား အလိုနည်းသူ၊ ဝါ၊ လောဘမရှိသူ "ရဟန္တာ"ဟူ၍ သမုတ် ခေါ်တွင် မှတ်ထင်ယုံကြည်လျက် များစွာပူဇော် လှူဒါန်းကြလေသည်၊ ထိုသို့ ပတ်ဝန်းကျင်ပရိသတ်က "ရဟန္တာ"ဟု ကျေညာသမုတ်ကြခြင်း ကြောင့်ပင် "သူများယောင်၍ ယောင်လိုက်ရ အမှောင် တောင်မှန်း, မြောက်မှန်းမသိ"ရှာသော ဗာဟိယသည်လည်း "ငါရဟန္တာဖြစ်ပြီ"ဟု ယုံကြည်မှတ်ထင်လာလေသည်။

ထို့ကြောင့် ဥဒါန်းအဋ္ဌကထာ၌—

"အရဟာတိ ပန တေဟိ သမ္ဘာဝိယမာနော အရဟာတိ အတ္တာနံ အမညိ"ဟူ၍ မိန့်ဆိုတော်မူလေသည်။

ဤဗာဟိယဝတ္ထု၌ မသိသူများက မြှောက်ပေး၍ တွေဝေသူက ဝန်ခံသည်ကို တွေ့မြင်နိုင်ပါသည်။ ယခုကာလ၌လည်း အချို့သော ဓိပဿနာဆရာများသည် မိမိတို့၏ တပည့်ယောဂီများကို သို့မဟုတ် ယောဂီ အချင်းချင်းက တဦးသည်တဦးကို ကိစ္စပြီးပြီ သောတာပန်ဖြစ်ပြီ စသည်ဖြင့် ႏမြှောက် ပြောဆိုသူများရှိကြောင်း မကြာခဏ ကြားရဘူးပါသည်။

မည်သို့ပင်ဖြစ်စေ ထိုသို့ချီးမြှောက် ပြောဆိုမှုများကို လက်ခံယုံကြည်၍ မိမိကိုယ်ကို အရိယာဟု ဝန်ခံကြသူဘို့တွင် တကယ်အရိယာအစစ် ဖြစ်သူများ မပါမရှိပါဟု မှချမပြောနိုင်သည့်နည်းတူပင် အထက်၌ ဆိုခဲ့သော အဓိမာနိကများ အဘိသမ္ဗုဒ္ဓ ပုဂ္ဂိုလ်များလည်း မပါမရှိဟု မပြောနိုင်သည်သာ ဖြစ်ပါသည်။

---

## စိတ်ဝင်စားစရာပြဿနာ

အသူးစိတ်ဝင်စားဘွယ်ကောင်းသည်မှာကား "ထိုကဲ့သို့ ချီးမြှောက် ပြောသူများသည် အဘယ့်ကြောင့် ပြောဆိုနိုင်ကြပါသနည်း"ဟူသော ပြဿနာပင် ဖြစ်ပါသည်။

ထိုစကားမှန်၏ အမူအရာကို ကြည့်ရှုအကဲခတ်၍ ပြောဆိုခြင်း ဖြစ်သည်ဟု ဆိုလျှင် အချို့အရိယာများထက်ပင် ကြည်ညိုဘွယ်ကောင်းသော ပါသာဒိကဂုဏ် အမူအရာနှင့် ပြည့်စုံသူ ပုထုဇဉ်ရှိကြောင်းကို စတုက္ကဂုံတ္တရပါဠိတော် ဥဒကရဟဒသုတ်၌ မြတ်စွာဘုရား ဟောတော်မူခဲ့ပါသည်၊ တဖန် သီလကို ကြည့်ရှုအကဲခတ်၍ ပြောဆိုခြင်းဖြစ်သည်ဟု ဆိုလျှင်လည်း ရဟန်းပြုသည့်နေ့ကစ၍ နှစ်ပေါင်းခြောက်ဆယ်တိုင်ထိုင် ရဟန္တာတို့ကဲ့သို့ သီသမြဲသော သဒ္ဓိဝဿမထေရ်ကဲ့သို့သော သီလပရိဓောဟပည္ညပုထုဇဉ် ပုဂ္ဂိုလ်များရှိကြောင်းကို သီလက္ခန်အဋ္ဌကထာ သောဏဒဏ္ဍသုတ်အဖွင့် အင်္ဂုတ္တိုရ်ငိကာ မိဂသာလာသုတ်အဖွင့်တို့၌ လာရှိလေသည်။

ထို့ကြောင့် ထိုကဲ့သို့ ချီးမြှောက်ပြောဆိုကြသော သူများသည် ဗာဟိသကို မြှောက်ပေးသော ပရိသတ်များကဲ့သို့ တွေဝေသူများလော သို့မဟုတ် သူတပါး၏ စိတ်အစဉ်ကို သိမြင်နိုင်သော စေတောပရိယ အဘိညာဏ်ရ အရိယာပုဂ္ဂိုလ်များ ဖြစ်ကြလေသလောဟု တွေးတော စဉ်းစားဘွယ်ပင် ဖြစ်လေသည်။ ထိုစကားမှန်၏ စေတောပရိယ အဘိညာဏ်ကို မရဘဲ အရိယာဟုတ်,မဟုတ်ကို အသွန်သိနိုင်ခက်ကြောင်း၊ ဝါ၊ မသိနိုင်ကြောင်းကို "ဒုဇ္ဇာနံ ခေါ တော် အာဝုသော ပရဿ စေတော-ပရိယာယံ အဇာနန္တေဟိ"အစရှိသည်ဖြင့် အင်္ဂုတ္တရနိကာယ် ဆက္ကနိပါတ် ဟတ္ထိသာရိပုတ္တသုတ်၌ အရှင်မဟာကောဋ္ဌိက ရဟန္တာ ဟောတော်မူခဲ့ လေသည်။

ဤမျှမကသေး စေတောပရိယအဘိညာဏ်ကို ရသောသူသည်ပင် ပုထုဇဉ်သည် သောတာပန်၏စိတ်ကို မသိနိုင်၊ သောတာပန်သည် သကဒါဂါမ်၏စိတ်ကို မသိနိုင်၊ သကဒါဂါမ်သည် အနာဂါမ်၏စိတ်ကို မသိနိုင်။ အနာဂါမ်သည် ရဟန္တာ၏စိတ်ကို မသိနိုင်၊ ရဟန္တာသည်သာလျှင် အလုံးစုံသောသူတို့၏ စိတ်ကိုသိနိုင်၏။ ထို့အတူ အထက်အထက် မဂ္ဂဋ္ဌာန်,ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည် အောက်အောက် မဂ္ဂဋ္ဌာန်,ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၏စိတ်ကို သိနိုင်ကြ၏။ သောတာပန်အချင်းချင်းစသည်ဖြင့် အရိယာအချင်းချင်းလည်း တဦး၏စိတ်ကို တဦးကသိနိုင်ပါသည်။ ဤစေတောပရိယ၌ စိတ်ဟူသည်မှာ မဂ်စိတ်,ဖိုလ်စိတ်ဟုသိပါလေ။ ဤအဓိပ္ပါယ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စေတောပရိယအဘိညာဏ်အဖွင့် စာမျက်နှာ(၆၁) သမ္မောဟ—စာမျက်နှာ(၃၅၆)တို့၌ မိန့်ဆိုလျက်ရှိပါသည်။

---

## ဓမ္မာဒါသ

မြတ်စွာဘုရား လက်ထက်တော်အခါ၌ကား စေတောပရိယအဘိညာဏ်ရ အရိယာရဟန်းတော်များ အများအပြားပင်ရှိနေပါသော်လည်း မည်သည့်ရဟန်းတော်ကမျှ တစုံတယောက်အား "သင်အရိယာဖြစ်ပြီ"ဟု တရားဝင်ဟောပြောပေးကြောင်း ဘုန်းကြီးအနေဖြင့် ပိဋကတ်ကျမ်းစာတို့၌ မတွေ့ရဘူးပါ၊ မြတ်စွာဘုရားသည်သာလျှင် မည်သူအရိယာဖြစ်ပြီစသည်ကို အကြောင်းအားလျော်စွာ ဟောပြောပေးကြောင်းနှင့် ရဟန်းရှင်လူတို့ကလည်း မြတ်စွာဘုရားအားသာလျှင် အရိယာဖြစ်,မဖြစ်ကို လျှောက်ထားမေးမြန်းကြကြောင်း ပိဋကတ်ကျမ်းဂန်တို့၌ များစွာလာရှိလေသည်။

ထိုသို့ မြတ်စွာဘုရားအား အကြိမ်များစွာ လျှောက်ထားမေးမြန်းကြခြင်းကြောင့်ပင်—

"ဝိဟေသာဝေသာ အာနန္ဒ အသာ တထာဂတဿ၊ တသ္မာတိဟာနန္ဒ ဓမ္မာဒါသံနာမ ဓမ္မပရိယာယံ ဒေသေဿာမိ"အစရှိသည်ဖြင့် အို....အာနန္ဒာ ဤသို့ အကြိမ်များစွာ မေးလျှောက်ခြင်းသည် ထိုထိုသတ္တဝါတို့၏ ဉာဏဂတိကို ကြည့်ရှုဆင်ခြင်ရသော၊ ဝါ၊ ဖြေဆိုပြောဟောတော်မူရသော ငါဘုရားအား ကိုယ်တော်၏ ပင်ပန်းခြင်းဖြစ်ရာ၏။ ထို့ကြောင့်

တရားဖြင့်ပြီးသော ကြေးမုံပြင် ဒေသနာကို ဟောတော်မူပေအံ့ဟု မိန့်ကြားတော်မူပြီးလျှင် ဓမ္မာဒါသပရိယာယ်ကို ဟောကြားတော်မူရကြောင်း သုတ်မဟာဝါ ပရိနိဗ္ဗာနသုတ်,မဟာဝဂ္ဂသံယုတ် ဂိဉ္ဇကာဝသထ သုတ်တို့၌ ဟောတော်မူပါသည်။

ဓမ္မာဒါသဟူသည်မှာ အရိယာမဂ်ပင်တည်း၊ ထိုအရိယာမဂ်ဖြင့် မောဟကို ပယ်ပြီးလေသောကြောင့် မိမိကိုယ်ကိုလည်း "ငါ့အပါယ်မကျ တော့ပြီ၊ ငါသောတာပန်ဖြစ်ပြီ" စသည်ဖြင့် ဆင်ခြင်သိမြင်နိုင်ရကား ကြေးမုံပြင်နှင့်တူသောကြောင့် ဓမ္မာဒါသမည်၏၊ ထိုဓမ္မာဒါသကို ဟော တော်မူရာဖြစ်သော ဒေသနာတော်သည် "ဓမ္မာဒါသပရိယာယ"မည်၏။

(က) ထိုဓမ္မာဒါသပရိယာယဖြင့် ဆင်ခြင်၍ မိမိကိုယ်ကို သောတာပန်ဖြစ်သည်ဟု သိမြင်နိုင်ကြောင်း အင်္ဂါများကား—

၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။
၂။ တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။
၃။ သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။
၄။ ငါးပါးသီလကို မကျိုးမပေါက် မပြောက်မကြား လုံခြုံစွာ ဆောက်တည်ကျင့်သုံးနိုင်ခြင်း။

ဟူ၍ လေးပါးဖြစ်ပါသည်။

ဤဓမ္မာဒါသပရိယာယ်လာ အင်္ဂါလေးပါးဖြင့် "သောတာပန် ဖြစ်ပြီ"ဟု ဆင်ခြင်သိမြင်နိုင်ရန်မှာ သောတာပန်ဖြစ်သူက မိမိကိုယ်ကို မိမိ ဆင်ခြင်သိမြင်နိုင်ရန်သာ ဖြစ်ပါသည်။ တဦးကတဦးကို အကဲခတ်၍ ဆုံးဖြတ်သိမြင်နိုင်ရန်မဟုတ်။ ထိုစကားမှန်၏၊ မိမိ၌ အရိယာတို့၏ အဝေစ္စပသာဒနှင့် အရိယကန္တ ငါးပါးသီလရှိ,မရှိကို မိမိသာ အသိဆုံး ဖြစ်ပါသည်။ ဆိုခဲ့သည့်အတိုင်း မိမိကိုယ်ကို မိမိသာလျှင် ဆင်ခြင်သိမြင် နိုင်ရန် ဖြစ်ကြောင်းကို ၎င်းဓမ္မာဒါသသုတ်မှာပင် "အတ္တနာဝ အတ္တာနံ ဗျာကရေယျ"ဟု ဟောတော်မူလျက်ရှိပါသည်။

တဦးက တယောက်ကို မုချဆုံးဖြတ်သိမြင်နိုင်ရန်မှာကား စေတော- ပရိယအဘိညာဏ်ကို ရရှိသော အရိယာတို့၏ အရာသာလျှင်ဖြစ်ကြောင်း အထက်၌ ရေးသားခဲ့ပြီးသည့်ပြင် "ငါသည် ရဟန္တာဖြစ်ပြီ"ဟု တစုံ တယောက်က ပြောဆိုလျှင် ထိုသူအား အရိယဝေါဟာရစသည် ငါး၌ာန

တို့ကို မေးစီစစ်၍ ကောင်းမွန်စွာ ဖြေဆိုနိုင်က ကြည်ညိုထိုက်သည်ဟု ဥပရိပဏ္ဏာသပါဠိတော် ဆဗ္ဗိသောဝနသုတ်၌ ဟောတော်မူခြင်းသည်ပင် "အရိယာမှန်ပြီ"ဟု မုချဆုံးဖြတ်နိုင်ရန် မဟုတ်သေး၊ စာတတ်ပုဂ္ဂိုလ်များသည် ဤခြောက်ဌာနကို ကောင်းစွာဖြေဆိုနိုင်မည်ဖြစ်၍ ၎င်း၏အကျင့်သီလဟု ဆိုအပ်သော အာဂမပဋိပဒါဖြင့် ညှိနှိုင်းလေ့လာပါဦး။ ၎င်းဖြင့်လည်း မဆုံးဖြတ်သင့်သေး အချို့ပုထုဇဉ်များသည် အရိယာတို့ကဲ့သို့ပင် မြိမြိဖြူစင်သော သီလအာစာရများ ရှိကြသည်ဖြစ်၍ အဘယမထေရ်,စန္ဒမုခတိဿမင်း,ဝသဘမင်းစသည်တို့၏ စုံစမ်းနည်းကဲ့သို့ စုံစမ်းပါဦး"ဟု ဆဗ္ဗိသောဝနသုတ် အဋ္ဌကထာ၌ မိန့်မှာတော်မူလျက်ရှိလေသည်။

ထို့ကြောင့် အရိယာဟုတ်,မဟုတ်ကို သိမြင်ဆုံးဖြတ်နိုင်ရန်မှာ စေတောပရိယညာဏ်ကိုရသော အရိယာပုဂ္ဂိုလ်တို့၏ အရာသာဖြစ်သည် ဟူသော စကားကို စွဲမြဲစွာ မှတ်ယူ၍ ရေးသားဖော်ပြလတ္တံ့သော အရိယာတို့၏ ဂုဏ်အင်္ဂါများကို ဘတ်ရှုလေ့လာရန်ဖြစ်ပါသည်။

အဓိပ္ပါယ်— ရေးသားဖော်ပြလတ္တံ့သော အရိယာတို့၏ ဂုဏ်အင်္ဂါများသည် "အရိယာဖြစ်ပြီ"ဟု တဦးသည်တဦးအား ဆုံးဖြတ်နိုင်ရန်မဟုတ်၊ မိမိကိုယ်ကို ဆင်ခြင်၍ အဓိမာနိကမဖြစ်ရန်နှင့် အရိယာကို အာရုံပြု ကြည်ညိုရန်သာ ဖြစ်သည်ဟူလို။

အထူးမှာကား ကိုယ်,နှုတ်အမူတို့၌ အရိယာတို့၏ ဂုဏ်အင်္ဂါအားလုံးရှိသည်ကို မြင်ရသော်လည်း "အရိယာ"ဟု မုချမဆုံးဖြတ်နိုင်သေး၊ အကြောင်းမှာ အရိယာတို့ကဲ့သို့ပင် သီလအာစာရ ဖြူစင်သော ပုထုဇဉ်များ ရှိကောင်းသောကြောင့်တည်း။

အရိယာတို့၏ ဂုဏ်အင်္ဂါတို့တွင် တပါးတလေမျှ ချို့ယွင်းသည်ကို တွေ့မြင်ရလျှင် အရိယာမဟုတ်ဟူ၍ကား သိမြင်နိုင်လေသည်၊အကြောင်းမှာ ပုထုဇဉ်တို့ကဲ့သို့ အဂတိလိုက်စားခြင်းစသည်ဖြင့် တပါးတလေမျှ ဂုဏ်အင်္ဂါ ချို့တဲ့သူ အရိယာမရှိကောင်းသောကြောင့်တည်း။

(၁) ဆက်ပါဦးမည်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် ထပတိဒါယကာအား မြတ်စွာဘုရား ဟောကြားတော်မူသော ထပတိသုတ်၌ကား အထက်ပါအမှတ် (၁) (၂) (၃)အရ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ခြင်းသုံးပါးနှင့် ဒါနသံဝိဘာဂ—လှူဒါန်းဝေဘန်ခြင်းထည့်၍ သောတာပန်၏ သဘာဝအင်္ဂါလေးပါးကို ဟောတော်မူပါသည်။

(ဂ) အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌာနသုတ်, ခုဒ္ဒကပါဠပါဠိတော် ရတနသုတ်တို့၌ကား အမိကိုသတ်ခြင်း– မာတုဃာတကစသည့် ပဉ္စာ-နန္တရိယကံငါးပါးနှင့် အညသတ္ထာရုဒ္ဒေသ–ဘုရားမှတပါး အခြားသော တိတ္ထိဆရာကို ဆရာဟု ညွှန်ပြခြင်းဟူသော အဘိဌာနခြောက်ပါးကိုလည်း သောတာပန်တို့ မပြုတော့ကြောင်း ဟောတော်မူပါသည်။

(ဃ) ထိုရတနသုတ်မှာပင် သောတာပန်သည် မိမိပြုပြီးသော မကောင်းမှုကို ဖုံးကွယ်လေ့မရှိတော့ကြောင်း ဟောတော်မူပါသည်။

(င) မူလပဏ္ဏာသပါဠိ ကောသမ္ဗိသုတ်၌ကား သောတာပန် စသော အရိယာတို့အား ပစ္စဝေက္ခဏာကြီး ခုနစ်ပါးပြည့်စုံလျက်ရှိ ကြောင်းကို ဟောတော်မူပါသည်။

(စ) ဆက္ကင်္ဂုတ္တရပါဠိ မဟာနာမသုတ် စသည်တို့၌ အရိယာများ သည် ဗုဒ္ဓါနုဿတိစသော ဈေအနုဿတိခြောက်ပါးကို အမြဲပွားများ အောက်မေ့၍ နေလေ့ရှိကြောင်းကို ဟောတော်မူပါသည်။

(ဆ) သုတ္တနိပါတ်ပါဠိ, အဋ္ဌကထာ၌ကား အရိယာများသည် ထင်ပေါ်ကျော်ကြားရန် မိမိတို့၏ဂုဏ်ကို ထုတ်ဖော်လေ့မရှိကြောင်း ဟောကြားဖွင့်ဆိုလျက်ရှိလေသည်။

(ဇ) နေတ္တိပါဠိ, အဋ္ဌကထာ၌ကား သောတာပန်သည် ပဉ္စာ-နန္တရိယကံငါးပါးနှင့် ပြစ်မှားလိုသောစိတ်ဖြင့် စေတီ,ပုထိုးကိုဖျက်ဆီးခြင်း မြတ်စွာဘုရားမှတပါး အခြားတိတ္ထိဘုရားများကို ဆရာဟုညွှန်ခြင်း, သာသနာ၌ အလျှုံခံကိုရှာခြင်း, လောကီမင်္ဂလာနိမိတ်ဖြင့် ကိလေသာမှ စင်ကြယ်သည်ဟု အယူရှိခြင်းတို့ကို မပြုမလုပ်တော့ကြောင်း ဟောတော် မူပါသည်။

(ဈ) ပါထိကဝဂ္ဂပါဠိ, အဋ္ဌကထာ စတုဋ္ဌာနာဒိအဖွင့်၌ကား အရိယာတို့သည် အသက်စွန့်ရသော်လည်း အဂတိလေးပါးကို မလိုက်စား တော့ကြောင်း ဟောတော်မူပါသည်။

(ည) ဥပရိပဏ္ဏာသအဋ္ဌကထာ သာမဂါမသုတ် အဖွင့်၌ကား အရိယာတို့သည် ငြင်းခုံမှုမရှိတော့ကြောင်း ဖွင့်ဆိုတော်မူပါသည်။

(၄) ပါရာဇိကဏ်အဋ္ဌကထာ၌ အရိယာရဟန်း,သာမဏေတို့ လူမထွက်တော့ကြောင်း ဟောတော်မူပါသည်။ ပုဂ္ဂလပညတ် အဋ္ဌကထာ၌လည်း နည်းတူဟောတော်မူသည်။ မဟာနိဒ္ဒေသပါဠိ တိဿမေတ္တေယျသုတ်၌လည်း လူထွက်သူမှာ ပုထုဇဉ်သာဖြစ်ကြောင်း ဟောတော်မူပါသည်။

(၅) မူလပဏ္ဏာသအဋ္ဌကထာ ဝတ္ထသုတ်အဖွင့်၌ သောတာပတ္တိမဂ်သည် မက္ခ, ပဠာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျတို့ကို ပယ်ပြီးကြောင်း—

အနာဂါမိမဂ်သည် ဗျာပါဒ, ကောဓ, ဥပနာဟ, ပမာဒတို့ကို ပယ်ပြီးကြောင်း—

အရဟတ္တမဂ်သည် အဘိဇ္ဈာ, ဝိသမလောဘ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန,မဒတို့ကို ပယ်ပြီးကြောင်းဖွင့်ဆိုတော်မူလေသည်။

(၃) ဒုစရိုက်ဆယ်ပါးတို့တွင် ကာယဒုစရိုက်သုံးပါးနှင့် မုသာဝါဒ, မိစ္ဆာဒိဋ္ဌိတို့ကို သောတာပတ္တိမဂ်ကပယ်ကြောင်း—

ပိသုဏဝါစာ, ဖရုသဝါစာ, ဗျာပါဒတို့ကို အနာဂါမိမဂ်က ပယ်ကြောင်း—

သမ္ဖပ္ပလာပဝါစာနှင့် အဘိဇ္ဈာတို့ကို အရဟတ္တမဂ်ကပယ်ကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာရှိလေသည်။

ဝိသုဒ္ဓိမဂ်စသော အဋ္ဌကထာများ၌ သံယောဇဉ်,ကိလေသာ,မိစ္ဆတ္တ, လောကဓမ္မစသည် ပယ်ပုံတို့ကိုလည်း ဖွင့်ဆိုလျက်ရှိလေသည်။ ကျယ်လွန်းမည်စိုးသဖြင့် ရေးသားဖော်ပြခြင်း မပြုတော့ပါ၊ စင်စစ်မှာ ဤအဓိမာနကဏ္ဍ၌ စပ်ဆိုင်၍ ရေးသားဖော်ပြသင့်သည်ဟု ယုံကြည်သမျှကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။ ဤစာအုပ်ထက် ပြည့်စုံသော အကျယ်ကို အလိုရှိပါက ဘုန်းကြီးရေးသား ထုတ်ဝေလတ့်သော "သောတာပန်ကြေးမုံကျမ်း"၌ ဘာသ်ရှုပါလေ။

## မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း စသည်တို့၏ အဓိပ္ပါယ် ရှင်းလင်းချက်များ

(က) အမှတ်၌— မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းဟူသည်မှာ အရိယာမဂ်ဖြင့် ရအပ်သော သဒ္ဓါတရားဖြင့် သက်ဝင်ယုံကြည်ခြင်းတည်း။

"မကျိုးမပေါက် မပြောက်မကြား"ဟူသော စကား၌—

"မကျိုး"ဟူသည်မှာ ငါးပါးသီလသိက္ခာပုဒ် အစဉ်တွင်၊ အစ၌သော်၎င်း အဆုံး၌သော်၎င်း မကျိုးခြင်းကို ခေါ်ပါသည်။

"မပေါက်"ဟူသည်မှာ ငါးပါးတို့တွင် အလည်သိက္ခာပုဒ်၌လည်း လွန်ကျူးဖြစ်မှားခြင်း မရှိသည်ကို "မပေါက်"ဟုခေါ်ပါသည်။

"မပြောက်မကြား" ဟူသည်မှာ ငါးပါးသီလသိက္ခာပုဒ်အစဉ်၏ အစ,အလယ်,အဆုံး သုံးပါးလုံးတို့တွင် တပါးပါး၌ သိက္ခာပုဒ်နှစ်ခု, သုံးခုပျက်စီးမှုမရှိခြင်းကို ခေါ်ပါသည်။

အရိယာတို့သည် ဘဝတပါးသို့ ရောက်သော်လည်း ဤငါးပါး သီလကို မကျူးလွန်ဘဲ စောင့်ရှောက်သောအားဖြင့် ချစ်မြတ်နိုးကြကုန်သောကြောင့် ဤငါးပါးသီလကို "အရိယကန္တသီလ"ဟု ခေါ်ဆိုပါသည်။

ဤ(က)အမှတ်အဓိပ္ပါယ်ကို ဝိသုဒ္ဓိမဂ်,မဟာဝဂ္ဂသံယုတ်, သုတ်မဟာဝါအဋ္ဌကထာတို့ကိုမှီ၍ ဖေါ်ပြပါသည်။

(ချ)အမှတ်၌ အဂတိလေးပါးဟူသည်မှာ—

ချစ်သဖြင့် မိမိ၏သားချင်း မိတ်ဆွေကိုဖြစ်စေ လာဘ်ပေးသူကို ဖြစ်စေ မတရားမှန်းသိလျက် အနိုင်ပေးခြင်း ထောက်ခံခြင်း "ဆန္ဒာဂတိ"။

မုန်းသဖြင့် မိမိ၏ရန်သူကိုဖြစ်စေ မိမိမုန်းသူကိုဖြစ်စေ တရားသည်ကိုသိလျက် မတရားဟု ဆုံးဖြတ်ခြင်း ကန့်ကွက်ခြင်း "ဒေါ-သာဂတိ"။

အကြောင်းအကျိုးကို မဆင်ခြင် မသိမြင်ဘဲ မိုက်မဲတွေဝေသဖြင့် အနိုင်,အရှုံးပေးခြင်း ထောက်ခံကန့်ကွက်ခြင်း— "မောဟာဂတိ"။

ကြောက်ရွံ့သဖြင့် မတရားသူကို အနိုင်ပေးခြင်း ထောက်ခံခြင်း— "ဘယာဂတိ"။ ။ဤလေးပါးဖြစ်ပါသည်။

တစုံတခုသော ဝတ္ထုပစ္စည်းကို ဝေဘန်ရာ၌ မိမိ၏သားချင်း မိတ်ဆွေဖြစ်၍ ပိုပေးခြင်း ရန်သူဖြစ်၍ လျော့ပေးခြင်း မသိနားမလည် သဖြင့် မညီမမျှဝေဘန်ခြင်း, ကြောက်သဖြင့် ပိုပေးခြင်းတို့သည်လည်း အစဉ်အတိုင်း "ဆန္ဒာဂတိ" စသည်မည်၏။

ဤလေးပါးတို့သည် "အရိယာ ဧတာယ န ဂစ္ဆန္တီတိ အဂတိ" ဟူသော သဒ္ဒါအဋ္ဌကထာနှင့်အညီ ထိုလေးပါးသို့ အရိယာတို့သည် ချစ်ခြင်း,မုန်းခြင်းစသည်ဖြင့် မပြုမှား မလားရောက်ကြကုန်သောကြောင့် အဂတိမည်၏။

၄။ အမှတ်၌ "မက္ခ" ဟူသည်မှာ သူပြုဘူးသော ကျေးဇူးကို ချေဖျက်ခြင်း၊ ဝါ၊ ကျေးဇူးရှင်ကို ကျေးစွပ်ခြင်းတည်း။

"ပဠာသ" ဟူသည်မှာ မိမိထက် သုတ,သီလစသည်တို့ဖြင့် သာလွန် သူကို တုပြိုင်ခြင်းတည်း။

"ဣဿာ" ဟူသည်မှာ လာဘ်သပ္ပကာ ဘုန်းကံကို မနာလို မရှုစိမ့် ငြူစူခြင်းတည်း။

"မစ္ဆရိယ" ဟူသည်မှာ ဝန်တိုခြင်းတည်း၊ အကျယ်ကို ဆဋ္ဌမပစ္စ ဝေက္ခဏာခန်း၌ ရေးခဲ့ပြီးဖြစ်လေသည်။

"မာယာ" ဟူသည်မှာ မိမိ၏မကောင်းမှုကို ဖုံးလွှမ်းလို၍ လှည့်ပတ် ခြင်းတည်း။

"သာဌေယျ" ဟူသည်မှာ ကောက်ကျစ်စဉ်းလဲခြင်းတည်း။ ထိုသာဌေ- ယျကို အာယတနမဏ္ဍမည်သော ငါးမြွေနှင့်တူသည်ဟု အဋ္ဌကထာများ၌ ဆိုပါသည်။ ထိုငါးမြွေသည် အမြီးမှာ ငါးနှင့်တူသည်ဖြစ်၍၊ ငါးနှင့်

တွေ့လျှင် အမြီးကိုပြ၍ ပေါင်းသင်း၏၊ ခေါင်းမှာ မြွေနှင့်တူသည်ဖြစ်၍ မြွေနှင့်တွေ့လျှင် ခေါင်းကိုပြ၍ ပေါင်းသင်းသည်၊ ဤဥပမာကိုထောက်လျှင် "သာဌေယျရှိသော ပုဂ္ဂိုလ်သည် သာပေါင်းညာစားတည်း"ဟု ဆိုနိုင်လေသည်။

"ဗျာပါဒ"ဟူသည်မှာ အာဃာတဝတ္ထု ကိုးပါးကြောင့်ဖြစ်သော ဒေါသစေတသိက်တည်း၊ အာဃာတဝတ္ထုကိုးပါးဟူသည်မှာ—

၁။ မိမိ၏အကျိုးမဲ့ကို ပြုနေသူ။

၂။ ပြုခဲ့ဘူးသူ။

၃။ ပြုလတ္တံ့သူ။

၄။ မိမိချစ်သူ၏အကျိုးမဲ့ကို ပြုနေသူ။

၅။ ပြုခဲ့ဘူးသူ။

၆။ ပြုလတ္တံ့သူ။

၇။ မိမိမုန်းသူ၏ အကျိုးစီးပွားကို ပြုနေသူ။

၈။ ပြုခဲ့ဘူးသူ။

၉။ ပြုလတ္တံ့သူ။

ဟူ၍ ဒေါသဖြစ်ကြောင်းအာရုံကိုးမျိုးတည်း။

"**ကောဓ**"ဟူသည်မှာ အထက်ပါ အာဃာတဝတ္ထုကိုးပါးတွင် နေပူ, မိုးရွာ, နေမပူ, မိုးမရွာစသည်တို့ကြောင့်ရင်း၊ ထိခိုက်—နာကျင်ခြင်းစသည်တို့ကြောင့်ရင်း အမျက်ထွက်ခြင်းဟူသော "အဋ္ဌာနကောပ"ကို ထည့်၍ အာဃာတဝတ္ထု ဆယ်ပါးကြောင့်ဖြစ်သော ဒေါသစေတသိက်တည်း။

"**ဥပနာဟ**"ဟူသည်မှာ ရန်ညှိုးဖွဲ့ခြင်းတည်း။

"**ပမာဒ**"ဟူသည်မှာ ကုသိုလ်တရားတို့၌ မေ့လျော့ခြင်းတည်း။ ထိုပမာဒ၏ အမိပ္ပါယ်အကျယ်ကို အဋ္ဌမပစ္စဝေက္ခဏာခဏ်း၌ ရေးခဲ့ပြီးဖြစ်ပါသည်။

"**အဘိဇ္ဈာ**"ဟူသည်မှာ မိမိ၏ဥစ္စာပစ္စည်း၌ ရှုငဲ့တပ်မက်တတ်သော ဆန္ဒရာဂတည်း။

"**ဝိသမလောဘ**"ဟူသည်မှာ သူတပါး၏ ဥစ္စာပစ္စည်း၌ ရှုငဲ့တပ်မက်တတ်သော ဆန္ဒရာဂတည်း။

တနည်းကား—မိမိ၏ပစ္စည်း၌၎င်း၊ တောင်း၍ရလွယ်သော ပစ္စည်းမျိုး၌၎င်း လိုချင်တပ်မက်မှုသည် "အဘိဇ္ဈာ"မည်၏ သူတပါး၏ သားမယား ဥစ္စာပစ္စည်းများ၌၎င်း၊ တောင်းတ၍ မရနိုင်ကောင်းသော ဥစ္စာပစ္စည်းများ၌၎င်း လိုချင်တပ်မက်မှုသည် "ဝိသမလောဘ"မည်၏။

မဟာသံဃရက္ခိတမထေရ်၏အလိုအားဖြင့်ကား လောဘတခုထည်းသည်ပင် အလွန်ရှုငဲ့လိုချင်တတ်သော အနက်သဘောကြောင့် "အဘိဇ္ဈာ" မည်၍ အယောနိသောမနသိကာရ၏ အစွမ်းအားဖြင့် ဖြစ်တတ်,ဆင်းရဲကို ဖြစ်စေတတ်ခြင်းကြောင့် "ဝိသမလောဘ"မည်၏။

"**ထမ္ဘ**"ဟူသည်မှာ မကျိုးမနွံသည်ကို ဖြစ်စေတတ်သော ခက်ထန်ခြင်းတည်း။

"**သာရမ္ဘ**"ဟူသည်မှာ မာန၏ အစွမ်းအားဖြင့်ဖြစ်သော ဂုဏ်တု, ဂုဏ်ပြိုင်ပြုလုပ်ခြင်းတည်း။

"**မာန**"ဟူသည်မှာ ဇာတ်အစရှိသည်ကို စွဲ၍ဖြစ်သော ထောင်လွှားခြင်း ကိုးပါးတည်း။

"**အတိမာန**"ဟူသည်မှာ ရှေးကထက်ပိုလွန်၍ ထောင်လွှားခြင်းတည်း။

"**မဒ**"ဟူသည်မှာ ဇာတ်အစရှိသည်ကို စွဲ၍ဖြစ်သော မာန်ယစ်ခြင်းတည်း။

၃။ အမှတ်၌ ဖရုသဝါစာ, ဝိသုဏဝါစာတို့၏ တရားကိုယ်မှာ စေတနာသာဖြစ်ပါသည်။ ဆိုလိုရင်းမှာ စကားကြမ်းသော်လည်း ဒေါသစေတနာမပါလျှင် ဖရုသဝါစာမမည်၊ ဝိသုဏဝါစာကိုလည်း ထိုနည်းမှတ်ပါလေ။

ဤအမိပ္ပါယ် ရှင်းလင်းချက်များမှာလည်း အကျဉ်းမျှသာ ဖြစ်ပါသည်၊ အကျယ်ကို အလိုရှိပါက ဘုန်းကြီးရေးသား ထုတ်ဝေလတ့ံသော "သောတာပန်ကြေးမုံကျမ်း"ကို ဘတ်ရှုပါလေ။

ဤသို့လျှင် ရေးသားဖော်ပြခဲ့သော အမိမာနိကပုဂ္ဂိုလ်ဖြစ်ကြောင်းတရားများ၊ အမိမာနိကပုဂ္ဂိုလ်၏ အခြင်းအရာဓမ္မတာများ အမိမာနိက အဖြစ်မှ လွှတ်မြောက်ကြောင်း အကျင့်ပဋိပဒါများနှင့် အရိယာပုဂ္ဂိုလ်ဖြစ်ကြောင်း တရားများ၊ အရိယာပုဂ္ဂိုလ်တို့၏ အခြင်းအရာ လက္ခဏာ အင်္ဂါများကို ထောက်ထားသိမြင်၍ ဒသမမြောက်ပစ္စဝေက္ခဏာအရ မိမိကိုယ်ကို ဥတ္တရိမနုဿဓမ္မ မုချပကတိ လက်ဝယ်ရှိသူ အရိယာဟုတ်,မဟုတ် ဆင်ခြင်ရာ၌ အရိယာအစစ် ဖြစ်ခဲ့ပါလျှင် နှစ်သိမ့်ဝမ်းမြောက်ရန်နှင့် အရိယာတု အမိမာနိကပုဂ္ဂိုလ် ဖြစ်နေသေးလျှင်လည်း ထိုအမိမာနိက ပုဂ္ဂိုလ်အဖြစ်မှ လွန်မြောက်၍ အရိယာစစ်အဖြစ်သို့ ရောက်အောင် ကြိုးစားအားထုတ်ကြရန်သာ ဖြစ်ပါသည်၊ ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

# ကျမ်းပြီးပတ္တနာသိသနိဂုံး

## "ဂါထာပါဠိအနက်"

၁။ လောဟိတက်ာဒိနေကာနံ၊ ရတနာနံ သမုဗ္ဘဝေ။
နဂရေ မိုးကုတ် နာမမှိ၊ ဈေးကျောင်းဣတိ သုဝိဿုတေ။ ။

၂။ စိတြေ သောဘေ မနောရမ္မေ၊ မဟာဝါသေ နိဝါသိနာ။
အာယသ္မတာ သုဝဏ္ဏေန၊ မဟာထေရေန မေ အယံ။ ။

၃။ သာရူနံ သဒ္ဒါသံဝေဂ၊ ဝဍ္ဎနာယ ဝိဘာဝိတော။
ပဝရာဘိဏှသုတ္တတ္ထော၊ သဒ္ဒါသံဝေဂဝဍ္ဎနော။ ။

၄။ သေကူနတိံသတိက္ကန္တေ၊ တေရသ သတဟာယနေ။
သာကေ ဖဂ္ဂုနကာဠေဿ၊ ပဉ္စမေ ဂုရုဝါသရေ။ ။

၅။ ဥဇုတ္တာနတ္ထဝါစာဟိ၊ ဝိတ္ထာရိတတ္ထ ရောစိနံ။
ဥဇုကုတ္တာန ဗျာသတ္ထံ၊ ဒဿေန္တော နိဋ္ဌိတော သုခံ။ ။

၆။ ဥဇုကုတ္တာနဝိတ္ထာရံ၊ သဒ္ဒါသံဝေဂဝဍ္ဎနံ။
ပဿန္တိဒံ ပဝဍ္ဎေန္တု၊ သဒ္ဒါသံဝေဂမုတ္တမံ။ ။

၇။ ယံ လဒ္ဓံ ကုသလံ တဿ၊ ပတ္တိံ ဘာဇေမိ ပါဏိနံ။
ပုညဿေမဿ တေဇေန၊ သုခိတာ ဟောန္တု ပါဏိနော။ ။

၈။ အဘိဏှတ္ထဝိဘာဝနေန၊ ပုညေန ဣမိနာ အဟံ။
ဓမ္မာဏာဣဒ္ဓိစက္ကေဟိ၊ ဇောတေယျံ ဇိနသာသနံ။ ။

၉။ ပူရေတွာ ဗောဓိသမ္ဘာရံ၊ ဇောတေတွာ ဇိနသာသနံ။
အနာဂတေ ဇိတေ မာရေ၊ ဇယန္တောဟံ ဇိနော ဘဝေ။ ။

၁။ လောဟိတက်ာဒိနေကာနံ၊ ကျောက်နီစသား မျိုးမည် အားဖြင့် များပြားလှပေကုန်သော။ ရတနာနံ၊ နီလာညိုရောင် ကြောင်ကြိုး ကြွားကြွား ဥဿဖယားဖြူလွ မြခဲစိမ်းရိပ် ဂေါမိဒ်နီဝါ ထပ်တရာဝင်းဝင်း စလင်းဖြူနက် တွင်းထွက်ပုလဲ ဖရဲဖရုံ မြက်မျိုးစုံကို ဘွဲ့ပုံခေါ်မှတ် မဖေါ်

တတ်အောင် များမြတ်လှစွာ ရတနာတို့၏။ သမ္မုဒ္ဒဝေ၊ အထက်ဝေဟင် ဗွေကောင်းကင်မှ လေယာဉ်ပျံ့ပဲ ဖြန့်၍ကြဲသို့ တခဲနက်ဖြစ်ထွန်း ပေါ်ပေါက်ရာဖြစ်သော။ မိုးကုတ်နာမမို့၊ ချမ်းအေးလှသော ဂုဏ်သဘော ကြောင့် မောတို့ဘာသာ ရှမ်းဝေါ်ဟာဖြင့် ခေါ်ပါမိန်းကတ် နည်း တရပ်မှာ လှန်လှပ်၍ထား ခမောက်များနှင့် မခြားတမူ အလားတူ၍ သဒိသူပစာ တင်စားကာလျှင် ခေါ်ပါမိန်းကွပ် ပ-ကိုလွတ်၍ မိန်းကွတ် နောက်တွင် တသတ်ယှဉ်သော် ခေါင်ပင်မြို့မ မိပ္ပါယ်ရကို မြန်မာ့လျှာနှုတ် သံထွက်ပုဒ်ဖြင့် မိုးကုတ်ဟူဘိ အမည်ရှိသော။ နဂရေ၊ ဝေဘာရက စသည့်တွက်ကြိုး တောင်ငါးလုံးတို့ ပတ်ကုံးကာခို ရာဇဂြိုဟ်ဟု နဂိုရ် သာစည် မင်းနေပြည်ကဲ့သို့ ပတ်လည်ရံသိုင်း တောင်တံတိုင်းတို့ဖြင့် ခြံဝိုင်းကာဆို့ သာသောမြို့၌။ ဈေးကျောင်းဇာတိသုဝိသုတော၊ဈေးကျောင်း ဘွဲ့ချီး တိုက်တော်ကြီးဟု ပုံမှီးစံပြ ကျော်စောလှသော။

၂။ စိတြေ။ စမုတ်နေထား အုဋ္ဌလှေကားနှင့် ပန်းသွားပန်းချီ မှန်စီရွှေချ ဗုဒ္ဓစံမြန်း ဘုရားခန်းတို့ဖြင့် ဆန်းကြယ်ထသော။ သောဘော၊ အချိုးအစား အဘိုးအားဖြင့် ရိုးမှားတုဘွယ် လွန်တင့်တယ်သော။ မနော-ရမ္မေ၊ လေသာပြူတင်း တွင်းချောနံရံ ဘုံစံအောက်ထက် မျက်နှာကြက် တို့ဖြင့် နှစ်သက်မွေ့လျော်ဘွယ်ရှိသော။ မဟာဝါသေ၊ ကျယ်ပြန့်မြင့်ထီး တိုက်ကျောင်းကြီး၌။ နိဝါသိနာ၊ စာပေကျမ်းဂန် သင်အံပို့ချ ရှင့်ကိစ္စဖြင့် နေ့ညမမေ့ နေပျော်လေ့ရှိသော။ မဟာထေရေန၊ သုံးဆယ့်ငါးဝါ မဟာမြောက်ပြီး မထေရ်ကြီးဖြစ်သော။ အာယသ္မတာ သုဝဏ္ဏေန၊ အရှင် သုဝဏ္ဏအမည်ရှိသော။ မေ-မယာ၊ ငါသည်။

၃။ သာဂူနံ၊ ရှင်လူအပေါင်း သူတော်ကောင်းတို့၏။ သဒ္ဓါ· သံဝေဂဝဍ္ဎနာယ၊ သဒ္ဓါဖြူထွား တရားသံဝေ နှစ်ထွေပွံ့ဖြိုး ဆော်ပင့် နှိုးသို့ ဆင့်တိုးပွားများစေခြင်းအကျိုးငှါ။ ဝိဘာဝိတော၊ ပါဠိ,အဋ္ဌကထာ ဋီကာစသား ကျမ်းဂန်များဖြင့် ချဲ့ပွားဆင့်ထပ် ထင်စေအပ်သော။ သဒ္ဓါသံဝေဂဝဍ္ဎနော၊ သဒ္ဓါဖြူထွား တရားသံဝေ ယင်းနှစ်ထွေကို ဆင့်လေများမြတ် ပွားစေတတ်သော။ ပဝရော၊ မြတ်သော။ အယံ အဘိဏှသုတ္တဋ္ဌော၊ ဤပစ္စဗိတ အဘိဏှဟု ဗုဒ္ဓဟောလတ် သုတ်တော် မြတ်၏ အဋ္ဌနက်ကျယ် အဓိပ္ပါယ်သည်။ ဝါ၊ ရှင်,လူအများ ဆင်ခြင် ပွားဘို့ ဘုရားဟောမြွက် သုတ်တော်နက်တည့် **အချက်တဆယ်** မိပ္ပါယ် ကျယ်ဝှမ်း ဤသည့်ကျမ်းသည်။

၄။ သေကူနတိ့ သတိက္ကန္တေ၊ နှစ်ဆယ့်ကိုးနှစ်အလွန်နှင့် တကွ ဖြစ်သော။ တေရသသတဟာယနေ၊ တထောင့်သုံးရာပြည့်နှစ်ဖြစ်သော။ သာကေ၊ ဂေါဇာတွက်စစ် သက္ကရာဇ်၌။ ဖဂ္ဂုနကာဠသာ၊ ဝိတောက် ရွှေဖီ ဖူးစီလောင်း၊ တပေါင်းလ၏ ခေါ်ထသမုတ် ကျော်လဆုတ်၏။ ပဥ္စမေ၊ အဲ့စပေါ်ထွက် ကျော်တရက်၌။ ဂုရုဝါသရေ၊ လောကအလို ဆရာဂြိုဟ်ဟု လူဗိုလ်ခေါ်လေ့ ကြာသပတေးနေ့၌။

၅။ ဥဇုတ္တာနတ္ထဝါစာဟိ၊ မကွယ်မထောင့် ဖြောင့်စင်းပေါ်လွင် ထင်ထင်ပြက်ပြက် သိလွယ်သော အနက်ရှိသော စကားတို့ဖြင့်။ ဝိတ္ထာရိ-ထတ္ထရောစိနံ၊ အလင်းဖွင့်လှပ် ချဲ့ဆိုအပ်သည့် အတတ်ဟောမြွက် မိပ္ပါယ် နက်ကို နှစ်သက်မြတ်နိုးကြကုန်သော သူတို့အား။ ဥဇုကုတ္တာနဗျာသတ္ထံ၊ ဖြောင့်စင်းပေါ်လွင် ထင်ထင်ပြက်ပြက် ကျယ်ပြန့်သော အဓိပ္ပါယ်နက်ကို။ ဒဿေန္တော၊ ဘွင်းဘွင်းဖွင့်ဟ အလင်းပြလျက်။ သုခံ၊ တွင်းပသန္တာန် ဂန္ထန္တရာယ် ရန်စွယ်ကင်းကွာ ချမ်းသာစွာ။ နိဋ္ဌိတော၊ ခရီးတောက်ထွင်း ပြီးမြောက်ခြင်းသို့ ထင်လင်းမသွေ ရောက်ရှိပေပြီ။

၆။ သာဓူ၊ လူ့ရှင်အပေါင်း သူတော်ကောင်းတို့သည်။ ဥဇု-ကုတ္တာနဝိတ္ထာရံ၊ ဖြောင့်စင်းပေါ်လွင် ထင်လွယ်စွာလှ ကျယ်ဝန်းထသော။ သဒ္ဒါသံဝေဂဝဍ္ဎနံ၊ သဒ္ဒါ့သံဝေ ယင်းနှစ်ထွေကို ဆင့်လေများမြတ် ပွားစေတတ်သော။ ဣဒံ အဘိဏှသုတ္တတ္ထံ၊ ဤပစ္စဝေက္ခိတ အဘိဏှဟု ဗုဒ္ဓ ဟောမြွက် သုတ်တော်နက်ကို။ ဝါ၊ **အချက်တဆယ် ဆင်ခြင်ဘွယ်ဟု** မိပ္ပါယ်ပြည့်လျှမ်း ဤသည့်ကျမ်းကို။ ပသန္နာ၊ ဒိဋ္ဌထင်ထင် စိတ်ကြ မြင်အောင် ဆင်ခြင်ကြည့်ရှုကြကုန်လျက်။ ဥတ္တမံ၊ သိက္ခာသုံးပါး အကျင့် များ၏ ရှေ့သွားမှခ မြင့်မြတ်လှသော။ သဒ္ဒါသံဝေဂံ၊ သဒ္ဒါဖြူထွား တရားသံဝေ ယင်းနှစ်ထွေကို။ ပဝဍ္ဎေန္တု၊ ဖွင့်နိုးသောအား ပွင့်ဖြိုး များအောင် ဆင့်ပွားမြောက်မြှင့်နိုင်ကြပါစေကုန်သတည်း။

၇။ မယာ၊ ငါသည်။ ယံ ကုသလံ၊ ဘုရားဟောမြွက် သုတ်တော် နက်ဟု **အချက်တဆယ် ဆင်ခြင်ဘွယ်ကို** အကျယ်ဖွင့်ဆို မြင့်မြတ်သော အကြင် ကုသိုလ်ကို။ လဒ္ဓံ၊ ရအပ်ပေပြီ။ တဿ ကုသလဿ၊ ထိုငါရအပ် ကုသိုလ် မြတ်၏။ ပတ္တိံ၊ ထပ်ပွားစေမှု ဝေပုံစုကို။ ပါဏိနံ၊ ပါယ်ရွာလူ့ရပ် နတ်နှင့်ဗြဟ္မာ သတ္တဝါတို့အား။ ဘာဇေမိ၊ ငါနှင့်တူကွ ရယူကြဘို့

အနုညီဦရ ဖေးခဝပါန်၊ ဇရမသ ဝုည္သသ၊ ဤငါပြုစု ကုသိုလ်မှုန်း၊ ဘေခေဒ၊ တန်ခိုးသို့နှိ့ခေဝ် အာနုဘော်ကြောင့်၊ ပါကိနေ၊ သတ္တဝါတို့သည်၊ သုခိတာ၊ ဘိုယ်ဝိဘ်နှာ်ဖြာ ချမ်းသာကြကုန်သည်၊ ဟောဇူး ဖြစ်ကြပါစေကုန်သတည်း။

၈။ အဘိဇ္ဇာဒိဘာဝနေ၊ ဝဋ္ဋဒိဘ အဘိဏဟု ဗုဒ္ဓဟောသတ် သုတ်ဘော်မြဲဘ်၏ အညွှဲသိဘွယ် အနိဂ္ဂါယ်ထိ အကျယ်ထင်ထင်း ဖွင့်ဆိုခြင်း ဖြစ်သော၊ ဇုမိန္ဒာ ပုဒ္ဒေသနှ၊ ဤကောင်းမှုကြောင့်၊ အဟံ၊ ငါသည်၊ မန္တာအာဇုမ္ပိခေတ္တာဘိ၊ တဆူ့အာဘာ ပြီးရှုံဖြာဟု သိသာထင်အောင် သည့်ဌ်ခေဘ်သည့် ရှိဘောက်ခရ်ရှား ဘတ်သုံးပါးတို့ဖြင့်၊ ဇိနုသာသန်၊ ငါးခါရပ်ဝယ်ရှား မြတ်ဘုရား၏ သုံးပါးမြတ်စွာ သာသနာကို၊ ဇောဘောယ်၊ နေဝန်း့ထဝါ မဘာသာအောင် ရှိန်ခြွါခန်ခွင်း မှောင်မြူရှင်း၍ ထွန်းသင်း ဘောက်ပစေနိုင်ရပါသို၏။

၉။ ဗောဓိသန္တာခံ၊ သဗ္ဗညု့ဗောဓိ မည်ရှိဘွဲ့ခံ ထိကြောင်း ဉာဏ်၏ ဆယ်ဘန်ပါရမီ ငါးသိစာဂ ဖရိယသုံးပုံ အဓောက်အအုံညီ၊ ပူရေတွာ၊ အသုဘ်အသဘ် အမြဲဘ်ပုံပြည့် ကုန်အောင်ဖြည့်၍၊ ဇိနုသာသန်၊ ငါးခါရပ်ဝယ်ရှား မြတ်ဘုရား၏ သုံးပါးမြတ်စွာ သာသနာကို၊ ဇော·တေတွာ၊ နေဝန်း့သဝါ မဘာသာချဲ့ မြင့်ကြာဘည့်နေ ထွန်းသင်း၆ဝ ပြီး၍။ အနာဂတေ၊ နောင်အခါ၌၊ ဇိဘော ဘုရားဖြစ်စွာ ဗောဓ္ဌို၌ချာဘို ပယ်ခွါခွင်းသတ် အောင်နိုင်အပ်ဘုန်သော၊ မာရေ၊ မာရ်မင်းဒေဝါ ထိသေသာနှင့် ခန္ဓာသေမ္ နာခံချုပ်ပြီးဟု ငါးစုမာရ်ဆိုး ရန်သူမျိုးတို့ကို၊ ဇယဒန္တာ၊ ဘုန်းပါရမီ သုံးဆယ်သိန္ဒဉ့် သေးဒိုသောမင် ဗိုးကြီးစည်ဖြင့် ပယ်ဖျက်ဆုံးတိုင် ခွင့်သုံးပိုင်သည် အောင်နိုင်ပွဲရသည်ဖြစ်၍၊ ဇိနေ၊ တွင်းဖြိုင်ရန်မျက် မာရ်ရဲမဘ်ထိ သဘ်နှဘ်ခဆောင် ကြိုးမနှောင်ဘဲ အောင်မြင်ဘတ်သား မြတ်ဘုရားသည် ဘဝေ—ဘဝါဒိ၊ ဘောင်းဆုဝန်ဆို ဖြစ်ရပါသို၏။

အချက်ဘသယ် ဆင်ခြင်ဘုယ်ကျမ်း ကျွန်ဘုင်ပြီး၏။

# ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃ | ၅ | ကိစ္စနုခေါ | ကစ္စနုခေါ |
| ၅ | ၂၅ | တံဟူသော | ကံဟူသော |
| ၁၁ | ၇ | ယခုကာက | ယခုကာလ |
| ၀၂၉ | ၂၅ | မှယ်ယူသင့်ပါသည် | မှတ်ယူသင့်ပါသည် |
| ၁၃၀ | ၂၀ | မိစ္ဆာဇီဝ | မိစ္ဆာဇီဝ |
| ၁၄၃ | ၂၇ | ဝို့ချ | ပို့ချ |
| ၂၆၀ | ၁၂ | သတ္တကေလာယန | သတ္တကေလာယန |
| ၂၆၉ | ၇ | လာသ်သပ္ပကာ | လာဘ်သပ္ပကာ |
| ၂၀၄ | ၆ | အပိုင်းအခြား | အပိုင်းအခြား |
| ၂၉၀ | ၉ | မိဋ္ဌငါးပါး | ဒိဋ္ဌငါးပါး |
| ၃၂၁ | ၁၉ | ၍ပြု | ပြု၍ |
| ၃၄၀ | ၂၉ | ခေါင်းအုံ၊ | ခေါင်းအုံး |
| ၃၄၅ | ၂၆ | သင်အံပို့ချ | သင်အံပို့ချ |
| ၃၄၇ | ၁၉ | ပါဠိထော်လာ | ပါဠိတော်လာ |
| ၃၄၀ | ၁ | မိမိ | မိမိ |
| ၃၄၉ | ၆ | ဝိပဿနဓုရ | ဝိပဿနာဓုရ |
| ၃၇၀ | ၂၀ | အမေးဖြစ်ပါသည် | အမေးဖြစ်ပါသည် |
| ၃၇၉ | ၂၀ | သမ္ပရာယိကံ | သမ္ပရာယိကံ |
| ၃၀၅ | ၂၀ | တေလာည်သော | တောလည်သော |
| ၄၂၀ | ၁၉ | သဏ္ဍာန် | သဏ္ဌာန် |
| ၄၃၃ | ၁၀ | ဝိသမရှပ် | ဝိသမရှပ် |
| ၄၃၆ | ၁၉ | မနောဝိညာဉ်သာ | မနောဝိညာဉ်သာ |
| ၄၃၇ | ၁၃ | သောတဝိညာဏ | သောတဝိညာဏ |
| ၄၅၀ | ၁၀ | ဝေဒနက္ခန္ဓာ | ဝေဒနာက္ခန္ဓာ |
| ၄၅၂ | ၉ | လွှမ်းမိုး၍ | လွှမ်းမိုး၍ |
| ၄၆၇ | ၃ | အဖေါ်သတဲဖြစ်၍ | အဖေါ်သဟဲဖြစ်၍ |

# ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၈၂ | ၁၈ | တမှားခြင်း | ယုံမှားခြင်း |
| ၄၉၁ | ၁၅ | ဝေဝတ္ထတိ | ဝဝတ္ထေတိ |
| ၅၂၂ | ၁၆ | ဥပဋ္ဌာပေထိ | ဥပဋ္ဌာပေတိ |
| ၅၂၇ | ၂၂ | ဓိဋ္ဌာဒသက | ဓိဍ္ဎာဒသက |
| ၅၂၈ | ၇ | ဓိဋ္ဌာဒသက | ဓိဍ္ဎာဒသက |
| ၅၂၈ | ၁၁ | ဓိဋ္ဌာဒသက | ဓိဍ္ဎာဒသက |
| ၆၁၀ | ၂၄ | အတ္ထာနံ | အတ္တာနံ |

မိုးကုတ်မြို့နယ် အရပ်ရပ်မှ

## ဓမ္မဒါနကောင်းမှုရှင်များစာရင်း

| အမည် | နေရပ် | အလှူငွေ |
|---|---|---|
| အဖွားမယ်နှင့် သား မောင်ဖိုးစိ | ဈေးဟောင်းရပ် | ၇၀၀ |
| ဦးလှရှိန် ဒေါ်မွေး | ॥ | ၄၅၀ |
| ဦးသောင်း ဒေါ်ဆင့်နှင့် သားသမီးများ | ॥ | ၃၅၀ |
| ဦးကံလှ ဒေါ်စိန်ခင်နှင့် သားသမီးများ | ॥ | ၃၀၀ |
| ဦးအောင်ကြီး ဒေါ်အေးကြည်နှင့် သားသမီးများ | ॥ | ၁၀၀ |
| ကိုသန်းမောင် မမြမေ | ॥ | ၁၀၀ |
| ကိုခင်မောင် မခင်ညိမ် | ॥ | ၁၀၀ |
| မမသန်း | ॥ | ၃၀ |
| ကိုစံဝ မအုန်းမြင့် | ॥ | ၂၀ |
| ကိုအုန်းကျော် | ॥ | ၅၀ |
| ကိုတိုး မဖွား | ॥ | ၁၀၀ |
| အဖွားမြ | ॥ | ၁၀ |
| ကမ္ဘာလုံးမုံ့တိုက် | ॥ | ၁၀၀ |
| ဦးဖေဒင် ဒေါ်ခင် | ॥ | ၅၀ |
| ကိုသက်ထွန်း | ॥ | ၁၀ |
| ကိုခင်မောင် မမြမေ | ॥ | ၁၀၀ |
| ကိုသက်လွင် မစော | ॥ | ၂၀ |
| ဦးဝ ဒေါ်စောမယ် | ॥ | ၁၀၀ |
| ကိုထွန်းတင် မလှလှ | ॥ | ၁၀ |
| ဦးနစ် ဒေါ်သိန်းရင် | ॥ | ၁၀၀ |
| မောင်ငွေးနှင့် ညီမ | ॥ | ၁၀ |
| ဒေါ်ခိုင်နှင့် သားသမီးများ | ॥ | ၂၀၀ |
| ဒေါ်ပုနှင့် သမီး မသန်း | ॥ | ၁၀ |
| ကိုတင်ညွန့် မတင်ကြည် | ॥ | ၂၀ |
| ဒေါ်အုန်းမေ | ॥ | ၁၀၀ |
| ကိုအုန်းရွှေ မတီတီ | ॥ | ၂၀ |
| ကိုထွန်းရင် မငွေးမြင့် | ॥ | ၂၀ |
| မောင်မောင်နိုင် | ॥ | ၂၀ |
| ဒေါ်အေး | ॥ | ၂၆ |
| မောင်မောင်အုန်း မရီရီသိန်း | ॥ | ၁၂ |

မိုးကုတ်မြို့နယ် အရပ်ရပ်မှ

## ဓမ္မဒါနကောင်းမှုရှင်များစာရင်း

| အမည် | နေရပ် | အလှူငွေ |
|---|---|---|
| ကိုဖေခင် မအေးကြည် | ဈေးဟောင်းရပ် | ၃၀ |
| ဦးသံနို့ ဒေါ်ခင်မြ | ။ | ၂၆ |
| ကိုချစ်မောင် မမြသန်း | ။ | ၆ |
| ဖေမောင်မြင့် | ။ | ၁၂ |
| မောင်သိန်းအောင် မအမာ | ။ | ၁၀ |
| ကိုအုန်းရွှေ မကြီး | ။ | ၂၀ |
| ဦးသန်းဖေ ဒေါ်စောကြည် | ။ | ၆၀ |
| ကိုညွန့်မောင် မခင်သန်း | ။ | ၆၀ |
| ဦးထွန်းအေး ဒေါ်ကြည် | ။ | ၃၀ |
| ကိုသာဒီး မညွန့်စိန် | ။ | ၁၂ |
| ဦးဘလွင် ဒေါ်ခင်ညွန့် | ။ | ၆၀ |
| ကိုညို မအုန်း | ။ | ၃၀ |
| ဦးတင်ညွန့် ဒေါ်စိန် | ။ | ၆၀ |
| ဦးထွန်းရွှေ ဒေါ်လှကြည် | ။ | ၂၀ |
| ဦးစံမြ ဒေါ်ခင်ညွန့် | ။ | ၃၂ |
| ကိုခင်မောင်ထွေး မတင်တင် | ။ | ၆၀ |
| ဦးတံ ဒေါ်တင် | ။ | ၁၂ |
| ဒေါ်ထွေး | ။ | ၁၂ |
| ဦးအောင်ခ ဒေါ်မမကြီး | ။ | ၁၂ |
| ကိုလှဖေကြီး | ။ | ၂၅၀ |
| ဦးသန်းဖေ သား မောင်ကိုကြီး | ။ | ၃၀ |
| အဖွားဘုံ | ။ | ၀၇ |
| ဒေါ်မှိ | ။ | ၇၉ |
| ဦးကျော်ထုံး | ။ | ၇၁ |
| ဦးထွန်းဖေ ဒေါ်ငွေစိန်နှင့် သားသမီးများ | ။ | ၂၀၀ |
| ဦးချောင် ဒေါ်စိန်မှန်နှင့် သားသမီးများ | ။ | ၁၀၀ |
| ဦးဘသော ဒေါ်မြရီ | ။ | ၃၀၀ |
| ကျောင်းအမကြီး ဒေါ်ဖုန် | မြို့မရပ် | ၅၀၀. |
| ဦးကွန်း ဒေါ်ခင်မေ | ။ | ၃၀. |
| မောင်နီ မသန်းမေ | ။ | ၃၀ |

မိုးကုတ်မြို့နယ် အရပ်ရပ်မှ

## ဓမ္မဒါနကောင်းမှုရှင်များစာရင်း

| အမည် | နေရပ် | အလှူငွေ |
| --- | --- | --- |
| ဒေါ်စောလုံနှင့် သား မောင်စိန်မြင့် | မြို့မရပ် | ၁၀၀ |
| ကိုအောင်ကြည် မခင်စိန်နှင့် သားသမီးများ | ။ | ၅၀၀ |
| ဦးသုတ ဒေါ်မမကြီး | ။ | ၆၀ |
| ဒေါ်အုန်းရှင် ဒေါ်အုန်းတင် | ။ | ၃၀ |
| ဦးထွန်းပြည့် ဒေါ်အောင် | ။ | ၃၀ |
| ဦးညိုညို ဒေါ်လှမေနှင့် သားသမီးများ | ။ | ၃၀၀ |
| ဒေါ်အေးနှင့် သားသမီးများ | ။ | ၅၀ |
| ဦးမောင်မောင် ဒေါ်စိန်ညွန့် | ။ | ၅၀ |
| ကိုခင်မောင် မငွေရီ | ။ | ၅၀ |
| မောင်အောင်မြတ် | ။ | ၂၀ |
| ဦးထွန်းကျော် ဒေါ်ချင့် | ။ | ၅၀ |
| ဦးညို ဒေါ်ငယ်နှင့် သားသမီးများ | ရှမ်းစုရပ် | ၃၀၀ |
| ဦးသူတော် ဒေါ်အေးမြိုင်နှင့် သားသမီးများ | ။ | ၂၀၀ |
| ကိုဇော်ညွန့် | ။ | ၁၂ |
| ကိုအေးမောင် မကြည်စိန် | ။ | ၁၅၀ |
| ဦးဘခင်နှင့် သားသမီးများ | ။ | ၃၀ |
| ကိုအောင်ကျော် မသိန်းသိန်းနှင့် သားများ | ။ | ၃၀၀ |
| ဦးဘနှင့် သားသမီးများ | ။ | ၁၀၀ |
| ဦးရင်စိမ်း ဒေါ်ထွေးနှင့် သား မောင်သာဒင် | ။ | ၁၂၀ |
| ကိုဆန် မအေးတွမ် | စိတ္တကုဋ္ဌရွာ | ၂၀ |
| ဦးနေနှင့် မောင်နှမတစု | ။ | ၁၅၀ |
| ဒေါ်ထွမ်းနှင့်သားများ | ။ | ၃၀ |
| မကြည် မလှရင် မောင်နှမတစု | ။ | ၃၀ |
| ဒေါ်လိတ်နှင့် သား ကိုညွန့်မောင် | ။ | ၁၀ |
| မောင်လှအောင် | ။ | ၁၀ |
| ဦးကန့်ခမ်း ဒေါ်ကန့်ခမ်း | ။ | ၁၂ |
| ကိုမြမောင် မမြအေး | ။ | ၁၂ |
| ဒေါ်ခွေးနှင့် သားသမီးများ | ။ | ၆ |
| ဦးလှိုင် ဒေါ်ပေါင်းရီ | ။ | ၆ |
| ကိုစိန် မရွှေနု | ။ | ၆ |

မိုးကုတ်မြို့နယ် အရပ်ရပ်မှ

## ဓမ္မဒါနကျောင်းမှုရှင်များစာရင်း

| အမည် | နေရပ် | အလှူငွေ |
|---|---|---|
| ကိုတင့်ရွှေ မခင်အောင် | စိတ္တကုန့်ရွာ | ၆ |
| ကိုကံချား ဒေါ်လမ် | ။ | ၆ |
| ဦးဆော်ပေါင်း ဒေါ်အောင် | ။ | ၆ |
| ဦးပေါ်ထင် ဒေါ်နို | ။ | ၆ |
| ဒေါ်ဆာနှင့် သား မောင်လှဒင် | ။ | ၆ |
| ဦးပေါ်ခေး ဒေါ်မယ်ခေး | ။ | ၂ |
| ဦးခမ်းဆိုင် ဒေါ်ငွေ | ။ | ၆ |
| ဦးတံ ဒေါ်အောင် | လယ်ဦးရွာ | ၁ |
| အိုင်လု | ။ | ၆ |
| ဦးစိတ္တ | ။ | ၁၀ |
| ဦးခန့် ဒေါ်ခင် | ။ | ၁၀ |
| ဦးပု ဒေါ်ရုံးကြီး | ။ | ၆ |
| ဦးပြည့် ဒေါ်ပေါင်း | ။ | ၆ |
| ဦးအောင်လှ ဒေါ်နွမ်း | ။ | ၆ |
| ဦးဇံ ဒေါ်ယုန် | ။ | ၆ |
| အဖွားစိန် | ။ | ၄ |
| မယ်ခမ်းစိန် | ။ | ၆ |
| ဦးကြူး ဒေါ်သန်းမေ | ။ | ၆ |
| အဖွားခိုဆိုင် | ။ | ၆ |
| ဦးဝ ဒေါ်အောင် | ထင်းရှူးခြံရပ် | ၅၀ |
| ဒေါ်ခင်ညွန့် | ။ | ၅၀ |
| ဦးသောင် ဒေါ်အေး | အောင်နန်းရိပ်သာ | ၂၀ |
| ဦးမှူ ဒေါ်တင်မေ | ။ | ၃၀၀ |
| ဒေါ်ထိုက်နှင့် သားသမီးများ | ။ | ၂၀ |
| ဆရာမကြီး ဒေါ်လူစီ | ။ | ၁၂ |
| ကိုဘတင့် မတင်တင်စိန် | စည်ပင်သာယာ | ၅၀၀ |
| ဦးညီလေး ဒေါ်နုနှင့် သားသမီးများ | ။ | ၁၀၀ |
| ကိုအောင်တင် မအေးရှင် | ပတ္တမြားရပ် | ၅၀ |
| ဦးဇိန | ရွှေကူရပ် | ၂၄ |
| ကိုသန်းဆောင် | ။ | ၆၀ |

မိုးကုတ်မြို့နယ် အရပ်ရပ်မှ

## ဓမ္မဒါနကောင်းမှုရှင်များစာရင်း

| အမည် | နေရပ် | အလှူငွေ |
|---|---|---|
| ဦးသာထွန်းအောင် | ရွှေကူရပ် | ၂ |
| ဆိုင်ကာ | ॥ | ၁ |
| ဦးကံ | ॥ | ၃ |
| ကိုလှအောင် | ॥ | ၁ |
| ကိုလှ | ॥ | ၁ |
| ကိုညွန့်မောင် | ॥ | ၆ |
| ကိုကျော်ဇံ | ॥ | ၆ |
| ဦးစောမောင် ဒေါ်ငြိမ်းမြ | ကသည်းဗိုလ်ကုန်း | ၁၀ |
| ဦးချို ဒေါ်လှစိန် | ॥ | ၁၀ |
| ဦးဘခင် ဒေါ်အုန် | ॥ | ၁၀ |
| ဦးညို ဒေါ်စော | ॥ | ၁၀ |
| ဒေါ်စောရင် | ॥ | ၁၀ |
| ဦးဘခင် | ॥ | ၆ |
| ကိုစိုးညွန့် မတင်တင် | ॥ | ၆ |
| ဦးဘဦး | ॥ | ၅ |
| ဒေါ်စောညွန့် | ॥ | ၃ |
| ဒေါ်ဝင်း | ॥ | ၂ |
| ဒေါ်ညို | ॥ | ၂ |
| ဦးချစ်ထယ် | ॥ | ၂ |
| မမေရီ | ॥ | ၁ |
| ဦးလူလှ ဒေါ်ဖွားချို နှင့် သားသမီးများ | ॥ | ၂၀ |
| ဦးဂူး ဒေါ်ညွန့် | ကသည်းအောက်ပိုင်း | ၆၀ |
| ကိုထွန်းသိန်း မချောနှင့် သားသမီးများ | ပန်းမရွာ | ၂၅၀ |
| ဒေါ်နွယ်နှင့် သား မောင်ညီ | ॥ | ၂၀ |
| ကိုစံပြည့် မထွေးနှင့် သားသမီးများ | ॥ | ၁၅၀ |
| မနုနှင့် သားများ | ဂေါင်းဦးဘာရွာ | ၂၀ |
| ဒေါ်သိန်းခင်နှင့် သားသမီးများ | ॥ | ၁၀၀ |
| ဦးကျော်အောင် ဒေါ်ကြီး | မြေမဲရွာ | ၂၅ |
| ကိုလှမောင် | ॥ | ၆ |
| ဒေါ်စိန်တင်နှင့် သားသမီးများ | ॥ | ၃၀ |

မိုးကုတ်မြို့နယ် အရပ်ရပ်မှ

## ဓမ္မဒါနကောင်းမှုရှင်များစာရင်း

| အမည် | နေရပ် | အလှူငွေ |
| --- | --- | --- |
| ဦးဘိုးခနှင့် သားသမီးများ | မြေမဲရွာ | ၃၀ |
| ကိုထွန်းမောင် | ။ | ၃၀ |
| ဦးအေး ဒေါ်အောင် | ။ | ၁၂ |
| မြေမဲရွာ ဒါယကာ ဒါယိကာမများ | ။ | ၉၀ |
| မောင်အောင်ညွန့် မအေးပွင့် | ကိုးလန်ရွာ | ၄၂ |
| ဒေါ်ရွှေရင်နှင့် သားသမီးများ | ။ | ၁၂ |
| ဒေါ်ကြွယ်နှင့် သားသမီးများ | ။ | ၂၀ |
| ဒေါ်ချုနှင့် သားသမီးများ | ။ | ၁၂ |
| ကိုသာဇံ | ။ | ၂၀ |
| မောင်သန်း မငယ် | ။ | ၂၀ |
| ကိုးလန်ရွာ ဒါယကာ ဒါယိကာမများ | ။ | ၇၅ |
| ဦးဆံလူ ဒေါ်တင်တင်နှင့် သားသမီးများ | ။ | ၃၀ |
| ဒေါ်အေးလူနှင့် သားသမီးများ | ။ | ၂၀၀ |
| ဦးလွန်း ဒေါ်လှခင် | ကျောက်ပုတ်ရွာ | ၆ |
| ဦးဘခင် ဒေါ်ငြိမ်းနှင့် သားသမီးများ | ပြောင်းပြင်ရွာ | ၂၀ |
| ကိုဘသိ မဖွားနှင့် သားသမီးများ | ။ | ၃၅ |
| ဒေါ်စိနှင့် သားသမီးများ | သဖန်းပင်ရွာ | ၁၀ |
| ကိုကျော်လှ မစောတင် | ။ | ၆ |
| ကိုမြင့်ဆွေ မလှကြည် | ။ | ၃၀ |
| ဦးဝင်း ဒေါ်အေးရှင် | ကန်သာရွာ | ၆ |

### အခြားသော မြို့ရွာများမှ

## ဓမ္မဒါနကောင်းမှုရှင်များစာရင်း

| အမည် | နေရပ် | အလှူငွေ |
|---|---|---|
| ကျောင်းအမကြီး ဒေါ်သန်း သမီး မခင်မြင့် ဒါးတန်းရေခဲစက် | မန္တလေး | ၅၀၄ |
| ဦးစံဝင်း ဒေါ်လှကြည် | တရုပ်တန်း မန္တလေး | ၁၁၀ |
| ကိုစိန်မောင် | မေမန်းကား မန္တလေး | ၆ |
| ဦးဆင့် ဒေါ်အေး | ဗန်းမော် | ၁၂၀ |
| ကိုကြည်အောင် | တောင်ကြီးမြို့ | ၃၀ |
| ဦးဖိုးထိန် ဒေါ်ဖွားဆင့် | ကြည်ရွာ ရွှေဘိုမြို့ | ၆၀ |
| ဒေါ်ထွေးနှင့် သားသမီးများ | သံဘိုရွာ မြိုင်မြို့ | ၆၀ |